## စာစဥ် ၁၅ : အပိုင်း ၁

## အပိုင်း ၂၅၁ : ပြိုင်ဘက်ကင်း

လင်းဖုန်းသည် ရောမ အနက်ရောင် ထီးတစ်လက်ကို ယူထုတ်လိုက်၏။ ဒါသည် သူက တောင်၏ တံခါးများကို စဖွင့်သည့်အချိန်တွင် စနစ်ကြီး၏ အဓိက မစ်ရှင်ကို ပြီးမြောက်ခြင်းကြောင့် ရရှိလာခဲ့သော အထူးဆုဖြစ်သည်။

ဤဆုလာဘ်သည် အတန်ငယ် ထူးခြား၏။ သူ့ကို အချိန်ကောင်းတွင် သုံးနိုင်လျှင်၊

ထူးဆန်း အံ့သြဖွယ်ရာများကို
ဖန်ဆင်းပြနိုင်မည် ဖြစ်ပြီး၊ အချိန်မှားပြီး
သုံးလိုက်ပါမူ သူသည် ပိုင်ရှင်အား
ခိုက်စေလိမ့်မည် ဖြစ်သည်။

ယခုအချိန်တွင် လင်းဖုန်းသည်
ထီးကိုဖွင့်လိုက်ကာ သူ၏ခေါင်းပေါ်တွင်
ဆောင်းလိုက်သည်။ သူသည် ပြပွဲတစ်ခုကို
ကြည့်နေသကဲ့သို့၊ အေးဆေးသက်သာစွာဖြင့်
စကြာဝဠာ မှော်အင်းကွက်အတွင်းတွင်
ဖြည်းဖြည်းခြင်း လမ်းလျှောက်နေသည်။

ကြယ်စင်သူတော်စင်သည် လင်းဖုန်း၏
လုပ်ဆောင်ချက်များကို ထိုးဖောက်၍
မမြင်နိုင်ချေ။ သူသည် လင်းဖုန်း၏
ခေါင်းပေါ်မှ အနက်ရောင် ထီးကြီးကို
အချိန်အတန်ကြာ အကဲခတ်နေလိုက်သည်။
သို့သော်လည်း သူသည် ဤအရာ၏
ထူးခြားချက်ကို မတွေ့ရှိခဲ့ပေ။

ဘာမှ မထူးခြားသည်နှင့်
ကြယ်စင်သူတော်စင်သည်
ဆက်မကြည့်တော့ရန် ဆုံးဖြတ်လိုက်၏။
သူသည် စိတ်အာရုံဖြင့် နောက်ထပ်

ကြယ်ဥက္ကာပျံ တစ်အုပ်စုကို လင်းဖုန်းဆီသို့
ပြင်းထန်စွာနှင့် ရွာချလိုက်သည်။

သူ၏ထီးအောက်တွင် ရပ်နေရင်း၊
လင်းဖုန်းသည် တည်ငြိမ်စွာနှင့် ပြုံးလိုက်ကာ
အပေါ်မှ ကြယ်ဥက္ကာပျံတို့ကို ဂရုမစိုက်ခဲ့ပေ။

သို့သော်လည်း ကြယ်စင်သူတော်စင်၏
မျက်လုံးအစုံမှာ ရုတ်တရက်
ပြူးကျယ်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူ၏
စွမ်းအားများနှင့် ဖန်တီးထားခဲ့သော

ကြယ်ဥက္ကာပျံ မုန်တိုင်းတို့သည်၊ အနက်ရောင် ထီးကြီးပေါ်သို့ ကျရောက်သွားသည့်အခါ လွင့်စင်ကွယ်ပျောက်သွားသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။ သူ၏ ကြယ်ဥက္ကာပျံတို့သည် မိုးရေစက်များပမာ၊ အနက်ရောင် ထီးကြီး၏ မျက်နှာပြင်ကို ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်ခဲ့ချေ။

ကြယ်စင်သူတော်စင်သည် သူ၏အာရုံကို စူးစိုက်လိုက်၏။ နောက်ထပ် အဆုံးမဲ့ ကြယ်ဥက္ကာတို့ကို လင်းဖုန်း၏ အောက်မှနေ၍ အပေါ်တို့ တိုက်ခတ်စေရန် အာရုံပြုလိုက်သည်။

အဘယ်ကြောင့်မှန်း မသိပဲ
ထိုကြယ်ဥက္ကာတို့သည် လင်းဖုန်း၏အနီးသို့
ရောက်လာသောအခါ၊ ဒိုင်မန်းရှင်းတို့သည်
နားမလည်နိုင်စွာဖြင့် ပုံသဏ္ဍာန်
ပျက်သွားခဲ့၏။ အစောနက အတိုင်းပဲ
ထိုဥက္ကာခဲတို့သည် ထီးပေါ်သို့
မိုးရေစက်များပမာ ကျရောက်သွားကြပြီး၊
လင်းဖုန်းသည် မှဲ့တစ်ပေါက်မှ မစွန်းခဲ့ချေ။

ဤအချိန်တွင်မူ ကြယ်စင်သူတော်စင်သည်
မှင်သက်သွားခဲ့သည်။ သူ၏ စကြာဝဠာ
မှော်အင်းကွက်ဖြင့် ဖန်တီးထားသော

ကြယ်စင်စကြာဝဠာသည် သီးသန့်ဒိုင်မန်းရှင်းဖြစ်သည်။ သူ၏ ကြယ်စင် စကြာဝဠာ အတွင်းတွင်၊ သဘောတရားများ နိယာမများသည် သူ၏ ထိန်းချုပ်မှုအတွင်းတွင် ရှိနေရမည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် ထိုအနက်ရောင် ထီးကြီးအောက်တွင် ရှိနေသရွေ့၊ ကြယ်စင်သူတော်စင်က မည်သို့ပင် တိုက်ခိုက်စေကာမူ သူ့ဥက္ကာခဲများ၏ လမ်းကြောင်းတို့သည် ပြောင်းသွားခဲ့ကာ၊ လင်းဖုန်း၏ ခေါင်းပေါ်မှ

အနက်ရောင် ထီးပေါ်သို့သာ
ကျရောက်သွားခဲ့သည်။

ကြယ်စင်သူတော်စင်သည်
အရှုံးမပေးလိုခဲ့ချေ။ "ဒီထီးရဲ့ ခံစစ်ကို
မထိုးဖောက်နိုင်ဘူးလို့ ငါက မယုံကြည်ဘူး"

သူ၏ ထိန်းချုပ်မှုအောက်တွင်၊ ကြယ်စင်တို့၏
ဖွဲ့စည်းပုံမှာ ထပ်ပြောင်းသွားခဲ့သည်။
ကောင်းကင်၏ မြောက်ဘက်ပိုင်းမှနေ၍၊
ကြယ်ပေါင်းများစွာ ဝိုင်းရံထားသော
တောက်ပသော ကြယ်ခုနှစ်လုံးသို့သည်
ခုနှစ်စင်ကြယ်အဖြစ် ပြောင်းလဲသွား၏။

သူတို့သည် ဧရာမ အလင်းတန်း တိုင်လုံးကြီး အဖြစ်သို့ ပြောင်းသွားခဲ့ကာ၊ လင်းဖုန်း၏ခေါင်းပေါ်မှ အနက်ရောင် ထီးကြီးကို တိုက်ခိုက်လိုက်ကြသည်။

သို့သော်လည်း တိုက်ခိုက်မှု အားလုံးသည် အချည်းနှီးဖြစ်သည်။ လင်းဖုန်းသည် အနက်ရောင် ထီးကြီးကို မြှောက်လိုက်သည်။ နေရောင်ကို ကာကွယ်သည့်အတိုင်း ထီးဖြင့် ထိုအလင်းတန်း တိုင်လုံးကြီးကို ကာကွယ်လိုက်ရာ၊ လင်းဖုန်းသည် လုံးဝဒဏ်ရာ မရခဲ့ချေ။

ကြယ်စင်သူတော်စင်သည်
လက်မလျှော့သေးပေ။ သူသည် နောက်ထပ်
မှော်ကျိန်စာ တစ်ခုကို ထုတ်လွှတ်လိုက်ရာ၊
ကောင်းကင်သည် နောက်တစ်ခေါက်
ပြောင်းလဲသွားခဲ့သည်။ သူသည်
အလွန်အားကောင်း၍ အန္တရာယ်ကြီးသည့်
ဒိုင်မန်းရှင်းကို တွန့်လိမ်ကောက်ကွေးစေသည့်
စွမ်းအားဖြင့်၊ လင်းဖုန်းကိုရော အနက်ရောင်
ထီးကြီးကိုပါ ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်။

ထပ်မံ၍ ဒါသည်လည်း ဘာမှမထူးခဲ့ပေ။
လင်းဖုန်း၏ ဘေးပတ်ပတ်လည်မှ
လေဟာနယ်တို့သည်

မမှတ်မိနိုင်လောက်အောင် ပုံပြောင်း၍
တွန့်လိမ်နေခဲ့သည်။
အလင်းရောင်သည်ပင်လျှင် မကွေးကောက်ပဲ
ဖြတ်သန်းသွားနိုင်ခြင်း မရှိခဲ့ချေ။
သို့သော်လည်း လင်းဖုန်းသည် အပြုံးပန်း
ပန်ထားဆဲဖြစ်သည်။ သူသည် အနက်ရောင်
ထီးကြီးကို ကိုင်ထား၍ ဟန်ပါပါနှင့်
လမ်းလျှောက်နေဆဲ ဖြစ်သည်။

ကြယ်စင်သူတော်စင်သည်
အရှုံးမပေးလိုသေးချေ။ သူ၏
စိတ်ဆန္ဒနှင့်အတူ သန်းနှင့်ချီသော
ကြယ်တို့သည် စုပေါင်း၍

ကြီးကျယ်ခမ်းနားသော
ကြယ်မြစ်တစ်စင်းအဖြစ်သို့ ပြောင်းသွားခဲ့ကာ၊
ခက်ထန်စွာဖြင့် လင်းဖုန်းရှိရာဆီသို့
စီးဆင်းလာခဲ့သည်။

သို့သော်လည်း၊ ထပ်ဖန်တစ်ခါ၊
ဒိုင်မန်းရှင်းတို့သည် တွန့်လိမ်သွားခဲ့သည်။
ကျယ်ပြန့်လှသော ကြယ်စင်
နဂါးငွေ့တန်းတို့သည် ရေစီးကြောင်းငယ်လေး
တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ကာ၊
ထီးအပေါ်သို့ ကျရောက်သွားခဲ့သည်။
ထီး၏မျက်နှာပြင်ပေါ်တွင် အစအနအဖြစ်သာ
ကျန်ခဲ့ကာ၊ ရေစီးကြောင်းလေးသည်

ထီးဘေးသို့ ကျသွားခဲ့ပြီး လင်းဖုန်းထံသို့ မရောက်နိုင်ခဲ့ပေ။

ကြယ်စင်သူတော်စင်သည် လင်းဖုန်း၏ ခေါင်းပေါ်မှ အနက်ရောင် ထီးကြီးကို စိုက်ကြည့်နေသည်။ သူသည် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ အချိန်အတန်ကြာမှသာ သူသည် တီးတိုးရေရွတ်နိုင်ခဲ့လေသည်။ "ဘယ်လိုပဲလုပ်လုပ် သူ့ကို မဖျက်ဆီးနိုင်ပါလား? သူက လုံးဝကို ပြိုင်ဘက်ကင်းပဲလား?"

လင်းဖုန်းသည် ထီးကိုဆက်ကိုင်ထားခဲ့ကာ တည်ငြိမ်စွာ ဆက်လျှောက်နေသည်။ သူသည် ကြယ်စင်သူတော်စင် ပြုလုပ်နေသော အရာမှန်သမျှကို မြင်နေရ၏။ သို့သော်လည်း သူသည် ပြုံးရုံသာ ပြုံးလိုက်ပြီး သူ့အပေါ်မှ ရောမ အနက်ရောင်ထီးကိုကို စိုက်ကြည့်လိုက်သည်။ ထိုအရာသည် သူ့ကို ကောင်းကင်တစ်ခုလုံးထံမှ ကာကွယ်ထားပုံရသည်။

ထိုအချိန်အတောအတွင်း၌ ထီး၏အောက်တွင်၊ သူသည်

အခြားကမ္ဘာတစ်ခုသို့ ရောက်နေရသကဲ့သို ဖြစ်နေ၏။

ပြင်ပကမ္ဘာတွင် မိုးသက်မုန်တိုင်းများ၊ မိုးကြိုးလျှပ်စီးများ မည်သို့ပင် တိုက်ခတ်စေကာမူ၊ ငါ၏ထီးအောက်တွင် မိုးပေါက်တစ်စက်မျှ ငါ့ထံသို့ ရောက်နိုင်မည် မဟုတ်ချေ။

ပြင်ပကမ္ဘာတွင် ကောင်းကင်နှင့် မြေကြီးတို့က ပျက်စီးနေပါစေ၊ ငါ၏ထီးအောက်တွင် ငါ့ကို တစ်စုံတစ်ခုကမှ အန္တရာယ်ပြုနိုင်မည် မဟုတ်ပေ။

သူ့တွင် ပိုင်ရှင်ကို ကပ်ဘေးများ၊ စမ်းသပ်စစ်ဆေးခြင်းများကို ထာဝရ ကာကွယ်ပေးနိုင်သော ထီးတစ်ချောင်းရှိသည်။ အဘယ်ကြောင့် သူသည် မိုးသက်မုန်တိုင်းများ၊ မိုးကြိုးလျှပ်စီးများ၊ ကောင်းကင်နှင့် မြေကြီးတို့၏ ပျက်စီးခြင်းတို့ကို ဂရုစိုက်နေရမည်နည်း?

ဤထီးကို ကောင်းကင် အကာအကွယ်ထီးဟု ခေါ်သည်။

လင်းဖုန်းသည် ကောင်းကင်
အကာအကွယ်ထီးကို ဆောင်းထားကာ၊
အရှေ့သို့ အတားအဆီး မရှိပဲနှင့်
လျှောက်လှမ်းလာခဲ့သည်။
ခြေလှမ်းအနည်းငယ် အတွင်းမှာပင်၊
သူ၏အရှေ့မှ ကြယ်စင်ပင်လယ်ကြီးသည်
တဖြည်းဖြည်း ကွယ်ပျောက်သွားခဲ့သည်။
မည်းနက်နေသော စကြာဝဠာ၊
မှိတ်တုတ်မှိတ်တုတ် ဖြစ်နေကြသော
ကြယ်များသည် လုံးဝ
ပျောက်ကွယ်သွားခဲ့သည်။
အရာအားလုံးတို့သည် ရှင်းယွင်တောင်ထိပ်
ပုံစံအတိုင်း ပြန်ဖြစ်သွားခဲ့သည်။

လင်းဖုန်းသည် ကျောက်ဂူတွင်းမှ ထွက်လာခဲ့သည်။ ရှောင်ပုတန်လေးနှင့် ယွဲ့ဟုန်ယန်တို့သည် သူ့ကိုလာ၍ နှုတ်ဆက်လိုက်ကြ၏။ "မင်္ဂလာပါ၊ ဆရာသခင်"

"မင်းတို့က ကောင်းကောင်း လုပ်ဆောင်နိုင်ခဲ့ကြတာပဲ" လင်းဖုန်းက ကျေနပ်စွာနှင့် ခေါင်းညိတ်လိုက်သည်။ ရှောင်ပုတန်လေးသည် လင်းဖုန်း၏ ခေါင်းပေါ်မှ ကောင်းကင် အကာအကွယ် ထီးကြီးကို ကြည့်လိုက်ကာ၊ စပ်စုစွာနှင့်

မေးလိုက်သည်။ "ဆရာ၊ ဘာဖြစ်လို့ မိုးမရွာပဲနဲ့ ထီးဆောင်းထားတာလဲ?"

လင်းဖုန်းက ရယ်လိုက်သည်။ "ငါက ငါ့အတွက် ထီးဆောင်းထားတာ မဟုတ်ဘူး၊ တခြားလူတစ်ယောက် အတွက် ဆောင်းထားတာ"

ရှောင်ပုတန်လေးနှင့် ကျန်သောသူများသည် စိတ်ရှုပ်သွားကြသည်။ လင်းဖုန်း၏ အနောက်တွင် ကြယ်စင်သူတော်စင်သည် အနည်းငယ် မကျေမနပ် ဖြစ်နေသော မျက်နှာထားဖြင့် ထွက်လာခဲ့သည်။

လင်းဖုန်း၏ စကားကို ကြားရသောအခါ၊ သူသည် ရပ်လိုက်ကာ လင်းဖုန်း၏ ကောင်းကင် အကာအကွယ်ထီးကို အာရုံစူးစိုက်၍ ကြည့်လိုက်သည်။

တစ်ယောက်က စကြာဝဠာ မှော်အင်းကွက်သည် လင်းဖုန်းအား စစ်ဆေးခြင်းဟု ပြောပါက၊ ကောင်းကင် အကာအကွယ်ထီးသည် လင်းဖုန်းက ပြန်လည်၍ စစ်ဆေးခြင်းဖြစ်သည်။

ငါကမင်းရဲ့ မှော်အင်းကွက်ကို တုံ့ပြန်ဖို့
နည်းလမ်းရှိတယ်၊ ဒါပေမဲ့ မင်းက ငါ့ရဲ့ထီးကို
ချိုးဖောက်ဖို့ နည်းလမ်းရှိသလား?

ကြယ်စင်သူတော်စင်သည်
အချိန်အနည်းငယ်မျှ ချီတုံချတုံ ဖြစ်သွားခဲ့ကာ၊
နောက်ဆုံးတွင် လင်းဖုန်းအား
နောက်ထပ်စိန်ခေါ်မှု မပြုလုပ်ရန်
ဆုံးဖြတ်လိုက်၏။ အကယ်၍ သူသည် သူ၏
အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား
ဖော်ပြလိုက်ပါက၊ သူတို့နှစ်ယောက်သည်
အသက်စွန့်၍ တိုက်ခိုက်ရပေတော့မည်။
သူနှင့်လင်းဖုန်းတို့သည် နှစ်ဦးနှစ်ဘက်အကြား

နက်ရှိုင်းသော ရန်ငြိုးရန်စများလည်း မရှိကြချေ။ သူသေကိုယ်သေ တိုက်ခိုက်ဖို့အတွက် အကြောင်းရင်း မရှိချေ။

အလင်းခေးမြန် ခေးမာစတာသည် အသံတစ်စက်မှ မထွက်ပဲ၊ သူ၏ဘေးသို့ ရောက်လာခဲ့သည်။ သူ၏အကြည့်သည် လင်းဖုန်း၏ ကောင်းကင် အကာအကွယ်ထီး၏ အနားမှ တစ်စက်မျှ မခွာခဲ့ပေ။ သူ၏အကြည့်မှာ ခေးအိမ်အတွင်းမှ ထွက်လာခဲ့သော ခေးနှစ်ချောင်းနှင့် တူနေ၏။

"ကျုပ်ရဲ့ခေါးက ဒီထီးကို ထိုးဖောက်နိုင်လား
စမ်းသပ်ချင်စိတ် ပြင်းပြနေတယ်"
အလင်းခေါးမြန် ခေါးမာစတာသည်
တိုးတိုးလေး ပြောလိုက်သည်။

ကြယ်စင်သူတော်စင်သည် သံသယ
တစ်စက်မှ မဖြစ်ခဲ့ချေ။ "ခင်ဗျားက
ခေါးကျင့်ကြံသူ တစ်ယောက်ပဲ။ ခင်ဗျားက
ဒီလိုအတွေးမျိုးရှိတာ အံ့ဩစရာ မရှိပါဘူး"

အချိန်အနည်းငယ်မျှ တိတ်ဆိတ်စွာ
ရပ်နေခဲ့ပြီး၊ အလင်းခေါးမြန် ခေါးမာစတာသည်
နောင်တရစွာဖြင့် သူ၏ခေါင်းကို

ခါလိုက်သည်။ "ဒီတစ်ခေါက်တော့
လက်လျှော့လိုက်မှဖြစ်မယ်။
နောက်တစ်ခေါက်ကျမှ အခွင့်အရေး
ရှာလိုက်ဦးမယ်"

"ဝူချင်လျှိုက ဘာတွေများ ပြောထားလို့
ခင်ဗျားက ဒီလောက်အထိ ဝန်လေးပြီး
တွေဝေနေရတာလဲ?" ကြယ်စင်သူတော်စင်က
သိချင်စိတ် ပြင်းပြစွာနှင့် မေးလိုက်သည်။

အလင်းဓားမြန် ဓားမာစတာက
အချိန်အတန်ငယ်မျှ တိတ်ဆိတ်သွားခဲ့ပြီး၊
"ခင်ဗျားက အနာဂတ်မှာ သိလာလိမ့်မယ်"

ကြယ်စင်သူတော်စင်ကလည်း ဆက်ပြီးတော့
မစပ်စုတော့ချေ။ သူသည်
ခေါင်းညိတ်လိုက်ကာ
ပါးစပ်ပိတ်ထားလိုက်သည်။

လင်းဖုန်းသည် အင်မော်တယ် ဝိညာဥ်
အဆင့်မှ မာစတာ နှစ်ယောက်တို့၏
စကားတို့ကို မကြားနိုင်ခဲ့သော်လည်း၊
အလင်းဓားမြန် ဓားမာစတာက သူ့ကို
စိန်ခေါ်နေလိုသည်ကို ခံစားမိနေရသည်။

သို့သော်လည်း အလင်းခေါးမြန်
ခေါးမာစတာသည်၊ ကြယ်စင်သူတော်စင်ကဲ့သို့
လက်လျှော့လိုက်ရန် ဆုံးဖြတ်လိုက်ပုံရ၏။
လင်းဖုန်းသည် လျှို့ဝှက်စွာနှင့် နှုတ်ခမ်းကို
တွန့်လိုက်ကာ၊ စိတ်ပျက်လက်ပျက်
ဖြစ်သွားရ၏။

သူသည် ဟိတ်ဟန်များကာ ဝင့်ကြွားနေခြင်း
မဟုတ်ပေ။ သူသည် အင်မော်တယ် ဝိညာဉ်
မာစတာ တစ်ယောက်ယောက်က သူ၏
ကောင်းကင် အကာအကွယ်ထီး၏
ကာကွယ်နိုင်မှုကို စမ်းသပ်စေလိုနေသည်။

အဘယ်ကြောင့်ဆိုသော်၊ ဤကောင်းကင်
အကာအကွယ်ထီး၏ အကာအကွယ်အောက်
ရောက်သွားခဲ့လျှင်၊ လင်းဖုန်း၏
ကိုယ်ပိုင်လုံခြုံမှုကို စိတ်ချရသည်နှင့်အတူ၊
သူသည် သူ၏စွမ်းအားများကို အသုံးပြုကာ
သူ၏ပြိုင်ဘက်များကို မတိုက်ခိုက်နိုင်ပေ။

ဤကောင်းကင် အကာအကွယ်ထီး၏
စွမ်းအားတားဆီးနိုင်မှုမှာ နှစ်ဦးနှစ်ဘက်
စလုံးအား အကျိုးသက်ရောက်မှုရှိသည်။
ဤထီး၏ တစ်ဖက်တစ်ချက်တွင်
ရှိနေကြသော နှစ်ယောက်စလုံးတို့သည်

တစ်ယောက်ကိုတစ်ယောက်
အန္တရာယ်ပြုနိုင်မည် မဟုတ်ချေ။

သို့သော်လည်း သူ၏ ခုခံကာကွယ်နိုင်စွမ်းမှာ
အနှိုင်းမဲ့ဖြစ်ပြီး လုံး၀ ကျေနပ်ဖွယ်ရာရှိသည်။
သူသည် ထောင်ပေါင်းများစွာသော
စမ်းသပ်မှုများ၊ မှော်ကျိန်စာများ၊
မှော်အင်းကွက်များကို ခံနိုင်ရည်ရှိပြီး၊
အကျိုးပေါက်ခံမည် မဟုတ်ပေ။

အကယ်၍ အလင်းခေးမြန် ခေးမာစတာ
သို့မဟုတ် ကြယ်စင်သူတော်စင်တို့သည်
သူတို့၏ စွမ်းအားကုန်သည့်တိုက်အောင်

ဤ၊ထီးကို တိုက်ခိုက်သော်လည်း၊
အချည်းနှီးဖြစ်ကာ သူတို့ကိုယ်သာ သူတို့
ပြင်းထန်စွာ ဒဏ်ရာရရှိသွားနိုင်မည်ဟု
လင်းဖုန်းသည် ၈ဂရာခိုင်နှုန်း
ယုံကြည်ချက်ရှိနေသည်။

သို့သော်လည်း သူတို့နှစ်ယောက်စလုံးတို့သည်
တိုက်ပွဲဝင်လိုစိတ်ကို ချိုးနှိမ်ထားကြသည်ကို
တွေ့လိုက်ရ၍၊ လင်းဖုန်းသည် အတန်ငယ်
စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။
သို့သော်လည်း သူသည် ထိုအရာများကို
ခေါင်းထဲမှ ထုတ်ထားလိုက်၍ သူ၏အာရုံတို့ကို
သူ့အရှေ့မှ တိုက်ပွဲသို့ ပြောင်းလဲလိုက်သည်။

ရှောင်ယန်နှင့် ချုံးယွင်မင်းသားတို့၏
တိုက်ပွဲမှာ အရှိန်တက်နေပေပြီ။

အခြေတည်ဝိညာဉ် အဆင့်မှ
လက်နက်တစ်ခုဖြစ်သော
စကြာဝဠာကြေးမုံဖြင့် ရှောင်ယန်သည်
တိုက်ပွဲကို ရင်ဆိုင်နေသည်။ စကြာဝဠာ
ကြေးမုံကို ခံစစ်အနေဖြင့် အသုံးချကာ၊
အကြွင်းမဲ့မီးတောက် နှစ်ခုကို
တိုက်စစ်အနေဖြင့် အသုံးချ၍၊ မဟူရာ
တိမ်တိုက်အလံဖြင့် သူ၏ လှုပ်ရှားမှုများကို
အထောက်အကူ ပြုစေပြီး၊ ရှောင်ယန်သည်

သူ့တွင်ရှိသော နည်းလမ်းမှန်သမျှကို
အကုန်အသုံးချကာ ချုံးယွင်မင်းသားနှင့်
တိုက်ပွဲဆင်နွှဲနေခဲ့သည်။

ထို့တူစွာ ချုံးယွင်မင်းသားသည်လည်း
သူ၏စွမ်းအားများကို အစွမ်းကုန်
အသုံးချနေခဲ့၏။ သူ၏ခေါင်းပေါ်တွင်
ရွှေရောင်အလင်းတန်းကို ထုတ်လွှတ်နေသော
နဂါးပုံစံတစ်ခုဖြင့်၊ သူသည် ရှောင်ယန်နှင့်
အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်နေခဲ့သည်။

မဟာချင်၏ အိမ်ရှေ့စံမင်းသား
ဖြစ်သည်နှင့်အညီ၊ သူ့တွင်

ရတနာများစွာရှိသည်။ အခြေတည်ဝိညာဉ် အဆင့်မှ လက်နက်များကို စာပင်မဖွဲ့ချေ။ သူ၏ တာအိုနည်းစနစ်များနှင့် စွမ်းရည်များသည်လည်း ထိပ်တန်းအဆင့်တွင် ရှိ၏။ သူသည် အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်တွင်ရှိ၍၊ ရှောင်ယန်သည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်တွင်သာရှိရာ၊ သူသည် ယခုအချိန်တွင် သိသိသာသာကြီး အသာစီးရလျှက်ရှိသည်။

ရှောင်ယန်သည် စိတ်လှုပ်ရှားနေပုံရ၏။ သူ၏ ဂျူနီယာများနှင့် လေ့ကျင့်ခန်းလုပ်သည့်အခါ စိန်ခေါ်မှုများမှလွဲ၍၊ ယခုကဲ့သို့

စိတ်လှုပ်ရှားဖွယ်ရာ တိုက်ပွဲကို မတိုက်ရသည်မှာ အကြာကြီးရှိပြီ ဖြစ်သည်။ ရှကျိုးမြို့ပြင်မှ မာစတာဆိုင်ကလုန်းနှင့် တိုက်ပွဲမှာလည်း၊ ယခုမျက်စိအောက်မှ ချုံးယွင်မင်းသားနှင့် တိုက်ရသည်လောက် အားမရချေ။

ချုံးယန်မင်းသား၏ ဖိအားအောက်တွင်၊ ရှောင်ယန်သည် သူ၏ ဖဲချပ်များ အားလုံးကို သုံးပြီးဖြစ်သည်။ သူသည် လိုသည်ထက်ပင် ပိုသုံးနေသည်ဟု ထင်နေရသည်။

"ဒီတိုက်ပွဲကို အကောင်းဆုံးတိုက်ကြစို့!" မီးတောက်နှစ်ခု၊ တစ်ခုက ရွှေရောင် တစ်ခုက ခရမ်းရောင် တို့သည်၊ သူ၏ မျက်လုံးသူငယ်အိမ် အတွင်းမှ တောက်ပလာ၏။ သူ၏လက်နှစ်ဘက်ကို စုစည်းလိုက်သည်။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်တို့သည် စတင်၍ ပေါင်းစည်းလာခဲ့သည်။

သိပ်မကြာသေးခင်က ယုကျင်းတောင်ပေါ်တွင် ဖြစ်ပျက်ခဲ့သော အရာသည်၊ ယခုအခါ ထပ်မံဖြစ်ပျက်ပေတော့မည်။

ရှောင်ယန်ဖန်တီးခဲ့သော တုန်ခါမှုမှာ
ကြောက်မက်ဖွယ် ကောင်းလွန်း၍၊
တောင်တစ်ခုလုံးသည် တုန်ခါသွားကာ
မတည်မငြိမ် ဖြစ်လာခဲ့သည်။
အလင်းဓားမြန်ဂိုဏ်း၏ တောင်အကာအကွယ်
ဝင်္ကပါဖြစ်သော တိမ်တိုက်-ကောင်းကင်
ဓားအလင်းတန်းဝင်္ကပါသည် ထပ်ဖန်တခါ
အသက်ဝင်လာခဲ့သည်။ ဒီတစ်ခေါက်တွင်
သူ၏တုံ့ပြန်မှုမှာ၊ ရှောင်ပုတန်လေး
တိုက်ခိုက်ခဲ့စဉ်ကထက် ပိုပြင်းထန်ပေသည်။

အလင်းခေးမြန် ခေးမာစတာနှင့်
ကြယ်စင်သူတော်စင်တို့ပင်
စိတ်မထိန်းနိုင်ကြတော့ချေ။ "မင်းက
မဟာအကြွင်းမဲ့ မီးတောက်နှစ်ခုကို
ပေါင်းချင်နေတာလား? ဒါက ရူးမိုက်မှုပဲ!"

"မင်းက အူကြောင်ကျားပဲ!" ရှောင်ယန်နှင့်
တိုက်ရိုက်ရင်ဆိုင်နေသော
ချုံးယွင်မင်းသားသည်၊ ထိုဖျက်ဆီးနိုင်သော
စွမ်းအား၏ အကျိုးသက်ရောက်မှုကို
ပို၍ထိတွေ့နေရသည်။

ရှောင်ယန်သည် မဟာကောင်းကင်
တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို အဆင့်အမြင့်ဆုံး
အသုံးချနေ၏။ သူ၏ လက်ဆယ်ချောင်းတို့မှာ
ကျင်လည်စွာ လှုပ်ရှားနေကြပြီး၊
ပေါင်းစည်းနေကြသော
အကြွင်းမဲ့မီးတောက်များ အတွင်းသို့
မှော်ကျိန်စာ တစ်ခုပြီးတစ်ခု
ပို့လွှတ်နေခဲ့သည်။

လင်းဖုန်း၏ သွန်သင်ဆုံးမမှုတို့သည်
သူ၏နားအတွင်းတွင် အဆက်မပြတ်
ပေါ်လာခဲ့သည်။ "မဟာသူရိယ အကြွင်းမဲ့

မီးတောက်ရဲ့ ကောင်းကင်ဆူးချွန်တွေက
မူလမှာ တည်ငြိမ်ပြီး၊ ရန်သူနဲ့
ထိတွေ့လိုက်မှသာ ပေါက်ကွဲလာတတ်တယ်။
ပေါင်းစပ်တဲ့အခါမှာ မင်းက သူ့ကို
တည်ငြိမ်နေအောင် ကြိုးစားပြီး
ထိန်းချုပ်မှရမယ်"

"ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်က
ခက်ထန်စွာ တောက်လျှောက်လောင်ကျွမ်းပြီး၊
ရိုင်းစိုင်းတဲ့ သဘာဝရှိတယ်။ သူ့ရဲ့ ထူးခြားတဲ့
ဝိသေသကို ယဉ်ပါးအောင် ဖိနှိပ်ဖို့
မကြိုးစားနဲ့။ အဲ့ဒီအစား သူ့ရဲ့
လောင်ကျွမ်းမှုကို မင်းထိန်းနိုင်တဲ့

အဆင့်အထိမှာသာ
ထိန်းထားနိုင်အောင်ကြိုးစား"

"သူတို့ရဲ့ စွမ်းအင်ဟာ ဘယ်လောက်ပဲ
ရှူးမိုက်ပြီး စွမ်းအားကောင်းတယ် ပြောပြော၊
ကြိုးစားပြီးရအောင် ထိန်းချုပ်ရမယ်။
နောက်ဆုံးမှာ လူကပဲ မီးကို
ထိန်းချုပ်တာဖြစ်ပြီး၊ မီးကလူကို
ထိန်းချုပ်တယ်ဆိုတာ မရှိဘူး"

ရှောင်ယန်သည် သူ၏ခေါင်းကို
လှည့်ကြည့်လိုက်ရာ၊ လင်းဖုန်းသည်
ကောင်းကင် အကာအကွယ်

ထိုးအောက်မှနေ၍ သူ့ကို
ပြုံးကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဆရာ၊ ကျွန်တော် အောင်မြင်ပြီဗျ!"
ရှောင်ယန်သည် အသက်ပြင်းပြင်း
တစ်ချက်ကို ရှူလိုက်၏။
သူ၏လက်နှစ်ဘက်ကို ရုတ်တရက်
စုစည်းလိုက်၏။ ခက်ထန်လှသော
မီးတောက်တို့သည် ရုတ်တရက်
အားလျော့သွားကြ၏။ အားလုံး၏
အားကျနေကြသော
အကြည့်တို့၏အောက်ဝယ်၊
မီးတောက်တို့သည် ရှောင်ယန်၏

လက်ဖဝါးအတွင်းတွင် ခရမ်းရွှေရောင်
ကြာပန်းအသွင်သို့ သိပ်သည်းသွားကြ
လေတော့သည်။

ထိုခရမ်းရွှေရောင် ကြာပန်းသည်
ပုံပေါ်လာသည်နှင့် တပြိုင်နက်၊
ရောင်ယန်သည် ဘာမှ တွေဝေနေခြင်း မရှိပဲ
ချုံးယွင်မင်းသားထံသို့ ပစ်လွှတ်လိုက်သည်။

"ဘုန်း!"

နားကွဲလုမတတ်
ပေါက်ကွဲသံတို့၏အောက်တွင်၊ အားလုံး၏

မြင်ကွင်းတို့သည် ခရမ်းရွှေရောင်
မီးတောက်အလင်းရောင်များနှင့်
ပြည့်သွားခဲ့သည်။ အခြားမည်သည့်အရာကိုမျှ
မမြင်ရတော့ချေ။

ခဏအကြာတွင် မီးတောက်လှိုင်းလုံးများသည်
ကောင်းကင်ယံသို့ ထိုးတက်သွားခဲ့၏။
ကောင်းကင်တွင် အပေါက်ကြီး
တစ်ပေါက်အဖြစ် လောင်ကျွမ်းသွားသည်ဟု
ထင်နေရ၏။

ရှင်းယွင်တောင်ထိပ်တွင်
နှစ်ထောင်ပေါင်းများစွာ ရစ်ဆိုင်းနေကြသော၊

ရွှေရောင်မြူခိုးငွေ့ အတော်များများတို့သည်
ချက်ချင်း ကွယ်ပျောက်သွားကြသည်။
မီးအရှိန်သည် ပြင်းလွန်းလှ၍ မြူခိုးငွေ့တို့မှာ
ချက်ချင်း လေထုထဲတွင် အငွေ့ပျံသွားကြကာ၊
မည်သည့် အရိပ်အယောင်လေးမျှပင်
ကျန်မနေခဲ့ချေ။

ကျောက်ယန်နှင့် ကျန်သော
အလင်းခားမြန်ဂိုဏ်း၏ ရွှေရောင်ဗဟိုချက်
အဆင့်မှ တပည့်များသည်
ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။
သူတို့သည် သူတို့ ယခု ခံစားနေရသော
အံ့ဩထိတ်လန့်မှုတို့နှင့်

ချာချာလည်နေကြသည်။ "ငါတို့က ဒီလိုမျိုး လူထူးလူဆန်းကို စိန်ခေါ်မိတော့မလို့ပါလား!"

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာနှင့် ကျန်သော အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာတို့သည်လည်း မျက်စိမျက်နှာ ပျက်နေကြသည်။ အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ဂရန်းမာစတာတို့သည် ထိုပေါက်ကွဲမှုတွင် အသက်ရှင်ကျန်နိုင်သော်လည်း၊ အသက်အန္တရာယ် စိုးရိမ်ရသည့် ဒဏ်ရာရမှုမှနေတော့ ရှောင်လွှဲနိုင်မည် မဟုတ်ပေ။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ အပါအဝင်၊ ကျန်အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူတို့သည် ပို၍ပူပန်သည့်ပုံ ပေါက်နေကြ၏။ သူတို့သည် ရှောင်ယန်နှင့် ရင်ဆိုင်တိုက်ခိုက်၍၊ ရှောင်ယန်က ယခုအကွက်ကို သုံးလိုက်လျှင် သူတို့သည် အသက်ရှင်ချင်မှ ရှင်နိုင်ပေမည်။

ရှောင်ယန်၏ဘက်တွင်ရှိကြသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သူတို့သည်ပင်လျှင်၊ စကားမပြောနိုင်ပဲ အံ့အားသင့်နေကြသည်။ ထွမ်းထွမ်းသည် တိတ်တဆိတ်

တံတွေးမျိုချလိုက်သည်။ သူမသည် ယုကျင်းတောင်ပေါ်တွင် ရှောင်ယန်ကို ဖိအားမပေးမိခဲ့သည်ကို ကျိတ်၍ပျော်နေမိသည်။ မဟုတ်လျှင်တော့ သူမသည် လက်စွပ်ဒိုင်မန်းရှင်းအတွင်းသို့ ထပ်မံတစ်ခေါက် ပြန်ရောက်ရပေလိမ့်မည်။

အလင်းခေးမြန် ခေးမာစတာနှင့် ကြယ်စင်သူတော်စင်တို့သည် သိသိသာသာပင် မသက်မသာ ဖြစ်နေကြ၏။ "သူက ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်နဲ့တောင် ဒီလောက်အထိ စွမ်းဆောင်နေနိုင်ပြီ" သူတို့သည်

တစ်ချိန်တည်းမှာပင် လင်းဖုန်းကို
ကြည့်လိုက်ကြ၏။ လင်းဖုန်းသည်
အနည်းငယ်သာ ပျော်နေပုံရပြီး၊ သူ၏ခေါင်းကို
ညင်သာစွာ ညိတ်လိုက်၏။

ဒါကိုတွေ့လိုက်ရသော်၊ အင်မော်တယ် ဝိညာဉ်
အဆင့်မှ မာစတာနှစ်ယောက်တို့သည်
ရင်လေးသွားကြသည်။ "တပည့်က
ဒီလောက်အထိ ကြောက်စရာ
ကောင်းနေတော့၊ ဆရာကရော
ဘယ်လိုများလဲ?"

အချိန်အတော်ကြီး ကြာပြီးနောက်
မီးတောက်များသည် အားနည်းသွားကြသည်။
အတွင်းမှနေ၍ သမန်းဝံပုလွေကဲ့သို့
မာန်ဖီနေသော အရှက်ရနေသည့်
ပုံရိပ်တစ်ခုသည် ပေါ်ထွက်လာခဲ့သည်။

## စာစဥ် ၁၅ : အပိုင်း ၂

## အပိုင်း ၂၅၂ : တိုက်ပွဲအချိန်ကျပြီ

ရှောင်ယန်၏တိုက်ခိုက်မှုသည်
အချိန်အတော်ကြာ ရိုက်ခတ်နေခဲ့ပြီး၊
တဖြည်းဖြည်း အားနည်းပျက်ပြယ်

သွားခဲ့သည်။ မီးတောက်မီးလျှံ
လိုင်းလုံးများအကြားမှ ပုံရိပ်တစ်ခုသည်
ပေါ်လာခဲ့သည်၊ သူသည်
ချုံးယွင်မင်းသားဖြစ်သည်။

ဤအချိန်တွင် သူသည် ဒဏ်ရာရနေသော
အထီးကျန်ဝံပုလွေကဲ့သို့ ဖြစ်နေခဲ့သည်၊
ယခင်ကကဲ့သို့ သွေးဆာနေဆဲဖြစ်သည်။

သူသည် အရှက်တကွဲ အကျိုးနည်းသည့်
အခြေအနေသို့ ရောက်နေသော်လည်း၊
ဒဏ်ရာရသည့်ပုံ မပေါ်နေပေ။
သူ၏မျက်နှာသည် ဖုန်များ

အညစ်အကြေးများဖြင့် ပေကျံနေ၏။ သူ၏ နဂါးလေးကောင် ဝတ်ရုံသည် သုံး၍မရအောင် စုတ်ပြဲသွားခဲ့လေပြီ။

သို့သော်လည်း ဘေးမှ အကဲခတ်နေသူများအဖို့၊ သူဝတ်ဆင်ထားသော ထိုဝတ်ရုံသည် တိုက်စစ်နှင့် ခံစစ် နှစ်မျိုးစလုံးရသည့် အခြေတည်ဝိညာဉ် အဆင့်မှ လက်နက်တစ်ခုဖြစ်ကြောင်းကို သိလိုက်ကြသည်။ ဒါသည် ငြင်းချက်ထုတ်ဖွယ်ရာမရှိသည့်

အလွန်အစွမ်းထက်သည့် မှော်အိုင်တမ် တစ်ခုဖြစ်၏။

ဤဝတ်ရုံသည် ရှောင်ယန်၏ အလွန်တရာ ဖျက်ဆီးနိုင်မှုကြီးမားသည့် တိုက်ခိုက်မှုမှ ကာကွယ်ပေးထားခြင်းဖြစ်သည်။ သို့သော်လည်း ယခုတွင် ထိုဝတ်ရုံသည် လုံးဝပျက်စီးသွားချေပြီ။ သူ၏ စွမ်းအားဟူသမျှ ကုန်ခမ်းသွားပြီဖြစ်ကာ၊ ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့ပေ။

ရှောင်ယန်၏ အစောက တိုက်ခိုက်မှုသည် အခြေတည်ဝိညာဥ် အဆင့်မှ

မှော်အိုင်တမ်တစ်ခုကို
လုံးဝပျက်စီးသွားစေခဲ့သည်!

ချိုးယွင်းမင်းသားသည် ရှောင်ယန်ကို
လှူသတ်လိုစိတ် အပြည့်ဖြင့် စိုက်ကြည့်နေ၏။
သူသည် စကားတစ်ခွန်းမှ မပြောခဲ့ပဲ
သူ၏လက်ကို ဝှေ့ယမ်းလိုက်သည်။
ရုတ်တရက်ပဲ ခရမ်းရောင်ရင့်ရင့်
ဓားအလင်းတန်းတစ်ခုသည်
ကောင်းကင်ယံသို ပျံတက်သွားခဲ့သည်။

ထိုခရမ်းရောင်ရင့်ရင့် ဓားအလင်းတန်းကို
တွေ့လိုက်ရသည့်အခါ၊ ရှိနေကြသော

လူအားလုံး၏ မျက်နှာပေါ်တွင်
ရတက်မအေးသော အမှုအရာများ
ပေါ်လာကြသည်။

မော်ရတနာ တစ်ပါးကသာ ထိုကဲ့သို့
ကြီးမားသော စွမ်းအားများကို
ထုတ်လွှတ်နိုင်မည်ဖြစ်သည်။
ကောင်းကင်သည် နှစ်ခြမ်းကွဲတော့မည့်ပုံ
ဖြစ်နေခဲ့၏။

သူသည် ဝန်ခံရန် ငြင်းဆိုခဲ့သော်လည်း၊
ချုံးယွင်မင်းသားသည် သူ့ထက် ကျင့်ကြံမှုနှင့်
လေ့ကျင့်မှု များစွာနိမ့်ကျသည့် ရှောင်ယန်၏

ခြိမ်းခြောက်မှုကို ခံစားနေမိသည်။ သူသည်
မတတ်နိုင်တော့ပဲ သူနှင့် အမြဲတစေ
အတူတကွ ခေါ်ဆောင်ထားသည့်
နတ်ဆိုးအရိပ်ခေါင်းကို
ဆင့်ခေါ်လိုက်ရလေတော့သည်။

နတ်သမီးများက ပန်းဝတ်လွှာများကို
ကြဲချနေသည့်အတိုင်း၊ ခရမ်းရောင်ရင့်ရင့်
ခေါင်းအလင်းတန်းများသည်
ကောင်းကင်ပေါ်တွင် ကြဲပြန့်သွားကြသည်။
ကောင်းကင်တစ်ခုလုံးကို လွှမ်းခြုံထားသော
ခေါင်းအလင်းတန်းများသည်
ရင်သပ်ရှုမောဖွယ်ရာ အရုံအတား

တစ်ခုအဖြစ်ကို ပြောင်းသွားကြကာ၊ ရှောင်ယန်နှင့် ချုံးယွင်မင်းသားတို့အား ဝန်းရံလိုက်ကြ၏။

အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်သည် မှော်ရတနာ တစ်ပါးကို အသုံးပြုကာ၊ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား တိုက်ခိုက်သည်မှာ ရယ်ရွှင်ဖွယ် ကောင်းလှ၏။ သို့သော်လည်း တစ်ယောက်မှ ချုံးယွင်မင်းသား၏ လုပ်ဆောင်ချက်များသည် သင့်လျော်မှုမရှိ၊ တရားမျှတမှု မရှိဟု မခံစားနေကြရချေ။ ရှောင်ယန်၏

ထုတ်ဖော်ခဲ့သော စွမ်းအားကြီးလှသည့်
တိုက်ခိုက်မှုကြောင့်၊ အားလုံးသည်
ထိတ်လန့်ကြောက်ရွံ့နေကြဆဲ ဖြစ်၏။

လင်းဖုန်းသည် သူ၏တပည့်အား
ချီးယွင်မင်းသား၏ အနိုင်ကျင့်ခြင်းကို
လက်ပိုက်ကြည့်နေရန် မသင့်ဟု ခံစားမိနေ၏။
ယခုနောက်ဆုံး တိုက်ကွက်ကြောင့်
ရှောင်ယန်၏ စွမ်းအားတို့မှာ ကုန်ခမ်းလုနီးပါး
ဖြစ်နေသည်ကို ထည့်မတွက်နှင့်ဦး၊
ရှောင်ယန်သည် သူ၏ စွမ်းအားအမြင့်ဆုံး
အချိန်တွင် ရှိနေလျှင်ပင်၊ သူသည်
မော်ရတနာ၏ ပြိုင်ဘက်မဟုတ်ချေ။

ဘာပဲပြောပြော သူသည် ရွှေရောင်ဗဟိုချက်စဦးပိုင်း အဆင့်မှ ကျင့်ကြံသူတစ်ယောက်သာ ဖြစ်သည်။

ကောင်းကင် အကာအကွယ် ထီးကို ဆောင်းထားရင်း၊ လင်းဖုန်းသည် အလင်းခေးမြန် ခေးမာစတာနှင့် ကြယ်စင်သူတော်စင်တို့ကို ခေတ္တမျှ အကဲခတ်လိုက်ကာ၊ သူ၏လက်ချောင်းကို ညင်သာစွာ လှုပ်လိုက်သည်။ အနီရောင် မီးလုံးလေး တစ်လုံးသည် ချုံးယွင်မင်းသား၏ နတ်ဆိုးအရိပ်ခေးက ချိတ်ပိတ်ထားသည့်

လေဟာနယ် အတွင်းသို့
ပျံသန်းဝင်ရောက်သွားခဲ့သည်။

ကြယ်စင်သူတောင်စင်သည် ငြိမ်သက်နေ၏။
ကံကြမ္မာရဟတ်သည်
တစ်ပတ်လည်လာခဲ့ပေပြီ။ ခဏနေကပဲ
သူသည် ရှောင်ယန်နှင့် ချုံးယွင်မင်းသားတို့၏
တိုက်ပွဲကို ဝင်မစွက်နိုင်ရန် တားဆီးခဲ့၏။
အခုအချိန်တွင် အခြေအနေတို့သည်
ပြောင်းလဲသွားခဲ့လေပြီ။ သူသည် လင်းဖုန်းကို
သတိထားနေရ၍ သူ့စိတ်ကြိုက် တိုက်ပွဲကို
ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိတော့ချေ။

သူနှင့် အလင်းခေးမြန် ခေးမာစတာ၏ အာရုံကို ဖမ်းစားစေနိုင်သည့် အချက်မှာ၊ လင်းဖုန်း တောက်လွှတ်လိုက်သော အနီရောင် မီးလုံးလေးသည် နတ်ဆိုးအရိပ် ခေးအလင်းတန်း တည်ဆောက်ထားသည့် အရံအတားကို တိုက်ရိုက်ထိုးဖောက် ဝင်သွားနိုင်ခြင်း ဖြစ်သည်။

နတ်ဆိုးအရိပ်ခေးသည် ခေးတစ်ချောင်းဖြစ်သည်။ သူ၏အဓိက စွမ်းအင်မှာ တိုက်ခိုက်နိုင်မှုစွမ်းရည်သာ ဖြစ်ပြီး၊ ပြင်ပကမ္ဘာနှင့် ခြားနားထားသည့် အရံအတားကို ဖန်ဆင်းခြင်း မဟုတ်ချေ။

သို့သော်လည်း ထိုအရံအတားကို
လွယ်လွယ်ကူကူနှင့်
ထိုးဖောက်ဝင်ရောက်နိုင်ခြင်းသည် အနီရောင်
မီးလုံးလေး၏ ထူးခြားပြောင်မြောက်သော
စွမ်းရည်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

လင်းဖုန်း၏ အဆင့်အတန်းနှင့်
ကိုယ်ကျင့်စရိုက်အရ၊ သူသည် သူ၏တပည့်ကို
ကူညီကာ ချုံးယွင်မင်းသားအား တိုက်ရိုက်
တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။

အနီရောင် မီးလုံးလေးကို အနီးကပ် သေချာစွာ
လေ့လာကြည့်လိုက်ရာ၊ အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
နှစ်ယောက်တို့သည် ထိုမီးလုံးလေး၏
အတွင်းတွင် ပြင်းထန်လှသော
ဖျက်ဆီးနိုင်သည့် စွမ်းအားများကို
ဖုံးကွယ်ထားသည်ကို သတိထားမိလိုက်၏။

သူ၏အထဲမှနေ၍ နဂါးမျိုးနွယ်စုတို့၏
ထိတ်လန့်ဖွယ် အော်ရာတို့ကို
ထုတ်လွှတ်နေကာ၊ လူအများစု၏ ရင်ထဲတွင်
ကြောက်စိတ်များကို ဖြစ်ပေါ်စေခဲ့သည်။
ထိုကဲ့သို့ ကမ္ဘာကို တုန်လှုပ်သွားစေနိုင်သော

စွမ်းအားအရ၊ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ မှော်ရတနာတစ်ပါး ဖြစ်ရပေမည်။

ထိုမီးဘောလုံးသည် အရှိန်အတားဖြင့် ကာရံထားသည် လေဟာနယ်အတွင်းသို့ ရောက်သွားပြီးချိန်တွင်၊ ချက်ချင်းဆိုသလိုပဲ တောက်ပလှသည့် ချပ်ဝတ်တန်ဆာ တစ်ခုအဖြစ် ပြောင်းသွားခဲ့၏။ သူ၏ အဆုံးမရှိသော စွမ်းအားတို့မှာ မရပ်မနား ကျယ်ပြန့်လာခဲ့သည်။
ပိတ်ဆို့တားဆီးထားသော လေဟာနယ် တစ်ခုလုံးမှာ ပြိုကျပျက်စီးတော့မည်ကဲ့သို့ ဖြစ်သွားခဲ့သည်။

ထိုချပ်ဝတ်တန်ဆာမှာ လင်းဖုန်း
ဖန်တီးပြုလုပ်ခဲ့သော မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာပဲ ဖြစ်ပေသည်။

အမှန်ဆိုလျှင် လင်းဖုန်း၏
အေးရီးစ်ကိုယ်ပွားသည်၊ မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာ၏ အထဲတွင်
ရှိနေရမည်ဖြစ်သည်။ အေးရီးစ်ကိုယ်ပွားနှင့်
ချပ်ဝတ်တန်ဆာတို့သည် နှစ်ခုပေါင်း၍
ပြည့်စုံသော မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာကို ပုံဖော်နိုင်မည်
ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းသည်

ထိုချပ်ဝတ်တန်ဆာကို
ပိတ်ဆို့တားဆီးထားသော
လေဟာနယ်အတွင်းသို့ ပေးပို့လိုက်ခြင်းမှာ၊
သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရန်
ရည်ရွယ်ချက်နှင့် မဟုတ်ချေ။

သူ၏ စိတ်အာရုံနှင့်
ထိန်းချုပ်လိုက်ခြင်းနှင့်အတူ၊
အေးရီးစ်ကိုယ်ပွားသည့် လျှင်မြန်စွာနှင့်
ကျုံ့ဝင်သွားခဲ့ကာ ချပ်ဝတ်တန်ဆာ၏
ရင်ဘတ်အရှေ့တွင်ရှိနေသော
ဗူယန်မိစ္ဆာမျက်လုံး အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။

မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာသည်
နားကွဲလုမတတ် ဟိန်းဟောက်လိုက်က၊
ရှောင်ယန်၏ ကိုယ်ပေါ်သို့
ကျရောက်သွားခဲ့သည်။

ထိုချပ်ဝတ်တန်ဆာသည် ရှောင်ယန်၏
ကိုယ်ပေါ်တွင် အလိုအလျှောက်
ဝတ်ဆင်ပြီးသား ဖြစ်သွားခဲ့၏။ ရှောင်ယန်၏
တစ်ကိုယ်လုံးနှင့် အံ့ဝင်ဂွင်ကျ ဖြစ်သွားခဲ့၏။
နဂါးခေါင်းနှင့်တူသော ခေါင်းစွပ်မှာ
ရှောင်ယန်၏ မျက်နှာတစ်ခုလုံးကို

ဖုံးအုပ်ထားခဲ့ကာ မျက်လုံးနှစ်လုံးကိုသာ ဖော်ထားခဲ့၏။ သူ၏ မျက်လုံးအစုံတွင် တစ်လုံးက ရွှေရောင်၊ တစ်လုံးက ခရမ်းရောင်နှင့် မီးတောက်များ ကခုန်နေကြ၏။ ထပ်မံသောင်းကျန်းနိုင်သော အလားအလာများ၊ စွမ်းအင်များသည် ပြန်လည်ပြည့်ဖြိုးလာကြ၏။

ယခုအချိန်သည် သူ၏ အကြွင်းမဲ့မီးတောက်နှစ်ခုကို ပထမဆုံးအကြိမ် ပေါင်းစည်းခြင်း ဖြစ်သဖြင့်၊ ရောင်ယန်သည် ကျွမ်းကျင်လိမ္မာခြင်း မရှိသေးပေ။ သူ၏ စွမ်းအား အားလုံးနီးပါးတို့သည်

ကုန်ခမ်းသွားရုံတင်မကပဲ၊ သူ၏
စိတ်ဝိညာဉ်သည်လည်း အနည်းငယ်
ထိခိုက်သွားခဲ့ကာ သူ၏ခေါင်းသည်
ပေါက်ထွက်လုမတတ် ကိုက်နေခဲ့သည်။

သို့သော်လည်း ယခုတွင် မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာသည်
သူ၏ကိုယ်ပေါ်တွင် တပ်ဆင်ခဲ့သဖြင့်၊ သူ၏
ကြီးမားလှသော စွမ်းအားများသည်
ရှောင်ယန်၏ အကြွင်းမဲ့မီးတောက်
ရွှေရောင်ဗဟိုချက်ကို
အားပြန်ဖြည့်ပေးခဲ့သည်။ သူ၏

စိတ်အာရုံများမှာလည်း ပြန်လည်၍ ကြည်လင်လန်းဆန်းလာခဲ့သည်။

သူသည် ကောင်းကင်သို့မော့၍ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ နဂါးတစ်ကောင်၏ ဟိန်းဟောက်သံကဲ့သို့ အသံသည် ကောင်းကင်ဘုံသို့တိုင်အောင် ထိုးဖောက်သွားခဲ့သည်။ ယခုအချိန်တွင် သူ၏စွမ်းအားများသည် မှော်ရတနာနှင့် တစ်သားတည်း ဖြစ်နေခဲ့ပြီဖြစ်သည်။ ချပ်ဝတ်တန်ဆာ၏ အနောက်တွင် မိုးခြိမ်းသံကဲ့သို့ အသံတစ်သံ ထွက်လာခဲ့ကာ၊

မီးတောက်များနှင့် ဖုံးလွှမ်းနေသော တောင်ပံတစ်စုံသည် ပေါ်ထွက်လာခဲ့သည်။

အတောင်ပံ တစ်ဖက်မှာ ခရမ်းရောင်ဖြစ်ပြီး၊ ကျန်တစ်ဖက်မှာ ရွှေရောင်ဖြစ်၏။ သူတို့ကို ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့မှ ဖန်ဆင်းထားခြင်း ဖြစ်၏။ သူတို့သည် ရင်သပ်ရှုမောဖွယ် ကောင်းလှ၏။ အတောင်ပံ တစ်ဖက်ချင်းသည် မိုင်နှင်ချီကာ ရှည်လျား၏။ သူတို့ကို ဖြန့်လိုက်လျှင် ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းနိုင်ပေလိမ့်မည်။

နတ်ဆိုးအရိပ် ခေါးအလင်းတန်းနှင့်
ဖန်ဆင်းထားသော အရုံအတား
လေဟာနယ်မှာ ချက်ချင်းပင်
ပျက်စီးသွားခဲ့သည်။ ချုံးယွင်မင်းသားသည်
အတန်ငယ် စိုးရိမ်သွားခဲ့သည်။ သူ၏
လက်ချောင်းများဖြင့် သင်္ကေတများကို
ဖန်ဆင်းလိုက်ကာ၊ နတ်ဆိုးအရိပ်
ခေါးအလင်းတန်းတို့ကို ပြန်လည်
တည်ဆောက်လိုက်သည်။
ကောင်းကင်ယံတွင် မရေမတွက်နိုင်သော
ခေါးအရိပ်တို့သည် ပြည့်နှက်သွားကြသည်။

ခရမ်းရောင်ရင့်ရင့် ခေါ်အရိပ်များသည်
ဟင်းလင်းပြင်ကို ဖြတ်ကျော်ကာ
ရှောင်ယန်သို့ သေစေနိုင်သော
ရိုက်ခတ်မှုများဖြင့် ကျဆင်းလာကြသည်။
မရေမတွက်နိုင်သော ခေါ်အရိပ်များသည်
အချင်းချင်း ရစ်ပတ်နှောင်ဖွဲ့ကာ၊
အဆုံးမရှိသည့်အလား ရှောင်ယန်အပေါ်သို့
တိုက်ခိုက်လိုက်ကြသည်။ မိုင်ပေါင်းများစွာ
အတွင်းမှ ဟင်းလင်းပြင်ကြီးသည် အစိတ်စိတ်
အမြွှာမြွှာ လိုးဖြတ်ခြင်းကို ခံလိုက်ကြရသည်။

ကျောက်ယန်နှင့် အလင်းခေါ်မြန်ဂိုဏ်းမှ
တပည့်များသည် ထိုမြင်ကွင်းကို

တွေ့လိုက်ကြရသောအခါ၊ သူတို့၏
အမူအရာများသည် ချက်ချင်းပင်
ပြောင်းလဲသွားကြသည်။
ချုံးယွင်မင်းသားသည် သူ၏
မှော်ရတနာဖြစ်သော နတ်ဆိုးအရိပ်ဓားကို
အသုံးပြု၍ တိုက်ခိုက်သောအခါ၊
ဓားအရိပ်တစ်ခုစီ၏ သက်ရောက်မှုမှာ၊
ကျောက်ယန်က သူ၏အစွမ်းအထက်ဆုံး
အလင်းတိမ်တိုက် ဓားနည်းစနစ်ကို
အသုံးပြု၍ တိုက်ခိုက်ခြင်းထက် များစွာပို၍
အားကောင်းသည်။

ချုံးယွင်မင်းသား၏ တိုက်ခိုက်မှု တစ်ခုစီသည်၊
ကျောက်ယန်ပေါင်း တစ်သန်းတို့၏
တစ်ချိန်တည်း စုပေါင်း၍ အစွမ်းကုန်
တိုက်ခိုက်ခြင်းနှင့် ညီမျှပေသည်။

ထိုခေါးနည်းစနစ်နှင့် ရင်ဆိုင်လိုက်ရသောအခါ
ရှောင်ယန်ကပင် ချီးကျူးလိုက်ရသည်။
"ဒီမှော်ရတနာရဲ့ အလားအလာတွေက
တကယ့်ကို အံ့သြတုန်လှုပ်စရာပဲ"

သို့သော် သူသည်
ကြောက်ရွံ့ခြင်းအလျဉ်းမရှိချေ။
အဘယ်ကြောင့်ဆိုသော် သူသည် လင်းဖုန်း၏

မီးတောက်နဂါး ကောင်းကင်
ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထား၍
ဖြစ်သည်။

ဘာပဲပြောပြော ရှိချုံးယန်တစ်ယောက်သာ
မှော်ရတနာကို ပိုင်ဆိုင်ထားခြင်း မဟုတ်ချေ။

ရှောင်ယန်သည် သူ၏ ချပ်ဝတ်တန်ဆာဖြင့်
ဖုံးလွှမ်းထားသော လက်ကို
ဆန့်ထုတ်လိုက်သည်။ ရုတ်တရက် သူ၏
ဘယ်ညာလက်အစုံမှ
ချပ်ဝတ်တန်ဆာတို့သည် တပြိုင်နက်တည်း
မီးတောက်များဖြင့် လင်းလက်လာကြသည်။

တစ်ဘက်တွင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်ဖြစ်ပြီး၊ ကျန်တစ်ဘက်မှာ
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဖြစ်သည်။

မီးတောက်နဂါး ကောင်းကင်
ချပ်ဝတ်တန်ဆာ၏ နတ်ဘုရား စွမ်းအင်တို့နှင့်၊
မီးတောက်မီးလျှံတို့သည်
သူ၏လက်တစ်လျှောက်
တောက်လောင်နေခဲ့ကာ၊
အကြွင်းမဲ့မီးတောက် နှစ်မျိုးတို့နှင့်
ဖန်ဆင်းထားသော ရောမ နဂါးလက်သည်း
နှစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ရှောင်ယန်သည် သူ၏လက်များကို ဖြန့်လိုက်သည်။ သူ၏ ရင်ဘတ်ရှေ့တွင် ပူးကပ်နေကြသော ရောမ လက်သည်းနှစ်ခုတို့သည် ကွဲပြားသွားကြ၏။ သူ၏ ဆန့်ထုတ်ထားသော လက်များကို ဝှေ့ယမ်းလိုက်ခြင်းနှင့်အတူ၊ ကောင်းကင်နှင့် မြေကြီးတို့ကို ခြေမွနိုင်သော အင်အားတို့သည် ထွက်ပေါ်လာကြသည်။ ချက်ချင်းဆိုသလိုပင် နေရာအနှံ့တွင် ရှိနေကြသော နတ်ဆိုးအရိပ်ဓားဓ၏ ဓားအရိပ်တို့သည် ဖျက်ဆီးခြင်းကို ခံလိုက်ကြရသည်။

လူတစ်ယောက်သည် ဆွေးမြေ့နေသော
အဝတ်တစ်ခုကို ကိုင်ထား၍၊ သူ၏အားကို
အကုန်သုံးကာ ထိုအဝတ်ကို အလယ်မှနေ၍
ဆွဲဖြဲပစ်လိုက်သကဲ့သို့ ဖြစ်၏။

ထိုမြင်ကွင်းကို မြင်ရသောအခါ၊
ချုံးယွင်မင်းသားသည် ယခင်ကထက်ပို၍
စိုးရိမ်ပူပန် ထိတ်လန့်လာခဲ့သည်။
သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ၊
ခရမ်းရောင်ရင့်ရင့် ဓားအလင်းတန်းသည်
သူ၏အရှေ့က လေထဲတွင်
လင်းလက်လာခဲ့သည်။
မိစ္ဆာအငွေ့အသက်တို့နှင့် ပြည့်နှက်နေသော

ခေး၏ကိုယ်ထည်သည် သူ့ကိုယ်သူ
ဖော်ပြခဲ့သည်။ ခေး၏ထိပ်ဖျားမှာ
ရှောင်ယန်ဆီသို့ ညွှန်ပြလျက်ရှိသည်။

နတ်ဆိုးအရိပ်ခေး၏ ခေးသွားသည်
အနက်ရောင် အရိပ်နှင့် တူနေခဲ့သည်။
သူသည် အကောင်အထည် ပုံစံမျိုး
မဟုတ်သကဲ့သို့ လေထု၏ အလယ်တွင်
အဆက်မပြတ် တုန်ခါနေခဲ့သည်။ သို့သော်
သူ၏ခေးသွားသည် ထက်မြက်လွန်းလှသဖြင့်
ရှိသောသူအားလုံးသည် သူ၏
သတ်ဖြတ်နိုင်စွမ်းနှင့်

သွေးသောက်လိုစိတ်တို့ကို
ခံစားမိနိုင်ကြသည်။

ရှောင်ယန်သည် ချုံးယွင်မင်းသားနှင့် သူ၏
နတ်ဆိုးအရိပ်ဓားတို့ကို ကြောက်ရွံ့ခြင်း
ကင်းမဲ့စွာနှင့် အေးစက်စက်ကြည့်လိုက်သည်။
သူ၏ခန္ဓာကိုယ် ပတ်လည်မှ
ချပ်ဝတ်တန်ဆာ၏ အစိတ်အပိုင်း
တစ်ခုချင်းစီသည်၊ အသက်ဝင်လာသကဲ့သို့
အဆက်မပြတ် တုန်ခါနေကြသည်။
နဂါးမျိုးနွယ်စုတို့၏ သီးသန့်ဖြစ်သော
စွမ်းအားကြီးသည့် မင်္ဂလာတိမ်တိုက်တို့သည်
သူ၏ကိုယ်ထဲမှ ထွက်လာကြကာ၊

ချုံးယွင်မင်းသားကို ခြိမ်းခြောက်မှု ပေးနိုင်ခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်း၊ အလင်းဓားမြန် ဓားမာစတာနှင့် ကြယ်စင်သူတော်စင်တို့သည် တစ်ခုခု လွဲမှားနေသည်ဟု ခံစားမိလိုက်ကြရသည်။ သူတို့သည် အဝေးတစ်နေရာသို့ တစ်ချိန်တည်းတွင် လှမ်းကြည့်လိုက်ကြသည်။

ကောင်းကင်ယံတွင် အက်ကွဲကြောင်းတစ်ခုက ပေါ်လာခဲ့ကာ၊ ရိုးစင်းသော အဝတ်များကို ဝတ်ဆင်ထားသော အသက်ကြီးကြီးနှင့်

လူတစ်ယောက်သည် အက်ကွဲကြောင်း အတွင်းမှ ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်။ ထိုအကြီးအကဲသည် ဟင်းလင်းပြင် အတွင်းတွင် မတ်တတ်ရပ်နေခဲ့ပြီး၊ အရှေ့သို့ ဆက်လျှောက်မလာခဲ့ပေ။ ထို့အစား သူသည် လက်နှစ်ဘက်ကို ဆုပ်လိုက်ကာ လင်းဖုန်း၊ အလင်းဓားမြန် ဓားမာစတာနှင့် ကြယ်စင်သူတော်စင်တို့ကို နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ အရှင်လင်း၊ အလင်းဓားမြန် ဓားမာစတာ၊ ကြယ်စင်သူတော်စင်တို့ ခင်ဗျာ" သူသည် တစ်ယောက်ချင်းဆီကို

ဦးညွှတ်လိုက်၏။ ပြီးမှ ချုံးယွင်မင်းသားဘက်ကို လှည့်လိုက်ကာ၊ "ဟွမ်ကျုံကုန်းက အရှင်မင်းသားကို နှုတ်ဆက်ပါတယ်"

ချုံးယွင်မင်းသားသည် နောက်ကို အရေးလုပ်၍ ပြန်လှည့်မကြည့်ခဲ့ပေ။ သူ၏ မျက်လုံးအစုံမှာ ရှောင်ယန်သို့ မမှိတ်မသုန် စိုက်ကြည့်လျှက်ရှိသည်။ "ဟွမ်ကျုံကုန်း၊ မင်းကဒီမှာ ဘာလာလုပ်တာလဲ?"

အသက်ကြီးကြီးနှင့် အဘိုးအို၊ ဟွမ်ကျုံကုန်းက တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။

"နန်းရင်းဝန်ဝူက အရှင်မင်းသားရဲ့
ရုံရွှေတော်နဲ့ ပတ်သတ်ပြီး
သတင်းရလိုက်လို့ပါ။ ကြည့်ရတာ
အရှင်မင်းမြတ်က မျက်စိကျတဲ့ အမျိုးသမီး
တစ်ယောက်ကို ရွေးချယ်ထားပြီး ဖြစ်ပါတယ်။
ကျွန်တော်မျိုးက နန်းရင်းဝန်ဝူရဲ့ အမိန့်အရ
အရှင်မင်းသားကို ကြိုတင်လာရောက်
အကြောင်းကြားခြင်း ဖြစ်ပါတယ်"

ချုံးယန်မင်းသား၏ အမူအရာသည် ချက်ချင်း
ပြောင်းလဲသွားခဲ့သည်။ သူသည် ရှောင်ယန်ကို
ဂရုမစိုက်နိုင်တော့ပဲ၊ ခေါင်းကိုနောက်သို့

လျှင်မြန်စွာ လှည့်လိုက်ကာ ဟွမ်ကျုံကုန်းကို
လှည့်ကြည့်လိုက်သည်။

ဟွမ်ကျုံကုန်း၏ အမှုအရာသည်
လေးစားမှုအပြည့် ရှိသော်လည်း၊
ချုံးယွင်မင်းသား၏ ဝံပုလွေကဲ့သို့သော
အကြည့်ကြောင့် ကြောက်ရွံ့တုန်လှုပ်သွားခြင်း
မရှိချေ။ သူ၏ အကြည့်မှာ ယခင်ကဲ့သို
တည်ငြိမ်မြဲဖြစ်သည်။

ရှင်းယွင်တောင်ထိပ် တစ်ခုလုံးသည်
အပ်ကျသံကို ကြားရလုမတတ်
တိတ်ဆိတ်ငြိမ်သက်သွားခဲ့၏။

အားလုံးတို့သည် အသက်ပြင်းပြင်းပင် မရှူကြတော့ပဲ ငြိမ်သက်စွာနှင့်၊ ကောင်းကင်ပေါ်မှ ချုံးယွင်မင်းသားနှင့် ဟွမ်ကျုံကုန်းတို့ကို စိုက်ကြည့်နေကြသည်။

လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ သံသယဖြစ်ဖွယ်ရာ မရှိပဲ ဟွမ်ကျုံကုန်းသည် နန်းရင်းဝန် ဝူချင်လျှို၏ လက်အောက်ငယ်သား ဖြစ်ပေလိမ့်မည်။

အတည့်အလင်း မဖော်ပြထားသော်လည်း၊ ချုံးယွင်မင်းသား၏ ရှင်းယွင်တောင်ထိပ်ကို

လာခဲ့ခြင်းမှာ အလင်းခေးမြန်ဂိုဏ်းက
မုယုံယန်ရန်နှင့် လက်ထပ်ရန်
ကမ်းလှမ်းမှုကြောင့် ဖြစ်သည်ဟု အားလုံးက
သိထားကြသည်။

သူသည် ရှောင်ယန်အား ရန်စခဲ့ခြင်း၏ အဓိက
အကြောင်းရင်းမှာလည်း၊
မုယုံယန်ရန်ကြောင့်ပင် ဖြစ်သည်။

ဟွမ်ကျုံကုန်း၏ လုပ်ရပ်၊ ပို၍ တိတိကျကျ
ပြောရလျှင် ဝူချင်လျှို၏ လုပ်ရပ်မှာ၊ လင်းဖုန်း၊
အလင်းခေးမြန် ခေးမာစတာ၊
ကြယ်စင်သူတော်စင်နှင့် ကျန်သောသူများ၏

အရှေ့တွင် ချုံးယွင်မင်းသားအား လူပုံအလည်တွင် အရှက်ခွဲလိုက်ခြင်းနှင့် တူနေ၏။

အင်ပါယာ၏ အင်အားကစားမှုနှင့် ထိီးနန်းဆက်ခံမှုတို့၏ ကောလဟာလများကို လူထုအကြားတွင် ချပြလိုက်ခြင်းနှင့် တူနေ၏။

"ဝူချင်လျှို က ဘာတွေများ ကြံစည်နေပါလိမ့်?" လင်းဖုန်းက ချုံးယန်မင်းသားအား စိတ်ဝင်တစားနှင့် ကြည့်နေခဲ့သည်။ "ရှီချုံးယန်ရဲ့ အိမ်ရှေ့စံ ရာထူးက လှုပ်နေပြီလား?"

ချုံးယွင်မင်းသားသည် အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ပြီး၊ အသံသြသြဖြင့် မေးလိုက်သည်။ "ဘယ်သူများလဲ?"

ဟွမ်ကျုံကုန်းက နာမည်တစ်ခုကို တီးတိုးရေရွတ်လိုက်သည်။ မုယုံမပါသလို ယန်ရုန်ဟူသော စာလုံးလည်း မပါချေ။

ဝေခွဲရခက်သော မတင်မကျ အပြုံးတစ်ခုသည် ချုံးယွင်မင်းသား၏ မျက်နှာပေါ်တွင် ပေါ်လာခဲ့သည်။ သူသည် မည်းမှောင်စွာနှင့်

ပြောလိုက်သည်။ "ဝူချင်လျှို… ဝူချင်လျှို… ကျွတ်!"

"သွားကြစို့!" သူသည် ရုတ်တရက်အော်လိုက်ကာ၊ နတ်ဆိုးအရိပ်ခဲ့နှင့် ထွက်သွားခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းမှာပင်၊ သူသည် လေထုအထဲမှ ကွယ်ပျောက်သွားခဲ့သည်။

ဟွမ်ကျုံကုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ သူ၏အနောက်မှ လျှင်မြန်စွာနှင့် လိုက်သွားခဲ့သည်။ ချုံးယွင်မင်းသား၏

လက်အောက်ငယ်သားတို့သည်လည်း ဟွမ်ကျုံကုန်းနှင့်အတူ လိုက်သွားကြ၏။

ရှောင်ယန်သည် ချုံးယွင်မင်းသား ပျောက်ကွယ်သွားရာ အရပ်ကို ကြည့်လိုက်သည်။ ချုံးယွင်မင်းသား၏ ဝံပုလွေ့ကဲ့သို့ လေသံသည် သူ၏နားအတွင်းတွင် ပေါ်လာသည်။ "ဒါဆိုမင်းက ရှောင်ယန်ပေါ့? မင်းက အတော်အထင်ကြီးစရာ ကောင်းတယ်ဆိုတာကို ငါကဝန်ခံပါတယ်။ ဒါပေမဲ့ ဒါက အစပဲ ရှိသေးတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က

မင်းကို တစ်သက်လုံး အကာအကွယ်
ပေးနိုင်မလား ဆိုတာကို
ကြည့်ချင်သေးတယ်ကွ!"

ရှောင်ယန်က မျက်မှောင်ကြီးကို
ကြုတ်လိုက်သည်။ သူသည်
စကားတစ်ခွန်းကိုမှ မပြောခဲ့ပဲ
အေးစက်စွာနှင့်သာ ပြုံးလိုက်သည်။ ဒါသည်
မဟာချင် အင်ပါယာမှ မင်းသားနှင့်
နောက်ဆုံးတိုက်ပွဲ မဟုတ်ကြောင်းကို
သူ၏ရင်ထဲမှနေ၍ သဘောပေါက်နေခဲ့သည်။

သူသည် မြေပြင်ပေါ်ကို
ဆင်းသက်လာခဲ့သည်။ မီးတောက်နဂါး
ကောင်းကင် ချပ်ဝတ်တန်ဆာသည်
လုံးဝပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။
သူသည် လင်းဖုန်းအား တင်ပြမည်
ကြံလိုက်သော အချိန်တွင်၊ သူ၏နှလုံးမှာ
အခုန်တစ်ချက် မှားသွားခဲ့သည်။ သူသည်
အခြားတစ်ဘက်ကို လှည့်ကြည့်လိုက်သည်။

ထိုနေရာတွင် အဖြူရောင်ဝတ်စုံနှင့်
မိန်းကလေးတစ်ယောက်သည်
ဖြည်းညှင်းစွာနှင့် လျှောက်လာခဲ့သည်။
သူမသည် မုယုံယန်ရန်ဖြစ်သည်။

မုယုံယန်ရန်သည် အလင်းခားမြန် ခားမာစတာ၏ အရှေ့သို့ လျှောက်လာခဲ့ကာ၊ ကျက်သရေရှိစွာဖြင့် အရိုအသေ ပေးလိုက်သည်။ သူမသည် စကားတစ်ခွန်းမှတော့ မပြောခဲ့ပေ။

အလင်းခားမြန် ခားမာစတာသည် ဟန်ပန်အမူအရာ ကင်းမဲ့စွာနှင့် ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဘာမှ စိတ်မပူပါနဲ့။ တိုက်ပွဲက ရှောင်လွှဲလို့ မရဘူး။ အနေးနဲ့အမြန်တော့ တိုက်ရမှာပဲ။ ရက်ပေါင်း အနည်းငယ်နဲ့တော့ ဘာမှမထူးပါဘူး"

"ယန်ရန်က ဂိုဏ်းနဲ့ အလင်းဓားမြန်
ဓားမာစတာ အပေါ်ကို
အကြွေးတင်နေပါတယ်။ ခွင့်လွှတ်မှုအတွက်
ကျေးဇူးတင်ပါတယ်" မုယုံယန်ရန်သည်
မတ်တတ်ရပ်လိုက်သည်။ သူမသည်
ရှောင်ယန်ကို တည်ငြိမ်အေးချမ်းစွာနှင့်
စိုက်ကြည့်လိုက်သည်။

"အလင်းဓားမြန်ဂိုဏ်း၊ မုယုံမိသားစုမှ
မုယုံယန်ရန်က စီနီယာရှောင်ကို
နှုတ်ခွန်းဆက်သပါတယ်"

# စာစဥ် ၁၅ : အပိုင်း ၃

## အပိုင်း ၂၅၃ : အဆင့်သုံးဆင့် အကြံအစည်

မုယုံယန်ရန်က စတင်၍ စိန်ခေါ်ရဲခဲ့ခြင်းမှာ သူမက ပြိုင်ဘက်အား အနိုင်ယူရန် နည်းလမ်းတစ်ခုရှိ၍ မဟုတ်ချေ။ သူမက အချိန်ဆွဲနေလည်း ဘာမှမထူးတော့၍ဖြစ်သည်။ တိုက်ပွဲကို ကြိုတင်စတင်၍ စောစောစီးစီး ဖြေရှင်းထားလိုက်ခြင်းက ပို၍ကောင်း၏။

သူမတို့၏ တိုက်ပွဲသည် မစခင်ကတည်းက
အဖြေပေါ်နေသော တိုက်ပွဲဖြစ်သည်။

မုယုံယန်ရန်သည် အဆိုးမြင်ဝါဒီတစ်ယောက်
မဟုတ်ချေ။ သူမသည် တိုက်ပွဲစသည်နှင့်
သူမ၏ အစွမ်းရှိသလောက် တိုက်ခိုက်ခဲ့သည်။
ကံမကောင်းလှစွာနှင့် ယခုအချိန်တွင်
ရှောင်ယန်နှင့်သူမတို့သည် အဆင့်တူ
မဟုတ်ခဲ့ပေ။

မီးတောက်နဂါး ကောင်းကင်
ချပ်ဝတ်တန်ဆာကို မလိုခဲ့ချေ။ ထို့အတူ
ရှောင်ခြည်နတ်ဆိုး အာဏာရှင်ဓား၊

အကြွင်းမဲ့မီးတောက် နှစ်ခု၊ စကြာဝဠာ
ကြေးမုံ၊ မဟူရာ တိမ်တိုက်အလံ
စသည်တို့ကိုလည်း မလိုခဲ့ချေ။

ဒီမတိုင်ခင် ချုံးယွင်မင်းသားနှင့်
ကြမ်းတမ်းသော တိုက်ပွဲတစ်ခုကို
ဆင်နွှဲထားသော်လည်း၊ ရှောင်ယန်သည်
သူ၏ကိုယ်ပိုင် မှော်စွမ်းအင်၊ စွမ်းရည်တို့နှင့်
မုယုံယန်ရန်အား လွှမ်းမိုးနိုင်ခဲ့သည်။

အလင်းခေါးမြန်ဂိုဏ်းမှ
တပည့်အားလုံးတို့သည်
မျက်နှာလွှဲထားလိုက်ကြသည်။ သူတို့သည်

ယခုတိုက်ပွဲ၏ အဖြေကို ကြည့်နိုင်စွမ်း
မရှိကြချေ။

မုယုံယန်ရန်၏ မျက်နှာပေါ်မှာ
အရောင်တစ်စက်မှ မရှိတော့ပေ။
သို့သော်လည်း သူမသည် ခေါင်းမာစွာနှင့်
ကြံ့ကြံ့ခံနေခဲ့ကာ၊ ပြိုလဲရန် ငြင်းဆိုခဲ့သည်။
ရှောင်ယန်နှင့် သူမတို့သည် ခြေတစ်လှမ်း
အကွာမှ တစ်ယောက်ကိုတစ်ယောက်
စိုက်ကြည့်နေကြသည်။
အဝေးမှကြည့်လိုက်လျှင် စုံတွဲတစ်တွဲနှင့်
တူနေပေသည်။

သို့သော်လည်း အမှန်တကယ်တွင်မူ၊ ဤကောင်လေးနှင့် ကောင်မလေး အကြားတွင်၊ ဆွဲဆောင်မှုတို့သည် ဆန့်ကျင်ဘက် ဖြစ်နေ၏။

"ကျွန်မရဲ့ ရင်ထဲက စကားနဲ့ပြောရရင်၊ အဲ့ဒီအချိန်တုံးက ကျွန်မက ရှင့်ရဲ့စွမ်းရည်ကြောင့် အထင်သေးခဲ့တယ် ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာ အဲ့ဒီနေ့က ကျွန်မက အမြင်ကျဉ်းခဲ့တယ် ဆိုတာက သိသာပါတယ်"

မုယုံယန်ရန်သည် ရှောင်ယန်အား
အလွန်ခေါင်းမာစွာနှင့် စိုက်ကြည့်နေ၏။
သူမ၏ ဆရာသည်ပင် သူ၏ပြိုင်ဘက်
မဟုတ်ရာ၊ သူမက ဘယ်လိုလုပ်
ယှဉ်နိုင်ပါမည်နည်း။ အခုတွင် ရှောင်ယန်၏
အကြွင်းမဲ့မီးတောက် နှစ်ခုကို ပေါင်းစည်းရာမှ
ထွက်ပေါ်လာသော ကျယ်ပြန့်လှသည့်
စွမ်းအားများကို မျက်မြင်ကိုယ်တွေ့
တွေ့လိုက်ရကာ၊ သူမ၏
ဂရန်းမာစတာဖြစ်သော မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာသည်ပင် သူ၏ပြိုင်ဘက်
မဖြစ်နိုင်ဟု ယုံကြည်နေခဲ့သည်။

"ဒါပေမဲ့လည်း အရင်က
ကျွန်မပြောထားတဲ့အတိုင်း၊ အချိန်ကို
ပြန်ရစ်လို့ ရခဲ့ရင်တောင် ကျွန်မက
ရှောင်မိသားစုကို စေ့စပ်ပွဲဖျက်ဖို့ သွားဦးမှာပဲ!
ဒါက ကျွန်မရဲ့ လက်ထပ်ပွဲဖြစ်တယ်။
ကျွန်မအတွက် တစ်ယောက်ကမှ
ဆုံးဖြတ်ပေးဖို့ မလိုဘူး။ လူစိမ်းတစ်ယောက်နဲ့
တစ်သက်လုံး လက်တွဲသွားဖို့က ကျွန်မလုံးဝ
မလုပ်နိုင်တဲ့ အရာပဲ"

ရှောင်ယန်၏ အမူအရာသည်
တည်ငြိမ်နေခဲ့သည်။ သူသည် ခံစားချက်
ကင်းမဲ့စွာနှင့် ပြန်ပြောလိုက်သည်။

"ငါကလည်း လူစိမ်းတစ်ယောက်နဲ့ တစ်သက်လုံး လက်မတွဲချင်ပါဘူး"

"ငါက မင်းရဲ့ စေ့စပ်ပွဲ ဖျက်သိမ်းမှုအပေါ်ကို ဘယ်တုံးကမှ အပြစ်မတင်ခဲ့ဘူး။ မင်းရဲ့ စေ့စပ်ပွဲကို ဖျက်သိမ်းတဲ့ နည်းလမ်းကသာ မှားနေတာ။ ကံမကောင်းစွာနဲ့ မင်းက အရမ်းမောက်မာတော့၊ ဒါကို နားလည်မှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း ဒီကနေ့မှာ ဘယ်သူကမှားတယ် ဆိုတာကို အပြစ်တင်နေလို့လည်း မပြီးတော့ဘူး။

ငါကလည်း မင်းကို ဘာမှ ထပ်မလုပ်ချင်တော့ပါဘူး။ ဒီကနေ့ကစပြီး မင်းနဲ့ငါနဲ့က ကိုယ်လမ်းကိုယ်သာ လျှောက်ကြစို့"

"အစကတော့ ငါက မင်းကို မရိုက်နှက်ချင်ပေမဲ့၊ မင်းကို အမှားကို ဝန်ခံခိုင်းပြီး ငါ့မိသားစုကို အရှက်ခွဲခဲ့တဲ့အတွက် လူပုံအလည်မှာ တောင်းပန်ခိုင်းမလို့ပဲ။ အခု ငါတွေးမိသလောက်တော့ ဒါက အရေးမကြီးတော့ပဲ မလိုအပ်တော့ပါဘူး။ ရလဒ်က ဒီထက်ပိုပြီး ပြတ်သားဖို့

မရှိတော့ဘူး။ ကျန်တာတွေကို ကမ္ဘာကြီးက ဆုံးဖြတ်သွားပါလိမ့်မယ်"

ရှောင်ယန်က သက်ပြင်းချလိုက်သည်။ သုံးနှစ်သုံးမိုး ကျားကုတ်ကျားခဲ ကြိုးစားခဲ့ခြင်းသည် ယနေ့ အောင်ပွဲ၏ အကြောင်းရင်းဖြစ်သည်။ ဒီနှစ်ပိုင်းအတွင်းတွင် သူ၏ရင်အတွင်း၌ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့သော အလုံးကြီးသည် ပျောက်ကွယ်သွားပြီဖြစ်သည်။

"သုံးနှစ်အကြာမှာ ပြန်တွေ့မယ်ဆိုတဲ့
ကတိက အခုအချိန်မှာ အဆုံးသတ်ကို
ရောက်သွားခဲ့ပြီ၊ မုယုံယန်ရန်"

ရှောင်ယန်သည် ခေါင်းကိုမော့၍
ကျူးရင့်လိုက်သည်။ သူ၏ကိုယ်တွင်းမှ
အကြွင်းမဲ့မီးတောက် ရွှေရောင်ဗဟိုချက်သည်
အဆက်မပြတ် တုန်ခါနေ၏။
သူ၏ကိုယ်ထဲတွင် ဒေါမာန်အပြည့်နှင့်
မီးတို့သည် တောက်လောင်နေခဲ့သည်။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာနှင့်

ကျန်သောသူတို့၏ မျက်နှာအမူအယာတို့မှာ အတန်ငယ် ပြောင်းလဲသွားကြသည်။ ကျောက်ယန်နှင့် ကျန်သော အလင်းခေါးမြန်ဂိုဏ်းမှ တပည့်တို့သည် ပို၍ စိုးရိမ်ပူပန်ပုံ ပေါက်လာကြ၏။

သူတို့သည် အတွေ့အကြုံရှိသောကြောင့်၊ ရှောင်ယန်၏ ကိုယ်ပေါ်တွင် တောက်လောင်နေသော မာန်ဟုန်ပြင်းပြင်းနှင့် မီးတောက်တို့သည် သူ၏ ကိုယ်ပိုင်မှော်စွမ်းအင်ကြောင့် မဟုတ်ပဲ၊ ဘေးပတ်ဝန်းကျင်မှ မီးစိတ်ဝိညာဉ်

စွမ်းအားတို့ကို စုပ်ယူ၍ မီးတောက်အဖြစ်သို့ အသွင်ပြောင်းထားခဲ့မှန်းကို သိလိုက်ကြ၏။

ကောင်းကင်နှင့်မြေကြီးတို့၏ စိတ်ဝိညာဉ် စွမ်းအင်တို့ကို ကိုယ်ပိုင်စွမ်းအင်အဖြစ် ထိန်းချုပ်နိုင်ခြင်းသည်၊ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်သို့ ရောက်သွားခြင်းဖြစ်သည်!

ချုံးယွင်မင်းသားနှင့် တိုက်ပွဲတွင်၊ သူသည် သူရှိသမျှ စွမ်းအားတို့ကို အစွမ်းကုန် ထုတ်သုံးခဲ့ရသည်။ မုယုံယန်ရန်နှင့် တိုက်ပွဲတွင်၊ သူ၏စိတ်ထဲမှ

အနှောင်အဖွဲ့တို့ကို ရှင်းလင်းနိုင်ခဲ့သည်။
သူ၏စွမ်းအားနှင့် စိတ်အခြေအနေတို့သည်
အကြီးအကျယ်
တိုးတက်လာကြပြီးနောက်တွင်၊ သူသည်
ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်သို့
အောင်မြင်စွာနှင့်
တက်လှမ်းနိုင်ခဲ့ပေတော့သည်!

ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှ
ကျင့်ကြံသူ အများအပြား
ကြောက်ရွံ့နေကြသည့် ယင်မီးတောက်၏
ပြစ်ဒဏ်ခတ်မှုသည်၊ ရောင်ယန်အတွက်တော့
ဘာမှမဟုတ်ချေ။ သူသည်

ပန်းခင်းအလယ်တွင်
လမ်းလျှောက်နေရသည့်အတိုင်း
လွယ်လွယ်ကူကူပင် ကျော်လွှားနိုင်ခဲ့သည်။
မီးတောက်တို့သည် သူ့ကို
ဘာမှလုပ်နိုင်သည့်ပုံ မပေါ်ပေ။

မာန်ဟုန်ပြင်းသော မီးတောက်တို့သည်
မုယုံယန်ယန်၏ မျက်နှာကို
လင်းလက်စေခဲ့ကာ၊ သူမ၏ မျက်နှာပေါ်မှ
ယူကြုံးမရဖြစ်ခြင်းနှင့် ကူရာမဲ့ခြင်း စသော
အမူအရာများကို သိသာထင်ရှားစေခဲ့သည်။
သူမ၏ ပါးပြင်တို့မှာ နှင်းဆီရောင်

သန်းမနေတော့ချေ၊ စက္ကန့်နှင့်အမျှ ပို၍ပို၍ ဖြူဖျော့လာ၏။

မာန်ဟုန်ပြင်းပြင်းနှင့် မီးတောက်တို့၏ အလယ်တွင်၊ ရှောင်ယန်သည် လင်းဖုန်းရပ်နေသော နေရာဘက်သို့ လှည့်ကာကြည့်လိုက်သည်။ သူသည် လင်းဖုန်း၏ရှေ့တွင် ဒူးနှစ်ဘက်ထောက်ချလိုက်ပြီး၊ သူ၏ခေါင်းမှာ မြေကြီးပေါ်သို့ မြှုပ်နှံထားခဲ့သည်။

သူသည် စကားတစ်လုံးမှ မပြောခဲ့သော်လည်း၊ ယခုအချိန်တွင် မည်ကဲ့သို့ ခံစားနေရမည်ကို

ဘေးမှကြည့်နေသူ အားလုံးတို့သည်
နားလည်နိုင်ကြသည်။

လင်းဖုန်းက ညင်သာစွာပြုံးလိုက်သည်။
သူ၏လက်ကို ဆန့်တန်းလိုက်ကာ
ရှောင်ယန်ကို ထရန် အချက်ပြလိုက်သည်။
ရှောင်ယန်ကို မြေပေါ်သို
ဆွဲထူပေးလိုက်သည်။

အလင်းခေးမြန်ဂိုဏ်းမှ သူများအားလုံးတို့သည်
ဆရာနှင့် တပည့်တို့ကို ကြည့်နေကြကာ၊
ပဟေဠိဖြစ်နေကြပြီး နေရခက်နေကြ၏။

အနီရောင်တိမ်တိုက် ဂရန်းမာစတာ၏
အကြည့်သည် ထောင့်တစ်ထောင့်တွင်
ရပ်နေကြသော ရှောင်ပုတန်နှင့်
ယွဲ့ဟုန်ယန်တို့ အပေါ်တွင်
ကျရောက်သွားခဲ့သည်။ အချိန်အတန်ကြာမှ
သူမသည် သက်ပြင်းတစ်ချက်ချလိုက်သည်။
"ရှုံးရတာ တန်ပါတယ်"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
မျက်နှာညှိုးနေခဲ့ကာ တိတ်ဆိတ်နေသည်။
ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်
တွေးနေခဲ့သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က

သူ့ရဲ့တပည့်တွေကို
တကယ်မျက်နှာလိုက်တာပဲ"

အလင်းခေးမြန် ခေးမာစတာသည်
မုယုံယန်ရန်ကို တစ်ချက်ကြည့်လိုက်သည်။
သူသည် သူ၏လက်ကို ရုတ်တရက်
ဝှေ့ယမ်းလိုက်ကာ၊ အဖြူရောင် အလင်းတန်း
တစ်ခုကို မုယုံယန်ရန်ထံသို့ ရစ်ပတ်လိုက်ကာ
သူမကို ခြေထောက်ပေါ် ရပ်စေခဲ့သည်။

"ဒီကနေ့ကစပြီး၊ မုယုံယန်ရန်ဟာ ငါ့ရဲ့
လက်ရင်းတပည့် ဖြစ်သွားပြီ။ ငါက ငါ့ရဲ့

တာအိုနည်းစနစ်နဲ့ ခေးနည်းစနစ်တွေကို သူ့ကို တိုက်ရိုက်သင်ပေးမယ်"

အလင်းခေးမြန်ဂိုဏ်းမှ
တပည့်အားလုံးတို့သည်
အံ့ဩတုန်လှုပ်ကုန်ကြ၏။
ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာနှင့်
ကျန်အခြေတည်ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာတို့ပင်လျှင်
အံ့အားသင့်ကုန်ကြသည်။
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
ပို၍ပင် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

လုံးဝအရက်ကွဲသော ရှုံးနိမ့်မှုသည်
မုယုံယန်ရန်အား အလင်းခေးမြန်
ခေးမာစတာ၏ တပည့်ဖြစ်ခြင်း ဟူသော
ကံကောင်းခြင်းအား
ယူဆောင်လာပေးလိမ့်မည်ဟု၊ မည်သူကမှ
ထင်မထားကြချေ။

အပြင်လူများသည် သိချင်မှသိကြမည်၊
သို့သော်လည်း အလင်းခေးမြန်
ခေးမာစတာသည် လက်ရင်းတပည့်ကို
တစ်ယောက်မှ လက်မခံသည်မှာ
နှစ်ပေါင်းရာနှင့်ချီ၍ ရှိနေပြီဆိုသည်ကို
သူတို့က ကောင်းကောင်း သိနေကြသည်။

ပိုပြီးတော့ ယုံချင်စရာ မကောင်းသည်မှာ၊
နှစ်ပေါင်းရာနှင့်ချီပြီးမှ ကံကောင်းသူမှာ
ဂိုဏ်းကို အရှက်ကောင်းကောင်း
ရစေခဲ့သူလည်း ဖြစ်နေ၏။

လင်းဖုန်းသည် အလင်းဓားမြန် ဓားမာစတာကို
လှည့်ကြည့်လိုက်သည်။ အမြဲတစေ
ခပ်တည်တည် နေလေ့ရှိသော အလင်းဓားမြန်
ဓားမာစတာသည် ခပ်ဖွဖွပြုံးလိုက်သည်။
သို့ရာတွင် သူ၏မျက်လုံးထဲတွင်
ယှဉ်ပြိုင်လိုစိတ်ကို တွေ့နေနိုင်သည်။

လင်းဖုန်းသည် ရယ်လိုက်ကာ ရှောင်ယန်ဘက်ကို လှည့်လိုက်သည်။ "ရှောင်ယန်၊ မင်းအတွက်က ပြီးဆုံးသွားပေမဲ့၊ တစ်စုံတစ်ယောက် အတွက်ကတော့ အခုမှစမှာ"

ယခုအချိန်တွင် ရှောင်ယန်၏ကိုယ်ပေါ်မှ မီးတောက်များမှာ ငြိမ်းသွားပြီဖြစ်၏။ သူက လင်းဖုန်းနှင့် ထောင့်ဖြတ်နေရာတွင် ရပ်နေခဲ့ကာ သရော်သလို ပြုံးလိုက်၏။ "ကျွန်တော်က သူမကို တစ်ခါနိုင်ဖူးပြီးရင်၊ တစ်သက်လုံးလည်း နိုင်မှာပဲ"

"ဘယ်လောက် အားကျစရာကောင်းလိုက်တဲ့ စိတ်ဓာတ်မျိုးလဲ!" အလင်းဓားမြန် ဓားမာစတာသည် လင်းဖုန်းအား မမှိတ်မသုန် စိုက်ကြည့်နေရင်း မယုတ်မလွန် ပြောလိုက်သည်။ "ရှင်းယွင်တောင်ထိပ်မှာ လှပတဲ့ ရှုခင်းတွေ အများကြီးရှိတယ်။ အရှင်လင်းက
တစ်ခေါက်ပတ်ကြည့်လို့ရတယ်"

လင်းဖုန်းက ရယ်လိုက်သည်။ "လူငယ်တွေ ကြည့်ကြပါစေဗျာ။ ကျွန်တော်ကတော့ အလင်းဓားမြန်ဂိုဏ်းက ခေါင်းဆောင်နဲ့ ဆွေးနွေးဖို့သာ အာသီသ ရှိနေတယ်ဗျ"

ဒီနေရာတွင် သူသည် အလင်းခါးမြန်ဂိုဏ်းမှ ခေါင်းဆောင်ကို စိန်ခေါ်ဖို့ ရည်ရွယ်ချက် မရှိချေ။ အချင်းချင်း လေ့လာသော အနေဖြင့် ဆွေးနွေးခြင်းသာဖြစ်သည်။ သို့သော်လည်း အလင်းခါးမြန် ခါးမာစတာက လင်းဖုန်းအား တိုက်ခိုက်ချင်သည် ဆိုပါက၊ လင်းဖုန်းကလည်း ဝန်လေးနေလိမ့်မည် မဟုတ်ပေ။

အစောနက ကြယ်စင်သူတော်စင်နှင့် ခဏတာ တိုက်ခိုက်မှုတွင်၊ လင်းဖုန်းသည် အင်မော်တယ် ဝိညာဉ် အဆင့်နှင့် ပတ်သတ်၍

နားလည် သဘောပေါက်မှုအချို့ ရရှိခဲ့၏။ သူ့အတွက်တော့ ဒါသည် အတွေ့အကြုံ ဆုလာဘ်တစ်မျိုး ဖြစ်သည်။

အလင်းခေးမြန် ခေးမာစတာကလည်း လင်းဖုန်း၏ ရည်ရွယ်ချက်ကို နားလည်နေသည်။ သူသည် လင်းဖုန်းကို သေချာစွာ စိုက်ကြည့်နေခဲ့သည်။ သူသည် သူနှင့် ယှဉ်ပြိုင်လိုသောစိတ် အလွန်အမင်း ပြင်းပြနေသည်ကို လင်းဖုန်းက ခံစားမိနေရသည်၊ သို့ရာတွင် အလင်းခေးမြန် ခေးမာစတာသည် ထိုဆန္ဒကို ကြိုးစားပြီး ချိုးနှိမ်ထားခဲ့သည်။

"လူငယ်တွေကို စိတ်ကြိုက်ပေးလည်လိုက်ပေါ့ မဟုတ်လား အရှင်လင်း?"

ရှောင်ပုတန်လေးသည် သူ၏စွမ်းအားများကို မရုပ်သိမ်းသေးချေ။ သူသည် သူ၏ ပေသုံးဆယ်မြင့်သော မိုးကြိုးမုန်တိုင်း မိစ္ဆာနတ်ဘုရားပုံနှင့်သာ ရပ်နေခဲ့သည်။ လင်းဖုန်းနှင့် အလင်းဓားမြန် ဓားမာစတာတို့၏ စကားတို့ကို ကြားလိုက်ပြီးနောက်၊ သူသည် ကျောက်ယန်ဘက်သို့ လှည့်လိုက်ကာ

အသံသြသြဖြင့် ပြောလိုက်သည်။
"အနီရောင်ငှက်တောင် ကြိုးကြာလေးကောင်၊
မမေ့နဲ့နော် လေးကောင်!"

ဘေးမှာရှိနေသော ထွမ်းထွမ်းက
ပြင်းထန်စွာနှင့် ခေါင်းညိတ်လိုက်သည်။
ခဏကြာအောင် စဉ်းစားလိုက်ပြီးမှ သူမက
အကြံပေးလိုက်သည်။ "ထျန်းဟောင်၊
အဆစ်နှစ်ကောင် တောင်းလိုက်ပါလား!"

ရှောင်ပုတန်လေးသည် သူမ၏ စကားကို
ကြားလိုက်ပြီးနောက် ချက်ချင်း

ဈေးဆစ်လိုက်သည်။
"ခြောက်ကောင်မရဘူးလား?"

အလင်းခေါးမြန်ဂိုဏ်းမှ တပည့်တစ်အုပ်သည်
ကောင်းကင်ပေါ်သို့ ဆွံ့အစွာနှင့်
ကြည့်နေခဲ့သည်။ ခရမ်းရောင်တိမ်တိုက်
ဂရန်းမာစတာတို့ အုပ်စုသည်လည်း
နှုတ်ခမ်းများ တွန့်ကုန်ကြသည်။

ကျောက်ယန်၏ အမူအရာမှာ
မည်းမှောင်သွားခဲ့ပြီး၊ "ငါက
အစားပုတ်တစ်ကောင်ကို ရှုံးခဲ့တာ ယုံနိုင်စရာ
မရှိဘူး!"

ထွက်ခွာတော့မည် ဟန်ပြင်နေသော
လင်းဖုန်းမှာလည်း သူ၏မျက်နှာကို
ဖြတ်ရိုက်လိုက်သကဲ့သို့ ခံစားလိုက်ရကာ၊
ကသိကအောက် ဖြစ်လှစွာနှင့်
သက်ပြင်းတစ်ချက်ကို ချလိုက်ရ၏။

ချုံးယွင်မင်းသားနှင့် ရှောင်ယန်တို့၏
တိုက်ပွဲသည် ပြင်းထန်ကာ အထင်ကြီးဖွယ်
ကောင်းလှသည်။ နောက်ပိုင်းတိုက်ပွဲဖြစ်သော
မုယုံယန်ရန်နှင့် တိုက်ပွဲမှာမူ အေးဆေးလှ၏။
သို့သော်လည်း ထို့အတွက်ကြောင့်ပင်

အလင်းဓားမြန်ဂိုဏ်းသည် ထိုရှုံးနိမ့်မှုအတွက် ခံသာခြင်းဖြစ်သည်။

ယခုအခါ အလင်းဓားမြန် ဓားမာစတာသည် မုယုံယန်ရန်ကို သူ၏ လက်ရင်းတပည့်အဖြစ် လက်ခံလိုက်ပြီ ဖြစ်သည်။ သူက သူ၏ ဆုံးဖြတ်ချက်အတွက် တစ်ခွန်းမှ မပြောခဲ့သော်လည်း၊ အားလုံးသည် ဤအင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူသည် သူ၏ စွမ်းရည်များကို မုယုံယန်ရန်အား လက်ထပ်သင်ပေး၍၊ တစ်နေ့တွင် မုယုံယန်ရန်က သူမအတွက် လက်စားချေနိုင်၍ အခြေအနေကို

ပြောင်းပြန်ပြန်လှန်နိုင်မည်ဟု
မျှော်လင့်ထားကြောင်းကို ပြောနိုင်ပေသည်။

ကြည့်ရတာ အလင်းခေးမြန်ဂိုဏ်းသည်
ယနေ့ကြုံတွေ့ရသော အရှက်ကွဲမှုကို
ရင်ထဲတွင်သာ မျိုသိပ်ထားရမည် ဖြစ်သည်။

လင်းဖုန်းသည် သိလိုစိတ် ပြင်းပြနေ၏။ သူက
ရှောင်ယန်ကို ခေါ်ဆောင်၍ ဤနေရာကို
လာခဲ့ချိန်တွင်၊ အလင်းခေးမြန် ခေးမာစတာနှင့်
တိုက်ခိုက်ရလိမ့်မည်ဟု စိတ်ထဲမှကြိုတင်၍
ပြင်ဆင်ထားပြီးသား ဖြစ်၏။ သို့သော်လည်း
အံ့ဖွယ်ကောင်းလှစွာ ထိုအနိုင်မခံ

အရှုံးမပေးသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူကြီးသည်
နောက်ဆုတ်သွားခဲ့သည်။

သို့သော်လည်း အလင်းဓားမြန် ဓားမာစတာက
ကြောက်ရွံ့နေ၍ မဟုတ်ချေ။
သူ၏အဘိဓာန်တွင် 'ကြောက်ရွံ့ခြင်း' ဟူသော
စကားလုံးမရှိပေ။ အကယ်၍သူသာ
ကြောက်တတ်ပါက၊ အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်ခဲ့မည် မဟုတ်ချေ။

လင်းဖုန်းသည် စိတ်ရှုပ်ထွေးနေ၏။
"ဝူချင်လျှိုဆိုတဲ့လူက ဘာတွေများ

လုပ်လိုက်လို့၊ အလင်းခေးမြန် ခေးမာစတာက သူ့ကိုယ်သူ စိတ်ထိန်းထားရတာလဲ?"

ဝူချင်လျှို၏ ရည်ရွယ်ချက် အစစ်အမှန်ကို လင်းဖုန်းကတော့ စပ်စုချင်နေရုံသာ ဖြစ်သည်။ သို့သော်လည်း ချုံးယွင်မင်းသား အဖို့မှာမူ၊ သူ၏ဒေါသကို ဖော်ပြစရာ စကားလုံး မရှိတော့ချေ။

ရှင်းယွင်တောင်ထိပ်နှင့် သိပ်မဝေးသော နေရာတစ်ခုတွင်၊ ချုံးယွင်မင်းသားသည် ရပ်တန့်လိုက်ကာ ဟွမ်ကျုံကုန်းအား တည်ငြိမ်စွာနှင့် လှည့်ကြည့်ခဲ့သည်။

သူ့အကြောင်းကို သိနေကြသော သူတို့မှာ၊ ခက်ထန်ရက်စက် ကြမ်းကြုတ်၍ အကျိုးအကြောင်း မဆင်ခြင်သော မင်းသားမှာ တည်ငြိမ်နေပြီဆိုလျှင်၊ ပို၍ကြမ်းတမ်းသော မုန်တိုင်းတစ်ခုကို အစပျိုးနေပြီ ဖြစ်ကြောင်းကို သိနေကြ၏။

ဟွမ်ကျုံကုန်းသည်လည်း ထိုအကြောင်းကို သိပြီးဖြစ်၏။ သူသည် ချက်ချင်းပင် စက်ဝိုင်းပြား တစ်ချပ်ကို ထုတ်ယူလိုက်ကာ၊ သူ၏မှော်စွမ်းအင် အချို့ကို ထည့်သွင်းလိုက်သည်။ စက်ဝိုင်းပြား၏

မျက်နှာပြင်ပေါ်တွင် အလင်းတန်းများ
ဖြာကျလာခဲ့ကာ၊ လူတစ်ယောက်၏
ပုံရိပ်သည် ပေါ်လာခဲ့သည်။

သူသည် အသက်သုံးဆယ် ဝန်းကျင်ခန့်ရှိသော
ပိတ်ဝတ်စုံကို ဝတ်ဆင်ထားသော
စာသင်သားနှင့် တူနေ၏။
သူကိုကြည့်ရသည်မှာ ရိုးရှင်း၍
ကြည့်၍ကောင်း၏။ သူ၏ အသွင်အပြင်မှာ
သန့်ရှင်းကြည်လင်နေ၏။
သူ၏မျက်ဝန်းအစုံမှာလည်း လေးနက်နေ၏။
ပင်လယ်သည် အရာအားလုံးကို
ဝင်ဆံ့သကဲ့သို့၊ သူသည်လည်း ဝင်ဆံ့သည်ပုံ

ပေါက်နေ၏။ သို့သော်လည်း
တစ်ချိန်တည်းမှာပင်၊ သူသည် ခက်ခဲနက်နဲ၍
လျှို့ဝှက်ဆန်းကြယ်သောပုံ ပေါက်နေ၏။

ချုံးယွင်မင်းသားသည် ထိုသက်လတ်ပိုင်း
စာသင်သားကို တိတ်ဆိတ်စွာနှင့်
ကြည့်လိုက်သည်။ "နန်းရင်းဝန်ဝူ၊
ဒီတစ်ခါမှာတော့ ခင်ဗျားက ကျွန်တော့်ကို
ခက်ခဲအောင် လုပ်နေခဲ့တာပဲ"

ထိုသက်လတ်ပိုင်း စာသင်သားမှာ မဟာချင်၏
ပထမဦးဆုံး နန်းရင်းဝန်ဖြစ်သည်။
မော်တယ်တစ်ယောက် ဘဝနှင့် မဟာချင်

နန်းတော်ကို ဦးစီးနိုင်သူလည်း ဖြစ်သည်။ သူ၏နာမည်မှာ ဝူချင်လျှိုဖြစ်သည်။

ထိုစကားကို ကြားလိုက်သောအခါ ဝူချင်လျှိုသည် မယုတ်မလွန် ပြန်ဖြေလိုက်သည်။ "ဒါက အစီအစဉ်ရဲ့ ပထမအဆင့်ပဲ ရှိပါသေးတယ်။ အရှင်မင်းသားက ဘာမှပိုပြီး စိတ်ပူနေစရာ မလိုပါဘူး"

ချုံးယွင်မင်းသားသည် ဝူချင်လျှိုအား အကြာကြီး စိုက်ကြည့်လိုက်ကာ မေးလိုက်သည်။ "ဟုတ်လား? ဒါဆိုရင်လည်း

မေးပါရစေ နန်းရင်းဝန်ဂူ၊ ခင်ဗျားရဲ့
အစီအစဉ်မှာ အဆင့်ဘယ်နှစ်ဆင့် ရှိပါသလဲ?"

"သုံးဆင့်" ဂူချင်လျှိုသည် တည်ငြိမ်စွာဖြင့်
ပြန်ဖြေလိုက်သည်။

ရုတ်တရက်ပဲ ချုံးယွင်မင်းသားသည် လုံးဝ
တည်ငြိမ်သွားခဲ့သည်။ ဒါသည်
မုန်တိုင်းမလာမီ တည်ငြိမ်ခြင်းမျိုး မဟုတ်ပေ။
သူ၏ စိတ်အာရုံသည် လုံးဝကို
တည်ငြိမ်အေးဆေးသွားခြင်း ဖြစ်သည်။

မထီမဲ့မြင် ပြုတတ်ခြင်းနှင့် အမျက်ဒေါသ ထွက်လွယ်ခြင်းတို့သည် သူ၏ အားနည်းချက်များ ဖြစ်သည်။ သို့သော်လည်း သူယခု ရောက်နေသော အဆင့်သို့ ရောက်နိုင်ခြင်းသည်၊ သူက လုံးဝ မယဉ်ကျေးသောသူ မဟုတ်ဟု ပြသနေသည်။ တစ်ဘက်လူက သူ့ထက်အောက်ကျသည်ဟု ယူဆလျှင် သူက အလွန်အမင်းကို မောက်မာပေမည်။ သို့သော်လည်း သူတန်ဖိုးထားရမည့်သူနှင့် တွေ့ပါက၊ ချုံးယွင်မင်းသားသည် တည်ငြိမ်စွာ နေနိုင်မည် ဖြစ်သည်။

"နန်းရင်းဝန်ဂူ၊ ခင်ဗျားရဲ့ အဆင့်သုံးဆင့်က ကျုပ်နဲ့ပတ်သတ်နေသလား၊ ဒါမှမဟုတ် တခြားလူတွေနဲ့ ပတ်သတ်နေတာလား?"

ချုံးယန်မင်းသားသည် ရုတ်တရက် မေးခွန်းတစ်ခုကို မေးလိုက်၏။ ထိုမေးခွန်းကို ကြားလိုက်သောအခါ၊ ဂူချင်လျှို၏ မျက်နှာတွင် အပြုံးတစ်ခု ဖူးပွင့်လာခဲ့သည်။

သူသည် အေးအေးဆေးဆေးသာ ပြန်ဖြေလိုက်သည်။ "မဟာချင် အင်ပါယာနဲ့ ရန်ငြိုးရှိတဲ့သူတွေကို ဦးတည်ချက် ထားတာပါ"

ချုံးယွင်မင်းသား၏ မျက်လုံးအစုံမှာ အရောက်လက်လာခဲ့သည်။ သူက သေချာစဉ်းစားပြီးမှ ပြောလိုက်သည်။ "ပထမ အဆင့်က ကျုပ်ကို လူပုံကြားမှာ အရှက်ခွဲပြီး၊ ခင်ဗျားနဲ့ကျုပ်နဲ့ ကြားမှာ ပဋိပက္ခဖြစ်နေတဲ့ပုံ ဖန်တီးလိုက်တယ်။ ဒါက ကျုပ်ရဲ့ အိမ်ရှေ့မင်းသား ရာထူးက ထိုင်ခုံလှုပ်နေပြီဆိုပြီး၊ တခြားလူတွေကို ထင်မြင်စေဖို့ဖြစ်တယ်။ ဒါက တော်တော်ကို မရိုးရှင်းဘူးပဲ"

သူသည် ရုတ်တရက် ဝူချင်လျှိုကို ခေါင်းမော့ကြည့်လိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ခင်ဗျားက လူတွေကို ခင်ဗျားနဲ့ မဟာချင် အင်ပါယာက တော်ဝင်မိသားစုနဲ့ မသင့်မမြတ် ဖြစ်နေတယ်ဆိုပြီး ယုံကြည်အောင် လုပ်ချင်နေတယ်။ ခင်ဗျားက အုပ်ချုပ်သူရဲ့ အင်အားကို အားနည်းအောင်လုပ်ပြီး၊ နန်းသိမ်းချင်နေတယ်လို့ ထင်စေချင်နေတာလား?"

ဝူချင်လျှိုသည် ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။ "ကျုပ်က ဘယ်သူ့ကို ယုံကြည်စေချင်နေတယ်လို့ ထင်နေတာလဲ?"

## စာစဥ် ၁၅ : အပိုင်း ၄

## အပိုင်း ၂၅၄ : ကိုယ့်အကြံနဲ့ကိုယ်ပဲ

ဝူချင်လျှို၏ လေသံမှာ တပည့်ကို စိတ်ရှည်ညင်သာစွာ သင်ပြနေသော ဆရာတစ်ယောက်၏ လေသံနှင့် တူလေသည်။

အခြားအချိန်တွေဆိုလျှင်
ချုံးယွင်မင်းသားသည် ဝူချင်လျှိုအား
မည်သို့ပင် သတိထားသည် ဆိုစေကာမူ၊
ဤလေသံဖြင့် သူ့ကိုပြောမည်ဆိုပါက
သေချာပေါက် ဒေါသအိုး
ပေါက်ကွဲမည်ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင်မူ၊
ချုံးယွင်မင်းသားသည် ယခင်ကဲ့သို့
တည်ငြိမ်ဆဲဖြစ်ကာ၊ သူ၏အကြည့်သည်
ဝူချင်လျှိုထံမှ မခွာခဲ့ပေ။

သူ၏အနောက်တွင်
ကြယ်စင်သူတော်စင်သည့်လည်း လေပေါ်မှ
ဝူချင်လျှို၏ ပုံရိပ်ကို ကြည့်နေခဲ့သည်။
သူ၏မျက်လုံးတွင် ဝေခွဲမရနိုင်သော
အရိပ်အယောင်များကို တွေ့နေရသည်။
"ဝူချင်လျှိုက သူ့ရဲ့ဝှက်ဖဲတွေကို တကယ်ပဲ
ပြနေပြီလား၊ ဒါမှမဟုတ် နောက်ထပ်
ဆင်ခြေဆင်လက် တစ်ခုပဲလား?"

"မဟာချင်ရဲ့ မိသားစုကြီး လေးခုနဲ့
ဂိုဏ်းကြီးတွေကလွဲရင်၊ ကျွန်တော်က
တခြားလူတွေကို စဉ်းစားလို့ မရဘူး"

ချုံးယွင်မင်းသားက တိတ်ဆိတ်စွာနှင့် ပြောလိုက်သည်။

ဝူချင်လျှိုက ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်၊ မင်းသားပြောတာ မှန်တယ်။ အင်ပါယာ တစ်ခုက တိုးတက်ကြီးပွားဖို့ဆိုရင်၊ ဗဟိုအင်အားစုကို စုစည်းရမယ်၊ ဘုရင်နဲ့ မှူးမတ်တွေက တစ်ခုတည်းအဖြစ် ညီညွှတ်ရမယ်။ မဟာကျိုး အင်ပါယာက အကောင်းဆုံး ဥပမာပဲ"

သူသည် သက်ပြင်းဖွဖွလေး ချလိုက်သည်။ "မဟာကျိုး အင်ပါယာရဲ့ စွမ်းအားဟာ

အခုအထိ အရှိန်ပြင်းပြင်းနဲ့ ချဲ့ထွင်နေတုံး ရှိသေးတယ်။ တကယ်လို့များ မဟာချင်က အတွင်းမှာ ဆက်ပြီးတော့ ကွဲပြားနေသေးရင်၊ တစ်ချိန်ချိန်မှာ မဟာကျိုးက လာကျူးကျော်လိမ့်မယ်"

ချုံးယွင်မင်းသား၏ မျက်လုံးတို့မှာ အရောင်လက်သွားသော်လည်း၊ ဘာတစ်ခုမှ မပြောခဲ့ချေ။

အားလုံးသိကြသည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာတွင်၊ မဟာချင် အင်ပါယာသည် နတ်ဘုရား နယ်မြေတွင်

အထွန်းကားဆုံး အင်ပါယာ ဖြစ်ခဲ့သည်၊
မဟာကျိုးထက်ပင် ကြီးပွားတိုးတက်နေသည်။

သို့သော်လည်း နှစ်ပေါင်းတစ်ရာလေး
အတွင်းတွင်၊ မဟာကျိုးသည် လျှင်မြန်သော
အဟုန်ဖြင့် တိုးတက်လာချိန်တွင်၊ မဟာချင်က
ရပ်တန့်နေခဲ့သည်။ တဖြည်းဖြည်းနှင့် သူသည်
မဟာကျိုး၏ လုံးဝကျော်တက်သွားခြင်းကို
ခံလိုက်ရပေတော့သည်။

ဗုဒ္ဓဝါဒကို နှိမ်နှင်းသည့် တိုက်ပွဲတွင်၊
မဟာကျိုး အင်ပါယာသည်
အကြီးမားဆုံးသော အောင်နိုင်သူ ဖြစ်ပြီး၊

အကျိုးအမြတ် အများဆုံး ရရှိခဲ့သူလည်း ဖြစ်သည်။ သူ၏စွမ်းအားတို့မှာ ဆထက်တံပိုး တိုးတက်လာခဲ့ပြီး၊ မဟာချင် အင်ပါယာကို လုံးဝနောက်ကောက်ချနိုင်ခဲ့သည်။

"မိသားစုကြီးတွေရဲ့ အင်အားကို ဖယ်ရှားပြီး၊ ဗဟိုအုပ်ချုပ်မှု စွမ်းအားကို တိုးမြှင့်ဖို့က ခင်ဗျား အကြံအစည်ရဲ့ ဒုတိယအဆင့် ဖြစ်မယ်" ချုံးယွင်မင်းသားက မေးလိုက်သည်။ "ဒီလိုဆိုရင် တတိယအဆင့်က ဘာလဲ?"

ဝူချင်လျှိုက ပြန်ဖြေလိုက်သည်။ "မိသားစုကြီး လေးခုက ခေါင်းဆောင်တွေ ဖြစ်ကြတယ်။

သူတို့ကို ဝိုင်းထောက်ခံကြတဲ့
တခြားမိသားစုတွေကလည်း
ရှိနေကြသေးတယ်။ သူတို့ကို ဖယ်ရှားဖို့
ဆိုတာတော့ မလွယ်ကူဘူး။ ဒုတိယအဆင့်က
အတတ်နိုင်ဆုံး သူတို့ကို ဖိနှိပ်ထားပြီး
အားနည်းအောင် လုပ်ဖို့ပဲ။
လက်တွေ့လုပ်ဆောင်မှုတွေကိုတော့ တတိယ
အဆင့်မှာမှ လုပ်ရမယ်"

"တစ်ချိန်တည်းမှာပဲ၊ တတိယအဆင့်မှာ
ဒီအစီအစဉ်မှာ အကြီးမားဆုံးသော
အတားအဆီးကို ရှင်းပစ်ရမယ်"

ချုံးယွင်မင်းသား၏ မျက်လုံးတို့မှာ အရောင်တောက်လာခဲ့ပြီး၊ "ရှီမိသားစု၊ ဒွိစုံသူငယ်အိမ်နဲ့သူ!"

မဟာချင် အင်ပါယာ၏ တော်ဝင်မိသားစု အနေနှင့်ဆိုသော်၊ ရှီမိသားစုနှင့် ဆက်ဆံရေးမှာ ရှုပ်ထွေးသော ဆက်ဆံရေးဖြစ်သည်။ ရှီမိသားစုသည် တော်ဝင်မိသားစုနှင့် အမျိုးတော်စပ်သည်။ တစ်ချိန်တည်းမှာပင်၊ သူသည် တော်ဝင်မိသားစုအစား ကိစ္စများကို ဆောင်ရွက်ပေးသည်။

သို့သော်လည်း ရှီမိသားစုသည် တော်ဝင်မိသားစုနှင့် ဆွေမျိုးတော်စပ်နေသည့် အချက်ကပင်၊ တော်ဝင်မိသားစုက သတိထားနေရသည့် အချက်ဖြစ်သည်။ ရှီမိသားစုသည် နတ်ဘုရား သားတော်များကို အဆက်မပြတ် မွေးဖွားပေးနေခဲ့သည်။ အထူးသဖြင့် လက်တလောတွေ မွေးဖွားထားသော ဒွိစုံသူငယ်အိမ်နှင့်သူ ဖြစ်သည်။ ရှီမိသားစုသည် နောက်ထပ် နတ်ဘုရား သားတော်တစ်ပါးကို မွေးဖွားထား၍၊ မဟာချင်၏ အကြီးမားဆုံး မိသားစုကြီးအဖြစ် ခိုင်မာစွာ ရပ်တည်နေပေသည်။

တော်ဝင်မျိုးဆက်များမှာ အကန့်အသတ် ရှိ၍၊
ရှိထျန်းရီ၏ နန်းတက်မည့်
ကောလဟာလများမှာ ပျံ့နှံ့၍
နေပေတော့သည်။

ချုံးယွင်မင်းသားက ပြောလိုက်သည်။
"ကျွန်တော်က ဝန်ခံရလိမ့်မယ်၊ ကျွန်တော့်ရဲ့
မျိုးဆက်အတွင်းမှာ၊ ဒီဒွိစုံ သူငယ်အိမ်နဲ့သူက
ကျွန်တော့်ကို ဖိအားအကြီးကြီးတွေ
ပေးနေတာပဲ။ သူအသက်ရှင်နေသရွေ့၊
ကျွန်တော်က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေလို့ရမှာ
မဟုတ်ဘူး"

သူက အချိန်အနည်းငယ်လောက် ငြိမ်သွားပြီး တည်ငြိမ်စွာနှင့် ဆက်ပြောလိုက်သည်။ "ဒီကနေ့ကစပြီး၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရှောင်ယန်ကလည်း သတိထားရမယ့် သူ့အထဲမှာ ပါတယ်"

ဝူချင်လျှိုက ဖွဖွလေး ပြုံးလိုက်သည်။ "ကျွန်တော်မျိုးက အရှင်မင်းသားကို မပြောရသေးတာ တစ်ခုရှိတယ်။ သိပ်မကြာခင်တုံးက၊ ကျွန်တော်က အရှင်မင်းသား နာမည်နဲ့၊ ရှောင်ယန်ရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ ဝူကျိုးက

ရှောင်မိသားစုကို အထောက်အပံ့တွေ
ပေးထားခဲ့တယ်"

ချိုးယွင်မင်းသားသည် အနည်းငယ်
မကျေမနပ် ဖြစ်သွားခဲ့သော်လည်း၊
ဘာမှမပြောခဲ့ချေ။

ဝူချင်လျှိုက ဆက်ပြောလိုက်သည်။
"ဒါကလည်း အစီအစဥ် ပထမ အဆင့်ရဲ့
တစ်စိတ်တစ်ပိုင်းလို့ ဆိုနိုင်ပါတယ်။ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့
ဆက်ဆံရေးကောင်းတွေ
တည်ဆောက်ထားခြင်းက၊ တတိယအဆင့်ကို

အကောင်အထည်ဖော်တဲ့ နေရာမှာ
လွယ်ကူစေမယ်"

သူသည် အသံတိုးတိုးဖြင့် ရယ်လိုက်သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်ရဲ့
အငယ်ဆုံးတပည့်၊ ရှီထျန်းဟောင်။
အရှင်မင်းသားက သူ့ရဲ့နောက်ခံကို သိမယ်လို့
ထင်ပါတယ်"

"ဒါပေါ့။ ဟိုဒွိစုံသူငယ်အိမ်နဲ့သူရဲ့ ဒီကနေ့
စွမ်းဆောင်မှုတွေက သူ့ဆီက အကူအညီ
တစ်စိတ်တစ်ပိုင်း ပါနေတာပဲ"
ချိုးယွင်မင်းသားက ပြောလိုက်သည်။ "ဒါပေမဲ့

ကျွန်တော်တို့က သေပြီလို့ ယူဆထားတဲ့ ကောင်လေးက ဒီကနေ့အထိ အသက်ရှင်နေလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ဘူး"

"သူက အသက်ဆက်ရှင်နေရုံတင် မကဘူး၊ စွမ်းအားတွေလည်း အတော်ကြီး တိုးတက်လာခဲ့တယ်။ ဆယ်နှစ်ကျော်လေးပဲ ရှိသေးပေမဲ့ ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်နေပြီ။ သူက လူသားသမိုင်းထဲမှာ ရှားပါးတဲ့ ကျောက်ရိုင်းတုံး တွေထဲမှာ တစ်ခုအပါအဝင်ပဲ"

ချုံးယွင်မင်းသားသည် စကားဝိုင်း၏
ဦးတည်ချက်ကို ပြောင်းလိုက်သည်။
"ဒါပေမဲ့လည်း အခုလက်ရှိ အချိန်မှာ၊
သူရဲ့စွမ်းအားတွေက ဟိုဒွိစုံမျက်လုံးနဲ့သူနဲ့
မယှဉ်နိုင်သေးဘူး"

ဝူချင်လျှိုက မယုတ်မလွန် ပြန်ဖြေလိုက်သည်။
"ဒါပေမဲ့လည်း ဒီကနေ့ မတိုင်ခင်မှာ၊
အရှင်မင်းသားက ရှောင်ယန်ဟာ
ဒီလောက်အထိ ဖြေရှင်းရခက်လိမ့်မယ်လို့
မထင်ထားဘူးမလား?"

ထိုစကားလုံးများသည် ချုံးယွင်မင်းသား၏ ဒဏ်ရာများအပေါ်တွင် ဆားဖြူးလိုက်သည်နှင့် တူနေ၏။ သူ၏မျက်နှာသည် ခဏတာမျှ မည်းမှောင်သွားသော်လည်း၊ မပေါက်ကွဲသွားခဲ့ပေ။ သူသည် နှာတစ်ချက်သာ မှုတ်လိုက်သည်။

ဝူချင်လျှိုက သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ၏ မျက်လုံးအစုံမှာ သတိအပြည့်နှင့် ဖြစ်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်က ဘယ်လိုများ လုပ်သလဲတော့ မသိဘူး။ သူက ပါရမီရှင် တစ်ယောက်ကို

မွေးထုတ်နိုင်တယ်ဆိုရင်၊ ကျွန်တော်က သိပ်ပြီးတော့ မအံ့ဩပါဘူး။ ဒါပေမဲ့ သူ့ရဲ့ တပည့်တွေအားလုံးက ပုံမှန်မဟုတ်ပဲ ကြမ်းလွန်းလှတယ်၊ ဒါက တစ်ခုခုတော့ တစ်ခုခုပဲ"

"သူက သာမန်လူတော့ လုံးဝမဖြစ်နိုင်ဘူး"

ချုံးယွင်မင်းသား၏ အမူအရာတို့မှာ ပုံမှန်သို့ ပြန်ရောက်သွားသည်။ သူက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "သူက အရမ်းကို ဘက်လိုက်တတ်တယ်။ ရှောင်ယန်နဲ့အတူ ရှင်းယွင်တောင်ထိပ်ကို လိုက်လာတာကို

ကြည့်ခြင်းအားဖြင့်၊ အနာဂတ်မှာ ရှီထျန်းဟောင်က ဒွိစုံသူငယ်အိမ်နဲ့လူနဲ့ တိုက်ခိုက်တဲ့အခါမှာ၊ သူက ဘေးကနေ ရပ်ကြည့်နေပြီး ဘာမှမလုပ်မှာတော့ မဖြစ်နိုင်ဘူး"

ချုံးယွင်မင်းသားသည် ဝူချင်လျှိုကို ကြည့်လိုက်သည်။ "ဒါကလည်း နန်းရင်းဝန်ဝူက တတိယအဆင့်ကို အကောင်အထည်ဖော်တဲ့နေရာမှာ၊ ထည့်သွင်းစဉ်းစားထားတဲ့ အချက်တစ်ခုပဲ ဖြစ်မယ်"

ဝူချင်လျှိုက တည်ငြိမ်စွာနှင့် ခေါင်းညိတ်လိုက်သည်။ "ဒါကလည်း ပုံသေပြောလို့မရဘူး။ ကျွန်တော်တို့က မိသားစုကြီး လေးခုရဲ့ အင်အားကို အသုံးပြုပြီး၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ခက်ခဲအောင် လုပ်လို့လည်း ရတာပဲ"

"မဟာကျိုး အင်ပါယာက အဝေးက အင်အားစုတွေနဲ့ ချစ်ကြည်ရေး ရယူနေပြီး၊ အနီးကလူတွေကို တိုက်ခိုက်ဖို့ ကြံစည်နေတယ်။ သူက စူတောင်ခေါးဂိုဏ်း၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့နဲ့ မဟာမိတ်ဖွဲ့ပြီး၊ မဟာချင် အင်ပါယာကို

ကျူးကျော်ဖို့ ပြင်ဆင်နေတယ်။
ကျွန်တော်တို့က ဘာမှမလုပ်ပဲ
ထိုင်ကြည့်နေလို့ ဘယ်ဖြစ်မလဲ?"

ချုံးယွင်မင်းသားက သရော်လိုက်သည်။
"တကယ်လို့ နန်းရင်းဝန်ဂူက မဟာကျိုး
အင်ပါယာကို သတိထားနေတယ်ဆိုရင်၊
ခင်ဗျားက ခင်ဗျားရဲ့ အစီအစဉ်တွေကို
အကောင်အထည်ဖော်ရင်း အလုပ်ရှုပ်နေတဲ့
အချိန်မှာ၊ မဟာကျိုးက လူတွေကလည်း
ဝင်ရောက်နှောက်ယှက်ပြီး တစ်ခုခုလုပ်မယ်
ဆိုတာကိုတော့ သိထားမှာပေါ့"

ဝူချင်လျှိုက ညင်သာစွာ ပြုံးလိုက်သည်။ "အရှင်မင်းသား၊ သတိပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း စိတ်ချသာနေပါ၊ အချိန်ကျလာလို့ရှိရင် မဟာကျိုး အင်ပါယာက သူတို့ရဲ့ ကိုယ်ပိုင်ပြဿနာတွေနဲ့ အလုပ်ရှုပ်နေပြီး၊ ကျွန်တော်တို့ရဲ့ အစီအစဉ်ကို လာနှောက်ယှက်ဖို့အားမှာ မဟုတ်ပါဘူး"

"အိုး?" ချုံးယွင်မင်းသားသည် သိလိုစိတ် အလွန်ပြင်းပြနေခဲ့သည်။ သို့သော်လည်း သူသည် ဖိအားပေးကာ မမေးမြန်းခဲ့ပေ။ "မိသားစုကြီး လေးခုတို့ရဲ့ နိုင်ငံရေးစွမ်းအားနဲ့

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ နန်းရင်းဝန်ဝူက အရှေ့က သူတွေရဲ့ စွမ်းအားတွေကို လျှော့နည်းစေပြီး၊ အနောက်ကသူကို အားကောင်းအောင် လုပ်ပေးမလို့လား?"

ဝူချင်လျှိုက ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့ပါ၊ အရှင်မင်းသားပြောတာ မှန်ပါတယ်။ တကယ်လို့ အဖွဲ့တစ်ဖွဲ့ကပဲ အမြဲတမ်း အနိုင်ယူနေနိုင်မယ်ဆိုရင်၊ ပိုအားကောင်းတဲ့ အဖွဲ့က ပိုပိုပြီးတော့ပဲ အားကောင်းလာမှာပဲ။ ဒါက ကျွန်တော်မျိုးရဲ့ ဆန္ဒနဲ့ မကိုက်ညီပါဘူး။ သူမသာ ကိုယ်မသာ ဖြစ်နေမှသာ မဟာချင် အင်ပါယာအတွက် အကျိုးရှိမှာပဲ ဖြစ်ပါတယ်"

ချုံးယွင်မင်းသားသည်
ခေါင်းကိုညိတ်လိုက်ကာ ဝူချင်လျှိုအား
သေချာစွာ စိုက်ကြည့်လိုက်သည်။ သူကို
ထွင်းဖောက်ပြီး မြင်ချင်နေသကဲ့သို ဖြစ်၏။

ဝူချင်လျှိုက သူ့ကို မျက်လုံးချင်းဆုံကာ
ပြန်ကြည့်လိုက်၏။ သူ၏မျက်လုံးအစုံတို့မှာ
ပင်လယ်ကဲ့သို့ နက်ရှိုင်းနေခဲ့သည်။

အချိန်အတော်ကြာမှသာ
ချုံးယွင်မင်းသားသည်
အကြည့်ကိုလွှဲလိုက်ကာ တိတ်တဆိတ်

ပြောလိုက်သည်။ "နန်းရင်းဝန်ဝူက ရလဒ်တွေကို စိတ်ချတယ်ဆိုတော့လည်း၊ ကျွန်တော်က သတင်းကောင်းတွေကို စိတ်ရှည်စွာနဲ့ စောင့်နေပါ့မယ်" ပြီးနောက်သူသည် ခြေတစ်လှမ်း ရှေ့တိုးလိုက်ကာ လေထု၏အလယ်တွင် ပျောက်ကွက်သွားလေတော့သည်။

ကြယ်စင်သူတော်စင်သည် ဝူချင်လျှိုအား တစ်ချက်ကြည့်လိုက်ကာ၊ သက်ပြင်းတစ်ချက်ကို တိုးညှင်းစွာ ချလိုက်သည်။ "နန်းရင်းဝန်ဝူရဲ့ သုံးဆင့်

အစီအစဉ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့
မိသားစုကြီး လေးခုတင် မကဘူးနဲ့တူတယ်"

ဝူချင်လျှိုက ဖွဖွလေး ပြုံးလိုက်သည်။
"ခင်ဗျားရဲ့ ချီးမွမ်းတာကို
ကျေးဇူးတင်ပါတယ်"

ကြယ်စင်သူတော်စင်သည်
သူ၏ခေါင်းကိုခါလိုက်သည်။ ပြီးတာနှင့်
ကြယ်စင်အလင်းတန်း တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့ကာ လေထုအတွင်းသို့
ပျောက်ကွယ်သွားခဲ့သည်။

မဟာချင် အင်ပါယာ၏မြို့တော် ရှီးလင်မြို့၊ မြို့မြောက်ဘက်ပိုင်းရှိ နန်းရင်းဝန်အိမ်တော် အတွင်းဝယ်၊ ဝူချင်လျှိုသည် သူ၏စာဖတ်ခန်းထဲတွင် ထိုင်နေကာ ဆယ်သွယ်ရေး ကိရိယာ စက်ဝိုင်းပြားလေး၏ အပေါ်မှ အလင်းတန်းများ ပျောက်ကွယ်သွားသည်ကို ကြည့်နေခဲ့သည်။ သူသည် စကားတစ်ခွန်းမှ မပြောပဲ ခုံကိုသာ ညင်သာစွာ ခေါက်နေခဲ့သည်။

သူ၏အနောက်တွင် ရပ်နေသော လူငယ်တစ်ယောက်က ရုတ်တရက်

မေးလိုက်သည်။ "ရှီချုံးယွင်ကို ဘာဖြစ်လို့ ရွေးလိုက်တာလဲ?"

ဝူချင်လျှိုက အမှုမထားသည့်ဟန်ဖြင့် ပြန်ဖြေလိုက်သည်။
"ဘာဖြစ်လို့လည်းဆိုတော့ သူက ရည်မှန်းချက် ကြီးလို့ပဲ"

လူငယ်က ဆက်မေးလိုက်သည်။ "ဒါပေမဲ့ သူက အောင်မြင်မှုထက် ပြဿနာတွေကို ပိုလုပ်မယ့်သူလို့ ကျွန်တော့်စိတ်ထဲမှာ ထင်နေမိတယ်"

"ချုံးယွင်မင်းသားရဲ့ ကိုယ်ကျင့်စရိုက်မှာ ကြီးမားတဲ့ ချို့ယွင်းချက်ရှိတယ်။ ဒါက မောက်မာမှုနဲ့ ဒေါသကြီးမှုတို့ပဲ" ဝူချင်လျှိုက မယုတ်မလွန် ပြန်ဖြေလိုက်သည်။ "ဒါပေမဲ့ သူက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ချင်တယ် ဆိုရင်တော့၊ သူက သူများပြောစရာ မလိုပဲ ကိုယ့်ကိုယ်ကို ကြိုးစားပြီးမှ သူ့ရဲ့အကျင့်ကို သူပြင်လိမ့်မယ်"

"ငါပြောထားတဲ့ အတိုင်းပဲ၊ သူက ရည်မှန်းချက် ကြီးမားတဲ့ သူတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့်ပဲ သူက လိုအပ်တဲ့ ပြောင်းလဲမှုတွေကို

ပြုပြင်လိမ့်မယ်။ ဒီတစ်ခေါက်
ရှင်းယွင်တောင်ထိပ် ခရီးမှာ၊ သူက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေရဲ့
အရှက်ခွဲမှုကို ခံလိုက်ရတယ်။ ဒါကနေ
သင်ခန်းစာယူပြီး ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့
ကြိုးစားလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ထိုလူငယ်က အချိန်အနည်းငယ်ကြာအောင်
ငြိမ်သက်သွားပြီးနောက် ဆက်မေးလိုက်သည်။
"ဒွိစုံသူငယ်အိမ်နဲ့ လူကိုရော ဘာဖြစ်လို့
မရွေးတာလဲ?"

ဝူချင်လျှိုက ရယ်ရမ်းသွေးလိုက်သည်။ "သူက တခြားတစ်နေရာမှာ အသုံးဝင်လာလိမ့်မယ်"

"အစ်ကိုကြီးကတောင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဂရုစိုက်နေတာလား?" ထိုလူငယ်၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။ သူ၏ တည်ငြိမ်နေသော  မျက်နှာ အသွင်အပြင်တို့သည် သူ၏ အံ့အားသင့်မှုတို့ကို ဖုံးကွယ်မထားနိုင်ချေ။

ဝူချင်လျှိုသည် မယုတ်မလွန် ပြန်ဖြေလိုက်သည်။ "ဒီမူလကောင်းကင်

ကမ္ဘာကြီးမှာ၊ မျိုးနွယ်စုအားလုံး
သက်ရှိအားလုံးတို့ကို ငါက ဂရုစိုက်တယ်"

စားပွဲခုံကို ခေါက်နေသော လက်ချောင်းသည်
ရုတ်တရက် ရပ်တန့်သွား၏။ "သွားပြီးတော့
စစ်ဆေးလိုက်ဦး။ ငါက ရှီချုံးယွင်ကို
ရှင်းအောင်ပြောထားပေမဲ့၊ သူ့ရဲ့ ဒေါသတွေက
မရပ်သေးပဲ ဝူကျိုးကိုသွားပြီး ရှောင်မိသားစုကို
ပြဿနာ မရှာဘူးလို့ အာမမခံနိုင်ဘူး"

"သူ့ရဲ့ အဆင့်အတန်းနဲ့ဆိုရင်၊
ရှောင်မိသားစုကို ဒုက္ခပေးချင်ရင် စကားလုံး
အနည်းငယ် ပြောလိုက်ရုံပဲ" ဝူချင်လျှို၏

မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်ပေါက်လာ၏။ "ရှီချုံးယွင်က ဖြည်းဖြည်းချင်းတော့ တိုးတက်လာမှာပဲ။ ဒါပေမဲ့ သူက အခြေတည်ဝိညာဉ်ရဲ့ နောက်ပိုင်းအဆင့်တွေကို မရောက်သေးပဲနဲ့၊ အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ဖို့ စိတ်ခံတတ်စာမေးပွဲတွေက ဘယ်လောက်ခက်ခဲသလဲ ဆိုတာကို သိမှာမဟုတ်သေးဘူး"

"အဲ့ဒီအချိန် မရောက်သေးတဲ့ အချိန်အထိ ငါတို့က သည်းခံစောင့်ဆိုင်းရဦးမှာပဲ"

ထိုလူငယ်က ခေါင်းညိတ်လိုက်ကာ
ခြေတစ်လှမ်းဆုတ်လိုက်ပြီး၊
ဟင်းလင်းပြင်အတွင်းသို့ ဝင်သွားခဲ့ကာ
ပျောက်ကွယ်သွားခဲ့လေသည်။

မဟာကျိုး အင်ပါယာ၏
မြို့တော်ထျန်းကျင်းအတွင်းမှ
တော်ဝင်နန်းတော် အတွင်းတွင်၊ ကျိုးကေရာ၆
လျှမ်ပန်းသည် သူ၏ နဂါးပုလ္လင်အထက်တွင်
ထိုင်နေခဲ့သည်။ အောက်ဘက်တွင်
ယန့်မင်းရှဲ့နှင့် ဇူဟုန်ဝူတို့သည်
မျက်နှာချင်းဆိုင် ထိုင်နေခဲ့ကာ၊
မေဝူလန်သည် လျှမ်ပန်း၏ အရှေ့တွင်ရပ်ကာ

လတ်တလော သတင်းတစ်ပုဒ်ကို
တင်ပြနေလေ၏။

"…. နောက်ဆုံးမှာ ဒါက တိုက်ပွဲရဲ့
နောက်ဆုံးအဖြေပဲ ဖြစ်ပါတယ်"
မေဝူလန်သည် ကေရာဇ်အား
တင်ပြနေခြင်းကို အဆုံးသတ်လိုက်သည်။

ကျိုးကေရာဇ် လျှမ်ပန်းသည် ခေါင်းညိတ်ကာ
မေဝူလန်အား ကြည့်လိုက်၏။ "ဝူလန်၊ မင်းက
ဒီအကြောင်းကို ဘယ်လိုထင်သလဲ?" သူက
အနည်းငယ် နားလိုက်ကာ

ဆက်ပြောလိုက်သည်။ "ငါက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကို ဆိုလိုနေတာ"

မေဝူလန်သည် ရိုသေစွာ ဦးညွတ်လိုက်ကာ ပြန်ဖြေလိုက်၏။ "အရှင်မင်းမြတ်၊ ဒီဖြစ်ရပ်ကနေ ကျွန်တော်မျိုးက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တဲ့ လင်းဖုန်းဟာ၊ သူ့ရဲ့တပည့်တွေကို အရမ်းအကာအကွယ်ပေးတယ်လို့ ပြောနိုင်ပါတယ်။ သိပ်မကြာခင်ကပဲ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကနေ ဗူအမတ်ရဲ့ သားဖြစ်တဲ့ ဗူရီဟာ၊ မဟာကျိုး အင်ပါယာကို ဒီတစ်နှစ်မှာ ကျင်းပမယ့် နိုင်ငံတော်

စာမေးပွဲကို လာဖြေမယ်လို့
သတင်းရရှိထားပါတယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်ဟာ ဒီတစ်ခေါက်မှာ
မဟာကျိုးကို အတူလိုက်ပါ လာနိုင်ပါတယ်"

ယန့်မင်းရွှဲ့သည် ထိုစကားကို
ကြားလိုက်ပြီးနောက် ပြုံးလိုက်ကာ ဘာမျှ
မပြောခဲ့ပေ။

တစ်ချိန်တည်းမှာပင် ဇူဟုန်ဝူသည်
သူ၏ထိုင်ခုံတွင် သစ်သားရုပ်ထုကဲ့သို့သာ

ထိုင်နေဆဲဖြစ်သည်။ လက်ရှိ
အကြောင်းအရာမှာ သူနှင့်လုံးဝ
မသက်ဆိုင်သကဲ့သို့ ဖြစ်သည်။

"ဝူလန်၊ မင်းက ဒီတစ်ခေါက်မှာတော့
မှားနေပြီထင်တယ်" လျှမ်ပန်းက
သူ၏ခေါင်းကို ညင်သာစွာ ခါလိုက်သည်။
"ငါခန့်မှန်းတာ မမှားဘူးဆိုရင်၊ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်က
သူကိုယ်တိုင် လာမှာ မဟုတ်ဘူး"

သူက ဆက်ပြီးတော့ မရှင်းပြခဲ့သလို၊ မေဝူလန်ကလည်း ဆက်ပြီးတော့ မမေးရဲခဲ့ချေ။

ယန့်မင်းရွှဲ့နှင့် ဇူဟုန်ဝူတို့သည် တောက်လျှောက်ငြိမ်သက်နေကြသော်လည်း၊ လျှမ်ပန်းသည် ဂရုမစိုက်ခဲ့ပေ။ သူသည် သက်ပြင်းတိုးတိုးကိုသာ ချလိုက်သည်။ "ရွှေရောင်ဗဟိုချက် အဆင့်နဲ့ အခြေတည်ဝိညာဉ် အဆင့်က မှော်လက်နက်ကို တစ်ချက်တည်းနဲ့ ဖျက်ဆီးနိုင်တယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေဟာ

ကျန်တဲ့သူတွေထက် တကယ်ကို
ခေါင်းတစ်လုံး ပိုသာနေတာပဲ"

"ငါတို့ ကြည့်ရသမျှဆိုရင်၊ သူတို့က
သင်ယူတိုးတက်နေတဲ့ အဆင့်မှာပဲ
ရှိနေသေးတယ်။ သူတို့က ပြည့်ပြည့်ဝဝ
ရင့်ကျက်လာတဲ့ အချိန်ရောက်ရင်၊ သူတို့က
ကြံ့တွေ့ဖို့ ခဲယဉ်းတဲ့ ပါရမီရှင်လေးတွေ
ဖြစ်လာကြမှာပဲ"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊
လင်းဖုန်းဟာ တကယ့်ကို အထင်ကြီးဖွယ်ရာ
ကောင်းလှပါတယ်" လျှမ်ပန်းသည်

ဇူဟုန်ဝူအား တစ်ချက်ကြည့်လိုက်ပြီး၊
"ဟုန်ဝူကိုလည်း ဂုဏ်ပြုရမယ်၊
မင်းရဲ့သားကလည်း သူတို့အထဲက
တစ်ယောက် အပါအဝင်ပဲ"

ဇူဟုန်ဝူသည် မတ်တတ်ရပ်လိုက်ပြီး၊
"အရှင်မင်းမြတ်ကို ကျေးဇူးတင်ပါတယ်"

လျှမ်ပန်းသည် ယန့်မင်းရွဲ့ကို ကြည့်လိုက်ကာ
ဖြည်းဖြည်းချင်း ပြောလိုက်သည်။
"ယန့်ရှမ်ကျိကို ပိုင်ယွင်တောင်ပြန်တဲ့
လမ်းတစ်လျှောက်မှာ အဆင်ပြေ

ချောမွေ့ပါစေလို့
ဆုတောင်းပေးလိုက်ပါတယ်"

ယန်မင်းရွှဲ့က ပြုံးလိုက်ကာ
ပြန်ဖြေလိုက်သည်။ "အရှင်မင်းမြတ် ချီးမြှင့်တဲ့
မင်္ဂလာစကားတွေ အတွက်
ကျေးဇူးတင်ပါတယ်"

သူမသည် အတန်ငယ် စိတ်ပျံ့လွင့်သွားခဲ့၏။
"မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာ… သူက
ဇူရန်မိစ္ဆာမျက်လုံးကို မှော်ရတနာအဖြစ်

သန့်စင်ဖို့ အချိန်အနည်းငယ်သာ ယူခဲ့တာလား?"

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်မှပင် မှော်ရတနာ တစ်ပါးကို ထုလုပ်မည်ဆိုလျှင်၊ အချိန်နှင့် ခွန်အား မြောက်မြားစွာ ယူရပေမည်။ မှော်ရတနာများသည် နှစ်ပေါင်း ရာနှင့်၊ ထောင်နှင့်၊ အချို့ဆိုလျှင် သောင်းနှင့်ချီ၍ အချိန်ယူကာ သန့်စင်ရခြင်းဖြစ်သည်။

"လင်းဖုန်း၊ ရှင်က ဘယ်ကမ္ဘာကနေ လာခဲ့တာလဲ?" ယန့်မင်းရွဲ့သည်

မျက်မှောင်အနည်းငယ် ကြုတ်လိုက်ကာ
"ပြီးတော့ ရှင်က ဘာကို လုပ်ချင်နေတာလဲ?"

ယန့်မင်းရွှဲ့သည် ရုတ်တရက်
ရယ်ရမ်းသွေးလိုက်သည်။ "ရှင်က ရှင့်ကိုယ်ရှင်
သိချင်မှ သိပေမဲ့၊ ဒီတစ်ခေါက် ကျွန်မရဲ့
ပိုင်ယွင်တောင် ပြန်နိုင်ဖို့ကို ရှင်က အများကြီး
ကူညီခဲ့တာပဲ။ ဒါပေမဲ့လည်း
ဘာမှန်းကြောင့်မသိပဲ၊ ကျွန်မကရှင့်ကို
ရုတ်တရက် ကြောက်လာသလိုမျိုး
ခံစားလာခဲ့ရတယ်"

## စာစဥ် ၁၅ : အပိုင်း ၅

# အပိုင်း ၂၅၅ : တစ်ယောက်၏ အိမ်ထဲသို့ ဝံပုလွေများအား ခေါ်ဆောင်လာခြင်း

ရှင်းယွင်တောင်ထိပ်၏ မြောက်ပိုင်းတွင် ကျယ်ပြန့်သော မြေပြင်တစ်ခုရှိ၏။ ထိုမြေပြင်အတွင်းတွင် ရေအိုင်ငယ်လေး တစ်ခု ရှိသည်။

ထိုရေအိုင်ငယ်လေး၏ အလယ်တွင် ရောမ ကြိုးကြာကြီးများသည် နားနေကြသည်။ ထိုကြိုးကြားများကို ခေါင်းဖျားမှ မြေကြီးသို့ တိုင်းတာခဲ့လျှင်၊ အားလုံးသည်

သုံးမီတာကျော် ရှိကြ၏။ သူတို့သည် မျိုးနွယ်တူများထက် ပိုပြီးတော့ များစွာကြီးမားကြကာ၊ စီးနင်း၍ပင်ရသည်။

သူတို့၏ အမွေးအတောင် ထိပ်ဖျားများသည် မီးလျှံရောင်ရောင် သန်းနေကြ၏။ သူတို့သည် ရှင်းယွင်တောင်ထိပ်တွင် နေထိုင်ကြသော ငှက်မျိုးနွယ်စု ဖြစ်ကြသော၊ အနီရောင်ငှက်တောင် ကြိုးကြာများ ဖြစ်ကြပေသည်။

ထိုအနီရောင်ငှက်တောင် ကြိုးကြာများသည် စိတ်ဝိညာဉ် စွမ်းအင်များနှင့် ပြည့်ဝနေ၏။

သူတို့၏ ခန္ဓာကိုယ်များထဲတွင် မှော်စွမ်းအင်များစွာတို့သည် စီးဆင်းနေကြသည်။ မပျံနိုင်သေးသော ငှက်ပေါက်စလေးများမှလွဲ၍၊ ကျန်သောကြိုးကြာ အများစုတို့မှာ၊ လူသားမျိုးနွယ်စုတို့၏ အခြေခံအုတ်မြစ် အဆင့်ဖြစ်သော မိစ္ဆာဗိုလ်ချုပ် အဆင့်တွင် ရှိကြလေသည်။

သူတို့၏ အထဲတွင် အချို့မှာ မိစ္ဆာဆေးလုံးကို ဖော်ဆောင်နိုင်ကြကာ၊ မိစ္ဆာအုပ်ချုပ်သူ အဆင့်သို့ ရောက်နေကြပြီ ဖြစ်သည်။ ဤကြိုးကြာအုပ်စုတို့၏ ခေါင်းဆောင်မှာ အလွန်ကို အစွမ်းထက်သော မိစ္ဆာအုပ်ချုပ်သူ

ဖြစ်ပြီး၊ မိစ္ဆာဝိညာဥ်ကို ဖော်ဆောင်၍ မိစ္ဆာသခင် အဆင့်သို့ ရောက်ရှိရန် ခြေတစ်လှမ်းသာ လိုတော့သည်။

ကြိုးကြာခေါင်းဆောင်သည် သူ၏ တိရိစ္ဆာန်အုပ်ကို အေးအေးဆေးဆေး ကြည့်နေခဲ့ရင်၊ နှလုံးခုန်တစ်ချက် မှားသွားခဲ့သည်။ သူသည် သူ၏ခေါင်းကို မော့လိုက်ကာ ဘေးပတ်ဝန်းကျင်အား အကဲခတ်လိုက်ပြီး၊ သူ၏အာရုံတို့ကို အစွမ်းကုန် စုစည်းလိုက်သော်လည်း ဘာကိုမှ ရှာဖွေမတွေ့ရှိခဲ့ပေ။

"ငါကပဲ အစိုးရိမ်လွန်နေတာလား?"
အနီရောင်ငှက်တောင်
ကြိုးကြာခေါင်းဆောင်သည် သူ၏
လည်ပင်းရှည်ကြီးကို ခါယမ်းလိုက်သည်။
သို့သော်လည်း သူ၏စိတ်အတွင်းမှ
မသက်မသာ ခံစားနေရမှုတို့သည်
မပျောက်ကွယ်သွားသေးချေ။
"ဟိုကလေးလေးနဲ့ တောက်တီမ
ပေါက်စလေးကို အပြစ်တင်ရမှာပဲ!"

သူ့အုပ်စုထဲမှ ပြန်ပေးအဆွဲခံလိုက်ရပြီး၊
ပြန်ပေါ်မလာကြသော
ကြိုးကြာခြောက်ကောင်တို့အား

တွေးလိုက်မိသောအခါ၊
ကြိုးကြာခေါင်းဆောင်သည်
ကြောက်ရွံ့မှုကြောင့် တုန်ခါသွားခဲ့သည်။
တစ်ဘက်အုပ်စုတွင် တောက်တီတစ်ကောင်
ရှိနေခြင်းမှာ၊ စိုးရိမ်ဖွယ်ရာ ကောင်းလှသည်။
သူ၏ အပေါင်းအဖော် ခြောက်ကောင်တို့သည်
လုံးဝပြန်ပေါ်လာလိမ့်မည် မဟုတ်ဟု၊
နိမိတ်မကောင်းစွာ ခံစားနေရပေသည်။

ပြန်ပေးဆွဲသွားသူများသည် သူတို့အား
စီးနင်းရန်မဟုတ်ပဲ၊ စားသုံးဖို့ ဖြစ်နိုင်ချေမှာ
အလွန်များပေသည်။

"အလင်းခေးမြန်ဂိုဏ်းက ဘာအကွက်တွေ လုပ်နေတာလဲ? သူတို့က ငါတို့ကို ဘယ်လိုလုပ်ပြီး ဒီလိုမျိုး ဆက်ဆံနေရတာလဲ?" အနီရောင်ငှက်တောင်ကြိုးကြာခေါင်းဆောင်သည့် ခံပြင်းဒေါသ ထွက်လာခဲ့သည်။ သူကတွေးနေခဲ့သည်။ "မဖြစ်ဘူး၊ ငါ့ရဲ့ အပေါင်းအဖော်တွေကို အမြဲတမ်း သတိထားဖို့ သတိပေးထားမှ ဖြစ်မယ်။ ရေကန်အနားမှာ လျှောက်မသွားဖို့၊ တစ်ကောင်ထဲ မနေကြဖို့"

သူစဉ်းစားနေဆဲမှာပင် တစ်စုံတစ်ခုက လွဲမှားနေသည်ဟု ခံစားမိလိုက်ရ၏။

အောက်ကိုငုံ့၍ ကြည့်လိုက်ရာ၊ လန့်၍ သေတော့မလို ဖြစ်သွားခဲ့သည်။

သူ၏အရှေ့တွင် အသက် ၁၁နှစ်၊ ၁၂နှစ်ခန့်သာ ရှိဦးမည့် ခရမ်းရောင်အင်္ကျီနှင့် ဆယ်ကျော်သက် တစ်ယောက်က ရပ်နေခဲ့ကာ၊ သူ့ကို စပ်ဖြီးဖြီးဖြင့် ကြည့်နေခဲ့သည်။

အနီရောင်ငှက်တောင် ကြိုးကြာခေါင်းဆောင်သည် ချက်ချင်းအော်ဟစ်ရန် ကြိုးစားလိုက်သည်။

ထိုခရမ်းရောင် အင်္ကျီနှင့်
ဆယ်ကျော်သက်လေးမှာ
ရှောင်ပုတန်လေးမှလွဲ၍ အခြားမဟုတ်ချေ။
သူသည် ကြိုးကြာခေါင်းဆောင်၏
သေးသွယ်ရှည်လျှားသော နှုတ်ခမ်းကို
လျှင်မြန်စွာနှင့် အုပ်ကိုင်လိုက်သည်။ သူသည်
တင်းကျပ်စွာ ဆုပ်ကိုင်ထားခဲ့ကာ၊
ငှက်၏နှုတ်ခမ်းအား ပေးမဖွင့်ခဲ့ပေ။

အနီရောင်ငှက်တောင်
ကြိုးကြာခေါင်းဆောင်သည်
မည်းပြာသွားခဲ့သည်။ သူသည် အချိန်မရွေး
လက်တုံ့ပြန်နိုင်ရန် အသင့်ပြင်လိုက်သည်။

သူတို့သည် တိုက်ပွဲတိုက်ခိုက်ရာတွင်
ကျွမ်းကျင်သူများ မဟုတ်ကြသော်လည်း၊
သူ၏စွမ်းအားမှာ မိစ္ဆာအုပ်ချုပ်သူ အဆင့်၏
အထွတ်အထိပ်သို့ ရောက်နေခဲ့ပြီ ဖြစ်သဖြင့်၊
သူသည် ရှောင်ပုတန်လေးဟာ
မနိုင်မယှူနိုင်ပင်လျှင် ရုတ်ရုတ်သဲသဲ
ဖြစ်အောင် လုပ်နိုင်လေသည်။

အခြားသော အနီရောင်ငှက်တောင်
ကြိုးကြာတို့သာ သိသွားခဲ့ပါက၊ ဤနေရာကို
တာဝန်ယူရသော အလင်းဓားမြန်ဂိုဏ်း၏
တပည့်သည်လည်း သိသွားပေမည်။

ထိုအခါတွင် အဖြေသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်၏။

သို့သော်လည်း အနီရောင်ငှက်တောင် ကြိုးကြာခေါင်းဆောင်က တံ့ပြန်မည်ဟု ပြင်လိုက်သည့်အချိန်တွင်၊ သူ၏ မိစ္ဆာစွမ်းအားများမှာ မြေစေးနှင့် ပြုလုပ်ထားသော နွားထီးတစ်ကောင်က ပင်လယ်အတွင်းသို့ ဆင်းသွားသကဲ့သို့ ပျောက်သွားခဲ့ကာ၊ လုံးဝပြန်ပေါ်မလာတော့ချေ။ သူသည် ဘာအကျိုးသက်ရောက်မှုကိုမှ မပြုလုပ်နိုင်ခဲ့ပဲ၊ ရုတ်ရုတ်သဲသဲလည်း မလုပ်နိုင်ခဲ့ပေ။

သူသည်နောက်တစ်ခေါက် သေချာစွာ ကြည့်လိုက်သည်။ ယခုတစ်ခေါက်တွင် ပါးစပ်အကျယ်ကြီးဟကာ တစ်စုံတစ်ခုကို ရှူရှိုက်နေပုံပေါက်နေသည့်၊ ချစ်စရာကောင်းသည့် ကောင်မလေး တစ်ယောက်အား တွေ့လိုက်ရ၏။

ထိုကောင်မလေးကို တွေ့လိုက်ရသောအခါ၊ ကြိုးကြာခေါင်းဆောင်သည် ရှောင်ပုတန်လေးကို တွေ့သည်ထက်ပင် ပို၍ထိတ်လန့်သွားမိ၏။ အဘယ်ကြောင့်ဆိုသော် သူမသည်

ကြိုးကြာတို့ကို အရိုးပါမကျန် မျိုချတတ်သည့်၊ တောက်တီမလေး ထွမ်းထွမ်းဖြစ်နေ၍ ဖြစ်သည်။

အနီရောင်ငှက်တောင် ကြိုးကြာခေါင်းဆောင်၏ မိစ္ဆာစွမ်းအင်တို့မှာ ထွမ်းထွမ်း၏ အဆက်မပြတ် ဝါးမျိုခြင်းကို ခံနေရ၏။ သူသည် ရုန်းကန်ရန် ကြိုးစားခဲ့သော်လည်း၊ ရွှောင်ပုတန်လေး၏ အခြားလက်တစ်ဖက်မှာ သူ၏ကိုယ်ပေါ်သို့ ရောက်ရှိလာခဲ့သည်။

သူ၏ တစ်ကိုယ်လုံးတွင် ပြင်းထန်သော လျှပ်စစ်စီးကြောင်းများက စီးဝင်လာခဲ့သည်။ သူသည် ဓာတ်လိုက်သကဲ့သို့ ဖြစ်သွားပြီး၊ တစ်ကိုယ်လုံး အဆက်မပြတ် တုန်ခါနေခဲ့သည်။ သူ၏ တစ်ကိုယ်လုံးမှာ ထုံကျဉ်နေသကဲ့သို့ ခံစားနေရပြီး၊ လှုပ်ရှားရန် မပြောနှင့် အားတစ်စက်မှပင် ထုတ်၍မရတော့ချေ။

ထိုအချိန်တွင် ထွမ်းထွမ်းပြောလိုက်သော စကားတစ်ခွန်းကြောင့်၊ အနီရောင်ငှက်တောင် ကြိုးကြာခေါင်းဆောင်၏ စိတ်ဓာတ်မှာ အောက်ဆုံးသို့ ပြုတ်ကျသွားရလေသည်။

"ဒီကောင်ကြီးက အနီရောင်ငှက်တောင်ကြိုးကြာတွေထဲမှာ အရသာအရှိဆုံး ဖြစ်မယ်။ သူ့ဆီမှာ စိတ်ဝိညာဉ် စွမ်းအင်တွေ အများဆုံးရှိတယ်"

ရှောင်ပုတန်လေးက ပြန်ပြောလိုက်သည်။ "ဒါကလည်း နည်းသေးတယ်၊ ငါက ပိုလိုတယ်။ နောက်ထပ် ထပ်ဖမ်းရဦးမယ်" စကားပြောနေရင်း သူသည် လျှပ်စစ်မို့အားကို တိုးမြှင့်လိုက်သည်။

ကြိုးကြာခေါင်းဆောင်၏ မျက်လုံးတို့မှာ ချာချာလည်သွားခဲ့ကာ၊ ခေတ္တခဏ

မှုးမေ့သွားခဲ့သည်။ သူ၏အသိစိတ်
ပျောက်ကွယ်မသွားခင်၊ သူ၏ခေါင်းထဲမှ
နောက်ဆုံးအတွေးလေးမှာ၊
"အလင်းခါးမြန်ဂိုဏ်းက ကောင်စုတ်တွေ၊
မင်းတို့က ဝံပုလွေတွေကို ငါ့အိမ်ထဲကို
ခေါ်လာခဲ့တယ်!"

ကြိုးကြာခေါင်းဆောင်ကို သတိမေ့အောင်
လုပ်အပြီးတွင်၊ ရှောင်ပုတန်လေးနှင့်
ထွမ်းထွမ်းတို့သည် မိစ္ဆာအုပ်ချုပ်သူ အဆင့်သို့
ရောက်နေပြီးသော
အခြားအနီးရောင်ငှက်တောင် ကြိုးကြာတို့ကို
ဆက်လက်၍ ဖမ်းဆီးနေကြသည်။

ပြီးတာနှင့် သူတို့သည် မိစ္ဆာဗိုလ်ချုပ် အဆင့်ရှိ ကြိုးကြာများ အားလုံးကို ဖမ်းဆီးလိုက်ကြသည်။ နောက်ဆုံးတွင် သူတို့သည် အသိုက်အတွင်းမှ အပျံသင်စ ငှက်ငယ်များကိုပင် ဖမ်းဆီးချင်စိတ် ဖြစ်ပေါ်လာကြသည်။

"အကောင်ငယ်လေးတွေက စိတ်ဝိညာဉ် စွမ်းအင်တွေ မရှိသေးပေမဲ့၊ သူတို့ရဲ့ အသားတွေက အရည်ရွှမ်းတယ်" ထွမ်းထွမ်းသည် လောဘတက်လာ၍

အနီရောင်ငှက်တောင် ကြိုးကြာ
တစ်ရာကျော်လုံးကို ဝါးမျိုချင်နေ၏။

ရှောင်ပုတန်လေးသည် ထွမ်းထွမ်းအား
ပြင်းထန်စွာနှင့် ဝေဖန်လိုက်သည်။
"ဆရာကပြောထားတယ်၊
အကြွင်နာသိပ်ပြီးတော့ မကောင်းမဲ့ရဘူးတဲ့။
နည်းနည်းပါးပါးတော့ ချန်ထားမှဖြစ်မယ်"

"အနည်းဆုံးတော့
အလင်းခေါးမြန်ဂိုဏ်းအတွက်၊
အကောင်ပေါက်စ အထီးတစ်ကောင်နဲ့

အမတစ်ကောင်တော့ ချန်ထားရမယ်။ ဒါမှ
အနာဂတ်မှာ သူတို့က မျိုးပွားနိုင်မှာ"

ကံမကောင်းစွာနှင့် အမှန်တရားသည်
မျှော်လင့်ချက်နှင့် ကွဲပြားခြားနားနေ၏။
သူတို့သည် အကောင်းမြင်လွန်နေကြခြင်း
ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်
အခြေတည် ဝိညာဉ် အဆင့်မှ
မှော်စွမ်းအင်တို့သည် သူတို့အနားသို့
ရောက်လာကြသည်ကို မကြာမီတွင်
သတိပြုမိလိုက်၍ ဖြစ်သည်။

သူတို့နှစ်ယောက်သည် အနီးသို့ ရောက်လာနေကြသော သူတို့ကို မကြောက်ကြသော်လည်း၊ အလင်းခါးမြန်ဂိုဏ်းမှ သူတို့သည် လင်းဖုန်းအား သူတို့၏ အပြုအမူများကို သွားတိုင်လိုက်မည်ကို စိုးရိမ်နေခဲ့သည်။ သူတို့၏ လုပ်ရပ်များကို အမြန်ရပ်လိုက်ကြကာ၊ သူတို့ ဖမ်းဆီးထားပြီးသည့် အနီရောင်ငှက်တောင် ကြိုးကြာ ဆယ်ကောင်ကျော်တို့နှင့် ထွက်ပြေးလာခဲ့ကြ၏။

သူတို့၏ နေထိုင်ရာ နေရာသို့
ပြန်ရောက်လာကြသော အခါတွင်၊ သူတို့သည်
ရှောင်ယန်က သူတို့ကို ပြုံးဖြီးဖြီးဖြင့်
စောင့်ကြိုနေသည်ကို တွေ့လိုက်ရ၏။

ရှောင်ယန်၏ အကြွင်းမဲ့မီးတောက် နှစ်ခုကို
ပေါင်းစည်းခြင်းမှ ထွက်ပေါ်လာသော
ကြောက်မက်ဖွယ်ရာ စွမ်းအားများကို
မြင်တွေ့ရအပြီးတွင်၊ ထွမ်းထွမ်းသည်
သူ့ကိုမြင်လိုက်တိုင်း
ကြောက်စိတ်ပေါ်လာခဲ့၏။ ရှောင်ယန်၏
ပါရမီရှင်ဘဝမှ အရှုံးသမား ဘဝသို့

ရောက်ခဲ့ခြင်းသည် သူမ၏
အပြစ်မကင်းသည်ကို သူမက မမေ့သေးချေ။

"အစ်ကိုကြီး၊ အစ်ကိုကြီးက
အရမ်းအားနေတာပေါ့လေ?"
ရှောင်ပုတန်လေးသည် ရှောင်ယန်ဆီကို
စပ်ဖြီးဖြီးဖြင့် လျှောက်သွားခဲ့သည်။
ရှောင်ယန်က သူ့ကို ခပ်တင်းတင်းဖြင့်
စိုက်ကြည့်လိုက်ကာ၊ "ဟွန်း၊ မင်းက
သူများတွေရဲ့ အနီရောင်ငှက်တောင်
ကြိုးကြာတွေကို သွားခိုးနေတယ်ပေါ့?"

ရှောင်ပုတန်လေးက သူ၏နှုတ်ခမ်းအစုံကို တွန့်လိုက်ပြီး၊ "သူတို့ကို မွေးထားရတဲ့ ရည်ရွယ်ချက်က စားဖို့ပဲ မဟုတ်ဘူးလား?"

ရှောင်ယန်က ရှောင်ပုတန်လေး ခေါင်းကိုပုတ်လိုက်ပြီး၊ "ဘာမှ လျှောက်ပြောမနေနဲ့! သူများတွေက အနီရောင်ငှက်တောင် ကြိုးကြာတွေကို မွေးထားတာက စီးနင်းဖို့ကွ။ မင်းတစ်ယောက်ပဲ အကောင်ပလောင်တွေ တွေ့တာနဲ့ စားဖို့ပဲ ချောင်းနေတာ"

သူသည် သူ၏ခေါင်းကို
စိတ်ပျက်လက်ပျက်ဖြင့် ခါလိုက်ကာ၊
"ဆရာက မင်းတို့နှစ်ယောက်
ဒီလိုလုပ်မယ်ဆိုတာ ကြိုသိထားတယ်။
ဒါကြောင့် ငါ့ကို ဒီမှာလာစောင့်ခိုင်းထားပြီး၊
မင်းတို့ကို တွေ့တွေ့ချင်း
ရှင်းယွင်တောင်ထိပ်ကို
ခေါ်လာခိုင်းထားတယ်။ ဆရာက
အလင်းဓားမြန် ဓားမာစတာကို
နှုတ်ဆက်ပြီးရင်၊ သူက ငါတို့ကိုခေါ်ပြီး
အိမ်ပြန်တော့မယ်"

ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့သည်
အပြစ်ရှိစွာနှင့် ရယ်လိုက်ကာ၊
ရှောင်ယန်အနောက်ကို လိုက်လိုက်ပြီး
ရှင်းယွင်တောင်ထိပ်သို့ ပြန်လာခဲ့ကြသည်။
ထိုနေရာတွင် လင်းဖုန်းသည် အလင်းဓားမြန်
ဓားမာစတာနှင့် စကားပြောနေခဲ့သည်။
သူ၏အနောက်တွင် ကျဲယုနှင့်
ယွဲ့ဟုန်ယန်တို့က ရပ်နေကြသည်။
အလင်းဓားမြန်ဓားမာစတာ၏
အနောက်တွင်မူ ခရမ်းရောင်တိမ်တိုက်
ဂရန်းမာစတာနှင့် ကျန်သော အခြေတည်
ဝိညာဉ် အဆင့်မှ ဂရန်းမာစတာတို့သည်
ရပ်နေကြ၏။

လင်းဖုန်းသည် ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းကို မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်သည်။ ရှောင်ပုတန်လေးက သွားအစွမ်းကုန်ဖြဲကာ ပြုံးပြလိုက်သည်။ ထွမ်းထွမ်းသည် အနည်းငယ် ကသိကအောက် ဖြစ်သွား၏။ သူတို့သည် အလင်းခားမြန်ဂိုဏ်း၏ အနီရောင်ငှက်တောင် ကြိုးကြာများကို သွားခိုးသည်ကို လင်းဖုန်းက မသိပဲနှင့် ဘယ်နေပါ့မည်နည်း?

"အလင်းခားမြန်ဂိုဏ်းကတော့ ဒီတစ်ခေါက် သူတို့ရဲ့ တံခါးတွေကို ဖွင့်ပြီးတော့ သူခိုးတွေကို ကြိုဆိုမိတာပဲ" လင်းဖုန်းသည်

မပျော်မရွှင် ဖြစ်နေသလို တစ်ချိန်တည်းမှာပင် ရယ်ချင်နေခဲ့၏။ သို့သော်လည်း သူသည် စိတ်ထဲမှာသာ ထားခဲ့ကာ၊ အလင်းခေးမြန် ခေးမာစတာနှင့် သာမန်အတိုင်းသာ စကားဆက်ပြောနေခဲ့သည်။

ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့၏ အနောက်တွင် ပေါ်လာသောသူမှာ၊ ဒေါသထွက်နေသော အနီရောင်တိမ်တိုက် ဂရန်းမာစတာဖြစ်သည်။ သူမသည် ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့ကို ကြည့်နေခဲ့ကာ၊ အသက်ပြင်းပြင်း ရှူနေခဲ့၏။

သူမ၏ အရှေ့တွင် ရှောင်ပုတန်လေးနှင့်
ထွမ်းထွမ်းတို့သည် သက်တောင့်သက်သာ
ရှိနေကြ၏။ သူတို့သည် သူမကို ကလေးကဲ့သို့
မျက်လုံးဝိုင်းကြီးများနှင့် ကြည့်နေကြ၏။
သူတို့၏ အကြည့်တို့မှာ
အပြစ်ကင်းစင်လှချေသည်။

အနီရောင်တိမ်တိုက် ဂရန်းမာစတာမှာ
အမျက်ထွက်ကာ အကျပ်ရိုက်နေ၏။
သို့သော်လည်း သူမသည် ဘာမှ
မတတ်နိုင်ပေ။ သူမသည် သူတို့အား
သက်သေခံနှင့်တကွ လက်ပူးလက်ကြပ်
မမိသရွေ့၊ ထိုမျောက်လောင်းနှစ်ကောင်တို့မှာ

သူတို့၏ အပြစ်ကို ဝန်ခံကြလိမ့်မည် မဟုတ်ချေ။

အလင်းဓားမြန် ဓားမာစတာ၏ အမူအရာတို့မှာ တည်ငြိမ်နေဆဲဖြစ်သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ ခံစားချက် ကင်းမဲ့စွာနှင့် ပြောလိုက်သည်။ "နောက်တစ်လ အကြာမှာ၊ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာရဲ့ ဝင်ပေါက်မှာ အရှင်လင်းနဲ့ ထပ်တွေ့ရဦးမယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ကျွန်တော်ကလည်း ဒီလိုပဲ မျှော်လင့်ပါတယ်။

အလင်းခေးမြန် ဂိုဏ်းခေါင်းဆောင်က
ကျွန်တော်တို့ကို လိုက်ပို့ဖို့ မလိုပါဘူး။
ကျွန်တော်က တပည့်တွေနဲ့အတူ
ပြန်လိုက်ပါမယ်။ အဆင်မပြေတာတွေ
ရှိခဲ့ရင်လည်း တောင်းပန်ပါတယ်။
ကျွန်တော့်ရဲ့ ယုကျင်းတောင်ပေါ်ကိုလည်း
အချိန်မရွေး လာလည်နိုင်ပါတယ်။
ကျွန်တော်က အမြဲတမ်း လက်ကမ်းပြီး
ကြိုဆိုနေပါ့မယ်"

ကျဲယုသည် လင်းဖုန်းနဲ့ ကျန်သောသူများ
တက်နိုင်ရန်အတွက်၊ အနက်ရောင်
နဂါးအသွင်သို့ ပြန်ပြောင်းလိုက်သည်။

ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ကာ
ကျဲယုသည့် ကောင်းကင်ယံတို့
ပျံတက်သွားခဲ့ပြီး၊ အလင်းခေးမြန်
ခေးမာစတာနှင့် ကျန်သောသူများကို
နောက်တွင်ချန်ထားခဲ့လိုက်သည်။

ရှင်းယွင်တောင်ထိပ်မှ ထွက်လာသော
အခါတွင်၊ လင်းဖုန်းက ရှောင်ပုတန်နှင့်
ထွမ်းထွမ်းတို့ကို မတင်မကျ ဖြစ်နေသော
အမူအရာဖြင့် ကြည့်လိုက်သော်လည်း၊
ဘာကိုမှ မပြောခဲ့ပေ။

ရှောင်ပုတန်လေးက ရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်သည်။ သူသည် သိုလှောင်လက်စွပ်ထဲမှ သတိလစ်နေအောင် ရှော့တိုက်ထားသော၊ အနီရောင်ငှက်တောင်ကြိုးကြာဆယ်ကောင်ကျော်တို့ကို သွန်ချလိုက်သည်။ သူသည် ရတနာများကို ဆက်သနေသကဲ့သို့ လင်းဖုန်းကို ဆက်သလိုက်သည်။ "ဆရာ၊ ဒီကြိုးကြာတွေက အရှင်လတ်လတ်ပဲ ရှိသေးတယ်။ ကျွန်တော်တို့က ကြိုက်တဲ့အချိန် သတ်ပြီးမှ သူတို့ကို လတ်လတ်ဆတ်ဆတ် စားလို့ရတယ်ဗျ"

"ကျွန်တော့်မှာ တခြားအကြံ တစ်ခုလည်း ရှိသေးတယ်။ ဒီကြိုးကြာတွေကို အထီးအမ တစ်စုံစီ ဖမ်းလာတာ။ ကျွန်တော်တို့က တစ်ခါတည်း အပြီးမစားပဲ၊ သူတို့ကို ယုကျင်းတောင်ပေါ်မှာ မွေးထားရင်၊ ကုန်ကြမ်းမပြတ်တော့ဘူးပေါ့ဗျာ"

ရှောင်ပုတန်သည် အရှက်ကင်းမဲ့စွာ မျက်နှာပြောင်တိုက်နေသည်ကို ကြည့်လိုက်ပြီး၊ လင်းဖုန်း၏ နှုတ်ခမ်းများမှာ အကြိမ်ပေါင်းများစွာ တွန့်သွားခဲ့သည်။

လင်းဖုန်းသည် တစ်ခါကလည်း သူသည် စားကောင်းသောက်ဖွယ်များကို နှစ်သက်ခဲ့သည်ဟု ဝန်ခံရပေလိမ့်မည်။ သို့သော်လည်း သူသည် အလွန်အစားပုတ်၍၊ နောက်နေ့အတွက် ညစာတို့ကို အဆက်မပြတ် စီမံနေသည့် ရှောင်ပုတန်လေးကို လုံးဝမယှဉ်နိုင်ခဲ့ချေ။ သူတို့သည် လူမဟုတ်သော သက်ရှိများ ဖြစ်ပါက၊ အရာအားလုံးတို့သည် ရှောင်ပုတန်လေး၏ မီနူးအတွင်းသို့ ရောက်သွားနိုင်၏။

အစားအသောက်နှင့် ပတ်သတ်လာလျှင်၊ သူ၏တပည့်ကို ဆရာက လက်မြှောက်အရှုံးပေးရမည် ဖြစ်သည်။

"ဒီအနီရောင်ငှက်တောင် ကြိုးကြာတွေက အတော်ကို စားကောင်းတယ်။ ကျွန်တော်တို့က ယုကျင်းတောင်ကို ပြန်ရောက်ရင်၊ စီနီယာတွေနဲ့ တခြားတပည့်တွေကိုလည်း မြည်းခိုင်းရမယ်!" ရှောင်ပုတန်လေးက ပျော်ရွှင်စွာနှင့် ပြောနေခဲ့သည်။

လင်းဖုန်းသည် စိတ်ရှုပ်လည်းရှုပ်၊ ရယ်လည်း ရယ်ချင်နေ၏။ "ကောင်းသားပဲ၊ မင်းက အနည်းဆုံးတော့ တခြားလူတွေနဲ့ ဝေမျှလိုစိတ်တော့ ရှိသားပဲ၊ အထူးသဖြင့်တော့ တောင်ပေါ်က လူတွေပေါ့"

ရှောင်ပုတန်လေးက ရှောင်ယန်ကို မျက်စောင်းထိုးကာ ကြည့်လိုက်သည်။ "အစ်ကိုကြီး၊ အစ်ကိုကြီးက ရှင်းယွင်တောင်ထိပ်မှာ မြည်းပြီးသားဆိုတော့၊ ဒီတစ်ခေါက်က အစ်ကိုကြီးအတွက် မပါတော့ဘူး!"

"စိတ်မပူပါနဲ့၊ မင်းနားကနေ လုမစားပါးဘူးကွ" ရှောင်ယန်က နှာမှုတ်လိုက်သည်။ "လောဘကြီးတဲ့ ကောင်စုတ်လေး"

ရှောင်ပုတန်လေးနှင့် နောက်ပြောင်ခဲ့ပြီးနောက်၊ ရှောင်ယန်၏ မျက်နှာပေါ်မှ အပြုံးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ၊ တစ်ခုခုပြောချင်စိတ်ကို မျိုသိပ်ထားပုံ ရနေသည်။

လင်းဖုန်းက ပြုံးလိုက်ပြီး၊ "မင်းက မင်းရဲ့ ဇနီးလောင်းလေးကို သွားရှာချင်နေတာမလား?"

ဝူကျိုးမြို့တွင် ရှောင်ယန်သည် ရှောင်ကျန်းအာအား မတွေ့ခဲ့ရ၍၊ အလွန်စိတ်ပျက်နေခဲ့သည်။ ရှောင်အကြီးအကဲက ရှောင်ယန်အား အဝတ်အိတ်ရှုံ့လေး တစ်ခုကို ပေးလိုက်ကာ၊ ရှောင်ကျန်းအာက ပေးထားခဲ့သည်ဟု ပြောထားသည်။

လင်းဖုန်းသည် အိတ်ရှို့လေးအတွင်းတွင် ဘာပါသလဲဆိုသည်ကို မသိခဲ့သော်လည်း၊ ရှောင်ယန်က စိတ်ခဲတတ်ကျနေသည့်ပုံ မပေါက်သဖြင့် အခြေအနေသည် သိပ်မဆိုးဟု ပြောနိုင်ပေသည်။

ရှောင်ယန်သည် သုံးနှစ်ကြာလျှင်တွေ့မည်ဟု မုယုံယန်ရန် တစ်ယောက်တည်းကိုသာ ကတိပေးထားခြင်း မဟုတ်ပေ။ အမှန်ဆိုလျှင် သူသည် အခြားတစ်ယောက်ကိုလည်း သုံးနှစ်အကြာတွင် ပြန်ဆုံမည်ဟု ကတိပေးထားသေးသည်။ ဒီနှစ်များ

အတွင်းတွင် သူမသည် သူ၏စိတ်ထဲတွင် အမြဲရှိနေခဲ့သည်။

ယခုအချိန်တွင် မုယုံယန်ရန်၏ ကိစ္စမှာ ဖြေရှင်းပြီးသွားပြီ ဖြစ်သဖြင့်၊ ရှောင်ယန်သည် ရှောင်ကျန်းအာအား လွမ်းလာပြီ ဖြစ်၏။

လင်းဖုန်း၏ စကားကို ကြားပြီးနောက်တွင်၊ ရှောင်ယန်၏ မျက်နှာသည် အနည်းငယ် နီမြန်းသွားခဲ့သည်။ "ဆရာ၊ ကျွန်တော်က ကျန်းအာကို တကယ်ပဲ သွားရှာချင်နေတယ်" သူ၏ အမူအရာတို့မှာ ပို၍ လေးနက်လာခဲ့ကာ၊

ရင်ဘတ်ထဲမှ စာတစ်စောင်ကို ထုတ်လိုက်ပြီး လင်းဖုန်းကို လှမ်းပေးလိုက်သည်။

လင်းဖုန်းသည် စာကို ချက်ချင်း လက်မခံသေးခဲ့ပဲ၊ ရှောင်ယန်ကို အကြာကြီး စိုက်ကြည့်နေခဲ့သည်။ ဘာပဲပြောပြော ဒီစာသည် ရှောင်ကျန်းအာက ရှောင်ယန်ကို သီးသန့်ပေးထားသော စာဖြစ်သည်။ ဒီစာတွင် ငယ်ရွယ်သော စုံတွဲများ ပြောနေကြဖြစ်သော တီတီတာတာ ချစ်ရေးချစ်ရာများလည်း ပါကောင်းပါနိုင်သည်။ လင်းဖုန်းသည် စပ်စုတတ်သည့်သူ ဖြစ်သော်လည်း၊ ဒီစာကို ယူမဖတ်လိုချေ။

"ဆရာ၊ စာကိုဖတ်ကြည့်ပါ" ရှောင်ယန်သည် အလွန်လေးနက်စွာနှင့် ပြောလိုက်သည်။ သူသည် ရှက်ကိုးရှက်ကန်း ဖြစ်မနေခဲ့ပဲ၊ လွန်စွာ တည်ကြည်လေးနက်နေခဲ့သည်။

လင်းဖုန်းသည် စာကိုယူလိုက်၍ သိလိုစိတ် ပြင်းပြစွာနှင့် ဖတ်လိုက်သည်။ သူ၏ စပ်စုလိုစိတ်မှာ ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။ ခဏမျှ စဥ်းစားလိုက်ပြီးနောက် ခေါင်းညိတ်လိုက်သည်။ "တကယ်လို့ မင်းက သူမကို သွားရှာဖို့ ဆန္ဒပြင်းပြနေရင်၊ ဆရာက

မတားပါဘူး။ ဒါပေမဲ့လည်း မင်းစိတ်ထဲမှာ အမြဲသတိဆောင်ထားပြီး၊ မေ့လို့မရတဲ့ အရာတစ်ချို့ ရှိနေတယ်ကွ"

## စာစဥ် ၁၅ : အပိုင်း ၆

## အပိုင်း ၂၅၆ : အရေးအကြီးဆုံး ကိစ္စ

"မင်းဂရုစိုက်ဖို့ အချက်သုံးချက်ရှိတယ်" လင်းဖုန်းက ရှောင်ယန်ကို ကြည့်လိုက်ရင်း သေချာပြောလိုက်သည်။ "ပထမ၊ မင်းက မီးတောက်တွေကို ပေါင်းစည်းရာမှာ မကျွမ်းကျင်သေးဘူး။ ဒါကြောင့်

မင်းထင်သလို အသုံးမချရဘူး။ ဒါက မင်းကောင်းကောင်း မကျွမ်းကျင်သေးတဲ့ မပြည့်စုံသေးတဲ့ နည်းစနစ် တစ်ခုဖြစ်တာကို မင်းကလည်း သဘောပေါက်နေမှာပါ"

ရှောင်ယန်က ခေါင်းညိတ်လိုက်သည်။ ထိုထင်မြင်ချက်ကို သူကလည်း သဘောတူ၏။ သူ၏လက်ရှိ ကျင့်ကြံမှု အဆင့်နှင့်ဆိုသော်၊ အကြွင်းမဲ့ မီးတောက်နှစ်ခုကို ပေါင်းစည်းခြင်းသည် ကြိုးတန်းပေါ်တွင် လမ်းလျှောက်နေရခြင်းနှင့် တူနေ၏။ အကယ်၍ တစ်ခုခု လွဲချော်သွား၍ မီးတောက်များကို ပေါင်းစည်ရာတွင်

ကျရှုံးခဲ့လျှင်၊ သူသည် သူ့ကိုယ်သူ
ယဇ်ပူဇော်သကဲ့သို့ ဖြစ်နေလိမ့်မည်။

အကြွင်းမဲ့မီးတောက် နှစ်ခုကို
ပေါင်းစည်းခြင်းသည် သူ၏ အန္တိမ
လူသတ်တိုက်ကွက်ဖြစ်သည်။
လုံးဝလိုအပ်သော အချိန်မဟုတ်လျှင်၊ သူက
အသုံးပြုလိမ့်မည် မဟုတ်ချေ။

လင်းဖုန်းက လက်နှစ်ချောင်းကို
ထောင်ပြလိုက်၏။ "ဒီအချက်ကို ဖြေရှင်းဖို့
နည်းလမ်းနှစ်ခုရှိတယ်။ ပထမတစ်ခုက
ပေါင်းစည်းတဲ့ မီးတောက်တွေရဲ့ စွမ်းအားကို

လျှော့ချဖို့ပဲ။ ပထမ တစ်ခုကို မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကိုသုံးပြီး၊ ကျန်တစ်ခုကို မင်းရဲ့ကိုယ်ပိုင် မှော်စွမ်းအင်နဲ့ ဖန်တီးထားတဲ့ မီးတောက်ကို အသုံးပြုရမယ်။ ဒါဆိုရင် မီးတောက်တွေရဲ့ တည်ငြိမ်မှုနဲ့ လုံခြုံမှုက တိုးတက်လာလိမ့်မယ်။ ဒါပေမဲ့ အကျိုးသက်ရောက်မှုကတော့ ကျသွားမှာပေါ့"

ရှောင်ယန်က ခေါင်းညိတ်လိုက်သည်။ "ဆရာပြောတာ မှန်တယ်။ ငရဲပြည်က ရှောင်ခြည်နတ်ဆိုး မီးတောက်က သိပ်ကြမ်းလွန်းတယ်။ သူတစ်ခုတည်းဆိုရင် အသုံးပြုလို့ ရသေးပေမဲ့၊ တခြားမီးတောက်နဲ့

ပေါင်းလိုက်ပြီဆိုရင် အန္တရာယ်က
အဆပေါင်းများစွာ တက်သွားတယ်"

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "ဒုတိယ
နည်းလမ်းက မင်းရဲ့ ကျင့်ကြံမှု အဆင့်ကို
မြှင့်တင်ဖို့ပဲ။ မင်းက ရွှေရောင်ဗဟိုချက်
နောက်ဆုံး အဆင့်ကို ရောက်သွားပြီးရင်၊
မင်းရဲ့ မီးတောက်နှစ်ခုကို ပေါင်းစည်းခြင်းရဲ့
အောင်မြင်မှုနှုန်းက ၇၀
ရာခိုင်နှုန်းကျော်လောက် ရှိမယ်လို့ ဆရာက
ခန့်မှန်းထားတယ်ကွ"

"တနေ့မှာ မင်းက ဝိညာဉ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ပြီး၊ အခြေတည် ဝိညာဉ် အဆင့်ကို ရောက်ရှိသွားမယ် ဆိုရင်၊ မီးတောက်နှစ်ခုကို ပေါင်းစည်းခြင်းက ပြဿနာရှိတော့မှာ မဟုတ်ဘူး"

ရှောင်ယန်က လေးနက်စွာနှင့် ပြန်ဖြေလိုက်သည်။ "ကျွန်တော်က အားကုန်ကြိုးစားပြီးမှ ကြိုးစားပါမယ်။ ကျွန်တော်က ယုကျင်းတောင်ပေါ်မှာ မရှိပဲ၊ ကျွန်တော့်ကို တိုက်တွန်းမယ့် ဆရာလည်း ဘေးမှာ မရှိပေမဲ့၊ ကျွန်တော်က တစ်စက်မှ ပေါ့ပေါ့တန်တန်နေမှာ မဟုတ်ပါဘူး"

"မင်းက ဒီလိုမျိုး စိတ်ထားရှိတာကို ကြားရတာ ဝမ်းသာပါတယ်" လင်းဖုန်းက သူ၏ခေါင်းကို ကျေနပ်စွာနှင့် ညိတ်လိုက်ကာ ဆက်ပြောလိုက်သည်။ "ငါကမင်းကို ပြောမယ့် ဒုတိယကိစ္စက၊ မင်းက စိတ်ထဲကနေ ကြိုတင်ပြင်ဆင်ထားဖို့ လိုလိမ့်မယ်"

"မင်းက ကျန်းအာကို ဒီတစ်ခေါက်ရှာမယ့် ခရီးလမ်းက၊ ချောမွေ့မှာ မဟုတ်ပဲ ထင်မှတ်မထားတဲ့ အရာများစွာတို့က ဖြစ်ပေါ်လာလိမ့်မယ်။ မတော်တဆ တစ်ခုခုများ ဖြစ်လာခဲ့ရင်၊ မင်းက

ရှောင်ကျန်းအာတို့ မိသားစုနဲ့ ပဋိပက္ခ
မဖြစ်ခဲ့ဖို့ စိတ်ထဲမှာ သတိဆောင်ထားရမယ်"

ရှောင်ယန်က မျက်မှောင်အနည်းငယ်
ကြုတ်လိုက်သည်။ လင်းဖုန်းက သူ့ကို
တစ်ချက်ကြည့်လိုက်ကာ
ဆက်ပြောလိုက်သည်။ "ရှောင်ကျန်းအာက
မင်းကိုချန်ထားခဲ့တဲ့ စာအရ၊ သူမရဲ့ မိသားစု
ကျောထောက်နောက်ခံက ထူးခြားတာပဲ။
အမှားနည်းနည်းလေး မှားလိုက်ရင်၊
မင်းအတွက် နစ်နာဆုံးရှုံးမှု
ကြီးမားသွားလိမ့်မယ်"

လင်းဖုန်းက ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်။ "ငါကမင်းကို တိတ်တိတ်လေး ငြိမ်ခံနေပြီး၊ စော်ကားသမျှကို ခေါင်းငုံ့ခံနေဖို့ ဆိုလိုတာ မဟုတ်ဘူး။ မင်းက တစ်ခုခု လုပ်တော့မယ်ဆိုရင် သေချာစဥ်းစားပြီး၊ အလောတကြီးနဲ့ ဆုံးဖြတ်ချက် မချဖို့ သတိပေးတာ။ ပဋိပက္ခ သေးသေးလေးကနေ အကြီးကြီး မဖြစ်စေနဲ့။ အမှန်အတိုင်း ပြောရရင် အစကတည်းက ဘာမှ မဖြစ်ရင်ကောင်းမယ်"

"မင်းက ခံပြင်းစရာတွေ၊ စော်ကားမှုတွေကို ခံခဲ့ရမယ်ဆိုရင်၊ မင်းက ငါ့ရဲ့တပည့်ဖြစ်တာကို အမြဲတမ်း မှတ်ထားပါ။ ငါတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဂိုဏ်းသားတွေက သူတစ်ပါးတွေရဲ့ အမြတ်ထုတ်မှုကို ဘယ်တော့မှ ခံမှာမဟုတ်ဘူး!"

ပြီးနောက် လင်းဖုန်းသည် သူ၏လက်ကို မြှောက်လိုက်၍၊ လေပေါ်တွင် တစ်ခုကို ရေးဆွဲလိုက်သည်။ "ဒါကမင်းကိုပြောချင်တဲ့ တတိယ ကိစ္စပဲ"

သူ၏မှော်စွမ်းအင်ကို အသုံးပြု၍ လေပေါ်တွင် အဆောင်လက်ဖွဲ့ တစ်ခုကို ပြုလုပ်လိုက်သည်။ ပုံပေါ်လာပြီးနောက်တွင် ထိုအဆောင်လက်ဖွဲ့သည် ရှောင်ယန်၏ လက်ထဲသို့ ကျလာခဲ့သည်။

"တကယ်လို့မင်းက အခက်အခဲဖြစ်တဲ့ အခြေအနေတွေနဲ့ ကြုံခဲ့လို့ရှိရင်၊ မင်းက တစ်ယောက်တည်း ခံစားနေစရာ မလိုဘူး။ ငါတို့ဂိုဏ်းက အမြဲတမ်း မင်းရဲ့ အထောက်အကူဖြစ်ပြီး လိုအပ်တဲ့ ထောက်ပံ့မှုတွေ ပေးမယ်" လင်းဖုန်းက တည်ငြိမ်သော အမူအရာဖြင့်

ပြောလိုက်သည်။ "ဒီအဆောင်လက်ဖွဲ့လေးကို မင်းနဲ့ တစ်ချိန်လုံး ဆောင်ထားပါ။ တကယ်လို့များ တစ်ခုခု ဖြစ်ခဲ့ရင်၊ ဒါလေးကို ခြေမွလိုက်။ ဒါဆိုရင်ငါက တစ်ခုခုဖြစ်ပြီဆိုတာ သိလိမ့်မယ်"

"ဒီအဆောင်လက်ဖွဲ့လေးဟာ မင်းကို ဘယ်လေဟာနယ်၊ ဘယ်ဒိုင်မန်းရှင်းမှာပဲ ဖြစ်ဖြစ် တည်နေရာကို ပြနိုင်တယ်။ မင်းရဲ့ လက်ရှိနေရာကို ငါ့ကို အကြောင်းကြားနိုင်တယ်။ မင်းက မဟာကမ္ဘာပေါ်မှာ မရှိပဲ၊ အလယ်ကမ္ဘာ တစ်ခုခုမှာ၊ ဒါမှမဟုတ် ဟင်းလင်းပြင်

တစ်ခုခုမှာ ရှိနေရင်တောင်မှပဲ၊ ငါက မင်းရဲ့
နေရာ အတိအကျကို ရှာတွေ့နိုင်တယ်"

ရှောင်ယန်သည် ထိုအဆောင်လက်ဖွဲ့ကို
လေးနက်စွာနှင့် လက်ခံလိုက်သည်။ "ဆရာ၊
စိတ်ချပါ။ ဆရာ့ရဲ့ စကားတွေကို ကျွန်တော်
တစ်လုံးမှ မမေ့ပါဘူး"

လင်းဖုန်းက ခေါင်းညိတ်လိုက်ပြီး
ကျယ်လောင်စွာနှင့် ရယ်လိုက်သည်။
"သွားတော့၊ ကောင်စုတ်လေးရေ။
ငါ့ရဲ့ချွေးမလောင်းလေးကို သွားခေါ်လာတော့။

မင်းတို့နှစ်ယောက်က လက်ထပ်တဲ့အခါ၊ ငါ့ကို လက်ဖက်ရည် ငှဲ့ပေးမှာကို စောင့်နေမယ်။

ရှောင်ယန်သည် မာနကြီးသောသူ ဖြစ်သည်နှင့်အညီ၊ ထိုစကားကို ကြားလိုက်သောအခါ ရယ်လိုက်သည်။ "ဆရာ၊ ကျွန်တော့်ရဲ့ သတင်းကောင်းကိုသာ စောင့်နေပါ"

ရှောင်ပုတန်လေးသည် ဘေးကနေ၍ စပ်ဖြဲဖြဲနှင့် ပြောလိုက်သည်။ "အစ်ကိုကြီးခင်ဗျ၊ အစ်ကိုကြီးက

ကျွန်တော့်အတွက် ခယ်မငယ်လေးကို ခေါ်လာပေးမှာလား?"

ရှောင်ယန်က ရယ်လိုက်သည်။ "ကောင်စုတ်လေး၊ မင်းက သူမကို ခယ်မငယ်လေးလို့ မခေါ်ရဘူး။ သူက မင်းရဲ့ အစ်မကြီးဖြစ်မှာ။ သူမက မင်းထက်ပိုကြီးတာပဲ"

ယွဲ့ဟုန်ယန်ကလည်း ရယ်လိုက်သည်။ "အစ်ကိုကြီးက အိမ်ကို အချောအလှလေး ခေါ်ပြန်လာမှာကို စောင့်နေပါ့မယ်"

"မင်္ဂလာရှိတဲ့ စကားကြောင့်
စတုတ္ထဂျူနီယာကို ကျေးဇူးတင်ပါတယ်"
ရှောင်ယန်သည် အားရပါးရ
ရယ်မောလိုက်ပြီးနောက်၊
သူ၏နောက်ကျောတွင်
မီးလျှံတောင်ပံတစ်စုံသည် ပေါ်လာခဲ့ကာ၊
ကောင်းကင်ယံသို့ ပျံတက်သွားခဲ့သည်။
"ဆရာ၊ ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်!"

ရှောင်ယန်သည် တဖြည်းဖြည်းနှင့်
အစက်ငယ်လေးအဖြစ် သေးငယ်သွားကာ
ကောင်းကင်ပေါ်မှ ပျောက်သွားသည်ကို
ကြည့်လိုက်ကာ၊ လင်းဖုန်းသည်

သက်ပြင်းတစ်ချက် ချလိုက်ပြီး
သူ၏မျက်ခုံးများကို ပွတ်သပ်လိုက်၏။

သူသည် ရှောင်ကျန်းအာက
ရှောင်ယန်အတွက် ချန်ထားပေးခဲ့သော
စာကိုကြည့်လိုက်ကာ၊ ရင်ထဲတွင် ခါးသီးစွာနှင့်
ပြုံးလိုက်သည်။ "ငါကလည်း ကြင်ဖော်တွေကို
လိုချင်တာပေါ့၊ အများကြီး လိုချင်တယ်။
လက်ဖွဲ့တွေ အများကြီးနဲ့ ကြင်ဘက်တွေကို
လိုချင်တယ်!"

လင်းဖုန်းသည် သူ၏ခေါင်းကိုခါလိုက်ကာ
ရှောင်ပုတန်လေးကို လှမ်းကြည့်လိုက်ကာ

တွေးနေခဲ့သည်။ "ဟင်း၊ ဒီကောင်လေးက ငါ့ကိုယ်စား ကလိန်ကျပြီး လက်ဖွဲ့တွေကို ယူပေးဖို့က အချိန်အကြာကြီး စောင့်ရဦးမယ်!"

ရှောင်ပုတန်လေးကို ကြည့်လိုက်ကာ၊ လင်းဖုန်းသည် ဝူချင်လျှိုနှင့် ချုံးယွင်မင်းသားတို့ အကြောင်းကို တွေးနေမိသည်။ ပြီးတော့ သူ့အခေါက်ပေါင်းများစွာ ကြားဖူးခဲ့သော နာမည်တစ်ခု။

ဒွိစုံသူငယ်အိမ်နှင့်သူ၊ ရှိထျန်းရှီ။

ရှီမိသားစုတွင်သာမက၊ မဟာချင်
အင်ပါယာအတွင်းမှာသာ မက၊
နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင်၊
မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးတွင်၊
သူ၏ ဂုဏ်သတင်းမှာ လူတိုင်း၏နားထဲတွင်
မိုးကြိုးကဲ့သို့ မြည်ဟည်းနေခဲ့သည်။

ရှီမိသားစုနှင့် မဟာချင် အင်ပါယာတို့တွင်၊
အချိန်များကို ပိုမြန်စေသော
သီးသန့်အချိန်ဇုန်များရှိသည်။
ထိုသီးသန့်အချိန်ဇုန် အတွင်းတွင်
လေ့ကျင့်ထားသော အချိန်များကို

ထည့်တွက်လျှင်ပင်၊ ရှိထျန်းရှိသည် အလွန်ဆုံး ၁၄နှစ် ၁၅နှစ်သာ ရှိသေးသည်။

ထို ၁၄နှစ် ၁၅နှစ်သာ ရှိသေးသော ဆယ်ကျော်သက်လေးသည်၊ ရွှေရောင်ဗဟိုချက် အဆင့်၏ အထွတ်အထိပ်သို့ ရောက်နေသည်မှာ အချိန်အကြာကြီးရှိပြီ ဖြစ်သည်။ သူသည် အခုအချိန်တွင် တံခါးပိတ်၍ အခြေတည်ဝိညာဥ် အဆင့်သို့ တက်လှမ်းနိုင်ရန် ကျင့်ကြံနေသည်မှာလည်း အချိန်အတန် ကြာသွားခဲ့ပြီ ဖြစ်သည်။

လူသားသမိုင်း တစ်လျှောက်လုံးတွင်၊
ကျင့်ကြံမှု အမြန်နှုန်းတွင် သူနှင့်
ယှဉ်နိုင်သည်မှာ အချို့သာရှိသည်။

ကုန်ကုန်ပြောရမည် ဆိုလျှင် သူသည်
အခုအချိန်တွင် သေဆုံးသွားလျှင်ပင်၊
သမိုင်းမှတ်တမ်းထဲတွင် ဒဏ္ဍာရီအဖြစ်
မှတ်တမ်းအတင်ခံရမည် ဖြစ်သည်။

လင်းဖုန်း၏ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များသည် သူတို့၏ ထူးခြားခြင်း၊
မှုမမှန်ခြင်းများကြောင့် နာမည်ကြီးနေကြပြီ
ဖြစ်သည်။ သူတို့ကို ယှဉ်နိုင်သော သူများမှာ

ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
ရှီထျန်းရီတို့သာ ဖြစ်ပေလိမ့်မည်။

ရှီထျန်းရီ၏ ရွှေရောင်ဗဟိုချက်မှာလည်း
ထူးခြားချက်ရှိမည်ဟု
လင်းဖုန်းယုံကြည်နိုင်စရာ အကြောင်းရင်း
များစွာလည်းရှိသည်။

ရှီထျန်းရီသည် ရှောင်ပုတန်လေး၏ အန္တိမ
စိတ်ဝိညာဉ် တာဝါကို လွှန်ခဲ့သော နှစ်ပေါင်း
အနည်းငယ်က ခိုးယူခဲ့သည်။ ထိုအချက်သည်
သူ၏ ပြိုင်ဘက်ကင်းသော
ထူးချွန်ပြောင်မြောက်သည့် ပင်ကိုစွမ်းရည်နှင့်

ပေါင်းစပ်လိုက်သောအခါ၊ သူ၏လက်ရှိ အံ့ဖွယ်ကောင်းသော အောင်မြင်မှုများကို ရရှိနိုင်ခြင်း ဖြစ်သည်။

ထိုအချက်နှစ်ချက်ကို ကြည့်၍ အကယ်၍ မတော်တဆ တစ်စုံတစ်ခုများ မဖြစ်ခဲ့လျှင်၊ သူသည် ခရမ်းရောင် ဆေးလုံးကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး၊ သူ၏ ခရမ်းရောင် ဆေးလုံးမှာလည်း အများနှင့် မတူပဲ ထူးခြားနေလိမ့်မည်။

ထိုကဲ့သို့ ခိုင်မာသော အခြေခံအုတ်မြစ်နှင့် သူ၏ ရှာမှရှားသော ပင်ကိုစွမ်းရည်နှင့်၊

ရှီမိသားစု၏ သူ့ကို ပြုစုပျိုးထောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ပေါင်းလိုက်သောအခါ၊ သူသည် အခြားအဆင့်မှ ကျင့်ကြံသူများကို စိန်ခေါ်နိုင်စွမ်း ရှိပေလိမ့်မည်။ အမှန်အတိုင်း ပြောရလျှင် သူ၏ တိုက်ခိုက်နိုင်မှု စွမ်းရည်သည်၊ သာမန် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများထက် များစွာသာလွန်နေမည် ဖြစ်သည်။

"ရှောင်ယန်ရဲ့ ကိစ္စက အခုဆိုရင် အဆုံးသတ်ကို ရောက်သွားခဲ့ပြီ။ ဇူရီက မကြာခင် မဟာကျိုး အင်ပါယာကို ပြန်ပြီးမှ စာမေးပွဲ ပြန်ဖြေမယ် ဆိုပေမဲ့၊ သူနဲ့

ရွှမ်ကျိုအမတ် ဇူဟုန်ဝူတို့က ဆက်ဆံရေး သိပ်မပြေလည်ကြသေးဘူး" လင်းဖုန်းက အသေအချာ စဥ်းစားနေ၏။ "အခုအချိန်မှာ အရေးအကြီးဆုံး ကိစ္စကတော့ ရှောင်ပုတန်လေးရဲ့ ကိစ္စပဲ"

မှျတစွာ ပြောရလျှင်၊ ရှောင်ပုတန်လေးသည် အသက် ၁၁နှစ်မှာပင် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။ တစ်ယောက်သည့် သူတို့ကို နှိုင်းယှဥ်ခဲ့မည် ဆိုလျှင်၊ ရှောင်ပုတန်လေးသည် ရှီထျန်းရီထက် ပို၍ ထူးခြားသည်မှာ အငြင်းပွားဖွယ်ရာ မရှိချေ။

ရှောင်ပုတန်လေး မွေးဖွားပြီး မကြာမီတွင်၊ ရှီထျန်းရီနှင့် သူ့မိခင်တို့သည် သူ၏ အန္တိမ စိတ်ဝိညာဉ် တာဝါကို ထုတ်ယူခဲ့ကြသည်။ ဒါက ဘာကိုဆိုလိုနေသနည်း ဆိုသော်၊ ရှီထျန်းရီသည် အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်မှ စတင်၍ ကျင့်ကြံခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရအပြီးတွင်၊ ရှောင်ပုတန်လေးသည် လင်းဖုန်းနှင့် စတွေ့ခဲ့သော အချိန်တွင် လေးနှစ်ပြည့်ခါနီးပြီ ဖြစ်သည်။ ထိုအချိန်တွင် အခြေခံအုတ်မြစ်

အလယ်အလတ် အဆင့်မှ ရှီထျန်းရီသည်၊ ကြိုးစားကျင့်ကြံနေခဲ့သည်မှာ သုံးနှစ်ကျော်ရှိပြီ ဖြစ်သည်။

ကျန်သောသူများထက် ပိုစောသော စမှတ်နှင့် ပို၍ရှည်ကြာသော ကျင့်ကြံမှု အချိန်တို့နှင် တွဲလိုက်သောအခါ၊ ရှီထျန်းရီ၏ အထင်ကြီးဖွယ်ရာကောင်းသော ယနေ့အောင်မြင်မှုများမှာ၊ အကြောင်းမရှိပဲ ဖြစ်သည် မဟုတ်ပေ။

တစ်ဘက်က ပြန်ကြည့်လျှင် သူတို့နှစ်ဦး အကြားတွင် ကွာခြားချက်က

ကြီးမားသော်လည်း၊ ရှောင်ပုတန်လေးသည်
ရှိထျန်းရီအား လျှင်မြန်စွာနှင့်
လိုက်မီလာခဲ့သည်။

သို့သော်လည်း ယခုနှုန်းအတိုင်းသာ
ဆက်သွားနေပါက၊ ရှိထျန်းရီကသာ
ဝိညာဉ်ဖွဲ့စည်းရာတွင် မအောင်မမြင် ဖြစ်ပြီး၊
ရွှေရောင်ဗဟိုချက် နောက်ဆုံး၏ အဆင့်တွင်
နှစ်ပေါင်းအနည်းငယ်မျှ ထပ်ကြာမနေခဲ့လျှင်၊
သူတို့နှစ်ဦး အကြားမှ ကွာခြားချက်သည်
နဂိုအတိုင်း ရှိနေမည်ဖြစ်သည်။

သို့သော်လည်း ရှိထျန်းရီ၏ ပင်ကိုစွမ်းရည်နှင့် အတိတ်မှ ကျင့်ကြံမှု အမြန်နှုန်းကို တွက်ကြည့်လိုက်လျှင်၊ သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင် ကြန့်ကြာနေ၍ ရောင်ပုတန်လေးအား စောင့်နေမည် မဟုတ်ချေ။

"ဒီကောင်လေးရဲ့ လေ့လာသင်ယူနှုန်းနဲ့ စွမ်းရည်တွေကို မြှင့်တင်ဖို့ အမြန်နှုန်း မြင့်ရမှာပဲ" လင်းဖုန်းသည် ခေါင်းပေါက်လုမတတ် စဉ်းစားနေခဲ့သည်။ "ဒါပေမဲ့ အလျှင်လိုရင် ပိုနှေးတတ်တယ်။ ကျင့်ကြံမှု အဆင့်တွေကို အမြန်ကြီး

တက်လှမ်းခဲ့ပြီး၊ အခြေခံတွေက မခိုင်မာခဲ့ရင် နောက်ဆုံးမှာ ပိုဆိုးသွားလိမ့်မယ်"

သူသည်ခေါင်းကို မော့လိုက်ကာ ကောင်းကင်ပေါ်သို့ ကြည့်နေခဲ့ပြီး ရုတ်တရက် ပြောလိုက်သည်။ "ကျဲယု၊ ကျေးဇူးပြုပြီး ရပ်လိုက်ပါဦး"

မဟာရာနဂါး ကျဲယုသည် သူ၏အမိန့်အတိုင်း လေပေါ်တွင် ရပ်လိုက်သည်။ လင်းဖုန်းက သူ၏တပည့်များကို ပြောလိုက်သည်။ "ဒီနေရာမှာ ငါ့ကို ခဏစောင့်နေကြဦး" လင်းဖုန်းသည် ကျဲယု၏ ကျောပေါ်မှ

ပျောက်သွားခဲ့သည်။ သူသည် အမြင့်သို့ မိုင်ပေါင်းထောင်နှင့်ချီ၍ တက်သွားခဲ့ကာ တိမ်များ၏ အပေါ်သို့ ရောက်သွားခဲ့၏။ သူသည် ကောင်းကင်ပေါ်သို ပို၍မြင့်အောင် ထပ်တက်သွားခဲ့၏။

မကြာမီတွင် လင်းဖုန်းသည် ကောင်းကင်ကိုးလွှာ၏ အထက်မှ၊ ကောင်းကင်လေပြင်း အလွှာသို့ ရောက်လာခဲ့သည်။

ဤနေရာတွင် အရာအားလုံးကို
ဖျက်ဆီးနိုင်သော ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့လေပြင်းတို့ဖြင့် ဖုံးလွှမ်းထား၏။

ဤနေရာရှိ လေပြင်းများသည်
လေနတ်ဘုရားဂိုဏ်း၏
တာအိုနည်းစနစ်များအရ ကျင့်ကြံထားသော
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းတို့နှင့်
ကွဲပြားကာ၊ အလွန်ပို၍ အစွမ်းထက်ကြ၏။
လေနတ်ဘုရားဂိုဏ်း၏ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းမှာ ကျင့်ကြံသူများ၏
မှော်စွမ်းအင်ကို အသုံးပြုကာ၊ လေပြင်းကို

အနည်းငယ် ရယူ၍ ကိုယ်ပိုင်စွမ်းအားများနှင့် ပေါင်းစပ်ကာ အသုံးပြုရခြင်း ဖြစ်သည်။

ဤကောင်းကင်လေပြင်း အလွှာရှိသော ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းသာလျှင်၊ နဂိုမူလ အစစ်အမှန် ဖြစ်သည်။ သူသည် အရာအားလုံးကို ဆွဲဖြဲနိုင်သော စွမ်းရည်ရှိသည်။ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူများ မပြောနှင့်၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများပင်လျှင် သူ့အထဲတွင် အသက်ရှင်နိုင်မည် မဟုတ်ပေ။

သူကပေးနိုင်သော အန္တရာယ်မှာ၊
ကျင့်ကြံသူတိုင်း နာမည်ကြားသည်နှင့်
ကြောက်ကြသည့်၊ ဟင်းလင်းပြင်၏
ထကြွလှုပ်ရှားနေသည့် ဟင်းလင်းပြင်
မုန်တိုင်းနှင့် နှိုင်းယှဥ်နိုင်သည်။

လင်းဖုန်းသည် ထိုနေရာသို့ ရောက်လာ၍
ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင် တိမ်တိုက်တို့နှင့်
ကောင်းကင်ကမ္ဘာငယ်တို့ကို
ဖန်ဆင်းလိုက်က၊ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်း အချို့ကို
ယူရန်ကြိုးစားလိုက်၏။ သို့သော်လည်း သူ၏

ကောင်းကင်ကမ္ဘာငယ်များသည်
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းနှင့်
တွေ့လိုက်သည်နှင့် တပြိုင်နက်ထဲ
ပျက်စီးသွားကြသည်။

"အစွမ်းထက်လှပါပေတယ်" လင်းဖုန်းက
သူ၏မျက်ခုံးများကို ပင့်လိုက်ကာ၊ သူ၏
လက်နှစ်ဘက်စလုံးကို ဆန့်ထုတ်လိုက်ပြီး
လက်ကို ကားလိုက်သည်။

သူ၏ဘယ်ဘက်တွင် ကောင်းကင်၏
စည်းရိုးများကို ဖန်ဆင်းလိုက်ကာ၊

သူ၏ညာဘက်တွင် လောကနှစ်ပါး
လေဟာနယ် မန္တန်ကို ဖန်တီးလိုက်သည်။

ပထမ အနေဖြင့် သူသည် ကောင်းကင်၏
စည်းရိုးများကို အသုံးပြုလိုက်ကာ
လေဟာနယ် တစ်ခုကို
သီးသန့်ခွဲထားလိုက်သည်။ ပြင်းထန်လှသော
လေပြင်းမှာ ခေတ္တခဏ ပိတ်မိသွားခဲ့သည်။
ပြီးတာနှင့် သူသည် လောကနှစ်ပါး
လေဟာနယ် မန္တန်ကို အသုံးပြုလိုက်ကာ၊
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း ရှိနေသော
လေဟာနယ်၏ သေးငယ်သော အစိတ်အပိုင်း
တစ်ခုကို အစားထိုးလိုက်သည်။ ဒါသည်

ကောင်းကင်လေပြင်း အလွှာမှ
လေပြင်းအနည်းငယ်ကို ထုတ်ယူနိုင်သော
အစွမ်းရှိခဲ့သည်။

အထက်ပါ အကြောင်းအရာများသည်
တစ်ခဏလေး အတွင်းမှာပင် တပြိုင်နက်
ဖြစ်ပျက်သွားကြခြင်း ဖြစ်သည်။ ပြီးတာနှင့်
ပြင်းထန်လှသော လေပြင်းများသည်
ကောင်းကင်၏ စည်းရိုးများနှင့်
ဖန်ဆင်းထားသော အရံအတားတို့ကို
ဖောက်ဖျက်နိုင်ခဲ့ကာ၊ ပုံမှန်စီးဆင်း
သွားနိုင်ခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ကွဲပြားသော မှော်ကျိန်စာ တစ်ခုကို ပြုလုပ်လိုက်ကာ၊ ကောင်းကင်ကမ္ဘာငယ် တစ်ခုကို ဖန်ဆင်းလိုက်သည်။ သူခွဲထုတ်လိုက်နိုင်သော ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းကို ချုပ်နှောင်ထားရန်ဖြစ်သည်။

ရှေးအကျဆုံး၊ သို့သော်လည်း အားအပြင်းဆုံး ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းသည်၊ ယခုအခါတွင် ကောင်းကင်ကမ္ဘာငယ် အတွင်း၌ အပိတ်လှောင်ခံထားရသော်လည်း၊ သူ၏ပြင်းထန်စွာ တိုက်ခတ်မှုသည် ရပ်ဆိုင်းသွားခြင်း မရှိချေ။ သူသည်

ကုန်းနှီးမတပ်ရသေးသော
မြင်းရိုင်းတစ်ကောင်ကဲ့သို့ အဆက်မပြတ်
ရုန်းကန်လှုပ်ရှားနေခဲ့ကာ၊
ကောင်းကင်ကမ္ဘာငယ် အတွင်းမှ
လွတ်မြောက်ရန် ကြိုးစားနေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည်
ကောင်းကင်ကမ္ဘာငယ်လေးကို အဆက်မပြတ်
အားဖြည့်ပေးနေခဲ့ကာ၊ အတွင်းမှ လေပြင်းကို
သေချာစွာ ပိတ်နှောင်ထားနိုင်ခဲ့သည်။

"လေပြင်းတစ်ခုတည်း ရှိရုံနဲ့
မလုံလောက်သေးဘူး" လင်းဖုန်းက

သူ့ကိုယ်သူ ရေရွတ်နေခဲ့သည်။
ကျယ်လောင်စွာ အော်မြည်လိုက်အပြီးတွင်
သူ၏ခေါင်းပေါ်မှ အလင်းတန်းတစ်ခု
ထွက်လာခဲ့ကာ၊ ကလေးငယ်လေး
တစ်ယောက်သည် ဖြည်းဖြည်းချင်း
ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်းနှင့်
အတော့်ကို ဆင်တူသည်၊ သေချာသည်၊
သူသည် လင်းဖုန်း၏ အခြေတည်ဝိညာဥ်ပဲ
ဖြစ်သည်။

အခြေတည်ဝိညာဥ်သည် လင်းဖုန်း၏
ခန္ဓာကိုယ်အတွင်းမှ ထွက်လာပြီးနောက်ဝယ်၊
သူ၏လက်မောင်း ဝဝကစ်ကစ်လေးကို

ကောင်းကင်ဆီသို့ ညွှန်လိုက်၏။
ကောင်းကင်ကိုးလွှာတွင် မိုးကြိုးများသည်
စတင်၍ ခြိမ်းလာခဲ့သည်။

ခဏအကြာတွင် လျှပ်စီးတစ်ချက်သည်
ညှာတာမှု ကင်းမဲ့စွာဖြင့် လေဟာနယ်ကို
ဖြတ်ကျော်လာခဲ့ကာ လင်းဖုန်းအား
တိုက်ရိုက်ပစ်ချလိုက်သည်။

လင်းဖုန်းသည် ယုံကြည်မှုအပြည့်ရှိကာ
လုံး၀ကို စိတ်မလှုပ်ရှားခဲ့ချေ။ သူသည်
လျှပ်စီးမိုးကြိုးတို့ကို ကောင်းကင်ကိုးလွှာ

ဒြပ်မဲ့လေပြင်းအား ရင်ဆိုင်သကဲ့သို့ ရင်ဆိုင်လိုက်သည်။

ပထမဆုံးသူသည် ကောင်းကင်၏ စည်းရိုးများကို အသုံးပြု၍ အရံအတား တစ်ခုကို လုပ်လိုက်သည်။ ပြီးမှ လောကနှစ်ပါး လေဟာနယ် မန္တန်ကို အသုံးပြုကာ လျှပ်စီး၏ တစ်စိတ်တစ်ဒေသကို ယူလိုက်သည်။ နောက်ဆုံးတွင် ကောင်းကင်ကမ္ဘာငယ်ကို အသုံးပြုကာ သူ့အား ပိတ်လှောင်ထားလိုက်သည်။

လေပြင်းနှင့် လျှပ်စီးတို့ကို အလုံအလောက်
စုဆောင်းပြီးသောအခါတွင်၊
အခြေတည်ဝိညာဉ်သည်
သူ၏ကိုယ်အတွင်းသို့ ပြန်ဝင်သွားခဲ့သည်။
စွမ်းအား အမြောက်အမြားကို
ပိုင်ဆိုင်ထားသော်လည်း၊ သူ့မျက်နှာပေါ်တွင်
ပင်ပန်းသော အရိပ်အယောင်များကို
တွေ့နေရသည်။

ယနေ့တွေ့ကြုံရသော အဖြစ်အပျက်များသည်၊
လျှပ်စီးကပ်ဘေးကို ကြိမ်ဖန်များစွာ
ရင်ဆိုင်လိုက်ရသည်နှင့် တူပေသည်။

"ဘာပဲဖြစ်ဖြစ် တန်ပါတယ်ကွာ" လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးပန်းတစ်ပွင့် ဖူးပွင့်လာ၏။ သူသည် လေဟာနယ်ကို ဖြတ်သန်းကာ ကျဲယု၏ကျောပေါ်သို့ ပြန်ရောက်လာသည်။ သူသည် စိတ်ရှုပ်ထွေးနေသော ရှောင်ပုတန်လေးကို ပြုံးဖြီးဖြီးဖြင့် ကြည့်လိုက်ကာ တွေးနေခဲ့သည်။ "ကောင်ကလေး၊ ငါ့ရဲ့ အထူးစီမံပြုပြင်ထားတဲ့ ရက်စက်တဲ့ လေ့ကျင့်မှု နည်းစနစ်တွေကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားပေတော့"

ရှောင်ပုတန်လေးသည် ဘာဖြစ်နေမှန်းကို အတိအကျ မသိခဲ့သော်လည်း၊ လင်းဖုန်း၏ မျက်နှာပေါ်မှ အပြုံးကို တွေ့လိုက်ရသောအခါ၊ သူ၏ကျောရိုးတစ်လျှောက်တွင် စိမ့်ကနဲ ဖြစ်သွားခဲ့ကာ ထိန်းမနိုင် သိမ်းမရ တုန်ခါလာတော့သည်။

## စာစဥ် ၁၅ : အပိုင်း ၇

## အပိုင်း ၂၅၇ : မင်းရဲ့ဆရာက မင်းကို မျက်နှာသာ ပေးပါတယ်ကွ

လင်းဖုန်းသည် ကျဲယု၏ ကျောပေါ်တွင်
ရပ်နေ၏။ တဝူးဝူးတိုက်ခတ်နေသော
လေများအကြားတွင် အလွန်တရာမှပင်
ကြည့်၍ကောင်းလှ၏။

သို့သော်လည်း သူ၏အနောက်တွင်
ရပ်နေကြသော ထွမ်းထွမ်းနှင့်
ယွဲ့ဟုန်ရန်တို့မှာ၊ သူ့ကို ကြောက်ရွံ့သော
မျက်လုံးအစုံဖြင့် ကြည့်နေကြသည်။

လင်းဖုန်းသည် သူ၏ဘယ်ဘက်လက်ကို
သူ၏နောက်ကျောတွင် ထားထားသည်။
သူ၏ညာလက်မှာမူ အချင်းတစ်ပေခန့်ရှိသော

ခရမ်းရောင် ဘောလုံးတစ်လုံးကို ကိုင်ထား၏။
ထိုခရမ်းရောင် ဘောလုံးလေးသည်
သူ၏ညာလက်အပေါ်ရှိ လေထုထဲတွင်၊
လေစီးကြောင်း၏ ပြောင်းလဲမှုနှင့်အတူ
တက်လိုက်ဆင်းလိုက် ဖြစ်နေခဲ့သည်။

ဒါသည် လင်းဖုန်း၏ မှော်စွမ်းအင်များနှင့်
ပြုလုပ်ဖန်တီးထားသော
ကောင်းကင်ကမ္ဘာငယ် တစ်ခုဖြစ်သည်။
ထိုသီးသန့်ကမ္ဘာငယ်လေးထဲတွင်၊
ခက်ထန်သော လေပြင်းနှင့် လျှပ်စီးများသည်
အစွမ်းကုန် သောင်းကြမ်းနေကာ
ကမ္ဘာပျက်သောနေ့အတိုင်း ဖြစ်နေကြသည်။

ရုတ်တရက်ပဲ သူတို့သည်
ထိုကောင်းကင်ကမ္ဘာငယ်ဆီမှ
ဖောက်ထွက်လာနိုင်တော့မလို ထင်နေရ၏။
စွမ်းအားကြီးလှသော အင်အားများသည်
ခရမ်းရောင် ဘောလုံးလေး၏
အတွင်းမျက်နှာပြင်ကို ရိုက်ခတ်နေကြသည်။

လင်းဖုန်းက ရယ်လိုက်သည်။
"ကောင်စုတ်ကလေး၊ ဟင်းလင်းပြင်
လျှပ်စီးကပ်ဘေးက ခြားနားတဲ့ လေဟာနယ်နဲ့
ဒိုင်မန်းရှင်းတွေကို ဖြတ်ကျော်သွားနိုင်တဲ့
စွမ်းရည်ရှိတယ်။ ဒီလျှပ်စီးတွေကို

မလွတ်မြောက်နိုင်အောင်၊ ငါက
ဒီကောင်းကင်ကမ္ဘာငယ်လေးထဲမှာ ထူးခြားတဲ့
ပြောင်းလဲမှု တစ်ခုကို
ထည့်သွင်းထားတယ်ကွ"

"ဒီလျှပ်စီးဟာ လေဟာနယ်နဲ့
ဒိုင်မန်းရှင်းတွေကို ဖြတ်ကျော်ပြီး
ဒီဘောလုံးလေးရဲ့ အထဲကနေ မထွက်နိုင်ဘူး။
မင်းကလည်း ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးကို အသုံးပြုပြီးတော့
မလွတ်မြောက်နိုင်ဘူးကွ"

ထိုကောင်းကင်ကမ္ဘာငယ်လေး၏
အတွင်းမှနေ၍၊ ရှောင်ပုတန်လေး၏
ကြောက်ရွံ့နေသော အသံကို ကြားနေရ၏။
"အား၊ ဆရာခင်ဗျ၊ ကျွန်တော့်ကို ဒီအထဲကနေ
ထုတ်ပေးပါဦး!"

လင်းဖုန်းက အေးဆေးသက်သာစွာဖြင့်
ဖြည်းဖြည်းချင်း ပြန်ဖြေလိုက်သည်။ "မင်းက
နောက်ဆုံးထွက်သက်ကို
ရှူရတော့မယ်ဆိုရင်တော့၊
ငါကပြန်ထုတ်ပေးမယ်။ ဒါပေမဲ့ မင်းက
စိတ်ပူနေစရာ မလိုပါဘူး။ ဗလာနတ္တိ

အစိမ်းရောင် ဆေးမီးဖိုနဲ့ဆိုရင်၊ မင်းက မသေနိုင်ပါဘူး"

"ဒါပေမဲ့လည်း မင်းက မင်းရဲ့ ကိုယ်ပိုင်စွမ်းအင်တွေကို အသုံးပြုပြီး၊ ဒီလေပြင်းနဲ့ လျှပ်စီးတွေရဲ့ တိုက်ခိုက်မှုကို ရင်ဆိုင်ဖို့ကို၊ ငါက ထက်သန်စွာနဲ့ အကြံပြုတယ်။ ဒါက မင်းရဲ့ စွမ်းအားတွေ တိုးတက်လိုဖို့ကို အများကြီး အကျိုးရှိတယ်။ အထူးသဖြင့် မင်းကြွက်သားတွေရဲ့ ကြံ့ခိုင်မှုနဲ့ မင်းခန္ဓာကိုယ်ရဲ့ သန်မာမှုကိုပေါ့"

"ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းနဲ့
ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးတွေရဲ့
အကြားမှာ ကိုးရက်နဲ့ ကိုးညတိုင်တိုင်
နေပြီးသွားလို့ရှိရင်၊ မင်းရဲ့ ခန္ဓာကိုယ်
စွမ်းအင်က အရင်ကထက် အများကြီး
တိုးတက်လာလိမ့်မယ်ကွ"

လင်းဖုန်းက ထပ်ရယ်လိုက်သည်။
"ကောင်စုတ်ကလေး၊
ကောင်းကောင်းကြိုးစားပါကွ။ မင်းရဲ့ဆရာက
မင်းကို အထူးမျက်နှာသာပေးပြီးတော့၊
မျှော်လင့်ချက်တွေ ကြီးကြီးထားနေတာပါကွ"

"ဆရာခင်ဗျ၊ ဆရာက ကျွန်တော့်ကို သေတဲ့အထိတောင် ကျီစယ်နေတာလားဗျ?" ကောင်းကင်ကမ္ဘာငယ်လေး အထဲတွင် ပိတ်လှောင်ခြင်းကို ခံနေရသော ရှောင်ပုတန်လေးသည် အပြင်းအထန် အော်ဟစ်မြည်တမ်းနေ၏။ သို့သော်လည်း ခဏအကြာတွင်၊ သူ၏အသံသည် ကျယ်လောင်လှသော လေပြင်းနှင့် လျှပ်စီးတို့၏ တဟူးဟူး အော်သံအကြားတို့တွင် နစ်မြုပ်ပျောက်ကွယ် သွားလေတော့သည်။

ဘေးတွင်ထိုင်နေသော ထွမ်းထွမ်းမှာ မအောင့်နိုင်တော့ပဲ တံတွေးတစ်လုတ်ကို ကြောက်ရွံ့စွာနှင့် မျိုချလိုက်သည်။ သူမသည် ကျဲယု၏ ကျောပေါ်တွင် လိမ်မာစွာနှင့် ထိုင်နေခဲ့ကာ၊ အလောတကြီးနှင့် ဘာမျှ မလုပ်ရဲခဲ့ချေ။

သူမသည် ကျင့်ကြံခြင်းကို အလွန်ပင် ဆာလောင်မွတ်သိပ်ကာ အရမ်းကြိုးပမ်းအားထုတ်နေသည်ဟု၊ ယွဲ့ဟုန်ယန်က အမြဲယူဆနေခဲ့သည်။ သူမသည် လေ့ကျင့်မှုတွင် တစ်ချိန်လုံး နစ်မြှုပ်ထားသည်ဟု ထင်နေခဲ့သည်။

သို့သော်လည်း ယခုရှောင်ပုတန်လေး၏ ဖြတ်သန်းနေရပုံကို တွေ့လိုက်ပြီးနောက်တွင်၊ သူမ၏ အတွေးမှာ ပြောင်းသွားခဲ့သည်။

လင်းဖုန်းသည် ရှောင်ပုတန်လေး၏ ဆန္ဒပြ အော်ဟစ်နေမှုတို့ကို လုံးဝလျှစ်လျူရှုထားခဲ့၏။ သူသည် နှလုံးသား ကင်းမဲ့စွာနှင့် သူ့ကိုယ်သူ တွေးနေခဲ့၏။ "အောင်မြင်ဖို့ဆိုရင် မင်းက ဒုက္ခတွေကို ကြံ့ကြံ့ခံနိုင်ရပြီး၊ အချိန်တော်တော်ကြာအောင် ကြိုးစားရမယ်။ ဆရာ့ရဲ့ တပည့်ကောင်းလေး၊ မင်းက ဉာဏ်အလင်းပွင့်နိုင်လိမ့်မယ်လို့ ဆရာက မျှော်လင့်နေပါတယ်ကွာ"

သူ၏စွမ်းအားများကို ထိန်းချုပ်လိုက်ကာ ကောင်းကင်ကမ္ဘာငယ်လေးအား တည်ငြိမ်နေအောင် ပြုလုပ်လိုက်ပြီး၊ လင်းဖုန်းသည် စနစ်အတွင်းသို့ ဝင်ရောက်လိုက်သည်။

သူ၏ ရေပန်းစားမှု တန်ဖိုးကို စစ်ဆေးလိုက်ပြီးနောက်၊ လင်းဖုန်းသည် အလွန်ပင် ကျေနပ်အားရသွားခဲ့သည်။ ယခုတစ်ခေါက် ရှင်းယွင်တောင်ထိပ်သို့ ခရီးသည် အလွန်ပင် အကျိုးရှိလှသည်။

ရှင်းယွင်တောင်ထိပ်တည်ရှိသော မဟာချင်
အင်ပါယာ၏ အရှေ့တောင်ပိုင်းတွင်၊
လင်းဖုန်း၏ ကိုယ်ပိုင် ရေပန်းစားမှု
တန်ဖိုးသည် ၈၀အထိ တိုက်ရိုက်
မြင့်တက်သွားခဲ့၏။ ဒါတောင်မှ ထိုနေရာသည်
အလင်းခေးမြန်ဂိုဏ်း၏ အိမ်ကွင်းဖြစ်ပြီး၊
သူတို့၏ လွှမ်းမိုးနိုင်မှုမှာ ကြီးမားဆဲဖြစ်သည်။
သို့မဟုတ်လျှင် လင်းဖုန်း၏ ကိုယ်ပိုင်
ရေပန်းစားမှုတန်ဖိုးသည် ထိုထက်ပင်
တက်သွားနိုင်ကာ၊ သူ၏ နေရာဖြစ်သော
ခွန်းလွန်တောင်ခြေ မြောက်ပိုင်းနှင့်ပင်
ယှဉ်နိုင်ပေမည်။

သို့သော်လည်း အခြားတစ်ဘက်မှ တွေးလိုက်လျှင်၊ လင်းဖုန်းသည် အလင်းခေးမြန်ဂိုဏ်း၏ အဆင့်အတန်းမှနေ၍ အကျိုးဖြစ်ထွန်းခဲ့သည်ဟုလည်း ဆိုရပေမည်။ အလင်းခေးမြန်ဂိုဏ်းသည် ယခုလောက် လွှမ်းမိုးနိုင်စွမ်း မကြီးမားခဲ့သော်၊ လင်းဖုန်း၏ ရေပန်းစားမှုတန်ဖိုးသည် ဒီလောက်အထိ တက်လာနိုင်မည် မဟုတ်ပေ။

လင်းဖုန်းအား ပို၍အံ့အားသင့်စေခဲ့သည်မှာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ရေပန်းစားမှု တန်ဖိုးသည်လည်း မဟာချင် အင်ပါယာ၏ တောင်ပိုင်းတွင် ၇၀အထိ

တက်လာခြင်းဖြစ်သည်။ ဂိုဏ်း၏ ရေပန်းစားမှု
တန်ဖိုးသည် လျှင်မြန်စွာနှင့်
ထောင်တက်လာခြင်းမှာ၊ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအတွက်
သတင်းကောင်းဖြစ်သည်။

ရှောင်ယန်၏ မုယုံယန်ရန်အား
အပြတ်အသတ် အနိုင်ယူနိုင်ခဲ့ခြင်းသည်
အကြောင်းရင်းတစ်ရပ် ဖြစ်သည်။
ရှောင်ပုတန်လေး၏ အလင်းခေးမြန်ဂိုဏ်း၏
တပည့်ကြီး ကျောက်ယန်အား
ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ခြင်းသည်
နောက်ထပ် အကြောင်းရင်းတစ်ရပ် ဖြစ်၏။

ရှောင်ယန်၏ အကြွင်းမဲ့မီးတောက် နှစ်မျိုးကို ပေါင်းစည်း၍ ကမ္ဘာကို ကိုင်လှုပ်နိုင်သော တိုက်ခိုက်မှုဖြင့်၊ ချုံးယွင်မင်းသားအား အရှက်ရစေခြင်းသည်လည်း ပါပေလိမ့်မည်။

ထိုတိုက်ပွဲသုံးပွဲတို့၏ အကျိုးသက်ရောက်မှုတို့ကို ပူးပေါင်းလိုက်သောအခါ၊ ဂိုဏ်း၏ ရေပန်းစားမှု တန်ဖိုး မြင့်တက်လာသည်မှာ အံ့သြဖွယ်ရာ မဟုတ်တော့ပေ။

"ကြည့်ရတာ ငါက ဂိုဏ်းရဲ့ ရေပန်းစားမှုကို မြှင့်ချင်လို့ရှိရင်၊ ငါ့တပည့်တွေရဲ့

အထင်ကြီးဖွယ်ရာ စွမ်းဆောင်ရည်တွေကို ပိုပြီးပြရမှာနဲ့တူတယ်" လင်းဖုန်းသည် ရုတ်တရက် သဘောပေါက်သွားခဲ့၏။ "ငါက မီးရောင်အောက်မှာ ရောက်နေခဲ့ရင်၊ ငါ့ရဲ့ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးပဲ တက်လာမှာ။ ဂိုဏ်းရဲ့ ရေပန်းစားမှု တန်ဖိုးကလည်း တက်လာနိုင်ပေမဲ့၊ ငါ့ရဲ့ကိုယ်ပိုင် တန်ဖိုးလောက်တော့ တက်နိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် အခြားဒေသများကိုလည်း လိုက်စစ်ဆေးကြည့်လိုက်ရာ၊ သူ၏ ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးရော၊ ဂိုဏ်း၏

ရေပန်းစားမှု တန်ဖိုးပါ တန်ဖိုးအသီးသီး မြင့်တက်လာခဲ့သည်ကို တွေ့လိုက်ရ၏။ သူ၏ ကိုယ်ပိုင်နေရာဖြစ်သော ခွန်းလွှန်တောင် မြောက်ပိုင်းတွင်ပင်၊ ဂိုဏ်း၏ ရေပန်းစားမှု တန်ဖိုးမှာ မူလတန်ဖိုး ၇၅မှ ၈၀သို့ တက်လာသည်ကို တွေ့လိုက်ရသည်။

ဒါသည် လင်းဖုန်း၏ နဂါးကိုစီး၍ အဆင့်အတန်း မြင့်မြင့် ခရီးသွားခြင်းကြောင့်၊ ရုတ်ရုတ်သဲသဲ ဖြစ်ကာ အားလုံးက သတိထားမိခြင်းကြောင်းလည်း ဖြစ်နိုင်သည်။

"တစ်ခုရှိတာက ငါက ဂိုဏ်းရဲ့ ရေပန်းစားမှုတန်ဖိုးကို တကမ္ဘာလုံးအနှံ့ ဂဝကျော်အောင် လုပ်ဖို့ဆိုတာက အဝေးကြီးလိုသေးတယ်" လင်းဖုန်းသည် ရေပန်းစားမှု စနစ်ကို စစ်ဆေးနေရင်း တွေးနေမိ၏။ "ဒီတစ်ခေါက် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ ဖွင့်ပွဲက ယှဉ်ပြိုင်ပွဲဟာ၊ ငါ့ဂိုဏ်းရဲ့ ဂုဏ်သတင်းနဲ့ ရေပန်းစားမှု တန်ဖိုးကို မြှင့်တင်ပေးနိုင်တဲ့ အခွင့်အရေးပဲ ဖြစ်လိမ့်မယ်"

လင်းဖုန်းအတွက်ဆိုလျှင် ထိုယှဉ်ပြိုင်တိုက်ခိုက်ပွဲသည်၊ ရှေးဟောင်း

ဟွမ်ဟိုင်ကမ္ဘာ အတွင်းသို့ ဝင်ခွင့်ရခြင်းထက် ပို၍ အရေးကြီးလေသည်။

"ငါ့တပည့်တွေရဲ့ ကောင်းချီးမင်္ဂလာ ရမှတ်နဲ့ဆိုရင်၊ သူတို့က ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာရဲ့ အထဲကို ရောက်တာနဲ့၊ ပစ္စည်းကောင်းတွေ အားလုံးကို မောင်ပိုင်စီးနိုင်မှာပဲ" လင်းဖုန်းသည် သူ၏တပည့်များက ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအတွင်းသို့ ဝင်သွားပြီးလျှင်၊ လက်ဗလာနှင့် ပြန်ထွက်လာရမည်ကို လုံးဝ စိုးရိမ်ပူပန်နေခြင်း မရှိခဲ့ပေ။

သူ၏ ပါရမီရှင် တပည့်များသည် ထိုကဲ့သို့သော နေရာသို့ ဝင်၍၊ ဘာမှမရပဲ ပြန်လာခဲ့မည်ဆိုလျှင်၊ ဟာသလုံးလုံး ဖြစ်သွားခဲ့မည် ဖြစ်သည်။

သူတို့သည် အသားအားလုံးကို စားလိုက်၍ အရိုးများပါမကျန် ဝါးလိုက်မည်ကို မဆိုထားနှင့်၊ သူတို့က ကျန်သောသူများအတွက် စွတ်ပြုတ်ရည်အချို့ ချန်ထားပေးခဲ့လျှင်ပင်၊ သူတို့၏ သဘောထားကြီးမှုကို ဖော်ပြနေခြင်းပင် ဖြစ်ပေလိမ့်မည်။

လင်းဖုန်း တွေးရသလောက်ဆိုလျှင်၊
ထိုကောင်လေးများသည် ပစ္စည်းများကိုသာ
လုယူ၍ လူမသတ်လာခဲ့လျှင်ပင်၊
လင်းဖုန်းသည် ကျေးဇူးတင်ရမည် ဖြစ်သည်။

"ပစ္စည်းဥစ္စာတို့ကို စတင်စုဆောင်းတဲ့
အဆင့်မှာ၊ လူအနည်းငယ် သတ်ခြင်းက
နည်းနည်းတော့ လိုအပ်တာပဲ" လင်းဖုန်းက
ဆက်တွေးနေ၏။ "ဒါပေမဲ့ အခုငါက
အတိတ်က အဖြစ်တွေကို မေ့ပစ်ပြီး၊
အနာဂတ်ကို ရှေးရှုရတော့မယ်။
ဂိုဏ်းတစ်ဂိုဏ်းက ရှင်သန်ဖွံ့ဖြိုး
ကြီးထွားစေဖို့၊ နေရာတကာမှာ

ရန်သူတွေချည်းပဲ ဖြစ်နေလို့လည်း မရသေးဘူး"

ယုကျောင်းတောင်၏ သဘာဝ အားသာချက်ကို ရရှိထားသော လင်းဖုန်းသည်၊ တစ်ကမ္ဘာလုံးက သူ၏ရန်သူ ဖြစ်နေခဲ့လျှင်ပင် ကြောက်ရွံ့နေမည် မဟုတ်ပေ။ သို့သော်လည်း ထိုသို့သာဆိုလျှင် တစ်ချိန်လုံး ပုန်းနေရကာ၊ ဘဝသည် အရည်အသွေး ရှိတော့မည် မဟုတ်ပဲ၊ စနစ်ကြီး၏ မစ်ရှင်ကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာကို ဝင်ရောက်ရန် စဉ်းစားနေမည့်အစား၊ လင်းဖုန်းသည် ယှဉ်ပြိုင်တိုက်ခိုက်ပွဲတွင် သူ၏တပည့်များအား အောင်ပွဲခံနိုင်ဖို့ကို ပို၍ ဦးစားပေးစဉ်းစားနေခဲ့သည်။ သူသည် သူနှင့် သူ့ဂိုဏ်း၏ နာမည်ကို ကျော်ကြားစေရန် အာသီသ ပြင်းပြနေကာ၊ သူ့ကို အထင်သေးနေကြသူများအား သူတို့မှားယွင်းကြောင်းကို သက်သေပြ၍၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သိက္ခာကို မြှင့်တင်နေလိုသည်။

လင်းဖုန်းသည် အနောက်မြောက်အရပ်သို့ ခရီးဆက်နှင်နေ၏။ မကြာမီတွင် သူသည် ခွန်းလွန်တောင်သို့ ပြန်ရောက်ပေတော့မည်။ သူသည် အိမ်ပြန်ရောက်ရန် အလျှင်မလိုနေပေ။ လေ့ကျင့်သော အချိန်တွင်၊ သူသည် လေ့ကျင့်မည်။ ရှုခင်းများကို ခံစားရမည့် အချိန်တွင်၊ ရှုခင်းများကို ခံစားမည် ဖြစ်သည်။ ဘာပဲပြောပြော တစ်ချိန်တည်းတွင် သူသည် ရှောင်ပုတန်လေးအား လေ့ကျင့်ပေးနိုင်မည် ဖြစ်သည်။

"သင်သည် လတိုင်းတွင် ကံစမ်းမဲတစ်ခေါက် နှိုက်ခွင့်ရှိပါသည်။ ခြောက်လပိုင်း၏ ကံစမ်းမဲမှာ ယခုအခါ ပွင့်နေပါပြီ၊ အခုပဲ နှိုက်လိုပါသလား?"

ဘဝသည် အေးဆေးသက်သာနေ၏။ စနစ်ကြီး၏ အသံက သူ့နားထဲတွင် ပေါ်လာမှသာ၊ လင်းဖုန်းသည် ခြောက်လပိုင်းသို့ ရောက်ပြီဆိုတာကို သတိထားမိလိုက်သည်။

စနစ်ကြီး၏ နောက်ဆုံးတစ်ခေါက် အဆင့်မြှင့်ပြီးနောက်တွင်၊ လင်းဖုန်းသည်

လတိုင်းတွင် ကံစမ်းမဲတစ်ခေါက် နှိုက်ခွင့်ကို ရရှိခဲ့သည်။ သူသည် ထို့အတွက်ကြောင့် အလွန်အမင်းပင် အားရကျေနပ်နေခဲ့မိသည်။

"မေးစရာလိုလို့လား? အခုပဲ နှိုက်မှာပေါ့" လင်းဖုန်းသည် လုံးဝတွေဝေနေခြင်း မရှိပဲ၊ စနစ်ကြီး၏ ကံစမ်းမဲ စနစ်အတွင်းသို့ ဝင်သွားခဲ့သည်။

သူသည် ပထမဦးဆုံး စက်ဝိုင်းကားချပ် စနစ်အတွင်းသို့ ဝင်သွားခဲ့ကာ၊ ဒီတစ်ခေါက်၏ ပေါက်မဲများကို လေ့လာလိုက်၏။

သူ၏အကြည့်သည် မှော်ခေါးတစ်ချောင်း အပေါ်တွင် ကျရောက်သွားခဲ့သည်။

သန့်စင်သောယန်ခေါး၊ ရွှေရောင်ဗဟိုချက် အဆင့်က မှော်လက်နက်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် သူ၏လက်ရှိ ကျင့်ကြံမှု အဆင့်အတန်းနှင့်၊ လင်းဖုန်းသည် ရွှေရောင်ဗဟိုချက် အဆင့်မှ လက်နက်များကို စိတ်ဝင်စားမှုအလျဉ်း မရှိတော့ချေ။ သူသည် သူ၏တပည့်များကို ပေးရန်အတွက်သာ လိုချင်ခြင်းဖြစ်သည်။

သို့သော်လည်း ထိုမှော်ခေးမှာ လင်းဖုန်းအတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ထိုသန့်စင်သော ယန်ခေးမှာ၊ သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်နှင့် ပြုလုပ်ထားခြင်းကြောင့် ဖြစ်သည်။

သန့်စင်သော ယန်ခေးကို ပိုင်ဆိုင်နိုင်ပါက၊ လင်းဖုန်းသည် သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်တို့၏ လျှို့ဝှက်ဆန်းကြယ်မှုများကို ဖော်ထုတ်နိုင်ရန် အခွင့်အလမ်း ရှိပေလိမ့်မည်။

သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်မှာ ကောင်းကင်နှင့် မြေကြီးတို့၏ ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးတွင် တစ်မျိုး အပါအဝင် ဖြစ်၏။ သူသည် မီးအားလုံးတို့၏ မူလအစ၊ ရှေးအကျဆုံး ဘိုးဘေးဘီဘင်လည်း ဖြစ်၏။ သူသည် မီးတောက်များ အားလုံးတွင် အသန့်စင်ဆုံး ဖြစ်ပြီး၊ အခြားမည်သည့် မီးတောက်နှင့်မဆို ယင်ဓာတ်နှင့် မိစ္ဆာဓာတ်တို့ကို နှိမ်နှင်းရန် ပေါင်းစပ်နိုင်၏။

လင်းဖုန်းသည် သန့်စင်သော ယန်ဓားတွင် တပ်ထားသော နံပါတ်ကို ကြည့်လိုက်၏။ သူသည် ရင်ထဲတွင် တွက်ချက်မှု

အနည်းငယ်ကို ပြုလုပ်ပြီးသော်၊
စက်ဝိုင်းကားချပ်ကို စလှည့်လိုက်သည်။

စက်ဝိုင်းကားချပ်သည် လျှင်မြန်စွာနှင့်
စတင်လည်ပတ်နေသည်။ မကြာမီတွင်
သုံးပတ်ခွဲကို ပတ်ပြီးသွား၍၊
စတင်နှေးကွေးလာလေတော့သည်။
လင်းဖုန်းသည် စိတ်လှုပ်ရှားနေ၏။
အဘယ်ကြောင့်ဆိုသော် သူ၏ဓားကို
ရနိုင်ခြေမှာ ၂၅ ရာခိုင်နှုန်းသာရှိ၍၊
သူလိုချင်သော အရာကို ထပ်မံပြီး
လက်လွှတ်ရမည်ကို စိုးရိမ်နေ၍ဖြစ်သည်။

စက်ဝိုင်းသည် နောက်ထပ်တစ်ကွက်ကို ရွေ့သွားပြီးနောက်၊ သန့်စင်သော ယန်ဓားရှိရာ အကွက်၏ နောက်တစ်ကွက်တွင်သာ ရပ်တန့်သွားခဲ့သည်။

လင်းဖုန်း၏ မျက်လုံးအစုံမှာ အရောင်တောက်လာခဲ့သည်။ သူသည် စနစ်အတွင်းရှိ အိုင်တမ်အားလုံးကို လေ့လာထားပြီး ဖြစ်၏။ သူသည် သန့်စင်သောယန်ဓားပြီး နောက်တစ်ကွက်ရှိ အိုင်တမ်ကိုလည်း အနည်းအကျဉ်း စိတ်ဝင်စားမှု ရှိနေခဲ့သည်။

"ငါက ရှင်းမပြနိုင်ပေမဲ့၊ လူလည်ကျတာကို ခံလိုက်ရသလိုပဲ" လင်းဖုန်းသည် မျက်မှောင်အနည်းငယ် ကြုတ်လိုက်၏။ သူ၏အသိစိတ်သည် ကံစမ်းမဲ စနစ်အတွင်းမှ ပြန်ထွက်လာခဲ့သည်။ သူ၏လက်ထဲမှ ပစ္စည်းလေးကို စိုက်ကြည့်နေခဲ့ကာ အတွေးနက်နေခဲ့လေသည်။

ထိုအရာသည် ရွှေရောင်ဖျော့ဖျော့ တောက်နေသော ခေါင်းလောင်းတီးသည် တူလေးဖြစ်၏။ သူ၏ မျက်နှာပြင်ပေါ်တွင် လျှို့ဝှက်နက်နဲသော သင်္ကေတများကို ထွင်းထုထား၏။ အတွင်းမှနေ၍

တစ်ယောက်သည် ထူးခြားဆန်းကြယ်သော အင်အားများ ထွက်ပေါ်လာသည်ကို ခံစားမိနေရသည်။ သူသည် တန်ဖိုးရှိသော ပစ္စည်းလေး ဖြစ်သည်ဆိုသည်မှာ သေချာနေ၏။

သို့သော်လည်း လင်းဖုန်းသည် မပျော်နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် စနစ်ကြီး၏ ရှင်းပြပုံအရဆိုလျှင်၊ ထိုခေါင်းလောင်းတီးသော တူလေး၏ ထူးခြားမှုသည် သူ့အတွင်းတွင် မတည်ရှိနေခဲ့ချေ။

ထိုတူလေးသည် အမှန်တော့ အင်မော်တယ်ဝိညာဉ် အဆင့်မှ မှော်ရတနာဖြစ်သော အဝါရောင် ကောင်းကင်ခေါင်းလောင်း၏ တွဲဖက်ပစ္စည်း ဖြစ်သည်။ သူသည် သူ၏ကိုယ်ပိုင် ထူးခြားသော မှော်စွမ်းအားများကို ပိုင်ဆိုင်ထားသော်လည်း၊ ဘာပဲပြောပြော သူကိုယ်တိုင်သည် အဝါရောင် ကောင်းကင်ခေါင်းလောင်း မဟုတ်ချေ။

လင်းဖုန်းသည် သူ့ကိုယ်သူ စဉ်းစားနေခဲ့သည်။ "လောလောဆယ် ဒါကိုပဲ အရင်သိမ်းထားလိုက်ဦးမယ်။ ပြောလို့မရဘူး၊

သူကနေတစ်ဆင့်၊ အဝါရောင်
ကောင်းကင်ခေါင်းလောင်းကို
ရှာလို့ရချင်ရမှာ"

စဥ်းစားနေရင်း သူ၏ရင်ခုန်သံ
တစ်ချက်မှားသွား၏။ သူသည်
သူ၏လက်အတွင်းမှ ကောင်းကင်
ကမ္ဘာငယ်လေးကို ကြည့်လိုက်ရာ၊ ခရမ်းရောင်
ခတ်ငွေ့များ အတွင်းတွင် လေပြင်းနှင့်
လျှပ်စီးတို့မှာ ဖြည်းဖြည်းချင်း
လျော့နည်းသွားကြပြီ ဖြစ်သည်။

သူတို့သည် လင်းဖုန်း၏
ကောင်းကင်ကမ္ဘာငယ်ကို ဖောက်ထွက်ရန်
အလို့ငှာ ကြိုးစားရသကဲ့သို့၊ သူတို့နှင့်အတူ
အတွင်းတွင် ပိတ်မိနေသော
ရှောင်ပုတန်လေးကိုလည်း
တိုက်ခိုက်ရသေး၏။ ရက်ပေါင်းအနည်းငယ်မျှ
အဆက်မပြတ် လှုပ်ရှားမှု အပြီးတွင်၊
လေပြင်းနှင့် လျှပ်စီးတို့သည်
ယုတ်လျော့အားနည်းသွားကြပြီ ဖြစ်သည်။

သို့မဟုတ် ပို၍ တိကျစွာနှင့် ပြောရလျှင်၊
သူတို့အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်

အမြောက်အမြားတို့သည် ရှောင်ပုတန်လေး၏ စုပ်ယူခြင်းကို ခံလိုက်ရပြီ ဖြစ်သည်။

"ဒီလိုမျိုး ကျင့်ကြံခြင်းက အရမ်းကောင်းတယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိဘူး။ ဒါပေမဲ့ ဒုက္ခတော့ ရောက်တယ်။ လေပြင်းနဲ့ လျှပ်စီးတွေဟာ အလွယ်တကူ ယုတ်လျော့သွားပြီး မကြာခဏ ပြန်ဖြည့်ပေးဖို့ လိုလိမ့်မယ်"

ကောင်ကလေးသည် သူ၏ မိုးကြိုးမုန်တိုင်း ကိုယ်ပွားအဖြစ်သို့ အသွင်ပြောင်းနေခဲ့၏။ သူ၏ တစ်ကိုယ်လုံးတွင် လေပြင်းနှင့်

လျှပ်စီးတို့က ဝန်းရံနေပြီး၊ သူ့ကို ကြည့်ရသည်မှာ မိစ္ဆာနတ်ဘုရား တစ်ကောင်နှင့် တူနေခဲ့၏။

ရှင်းယွင်တောင်ထိပ်ကနှင့် စာလိုက်လျှင်၊ ရှောင်ပုတန်လေး၏ လက်ရှိ မိုးကြိုးမုန်တိုင်း ကိုယ်ပွားမှာ အရွယ်အစား သေးငယ်သွားခဲ့သည်။ မူလ သုံးမီတာခန့် ရှိရာမှ၊ အခုတွင် နှစ်မီသာ ပိုပိုသာ ကျန်နေတော့သည်။

သို့သော်လည်း သူ၏အတွင်းတွင် ရှိနေသော စွမ်းအားတို့မှာ ပို၍သန့်စင်လာခဲ့ကာ၊ အန္တရာယ် ပိုကြီးလာခဲ့သည်။

လင်းဖုန်းသည် သူ့ကို ကြည့်လိုက်ကာ ကျေနပ်စွာဖြင့် ရယ်လိုက်သည်။
"ကောင်းတယ်၊ ငါ့ရဲ့
ကြိုးစားအားထုတ်မှုတွေက တန်ပါတယ်။
မင်းက မင်းရဲ့ မိုးကြိုးမုန်တိုင်း ကိုယ်ပွားကို
မင်းရဲ့ မူလခန္ဓာကိုယ်နဲ့ တစ်ရှုယ်ထဲဖြစ်အောင်
ချုံ့နိုင်တဲ့ အချိန်ဟာ၊ မင်းရဲ့ အောင်မြင်စွာ
လေ့ကျင့်နိုင်တဲ့ အချိန်ပဲ"

ရှောင်ပုတန်လေးသည် လေပြင်းနှင့်
မုန်တိုင်းတို့ကို ရုပ်သိမ်းလိုက်ကာ၊ ကျဲယု၏
ကျောပေါ်တွင် တင်ပုလ္လင်ခွေထိုင်နေခဲ့သည်။
သူသည်  ပျာယာခတ်နေသည့်ပုံ
ပေါက်နေခဲ့ကာ၊ လင်းဖုန်းအား ငိုတော့မည့်ပုံ
ပေါက်နေသည့် မျက်ဝန်းရွဲကြီး တစ်စုံနှင့်
တစ်စောင်းကြည့်လိုက်၏။ သူသည် နာကျည်း
ဝမ်းနည်းနေသည့်ပုံ ပေါက်နေခဲ့၏။

လင်းဖုန်းက ပြုံးစိစိနှင့် ရှောင်ပုတန်လေး၏
ခေါင်းအား ခေါက်လိုက်သည်။
"ကောင်စုတ်လေး၊ ဟန်ဆောင်မနေပါနဲ့တော့။

ငါ့မှာ မင်းအတွက် တစ်စုံတစ်ခုရှိတယ်၊ လိုချင်သလား၊ မလိုချင်ဘူးလား?"

ရှောင်ပုတန်လေး၏ မျက်နှာမှာ ချက်ချင်း တောက်ပလာခဲ့၏။ သွားများအားလုံးပေါ်အောင် အစွမ်းကုန် ပြုံးလိုက်ပြီး လင်းဖုန်းရှိရာဆီကို ပြေးဖက်လိုက်လေသည်။ "ဆရာက အကောင်းဆုံးပဲ ဆိုတာကို ကျွန်တော်က သိပြီးသားပါဗျ!"

"မင်းက ဆရာပါးစပ်ဟမှာကို စောင့်နေတာမလား?" လင်းဖုန်းက ဖွဖွလေး

ပြုံးလိုက်ကာ သူ့ကို စိုက်ကြည့်လိုက်သည်။ ရှောင်ပုတန်လေးသည် သူ၏ခေါင်းကို ကုတ်လိုက်ကာ၊ အလွန်ပျော်ရွှင်နေသည့်ပုံ ပေါက်နေခဲ့သည်။

လင်းဖုန်း၏ အထူးလေ့ကျင့်နည်းသည် သူ့အတွက် ကောင်းစေဖို့ ဆိုသည်ကို သူကသိပြီး ဖြစ်သည်။ အမှန်မှာ သူက သနားချင်အောင် ဟန်ဆောင်နေခြင်းသာ ဖြစ်သည်။

ရှောင်ပုတန်လေးက ပြောလိုက်သည်။ "ဆရာ့ရဲ့ မှော်ရတနာတွေ အားလုံးက

အစ်ကိုကြီးကို ပေးလိုက်ပြီ။ ကျွန်တော်ကသာ အခွင့်အရေးကို အပိုင် အသုံးမချရင်၊ ကျွန်တော့်အတွက် ဘာမှကျန်တော့မှာ မဟုတ်ဘူးဗျ"

"စည်းကမ်းဟောင်း အတိုင်းပဲ၊ မင်းတို့အထဲက အခြေတည် ဝိညာဉ် အဆင့်ကို အရင်ဆုံး ရောက်တဲ့သူက ငါ့ဆီက မှော်ရတနာ တစ်ခုကို ရမှာပဲ။ နောက်ကလူတွေလည်း ရမှာဖြစ်ပေမဲ့၊ အရင်ဆုံးလူက အရင်ယူကြေးပဲ။ မင်းကသာ အခြေတည် ဝိညာဉ် အဆင့်ကို မရောက်သေးရင်တော့၊ ငါက မင်းကို

မှော်ရတနာ ပေးလိုက်လည်း မင်းက ကောင်းကောင်း အသုံးပြုနိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် ရှောင်ပုတန်လေးအား မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ "မင်းရဲ့ အစ်ကိုကြီးက မင်းလိုမျိုး လောဘကြီးတယ် ထင်နေလို့လား?" သူ၏စကား ဆုံးသည်နှင့် သူ၏လက်ချောင်းကို လှုပ်လိုက်ရာ၊ မီးအလင်းတန်း တစ်ခုသည် ပျံထွက်လာခဲ့ကာ လေပေါ်တွင် ရပ်တန့်နေခဲ့သည်။ ဒါသည် မီးတောက်နဂါး ကောင်းကင် ချပ်ဝတ်တန်ဆာ ဖြစ်သည်။

ရှောင်ပုတန်လေးသည် ထိုမီးတောက်နဂါး ကောင်းကင် ချပ်ဝတ်တန်ဆာကို ကြည့်နေခဲ့၏။ အချိန်အကြာကြီးနေမှ သူသည် လင်းဖုန်းအား ငိုရမလို ရယ်ရမလို ဖြစ်စေခဲ့သော စကားတစ်ခွန်းကို ပြောလိုက်သည်။ "အစ်ကိုကြီးက တကယ်ကို အတာပဲ။ ကျွန်တော်သာ ဆိုရင်တော့၊ ဒီချပ်ဝတ်တန်ဆာကို ပြန်ပေးမှာ မဟုတ်ဘူး"

## စာစဥ် ၁၅ : အပိုင်း ၈

## အပိုင်း ၂၅၈ : ရင်းနှီးသော သူစိမ်း

လင်းဖုန်းသည် သူ၏လက်နှစ်ဘက်စလုံးကို ဆန့်ထုတ်လိုက်ကာ ရှောင်ပုတန်လေး၏ ဖြူဖွေးနေသော ပါးလေးများကို ဆွဲလိမ်လိုက်၏။ "အရှက်မရှိတဲ့ ပြိုင်ပွဲကို ကျင်းပမယ်ဆိုရင်၊ မင်းလေးက ပြိုင်ဘက်မရှိ ဗိုလ်စွဲမှာပဲဟေ့"

ရှောင်ပုတန်လေးသည် သူ၏နီရဲသွားသော ပါးပြင်လေးကို တယုတယ ပွတ်သတ်လိုက်ရင်း ဆန္ဒပြလိုက်၏။ "ဆရာရာ၊ ကျွန်တော့်ရဲ့ ပါးလေးကို မဆွဲပါနဲ့ဗျ။ ကျွန်တော့်ရွာက လူကြီးတွေ ပြောထားတာက၊ ကလေးလေးတွေရဲ့

ပါးတွေကို ခဏခဏဆွဲရင်၊ အထဲက
တံတွေးအိတ်တွေက
ပေါက်သွားတတ်တယ်တဲ့။
ကျွန်တော်ကြီးလာတဲ့ အခါကျရင်၊
သွားရည်မတိတ်ပဲ နေပါဦးမယ်"

"မင်းကိုယ်မင်းရော ဘယ်အရွယ်ရှိပြီ
ထင်နေလို့လည်း? မင်းက
ကလေးသေးသေးလေး မဟုတ်တော့ဘူးကွ"
လင်းဖုန်းသည် ဂရုမစိုက်ခဲ့ချေ။ "မင်းက
အသက် ၁၁နှစ်တောင် ရှိနေပြီကွ။ ငါက
ဘယ်လောက်ညှစ်ညှစ်၊ ဘာမှဖြစ်တော့မှာ
မဟုတ်ဘူး"

ပြီးတာနှင့် လင်းဖုန်းသည်
ခေါင်းကိုညိတ်လိုက်ကာ ဆက်ပြောလိုက်၏။
"ပြီးတော့ မင်းရဲ့ ပါးဖောင်းဖောင်းလေးက
ဆွဲလို့ကောင်းတယ်ကွ"

ရှောင်ပုတန်လေးသည် ကူရာမဲ့စွာနှင့်၊
ပြုံးဖြီးဖြီးလုပ်နေသော လင်းဖုန်းကို
လှမ်းကြည့်လိုက်သည်။

ယွဲ့ဟုန်ယန်သည်
စနောက်ပျော်ရွှင်နေကြသော ဆရာတပည့်
နှစ်ယောက်ကို ကြည့်လိုက်ကာ၊ သူမ၏

အမြဲလိုလို တင်းမာနေသော မျက်ခုံးအစုံသည် လျော့ကျသွားခဲ့၏။

အလွန်အမင်း အစွမ်းထက်သော လင်းဖုန်းနှင့် ရှောင်ပုတန်လေးတို့သည် ယခုကဲ့သို့ ပုံစံမျိုးလည်း လုပ်တတ်သေးသည်ကို ကြည့်လိုက်ကာ၊ ထွမ်းထွမ်းနှင့် ကျဲယုတို့သည် အံ့သြနေကြ၏။

"ဒါပေမဲ့၊ ဒီအပြုအမူတွေက ဆရာနဲ့တပည့်၊ ဒါမှမဟုတ် စီနီယာနဲ့ ဂျူနီယာ အချင်းချင်းပဲ ပြသမှာ ဖြစ်တယ်" ကျဲယုက တွေးနေခဲ့သည်။

ရှောင်ပုတန်လေးနှင့် စနောက်ပြီးသည်နှင့်၊ လင်းဖုန်းသည် သူ၏ မီးတောက်နဂါး ကောင်းကင် ချပ်ဝတ်တန်ဆာကို သိမ်းလိုက်ကာ၊ အဝါရောင် ကောင်းကင် ခေါင်းလောင်းတူကို ထုတ်လိုက်၏။ သူသည် ထိုတူလေးကို ရှောင်ပုတန်လေးအား ပေးလိုက်ကာ ပြောလိုက်သည်။ "ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးကို ထုတ်လိုက်စမ်း"

ရှောင်ပုတန်လေးသည် လင်းဖုန်း၏ အမိန့်အတိုင်း၊ သူ၏ကိုယ်ကို လှုပ်လိုက်ရာ၊ အစိမ်းရောင် အလင်းတန်းတစ်ခု

ထွက်ပေါ်လာခဲ့ပြီး၊ လင်းဖုန်း၏ အရှေ့တွင် မီးဖိုလေးတစ်ခု ကျလာခဲ့သည်။

လင်းဖုန်းသည် တူလေးကို ယူလိုက်ကာ၊ ဆေးမီးဖိုလေးကို ခေါက်လိုက်၏။

ချက်ချင်းဆိုသလိုပဲ မယုံနိုင်လောက်အောင် ကျယ်လောင်သော အသံတစ်ခုသည် ပေါက်ကွဲထွက်လာခဲ့ကာ၊ ရှောင်ပုတန်၊ ယွဲ့ဟုန်ယန်နှင့် ထွမ်းထွမ်းတို့၏ မျက်လုံးတို့သည် ပြူးကျယ်သွားကြ၏။

သူတို့သည် အသံလှိုင်းများက လုံခြုံကက်လေး ဆီမှနေ အဆက်မပြတ် တွန်းခါ၍ ထွက်လာခဲ့သည်ကို၊ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ကြရ၏။

ထိုအသံလှိုင်းများ ဖြတ်သန်းသွားသည့် နေရာတွင်၊ ဘာမှ မကျန်ခဲ့ပဲ ပျက်စီးသွားသော လေဟာနယ်နှင့် ဟင်းလင်းပြင်တို့သာ ကျန်ခဲ့ကြသည်။

ရှောင်ပုတန်လေး၏ မျက်လုံးအစုံသည် စိတ်ဝင်စားမှုတို့နှင့် လင်းလက်လာခဲ့သည်။ "ဒီစွမ်းအား!" ဗလာနတ္တိ အစိမ်းရောင်

ဆေးမီးဖိုလေးသည် လေဟာနယ်နှင့်
ဟင်းလင်းပြင်တို့၏ နိယာမများဖြင့်
သန့်စင်ထားသော်လည်း၊ သူတစ်ခုတည်းနှင့်
ဒီလောက်အထိ အစွမ်းမထက်နိုင်ပေ။

လင်းဖုန်းက ပြုံးလိုက်သည်။ "ဒီတူလေးဟာ
မူလက မှော်ရတနာတစ်ခုဖြစ်တဲ့ အဝါရောင်
ကောင်းကင် ခေါင်းလောင်းရဲ့ တူလေးပဲ။
သူက ဒီမီးဖိုလေးရဲ့ အလားအလာတွေကို
အသက်သွင်းနိုင်ခဲ့တဲ့ အတွက်၊ သူက
ဒီလောက်အထိ စွမ်းအားကောင်းတဲ့
အသံလှိုင်းတွေကို ထုတ်လုပ်နိုင်ခဲ့တာပဲ"

"ငါက အခု ဒီတူလေးကို
မင်းကိုပေးလိုက်မယ်။ မင်းက ကံစပ်လို့
ရတယ်လို့ပဲ သဘောထားလိုက်ပေါ့ကွာ။
မင်းက အဝါရောင်ကောင်းကင်
ခေါင်းလောင်းကို ရှာနိုင်မလားဆိုတာက
မင်းရဲ့ကံကောင်းခြင်း အပေါ်မှာ
မူတည်နေတယ်ကွ"

"ကျေးဇူးပါ၊ ဆရာသခင်!"
ရှောင်ပုတန်လေးသည် အစတွင်
ပျော်ရွှင်သွားခဲ့သောလည်း၊ တစ်စုံတစ်ခုကို
စဥ်းစားမိ၍ လင်းဖုန်းအား မေးလိုက်သည်။
"ဆရာခင်ဗျ၊ ဒါဆိုရင် ကျွန်တော်က

အခြေခံတည် ဝိညာဉ် အဆင့်ကို ရောက်သွားခဲ့ရင်..."

လင်းဖုန်းက သူ့အား တိတ်တခိုး ကျိန်ဆဲလိုက်သည်။ "တော်တော် အတွက်အချက်ကောင်းတဲ့ ကောင်စုတ်လေးပဲ။ မပူပါနဲ့၊ ဒီအဝါရောင်ကောင်းကင် ခေါင်းလောင်းက အပိုဆုပေါ့။ မင်းက အခြေခံတည် ဝိညာဉ် အဆင့်ကို ရောက်သွားလို့ရှိရင်၊ ငါက နောက်ထပ်မှော်ရတနာ သပ်သပ်တစ်ခုကို ပေးပါ့မယ်"

ရှောင်ပုတန်လေးသည် ချက်ချင်းပင် ပျော်ရွှင်သွားခဲ့၏။ "ကျေးဇူးအထူးပါ၊ ဆရာသခင်!"

လင်းဖုန်းသည် ရှောင်ပုတန်လေး၏ တူလေးကို လက်မှမချနိုင် ဖြစ်နေပုံကို ကြည့်လိုက်ပြီး၊ သက်ပြင်းတစ်ချက် ချလိုက်သည်။ "တပည့်တွေက အများကြီး၊ အကုန်လုံးကလည်း အကောင်းကြိုက်သမားတွေ။ ကြည့်ရတာ ငါတော့ မကြာခင် ဆန်တာကလော့ ဘိုးဘိုးကြီး ဖြစ်တော့မယ်နဲ့ တူတယ်"

ကျဲယု၏ အပေါ်တွင် စီးနင်းလာရင်း၊
လင်းဖုန်းသည် ဘေးပတ်ဝန်းကျင်ကို
ကြည့်လာခဲ့ရာ၊ မျက်စိကျစရာ တစ်ခုကို
တွေ့လိုက်ရ၏။

ခွန်းလွန်တောင်တန်း၏ အလယ်တွင်၊
ကျက်တီးခေါင် လွင်ပြင်ကြီးတစ်ခုရှိ၏။
ထိုမြေပေါ်တွင် အပင်တစ်ပင်မှ
မပေါက်နေရုံသာမက၊ ကျောက်ဆောင်များပင်
အားလုံးပျက်စီးနေကြ၏။

ကျောက်တုံးကျောက်ဆောင်များ
အားလုံးတို့သည် အဖြူရောင် အမှုန့်များ

ဖြစ်နေကြသည်။ အလွန်မြင့်မားသော အပူရှိန်နှင့် လောင်ကျွမ်းခြင်း ခံထားရ၍ဖြစ်သည်။

လင်းဖုန်းသည် အကွာအဝေးကို တွက်ကြည့်လိုက်ကာ ကောက်ချက်ချလိုက်သည်။ "ဒီနေရာက ယန်ချင်ရဲ့ ဂိုဏ်းဟောင်း၊ တိမ်တိုက်ရေပြင်ဂူပဲ ဖြစ်ရမယ်"

ဤနေရာကို ကိုယ်တိုင် မရောက်ဖူးသော်လည်း၊ လင်းဖုန်းသည် ယန်ချင်နှင့် မြောင်ရှီးဟောင်တို့ထံမှ၊

တိမ်တိုက်ရေပြင်ဂူ၏ တည်နေရာ
အကြွမ်းဖျင်းကို သိထားခဲ့သည်။
ဘေးပတ်ဝန်းကျင်တို့၏ နေရာနှင့်
နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့်၊ လင်းဖုန်းသည်
သူ၏တည်နေရာကို ခန့်မှန်းနိုင်ခဲ့သည်။

ကျဲယုအား တောင်၏အလယ်တွင်
ဆင်းလိုက်ရန် အချက်ပြလိုက်ပြီး၊
လင်းဖုန်းသည် ပြာအတိ ပြီးနေသော
တိမ်တိုက်ရေပြင်ဂူထံသို့ ရောက်လာခဲ့ကာ၊
မြေပုံအချို့ကို တွေ့လိုက်သည်။

လင်းဖုန်းသည် မြေပုံများပေါ်တွင် ရေးထိုးထားသော နာမည်များကို တစ်ခုမှ မသိပေ။ သို့သော်လည်း ကမ္ဗည်းများကို စိုက်ထူထားခဲ့သော သူသည် သူ၏နာမည်ကို ရေးထိုးထားခဲ့ပြီး၊ သူသည် ယန်ချင်မှလွဲ၍ အခြားမဟုတ်ချေ။

ယန်ချင်၏နာမည်ကို တွေ့လိုက်ပြီး၊ ရှောင်ပုတန်နှင့် ယွဲ့ဟုန်ယန်တို့သည် မတတ်နိုင်တော့ပဲ တည်ကြည်လေးနက်သော အမူအရာများကို ဆောင်လိုက်ကာ၊ ဤအရာသည် ယန်ချင်၏ အနာကျင်ရဆုံး မှတ်ဉာဏ်ဖြစ်ကြောင်းကို သိလိုက်ကြ၏။

ပို၍အဆိုးဆုံး အချက်မှာ၊ ယန်ချင်သည် မည်သူ့ကိုရှာ၍ လက်စားချေရမှန်းကို မသိခြင်းဖြစ်သည်။

ရှောင်ပုတန်လေးသည် ထိုမြင်ကွင်းကြောင့် အပြင်းအထန် မခံစားခဲ့ရသော်လည်း၊ ယွဲ့ဟုန်ယန်သည် အံ့သြထိတ်လန့်သော အမူအရာကို ပြသလိုက်ကာ၊ တိမ်တိုက်ရေပြင်ဂူမှ ကျန်နေကြသော အလောင်းများကို သေချာစစ်ဆေးနေ၏။ သူမသည် ခေါင်းကိုငုံ့လိုက်ကာ အဖြူရောင် ကျောက်တုံးအချို့ကို ကိုင်ကြည့်လိုက်၏။

သူမဘာမှ မတုံ့ပြန်နိုင်မီပင် သူမ၏ လက်ထဲမှ ကျောက်တုံးတို့သည် ပြာမှုန့်အဖြစ်ကို ပြောင်းသွားကြ၏။

သူမသည် အားအလွန်အမင်း သုံးထား၍ မဟုတ်ပေ။ ပြင်းထန်စွာ လောင်ကျွမ်းခံရအပြီးတွင်၊ ကျောက်တုံးများသည် ရွှံ့တုံးများ မြေကြီးများထက်ပင် ပို၍ အားနည်းသွားခြင်းကြောင့် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် ဘာမှမတတ်နိုင်ပဲ သူမ၏လက်ထဲမှ ပြာမှုန့်များကို စိုက်ကြည့်နေခဲ့ကာ ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်းသည် ဘေးပတ်ဝန်းကျင်ကို သေချာစွာ လေ့လာလိုက်ပြီးနောက်၊ ဆယ်မိုင်ပတ်ပတ်လည် နေရာတစ်ခုလုံးသည် အဖြူရောင်များဖြင့် ဖုံးလွှမ်းထားကြသည်ကို တွေ့လိုက်ရသည်။ သူသည် ယွဲ့ဟုန်ယန်ဘက်ကို ခေါင်းလှည့်၍ မကြည့်လိုက်ပဲ၊ မှော်စွမ်းအင်ကို အသုံးပြုကာ ဆက်သွယ်လိုက်သည်။ "ဒါတွေက ခိစတိဂါဘ အကြွင်းမဲ့မီးတောက်ကို အသုံးပြုထားတာပဲ"

ခိစတိဂါဘ အကြွင်းမဲ့မီးတောက်သည်
ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက်
ခုနှစ်မျိုးတို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။
သူ့တွင် မြေကြီးအဆီအနှစ်များ ပါဝင်ကာ၊
အရောင်သည် အစိမ်းရောင်ဖြစ်သည်။
မီးတောက်၏စွမ်းအားသည် မြေကြီးကဲ့သို့ပင်
အဆုံးမဲ့ဖြစ်သည်။

လင်းဖုန်း၏တပည့် မဖြစ်ခင်တွင်၊
ယွဲ့ဟုန်ယန်သည် စွမ်းအားကြီးသော
ကမ္ဘာဖျက် မီးတောက်ကို
လေ့ကျင့်ထားခဲ့သည်။ ထိုမီးတောက်သည်

ခိစတိဂါဘ အကြွင်းမဲ့မီးတောက်၏
သန္ဓေပြောင်းထားသော
မီးတောက်ခွဲဖြစ်သည်။ သူသည်
အကြွင်းမဲ့မီးတောက်လောက်
စွမ်းအားမကြီးသော်လည်း၊
ကျင့်ကြံထိန်းချုပ်ရန် အများကြီး
ပိုလွယ်သည်။

"ကျွန်မက သူ့ကို နောက်ဆုံးတွေ့တုံးက၊
ကျန်းလေက သန့်စင်တဲ့ ခိစတိဂါဘ
အကြွင်းမဲ့မီးတောက်ကို လေ့ကျင့်နိုင်ခဲ့ပြီ"
ယွဲ့ဟုန်ယန်သည် အသက်ပြင်းပြင်း
ရှူရှိုက်လိုက်ကာ တည်ငြိမ်စေရန်

ကြိုးစားလိုက်သော်လည်း၊ သူမ၏
တင်းတင်းဆုပ်ထားသော လက်သီးသည်
မသက်မသာနှင့် တုန်ခါနေခဲ့သည်။

လင်းဖုန်းက သူမကို နှစ်သိမ့်သော လေသံဖြင့်
ပြောလိုက်သည်။ "ဒီကမ္ဘာကြီးပေါ်မှာ
ခိစတိဂါဘ အကြွင်းမဲ့မီးတောက်ကို
လေ့ကျင့်နိုင်တာက တစ်ယောက်တည်း
မဟုတ်နိုင်ပါဘူး။ မင်းကိုယ်မင်း
တည်ငြိမ်အောင် စိတ်ထိန်းပါ"

ယွဲ့ဟုန်ယန်က အောက်ကိုငုံ့လိုက်ပြီး
ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

သူသည် အားပေးခဲ့သော်လည်း လင်းဖုန်းသည် ယွဲ့ဟုန်ယန်နှင့် ကျန်းလေတို့၏ ကံမကောင်းသော ရေစက်တို့သည်၊ ယခုအဖြစ်အပျက်နှင့် ဆက်စပ်နေလိမ့်မည်ဟု သိနေခဲ့သည်။

ကျန်းလေနှင့် ပတ်သတ်၍မူ၊ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်ကို မရောက်သေးသရွေ့၊ လင်းဖုန်းသည် ဂရုစိုက်စရာ မလိုချေ။ သူ၏ လက်ရှိစွမ်းအားနှင့်ဆိုလျှင်၊ သူသည်

အခြေတည်ဝိညာဉ် အဆင့်တွင်
ပြိုင်ဘက်ကင်း ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ယွဲ့ဟုန်ယန်နှင့် ခန်းနန်ဟွာတို့က
ကျန်းလေကို နောက်ဆုံးတွေ့ခဲ့သည်မှာ
လွန်ခဲ့သော တစ်နှစ်ခန့်က ဖြစ်သည်။
ထိုအချိန်တွင် ကျန်းလေသည်
အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်သည်။ ယခုကဲ့သို့
အချိန်တိုတိုလေး အတွင်းတွင် အင်မော်တယ်
ဝိညာဉ် အဆင့်သို့ ရောက်နိုင်ခြေမှာ၊
ကံကောင်းခြင်း များစွာတို့နှင့်
ကောင်းကင်စကြာဝဠာ

အလင်းတန်းကမ္ဘာထဲတွင်
လှေကျင့်နေလျှင်ပင် သုညနီးပါးဖြစ်သည်။

နောက်ဆုံးတွင်၊ အရာအားလုံးတို့မှာ
အကန့်အသတ်တော့ ရှိသည်ဖြစ်၏။

သို့သော် လင်းဖုန်းက ဂရုမစိုက်ခြင်းသည်၊
သူ၏တပည့်များက စိတ်လွတ်လက်လွတ်
နေနိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။
ခိစတိဂါဘ အကြွင်းမဲ့မီးတောက်၏
စွမ်းအားများကို သုံးနိုင်၍၊ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ မှော်စွမ်းအင်တို့ဖြင့်၊
ကျန်းလေသည် လင်းဖုန်း၏

တပည့်များအတွက် အမှန်တကယ် အန္တရာယ် ပေးနိုင်ပေသည်။

အထူးသဖြင့် ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ဖြစ်သည်။ သူတို့သည် ကျန်းလေအတွက်သာမက၊ သူနှင့် ရန်စရှိသော သူများ၏ လွယ်ကူသော ပစ်မှတ်များ ဖြစ်နိုင်လေသည်။

"ကျန်းလေ ဟုတ်မဟုတ်ကို အသာထားဦး၊ တိမ်တိုက်ရေပြင်ဂူကို ဖျက်ဆီးခြင်းရဲ့ အကြောင်းရင်းက ဘာများလဲ?" လင်းဖုန်းက သူ၏မျက်မှောင်တို့ကို ကြုတ်လိုက်သည်။

"ရန်ငြိုးရန်စနဲ့ လက်စားချေမှုတို့ မရှိခဲ့ရင်၊ တစ်ခုခု အကျိုးအမြတ် ရနိုင်လို့ပဲ ဖြစ်လိမ့်မယ်"

ဤအကြောင်းကို တွေးလိုက်ကာ လင်းဖုန်း၏ မျက်နှာသည် မည်းမှောင်လာ၏။ "ဒီတိမ်တိုက်ရေပြင်ဂူလိုမျိုး ဂိုဏ်းငယ်လေးက အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်က ကျင့်ကြံသူတစ်ယောက် လိုအပ်တဲ့အရာတွေ တစ်ခုမှရှိမှာ မဟုတ်ဘူး။ ယန်ချင်ရဲ့ မဟာလမင်း အကြွင်းမဲ့ရေကလွဲလို့၊ တစ်ခြားဘာကိုမှ စဥ်းစားလို့မရဘူး"

အကယ်၍ သူ၏ ဦးတည်ချက်သည် တကယ်ပဲ မဟာလမင်း အကြွင်းမဲ့ရေ ဖြစ်ခဲ့လျှင်၊ သူ၏ ရည်ရွယ်ချက်မှာ အထမြောက်သွားခဲ့မည် မဟုတ်ပေ။

လင်းဖုန်းသည် ပြုံးလိုက်ပြီး တွေးလိုက်၏။
"မင်းက ဘယ်သူပဲ ဖြစ်ဖြစ်၊
ငါ့ကိုလာမရှုပ်ရင်တော့ ကောင်းလိမ့်မယ်"

ရှောင်ပုတန်လေးနှင့် ကျန်သောသူများကို နေခိုင်းခဲ့ပြီး၊ လင်းဖုန်းသည် ဤကိစ္စအကြောင်းကို တစိမ့်စိမ့်

စဥ်းစားနေရင်း တောင်တန်းများအကြားတွင် လမ်းလျှောက်နေခဲ့သည်။

လမ်းလျှောက်နေရင်း၊ သူ၏ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွား၏။

လင်းဖုန်း၏ ဘေးပတ်ဝန်းကျင်ကို အာရုံခံနိုင်မှုတို့သည် ယခုအချိန်တွင် အများကြီး တိုးတက်လာကာ၊ နေရာ အတော်ဝေးဝေးမှ လှုပ်ရှားမှုများနှင့် မှော်စွမ်းအင်တို့ကို အာရုံခံနိုင်၏။ အမှန်ဆိုလျှင် သူသည် တိမ်တိုက်ရေပြင်ဂူ၏ အနီးတဝိုက်တွင် ကျင့်ကြံသူ အချို့ကို၊

အစောကြီးကတည်းက အာရုံခံမိပြီး ဖြစ်သည်။
သို့သော်လည်း သူတို့မှာ
အရေးထားလောက်စရာ စွမ်းရည်မျိုး
မရှိသဖြင့်၊ လင်းဖုန်းက ဂရုမစိုက်ခဲ့ခြင်း
ဖြစ်သည်။

သို့သော်လည်း ယခုတွင် သူတို့ထဲမှ
တစ်စုံတစ်ယောက်က
သူ့အားခိုးကြည့်နေသည်ကို သိလိုက်ရသဖြင့်၊
လင်းဖုန်းသည် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဘေးမှတောင်တစ်လုံး၏ တောင်ထိပ်တွင်၊
အစိမ်းရောင် ဝတ်စုံနှင့် ကောင်မလေး

တစ်ယောက်သည်၊ ကျောက်တုံးအကြားမှ ကွယ်၍ လင်းဖုန်းအား ချောင်းကြည့်နေခဲ့သည်။

သူမ၏ပုခုံးပေါ်တွင် လက်ဖဝါးအရွယ်ခန့် ကြီးမားသည့် ရွှေရှာကြွက်လေး တစ်ကောင် ရှိနေ၏။ သူသည် သူမ၏ နားရွက်အနားသို့ ကပ်ပြောလိုက်၏။ "ဖန်းလင်၊ ဒီလူဆီကနေ ရင်းနှီးတဲ့ အငွေ့အသက်တွေ ရနေတယ်"

"အိုး?" ကောင်မလေးက အာမေဋ္ဌိတ် ပြုလိုက်၏။ "ဘယ်လိုလုပ်ပြီး ရင်းနှီးရမှာလဲ?

ငါက သူ့ဆီက ဘာမှော်စွမ်းအင် လှုပ်ရှားမှုကိုမှ အာရုံခံလို့ မရဘူး"

ရွှေရှာကြွက်လေး၏ နှုတ်ခမ်းမွေးများမှာ လှုပ်ခါသွားခဲ့သည်။ "ငါကလည်း သိပ်မသေချာဘူး၊ ဒါပေမဲ့ တော်တော်ကို ရင်းနှီးနေတယ်။ ငါကလည်း သူ့ရဲ့ မှော်စွမ်းအင်ကို အာရုံခံလို့ မရပေမဲ့၊ သူ့ရဲ့ ရနံ့ကို ရင်းနှီးနေတယ်"

"အိုး၊ ဟုတ်ပြီ!" ကြွက်ကလေး၏ နားရွက်တို့သည် ထောင်လာခဲ့ပြီး၊ "လွန်ခဲ့တဲ့ တစ်နှစ်လောက်တုံးက၊

ခွန်းလွန်တောင်တန်းထဲမှာ၊ အဝိစိ
ငရဲမုန်တိုင်း!"

သူ၏စကားကို ကြားပြီးနောက်တွင်၊
ကောင်မလေးမှာ မှတ်မိလာဟန်နှင့်၊ "အိုး၊
ဒီလူပဲ!"

အကွာအဝေးမှာ
အတော်လှမ်းနေခဲ့သော်လည်း၊
သူတို့ပြောနေသော စကားတို့ကို လင်းဖုန်းက
အကုန်ကြားနေရသည်။ အတိတ်ဟောင်းကို
အချိန်အနည်းငယ် စားမြုံ့ပြန်လိုက်ပြီး၊
လင်းဖုန်းသည် သူတို့က မည်သူဆိုသည်ကို

ပြန်စဥ်းစားလိုက်မိပြီး အားရပါးရ ရယ်လိုက်မိသည်။

သိပ်မကြာသေးသော အချိန်တွင်ဖြစ်သည်။ လင်းဖုန်းက ခွန်းလွန်တောင်ကို ပထမအကြိမ် ရောက်ခဲ့စဥ်က၊ သူသည် ယုကျင်းတောင်ကို ရှာနေသော အချိန်တွင်၊ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်တို့၏ တားဆီးခြင်းကို ခံနေရ၏။ ထို့ကြောင့်လင်းဖုန်းသည် ဂူတူးဗဟို နတ်ဘုရား အလင်းတန်းကို လုံလောက်စွာ ထုတ်လွှတ်နိုင်ရန်အတွက်၊ ပျက်နေသော

စကြာဝဠာ ကြေးမုံကို ပြုပြင်ရန်
ဂေလာကျောက်စိမ်းကို ရှာနေစဉ်ဖြစ်သည်။

ဂေလာကျောက်စိမ်းကို ရှာနေသော
အချိန်တွင်၊ လင်းဖုန်းသည်
တစ်ယောက်ယောက်က သူ၏အနောက်ကို
နောက်ယောင်ခံ လိုက်နေသည်ကို
ခံစားမိနေရ၏။ ပြီးတာနှင့်
လေနတ်ဘုရားဂိုဏ်းမှ အရှုပ်ကောင်
တပည့်များသည် တစ်ယောက်ပြီးတစ်ယောက်
ရောက်လာခဲ့သည်။ သို့သော်လည်း
ဂေလာကျောက်စိမ်းကို ရယူပြီးသည်နှင့်၊
အဝီစိ ငရဲမုန်တိုင်းသည်

စတင်တိုက်ခတ်လာခဲ့၍၊ လင်းဖုန်းသည်
လျှင်မြန်စွာ ထွက်ခွာလာခဲ့သည်။
သိပ်မကြာမီတွင် သူသည်
ဤအဖြစ်အပျက်များကို မေ့သွားခဲ့သည်။

သူ၏အနောက်ကို
နောက်ယောင်ခံလိုက်နေသောသူနှင့်
နောက်တစ်ခါက် ပြန်ဆုံမိလိမ့်မည်ဟု
လင်းဖုန်းသည် အိမ်မက်ပင် မက်မထားခဲ့ချေ။
"လက်စသတ်တော့ ဒီကောင်မလေးကိုး...
သူမက အခြေခံအုတ်မြစ် အဆင့်က
စွမ်းအားလေးနဲ့ အဝီစိ ငရဲမုန်တိုင်းကို
လွတ်မြောက်နိုင်တာ ကံကောင်းတာပဲ"

သူတို့နှစ်ယောက်တို့သည် တစ်ယောက်၏ တည်ရှိနေမှုကို အာရုံခံမိနေကြသော်လည်း၊ ထူးဆန်းစွာနှင့် မျက်နှာချင်းဆိုင် တစ်ခါမှ မတွေ့ဖူးခဲ့ချေ။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ပြီး ရယ်လိုက်ကာ၊ ထိုအဖြစ်အပျက်သည် ဆယ်နှစ်ကြာခဲ့ပြီဟု စိတ်ထဲက တွက်ချက်နေခဲ့၏။ (ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာထဲမှ အချိန်များကိုပါ ထည့်ပေါင်းထားခြင်း ဖြစ်သည်) အခုအချိန်တွင် သူတို့၏ စွမ်းရည်များမှာ

အကြီးအကျယ် ကွာခြားနေခဲ့ပြီ ဖြစ်သဖြင့်၊ သူသည် အတိတ်ဟောင်းမှ ရန်ငြိုးများကို ဖြေရှင်းရန် စိတ်မဝင်စားတော့ချေ။

သို့သော်လည်း အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေး၊ ကျူးကော်ဖန်းလင်မှာ ထိုကဲ့သို့ မတွေးခဲ့ပေ။ သူမသည် လင်းဖုန်းကို မုန်းတီးစွာနှင့် စိုက်ကြည့်နေခဲ့ကာ အံကိုကြိတ်နေခဲ့၏။ "ဟားဟား! အခု ပြန်တွေ့ပြီဆိုတော့၊ အကြွေးအသစ်ရော အဟောင်းပါ ဆပ်ကြစို့!"

သူမ၏ ပုခုံးပေါ်မှ ရွှေရှာကြွက်လေးက အော်ဟစ်လိုက်သည်။ "ဖန်းလင်၊ နင်က ဒီလိုတွေးနေတယ်လို့တော့ ငါ့ကို မပြောနဲ့နော်"

ကျူးကော်ဖန်းလင်သည် ကောက်ကျစ်စွာနှင့် ပြုံးလိုက်၏။ "ဟုတ်တယ်၊ ငါက အဲ့ဒီအကြောင်းကို တွေးနေတာပဲ"

## စာစဥ် ၁၅ : အပိုင်း ၉

## အပိုင်း ၂၅၉ : အကွက်ဟောင်းကို ပြန်သုံးခြင်း

ကျူးကော်ဖန်းလင်သည် လင်းဖုန်းအား စိုက်ကြည့်နေရင်း ကောက်ကျစ်စွာ ပြုံးလိုက်သည်။ "ငါက ဒီလူဘယ်လောက်အထိ သန်မာလည်း ဆိုတာကိုတော့ မသိဘူး။ ဒါပေမဲ့ သူ့ကို ထွင်းဖောက်ပြီး မမြင်နိုင်ဘူးဆိုတော့၊ သူက တစ်ခုခုပဲ ဖြစ်ရမယ်။ အနည်းဆုံးတော့ ငါတို့ကိုယ့်ကိုယ် ကိုယ်ကွယ်နိုင်မယ့် လူတော့မဟုတ်ဘူး"

"ဒါပေမဲ့လည်း ဒါက တခြားလူတွေလည်း မလုပ်နိုင်ဘူးလို့ မဆိုလိုဘူး။ တခြားသူတွေက မလုပ်နိုင်လည်း ကိစ္စမရှိဘူး။

ဘာဖြစ်လို့လည်းဆိုတော့ ဒီနွားကြီးတွေ သေကုန်ရင်လည်း၊ ငါက ကြားထဲကနေ ဝင်ပြီးမှ ရတနာတွေကို အလစ်သုတ်လို့ ရတာပဲ"

အစိမ်းရောင်ဝတ်စုံနှင့် ကောင်မလေးသည် မြေခွေးကဲ့သို့ ပြုံးလိုက်ကာ ဆက်ပြောလိုက်သည်။ "ပြီးတော့ ငါက ဒီလူဟာ ဟိုနွားအကြီးတွေကို ယှဉ်နိုင်မယ်လို့ မထင်ဘူး။ သူတို့တွေ အထဲမှာ မိစ္ဆာသခင် အဆင့်က နွားတွေပါတာပဲ"

ကြောက်နေပုံရသည့် ကြွက်ကလေးက ပြောလိုက်သည်။ "ဖန်းလင်၊ ဒီလူနဲ့ သွားရှုပ်တာက မကောင်းဘူးလို့ ငါထင်နေတယ်။ သူ့ဆီကနေ မကောင်းတဲ့ ခံစားချက်တွေ ရနေတယ်"

"တကယ်လား?" ကျူးကော်ဖန်းလင်သည် ထိုစကားကြောင့် အနည်းငယ် တွေဝေသွား၏။ ရွှေရှာကြွက်လေးသည် သူ၏ စိတ်ဝိညာဉ် အိမ်မွေးတိရိစ္ဆာန် ဖြစ်သလို၊ သူမ၏ အပေါင်းအဖော်လည်း ဖြစ်၏။ သူ့တွင် ရွှေကြွက်တို့၏ မွေးရာပါ အန္တရာယ်ကို အာရုံခံနိုင်သော ပါရမီလည်း ရှိ၏။

ရွှေရှာကြွက်လေးသည် သူ၏လက်သည်းကို မြှောက်လိုက်ကာ၊ သူ၏ ခေါင်းသေးသေးလေးကို ကုတ်လိုက်ရင်း ပြောလိုက်သည်။ "ခံစားချက်တွေက ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေတော့၊ ငါကလည်း သေချာမပြောတတ်ဘူး။ ဒါပေမဲ့ သိပ်တော့မပြင်းထန်ဘူး။ ဒါပေမဲ့ ဒါကြောင့်ပဲ ငါက ပိုကြောက်နေမိတယ်။ ပုံမှန်ဆိုရင် စိတ်ချရတဲ့ ငါ့ရဲ့ မွေးရာပါ ပါရမီက ရုတ်တရက် အားနည်းသွားခဲ့တယ်"

"ပိုပြီးတော့ ထူးဆန်းလေလေ၊ ဒီလူကို ငါက ပိုစိုးရိမ်လေလေပဲ။ သူက ငါ့ရဲ့ အန္တရာယ်ကို အာရုံခံနိုင်တဲ့ စွမ်းရည်ကိုပါ လှည့်စားနိုင်တယ်"

ကျူးကော်ဖန်းလင်၏ မျက်နှာပေါ်မှ အမူအရာတို့သည် အဆက်မပြတ် ပြောင်းလဲနေသော်လည်း၊ သူမ၏ မျက်နှာပေါ်တွင် ဆုံးဖြတ်ချက် ပြတ်သားသော အကြည့်တစ်ခုသည် ပေါ်လာခဲ့၏။
"ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီလူက အန္တရာယ်ရဲ့ ရှေ့ပြေးနိမိတ်ပဲ ဖြစ်ဖြစ်၊ သူရဲ့အန္တရာယ်က သိပ်ကြီးမယ်လို့တော့ မထင်ပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ငါကအခု လက်စားပြန်ချေမယ်လို့ ဆုံးဖြတ်လိုက်ပြီ" ကျူးကော်ဖန်းလင်သည် အားတက်သရောဖြင့် ပြောလိုက်၏။ "ငါက ဒီကစားပွဲမှာ လောင်းကြေးထပ်လိုက်ပြီ!"

ကောင်မလေးနှင့် သူမ၏ ကြွက်လေးတို့သည် တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားချိန်တွင်၊ လင်းဖုန်းသည် ပြုံးလိုက်၏။ "ကြည့်ရတာ ဒီကောင်မလေးက အကွက်ဟောင်းကို ပြန်သုံးချင်နေတဲ့ပုံပဲ"

သူသည် သူ၏မေးစေ့ကို ပွတ်သပ်နေခဲ့ရင်း၊ "ကြားဖြတ်ပြီးတော့ ရတနာတစ်ပါးကို ခိုးယူချင်နေတယ်?  ဘာရတနာ များပါလိမ့်?"

ကျူးကော်ဖန်းလင်သည် မည်သို့ ဉာဏ်နီဉာဏ်နက်များ ထုတ်လာမည်ကို၊ လင်းဖုန်းသည် အချိန်ကုန်ခံ၍ တွေးမနေခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် သူ၏အရှေ့တွင် ဘာပဲ ပေါ်လာပေါ်လာ၊ အလွယ်တကူ ထိပ်တိုက်ရင်ဆိုင်နိုင်၍ ဖြစ်သည်။

"မင်းကင်္ဂါအပေါ်မှာ
အမြတ်ထုတ်ချင်နေတာလား? မင်းက
ရှုံးနေလို့ပဲ ဖြစ်မယ်" လင်းဖုန်းက
သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။
"မင်းက ဘယ်သူက ဘယ်သူ့ကို
ထိန်းချုပ်နေတယ် ဆိုတာကို မသိဘူးပဲ"

လင်းဖုန်းသည် သူ၏ စိတ်အာရုံတို့ကို
ဖြန့်ကြက်လိုက်ကာ အဝေးမှ နေရာတို့ကို
အာရုံခံလိုက်၏။ မကြာမီတွင် သူ၏
စိတ်အမြင်ထဲတွင် မိစ္ဆာအုပ်စုကြီး
တစ်စုတို့သည် ပေါ်လာခဲ့၏။

ထိုမိစ္ဆာအုပ်စုထဲတွင် အများစုသည် မိစ္ဆာအုပ်ချုပ်သူ အဆင့်သို့ ရောက်နေကြ၏။ ကြည့်ရတာ မိစ္ဆာကလန် တစ်အုပ်စုနှင့် တူနေ၏။

လင်းဖုန်းအား ပို၍ အံ့အားသင့်စေသည်မှာ၊ ထိုရောမ မိစ္ဆာကလန်ကြီး၏ မိစ္ဆာစွမ်းအင်တို့ကို လျှို့ဝှက်ထားနိုင်ခြင်း ဖြစ်သည်။ လင်းဖုန်းသည် သူ၏ပတ်ဝန်းကျင်တို့ကို အတော်ကြီး အာရုံစိုက်ကာ လေ့လာလိုက်မှ သူတို့အား အာရုံခံနိုင်ခဲ့သည်။

ကျူးကော်ဖန်းလင်၏ မှတ်ချက်ကြောင့်သာ
သူက သူ၏ပတ်ဝန်းကျင်ကို ဖိဖိစီးစီး
လိုက်မရှာခဲ့လျှင်၊ သူသည် သူတို့၏
တည်ရှိနေမှုကို သတိထားမိခဲ့မည် မဟုတ်ပေ။

အနီးကပ် စူးစမ်းလေ့လာပြီးနောက်ဝယ်၊
လင်းဖုန်းသည် ထိုမိစ္ဆာများက သူတို့၏
တည်ရှိနေမှုကို လျှို့ဝှက်ခြင်းတွင်
အစွမ်းထက်၍မဟုတ်ကြောင်း သိလာခဲ့သည်။
သူတို့၏ လေထဲမှ မိစ္ဆာအော်ရာများကို
ထိန်းချုပ်ပေးနိုင်သော စိတ်ဝိညာဉ်
စွမ်းအင်တစ်မျိုးက ဖျော့ဖျော့လေး

တည်ရှိနေခြင်းကြောင့်၊ လင်းဖုန်းက သူတို့၏ တည်ရှိနေမှုကို လွတ်သွားခြင်း ဖြစ်သည်။

"ဒီစိတ်ဝိညာဉ် စွမ်းအင်က နဂိုက အရမ်းသိပ်သည်းပေမဲ့၊ သူက မိစ္ဆာစွမ်းအင်တွေကို မျှခြေရောက်အောင် လုပ်ပေးထားရတော့၊ ဖျော့တော့ပြီး မသိမသာ ဖြစ်သွားတဲ့ပဲ" လင်းဖုန်းသည် ချက်ချင်း သဘောပေါက်သွားခဲ့ကာ တွေးလိုက်၏။ "ဟုတ်ပြီ၊ ဒါက မိစ္ဆာတွေက သူတို့အုပ်စုကြီးရဲ့ မိစ္ဆာအော်ရာတွေကို အသုံးချပြီး၊ ဒီစိတ်ဝိညာဉ် စွမ်းအင်ကို တခြားသူတွေ မတွေ့အောင် လျှို့ဝှက်ထားတာပဲ ဖြစ်မယ်"

လင်းဖုန်းသည် ထိုကိစ္စကို ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်း စုံစမ်းရန် ပြင်ဆင်နေဆဲမှာပင်၊ သူ့အား အန္တရာယ်ကို ခံစားမိစေသော စွမ်းအားကြီးမား နက်ရှိုင်းသည် မိစ္ဆာအော်ရာတစ်ခုကို အာရုံခံလိုက်ရ၏။

"ဒါက ဟိုကောင်မလေး ပြောထားတဲ့ မိစ္ဆာသခင်ပဲ ဖြစ်ရမယ်" လင်းဖုန်းက တွေးနေခဲ့သည်။

သူက နောက်ထပ် နက်နက်ရှိုင်းရှိုင်း စုံစမ်းရန် ကြိုးစားလိုက်သည်နှင့်၊ သူ၏ စူးစမ်းမှုများကို ချက်ချင်း သိရှိသွားခြင်းကြောင့်၊ ထိုမိစ္ဆာသခင်၏ စွမ်းအားများသည် တကယ်ပဲ အထင်ကြီးဖွယ်ရာ ရှိပေသည်။

လင်းဖုန်းက နောက်ထပ် နက်ရှိုင်းစွာ လေ့လာရန် ဆုံးဖြတ်လိုက်သည်နှင့်၊ ချက်ချင်းပင် တစ်ဘက်ကသူမှာ သူ၏ တည်ရှိနေမှုကို ဆက်လက်၍ အာရုံမခံနိုင်တော့ပေ။ ထိုမိစ္ဆာသခင်၏ ဖြန့်ကြက်ထားသော မိစ္ဆာစွမ်းအင်တို့မှာ

စိတ်ရှုပ်ထွေးနေခဲ့ပြီး၊ သူက ပုံရိပ်ယောင်တို့ကို မှားပြီးတွေ့လိုက်သည်ဟု စဉ်းစားနေမိသည်။

လင်းဖုန်းကလည်း တွေးနေခဲ့သည်။ "အင်း... ဒီမိစ္ဆာသခင်က ဘာဖြစ်လို့ ငါ့ကို အာရုံခံနိုင်ရတာလဲ? မဟုတ်မှလွဲရော ဟိုရတနာကြောင့်ပဲ ဖြစ်ရမယ်? ပိုပိုပြီးတော့ စိတ်ဝင်စားဖို့ ကောင်းလာပြီ"

အချိန်အနည်းငယ် ကြာပြီးနောက်၊ မိစ္ဆာအုပ်စုအကြားတွင် ရန်းရင်းဆန်ခတ်ဖြစ်ကာ လှုပ်ရှားမှု အချို့ကို အာရုံခံမိလိုက်၏။ မိစ္ဆာအုပ်စုငယ်လေးသည်

အုပ်စုအတွင်းမှ ခွဲထွက်လာခဲ့ကာ၊
လျှင်မြန်စွာနှင့် လင်းဖုန်းရှိရာဆီသို့
ပြေးလာကြ၏။

လင်းဖုန်းသည် ပြုံးရုံပြုံးလိုက်ကာ
ထိုပြောင်းလဲမှုများကို
လျှစ်လျူရှုထားလိုက်ကာ၊ လမ်းကိုသာ
အေးအေးဆေးဆေး ဆက်လျှောက်နေသည်။

သိပ်မကြာမီတွင် လေထဲတွင် များပြားလှသော
မိစ္ဆာစွမ်းအင်တို့မှာ ပေါ်ပေါက်လာခဲ့ကာ၊
လင်းဖုန်း၏ အနားကို ရောက်လာခဲ့သည်။
ညို့မည်းနေသော တိမ်တိုက်များသည်

မိုးရွာချရန် ငြင်းဆန်ခဲ့သကဲ့သို့၊ လင်းဖုန်းသည် မိစ္ဆာစွမ်းအင် အကြားတွင် ဖိနှိပ်ထားသော ကြမ်းတမ်းသည့် သဘာဝများကို အာရုံခံမိခဲ့သည်။

"ဒုန်း!ဒုန်း!ဒုန်း!"

မိစ္ဆာတို့၏ လေးလံလှသော ခြေလှမ်းသံတို့မှာ စစ်မြေပြင်ထက်မှ ထောင်သောင်းချီသော စစ်ပုံစစ်မောင်းများကဲ့သို့၊ မိုးခြိမ်းသံအလား ပဲ့တင်ထပ်နေကြသည်။

လင်းဖုန်းမှာ စိတ်ဝင်စားစွာဖြင့်
သူ၏ခြေလှမ်းတို့ကို ရပ်တန့်လိုက်ကာ၊
သူတို့၏ရောက်အလာကို စိတ်ရှည်စွာနှင့်
စောင့်နေခဲ့သည်။

ခဏအကြာတွင် အဝေးမှ တောင်များမှနေ၍
ရောမ ဖုန်လုံးကြီးကို တွေ့နေရသည်။
အချို့သော တောင်ပူစာ အသေးလေးတို့သည်
သူတို့၏ ပြင်းထန်သော လှုပ်ရှားမှုတို့ကြောင့်
ကြေမွကုန်ကြသည်။

အစက ကြည်လင်နေသော ရာသီဥတုမှာ
တိမ်မည်းများဖြင့် ညို့မှိုင်းလာခဲ့ကာ၊
မိုးကြိုးမုန်တိုင်း တစ်ခုက အစပြုနေခဲ့သည်။

ထိုမိစ္ဆာတို့၏ အသွင်အပြင်ကို မြင်ရသောအခါ၊
လင်းဖုန်းသည် အနည်းငယ် အံ့ဩသွားခဲ့ကာ
စိတ်ရှုပ်ထွေးသွားခဲ့သည်။

သူတို့သည် ဧရာမ ခန္ဓာကိုယ်ကြီးများနှင့်
မီးခိုးရောင်နွားများ ဖြစ်ကြသည်။
သို့သော်လည်း သူတို့တွင် ဦးချိုများ မရှိပဲ
ခြေတစ်ချောင်းသာ ရှိသည်။ သူတို့၏
ခန္ဓာကိုယ်များသည်

နေရောင်လရောင်များကဲ့သို့ အရောင်တောက်နေကြသည်။ သူတို့၏ ဟိန်းဟောက်သံများသည် မိုးခြိမ်းသံအလား ဖြစ်နေကြ၏။

လင်းဖုန်းသည် ထိုသားရဲများကို စိတ်ဝင်တစားဖြင့် ကြည့်နေခဲ့၏။ "ငါမှတ်ထားတာ မမှားရင်၊ သူတို့တတွေက ကွေ့န္တားတွေပဲ ဖြစ်ရမယ်? ဒဏ္ဍာရီတွေရဲ့ အဆိုအရ သူတို့က အရှေ့ကမ်းရိုးတန်းက စိတ်ဝိညာဉ် တောင်တန်းတွေပေါ်မှာ နေထိုင်ကြတာပဲ။ သူတို့က ဘယ်လိုလုပ်ပြီး

အနောက်ပိုင်းက ခွန်းလွန်တောင်ပေါ်ကို ရောက်လာကြတာလဲ?"

သူတို့သည် ရေ၏ပြင်ပတွင် အသက်မရှင်နိုင်သည့်တော့ မဟုတ်ပေ၊ သို့သော်လည်း သူတို့သည် အဘယ်ကြောင့် သက်တောင့်သက်သာ ဖြစ်သော လက်ရှိနေရာမှ ထွက်ခွာလာခဲ့သနည်း?

"မဟုတ်မှလွဲရော၊ ဟိုရတနာကြောင့်ပဲ ဖြစ်ရမယ်?" လင်းဖုန်းသည် ထိုရတနာကို ပို၍ပို၍ စိတ်ဝင်စားလာခဲ့သည်။ သို့သော်လည်း သူ၏အရှေ့မှ

မိန္ဒာအုပ်ချုပ်သူများသည် သူ့အား
ကြိုဆိုနှုတ်ဆက်ချင်ပုံ ပေါက်မနေခဲ့ချေ။

ကွေန္တားများ အတွင်းမှ အသန်မာဆုံး
မိန္ဒာအုပ်ချုပ်သူသည် နှစ်မီတာခန့် အမြင့်ရှိပြီး၊
လင်းဖုန်းအား ငုံ့ကြည့်နေခဲ့ကာ
လူသားစကားဖြင့် ပြောလိုက်၏။ "မင်းက
ကောင်မလေးကို အကာအကွယ်
ပေးနေတဲ့သူလား?"

သူသည် လူသားစကားဖြင့် ပြောလိုက်ခြင်း
ဖြစ်သော်လည်း၊ သူ၏အသံမှာ
မိုးခြိမ်းသံအလား ဖြစ်နေ၏။

လင်းဖုန်းက မျက်မှောင်ကြုတ်လိုက်ရင်း ပြန်ဖြေလိုက်၏။ "ကျုပ်က ခင်ဗျားပြောတဲ့ မိန်းကလေးနဲ့ ဘာပတ်သတ်မှုမှ မရှိပါဘူး"

သူသည် သူ၏အရှေ့က ကွေ့နွှားများကို ကြည့်လိုက်ကာ ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ တိုက်ဆိုင်တယ်လို့ ပြောရမှာပဲ၊ ကျုပ်တို့က ရည်ရွယ်ချက် တူနေကြတယ်ဗျ"

"ခင်ဗျားတို့ရဲ့ မိစ္ဆာစွမ်းအင်တွေနဲ့ ကွယ်ဝှက်ဖို့ ကြိုးစားနေတဲ့ ရတနာက ဘာများလဲ?"

လင်းဖုန်း၏ မေးခွန်းကို ကြားရအပြီးတွင်၊ ထိုမိစ္ဆာအုပ်ချုပ်သူသည် ဒေါသအိုး ပေါက်ကွဲသွားခဲ့၏။ "လက်စသတ်တော့၊ မင်းတို့က အမျိုးတူတွေပဲ!"

သူ၏ဒေါသထွက်မှုသည် သူ့ကိုယ်ပေါ်မှ မိုးကြိုးတိမ်တိုက်များကို ထွက်ပေါ်လာစေခဲ့ပြီး၊ နေရောင်လရောင်တို့နှင့် ပေါင်းစပ်သွားခဲ့ကာ၊ တောက်ပသော အလင်းစက်လေး တစ်ခုသည် လင်းဖုန်းထံသို့ လွင့်ပျံလာခဲ့သည်။

သူသည် လင်းဖုန်းနှင့်
မထိတွေ့ရသေးချိန်တွင်ပင်၊ ဝမ်းသာနေသော
အသံတစ်ခုသည် ကျယ်လောင်စွာနှင့်
ပေါ်ထွက်လာခဲ့သည်။ "အိုးးး!
ကွေ့နွားတစ်ကောင်!"

အသားဖြူဖြူနှင့် ချစ်စရာကောင်းသော
ကောင်မလေးတစ်ယောက်သည် လင်းဖုန်း၏
အရှေ့တွင် ပေါ်လာခဲ့ကာ၊ သူမ၏
မျက်လုံးအစုံမှ အစိမ်းရောင် အလင်းတန်းများ
ထွက်ပေါ်လာခဲ့သည်။ သူမသည် သူမ၏
ပါးစပ်သေးသေးလေးကို ဟလိုက်ရာ
ပြင်းထန်သော စုပ်အားတစ်ခု

ပေါ်ထွက်လာခဲ့ကာ၊ ထိုမိစ္ဆာအုပ်ချုပ်သူ ထုတ်လွှတ်လိုက်သော မိစ္ဆာအလင်းစက်လေးသည်၊ သူမ၏ ပါးစပ်အတွင်းသို့ တန်းဝင်သွားခဲ့သည်။

ကွေ့နွားမိစ္ဆာအုပ်ချုပ်သူသည် တုန်ခါသွားခဲ့ပြီး အော်ဟစ်လိုက်သည်။ "သန့်စင်တဲ့ သွေးမျိုးဆက် တောက်တီ?

ဟုတ်သည်၊ သူမသည် တောက်တီမလေး ထွမ်းထွမ်းဖြစ်သည်။ သူမသည် တစ်ခစ်ခစ်နှင့် ရယ်လိုက်ရင်း၊ "ဟော့၊ နင်ကဘာကို

စောင့်နေတာလဲ? ဒီကောင်ကြီးတွေက
ရှားပါးပြီး အရသာလည်း အရမ်းရှိတာ"

ကွေနွားမိစ္ဆာအုပ်ချုပ်သူ၏ အမွေးများမှာ ထောင်လာခဲ့ပြီး၊ အန္တရာယ် အငွေ့အသက်တို့ကို ခံစားလိုက်ရ၏။ သူကဘာမှ မတုံ့ပြန်နိုင်သေးခင်မှာပင်၊ ကောင်လေးတစ်ယောက်၏ အသံကို ကြားလိုက်ရ၏။ "ငါက ဒီလောက်အထိကြီးတဲ့ ခန္ဓာကိုယ်ကြီးကို ခြေတစ်ချောင်းထဲနဲ့ ဘယ်လိုလုပ် ထောက်ကန်ထားနိုင်သလဲ ဆိုတာကို အံ့သြနေတာ၊ ပြီးတော့ တည်တည်ငြိမ်ငြိမ်လည်း ရှိတယ်ဟ"

ရှောင်ပုတန်လေးသည် မိစ္ဆာအုပ်ချုပ်သူ၏ တစ်ချောင်းတည်းသော ခြေထောက်ကို ပုတ်နေသည့် အချိန်တွင်၊ ထွမ်းထွမ်းက ရယ်လိုက်သည်။ "ဒီခြေချောင်းပေါ်က အသားရဲ့ အရသာက အကောင်းဆုံးပဲ!"

"မင်းတို့က သတ္တိကောင်းလှချည်လား!" မိစ္ဆာအုပ်ချုပ်သူသည် ဒေါသဖြင့် အော်လိုက်ကာ၊ သူ၏ကိုယ်ပေါ်မှ မိစ္ဆာအလင်းစက်လေးသည် ထပ်မံတောက်ပလာခဲ့သည်။ ထူးဆန်းသော အကြောင်းအရာ တစ်ခုကြောင့်၊ သူသည်

ကောင်းကင်မှ မိုးကြိုးမုန်တိုင်းများနှင့်
ဆက်စပ်နေကာ၊ ကြောက်မက်ဖွယ်
စွမ်းအားတို့သည် စတင်စုစည်းမိလာကြ၏။

သူ၏အနောက်မှ ကွေ့နွားတို့သည်လည်း
ကျယ်လောင်စွာနှင့်
ဟိန်းဟောက်လိုက်ကြကာ၊ သူတို့ကိုယ်တွင်းမှ
မိစ္ဆာစွမ်းအင်တို့ကို ထုတ်ဖော်လိုက်ကြပြီး၊
ကောင်းကင်ပေါ်မှ မိုးကြိုးမုန်တိုင်းတို့နှင့်
စတင်ဆက်သွယ်လိုက်ကြသည်။

မိုးကြိုးမုန်တိုင်း အတွင်းတွင်
မရေမတွက်နိုင်သော လျှပ်စီးကြောင်းများ

လက်နေကြကာ၊ မူလက ဖရိုဖရဲ ဖြစ်နေကြသော ပုံစံမှနေ တစ်ခုနှင့်တစ်ခု ပူးပေါင်းလိုက်ကြသည်။ သိပ်မကြာမီတွင် သူတို့သည် တစ်ခုတည်း အဖြစ်ကို ပေါင်းစည်းသွားကြကာ၊ မှောင်မည်းနေသော ကောင်းကင်ယံကို နေ့အလား လင်းထိန်သွားစေခဲ့သည်။

ရှောင်ပုတန်လေးသည် မိုးကောင်းကင်ကို မော့်ကြည့်လိုက်ကာ တစ်ခစ်ခစ်နှင့် ရယ်လိုက်သည်။ "အရှုံးပေးပြီး၊ ငါ့ရဲ့အစာအဖြစ် လက်ခံလိုက်ပါ။ ဘာခုခံမှုမှ အလုပ်ဖြစ်မှာ မဟုတ်ဘူး"

သူသည် သူ၏လက်ကို ဖွေ့ယမ်းလိုက်ရာ၊ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုနှင့် အဝါရောင်ကောင်းကင် ခေါင်းလောင်းတူတို့သည်၊ သူ၏လက်ထဲတွင် ပေါ်လာခဲ့သည်။ ဘယ်လက်က ဆေးမီးဖို၊ ညာလက်က တူလေးကို ကိုင်ထားလိုက်ကာ၊ ရှောင်ပုတန်လေးသည် မီးဖိုကို တူဖြင့်ဖွဖွလေး ခေါက်လိုက်၏။

ချက်ချင်းဆိုသလိုပင် မယုံနိုင်ဖွယ်ရာ ကျယ်လောင်သော အသံတစ်ခုသည်

ပေါ်ထွက်လာခဲ့ကာ၊ ကောင်းကင်ပေါ်မှ
မိုးကြိုးတို့ကို လွှမ်းမိုးသွားနိုင်ခဲ့သည်။

ရွှေရောင်အသံ လှိုင်းတွန့်များသည်
မိုးကုတ်စက်ဝိုင်း တစ်လျှောက်
ပျံ့လွင့်သွားခဲ့သည်ကို တွေ့လိုက်ရပြီး၊
ကောင်းကင်ပေါ်မှ မိုးကြိုးလျှပ်စီးတို့သည်
ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။
ဖိနှိပ်ထားသော အနက်ရောင်
မိုးကြိုးတိမ်တိမ်များပင် ထိုအသံလှိုင်းများ၏
ဖျက်ဆီးခြင်းကို ခံလိုက်ရ၏။

ကောင်းကင်ယံသည် ညစ်ပေနေသော အရာများကို ဆေးကြောသုတ်သင်ပြီးသကဲ့သို့၊ မူလအရောင်ဖြစ်သော မိုးပြာရောင်ကို ပြန်လည်ရရှိသွားခဲ့သည်။

သူ၏အရှေ့မှ ကွေ့နွားအုပ်စုသည် ရွှေရောင်အသံလှိုင်းများ၏ ရိုက်ခတ်မှုကြောင့် အနောက်ကို လွင့်စင်သွားကြ၏။ သူတို့၏ မျက်နှာပေါ်မှ အရောင်များ ပျောက်ကုန်ကြ၏။ သူတို့သည် ရောင်ပုတန်လေး၏ ပြိုင်ဘက်မဟုတ်ကြောင်း ချက်ချင်းပင် သိလိုက်ကြ၍၊

နောက်သို့ပြန်လှည့်ကာ
ပြေးရန်ဟန်ပြင်လိုက်ကြ၏။

သို့သော်လည်း ရှောင်ပုတန်လေးနှင့်
ထွမ်းထွမ်းတို့မှာ၊ သူတို့၏ အစာများကို
အဘယ်မှာ လက်လွှတ်ခံနိုင်ပါ့မည်နည်း?

လျှင်မြန်စွာ ပူးပေါင်းလှုပ်ရှားလိုက်ကာ၊
သူတို့နှစ်ယောက်သည် ကျွန်အားလုံးကို
ထိန်းသိမ်းလိုက်၍၊ ခုခံမှုအားလုံးကို
သွက်လက်စွာဖြင့် ဖြေရှင်းလိုက်ကြသည်။

အဝေးမှ တောအုပ်လေးထဲတွင်၊ ကျူးကော်ဖန်းလင်နှင့် ရွှေရှာကြွက်လေးတို့ နှစ်ဦးစလုံးတို့မှာ ထိုအရာကို မြင်လိုက်သောအခါ မေးရိုးများ ပြုတ်ကျကုန်ကြသည်။ ကျူးကော်ဖန်းလင်က ထစ်ငေါ့ထစ်ငေါ့ဖြင့် ပြောလိုက်၏။ "ဒါ.. ဒါက မိစ္ဆာအုပ်ချုပ်သူ အဆင့်က ကွေ့နွှားဆယ်ကောင်ကျော် ရှိတယ်မဟုတ်လား? သူတို့က ဘယ်လိုလုပ်ပြီး ဒီလောက်အထိ လွယ်လွယ်ကူကူ ဖမ်းဆီးနိုင်ရတာလဲ?"

ရွှေရှာကြွက်လေးသည် ပြင်းထန်စွာနှင့် ခေါင်းညိတ်လိုက်၏။ "ဟုတ်တယ်၊ အရမ်းရှုးမိုက်တာပဲ။ ဖန်းလင်၊ ငါတို့မြန်မြန် ထွက်ပြေးရင် ကောင်းမယ်နဲ့တူတယ်"

ကျူးကော်ဖန်းလင်သည် လင်းဖုန်းအား အခဲမကျေဖြစ်လှစွာနှင့် စိုက်ကြည့်လိုက်ပြီး ပြောနေခဲ့သည်။ "သူရဲ့ကံက ဘာဖြစ်လို့ ဒီလောက်ကောင်းရတာလဲ? ဟိုနွားတွေက သူ့ကို အမှုန့်ခြေလိုက်ခါနီးမှာ၊ ကောင်စုတ်လေးနှစ်ကောင်က ဝင်လာကယ်လိုက်တယ်"

လင်းဖုန်းသည် ကွေ့နွား မိစ္ဆာအုပ်ချုပ်သူထံသို့ လျှောက်သွားလိုက်ကာ ပြုံးဖြီးဖြီးဖြင့် မေးလိုက်သည်။ "မင်းကငါ့ရဲ့ မေးခွန်းကိုဖြေဖို့ ဆန္ဒရှိပြီလား?"

မိစ္ဆာအုပ်ချုပ်သူသည် မကျေနပ်လှစွာဖြင့် ပြောလိုက်၏။ "ဟိုကောင်စုတ်လေးနှစ်ကောင်သာ ပေါ်မလာလို့ရှိရင်၊ ငါကမင်းကို ပြားနေအောင် နင်းပစ်လိုက်ပြီ!"

"အိုး၊ တကယ်ပဲလား?" လင်းဖုန်းက စပ်ဖြီးဖြီးလုပ်လိုက်ကာ ရှောင်ပုတန်လေးအား

ကြည့်လိုက်သည်။ "အဲ၊ မင်းသာမလာခဲ့ရင်၊ ငါကတော့ သူ့ရဲ့တက်နင်းတာကို ခံရတော့မှာပဲ"

ရှောင်ပုတန်လေးသည် အူတက်မတတ် ရယ်လိုက်ကာ ကွေ့နွား မိစ္ဆာအုပ်ချုပ်သူ၏ ခေါင်းပေါ်သို့ ခုန်တက်လိုက်ပြီး၊ သူ၏ခြေမဖြင့် သူ၏ခေါင်းအား ခေါက်လိုက်သည်။ "မင်းရဲ့နွားမျက်လုံးကို အကျယ်ကြီးပြူးပြီး သေချာကြည့်လိုက်ဦး။ သူကငါ့ရဲ့ ဆရာပဲ။ မင်းကဘယ်သူ့ကို တက်နင်းချင်နေတာလဲ?"

"မင်းကိုနောက်ဆုံးအနေနဲ့ တစ်ခါမေးမယ်။
မင်းကဘယ်သူ့ကို တကယ်နှင်းချင်နေတာလဲ?"

## စာစဥ် ၁၅ : အပိုင်း ၁၀

## အပိုင်း ၂၆၀ : တစ်ယောက်တည်း အသက်ရှင်ကျန်ရစ်သူ

ရှောင်ပုတန်လေးကို ကြည့်လိုက်ပြီးနောက် လင်းဖုန်းအား ကြည့်လိုက်က၊ ကွေ့နွှားတစ်ကောင်ချင်းဆီ၏ မျက်လုံးတို့သည် ပြူးကျယ်ကုန်ကြပြီး

တိုင်ပင်ထားသည်အတိုင်း တပြိုင်နက် အော်ဟစ်လိုက်ကြသည်။

တောင်ကုန်းလေးပေါ်တွင် ကျူးကော်ဖန်းလင်၏ မျက်လုံးအစုံသည် ပို၍ ပြူးကျယ်သွားခဲ့ကာ၊ ဆွံ့အသွားခဲ့၏။ သူမ၏ပုခုံးပေါ်တွင် ရွှေရှာကြွက်လေးသည် အော်ဟစ်လိုက်၏။ "တပည့်ကတောင် ဒီလောက်ကြမ်းနေပြီ… ဆရာက?" ဖန်းလင်း၊ ပြေး၊ ပြေး! ဒီလူက… တစ်ရာ၊ မဟုတ်သေးဘူး၊ နင့်လိုမျိုး လူတစ်ထောင်ကတောင် သူ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး!"

သတိပြန်ဝင်လာခဲ့သော ကျူးကော်ဖန်းလင်သည် ခေါင်းကို အပြင်းအထန် ညိတ်လိုက်ကာ၊ အနောက်ကိုလှည့်၍ အမြန်ပြေးရန် ဟန်ပြင်လိုက်၏။

ဒီအချိန်တွင် အသံတစ်သံသည် သူတို့၏ နားအတွင်းတွင် ပေါ်လာခဲ့၏။ "အစောကြီး ထွက်သွားတော့မလို့လား?"

ကျူးကော်ဖန်းလင်နှင့် ရွှေရှာကြွက်လေးတို့အား ခရမ်းရောင်

ခါတော်မှေ့များသည် ဖုံးလွှမ်းသွား၏။ သူတို့နှစ်ယောက် စလုံးတို့သည် သူတို့၏မျက်လုံးအရှေ့ရှိ ကမ္ဘာကြီးသည် ချာချာလည်သွားသည်ဟု ခံစားလိုက်ရ၏။ သူတို့၏ မြင်ကွင်းများ ပြန်လည်ကြည်လင်လာချိန်တွင်၊ လင်းဖုန်း၏ ပဟေဠိဆန်လှသော မျက်နှာသည် သူတို့၏ အရှေ့တွင် ပေါ်လာခဲ့၏။

ကျူးကော်ဖန်းလင်သည် ဟန်လုပ်ကာ အစွမ်းကုန် ပြုံးပြလိုက်၏။ "ဒီ.. ဒီက ဆရာသခင်ကို၊ ကျွန်မတို့က ဘာများလုပ်ပေးရပါ့မလဲ?"

လင်းဖုန်းသည် သူမအား ခေတ္တမျှ အကဲခတ်လိုက်၏။ သူ၏အကြည့်တို့သည် သူမ၏ ပုခုံးပေါ်မှ ရွှေရှာကြွက်လေးပေါ်သို့ ကျရောက်သွား၏။

ရွှေရှာကြွက်လေးသည် တုန်ခါသွားပြီး၊ လူသားလေသံဖြင့် ပြောလိုက်သည်။ "ဟုတ်၊ ဟုတ်ကဲ့၊ ဆရာသမား၊ နိမ့်ကျလှတဲ့ ကျွန်တော်မျိုးက ဘာများလုပ်ပေးရပါ့မလဲ? ကျေးဇူးပြုပြီး ညွှန်ကြားပါ!"

"မင်းတို့က ငါ့ကို အလောင်းအစား
လုပ်ချင်နေတာ မဟုတ်ဘူးလား?"
လင်းဖုန်းက ခံစားချက် ကင်းမဲ့စွာဖြင့်
ပြောလိုက်သည်။ "ဟိုကွေ့နွားတွေက ဘာကို
စောင့်ရှောက်နေကြတာလဲ?
ဘာရတနာများလဲ?"

ကျူးကော်ဖန်းလင်သည် ခေါက်ဆွဲပြုတ်
တစ်မျှင်ကဲ့သို့ အားနည်းသွားသလို
ခံစားလိုက်ရပြီး၊ ရပ်နိုင်ဖို့ပင်
အားမရှိတော့ချေ။ သူမနှင့်
ရွှေရှာကြွက်လေးတို့၏ စကားတို့ကို

လင်းဖုန်းက အကုန်ကြားပြီးပြီဟု သဘောပေါက်သွားခဲ့သည်။

ထိုကဲ့သို့ ရှာဖွေတွေ့ရှိမှုက သူမ၏ နောက်ဆုံးကျန်သော ခုခံနိုင်စွမ်းတို့ကို ဖယ်ရှားပစ်လိုက်သည်။

"သွားပြီ၊ ငါတော့ တကယ်သွားပြီ" ကျူးကော်ဖန်းလင်သည် ကူရာမဲ့စွာနှင့် ဝန်ခံလိုက်ရ၏။ "ကျွန်မသိထားသလောက်က ဒါဟာ စိတ်ဝိညာဉ် စွမ်းအင်တွေ အလွန်ကြွယ်ဝတဲ့၊ စိတ်ဝိညာဉ် ပန်းတစ်ပွင့်

ဒါမှမဟုတ် ဆေးပင်တစ်ခုပါပဲ၊
ကျန်တာတွေကိုတော့ ဘာမှမသိပါဘူး"

ရွှေရှာကြွက်လေးသည် အလောတကြီးနှင့်
ခေါင်းညိတ်ကာ ထောက်ခံလိုက်၏။
"ကျွန်တော်တို့ကလည်း အနားကို
သိပ်မကပ်ရဲဘူး။ ဟိုကွေ့နွားဘုရင်ရဲ့
အာရုံခံနိုင်စွမ်းက အရမ်းကို ထက်မြက်တယ်။
သူက မြက်တစ်ပင် လှုပ်တာကအစ
သတိပြုနိုင်တယ်"

သူတို့အကြားမှ ကြီးမားသော
ကွာဟချက်များကြောင့်၊ လင်းဖုန်းသည်

သူတို့၏ စိတ်ခံစားချက်
အပြောင်းအလဲများနှင့် အတွင်းစိတ်
လှုပ်ရှားမှုများကို လွယ်ကူစွာ
အာရုံခံနိုင်ခဲ့သည်။ သူမ၏ စိတ်ဝိညာဉ်
အတွင်းသို့ ဝင်မကြည့်လျှင်ပင်၊ သူမသည်
လိမ်ညာနေသလား၊
အမှန်ပြောနေသည်လားကို သိနိုင်၏။

ကျူးကော်ဖန်းလင်နှင့်
ရွှေရှာကြွက်လေးတို့သည် အမှန်အတိုင်း
ပြောနေကြသည်ကို တွေ့လိုက်ပြီးနောက်၊
လင်းဖုန်းသည် သူတို့အား ခဏထားလိုက်ကာ
ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့

ဖမ်းဆီးထားကြသည့် ကွေ့န္ဓားတို့ကို
လှည့်ကြည့်လိုက်သည်။

ကွေ့န္ဓားအုပ်စုတို့သည် ခေါင်းတို့ကို
ငုံ့ထားကြသော်လည်း၊ အညံ့ခံသည့်ပုံ
ပေါက်မနေပေ။ တိတ်ဆိတ်နှင့် ဆန့်ကျင်ကာ၊
စကားမပြောပဲ ခေါင်းမာကြမည့်ပုံ
ပေါက်နေကြသည်။

"န္ဓားသိုးတွေလို တစ်ယူသန်ကြတဲ့ သူတွေပဲ"
န္ဓားသိုးများသည် သဘာဝအရ
တစ်ယူသန်ကြ၏။ ကွေ့န္ဓားများသည်
ထိုလမ်းစဥ်အတိုင်း လိုက်နေကြ၏။

သူတို့၏ အသက်တို့သည် သူတစ်ပါး၏ လက်အတွင်းသို့ ရောက်နေခဲ့သော်လည်း၊ သူတို့သည် အရှုံးပေးရန် ငြင်းဆန်နေကြ၏။

လင်းဖုန်းသည် သူတို့အား ခံစားချက်ကင်းမဲ့စွာဖြင့် ကြည့်လိုက်ကာ၊ ရှောင်ပုတန်လေးအား ခေါင်းညိတ်ပြလိုက်သည်။ "ပြုတ်စားမလား၊ ချက်စားမလား? မင်းသဘောပဲ"

"ကျွန်တော်က ပြုတ်တာကိုကြိုက်တယ်" ရှောင်ပုတန်လေးက ကွေးနွားများကို

စိုက်ကြည့်လိုက်ကာ အသံသဲ့သဲ့ဖြင့် ကြိတ်ရယ်လိုက်၏။ သူ၏မျက်လုံးများမှာ သိုးများကို စိုက်ကြည့်နေသော ဝံပုလွေ တစ်ကောင်၏ မျက်လုံးများနှင့် တူနေ၏။ "မူလအရသာ မပျက်ပဲ၊ အသားတွေအပြင် စွတ်ပြုတ်အရည် အများကြီးလည်း ရဦးမယ်"

ခေါင်းမာနေကြသော ကွေ့နွားများမှာ ထိုစကားကို ကြားရသော်လည်း တိတ်ဆိတ်နေကြမြဲဖြစ်သည်။ သို့သော်လည်း အတော်များများတို့၏ ခန္ဓာကိုယ်တို့မှာ အဆက်မပြတ် တုန်ခါလာကြ၏။

သူတို့သည် သေရမည်ကို မကြောက်ပေ။ သို့သော်လည်း သေပြီးနောက် သူတစ်ပါးတို့၏ အစာဖြစ်ရမည်ကို တွေးမိသောအခါ သူတို့၏ ရင်ထဲတွင် ဝမ်းနည်းမှုများဖြင့် ပြည့်လာကြ၏။ သူတို့၏ စိတ်ပျက်ဝမ်းနည်းမှုတို့မှာ သေရမည်ကို ကြောက်ခြင်းသက်သက်ထက် အများကြီးပို၏။

လင်းဖုန်းက သူ၏ပါးစပ်ကို ဟပြီးနောက်တွင်၊ ရှောင်ပုတန်လေးကလည်း ဘာဆက်လုပ်ရမည်ကို သဘောပေါက်ပြီး ဖြစ်သည်။ သူသည် ကွေ့နွားများကို အသေးစိတ် အကဲခတ်လိုက်ကာ၊

အတုန်ခါနေဆုံး ဖြစ်ကြသော
နွားသုံးကောင်အား ရွေးချယ်လိုက်၏။

ထိုကွေနွားသုံးကောင်မှာ အတန်ငယ်
ငယ်ကြသေး၏။ သူတို့သည် မိစ္ဆာဗဟိုချက်ကို
ဖော်ဆောင်ထားကြသည်မှာ မကြာကြသေးပဲ၊
မိစ္ဆာအုပ်ချုပ်သူ အဖြစ်ကို
ရောက်ခဲ့ကြသည်မှာ မကြာကြသေးချေ။

သူတို့၏ အသက်နှင့် ကျင့်ကြံမှု
အမြန်နှုန်းနှင့်ဆိုလျှင်၊ သူတို့သည်
ကွေနွားအုပ်စုကြားထဲတွင် ပါရမီရှင်များဟု
သတ်မှတ်၍ရသည်။ သူတို့၏ အရှေ့တွင်

တောက်ပလှသော အနာဂတ်တို့က
စောင့်နေကြသည်။

မိစ္ဆာဗဟိုချက်တို့ကို စတင်ဖော်ဆောင်ပြီး၍
အဆုံးမဲ့ အလားအလာများ၊ မာနအပြည့်နှင့်
နှလုံးသားတို့နှင့် အနာဂတ်ကို
မျှော်လင့်နေကြသူများ။ သူတို့သည် ယခုကဲ့သို့
အသက်ငယ်ငယ်ရွယ်ရွယ်နှင့်
မသေသေးလိုကြပေ။

သူတို့၏ အရှေ့တွင် တောက်ပနေသော
အနာဂတ်က စောင့်ကြိုနေ၏။
မိစ္ဆာဗဟိုချက်ကို စတင်ဖော်ဆောင်ပြီး၍၊

မိစ္ဆာအုပ်ချုပ်သူအဖြစ်သို့ ရောက်သွားခဲ့ပြီး၊ သူတို့၏ ဘဝသည် အခုမှ အစပင် ရှိသေးသည်။

သူတို့၏ မာနများဖြင့် သေခြင်းတရားကို သတ္တိအပြည့်ဖြင့် ရင်ဆိုင်နိုင်၏။ သို့သော်လည်း သေပြီးနောက်တွင်၊ သူတို့၏ အရှေ့မှ လူသားကောင်စုတ်လေး၏ စားသောက်ခြင်းကို ခံရပေမည်။ ဒါသည် သူတို့အတွက် လက်မခံနိုင်သော အရာဖြစ်ပြီး၊ သူတို့၏ သန္ဒိဋ္ဌာန်တို့ကို ယိမ်းယိုင်စေ၏။

လင်းဖုန်းအနေဖြင့် ဘာမှလုပ်ဆောင်ရန်ပင် မလိုခဲ့ချေ။ ရှောင်ပုတန်လေးသည် သူ၏ သမုဒ္ဒရာကဲ့သို့ ကျယ်ပြန့်လှသော မှော်စွမ်းအင်တို့ကို အစွမ်းကုန် ထုတ်လွှတ်လိုက်၏။ ပြိုင်ဘက်ကင်း စွမ်းအားများသည် ထိုကွေန္နားသုံးကောင်တို့၏ နောက်ဆုံး စိတ်ခါတ် ခံစစ်များကို ကျိုးပေါက်စေခဲ့သည်။

ထိုစွမ်းအင် - သူတို့၏ အရှေ့တွင် ရပ်နေသောသူသည် ချစ်စရာကောင်းသည် ဆယ်ကျော်သက် လူသားကောင်လေး မဟုတ်ပဲ၊ သူတို့ကို အရှင်လတ်လတ်

အခွံနွာကာ ဝါးမျိုမည့်၊ သူတို့၏
ဘုရင်ထက်ပင် ကြမ်းတမ်းသွေးဆာသည့်
ရှေးဟောင်းသားရဲ တစ်ကောင်နှင့်
တူနေပေသည်။

'ဥပမာ ပြလိုက်ပါ'၊ 'သင်ခန်းစာ ပေးလိုက်ပါ'
စသော ခြိမ်းခြောက်ခြင်းများ မလိုခဲ့ပေ။
ရှောင်ပုတန်လေး၏ အရှေ့တွင် မည်သူမှ
သူသည် သက်သက်မဲ့ စနောက်နေခြင်း၊
ကြောက်ရွံ့အောင် ခြိမ်းခြောက်နေခြင်းဟု
ထင်နေမည် မဟုတ်ချေ။

ထိုသွေးဆာနေသော ကောင်လေးသည်
ထိုကဲ့သို့သော အရာများကို လုပ်နေကျဖြစ်၏။
ဘာမှ ဟန်ဆောင်ပြီးမှ ကြွားဝါနေစရာ
မလိုချေ။ သူသည် ယခုကဲ့သို့ ပြုမူရခြင်းကို
ပျော်နေပုံပေါက်၏။

သူသည် တကယ်မလုပ်ဟု ယူဆခဲ့လျှင်ပင်၊
သူ၏ဘေးတွင် မျက်လုံးများ
အရောင်တောက်နေ၍ သွားရည်များ
ကျနေသော နတ်ဆိုးတစ်ကောင် ရှိနေ၏။

ဒီတစ်ယောက်သည် အစိမ်းလိုက်
မျိုချရသည်ကို ပိုကြိုက်ပေသည်။

ထိုမြင်ကွင်းကို ကြည့်လိုက်ပြီးနောက်၊
လင်းဖုန်း၏ နှုတ်ခမ်းအစုံသည် တွန့်သွားခဲ့၏။
"ဟင်း၊ ဒီလိုမျိုး စစ်ဆေးမေးမြန်းခြင်းဟာ၊
တကယ်ပဲ ရက်စက်လွန်းရာ ကျပါပေတယ်"

ထိုနွားပျိုသုံးကောင်တို့၏ စိတ်ခါတ်ခံစစ်မှာ
လုံးဝကျိုးပေါက်သွားကြကာ၊ သူတို့သိသမျှ
အရာအားလုံးတို့ကို ကရားရေလွှတ်
တစ်တွတ်တွတ်ဖြင့် ပြောကြလေတော့သည်။
အသက်ချမ်းသာပေးဖို့ကိုပင်
မတောင်းဆိုကြချေ၊ သူတို့သေပြီးနောက်တွင်

ရှောင်ပုတန်လေး၏ ဟင်းခွက်မဖြစ်လျှင် တော်ပြီဖြစ်သည်။

"ဆာရို သံမဏိသစ်ပင်?" ဤအရာကို ကြားပြီးနောက်တွင်၊ လင်းဖုန်း၏ မျက်လုံးတို့မှာ အံ့ဩမှုများဖြင့် အရောင်တောက်လာကြ၏။

လျှို့ဝှက်ဆန်းကြယ်သော တစ်မျိုးတည်းသာ ရှိသော လင်းဖုန်း၏ ယုကျင်းတောင်ပေါ်က မဟူရာကောင်းကင် ရတနာသစ်ပင်ကလွဲလျှင်၊ မူလကောင်းကင် ကမ္ဘာကြီးတွင် မဟာစိတ်ဝိညာဉ် သစ်ပင်လေးပင်

တည်ရှိသည်။ ဂျင်ဆင်းအသီး သစ်ပင်၊ နတ်ဘုရား ပါရာဆို သစ်ပင်၊ အသိပညာ ကျောက်စိမ်းသစ်ပင်နှင့် ဆာရိုသံမဏိ သစ်ပင်တို့ ဖြစ်ကြသည်။

အမှန်အတိုင်း ပြောရလျှင်၊ ယခုအချိန်အထိ လင်းဖုန်းသည် သူတို့ကို တစ်ပင်မှ မတွေ့ဖူးသေးချေ။ သူနှင့် ထိတွေ့မှု ရှိခဲ့သော တစ်ခုတည်းသောအရာမှာ၊ အသိပညာ ကျောက်စိမ်းသစ်ပင် မိစ္ဆာမယ် လုံရဲ့သာ ဖြစ်သည်။ သို့သော်လည်း ထိုအချိန်တွင် လုံရဲ့၏ ခန္ဓာကိုယ်မှာ ယန့်မင်းရွှဲ့နှင့် တိုက်ပွဲအပြီးတွင် လုံးဝပျက်စီးသွားခဲ့ပြီ

ဖြစ်ကာ၊ ဝိညာဉ် အပိုင်းအစလေး တစ်စသာ ကျန်နေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ပြန်တွေးကြည့်လိုက်လျှင်၊ လုံရဲ့သည် တာအိုခြေလျှင် ခရီးသည် ယန့်မင်းရွှဲ့ကို စိန်ခေါ်နိုင်သည့် စွမ်းရည်ရှိသည့်အတွက်၊ သူမ၏ စွမ်းအားကို လျှော့တွက်၍ မရပေ။ သူမသည် စွမ်းဆောင်နိုင်စွမ်း မရှိလျှင်၊ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမအား သူမ၏ တပည့်အဖြစ် လက်ခံ၍၊ မိစ္ဆာကလန်၏ အစွမ်းအထက်ဆုံး တာအိုနည်းစနစ် ဖြစ်သော

ဟန်ယွင်မိစ္ဆာကျမ်းစာအား သပ်ပေးလိမ့်မည်
မဟုတ်ချေ။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့်၊
တစ်ယောက်သည် အသိပညာ
ကျောက်စိမ်းသစ်ပင်၏ လျှို့ဝှက်နက်နဲသော
သဘာဝအား သိနိုင်ပေမည်။

ထိုမဟာစိတ်ဝိညာဉ် သစ်ပင်လေးပင်
အားလုံးတို့သည် ကိုယ်ပိုင်သီးသန့် ပါရမီများ
ရှိကြကာ၊ မရေမတွက်နိုင်သော
အသုံးဝင်မှုတို့နှင့် အစွမ်းထက်လှသော
စိတ်ဝိညာဉ် စွမ်းအားများကို

ပိုင်ဆိုင်ထားကြ၏။ သူတို့ကို လူသားများ
နေထိုင်ရာ နတ်ဘုရားနယ်မြေတွင်၊
အစအနလေးပင် တွေ့နိုင်မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော်
လူသားကျင့်ကြံသူများသည် အစောကြီး
ကတည်းကပင် သူတို့အားလုံးကို
ခုတ်ပစ်လိုက်ပြီး ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်၍ သင်သည် ထိုမဟာစိတ်ဝိညာဉ်
သစ်ပင်လေးပင်တို့ကို တွေ့လိုလျှင်၊ မိစ္ဆာတို့
နေထိုင်ရာ မဟာလွင်တီးခေါင် ကုန်းမြေတွင်
သွားရှာရမည် ဖြစ်သည်။

အသိပညာ ကျောက်စိမ်း သစ်ပင်နှင့်အတူ၊ မဟာစိတ်ဝိညာဉ် သစ်ပင်လေးပင်တွင် တစ်ခုအပါအဝင် ဖြစ်သော ဆာရိုသံမဏိ သစ်ပင်တွင် သူ၏ထူးခြားသော ဝိသေသ လက္ခဏာနှင့် သူရှိသည်။ ဆာရိုသံမဏိ သစ်ပင်သည် အလွန်အမင်းကို မာကျောကာ၊ အနိုင်ယူ ဖျက်ဆီး၍မရဟု အဆိုရှိသည်။ သတ်မှတ်ထားသော မဟာရန်သူ အချို့မှလွဲ၍၊ တစ်စုံတစ်ယောက်ကမှ သူ၏သစ်ရွက် တစ်ရွက်ကိုပင် အန္တရာယ်ပြုနိုင်စွမ်း မရှိပေ။

အပင်ပေါက်လေး တစ်ခု၏ မာကျောမှုကပင်၊ သာမန်လူတို့၏ ဖျက်ဆီးနိုင်စွမ်းကို အများကြီး ကျော်လွန်နေပေသည်။

ဆာရိုသံမဏိ သစ်ပင်သည် နတ်ဘုရားနယ်မြေတွင် မျိုးတုန်းသွားသည်မှာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သည်။ နောက်ဆုံး ဆာရိုသံမဏိ သစ်ပင်မှာ အတိတ်က ဗုဒ္ဓမြင့်မြတ်နယ်မြေ ဖြစ်သော၊ မဟာမိုးကြိုး ကျောင်းတော်ကြီးတွင် စိုက်ပျိုးထားခြင်း ဖြစ်သည်။ ထိုကျောင်းတော်ကြီး၏ စေတီပုထိုးများကို စောင့်ရှောက်ထား၍၊

စဥ်းစား၍ မရနိုင်သော စွမ်းအားများကို ပိုင်ဆိုင်ထား၏။

အင်အားစုပေါင်း များစွာပူးပေါင်း၍ ဗုဒ္ဓဝါဒအား တိုက်ဖျက်ချိန်တွင်၊ ရွှမ်ကျိအမတ် ဇူဟုန်ဝူကိုယ်တိုင် ဦးဆောင်သော မဟာကျိုး အင်ပါယာ၏ ရှန်းဝူစစ်တပ်မှ တပ်သားပေါင်း ထောင်နှင့်သောင်းနှင့်ချီ၍၊ ရှန်းဝူအင်မော်တယ် သတ်ဖြတ်ချင်း ဝက်ပါကို ဖွဲ့စည်းကာ၊ နေ့ရောညပါ အပြင်းအထန် တိုက်ခိုက်၍ မဟာမိုးကြိုး ကျောင်းတော်ကြီး၏ အကာအကွယ်

ဝက်ပါဖြစ်သော ဗီရိုကာနာ ဝက်ပါကို အင်အားသုံး၍ ဖျက်စီးနိုင်ခဲ့၏။

သို့သော်လည်း မယုံနိုင်လောက်အောင် စွမ်းအားကြီးသည့် ရှန်းဝူအင်မော်တယ် သတ်ဖြတ်ခြင်း ဝက်ပါသည်၊ ဆာရိုသံမဏိ သစ်ပင်၏ အရှေ့တွင် လက်မှိုင်ချခဲ့ရသည်။

နောက်ဆုံးတွင် စူတောင်ခေးဂိုဏ်း၏ အကူအညီနှင့်အတူ၊ ဆာရိုသံမဏိ သစ်ပင်၏ မဟာရန်သူ တစ်မျိုးနှင့် ရှန်းဝူအင်မော်တယ် သတ်ဖြတ်ခြင်း ဝက်ပါတို့ ပူးပေါင်းလိုက်မှသာ၊ ဆာရိုသံမဏိ သစ်ပင်သည် ခုတ်ဖြတ်ခြင်းကို

ခံလိုက်ရကာ၊ မျိုးဆက်ပေါင်း များစွာသော
သံဃာတော်များ၏ ခါတ်တော်များကို
ဌာပနာထားသည့် စေတီပုထိုး
တောအုပ်ကြီးသည် ဖျက်ဆီးခံလိုက်ရပြီး၊
ဗုဒ္ဓမြင့်မြတ်နယ်မြေ ဖြစ်သော မဟာမိုးကြိုး
ကျောင်းတော်ကြီးက ကျဆုံးသွားရခြင်း
ဖြစ်သည်။

ဒါတောင်မှပင် ဆာရိုသံမဏိ သစ်ပင်၏
နောက်ဆုံးရိုက်ချက်ကြောင့်၊
စူတောင်ခါးဂိုဏ်းမှ အင်မော်တယ်
နတ်ဘုရားသည်လည်း ကျဆုံးသွားခဲ့ရ၏။

ထိုတိုက်ပွဲသည် ထင်ထားသည်ထက်
များစွာပို၍ သွေးမြေကျခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ထိုတိုက်ပွဲ အပြီးတွင်၊
ဆာရိုသံမဏိ သစ်ပင်သည်
နတ်ဘုရားနယ်မြေမှနေ၍
လုံးဝပျောက်ကွယ်သွားခဲ့၏။

လင်းဖုန်းသည် ယနေ့တွင် နောက်ထပ်
ဆာရိုသံမဏိ သစ်ပင်တစ်ပင်နှင့်
ကြုံတွေ့ရလိမ့်မည်ဟု လုံးဝကို
ထင်မထားခဲ့ချေ။

ထိုကွေ့နွားများ ပြောပြချက် အရဆိုလျှင်၊
ထိုဆာရို သံမဏိ သစ်ပင်သည်
အပင်ပေါက်လေးသာ ရှိနေသေးသော်လည်း၊
လင်းဖုန်းသည် အလွန်အမင်းကို
ကျေနပ်အားရနေ၏။

သူ၏ ရှားပါးမှု အဆင့်အတန်းနှင့် ဆိုရသော်၊
သူသည် နောက်ဆုံး အသက်ရှင်
ကျန်နေရစ်သော အပင်တစ်ပင် ဖြစ်နိုင်သည်။

"မင်းတို့က ဒီသစ်ပင်ကို ဘယ်လိုလုပ်
ရှာတွေ့ခဲ့တာလဲ?" လင်းဖုန်းက
မေးလိုက်သည်။

ကွေ့နွားက သူ၏ခေါင်းကို ခါလိုက်၏။ "ကျွန်တော်တို့က ရှာဖွေတွေ့ရှိခဲ့တာ မဟုတ်ပါဘူး။ ဒီအပင်ပေါက်လေးကို ကျွန်တော်တို့ရဲ့ မာစတာက စိုက်ပျိုးထားပြီး၊ အခုနောက်ပိုင်းမှာ ခွန်းလွန်တောင်ကို ရွှေ့ပြောင်းစိုက်ပျိုးမလို့ပါ"

"မာစတာ? ရွှေ့ပြောင်းစိုက်ပျိုးမယ်?" လင်းဖုန်းသည် အမူအယာ ကင်းမဲ့နေဆဲ ဖြစ်၏။ "မင်းတို့က ဒီနေရာကို တခြားသူတွေနဲ့ ပြောင်းလာခဲ့တာလား?"

"ဟုတ်ပါတယ်။ ကျွန်တော်တို့က အရှေ့ပင်လယ်ရဲ့ အထဲ၊ မိုင်ခုနှစ်ထောင် အကွာက လှိုဘိုတောင်မှာ နေကြတာပါ။ ကျွန်တော်တို့က ရေလှိုင်းသူတော်စင်ရဲ့ အဆုံးအမတွေကို နာခံပြီး၊ သူ့ကို မာစတာအနေနဲ့ သတ်မှတ်ထားကြတာပါ။ နောက်ပိုင်းမှာ သူတော်စင်က ဆာရီသံမဏိ သစ်ပင်ကို သူနဲ့အတူ ယူဆောင်လာပြီး ခွန်းလွန်တောင်ကို လာခဲ့တော့၊ ကျွန်တော်ကို ကျွန်သွားကလန်ကလည်း သူတော်စင်နဲ့အတူ ဒီနေရာကို လိုက်လာခဲ့တာပါ"

သူသည် သူတော်စင်ဘွဲ့ကို ရရှိထားသဖြင့်၊ အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်ပေလိမ့်မည်။ သူ၏နာမည်ကိုမူ တစ်ခါမှ မကြားဖူးသဖြင့်၊ ပင်လယ်အတွင်းမှ တစ်ကိုယ်တော် ကျင့်ကြံသူတစ်ယောက် ဖြစ်နိုင်သည်။

လင်းဖုန်းသည် စိတ်ထဲမှာ တိတ်ဆိတ်စွာ အကွက်ချနေခဲ့ပြီး၊ ခံစားမှု ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။
"ရေလှိုင်းသူတော်စင်ကရော? ဘယ်မှာလဲ? ငါက သူနဲ့ အလွန်ပဲ တွေ့ချင်နေတယ်"

"မာစတာက ထွက်သွားတယ်၊ သူကဘယ်ကို
သွားလိုက်သလဲ ဆိုတာကိုတော့
ကျွန်တော်တို့ကလည်း မသိဘူး"
ထိုကွေ့နွားသည် ဖြီးဖြန်းခြင်း အတတ်ပညာကို
မတတ်ကျွမ်းသည်မှာ သိသာနေ၏။ သူသည်
လင်းဖုန်းအား ရိုးသားစွာဖြင့် အမှန်တရားကို
ပြောပြနေခဲ့သည်။

သူ၏ရိုးအပုံကို ကြည့်လိုက်ကာ၊
လင်းဖုန်းသည် မတတ်နိုင်ပဲ ပါးစပ်ပိတ်ကာ
ခေါင်းကိုသာ ခါလိုက်မိ၏။

သူ၏လက်ကို ဆန့်တန်းလိုက်ရာ ခရမ်းရောင်
ခဝတ်ငွေ့ဘောလုံးလေး ထွက်လာ၍၊
အားလုံးကို လွှမ်းခြုံလိုက်ကာ အဝေးမှ
ကွေ့နွားအုပ်စု ရှိရာဆီကို ပျံသန်းသွားခဲ့သည်။

လင်းဖုန်းသည် သူ၏စွမ်းအားများကို
မကွယ်ဝှက်ထားခဲ့ပေ။ ကွေ့နွားအုပ်စုထံသို့
မရောက်မီ မိုင်ပေါင်း အနည်းငယ်တွင်၊
ဒေါမာန်ထနေသော လျှပ်စီးမိုးကြိုးသွားကဲ့သို့
မိစ္ဆာစွမ်းအား တိုင်လုံးကြီး တစ်ခုသည်
ကောင်းကင်ယံသို့ ထိုးတက်လာခဲ့သည်။

မိစ္ဆာစွမ်းအားတို့သည် ကောင်းကင်ထံသို့
မီးခိုးငွေ့များပမာ ထိုးတက်သွားခဲ့သည်။
မိုင်ပေါင်းတစ်ရာ ပတ်ပတ်လည်ကို
ဖုံးအုပ်ထားသော မိုးကြိုးတိမ်တိုက်
တစ်ခုအဖြစ်သို့ အသွင်ပြောင်းသွား၏။
မိုးကြိုးတိမ်တိုက် အတွင်းတွင် အဖြူရောင်
လျှပ်စီးကြောင်းများသည် အဆက်မပြတ်
လင်းလက်နေကြ၏။

ထိုတိမ်တိုက်အတွင်းမှ မိုးခြိမ်းသံကဲ့သို့
အသံတစ်ခုက ပေါ်ထွက်လာခဲ့သည်။
"ဘယ်သူက လာရဲတာလဲ?"

လင်းဖုန်းသည် အဝေးမှ တောင်များဆီကို
လှမ်းကြည့်လိုက်ရာ၊ ရာနှင့်ချီသော
ကျွန်းများသည် စုပေါင်းနေကြကာ၊
မျက်လုံးအစုံပေါင်း များစွာတို့သည်
လင်းဖုန်း၏အုပ်စုကို ဝိုင်းကာ
စိုက်ကြည့်နေကြ၏။

ထိုအုပ်စု၏ အလယ်တွင် ရောမ ကျွန်းကြီး
တစ်ကောင်က မားမားမတ်မတ်
ရပ်နေခဲ့သည်။ ဘေးပတ်ပတ်လည်မှ
တောင်ကုန်းများထက်ကိုပင် ပို၍
အရွယ်အစား ကြီးမားနေခဲ့သည်။
ကြောက်စရာကောင်းသော မိစ္ဆာစွမ်းအားတို့၏

ပိုင်ရှင်မှာ ထိုကွေ့နွားမှလွဲ၍
အခြားမဟုတ်ချေ။

ထိုကွေ့နွားဘုရင်သည် မိစ္ဆာဝိညာဉ်ကို
ဖွဲ့စည်းထားပြီး ဖြစ်သည်။

ထိုအချိန်တွင် ကွေ့နွားဘုရင်၏ မျက်နှာသည်
တည်ကြည်လေးနက်နေ၏။ လင်းဖုန်းအား
စိတ်မသက်မသာ ဖြစ်နေသော အကြည့်ဖြင့်
သတိတကြီးနှင့် အကဲခတ်နေခဲ့သည်။

## စာစဥ် ၁၅ : အပိုင်း၁၁

# အပိုင်း ၂၆၁ : ရက်ရောလှစွာသော ပေးကမ်းစွန့်ကြဲခြင်း

ကွေန္တားဘုရင်သည် ကောင်းကင်တွင် ရပ်နေသော လင်းဖုန်းအား၊ လေးနက်စွာဖြင့် စိုက်ကြည့်နေ၏။ လင်းဖုန်းသည် ဘာမှထူးခြားသည့်ပုံ ပေါက်မနေသော်လည်း၊ ကွေန္တားဘုရင်သည် နည်းနည်းလေးမှ မပေါ့ဆရဲခဲ့ပေ။

အခြားမည်သည့် အကြောင်းအရာများကို ထည့်မတွက်လျှင်ပင်၊ သူ၏မိစ္ဆာစွမ်းအားများကို အစွမ်းကုန်

အသုံးပြုထားသည်ကို
တည်ငြိမ်အေးဆေးစွာဖြင့် ရင်ဆိုင်နေသော
လင်းဖုန်းအား၊ ကွေ့နွားဘုရင်သည်
လုံးဝလျှော့မတွက်ရဲခဲ့ပေ။

"ဘယ်သူက လာရဲသလဲ?"
ကွေ့နွားဘုရင်သည် လေးနက်စွာဖြင့်
မေးလိုက်သည်၊ သူ၏ အသံမှာ
မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဟိန်းနေ၏။

သို့သော်လည်း လင်းဖုန်း၏ အာရုံမှာ
ကွေ့နွားဘုရင်အပေါ်တွင် ရောက်မနေခဲ့ချေ။
သူ၏အကြည့်သည် ကွေ့နွားဘုရင်၏

ခန္ဓာကိုယ်အောက်မှ
မြေပြင်အကွက်တစ်ခုအပေါ်တွင်
ကျရောက်နေခဲ့၏။ ထိုနေရာတွင် ၂မီတာ-
၃မီတာခန့်ရှိသော အပင်ပေါက်လေး တစ်ခုကို
စိုက်ပျိုးထား၏။ သူသည် ကွေ့န္တားဘုရင်၏
ရောမ ခန္ဓာကိုယ်ကြီးနှင့် နှိုင်းယှဥ်ခဲ့လျှင်၊
သွားကြားထိုးတံတစ်ခုနှင့် တူနေပေသည်။

ထိုအပင်ပေါက်လေးသည် အသန့်စင်ဆုံး
သံမဏိကဲ့သို့ မည်းနက်နေ၏။
သေးသွယ်သော ပင်စည်မှနေ၍ ရွက်နုပျိုများ
ပေါက်နေကြသည်။ သို့သော်လည်း သူတို့သည်
ရွှေရောင်ဖျော့ဖျော့ လင်းလက်နေကြ၏။

လင်းဖုန်းသည် သူ၏ခေါင်းကို ညိတ်လိုက်သည်။ "လက်စသတ်တော့၊ ဆာရိုသံမဏိ သစ်ပင်ဆိုတာ ဒီလိုကိုး!"

သူ့ထံမှ စိတ်ဝိညာဉ် စွမ်းအင်တို့ကို သေချာစွာ စူးစမ်းလေ့လာပြီးနောက်တွင်၊ အတွေးတစ်ခု ပေါ်လာခဲ့သည်။ "ဒီစိတ်ဝိညာဉ် စွမ်းအင်က မိစ္ဆာစွမ်းအင် အဖြစ်ကို မပြောင်းသေးဘူး။ ဒါကဘာကို ဆိုလိုနေသလဲဆိုတော့၊ ဒီဆာရိုသံမဏိ သစ်ပင်က မိစ္ဆာအဖြစ်ကို မပြောင်းသေးဘူး။ သူက သူ့ရဲ့ ကိုယ်ပိုင် အသိစိတ်နဲ့ အတွေးတွေကို

မဖန်ဆင်းနိုင်သေးဘူး။ အပင်တစ်ပင်
ဘဝနဲ့သာ ရှိသေးတယ်"

ထိုအတွေးနှင့်အတူ လင်းဖုန်းသည်
တစ်စုံတစ်ခုကို စဥ်းစားမိလိုက်၏။
သို့သော်လည်း ရေရေရာရာ
ခွဲခြားသိမြင်နိုင်စွမ်း မရှိသေးချေ။

"ထားလိုက်ပါတော့၊ ဒီဆာရိုသံမဏိ သစ်ပင်ကို
လက်ထဲအရင် ရောက်အောင်လုပ်ပြီး၊
ကျန်တာတွေကို နောက်မှစဥ်းစားတာပေါ့"
လင်းဖုန်းသည် အခြားအတွေးများကို

အသာထားလိုက်ကာ၊ သူ၏ခေါင်းကို ခါလိုက်သည်။

လင်းဖုန်း၏ အကြည့်သည် ဆာရိုသံမဏိ အပင်ပေါက်လေးဆီကနေ မခွာသည်ကို ကြည့်လိုက်ကာ၊ ကွေ့နွားဘုရင်သည် ဒေါသထွက်သွားခဲ့သည်။ "ဟွန့်၊ ဒီသစ်ပင်ကို လိုချင်နေတဲ့ နောက်ထပ်သူခိုး တစ်ယောက်လား?"

လင်းဖုန်းအပေါ်တွင် ခံစားနေရသော စိတ်မသက်မသာ ဖြစ်မှုများကို အသာထားလိုက်၍၊ ကွေ့နွားဘုရင်သည်

မိုးကြိုးတိမ်တိုက်တို့ကို ဆင့်ခေါ်လိုက်၏။
ရောမ မိုးကြိုးသွားကြီး တစ်ခုသည်
ကောင်းကင်ယံမှ ကျဆင်းလာခဲ့ကာ၊
လင်းဖုန်း၏ ခေါင်းပေါ်သို့ ပစ်ချလိုက်၏။

လင်းဖုန်းသည် သူ့ကို လှည့်၍ပင် မကြည့်ချေ၊
သူ၏အကြည့်ကို ဆာရိုသံမဏိ
အပင်ပေါက်လေး၏ အပေါ်တွင်သာ
စူးစိုက်ထား၏။

အော်ဟစ်သံတစ်ခုနှင့်အတူ၊ မဟူရာနဂါး
ကျဲယု၏ ခန္ဓာကိုယ်သည် ပေါ်လာခဲ့သည်။
သူ၏ အနက်ရောင် အကြေးခွံများသည်

တုန်ခါနေကာ၊ မရေမတွက်နိုင်သော သင်္ကေတများသည် လင်းလက်လာခဲ့သည်။ တော်ဝင် ဘတ်စ်တလီ ကျိန်စာကို အသက်သွင်းလိုက်ကာ၊ ကောင်းကင်ပေါ်မှ လျှပ်စီးများကို သူ၏ ခံစစ်အားကောင်းသည့် ဘတ်စ်တလီ မှော်အကြေးခွံများဖြင့် ခုခံလိုက်၏။

ပေါက်ကွဲမှုများ အကြားတွင် ကျဲယုသည် သူ၏အကြေးခွံပေါ်မှ သင်္ကေတများသည် တုန်ခါနေသည်ကို တွေ့လိုက်ရ၏။ သူသည်မတတ်နိုင်ပဲ တိတ်ဆိတ်စွာ တုန်လှုပ်သွားခဲ့သည်။

"ဒီလောက်အားကောင်းတဲ့ လျှပ်စီးမိုးကြိုး၊ ဒီကွေန္တားက အလယ်အလတ် အဆင့်က မိစ္ဆာသခင်ပဲ ဖြစ်ရမယ်"

သို့သော်လည်း ကျဲယုသည် ကြောက်ရွံ့သည့်ပုံ မပြခဲ့ပဲ၊ ခက်ထန်စွာ ခုန်အုပ်လိုက်ကာ ကွေန္တားဘုရင်အား ဒေါသထွက်စေခဲ့သည်။

ကွေန္တားသည် ရှေးပဝေသဏီမှ သားရဲဖြစ်သော်လည်း၊ ရှေးဟောင်း နတ်နဂါး ကလန်နှင့် ယှဉ်လိုက်လျှင်၊ သူသည် အဆင့်တစ်ဆင့် နိမ့်ကျနေသေး၏။ ကျဲယုသည် မိစ္ဆာသခင် စဦးပိုင်းအဆင့်နှင့်၊

မိစ္ဆာသခင် အလယ်အလတ်အဆင့်မှ ကွေ့နွားဘုရင်ကို တိုက်ခိုက်သော်လည်း လက်ရည်ညီမျှနေ၏။

အကယ်၍ ကျဲယုသည် အခွင့်အရေးကို အသုံးချနိုင်ကာ၊ဘတ်စ်တလီ အနက်ရောင် နဂါးတို့၏ အားသာချက်ကို အသုံးပြု၍ အနီးကပ်တိုက်ပွဲကို ဆင်နွှဲနိုင်ပါက၊ ကွေ့နွားဘုရင်သည်ပင် သူ့အား ရှောင်ရှားရမည်ဖြစ်သည်။

"နဂါးတစ်ကောင်? မိစ္ဆာသခင် အဆင့်က နဂါးတစ်ကောင်?" ကွေ့နွားဘုရင်၏

လေသံသည် ရုတ်ချည်း ပြောင်းလဲသွား၏။ သူသည် ကျဲယု၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနေရင်း၊ သူ၏အကြည့်မှာ အံ့ဩထိတ်လန့်မှုများ သိသိသာသာ ပေါ်လာခဲ့ကာ၊ လင်းဖုန်းအား သတိထား၍ ကြည့်လိုက်၏။

"မိစ္ဆာသခင် အဆင့်က နဂါး အခြွေအရံနဲ့ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှာ ပေါ်လာတယ်… ခင်ဗျားက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်လား?"

လင်းဖုန်း၏ ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးမှာ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းတွင် အမြင့်ဆုံးအထိ ရောက်နေခဲ့ပြီ ဖြစ်သဖြင့်၊ တောကြိုတောင်ကြား အတွင်းမှာသာ ကျင်လည်ကျက်စားနေသော ကွေနွားဘုရင်သည်ပင် သူ၏နာမည်ကို ကြားဖူးလေသည်။

ရှုကျိုးတိုက်ပွဲတွင် ရန်သူများ အားလုံးကို လက်ညှိုးတစ်ချောင်းနှင့်ပင် အနိုင်ယူနိုင်သည့် လင်းဖုန်း၏ မယုံနိုင်စရာ စွမ်းဆောင်ရည်ကို ကြားဖူးထားသည့်အတွက်၊ ကွေနွားဘုရင်၏ ရင်ထဲတွင် သွေးရူးသွေးတန်း ဖြစ်လာခဲ့သည်။

အနောက်တွင် ရပ်နေသည့် လင်းဖုန်းကို ထည့်မတွက်နှင့်ဦး၊ သူ၏အရှေ့မှ မဟူရာနဂါး ကျဲယုကပင် သူက လွယ်လွယ်ကူကူ အနိုင်ယူနိုင်သည့် ပြိုင်ဘက်မဟုတ်ချေ။

အခြားကွေ့နွှားတို့မှာ တိုက်ခိုက်ရန် ဟန်ပြင်နေကြသော်လည်း၊ ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့သည် ဝံပုလွေတစ်အုပ်က စားကျက်ထဲမှ သိုးတစ်အုပ်အား ချောင်းမြောင်းနေသကဲ့သို့ ညှပ်ပူးညှပ်ပိတ်ထားကြကာ ခက်ထန်စွာနှင့် စိုက်ကြည့်နေကြပေသည်။

ကြောက်မက်ဖွယ်ရာ ရက်စက်တတ်သော လူနှင့် တောက်တီတို့၏ အော်ရာတို့သည်၊ ကွေ့နွားအုပ်စုတို့ကို နှာမချေရဲလောက်အောင်ပင် ခြိမ်းခြောက်နိုင်စွမ်း ရှိနေခဲ့သည်။

"မင်းတို့အားလုံး ပြေးကြစမ်း" ကွေ့နွားဘုရင်သည် သူ၏ကလန်ကို ပြောလိုက်သည်။ "မာစတာက ငါ့တို့ကို ကြင်နာမှု အပြည့်နဲ့ ဆက်ဆံခဲ့တယ်။ အခုတော့ သူက အစအန ရှာမရပဲ ပျောက်သွားခဲ့တယ်၊ ဒီဆာရိုသံမဏိ

သစ်ပင်ဟာ သူချန်ရစ်ခဲ့တဲ့ တစ်ခုတည်းသော အရာပဲ။ ငါက ဘုရင်တစ်ယောက် အနေနဲ့၊ တစ်ယောက်ရဲ့ လက်ဖျားနဲ့မှ အတို့မခံနိုင်ဘူး"

သူ့စကားဆုံးသည်နှင့် ကွေ့နွားဘုရင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ၊ သူ၏ ပါးစပ်ကို အကျယ်ကြီးဟလိုက်၍ ကောင်းကင်ပေါ်မှာ မိုးကြိုးတိမ်တိုက်များကို သူ၏ဝမ်းဗိုက်အတွင်းသို့ မျိုချလိုက်လေသည်။

ချက်ချင်းဆိုသလိုပင် သူ၏ခန္ဓာကိုယ် အတွင်းမှ မိုးကြိုးခြိန်းသံများသည်၊ ရောမ

ဗုံကြီးတစ်လုံးကို တီးနေသကဲ့သို့
ထွက်လာခဲ့သည်။

ရှောင်ပုတန်လေးသည် ဗလာနတ္တိ
အစိမ်းရောင် ဆေးမီးဖိုကို
အဝါရောင်ကောင်းကင် တူလေးနှင့်
တီးလိုက်သောအခါ ထွက်လာသကဲ့သို့၊
အသံလှိုင်းများသည်
အကောင်အထည်အဖြစ်သို့ ပြောင်းလာခဲ့ကာ
ကွေ့နှားဘုရင်၏ ခန္ဓာကိုယ်မှနေ
ဖြာထွက်လာခဲ့သည်။

တစ်ခုရှိသည်မှာ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုရဲ၏ အသံမှာ ကြီးကျယ်ခန်းနား၍၊ ကွေနွှားဘုရင်၏ ခန္ဓာကိုယ် အတွင်းမှ မိုးခြိမ်းသံတို့သည် တိုးညှင်းကာ သဲသဲကွဲကွဲ မကြားရချေ။

သို့သော်လည်း သူ၏ကြီးမားလှသော ဖျက်ဆီးနိုင်စွမ်းကို ဖော်ပြနေသည့်အလား၊ အသံလှိုင်းများ ဖြတ်သွားသည့် နေရာတိုင်းတွင်၊ အတားအဆီးများ အားလုံးသည် ကြေမွသွား၏။ ကျဲယု၏ အမူအရာတို့မှာ ရုတ်ချည်း ပြောင်းလဲသွားခဲ့သည်။ ဘာမှ

စဉ်းစားနေစရာမလိုပေ၊ သူ၏ တော်ဝင်
ဘတ်စ်တလီ ကျိန်စာမှာ ကွေနွားဘုရင်၏
မှော်ကျိန်စာကို ခုခံနိုင်မည် မဟုတ်ဟု
ခံစားမိနေရသည်။

လင်းဖုန်း၏ အကြည့်တို့မှာ ဆာရိုသံမဏိ
သစ်ပင်ပေါက်လေး အပေါ်တွင်သာ ရှိသေး၏။
ရုတ်တရက်ပဲ သူသည် သစ်ပင်ပေါက်လေး၏
အကိုင်းငယ်လေး တစ်ခုထံမှနေ ကျောက်တုံး
အဆောင်လက်ဖွဲ့ အသေးလေး
ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုကျောက်တုံး အဆောင်လက်ဖွဲ့ကို တွေ့လိုက်သည်နှင့် တပြိုင်နက်၊ လင်းဖုန်း၏ ရင်ခုန်သံသည် မြန်လာခဲ့၏။ "ဒါက ဖြစ်နိုင်မလား..."

ထိုအချိန်တွင် ကွေ့နွားဘုရင်သည် သူ၏ မှော်ကျိန်စာကို အစွမ်းကုန် လည်ပတ်နေကာ၊ ကျဲယုအား ခံစစ်အဖြစ်ကို ဖိအားပေးထား၏။ လင်းဖုန်း၏ မျက်ခုံးအစုံမှာ တွန့်သွားခဲ့ပြီး သူ၏ လက်ချောင်းများကို ဖြန့်လိုက်ကာ၊ ကောင်းကင်၏ စည်းရိုးများ မှော်ကျိန်စာကို ထုတ်လွှတ်လိုက်၍ ကွေ့နွားဘုရင်၏ အသံလှိုင်းများကို ဖြတ်တောက်လိုက်သည်။

လင်းဖုန်းသည် လက်ကိုဆန့်တန်းလိုက်၍ လက်သီးကို ဆုပ်လိုက်ရာ၊ ကောင်းကင်၏ စည်းရိုးများသည် ကောင်းကင်ကို ချုပ်နှောင်ခြင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ လေဟာနယ် စွမ်းအင်များသည် မမြင်နိုင်သော လက်အဖြစ်သို့ ပြောင်းသွားခဲ့ကာ၊ တောင်ကဲ့သို့သော ကွေ့နွားဘုရင်အား မလှုပ်ရှားနိုင်အောင် ဖမ်းချုပ်လိုက်၍ မလွတ်မြောက်နိုင်အောင် တားဆီးထားခဲ့သည်။

အလွန်ခေါင်းမာသော ကွေနွားဘုရင်သည်
သူ၏တစ်ကိုယ်လုံးမှ မိစ္ဆာစွမ်းအင်တို့ကို
ထုတ်သုံးလိုက်ကာ၊ သူ၏ အရေပြားမှနေ၍
လျှပ်စီးမိုးကြိုးတို့သည် ထွက်လာကြပြီး
လင်းဖုန်း၏ ဆုပ်ကိုင်မှုမှ ရုန်းထွက်နိုင်ရန်
ကြိုးစားခဲ့သည်။

သို့သော်လည်း လင်းဖုန်း
ထုတ်လွှတ်ထားသည့်
ကောင်းကင်ချုပ်နှောင်ခြင်း၏ စွမ်းအားမှာ
အလွန့်ကို ကြီးမားလှသည်။ ကွေနွားဘုရင်က
မည်ကဲ့သို့ နည်းမျိုးစုံနှင့် ကြိုးစားသော်လည်း၊
သူသည် မလွတ်မြောက်နိုင်ခဲ့ပေ။

ထိုအချိန်တွင် လင်းဖုန်းသည် သူ၏ပါးစပ်ကို ဟလိုက်ကာ မေးလိုက်၏။ "ဒါကလည်း မင်းရဲ့မာစတာ ရေလှိုင်းသူတော်စင်က ချန်ထားခဲ့တာပဲလား?"

သူက ဆာရိုသံမဏိ သစ်ပင်ပေါက်လေးထံမှ ထွက်ပေါ်လာသော ကျောက်တုံး အဆောင်လက်ဖွဲ့လေးကို ညွှန်ပြလိုက်ကာ မေးလိုက်၏။

ကွေနွားဘုရင်ကလည်း ခေတ္တမျှ
မှင်သက်သွားခဲ့ပြီးမှ ပြန်ဖြေလိုက်သည်။
"ဟုတ်တယ်"

"သူ့ရဲ့ပျောက်ကွယ်သွားမှုဟာ ဒီကျောက်တုံး
အဆောင်လက်ဖွဲ့လေးနဲ့ ဆက်စပ်နေသလား?"
လင်းဖုန်းက ချက်ချင်း ထပ်မေးလိုက်သည်။
ပြန်လည်တည်ငြိမ်လာပြီဖြစ်သော
ကွေနွားဘုရင်က ပြန်ဖြေလိုက်သည်။
"ဟုတ်တယ်၊ မာစတာက ဒီကျောက်တုံး
အဆောင်လက်ဖွဲ့လေးကို ထားခဲ့ပြီးတော့၊
ပျောက်ကွယ်သွားတာ နောက်ပိုင်း
ဘာသတင်းမှ မကြားရတော့ဘူး"

"ကျုပ်ကလည်း ဒီကျောက်တုံး
အဆောင်လက်ဖွဲ့လေးကို
သေချာစစ်ဆေးကြည့်တာ၊ သူက တခြား
သီးသန့်ဒိုင်မန်းရှင်းတွေနဲ့ မဆက်စပ်နေသလို၊
လှျို့ဝှက်ကမ္ဘာ တချို့ရဲ့
သေ့လည်းမဟုတ်ဘူး။ သူ့ဆီကနေ
ထူးခြားတာတွေ ဘာမှ မတွေ့ရတော့၊
ကျုပ်ကလည်း ပဟေဋ္ဌိ ဖြစ်နေခဲ့တာ"

လင်းဖုန်းအား ကြည့်လိုက်ကာ
ကွေ့န္တားဘုရင်သည် စမ်းမေးကြည့်လိုက်သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က

ဒီကျောက်တုံး အဆောင်လက်ဖွဲ့လေးရဲ့
အစစ်အမှန် သဘာဝကို သိနေတာလား?"

လင်းဖုန်းသည် ပစ္စည်းတစ်ခုကို
ထုတ်လိုက်ကာ သူ၏လက်အပေါ်တွင်
တင်လိုက်၏။

ထိုပစ္စည်းလေးသည် လုံရဲ့က သူ့အား
ပေးထားခဲ့သော၊ ဟင်းလင်းပြင်
ဘုရားကျောင်း၊ ယန့်မင်းရွှဲ့နှင့် ပန်ကျဲတို့က
လိုက်ရှာနေသော ကျောက်ပုလွေလေး ဖြစ်၏။

အစပထမတွင် ခန်းနန်ဟွာထံမှ ရရှိခဲ့သော သတင်း အချက်အလက်များအရ၊ လင်းဖုန်းက ထိုကျောက်ပုလွေလေးသည် လျှို့ဝှက်ဆန်းကြယ်သော ရတနာသိုက်နှင့် ကောင်းကင်လှေကား တစ်ခုနှင့် ဆက်စပ်မှုရှိနေမည်ဟု ယူဆထားခဲ့သည်။ သို့သော်လည်း ထိုလှေကားတို့သည် ရှာရခက်ခဲလှ၏။ ရှာဖွေမှု အကြိမ်ကြိမ် ကျရှုံးပြီးနောက်ဝယ်၊ လင်းဖုန်းသည် သူ့အား ဘေးခဏချထားခဲ့ခြင်း ဖြစ်သည်။

ဒီကနေ့တွင်မူ ဆာရိုသစ်ပင်ပေါက်လေးထံမှ ကျောက်တုံး အဆောင်လက်ဖွဲ့လေးကို

တွေ့ရှိပြီးနောက်တွင်၊ လင်းဖုန်းက သူ၏ ကျောက်ပုလွေလေးသည် ထိုကျောက်တုံး လက်ဖွဲ့လေးနှင့် ဆက်စပ်မှုများ ရှိနေသည်ကို အံ့ဩစွာနှင့် တွေ့ရှိလိုက်ရသည်။

ယခုတွင်မူ ကွေ့န္တားဘုရင်၏ ဖော်ပြချက်များကို နားထောင်ရအပြီးတွင်၊ လင်းဖုန်းသည် ရေလှိုင်းသူတော်စင်က လျှို့ဝှက်ဆန်းကြယ်သော ကောင်းကင်လှေကားတို့ အပေါ်ကို တက်သွားခဲ့သည်ဟု ယူဆနေခဲ့သည်။ သို့သော်လည်း နောက်ဆုံးရလဒ်ကိုမူ ခန့်မှန်းရန် ခက်ခဲလှ၏။

သူသည် လှေကားအပေါ်ကို အောင်မြင်စွာ တက်သွားနိုင်၍ အပေါ်မှ ရတနာသိုက်များကို ရှာဖွေတွေ့ရှိသွားသလော၊ သို့မဟုတ် ထိုလျှို့ဝှက်ဆန်းကြယ်သော လှေကားတို့၏ သုတ်သင်မှုကို ခံလိုက်ရသလော? သို့တည်းမဟုတ် သူသည် လှေကားမှတဆင့် ရတနာဂူအတွင်းတွင် ဝင်္ကပါတို့၏ ပိတ်ဆို့မှုကို ခံနေရသလော? အခုအချိန်တွင် ဘာတစ်ခုမှ မသေချာ မရေရာခဲ့ပေ။

သို့သော်လည်း သံသယ ဖြစ်ဖွယ်ရာ မရှိပဲ၊ လင်းဖုန်းသည် ယခုအချိန်တွင်

ထိုလှျို့ဝှက်ဆန်းကြယ်သော
ကောင်းကင်လှေကားများ အကြောင်းကို
ပို၍ပို၍ သိလာပေပြီ။

ကျောက်ပုလွေလေးသည် ဆာရိုသံမဏိ
သစ်ပင်အပေါ်မှ ကျောက်တုံး လက်ဖွဲ့လေးနှင့်
အချင်းချင်း ဆက်သွယ်နေခဲ့၏။
သူတို့နှစ်ခုလုံး၏ မျက်နှာပြင်များသည်
အဖြူရောင် အလင်းတန်းများဖြင့်
လင်းလက်လာခဲ့သည်။ လင်းဖုန်း၏
လက်ဖဝါးပေါ်မှ ကျောက်ပုလွေလေးသည်
အသက်ဝင်နေသကဲ့သို့ ကခုန်နေခဲ့ကာ၊
သစ်ကိုင်းပေါ်မှ တွဲလွဲကျနေသော

ကျောက်တုံး လက်ဖွဲ့လေးသည်
လေမတိုက်ပဲနှင့်၊ နာရီချိန်သီးကဲ့သို့
လှုပ်ခါနေခဲ့သည်။

ဤမြင်ကွင်းကို တွေ့လိုက်သောအခါ၊
ကွေနွားဘုရင်၏ မျက်လုံးအစုံတို့သည်
လင်းလက်လာခဲ့ကာ၊ မျှော်လင့်ချက်ကြီးစွာနှင့်
လင်းဖုန်း၏ မျက်နှာကို စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်း၏ နှုတ်ခမ်းအစုံတွင် သိမ်မွေ့သော
အပြုံးတစ်ခု ပေါ်ပေါက်လာခဲ့သည်။
သူသည်လည်း လျှို့ဝှက်ချက် မထားခဲ့ချေ။
"ဒီထူးဆန်းတဲ့ အိုင်တမ်လေးက

ကျုပ်အမှတ်တမဲ့ ရရှိလာခဲ့တဲ့
ပစ္စည်းလေးဖြစ်တယ်။ သူက လျှို့ဝှက်တဲ့
ရတနာသိုက် တစ်ခုနဲ့ ဆက်စပ်နေပုံရတယ်။
ဒါပေမဲ့ အသေးစိတ်ကိုတော့ ကျုပ်လည်း
အတိအကျ မသိဘူး။ အနာဂတ်မှာ
အခွင့်အရေး ပေါ်လာခဲ့ရင်တော့၊ ကျုပ်က
သွားရှာဖွေမယ်လို့တော့ ရည်မှန်းထားတယ်"

"မင်းရဲ့မာစတာ ရေလှိုင်းသူတော်စင်ကိုတော့
ငါလည်း မတွေ့မိဘူး"

ကွေ့န္ဒားဘုရင်၏ အမူအရာတို့မှာ
မှင်သက်ခြင်း၊ ဝမ်းနည်းခြင်းနှင့်

နောက်ဆုံးတွင် တည်ငြိမ်ခြင်း စသဖြင့် အမျိုးမျိုး ပြောင်းလဲနေ၏။ နောက်ဆုံးတွင် သူသည် ခက်ခဲသော ဆုံးဖြတ်ချက် တစ်ရပ်ကို ချလိုက်ရဟာန်နှင့်၊ အခြားကွေန္တားများနှင့် မျက်နှာခြင်း ဆိုင်လိုက်၏။ မှော်စွမ်းအင်တို့သည် တုန်ခါလာခဲ့ကာ၊ သူ၏ ကလန်အဖွဲ့ဝင်များနှင့် ဆက်သွယ်နေပုံရသည်။

အချိန်အတန်ကြာပြီးသော်၊ ကွေန္တားအားလုံးတို့သည် ငြိမ်သက်လာကြကာ၊ စိတ်ပိုင်းဖြတ်ထားပုံနှင့်

ကွေန္တားဘုရင်ကိုကြည့်ကာ
ခေါင်းညိတ်လိုက်ကြ၏။

ကွေန္တားဘုရင်သည် လင်းဖုန်းကို
ကြည့်ကာပြောလိုက်သည်။ "ကျွန်တော်တို့ကို
အမှန်အတိုင်း ပြောပြခဲ့တဲ့ အတွက်ကြောင့်၊
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို
ကျေးဇူးအထူး တင်ရှိပါတယ်"

"မာစတာ ရှိနိုင်တဲ့ နေရာရဲ့ သဲလွန်စတွေကို
သိရတဲ့အတွက် အရမ်းကို ဝမ်းသာရပါတယ်။
နောက်ထပ်လည်း ပိုပြီးတော့ တောင်းဆိုဖို့
မဝံ့ရဲပါဘူး။ ဒါပေမဲ့လည်း အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ကျွန်တော်တို့ရဲ့ မာစတာကို ရှာဖွေဖို့ဆိုတဲ့ ကျွန်တော်တို့ရဲ့ ဆန္ဒကို ဖြည့်စွမ်းပေးနိုင်မယ်ဆိုရင်၊ ကျွန်တော်တို့က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထဲကို ဝင်ပြီးတော့ တာဝန်ထမ်းဆောင်ဖို့ ဆန္ဒရှိပါတယ်"

"ကျွန်တော်တို့က တစ်ချိန်ကျရင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဒီလျှို့ဝှက် ရတနာသိုက်ကို သွားရှာခဲ့ရင်၊ ကျွန်တော်တို့ကို ခေါ်သွားဖို့သာ ဆန္ဒရှိပါတယ်။ ကျွန်တော်တို့က လောဘကြီးပြီး၊ မဟုတ်တာတွေကို

တောင်းဆိုမှာ မဟုတ်ပါဘူး။ မာစတာကို ရှာဖွေဖို့သာ ဆန္ဒရှိပါတယ်"

လင်းဖုန်းသည် သိမ်မွေ့စွာ ခေါင်းညိတ်လိုက်၏။ "ဒီကွေ့နွားတွေဟာ တကယ်ကို သစ္စာရှိလှပါပေတယ်၊ သာမန်လူတွေထက် ပိုပြီးတော့ ရိုးရှင်းတဲ့ နှလုံးသားတွေ ရှိကြတယ်"

"မင်းတို့က ငါ့ရဲ့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်ချင်တယ်ဆိုရင်၊ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး" လင်းဖုန်းက ခံစားချက် ကင်းမဲ့စွာဖြင့် ပြောလိုက်၏။ "ငါက

မင်းတို့ရဲ့ သစ္စာစောင့်သိမှုကို မလိုချင်ပါဘူး။ မင်းတို့က မင်းတို့ရဲ့ မာစတာဟောင်းကိုပဲ ကိုးကွယ်ကြပါ။ ငါက ဒါကို ဘာမှပြောမှာ မဟုတ်ဘူး။ ဒါပေမဲ့လည်း မင်းတို့က ငါ့ရဲ့ဂိုဏ်းထဲကို ဝင်ပြီးကြရင်၊ ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမယ်။ ဒါတွေကို လုပ်နိုင်မှာလား?"

ရိုသေကျိုးနွံစွာဖြင့် ကွေ့နွားဘုရင်က ပြန်ဖြေလိုက်သည်။ "ကျွန်တော်တို့က အရှင့်ရဲ့ အမိန့်အတိုင်း တသွေမတိမ်း လိုက်နာပါ့မယ်"

"ငါက မင်းတို့ကို ရေလှိုင်းသူတော်စင်ကို တိုက်ခိုက်ခိုင်းရင်၊ မင်းတို့က မလိုက်နာမှာ သေချာတယ်" လင်းဖုန်းက တွေးလိုက်၏။

သူသည် မြေပြင်ပေါ်မှ ဆာရိုသံမဏိ သစ်ပင်ပေါက်လေးကို ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒါက ရေလှိုင်းသူတော်စင်က မင်းတို့အတွက် ချန်ထားခဲ့တဲ့ အထိမ်းအမှတ် ပစ္စည်းလေး ဖြစ်တာကြောင့်၊ မင်းတို့ပဲ သိမ်းထားကြပါ။ နောက်ပိုင်းမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ရောက်တဲ့အခါ၊ ငါက စိုက်ပျိုးဖို့

အကူအညီပေးမယ်။ မင်းတို့ကပဲ ပြုစုစောင့်ရှောက်ကြပေါ့"

ကွေ့နွားဘုရင်၏ ရင်ထဲတွင် ကျေးဇူးတင်စိတ်များဖြင့် ပြည့်လာခဲ့သည်။ အကယ်၍ လင်းဖုန်းသည် ဆာရိုသံမဏိ သစ်ပင်ကို ယူဆောင်သွားလျှင်၊ သူသည် ဘာမှတတ်နိုင်မည် မဟုတ်ပေ။ အခုတော့ လင်းဖုန်းသည် သူ၏စိတ်အလိုအလျောက် နောက်ဆုတ်လိုက်သဖြင့်၊ ကွေ့နွားဘုရင်သည် အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားကြ ပြောလိုက်သည်။ "မာစတာက ဒါကိုထားခဲ့ပြီး အစရှာမရအောင် ပျောက်သွားတာမို့လို့၊

ကျွန်တော်တို့က ဒီလောက်အထိ
တန်ဖိုးထားနေရတာပါ"

"အခုတော့ အရှင့်ရဲ့ အကူအညီနဲ့
ကျွန်တော်တို့ဟာ မာစတာကို ရှာဖွေဖို့
မျှော်လင့်ချက်တွေ ရှိလာပြီဆိုတော့၊
ဒီသစ်ပင်ပေါက်လေးက ဒီလောက်အထိ
အရေးမပါတော့ပါဘူး။ ဒီလိုမျိုး ရှားပါးတဲ့
ရတနာမျိုးက ဂိုဏ်းအတွက် ပိုလိုအပ်ပါတယ်၊
ကျွန်တော်တို့က အပိုင်မစီးထားရဲပါဘူး"

လင်းဖုန်းသည် တိတ်ဆိတ်စွာနှင့်
ပြုံးလိုက်ကာ၊ ကွေ့နွားဘုရင်နှင့် ရာနှင့်ချီသော

ကွေန္စွားများကို ကြည့်လိုက်သည်။
"ကွေန္စွားတွေဟာ သဘာဝအတိုင်း
မိုးကြိုးလျှပ်စီးတွေကို ထိန်းချုပ်နိုင်ကြတယ်။
အခုတော့ ရှောင်ပုတန်လေးရဲ့
ကျင့်ကြံမှုအတွက် လိုအပ်နေတဲ့
လျှပ်စီးပြသနာကတော့ ပြေလည်သွားပြီ။
ပိုကောင်းတာက မိစ္ဆာသခင် အဆင့်တောင်မှ
ရလိုက်သေးတယ်"

"ပြီးတော့ ဒီဆာရိုသံမဏိ သစ်ပင်... မဆိုးဘူး၊
မဆိုးဘူး။ ဒီတစ်ခေါက်မှာတော့ တော်တော်
ထောသွားပြီကွ"

# စာစဥ် ၁၅ : အပိုင်း၁၂

## အပိုင်း ၂၆၂ : လမ်းပြပါ

ကွေ့နွားဘုရင်က ဦးဆောင်၍ ရာနှင်ချီသော
ကွေ့နွားများသည် အညွှံခံခြင်းနှင့်
သစ္စာစောင့်သိခြင်းတို့ကို ပြသသည့် အနေနှင့်၊
လင်းဖုန်းအား တစ်ပြိုင်နက် ဒူးထောက်ကာ
အရိုအသေ ပေးလိုက်ကြသည်။

လက်တစ်ချက် ဝှေ့ယမ်းလိုက်ကာ၊
ရှောင်ပုတာန်လေးနှင့် ထွမ်းထွမ်းတို့၏
အကျဥ်းသားများအဖြစ်

ခေါ်ဆောင်ထားခြင်းကို ခံထားရသော
ကျွေနွားတို့ကိုလည်း လွှတ်ပေးလိုက်သည်။
သူတို့သည် လင်းဖုန်း၏ မှော်ကျိန်စာဖြင့်
အချုပ်နှောင် ခံထားရသော်လည်း၊
ဖြစ်ပျက်သမျှ အကုန်လုံးကို
တွေ့မြင်နိုင်စေရန် စီစဥ်ထားပြီး ဖြစ်သည်။

သူတို့သည် လွတ်လပ်ရေး
ရရှိပြီးသွားနောက်တွင်၊ ထိုကျွေနွား
မိစ္ဆာအုပ်ချုပ်သူတို့မှာ ကျွေနွားဘုရင်၏
အနောက်တွင် ရပ်လိုက်ကြကာ၊ သူတို့၏
နှလုံးသားထဲမှနေ၍ လင်းဖုန်းအား အရိုအသေ
ပြုလိုက်ကြ၏။

"ဒီလောက်ကြီးလည်း အရိုအသေ ပေးစရာ မလိုပါဘူး၊ ထကြပါ" လင်းဖုန်းက ခံစားချက် ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။ ကွေ့န္ဒားဘုရင်နှင့် သူ၏ကလန်တို့ကလည်း ထလိုက်ကြ၏။ လင်းဖုန်းအား ဒုက္ခပေးရန် စေလွှတ်လိုက်သော ကွေ့န္ဒားများ တစ်ကောင်မကျန် ပြန်လာကြ၍၊ အမွေးတစ်မျှင်မှပင် ဒဏ်ရာမရသည်ကို တွေ့လိုက်ရသဖြင့် ကွေ့န္ဒားဘုရင်သည် လင်းဖုန်းအား ပို၍ကျေးဇူးတင်နေခဲ့သည်။

ကွေ့နွားတစ်ကောင်မှ
တုတ်တုတ်မလှုပ်ရဲကြပဲ၊ လင်းဖုန်း၏
အရှေ့တွင်သာ စုပေါင်း၍ ရပ်နေကြသည်။
ဘေးတွင်မူ ရှောင်ပုတန်လေးနှင့်
ထွမ်းထွမ်းတို့သည် စားသောက်ပွဲကြီး
တစ်ခုကို လက်လွတ်လိုက်ရ သကဲ့သို့၊
စိတ်ပျက်လက်ပျက်ဖြင့် မျက်နှာမသာမယာ
ဖြစ်နေကြသည်။

လင်းဖုန်းသည် သူတို့၏ အတွေးများကို
သိနေခဲ့သဖြင့်၊ ရယ်ချင်ပက်ကျိ ဖြစ်လှစွာ
ရှောင်ပုတန်လေး၏ ခေါင်းကို
သာသာလေးပုတ်လိုက်သည်။ "မင်းက

ကြည့်နေတာတွေကို ရပ်လိုက်တော့။ သူတို့ကို စားလို့မရပေမဲ့၊ အခုအချိန်ကစပြီး သူတို့က မင်းရဲ့ လက်အောက်ကို ရောက်သွားပြီ"

ရှောင်ပုတန်လေးသည် သူတို့ကို ကြည့်လိုက်ကာ အတွေးနက်နေခဲ့သည်။ "ကွေနွားကလန်က လျှပ်စီးတွေကို မွေးရာပါ ထိန်းချုပ်နိုင်တယ်။ ဆရာက သူတို့ကို ငါ့ရဲ့ကျင့်ကြံမှုမှာ ကူညီစေချင်နေတာလား?"

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ "မှန်တာပေါ့ကွာ"

"ဒါပေမဲ့လည်း ဆရာသခင်၊ ကျွန်တော်က ကွေ့နွားအားလုံးကို စားလိုက်ပြီး သူတို့အထဲက မိုးကြိုးနဲ့ လျှပ်စီး စိတ်ဝိညာဉ် စွမ်းအင်တွေကို စုပ်ယူလိုက်ရင်၊ အကျိုးသက်ရောက်မှုက ပိုတောင်ကောင်းဦးမယ်" ရှောင်ပုတန်လေးက တီးတိုးရေရွတ်လိုက်သည်။

လင်းဖုန်းသည် ထိုစကားကို ကြားလိုက်ရသော်၊ ငိုရမလို ရယ်ရမလို ဖြစ်သွားခဲ့သည်။ "မင်းရဲ့ အစားပုတ်တာတွေကို ထိန်းချုပ်ထားဦး၊ ငါ့မှာ ငါ့အကြံနဲ့ငါ ရှိတယ်ကွ"

"လေပြင်းတိုက်ခတ် မှော်အင်းကွက်ရယ်၊ မိုးကြိုးခတ် မှော်အင်းကွက်ရယ်၊ သူတို့ကို အသုံးပြုပြီး အသက်သွင်းရတဲ့ လေပြင်းမိုးကြိုး မွေးဖွားခြင်း မှော်အင်းကွက်ဝက်ပါတို့ကို မှတ်မိတယ်မလား?"

"ဒါပေါ့" ရှောင်ပုတန်လေးက ပြန်ဖြေလိုက်သည်။ "ကျွန်တော်နဲ့ စီနီယာတို့က ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာထဲမှာ ကျင့်ကြံနေတုန်းကတောင် အသုံးပြုခဲ့သေးတယ်"

"ဒါပေမဲ့လည်း ချီသာဝက အဆင့်နဲ့ အခြေခံအုတ်မြစ် အဆင့်မှာပဲ အကျိုးသက်ရောက်မှု ကောင်းကောင်းရှိတယ်။ ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားတော့၊ အကျိုးသက်ရောက်မှုတွေက အများကြီး လျော့ကျသွားခဲ့တယ်ဗျ"

လင်းဖုန်းက ရယ်ရမ်းသွေးကာ ပြောလိုက်သည်။ "ဘာဖြစ်လို့လဲ ဆိုတော့ လေပြင်းတိုက်ခတ် မှော်အင်းကွက်နဲ့ မိုးကြိုးခတ် မှော်အင်းကွက်တို့ကိုသာ အသုံးပြုပြီး၊ ဒီလေပြင်းမိုးကြိုး

ပြန်လည်မွေးဖွားခြင်း
မော်အင်းကွက်ဝက်ပါကို
တည်ဆောက်ခြင်းက ဒီဝက်ပါရဲ့ အခြေခံ
အကျဆုံး ပုံစံတစ်ခု ဖြစ်လို့ပဲ။ သူ့ရဲ့
အကျိုးသက်ရောက်မှုကို မြှင့်တင်ချင်ရင်၊
နောက်ထပ် ပစ္စည်းတွေ အခြေအနေတွေ
လိုအပ်သေးတယ်"

"အသက်မရှိပဲ မိုးကြိုးနဲ့ လေပြင်း စိတ်ဝိညာဉ်
စွမ်းအင်တွေ ကြွယ်ဝတဲ့ ရတနာတွေက၊
ဒီလေပြင်းမိုးကြိုး ပြန်လည်မွေးဖွားခြင်း
မော်အင်းကွက်ဝက်ပါရဲ့
အကျိုးသက်ရောက်မှုတွေကို

အားကောင်းစေပေမဲ့၊ သူတို့က
အကောင်းဆုံးတော့ မဟုတ်သေးဘူး"

"မင်းက ဒီလေပြင်းမိုးကြိုး မွေးဖွားခြင်း
မှော်အင်းကွက် ဝက်ပါရဲ့
အကျိုးသက်ရောက်မှုတွေကို အစွမ်းကုန်
မြှင့်တင်ချင်တယ် ဆိုရင်တော့၊
ဒီဝက်ပါအတွင်းမှာ ထားဖို့ လေပြင်းနဲ့ မိုးကြိုး
စိတ်ဝိညာဉ် စွမ်းအင်တွေ ကြွယ်ဝတဲ့
သက်ရှိပုံစံ နှစ်မျိုးလိုအပ်တယ်။ ဒါဆိုရင်
ဒီလေပြင်းနဲ့ မိုးကြိုး စွမ်းအင်တွေက
တစ်ခုနဲ့တစ်ခု အပြန်အလှန် အကျိုးပြုပြီး၊

အကျိုးသက်ရောက်မှု အကောင်းဆုံးကို ရနိုင်မှာပဲ"

"ပြီးတော့ အသက်စွမ်းအင်တွေရဲ့ အားဖြည့်ပေးမှုကနေ၊ အသက်မရှိတဲ့ ရတနာတွေထက်စာရင် အကျိုးသက်ရောက်မှုက နှိုင်းယှဉ်လို့မရအောင် ပိုအားကောင်းမယ်ကွ"

ရှောင်ပုတန်လေးသည် နောက်ဆုံးတွင် သဘောပေါက်သွားခဲ့ကာ၊ ကွေ့နွားအုပ်စုအား လှမ်းကြည့်လိုက်သည်။ သူ၏အကြည့်မှာ နောက်ဆုံးတွင် ကွေ့နွားဘုရင်၏ အပေါ်တွင်

ရပ်တန့်သွားခဲ့၏။ "ဒါက မိုးကြိုးပေါ့၊ ဒါပေမဲ့ လေပြင်းကရော? ဖေးလျှန်တော့ ရှိပေမဲ့၊ သူ့ရဲ့ ကျင့်ကြံမှု အဆင့်က တော်တော်လေး နိမ့်မနေဘူးလား?"

"အား၊ ကျွန်တော်သိပြီဗျ!"
ရှောင်ပုတန်လေး၏ မျက်ဝန်းနက်အစုံမှာ သက်ဝင်လှုပ်ရှား တောက်ပလာခဲ့သည်။ ပြုံးဖြီးဖြီးနှင့်၊ "ကောလဟာလတွေ အရဆိုရင် လေနတ်ဘုရားဂိုဏ်းက ရှေးကတည်းက ဖေးလျှန်တွေကို မွေးလာတာ။ ဖေးလျှန်ဘုရင်ဆိုရင် သူ့ရဲ့ မိစ္ဆာဝိညာဉ်ကိုတောင် ဖန်ဆင်းပြီးပြီ"

ဆရာနှင့်တပည့် တစ်စုံသည် နှစ်ယောက်စလုံး တပြိုင်နက်ထဲ ပြုံးလိုက်ကြ၏။ လင်းဖုန်းက ပြောလိုက်သည်။ "ဒီကွေန္တားတွေကို အရင်ဆုံး ခေါ်ထားလိုက်ဦး။ ဖေးလျှန်ဘုရင်နဲ့ လေနတ်ဘုရားဂိုဏ်းကတော့ ခဏစောင့်ရဦးမယ်"

ရှောင်ပုတန်လေးသည် ကွေန္တားများကို ကြည့်လိုက်ကာ ကြိတ်မနိုင် ခဲမရ ဖြစ်နေခဲ့၏။ "အမှန်ဆို… ကွေန္တားဘုရင် တစ်ကောင်တည်းကို ထားရင်လည်း ရတာပဲ"

လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ၊ ထိုအစားပုတ်လေးကို လက်လျှော့ချင်စိတ် ပေါက်သွားခဲ့၏။ ရှောင်ပုတန်လေး၏ ခေါင်းကို ခေါက်လိုက်ကာ ဆူလိုက်သည်။ "သူတို့ကို မွေးထားရတဲ့ ရည်ရွယ်ချက်တွေလည်း ရှိသေးတယ်။ နောက်ကျရင် မင်းဆီမှာ စားစရာတွေ အများကြီး ရှိလာမှာပဲ၊ ရေရှည်ကို မျှော်ကြည့်စမ်းပါ! မင်းရဲ့အရှေ့က ပန်းကန်ကို ကြည့်သလို၊ အိုးထဲကိုလည်း လှမ်းကြည့်ဖို့ မမေ့ပါနဲ့"

ရှောင်ပုတန်လေးသည် သူ၏လျှာကို ထုတ်လိုက်ကာ၊ ဘာကိုမှ မပြောတော့ချေ။

ကွေ့နွားများကို ဝမ်းနည်းစွာဖြင့်
လှမ်းကြည့်လိုက်ကာ၊ စိတ်ခေတ်ကျစွာဖြင့်
သက်ပြင်းတစ်ချက်ကိုသာ
ချလိုက်တော့သည်။

သူ၏ဘေးတွင်မူ တောက်တီမလေး
ထွမ်းထွမ်း၏ မျက်လုံးတို့မှာ စိုစွတ်နေခဲ့ပြီး၊
အချိန်မရွေး ငိုချတော့မည့်ပုံ ပေါက်နေခဲ့သည်။

အစားပုတ်လှသော
လူပြက်နှစ်ယောက်တို့အား
လှျစ်လှျူရှုထားလိုက်ကာ၊ လင်းဖုန်းသည်
သူ၏ အင်္ကျီလက်စကို ဖွေ့ယမ်းလိုက်ပြီး

ကျူးကော်ဖန်းလင်နှင့် သူမ၏
ရွှေရှာကြွက်လေးကို ခေါ်ထုတ်လာခဲ့သည်။

"အာ.. အာစရိ" ကွေနွား မိစ္ဆာအုပ်ချုပ်သူများ
ကဲ့သို့ပင်၊ မော်ကျိန်စာ၏ ချုပ်နှောင်ထားမှုကို
ခံခဲ့ရသော်လည်း၊ ကျူးကော်ဖန်းလင်သည်
ဘာတွေဖြစ်နေသလဲ ဆိုတာကို
ကောင်းကောင်းကြီး မြင်နိုင်နေခဲ့သည်။
ထို့ကြောင့် လင်းဖုန်း၏ အရှေ့တွင်
မတ်တတ်ရပ်နေရင်း၊ သူမသည် အသက်ပင်
ပြင်းပြင်းမရှူရဲခဲ့ပေ။

အမြဲတမ်း အာဝဇ္ဇန်းရွှင်လေ့ရှိသော သူမသည်၊ ယခုအချိန်တွင် သာမန်စကားပြောလျှင်ပင် ထစ်ငေါ့ထစ်ငေါ့ ဖြစ်နေခဲ့သည်။

ယခုအချိန်တွင် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းတွင်၊ လင်းဖုန်း၏ ဂုဏ်သတင်းမှာ နေလိုလလို ကျော်ကြားနေသည်ဖြစ်ရာ၊ သူ၏နာမည်ကို မကြားဖူးသူ မရှိသလောက်ပင် ဖြစ်နေလေ၏။

ယခုရက်ပိုင်း အတွင်းတွင် ကျူးကော်ဖန်းလင်မှာ ခွန်းလွန်တောင်

ရေိယာအတွင်းတွင် လှုပ်ရှားနေခြင်း
ဖြစ်သဖြင့်၊ သူမသည် လင်းဖုန်း၏ နာမည်နှင့်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအကြောင်း၊
သူတို့၏ စွမ်းရည်နှင့် အောင်မြင်မှုတို့
အကြောင်းကို ကြားဖူးနေ၏။

ထို့ကြောင့် သူမသည် လင်းဖုန်းအား
အကြိမ်ပေါင်းများစွာ အဆက်မပြတ်
ဒုက္ခပေးရန် ကြံစည်ဖူး၍၊ သူမ၏
အကျိုးအတွက် အသုံးချရန်ပင်
ကြိုးစားခဲ့ကြောင်းကို
ပြန်စဉ်းစားမိလိုက်သောအခါ၊
ကျူးကော်ဖန်းလင်သည် သူမ၏ မျက်စိရှေ့မှ

ကမ္ဘာကြီးသည် ချာချာလည်သွားကာ
မူးမေ့တော့မလို ခံစားလိုက်ရလေတော့သည်။

တစ်ယောက်သည် ကျား၏နောက်ပိုင်းကို
ဘယ်တော့မှ သွားမပွတ်သပ်နှင့်၊
အဘယ်ကြောင့်ဆိုသော်
ထိုသို့ပြုလုပ်ခြင်းသည် ကျား၏နှုတ်ခမ်းမွေးကို
ဆွဲနှုတ်ခြင်းနှင့် တူခြင်းကြောင့်ဖြစ်သည်ဟု
အဆိုတစ်ခုရှိ၏။

"အရှင်လင်း၊ မာစတာလင်း၊ ဖိုးဖိုးလင်း!"
ကျူးကော်ဖန်းလင်သည် စိတ်ထဲကနေ
မြည်တမ်းနေ၏။ "ခင်ဗျားက

သန်မာတယ်ဆိုရင်လည်း
အစောကြီးကတည်းက ကြိုပြောပေါ့!
ကျွန်မတို့ကို သေတဲ့အထိ
နှောက်နေတာလား?"

လင်းဖုန်းသည် ကျူးကော်ဖန်းလင်းအား
ခံစားချက် ကင်းမဲ့စွာနှင့် တိတ်ဆိတ်စွာ
စိုက်ကြည့်နေခဲ့ကာ၊ သူမ၏
စိုးရိမ်ပူပန်မှုများအား ရေချိန်မြင့်စေခဲ့သည်။
သူမ၏ ပုခုံးပေါ်မှ ရွှေရှာကြွက်လေး၏
နားရွက်သေးသေးလေးတို့မှာလည်း
စိတ်ပင်ပန်းစွာနှင့် တွဲကျနေခဲ့ကာ၊
သူ၏သခင်နှင့်အတူ လင်းဖုန်း၏

နောက်ဆုံးစီရင်ချက်အား
စောင့်မျှော်နေခဲ့သည်။

"တစ်စုံတစ်ယောက်က လုပ်စရာရှိရင် ပြောပါ၊
ပျော်ရွှင်စွာနဲ့ တာဝန်ထမ်းဆောင်ပါမယ်လို့
ပြောတာကို ကြားလိုက်ရသလိုပဲ?
ကောင်းပြီလေ၊ မင်းအတွက် လုပ်စရာ
တာဝန်တစ်ခုကလည်း ရှိနေတယ်"
လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"ပိုပြီးတော့ တိတိကျကျ ပြောရရင်၊ မင်းကို
လမ်းပြခန့်ဖို့ပဲ"

ကျူးကော်ဖန်းလင်ကလည်း အတန်ငယ် စိတ်သက်သာရာ ရသွားခဲ့သည်။
"စိတ်သာချပါရှင့်၊ ကျွန်မက တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားပြီးတော့ တာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်ပါ့မယ်!"

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။
"ဒါဆိုရင်တော့ အကောင်းဆုံးပေါ့"

"အရင်တုံးက လင်းယွင်တောင်ထိပ်နားက တောင်ကြားထဲမှာ အဝီစိ ငရဲမုန်တိုင်းက ပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့တယ်။ မင်းက အနီးအနားမှ ရှိနေခဲ့ပေမဲ့ လွတ်မြောက်အောင်

စွမ်းဆောင်နိုင်ခဲ့တယ်။ ငါက မင်းဘယ်လို လွတ်မြောက်လာသလဲ ဆိုတာကို စိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာက အဝီစိ ငရဲမုန်တိုင်းပဲ"

"မင်းက အဝီစိ ငရဲမုန်တိုင်းကို နောက်ဆုံးတွေ့လိုက်ရတဲ့ နေရာက ဘယ်မှာလဲ? လမ်းပြပေတော့"

အစပထမတွင် ကျူးကော်ဖန်းလင်၏ အမူအရာတို့မှာ သက်သာရာ ရနေခဲ့သည်။ သို့သော်လည်း လင်းဖုန်း၏ စကားကို ကြားပြီးနောက်တွင်၊ သူမ၏ မျက်နှာမှာ

တဖြည်းဖြည်း ပျက်လာခဲ့သည်။
နောက်ဆုံးတွင် သူမ၏ မျက်နှာတစ်ခုလုံးမှာ
ကြံ့ရာမရပုံစံမျိုး ပေါက်သွားခဲ့သည်။

လင်းဖုန်းသည် သူမအား တိတ်ဆိတ်စွာနှင့်
ကြည့်နေခဲ့ကာ၊ "ဘာပြဿနာများ ရှိလို့လဲ?"

သူသည် ပြုံးလိုက်ပြီး၊ "ပြဿနာ တစ်ခုခု
ရှိရင်လည်း ပြောသာပြောပါ၊ ငါက
တရားမျှတတဲ့သူ တစ်ယောက်ပါ"

"မ.. မရှိပါဘူး။ ဘာပြဿနာမှ မရှိပါဘူး"
ကျူးကော်ဖန်းလင်သည် ခြောက်ကပ်စွာဖြင့်

ပြန်ဖြေလိုက်သည်။ သို့သော်လည်း သူမ၏ အသံမှာ လျှာကိုကိုက်ပြီးမှ ပြောနေရသည့် အသံမျိုး ဖြစ်နေခဲ့သည်။

"ကောင်းပြီ" လင်းဖုန်းသည် ရှောင်ပုတန်၊ ယွဲ့ဟုန်ယန်၊ ထွမ်းထွမ်းနှင့် ကျဲယုတို့ဘက်ကို လှည့်လိုက်၏။ "ဒါက မင်းတို့အတွက် စာမေးပွဲစစ်တဲ့ အနေနဲ့ ပေးတဲ့တာဝန်ပဲ။ သူမနောက်ကို လိုက်သွားပြီး၊ အဝီစိ ငရဲမုန်တိုင်းကို သွားရှာ၊ အချိန်က - ၁၅ရက်"

"ဆယ့်ငါးရက် အပြီးမှာ အချိန်မှန်မှန် ပြန်လာခဲ့။ မင်းတို့က အဝီစိ ငရဲမုန်တိုင်းကို

ရလာမလား ဆိုတာကတော့ ကံကြမ္မာ
အပေါ်မှာပဲ မူတည်နေတယ်"

ရှောင်ပုတန်နှင့် ယွဲ့ဟုန်ယန်တို့သည်
အတူတကွ ဦးညွှတ်လိုက်ကြ၏။ "ဆရာရဲ့
အမိန့်အတိုင်းပါ"

"သခင့်ရဲ့ အမိန့်အတိုင်းပါ" ကျဲယုကလည်း
ရှိသေစွာနှင့် ပြန်ပြောလိုက်၏။

ထွမ်းထွမ်းတစ်ယောက်သာ နှုတ်ခမ်းလေးကို
စူလိုက်ပြီး၊ "အရသာ မကောင်းတဲ့ ဟာကြီးကို၊

သွားရှာပြီးတော့ ဘာလုပ်မှာလဲ?" သူမသည် တီးတိုးရေရွတ်လိုက်၏။

လင်းဖုန်းသည် သူမအား ဂရုမထားခဲ့ပဲ၊ ကျူးကော်ဖန်းလင်ကိုသာ တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေခဲ့သည်။ "အရှင့်ရဲ့ အမိန့်အတိုင်းပါ" ကျူးကော်ဖန်းလင်သည် အလေးတကြီး ဖြေကြားလိုက်၏။

ရှောင်ပုတန်လေးသည် သူမအား စိုက်ကြည့်လိုက်ကာ၊ "ဆရာခင်ဗျ၊ ၁၅ရက်ပြီးလို့ ပြန်လာတဲ့ အချိန်ကျရင်၊

ဟိုကောင်မလေးကို ဘယ်လိုလုပ်ခဲ့ရမလဲ? သူမကိုရော ပြန်ခေါ်လာရမှာလား?"

ထိုစကားကို ကြားလိုက်ပြီးနောက်တွင်၊ ကျူးကော်ဖန်းလင်သည် ဆွံ့အသွားခဲ့ကာ ရင်ထဲကနေ ကျိန်ဆဲလိုက်သည်။ "ဘယ်သူက ကောင်မလေးလဲ? ငါကမင်းထက် အသက်အများကြီး ကြီးတယ်! မင်းကသာ ကောင်လေး၊ ကောင်စုတ်လေး၊ တုံးအတဲ့ ကောင်စုတ်လေး!"

သူမ၏ ခေါင်းထဲတွင် ကျိန်ဆဲနည်းမျိုး တစ်ရာမကဖြင့် ကျိန်ဆဲနေသော်လည်း၊

ပါးစပ်ကမူ တစ်ခွန်းမှ မပြောရဲခဲ့ပေ။
သူမသည် စိတ်လှုပ်ရှားလွန်းသဖြင့်
ပေါက်ကွဲထွက်တော့မလို ဖြစ်နေခဲ့၏။

ရွှေရှာကြွက်လေး၏ စိတ်ချင်းဆက်သွယ်မှုဖြင့်
ပေးပို့လာသော စကားတစ်ခွန်းသည် သူမ၏
ရင်ထဲတွင် ပေါ်လာခဲ့၏ -
သွေးချင်းဆက်စပ်ထားသော
အိမ်မွေးတိရစ္ဆာန်တို့၏ အရည်အချင်း
ဖြစ်သည်။

"ဖန်းလင်၊ နင်ရှုံးနေလား! အရင်တစ်ခေါက်က
အသက်လုပြီး မနည်းလွတ်အောင်

ထွက်ပြေးလာရတာ၊ အခုက အဲ့ဒီနေရာကို တကယ် ပြန်သွားမလို့လား?"

"အခုအချိန်မှာ သူ့ရဲ့လက်အောက်ကို ရောက်နေခဲ့ပြီဆိုတော့၊ အခုလောလောဆယ် သည်းခံပြီးတော့ လိုက်လျောရမှာပဲ" ကျူးကော်ဖန်းလင်က ခါးသီးစွာနှင့် ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ လက်ထဲက လွတ်တာနဲ့၊ အနည်းဆုံးတော့ ထွက်ပြေးလွတ်မြောက်ဖို့ ငါးဆယ်-ငါးဆယ် အခွင့်အရေး ရှိတာပဲ"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
ငါတို့နဲ့ မလိုက်လာသရွေ့၊ အဝီစိ
ငရဲမုန်တိုင်းကို ရှာမရှာဆိုတာက ငါ့ရဲ့
စိတ်အပေါ်မှာ မူတည်နေတယ်။ ငါက
စိတ်ကောင်းဝင်နေလို့ရှိရင်၊ သူတို့ကို ခါချပြီး
ထွက်ပဲပြေးလိုက်မယ်။ မဟုတ်လို့ရှိရင်တော့
သူတို့ကို အဝီစိ ငရဲမုန်တိုင်းရဲ့
မျက်စိရှိရာဆီကို ခေါ်သွားပြီး သင်ခန်းစာ
ကောင်းကောင်းပေးလိုက်ပြီး၊ ငါတို့ရဲ့
ဒေါသတွေကို ဖောက်ခွဲပစ်လိုက်မယ်!"

ရွှေရှာကြွက်လေး၏ နားအစုံမှာ
တုန်ခါသွားခဲ့သည်။ "ပြေးရုံပြေးတာပဲ

ကောင်းလိမ့်မယ်ထင်တယ်။ ပထမ၊ အဝီစိ ငရဲမုန့်တိုင်းက အန္တရာယ် ကြီးလွန်းတယ်။ ဒုတိယ၊ သူတို့က တစ်စုံတစ်ခု ဖြစ်သွားရင်၊ ပွန်းပဲ့ရုံလေးပဲ ဖြစ်ဖြစ်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ငါတို့ကို အလွတ်ပေးမှာ မဟုတ်ဘူး"

ကျူးကော်ဖန်းလင်က နှာမှုတ်လိုက်သည်။ "ဟိုတုံးအတဲ့ ကောင်စုတ်လေး ကံကောင်းသွားတယ် မှတ်ပါ"

စကားအဖြစ်သာ ပြောရသော်လည်း၊ ကျူးကော်ဖန်းလင်သည် ရှောင်ပုတန်လေး၏

လက်ရှိ စွမ်းရည်နှင့် ခွန်အားများကို
သဘောပေါက်ပေသည်။ ဗလာနတ္တိ
အစိမ်းရောင် ဆေးမီးဖိုလေး အကာအကွယ်နှင့်
ဆိုလျှင်၊ အဝီစိ ငရဲမုန်တိုင်းသည်ပင်လျှင်
ပမာဏ အနည်းငယ်နှင့်သာဆိုလျှင်၊
သူ့အားသတ်နိုင်မည် မဟုတ်ပေ။

ထို့အပြင် သူတို့နှင့် လိုက်ပါလာသည်မှာ
မိစ္ဆာသခင် အဆင့်မှ၊ နဂါးကျဲယု ဖြစ်သည်။
အကယ်၍ တစ်စုံတစ်ခုသော
တကယ်ဖြစ်ပျက်ခဲ့ပါက၊ သူတို့သည်
အနည်းဆုံးတော့ လွတ်မြောက်အောင်
ထွက်ပြေးနိုင်ပေမည်။

"ငါက ဟိုဆံပင်နီနဲ့ ကောင်မလေးကိုတော့ မဆက်ဆံဖူးဘူး၊ ဒါပေမဲ့ သူမကို ကြည့်ရတာ တဲ့တိုးသမားနဲ့ တူတယ်"
ကျူးကော်ဖန်းလင်သည် သူမ၏ လွတ်မြောက်ဖို့အတွက် နည်းဗျူဟာများကို စတင်ရေးဆွဲနေပြီ ဖြစ်သည်။
"ဟိုကောင်စုတ်လေးနဲ့ ကောင်မလေး နှစ်ယောက်စလုံးကတော့ ဂျင်းထည့်ဖို့ လွယ်မယ်နဲ့ တူတယ်"

"ဒီနဂါးကတော့၊ လည်မလား မသိဘူး"

သူမ၏ တွက်ချက်မှုများ ပြုလုပ်နေစဉ်တွင်၊ သူမ၏ မှော်စွမ်းအင် လှုပ်ရှားမှုများကို လင်းဖုန်းက အလွယ်တကူ အကဲခတ်နိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏စွမ်းအင်များကို အသုံးပြု၍ သူမ၏ စိတ်ဝိညာဉ်ကို စူးစမ်းခြင်း၊ သူမ၏ အတွေးများကို ဖတ်ရှုခြင်းမျိုး မပြုလုပ်ခဲ့ချေ။ သို့သော်လည်း သူမ၏ စိတ်အခြေအနေတို့ကို အကဲခတ်ခြင်းဖြင့်ပင်၊ သူမသည် တစ်ခုခုကို ကြံစည်နေကြောင်းကို သိနိုင်ပေသည်။

သူမသည် အခွင့်အရေးရှာ၍
ထွက်ပြေးချင်နေကြောင်းကို၊ လင်းဖုန်းသည်
မေးစရာမလိုပဲနှင့် သိနေခဲ့သည်။

လင်းဖုန်းသည် သူမကို ရယ်ချင်လှစွာဖြင့်
ကြည့်လိုက်သည်။ "မင်းက
ရှောင်ပုတန်လေးကို အသက်ငယ်တယ်
ဆိုပြီးတော့၊ လှည့်စားဖို့လွယ်တယ်ဆိုပြီး
တွက်နေတာလား? ဒါဆိုမင်းက
ခံသွားရလိမ့်မယ်"

"သူမကို ဘယ်လိုလုပ်မယ်ဆိုတာကို၊ ၁၅ရက်
အပြီးမှ မင်းကိုယ်မင်းပဲ ဆုံးဖြတ်။ ငါကမင်းကို

ဆိုးဖြတ်ချက်ချခွင့် ပေးလိုက်မယ်" သူက
ရှောင်ပုတန်လေးအား ပြောလိုက်သည်။

ရှောင်ပုတန်လေးနှင့် ကျူးကော်ဖန်းလင်တို့၏
မျက်လုံးတို့မှာ တပြိုင်နက်တည်း
လင်းလက်လာကြသည်ကို ကြည့်လိုက်ကာ၊
လင်းဖုန်းသည် တိတ်တဆိတ်နှင့်
ကောက်ကျစ်စွာ ပြုံးလိုက်သည်။

ရှောင်ပုတန်လေးနှင့် အဖွဲ့တို့က
ထွက်ခွာသွားသည်ကို ကြည့်လိုက်ပြီး၊
လင်းဖုန်းသည် ကွေန္တားဘုရင်အား

ကြည့်လိုက်သည်။ "ငါ့အနောက်ကို လိုက်ခဲ့လို့ရပြီ"

ကွေ့န္တားအားလုံးတို့သည် လေးစားစွာဖြင့် လိုက်နာလိုက်ကြ၏။ သူ၏ အကျီလက်စကို ဖော့ယမ်းလိုက်ပြီး၊ လင်းဖုန်းသည် မြေကြီးအပါအဝင် ဆာရိုသံမဏိ သစ်ပင်ပေါက်လေးအား ယူဆောင်လိုက်သည်။

သူသည် အပင်ပေါက်လေး ဘဝသာ ရှိသေးသော်လည်း၊ ဆာရိုသံမဏိ သစ်ပင်သည် အလားအလာများကို ပြသနေပြီ

ဖြစ်သည်။ သူသည် မြေကြီးပေါ်တွင် ခိုင်မြဲစွာ တွယ်ကပ်နေကာ အလွယ်တကူ ဆွဲယူ၍ မရချေ။ သူ၏ ထူးခြားသော အစွမ်းတို့ကို တွေ့လိုက်ရ၍ လင်းဖုန်းသည် သာမန်ကဲ့သို့ သဘောမထားတော့ပဲ၊ လောကနှစ်ပါး လေဟာနယ် မန္တန်ကို အသုံးပြုကာ လေဟာနယ်ကို နှစ်ပိုင်းပိုင်းလိုက်၍၊ အပင်ပေါက်လေးကို ယူဆောင်လိုက်လေသည်။

"နည်းနည်းလေး ပိုပြီးတော့ အရွယ်ရောက်လာတဲ့ အခါကျရင်၊ သူက လေဟာနယ် ဒိုင်မန်းရှင်းတို့ကိုပါ

တည်ငြိမ်အောင် ထိန်းနိုင်မယ်နဲ့တူတယ်"
လင်းဖုန်းသည် သစ်ပင်ပေါက်လေးအား
သိမ်းလိုက်ကာ၊ လေဟာနယ်ကို ဆွဲဖြဲလိုက်၍၊
ကွေ့နွားတို့နှင့်အတူ ယုကျင်းတောင်ပေါ်သို့
ပြန်သွားခဲ့လေတော့သည်။

ယုကျင်းတောင်ထိပ်ပေါ်ကို ရောက်သည်နှင့်၊
လင်းဖုန်းသည် တစ်စုံတစ်ခုကို
ခံစားမိလိုက်ရသည်။ "ဒီခံစားချက်...
ဝမ်လင်းလေးက စိတ်ဝိညာဉ် တာဝါကို
ထူထောင်ပြီး၊ အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်ကို
တက်လှမ်းတော့မှာလား?"

# စာစဉ် ၁၅ : အပိုင်း ၁၃

## အပိုင်း ၂၆၃ : ပြင်ပစွမ်းအားကို လိုအပ်ခြင်း

လျှပ်တပြက် အတွင်းတွင် လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းသို့ ရောက်သွားခဲ့သည်။ ဝမ်လင်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်လေး၏ အောက်တွင် တင်ပုလ္လင်ခွေ ထိုင်နေခဲ့ကာ၊ သူ၏မျက်လုံးအစုံကို ပိတ်ထားခဲ့ကာ ကျင့်ကြံမှု အလယ်တွင် ရှိနေခဲ့သည်။

ဝမ်လင်း၏ခန္ဓာကိုယ် တစ်ခုလုံးကို
အနက်ရောင် ခါတ်ငွေ့ တစ်လွှာပြီး
တစ်လွှာတို့သည် လွှမ်းပတ်ရစ်ခြုံ
ထားကြကာ၊ ခရမ်းရောင် ဖျော့ဖျော့လေးဖြင့်
လင်းလက်နေ၏။

ဖျက်ဆီးနိုင်မှု စွမ်းအား သဘောတရားတို့၏
အေးစက်သော ဟင်းလင်းပြင် အတွင်းတွင်၊
နတ်ဘုရားတို့၏ ဖန်ဆင်းခြင်းနှင့်
မွေးဖွားခြင်းတို့ကို ဖွဖွလေး
ခံစားမိနိုင်နေသည်။

ဒါသည် ဝမ်လင်း၏ မဟာကောင်းကင်တာအိုကျမ်းစာ၏ အရေအတွက်သုံးခုအင်းရှစ်ကွက်အား နက်ရှိုင်းစွာ သဘောပေါက်နားလည်နိုင်မှုတို့ကို ပြသနေခြင်းဖြစ်ကြောင်းကို လင်းဖုန်းက သိလိုက်၏။ သူသည် အစမူလက ဖန်ဆင်းခြင်းနှင့်ဖျက်ဆီးခြင်း အစွန်းနှစ်ဘက်တို့တွင်၊ ဖျက်ဆီးခြင်း အမှန်တရား အချို့တို့ကို ဆုပ်ကိုင်နိုင်ပြီး ဖြစ်သည်။ ယခုအခါတွင် သူသည် ဖန်ဆင်းခြင်း၏ သဘောတရားတို့ကို ထိတွေ့နေနိုင်ပြီ ဖြစ်သည်။

ထိုနှစ်ခုတို့အား ပေါင်းစည်းလိုက်ခြင်းအားဖြင့်၊ သူသည် တစ်ဆို့ကြန့်ကြာနေသော အတားအဆီးတို့အား နောက်ဆုံးတွင် ချိုးဖောက်သွားနိုင်ခဲ့ကာ၊ စိတ်ဝိညာဉ် တာဝါအား စတင်ထူထောင်၍၊ အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်ကို တက်လှမ်းနိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ့အား အနှောက်အယှက် မဖြစ်စေခဲ့ပဲ သူ၏ဘေးနားတွင် ဆင်းသက်ခဲ့သည်။ စကားမပြောပဲနှင့်၊ သူသည် သူ၏ကိုယ်ပိုင် မှော်စွမ်းအင်တို့ကို ဖော်ထုတ်လိုက်ကာ၊ ခရမ်းရောင်

ခါတ်ငွေ့တစ်စုကို ဖန်ဆင်းလိုက်ကာ
ဝမ်လင်းအား လွှမ်းခြုံလိုက်၏။

တစ်ဝက်မှာ ဝမ်လင်းအား
ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး၊
ကျန်တစ်ဝက်မှာမူ ဝမ်လင်းက စိတ်ဝိညာဉ်
တာဝါအား ထူထောင်သည့် အခါတွင်
ဖြစ်ပေါ်လာမည့် ထူးခြားချက်တို့ကို
စောင့်ကြည့်ရန်ဖြစ်သည်။

ဝမ်လင်း၏ အောဲရာပင်လယ် အတွင်းတွင်၊
အနက်ရောင် ခါတ်ငွေ့တို့မှာ ထူထပ်သော
မြူခိုးငွေ့တို့အလား အပေါ်တို့

ဆက်တက်နေကြသည်။ လင်းဖုန်းသည် ထိုအနက်ရောင် မြူခိုးငွေ့တို့အား ကျော်ဖြတ်သွားခဲ့၍၊ သူ၏ အော်ရာပင်လယ် အတွင်းတွင် ခရမ်းရောင် စိတ်ဝိညာဉ် တာဝါတစ်ခုသည် ဖြည်းဖြည်းချင်း မြင့်တက်လာနေခဲ့သည်ကို တွေ့လိုက်ရသည်။ သူ၏ ဘေးပတ်ပတ်လည်တွင် အဝါရောင် ဖျော့ဖျော့နှင့် ရေစီးကြောင်းများက စီးဆင်းနေခဲ့သည်။

မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို ဗဟိုချက် အဖြစ် ထားခဲ့၍၊ ငရဲကမ္ဘာ အကြွင်းမဲ့ရေအား

အခြံအရံ အဖြစ် အသုံးပြုကာ၊ ဖျက်ဆီးမှု စွမ်းအားများအား ပေါင်းစည်းထားခြင်း ဖြစ်သည်။ ဒါသည့် ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါ၏ ပီပြင်စွာ ရုပ်လုံးမပေါ်သေးသော စိတ်ဝိညာဉ် တာဝါ၏ပုံ ဖြစ်သည်။

သို့သော်လည်း ဝမ်လင်း စိတ်ဝိညာဉ် တာဝါ၏ ထူထောင်မှု အမြန်နှုန်းကို ကြည့်လိုက်ကာ၊ လင်းဖုန်းသည့် မျက်မှောင်ကြီးကို ကြုတ်လိုက်၏။

ရှောင်ပုတန်လေးတို့ တတွေ၏ စိတ်ဝိညာဉ် တာဝါအား ထူထောင်ရာတွင်၊ ပြင်ဆင်ရန်

အချိန်အကြာကြီး ယူရသော်လည်း၊
အမှန်တကယ် ထူထောင်သည့် အချိန်တွင်
စက္ကန့်ပိုင်းအတွင်း ပြီးစီးသွားခြင်း ဖြစ်သည်။

ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါ
ထူထောင်မှုနည်းများ သူ့အရှိန်နှင့်သူ
ရှိသော်လည်း၊ နှိုင်းယှဉ်လိုက်လျှင်
အတော်ကြီးကို နှေးလှ၏။

ဒါသည် လင်းဖုန်း၏ စိတ်ထဲတွင်
မကောင်းသော ခံစားချက် တစ်မျိုးကို
ပေးစွမ်းနေ၏။ သူ၏ အကြည့်အောက်တွင်၊
ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါမှာ

တစ်ဆင့်ပြီးတစ်ဆင့်
မြင့်တက်လာသော်လည်း၊ အမြန်နှုန်းမှာ
ဖြည်းဖြည်းချင်း လျှော့ကျလာ၏။

ဝမ်လင်း၏ နဖူးတွင် သစ်ရွက်လေး
တစ်ရွက်ကို တွေ့နေနိုင်သည်။
ထိုသစ်ရွက်လေးမှာ လင်းဖုန်းက သူ့အား
ပေးထားသော မဟာ့ရာကောင်းကင်
ရတနာသစ်ပင်မှ သစ်ရွက်လေးဖြစ်သည်။
သူသည် စိတ်ဝိညာဉ် တာဝါ၏
အရည်အသွေးကို မြှင့်တင်ရာတွင်
အကျိုးကျေးဇူး တစ်စုံတစ်ရာကို
ဖြစ်ထွန်းစေနိုင်သည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်လည်း
သူ့ကိုအရင်က အသုံးပြုဖူး၏။
အကျိုးသက်ရောက်မှုမှာ မယုံနိုင်ဖွယ်
ဖြစ်သည်။ အထူးသဖြင့် ယွဲ့ဟုန်ယန်
ဖြစ်သည်။ သူမသည် ထိုအခွင့်အရေးကို အပိုင်
အသုံးချကာ နဂိုမူလက အဆင့်နှစ်
စိတ်ဝိညာဉ် တာဝါအား၊ အဆင့်တစ်
စိတ်ဝိညာဉ် တာဝါအဖြစ်သို့
အဆင့်မြှင့်နိုင်ခဲ့သည်။ မယုံနိုင်စရာ
ကောင်းလှသည့် စွမ်းအားကောင်းလှသည့်
အကျိုးတရား ဖြစ်သည်။

ယခုအချိန်တွင်လည်း မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ရွက်လေးသည်
အရောင်ဖျော့ဖျော့နှင့် တောက်ပနေကာ၊
အလင်းတန်းလေး အဖြစ်ကို ပြောင်းသွား၍
ဝမ်လင်း၏ ခန္ဓာကိုယ်နှင့် ပေါင်းစည်းနေ၏။

ထိုအလင်းတန်းလေးသည် ဝမ်လင်း၏
အော်ရာပင်လယ် အတွင်းသို့ ဝင်သွားခဲ့ကာ၊
သူဖြည်းဖြည်းချင်း တည်ဆောက်နေသော
စိတ်ဝိညာဉ် တာဝါ၏ အတွင်းသို့
ဝင်သွားခဲ့သည်။

လင်းဖုန်းသည် ဝမ်လင်း၏ စိတ်ဝိညာဉ်
တာဝါအား စိတ်လှုပ်ရှားစွာဖြင့်
စောင့်ကြည့်နေခဲ့သည်။ သို့သော်လည်း
မဟူရာကောင်းကင် ရတနာသစ်ပင်၏
သစ်ရွက်လေးကို စုပ်ယူပြီးသော်လည်း၊
ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါသည်
သိသာထူးခြားသော
တိုးတက်ပြောင်းလဲမှုများကို မတွေ့ရသေးချေ။

"ဝမ်လင်းလေးရဲ့ အပေါ်မှာ ကျရှုံးနိုင်တဲ့
အန္တရာယ် အရိပ်အယောင်တွေကို
တွေ့နေရပြီ!" လင်းဖုန်း၏ နဖူးတို့သည်
ကျုံ့သွားခဲ့သည်။ ဒါသည် သူမြင်တွေ့လိုသော

ရလဒ်မဟုတ်သည်မှာ သေချာနေ၏။ သူ၏ စိတ်ဝိညာဉ် တာဝါ၏ အရည်အသွေးကို မြှင့်တင်ရန်၊ မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်ကို အလိုအပ်ဆုံးသောသူသည်၊ မအောင်မမြင် ဖြစ်ရန် လက်တစ်လုံးသာ လိုတော့သည်။

ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါသည် ပြီးဆုံးတော့မည့် အရိပ်အယောင်တို့ကို တွေ့လိုက်ရသဖြင့်၊ လင်းဖုန်းသည် လုံးဝ တိတ်ဆိတ်ငြိမ်သက် သွားခဲ့သည်။

တစ်၊ နှစ်၊ သုံး၊ လေး။ ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါသည် အလွှာလေးလွှာသာ ရှိနေသည်။

အဆင့်ခြောက် စိတ်ဝိညာဉ် တာဝါ။

ယုကျင်းတောင်၏ ကြွယ်ဝပေါများလှသော စိတ်ဝိညာဉ်စွမ်းအင်၊ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်တို့၏ ဖန်ဆင်းနိုင်သော နတ်ဘုရားစွမ်းအင်၊ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက် ကဲ့သို့သော ထိပ်တန်းအဆင့် တာအိုနည်းစနစ်၊ ကောင်းကင်ဆေးလုံးနှင့်

အရုံအတား ချိုးဖောက်ခြင်း ဆေးလုံး
ကဲ့သို့သော စိတ်ဝိညာဉ် ဆေးလုံးများ စသည့်
အကူအညီများဖြင့်၊ ဝမ်လင်း
တည်ထောင်ထားသော စိတ်ဝိညာဉ်
တာဝါသည် နောက်ဆုံးတွင်
အဆင့်ခြောက်သာ ရှိသည်။

လင်းဖုန်းသည် အစမူလက ဝမ်လင်းအား
စိတ်ဝိညာဉ်စွမ်းအင် ပြန်လည်ဖြည့်တင်းခြင်း
ဆေးလုံးအား ကြိုတင်၍
မပေးထားခဲ့ခြင်းကြောင့်၊ သူ၏
စိတ်ဝိညာဉ်တာဝါ ထူထောင်ခြင်းတွင်
အကျိုးသက်ရောက်မှု ရှိမည်ကို

ပူပန်နေခဲ့သည်။ သို့သော်လည်း ယခုအခြေအနေကို ကြည့်လိုက်ခြင်းအားဖြင့်၊ ဝမ်းလင်းသည် စိတ်ဝိညာဥ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးအား အသုံးပြုမည် ဆိုလျှင်တောင်မှ၊ သူ၏ စိတ်ဝိညာဥ် တာဝါသည် အလွန်ဆုံး အဆင့်လေး၊ သို့မဟုတ် ငါးသာ ရှိပေလိမ့်မည်။

မဟာရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်သည် အကျိုးသက်ရောက်မှု ရှိခဲ့လျှင်ပင်၊ အဆင့်သုံးထက် ပိုနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း အဆင့်တစ် သို့မဟုတ်
အဆင့်နှစ် စိတ်ဝိညာဉ် တာဝါများကသာ၊
အဆင့်တစ် သို့မဟုတ် အဆင့်နှစ်
လုံခြုံမှုကိုအများကို ဖန်ဆင်းနိုင်၍၊
ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်ရှိသွားလျှင် ခရမ်းရောင် ဆေးလုံးကို
ဖော်ဆောင်နိုင်ရန် မျှော်လင့်ချက်
ရှိမည်ဖြစ်သည်။

လင်းဖုန်း အပါအဝင်၊ ရှောင်ပုတန်၊
ရှောင်ယန်နှင့် ဇူရီတို့သည် သူတို့၏
ရွှေရောင်ဗဟိုချက်များက ထူးခြားသော ပုံစံ

ရှိနေခြင်းမှာ၊ ခရမ်းရောင် ဆေးလုံးများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။

အနီရောင်၊ အစိမ်းရောင်နှင့် အဝါရောင် ဆေးလုံးတို့သည် ထူးခြားသောပုံစံမျိုးရှိရန် မဖြစ်နိုင်ချေ။

အမှန်အတိုင်း ပြောရလျှင်၊ အခြေခံအုတ်မြစ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်တို့တွင်၊ လင်းဖုန်း၏ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်သည် လူသားကျင့်ကြံသူများ အတွင်းတွင် အဆင့်အမြင့်ဆုံး ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းထက်ပင်
သာပေသည်။ ထို့ကြောင့်သာ
ရှောင်ပုတန်လေးတို့တတွေသည် ယခုကဲ့သို့
တိုက်ခိုက်နိုင်မှုစွမ်းရည် ရှိခြင်းဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်း၏ "မဟာ" နှင့်
"ဟင်းလင်းပြင်" လမ်းစဥ်များ ဖြစ်ကြသော -
"ဥပေက္ခာ မဟာလမ်းစဥ်" နှင့်
"ဟင်းလင်းပြင်တို့၏ ယင်ယန်ကျမ်းစာ"
တို့သည် တွေး၍မရသော စွမ်းအားများကို
ပိုင်ဆိုင်ထားကြ၏။ သူတို့ တပည့်များ၏ ပါရမီ
စွမ်းအားတို့နှင့် တွဲလိုက်သော်၊ အနိမ့်ဆုံး
အဆင့်နှစ် စိတ်ဝိညာဥ် တာဝါအား

ဖန်ဆင်းနိုင်ရန်မှာ တစ်ရာ ရာခိုင်နှုန်းနီးပါး သေချာနေ၏။ ပိုထူးချွန်သော သူများမှာ အဆင့်တစ် စိတ်ဝိညာဉ် တာဝါအား ဖော်ဆောင်နိုင်မည် ဖြစ်သည်။

ထိပ်တန်းအဆင့် တာအိုနည်းစနစ်များကို လေ့ကျင့်နိုင်လျှင် တိုးတက်မှုနှုန်းမှာ အမတန် ကောင်းမွန်လှသည်။ ကျင့်ကြံသူများ အနေဖြင့်လည်း အခြားသူများထက် သာလွန်နိုင်ကြမည် ဖြစ်သည်။ သို့သော်လည်း သူနှင့်အတူ တွဲပါလာသည့် အားနည်းချက်မှာ၊ ကျင့်ကြံမှုတွင် အဆမတန် ခက်ခဲခြင်း ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် အဘယ်ကြောင့် ပါရမီရှင်တို့၏ စုဝေးရာ ဖြစ်နေရသနည်း? အဓိက အကြောင်းရင်း တစ်ခုမှာ သူတို့၏ တာအိုနည်းစနစ်များကြောင့် ဖြစ်သည်။ သာမန် ပါရမီသာ ရှိသူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်း၏ တာအိုနည်းစနစ်များကို လေ့ကျင့်၍ တိုးတက်နိုင်မည် မဟုတ်ကာ၊ ဂိုဏ်းအတွင်းသို့လည်း ဝင်နိုင်မည် မဟုတ်ချေ။

သို့သော်လည်း လင်းဖုန်း၏ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု

အင်းရှစ်ကွက်သည် သူ့ထက်ပင် ပို၍ ထူးကဲသေး၏။ လေ့ကျင့်အောင်မြင်နိုင်လျှင်၊ အဆင့်တစ် စိတ်ဝိညာဉ် တာဝါအား ထူထောင်နိုင်မည့်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်လေသည်။

အကယ်၍များ ထိုသတင်း အချက်အလက်သာ ပျံ့နှံ့သွားပါက၊ မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးသည် ရုန်းရင်းဆန်ခတ် ဖြစ်သွားကြမည် ဖြစ်သည်။

သို့သော်လည်း တူညီသော အကြောင်းရင်းများ အတိုင်းပင်၊ မဟာကောင်းကင်

တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်၏ ရှုပ်ထွေးခက်ခဲမှုတို့မှာ၊
ဟင်းလင်းပြင် ဘုရားကျောင်း၏
တာအိုနည်းစနစ် များထက်ပင် ပိုမိုသေး၏။
ထို့ကြောင့်ပဲ လင်းဖုန်းသည်
တပည့်အသစ်များအတွက်၊ မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို အခြေခံကာ၊ ပို၍
အဆင့်နိမ့်ကာ လေ့ကျင့်ရန် လွယ်ကူသည်
ကွဲပြားခြားနားသော တာအိုနည်းစနစ်များကို၊
ပြင်ဆင်ရန် အစီအစဉ် ဆွဲနေခြင်း ဖြစ်သည်။

ဇူရီ၏ ဇူကျိ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းဂန်သည် ချီသာဝက အဆင့်မှ တပည့်များကို အခြေခံ ထူထောင်နိုင်ရန် အစပိုင်း အဆင့်သာ ဖြစ်သည်။ ချီသာဝက အဆင့်မှ တပည့်များသည် အခြေခံအုတ်မြစ် အဆင့်ကို တက်လှမ်းနိုင်ပါက၊ နောက်ထပ် တာအိုနည်းစနစ်များ လိုအပ်လာဦးမည် ဖြစ်သည်။

အမှန်ဆိုလျှင် ဝမ်လင်း၏ ခန္ဓာကိုယ် စွမ်းအားနှင့်၊ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို လေ့ကျင့်ရာတွင်

ခက်ခဲမှုသည် အလွန်တရာမှ မြင့်မားလှသည် ဖြစ်သည်။ ပါရမီ အဆင့်အတန်း တူညီသော အခြားတစ်ယောက် ဖြစ်ခဲ့လျှင်၊ သူသည် အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှနေ၍ တစ်သက်လုံး တက်နိုင်တော့မည် မဟုတ်ပေ။

သို့သော်လည်း ဝမ်လင်းတွင် ယှံနိုင်ဖွယ် မရှိသော သဘောပေါက် နားလည်နိုင်စွမ်းနှင့် စိတ်စွမ်းအားတို့ကို ပိုင်ဆိုင်ထားလေသည်။ ထို့ကြောင့်ပင် သူသည် မဖြစ်နိုင်သော လမ်းကြောင်းမှ ဖောက်ထွက်ကာ၊ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို

အသုံးပြု၍၊ သူ၏ စိတ်ဝိညာဥ် တာဝါအား
အောင်မြင်စွာ ထူထောင်နိုင်ခြင်း ဖြစ်၏။
သို့သော်လည်း နောက်ဆုံးရလဒ်မှာ၊
သူ့စိတ်ဝိညာဥ် တာဝါ၏ အဆင့်အတန်းမှာ
အကန့်အသတ် ခံထားရခြင်းပင် ဖြစ်သည်။

"မဟာတာအို ဝါဒဟာ အကြွင်းမဲ့
ရိုးရှင်းခြင်းပဲ။ တကယ့် အန္တိမ တာအိုဟာ
ကောင်းကင်အောက်က လူတိုင်းက
လေ့ကျင့်ဖို့ သင့်တော်ရမယ်။ ပါရမီတွေ
ဘယ်လောက်ပဲ ကွာခြားကွာခြား၊ လူတိုင်းဟာ
တာအိုဝါဒကို ကျက်သရေ ရှိလှစွာနဲ့
ကျင့်သုံးနိုင်ရမယ်" လင်းဖုန်းက

တိတ်ဆိတ်စွာနှင့် တွေးနေခဲ့သည်။
"ငါခံစားနေရတယ်။ ငါ့ရဲ့ မဟာကောင်းကင်
တာအိုကျမ်းစာကလည်း ဒီနည်းလမ်းအတိုင်းပဲ
ဖြစ်ရမယ်"

"ဒါပေမဲ့ အခုအချိန်မှာ အရေအတွက်သုံးခု
အင်းရှစ်ကွက် ကျမ်းစာနဲ့ အသွင်သဏ္ဍာန်
လေးမျိုး ကျမ်းစာတို့သာ ရှိသေးတယ်။
မပြည့်စုံသေးတဲ့ တာအိုနည်းစနစ်ဟာ
ပိုပြီးတော့ လျှို့ဝှက်သီးသန့် ဆန်ပြီးမှ၊
ခက်ခဲနက်နဲတယ်။ တစ်ယောက်က
နားလည်သဘောပေါက်ဖို့က အလွန်တရာမှ
ခက်ခဲတယ်"

လင်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ကာ၊ ဝမ်လင်း၏ နဖူးအား လက်ညှိုးတစ်ချောင်းဖြင့် တို့လိုက်သည်။

ခရမ်းရောင် ဓာတ်ငွေ့တစ်တန်းသည် ဝမ်လင်း၏ အော်ရာပင်လယ် အတွင်းသို့ ဝင်ရောက်သွားခဲ့ကာ၊ သူ၏ ပြီးစီးလုနီးပါး ဖြစ်နေသော အဆင့်ခြောက် စိတ်ဝိညာဉ် တာဝါ၏ အတွင်းသို့ ကျရောက်သွားခဲ့သည်။ ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါသည် တိတ်တဆိတ်ပဲ ကြွေမွပျက်စီးကာ သွားခဲ့သည်။

လင်းဖုန်း မှော်စွမ်းအင်၏
ကာကွယ်စောင့်ရှောက်မှုနှင့်အတူ၊
ဝမ်လင်းသည် သူ၏ မှော်စွမ်းအင်ရော
စိတ်ဝိညာဉ်ပါ ဒဏ်ရာရခြင်း မရှိခဲ့ချေ။

သူသည် ဘာကိုမှ မပြောနိုင်ခဲ့ပဲ
မျက်လုံးအစုံကို ဖွင့်လိုက်ကာ၊ လင်းဖုန်းအား
ဦးညွှတ်လိုက်သည်။

ထိုအချိန်တွင် ဝမ်လင်း၏ စိတ်စွမ်းအင်မှာ
အမှတ်ပြည့် ရထားသည် ဆိုသော်ငြားလည်း၊
သူသည် မှိုင်တွေညှိုးငယ်နေခဲ့သည်။ သူ့အား

အဆက်မပြတ်
သင်ကြားစောင့်ရှောက်နေခဲ့သော
လင်းဖုန်းအား ကြည့်လိုက်ကာ၊ ရှက်ရွံ့ခြင်း
နှောင်တသံဝေဂ ရခြင်းတို့ကို ခံစားနေရသည်။

သူ၏ စီနီယာနှင့် ဂျူနီယာများ အကြားတွင်၊
သူသည် စွဲစွဲမြဲမြဲ အရှိဆုံး၊ လုံ့လဝီရိယ
အထုတ်ဆုံး ဖြစ်သည်။ သို့သော်လည်း
နောက်ဆုံးရလဒ်များသည် ကျေနပ်အားရဖွယ်
မရှိခဲ့ပေ။ အားလုံး၏ အောက်ဆုံးတွင်သာ
ရှိနေခဲ့သည်။

လင်းဖုန်းသည် ဝမ်လင်းအား တိတ်ဆိတ်စွာနှင့် ကြည့်နေခဲ့သည်။ စနစ်၏ ပင်ကိုစွမ်းရည် စစ်ဆေးသည့် ကိရိယာမှ ပေးအပ်ထားသော၊ ဝမ်လင်း၏ အရိုးအရင်းမြစ်မှာ ငါးမှတ်ဖြစ်သည်။ စနစ်ကြီးသည် ပြင်ပမှ အားကြီးသော လွှမ်းမိုးမှုများ မရှိခဲ့လျှင်၊ ဝမ်လင်း၏ နောက်ဆုံးခန္ဓာကိုယ် စွမ်းရည်မှာ ငါးမှတ်သာ ရနိုင်သည်ဟု ခန့်မှန်းထားခြင်း ဖြစ်သည်။

လင်းဖုန်းသည် ကောင်းကင်အား မော့ကြည့်လိုက်၏။ ခဏကြာသော် သူ၏ အကြည့်တို့မှာ ခိုင်မာပြတ်သားလာခဲ့သည်။

"ပြင်ပက ဝင်ရောက်လွှမ်းမိုးမှု မရှိခဲ့ရင်၊ အမြင့်ဆုံးအမှတ်က ငါးမှတ်လား? ကောင်းပြီ၊ ဒါဆိုရင်လည်း ငါက ပြင်ပက ဝင်ရောက်လွှမ်းမိုးမှု ဖြစ်ရမှာပေါ့!"

သူသည် ဝမ်လင်းအား ငုံ့ကြည့်လိုက်ကာ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "မလောနဲ့၊ ဖိအားမများနဲ့။ ငါက မင်းအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးပြီ၊ တစ်ခုရှိတာက အချိန်မကျသေးဘူး"

ဝမ်လင်းသည် ခေါင်းကိုမော့လိုက်ကာ လင်းဖုန်းအား ကြည့်လိုက်၏။ လင်းဖုန်း၏

ယုံကြည်မှု အပြည့်နှင့် အကြည့်အား တွေ့လိုက်သောအခါ၊ သူ၏ စိတ်ခံစားချက်များသည် တဖြည်းဖြည်းနှင့် တည်ငြိမ်လာခဲ့သည်။

ပူပင်သောက ရောက်နေသော အကြည့်များသည် ဝမ်လင်း၏ မျက်နှာပေါ်မှ ပျောက်ကွယ်သွားခဲ့ကာ၊ သူ၏မျက်နှာတွင် စိတ်တည်ငြိမ်မှု ပြန်ရလာခဲ့ကာ လင်းဖုန်းအား ရိုသေစွာနှင့် ဦးညွှတ်လိုက်သည်။
"ကျွန်တော်က အသုံးမကျပါဘူး၊ ဆရာ့ကို အားပိုပြီး စိုက်ရအောင် လုပ်မိတယ်"

"မင်းက ငါ့ရဲ့လက်အောက်မှာ ဝင်ရောက်လာပြီဆိုတော့၊ ငါကမင်းကို ကာကွယ်စောင့်ရှောက်ပြီး အစီအစဥ်တွေ ချမှတ်ပေးရမှာပေါ့"

ဝမ်လင်းအား သူ၏ မှော်စွမ်းအင်များအား ပြန်လည်ပျိုးထောင်၍ ဆက်လက်ကျင့်ကြံစေရန် ပြန်လွှတ်လိုက်အပြီးတွင်၊ လင်းဖုန်းသည် လက်နှစ်ဖက်ကို နောက်ကျောပစ်ထားလိုက်ပြီး၊ စိတ်ထဲတွင် တွက်ချက်နေခဲ့သည်။ "ဒီအကြံနှစ်ခုထဲမှာ၊ ဘယ်တစ်ခုက ပိုပြီးတော့ သင့်တော်ပါ့မလဲ?"

"ထားလိုက်ပါဦး။ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာက ဒီတစ်ခေါက် ဘာအကျိုးအမြတ်တွေများ ရမလဲ ဆိုတာကို၊ စောင့်ကြည့်ပြီးမှ ဆုံးဖြတ်တာပေါ့" လင်းဖုန်းက တွေးလိုက်၏။ သူ၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့ပြီး၊ "အမှန်ဆိုရင် ငါက ပထမ အကြံကို မသုံးချင်ပါဘူး။ ဒါပေမဲ့လည်း ငတုံးငအ တစ်ချို့က ကိုယ့်ကိုယ်ကိုယ် ခေါးနဲ့ တံကျင်လျှိုမလား ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့"

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အထဲမှ ထွက်လိုက်ပြီးနောက်၊ လင်းဖုန်းသည်
ကြွေနွားများကို နေရာချပေးလိုက်၏။
ထို့နောက်တွင် သူသည်
တပည့်ခန်းဆောင်ဆီသို့
လျှောက်လှမ်းသွားခဲ့သည်။
အသစ်ဝင်ရောက်လာသော တပည့်များသည်
အတွင်းတွင် အနားယူနေကြသည်။

လျှင်မြန်စွာနှင့် အာရုံခံလိုက်ပြီး နောက်တွင်၊
လင်းဖုန်းသည် တစ်လမျှပင် မပြည့်သေးသော
အချိန်လေး အတွင်းတွင်၊ တပည့်အသစ်များ
အားလုံးသည် ချီကျင့်ကြံမှု၏ တံခါးဝအနားသို့

ရောက်နေကြပြီ ဖြစ်သည်ကို
တွေ့ရှိလိုက်ရ၏။

ထိုတပည့်များသည်လည်း ပါရမီရှင်လေးများ
ဖြစ်ကြသည်။ သူတို့သည် သူ၏
လူနှင့်မတူသော လက်ရင်းတပည့်များနှင့်
မယှဉ်နိုင်ကြသော်လည်း၊ သူတို့သည်
ပုံမှန်ဆိုလျှင် ပါရမီရှင်များအဖြစ် သတ်မှတ်ရန်
ထိုက်တန်သူများ ဖြစ်ကြ၏။

ဇူရီ၏ ဖိဖိစီးစီး သင်ကြားပေးမှုနှင့် အတူ၊
သူတို့၏ ခန္ဓာကိုယ်များအား
တပည့်ခန်းဆောင်၏ စုဆောင်းထားသော

စိတ်ဝိညာဉ် စွမ်းအင်များနှင့် အားဖြည့်ပေးခြင်းကြောင့်၊ သူတို့သည် ယခုကဲ့သို့ တိုးတက်လာခြင်းသည် ခန့်မှန်းမှု အတွင်းမှာပင် ရှိနေသေး၏။

"အချိန်အနည်းငယ် ကြာပြီးရင်တော့၊ ငါကလည်း တပည့်သစ်တွေရဲ့ အရှေ့မှာ မျက်နှာပြပြီး၊ သင်ခန်းစာတွေကို ပို့ချပေးရမယ်။ ဒါဆိုရင် သူတို့ရဲ့ ကျင့်ကြံမှုတွေကို လမ်းညွှန်နိုင်ပြီး၊ ဂိုဏ်းအတွင်းက စည်းလုံးညီညွတ်မှုတွေကို တိုးတက်စေမှာပဲ"

တပည့်ခန်းဆောင် အတွင်းမှ ထွက်ခွာလာပြီး နောက်တွင်၊ လင်းဖုန်းသည် အတွေးတစ်ခု ပေါ်လာကာ အခြားတစ်ဘက်သို့ လှည့်လိုက်သည်။

ထိုနေရာတွင် သူက ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်များကို အသုံးပြု၍ တည်ဆောက်ထားသော အိမ်ကလေးများ ရှိနေ၏။ သူခေါ်လာသော ကလေးလေးများသည် ထိုအိမ်လေးများထဲတွင် နေနေကြ၏။

အိမ်အကြီးကြီး တစ်လုံးထဲတွင်၊ အခန်းငယ်လေးပေါင်း များစွာတို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ လင်းဖုန်းသည် အခန်းတစ်ခု၏ အတွင်းသို့ ဝင်သွားခဲ့ရာ၊ ငြိမ်သက်စွာ ထိုင်နေသော ပုံရိပ်တစ်ခုကို တွေ့လိုက်ရ၏။

သူ၏ဘေးတွင် ကလေးလေး တစ်ယောက်သည် နှစ်ခြိုက်စွာဖြင့် အိပ်ပျော်နေ၏။

"နန်းဟွာ?" ထိုပုံရိပ်မှာ ခန်းနန်းဟွာ ဖြစ်သည်ကို တွေ့လိုက်ရသဖြင့်၊ လင်းဖုန်း၏

မျက်ခုံးအစုံတို့မှာ အနည်းငယ်မျှ တွန့်သွား၏။ ခန်းနန်းဟွာ၏ ယခုလက်ရှိ စိတ်ခံစားမှုများသည်၊ သူ့အား အနည်းငယ် စိတ်ရှုပ်ထွေးစေခဲ့သည်။

ခန်းနန်းဟွာ၏ ကလေးလေး အပေါ်သို့ အကြည့်များသည်၊ နာကျင်သော ခံစားမှုအချို့ ပါနေ၏။

ဆယ်ပုံသုံးပုံ သနားခြင်း၊ ဆယ်ပုံသုံးပုံ ဝမ်းနည်းခြင်း၊ ဆယ်ပုံသုံးပုံ နောင်တရခြင်းနှင့် ဆယ်ပုံတစ်ပုံ ဒေါသထွက်ခြင်းတို့ ဖြစ်သည်။

ဒါသည် လင်းဖုန်းက ခန်းနန်းဟွာထံမှ ယခုကဲ့သို့ ပြင်းထန်သော ခံစားချက်များကို ပထမဆုံးအကြိမ် တွေ့လိုက်ရခြင်း ဖြစ်၏။ သေချာ စူးစိုက်ကြည့်လိုက်သော်၊ ခန်းနန်းဟွာ၏ စိတ်ခံစားချက်များသည် ကလေးလေးပေါ်တွင် ပစ်မှတ်ထားခြင်း မဟုတ်ပဲ၊ သူ၏ကိုယ်ပိုင် မှတ်ဉာဏ်များ အတွင်းတွင် နစ်မျောနေခြင်း ဖြစ်ကြောင်းကို သိလိုက်ရ၏။

ထိုကလေးလေးသည် သူ၏မှတ်ဉာဏ်များကို ပြန်လည် နှိုးဆွပေးလိုကသဖြင့်၊ သူ၏

ခံစားချက်များက ပွင့်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူသည် ခန်းနန်းဟွာက ကလေးများအား ချစ်တတ်သည်ကို သိထားခဲ့သော်လည်း၊ ယခုမြင်ကွင်းအား ကြည့်လိုက်ခြင်းအားဖြင့်၊ လင်းဖုန်းသည် စိတ်ထိခိုက်ခဲ့ရသည်။ အခြေအနေများသည် ထင်သလောက် ရိုးစင်းမည် မဟုတ်ချေ။ ခန်းနန်းဟွာ၏ ယခုပုံစံကို ကြည့်လိုက်ခြင်းအားဖြင့်၊ သူ၏ရင်ထဲတွင် အစိုင်အခဲတစ်ခု ရှိနေသည်ကို သိနိုင်ပေသည်။

စိတ်အတွင်းမှ အနှောင်အဖွဲ့တို့သည်၊
ယခုအချိန်တွင် ရင်တွင်းမှ မိစ္ဆာစိတ်ရိုင်းတို့ကို
မွေးဖွားပေးနိုင်ပေသည်။

လင်းဖုန်းအား တွေ့လိုက်သောအခါ၊
ခန်းနန်းဟွာသည် သက်ပြင်းအရှည်ကြီး
တစ်ချက်ကို ချလိုက်သည်။
သူ၏အကြည့်အတွင်းမှ နာကျင်မှုတို့
ပျောက်သွားခဲ့ကာ၊ ပြင်းထန်သော
မျှော်လင်ချက် ကင်းမဲ့မှုတို့သာ ကျန်နေခဲ့၏။

သူသည် လင်းဖုန်းအား စကားတစ်ခွန်းမှ
မပြောခဲ့ပဲ၊ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

လင်းဖုန်းသည်လည်း ဘာမှ မပြောခဲ့ပဲ
အိမ်အတွင်းမှသာ အရင်ဆုံး
ထွက်သွားခဲ့သည်။ ခန်းနန်းဟွာက
အနောက်မှနေ၍ လိုက်ထွက်လာ၏။

## စာစဥ် ၁၅ : အပိုင်း ၁၄

## အပိုင်း ၂၆၄ : အမြဲတမ်း အရှေ့သို့ ချီတက်ခြင်း

လင်းဖုန်းသည် အိမ်လေးထဲမှ ထွက်လိုက်ကာ၊
မဟူရာကျောက်ကင် ရတနာသစ်ပင်၏
အောက်တွင် လမ်းလျှောက်နေခဲ့သည်။
ခန်းနန်းဟွာသည် သူ၏အနောက် ခြေသုံးလှမ်း

အကွာမှ လိုက်လျှောက်နေခဲ့ကာ၊ ဦးတည်ရာမဲ့ လျှောက်လှမ်းနေခဲ့သည်။

"နန်းဟွာ၊ မင်းရဲ့ အိမ်ထဲကို ငါ့ကို မဖိတ်ခေါ်ချင်ဘူးလား?" လင်းဖုန်းက သူ့ဘက်ကိုလှည့်၍ ပြုံးကာမေးလိုက်သည်။

ခန်းနန်းဟွာက ခေါင်းကိုအသာ ညိတ်လိုက်သည်။ "အရှင့်ကို ကြိုဆိုပါတယ်။ ကျေးဇူးပြုပြီး ကြွပါ"

ခန်းနန်းဟွာ၏ အိမ်လေးအတွင်းတွင်၊ နှစ်ယောက်သား ထိုင်လိုက်ကြ၏။

လင်းဖုန်းသည် ခန်းနန်းဟွာအား ငြိမ်သက်စွာဖြင့် စိုက်ကြည့်နေခဲ့သည်။ "ငါက တခြားလူတွေရဲ့ ကိုယ်ရေးကိုယ်တာတွေကို မစပ်စုချင်ပါဘူး။ ဒါပေမဲ့ မင်းကိုကြည့်ရတာ ရင်ဖွင့်တာကို နားထောင်ပေးမယ့် လူတစ်ယောက် လိုနေသလိုပဲ"

ခန်းနန်းဟွာ၏ မျက်နှာပေါ်တွင် အထီးကျန် ဝမ်းနည်းသော အမူအယာတို့သည် ပေါ်လာ၏။ "အရှင့်ကို ဒုက္ခပေးရတဲ့အတွက် စိတ်မကောင်းပါဘူး"

သူသည် တိုးတိုးလေး ပြောလိုက်၏။
"ဒီကလေးလေးတွေကို မြင်ရတော့၊
ကျွန်တော်က အတိတ်က အချို့
အကြောင်းအရာတွေကို ပြန်စဉ်းစားမိပြီး၊
စိတ်အခြေအနေ မတည်မငြိမ် ဖြစ်နေခဲ့တယ်"

ထိုစကားကို ကြားလိုက်ပြီးနောက် လင်းဖုန်း၏
အမူအရာသည် ပို၍ လေးနက်သည့်ပုံ
ပေါက်လာခဲ့၏။

ခန်းနန်းဟွာသည် သူ၏ စိတ်ဝိညာဉ်ကို
ဖွဲ့စည်းပြီးသော အဆင့်မြင့် ကျင့်ကြံသူ
တစ်ယောက် ဖြစ်၏။ ကောင်းကင်နှင့်

မြေကြီးတို့ကိုပင် ကျော်လွှားကာ
သေခြင်းရှင်ခြင်းတို့ကို အောင်မြင်ပြီး ဖြစ်၏။
သူ၏ စိတ်အခြေအနေတို့မှာ အလွန်တရာကို
ခိုင်မာပြတ်သားလှပေသည်။

သို့သော်လည်း အခုတွင် သူသည် သူ၏
စိတ်အခြေအနေတို့မှာ မတည်မငြိမ်
ဖြစ်နေသည်ဟု ကိုယ်တိုင် ဝန်ခံနေ၏။
သို့ဖြစ်၍ သူ၏ စိတ်ထဲမှ အထုံးအနှောင်တို့မှာ
အတော့်ကို ကြီးမားပြင်းထန်လှပေမည်။
အတွင်းစိတ်ရိုင်းများ အဖြစ်သို့
ပြောင်းသွားကာ၊ သူ၏ တာအိုနှလုံးသားကို
အနှောက်အယှက် ပေးပေလိမ့်မည်။

"အချိန်အတော် ကြာခဲ့ပါပြီ၊ ၇၁နှစ် အလွန်က ကိစ္စဖြစ်တယ်" ခန်းနန်းဟွာသည် ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ပိုပြီးတော့ တိတိကျကျ ပြောရရင်၊ ၇၁နှစ် သုံးလနဲ့ ၁၅ရက် အလွန်ကဖြစ်တယ်"

"အဲ့ဒီအချိန်တုံးက ကျွန်တော်က အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်ကို ရောက်ရှိပြီးစ ဖြစ်တယ်၊ အဆင့်နှစ် လုံ့ခွက်ကို ဖော်ဆောင်နိုင်ခဲ့တယ်။ အဲ့ဒီအချိန်တုံးက ကျွန်တော်က အကြောက်တရား မရှိပဲ၊

ယုံကြည်ချက် အမြင့်ဆုံး ရောက်နေတဲ့ အချိန်လည်း ဖြစ်တယ်" ခန်းနန်းဟွာက ပြန်ပြောင်းတွေးတော အမှတ်ရနေခဲ့သည်။

လင်းဖုန်းသည် သူ့အား စိုက်ကြည့်နေခဲ့သည်။ ခန်းနန်းဟွာ၏ ရွှေရောင်ဗဟိုချက်သည် အဆင့်တစ် သို့မဟုတ် အဆင့်နှစ် လုံ့ခွက်ကို ပိုင်ဆိုင်သူများသာ ဖော်ဆောင်နိုင်သော၊ အမြင့်ဆုံး အရည်အသွေးဖြစ်သော ခရမ်းရောင်ဆေးလုံး ဖြစ်သည်။

ခန်းနန်းဟွာသည် ဂိုဏ်းကြီးကနားကြီးမှ ဆင်းသက်လာခြင်း မဟုတ်ပေ။ သူသည် သူ၏

တာအိုကို ရှေးဟောင်း တစ်ကိုယ်တော် ကျင့်ကြံသူ တာအိုဆရာ လျို့ရှုထံမှ ကံအားလျော်စွာ ရရှိလာခြင်း ဖြစ်သည်။ သူ့တွင် ဆရာတစ်ယောက်၏ လမ်းညွှန်ပြသမှု မရှိသလို၊ ဂိုဏ်း၏ အထောက်အပံ့လည်း မရှိခဲ့ပေ။ သူသည် ကိုယ့်ဘာသာကို စမ်းတဝါးဝါးဖြင့် စမ်းသပ်လေ့ကျင့်ခဲ့ရခြင်း ဖြစ်၏။

ထို့အပြင် သူ၏ ပထမဆုံးသော တာအိုနည်းစနစ်သည် ရှေးဟောင်းဂဏ်ါ သဲနှုန်းကျမ်းစာ၏ တစ်စိတ်တစ်ပိုင်းသာ

ဖြစ်သော၊ သဲနှုန်းလျှို့ဝှက်ကျမ်းစာသာ ဖြစ်သည်။

ဒါတောင်မှပင် သူသည် အဆင့်နှစ် လုံ့ခွက်ကို ဖန်ဆင်းနိုင်ခဲ့သည်။ ထိုအချက်မှာ သူတို့ကိုယ်သူတို့ ပါရမီရှင်များဟု ပြောနေကြသော သူများအတွက်၊ အရှက်ရစေနိုင်သော အဖြစ်အပျက် ဖြစ်သည်။

ဒါသည် သူ၏ အရိုးအရင်းမြစ်နှင့် သဘောပေါက် နားလည်နိုင်စွမ်းတို့သည် အမှတ်ပြည့် ဆယ်မှတ် မရခဲ့လျှင်၊ ကိုယ်ပိုင်

ပင်ကိုစွမ်းရည် တစ်ခုတည်းနှင့် ရရှိနိုင်သော အဖြစ်မဟုတ်ချေ။

လင်းဖုန်း၏ အကြည့်တို့ကို အာရုံခံမိ၍ ထင်သည်၊ ခန်းနန်းဟွာက သူ၏မေးခွန်းကို ဦးစွာကြို၍ ဖြေကြားလိုက်သည်။
"ကျွန်တော်က ကျွန်တော့်ရဲ့ စိတ်ဝိညာဉ် တာဝါကို ထူထောင်တဲ့ အချိန်တုံးက၊ ကံကောင်းမှု တစ်ရပ်နဲ့ ကြုံတွေ့ခဲ့ရတယ်။ မဟုတ်လို့ရှိရင်၊ ကျွန်တော်က အလွန်ဆုံး အဆင့်လေး စိတ်ဝိညာဉ် တာဝါကိုသာ ပိုင်ဆိုင်နိုင်ခဲ့မှာပါ"

"ငါထင်ထားတဲ့ အတိုင်းပဲ၊ ကောင်းချီးမင်္ဂလာကလည်း လိုအပ်တာပဲ" လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ ကံကောင်းခြင်း နတ်မိမယ်၏ မျက်နှာသာပေးမှုကို ခံခဲ့ရ၍၊ သူ့ကျင့်ကြံမှု၏ ကြီးမားသော အခက်အခဲကို လွန်မြောက်အပြီးတွင်၊ ခန်းနန်ဟွာသည် ရွှင်မြူးတက်ကြွနေပေလိမ့်မည်။

ခန်းနန်ဟွာ၏ အကြည့်တွင် နာကျင်မှုတို့သည် ထပ်ဖန်တစ်ခါ ပေါ်ပေါက်လာခဲ့ကာ၊ သူသည် အာရုံစူးစိုက်မှု ကင်းမဲ့စွာဖြင့် ဂူအပေါ်မှ မျက်နှာကြက်ကို စိုက်ကြည့်နေခဲ့၏။

"ကျွန်တော်က အဆင့်နှစ် လုံခြုံကိုကို ဖန်တီးနိုင်ခဲ့ပေမဲ့၊ ကျွန်တော့်ရဲ့ ကျင့်ကြံမှုဟာ တစ်ဆို့ကြန့်ကြာနေတဲ့ အခြေအနေ တစ်ခုနဲ့ ထပ်မံကြုံတွေ့ခဲ့ရတယ်။ ကျွန်တော်ဟာ ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်ဖို့ မတတ်နိုင်ခဲ့ဘူး။ ရွှေရောင်ဗဟိုချက်ရဲ့ တာအိုဟာ ကျွန်တော်နဲ့ ဝေးကွာနေသလိုမျိုးပဲ..."

ဆရာ၏ ညွှန်ပြမှုနှင့် ဂိုဏ်း၏ အထောက်အပံ့ကို မရရှိသော တစ်ကိုယ်တော် ကျင့်ကြံသူတို့တွင်၊ အဆင့်ကြီးတစ်ခုကို တက်လှမ်းရန်မှာ အခက်ခဲဆုံးဖြစ်သည်။

မိမိ၏ ကိုယ်ပိုင်နားလည်
ထိုးထွင်းမှုများကိုသာ အားကိုးရပေလိမ့်မည်။

"ကျွန်တော်က တံခါးပိတ်ပြီးပဲ
လေ့ကျင့်နေခြင်းဟာ အကျိုးသိပ်မရှိဘူးလို့
ယူဆပြီး၊ အပြင်ကို ခရီးထွက်ပြီးတော့
ကျင်လည်ကျက်စားပြီးတော့၊ သေခြင်းနဲ့
ရှင်ခြင်းတို့ရဲ့ အဟာန့်အတားကို
ကျော်ဖြတ်နိုင်အောင် ကြိုးစားခဲ့တယ်"
ခန်းနန်ဟွာသည် ဖြည်းညှင်းစွာဖြင့်
ပြောနေခဲ့သည်။ "ကျွန်တော်က
တောင်ကြားတွေထဲမှာ ခရီးသွားနေတုံး၊
ရွာငယ်လေး တစ်ရွာကို ရောက်သွားခဲ့တယ်"

"အဲ့ဒီမှာ ဘဝတွေဟာ
ကြမ်းတမ်းခက်ခဲလှပေမဲ့၊ ရွာသားတွေက
ဖော်ရွေပြီး၊ ကျွန်တော့်ကို
စိတ်အားထက်သန်စွာနဲ့ နွေးထွေးစွာ
ကြိုဆိုကြတယ်။ သူတို့ရွာမှာ ငယ်တဲ့သူပဲ
ဖြစ်ဖြစ်၊ ကြီးတဲ့သူပဲ ဖြစ်ဖြစ်၊ တောင်နရံတွေ
အပေါ်ကို နေ့စဉ် ကုတ်ကပ်တက်ပြီးမှ
အသက်မွေးရတယ်။ သူတို့က စိတ်ဝိညာဉ်
ဆေးပင်တွေကို ရှာဖွေစုဆောင်းပြီး၊ သူတို့ရဲ့
နေ့စဉ်လိုအပ်တဲ့ အသုံးအဆောင် ပစ္စည်းတွေနဲ့
အလဲအလှယ် ပြုလုပ်ကြတယ်"

ခန်းနန်ဟွာ၏ ရှင်းပြချက်များအရ၊
လင်းဖုန်းသည် ထိုကျောက်ဆောင်များသည်
အလွန်ပင် မြင့်မားမတ်စောက်လှသည်ကို
သိခဲ့ရ၏။

ဒါတွေသည် ကျင့်ကြံသူများ
အနေနှင့်ဆိုလျှင်တော့ ဘာမှ မဟုတ်ချေ။
ချီသာဝက အဆင့်မှ သူများသည်ပင်လျှင်၊
အဆင့် သုံး သို့မဟုတ် လေးသို့
ရောက်သွားပါက၊ သူတို့သည်
ထိုချောက်ကမ်းပါးများ အပေါ်တွင်
မြေပြင်ညီကို လျှောက်ရသကဲ့သို့
လျှောက်နိုင်ပေလိမ့်မည်။ ရွှေရောင်ဗဟိုချက်

အဆင့်၊ သို့မဟုတ် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများ အနေနှင့်ဆိုသော် ပြောဖွယ်ရာ မရှိချေ။

သို့သော်လည်း သာမန်လူသားများ အနေနှင့်မူ၊ ထိုချောက်ကမ်းပါးများသည် အန္တရာယ် အလွန်ကြီးမားသော နေရာများ ဖြစ်သည်။ တစ်ယောက်သည် ပြင်ဆင်မှုများ ဘယ်လောက်ပင် လုပ်ထားထား၊ အတွေ့အကြုံ မည်မျှပင် ရှိရှိ၊ အခေါက်တိုင်းသည် ဓားသွား၏ အစွန်းပေါ်တွင် လမ်းလျှောက်နေရသကဲ့သို့ ဖြစ်ပေလိမ့်မည်။

ရွာသားများသည် ဆေးပင်များကို စုဆောင်းရင်း ချောက်ကမ်းပါးများပေါ်မှ အခေါက်ပေါင်းများစွာ ပြုတ်ကျကာ၊ သူတို့ချစ်ရသူများနှင့် ပြန်မဆုံနိုင်တော့ပေ။ သို့သော်လည်း ထိုရွာသားများ အဖို့မူ၊ ထိုဆေးပင်များသည် သူတို့ ဝင်ငွေများ၏ အဓိက အရင်းအမြစ်များ ဖြစ်ကြသည်။

"သူတို့က သေရမှာကို မကြောက်ကြတာ မဟုတ်ပေမဲ့၊ ရှင်သန်ဖို့အတွက် ဖိအားနဲ့ စိတ်ဆန္ဒတို့က သေမင်းနဲ့ အန္တရာယ်တို့ကို ကြောက်ရွံ့ခြင်းကို လွှမ်းမိုးသွားနိုင်ခဲ့တာ"

ခန်းနန်ဟွာက သူ၏ခေါင်းကို ခါလိုက်သည်။
"ဒါမှမဟုတ် သူတို့က အဲ့ဒီနေရာမှာ
ကံကောင်းမှုတွေနဲ့ ကြုံနိုင်တယ်လို့
ယုံကြည်နေကြတာလဲ ဖြစ်နိုင်တာပဲ"

"ဒါက လူသားတွေက ဒီကနေ့ထိတိုင်အောင်
ရှင်သန်ကြီးပွားလာခြင်းရဲ့ အကြောင်းရင်း
မဟုတ်ဘူးလား?" လင်းဖုန်းက
စိတ်တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"မင်းနဲ့ငါဆိုရင်လည်း၊ ငါတို့က
ကျင့်ကြံကြတယ်၊ တာအိုတွေကို
ရှာဖွေကြတယ်၊ ဒါတွေက အတူတူပဲ

မဟုတ်လား?"

"ဟုတ်ပါတယ်။ သူတို့က သေခြင်းနဲ့ ရှင်ခြင်း အကြားမှာ ရုန်းကန်လှုပ်ရှားနေကြတာကို ကြည့်ခြင်းအားဖြင့်၊ ကျွန်တော့်အပေါ်မှာ သက်ရောက်မှု ကြီးမားစွာ ရှိခဲ့ပါတယ်" ခန်းနန်ဟွာက ခေါင်းညိတ်လိုက်သည်။

"ပြောရတာ ရှက်စရာ ကောင်းပေမဲ့၊ ဒီမတိုင်ခင်ကဆိုရင် ကျွန်တော်က ကျင့်ကြံမှုနဲ့ တာအိုဝါဒမှာသာ ဘဝတစ်ခုလုံးကို မြှုပ်နှံထားခဲ့ပြီး၊ ဒီလိုမျိုး အတွေ့အကြုံတွေ သိပ်မရှိခဲ့ဘူး။ ဒါကြောင့်ပဲ ကျွန်တော်က

ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်တဲ့ အခါမှာ တစ်ဆို့ကြန့်ကြာ စေတဲ့ အရာတွေကို ကြုံတွေ့ခဲ့တာပဲ ဖြစ်လိမ့်မယ်"

သူသည် အတိတ်ကို ပြန်တွေးကာ တစ်သသ ဖြစ်နေခဲ့သည်။ နာကျင်မှုများ တဖြည်းဖြည်း ပြယ်လွင့်သွားကာ၊ နွေးထွေးမှု၊ ပျော်ရွှင်မှုများနှင့် အစားထိုးလာခဲ့သည် - တွေ့ရခဲသော မြင်ကွင်းဖြစ်သည်။

"ကျွန်တော်ကလည်း ရွာသားတွေရဲ့ ရှင်ခြင်းနဲ့ သေခြင်းတို့ကို အနီးကပ် လျှောက်လှမ်းနေရတဲ့အခါမှာ၊ သူတို့ရဲ့

ကြောက်စိတ်နဲ့ သတ္တိတို့ကို အနီးကပ် အတွေ့အကြုံ ယူချင်နေတဲ့ အတွက်၊ အဲ့ဒီရွာမှာ အခြေချလိုက်တယ်။ ပြီးတော့ ကျွန်တော်က သူတို့ကို ချီကျင့်ကြံမှု နည်းစနစ် အချို့ကို သူတို့ကို သင်ပေးခဲ့တယ်။ သူတို့ အတော်များများက ကျင့်ကြံမှုတွေ ပြုလုပ်ဖို့ ပါရမီ မပါလာကြပေမဲ့၊ အနည်းဆုံးတော့ သူတို့ရဲ့ ခန္ဓာကိုယ်တွေကို သန်မာလာအောင် လေ့ကျင့်နိုင်ပြီး၊ တောနက်တွေထဲမှာ အသက်ရှင်နိုင်အောင် အထောက်အကူ ဖြစ်တာပေါ့"

"ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ မှော်စွမ်းအင်တွေ၊ စွမ်းအားတွေကို လုံးဝသိမ်းထားလိုက်ပြီး၊ ချောက်ကမ်းပါးတွေကို တွယ်တက်ပြီး၊ ဆေးပင်တွေကို လိုက်ရှာခဲ့တယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် လုံးဝသေပြီလို့ တွက်လိုက်ရတဲ့ အချိန်အချို့လည်း ရှိခဲ့ဖူးတယ်" ခန်းနန်ဟွာက ပြောလိုက်၏။

လင်းဖုန်းက ပြုံးလိုက်သလို၊ ခန်းနန်ဟွာ၏ နှုတ်ခမ်းများမှာလည်း အပေါ်သို့ ကွေးသွားခဲ့သည်။ "ရွာထဲက လူတွေအားလုံးနီးပါးက

တာအိုနည်းစနစ်တွေကို သင်ယူဖို့ ပါရမီတွေ ပါမလာကြဘူး။ ကျွန်တော် သင်ပြပေးခဲ့တဲ့ ချီလေ့ကျင့်မှု နည်းစနစ်တွေက၊ သူတို့ရဲ့ အသွေးအသားတွေ သန့်စွမ်းဖို့သာ အထောက်အကူ ဖြစ်ခဲ့တယ်"

"ချွင်းချက်က ခုနှစ်နှစ်အရွယ် ကောင်မလေးတစ်ယောက်ပဲ။ ရွာလေးတွေက ကောင်မလေးတွေမှာ နာမည်အရင်းတွေ မရှိကြဘူး။ ရွာသားတွေက သူမကို မောက်ယာလို့ ခေါ်ကြတယ်။ မောက်ယာက တာအိုနည်းစနစ်တွေကို အတော်လေး လွယ်ကူစွာနဲ့ သဘောပေါက်

နားလည်နိုင်တယ်၊ သူမဟာ ပါရမီ
အတော်အသင့် ပါလာတယ်"

သူ၏ မသိစိတ်ထဲမှ လင်းဖုန်းသည်
နားလည်သဘောပေါက်လာခဲ့ကာ
သက်ပြင်းချလိုက်သည်။ "ကြည့်ရတာတော့
ဒီကောင်မလေးက ခန်းနန်ဟွာရဲ့ စိတ်ထဲက
အနှောင်အထုံး ဖြစ်လိမ့်မယ်"

သူတွေးနေစဉ်မှာပင် ခန်းနန်ဟွာသည်
စိတ်ညှိုးငယ်သည့်ပုံ ပြန်ပေါက်သွားခဲ့သည်။
"ကျွန်တော်က အဲ့ဒီရွာလေးမှာ နေစဉ်က
မောက်ယာရဲ့အိမ်မှာ နေခဲ့တာ။ မောက်ယာရဲ့

မိဘနှစ်ပါးစလုံးက လွန်ခဲ့တဲ့
နှစ်အနည်းငယ်ကတည်းက
ကွယ်လွန်သွားကြပြီ။ ဒါပေမဲ့လည်း သူမက
စိတ်ခေတ်ကြွခိုင်စွာနဲ့
ကြိုးစားရှင်သန်နေခဲ့တယ်။ သူမက
ချောက်ကမ်းပါးတွေကနေ ဆေးပင်တွေ
ဘယ်လိုစုဆောင်းသလဲ ဆိုတာကို
ကျွန်တော့်ကို ပထမဦးဆုံး
သင်ပေးတဲ့သူလည်း ဖြစ်တယ်"

"ကျွန်တော်တို့က ဆရာတပည့်တွေဆိုလဲ
ဟုတ်တယ်၊ မိတ်ဆွေတွေဆိုလဲ မှန်တယ်။
ကျွန်တော်က သူမကို တာအိုနည်းစနစ်တွေ

သင်ပေးတယ်၊ သူမက ကျွန်တော့်ကို
မှော်စွမ်းအင်တွေ မသုံးပဲ မတ်စောက်တဲ့
တောင်တွေအပေါ်ကို ဘယ်လိုတက်ရမလဲ
ဆိုတာကို သင်ပေးတယ်။ ကျွန်တော်တို့က
တစ်ယောက်နဲ့ တစ်ယောက် အဖော်ပြုပြီး
ပျော်ပျော်ရွှင်ရွှင် နေလာခဲ့တာ၊
တစ်နှစ်လောက် ကြာသွားခဲ့တယ်"

လင်းဖုန်းသည် ခန်းနန်ဟွာအား
ကောင်မလေးကို မုန့်ပေးကြိုက်သူဟု
စချင်နေခဲ့သော်လည်း၊ သူ၏လက်ရှိ
စိတ်အခြေအနေကို ကြည့်လိုက်ကာ၊ ပါးစပ်ကို
ထိန်းထားလိုက်သည်။

ထို့အပြင် သူသည် ခန်းနန်ဟွာနှင့် ထိုကောင်မလေးတို့၏ ဆက်ဆံရေးသည် အသက်ကို ထည့်မတွက်လျှင်ပင်၊ ရိုးရှင်းသော မိတ်ဆွေဆက်ဆံရေးဟု ပြောနိုင်နေသည်။ သို့မဟုတ် ဦးကြီးက တူမလေးကို ချစ်မြတ်နိုးစွာ စောင့်ရှောက်သည့်ပုံစံမျိုး ဖြစ်သည်။

"နောက်ပိုင်းမှာ ဘာဖြစ်သွားလဲ?" လင်းဖုန်းက တိတ်ဆိတ်စွာဖြင့် မေးလိုက်သည်။

နောက်ပိုင်းမှာ?" ခန်းနန်ဟွာ၏ မျက်နှာသည် ပိုပို၍ မည်းမှောင်လာခဲ့ကာ၊ စကားလုံးများကို တီးတိုးရေရွတ်နေခဲ့သည်။ "တစ်နေ့မှာ ကျွန်တော်နဲ့ မောက်ယာတို့ ဆေးပင်တွေ စုဆောင်းပြီး ပြန်အလာမှာ၊ ရွာက ဓားပြတွေရဲ့ ဖျက်ဆီးခြင်း ခံထားရတာကို တွေ့လိုက်ရတယ်"

"ဒီဓားပြတွေရဲ့ ခေါင်းဆောင်က ချီသာဝကအဆင့်က ကျင့်ကြံသူ တစ်ယောက်ပဲ။ သူတို့က မှာသွားတယ်။ ရွာသားတွေ စုဆောင်းလို့ရသမျှ ဆေးပင်တွေကို သူတို့ကို ဆက်သရမယ်၊

မလိုက်နာရင်တော့ သူတို့က တစ်ရွာလုံးကို သတ်ပစ်မယ်လို့ ပြောသွားတယ်"

"ကျွန်တော်က အဲ့ဒါကို ကြားလိုက်ရတော့၊ ဒီခေါးပြစခန်းကို ချက်ချင်းသွားရှာဖို့ ကြိုးစားခဲ့တယ်" ခန်းနန်ဟွာက ပြောလိုက်သည်။

သူ၏မျက်စိထဲမှ နာကျင်မှုသည် ပို၍ပို၍ ပြင်းထန်လာခဲ့သည်။ "အဲ့ဒီအချိန်တုံးက မောက်ယာက ကျွန်တော့်ကို ရွာက တစ်ခုခု ဖြစ်နိုင်သလားလို့ မေးခဲ့တယ်။ သူမက

အရမ်းကြောက်နေတယ်လို့လည်း ပြောတယ်။ အရမ်းကြောက်နေခဲ့တယ်"

"ကျွန်တော်က သူမကို ဘာမှ မဖြစ်ပါဘူးလို့ ပြန်ဖြေခဲ့တယ်၊ သူတို့က ဘာမှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်က အားလုံးကို ကာကွယ်ပေးမှာပါလို့ ပြန်ပြောခဲ့တယ်"

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်တို့မှာ ကျဉ်းမြောင်းသွား၍ ခန်းနန်ဟွာအား စိုက်ကြည့်နေလိုက်သည်။ ခန်းနန်ဟွာ၏ စရိုက်ကို သိနေသဖြင့်၊ သူသည်

မောက်ယာအား ကတိပေးခဲ့ခြင်း ဖြစ်သည်ဟု သိလိုက်သည်။

ခန်းနန်ဟွာ အနေနှင့် သူ၏ ကတိသစ္စာကို စောင့်ထိန်းခြင်းသည် သူ၏ ကိုယ်ကျင့်တရား ဖြစ်သည်။ သူလုံးဝ ဖြတ်ကျော်မည် မဟုတ်သော မျဉ်းနီတစ်ကြောင်း ဖြစ်သည်။

သို့သော်လည်း ဒါသည် အများအားဖြင့်၊ သူ၏ နာကျင်ခံစားရခြင်းများ၏ အကြောင်းရင်းလည်း ဖြစ်သည်။

သူစဉ်းစားနေဆဲမှာပင် ခန်းနန်ဟွာက ဆက်ပြောလိုက်၏။ "ကျွန်တော်က ဒီခားပြဲတွေကို တွေ့လိုက်ရတော့၊ သူတို့ဟာ မတရားမှု မှန်သမျှကို လုပ်ကြတဲ့သူတွေ ဆိုတာကို တွေ့လိုက်ရတယ်။ သူတို့အတွက် လူသတ်လုယက်မှုတွေက ထမင်းစားရေသောက်ပဲ။ ဒါကြောင့်ပဲ ကျွန်တော်က သူတို့သွားသင့်တဲ့လမ်းကို ပို့ပေးလိုက်တယ်"

"သူတို့က နောက်ပိုင်းမှာ ရွာသားတွေကို ပြန်ပြီးလက်စားချေမှာ စိုးတာနဲ့၊ ကျွန်တော်က ဒီနေရာ တစ်ခုလုံးကို သေချာစစ်ဆေးပြီး

တစ်ယောက်မှ မလွတ်သွားအောင်
ဂရုစိုက်ပြီးမှ ရွာကို ပြန်လာခဲ့တယ်"

ဒီအထိပြောပြီးမှ၊ ခန်းနန်ဟွာသည်
ရုတ်တရက် တိတ်ဆိတ်သွားခဲ့သည်။

လင်းဖုန်းသည်လည်း ဘာမှမပြောခဲ့ပေ။
သူတို့နှစ်ယောက်သားသည် ထိုင်နေလျက်
တစ်ယောက်ကို တစ်ယောက်
တိတ်ဆိတ်စွာနှင့် ကြည့်နေကြသည်။
အတန်ကြာအောင် ငြိမ်သက်သွားပြီးမှသာ၊
ခန်းနန်ဟွာ၏ အသံတိုးတိုးလေးသည်
ဂူအတွင်းတွင် ပျံ့လွင့်လာခဲ့သည်။ ခံစားမှု

လုံးဝကင်းမဲ့နေသော
အသံသေတစ်ခုဖြစ်သည်။ ဝမ်းနည်းရလွန်း၍
ထုံကျင်သွားခြင်း ဖြစ်သည်။

"ရွာက ပျက်စီးသွားပြီ။ အကုန်လုံး
သေကုန်ကြတယ်။ မောက်ယာလည်း
အပါအဝင်ပေါ့။ ကျွန်တော်က သူမရဲ့ ပွင့်နေတဲ့
မျက်လုံးတွေကို ကြည့်မိတယ် - သူမရဲ့
မျက်လုံးတွေ အထဲမှာ မျှော်လင့်ချက်တွေကို
တွေ့နေရတယ်။ ကျွန်တော်သိတယ်၊
ကျွန်တော်က မျှော်လင့်ချက် ဖြစ်တယ်။
ဒါပေမဲ့လည်း နောက်ဆုံးမှာ ကျွန်တော်က
သူမကို စိတ်ပျက်စေခဲ့တယ်"

ဂူအတွင်းတွင် ထပ်ဖန်တစ်ခါ လုံးဝတိတ်ဆိတ်သွားခဲ့သည်၊ အသက်ရှူသံပင် မကြားရတော့ချေ။

လင်းဖုန်းသည် အချိန်အတော်ကြာ ငြိမ်သက်သွားပြီးမှ ပြောလိုက်သည်။ "ဒါက မတော်တဆ ဖြစ်သွားတာပဲ။ ဒီရွာကို ရွာလုံးကျွတ် သတ်သွားတဲ့ သူတွေက မင်းသွားရှာတဲ့ ခားပြတွေ ဖြစ်ချင်မှ ဖြစ်မှာ၊ သူတို့က ဘာမှမဆိုင်တဲ့ သူတွေလည်း ဖြစ်နိုင်တာပဲ"

ကျောက်ရုပ်အလား ဖြစ်နေခဲ့သော ခန်းနန်ဟွာ၏ ခန္ဓာကိုယ်သည် နောက်ဆုံးတွင် လှုပ်လာခဲ့ကာ ခေါင်းညိတ်လိုက်သည်။
"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဒီအတိုင်းပဲ ထင်ခဲ့တာပဲ"

လှုပ်ရှားလိုက်သော်လည်း လင်းဖုန်းသည် ခန်းနန်ဟွာထံတွင် အသက်ဝင်မှုကို မခံစားခဲ့ရပေ၊ သူ၏ အသက်မပါသော အသံသည်သာ ဂူအတွင်းတွင် ကြားနေရ၏။
"ဒါပေမဲ့ သူတို့က ပတ်သတ်မှု ရှိရှိ မရှိရှိ၊ နောက်ဆုံးရလဒ်က အတူတူပဲ မဟုတ်လား?

မောက်ယာက သေသွားတယ်။ ရွာသားတွေ
အားလုံးလည်း သေသွားတယ်"

"ပြီးတော့ ကျွန်တော်က သူကဘယ်သူလဲ
ဆိုတာကိုတောင် မသိခဲ့ဘူး။ သူတို့အတွက်
လက်စားတောင် မချေပေးနိုင်ခဲ့ဘူး"
ခန်းနန်ဟွာ၏ မျက်လုံးအစုံသည်
မှိတ်သွားခဲ့သည်။ "ဒီလူနဲ့ ကျန်းလေ -
သူတို့နှစ်ယောက်စလုံးဟာ ကျွန်တော့်ရဲ့
စိတ်တွင်းက မိစ္ဆာစိတ်ရိုင်းတွေပဲ"

လင်းဖုန်းက ခန်းနန်ဟွာအား
စိုက်ကြည့်လိုက်ကာ သက်ပြင်းချလိုက်သည်။

မောက်ယာနှင့် ကျန်သောသူများ
အသတ်ခံလိုက်ရခြင်း၊ ကျန်းလေက
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
သူများကို လူသားယဇ်ပူဇော်သူများ အဖြစ်
အသုံးချလိုက်ခြင်း - ထိုနှစ်ခေါက်သည်
ခန်းနန်ဟွာ၏ ဘဝတွင် တစ်စုံတစ်ယောက်ကို
ကတိပေးထားပြီး၊ မထိမ်းသိမ်းနိုင်သော
ကတိများ ဖြစ်ပေလိမ့်မည်။

သူသည် ခန်းနန်ဟွာအား
ဆေးဝါးတစ်ရာဂိုဏ်းတွင်
တစ်ခေါက်ပြန်တွေ့သည့်အခါ၊ သူသည်

စိတ်ခေတ်ကျကာ ညှိုးငယ်နေသည်မှာ
အထူးအဆန်း မဟုတ်ပေ။

မောက်ယာနှင့် ကျန်သောသူများ၏
အဖြစ်အပျက် အပြီးတွင်၊ သူသည် ဒါသည်
ပထမဆုံး အကြိမ်ဖြစ်သလို၊
နောက်ဆုံးအကြိမ် ဖြစ်မည်၊
တစ်ခေါက်တည်းသော အကြိမ်ဖြစ်မည်ဟု
သစ္စာဆိုကောင်း ဆိုခဲ့မည်ဖြစ်သည်။

သို့သော်လည်း ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းမှ လူသားယဇ်ပူဇော်မှုသည်၊ သူ၏
အနာအား ဆားသိပ်လိုက်သလို

ဖြစ်ခဲ့သည့်အပြင်၊ ခန်းနန်ဟွာ၏
ယုံကြည်မှုနှင့် စိတ်ခေတ်တို့ကို
ရိုက်ချိုးလိုက်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

သို့သော်လည်း ဒီတစ်ခေါက်တွင်
ကံကောင်းသည်မှာ၊ ပစ်မှတ်ဖြစ်သူ၏
နာမည်နှင့် ကျောထောက်နောက်ခံကို
သိခြင်းဖြစ်သည်။ ဒေါသနှင့်
အမုန်းတရားတို့သည် ခန်းနန်ဟွာအား
စိတ်ထဲမှနေ၍ ဖိအားပေးနေ၏။
သို့မဟုတ်လျှင် သူသည် ဝိညာဉ်ကို
မဖော်ဆောင်နိုင်ရုံတင် မကပဲ၊ ကျင့်ကြံမှု

အဆင့်ပါ လျော့ကျသွားနိုင်သည်ဟု
လင်းဖုန်းက ယူဆနေခဲ့သည်။

အချို့လူများ၏ အမြင်အရဆိုလျှင်၊
ခန့်နန့်ဟွာသည် အသေးအဖွဲလေးကို
ပုံကြီးချဲ့နေသည်၊ မိမိနှင့် မဆိုင်သော
ဝန်ထုပ်ဝန်ပိုးတို့ကို ဝင်ထမ်းနေသည်ဟု
ထင်ကြမည် ဖြစ်သည်။

သို့သော်လည်း လူတိုင်းသည် ကွဲပြားကြ၏။
လူတစ်ယောက်ချင်းဆီတွင် သူ၏
ကိုယ်ပိုင်လမ်းကြောင်း၊ ကိုယ်ပိုင်
ကိုယ်ကျင့်တရား၊ ကိုယ်ပိုင် ခံယူချက်များ

ရှိကြပေသည်။ သူတစ်ပါးက
နားမလည်နိုင်သည့်
ကိုယ်ပိုင်ယုံကြည်ချက်များ ရှိကြပေသည်။

လင်းဖုန်းသည် မတ်တတ်ရပ်လိုက်ကာ၊
ခန်းနန်ဟွာဆီသို့ လျှောက်သွားလိုက်ပြီး
သူ၏ပုခုံးကို ဖွဖွလေး ပုတ်လိုက်သည်။
"ငါကမင်းကို 'နောက်ကို ပြန်မကြည့်နဲ့'
ဆိုပြီးတော့ မဟုတ်တရုတ် အကြံတွေ
ပေးမှာတော့ မဟုတ်ဘူး။ နောက်ကို
ပြန်ကြည့်တာက အမှားမဟုတ်ဘူး၊ ဒါပေမဲ့
အဲ့ဒါကြောင့် ကိုယ့်ရဲ့ လမ်းကြောင်းတွေကို
မရပ်တန့်စေနဲ့ပေါ့"

"မင်းက နောက်ကြောင်းကို ပြန်တွေးနေပြီး မျက်စိတွေက အတိတ်ကို ရောက်နေရင်တောင်၊ မင်းရဲ့ ခြေထောက်တွေက အရှေ့ကို ဆက်လှမ်းနေရမယ်။ အတိတ်က နောင်တတွေကို ထပ်ခါထပ်ခါ ပြန်မဖြစ်စေနဲ့၊ ဒီလိုမျိုး ရိုးရှင်းတဲ့ နီတိကို မင်းနားလည်လိမ့်မယ်လို့ ငါက ယုံကြည်ပါတယ်"

ခန်းနန်ဟွာသည် အချိန်အတန်ငယ်မျှ ငြိမ်သက်သွားခဲ့ပြီး၊ ခေါင်းညိတ်လိုက်ကာ

ထရပ်လိုက်သည်။ "ကျွန်တော်က နားလည်ပါပြီ။ အရှင့်ကို ဒီကနေ့မှာ ဒုက္ခပေးရတဲ့အတွက် ဝမ်းနည်းပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ အတွေးတစ်ခုက ခေါင်းထဲကို ဝင်လာခဲ့ကာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သည့် အနေနှင့် ပြုံးလိုက်သည်။ "ဒီနေ့က ဘာမှားနေတာလဲ? တစ်ယောက်ပြီးတစ်ယောက် စိတ်ပြဿနာတွေနဲ့ ကြုံနေရတယ်။ မင်းတို့က တစ်အုပ်စုတည်းလား၊ ဘယ်လိုလား?"

ခန်းနန်ဟွာအား နှုတ်ဆက်ပြီးနောက်တွင်၊
လင်းဖုန်းသည် ဂူအတွင်းမှ ထွက်လာခဲ့ကာ
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အထဲသို့ ဝင်လိုက်သည်။ ထိုနေရာတွင်
ဇူရှီသည် ဟင်းလင်းပြင်အား တွေတွေကြီး
စိုက်ကြည့်နေသည်ကို
တွေ့လိုက်ရလေတော့သည်။

## စာစဥ် ၁၅ : အပိုင်း ၁၅

## အပိုင်း၂၆၅ : သံသယဖြင့် သေရခြင်း

လင်းဖုန်းသည် ဇူရီအား တွေ့ရသောအခါ မျက်မှောင်ကြုတ်သွားခဲ့သည်။ သူသိခဲ့သော ဇူရီသည် အမြဲတမ်းပင် တည်ငြိမ်ကာ၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသူဖြစ်သည်။ သို့သော်လည်း အခုသူသည် တုတ်တုတ်မှ မလှုပ်ပဲ ရပ်နေကာ၊ ဗလာဖြစ်နေသော မျက်ဝန်းညိုကြီးများနှင့် ဘာမှမရှိသည့် နေရာကို စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသော်၊ လင်းဖုန်းသည် ဖိနှိပ်ထားသော စိုးရိမ်စိတ် တစ်ခုကို ခံစားလိုက်ရ၏။

"မင်းကြည့်ရတာ
စိတ်ရှုပ်ထွေးနေပုံပေါက်တယ်" ဇူရီအနားသို့
ကပ်သွားခဲ့ကာ ကျယ်လောင်စွာ
ပြောလိုက်သည်။

ဇူရီသည် သတိပြန်ဝင်လာခဲ့ကာ 'ဆရာသခင်'
ဟူ၍ တီးတိုး ရေရွတ်လိုက်သည်။
သူ၏ပါးစပ်သည် တစ်ခုခုကို ပြောချင်ဟန်ဖြင့်
တစ်လှုပ်လှုပ် ဖြစ်နေခဲ့သော်လည်း၊
စကားလုံးများ ထွက်မလာခဲ့ချေ။ သူသည်
ဟန်ဆောင်ပန်ဆောင်ဖြင့်
ခေါင်းကိုငုံ့လိုက်ကာ၊ ဘာပြောရမှန်း
မသိခဲ့ပေ။

"မင်းအမေနဲ့များ ပတ်သတ်နေသလား?" လင်းဖုန်းက သွေးတိုးစမ်းကာ မေးလိုက်သည်။

"မင်းကို ဒီလောကအထိ ဒုက္ခပေးနိုင်တာက၊ မင်းရဲ့အဖေ ရွှမ်ကျိအမတ် ဇူဟုန်ဝူ မဟုတ်ဘူးဆိုရင်၊ နည်းနည်းစောပြီး သေသွားတဲ့ မင်းရဲ့မိခင် မုန့်ပင်းယွင်ပဲ ဖြစ်ရမယ်" လင်းဖုန်းက တွေးလိုက်သည်။ သူ၏ ခိုင်မာလှသော သန္နိဋ္ဌာန်များအပြင်၊ ဇူရီက အလုပ်ချင်ဆုံးသော အရာတစ်ခုမှာ သူ၏ မတရား အဆက်ဆံ ခံရသော မိခင်အား တရားမျှတမှု ရှာပေးရန် ဖြစ်ပေလိမ့်မည်။

ဇူရီသည် စိတ်ပျက်စွာဖြင့်
သက်ပြင်းတစ်ချက်ကို ချလိုက်သည်။
"ဟုတ်ပါတယ်၊ အမေရဲ့ သေဆုံးမှုဟာ
ကျွန်တော့်ကို တကယ်ပဲ စိတ်ရှုပ်ထွေးကာ
မတင်မကျ ဖြစ်စေခဲ့ပါတယ်"

လင်းဖုန်းက တွေးလိုက်သည်။
"တစ်ခါတစ်လေမှာလည်း ပိုသိခြင်းဟာ
ကောင်းကျိုးမပေးတတ်ဘူး။ အမှန်အတိုင်း
ပြောရရင် နားမလည်ခြင်းဟာ
ပျော်ရွှင်ဖို့အတွက် လမ်းစဖြစ်နိုင်တာပဲ"
ဇူရီထံမှ ဘာအသံကိုမှ မကြားရသောအခါ၊

လင်းဖုန်းက သဘောပေါက်သွားခဲ့သည်။ ပြောရလျှင် လင်းဖုန်း၏ အသိပညာမှာ ဇူရိထက် အများကြီး ပိုပေသည်။

"မင်းအမေ မုန့်ပင်းယွင်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းက ဖြစ်တယ်။ သူမဟာ ယန့်မင်းရွှဲ့ရဲ့ အရှေ့က မြင့်မြတ်သော အပျိုစင် သမီးတော်၊ တာအိုခြေလှျင် ခရီးသည် ဖြစ်တယ်။ သူမဟာ ကွန်ဆာဗေးတစ် ပါတီကဖြစ်ပြီး၊ အလားအလာ ကောင်းတဲ့ တပည့်တစ်ယောက် ဖြစ်တယ်" လင်းဖုန်းက ပြောလိုက်သည်။

ဇူရီ၏ မျက်လုံးအစုံမှာ ပြူးကျယ်လာခဲ့ကာ၊ အရှေ့သို့ စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းက ကွန်ဆာဗေးတစ် ပါတီနှင့် ရှေ့ဆောင်လမ်းစဉ် ပါတီတို့၏ သမိုင်းကြောင်းကို ရှင်းပြလိုက်သည်။ ဇူရီ၏ မျက်လုံးတို့မှာ အရောင်လက်လာခဲ့ကာ၊ အတွင်းမှ ခံစားချက် များစွာတို့ကို မြင်နေနိုင်သည်။ လင်းဖုန်း၏ စကားတို့သည် သူ၏ရင်ထဲမှ သံသယတို့ကို အတည်ပြုပေးနိုင်ခဲ့သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ လက်ရှိခေါင်းဆောင်ဟာ ကွန်ဆာဗေးတစ် ပါတီကဖြစ်တယ်။ ဒါကြောင့်ပဲ ဒီကမ္ဘာမှာ အထွတ်အမြတ် အဖြစ်ဆုံး အုပ်စုက၊ အများရဲ့ အမြင်မှာ ငြိမ်သက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ အောင်ရာတွေကို ပိုင်ဆိုင်ထားကြတာပဲ ဖြစ်တယ်"

"ပန်ကျဲမတိုင်ခင် အရင်က တာအိုခြေလျှင် ခရီးသည်တွေ အားလုံးဟာ ကွန်ဆာဗေးတစ် ပါတီက ဖြစ်တယ်။ ဒါပေမဲ့ မင်းရဲ့မိခင်နဲ့ ယန့်မင်းရွဲ့တို့ရဲ့ ကံမကောင်းမှုတွေ အပြီးမှာ၊ ရှေ့ဆောင်လမ်းစဉ် ပါတီက အခွင့်အရေးကို

အပိုင်အသုံးချလိုက်ပြီး၊ ပန်ကျဲကို မွေးထုတ်ပေးခဲ့တာပဲ ဖြစ်တယ်" လင်းဖုန်းက ရှင်းပြလိုက်သည်။

"ကွန်ဆာဗေးတစ် ပါတီကလည်း အလျှော့ပေးလိုက်ရတယ်။ ဒီအဖြစ်အပျက်တွေကြောင့် ဂိုဏ်းရဲ့ ဂုဏ်သိက္ခာက အတော်လေး ထိခိုက်သွားခဲ့တယ်။ ပန်ကျဲကို ရွေးချယ်လိုက်ခြင်းဟာ ဂိုဏ်းရဲ့ ပုံရိပ်ကို နဂိုအတိုင်းဖြစ်အောင် ပြန်လည်စွမ်းဆောင်နိုင်ဖို့ပဲ"

အသေအချာ တွေးတောလိုက်ပြီးနောက်တွင်၊ ဇူရီသည် ကျယ်လောင်စွာနှင့် မေးလိုက်သည်။ "အပြင်ကမ္ဘာရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သတ်ပြီး၊ နတ်ဘုရားနယ်မြေရဲ့ မကျေနပ်မှုတွေကို ဖြေရှင်းနိုင်အောင် ဟင်းလင်းပြင် ဘုရားကျောင်းက ဘာလုပ်မလဲ?"

"အကျိုးအမြတ် အရှိဆုံးဖြစ်အောင်၊ ဟင်းလင်းပြင် ဘုရားကျောင်းက ပဋိပက္ခဖြေရှင်းတဲ့ နေရာမှာ သူ့ရဲ့ အဆင့်အတန်းတွေ

လျော့ကျသွားခြင်းမရှိအောင်
ဖိနှိပ်ချုပ်ချယ်ရမှာပဲ"

လင်းဖုန်းက ပြုံးလိုက်ကာ ဖြေလိုက်သည်။
"သူတို့က ဖိနှိပ်ချုပ်ချယ်တာတွေကို မလုပ်လို့
ဘယ်ရမလဲ? တစ်ခုရှိတာက
ကွန်ဆာဗေးတစ်ပါတီက ထိန်းထိန်းသိမ်းသိမ်း
လုပ်တတ်လို့ပဲ"

"အပေါ်ယံရဲ့ အောက်ပိုင်းမှာတော့
ဒီထက်ပိုပြီးတော့ ပြင်းပြင်းထန်ထန်
ပြိုင်ဆိုင်မှုတွေ ရှိကြတယ်။ ဒါက ငါတို့ရဲ့
ရှုပ်ထွေးတဲ့ လူ့အသိုင်းအဝိုင်းရဲ့ သဘာဝပဲ"

"မင်းမိခင်က ဘာဖြစ်လို့ မင်းရဲ့ ဖခင်ကို ရွေးခဲ့ရသလဲ ဆိုတာနဲ့ ပတ်သတ်လို့ကတော့၊ ငါ့မှာလည်း အဖြေမရှိဘူး။ သူတို့နှစ်ယောက်မှပဲ သိလိမ့်မယ်"

ဇူရီက ရေရွတ်လိုက်သည်။ "ကျိုးကေရာဇ် လျှမ်ပန်းကတော့ သိလိမ့်မယ်နဲ့ တူတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက ဘာပဲပြောပြော ကျိုးအင်ပါယာကို ဆန့်ကျင်တာပဲ။ ကျွန်တော်က မြို့တော်ကို ပြန်ရောက်တဲ့ အခါကျရင်၊ စုံစမ်းကြည့်ချင်သေးတယ်"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။
"အကြောင်းရင်းတွေ ရှိမှာကတော့
သေချာတယ်၊ ဒါပေမဲ့လည်း မင်းမိခင်ကသာ
မလိုလားခဲ့လို့ရှိရင်၊
လျှမ်ပန်းကိုယ်တိုင်ကတောင် သူမကို
အတင်းအကျပ် လက်ထပ်ဖို့
ဖိအားမပေးနိုင်ဘူး"

"မင်းမိခင်က ခေါင်းကို မော့နိုင်ခဲ့တယ်။
မင်းဖခင်က ရှာမှရှားတဲ့လူ
တစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့လည်း
သူကလည်း ခံစားချက်ဆိုတာ ရှိမှာပဲ။ ဒါပေမဲ့

လူအတော်များများအဖို့ ခံစားချက်တွေဟာ ဒီလောက် အရေးမကြီးကြဘူး။ သူတို့က ဆုံးဖြတ်ချက်တွေကို တစ်ချိန်ကျရင် ချရမှာပဲလေ"

ဇူရီက သဘောတူလှစွာဖြင့် ခေါင်းညိတ်လိုက်ကာ၊ လင်းဖုန်းအား သူ၏ရင်ထဲမှ အထုံးအနှောင်များကို ဖြေပေးသဖြင့် ကျေးဇူးတင်စကား ပြောလိုက်၏။ နောက်ပိုင်းတွင် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ သူ၏မိခင်သည် သူ၏ဖခင်နှင့် လူငယ်ဘဝတွင် ပျော်ရွှင်စွာ နေထိုင်ခဲ့သည်ကို သူကသိထားသည်။

ဇူရီသည် ခဏအကြာတွင် ထွက်သွားခဲ့သည်။ လင်းဖုန်းသည် သူ၏ ပျောက်ကွယ်သွားသော ပုံရိပ်ကို စိုက်ကြည့်နေရင်း၊ သူ၏အပြုံးသည် လေးနက်လာခဲ့သည်။ "မုန့်ပင်းယွင်ဟာ တကယ်ကိုပဲ ဒီလောက်အထိ ရိုးစင်းပါ့မလား?" သူသည် တွေးနေခဲ့၏။

"သူမက သာမန်လူမဟုတ်ဘူး၊ သူမက ဘာအတွက်ကြောင့် သာမန်လူ တစ်ယောက်ရဲ့ လက်ချက်နဲ့ သေရတာလဲ? သူမဟာ ဘာပဲပြောပြော၊ ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့ ကိုယ်စားဖြစ်တဲ့ တာအိုခြေလျှင် ခရီးသည်ပဲ"

"မဟုတ်မှလွဲရော၊ သူမဟာ မကျေမနပ်နဲ့ သေသွားတာပဲ ဖြစ်ရမယ်"

"မေးခွန်းက သူမဟာ ဇူဟုန်ဝူကို အရမ်းချစ်လွန်းလို့ သူမကိုယ်သူမ အနစ်နာခံပြီး၊ သူ့ရဲ့ သမားတော်တွေရဲ့ လက်ထဲမှာ လိုလိုလားလား အသေခံသွားတာလား?"

ယန်မင်းရွဲ့နှင့် ပန်ကျဲတို့ နှစ်ယောက်စလုံးနှင့်
ဆက်ဆံခဲ့အပြီးတွင်၊ လင်းဖုန်းသည်
မုန့်ပင်းယွင်မှာ ဒီလောက်အထိ
မိုက်မဲလိမ့်မည်ဟု မယုံကြည်နေခဲ့ပေ။

ယန်မင်းရွဲ့သည် ဘ၀အသစ်ကို
ရရှိပြီးနောက်တွင်၊
ပန်ကျဲကျရှုံးသွားသည်အထိ စောင့်ပြီးမှ
သူမ၏ အောင်ပွဲနှင့်အတူ ပြန်လာခဲ့သည်။
သူမသည် ပန်ကျဲအား ငါးစာအဖြစ်
အသုံးမချခဲ့ဘူးဟုပြောလျှင်၊ ယုံနိုင်ဖွယ်
မရှိချေ။

အပြန်အလှန်အားဖြင့် ယန့်မင်းရွဲ့၏
ခြေနင်းကျောက်တုံး အဖြစ် အသုံးပြုခံရ
အပြီးတွင်၊ ပန်ကျဲသည် ရှကျိုးမြို့
အပြင်ဘက်တွင် အရှက်တကွဲ
ဖြစ်နေခဲ့သည်ဟု ယုံကြည်၍ ရပါမည်လော?
သူသည် သူ၏ ကိုယ်တိုင်အစား၊
ကိုယ်ပွားတစ်ခုကိုသာ လွှတ်လိုက်၏။
သူသည် ယန့်မင်းရွဲ့၏ ရည်ရွယ်ချက်ကို
ရိပ်မိ၍၊ သူကိုယ်တိုင်က နောက်ကွယ်တွင်
တစ်ခုခုအား ကြံစည်နေမည်ကို မပြောနိုင်ချေ။
သူဘယ်လောက် အကျိုးအမြတ်
ရရှိခဲ့သနည်းဟူမူ၊ ပန်ကျဲကိုယ်တိုင်ကသာ
သိနိုင်ပေလိမ့်မည်။

ယန့်မင်းရွဲ့သည်လည်း
လျှော့တွက်၍ရသောသူမျိုး မဟုတ်ပေ။
သူမ၏ အင်္ကျီလက်ဝတွင် ဝှက်ဖဲ တစ်ခု
သို့မဟုတ် နှစ်ခုခန့် ရှိဦးမည်ဟု လင်းဖုန်းက
တွက်ထား၏။ သို့သော်လည်း ထိုဝှက်ဖဲများမှာ
ဟင်းလင်းပြင် ဘုရားကျောင်းတွင်
ရှိနေသလား ဟူသည်မှာမူ မေးခွန်းတစ်ခု
ဖြစ်နေသေး၏။

သူ၏အကြည့်သည်
ဇူရီပျောက်ကွယ်သွားသော နေရာကို
ကျရောက်သွားခဲ့ကာ၊ တွေးနေမိသည်။
"အဲ့ဒီမှာများ ရှိနေမလား?" ပြီးတာနှင့် သူသည်

သူ့ကိုယ်သူ ပြုံးလိုက်ကာ၊ ခေါင်းကို ခါယမ်းလိုက်သည်။

လင်းဖုန်းသည် ဂူအတွင်းမှ ထွက်လိုက်ကာ၊ အပြင်က သစ်ပင်ပေါ်တွင် ထိုင်လိုက်သည်။ သူ၏ အဝတ်များကို ညင်သာစွာ ခါယမ်းလိုက်ကာ၊ ခရမ်းရောင် ခေတ်ငွေ့တစ်စုကို ထုတ်လွှတ်လိုက်၏။ မြူခိုးငွေ့များ အကြားတွင်၊ အပင်ပေါက် တစ်ခုမှလွဲ၍ ဘာမှမရှိသော မြေတစ်ကွက် ပေါ်လာ၏။ ဒါသည် ဆာရိုသံမဏိ အပင်ပေါက်လေး ဖြစ်သည်။

ထိုသစ်ပင်သည် သူ၏အမြစ်များ ကြီးထွားရန် နေရာနှင့်ပတ်သတ်၍ အလွန်ရွေးချယ်မှု တင်းကျပ်သည်။ ထို့ကြောင့် လင်းဖုန်းကလည်း အထူးဂရုစိုက်နေရ၏။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် မဟာလမင်း အကြွင်းမဲ့ရေတို့နှင့် ပြုစုစောင့်ရှောက်ခြင်းသည်၊ သူ၏ အမြစ်များ ရှင်သန်ကြီးထွားမှုကို လွန်စွာ အထောက်အကူ ပြုပေလိမ့်မည်။

လင်းဖုန်းသည် ပြုံးလိုက်ရင်း အပင်ပေါက်လေးကို အမြစ်မှ ဆွဲနှုတ်လိုက်၏။ "ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ မင်းကို

ကိုယ့်ဘာသာကိုယ် ကြီးထွားခွင့်ပေးပြီး၊
သစ်ပင်စိတ်ဝိညာဉ် ပေါ်လာအောင်
အခွင့်အရေး မပေးနိုင်ဘူး"

လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင် ရှိနေပြီး
ဖြစ်သည့်အတွက်ကြောင့်၊ မဟာမိုးကြိုး
ကျောင်းတော်ကြီးကဲ့သို့၊ အစောင့်အရှောက်
အနေဖြင့် မလိုခဲ့ပေ။ သို့သော်လည်း
ရန်သူများကို တွန်းလှန်စေလိုလျှင်၊ သူ၏
စွမ်းအင်များကို ထိုသစ်ပင်အတွင်းသို့
ထည့်သွင်းပေးရပေလိမ့်မည်။ ထိုရတနာ
သစ်ပင်သည် အပြင်မှ ဖြစ်ပျက်နေသည်ကို

မသိနိုင်၍ မဟုတ်ပေ၊ သူသည် သူ့အား
အန္တရာယ် မပြုလာမချင်း၊ ဂရုစိုက်နေမည်
မဟုတ်သည့် အတွက်ကြောင့် ဖြစ်သည်။

သစ်ပင်ပေါက်လေးကို နှုတ်ယူလိုက်ရခြင်း၏
ရည်ရွယ်ချက်မှ၊ သူ၏ကိုယ်ပွားတစ်ခုကို
ဖန်ဆင်းရန် ဖြစ်သည်။

မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာကို
စောင့်ကြည့်နေရသည့် အတွက်ကြောင့်၊
အေးရီးစ်ကိုယ်ပွားသည် ဖိအားများနှင့်
ရင်ဆိုင်နေရကာ အပြင်ထွက်၍ မရချေ။

သူအပြင်ထွက်လိုက်ပါက
ထိုချုပ်ဝတ်တန်ဆာသည့် ကိုယ်ပိုင်
စိတ်ဝိညာဉ်ကို ဖန်ဆင်းနိုင်လိမ့်မည် ဖြစ်ပြီး၊
ထိုအရာမှာ လင်းဖုန်းလိုချင်သော
ရလဒ်မဟုတ်ပေ။

အေးရီးစ်ကိုယ်ပွား မရှိသောအချိန်တွင်၊
လင်းဖုန်းသည် သူ၏ဘေးတွင်
နောက်ထပ်ကိုယ်ပွား တစ်ခုကို
လိုချင်နေသည်။ သူ၏ ပြည့်စုံသော
စွမ်းရည်နှင့်ဆိုလျှင်၊ အလွန်ကောင်းမွန်သော
ရွေးချယ်မှု တစ်ခုဖြစ်သည်။ တစ်ခုရှိသည်မှာ

သူ၏ အလားအလာများသည် ရင့်ကျက်ရန် အချိန်လိုသေးခြင်း ဖြစ်သည်။

လင်းဖုန်းသည် ခက်ခဲမှုအချို့ ရှိသော်လည်း၊ ဆာရိုသံမဏိ သစ်ပင်အတွင်းသို့ သူ၏ စိတ်အာရုံကို ထည့်သွင်းနိုင်ခဲ့သည်။ သူသည် ရင့်ကျက်ခြင်း မရှိသေးသောကြောင့်၊ လင်းဖုန်းသည် အားသုံး၍သာ အတင်းအကျပ် ဝင်ရောက်ရခြင်း ဖြစ်သည်။

သစ်ပင်၏ အတွင်းတွင် လုံးဝမည်းမှောင်နေကာ၊ အဝေးမှ အလင်းရောင် ဖျော့ဖျော့လေး

မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသည်ကိုသာ တွေ့နိုင်သည်။ လင်းဖုန်းသည် ထိုအလင်းရောင်လေးဆီသို့ ဦးတည်၍ သွားလိုက်၏။ အမှောင်ထုသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့သည်။ ထုတ်လွှတ်နေသော အလင်းရောင်မှာ တောက်ပသော်လည်း၊ လောင်ကျွမ်းခြင်း မရှိပေ။ သူသည် လင်းလက်နေသော်လည်း ကွဲပြန့်ခြင်း မရှိချေ။

လင်းဖုန်းသည် အသိပညာ ကျောက်စိမ်းသစ်ပင် အကြောင်းကို ချက်ချင်း ပြန်တွေးလိုက်ပြီး၊ အတွင်းတွင်

ကွယ်ဝှက်ထားသော မဆုံးနိုင်သည်
ဖြစ်နိုင်ခြေတို့ကို စဥ်းစားနေခဲ့သည်။
ဆာရိုသံမဏိ သစ်ပင်တွင်မှု
အောင်ရာတစ်မျိုးသာရှိသည်။ သို့သော်လည်း
သူ၏တည်ရှိနေမှုသည် လွှမ်းမိုးမှု
အားကောင်းလှ၏။

မဟာစိတ်ဝိညာဥ် သစ်ပင်လေးမျိုးတို့သည်
သူထင်ထားသည်ထက်ပင် ပို၍ ရှုပ်ထွေးစွာနှင့်၊
ဆက်စပ်နေကောင်း ဆက်စပ်နေလိမ့်မည်
ဖြစ်သည်။

## စာစဥ် ၁၅ : အပိုင်း ၁၆

## အပိုင်း ၂၆၆ : သံမဏိ သစ်ပင်မှ ပန်းများ ဖူးပွင့်လာခြင်း

လင်းဖုန်းသည် ဆာရိုသံမဏိ သစ်ပင်အတွင်းတွင် နေနေခဲ့ရင် တွေးနေခဲ့သည်။ "ဒဏ္ဍာရီတွေ အရဆိုရင် သစ်ပင်စိတ်ဝိညာဉ် အတွင်းမှာ နှစ်မြုပ်နေနိုင်တဲ့သူဟာ၊ စိတ်ဝိညာဉ် ဖွံ့ဖြိုးမှု အထွတ်အထိပ်ကို ရောက်ရှိနိုင်ပြီး၊ အများနဲ့ မတူတဲ့ အသက်ရှည်ခြင်းနဲ့ အသိဉာဏ်ပညာတို့ကို ရရှိနိုင်မှာပဲ ဖြစ်တယ်"

"နတ်ဘုရား ပါရာဆို သစ်ပင်ဟာ ဖီးနစ်တွေရဲ့
နေထိုင်ရာဖြစ်ပြီး၊ ထာဝရ ရှင်သန်ခြင်းရဲ့
လျှို့ဝှက်ချက်တွေကို
သယ်ဆောင်ထားတယ်လို့ ပြောကြတယ်။
သူတို့ဟာ သစ်ပင်သက်သက်သာ ဖြစ်ပေမဲ့၊
နက်နဲထူးခြားတဲ့ အစွမ်းတွေကို
ပိုင်ဆိုင်ထားကြတာပဲ"

"ငါက အဲ့ဒီသစ်ပင်ရဲ့ ထူးခြားချက်တွေကို
တစ်နေ့မှာ တွေ့နိုင်ရင် ကောင်းမှာပဲ"
လင်းဖုန်းသည် သက်ပြင်းချလိုက်၏။

အတွေးနက်နေဆဲမှာပင် သူသည်
လက်တစ်ချောင်းကို ဆန့်တန်းလိုက်၍၊
ဆာရိုသံမဏိ သစ်ပင်ကို ခေါက်လိုက်၏။

ထူထဲသော ခရမ်းရောင် ခါတ်ငွေ့များသည်
သစ်ပင်အတွင်းသို့ ဝင်သွားကြကာ၊ သူ၏
အနက်ရောင် အကိုင်းအခက်များနှင့်
ရွှေရောင်သစ်ရွက်တို့သည် အသံမြည်ကာ
လှုပ်ရှားလာကြသည်။

ကြံ့ခိုင်၍ ခေါင်းမာသော သစ်ပင်နှင့် သူ၏
သံမဏိ အကိုင်းအခက်များသည်၊ ကိုယ်ပိုင်
အသိဉာဏ် မရှိကြသေးသော်လည်း

လင်းဖုန်း၏ စွမ်းအင်များကို လက်ခံလိုစိတ် မရှိသည်မှာ သိသာနေပေသည်။

လင်းဖုန်းသည် စိတ်လှုပ်ရှားမှု အလျဉ်းမှ မရှိခဲ့ပဲ၊ သစ်ပင်ကိုသာ သူ၏အော်ရာတို့ဖြင့် တယုတယ ပွတ်သပ်နေခဲ့သည်။

သူသည် ရန်လိုမှုကို ဖိအားတို့ဖြင့် ပြန်လည် မတုံ့ပြန်ခဲ့ပြ၊ သူ၏ စွမ်းအားတို့ကို သစ်ပင်၏ တည်ရှိနေမှုနှင့် အသားကျအောင် ထွေးပွေ့ထားခဲ့သည်။

သို့ဖြစ်၍ သစ်ပင်သည် လင်းဖုန်းအား အမျိုးတူအုပ်စုမှ မဟာမိတ်ဟု မှတ်ယူလိုက်ကာ၊ ဆက်ဆံရေး အခြေအနေ တိုးတက်လာခဲ့သည်။

အပြင်ပိုင်းတွင် သစ်ရွက်သစ်ကိုင်းတို့၏ လှုပ်ခါနေမှုမှလွဲ၍၊ ဘာမှ ပြောင်းလဲသည့်ပုံ မပေါ်နေချေ။ သစ်ပင်၏ အတွင်းတွင်မူ၊ ကမ္ဘာကြီးသည် စတင်ပြောင်းလဲနေပြီ ဖြစ်သည်။ သူ၏ ရေသောက်မြစ်များသည် သွေးလွှတ်ကြောနှင့် သွေးပြန်ကြောများကဲ့သို့ ပြောင်းလဲသွားခဲ့သည်။ သစ်ပင်၏ အလယ်တွင် ခုန်နေသော နှလုံးနှင့်

သဏ္ဌာန်တူသည့် ဖွဲ့စည်းမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

အတွင်းပိုင်းမှ ပြောင်းလဲမှုများ ပြီးဆုံးသွားသည့်အခါ၊ သစ်ကိုင်းများပေါ်မှာ အလင်းစက်များသည် သန်းနှင့်ချီသော ပိုးစုန်းကြူးလေးများပမာ ထွက်လာကြ၍၊ ကြယ်စင်များပမာ စည်းချက်ကျကျနှင့် လင်းလက်နေကြပေသည်။ သို့သော် သူတို့သည် ကြယ်စင်များ မဟုတ်ကြချေ။ သူတို့သည် လင်းဖုန်း၏ အရေပြားအောက်ရှိ အကိတ်တမ်များနှင့် ကိုက်ညီနေကြကာ၊

တူညီသော ပုံစံဖြင့် လင်းလက်နေကြခြင်း ဖြစ်သည်။

တစ်ယောက်သည် အတွေးဖြင့် မှန်းဆကာ ကြည့်လိုက်လျှင်၊ ဆာရိုသံမဏိ သစ်ပင်သည် လင်းဖုန်း၏ အချိုးကျ ပုံစံငယ်တစ်ခု ဖြစ်လာကြောင်းကို တွေ့နိုင်ပေသည်။ သူတို့၏ ပုံပန်းသွင်ပြင်တို့သည် တဖြည်းဖြည်း တူလာကြသည်။ လင်းလက်နေကြသော နေရာများမှာ ကြေးမုံအတွင်းမှ ပုံတူများကဲ့သို့ ဖြစ်နေကြသည်။

အလင်းစက်များမှာ လူတစ်ယောက်၏ သွေးကြောများ၊ အင်္ဂါများ၊ ကြွက်သားများ၊ အရွတ်ကြောများ၏ သရုပ်သကန်များ ဖြစ်ကြသည်။အဆုံးမဲ့ စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားကြသည့် လျှို့ဝှက်နေရာများ ဖြစ်ကြသည်။

အမှန်အတိုင်းပြောရလျှင် ကျင့်ကြံမှု အဆင့်တစ်ခုသို့ ရောက်သွားပြီးလျှင်၊ ဆက်လက်တိုးတက်အောင် အားထုတ်ရသည်မှာ တစ်ယောက်၏ အတွင်းခန္ဓာပင် ဖြစ်သည်။ လူသား၏ ခန္ဓာကိုယ်ကို ကိုယ်ပိုင် စကြာဝဠာတစ်ခုဟု

ယူဆလိုက်လျှင်၊ သူ၏ အလားအလာများမှာ မျက်နှာပြင်အောက်သို့ လုံလောက်အောင် တူးဖော်ရှာဖွေ တွေ့ရှိခဲ့ရသည့်အထိ ငြိမ်သက်နေခဲ့မည် ဖြစ်သည်။

ရှောင်ပုတန်လေး၏ စွမ်းအားများ၏ လျှို့ဝှက်ချက်မှာ၊ သူ၏ ငြိမ်သက်နေသော အလားအလာများကို နိုးထစေနိုင်ခဲ့ခြင်း အပေါ်တွင် မူတည်နေ၏။ လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွား၏ သန်မာရခြင်းမှာလည်း၊ သူသည် သူ၏ ဖုံးကွယ်နေသော အလားအလာများကို ဖော်ထုတ်နိုင်ခဲ့ကာ၊

အစွမ်းကုန် အသုံးချနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

လင်းဖုန်းက ရွှေရောင်ဗဟိုချက် အဆင့်တွင် ရှိနေဆဲတွင်ပင်၊ အေးရီးစ်ကိုယ်ပွား၏ စွမ်းအားမှာ လင်းဖုန်း၏ အလားအလာ အစွမ်းကုန်နှင့် တူနေသည်။ ဘတ်စ်တလီ အနက်ရောင်နဂါး ကျဲယုသည်ပင်လျှင် သူ၏ပြိုင်ဘက် မဟုတ်ခဲ့ချေ။

လင်းဖုန်းက အခြေတည်ဝိညာဉ် အဆင့်ကို ဝင်ရောက်သွားသည့် အချိန်တွင်ပင်လျှင်၊ အေးရီးစ်ကိုယ်ပွားသည် သူ၏

စွမ်းအားအသစ်တို့၏ အလားအလာ
အစွမ်းကုန်နှင့် တူညီနေ၏။ သူတို့၏
စွမ်းအားများကို နှိုင်းယှဉ်ရမည်ဆိုလျှင်၊
အေးရီးစ်ကိုယ်ပွားသည် မှော်ကျိန်စာတွင်
အားနည်းသည် ဆိုသော်လည်း၊
ရုပ်ခန္ဓာကိုယ်သည် လင်းဖုန်းကိုယ်တိုင်ထက်
ပိုသာနေ၏။

ပန်ကျဲအား သူ၏ အသွင်သဏ္ဍာန်
ခြောက်မျိုးစား မပါပဲနှင့် စားချင်းယှဉ်ခုတ်မည်
ဆိုပါက၊ အေးရီးစ်ကိုယ်ပွားသည် ပန်ကျဲအား
လုံး၀ အသာစီး ယူနိုင်မည်ဆိုသည်ကို

လင်းဖုန်းက အပြည့်အဝ
ယုံကြည်ချက်ရှိသည်။

ဆာရိုသံမဏိ သစ်ပင်၏
ရေသောက်မြစ်များသည် အပြည့်အဝ
ဖွံ့စည်းပြီးသွားသည့် အချိန်တွင်၊ သူ၏
သစ်ကိုင်းတို့မှာ ပြင်းထန်စွာ တုန်ခါလာ၍
ကြွေကျကုန်ကြသည်။ လင်းဖုန်း၏ အသိစိတ်
အာရုံတို့မှာ သစ်ပင်၏ တောက်ပသော
အလင်းတန်းများ အကြားတွင်
နစ်မြုပ်နေခဲ့ရင်း၊ တစ်ခုတည်းအဖြစ်
ပေါင်းစည်းသွားခဲ့သည်။

ခဏအကြာတွင်
သစ်ရွက်သစ်ကိုင်းများတို့သည်
လှုပ်ခါလာကြသည်။ ပြီးတာနှင့်
သန်းနှင့်ချီသော အဖြူရောင် ပန်းပွင့်တို့သည်
ဖူးပွင့်လာကြကာ၊ ကွင်းပြင်ကျယ်ကြီးကို
နှင်းပွင့်များနှင့် ဖုံးလွှမ်းထားသကဲ့သို့
သစ်ပင်တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။
လင်းဖုန်းသိထားသလောက် ဆိုလျှင်၊
သစ်ပင်သည် သူ၏ဘဝသက်တမ်း
တစ်လျှောက်တွင် သုံးကြိမ်သာ
အပွင့်ပွင့်ပေသည်။ ပထမ၊ သူသည်
ကိုယ်ပိုင်အသိဉာဏ် ရရှိသောအခါ။ ဒုတိယ၊
သူက အသီးသီးသော အခါ။ တတိယ၊ သူက
ညှိုးခြောက်သွားသောအခါတွင် ဖြစ်၏။

ဒီတစ်ခေါက်သည် ဆာရိုသံမဏိ သစ်ပင်၏ ပထမဦးဆုံး အတွေ့အကြုံ ဖြစ်သည်။ အပင်ငယ်လေး တစ်ပင်သာ ဖြစ်သော်လည်း၊ သူ၏ ပန်းပွင့်တို့သည် အနှိုင်းမဲ့ ကြီးကျယ်ခမ်းနားစွာဖြင့် ဖူးပွင့်နေကြသည်။

လင်းဖုန်းသည် သူ၏ ပြီးဆုံးခါနီးပြီဖြစ်သော အလုပ်အား ကြည့်လိုက်၍ ပြုံးလိုက်မိသည်။ ချက်ချင်းဆိုသလိုပင်၊ သစ်ပင်သည် လူသားပုံစံ အဖြစ်သို့ ပြောင်းသွား၍၊ လင်းဖုန်း၏ အတုကို ခိုးလိုက်ကာ ပြန်လည် ပြုံးပြနေခဲ့သည်။

ခဏတာ တွေဝေသွားပြီးနောက်တွင်၊
သစ်ပင်လှူသားသည် လုံးဝကို
ကွဲပြားခြားနားသော လူတစ်ယောက် ပုံစံကို
ပြောင်းသွားခဲ့သည်။ လူငယ်တစ်ယောက်
ဖြစ်သည်။ သူသည် အလွန်တရာ
ထူးခြားနေခြင်းမျိုး မရှိပဲ၊ သူ၏
ပုံပန်းသွင်ပြင်တို့မှာ သာမန်သာဖြစ်ပြီး၊
အသားအရေမှာလည်း ခပ်ညိုညိုဖြစ်သည်။
သို့သော်လည်း သူသည် အသက်စွမ်းအင်များ
အပြည့်ဖြင့် ရွှင်လန်းတက်ကြွနေခဲ့သည်။
သူအား ထူးခြားစွာဖြင့်
ကြည့်ကောင်းနေစေခဲ့သည်။

"ကျွန်တော့်ကို သံမဏိသစ်ပင် ကိုယ်ပွားလို့ ခေါ်ရမယ်ထင်တယ်" လူငယ်က ပြုံးကာ ပြောလိုက်သည်။

လင်းဖုန်း၏ ပြုံးနေသော အကြည့်အောက်တွင်၊ သံမဏိသစ်ပင် ကိုယ်ပွားသည် သူ၏ရင်ကို သူပြန်ကြည့်လိုက်၏။

"မင်းက ကြွက်သားခန္ဓာကိုယ် သိုင်းပညာရပ်နဲ့ ပိုသင့်တော်တယ်လို့ ငါထင်နေတယ်။ ကိုယ်ပွားနှစ်ခုလုံးက လေ့ကျင့်မှု လမ်းတစ်လမ်းထဲ ဖြစ်နေပေမဲ့၊ မင်းနဲ့

အေးရီးစ်ကိုယ်ပွား အတွင်းမှာ မတူညီတဲ့ အရာတွေလည်း ရှိနေသေးတယ်" လင်းဖုန်းက ပြောလိုက်သည်။

"အိုး? ရှောင်ပုတန်တို့က ပြန်ရောက်လာပြီလား?" လင်းဖုန်းက တွေးလိုက်သည်။

ချက်ချင်းဆိုသလိုပင်၊ သူသည် သံမဏိသစ်ပင် ကိုယ်ပွားကို တည်ဆောက်နေသည်မှာ ဆယ်ရက်ကျော် ရှိသွားခဲ့ပြီ ဖြစ်ကြောင်းကို သူက သတိထားမိလိုက်သည်။

"ဆရာသခင်! လာကြည့်စမ်းပါဦးဗျ!" ရှောင်ပုတန်လေးသည် ယုကျင်းတောင်ကို ပြန်ရောက်လာသည်နှင့် တပြိုင်နက်၊ စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်နေခဲ့သည်။

သူ၏လက်ထဲတွင် ရွှေရောင်ပိုးချည်မျှင် တစ်စည်းကို ကိုင်ထား၏။

လင်းဖုန်းသည် ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ အံ့သြသွားခဲ့သော်လည်း၊ စိတ်ကိုပြန်ထိန်းလိုက်ကာ ဘာဖြစ်ခဲ့သလဲ ဆိုတာကို မေးလိုက်သည်။ "ဒါက ဘယ်ကနေ ရလာတာလဲ?"

"အိုး! ဒါက ကျွန်တော်တို့က အဝီစိ ငရဲမုန်တိုင်းကို သွားရှာတုံးက တွေ့လာခဲ့တာ! သူက မုန်တိုင်းကို ခုခံနိုင်ပြီး၊ နှစ်မျိုးစလုံးက တစ်နေရာထဲမှာ ရှိနေကြတာဗျ! ကျွန်တော်တို့ကတော့ ပွတာပဲ!" ရှောင်ပုတန်လေးက ပြန်ဖြေလိုက်၏။

"ကျွန်တော်က ဒီပစ္စည်းလေးကို ပိုစိတ်ဝင်စားတော့၊ အဝီစိ ငရဲမုန်တိုင်းကို အစ်မ ဟုန်ရန်ကိုပဲ ပေးလိုက်တယ်" ရှောင်ပုတန်လေးက ဆက်ပြောလိုက်သည်။

"ဟုတ်တယ်ဆရာ၊ ထျန်းဟောင်နဲ့ ကျွန်မက ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးကို သုံးပြီးတော့၊ သူတို့ကို အများကြီး သယ်လာနိုင်ခဲ့တယ်" ယွဲ့ဟုန်ယန်က ထပ်ပြောလိုက်သည်။

အငယ်ဆုံး တပည့်လေးသာ ဖြစ်ခဲ့သော်လည်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် ရှောင်ပုတန်လေးအား သူ၏နာမည်ကိုသာ တပ်ခေါ်ခဲ့သည်။ သူတို့သည် သူ့ကို ဂျူနီယာအစား၊ သူငယ်ချင်း ကဲ့သို့သာ ဆက်ဆံနေသည်။ ရှောင်ပုတန်လေးကလည်း သူတို့ကို အသိအမှတ်ပြုကာ၊

သူတို့သုံးယောက်သားတို့သည် အဖွဲ့ကျနေခဲ့သည်။

လင်းဖုန်းက ထွမ်းထွမ်းကို ကြည့်လိုက်ကာ သာမန်သာ မေးလိုက်သည်။ "မင်းရော သဘောမကျဘူးလား?"

ထွမ်းထွမ်းက မယုတ်မလွန် ပြန်ဖြေလိုက်သည်။ "ဒါက ကျွန်မရဲ့ စံနှုန်းတွေနဲ့ မကိုက်ညီဘူး။ အရသာက သိပ်မကောင်းဘူး၊ ကျွန်မမှာ ပိုကောင်းတဲ့ အရာတွေ ရှိနေတယ်လေ"

လင်းဖုန်းက သရော်သလို့နှင့် မေးလိုက်သည်။ "ဒါဆိုရင် မင်းက အနီရောင် ငှက်ကျားတွေကို အကုန်စားလိုက်ပြီပေါ့?"

ထွမ်းထွမ်းက ပြန်ဖြေလိုက်သည်။ "ဒါတွေက မလုံလောက်ဘူး။ ကျွန်မတို့က ရှင်းယွင်တောင်ထိပ်ပေါ်က ငှက်တွေကို အကုန်ဖမ်းလာခဲ့ရမှာ"

လင်းဖုန်းက ကျဲယုအား ကြည့်လိုက်ကာ၊ သူ၏ကျောကို ပုတ်လိုက်သည်။ "ပင်ပန်းသွားပြီလား?"

ထိုကဲ့သို့ ချီးကျူးလိုက်ခြင်းသည် အားပေးလိုက်ခြင်းနှင့် တူကာ၊ ကျဲယုသည် သူ၏ ပုခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခု ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။ ခရီးစမထွက်မီကပင် သူ၏ တာဝန်သည် လုံခြုံရေး တာဝန်ခံ ဖြစ်သည်ဟု သိနေခဲ့၍၊ သူသည် အစီစီ ငရဲမုန်တိုင်းကို အာရုံသိပ်မထားခဲ့ချေ။

လင်းဖုန်းက ရှောင်ပုတန်လေးအား ကြည့်လိုက်ကာ ရှင်းပြလိုက်သည်။ "ဒါက အမှန်ဆိုရင် သားရေတစ်မျိုးပဲ။ အင်မော်တယ်အဆင့်ကို ရောက်ပြီးသွားတဲ့

မိစ္ဆာတစ်ကောင်ရဲ့ ခန္ဓာကိုယ်ကနေ ခွာထားတဲ့ အရေခွံတစ်မျိုးပဲ"

"သူ့ကိုကြည့်ရတာ ပိုးစနဲ့ တူနေပေမဲ့၊ အမှန်ဆိုရင် သားရေဆိုတာက သံသယဖြစ်ဖွယ် မရှိဘူး။ သူ့ဆီကနေ မိစ္ဆာ အငွေ့အသက်တွေ ရနေတယ်။ အထဲကို သေချာကြည့်လိုက်ရင်၊ မင်းက အတွင်းမှာ သင်္ကေတ တစ်ချို့ကို တွေ့နိုင်တယ်။ အာရုံစူးစိုက်ပြီး လေ့လာလိုက်ရင်၊ မင်းအတွက် အကျိုးရှိတာ တစ်ခုခုရနိုင်တယ်" လင်းဖုန်းက ဆက်ပြောလိုက်သည်။

"ကောင်စုတ်လေးက ကံတော့အတော်ကောင်းသားပဲ" လင်းဖုန်းက တွေးလိုက်ကာ အုပ်စုထဲသို့ နောက်တစ်ခေါက် ဝေ့ကြည့်လိုက်သည်။ ဒီတစ်ခေါက်တွင် ကျူးကော်ဖန်းလင်က အုပ်စုအနောက်တွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။ သူမ၏ မျက်နှာတွင် ကံမကောင်းခြင်း၊ မနာလိုခြင်း စသော အမူအရာများကို ကြိုးစား၍ ဖုံးကွယ်ထားခဲ့လေသည်။ သူမသည် ရှောင်ပုတန်လေးနှင့် ဆက်ဆံရာတွင်၊ အတော်ခံခဲ့ရပုံ ပေါက်နေ၏။ သူမ၏ ရွှေရှာကြွက်လေးပင်၊ ရှိနေကျနေရာတွင် ရှိမနေခဲ့ချေ။

"မာစတာ၊ ကျွန်မက အရှက်မကွဲခဲ့တာ ကံကောင်းတယ်" ကျူးကော်ဖန်းလင်က ပြောလိုက်သည်။

"မင်းကလည်း ကောင်းကောင်းလုပ်နိုင်ခဲ့တာပဲ။ မင်းရဲ့ ကြွက်လေးကရော ဘယ်မှာလဲ? ဟိုနှစ်ကောင်က ချက်စားလိုက်တယ်လို့တော့ မပြောနဲ့နော်" လင်းဖုန်းက ပြန်ပြောခဲ့သည်။

ရှောင်ပုတန်လေးက နှာခေါင်းရှုံ့လိုက်ကာ၊ သူ၏လက်ကို လေပေါ်သို့ မြှောက်လိုက်သည်။

သူ၏လက်ထဲတွင် ရွှေကြွက်လေး တစ်ကောင်ကို တွေ့နိုင်သည်။

ကျူးကော်ဖန်းလင်က စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။ "ဒီကြွက်လေးဟာ ကျွန်မရဲ့ တစ်ဦးတည်းသော အချစ်ဆုံး အဖော်လေးပါ၊ မာစတာနဲ့ စီနီယာတို့က သက်ညှာသောအားဖြင့် ပြန်လွှတ်ပေးပါရှင့်"

"မင်းက ဘယ်လို သဘောရသလဲ?" လင်းဖုန်းက ရှောင်ပုတန်လေးကို လှမ်းကြည့်လိုက်ကာ ပြောလိုက်သည်။

"ဟင်းဟင်း… တော်တော်ကို စိတ်ဝင်စားစရာ ကောင်းတယ်။ သူတို့နှစ်ယောက်ကို တောင်ပေါ်မှာ ခေါ်ထားလိုက်ရင် ကောင်းမယ်နဲ့တူတယ်" ရှောင်ပုတန်လေးက ပြန်ဖြေလိုက်သည်။

"ဒါဆိုရင် မင်းပဲခေါ်ထားလိုက်ကွာ" လင်းဖုန်းက ပြန်ပြောလိုက်၏။

ထိုစကားကို ကြားသောအခါ ကျူးကော်ဖန်းလင်သည် မှုးမေ့သွားခဲ့သည်။

မှိုင်တွေညှိုးငယ်နေသော
ကျူးကော်ဖန်းလင်အား
လှျစ်လှျူရှုထားလိုက်၍၊ လင်းဖုန်းသည်
သူ၏နားထဲမှ စနစ်အသံကို
အာရုံစိုက်လိုက်သည်။ "လစဥ်ကံစမ်းမဲနှိုက်ဖို့
အချိန်ရောက်လာပြီလား? နှိုက်ပြီးသွားပြီ
မဟုတ်ဘူးလား?"

"သူက ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာထဲက အချိန်တွေကိုပါ
ထည့်တွက်ထားတာပဲ"

ပြင်ပကမ္ဘာတွင် ခြောက်လပိုင်းသာ ရှိသေးသော်လည်း၊ လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာထဲတွင် ဝမ်လင်းအား ကာကွယ်စောင့်ရှောက်ရန်၊ အချိန်အနည်းငယ် နေခဲ့ကာ အချိန်ကမောက်ကမများ ဖြစ်စေခဲ့သည်။ အစောပိုင်းက လင်းဖုန်းက သီးသန့် အချိန်နယ်မြေတွင် ရှစ်နှစ် နေခဲ့ခြင်းကို၊ ပြင်ပကမ္ဘာတွင် တစ်လတွက်ရမည့်အစား ရှစ်နှစ်သာ တွက်ခဲ့သည်။

"အခုအချိန်မှာ စနစ်က ပြင်ပကမ္ဘာက အချိန်အစား၊ ငါ့ခန္ဓာကိုယ်ရဲ့ အချိန်ကို တွက်နေတာပဲ"

လင်းဖုန်းသည် ကံစမ်းမဲနှိုက်ခွင့်ကို လက်လွှတ်ခံမည့်သူ မဟုတ်ပေ။ သူသည် စက်ဝိုင်းကားချပ်နှင့် အံစာတုံး စနစ်ထံမှ ဆုလာဘ်များကို စစ်ဆေးလိုက်ပြီး၊ အံစာတုံးပစ်ရန် ဆုံးဖြတ်လိုက်သည်။

"ငါ့မျက်စိကများ ငါ့ကို ညာနေတာလား?" လင်းဖုန်းက တွေးနေခဲ့သည်။

"ငါရှူးနေပြီထင်တယ်"

သူသည် နံပါတ်ငါး နေရာမှ သေတ္တာလေးကို ကြည့်နေခဲ့သည်။ သူ၏အတွင်းတွင် ကျောက်တုံး အပိုင်းအစလေးသည် ငြိမ်သက်စွာဖြင့် တင်နေခဲ့သည်။ ထိုကျောက်တုံးသည် သာမန်မဟုတ်ဟု သူက သိနေခဲ့သည်။ ဒါလေးသည် မှော်ရတနာ သန္ဓေလောင်း တစ်ခုဖြစ်သည်။

## စာစဥ် ၁၅ : အပိုင်း ၁၇

## အပိုင်း ၂၆၇ : သတင်းကောင်းနှင့် သတင်းဆိုး

လင်းဖုန်းအတွက် ရရှိခဲ့သော သတင်း အချက်အလက် နှစ်ခုတွင်၊ တစ်ခုက သတင်းကောင်းဖြစ်ပြီး၊ တစ်ခုက သတင်းဆိုးဖြစ်သည်။

သတင်းကောင်းမှာ ကံစမ်းမဲသည် ကံကောင်းခဲ့ကာ၊ မော်ရတနာ သန္တေလောင်းအား ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ဝိညာဉ်ဖန်ဆင်း တံဆိပ်တော်သည် မရေမတွက်နိုင်သော အသက်များကို ပုံသွင်းထားခြင်း ဖြစ်သည်။ သူ၏

အသက်စွမ်းအင်မှာ အားကောင်းလှ၍၊
နတ်ဘုရား ပါရာဆို သစ်ပင်အား
ကောင်းကောင်းကြီး ယှဥ်နိုင်သည်။

အဆင့်မြှင့်တင်ခြင်း နှစ်ခါ ပြုလုပ်အပြီးတွင်၊
လင်းဖုန်းသည် ကံစမ်းမဲ ဆုလဒ်များ
ရွေးချယ်မှုနှင့် ပတ်သတ်၍ ပုံစံတစ်မျိုးကို
သိရှိလာခဲ့သည်။

ဆုလဒ်တို့၏ အရည်အသွေးသည် လင်းဖုန်း၏
စွမ်းအား သို့မဟုတ် ကံစမ်းမဲ စနစ်၏
အဆင့်အပေါ်တွင် မူတည်နေ၏။

လင်းဖုန်းက စနစ်ကြီးကို ပထမဦးဆုံး ရရှိခဲ့သော အချိန်တွင်၊ ဆုများမှာ ရိုးရိုးရှင်းရှင်းသာ ဖြစ်သည်။ ချီသာဝက အဆင့်နှင့် အခြေခံအုတ်မြစ် အဆင့်တွင် အသုံးပြုနိုင်သော၊ ပစ္စည်းများကို ရရှိနိုင်သည်။

လင်းဖုန်းက အခြေခံအုတ်မြစ် အဆင့်ကို ရောက်ရှိပြီးသွားသော အချိန်တွင်၊ စနစ်ကြီးက ပထမ အဆင့်မြှင့်တင်မှုကို ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းတွင် သူသည် အမြင့်ဆုံး ရွှေရောင်ဗဟိုချက်က အိုင်တမ်များကို ထုတ်ပေးခဲ့သည်။

ထိုအကန့်အသတ်ကို ချိုးဖျက်ရန်မှာ သူ၏
ကိုယ်ပိုင် ပစ္စည်းများကို စုပ်တံရွေးချယ်မှု
စနစ်တွင် အပေါင်ထားရန် ဖြစ်သည်။
သို့တိုင်အောင် ကိုယ်လိုချင်သော
ပစ္စည်းရဖို့ရန် ဖြစ်နိုင်ခြေက အမတန်မှ
နည်းလွန်းသည်။

လင်းဖုန်းက ဝိညာဉ် ဖော်ဆောင်ပြီးသွားသည့်
အချိန်တွင်၊ ကံစမ်းမဲ စနစ်သည်
ဒုတိယအကြိမ်အဖြစ် နောက်ထပ်
အဆင့်မြှင့်တင်မှု ပြုလုပ်ခဲ့သည်။
ဒီတစ်ခေါက်တွင်မူ ဆုလဒ်များသည်  ပို၍

အဆင့်မြင့်လာခဲ့သည်။ ဥပမာအားဖြင့်
နဂါးအကြော ဖြစ်သည်။

ယခု ကံစမ်းမဲ စနစ်သည် အရင်ကထက်
အများကြီး ပိုကောင်းလာသည့်မှာ
ငြင်းဖွယ်မရှိပေ။ သူထုတ်ပေးခဲ့သော ဆုများမှာ
အခြေတည်ဝိညာဥ် အဆင့်တွင်
ကောင်းကောင်းကြီး အသုံးပြုနိုင်သည်။
အဆိုးဆုံး အိုင်တမ်များသည်ပင်
အရည်အသွေး သိပ်မနိမ့်ခဲ့ချေ။

အမြင့်ဆုံး အကန့်အသတ်ကိုမူ
လက်ရှိအချိန်တွင် မသိရပေးပေ။

သို့သော်လည်း သူသည် အဝါရောင်
ကောင်းကင်ခေါင်းလောင်းတူ၊ ဝိညာဉ်ဖန်ဆင်း
တံဆိပ်တော်၊ အစရှိသည့် အင်မော်တယ်
ဝိညာဉ်အဆင့်မှ ရတနာတို့နှင့်
တွဲဖက်နိုင်သော အိုင်တမ်များကို
ထုတ်ပေးခဲ့လေသည်။

လင်းဖုန်းက စနစ်ကြီးသည် အင်မော်တယ်
ဝိညာဉ် အဆင့်သို့ မရောက်သေးပဲ၊
ဝိညာဉ်ဖန်ဆင်း တံဆိပ်တော် စသည့်
အိုင်တမ်တို့မှာ အကန့်အသတ်သို့
ရောက်လုနီးပါး ဖြစ်နေပြီဟု
ကောက်ချက်ဆွဲလိုက်၏။

သူ့ထက်ပိုကောင်းသော အိုင်တမ်များကို ရရှိဖို့ဆိုလျှင်၊ စနစ်သည် နောက်ထပ်တစ်ခေါက် အဆင့်မြှင့်တင်မှ ရလိမ့်မည် ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းသည် ယခုရသလောက်နဲ့ပင် ကျေနပ်နေပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သတင်းကောင်းများ ရှိသလို၊ သတင်းဆိုးကလည်း ရှိနေပေ၏။

လင်းဖုန်းသည် အံစာတုံး စနစ်အတွင်းမှ အံစာတုံးကို ကြည့်လိုက်ပြီး၊ ပြုံးရမလို မဲ့ရမလို ဖြစ်သွားခဲ့သည်။

"ဒီဆုတွေက စက်ဝိုင်းကားချပ် စနစ်ထဲမှာ ပေါ်လာရင် ကောင်းမှပဲ။ ကံစမ်းမဲ စနစ်က အကျင့်မကောင်းဘူး။ ကံပေါ်မှာပဲ အားကိုးနေရတာကို ငါကမကြိုက်ဘူး" လင်းဖုန်းက ခေါင်းထဲမှနေ၍ စဉ်းစားနေခဲ့သည်။

စက်ဝိုင်းကားချပ်တွင် လိုချင်သောဆု ပေါက်ရန် အခွင့်အရေး လေးပုံတစ်ပုံရှိ၍၊

အံစာတုံး စနစ်တွင် ဆယ်ခြောက်ပုံ တစ်ပုံသာ ရှိလေသည်။ သို့သော်လည်း လင်းဖုန်းသည် ဘာမှတွေဝေမနေပဲ အံစာတုံး စနစ်အတွင်းကိုသာ ဝင်ခဲ့လိုက်သည်။

"ဒီဝိညာဉ်ဖန်ဆင်း တံဆိပ်တော်ကို နံပါတ် တစ်နဲ့နှစ် အကွက်မှာ မထည့်ထားတာကိုပဲ ကျေးဇူးတင်ရမယ်၊ မဟုတ်လို့ရှိရင် ငါတော့ ရင်ကွဲရချည်ရဲ့" လင်းဖုန်းသည် စဥ်းစားနေခဲ့ရင်း၊ လည်ပတ်နေသော အံစာတုံး သုံးတုံးကို စိုက်ကြည့်နေခဲ့လေသည်။

နံပါတ်ငါးသည် အတော့်ကို ခွတီးခွကျနိုင်သော နံပါတ်ဖြစ်သည်။ သူသည် အမတန် မမြင့်သလို၊နိမ့်လည်း မနိမ့်ချေ။

ဥပမာအားဖြင့် ပထမ အံစာတုံးသည် လေး၊ ငါး သို့မဟုတ် ခြောက်ကိုကျပါက ဝမ်းနည်းစရာ ဖြစ်သွားမည်ဖြစ်ကာ၊ နောက်ထပ် အံစာတုံးများကို လှည့်ကြည့်စရာပင် လိုတော့မည် မဟုတ်ချေ။

ပထမဆုံး အံစာတုံးသည် အချိန်အတန်ကြာ လည်ပြီးနောက်တွင်၊ ရပ်တန့်တော့မည် ဖြစ်သည်။ လင်းဖုန်းသည် ပထမ အံစာတုံးကို

စိတ်လှုပ်ရှားစွာဖြင့် စိုက်ကြည့်နေခဲ့သည်။
နီရဲသော အနီရောင် အစက်လေးသည်
သူ့အားတည့်တည့် စိုက်ကြည့်နေခဲ့သည်။

သူသည် စိတ်သက်သာရာ ရသွားပြီး
လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။
မျှော်လင့်ချက် အနည်းငယ် ရှိသေးသည်။

ဒုတိယ တစ်တုံးကလည်း သိပ်မကြာခင်
ရပ်သွားခဲ့သည်။ နံပါတ်နှစ်။

သူ၏ မျက်နှာ၊ ဦးခေါင်းအပါအဝင်
တစ်ကိုယ်လုံးတွင် သွေးများက

ပွက်ပွက်ဆူလာသည်ဟု ခံစားလိုက်ရသည်။
တတိယ တစ်တုံးက နှစ်ကျဖို့အတွက်
ဖြစ်သည်။ တစ်ယောက်၏ မျှော်လင့်ချက်က
ကြီးလေလေ၊ မရသည့်အခါ
ပို၍ခံစားရလေလေ ဖြစ်သည်။

ထာဝရအချိန် ကြာညောင်းသွားသည်ဟု
ခံစားလိုက်ရပြီးတွင်၊ တတိယ
အံစာတုံးလေးသည် ရပ်တန့်သွားခဲ့သည်။

နံပါတ်နှစ်!

စုစုပေါင်း ရမှတ် ငါးမှတ်သည် လင်းဖုန်းအား ဝိညာဥ်ဖန်ဆင်း တံဆိပ်တော်အား ပေးလိုက်သည်။ သူသည် စက်အတွင်းမှ စိတ်လှုပ်ရှားစွာနှင့် ထွက်လိုက်ကာ၊ သူ၏ လက်ဖဝါး အတွင်းမှ မီးခိုးရောင်ဖျော့ဖျော့ ကျောက်တုံးလေးအား ကြည့်လိုက်သည်။ လင်းဖုန်းသည် ပျော်ရွှင်စွာဖြင့် ပြုံးလိုက်၏။

"စက်ဝိုင်းကားချပ် စနစ်ကတောင် ငါလိုချင်တာကို မပေးနိုင်ဘူး၊ အံစာတုံး စနစ်က ပိုဆိုးတာပေါ့။ ဟားဟား! ဒီကနေ့ ငါကံကောင်းနေပါလား!" လင်းဖုန်းသည်

ကျောက်တုံးလေးအား မြတ်နိုးစွာဖြင့်
ကြည့်လိုက်ရင်း မှတ်ချက်ပြုလိုက်သည်။

သူသည် ပြောင်ချောနေသော မီးခိုးရောင်
ကျောက်တုံးလေး ဖြစ်သည်။ သူ့တွင်
အက်ကွဲကြောင်းများ၊ အစင်းရာများ၊
မပြည့်စုံခြင်းများ မရှိခဲ့ချေ။
လုံးဝစင်းလုံးချောနေသော ကျောက်တုံးလေး
ဖြစ်၏။ သူ၏ အတွင်းဘက်မှနေ၍
ခရမ်းရောင် အလင်းတန်းလေး
လင်းလက်နေ၏။

သွင်ပြင်သဏ္ဌာန် အရဆိုလျှင်၊ သူသည် သာမန်သာ ဖြစ်သည်။ အနားအနားမှ ကျောက်စရစ်ခဲများနှင့် အတူတူပင် ဖြစ်သည်။ သူ၏ စွမ်းအားနှင့် တည်ရှိနိုင်မှုတို့ကို ခံပင် မခံစားနိုင်ပေ။ တစ်ယောက်က ထိုကျောက်တုံးလေးသည် အနစ်နာခံ၍ ရယူရမည့် ဆုလာဘ်ဖြစ်သည်ကို လုံး၀ ခန့်မှန်းနိုင်မည် မဟုတ်ချေ။ ကမ္ဘာကြီးတစ်ခုလုံးမှ သိုင်းသမားများ အားလုံးက ဝိုင်းလုကြမည့် ပစ္စည်းလေး ဖြစ်မည်ဟု ယုံနိုင်စရာ မရှိပေ။

သို့သော်လည်း လင်းဖုန်း၏ အသိစိတ်သည် ကျောက်တုံးလေး၏ အတွင်းသို့ ဝင်ရောက်သွားသော အချိန်တွင်၊ သူ၏ ကြီးမားလှသော အသက်စွမ်းအင်နှင့် ဖိအားများအား ခံစားလိုက်ရသည်။ သူ၏အတွင်းတွင် ကိုယ်ပိုင်စကြာဝဠာကြီး တစ်ခုလုံး ရှိနေသကဲ့သို့ ဖြစ်သည်။

ဒါသည် သာမန် အသက်စွမ်းအင်မျိုး မဟုတ်ပေ။ သူ့တွင် စတင်ဖန်ဆင်းခြင်းနှင့် တူညီနေသည်။ စကြာဝဠာရှိ သက်ရှိများ အားလုံးအား အစမှနေ စတင်နိုင်သည့် စွမ်းရည်မျိုး ရှိနေသည်။

လင်းဖုန်းသည် ထိုကျောက်တုံးလေးအား ကိုင်ထားရင်း တွေးနေခဲ့သည်။
"ဒီကျောက်တုံးလေးကို အခုအချိန်မှာ မှော်ရတနာအဖြစ် အသက်မသွင်းနိုင်သေးတာ ဝမ်းနည်းစရာပဲ။ သူ့ရဲ့ အစွမ်းက ဘယ်လောက်အထိ ကြီးမလဲ ဆိုတာကို ဘယ်သူက သိမှာလဲ?"

မှော်ရတနာများအား ဖန်ဆင်းခြင်းသည် လွယ်ကူသော အလုပ်မျိုး မဟုတ်ပေ။ အင်မော်တယ် ဝိညာဥ် အဆင့်မှ သူများပင် အောင်မြင်မည်ဟု အာမမခံနိုင်ပေ။

မီးတောက်နဂါး

ကောင်းကင်ချပ်ဝတ်တန်ဆာကို ဖန်ဆင်းရခြင်းမှာ အလွန်နှံ့ကို ရှုပ်ထွေးလှ၏။ လင်းဖုန်းသည် အတော့်ကို ဉာဏ်ကွန့်မြူး၍ ဇူယန်မိစ္ဆာမျက်လုံး၊ သန့်စင်သော မှော်စွမ်းအင် အနက်ရောင် အကြေးခွံ၊ နဂါးအကြော၊ ရှေးဟောင်းနတ်နဂါး ကလန်ထံမှ အစပြုခဲ့သော ပစ္စည်းများနှင့် မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်တို့ကို ကြားခံပစ္စည်းအဖြစ် အသုံးပြုကာ၊ ပေါင်းစည်း သန့်စင်ခဲ့ရခြင်း ဖြစ်သည်။

သေချာပြောရမည်ဆိုလျှင် လင်းဖုန်းကသာ ဆန္ဒရှိမည်ဆိုပါက၊ သူသည် ထိုပစ္စည်းများကို ပြန်လည်ခွဲခြမ်း၍ သူတို့၏ မူလပုံစံကို ပြန်ပြောင်းနိုင်စွမ်း ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ ထိုချပ်ဝတ်တန်ဆာသည် မှော်ရတနာ အစစ်အမှန် မဟုတ်သေးပဲ၊ သူနှင့် စွမ်းအားအဆင့် တူညီသည် ပေါင်းစည်းခြင်းမျိုးကို သုတေသန အနေဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဝိညာဉ်ဖန်ဆင်း တံဆိပ်တော်သည် ကွဲပြားခြားနား၏။ လင်းဖုန်းသည် သူ့အား

အခြားပစ္စည်းများနှင့် ပေါင်းစပ်ကာ အိုင်တမ်အသစ် တစ်ခုအနေဖြင့် ပြုလုပ်နိုင်မည် မဟုတ်ချေ။

"အခုလောလောဆယ် အရင်သိမ်းထားရင် ကောင်းမယ်" လင်းဖုန်းက တွေးလိုက်ပြီး အနောက်ကို လှည့်ကြည့်လိုက်ရာ၊ ကျူးကော်ဖန်းလင်က ရှောင်ပုတန်လေးဆီသို့ ချဉ်းကပ်နေသည်ကို တွေ့လိုက်ရသည်။

"ချစ်ရစွာသော စီနီယာရှင့်၊ ကျွန်မရဲ့ ရွှေကြွက်လေးကို ပြန်ပေးပါလား?"

ရှောင်ပုတန်လေးသည် သူ့၏ မျက်စိများကို ကလယ်ကလယ် လုပ်လိုက်၏။ "ပထမ၊ ငါ့ကို စီနီယာလို့ မခေါ်ပါနဲ့၊ ငါကမင်းရဲ့ စီနီယာ မဟုတ်ဘူး။ ဒုတိယ၊ ဒီကြွက်လေးက ဆော့လို့ကောင်းတယ်၊ ဒါကြောင့် ငါ့ကို ရက်အနည်းငယ်လောက် ပေးငှားထားပါဦး။ ငါဆော့လို့ဝသွားရင် ပြန်ပေးမယ်"

ကျူးကော်ဖန်းလင်သည် သူမ၏ အံကို တင်းတင်းကြိတ်ထားလိုက်၏။ "စီနီယာ" ဟူသော စကားလုံးသည် သူက အသက်ပိုကြီးပြီး အတွေ့အကြုံ ပိုရှိသောကြောင့် ခေါ်ခြင်းမဟုတ်ပေ။

သူမသည် ယဉ်ကျေးမှုအရ ခေါ်ခြင်းဖြစ်ပြီး၊ ယခုအခြေအနေတွင် တောင်းဆိုသူမှ ပေးမည့်သူအား ရိုသေသည့် အနေဖြင့် ခေါ်ခြင်းဖြစ်သည်။

"ရဲဘော်လေး... ကျွန်မက ဒီရွှေရှာကြွက်လေးနဲ့ သွေးချင်း ဆက်စပ်နေပါတယ်၊ ကျွန်မတို့ရဲ့ အသက်တွေက နက်ရှိုင်းစွာနဲ့ ဆက်နွယ်နေပါတယ်" ကျူးကော်ဖန်းလင်က ဆက်ပြောလိုက်သည်။

"ငါသိတယ်။ ဒါပေမဲ့ ငါက စားမှာမှ
မဟုတ်တာ၊ မင်းက စိတ်ပူနေစရာ မလိုပါဘူး"
ရှောင်ပုတန်လေးက ပြန်ပြောလိုက်၏။

"သူ့ရဲ့ အရသာက ဘယ်လိုနေမလဲ မသိဘူး။
ဒါပေမဲ့ အရေခွံ ဆုတ်ပြီးလို့
အူတွေထုတ်လိုက်ပြီးရင်၊
ကျန်တဲ့အသားတွေက နှစ် ဒါမှမဟုတ်
သုံးဂရမ်လောက်ပဲ ကျန်တော့မှာ

ရှောင်ပုတန်လေး၏ စားကောင်းသောက်ဖွယ်
အနေနှင့် အကြည့်ခံလိုက်ရ၍၊
ရွှေရှာကြွက်လေးသည် ကိုယ်ကိုကျုံ့လိုက်ပြီး၊

သူ၏ နားရွက်သေးသေးလေးကို ကြောက်ရွံ့စွာနှင့် ကုတ်လိုက်ကာ ပြောလိုက်၏။ "ဟုတ်တယ်၊ ခင်ဗျားရဲ့ သွားကြားတောင် ညှပ်မှာ မဟုတ်ဘူး။ ပြီးတော့ ကျွန်တော်က အရသာ မကောင်းဘူး"

ရှောင်ပုတန်လေးသည် ကြွက်လေးအား အမြီးမှ ကိုင်မလိုက်ပြီး၊ "သူ့ဆီမှာက ပစ္စည်းကောင်းတွေကို ရှာဖွေနိုင်တဲ့ အစွမ်းသတ္တိ ရှိတယ်ဆိုတော့၊ ငါ့ကို ရက်ပေါင်း အနည်းငယ်လောက် ငှားလိုက်ပါဦး"

ကျူးကော်ဖန်းလင်သည် အသက်မပါ၍ သဘာဝ မကျသော အပြုံးတစ်ခုကို လုပ်၍ပြုံးလိုက်သည်။

"ဖန်းလင်၊ ခဏလောက်တော့ သည်းခံလိုက်ပါဦး" ရွှေရှာကြွက်လေးက ကျူးကော်ဖန်းလင်အား စိတ်ချင်းဆက်သွယ်၍ ပြောလိုက်သည်။

"ကောင်စုတ်လေး! အသားကောင်းလေး နည်းနည်းပါးပါး စားရတာနဲ့ နင်က သူ့ဘက်ပါသွားပြီလား?"

ကျူးကော်ဖန်းလင်က ဒေါသတကြီးနှင့် တုံ့ပြန်လိုက်သည်။

"မဟုတ်ဘူး! မဟုတ်ဘူး! နင်ကဘယ်လို ပြောလိုက်တာလဲ?" ကြွက်လေးက နောင်တရစွာနှင့် ပျာပျာသလဲ ပြန်ပြောလိုက်သည်။ သို့သော်လည်း လွန်ခဲ့သော ဆယ်ရက်အတွင်းတွင်၊ သူတို့အုပ်စုသည် စားကောင်းသောက်ဖွယ် များစွာတို့ကို ဝေမျှ၍ စားသောက်နိုင်ခဲ့ကြသည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်က ကြည့်ရတာ အရမ်းကို
ရက်ရောတယ်။ အထူးသဖြင့်
သူ့ရဲ့အနောက်ကို လိုက်တဲ့သူတွေကိုပေါ့"
ကြွက်လေးက ထပ်ပြောလိုက်၏။

"ရွှေရောင်ဗဟိုချက် အဆင့်က သူတွေက
အခြေတည်ဝိညာဉ် အဆင့်က ကာကွယ်မှုကို
ရတယ်၊ အခြေခံအုတ်မြစ် အဆင့်က
ရွှေရောင်ဗဟိုချက် အဆင့် အကာအကွယ်ကို
ရတယ်။ သူက သူ့ရဲ့ တပည့်ကြီးရဲ့
တန်ဖိုးကြီးတဲ့ အလောင်းအစားကိုတောင်

ကိုယ်တိုင်သွားပြီး ကူညီပေးခဲ့တယ်"
ကြွက်လေးက ပြောလိုက်သည်။

ကျူးကျော်ဖန်းလင်သည် ခေတ္တမျှ
ငြိမ်သက်သွားခဲ့သည်။ အခွင့်အရေးကို
အပိုင်အသုံးချကာ၊ ရွှေရှာကြွက်လေးက
ထပ်ပြောလိုက်သည်။ "အကျိုးကျေးဇူးတွေ
အများကြီးရနိုင်တယ်! စဥ်းစားကြည့်ပါဦး၊
ဒီဂိုဏ်းကို ဝင်လိုက်ရင် ဘာတွေများ
ရနိုင်မလဲလို့!"

"ပြီးတော့ ရှိသေးတယ်၊
တစ်ယောက်ယောက်က နင့်ကို လှည့်စားပြီး

ဒုက္ခပေးလို့ရှိရင်၊ နင်ကသူ့ကို ပြောလိုက်ရုံပဲ။ သူက ဖြေရှင်းပေးလိမ့်မယ်၊ နင်က ချေးတစ်စက်မှ ထွက်ဖို့တောင် မလိုဘူး။ ဘယ်လောက်ကောင်းလိုက်သလဲ!" ကြွက်လေးက ဆက်ပြောနေ၏။

ကျူးကော်ဖန်းလင်၏ မျက်လုံးအစုံမှာ အရောင်တောက်ပလာ၏။ ရွှေရှာကြွက်လေးသည် သူမ၏ စိတ်ထဲမှ ရှိနေသည်များကို သိလိုက်ခြင်းကြောင့်၊ ကိုယ်လိုရာကို ဆွဲပြောပြီးမှ သူမအား ဆွဲဆောင်နေခြင်း ဖြစ်သည်။

"ဒါပေမဲ့" ကြွက်လေးက ပြောလိုက်သည်။

"နင်က သေချာ ဆုပ်ကိုင်ထားရမယ်။ နင်က တပည့်နေရာကို မရသေးတော့၊ အခြေအနေ အပေါ်မှာ မူတည်ပြီးမှ ကြည့်ပြီး လှုပ်ရှားရမယ်"

ကျူးကော်ဖန်းလင်က ပြန်ဖြေလိုက်သည်။ "ဟုတ်ပြီလေ၊ နင်ကသူနဲ့ အချိန်ခဏလောက် နေလိုက်ဦးပေါ့"

"ငါတို့က မရှုံးဘူးဆိုရင်၊ သူများရဲ့နောက်လိုက် လုပ်ရလည်း ဘာဖြစ်လဲ?"

ကျူးကော်ဖန်းလင်၏ သဘောထားမှာ လုံးဝ ပြောင်းလဲသွားခဲ့သည်။ "ဘာမှမဖြစ်ပါဘူး၊ ငါတို့က အမြတ်ရရင် ပြီးတာပဲ။ ပြီးတော့ နောက်ထပ်တိုးတက်ဖို့ အခွင့်အလမ်းတွေလည်း ရှိသေးတယ်"

ရွှေရှာကြွက်လေးက တိတ်တဆိတ် ပြုံးလိုက်သည်။

ကျူးကော်ဖန်းလင်၏ ရုတ်တရက် တိတ်ဆိတ်သွားမှုနှင့် တည်ငြိမ်သွားသော အမူအရာတို့ကြောင့်၊ လင်းဖုန်းက

စိတ်ဝင်စားသွားခဲ့သည်။ သို့သော်လည်း သူက အမှုမထားခဲ့ချေ၊ ရှောင်ပုတန်လေးနှင့် ထိန်းခိုင်းထားလိုက်မည် ဆိုပါက၊ သူမသည် ဘာပြဿနာမှ ရှာနိုင်မည် မဟုတ်ပေ။

လင်းဖုန်း၏ အာရုံတို့သည် ယွဲ့ဟုန်ယန်ဆီသို့ ရောက်သွားခဲ့၏။ "မိုးနတ်မင်းကြီးက ငါတို့ဘက်မှာ ရှိနေတာပဲ။ ဒါပေမဲ့မင်းက ဘယ်လိုလုပ် အစီစီ ငရဲမုန်တိုင်းကို အောင်နိုင်အောင် လုပ်မလဲ?"

## စာစဥ် ၁၅ : အပိုင်း ၁၈

# အပိုင်း ၂၆၈ : လက်ကောက်နှင့် နံ့ကောင်

သူသည် ကံစမ်းမဲနှိုက်၍ ပြီးသည်နှင့်
လင်းဖုန်းသည် သူလျှစ်လျှူရှုထားသော
အရာများ အပေါ်တွင်
အာရုံပြန်စိုက်လိုက်သည်။

အစပထမတွင် အဝီစိ ငရဲမုန်တိုင်းအား
ယူဆောင်လာနိုင်သူမှာ ယွဲ့ဟုန်ယန်ဟု
ကြားလိုက်သော်လည်း၊ သူသည်
ရှည်ရှည်ဝေးဝေး သိပ်မတွေးခဲ့ချေ။
ဘာပဲပြောပြော ကံတရားသည် သူ့မဘက်တွင်
ရှိနေသည် မဟုတ်ပါလော။

သို့သော်လည်း နောက်ထပ် အနည်းငယ် သုံးသပ်ဝေဖန်လိုက် အပြီးတွင်၊ တစ်စုံတစ်ခုက မှားနေသည်ဟု ခံစားလိုက်ရသည်။

ရှောင်ပုတန်လေး၏ အကူအညီနှင့်ပင်လျှင်၊ အခြေခံအုတ်မြစ် အဆင့်မှာသာ ရှိနေသေးသော ယွဲ့ဟုန်ယန်သည် အဝီစိငရဲမုန်တိုင်းအား အောင်နိုင်ခဲ့သည်မှာ ယုတ္တိသိပ်မရှိချေ။ မေးခွန်းကား သူမသည် မည်ကဲ့သို့ သူ့ကို ယှူပြန်လာနိုင်ခဲ့သနည်း ဟူ၍ဖြစ်သည်။

ရှောင်ပုတန်လေး၏ ပြောပုံအရဆိုလျှင်၊
ထိုမုန်တိုင်းကို ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေး၏ အတွင်းတွင်
ထည့်သွင်းလာခြင်း မဟုတ်ပဲ၊ ယွဲ့ဟုန်ယန်က
သယ်ဆောင်လာခြင်း ဖြစ်သည်။

ယခင်က ခွန်းလွန်တောင်တွင်
လေနတ်ဘုရားဂိုဏ်းမှ ကောင်းဖန်သည်၊
မဟာလမင်း အကြွင်းမဲ့ရေအား အောင်နိုင်ရန်
ကြိုးစားရာတွင်၊ သူ၏ ကိုယ်ပိုင်စွမ်းအားဖြင့်
မတတ်နိုင်ခဲ့ပဲ ပြည်သူလူထုတို့၏ မဟာမီးဖို
နည်းစနစ်၏ စွမ်းအားကို ငှားသုံး၍

ကြိုးစားခဲ့ရ၏။ သို့ရာတွင် ခြေတစ်လှမ်း မှားလိုက်သည်နှင့် ဒုက္ခကောင်းကောင်း ရောက်သွားခဲ့သည်။

နောက်ပိုင်းတွင် ယန်ချင်က သူ့အား အောင်နိုင်ခဲ့သော်လည်း၊ သူ့အား လွယ်ကူစေရန် ဆောင်ရွက်ပေးခဲ့သော ကောင်းဖန်အား ကျေးဇူးတင်ရမည် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် ကောင်းဖန်ထက် ပို၍ တိုးတက်လာခြင်းကို ထည့်တွက်ခဲ့လျှင်ပင်၊ အမှန်တကယ်မှာ အဝိစိ ငရဲမုန်တိုင်းသည် မဟာလမင်း အကြွင်းမဲ့ရေထက်

အဆပေါင်းများစွာ ပို၍ ခက်ထန်ကြမ်းတမ်းပေသည်။ လင်းဖုန်းသည် ယွဲ့ဟုန်ယန်က မယုံနိုင်လောက်အောင် ခက်ခဲသော တာဝန်ကို၊ မည်ကဲ့သို့ အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို စဉ်းစား၍မရ ဖြစ်နေခဲ့၏။

ယွဲ့ဟုန်ယန်သည် လင်းဖုန်း၏ နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းမေးမြန်းခြင်းတို့ကို ပြန်မဖြေခဲ့ပဲ၊ သူ့အား ကြက်သွေးရောင် လက်ကောက်တစ်ခုကိုသာ ပေးလိုက်သည်။

သူသည် အနည်းငယ်
စစ်ဆေးကြည့်လိုက်ပြီးနောက်တွင်၊ သူ၏
စိတ်ဝိညာဉ် စွမ်းအင်များဖြင့်
စမ်းသပ်ကြည့်လိုက်သည်။
လက်ကောက်အတွင်းမှ အဝီစိ ငရဲမုန်တိုင်း
အမြောက်အမြားတို့သည်၊ သူ့အား
အံ့အားသင့်စေခဲ့သည်!

နောက်ထပ်ပို၍ စူးစမ်းကြည့်လိုက်သောအခါ၊
လင်းဖုန်းက ယခုလက်ကောက်သည်
မှော်အိုင်တမ်၊ မှော်ရတနာတို့ မဟုတ်ပဲ၊
မည်သည့် ထူးခြားသည့် စွမ်းအားများကို
မပိုင်ဆိုင်ထားခဲ့သည်ကို တွေ့လိုက်ရသည်။

အဝီစိ ငရဲမုန်တိုင်းကို ထိန်းသိမ်းနိုင်သော စွမ်းအင်တို့မှာ၊ ထိုလက်ကောက်လေးကို ပြုလုပ်ထားသည့် ပစ္စည်း၏ ဂုဏ်သတ္တိ အပေါ်တွင်သာ မူတည်နေ၏။

ရှောင်ပုတန်လေးက ရုတ်တရက် ကြားဖြတ်ဝင်ပြောလိုက်သည်။ "စီနီယာရဲ့ လက်ကောက်က အစတုံးက ကြည်လင်ချောမွေ့နေပြီး အဖြူရောင် ဖြစ်တယ်ဗျ။ သူမက အဝီစိ ငရဲမုန်တိုင်းကို အောင်နိုင်ပြီး ထည့်သွင်းလိုက်မှသာ အပန်းရောင် ပြောင်းသွားခဲ့တာ"

ဤအချိန်တွင် လင်းဖုန်းသည် ကုန်သွယ်မှု စနစ်ထဲတွင်၊ တူညီသော ကျောက်တုံးတစ်တုံးကို မြင်ဖူးကြောင်း ပြန်လည် အမှတ်ရလိုက်သည်။ ဒါသည် ဗလာကျောက်စိမ်း ဖြစ်၏။

ဗလာကျောက်စိမ်း၏ ဂုဏ်သတ္တိမှာ သူ့တွင် အဆုံးမဲ့ အကျယ်အဝန်း ရှိပြီး၊ သူ့အတွင်းတွင် သိုလှောင်ထားသော အရာတို့မှာ သူ့ဘာသာသူ မလွတ်မြောက်နိုင်ခြင်း ဖြစ်သည်။

သို့သော်လည်း အပြင်ပန်းတွင်၊
ထိုလက်ကောက်လေးသည် ကျိုးပဲ့လွယ်သော
ပစ္စည်းလေးနှင့်တူကာ၊ ပြုတ်ကျလိုက်လျှင်
ကွဲသွားမည့်ပုံ ပေါက်နေ၏။

အခြားစကားလုံးဖြင့် ပြောရသော်၊
ယွဲ့ဟုန်ယန်သည် အဝီစိ ငရဲမုန်တိုင်းကို
ပြင်ပမှနေ၍ လက်ကောက်အတွင်းသို့
ထည့်သွင်းရန် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ရှောင်ပုတန်လေးသည်
သူ၏တာဝန်ကို ကျေပွန်အောင်
ထမ်းဆောင်ခဲ့လျှင်၊ သူမသည်

မလှုပ်ရှားနိုင်တော့သော အဝီစိ ငရဲမုန်တိုင်းကို လက်ကောက်အတွင်းသို့ထည့်ကာ ချိတ်ပိတ်ထားနိုင်ခဲ့ပေမည်။

ထိုလက်ကောက်သည် တောက်တီ၏ ဝါးမျိုခြင်း မှော်အတတ်ကဲ့သို့ ပစ္စည်းများကို ကိုယ့်ဘာသာကိုယ် ဝါးမျိုနိုင်စွမ်း မရှိချေ။ သူသည် တခြားတစ်ယောက်၏ အကူအညီကို လိုအပ်သည်။ အခြားစကားလုံးဖြင့် ပြောရသော်၊ တတိယလူသည် မလှုပ်ရှားနိုင်သော ပစ္စည်းများကို လက်ကောက်လေး အတွင်းသို့ ထည့်သွင်း၍ ချိတ်ပိတ်ပေးရမည် ဖြစ်သည်။ အတွင်းသို့

ရောက်သွားသော ပစ္စည်းများသည်
ထိုအချိန်မှသာ အတွင်းသို့ စုပ်ယူခြင်းကို
ခံလိုက်ရမည် ဖြစ်သည်။

ထို့အပြင် ထိုလက်ကောက်တွင် သူ၏ကိုယ်ပိုင်
ကန့်သတ်ချက်များလည်း ရှိသည်။

သူသည် သက်ရှိများကို မထည့်သွင်းနိုင်ပေ။
သို့သော်လည်း သူသည် ပြည့်စုံသော
သိုလှောင်အိတ် တစ်ခုသဖွယ် ဖြစ်နေ၏။
ကျယ်ဝန်း၍ လုံခြုံမှု ရှိသည်။

သူ၏ တစ်ခုတည်းသော အားနည်းချက်မှာ
အလွန်အမင်း ရှားပါးခြင်းဖြစ်သည်။
လက်သည်းအရွယ် ရှိသော
ဗလာကျောက်စိမ်းကိုပင် အလွန်ရှားလှပြီဟု
သတ်မှတ်ရမည် ဖြစ်သည်။
လက်ကောက်အရွယ် ရှိသော
ဗလာကျောက်စိမ်းမှာ၊ အလေးချိန်
အတူတူဖြစ်သော ရွှေထက်ပင်
တန်ဖိုးကြီးမားပေမည်။

ထိုကဲ့သို့သော လက်ကောက်ကို
ပိုင်ဆိုင်ထားသော်လည်း၊ ယွဲ့ဟုန်ယန်သည်
စိတ်ခတ်တက်ကြွနေပုံ မပေါက်ချေ။ သူမ၏

အနီရောင် မျက်လုံးတို့သည် ဒေါသ၊ အမုန်းတရား၊ ဆုံးရှုံးမှု စသော ခံစားချက် မျိုးစုံတို့နှင့် ရှုပ်ထွေးနေ၏။

"ဒီခံစားချက်တွေဟာ သူမရဲ့ စီနီယာကို ဦးတည်နေတာ မဟုတ်ဘူး။ ကြည့်ရတာ သူမက ဒီလက်ကောက်ကို ကျန်းလေဆီက ရလာတာပဲ ဖြစ်ရမယ်" လင်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူမ၏ ရင်ထဲတွင် အမုန်းတရား၊ အမျက်ဒေါသတို့နှင့် ပြည့်နှက်နေသော်လည်း၊

ကျန်းလေအတွက်သာ သီးသန့်နေရာဖြင့်
ထားထားခြင်း ဖြစ်သည်။

သို့မဟုတ် သူတို့နှစ်ယောက်၏ ယခင်က
ရှိခဲ့သော ဆက်ဆံရေးများကြောင့်၊
ယခုအချိန်တွင် သူမအား ယခုကဲ့သို့
ခံစားချက်မျိုးစုံ ရရှိစေခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

လင်းဖုန်းသည် သာမန်သာ ပြောလိုက်သည်။
"ဒီလက်ကောက်ကို ပြုလုပ်ထားတဲ့
ပစ္စည်းဟာ အမတန် ရှားပါးပြီး ထူးခြားတယ်။
သူက ဗလာကျောက်စိမ်းဖြစ်ပြီး အထဲမှာ
အိုင်တမ်အမျိုးမျိုးကို သိမ်းဆည်းနိုင်တယ်။

ဟုန်ရန်၊ မင်းဉာဏ်ရှိသလို
စိတ်ကြိုက်အသုံးပြုနိုင်တယ်"

ယွဲ့ဟုန်ယန်သည် တုန်လှုပ်သွားခဲ့သည်။
လင်းဖုန်းက သူမအား ပြောလိုသည့်
ရည်ရွယ်ချက်မှာ၊ ပစ္စည်းသက်သက်က
ကိုယ်ပိုင်ခံစားချက် မရှိပေ။ သူမ ခံစားရခြင်း၊
သို့မဟုတ် မည်သို့ခံစားမည်ကို
ဆုံးဖြတ်ခြင်းတို့သည်၊ သူမ၏ ထိန်းချုပ်မှု
အပေါ်တွင်သာ မူတည်နေပေသည်။

သူမသည် နှုတ်ခမ်းတို့ကို ကိုက်လိုက်ကာ၊
အတွေးများဖြင့် ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်းသည် သူမအား ထွင်းဖောက်၍
မြင်နိုင်ရန် အကြည့်တစ်ချက်သာ လိုခဲ့သည်။
သို့သော်လည်း ထိုကဲ့သိုသော အရာများသည်
အားသုံး၍ လုပ်လို့မရပေ။
သူမလိုအပ်နေသည်မှာ သူမကိုယ့်ကိုယ်နှင့်
အဝီစိ ငရဲမုန်တိုင်းကို
မထိန်းချုပ်နိုင်သေးခင်အထိ၊ အချိန်နှင့်အမျှ
ဘေးမှနေ၍ လိုအပ်သလို လမ်းညွှန်မှု
အဆက်မပြတ် ပေးနေရန်ဖြစ်သည်။

ဖြည်းဖြည်းချင်း ယွဲ့ဟုန်ယန်သည် သူမ၏
ရင်တွင်းမှ ငြိမ်းချမ်းမှုကို ရရှိလာခဲ့သည်။

ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့ အပါအဝင်၊ အကုန်လုံးက သူ့နေရာသူ ပြန်သွားသောအခါ၊ ယွဲ့ဟုန်ယန်သည်လည်း ဆေးတောင်ကြား ရှိရာနေရာသို့ သွားခဲ့သည်။

လင်းဖုန်းသည် သူ့နေရာတွင်သာ ရပ်နေခဲ့သော်လည်း၊ သူ၏ အသိစိတ်တို့မှာ ဆေးတောင်ကြား၏ အဝတွင် ရပ်နေခဲ့သည့် ယွဲ့ဟုန်ယန် အနောက်သို့ လိုက်သွားခဲ့သည်။ သူမ၏ အာရုံတို့မှာ ဆေးပင်တို့ကို ဂရုတစိုက် ပြုစုနေသည့် ယန်ချင်အပေါ်သို့ ကျရောက်သွားခဲ့သည်။

ယွဲ့ဟုန်ယန်၏ အမူအယာတို့မှာ ပျော့ပျောင်းသွားခဲ့သည်။ သူမ၏ မျက်လုံးအစုံတို့တွင် အပြစ်ရှိသကဲ့သို့ အရိပ်အရောင်များ ပေါ်လာခဲ့သည်။

ထိုမြင်ကွင်းကို ကြည့်လိုက်ပြီး၊ လင်းဖုန်းသည် ယွဲ့ဟုန်ယန်အား သေချာစွာ သတိပေးလိုက်သည်။ "ဘာမှ မသေချာသေးပဲနဲ့ ယန်ချင်ကို ဘာမှမပြောသေးနဲ့။ ကိုယ့်ကိုယ်ကိုယ်လဲ ဖိအားတွေ မများကြီး မပေးနဲ့"

လင်းဖုန်းက တိမ်တိုက်ရေပြင်ဂူမှ
အဖြစ်အပျက်သည် ကျန်းလေ၏
လက်ချက်ပင် ဖြစ်မည်ဟု ယုံကြည်ချက်
ရှိသော်လည်း၊ သူသည် ကျန်သောသူများကို
မလိုအပ်ပဲ ကောက်ချက်မချစေလိုပေ။

ယွဲ့ဟုန်ယန်သည် သက်ပြင်းချလိုက်ပြီး၊
သူမ၏ခေါင်းကို တိတ်ဆိတ်စွာဖြင့်
ညိတ်လိုက်သည်။

ဒီအချိန်မှပင် ဆေးပင်များကို
အာရုံစိုက်နေသော ယန်ချင်သည်၊

တစ်စုံတစ်ယောက် ရောက်နေမှန်းကို အာရုံခံမိလိုက်၍ လှည့်ကြည့်လိုက်သည်။

"စီနီယာ၊ ပြန်လာပြီလား?"

"ဟုတ်တယ်၊ အခုလေးတင်ပဲ ရောက်တယ်" ယွဲ့ဟုန်ယန်က ပြန်ဖြေလိုက်၏။

"ဆရာက စီနီယာက အဝီစိ ငရဲမုန်တိုင်းကို ရှာဖို့ထွက်သွားတယ်လို့ ပြောတယ်။ အခြေအနေက ဘယ်လိုလဲ?" ယန်ချင်က စပ်စုစွာဖြင့် မေးလိုက်သည်။

ယွဲ့ဟုန်ယန်က ပြုံးလိုက်ကာ ပြန်ဖြေလိုက်၏။
"မိုးနတ်မင်းကြီးက မစတဲ့အတွက်၊
နည်းနည်းပါးပါးတော့ ယူပြန်လာနိုင်ခဲ့တယ်"

"ဒါဆိုရင် ကောင်းတာပေါ့၊ မဟုတ်ဘူးလား?"
ယန်ချင်က ပျော်ရွှင်စွာဖြင့် ပြောလိုက်သည်။

သူ၏အပြုံးကို မြင်လိုက်ရသဖြင့်။
ယွဲ့ဟုန်ယန်သည် အနည်းငယ် မသက်မသာ
ဖြစ်သွားခဲ့ကာ၊ သူမ၏ ခေါင်းကို ဘယ်ဘက်သို့
အနည်းငယ် လှည့်လိုက်၍ သူ၏အကြည့်ကို
ရှောင်ရှားလိုက်သည်။ သူ၏ခြေထောက်
ဘယ်ဘက်တွင် လက်ဖြင့်လုပ်ထားသော၊

အသက်ဝင်လှသည့် နံ့ကောင်နှစ်ကောင်
ချထားသည်ကို တွေ့လိုက်ရ၏။

"နင်က ဒီလိုမျိုး ကလေးကလား
အလုပ်တွေကိုလည်း လုပ်တာပဲလား?"
ယွဲ့ဟုန်ယန်က စနောက်လိုက်သည်။

ယန်ချင်၏ မျက်နှာမှာ အနည်းငယ်
နီရဲနေခဲ့ပြီး ပြန်ဖြေလိုက်သည်။
"အပျော်သဘောနဲ့ပါဟာ"

သူ၏နီရဲနေသော မျက်နှာကို ကြည့်လိုက်ကာ၊ ယွဲ့ဟုန်ယန်က ဆက်မမေးတော့ရန် ဆုံးဖြတ်လိုက်၏။

"ငါ့ရဲ့ ဂျူနီယာလေးက ဒီလိုမျိုးတွေကို ကြိုက်တယ်။ အား၊ အဲ့ဒီအချိန်တုံးက ငါက တိမ်တိုက်ရေပြင် ဂူမှာပဲ ရှိသေးတာပေါ့" ယန်ချင်က နှံကောင်များကို ကုန်းကောက်လိုက်ရင်း၊ သာမန်သာ ပြောလိုက်၏။

ယန်ချင်သည် မြေပြင်ပေါ်တွင် ထိုင်လိုက်ကာ၊ တိမ်တိုက်ရေပြင်ဂူ ရှိရာဘက်ကို

ကြည့်လိုက်သည်။ "အဲ့ဒီအချိန်တုံးက ငါ့ရဲ့ တိုက်ခိုက်နိုင်မှု စွမ်းအားတွေက တော်တော်လေးကို အားနည်းတယ်။ ဒါကြောင့် လူတော်တော်များများရဲ့ အနိုင်ကျင့်မှုကို မကြာခဏ ခံရလေ့ရှိတယ်။ ငါ့ကို ခင်တဲ့သူဆိုလို့ ဒီဂျူနီယာလေးပဲ ရှိတာ၊ ပြီးတော့ သူမက ကျန်တဲ့သူတွေကို ငါ့အတွက် ပြန်ချပေးတယ်"

"သူမက ငါ့ကို ဘယ်လိုတိုက်ခိုက်ရမလဲ ဆိုတာကို သင်ပေးတယ်။ ပြီးတော့ ငါတို့က မလေ့ကျင့်ကြတဲ့ အချိန်တွေဆိုရင်၊ မြေကြီးပေါ်မှာ ထိုင်ပြီးမှ သစ်ရွက်တွေကို

ခေါက်ပြီး ဒီလိုမျိုး အရုပ်တွေ လုပ်လေ့ရှိတယ်။ ငါတို့က ဒီလိုပဲ တိတ်တိတ်လေး ထိုင်နေပြီး၊ တစ်ယောက်ကိုတစ်ယောက် အားပေးကြတယ်" ယန်ချင်က အတိတ်ကို ပြန်ပြောင်းတွေးတော အမှတ်ရနေခဲ့သည်။

ယွဲ့ဟုန်ယန်သည် ယန်ချင်အား ကြည့်လိုက်ကာ၊ သူမ၏ ကိုယ်ပိုင်အတိတ်ကိုလည်း သတိရလိုက်သည်။ သူမ၏ အမူအယာတို့မှာ ပို၍ နူးညံ့လာခဲ့ကာ သိမ်မွေ့သော အပြုံးတစ်ခုကို ပြုံးလိုက်သည်။

သို့သော်လည်း တစ်ခဏလေး အတွင်းမှာပင် စိတ်အေးချမ်းမှုသည် ပျောက်ကွယ်သွားကာ၊ ဖုံးကွယ်ထားသော နောင်တတို့ ပြန်ပေါ်လာခဲ့၍၊ သူမ၏ အမူအရာများသည် ပြန်ပြောင်းသွားခဲ့သည်။

"သူ.. သူမ" ယွဲ့ဟုန်ယန်က ထစ်ငေါ့ထစ်ငေါ့ ဖြစ်နေခဲ့သည်။

ယန်ချင်သည် သူ၏ခေါင်းကို ခါလိုက်ကာ ဖြေလိုက်သည်။ "ဂူက ပြာပုံအဖြစ်ကို ပြောင်းသွားခဲ့ပြီ။ ငါက အလောင်းတွေကို ကောက်ဖို့သွားတော့၊ အများစုက

ရုပ်မပေါ်တော့ဘူး။ ငါ့ရဲ့ မိတ်ဆွေတွေ အားလုံးက သေသွားခဲ့ပြီ"

"ရယ်စရာ ကောင်းတာက ငါဟာ လူတိုင်းအတွက် ကမ္ပည်းကျောက်တိုင်တွေကို ရေးထိုးထားပေးခဲ့တာပဲ။ တချို့ ကျောက်တိုင်တွေရဲ့ အောက်မှာတော့၊ မြေအလွတ်ပဲ ရှိတယ်။ ငါက သူတို့ရဲ့ ခန္ဓာကိုယ်တွေကို ရှာလို့မတွေ့ခဲ့ဘူး။ တစ်ယောက်ယောက်ကများ အသက်ရှင်ရက်နဲ့ လွတ်မြောက်သွားခဲ့ရင်၊ သူတို့ရဲ့ အုတ်ဂူတွေကို တွေ့လိုက်တဲ့အခါ လန့်ပြီးတော့ ထခုန်မလား မသိဘူး။ သူတို့က

ငါ့ကိုတောင် ရိုက်ချင်စိတ်တွေ ပေါ်လာကြမယ်ထင်တယ်။ ရိုက်မယ်ဆိုရင်လည်း ငါက ကိစ္စမရှိပါဘူး..."

ယန်ချင်က တိုးတိုးလေး ပြောလိုက်သည်။
"သူမတစ်ယောက်တည်း အတွက်သာ ငါက ကမ္ဘည်းကျောက်တိုင် မရေးထိုးခဲ့ဘူး။ ငြင်းဆိုတယ်လို့ ပြောချင်ရင်လည်း ပြောပါ။ ငါကသူမ လွတ်မြောက်သွားပါစေလို့ပဲ ဆုတောင်းနေမိတယ်"

လင်းဖုန်း၏ အသိစိတ်သည် အနီးအနားတွင် လမ်းသလားနေကာ၊ သူတို့၏ စကားဝိုင်းကို

စူးစိုက်စွာ နားထောင်နေခဲ့သည်။ သူ၏ ယားကျိကျိ ခံစားချက်မျိုးကို ခံစားလိုက်ရသည်။ "ယန်ချင်က တစ်မူထူးခြားတယ်လို့ ငါက အမြဲတမ်း ခံစားနေရတာ၊ ကြည့်ရတာ ငါရဲ့ ထင်ကြေးက မှန်နေတယ်နဲ့ တူတယ်"

"ဒါဆိုရင် ဒီတာဝါက ဘာအတွက်လဲ?"

ယခုအချိန်တွင် လင်းဖုန်း၏ အသိစိတ်သည် ယုကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်

တိမ်တိုက်တို့နှင့် မှုခြေတစ်ခုကို ရောက်နေခဲ့ပြီး ဖြစ်သည်။ သူသည် တိတ်ဆိတ်စွာဖြင့် ယန်ချင်၏ ခန္ဓာကိုယ်အား အကဲခတ်နေခဲ့သည်။

စက္ကန့်ဝက်မျှ အကြာတွင် လင်းဖုန်းက သဘောပေါက်သွားခဲ့သည်။ "လက်စသတ်တော့ သူ့ရဲ့ အရိုးအရင်းမြစ် ကိုးမှတ်က ဒီကလာတာကိုး။ တော်တော်လေး နက်နက်ရှိုင်းရှိုင်းကို ပုန်းကွယ်နိုင်တယ်လို့ ပြောရမှာပဲ"

လင်းဖုန်းသည် ယန်ချင်၏ စိတ်စွမ်းအားသည် ငါးမှတ်သာ ရှိသည်ကို စဥ်းစားလိုက်သည်။
"သံကို ပုံသွင်းမယ်ဆိုရင်၊ ပူလာဖို့ကို အရင်စောင့်ရဦးမယ်"

"ဟင်?"

လင်းဖုန်း၏ အသံလွှင့်ကျောက်တုံး တစ်ခုသည် စတင်၍ လှုပ်ရှားလာခဲ့သည်။ တစ်စုံတစ်ယောက်က သူ့အား ဆက်သွယ်ရန် ကြိုးစားနေခဲ့သည်။

သူသည် ကျောက်တုံးကို ထုတ်ယူလိုက်ရာ၊ ကောင်းကင်ကုန်သည်များ ဂေဟာက စွန်းဖူး၏ အသံကို ကြားလိုက်ရ၏။ "မာစတာလင်း၊ အနှောက်အယှက်ပေးရတာ အားနာပါတယ်"

"ကိစ္စမရှိပါဘူးဗျာ၊ အကြောင်းရင်းက ဘာများလဲ?" လင်းဖုန်းက ဖော်ရွေစွာနှင့် ပြောလိုက်သည်။

"ချင်အင်ပါယာက လူတွေက မာစတာလင်းနဲ့ တပည့်တွေကို၊ ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေးကို ခေါ်သွားဖို့အတွက် ရှကျိုးကို ရောက်လာခဲ့တယ်။ သူတို့က ခင်ဗျားကို

ရှာမတွေ့တော့၊ ကျုပ်ကိုရှာပြီး အကူအညီတောင်းလို့ပါ" စွန်းဖူက ပြန်ဖြေလိုက်၏။

"ကျုပ်ရဲ့ ကျူးကျော်ဝင်ရောက်မှုကို ခွင့်လွှတ်ပါ"

## စာစဉ် ၁၅ : အပိုင်း ၁၉

## အပိုင်း ၂၆၉ : ထူးဆန်းသော ဖိတ်စာစာရင်း

"ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး?"

လင်းဖုန်းက သူ၏ခေါင်းကို မော့လိုက်သည်။
တန်ရင်ကျဲက ရှင်းယွင်တောင်ထိပ်ပေါ်သို့
သတင်းယူဆောင် လာခဲ့သည်မှာ
ရက်ပေါင်းနှစ်ဆယ်ကျော် ရှိပြီဖြစ်သည်။
သူသည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာက
တစ်လအကြာတွင်
စတင်ဖွင့်လှစ်မည်ဟုလည်း
ပြောသွားသေးသည်။

ရက်များသည် လျှင်မြန်စွာနှင့်
ကုန်ဆုံးလွန်မြောက်သွားခဲ့သည်။

ဒါသည် လင်းဖုန်း၏ တပည့်များ တောက်ပလာဖို့ ကောင်းမွန်သော အခွင့်အရေး တစ်ရပ်ဖြစ်သည်။

"မစ္စတာစွန်းကို ဒုက္ခပေးမိသလို ဖြစ်နေခဲ့ပြီ" လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ သူ၏ ဝတ်ရုံအား ဝှေ့ယမ်းလိုက်၍၊ ခရမ်းရောင် မြူခိုးငွေ့များအား ထုတ်လွှတ်လိုက်၏။ ထိုမြူခိုးငွေ့များသည် လေပေါ်သို့ ထိုးဖောက်သွားခဲ့ကာ ရှကျိုးသို့ ရောက်သွားခဲ့၍၊ မြေပြင်ပေါ်မှ ကျောက်ခင်းလမ်းအတိုင်း ဖြစ်သွားခဲ့သည်။

စွန်းဖူသည် ရုတ်တရက် လေပေါ်မှ အက်ကွဲကြောင်း တစ်ခုအတွင်းမှ ထွက်လာခဲ့သည်။ သူသည် ခရမ်းရောင် မြူခိုးငွေ့များကို မျက်နှာမူလိုက်ကာ ဦးညွှတ်လိုက်သည်။ "ကျွန်တော့်တို့ကို ဝင်ခွင့်ပြုပါ၊ မာစတာလင်း"

စွန်းဖူ၏ဘေးတွင် စွန်းဖူက မှော်စွမ်းအင်ဖြင့် လေပေါ်တွင် ခေါ်ထားသော သက်လတ်ပိုင်း လူကြီးတစ်ယောက်လည်း ရှိနေသည်။ သူသည်လည်း တစ်ချက်ဦးညွှတ်လိုက်ကာ၊ သူတို့နှစ်ယောက်သည် ခရမ်းရောင် မြူခိုးငွေ့ လမ်းကြောင်းအတိုင်း လျှောက်လာကြ၏။

ခြေတစ်လှမ်းမှပင် မလှမ်းရသေးပဲ ခရမ်းရောင် မြူခိုးငွေ့များသည် သူတို့အား ယုကျင်းတောင်သို့ သယ်ယူပို့ဆောင်ပေးလိုက်ကြသည်။ သက်လတ်ပိုင်း လူကြီးက မြင်ကွင်းအတွင်းသို့ ရောက်လာသောအခါ၊ လင်းဖုန်းက သူ့အား တစ်ချက်ကြည့်လိုက်သည်။ "သူပဲ ဖြစ်ရမယ်?"

ထိုသူသည် ရင်းနှီးကျွမ်းဝင်ပြီးသာသူ ဖြစ်၏။ မတွေ့ရတာ အချိန်အကြာကြီးရှိပြီ ဖြစ်သော်လည်း၊ လင်းဖုန်းက သူ့အား

မှတ်မိနေသေးသည်။ ထိုအချိန်က သူသည် အခြေခံအုတ်မြစ် အဆင့်ကိုပင် မရောက်သေးပဲ၊ သူ၏မစ်ရှင်အရ ရှေးဟောင်းကမ္ဘာ စိမ့်မြေအတွင်းသို့ ရောက်နေချိန်ဖြစ်သည်။

ထိုအချိန်သည် လင်းဖုန်းက ခန်းနန်ဟွာ၊ ယွဲ့ဟုန်ယန်နှင့် သူ၏အရှေ့က ရပ်နေသောသူ၊ ရှန်းဝူစစ်တပ်မှ ကပ္ပတိန်ဟောင်း တောက်ဇီချွမ်ကို ပထမဆုံး စတင်တွေ့ခဲ့သော အချိန်ဖြစ်သည်။

ထိုအချိန်က လင်းဖုန်းသည် ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါဖြင့်၊ မဟာကျိုး အင်ပါယာမှ ရှန်းဝူစစ်တပ် တပ်ရင်းတစ်ခုလုံးအား မြေမြှုပ်လိုက်ခြင်း ဖြစ်သည်။ တောက်ဇီချွမ်သည် ကံကောင်းစွာဖြင့် လင်းဖုန်း၏ ဖမ်းဆီးခြင်း ခံထားရသဖြင့် လွတ်မြောက်ခဲ့ရသည်။ နောက်ပိုင်းတွင် သူသည် စစ်တပ်အတွင်းသို့ မပြန်တော့ပဲ၊ မဟာချင် အင်ပါယာသို့ သွားရောက် ပူးပေါင်းခဲ့ခြင်း ဖြစ်သည်။

တောက်ဇီချွမ်သည်လည်း တူညီစွာပင် အံ့ဩမှင်သက် နေမိသည်။ သူသည်

လွန်ခဲ့သော အချိန်များ အတွင်းက
တွေ့ခဲ့သော လူငယ်လေးသည်၊
ယခုအချိန်တွင် အလွန်စွမ်းအားကြီးသောသူ
ဖြစ်နေလိမ့်မည်ဟု မမျှော်လင့်ထားမိချေ။

သူတွေ့ခဲ့ဖူးသောသူသည် ပုံပန်းသွင်ပြင်
ပြောင်းလဲသွားရုံသာ မကပဲ၊ သူ၏ အဖြူရောင်
ဝတ်စုံကလည်း ခမ်းနားထည်ဝါသော
ခရမ်းရောင် ပြောင်းသွားခဲ့သည်။
သူ၏အော်ရာမှာလည်း တစ်ခါမှ
မတွေ့ဖူးသလိုမျိုး ဖြစ်နေခဲ့သည်။ သူသည်
ဘာပြောင်းလဲသွားသည်ကို သေချာစွာ
နားမလည်ခဲ့သော်လည်း၊ ရင်ထဲမှနေသာ

ရယ်နေခဲ့သည်။ "ဒီလိုမျိုး စွမ်းအားက ငါခန့်မှန်းလို့ရတဲ့ အရာမျိုး မဟုတ်ဘူး"

တောက်ဇီချွမ်သည် ရိုသေစွာဖြင့် ဦးညွှတ်လိုက်သည်။ "ကျွန်တော်မျိုးက တောက်ဇီချွမ် ဖြစ်ပါတယ်၊ အရှင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

လင်းဖုန်းကလည်း ရင်းနှီးစွာဖြင့် ပြန်ပြောလိုက်သည်။ "အခုက မင်းဘယ်သူ့လက်အောက်မှာ အလုပ်လုပ်နေတာလဲ?"

"ကျွန်တော်က နန်းရင်းဝန်
ဝူရဲ့လက်အောက်ကပါ"

"အိုး?" လင်းဖုန်းသည် ကိုယ့်ဘာသာကိုယ်
တွေးလိုက်၏။ "ဒီလူက ချင်အင်ပါယာမှာ
တစ်ခုခုပဲ။ အခြေခံအုတ်မြစ် အဆင့်မှာသာ
ရှိသေးတာတောင်၊ နန်းရင်းဝန်က သူ့ကို
ယုံကြည်နေတဲ့ပုံ ပေါက်တယ်"

အလင်းဓားမြန်ဂိုဏ်းသို့ ဖိတ်စာလာပို့ပေးသူ
တန်ရင်ကျဲသည် အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ ဖြစ်သည်။ သူသည်
အထက်ပါဂိုဏ်း၏ ညှော်သည်များကို

လာရောက်ကြိုဆိုသူမှာ မည်သူဆိုသည်ကို မသိခဲ့သော်လည်း၊ အဆင့်အတန်း ရှိသောသူပင် ဖြစ်ရမည်။

ဤအခြေအနေအောက်တွင် ဝူချင်လျှိုသည်၊ အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူတစ်ယောက်ကိုသာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ လွှတ်လိုက်၏။ ပုံမှန်ဆိုလျှင် ထိုကဲ့သို့သော လုပ်ဆောင်မှုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အထင်သေးရာ ရောက်ပေလိမ့်မည်။ သို့သော်လည်း နှိုင်းနှိုင်းချိန်ချိန် လုပ်ဆောင်တတ်သော

နည်းဗျူဟာသမားတစ်ယောက်
ဖြစ်သည်နှင့်အညီ၊ ဂူချင်လှျိုသည့် ယင်းကဲ့သို့
သဘောထားမျိုးနှင့် လုပ်ဆောင်လိမ့်မည်
မဟုတ်ချေ။

သို့ဖြစ်၍ ဖြစ်နိုင်ခြေ တစ်ခုသာ ကျန်တော့၏။
တောက်ဇီချွမ်သည် လုပ်နိုင်ကိုင်နိုင်သူဖြစ်၍၊
သူ၏ စွမ်းအားများကို ဖယ်ထားလိုက်လျှင်
အတော်ကြီးကို အားကိုးခံရသောသူ
ဖြစ်ပေလိမ့်မည်။

ဘာပဲပြောပြော တိုက်ခိုက်နိုင်စွမ်းသည်၊
လူတစ်ယောက်၏ စွမ်းဆောင်ရည်နှင့်

တိုက်ရိုက် အချိုးကျသည် မဟုတ်ပေ။ အလုပ်အတော်များများ၊ အထူးသဖြင့် အစေအပါး အလုပ်တို့သည် တိုက်ခိုက်နိုင်စွမ်း အပေါ်တွင် မမူတည်နေချေ။

"ဒါဆိုရင် မင်းက ငါတို့ရဲ့ လမ်းပြပေါ့?" လင်းဖုန်းက မေးလိုက်သည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော်က အရှင်တို့ဂိုဏ်းရဲ့ လမ်းပြဖြစ်ပါတယ်။ သိချင်တာ မှန်သမျှကို ကျွန်တော့်ကို မေးလိုက်ပါတယ်" တောက်ဇီချွမ်က ပြန်ဖြေလိုက်၏။

ထိုအချိန်တွင် တစ်ချိန်လုံး ဘေးတွင်ရပ်နေသော စွန်းဖူက ရယ်လိုက်ကာ ပြောလိုက်သည်။ "မာစတာလင်း၊ ကျွန်တော့်ရဲ့ တာဝန်က ပြီးပြီဖြစ်လို့ ပြန်ပါရစေ"

လင်းဖုန်းနှင့် တောက်ဇီချွမ်တို့က တပြိုင်နက်တည်း ပြောလိုက်သည်။ "ကျေးဇူးတင်ပါတယ်"။ စွန်းဖူသည် နေရာတွင်သာ ရပ်နေသေး၍ မလှုပ်ရှားသေးပေ။ လင်းဖုန်းက လေဟာနယ်တွင် အက်ကွဲကြောင်း တစ်ခုကို

ဖွင့်လှစ်ပေးလိုက်၍၊ သူ့အား
နှုတ်ဆက်လိုက်ကာ သွားရန်
အချက်ပြလိုက်သည်။

ပြီးတာနှင့် သူသည် တောက်ဇီချွမ်ဘက်သို့
လှည့်ကာမေးလိုက်သည်။ "ဒီအစည်းအဝေးကို
တခြား ဘယ်ဂိုဏ်းတွေကို ဖိတ်ထားသေးလဲ?"

"ဒါကိုတော့ ကျွန်တော်ကလည်း
အသေအချာမသိဘူး။ ကျွန်တော်က
နန်းရင်းဝန်ဝူရဲ့ အမိန့်တွေကို လိုက်နာရုံပဲ"

လင်းဖုန်းသည် တောက်ဇီချွမ်၏
မျက်ဝန်းများအတွင်းသို့ စိုက်ကြည့်လိုက်ကာ၊
"မိတ်ဆွေဟောင်းကြီး၊ ခင်ဗျားက ကျုပ်ကို
ဖုံးကွယ်ထားစရာ လိုနေလို့လား?"

လင်းဖုန်း၏ လက်ရှိ အဆင့်အတန်းနှင့်ဆိုလျှင်၊
'မိတ်ဆွေဟောင်း' ဆိုသော စကားလုံးသည်
အဓိပ္ပာယ် အလွန်သက်ရောက်သည်။
မဖြေလိုက်လျှင် ရိုင်းရာကျသွားပေလိမ့်မည်။

"အလင်းဓားမြန်ဂိုဏ်း၊ နေလဓားဂိုဏ်း၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်၊ ပြီးတော့ ဟော်မိသားစုတို့

အားလုံးက ဖိတ်စာစာရင်းထဲမှာ ပါပါတယ်" တောက်ဇီချွမ်က ဆက်ပြောလိုက်သည်။ "တခြားဂိုဏ်းတွေလည်း ကျန်ဦးမယ်နဲ့တူတယ်၊ ဒါပေမဲ့ ကျွန်တော်က သိပ်မသေချာတော့ဘူး"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ အသိအမှတ် ပြုလိုက်သည်။ သူ၏ အမူအယာသည် တည်ငြိမ်နေခဲ့သော်လည်း၊ သူ၏စိတ်သည် အလွန်လျှင်မြန်စွာ လှုပ်ရှားနေခဲ့သည်။ သူက အလင်းဓားမြန်ဂိုဏ်း အကြောင်းကို

သိခဲ့ပြီးဖြစ်သည်၊ သို့သော်လည်း ဒါသည် ကိစ္စမရှိပေ။

အလင်းခေါ်မြန်ဂိုဏ်းနှင့် နေလခေါ်ဂိုဏ်းတို့မှ ခေါင်းဆောင်တို့သည် ကောင်းကင်ကိုးလွှာ ခေါ်မဟာမိတ် အဖွဲ့မှ အဖွဲ့ဝင်များ ဖြစ်ကြသည်။ သူတို့သည် မဟာချင် အင်ပါယာနှင့် ဆက်ဆံရေးကောင်းများ ရှိကြ၍၊ ကေရာဇ်၏ ပြောရေးဆိုခွင့် ရှိသူများလည်း ဖြစ်ကြသည်။

အမှန်အတိုင်း ပြောရလျှင်၊ မဟာမိတ် အဖွဲ့ဝင် အများစုတို့သည် ကေရာဇ်အတွက် နည်းလမ်း

တစ်မျိုးမျိုးဖြင့် အလုပ်လုပ်ပေးနေသူများ ဖြစ်ကြသည်။ သို့ဖြစ်၍ နေလဓားဂိုဏ်းအား ဖိတ်ခေါ်ခြင်းမှာ အထူးအဆန်း မဟုတ်ပေ။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်က ထူးခြားနေခြင်း ဖြစ်သည်။ "ချင်ကေရာဇ်က ကျိုးကေရာဇ်နဲ့ ပြဿနာများ ရှိနေလို့လား?" လင်းဖုန်းက တွေးနေခဲ့သည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည်၊ မဟာချင်နှင့် မဟာကျိုး အင်ပါယာ နှစ်ခုလုံး၏

မြောက်ပိုင်းတွင် ရှိခြင်းဖြစ်သည်။ အင်ပါယာ
နှစ်ခုစလုံးထက်စာလျှင် အားနည်းသော်လည်း၊
သူတို့သည် နတ်ဘုရားနယ်မြေတွင်
အလေးထားရမည့် အင်အားစုတစ်ခု
ဖြစ်သည်။

သူတို့၏ အင်အားသည် ကောင်းကင်မာစတာ
ခေးဂိုဏ်းနှင့် နှိုင်းယှဉ်နိုင်၍၊
အလင်းခေးမြန်ဂိုဏ်း၊ လေနတ်ဘုရားဂိုဏ်း
စသည်တို့ထက် ပို၍ အစွမ်းထက်ပေသည်။
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်အား မဟာချင်၏
ဖိတ်ခေါ်မှုသည်၊ သံတမန်ရေးရာ မိတ်ဖွဲ့ခြင်း

ဖြစ်သည့်မှာ မေးခွန်းထုတ်စရာ မလိုချေ။
ဘာပဲပြောပြော မြောက်ပိုင်းဒေသသည်
မဟာချင်နှင့် မဟာကျိုးတို့၏
တိုက်ပွဲအကြားတွင် ကြားနေဝါဒကို
ကျင့်သုံးသော ဒေသဖြစ်သည်။

ဟော်မိသားစု အနေနှင့်မူ၊ သူတို့သည်
မဟာချင်၏ မိသားစုကြီး လေးစုထဲတွင်
တစ်ခုအပါအဝင် ဖြစ်ကာ၊ အဓိက အင်အားစု
ဖြစ်နေခဲ့သည့်မှာ အချိန်အကြာကြီး ရှိနေခဲ့ပြီ
ဖြစ်သည်။ သို့သော်လည်း သူတို့အား
ဖိတ်ခေါ်ခြင်းသည်၊ လင်းဖုန်း၏
စိတ်ဝင်စားမှုကို ပိုမြင့်စေခဲ့သည်။

မိသားစုကြီး လေးခုအတွင်းတွင်၊ ဟော်တို့သည် တော်ဝင်မိသားစုနဲ့ နီးကပ်သော ဆက်ဆံရေးရှိသည်။ သို့သော်လည်း သူတို့သည် အခြား မိသားစု နှစ်ခုဖြစ်သော ယုနှင့်ရှီ မိသားစုတို့နှင့်မူ တစောင်းစေးနှင့် မျက်ချေးကဲ့သို့ ဖြစ်ကြ၏။ သူတို့အတွင်းတွင် အချင်းချင်း ယှဉ်ပြိုင်မှုများ ပြင်းထန်ကြ၏။

ကေရာဇ်၏ ညီငယ်ကဲ့သို့ ဖြစ်နေသော ဟော်တို့သည်၊ နေလဓားဂိုဏ်းနှင့် လုံးဝကွဲပြားကြ၏။ သူတို့သည် ကောင်းကင်ကိုးလွှာ ဓားမဟာမိတ်

အဖွဲ့အပေါ်တွင် ခက်ထန်သော သဘောထား ရှိကြသည်။

"ရှင်းယွင်တောင်ထိပ်ပေါ်မှာ၊ ဝူချင်လျှိုနဲ့ ရှီချုံးယွင်တို့က သူတို့ရဲ့ သဘောထား ကွဲလွဲမှုတွေကို ဖော်ပြသွားခဲ့ပြီ။ ကြည့်ရတာ နန်းရင်းဝန်က ရှီမိသားစုကို သိမ်းသွင်းချင်နေတာနဲ့ တူတယ်" လင်းဖုန်းက တွေးနေခဲ့သည်။ "ဒါပေမဲ့လည်း ရှီမိသားစုက ဒီကနေ အကျိုးအမြတ် ရနေတာလည်း မဟုတ်ဘူး၊ နန်းရင်းဝန်လုပ်နေတဲ့ပုံက သိပ်မဟုတ်သေးဘူး"

လင်းဖုန်းက တောက်ဇီချွမ်ဘက်သို့
ရုတ်တရက် လှည့်လိုက်သည်။
"ဟောင်မိသားစုကလွဲရင်၊ တခြားမိသားစု
သုံးခုကိုရော ဖိတ်ထားသေးလား?"

တောက်ဇီချွမ်သည် အချိန်ခေတ္တမျှ
ငြိမ်သက်သွားခဲ့သည်။ "ကျွန်တော်
သိသလောက်ဆိုရင်၊ သူတို့ကို မဖိတ်ထားဘူး"

လင်းဖုန်းက အနည်းငယ် ငြိမ်သက်သွားခဲ့ကာ၊
ကိုယ့်ကိုယ်ကိုယ် စဉ်းစားနေခဲ့သည်။
"ဖြစ်နိုင်ခြေက သုံးခုရှိတယ်။ ပထမ၊
ကေရာဇ်က နန်းရင်းဝန်ကို ဖိအားပေးနေတာ။

ဘာပဲပြောပြော ဧကရာဇ်က
နောက်ဆုံးအမိန့်ကို ချတာပဲ"

"ဒုတိယ ဖြစ်နိုင်ခြေက ဝူချင်လျှိုက
တခြားမိသားစု သုံးခုကို ဖိနှိပ်ထားချင်လို့
ဖြစ်ရမယ်"

"တတိယ... တတိယ အကြောင်းကို
ငါကတောင် မတွေးရဲဘူး"

လင်းဖုန်းက တောက်ဇီချွမ်ဘက်သို့
လှည့်လိုက်ကာ ထပ်မေးလိုက်သည်။

"အစည်းအဝေး စတင်မဲ့ရက်က
ဘယ်တော့လဲ?"

"ဒီနေ့ကစရင် ခုနှစ်ရက်မြောက်ပါ"
တောက်ဇီချွမ်၏ အဖြေဖြစ်သည်။

"အခုလောလောဆယ် မင်းက
ယုကျင်းတောင်ပေါ်မှ နေဦးပေါ့ကွာ။
ရက်နီးလာမှ အတူတူ သွားကြတာပေါ့"

တောက်ဇီချွမ်အား ယုကျင်းတောင်အပေါ်တွင်
နေခိုင်းရသည်မှာ လွယ်ကူသည်။ သူ၏
လှုပ်ရှားမှု မှန်သမျှတို့သည် လင်းဖုန်း၏

စက်ကွင်းအောက်တွင် ရှိသည်။ လင်းဖုန်း မထိန်းချုပ်နိုင်သည်မှာ ထိုအစည်းအဝေးသာ ဖြစ်သည်။

လင်းဖုန်း၏ တပည့်အားလုံးတို့သည် ဇူရီမှလွဲ၍ အားလုံးသွားသင့်ကြသည်ဟု သဘောတူကြသည်။ ဇူရီသည် တပည့်သစ်များအား သင်ကြားလေ့ကျင့်ပေးရန် တာဝန်ယူထားသည် ဖြစ်၍၊ ထိုတာဝန်ကို သူမှလွဲ၍ မည်သူမှ မယူနိုင်ပေ။ တိုက်ခိုက်ခြင်းနှင့် သင်ကြားခြင်းတို့သည်

လုံးဝကို ကွဲပြားသော အရာနှစ်ခု ဖြစ်ကြသည်။

"ဟိုနေရာမှာ ဇူရီကို လိုအပ်တယ်ကွ။ သူက ငါ့ရဲ့ ကံကောင်းခြင်း လက်ဖွဲ့လေးဖြစ်တယ်။ ဒါ့အပြင် ရှောင်ယန်ကလည်း မတက်နိုင်ဘူးဆိုတော့၊ ရွှေရောင်ဗဟိုချက် အဆင့်က တပည့်တွေထဲမှာ ရှောင်ပုတန်လေး တစ်ယောက်ပဲ ကျန်တော့တာ။ သူက သန်မာတယ် ဆိုပေမဲ့ တစ်ယောက်တည်း ဆိုရင်လည်း မဖြစ်သေးဘူး"

လင်းဖုန်းသည် အစည်းအဝေး၏ တိုက်ခိုက်မှု စည်းကမ်းများကို ကြားပြီးဖြစ်သည်။ အခြေတည်ဝိညာဉ် အဆင့်အောက်မှ တပည့်များသာ တိုက်ခိုက်ရမည် ဖြစ်သည်။ သို့သော်လည်း အခြေခံအုတ်မြစ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ တပည့်များကို ခွဲခြားထားမည် ဖြစ်သည်။

ချီသာဝက အဆင့်မှ တိုက်ခိုက်သူများသည် သူတို့ကို အဖော်လုပ်ရန် နည်းပြတစ်ယောက် ပါမည်ဖြစ်သည်။ သို့ဖြစ်၍ သူတို့က စိုးရိမ်ပူပန်ရန် မလိုပေ။

အခုလတ်တလော အဖြစ်အပျက်များကို ကြားပြီးသော အခါတွင်၊ ဗူရီက အနည်းငယ် စဥ်းစားခဲ့ပြီး ပြောလိုက်သည်။
"ကျွန်တော်ကလည်း အပြောင်းအလဲ အနေနဲ့ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာကို သွားဖို့ စိတ်ဝင်စားတယ်။ တပည့်အသစ်တွေ အတွက်ကတော့ စိတ်မပူပါနဲ့၊ ကျွန်တော်မရှိတုံးမှာ သူတို့အတွက် လေ့ကျင့်ဖို့ အိမ်စာတွေ ပေးထားခဲ့မယ်"

"ပြီးတော့ သူတို့ကို လမ်းညွှန်ပေးဖို့၊ မစ္စတာခန်းနဲ့ မစ္စတာမြောင်တို့လည်း ရှိသားပဲ"

အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာအတွင်းသို့ ဝင်ခွင့်မရှိချေ။
လင်းဖုန်းက အဖွဲ့ကို
ဦးဆောင်သွားလိုက်ခြင်းကြောင့်၊
ခန်းနန်ဟွာနှင့် မြောင်ရှီးဟောင်တို့က
ယုကျင်းတောင်တွင် နေခဲ့ရမည် ဖြစ်သည်။

တောင်ပေါ်သို့ ပြန်ရောက်အပြီးတွင်၊
လင်းဖုန်းသည် မြောင်ရှီးဟောင်အား
မတွေ့ခဲ့ပေ။ တစ်ယောက်ကမှ ဘာမှ
မပြောခဲ့သော်လည်း၊ လင်းဖုန်းသည် သူက

တစ်နေရာတွင် လေ့ကျင့်နေလိမ့်မည်ဟု သိထား၏။

"ရှီးဟောင်အကြောင်း ပြောရရင်၊ သူရဲ့ တိုးတက်မှုနှုန်းကရော ဘယ်လိုလဲ?" လင်းဖုန်းက မေးလိုက်သည်။

သူ၏အကြည့်သည် ချက်ချင်းဆိုသလိုပင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်ဘက်သို့ ရောက်သွားခဲ့သည်။

## စာစဥ် ၁၅ : အပိုင်း ၂၀

## အပိုင်း ၂၇၀ : အစည်းအဝေးသို့!

အစောပိုင်းက ဂိုဏ်း၏ဖွင့်ပွဲ အခမ်းအနားမှ ရှကျိုးတိုက်ပွဲတွင်၊ ခန်းနန်ဟွာနှင့် မြောင်ရှီးဟောင်တို့သည် သူတို့၏ ရဲစွမ်းသတ္တိများဖြင့် ဂိုဏ်းအား အကျိုးဆောင်ပေးခဲ့သည်။ ထို့ကြောင့် လင်းဖုန်းက ဆုချသည့် အနေနှင့်၊ သူတို့အား ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် တစ်ရက်တာ လေ့ကျင့်ရန် ခွင့်ပြုခဲ့သည်။

မြောင်ရှိုးဟောင်ကလည်း ထိုအခွင့်အရေးအား အသုံးပြုရန် ဆုံးဖြတ်ခဲ့ကာ၊ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ဝင်၍ တံခါးပိတ် လေ့ကျင့်နေခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းကလည်း သူသည် ယခုအခွင့်အရေးအား အပိုင်အသုံးချကာ သူ၏ တစ်ဆို့ကြန့်ကြာနေသော အတားအဆီးများကို ချိုးဖောက်၍၊ အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ တစ်ခါတည်း ရောက်ရှိရန် ကြိုးစားနေသည်ဟု သိနေခဲ့သည်။

လင်းဖုန်းထံမှ တစ်ခုတည်းသော ကောင်းကင်ဘုံ အကြွင်းမဲ့ရေကို ရပြီးနောက်တွင်၊ မြောင်ရှီးဟောင်သည် သူ၏ ချန်းလန်ရေပြင် နည်းစနစ်အား ပြည့်စုံအောင် လုပ်နိုင်ရုံတင် မကပဲ၊ သူ၏ ပုံရိပ်ယောင် မန္တန်အားလည်း အဆင့်မြှင့်နိုင်ခဲ့သည်။ ရှကျိုးမြို့မှ တိုက်ပွဲ အတွေ့အကြုံ အပြီးတွင်၊ မြောင်ရှီးဟောင်သည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်၏ တံခါးဝသို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်ပင် မြောင်ရှီးဟောင်သည်
ယခုတစ်ခေါက် တံခါးပိတ် လေ့ကျင့်မှု
အပြီးတွင်၊ အောင်မြင်စွာနှင့်
အဆင့်တစ်ဆင့်ကို မြှင့်တင်နိုင်ခဲ့ခြင်း
ဖြစ်ပေသည်။

ကောင်းကင်ကိုးလွှာမှ
သန့်စင်သောလေထုသည် အနန္တ
လေဟာနယ်တို့ကို ဖြတ်ကျော်ကာ၊
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းသို့ ရောက်ရှိလာခဲ့သည်။
မြောင်ရှီးဟောင်သည် မဟူရာကောင်းကင်
ရတနာသစ်ပင်လေး၏

အကိုင်းတစ်ကိုင်းပေါ်တွင် ငြိမ်သက်စွာဖြင့်
ထိုင်နေခဲ့သည်။ သူ၏နဖူးက
လှစ်ဟသွားခဲ့ကာ၊ ကောင်းကင်ကိုးလွှာ
သန့်စင်သောလေသည် အတွင်းသို့
ဝင်သွားခဲ့၏။

မြောင်ရှီးဟောင်၏ နဖူးတွင် ပုံရိပ်တစ်ခု
ပေါ်လာသည်ကို လင်းဖုန်းက တွေ့လိုက်ရ၏။
သူသည် အသက် သုံးနှစ်နှင့်
လေးနှစ်အကြားတွင် ရှိသော
ချစ်စရာကောင်းသည့်
ကောင်လေးတစ်ယောက် ဖြစ်သည်။
သန့်စင်သောလေ၏ အကူအညီနှင့်အတူ၊

တစ်ယောက်သည် သူ၏ လျှင်မြန်စွာ ကြီးထွားလာမှုကို တွေ့နိုင်ပေသည်။

အချိန်ခဏလေး အတွင်းတွင်၊ ကောင်ကလေးသည် ခုနစ်နှစ် ရှစ်နှစ် အရွယ်သို့ ရောက်သွားခဲ့၏။ သူသည် မြောင်ရိုးဟောင်းနှင့် ပို၍ပို၍ တူလာလေသည်။

"အာ?" ကောင်ကလေး၏ နဖူးထိပ်တွင် ရွှေရောင်အလင်းတန်း ဖျော့ဖျော့လေးကို ထုတ်လွှတ်နေသော၊ လမင်းကြီးနှင့်တူသော မြေပုံတစ်ခုကို လင်းဖုန်းက တွေ့လိုက်ရသည်။

မြောင်ရိုးဟောင်၏ အခြေတည်ဝိညာဉ်က
ကြီးထွားလာသည်နှင့် အမျှ၊
ထိုလဝန်းကြီးကလည်း အဆက်မပြတ်
ပြောင်းလဲလာ၏။ လပြည့်ကနေ
တစ်ဝက်ပြည့်သောလ၊ ထို့နောက်
လခြမ်းကွေး။ နောက်ဆုံးတွင် ဘာကိုမှ
မမြင်ရသလောက် ဖြစ်သွားခဲ့၏။
ခဏအကြာတွင် သူသည် ပြန်ပေါ်လာခဲ့ပြီး၊
သူ၏မူလ လပြည့်ဝန်းပုံစံ ပြန်ဖြစ်သွားခဲ့၏။

လပြည့်ခြင်းနှင့် လကွယ်ခြင်းတို့သည်
အဆက်မပြတ် ဖြစ်ပေါ်နေကြ၏။

လင်းဖုန်းက သူ၏မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ တွေနေခဲ့သည်။
"ပုံရိပ်ယောင် မန္တန်က သူအသုံးပြုတဲ့ မှော်ကျိန်စာ သက်သက်ပဲ။ လမင်းရဲ့ ပြည့်ခြင်းနဲ့ ကွယ်ခြင်းတို့ကသာ သူ့ရဲ့တကယ့် စွမ်းအားအမှန် ဖြစ်သလား?"

ထိုအချိန်တွင် မြောင်ရှီးဟောင်သည် သူ၏ လေ့ကျင့်ခန်းအား အဆုံးသတ်လိုက်သည်။ အခြေတည် ဝိညာဥ်သည် သူ၏ခေါင်းအတွင်းသို့ ဖြည်းဖြည်းချင်း ပြန်ဝင်သွား၏။ သူသည် သူ၏ မျက်လုံးအစုံကို

ဖွင့်လိုက်ကာ၊ ကျယ်လောင်စူးရှစွာဖြင့် ချောင်းတစ်ချက် ဆိုးလိုက်၏။

သူသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ ထွက်လာသောအခါ၊ လင်းဖုန်းနှင့် ဇူရီတို့က သူ့အားကြည့်နေကြသည်ကို တွေ့လိုက်ရ၏။ မထိန်းနိုင်ပဲ သူသည် တသိမ့်သိမ့်နှင့် ရယ်လိုက်သည်။ "ဟေး၊ အရှင်က ပြန်လာပြီလား? အိုင်းယား၊ ကျွန်တော်က တံခါးပိတ် လေ့ကျင့်နေတုံးမှာ အရှင်ကို စောင့်ဆိုင်းနေစေခဲ့တာက၊ ကျွန်တော့်ရဲ့ရင်ကို

ကြောက်ရွံ့ခြင်းနဲ့အတူ ပျော်ရွှင်စွာ
ခုန်စေခဲ့တယ်!"

လင်းဖုန်း၏ ပါးစပ်သည် အကြီးကြီး
တွန့်သွားခဲ့ကာ၊ သူ၏ခေါင်းကို ကမ္ဘာကို
ကိုင်လှုပ်နိုင်သော မှော်ကျိန်စာ တစ်ခုနှင့်
အရိုက်ခံလိုက်ရသလို ခံစားလိုက်ရ၏။
သူသည် ကပျာကယာ ပြန်ဖြေလိုက်၏။ "ဟော့၊
မင်းကို စောင့်နေဖို့အတွက် ငါ့မှာ
အားအားယားယား အချိန်တွေ မရှိဘူး"

ဟွမ်ဟိုင် စိတ်ဝိညာဉ်၌ အစည်းအဝေး
အကြောင်းကို ကြားပြီးမှသာ၊

မြောင်ရှီးဟောင်၏ အမူအရာတို့သည် လေးနက်လာခဲ့ပြီး ခေါင်းကိုညိတ်လိုက်ကာ ပြောလိုက်သည်။ "ခန်းဟွာရော ကျွန်တော်ပါ၊ တပည့်အသစ်တွေ အတွက် တာဝန်ယူနိုင်ပါတယ်။ အရှင်က ဇူရီကို ခေါ်သွားနိုင်ပါတယ်"

သူသည် အချိန်အနည်းငယ်မျှ တွေးလိုက်ကာ၊ သူ၏မျက်နှာမှာ လေးနက်လာခဲ့ပြီး ပြောလိုက်သည်။ "ဝူချင်လျှိုကို သတိထား"

လင်းဖုန်း၏ မျက်စိအစုံမှာ တောက်ပလာခဲ့ပြီး ပြောလိုက်သည်။ "အိုး? ဘာဖြစ်လို့များလဲ?"

မြောင်ရှီးဟောင်က သူ၏နှုတ်ခမ်းကို တွန့်လိုက်ပြီး ဖြေလိုက်သည်။ "ကျွန်တော်က ဒီနာမည်ကို ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အတွင်းသတင်းတွေကနေ ကြားခဲ့တာ။ ဒါပေမဲ့ သတင်းက အပြည့်အစုံ မဟုတ်တော့၊ သူနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အကြားက ဆက်ဆံရေးကို အတိအကျ မခန့်မှန်းနိုင်ခဲ့ဘူး"

"သူက ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ဘယ်လိုပဲ ပတ်သတ်ပတ်သတ်၊ သူက သူတို့ရဲ့ အရေးကြီးတဲ့ ပစ်မှတ်တစ်ခုပဲ။ ကျွန်တော်က သိပ်မသေချာပေမဲ့ ဒီသတင်းက

နှစ်ဘက်စလုံးက လာခဲ့တာ၊ သူတို့အထဲက တစ်ယောက်က ပန်ကျဲပဲ"

လင်းဖုန်းက သူ၏အဖြေအား ကြားလိုက်သောအခါ ချောင်းတစ်ချက် ဟန့်လိုက်သည်။ အချိန်အနည်းငယ်မျှ စဉ်းစားပြီးနောက်တွင် သူက ရုတ်တရက် မေးလိုက်သည်။ "ရှီးဟောင်၊ မင်းက တာအိုခြေလှျင် ခရီးသည်ဆီကနေတောင် သတင်းရနိုင်တော့၊ ပိုင်ယွင်တောင် အထဲက သတင်းကို ရယူဖို့က ယုံကြည်ချက် ဘယ်လောက်ရှိသလဲ?"

မြောင်ရှီးဟောင်သည် သူ၏ခေါင်းကို စိတ်ပျက်လက်ပျက်ဖြင့် ခါလိုက်ကာ ပြောလိုက်၏။ "အဲ့ဒီနေရာက နတ်ဘုရား နယ်မြေမှာ အမြင့်မြတ်ဆုံး နေရာတွေအထဲက တစ်ခုဖြစ်နေတော့၊ ကျွန်တော်ကလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

"တစ်ယောက်က သေချာကြည့်မယ်ဆိုရင်၊ ဟင်းလင်းပြင် ဘုရားကျောင်းက အရှုံးသမားတွေက လွဲလို့၊ ပြင်ပလူ တစ်ယောက်က ပိုင်ယွင်တောင် အတွင်းကို ဝင်ရောက်ခဲ့ခြင်းက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာ အလွန်ကပဲ"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ ဘာမှမပြောခဲ့ချိန်တွင်၊ မြောင်ရှီးဟောင်က စပ်စုစွာဖြင့် မေးလိုက်သည်။ "အရှင်က ဘာဖြစ်လို့ ဒါကို ရုတ်တရက် ထမေးရတာလဲ?"

"ယန့်မင်းရှဲ့က ပိုင်ယွင်တောင်ကို ပြန်ချင်နေတယ်။ ဒါက အတော်လေးကို ရုတ်ရုတ်သဲသဲ ဖြစ်စေမယ်လို့ ငါကယုံကြည်နေတယ်" လင်းဖုန်းက မြောင်ရှီးဟောင်အား ရိုးသားစွာနှင့် ပြန်ဖြေလိုက်သည်။ "ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့ အတွင်းမှာ
ရှေ့ဆောင်လမ်းစဉ် ပါတီနဲ့ ကွန်ဆာဗေးတစ်
ပါတီတို့က၊ အချင်းချင်း သဘောထား
ကွဲလွဲမှုတွေ ရှိနေတယ်။ ငါက
သူတို့အကြောင်းကို ထပ်ပြီးတော့
သိချင်နေတာ"

ထိုစကားကို ကြားရသောအခါ၊
မြောင်ရှီးဟောင်သည်
သူများဒုက္ခရောက်နေသည်ကို ပျော်နေသော
အပြုံးမျိုးနှင့် ရယ်လိုက်ကာ၊
"ခွေးတွေအချင်းချင်း ကိုက်ပစေပေါ့"

သူ၏မျက်နှာမှာ ချက်ချင်း ပြောင်းသွားခဲ့ပြီး၊ လင်းဖုန်းအား မျက်စောင်းထိုး၍ ကြည့်လိုက်ကာ မျက်နှာပြောင်တိုက်လိုက်ပြီး မေးလိုက်သည်။ "အရှင်၊ မဟုတ်မှလွဲရော၊ အရှင်က ယန့်မင်းရွဲ့ကို သဘောကျနေတာလား?"

လင်းဖုန်းသည် မြောင်ရှီးဟောင်အား မနှစ်မြို့လှစွာဖြင့် စိုက်ကြည့်လိုက်သည်။ သူ၏မေးခွန်းအား အရေးလုပ်၍ ပြန်မဖြေနေခဲ့ချေ။

မကြာခဏ ခံခဲ့ရပြီးဖြစ်၍၊ လင်းဖုန်းသည် ဦးနှောက်ချောင်နေသည်ဟု ယူဆနေရသော မြောင်ရှီးဟောင်နှင့် စကားပြောချိန်သည်၊ သုံးမိနစ်ထက် မပိုရဟူ၍ သင်ခန်းစာ ရပြီး ဖြစ်သည်။

သုံးမိနစ် မတိုင်ခင်တွင်၊ မြောင်ရှီးဟောင်သည် ဗိုင်းကောင်းကျောက်ဖိ ပုံစံမျိုး ရှိကာ၊ လူတိုင်းက သူနှင့် ပျော်ပျော်ရွှင်ရွှင် စကားပြောနိုင်သည်။ သုံးမိနစ် ကျော်လျှင်ကား၊ စကားလမ်းကြောင်းသည် ချော်သွားပေမည်။ ထိုအချိန်တွင် သူ့အား

လျှစ်လျှူရှုထားလိုက်ခြင်းသည်
အကောင်းဆုံးဖြစ်သည်။

ဟန်တစ်လုံး ပန်တစ်လုံးဖြင့်
စကားများလှသော မြောင်ရှီးဟောင်ကို
ချန်ထားခဲ့ကာ၊ လင်းဖုန်းသည်
ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာအတွင်းသို့ ဝင်လာခဲ့၏။
အထဲတွင် ယွဲ့ဟုန်ယန်သည်
တိတ်ဆိတ်စွာဖြင့် လေ့ကျင့်နေခဲ့သည်။

သူ၏မှော်စွမ်းအင်ကို အသုံးပြု၍၊
လင်းဖုန်းသည် ယွဲ့ဟုန်ယန်က အဝီစိ

ငရဲမုန်တိုင်းအား တည်ငြိမ်စွာဖြင့်
သန့်စင်နိုင်နေသည်ဟု သိလိုက်သည်။
ဒါတင်မကသေးပဲ သူမသည် သူမ၏
တစ်ဆို့ကြန့်ကြာနေသော အခြေအနေတို့ကို
ချိုးဖောက်နိုင်ခဲ့ကာ၊ လုံခွက်ကိုပင်
ဖော်ဆောင်နိုင်တော့မည် ဖြစ်သည်။ သူမ၏
စွမ်းအင်တို့မှာ အခြေခံအုတ်မြစ် နောက်ဆုံး
အဆင့်က ကျင့်ကြံသူတစ်ယောက်နှင့်
တူညီနေ၏။

သူမသည် ယုကျင်းတောင်သို့ ရောက်ခါစတွင်၊
ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်ကို ရောက်ရှိစသာ

ရှိသေးသည်။ အခုအချိန်တွင် လင်းဖုန်း၏ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်အား လေ့ကျင့်ပြီးသွားသော အချိန်တွင်၊ သူမ၏ ကျင့်ကြံမှုနှင့် နားလည်နိုင်မှုတို့မှာ အဆပေါင်းများစွာ တိုးတက်လာခဲ့သည်။

ရှင်းယွင်တောင်ထိပ်တွင် ဝမ်ကျန်းနန်နှင့် တိုက်ခဲ့သော တိုက်ပွဲတွင်၊ သူမသည် သူမ၏ မှော်ကျိန်စာတို့အား တကယ့်တိုက်ပွဲဖြင့် တိုးတက်ခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သူမသည် တစ်ဆို့ကြန့်ကြာနေသော အတားအဆီးများကို ချိုးဖောက်ကာ၊ သူမ၏လုံ့ခွက်ကို ဖော်ဆောင်ရန် အသင့်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

အဝီစိ ငရဲမုန်တိုင်းအား လေ့ကျင့်ပြီးသွားသော အချိန်တွင်၊ သူမသည် မှော်စွမ်းအင်များကို လိုအပ်သည်ထက်ပင် ပိုအောင် စုဆောင်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဤအခြေအနေများအောက်တွင်၊ ယွဲ့ဟုန်ယန်သည် သူမ၏ လုံခွက်အား ဖော်ဆောင်နိုင်တော့မည်မှာ အနှေးနှင့် အမြန်သာ ဖြစ်သည်။ လင်းဖုန်းသည် သူမအား ကာကွယ်စောင့်ရှောက်ပေးရန်သာ လိုမည်ဖြစ်သည်။

သူ၏အသိစိတ်ကို ထုတ်လွှတ်လိုက်ကာ၊
လင်းဖုန်းသည် ယွဲ့ဟုန်ယန်၏
အော်ရာပင်လယ် အတွင်းသို့ ဝင်သွားခဲ့သည်။
အထဲတွင် အနက်ရောင် အဆင့်ကိုးဆင့်
စိတ်ဝိညာဉ် တာဝါသည် ခရမ်းရောင်
အလင်းတန်းများဖြင့် တောက်ပနေကာ၊
မီးတောက်များဖြင့် တောက်လောင်နေခဲ့သည်။

သူမ၏ အဆင့်တစ် စိတ်ဝိညာဉ် တာဝါ၏
အပေါ်တွင်၊ ကခုန်နေသော မီးတောက်များ
အကြားတွင် လေပြင်းများက တိုက်ခတ်လျှက်
ရှိသည်။ လျှို့ဝှက်သော မြူခိုးငွေ့များအလား၊
အနီရောင် အလင်းတန်းလေးသည်

ရုတ်တရက် ပေါ်ပေါက်လာခဲ့ကာ၊
လေပြင်းကဲ့သို့ အော်မြည်နေခဲ့သည်။

အနီရောင် အလင်းတန်းလေး၏ အထဲတွင်၊
မရေမတွက်နိုင်သော သရဲတစ္ဆေများ၊
မကောင်းဆိုးဝါးများ တို့က အဆက်မပြတ်
အော်ဟစ်ညည်းညူနေကြသည်။
ထိုမကောင်းဆိုးဝါးများသည် ယွဲ့ဟုန်ယန်၏
တောက်လောင်နေသော စိတ်ဝိညာဉ်တာဝါ၏
အပေါ်သို့ ကျရောက်သွားသောအခါ၊
သူတို့သည် နာကျင်မှုကို မခံစားရရုံသာ မကပဲ၊
သက်တောင့်သက်သာ ခံစားနေရသကဲ့သို့
ရှိနေ၏။

အချို့သည် စိတ်ငြိမ်းချမ်းမှုကို
ခံစားလိုက်ရကာ ပြုံးနေကြ၍၊ အချို့မှာမူ
မျက်ရည်များ ပြည့်နေသော
မျက်ဝန်းအစုံတို့ဖြင့် မယုံနိုင်လောက်အောင်
ဖြစ်နေကြ၏။

ထိုစိတ်ဝိညာဉ်တို့မှာ မီးတောက်များအတွင်းသို့
ကျရောက်သွားသောအခါ၊
မီးတောက်မီးလျှံတို့မှာ ပို၍ပို၍
လောင်ကျွမ်းတောက်ပလာကြသည်။

လင်းဖုန်းက တိတ်ဆိတ်စွာနှင့်
ခေါင်းညိတ်လိုက်သည်။ ယွဲ့ဟုန်ယန်သည်
အဝီစိ ငရဲမုန်တိုင်းကို
ထိန်းချုပ်နိုင်ခဲ့သော်လည်း၊ အဝီစိ
ငရဲမုန်တိုင်း၏ စွမ်းအားများသည်
လျော့ကျသွားခြင်း မရှိပေ။ ထို့အစား
အတွင်းတွင် အပိတ်လှောင်ခံထားရသော
မကောင်းဆိုးဝါး စိတ်ဝိညာဉ်များသည်
လွတ်မြောက်သွားကြကာ၊ ငရဲဒုက္ခတို့ကို
နောက်ထပ် ခံစားရခြင်း မရှိတော့ချေ။

သူတို့ ဝင်္ကျတ်သွားသည်နှင့် တပြိုင်နက်၊
သူတို့တစ်သက်လုံး စုဆောင်းလာခဲ့သော

မှော်စွမ်းအင်နှင့် စိတ်ဝိညာဉ် စွမ်းအင်တို့သည်
သူမထံသို့ ရောက်ရှိသွားကြကာ၊
ယွဲ့ဟုန်ယန်၏ မှော်စွမ်းအင်တို့မှာ
ဆထက်တံပိုး တိုးတက်လာခဲ့သည်။

အနက်ရောင် စိတ်ဝိညာဉ် တာဝါ၏ အပေါ်မှ
အနီရောင် မီးတောက်လေးသည်
အလင်းတန်းများအား ထုတ်လွှတ်နေခဲ့ကာ၊
ဖြည်းဖြည်းချင်း စိတ်ဝိညာဉ် လုံခွက်တစ်ခု၏
ပုံရိပ်အဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

မီးတောက်နှင့် အနီရောင် လေပြင်းတို့သည်
ထိုလုံခွက် ပုံရိပ်လေး၏ စုပ်ယူခြင်းကို

ခံလိုက်ရကာ၊ တဖြည်းဖြည်း ပိုမိုကာ
ရုပ်လုံးပေါ်လာခဲ့၍၊ နောက်ဆုံးတွင်
ယွဲ့ဟုန်ယန်၏ စိတ်ဝိညာဉ် တာဝါပေါ်တွင်
အကောင်အထည် ပေါ်လာခဲ့သည်။

လုံခွက်လေး အတွင်းတွင်၊ အဝီစိ
ငရဲမုန်တိုင်းတို့မှာ အဆက်မပြတ်
ပေါက်ကွဲနေကြသည်။ သူ၏
အောက်ခြေတွင်မူ၊ အဆုံးမဲ့
မီးတောက်တို့သည်
လောင်ကျွမ်းနေကြသေး၏။
လျှို့ဝှက်နက်နဲသော သင်္ကေတ ပုံရိပ်တို့သည်
လုံခွက်လေး၏ အတွင်းတွင် ထွင်းထုခြင်းကို

ခံလိုက်ရကာ၊ စကြာဝဠာကြီး၏
လျှို့ဝှက်ချက်တို့ကို သယ်ဆောင်ထားသကဲ့သို့
ရှိ၏။

ယွဲ့ဟုန်ယန်၏ တင်းကျပ်စွာ ပိတ်ထားသော
မျက်လုံးအစုံတို့မှာ ရုတ်တရက်
ပွင့်လာခဲ့သည်။ သူမ၏ နီရဲတောက်ပနေသော
မျက်လုံးသူငယ်အိမ် အတွင်းတွင်၊
မိုတ်တုတ်မိုတ်တုတ်နှင့် လင်းလက်နေသော
မီးစလေး နှစ်စကို တွေ့နိုင်သည်။ သူမသည်
သူမ၏ ကိုယ်တွင်းမှ အဝီစိ ငရဲမုန်တိုင်းကို
ထုတ်လွှတ်နိုင်ကာ၊ သူမ၏ ခန္ဓာကိုယ်
အောက်ခြေကို ဖုံးလွှမ်းထားနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်သို့ အောင်မြင်စွာနှင့် ရောက်ရှိသွားနိုင်ခဲ့ပြီ ဖြစ်သည်။ နောက်ဆုံး ခြေလှမ်းတစ်လှမ်း ရှေ့တိုးနိုင်မည်ဆိုလျှင်၊ သူမသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိတော့မည် ဖြစ်သည်။

လင်းဖုန်းကို ကြည့်လိုက်၍ သူမ၏ မျက်နှာတွင် တွေ့ရခဲသော အပြုံးတစ်ခု ပေါ်လာခဲ့ကာ "ဆရာ!" ဟု အော်ခေါ်လိုက်သည်။

လင်းဖုန်းကလည်း သူမအား အသိအမှတ်ပြုလိုက်ကာ ခေါင်းညိတ်လိုက်ပြီး၊ "မဆိုးဘူး၊ မဆိုးဘူး"

သူသည် ယွဲ့ဟုန်ယန်အား ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အပြင်သို့ ခေါ်ထုတ်လာခဲ့ပြီးနောက်၊ သူ၏ အမိန့်များကို နာခံရန် တပည့်များ အားလုံးကို ဆင့်ခေါ်လိုက်သည်။ ဇူရီကလည်း ဒုတိယမျိုးဆက် တပည့်များ အားလုံးကို နေရာချပြီး ဖြစ်သည်။

ခန်းနန်ဟွာနှင့် မြောင်ရှီးဟောင်တို့ကိုသာ
ယုကျင်းတောင်ပေါ်တွင် ချန်ထားခဲ့ပြီး၊
လင်းဖုန်းသည် ရှောင်ပုတန်၊ ဇူရီ၊ ဝမ်လင်း၊
ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ အပါအဝင်
ထွမ်းထွမ်း၊ ကျူးကော်ဖန်လင်နှင့်
တောက်ဇီချွမ်တို့ကို ခေါ်ဆောင်လိုက်ကာ၊
ယုကျင်းတောင်ပေါ်မှ စွန့်ခွာလာခဲ့သည်။
အတူတကွပင် သူတို့သည် ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာ၏ ဝင်ပေါက်တည်ရှိရာ
ဖြစ်သော၊ မဟာချင် အင်ပါယာ၏
မြောက်ပိုင်းသို့
ဦးတည်ထွက်ခွာခဲ့ပေတော့သည်။

ယခုတစ်ခေါက်တွင် လင်းဖုန်းသည်
ကျဲယုအပြင်၊ ကွေ့န္ဒားဘုရင်အား သူ၏
စီးတော်နွားအဖြစ် ခေါ်ဆောင်လာခဲ့သည်။
မိစ္ဆာသခင်အဆင့် မိစ္ဆာနှစ်ကောင်အပေါ်မှ၊
လင်းဖုန်းနှင့် သူ၏တပည့်တို့သည်
ခန်းနားထည်ဝါစွာနှင့်
ခရီးထွက်ခဲ့ကြပေတော့သည်။

"တစ်ယောက်က နှိမ့်နှိမ့်ချချ နေရမယ်လို့
ပညာရှိတွေက ပြောထားကြတယ်၊ ဒါပေမဲ့
ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ နေနိုင်ကြတဲ့
သူတွေမှာသာ ဘုရင်ဖြစ်ကြတာပဲ"
လင်းဖုန်းက တွေးလိုက်သည်။ "ငါက ငါ့ရဲ့

ရေပန်းစားမှု တန်ဖိုးကို မြှင့်တင်နေချင်တာ ဆိုတော့၊ ဒီနည်းလမ်းကို အသုံးပြုရမှာပဲ"

မကြာမီတွင် သူတို့သည် မဟာချင် အင်ပါယာ မြောက်ပိုင်းမှ အရေးကြီးသော မြို့ကြီးတစ်မြို့ ဖြစ်သည့်၊ ယုကျိုးမြို့သို့ ရောက်ရှိလာခဲ့သည်။ ဤနေရာမှဆက်၍ မြောက်ပိုင်းသို့ ဆက်သွားလိုက်ပါက၊ မြောက်ပိုင်းလေပြင်း ပင်လယ်ဟုခေါ်သော နေရာတစ်ခုသို့ ရောက်သွားမည်ဖြစ်သည်။ သူ့အား ပင်လယ်လို့ ခေါ်ခဲ့သော်လည်း၊ အမှန်မှာမူ သူသည် ရေအိုင်တစ်ခုသာ ဖြစ်သည်။

ထိုနေရာသည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာသို့ ဝင်ပေါက်ဖြစ်သည်။

ယုကျိုးမြို့ အနီးသို့ ရောက်လာခဲ့သည်နှင့်၊ မြို့ရှိရာဘက်သို့ လှမ်းကြည့်နေရင်း လင်းဖုန်း၏ ရင်မှာ တုန်ခါလာခဲ့သည်။ သူ၏ပြိုင်ဘက်သည် သူ၏ မှော်စွမ်းအင်အား တမင်ထုတ်လွှတ်ထားခြင်း မရှိသော်လည်း၊ သူသည် ထိုကြောက်မက်ဖွယ်ရာ စွမ်းအားမှာ အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ထံမှပင် ဖြစ်မည်ဟု သိနေခဲ့သည်။

သူ၏ အရှေ့မှ သူသည်လည်း လင်းဖုန်းတို့ အုပ်စု အနီးရောက်လာသည်ကို သတိထားမိနေခဲ့သည်။ ယုကျိုးမြို့၏ အပေါ်မှ ကောင်းကင်ယံတွင် ပုံရိပ်တစ်ခုက ပျံတက်လာခဲ့ပြီး၊ ပြုံးလိုက်ကာ မေးလိုက်သည်။ "ဘယ်သူများ ရောက်လာတာလဲ?"

စကားပြောလိုက်သူမှာ အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ တစ်ဦးဖြစ်၏။ သူ၏မျက်နှာမှာ ပြုံးနေခဲ့သော်လည်း၊ သူ၏ ခန္ဓာကိုယ်မှာမူ ဓားအိမ်အတွင်းမှ ထုတ်ထားခဲ့သော ဓားတစ်ချောင်းနှင့်

တူနေခဲ့သည်။ ဖန်ဆင်းခြင်း အားလုံးတို့အား ဖျက်ဆီးချင်နေခဲ့သော၊ ငရဲနှင့်တူသည့် သွေးဆာနေသည့်စိတ်မှာ သိသာနေခဲ့လေသည်။

သူ၏ခြေထောက်အောင်တွင် အဆက်မပြတ်တုန်ခါနေသော၊ လုံးဝမည်းနက်နေသော ဆေဘာအလင်းတန်းတစ်ခု ရှိနေ၏။ သူသည် မယုံနိုင်လောက်အောင် ကြမ်းတမ်းခက်ထန်သော စွမ်းအားတို့ဖြင့် ပြည့်နေသည့် အနက်ရောင် လျှပ်စီးတစ်တန်းနှင့် တူနေခဲ့သည်။

ထိုအရာကို ကြည့်လိုက်ပြီးနောက်၊
လင်းဖုန်းသည် သူ့အား သတိထား၍
ဆက်ဆံရမည်ကို သိလိုက်၏။
"ကောလဟာလတွေ အရဆိုရင်၊
ဟော်မိသားစုရဲ့ အသူရာ နည်းစနစ်ဟာ
လူသတ်ခြင်းနဲ့ ဉာဏ်အလင်းပွင့်ခြင်းကို
ရယူရတဲ့၊ နည်းစနစ် အနည်းငယ်တွေအထဲက
တစ်ခုပဲ။ သွေးဆာတဲ့စိတ်က
ပြင်းထန်လွန်းလို့၊ ငါက ရှေးဟောင်းကမ္ဘာ
စိမ့်မြေထဲမှာ ကြုံတွေ့ခဲ့ရတဲ့ ရှန်းဝူစစ်တပ်က
ဗိုလ်ချုပ်စဥ်းလဲထက် အောက်လုံးဝမကျဘူး"

"ဟောဲမိသားစုရဲ့ အနွံ့မသိုင်းကွက်က အသူရာကမ္ဘာဖျက် ဓားသွားပဲ။ စဥ်းလဲရဲ့ ကောင်းကင်ဘုံကို ဆန့်ကျင်သော လူသတ်ဓားနဲ့ ယှဥ်လိုက်ရင်၊ တစ်ခုက ဓားကို အခြေခံပြီး၊ တစ်ခုက ဆေဘာကို အခြေခံတယ်။ သူတို့နှစ်ခုလုံးက နတ်ဘုရားနယ်မြေ တစ်ခုလုံးမှာ ဖျက်ဆီးနိုင်စွမ်း အကြီးမားဆုံး သိုင်းကွက်တွေပဲ ဖြစ်ကြတယ်"

အခြေတည်ဝိညာဥ် အဆင့်မှ အကြီးအကဲ၏ အကြည့်သည် ကျဲယုနှင့် ကွေနွားဘုရင်တို့ထံတွင် ရပ်တန့်သွားခဲ့ပြီး၊

ကျဲယုကို ကြည့်လိုက်ကာ ပြုံး၍မေးလိုက်သည်။ "ခင်ဗျားတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလား?"

## စာစဉ် ၁၆ : အပိုင်း ၁

## အပိုင်း ၂၇၁ : အသူရာ သူတော်စင်၊ ဟော်ရှူ

မဟာချင်၏ မိသားစုကြီး လေးခုတို့တွင်၊ ဟော်မိသားစုသည် သတ်ဖြတ်ချင်းဖြင့် ညာဏ်အလင်းပွင့်အောင် လုပ်ရသော အသူရာ နည်းစနစ်အား ကျင့်ကြံကြသည်။ သူတို့၏ သတ်ဖြတ်နိုင်စွမ်း ကြီးမားသော အန္တိမ

သိုင်းကွက်ဖြစ်သည့် အသူရာ ကမ္ဘာဖျက် ဓားသွားသည်၊ ရှေးခေတ်က နတ်ဘုရား သတ်ဖြတ်ခြင်း ကျောင်းတော်၏ ကောင်းကင်ဘုံကို ဆန့်ကျင်သော လူသတ်ဓားနှင့်သာ ယှဉ်နိုင်လေသည်။

အစပထမက လင်းဖုန်းသည်၊ ရှေးခေတ်က နတ်ဘုရား သတ်ဖြတ်ခြင်း ကျောင်းတော်မှ ပျောက်ဆုံးနေသော နည်းစနစ်များကို လေ့ကျင့်နိုင်ခဲ့သည့် ဗိုလ်ချုပ်စဥ်းလဲနှင့်၊ ရှေးဟောင်းကမ္ဘာ စိမ့်မြေတွင် ရင်ဆိုင်ခဲ့ရဖူးသည်။ သို့သော်လည်း ဗိုလ်ချုပ်စဥ်းလဲမှာ ရွှေရောင်ဗဟိုချက်

အဆင့်က ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်ပြီး၊ သူ၏အရှေ့မှ အခြေတည်ဝိညာဥ် အဆင့်က အကြီးအကဲနှင့် တစ်တန်းတည်းထား၍ မရနိုင်ချေ။

မိစ္ဆာသခင် အဆင့်မှ ကျဲယုနှင့် ကွေန္ဓားဘုရင်တို့အား ရင်ဆိုင်ခဲ့ရသည်နှင့်၊ သူ၏ မျက်လုံးအစုံတို့သည် လင်းလက်စွာ တောက်ပလာခဲ့သည်။ သူသည် သူတို့အား သတ်ဖြတ်ရန် ကြံစည်နေသည်နှင့် တူနေပြီး၊ သွေးဆာနေသော စိတ်များက အသက်ဝင်လှုပ်ရှားတော့မည့်ပုံ ပေါက်နေခဲ့သည်။

ကျဲယုနှင့် ကွေန္တွားဘုရင်တို့သည် နှစ်ယောက်စလုံး အသံတိုးတိုးဖြင့် ဟိန်းလိုက်ကြကာ၊ မကျေနပ်မှုတို့ကို ဖော်ပြလိုက်ကြ၏။

ဟော်မိသားစု၏ ကျင့်ကြံခြင်းသည် သတ်ဖြတ်ခြင်းအား အခြေခံထားသည်။ သူတို့သည် သူတို့ကိုယ့်ကိုယ် မထိန်းချုပ်နိုင်ခဲ့လျှင်၊ သူတို့သည် အစုလိုက် အပြုံလိုက် သတ်ဖြတ်ကြမည် ဖြစ်ကာ၊ တစ်ကမ္ဘာလုံး၏ ဘုံရန်သူများ ဖြစ်သွားကြမည် ဖြစ်သည်။

ရှေးခေတ်က နတ်ဘုရား သတ်ဖြတ်ခြင်း ကျောင်းတော်သည်လည်း ထိုကဲ့သိုပင် ပျက်စီးသွားရခြင်း ဖြစ်သည်။

ဟောဘ်မိသားစုမှ အကြီးအကဲတို့သည် သူတို့၏ သင်ခန်းစာကို ယူလိုက်ပြီး၊ သူတို့၏ မိသားစု တစ်ခုလုံးကို လူသားကမ္ဘာ (နတ်ဘုရားနယ်မြေ)နှင့် မိစ္ဆာကမ္ဘာ (မဟာလွင်တီးခေါင် ကုန်းမြေ) တို့၏အကြားတွင် ဆက်သွယ်ထားသော ဒိုင်မန်းရှင်း အက်ကွဲကြောင်းများရှိရာ၊

မဟာချင် အင်ပါယာ၏ တောင်ပိုင်းသို့ ရွှေ့ပြောင်းလာကြသည်။

ထိုနေရာသည် သတ်ဖြတ်ခြင်းတို့ ကြီးစိုး၍ သွေးညှီနံ့ တစ်ထောင်းထောင်းထနေသော နေရာဖြစ်သည်။ ဟော်မိသားစုမှ အဖွဲ့ဝင်တို့သည် သူတို့၏ ခေးကို မိစ္ဆာတို့အား ပစ်မှတ်ထား၍ သူတို့၏ ကျင့်ကြံမှုကို တိုးတက်အောင်လုပ်၍၊ သူတို့၏ ဆေဘာစွမ်းရည်ကို မြှင့်တင်ကြ၏။ မဟာချင် အင်ပါယာကလည်း သူတို့၏ တောင်ပိုင်းနယ်နိမိတ်ကို ကာကွယ်ပေးသော

လက်အောက်ခံများအဖြစ်၊ ဟော်မိသားစု
ရှိနေခြင်းကို ကျေနပ်နေ၏။

မိစ္ဆာတို့သည် ဟော်မိသားစုအား
လက်စားချေရန် ကြိုးစားကြသော
အခါတို့တွင်လည်း၊ မဟာချင် အင်ပါယာက
စစ်ကူလွှတ်ပေးလေ့ရှိသည်။

လွန်ခဲ့သော နှစ်တစ်ထောင်အတွင်း၊
ဟော်မိသားစုသည် မိစ္ဆာပေါင်း
သောင်းနှင့်သိန်းနှင့်ချီကာ သတ်ဖြတ်ခဲ့ပြီး၊
လူသားအနည်းငယ်ကိုသာ သတ်ခဲ့သည်။
ထို့ကြောင့် သူတို့သည် ဒေသခံများ

အကြားတွင်လည်း နာမည်ကောင်း ရထားခဲ့သည်။

အခုအချိန်တွင် မိစ္ဆာသခင် နှစ်ပါးဖြစ်ကြသော ကျဲယုနှင့် ကွေ့နွားဘုရင်တို့ကို ကြည့်လိုက်ကာ၊ အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲသည့် သူ၏သွေးများသည် ခေါင်းထိတိုင်အောင် လည်ပတ်နေသည်ဟု ခံစားနေရသည်။

သို့သော်လည်း ထိုအခိုက်အတန့်သည် တစ်ခဏမျှသာ ကြာ၏။ သူသည် ဟန်ကိုယ်ဖို့လိုက်ကာ ပြုံးပြီးပြောလိုက်သည်။

"ခင်ဗျားတို့က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကလား?"

ကျဲယုက လူကြီးတစ်ယောက်ကဲ့သို့
ပြန်ပြောလိုက်သည်။ "ဟုတ်ပါတယ်၊
ခင်ဗျားက ဟော်မိသားစုကလား?"

"ဟုတ်ပါတယ်" ထိုအကြီးအကဲက
အပြုံးမပျက်သေးပေ။ သို့သော်လည်း
သူ၏အပြုံးမှာ မိတ်ဆွေအပြုံး မဟုတ်ချေ။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်က တော်တော်ဟုတ်နေပါလား။
သူက ဒီဟွမ်ဟိုင် စိတ်ဝိညာဉ်

အစည်းအဝေးကို ကိုယ်တိုင်တောင် မတက်ဘူး၊ သူ့ရဲ့ တပည့်တွေကိုသာ လွှတ်လိုက်တယ်"

ရှောင်ပုတန်လေးသည် ရယ်ချင်စိတ်ကို ချိုးနှိမ်ထားရသည်။ ဟော်မိသားစုက အကြီးအကဲက သူ့အား ခြိမ်းခြောက်သကဲ့သို့ ကြည့်လိုက်သော်လည်း၊ သူသည် ဂရုစိုက်ပုံ မပြခဲ့ပေ။ ထို့အစား သူသည် ပြုံးရွှင်စွာဖြင့် ပြန်ကြည့်လိုက်သည်။

"အာ? ဒီကလေးက စိတ်ဓာတ်ကြွခိုင်လှချည်လား" ဟော်မိသားစုမှ

အကြီးအကဲက မျက်စိများ ကျဥ်းမြောင်းသွားခဲ့ကာ ပြောလိုက်သည်။ ပြီးတာနှင့် သူသည် ရှောင်ပုတန်လေးက တစ်ခစ်ခစ်နှင့် အော်ရယ်နေသည်ကို ကြားလိုက်ရ၏။ "ခင်ဗျားရဲ့ မျက်လုံးတွေကို အကြီးကြီး ပြူးထားလိုက်ပြီး ကြည့်လိုက်ပါဦး။ ကျုပ်ဆရာက ခင်ဗျားရဲ့ ရှေ့တည့်တည့်မှာ ရှိနေတာ။ ခင်ဗျားရဲ့ အမြင်မကျယ်မှုကိုပဲ အပြစ်တင်ရမှာပဲ"

ဟောင်မိသားစုမှ အကြီးအကဲသည် ထိုစကားကို ကြားလိုက်ရပြီးနောက်တွင်၊ ထိတ်လန့်တုန်လှုပ် သွားခဲ့သည်။ သူသည်

ပတ်ဝန်းကျင် တစ်ခုလုံးကို အသေအချာ စိုက်ကြည့်လိုက်ပြီးမှ၊ နောက်ဆုံးတွင် သူ၏အကြည့်သည် လင်းဖုန်းအပေါ်သို့ ကျရောက်လာခဲ့သည်။

ဒါသည် လင်းဖုန်းက ခြိမ်းခြောက်နိုင်သော အော်ရာများကို ထုတ်လွှတ်နေ၍ မဟုတ်ချေ။ ပြောင်းပြန်သာ ဖြစ်သည်။ ရှိသောသူများ အားလုံးထဲတွင်၊ လင်းဖုန်းတစ်ယောက်ကသာ မှော်စွမ်းအင် တစ်စက်ကလေးမှ ထုတ်လွှတ်နေခြင်း မရှိပေ။ ထို့ကြောင့် ထိုအကြီးအကဲ အနေဖြင့်၊ သူ၏ ကျင့်ကြံမှု

အတိမ်အနက်ကို နားလည်နိုင်စွမ်းမရှိ
ဖြစ်နေခဲ့သည်။

လင်းဖုန်း၏ လူအားလုံး၏ အလယ်တွင်
ယူထားသော နေရာကို
ကြည့်လိုက်ခြင်းအားဖြင့်၊ သူသည် ကျင့်ကြံမှု
လုံးဝမရှိသော သူတစ်ယောက်
မဖြစ်နိုင်သည်မှာ သေချာနေ၏။

သို့သော်လည်း သူသည် လင်းဖုန်း၏ ကျင့်ကြံမှု
အဆင့်အတန်းကို ခန့်မှန်း၍ မရနိုင်သည်နှင့်၊
ဟော်မိသားစုမှ အကြီးအကဲသည်

နောက်ဆုံးတွင် ကျောမှရွေးအေးများ
ရွှဲနေအောင် ထွက်လာခဲ့သည်။

သူသည် နဂိုနေရာတွင် ကသိကအောက်
ဖြစ်လှစွာနှင့် ရပ်နေခဲ့သည်။ သူသည်
ဆက်ရပ်နေရမလား၊ ထွက်သွားရမလား
ဆိုသည်ကို မသိနေခဲ့ချေ။ နှစ်ပေါင်းများစွာ
ကျင့်ကြံလာပြီးနောက်တွင်၊ သူ၏စိတ်ခါတ်မှာ
သံမဏိဆေဘာကဲ့သို့ မာကျောနေပြီ
ဖြစ်သည်။ သူသည် နှိမ့်ချခြင်း မရှိသလို၊
တောင်းပန်စကားများကို ပြောလေ့မရှိပေ။
သို့သော်လည်း သူက မာမာထန်ထန်

ဆက်ဆံပါက၊ ကိုယ်သေတွင်းကိုယ် တူးသလို
ဖြစ်နေပေလိမ့်မည်။

အခြေတည်ဝိညာဥ် အဆင့်မှ
အကြီးအကဲသည် နေရာတွင်သာ
ကျောက်ရုပ်ကြီးကဲ့သို့ ရပ်နေ၍၊
ဘာဆက်လုပ်ရမှန်း မသိနေခဲ့ချေ။

"ကိုယ့်နေရာကိုယ် ပြန်လာခဲ့၊ ငါ့ကို သူများရဲ့
အရှေ့မှာ အရှက်ဆက်မခွဲနဲ့တော့"

ထိုအချိန်တွင် ရေခဲကဲ့သို့ အေးစက်နေသော
အသံတစ်ခုသည် ယုကျိုးမြို့အတွင်းမှ

ထွက်လာခဲ့သည်။ ထိုအသံသည်
ကျယ်လောင်ခြင်း မရှိသော်လည်း၊
ကြားရသူတိုင်းသည် ကျောရိုးတစ်လျှောက်
စိမ့်ကနဲ ဖြစ်သွားခဲ့၏။

ရန်သူ၏ သတ်ဖြတ်လိုစိတ်သည်
တိမ်တိုက်များကို သွေးကဲ့သို
နီရဲသွားစေရန်ပင် လုံလောက်နေ၏။

လင်းဖုန်းက ခပ်တည်တည်နှင့်
ပြောလိုက်သည်။ "ခင်ဗျားက ဟော်ရှူလား?
ကျုပ်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

သူ့မိသားစုမှ အင်မော်တယ် ဝိညာဥ် အဆင့်
ဂရန်းမာစတာ တစ်ယောက်
ပေါ်လာသောအခါမှပင်၊ ဟော်မိသားစု
အကြီးအကဲက သက်သာရာ
ရသွားတော့သည်။ သူ၏ အခြေအနေကို
ကိုင်တွယ်ပုံနှင့် ပတ်သတ်၍
အပြစ်တင်ခံရမည်ကို သိနေခဲ့သော်လည်း၊
ယခုကဲ့သို့ ခွတီးခွကျ အခြေအနေနှင့်စာသော
အများကြီး တော်သေးသည်။ သူသည်
လင်းဖုန်းအား ရိုသေစွာနှင့် ဦးညွှတ်လိုက်ကာ၊
ယုကျိုးမြို့အတွင်းသို့
ပြန်လည်ဝင်ရောက်သွားခဲ့သည်။

ကောင်းကင်ယံတွင် တစ်စုံတစ်ယောက်က ဆေဘာဖြင့် ခုတ်လိုက်သကဲ့သို့၊ ဟက်တက်ကွဲသွားပြီး ခါးဒဏ်ရာတစ်ခုကဲ့သို့ အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့သည်။

အသက် ၂၅၊ ၂၆လောက်သာ ရှိသေးသော လူငယ်တစ်ယောက်သည် လင်းဖုန်း၏ အရှေ့တွင် ပေါ်လာခဲ့သည်။ သူ၏ မျက်လုံးအစုံမှ နက်ရှိုင်းပြီး၊ လင်းယုန်ကဲ့သို့ နှာခေါင်းရှိသည်။ သူ၏ဝတ်ရုံမှာ မှင်ကဲ့သို့ မည်းနက်နေ၍၊ သူ၏မျက်နှာမှာ အေးစက်၍ အမူအရာ ကင်းမဲ့နေသည်။ သူသည်

လင်းဖုန်းအား တစ်မိနစ်တိတိခန့် စိုက်ကြည့်နေခဲ့ပြီးမှ ပါးစပ်ကိုဟကာ ပြောလိုက်သည်။ "မာစတာလင်း၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကျုပ်က ဟောဘ်ရှူပါ"

ထိုနေရာတွင် ရပ်နေရင်း၊ သူသည် ငရဲမှ သေမင်းနတ်ဘုရားကဲ့သို့ ဖြစ်နေ၏။ မရေမတွက်နိုင်သော အလောင်းပုံကြီးများနှင့် သွေးပင်လယ်ကြီးကို ကြုံတွေ့ဖြတ်သန်းလာခဲ့အပြီးတွင်၊ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် သတ်ဖြတ်၍ အရာအားလုံးကို ဖျက်ဆီးလိုသော စိတ်ဆန္ဒများဖြင့် ပြည့်နေခဲ့သည်။

လင်းဖုန်းသည် ဟော်ရှုအား ကြည့်လိုက်သည်။ သူသည် ဟော်မိသားစု၏ လက်ရှိပွဲကိုင်သူ ဖြစ်ပြီး၊ အင်မော်တယ်ဝိညာဉ် အဆင့်ကို လွန်ခဲ့သော နှစ်တစ်ထောင်ကတည်းက ရောက်ရှိနေခဲ့သူ ဖြစ်ကာ၊ ဟော်မိသားစုအား မိစ္ဆာများအား သတ်ဖြတ်ရန် မဟာချင် အင်ပါယာ၏ တောင်ပိုင်းသို့ ခေါ်ဆောင်လာခဲ့သူလည်း ဖြစ်သည်။

"အသူရာ သူတော်စင်၊ ကျုပ်က ခင်ဗျားရဲ့ နာမည်ကို ကြားဖူးနေခဲ့တာ အချိန်အတော်ကြာသွားခဲ့ပြီ" လင်းဖုန်းက

ခပ်တည်တည်နှင့် ပြောလိုက်သည်။ ဟော်ရှုသည် သူ့အား နောက်ထပ်တစ်မိနစ်ခန့် စိုက်ကြည့်လိုက်ကာ၊ သူ၏အနားမှ သတ်ဖြတ်လိုစိတ်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။ သူကခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။

"ကျွန်တော့်ရဲ့ ရိုးရှင်းတဲ့ နာမည်က ခေါ်ဆိုဖို့ မထိုက်တန်ပါဘူး။ အစောတုံးက ကျွန်တော့်ရဲ့ မိသားစု အဖွဲ့ဝင်က ခင်ဗျားတို့ကို စော်ကားမိပါတယ်။ ခင်ဗျားတို့က ဗွေမယူဘူးလို့ မျှော်လင့်ပါတယ်"

ဟောဉ်ရှုက သူ၏ အကြီးအကဲ အတွက်
တောင်းပန်ခဲ့သော်လည်း၊ လင်းဖုန်းသည်
မပျော်သွားခဲ့သလို ကြီးကျယ်သလိုလည်း
မခံစားခဲ့ရပေ။ ထို့အစား သူ၏ရင်သည်
အေးစက်လာခဲ့ကာ တွေးနေခဲ့သည်။
"ဟောဉ်ရှုက သူ့ရဲ့ အသူရာ နည်းစနစ်ရဲ့
အကန့်အသတ်တွေကို
ကျော်လွန်အောင်မြင်သွားခဲ့ပြီ"

သတ်ဖြတ်လိုစိတ်က တစ်ယောက်အား
လွှမ်းမိုးထားနိုင်လျှင်၊ သူသည် သူ၏ရင်ထဲမှ
ဆန္ဒ၏ ခိုင်းစေရာကိုသာ လိုက်နာမည်ဖြစ်ပြီး၊
အခြားဘယ်အရာကိုမှ ဂရုစိုက်တော့မည်

မဟုတ်ချေ။ သူသည် လုပ်ချင်ရာကိုသာ လုပ်မည်ဖြစ်သည်။

ဟော်ရှုက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ကျုပ်နဲ့ ကျုပ်မိသားစုဝင်တို့က မြို့ထဲမှာ ရက်ပေါင်း အနည်းငယ်လောက် နေဦးမှာ ဖြစ်ပါတယ်။ လိုတာရှိရင် ပြောနိုင်ပါတယ်၊ မာစတာလင်း"

စကားဆုံးတာနှင့် သူသည် ဘာမှဆက်မပြောခဲ့ပဲ၊ ကောင်းကင်အတွင်းသို့ ပျောက်ကွယ်သွားခဲ့သည်။

ဟော်ရှု၏ ပျောက်ကွယ်သွားသော ပုံရိပ်ကို ကြည့်ကာ၊ လင်းဖုန်းသည် အချိန်အတော်ကြာအောင် တိတ်ဆိတ်သွားခဲ့သည်။ ဖြည်းဖြည်းချင်း သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခုက ပေါ်လာခဲ့၏။ "ဟော်ရှု… စိတ်ဝင်စားစရာပဲ။ ကြည့်ရတာ မင်းက မင်းရဲ့ လက်ရှိ ကျင့်ကြံမှုအဆင့်ကနေ နောက်ထပ်တက်လှမ်း နိုင်တော့မယ်နဲ့ တူတယ်"

ယုကျိုးမြို့တွင် လက်ရှိနေထိုင်လျက် ရှိကြသော ဟော်မိသားစုဝင်များကိုမူ၊ လင်းဖုန်းက စိတ်ဝင်စားခြင်း အလျဉ်း

မရှိခဲ့ချေ။ သူသည် သူ၏ အခြွေအရံများကို ဦးဆောင်ကာ၊ ယုကျိုးမြို့ အတွင်းသို့ ဆင်းသက်လိုက်၏။

မြို့အတွင်းသို့ ဝင်ရောက်လိုက်သည်နှင့်၊ လင်းဖုန်းသည် ထူးခြားသော မျိုးသိပ်ထားသည် သတ်ဖြတ်လိုစိတ်တို့ကို အာရုံခံမိလိုက်သည်။ အချို့သည် ပြင်းထန်၍ အချို့က အားပျော့သည်။ စွမ်းအားကြီးသူတို့မှာ အခြေတည်ဝိညာဉ် အဆင့်တွင် ရှိကြ၍၊ အားနည်းသူတို့မှာ အခြေခံအုတ်မြစ် အဆင့်တွင် ရှိကြသည်။ သို့သော်လည်း သူတို့တွင် တူညီချက် တစ်ခု ရှိ၏။ သူတို့သည်

ခက်ခဲစွာနှင့် ဖိနှိပ်မျိုသိပ်ထားရခြင်း
ဖြစ်သည်။

ထိုသူတို့သည် လည်ပင်းပေါ်တွင်
ကြိုးတပ်ခံထားရသော မြင်းရိုင်းများနှင့်
တူနေ၏။ သူတို့သည် တစ်ချိန်လုံး
လွတ်မြောက်နိုင်ရန် ကြိုးစားနေကြသည်။
သို့သော်လည်း မြင်းရိုင်းများသည်
လွင်ပြင်ကျယ် များတွင်သာ
ဒုန်းစိုင်းပြေးချင်ကြကာ၊ ထိုသူတို့ကတော့
အစုလိုက် အပြုံလိုက် သတ်ဖြတ်၍ ယုကျိုးမြို့
တစ်ခုလုံးအား သွေးမြစ်တစ်စင်း အဖြစ်သို့
ပြောင်းလဲချင်နေပေသည်။

သတ်ဖြတ်ရန် ကြိုက်နှစ်သက်သူများမှာ ဟော်မိသားစုမှ အဖွဲ့ဝင်များ ဖြစ်ကြမည်ကို သံသယဖြစ်ဖွယ် မရှိချေ။ သူ၏ သတ်ဖြတ်လိုစိတ်အား ထိန်းချုပ်နိုင်သော တစ်ဦးတည်းသူမှာ ဟော်မိသားစု၏ ဂရန်းမာစတာ၊ အင်မော်တယ် ဝိညာဥ် အဆင့်မှ ဟော်ရှုသာဖြစ်သည်။

"ကောင်းလိုက်တဲ့ အကွက်" လင်းဖုန်းက စဥ်းစားဆင်ခြင်နေခဲ့သည်။ သူသည် ဟော်ရှု၏ အကြံကို နားလည်နေခဲ့သည်။ ပထမဦးစွာ၊ တစ်ယောက်၏ သတ်ဖြတ်လိုစိတ်ကို

ထိန်းချုပ်ထားခြင်းသည် သူ၏
တပည့်များအတွက် အကျိုးရှိသော
လေ့ကျင့်ခန်းတစ်ခု ဖြစ်သည်။

ဒုတိယ အနေနှင့်၊ သူသည်
သူ၏သိမ်းငှက်များအား အမဲလိုက်ရာတွင်
ကြမ်းတမ်းခက်ထန်စေရန်အတွက်၊
အမဲမလိုက်ခင် အစာအငတ်ထားထားသော
သိမ်းငှက်သခင်နှင့် တူနေ၏။ သူတို့၏
သတ်ဖြတ်လိုစိတ်များကို တစ်ချိန်လုံး
ဖိနှိပ်ထားရသော ဟော်မိသားစုမှ
တပည့်တို့သည်၊ ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးတွင် တခြားဂိုဏ်းမှ

တပည့်တို့နှင့် ရင်ဆိုင်ကြသည့် အခါတွင်၊ ပုံမှန်ထက်ပို၍ ပေါက်ကွဲလာကြမည် ဖြစ်သည်။ သူတို့၏ စွမ်းအားတို့မှာ ၁၂၀% အထိ တက်သွားနိုင်ပေသည်။

တောက်ဇီချွမ်သည် ဘေးမှနေ၍ ခါးသီးစွာ ပြုံးနေခဲ့သည်။ "အမှန်ဆိုရင် ယုကျိုးက မြို့သူမြို့သားတွေကို အပြင်တတ်နိုင်သလောက် မထွက်ကြဖို့နဲ့ လိုအပ်ရင် အကာအကွယ် ယူကြဖို့ ကြေငြာချက်တွေ ထုတ်ပြီးသားပါ။ ဒါပေမဲ့ ပော်မိသားစုက မိစ္ဆာတွေကို သတ်ဖြတ်သုတ်သင်ခဲ့တဲ့ ဖြစ်ရပ်တွေကြောင့်၊

သူတို့က နာမည်ကောင်း ရထားကြတယ်။
အခုဆိုရင် ဒေသခံတွေက ဒီသတ်ဖြတ်ခြင်း
နတ်သားတွေကို မကြောက်ကြတဲ့အပြင်၊
သူရဲကောင်းတွေလို့ပါ
သတ်မှတ်ထားကြတယ်ဗျ"

လင်းဖုန်းက ပြုံးလိုက်သည်။ "ဒါကလည်း
ဖြစ်နိုင်ခြေ ရှိတာပဲ။ တစ်ယောက်က
အန္တရာယ်နဲ့ တကယ် မတွေ့ကြုံရမချင်း၊ သူ့ရဲ့
ပြင်းထန်မှုကို
လျှော့တွက်ထားကြတတ်တယ်"

တောက်ဇီချွမ်သည့် တစ်ခုခုပြောမည်
ကြံလိုက်ဆဲတွင်၊ သူ၏
မျက်နှာပျက်သွားခဲ့သည်၊

လင်းဖုန်းက သူ၏အကြည့်နောက်ကို
လှည့်လိုက်ပြီး ကြည့်လိုက်သည်။ လူတစ်စုက
လမ်းပေါ်တွင် လမ်းလျှောက်နေကြသည်ကို
တွေ့လိုက်ရ၏။ သူတို့သည်
လုံးဝဖြူဆွတ်နေသော ဝတ်စုံတို့ကို
ဝတ်ဆင်ထားကြ၍၊ ရေခဲတမျှ အေးစက်သော
အော်ရာတို့ကို ထုတ်လွှတ်နေကြသည်။
သူတို့က ထုတ်လွှတ်နေသော
မော်စွမ်းအင်တို့မှာလည်း အမတန်မှ

ထူထဲလှ၏။ သူတို့ လေ့ကျင့်ထားကြသည် မှော်ကျိန်စာတို့မှာ သာမန်ဖြစ်မည် မဟုတ်ချေ။

တောက်ဇီချွမ်ကို ကြည့်လိုက်ကာ၊ လင်းဖုန်းက သူ၏တုံ့ပြန်မှုကို စောင့်နေခဲ့သည်။ တောက်ဇီချွမ်က သူတို့က မည်သည့်ဂိုဏ်းမှ ဆိုသည်ကို သိသည်မှာ သေချာနေသည်။

"ဒီလူတွေက နတ်ရေကန်ဂိုဏ်းက သူတွေပဲ" တောက်ဇီချွမ်က အသက်တစ်ချက် ရှူလိုက်ရင်း ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကြည့်ရတာ သူတို့ကလည်း
ဖိတ်စာရထားတယ်နဲ့ တူတယ်"

လင်းဖုန်းက တွေးလိုက်သည်။ "ကြည့်ရတာ
ချင်နဲ့ကျိုး အကြားမှာ၊ ဘယ်သူက အရင်စပြီး
လှုပ်ရှားလှုပ်ရှား၊ ကြီးမားတဲ့ အုံကြွမှုကြီး
တစ်ရပ်တော့ ဖြစ်လိမ့်မယ်"

နတ်ရေကန်ဂိုဏ်းသည် လူသားများ
အကြားတွင်၊ မြောက်ပိုင်းနှင်းလွင်ပြင်ဟု
နာမည်ကြီးသည့် နှင်းတောင်တန်းများ
အကြားရှိ ရေကန်တစ်ခုတွင်
အခြေချထားခြင်း ဖြစ်သည်။ သူတို့ဂိုဏ်းသည်

စတင်ဖွဲ့စည်းခဲ့သည့်မှာ
နှစ်ထောင်ပေါင်းများစွာရှိပြီ ဖြစ်ကာ၊
မြောက်ပိုင်းဒေသမှ အကြီးဆုံး ဂိုဏ်းများ
အတွင်းတွင် တစ်ခုအပါအဝင် ဖြစ်သည်။

သူတို့သည် မဟာမြင့်မြတ်နယ်မြေ သုံးခုနှင့်
မယှဉ်နိုင်ခဲ့သော်လည်း၊ ကောင်းကင်မာစတာ
ခေါ်ဂိုဏ်း၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော် စသည်တို့နှင့်
အဆင့်အတန်း တစ်တန်းတည်း ဖြစ်သည်။

သူတို့သည် လွန်စွာအေးစက်သော
မြောက်ပိုင်းတွင် နေထိုင်သူများ

ဖြစ်သည်နှင့်အညီ၊ နတ်ရေကန်ဂိုဏ်းနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့သည်
တစ်ယောက်နှင့်တစ်ယောက် မတည့်ကြချေ။

ပုံမှန်အားဖြင့်၊ ချင်နှင့်ကျိုးတို့ နှစ်ဦးအကြား
ပဋိပက္ခဖြစ်သော အချိန်တိုင်းတွင်၊
တစ်ဘက်က မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်နှင့် မဟာမိတ်ဖွဲ့လျှင်၊
ကျန်တစ်ဘက်က မျှခြေညီစေရန် အတွက်
နတ်ရေကန်ဂိုဏ်းနှင့် ပူးပေါင်းလေ့ရှိသည်။

ယခုအချိန်တွင်မူ၊ မဟာချင် အင်ပါယာသည်
မြောက်ပိုင်းမှ အင်အားစု နှစ်ခုစလုံးအား
သိမ်းသွင်းသည့် အနေဖြင့်၊
သူတို့နှစ်ဂိုဏ်းစလုံးကို ဖိတ်ကြားထားခဲ့သည်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာမှ
အရင်းအမြစ်များသည်
အပေါ်ယံသာဖြစ်သည်။ မဟာချင်
အင်ပါယာနှင့် ထိုအင်အားစု နှစ်ခု၏
အကြားတွင်၊ စားပွဲအောက်မှ
သဘောတူညီမှုများ ရှိနေမည်မှာ
မြေကြီးလက်ခတ် မလွဲဖြစ်သည်။

ယခုအခြေအနေအား မှန်းဆကြည့်လျှင်၊
မဟာချင် အင်ပါယာမှ နောက်ထပ်ရွှေ့မည့်
အကွက်သည် ရောမ အကွက်ဖြစ်ပေလိမ့်မည်။
ဒါသည် အနည်းငယ် အားနည်းသည့်ပုံ
ပေါက်နေသည် မဟာချင်မှ အရင်စတင်
တွန်းလှန်၍ မဟာကျိုးကို
တိုက်ခိုက်မည်လော၊ သို့မဟုတ် မဟာကျိုးက
သူတို့ကို တိုက်ခိုက်တော့မည်ဟု
သတင်းရထား၍၊ အရင်ကြိုတင်၍
တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းလည်း
ဖြစ်နိုင်၏။

"ဘာပဲဖြစ်ဖြစ်၊ ငါ့အတွက်တော့ ကောင်းကျိုးချည်းပဲကွ" လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ ပြင်ပတွင် ဖရိုဖရဲ ဖြစ်နေလေလေ၊ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကဲ့သို့သော ဂိုဏ်းအသစ်က ထောင်တက်လာရန် အခွင့်အရေး ကောင်းလေလေပဲ ဖြစ်သည်။

တည်ငြိမ်နေသော ရေအိုင်နှင့် သံမဏိပန်းကန်တို့သည် ပြောင်းလဲမှုများစွာမရှိနိုင်ချေ။ အကျိုးအမြတ် များကို အချင်းချင်း ညီမျှစွာ ခွဲဝေယူနေသည့်

အချိန်တွင်၊ နောက်ထပ် အင်အားစုအသစ်က အားကောင်းလာရန် ခဲယဉ်းလှ၏။

လင်းဖုန်းသည် ယုကျိုးမြို့လယ်ခေါင်သို့ တစ်ယောက်တည်း လျှောက်သွားလိုက်ကာ၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး စတင်ရန် စောင့်နေ၏။

ရှောင်ပုတန်လေးနှင့် ကျန်သောသူများက မြို့ထဲတွင် လျှောက်ပတ်ကြည့်နေ၏။ သူတို့၏ အချိန် အတော်များများကို ယုကျင်းတောင်ပေါ်တွင် ကုန်ဆုံးအပြီးတွင်၊

ပတ်ဝန်းကျင် အပြောင်းအလဲကို
တောင့်တနေကြသည်။

ဝမ်လင်းသည် ဆက်လက်၍
ကျင့်ကြံနေချင်သော်လည်း၊
ရှောင်ပုတန်လေး၏ နားပူနားဆာ လုပ်ခြင်းကို
မခံနိုင်၍ သူတို့နှင့်အတူ လိုက်ပါခဲ့၏။

လမ်းမအပေါ်တွင် လမ်းလျှောက်က
စည်ကားနေသည့် မြင်ကွင်းကို
ကြည့်လိုက်ကာ၊ ဝမ်လင်းက
သက်ပြင်းတစ်ချက် ချလိုက်သည်။
သူကျင့်ကြံမှု မစတင်ခင် အချိန်က သူသည်

တောင်ပေါ်က ရွာလေးတစ်ရွာတွင်
နေထိုင်ခဲ့ပြီး၊ သူတွေ့ကြုံဖူးသော
အစည်ကားဆုံးသော နေရာသည်
တောင်ခြေက မြို့လေးသာဖြစ်သည်။

အစောပိုင်းက ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ
အခမ်းအနားတွင်၊ သူသည် ဂိုဏ်းအတွင်းသို့
ဝင်ရောက်လာသော ဂိုဏ်းသားအသစ်များကို
လက်ခံကြိုဆိုရန်အတွက်သာ
အာရုံစိုက်နေခဲ့သဖြင့်၊ ရှကျိုးမြို့အတွင်းသို့
လျှောက်လည်ရန် အချိန်မရှိခဲ့ပေ။
အခုတစ်ခေါက်တွင် ရှကျိုးအောက်ကို
ပို၍မနိမ့်ကျသော မြို့တစ်မြို့ အတွင်းတွင်

လမ်းလျှောက်နေရသောအခါ၊ သူသည် နေသားမကျ ဖြစ်နေခဲ့၏။

သူ၏စိတ်ကို ဖွင့်ပေးခြင်းသည် သူ၏ မှော်ကျိန်စာများအား ပိုမိုနားလည်နိုင်ရန် အကူအညီ ပေးနိုင်၏။

"ဝမ်လင်း? ဝမ်လင်းမဟုတ်လား?"

လမ်းလျှောက်နေရင်း၊ သူသည် တစ်စုံတစ်ယောက်က သူ၏နာမည်ကို ခေါ်နေသံကို ကြားလိုက်ရ၏။ သူသည် လှည့်ကြည့်လိုက်သောအခါ၊ သူ့အား

အံ့သြတုန်လှုပ်စွာနှင့် ကြည့်နေသော
လူတစ်ယောက်ကို တွေ့လိုက်ရ၏။
ထိုသူသည် ကြည့်ရတာ
ရင်းနှီးနေပုံပေါက်သော်လည်း
သူစိမ်းဆန်လှ၏။

## စာစဉ် ၁၆ : အပိုင်း ၂

## အပိုင်း ၂၇၂ : ပျော်ရွှင်ဖွယ် မရှိသော ပြန်လည်ဆုံစည်းမှု

စကားလှမ်းပြောလိုက်သောသူမှာ မီးခိုးရောင် ဝတ်စုံအား ဝတ်ဆင်ထားသူ ဖြစ်သည်။

ဝမ်လင်းက သူ့အားကြည့်လိုက်သောအခါ၊ သူသည် သူ၏မျိုးနွယ်စုမှ ဝမ်းကွဲညီအစ်ကို တစ်ယောက်ဖြစ်သည်ကို မှတ်မိလိုက်၏။ အစပထမတွင် သူတို့နှစ်ယောက် စလုံးက ဟန်တောင်ကျောင်းတော်ကို ဝင်ခဲ့ကြသည်။ သို့သော်လည်း ထိုသူသည် ပါရမီပါသဖြင့် ချက်ချင်းပင် ဆရာတစ်ယောက်၏ ရွေးချယ်ခြင်းကို ခံလိုက်ရ၏။ ဝမ်လင်းမှာမူ ကိုယ့်ကိုယ်သတ်သေခြင်းဖြင့်သာ ဂိုဏ်းအတွင်းသို့ ဝင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထာဝရတာအိုဂိုဏ်းမှ မာစတာဖူပေက ဟန်တောင်ကျောင်းတော်အား

သိမ်းပိုက်လိုက်သောအခါ၊
ဟန်တောင်ကျောင်းတော်မှ
တပည့်များစွာတို့သည်
ထာဝရတာအိုဂိုဏ်းထံသို့
ကူးပြောင်းသွားကြသည်။

ထိုအချိန်မှစ၍ သူတို့နှစ်ယောက်သည်
မဆုံတွေ့ကြတော့ပေ။

ထို့နောက်ပိုင်းတွင် ဝမ်လင်း၏ ဘဝသည်
တစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့၏။ သူသည်
လင်းဖုန်း၏ ဂိုဏ်းသို့ဝင်လိုက်ကာ၊ သူ၏
အရင်ဘဝအား နှုတ်ဆက်ခဲ့လိုက်သည်။

ဝမ်လင်းက ထိုသူကို ယခုအချိန်တွင် ပြန်တွေ့ခဲ့သော်လည်း၊ သူတို့သည် မျိုးဆက်တစ်ခုစာ ပြန်မတွေ့ခဲ့သည့် အတိုင်း၊ တစိမ်းဆန်ကာ ဝေးကွာနေခဲ့သည်။

ထိုမီးခိုးရောင် ဝတ်စုံနှင့်လူသည် ဝမ်လင်းအား လူမှားခေါ်မိသကဲ့သို့ ကြည့်နေခဲ့သည်။ သူ့အတွက်မူ ဝမ်လင်းသည် ပို၍ မရင်းနှီး မကျွမ်းဝင်ခဲ့ချေ။ သူတို့ ကွဲကွာခဲ့သည်မှာ နှစ်နှစ်သာ ရှိသေးသော်လည်း၊ ဝမ်လင်း၏ ခန္ဓာကိုယ်မှာ အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။

အားနည်းပျော့ညံ့ကာ ပိန်ပိန်ပါးပါးနှင့် အစပထမတွင် ဂိုဏ်းဝင်ခွင့်မရပဲ၊ နောက်ပိုင်း ကိုယ့်ကိုယ် သတ်သေမှသာ ဝင်ခွင့်ရခဲ့သော ဝမ်လင်းသည်၊ အခုအချိန်တွင် ရင့်ကျက်သော သူရဲကောင်း ပုံစံနှင့် လူငယ်တစ်ယောက် ဖြစ်၍နေပေသည်။

သူကိုနှစ်ခါပြန်ကြည့်စေခဲ့သော အချက်မှာ၊ ဝမ်လင်း၏ ခန္ဓာကိုယ်မှ ထွက်နေခဲ့သော စွမ်းအားကောင်းသည့် အော်ရာများ ဖြစ်သည်။

အစပထမက ဟန်တောင်ကျောင်းတော်တွင် ဟာသဖြစ်ခဲ့သော ဝမ်လင်းသည်၊ ယခုအချိန်တွင် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်၍နေပေပြီ။ အခြားတစ်ဘက်တွင်မူ၊ ဟန်တောင်ကျောင်းတော်မှ ပါရမီရှင်လေးဟု သတ်မှတ်ခံထားရသော သူကိုယ်တိုင်မှာ၊ ယခုအချိန်အထိ ချီသာဝက အဆင့်မှ မတက်သေးပေ။ သူ၏အရှေ့မှ မြင်ကွင်းအား ကြည့်လိုက်ကာ၊ မီးခိုးရောင် ဝတ်စုံနှင့် လူငယ်သည် အိမ်မက်မက်နေသကဲ့သို့ ခံစားနေရ၏။

သူ၏ရင်ထဲတွင် လှုပ်ရှားတုန်လှုပ်နေဆဲမှာပင်၊ ဝမ်လင်း၏ စိတ်အခြေအနေမှာ တည်ငြိမ်လျှက်ရှိသည်။ သူသည် ဘာမှမဖြစ်သည့်ပုံနှင့် ပြောလိုက်သည်။ "ဝမ်ကျောက်? မတွေ့ရတာကြာပြီ။ နေကောင်းတယ်မလား?"

မီးခိုးရောင် ဝတ်စုံနှင့် လူငယ် ဝမ်ကျောက်သည်၊ ပါးစပ်ကို ဟလိုက်ကာ တစ်စုံတစ်ခုကို ပြောရန် ကြိုးစားလိုက်သည်။ သို့သော်လည်း သူ၏မျှော်လင့်ချက်နှင့် အမုန်တရားတို့မှာ အလွန်တရာ ကွဲပြားနေ၍၊

သူသည် အမတန် အံ့အားသင့်နေခဲ့ကာ
အသံတစ်စက်မှ မထွက်နိုင်ခဲ့ချေ။

ရှုကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနား အပြီးတွင်၊
လင်းဖုန်း၏ လက်အောက်မှ တပည့်များသည်
နာမည်ကျော်ကြားကာ လူတိုင်းသိနေကြ၏။
ဝမ်ကျောက်သည် ဝမ်လင်း၏ နာမည်ကို
ကြားရသောအခါ၊ ထို'ဝမ်လင်း'သည် သူ၏ညီ
ဖြစ်သလား ဆိုသည်ကို သံသယ ဖြစ်နေခဲ့၏။

သူသည် လုံးဝမဖြစ်နိုင်ဟူ၍သာ တွေးနေခဲ့၏။
သို့ဖြစ်၍ အမှန်တရားက သူ၏အရှေ့တွင်
ဘွားဘွားကြီး ပေါ်လာခဲ့သော အချိန်တွင်၊

သူ၏မျက်နှာအား ဖြတ်ရိုက်သကဲ့သို့ ခံစားလိုက်ရသည်။

"သူက ကျင့်ကြံမှုစွမ်းရည် ဘာမှမရှိတဲ့ အမှိုက်ပဲ၊ သူက ဘယ်လိုလုပ်ပြီး ဒီလောက်အချိန် တိုတိုလေး အတွင်းမှာ၊ အခြေခံအုတ်မြစ် အဆင့်ကို ရောက်သွားရတာလဲ?" ဝမ်ကျောက်က သူ၏ရင်ထဲမှနေ၍ နာကျင်စွာ ခံစားနေရ၏။ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တကယ်ကိုပဲ အရမ်းအစွမ်းထက်တာလား? အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က

တကယ်ကိုပဲ လက်နဲ့ထိတိုင်း
ရွှေဖြစ်သွားတာလား?"

ထိုအချိန်တွင် အနက်ရောင်ဝတ်စုံနှင့်
လူငယ်တစ်ယောက်သည်၊
အရှေ့သို့လျှောက်လာကာ ဝမ်လင်းအား
အေးစက်စွာနှင့် စိုက်ကြည့်လိုက်ပြီး၊
ဂရုမစိုက်သလိုနှင့် မေးလိုက်သည်။
"ဝမ်ကျောက်၊ ဒါက မင်းအမြဲတမ်း
ပြောပြောနေတဲ့ မင်းရဲ့ညီ
ဝမ်လင်းဆိုတာလား?"

ဝမ်ကျောက်က ပြန်ဖြေလိုက်သည်။
"ဟုတ်ကဲ့ပါ၊ အမှတ်၁၇ သခင်လေး၊ သူက ကျွန်တော့်ရဲ့ညီ ဝမ်လင်းပါ"

ဝမ်လင်းက သူ၏ခေါင်းကို မော့လိုက်ကာ ထိုဝတ်ရုံနက် လူငယ်အား ကြည့်လိုက်သည်။ သူ့ကို ကြည့်ရသည်မှ အလွန်ထက်မြက်လှသော သံမဏိ ဓားတစ်ချောင်းကို၊ ဓားအိမ်အတွင်းမှ ထုတ်ထားသည်နှင့် တူနေ၏။ သူသည် လူသတ်လိုစိတ်များဖြင့် ပြည့်နှက်နေ၏။

"ဟော်မိသားစုက တပည့်တစ်ယောက်ပဲ?" ဝမ်လင်းက ချကချင်း သဘောပေါက်သွားခဲ့သည်။ ဟော်မိသားစုသည် မဟာချင် အင်ပါယာ၏ တောင်ပိုင်းတွင် အကြီးမားဆုံး အင်အားစုတစ်ခု ဖြစ်သည်။ ထာဝရ တာအိုဂိုဏ်း အပါအဝင်၊ ကျန်သောဂိုဏ်းများ အားလုံးသည် သူတို့အား လေးစားရသည်။ မာစတာ ဖူပေသည် မည်မျှပင် သန်မာသည် ဆိုဦးတော့၊ သူသည်လည်း ဟော်မိသားစု အရှေ့တွင် အမြီးကုပ်နေရမည် ဖြစ်သည်။

ဝမ်ကျောက်သည် ထာဝရ တာအိုဂိုဏ်းသို့ ဝင်ပြီးနောက်တွင် ထူးခြားသော အကြောင်းအရာ တစ်ချို့ကြောင့်၊ သူသည် ဟောင်မိသားစု၏ စိတ်ဝင်စားမှုကို ခံလိုက်ရသည်။ အခုအချိန်တွင် သူသည် ဟောင်မိသားစု၏ အရန်တပည့် တစ်ယောက် ဖြစ်နေပေလိမ့်မည်။

ထိုအခြေအနေမျိုးသည် ဟောင်မိသားစုနှင့် ယုမိသားစုကဲ့သို့သော ကျင့်ကြံသူ မိသားစုများတွင်၊ အဆန်းမဟုတ်တော့ချေ။ သူတို့၏ ဗဟိုအဖွဲ့ဝင်များ၏ စည်းလုံးမှုကို ထိန်းသိမ်းထားကြဆဲတွင်ပင်၊ သူတို့သည်

အရန်တပည့်များအဖြစ်
အခြားကျင့်ကြံသူတို့အား ဆွဲဆောင်ကာ၊
အရန်တပ်ဖွဲ့ အင်အားကောင်းကောင်း
တစ်ခုကို ဖွဲ့စည်းထားကြ၏။

သန့်မာသော ပင်စည်ဖြင့်၊ အကိုင်း
အခက်အလက်တို့သည် ဝေဝေဆာဆာ
ဖြစ်လာကြကာ၊ နောက်ထပ်
သွေးသစ်သားသစ်တို့ဖြင့် မိသားစု
ရေရှည်တည်တံ့ရေးကို သေချာအောင်
လုပ်ကြမည် ဖြစ်သည်။

ဝမ်ကျောက်ကိုကြည့်လိုက်ကာ၊ ဝမ်လင်းသည် သူ၏ခေါင်းကို ခါလိုက်သည်။ သူ၏ မှတ်ဉာဏ်ထဲတွင် သူ၏အစ်ကိုသည် ဟိုအချိန်တုံးက၊ မာနကြီးကာ စိတ်လွတ်ကိုယ်လွတ်ရှိ၍ ရည်မှန်းချက် မြင့်မားသော လူငယ်တစ်ယောက် ဖြစ်သည်။

အခုအချိန်တွင်မူ သူသည် ဟော်မိသားစု၏ ခြေထောက်အောက်ကို ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူ၏ မာနနှင့် ဂုဏ်သိက္ခာတို့သည် ရေစုန်မျောသွားခဲ့ပေပြီ။

ဟောဲမိသားစုသို့ ဝင်ရောက်ခြင်းဖြင့်
တစ်ယောက်သည်၊ ထာဝရ တာအိုဂိုဏ်းထက်
ပိုများသော အရင်းအမြစ်များနှင့်
လမ်းညွှန်မှုများကို ရနိုင်ပေသည်။
ဟန်တောင်ကျောင်းတော်နှင့် စာလိုက်လျှင်၊
အဆပေါင်း ရာနှင့်ချီ၍ ကွာပေလိမ့်မည်။
သို့သော်လည်း အနစ်နာခံလိုက်ရမည်မှာ
မိမိ၏ ဂုဏ်သိက္ခာနှင့် မာနတို့ပင် ဖြစ်သည်။

တစ်ကယ်တမ်း တွက်လိုက်လျှင် ရှုံးသလား၊
မြတ်သလား ဆိုသည်ကို
ဝမ်ကျောက်တစ်ယောက်သာ သိပေလိမ့်မည်။

ဝမ်လင်းက သူ၏ခေါင်းအား ခါလိုက်သည်ကို ကြည့်လိုက်ကာ၊ ဝမ်ကျောက်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာ၏။ သူသည် လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ကာ၊ ဘာကိုမှ ပြန်မပြောခဲ့ချေ။

သို့သော်လည်း ဝမ်ကျောက်က 'အမှတ်၁၇ သခင်လေး'ဟု ခေါ်လိုက်သော ဝတ်ရုံနက်နှင့်လူငယ်၊ ဟော်ချန်းသည် သူ၏ မျက်ခုံးအစုံကို ပင့်လိုက်ကာ ဝမ်လင်းအား အေးစက်စွာဖြင့် ပြုံးကာကြည့်လိုက်၏။

"မင်းရဲ့ခန္ဓာကိုယ်ကို ကြည့်ရတာ၊ မင်းက သက်လတ်ပိုင်းအရွယ်ကို ရောက်သွားပြီ"

"ဝမ်ကျောက်ပြောထားတာက မင်းတို့နှစ်ယောက် ကွဲကွာခဲ့တာ အချိန်နှစ်နှစ် မကျော်သေးဘူး ဆိုတော့၊ မင်းက ဒီနှစ်နှစ် အတောအတွင်းမှာ အချိန်ကို ပိုမြန်စေတဲ့ မြင့်မြတ်တဲ့ အဆောင်တစ်ခုမှာ လေ့ကျင့်နေတာပဲ ဖြစ်ရမယ်" ဟော်ချန်းက ပြုံးလိုက်ကာ သူ့အား စဉ်းလဲသော အကြည့်ဖြင့် ကြည့်လိုက်သည်။ "ဆယ်နှစ်၊ ဒါမှမဟုတ် ဆယ်စုနှစ်ပေါင်းများစွာ

လေ့ကျင့်ပြီးတာတောင်၊ မင်းက
အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးတယ်"

"အားလုံးက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
တပည့်တွေ အားလုံးက ပါရမီရှင်ကြီးတွေလို့
ပြောကြတယ်။ ကြည့်ရတာ
ကောလဟာလဆိုတာ ကောလဟာလ
သက်သက်ပါပဲ"

သူသည် ထိုအချိန်တွင်ပင် သူ၏
မော့်စွမ်းအင်အား ထုတ်လွှတ်လိုက်၏။
ချက်ချင်းဆိုသလိုပင် သူ၏ ခန္ဓာကိုယ်၏
၁၀မီတာ ပတ်ပတ်လည်မှ လေဟာနယ်သည်

သေမင်းအငွေ့အသက်တို့ဖြင့်
တင်းကြပ်ပြည့်လျှံနေသော
စွမ်းအားကြီးလှသည့် အော်ရာများဖြင့်
ဖုံးလွှမ်းသွားခဲ့သည်။ အသက်ရှူရန်ပင်
ခက်ခဲလာပြီး၊ ကျင့်ကြံမှု မရှိသော
သာမန်လူများ အနေဖြင့် ယင်းအော်ရာနှင့်
ထိတွေ့လိုက်လျှင် သေသွားမည်ဖြစ်သည်။

သူ၏အော်ရာကို ထုတ်လွှတ်လိုက်ခြင်းဖြင့်၊
ဟော်ချန်းသည် အခြေခံအုတ်မြစ် နောက်ဆုံး
အဆင့်သို့ ရောက်နေသော သူ၏ ကျင့်ကြံမှု
အဆင့်ကို ပြလိုက်သည်။

ဝမ်လင်းသည် သူ့လုံခွက်၏
အဆင့်အတန်းအား မမြင်ရသော်လည်း၊ သူ၏
မှော်စွမ်းအင်တို့၏ စွမ်းအားအရ
အဆင့်မြင့်မည်ဟု ပြောရသည်။

ဟော်ချန်းသည် အသက်၂၀ ဝန်းကျင်သာ
ရှိသေးသည်။ ထိုအသက်အရွယ်နှင့်
လုံခွက်အား ဖော်ဆောင်နိုင်သည်မှာ
ဟော်မိသားစု အတွင်း၌ပင် ရှားပါးသည်ဟု
ပြောရသည်။ ထို့ကြောင့်ပင် သူသည်
ခက်ထန်မောက်မာနေရခြင်း ဖြစ်သည်။

ဝမ်လင်းသည် ဟော်ချန်း
ထုတ်လွှတ်လိုက်သော သတ်ဖြတ်ခြင်း
အော်ရာတို့၏ အဓိကပစ်မှတ် ဖြစ်သည်။
သို့သော်လည်း သူသည် ဘာမှ
မခံစားရသည့်အလား၊ ဟော်ချန်းအား
တည်ငြိမ်စွာနှင့် ပြန်ကြည့်နေခဲ့သည်။

ဟော်ချန်း၏ ထူထဲလှသည့် မျက်ခုံးတို့မှာ
တွန့်သွားခဲ့ပြီး၊ သူ၏ အပြုံးတို့မှာ ပို၍
အေးစက်လာ၏။ သူသည် သူတစ်ပါးတို့အား
သတ်ဖြတ်ခြင်းတွင် အတွေ့အကြုံ
ရင့်နေပြီဖြစ်၍၊ ဝမ်လင်းသည် နာကျင်မှုကို
မခံစားနေရမှန်းကို သိနေ၏။ သူသည်

တကယ်ကို လုံးဝဘာမှ မခံစားရခြင်း ဖြစ်သည်။ သို့တိုင်အောင် ဟော်ချန်း၏ သတ်ဖြတ်လိုစိတ်သည် ပို၍ပို၍ ပြင်းထန်လာ၏။

"၁၇၊ ဘာတွေဖြစ်နေတာလဲ?" အေးစက်သော အသံတစ်ခုသည် ရုတ်တရက် ပေါ်လာ၏။ ထိုအသံနှင့်အတူ ဟော်ချန်းနှင့် ရုပ်ဆင်သော လူငယ်တစ်ယောက်သည် ပေါ်လာခဲ့သည်။ သူ၏ပုံစံမှာ ဟော်ချန်းနှင့် အတော်တူသော်လည်း၊ သူ၏ သတ်ဖြတ်လိုစိတ်မှာမူ ဟော်ချန်းထက်ပင် ပိုအားကောင်းသေးသည်။

ထိုဝတ်ရုံနက်နှင့် လူငယ်အား ကြည့်လိုက်ကာ၊ ဝမ်ကျောက်၏ခေါင်းသည် ငုံ့သွားခဲ့ကာ ဟော်ချန်းကလည်း သူ၏စွမ်းအားများကို ရုပ်သိမ်းလိုက်သည်။ သူက ရိုသေစွာနှင့် နှုတ်ဆက်လိုက်သည်။ "ဒုတိယ အစ်ကို"

ဟော်မိသားစု၏ သွေးဆာနေသော တပည့်များကို ငြိမ်သက်စေနိုင်သည်မှာ၊ ဟော်မိသားစု၏ ပို၍ အင်အားကြီးသော တပည့်တို့ပင် ဖြစ်သည်။ သူတို့အား တိုက်ခိုက်ခြင်းသည် သေမိန့်ကျခြင်းနှင့် အတူတူ ဖြစ်သည်။

ထိုအနက်ရောင် ဝတ်စုံနှင့် လူငယ်သည်၊
ဟော်ချန်းအား ယုန်ငယ်လေး
တစ်ကောင်သဖွယ် အမိန့်နာခံစေရန်
စွမ်းဆောင်နိုင်သည့် လူတစ်ယောက်ပင်
ဖြစ်ပေသည်။

သူသည် ဟော်မိသားစုမှ ဒုတိယ မာစတာ
ဟော်မင်ဖြစ်၏။

ဘာမှမလုပ်ပဲ ဒီအတိုင်းရပ်နေကာ သူ၏
သတ်ဖြတ်လိုစိတ် အော်ရာများကို
မထုတ်လွှတ်ရသေးမီပင်၊ သူသည် သူ၏

ဘေးပတ်ပတ်လည်မှ လူများအား
သွေးဆာနေသော စိတ်ခတ်ကျဖွယ်
ငရဲအတွင်းတွင် ကျရောက်သွားရသည်ဟု
ခံစားရစေနိုင်ခဲ့သည်။

ဝမ်လင်းသည် ဟော်မင်အား ကြည့်လိုက်ကာ
မျက်မှောင်ကြုတ်လိုက်ပြီး တွေးလိုက်သည်။
"ရွှေရောင်ဗဟိုချက် အဆင့်။ ပြီးတော့၊ သူက
နောက်ဆုံးအဆင့်ကို ရောက်နေပြီ။
နည်းနည်းလေး ရှေ့ဆက်နိုင်ရင်
အခြေတည်ဝိညာဥ် အဆင့်ကို
ရောက်တော့မယ်"

ကျင့်ကြံသူ မိသားစုတို့တွင်
သက်တမ်းရှည်လျားကြသဖြင့်၊ သူတို့၏
ကလေးများသည် အသက်အရွယ်
အလွန်အမင်း ကွာခြားနိုင်ကြ၏။ အသက်ချင်း
သိပ်မကွာကြသော ညီအစ်ကိုတို့တွင်
တစ်ယောက်က မြေးများ ရှိနိုင်ကြသော်လည်း၊
တစ်ယောက်က လူပျိုကြီးဘဝကနေ
မကျွတ်သေးသည်လည်း ဖြစ်နိုင်၏။
ထို့ကြောင့် မျိုးဆက်တူသော ညီအစ်ကိုတို့တွင်
ခြားနားချက် ကြီးကြီးမားမားလည်း
ရှိနိုင်ကြ၏။

သူ၏အရှေ့တွင် ရပ်နေသော ဟော်မင်သည် ဟော်မိသားစု၏ မြင့်မြတ်သော အဆောင်တွင်၊ အချိန်အတော်ကြာအောင် လေ့ကျင့်ထားပြီး ဖြစ်သည်။ ထို့ကြောင့် သူသည် အသက်၁၀၀ကျော် ရှိပြီဖြစ်ကာ၊ ဟော်ချန်းထက် အသက်အများကြီး ပိုကြီး၏။

သို့သော်လည်း ဒါက သူတို့၏ နံပါတ်နှစ် သို့မဟုတ် နံပါတ် တစ်ဆယ့်ခုနစ် ဟူ၍ သတ်မှတ်ထားသော အကြောင်းရင်းမဟုတ်ချေ။ ဟော်မင်ထက် အသက်များစွာ ပို၍ကြီးသော မျိုးဆက်တူ ညီအစ်ကို များစွာတို့လည်း ရှိသေးသည်။

ဟော်မိသားစုတွင် မျိုးဆက်တူ ညီအစ်ကိုများ
အကြားမှ အဆင့်အတန်းအား၊ သူတို့၏
သိုင်းပညာ အဆင့်အတန်းနှင့် ခွဲခြားထား၏။
စွမ်းအားကြီးလေလေ၊ အဆင့်ပိုမြင့်လေလေ
ဖြစ်၏။

ဟော်မင်နှင့် ရင်ဆိုင်လိုက်ရသည့် အချိန်တွင်၊
ဝမ်လင်းသည် ဖိအားများအား
စတင်ခံစားလိုက်ရသည်။

"တတိယ ဂျူနီယာ၊ မင်းက အတိတ်က
မိတ်ဆွေဟောင်းတွေနဲ့ တွေ့နေတာလား?"

ခရမ်းရောင် ဝတ်စုံနှင့် စာသင်သား
တစ်ယောက်သည် ဖြည်းဖြည်းချင်း အရှေ့သို့
ထွက်လာကာ၊ ဝမ်လင်း၏
ဘေးတွင်ယှဥ်ရပ်လိုက်သည်။ သူသည်
ဇူရီဖြစ်သည်။

ဇူရီအား ကြည့်လိုက်၍ ဟော်မင်၏
မျက်လုံးအစုံတို့သည် တောက်ပလာခဲ့ကာ၊
သူ၏ သတ်ဖြတ်လိုစိတ် တို့ကို
ထုတ်လွှတ်လိုက်သည်။ သူ၏
ကိုယ်အတွင်းမှနေ၍ ဒီရေလှိုင်းလုံးများ
အလား ဖြာဆင်းလာခဲ့သည်။

ထိုအချိန်တွင်၊ ယုကျိုးတစ်မြို့လုံးသည် တုန်ခါသွားခဲ့၏။

သို့သော်လည်း သူကိုရင်ဆိုင်နေခဲ့သော ဇူရီသည်၊ ဘာမှ သက်ရောက်ခြင်း မခံရသကဲ့သို့ ရှိနေ၏။ သူသည် လေပြေတစ်ခုပမာ တည်ငြိမ်စွာနှင့် ရပ်နေခဲ့ရင်း တည်ငြိမ်စွာနှင့် ပြုံးလိုက်သည်။ "ဟော်မိသားစုဝင် တစ်ယောက်လား? ဘာဖြစ်လို့လဲ? ဒီနေရာမှာ တိုက်ခိုက်ချင်နေတာလား?"

"ဒါဆိုရင်လည်း၊ ချလိုက်ကြစို့" သူ၏ အသံသည် သာမန်လူတစ်ယောက်နှင့် စကားပြောနေရသည့် အလား၊ သဘာဝအတိုင်း တည်ငြိမ်နေခဲ့သည်။ သူသည် ဟော်မင်၏ ခန္ဓာကိုယ်မှ ပေါက်ကွဲထွက်လာခဲ့သည့် သတ်ဖြတ်လိုစိတ်အား လျှစ်လျူရှုထားသကဲ့သို့ ဖြစ်နေခဲ့သည်။

ဟော်မင်သည် ဇူရီအား စိုက်ကြည့်နေခဲ့ကာ၊ သူ၏ လည်ချောင်းအတွင်းမှ အသံထွက်လာခဲ့သည်။ "မင်းတို့ရဲ့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထဲမှာ၊ ငါက မင်းတို့ရဲ့

အစ်ကိုကြီး ရှောင်ယန်ကိုပဲ စိတ်ဝင်စားတာ။ ဒါပေမဲ့ အခုတော့၊ မင်းကလည်း စိတ်ဝင်စားဖို့ ကောင်းသားပဲ"

ဇူရိက မျက်မှောင်ကြုတ်လိုက်ပြီး တည်ငြိမ်စွာနှင့် ပြန်ပြောလိုက်သည်။ "ဒါပေမဲ့ ငါ့အတွက်တော့၊ မင်းက စိတ်ဝင်စားဖို့ မကောင်းဘူး"

ထိုစကားကို ကြားလိုက်ရသော ဟောင်မင်သည်၊ ဒေါသမထွက်လာခဲ့ပေ။ ထို့အစား သူ၏ သတ်ဖြတ်လိုစိတ်တို့သည် ပို၍ပို၍ ပြင်းထန်လာခဲ့ကာ ပြောလိုက်သည်။

"အရမ်းကောင်းတယ်၊ ငါက ငါတို့ ဂရန်းမာစတာ ချမှတ်ထားတဲ့ စည်းကမ်းတွေကို ဂရုမစိုက်နိုင်တော့ဘူး။ မင်းကို အခုချက်ချင်း သတ်ပြီး၊ နောက်မှပဲ သူ့ကို ပြန်တောင်းပန်တော့မယ်"

သူ၏ဘေးမှ ဟော်ချန်းသည် အေးစက်စွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။
"ငါးတစ်ကောင်နဲ့ တခြားငါးတစ်ကောင်က တွေ့ကြပြီဆိုတော့၊ ပုစွန်ကလည်း နောက်ပုစွန်တစ်ကောင်နဲ့ တွေ့ကြတာပေါ့။ ဒုတိယ အစ်ကိုက သူ့ပြိုင်ဘက်နဲ့

တွေ့သွားပြီဆိုတော့၊ ငါက
မင်းတို့နှစ်ယောက်နဲ့ ကစားရတာပေါ့"

ဝမ်လင်း၏ အမူအရာတို့မှာ
မပြောင်းလဲသွားခဲ့ပဲ ပြန်ပြောလိုက်သည်။
"ကောင်းပြီလေ"

ဟော်ချန်းက ယခုကဲ့သို့ ပြောလိုက်မည်ဟု
မည်သူက သိလိုက်မည်နည်း။
"မင်းကိုပြောနေတယ် ထင်လို့လား? ဟော့၊
မင်းက အရည်အချင်း မမှီသေးဘူး။ ငါက
မင်းရဲ့အနောက်က တစ်ယောက်ကို
ပြောနေတာ"

သူ၏အနောက်တွင် ဇူရီနှင့်အတူ ယွဲ့ဟုန်ယန်က ထွက်လာခဲ့သည်ကို သိနေခဲ့သော ဝမ်လင်းသည်၊ အမူအရာ တည်ငြိမ်နေဆဲဖြစ်သည်။

တောက်လောင်နေသော အနီရောင် မျက်လုံးသူငယ်အိမ်နှင့် ယွဲ့ဟုန်ယန်သည်၊ အရှေ့သို့ ထွက်လာပြီးနောက်တွင် ဘာကိုမှ မပြောခဲ့ပေ။ သူမသည် ဇူရီနှင့် ဝမ်လင်းတို့ အနောက်တွင် ရှိသေစွာ ရပ်နေခဲ့ကာ၊ သူတို့နှစ်ယောက်အား ပြဿနာများကို ဖြေရှင်းစေနေခဲ့သည်။

သို့သော်လည်း သူမ၏ ခက်ထန်သော ကိုယ်ကျင့်စရိုက်နှင့်ဆိုလျှင်၊ သူမသည် သူမကို ပြဿနာ လာရှာသောသူအား အလျှော့ပေးလိမ့်မည် မဟုတ်ချေ။ သူမသည် မုန်တိုင်းကဲ့သို့ မာန်ထလာခဲ့ကာ၊ မီးတောက်မီးလျှံများအလား သူမ၏ မှော်စွမ်းအင်တို့သည် သူမ၏ ခန္ဓာကိုယ် အတွင်းမှ တောက်လောင်လာခဲ့၍၊ ဟော်ချန်း၏ သတ်ဖြတ်လိုစိတ်တို့ကို ရင်ဆိုင်ခဲ့သည်။

ဟော်ချန်း၏ အကြည့်တို့မှာ သူမ၏
အပေါ်တွင် ကျရောက်သွားခဲ့သည်။
"အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်?"
သူမက အသက်နှစ်ဆယ်တောင်
မပြည့်သေးဘူး"

နှစ်ဦးနှစ်ဘက်တို့သည်
တစ်ယောက်မျက်နှာကို တစ်ယောက်
စိုက်ကြည့်နေခဲ့ကာ၊ တိုက်ပွဲကြီးတစ်ခုက
ဖြစ်ပွားတော့မည် ဖြစ်သည်။ ရုတ်တရက်ပဲ
ကောင်းကင်ပေါ်မှ အသံနှစ်ခုက
ထွက်ပေါ်လာခဲ့သည်။

အသံနှစ်ခုအနက်မှ တစ်ခုမှာ ဟော်မိသားစုမှ အင်မော်တယ် ဝိညာဉ် အဆင့် ဂရန်းမာစတာ ဟော်ရှူ၏ အသံဖြစ်သည်။ "ဟော်မင်၊ ဟော်ချန်း၊ အခုချက်ချင်း ပြန်လာခဲ့စမ်း၊ မဟုတ်ရင် မင်းတို့နှစ်ယောက် စလုံးကို သတ်ပစ်လိုက်မယ်!"

အခြားအသံတစ်ခုမှ လင်းဖုန်း၏ အသံဖြစ်၏။ သူသည် တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "မင်းတို့က ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ တိုက်ခိုက်ဖို့အတွက် အခွင့်အရေး ရှိပါတယ်"

ဟောဉ်မင်နှင့် ဟောဉ်ချန်းတို့သည်
တစ်ယောက်ကိုတစ်ယောက်
နှောင်တရစွာဖြင့် ကြည့်လိုက်ကြ၏။
ဟောဉ်မင်မှာ နှာတစ်ချက်မှုတ်လိုက်၍၊
ဘာမှမပြောပဲ ကောင်းကင်ပေါ်သို့
ပျံတက်သွားခဲ့သည်။

"မင်းရဲ့ ဂိုဏ်းတူညီအစ်ကိုတွေက
ရွှေရောင်ဗဟိုချက် အဆင့်မှာ
ရှိနေပြီမဟုတ်လား? မင်းကတော့
အခုအချိန်အထိ အခြေခံအုတ်မြစ် အဆင့်မှာပဲ
ရှိသေးတယ်" ဟောဉ်ချန်းက ထွက်မသွားခင်
ဝမ်လင်းဘက်သို့ လှည့်လိုက်ကာ

ပြောလိုက်၏။ "မင်းအနောက်က ဟိုကောင်မက မင်းရဲ့နောက်မှ ဂိုဏ်းကိုဝင်လာတာ။ ဒါတောင်မှ သူမက အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်ကို ရောက်နေပြီ။ မင်းရဲ့ လက်ရှိအဆင့်က ဘယ်လောက်လဲ? ဒီနှစ်ပိုင်းတွေ အတွင်းမှာ မင်းရဲ့ တိုးတက်မှုက ဘယ်လောက်ပဲ ရှိသလဲ?"

တစ်ဟားဟားနှင့် လှောင်ပြောင်ရယ်မောလိုက်ကာ၊ ဟော်ချန်းသည် ဝမ်ကျောက်နှင့်အတူ ထွက်သွားခဲ့၏။

ဇူရီနှင့် ယွဲ့ဟုန်ယန်တို့၏ မျက်နှာတို့မှာ လေးနက်တည်ကြည်နေကြ၏။ ဇူရီသည် ဟော်ချန်းအား ဟန့်တားရန်ပင် ဟန်ပြင်လိုက်၏။ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တစ်ယောက်သည် အဘယ်ကြောင့် သူတပါးတို့၏ စော်ကားခြင်းကို ခံရမည်နည်း?

"ဆရာက ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ အခွင့်အရေးရှိတယ်လို့ ပြောထားတယ်" သို့သော်လည်း ဇူရီသည် ဝမ်လင်း၏ တားဆီးခြင်းအား ခံလိုက်ရသည်။

ထွက်ခွာသွားသော ဟော်ချန်းကို ကြည့်နေခဲ့ကာ၊ သူ၏မျက်လုံးများသည် အလွန်အမင်း အေးစက်လာခဲ့သည်။

## စာစဥ် ၁၆ : အပိုင်း ၃

## အပိုင်း ၂၇၃ : ကျေးဇူးပြန်ဆပ်ဖို့ရာ အတော်ခက်တာပဲ

လင်းဖုန်းသည် အနားတွင် မရှိနေသော်လည်း၊ သူသည် ဟော်ချန်းထွက်ခွာမသွားခင် ပြောသွားခဲ့သည့် သရော်လှောင်ပြောင်သည့် စကားကို ပီပီသသကြီး ကြားလိုက်ရသည်။

သူ၏ မှတ်ချက်မှာ : မင်းက မမှားပေမဲ့၊ မင်းက အသေဆိုးနဲ့ သေရလိမ့်မယ်။

အမှန်အတိုင်း ပြောရမည် ဆိုလျှင်၊
ဟော်ချန်း၏ ဝမ်လင်းအပေါ်
သရော်လှောင်ပြောင်မှုသည်
အကျိုးအကြောင်း ဆီလျော်ပေသည်။
ဝမ်လင်းသည် ပုံမှန်အားဖြင့် မည်မျှပင်
တည်ငြိမ်သည် ဆိုသော်ငြားလည်းပဲ၊
ထိုအဆိုကြောင့် အမျက်ထွက်သွားမည်မှာ
ကေန်မုချပင် ဖြစ်၏။

သူ့နှင့် ရှောင်ယန်၊ ဇူရီနှင့်
ရှောင်ပုတန်လေးတို့၏ အကြားမှ
ကြီးမားလှသော ကွာခြားချက်သည်၊
ဂိုဏ်းသို့စဝင်ပြီးကတည်းက ဝမ်လင်း၏
အကြီးကျယ်ဆုံး ခေါင်းကိုက်စေသည့်
အရာပင်ဖြစ်သည်။

လင်းဖုန်း၏ လက်ရှိ လက်ရင်းတပည့်
ခြောက်ယောက်အနက်၊ ရှောင်ယန်တို့
သုံးယောက်မှ လွဲ၍၊ ယွဲ့ဟုန်ယန်သည်
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်သို့
ရောက်နေပြီ ဖြစ်သည်။ ယန်ချင်သည်လည်း
သူ၏ စိတ်ဝိညာဉ် တာဝါအား

ထူထောင်ပြီးကာ အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်သို့ ရောက်ရှိနေပြီ
ဖြစ်၏။ ဒါတွေသည် ဝမ်လင်းအား
အလွန်အမင်း ခွကျသော အခြေအနေသို့
ရောက်ရှိစေခဲ့၏။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အတွင်းမှ လူများအားလုံးသည်၊ ဝမ်လင်း၏
အမှန်တကယ် တိုက်ခိုက်နိုင်စွမ်းမှာ
အလွန်တရာ မြင့်မားလှသည်ကို
သိထားကြ၏။ ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့သည် သူ့ထက် ကျင့်ကြံမှုအဆင့်
ပိုမြင့်သော်လည်း၊ အမှန်တကယ်

တိုက်ခိုက်ကြမည် ဆိုလျှင် အနိုင်အရှုံးကို
လွယ်လွယ်ကူကူဖြင့် ဆုံးဖြတ်နိုင်မည်
မဟုတ်ချေ။

သို့သော်လည်း ပြဿနာမှာ ပြင်ပလူများကို
ထိုကဲ့သို့ မမြင်ခြင်း ဖြစ်သည်။
သူတို့မြင်သည်မှာ ဝမ်လင်းက လင်းဖုန်း၏
တတိယတပည့် ဖြစ်သော်လည်း၊ သူသည်
ကျင့်ကြံမှုအဆင့် အနိမ့်ဆုံးဖြစ်သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ
ပြုံးလိုက်သည်။ "ဟော်ချန်းလား?
မင်းတော့သွားပြီပဲ!"

လင်းဖုန်း၏ လမ်းညွှန်မှုအောက်တွင်၊ ဝမ်လင်းသည် တစ်ချိန်လုံး တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့သည်။ သူသည် သူ၏အပေါ်သို့ ကျရောက်လာသော ဖိအားများကို၊ သူ၏ ရဲဘော်ရဲဘက်များအား မနာလို ဖြစ်မည့်အစား၊ စိတ်ခွန်အားပေးမှု တစ်မျိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ သို့သော်လည်း ဖိအားများ ဆိုသည်က၊ ဖောက်ထုတ်ရန် အမြဲတမ်း လိုအပ်သည်သာ ဖြစ်၏။

ယခုအချိန်တွင် တစ်စုံတစ်ယောက်က
ဝမ်လင်း၏ စိတ်ဖိစီးမှုများအား
ဖောက်ခွဲပစ်ရန်၊ ကိုယ့်ကိုယ်ကိုယ်
လည်လာစဥ်းပေးနေ၏။

ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ
ဟောဘ်မင်ကိုမူ၊ ဝမ်လင်းအနေဖြင့်
လက်စားချေလိုလျှင် အချိန်အတန်ကြာ
စောင့်ရဦးမည် ဖြစ်သည်။ သို့သော်လည်း
အခြေခံအုတ်မြစ် အဆင့်မှ ဟောဘ်ချန်းဆိုလျှင်၊
အလွယ်လေးပင် ဖြစ်ပေလိမ့်မည်။

"ကောင်စုတ်ကလေး၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ ဝမ်လင်းနဲ့ မဲမကျဖို့ ဗုဒ္ဓတွေ၊ မိုးနတ်မင်းတွေ ဆီမှာ ကောင်းကောင်း ဆုတောင်းထားပေတော့။ မဟုတ်လို့ရှိရင် မင်းက မင်းရဲ့ မိဘတွေတောင် မမှတ်မိလောက်အောင် ကောင်းကောင်းကြီး အရိုက်ခံရလိမ့်မယ်" လင်းဖုန်းက သူတစ်ပါး ဒုက္ခရောက်တော့မည်ကို အားရကျေနပ်နေသော လေသံဖြင့် ပြောလိုက်သည်။

"ဝမ်လင်းလိုမျိုး အစွမ်းကြီးတဲ့ လူမျိုးကို၊ မင်းက သရော်လှောင်ပြောင်ပြီးသွားရင်

ဒီအတိုင်း ထွက်သွားလို့ ရမယ်လို့ ထင်နေသလား? မင်းက အသက်ရှင်ရတာ ငြီးငွေ့နေပြီနဲ့ တူတယ်။ မင်းက ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ ဝမ်လင်းကို ရှောင်နိုင်ခဲ့မယ် ဆိုရင်တောင်၊ သူ့ရဲ့ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာထဲမှာ လေ့ကျင့်မှုတွေ ပြီးသွားရင်၊ မင်းက ဝမ်လင်းရဲ့ အလေ့ကျင့်ခံ အရုပ်တစ်ရုပ် ဖြစ်သွားမှာကို မြင်ယောင်နေသေးတယ်ကွ"

"ကြည့်ရတာ မဟာချင် အင်ပါယာက၊ ဟော်မိသားစုဆိုတဲ့ ဝံပုလွေရိုင်းတွေကို ထိန်းချုပ်ဖို့အတွက် မျှော်လင့်ချက်တွေ

ရှိနေပြီနဲ့တူတယ်" အကြီးအကဲ တစ်ယောက်၏ အသံသည် ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းကို လှည့်လိုက်ကာ၊ သူ၏ဘေးမှ ခရမ်းရောင် ဝတ်စုံနှင့် အကြီးအကဲ တစ်ယောက်အား ကြည့်လိုက်သည်။ သူက အနည်းငယ် ပြုံးလိုက်ပြီး ပြောလိုက်သည်။ "အခုလိုမျိုး အဆင်မပြေတာတွေကို ကြည့်ခဲ့ရတဲ့အတွက် ဝမ်းနည်းပါတယ်၊ အပြာရောင်ခန်းမ သူတော်စင် ခင်ဗျာ"

ခရမ်းရောင်ဝတ်စုံနှင့် အဘိုးအိုကလည်း
ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။
သူ့တွင် ရွှင်ပြသော မျက်နှာထားရှိသည်။
သို့သော်လည်း သူ့ကို ဘယ်သူကမှ
လျှော့မတွက်ရဲကြချေ။
အဘယ်ကြောင့်ဆိုသော် သူသည်
ကြောက်မက်ဖွယ်ရာ အန္တိမသိုင်းကွက်ရှိသည့်
အင်မော်တယ် ဝိညာဉ် အဆင့်မှ
စွမ်းအားကြီးသည့်
ကျင့်ကြံသူတစ်ယောက်ဖြစ်၍ ဖြစ်သည်။

အပြာရောင်ခန်းမ သူတော်စင်သည်
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ သူတော်စင်

သုံးယောက်အနက် တစ်ယောက်ဖြစ်သည်။ အဆင့်အတန်း အရဆိုလျှင်၊ သူသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ လက်ရှိခေါင်းဆောင်ဖြစ်သော၊ မိုးကြိုးတိမ်တိုက် သူတော်စင်၏ တပည့်ကြီးဖြစ်သည်။ အပြာရောင်တိမ်တိုက် သူတော်စင်သည် အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ခဲ့သည်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ဖြစ်သည်။

ဒီကနေ့တွင် သူ၏ရုတ်တရက် အလည်အပတ် ရောက်လာမှုကို ပျူငှာစွာနှင့် ကြိုဆိုခဲ့သော်လည်း၊ လင်းဖုန်းသည်

သူ၏ရည်ရွယ်ချက်များကို နားမလည်သဖြင့် သိချင်နေခဲ့သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် မဟာချင် အင်ပါယာ၏ အရှေ့ဘက်တွင် တည်ရှိသည်။ သူသည် မဟာချင်နှင့် မဟာကျိုးတို့၏ နယ်နိမိတ် အစပ်တွင် တည်ရှိပြီး၊ နတ်ဘုရား နယ်မြေတွင် ထိပ်တန်းဂိုဏ်းများအနက်မှ တစ်ခုဖြစ်သည်။ သူ၏ စွမ်းအားမှာ နတ်ရေကန်ဂိုဏ်းနှင့် ကောင်းကင်မာစတာ ဓားဂိုဏ်း၏ အကြားတွင် ရှိသည်။

သူသည် မဟာမြင့်မြတ် နယ်မြေသုံးခုနှင့် မယှဉ်နိုင်သော်လည်း၊ သူ၏စွမ်းအားမှာ နေလခေါးဂိုဏ်းနှင့် အလင်းခေါးမြန်ဂိုဏ်းတို့၏ အထက်တွင် ရှိသည်။

လင်းဖုန်းသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည်လည်း၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသို့ အဖိတ်ကြား ခံထားရသည်ကိုသာ သိထားသည်။ သူသည် တောက်ဇီချွမ်ထံမှ အပြာရောင်ခန်းမ သူတော်စင်သည် သူ့အားတွေ့ချင်နေ၍၊ သူသည် ယခု အစည်းအဝေးအတွက်

ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏
ခေါင်းဆောင်ဖြစ်သည်ကို သိထားရ၏။

"ခရမ်းရောင် တိမ်တိုက်ဂိုဏ်းရဲ့
စွမ်းအားတွေဟာ ထူးခြားပြီး၊
နတ်ရေကန်ဂိုဏ်းလိုပဲ လေးစားရမယ့်
ဂိုဏ်းအထဲမှာပါတယ်" လင်းဖုန်းက
ရှောင်ပုတန်လေးတို့ အပေါ်တွင် ယုံကြည်ချက်
ရှိသော်လည်း၊ သတိထား၍ ဆက်ဆံခဲ့ရသည်။
သတိတစ်ချက်လွှတ်လိုက်သည်နှင့် အရှုံးနှင့်
ရင်ဆိုင်နိုင်သည် မဟုတ်ပါလော။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည်
ရှေးပဝေသဏီမှ အနန္တတန်ခိုးရှင်
မိုးကြိုးသခင်ထံမှ ဆင်းသက်လာသည်ဟု
အဆိုရှိသည်။ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းကို
စတင်တည်ထောင်သူ၊ ဂရန်းမာစတာ
ခရမ်းရောင်တိမ်တိုက် သူတော်စင်သည်
မိုးကြိုးသခင်၏ တိုက်ရိုက်တပည့်များ
အတွင်းမှ တစ်ယောက်ဖြစ်သည်။

ကောလဟာလများအရ မိုးကြိုးသခင်
ကျင့်ကြံသော မှော်ကျိန်စာမှာ
သမိုင်းတစ်လျှောက် စွမ်းအားအကြီးဆုံး
မိုးကြိုးမှော်ကျိန်စာဖြစ်သော၊

ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး၏
မဟာလမ်းစဉ် ဖြစ်သည်။

ဖန်ဆင်းခြင်း၏ အရင်းခံသည် မိုးကြိုး၏
အသံဖြစ်သည်ဟူ၍ အဆိုတစ်ခုရှိသည်။
မိုးကြိုးသခင်၏ စွမ်းအားသည် ကစဉ့်ကလျား
ဖြစ်မှုများကို ဖျက်ဆီးနိုင်၍၊ စကြဝဠာကို
ဖန်ဆင်းနိုင်၍ သူ၏နာမည်ကို
ရရှိခြင်းဖြစ်သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် သူ၏
မိုးကြိုး မှော်ကျိန်စာများကို အမွေဆက်ခံခဲ့ရ၍၊
နတ်ဘုရား နယ်မြေအတွင်းတွင်

အကောင်းဆုံး မိုးကြိုးဂိုဏ်းဟူ၍ဆိုလျှင်
မမှားနိုင်ပေ။

အပြာရောင်ခန်းမ သူတော်စင်သည်၊
ထိုဂိုဏ်း၏ ခေါင်းဆောင်ကြီး
သုံးယောက်အနက်မှ တစ်ယောက်ဖြစ်သည်။
သူသည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ၍
လင်းဖုန်းအား တွေ့ခွင့်တောင်းသည်ကို၊
လင်းဖုန်းအနေဖြင့် သိလိုစိတ်
ပြင်းပြနေသည်မှာ သဘာဝကျပေသည်။

"ခင်ဗျားရဲ့ တပည့်တစ်ယောက်က အဆုံးမဲ့
မိုးကြိုးမုန်တိုင်း မှော်ကျိန်စာကို

လေ့ကျင့်ထားတယ်လို့ ကျွန်တော်က
ကြားထားတယ်။ တကယ့်ကို
အစွမ်းထက်တာပဲ" အပြာရောင်ခန်းမ
သူတော်စင်ကဲ့သို့ အဆင့်သို့
ရောက်သွားပြီးလျှင်၊
ဟန်ဆောင်ယဉ်ကျေးပြနေစရာ မလိုသလို၊
အားနာနေစရာလည်း မလို့တော့ပေ။
အရာအားလုံးကို ပွင့်ပွင့်လင်းလင်း
ပြောင်ပြော၍ရသည်။ "ကျွန်တော်တို့ရဲ့
ဂိုဏ်းက အကျိုးအကြောင်း မဆီလျော်တဲ့
တောင်းဆိုမှု တစ်ခုရှိနေပြီး၊ ခင်ဗျားက
လိုက်လျောနိုင်လိမ့်မယ်လို့
မျှော်လင့်နေပါတယ်"

လင်းဖုန်းက သူ၏မျက်မှောင်ကြီးကို ကြုတ်လိုက်သည်။ သူတို့က ရှောင်ပုတန်လေး၏ အဆုံးမဲ့ မိုးကြိုးမုန်တိုင်း မှော်ကျိန်စာကို သဘောကျပြီး၊ သူတို့အတွက် လိုချင်နေတာများလား?

ဒါဆိုလျှင် မရှိမသေ လာလုပ်နေခြင်း သက်သက်မဟုတ်တော့ချေ၊ အရိုက်ခံရရန် တောင်းဆိုနေခြင်း ဖြစ်ပေလိမ့်မည်။

အပြာရောင်ခန်းမ သူတော်စင်သည် သူ၏ စကားလုံးများသည် အဓိပ္ပာယ်ကောက် လွဲမှားသွားနိုင်သည်ကို သတိပြုမိလိုက်သဖြင့်၊

အလောတကြီးနှင့် ပြန်ပြင်ပြောလိုက်သည်။
"ကျွန်တော်က ကျွန်တော့်ရဲ့ ဂျူနီယာဆီကနေ
ဖော်ပြချက်တွေကို ကြားပြီးတဲ့နောက်မှာ၊
ရင်ထဲမှာ မေးခွန်းလေးတစ်ချို့ ရှိနေလို့
ခင်ဗျားက ဖြေကြားပေးနိုင်မယ်လို့
မျှော်လင့်ပါတယ်"

"ခင်ဗျားရဲ့ တပည့်က ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်ဆိုတဲ့ နည်းစနစ်တစ်ခုကို
လေ့ကျင့်ဖူးပါသလား?"

ထိုအချိန်တွင် လင်းဖုန်း၏ခေါင်းမှာ
ချာချာလည်သွားခဲ့ပြီး၊ သူသည် ခရမ်းရောင်

တိမ်တိုက်ဂိုဏ်း၏ သတင်းအချက်အလက်
အချို့ကို ရုတ်တရက် အမှတ်ရပြီးနောက်တွင်၊
ချက်ချင်း သဘောပေါက်သွားခဲ့၏။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏
စတင်တည်ထောင်သူဖြစ်သော
ခရမ်းရောင်တိမ်တိုက် သူတော်စင်သည်၊
မိုးကြိုးသခင်၏ တပည့်ကြီးဖြစ်ပြီး သူ၏ထံမှ
စွမ်းအားအများစုကို ရခဲ့သော်လည်း၊
နောင်တရစရာ ကောင်းသည်မှာ သူသည်
သူ့ဆရာထံမှ အားလုံးကို မသင်ယူနိုင်ခဲ့ပေ။

ခရမ်းရောင်တိမ်တိုက် သူတော်စင်သည်
ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး
မဟာလမ်းစဥ်၏ မပြည့်စုံသော အပိုင်းကိုသာ
ကျင့်ကြံခဲ့ရသည်။ သူ့ထံတွင် မည်သည့်
အစိတ်အပိုင်းများ လိုအပ်နေသည့်စာရင်း
ရှိသောလည်း၊ အများစုမှာ
အချိန်ရေစီးကြောင်းနှင့်အတူ
ကွယ်ပျောက်သွားကြပြီ ဖြစ်သည်။

လင်းဖုန်းအနေဖြင့် သူပထမဦးဆုံး ရရှိခဲ့သော
ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်မှာ၊
ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး

မဟာလမ်းစဉ်၏ မပြည့်စုံသော အပိုင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။

သို့သော်လည်း ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်သည်၊ အလွန်တရာမှ ရှားပါးတန်ဖိုးရှိ၍ အလားအလာများနှင့် ပြည့်နှက်နေသော မှော်ကျမ်းစာ တစ်ခုဖြစ်၏။

တစ်ယောက်သည် ပြည့်စုံသော ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး လမ်းစဉ်၏ အစွမ်းကို သူ၏ထံမှ မှန်းဆနိုင်၏။

ခရမ်းရောင်တိမ်တိုက် သူတော်စင်သည် ဂိုဏ်းစတင်တည်ထောင်သူဟူသော နာမည်နှင့် လိုက်လှ၏။ မှော်ကျိန်စာ၏ အစိတ်အပိုင်းများစွာတို့သည် ပျောက်ဆုံးနေသော်လည်း၊ သူသည် ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး လမ်းစဉ်အား ပြည့်စုံစေရန် နောက်ထပ်နည်းလမ်းတစ်ခုက ရှာဖွေနိုင်ခဲ့၏။

ထိုနည်းလမ်းမှာ မိုးကြိုးကပ်ဆိုးများအား ရင်ဆိုင်ခြင်းဖြစ်သည်။ မိုးကြိုးများ၏ အရိုက်ခတ်ကို ခံလိုက်ပြီး၊ တစ်ယောက်၏ ကိုယ်ပိုင်ဉာဏ်စွမ်းအားများဖြင့်

သူ၏လျှို့ဝှက်ချက်များကို သဘောပေါက်နားလည်အောင် ကြိုးစားရခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ကျမ်းစာကို "ကောင်းကင်ကပ်ဘေးတာအိုကျမ်းစာ"ဟူ၍ ခေါ်၏။

အခြားကျင့်ကြံသူတို့မှာ ရွှေရောင်ဗဟိုချက်အဆင့်၏ အထွတ်အထိပ်ကို ရောက်၍၊ အခြေတည်ဝိညာဉ် အဆင့်သို့ တက်လှမ်းခါနီးမှသာ မိုးကြိုးကပ်ဘေးအားရင်ဆိုင်ရခြင်း ဖြစ်သည်။

သို့သော်လည်း "ကောင်းကင်ကပ်ဘေး
တာအိုကျမ်းစာ"ကို လေ့ကျင့်ထားကြသော
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
ကျင့်ကြံသူတို့သည်၊ မိုးကြိုးကပ်ဘေးများကို
အခြေခံအုတ်မြစ် အဆင့်နှင့်ပင်
ရင်ဆိုင်ကြရ၏။ သူတို့သည်
မိုးကြိုးကပ်ဘေးများကို တစ်ကြိမ်မက
ရင်ဆိုင်ကြရ၏။

အဆင့်ငယ် တစ်ဆင့်တိုင်းကို တက်တိုင်းတွင်၊
သူတို့သည် ကောင်းကင်ကပ်ဘေးများအား
ရင်ဆိုင်ကြရသည်။ ထို့ကြောင့် တစ်ယောက်၏
ကျင့်ကြံမှု သက်တမ်းတစ်လျှောက်တွင်၊

သူတို့သည် အခြေတည်ဝိညာဉ် အဆင့်သို့ အောင်မြင်စွာ တက်လှမ်းပြီးစသွားလျှင်၊ မိုးကြိုးကပ်ဘေး ကိုးကြိမ်တိတိ ရင်ဆိုင်ကြရ၏။

မိုးကြိုးကပ်ဘေးများသည် အခြေတည်ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်သော ကျင့်ကြံသူများထက် ပို၍အားနည်းသော်လည်း၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူများ၏ ကျင့်ကြံမှု အဆင့်သည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများထက် လွန်စွာနိမ့်ကျကြသေး၏။ ထို့ကြောင့် သူတို့၏

မိုးကြိုးကပ်ဘေးများအား အောင်မြင်စွာနှင့်
ဖြတ်ကျော်နိုင်ရန် အခွင့်အလမ်းမှာ
နည်းပါးလှ၏။

သို့သော်လည်း ထိုနည်းလမ်းအပြင်၊
ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး လမ်းစဥ်အား
ပြည့်စုံနိုင်ရန် အခြားနည်းလမ်း မရှိချေ။
ထို့ကြောင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
မျိုးဆက် တစ်ဆက်ပြီး တစ်ဆက်တို့သည်၊
ထိုနည်းလမ်း၏ အလွန်အမင်း
အန္တရာယ်ကြီးခြင်းကို သိကြသော်လည်း၊
မျက်လုံးစုံမှိတ်ကာ အသုံးပြုနေရခြင်း
ဖြစ်သည်။

နှစ်ပေါင်း ထောင်နှင့် သောင်းနှင့်ချီကာ
ကြာပြီးသော အချိန်တွင်၊
မိုးကြိုးသွား၏အောက်တွင်
အသက်ပေးခဲ့ရသော ကျင့်ကြံသူများမှာလည်း
မရေတွက်နိုင်တော့ပေ။

ထို့အတွက်ကြောင့်ပင်၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ လူအားလုံးတို့သည် လက်ရှိ
အန္တရာယ်များသော နည်းလမ်းကို
အသုံးဆက်ပြုနေကြရင်း၊ ပျောက်ဆုံးနေသော
အပိုင်းများအား တတ်နိုင်သလောက်
ရှာဖွေနေကြခြင်း ဖြစ်သည်။

"ဒါပေမဲ့ ဒီလိုမျိုး မိုးကြိုးကပ်ဘေးပေါင်း
မြောက်မြားစွာကို ရင်ဆိုင်ရတော့၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းက ကျင့်ကြံသူတွေက
ပိုပြီးတော့ သန်မာလာကြတယ်။ ဒါကလည်း
လျှော်ကြေးတစ်မျိုးလို့ ဆိုနိုင်မှာပဲ"

လင်းဖုန်း၏ စိတ်အတွင်းတွင်
အတွေးပေါင်းများစွာ
လွင့်မျောနေခဲ့သော်လည်း၊
ချက်ချင်းအတွင်းပင် ပျောက်ကွယ်သွားကြ၏။

"မှန်ပါတယ်။ ကျွန်တော်က ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်ကို မရည်ရွယ်ပဲနဲ့ ရရှိခဲ့တာ ဖြစ်ပါတယ်။ သူက ကျွန်တော့်ရဲ့ မှော်ကျိန်စာတွေလောက် အစွမ်းမထက်ပေမဲ့၊ သူကလည်း သူ့ဟာနဲ့သူ အစွမ်းထက်တဲ့အတွက်၊ ကျွန်တော်က ကျွန်တော့်ရဲ့ တပည့်တွေကို ကျင့်ကြံစေခဲ့ခြင်း ဖြစ်ပါတယ်"

လင်းဖုန်းကလည်း ပွင့်ပွင့်လင်းလင်း ပြန်ဖြေလိုက်၏၊ အပြာရောင်ခန်းမ သူတော်စင်၏ အဆင့်အတန်းနှင့် ဆိုလျှင်၊ သူကိုယ်တိုင် လာ၍တောင်းခြင်းသည်၊

လင်းဖုန်းထံတွင် ရှိကြောင်းကို ၁၀၀%
သေချာ၍ ဖြစ်သည်။

အပြာရောင်ခန်းမ သူတော်စင်သည်
ခေါင်းကိုညိတ်လိုက်ကာ ရိုးသားစွာနှင့်
ပြောလိုက်သည်။ "ကျွန်တော့်ရဲ့ ဂိုဏ်းဟာ
ဒီကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်ကို
ရှာဖွေနေတာ နှစ်ထောင်ပေါင်းများစွာ ရှိပါပြီ။
နောက်ဆုံးမှာတော့ ဒီကနေ့မှာ
ရှာတွေ့ခဲ့ပြီဆိုတော့၊ ကျွန်တော်တို့ရဲ့
တောင်းဆိုမှုကို လိုက်လျောနိုင်မယ်ဆိုရင်၊
ကျွန်တော်တို့က အရမ်းကို
ကျေးဇူးတင်မိမှာပါ"

သူသည် အတည့်အလင်း မပြောခဲ့သော်လည်း၊ သူ၏ ရည်ရွယ်ချက်များသည် ရှင်းလင်းနေပေသည်။ အကယ်၍ လင်းဖုန်းကသာ တောင်းဆိုချက်တစ်ခု ရှိခဲ့သော်၊ အကယ်၍ အလွန်အမင်း မခက်ခဲလျှင် အပြာရောင်ခန်းမ သူတော်စင်က လိုက်လျောမည်ဖြစ်သည်။

လင်းဖုန်းက ဖွဖွလေးပြုံး၍ ပြန်ဖြေလိုက်သည်။ "အပြာရောင်ခန်းမ သူတော်စင်က အားနာလွန်နေပါပြီ။ ကျွန်တော်ကလည်း သူတပါးကို ကူညီရတာ

ဝါသနာ ပါပါတယ်။ ဒါက ကျွန်တော်တို့
ဂိုဏ်းနှစ်ဂိုဏ်း အကြားက မိတ်ဖြစ်ဆွေဖြစ်
သဘောလည်း ဖြစ်သွားတာပေါ့"

သူ၏လက်ချောင်းများအား လှုပ်ခါလိုက်ရာ
အလင်းတန်း ဘောလုံး အသေးလေး
တစ်ခုသည်၊ အပြာရောင်ခန်းမ သူတော်စင်၏
အရှေ့သို့ ကျလာခဲ့သည်။ သူသည်
မှော်စွမ်းအင်ကို အသုံးပြုကာ
လက်ခံလိုက်ပြီးနောက်၊ ဒါသည်
ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်၏
ကျင့်ကြံနည်း အပြည့်အစုံ ဖြစ်ကြောင်းကို
သိလိုက်ရသည်။

သူသည် လုံး၀ အပြည့်အစုံ ဖြစ်သည်။
ချို့ယွင်းနေသော အချက်အလက် သို့မဟုတ်
လိမ်ညာ ထည့်သွင်းထားသော
အချက်အလက် တစ်ခုမှ မရှိချေ။

သူ့တစ်ဂိုဏ်းလုံး၏ နှစ်ထောင်နှင့်ချီသော
ပြင်းပြသည့် ရည်မှန်းချက်သည်
ပြီးမြောက်သွား၍၊ သူ၏ နှစ်ထောင်နှင့်ချီသော
ကိုယ်ပိုင်ဆန္ဒသည်လည်း ပြည့်၀သွားခဲ့လေပြီ။
သူသည် တခဏအတွင်းချင်းမှာပင် ခံစားချက်
ပြင်းထန်လာခဲ့သည်။

ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်ကို ရရှိပြီးလျှင်ပင်၊ ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး လမ်းစဥ်သည် မပြည့်စုံသေးပဲ ပျောက်ဆုံးနေသေးသော အပိုင်းတချို့ ရှိသေးသည်။ သို့သော်လည်း ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏၊ ကောင်းကင်ကိုးလွှာ နတ်မိုးကြိုး လမ်းစဥ်အား ပြန်လည်တည်ဆောက်ခြင်းသည်၊ ကြီးမားစွာ တိုးတက်မှု ရှိသွားခဲ့ပြီ ဖြစ်သည်။

အပြာရောင်ခန်းမ သူတော်စင်သည် ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ကြိုးစားခဲ့ရင်း၊ သူ၏ခေါင်းကို မော့လိုက်ကာ

လင်းဖုန်းအား ကြည့်လိုက်သည်။
သူ၏အကြည့်မှာ တစ်စုံတစ်ခုအား ရှာဖွေနေပုံ
ရနေ၏။

လင်းဖုန်းကတော့ မည်သည့် အမူအရာကိုမျှ
မပြခဲ့ပေ။ သူသည် ခရမ်းရောင်
တိမ်တိုက်ဂိုဏ်း၏ မှော်ကျိန်စာ
ပြန်လည်ပြုပြင်မှုကို ကူညီပေးရသည့်အတွက်
ပျော်ရွှင်နေဟန်ဖြင့် ပြုံးနေခဲ့၏။

အချိန်အတော်ကြာ
ငြိမ်သက်သွားပြီးနောက်တွင်၊
အပြာရောင်ခန်းမ သူတော်စင်သည် သူ၏

လက်နှစ်ဘက်ကို ဆုပ်လိုက်ပြီး၊ လင်းဖုန်းအား ဦးညွှတ်လိုက်ကာ လေးနက်စွာဖြင့် ပြောလိုက်သည်။ "ကျွန်တော်တို့ဂိုဏ်း တစ်ဂိုဏ်းလုံးကို ကိုယ်စားပြုပြီး၊ ခင်ဗျားရဲ့ အကူအညီအတွက် အသိအမှတ် ပြုပါတယ်"

လင်းဖုန်းက ပြုံးနေခဲ့သည်။ သူသည် အလကားသက်သက် ကူညီခဲ့ခြင်းတော့ မဟုတ်ပေ။ သူက ဒီကနေ့တွင် ခရမ်းရောင်တိမ်တိုက်ဂိုဏ်းမှ ပြန်ရခဲ့သော အရာသည်၊ မည်သည့်အရာထက်မဆို ပို၍ တန်ဖိုးရှိလေသည်။ သူတို့၏ ကျေးဇူးဖြစ်သည်။

ကျေးဇူးကလွဲ၍၊ မည်သည့်အကြွေးမဆို ပြန်ဆပ်၍ရသည်။

အကယ်၍သူသည် အပြာရောင်ခန်းမ သူတော်စင်ထံမှ အရာတစ်ခုကို တောင်းဆိုခဲ့သော်၊ သူတို့နှစ်ယောက်၏ တွေ့ဆုံမှုသည် အရောင်းအဝယ် သဘောမျိုး ဖြစ်သွားပေလိမ့်မည်။
အရောင်းအဝယ်ပြီးလျှင်၊ နောက်ထပ် ဘာမှ ဆက်ဆံစရာ မလိုတော့ပေ။

ယခုအချိန်တွင်မူ၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းသည် သူ့အပေါ်တွင်
ကျေးဇူးအကြွေး တင်သွားခဲ့ပြီ ဖြစ်သည်။
ဒါသည် အနာဂတ်တွင် တန်ဖိုးရှိလာနိုင်သည်။

အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
အင်အားကောင်းလိုပြီး၊ အခြားဂိုဏ်းများ
အကြားတွင် ခိုင်မာအောင်
တည်ဆောက်လိုပါက၊ သူ့တွင်
အားကောင်းသော မဟာမိတ်များလည်း
လိုအပ်ပေသည်။

သို့သော်လည်း ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက ထိုအကြွေးကို တာဝန်မယူလိုပဲ၊ သူ့အား သစ္စာဖောက်လျှင်လည်း ဖောက်နိုင်ခြေရှိသည်။

လင်းဖုန်းအတွက်မှာမူ၊ သူက ကောင်းကင်ကိုးလွှာ မိုးကြိုးနည်းစနစ်အား လက်ဆင့်ကမ်းပေး ရခြင်းအတွက်၊ သိပ်ပြီးတော့ နစ်နာဆုံးရှုံးမှု မရှိချေ။ အကယ်၍ အပြာရောင်ခန်းမ သူတော်စင်သည် သူ၏ အကြွေးအား မေ့ပစ်ပါကလည်း၊ လင်းဖုန်းတွင် သူ့နည်းသူ့ဟန်နှင့် ဖြေရှင်းရန် နည်းလမ်းရှိသည်။

သို့သော်လည်း လက်ရှိအချိန်တွင် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၊ သို့မဟုတ် အနည်းဆုံး အပြာရောင်ခန်းမ သူတော်စင်သည်၊ လင်းဖုန်းက သူတို့အား ပြသခဲ့သော ကြင်နာမှုအား အသိအမှတ် ပြုနေဟန် ရှိလေသည်။

လင်းဖုန်းက ပြုံးလိုက်ပြီး သူ၏လက်ကို ဝှေ့ယမ်းကာ ပြုံးလိုက်သည်။ "ကျွန်တော် ပြောခဲ့တဲ့ အတိုင်းပဲ၊ ကျွန်တော်တို့ ဂိုဏ်းနှစ်ဂိုဏ်းက မိတ်ဆွေဖြစ်ရင် တော်ပါပြီ"

အပြောရောင်ခန်းမ သူတော်စင်ကလည်း ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျုပ်ရဲ့ တပည့်တွေကလည်း ဒီသတင်းကို ကြားရရင် ပျော်နေကြမယ်လို့ ထင်ပါတယ်"

နှစ်ယောက်သား အားရပါးရ ရယ်လိုက်ကြသည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လင်းဖုန်း၊ အခုချက်ချင်း ထွက်လာခဲ့စမ်း!"

သူတို့ရယ်မောနေခိုက်တွင်၊ ပြင်ပမှ အေးစက်သော အသံတစ်ခုက

ပေါ်လာခဲ့သည်။ သူ၏လေသံမှာ လွန်စွာ
မိတ်ဆွေမဆန်ခဲ့ချေ။

လင်းဖုန်း၏ အမူအရာတို့သည်
မပြောင်းလဲခဲ့သော်လည်း၊ သူ၏ရင်ထဲတွင်
အေးစက်သွားခဲ့သည်။ "ဒီမော်စွမ်းအင်၊
အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်လား?"

## စာစဉ် ၁၆ : အပိုင်း ၄

## အပိုင်း ၂၇၄ : အပြန်အလှန် ရည်ရွယ်ချက်များ

ထိုအသံနှင့် အတူ၊ အခန်းတစ်ခုလုံးသည် ပြိုကျတော့မည့်အလား တုန်ခါသွားခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ထူးဆန်းသည့် အရာတစ်ခုအား ခံစားလိုက်ရသည်။ သူသည် တစ်ချိန်တည်းတွင် ပူလိုက်အေးလိုက် ဖြစ်နေသော ကမ္ဘာတစ်ခုအတွင်းသို့ ရောက်သွားသကဲ့သို့ ခံစားနေရသည်။ အလွန်အမင်း ပူပြင်းမှုသည် ခိုက်တုန်အောင် ချမ်းအေးမှုနှင့် ရောထွေးနေ၏။

သူသည် အေးရာမှ ပူလာခြင်းမျိုးလည်းမဟုတ်၊ ခဏပူလိုက်

ခဏအေးလိုက် ဖြစ်နေခြင်းမျိုးလည်း
မဟုတ်ပဲ၊ အပူချိန် နှစ်မျိုးစလုံးအား
တပြိုင်နက်ထဲ ခံစားနေရခြင်း ဖြစ်သည်။

သူ၏ ခန္ဓာကိုယ် တစ်ပိုင်းက ပူ၍၊
ကျန်တစ်ပိုင်းက အေးနေခြင်းမျိုးလည်း
မဟုတ်ချေ။ သူ၏ အရေပြားပေါ်မှ
တစ်လက်မကျန် တစ်ချိန်တည်းတွင်
ပူခြင်းရော အေးခြင်းပါ ခံစားနေရခြင်း
ဖြစ်သည်။

အအေးဓာတ်သည် လင်းဖုန်း၏
ဘဝသက်တမ်း တစ်လျှောက်လုံးတွင်

အအေးဆုံးဖြစ်သည်။ သူနှင့် အနီးစပ်ဆုံး တူညီနိုင်သည်မှာ ရွှမ်းမင် အကြွင်းမဲ့ရေသာ ဖြစ်ပေလိမ့်မည်။

ထို့အတူပင် အပူခေတ်ကလည်း အလွန်အမင်းကို ပြင်းထန်လှသည်။ လင်းဖုန်းသည် အကြွင်းမဲ့မီးတောက် အချို့မှလွဲ၍ ထိုကဲ့သို့သော အပူခေတ်မျိုးကို မတွေ့ကြုံဖူးပေ။

အခန်းအတွင်းရှိ အပူချိန်မှာ တစ်စက်မျှ မပြောင်းခဲ့ချေ။ ကြည့်ရတာ သူ၏ပြိုင်ဘက်သည် လင်းဖုန်း၏ စိတ်ဝိညာဉ်

အပေါ်တွင် မှော်ကျိန်စာတစ်ခုအား ထုတ်လွှတ်ထားသည့်ပုံနှင့် တူနေသည်။ ပူခြင်း အေးခြင်း ခံစားချက်သည် လင်းဖုန်းတစ်ယောက်တည်းသာ ခံစားနေရခြင်း ဖြစ်သည်။ သူ၏ဘေးမှ အပြာရောင်ခန်းမ သူတော်စင်သည် ဘာမှဖြစ်နေပုံ မပေါက်ချေ။

သို့သော်လည်း အပြာရောင်ခန်းမ သူတော်စင်သည်၊ တစ်စုံတစ်ခုက မှားယွင်းနေကြောင်းကို မကြာခင်တွင် သတိပြုမိလိုက်သည်။ သူက အေးစက်စွာဖြင့်

နှာမှုတ်လိုက်သည်။ "နတ်ရေကန်ဂိုဏ်းက ချောင်ဝေလား?"

လင်းဖုန်းသည် နတ်ရေကန်ဂိုဏ်း၏ မှော်ကျိန်စာများကို ယခင်က တစ်ခါမှ မတွေ့ကြုံဖူးခဲ့ချေ။ ယခုအချိန်တွင် အပြာရောင်ခန်းမ သူတော်စင်က ပြောလိုက်သော အချိန်တွင်၊ သူ၏ ဦးနှောက်အတွင်တွင် နာမည်တစ်ခုက ပေါ်လာခဲ့သည်။

ရေခဲမီးလျှံ သူတော်စင်၊ချောင်ဝေ။ သူသည် နတ်ရေကန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သည်။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသို့ တက်ရောက်လာသော နတ်ရေကန် ဂိုဏ်းသားများကို၊ ချောင်ဝေကိုယ်တိုင် ဦးဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။

"ဒဏ္ဍာရီတွေ အရဆိုရင်၊ နတ်ရေကန်ဂိုဏ်းက နှင်းတောင်တန်းတွေရဲ့ အကြားက ရေကန်တစ်ခုအတွင်းမှာ တည်ထားတာပဲ။ နှင်းလွင်ပြင်တွေရဲ့ အကြားမှာ သက်ရှိမီးတောင် တစ်ခုကလည်း တည်ရှိနေတယ်။ သူက ဒီလိုမျိုး မီးလျှံနဲ့ ရေခဲတို့ကို ပူးပေါင်းထားနိုင်တဲ့ မှော်ကျိန်စာကို

လေ့ကျင့်နိုင်တာ အဆန်းတော့ မဟုတ်ပါဘူး" လင်းဖုန်းက ပြုံးလိုက်ရင်း တွေးနေခဲ့သည်။ သူသည် ချောင်ဝေက သူ့၏အပေါ်တွင် ထုတ်လွှတ်လိုက်သော မှော်ကျိန်စာနှင့် ရင်းနှီးကျွမ်းဝင်နေခဲ့သည်။

အပြာရောင်ခန်းမ သူတော်စင်၏ မျက်ခုံးမွေးဖြူတို့သည်လည်း အနည်းငယ် လှုပ်ရှားသွားခဲ့ကာ၊ သူကလည်း ပြုံးလိုက်သည်။

အကယ်၍ လင်းဖုန်းသည် ချောင်ဝေအား မယှဉ်နိုင်ခဲ့သော်၊ သူသည်

ဝင်ရောက်ကူညီနိုင်မည် ဖြစ်သည်။
ထိုအခါတွင် လင်းဖုန်းအပေါ်တွင်
တင်နေသော
သူ၏ကျေးဇူးအကြွေးသည်လည်း
ကျေသွားမည်ဖြစ်သည်။

စွမ်းအားမတူညီသော အပေါင်းအဖော်တို့သည်
ဆက်ဆံရာတွင် သာတူညီမျှရှိမည် မဟုတ်ပေ။
ပို၍သန်မာသောသူက အားနည်းသောသူကို
လွှမ်းမိုးနိုင်မည် ဖြစ်သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ တကယ်ကို
ထူးခြားပြောင်မြောက်ပါပေတယ်"

အပြာရောင်ခန်းမ သူတော်စင်က
ထောက်ခံသည့်အနေနှင့်
ခေါင်းညိတ်လိုက်သည်။

သူတို့နေထိုင်ရာ အခန်းသည် မဟာချင်
အင်ပါယာမှ ယုကျိုးသို့လာသော
ဧည့်သည်များအတွက် စီစဥ်ပေးထားခြင်း
ဖြစ်သည်။ ပတ်ဝန်းကျင်သည်
သာယာလှပသော်လည်း၊ အင်မော်တယ်
ဝိညာဥ် အဆင့်မှ ရေခဲမီးလျှံ သူတော်စင်
ချောင်ဝေအား ခုခံနိုင်ရန် မျှော်လင့်မည်
ဆိုပါက၊ ဟာသတစ်ခု ဖြစ်သွားပေလိမ့်မည်။

ချောင်ဝေ၏ အသံသည် အခန်း၏ အပေါ်မှ ကောင်းကင်ထံမှ လာခြင်းဖြစ်သည်။ သူသည် ဒေါသထွက်နေပုံ မပေါက်သော်လည်း၊ အလွန်အမင်းကို အေးစက်နေ၏။ "ကျုပ်က ခင်ဗျားတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တွေဟာ၊ အဆင့်တူရင် ဗိုလ်မထားဘူးလို့ ကြားထားတယ်"

"ဒါဆိုရင်လည်း ခင်ဗျားတို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီလိုကြွားဝါမှုနဲ့ ထိုက်တန်သလား ဆိုတာကို သိရအောင်၊ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းလိုက်ကြစို့"

သူ၏စကား မဆုံးခင်မှာပင်၊ လင်းဖုန်းသည် လွန်စွာကြီးမားသည့် မှော်စွမ်းအင် ပေါက်ကွဲမှုကြီး တစ်ခုကို ခံစားနေခဲ့ရပြီ ဖြစ်သည်။

အခန်းအတွင်းက မထွက်ရသေးရပဲ လင်းဖုန်းသည်၊ ကောင်းကင်ယံပေါ်တွင် သာမန် အရပ်အမောင်း ရှိသော သက်လတ်ပိုင်း လူကြီးတစ်ယောက်က ရပ်နေသည်ကို တွေ့ခဲ့ရ၏။ သူ၏ခေါင်းတွင် ခေါင်းပေါင်းတစ်ခု ပေါင်းထား၍၊ စာသင်သားကဲ့သို့ အဖြူရောင်ဝတ်စုံ တစ်ခုအား ဝတ်ဆင်ထား၏။ အဖြူရောင်

သိုးမွေးနှင့် ရက်လုပ်ထားသည့်
ခြုံလွှာတစ်ခုကို ပတ်ထားခဲ့ကာ၊
သူ၏အကြည့်ကို လင်းဖုန်းထံမှ မခွာခဲ့ချေ။

သူတို့နှစ်ဦး အကြည့်များကို ဖလှယ်လိုက်
အပြီးတွင်၊ လင်းဖုန်းသည် သူ၏အကြည့်မှာ
ပင်လယ်ကဲ့သို့ နက်ရှိုင်း၍ ခန့်မှန်းရ
ခက်လှသည်ကို တွေ့လိုက်ရသည်။

ချောင်ဝေ၏ အကြည့်မှာ
မယုံနိုင်လောက်အောင် အေးစက်လှ၍၊ သူ၏
ရေခဲအကြည့်အတွင်းတွင် မီးလျှံကဲ့သို့

ခံစားချက်တစ်မျိုးက
တောက်လောင်နေသည်ဟု ထင်နေရ၏။

သူ၏မျက်လုံးများသည် အာတိတ်လွင်ပြင်မှ
နှင်းများကဲ့သို့ ဖြူဖွေးနေ၏။ သို့သော်လည်း
သူ၏မျက်လုံး အဖြူရောင် အတွင်းသည်၊
မီးတောက်တစ်ခုက
တောက်လောင်နေခဲ့သည်။

ထိုမီးတောက်မှာ အလွန်မပြင်းထန်လှပဲ၊
အလွန်အမင်း ဖိနှိပ်ခြင်း ခံနေရပုံ ပေါ်နေ၏။
လင်းဖုန်းသည် ထိုမီးတောက်လေးကို
ကြည့်လိုက်သောအခါ၊ သူသည်

မီးတောင်အပေါက်ဝတွင် ရပ်နေကာ
အောက်ကိုလှမ်းကြည့်လိုက်သောအခါ၊
ပွက်ပွက်ဆူနေသော ချော်ရည်များကို
တွေ့လိုက်ရသကဲ့သို့ ဖြစ်နေ၏။

ချောင်ဝေက အေးစက်စွာနှင့် ပြောလိုက်သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းလား?"

သူ၏ ခန္ဓာကိုယ်ဘေးတွင် ရေခဲပုံဆောင်ခဲများ
ရုတ်တရက် ပေါ်လာခဲ့သည်။ သူတို့သည်
မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော
မီးလျှံများအလား အဆက်မပြတ်
ကခုန်နေကြသည်။

လင်းဖုန်းက ထိုပုံဆောင်ခဲများသည် ဆီးနှင်းရေခဲများနှင့် ပြုလုပ်ထားသည်ကို သိနေခဲ့၏။ သို့သော်လည်း ထိုပုံဆောင်ခဲများသည် ကောင်းကင်ယံတွင် မီးလျှံများကဲ့သို့ ကခုန်နေကြပြီး၊ ပြင်းထန်သော အပူချိန်များနှင့် လောင်ကျွမ်းနေကြခြင်း ဖြစ်သည်။

လင်းဖုန်းက သူ၏ရင်ထဲတွင် တွေးနေခဲ့သည်။ "ဒါက သူတို့ရဲ့ ဝိသေသ သိုင်းကွက်၊ ရေခဲမီးတောက်လား?"

နတ်ရေကန်ဂိုဏ်း၏ အစွမ်းအထက်ဆုံး
မှော်ကျိန်စာအား အမှောင်ဝင်ရိုးစွန်း
မီးတောက် မန္တန်ဟုခေါ်သည်။
တစ်ယောက်သည် သူ့အား အောင်မြင်စွာ
လေ့ကျင့်ပြီးသွားလျှင်၊ သူသည်
ရေခဲအနွယ်ဝင် မှော်ကျိန်စာများနှင့်၊
မီးအနွယ်ဝင် မှော်ကျိန်စာများ
နှစ်မျိုးစလုံးတို့ကို ထုတ်လွှတ်နိုင်၍၊
သူတို့နှစ်ခုတို့အား ပေါင်းစည်းကာ
အကြီးအကျယ် ပျက်စီးစေနိုင်သော
အကျိုးတရားတို့ကို ဖြစ်ထွန်းစေနိုင်၏။

"သူ့ရဲ့ ဦးနှောက်ကများ တစ်ခုခု ဖြစ်နေတာလား?" လင်းဖုန်းက တွေးလိုက်သည်။ "သူက ဘာဖြစ်လို့ တိုက်ခိုက်ချင်နေရတာလဲ? ငါ့ကို မကြိုက်လို့များလား? ဘာအကြောင်းရင်းမှ မရှိပဲ ဘာဖြစ်လို့ ရန်စနေရတာလဲ?

ချောင်ဝေ၏ ရေခဲမီးတောက်သည် အစပထမတွင် သူ၏ အနားတစ်ဝိုက်တွင်သာ ကခုန်နေကြခြင်း ဖြစ်သည်။ အခုတွင်မူ သူသည် ကောင်းကင်ယံ တစ်ခုလုံးကို ပြည့်နှက်သွားကာ၊ ယုကျိုးမြို့ တစ်မြို့လုံးကို လွှမ်းခြုံသွားခဲ့သည်။ ကောင်းကင်ဘုံ

တစ်ခုလုံးနှင့်အပြည့် မီးတောက်မီးလျှံများနှင့်
ရေခဲတို့သည် လင်းဖုန်းဆီသို့
မိုးရွာသည့်အလား ကျဆင်းလာကြသည်.

ထိုမီးတောက်မီးလျှံ မိုးတို့နှင့်
ရင်ဆိုင်လိုက်ရသောအခါ၊ လင်းဖုန်းနှင့်
အပြာရောင် ခန်းမ သူတော်စင်တို့သည်
နှစ်ယောက်စလုံး သတိထားလိုက်ကြရသည်။
မိုးတစ်ပေါက်ချင်းဆီတို့သည် မီးစတစ်စနှင့်
တူနေကြကာ၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက်၏
မှော်စွမ်းအင်များနှင့်

ပြည့်လျှံနေကြသည်ဖြစ်ရာ၊ အလွန်အမင်းကို ဖျက်အားကြီးလှ၏။

လင်းဖုန်းက အခန်းထဲတွင် မလှုပ်မယှက် ထိုင်နေခဲ့သည်။ သူ၏ညာလက်အား ဆန့်တန်းလိုက်ကာ၊ လေထုထဲတွင် ဖမ်းဆုပ်သည့်သဏ္ဍာန် ပြုလုပ်လိုက်၏။

ချက်ချင်းဆိုသလိုပင် ကောင်းကင်ပေါ်မှ မီးလျှံမိုးများသည် ပျောက်ကွယ်သွားကြ၏။

သူတို့၏ အရှေ့တွင် ရောမ ဟင်းလင်းပြင် အက်ကွဲကြောင်း တစ်ခုက ပေါ်လာခဲ့ကာ၊

ဖရိုဖရဲမှုများဖြင့် ပြည့်နှက်နေ၏။
သူ၏အတွင်းတွင် မြေ၊ရေ၊လေ၊မီး စသည့်
စိတ်ဝိညာဉ် စွမ်းအင်တို့ဖြင့်
လှုပ်ရှားနေကြကာ၊ မီးလျှံမိုးများထက်
ခက်ထန်ကြမ်းတမ်းစွာဖြင့် သူတို့အား
ဝါးမျိုလိုက်ကြသည်။

ယုကျိုးမြို့ပေါ်မှ ကောင်းကင်သည်
လင်းဖုန်း၏ နည်းစနစ်ကြောင့်
ပျက်စီးသွားသကဲ့သို့ ဖြစ်သွားခဲ့သည်။
ထို့နောက်တွင် ဟင်းလင်းပြင်သည်
ချောင်ဝေဘက်သို့ ဦးလှည့်လိုက်ကာ၊
သူ၏အတွင်းမှ မရေမတွက်နိုင်သော

စိတ်ဝိညာဥ်စွမ်းအင် အမျှင်တန်းများသည်
သူ့ထံသို့ ပြေးဝင်သွားခဲ့ကာ
ဝါးမျိုပစ်ချင်သည့်ပုံ ပေါက်နေခဲ့၏။

ချောင်ဝေ၏ အမူအရာတို့မှာ
မပြောင်းလဲသွားခဲ့ပေ။ သူ၏ခေါင်းကို
ညိတ်လိုက်ကာ သကော်တတစ်ခုအား
ဖော်ဆောင်လိုက်၍ ကြုံးဝါးလိုက်သည်။
"ချိတ်ပိတ်စမ်း!"

သူ၏ဘေးတွင် ရှိနေကြသည့်
ရေခဲမီးတောက်များသည်
စတင်ကခုန်လာကြသည်။ နဂိုမူလက

ပူပြင်းတောက်လောင်နေကြသည့်
အပူချိန်တို့သည် ရေခဲမှတ် ရောက်သည်အထိ
ကျဆင်းသွားကြသည်။ ရေခဲမီးတောက်တို့၏
အစပထမက ဆီးနှင်းရေခဲတို့နှင့်
တူနေကြသော အပေါ်ယံအလွှာတို့သည်၊
အဖြူရောင် မီးတောက်လေး တစ်ခုအဖြစ်သို့
ပြောင်းလဲသွားကြသည်။

အစပထမက တောက်လောက်နေသော
ဆီးနှင်းနှင့် ယှဉ်လိုက်လျှင်၊
ရေခဲမီးတောက်သည် ယခုအချိန်တွင်
အေးခဲနေသော မီးတောက်အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။ သူသည်

ယခုအချိန်တွင် ဖြည်းညှင်းစွာ ကခုန်နေခဲ့ကာ၊ မိုတ်တုတ်မိုတ်တုတ် မဖြစ်နေတော့ပဲ ဖြည်းဖြည်းချင်း အစိုင်အခဲ ပုံစံသို့ ပြောင်းသွားခဲ့သည်။

မီးတောက်များက ကခုန်နေဆဲမှာပင်၊ သူတို့သည် သူတို့ဆီသို့ ပြေးဝင်လာကြသော စိတ်ဝိညာဉ် စွမ်းအင်တို့အား အေးခဲသွားစေပြီး၊ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲပေးခဲ့လိုက်သည်။

လင်းဖုန်းက ချောင်ဝေအား တည်ငြိမ်စွာနှင့် စိုက်ကြည့်လိုက်ကာ တွေးနေခဲ့သည်။ "အင်း၊

ကြည့်ရတာ ငါ့ရဲ့ မှော်ကျိန်စာ အသစ်ကို
သူ့အပေါ်မှာ စမ်းကြည့်ရင် ကောင်းမယ်နဲ့
တူတယ်"

အစောပိုင်းက တိုက်ခိုက်မှုတွင်
ချောင်ဝေသည် နည်းစနစ် နှစ်မျိုးကို
သုံးလိုက်၍၊ လင်းဖုန်း၏ နည်းစနစ်တစ်ခုအား
ယှဉ်ပြိုင်ခဲ့ရသည်။ ထို့ကြောင့် သူသည်
အရေးနိမ့်နေသည့်ပုံ ပေါ်နေခဲ့၏။ သူသည်
လင်းဖုန်းအား ပထမဦးစွာ ခက်ထန်စွာနှင့်
ရန်လာစခြင်းကို ပြန်တွေးကြည့်လိုက်သော်၊
ယခုကဲ့သို့ အရှုက်ရခြင်းကို လက်ခံနိုင်ရန်
ခဲယဉ်းပေလိမ့်မည်။

မှန်ပေ၏၊ ချောင်ဝေသည် နှုတ်ကနေ
တီးတိုးရေရွတ်နေခဲ့ကာ၊ သူ၏ဘေးမှ
ရေခဲမီးတောက်သည် မီးတောင်တစ်ခု ပုံစံသို့
ပြောင်းသွားခဲ့၏။ မီးတောင်၏ အတွင်းထဲမှ၊
ကြောက်မက်ဖွယ်ရာ စွမ်းအင်တစ်ခုကို
ခံစားနေနိုင်ခဲ့သည်။

လင်းဖုန်း၏ မျက်မှောင်တို့သည်
ကြုတ်သွားခဲ့၏။ သူ့ပြိုင်ဘက်၏
မှော်ကျိန်စာမှာ အလွန်အားကောင်းနေ၍
မဟုတ်ပေ၊ ထို့အစား ထိုမှော်ကျိန်စာမှာ
အလွန် အားနည်းနေ၍ ဖြစ်သည်။

၎င်း၏ စွမ်းအားသည်
အားနည်းနေခြင်းမဟုတ်ပဲ၊ သူကို
ထုတ်လွှတ်ချိန်မှာ ကြာမြင့်ခြင်းဖြစ်သည်။
ချောင်ဝေ၏ အဆင့်အတန်းနှင့် ဆိုလျှင်၊
သူသည် မှော်ကျိန်စာတစ်ခုကို စကားလုံး
တစ်လုံးနှင့်ပင် ထုတ်လွှတ်နိုင်ပေလိမ့်မည်။

ဘေးမှ ကြည့်နေသောသူများ အဖို့မူ၊ သူသည်
တစ်ခဏတွင်းချင်း ထုတ်လွှတ်နိုင်သည်ဟု
ထင်နေရသည်။ သို့သော်လည်း
လင်းဖုန်းအတွက်မှာမူ၊ ထိုကျိန်စာသည်
အမှန်တကယ် နှေးကွေးနေပေသည်။

ထိုအချိန်တွင် ခပ်ဝဝနှင့် အဘိုးအို တစ်ယောက်သည် တစ်ဟားဟား ရယ်မောနေခဲ့၍၊ သူတို့နှစ်ယောက်၏ အကြားတွင် ပေါ်လာခဲ့သည်။ သူက ပျော်ရွှင်စွာနှင့် ကျယ်လောင်စွာ ပြောလိုက်သည်။ "အခု အစည်းအဝေးက တပည့်တွေ ယှဉ်ပြိုင်ဖို့အတွက် ရည်ရွယ်ထားတာပါ။ မာစတာ နှစ်ယောက်က ဘာဖြစ်လို့ ပြိုင်ဆိုင်နေကြတာလဲ?"

"စိတ်ထိန်းကြပါ၊ ကျေးဇူးပြုပြီးတော့ စိတ်ထိန်းကြပါ။ မဟာချင်ကို

နည်းနည်းပါးပါးလောက် မျက်နှာသာ ပေးကြပါဦး၊ ကျုပ်က တောင်းဆိုပါတယ်"

လင်းဖုန်းက နူးညံ့စွာ ပြုံးလိုက်သည်။ "အိုး၊ ရှွင်ပျော်ပျော် သူတော်စင်ပါလား။ မင်္ဂလာပါ ခင်ဗျာ"

ရှွင်ပျော်ပျော် သူတော်စင်က ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "မင်္ဂလာပါ၊ မာစတာလင်း"

သူသည် ချောင်ဝေဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။ "မာစတာချောင်၊ မတွေ့ရတာ ကြာပြီ"

သူသည် ထိုသူကို အရင်က မမြင်ဖူးသော်လည်း၊ လင်းဖုန်းသည် မဟာချင် အင်ပါယာ၏ ထိပ်သီးပုဂ္ဂိုလ်များကို ကြိုးစားအားထုတ်၍ လေ့လာထားခဲ့သည်။

ဤအဘိုးအိုသည် ကြည့်ရတာ ပျော်ပျော်နေတတ်သည့်ပုံ ပေါက်နေခဲ့သော်လည်း၊ သူသည် မဟာချင် အင်ပါယာ၏ ဗဟိုအဖွဲ့ဝင်အတွင်းမှ

တစ်ယောက်ဖြစ်ပြီး၊ သူ့အား ရှင်ပျော်ပျော် သူတော်စင်ဟုလည်း ခေါ်ကြသည်။

သူသည် မူလက တော်ဝင်မိသားစု၏ အမျိုးကောင်းသား တစ်ယောက်ဖြစ်ပြီး၊ အင်မော်တယ် ဝိညာဉ် အဆင့်ကို လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကျော်ခန့်က ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ပုံမှန်အားဖြင့် ဆိုလျှင်၊ သူသည် လွတ်လပ်ပေါ့ပါးစွာ ခရီးထွက်နေလေ့ရှိသည်။ သို့သော်လည်း မဟာချင် အင်ပါယာက တစ်စုံတစ်ခု လိုအပ်သော အခါတွင်မူ၊ သူက လာရောက် ကူညီပေးလေ့ရှိသည်။

သူသည် ဟွမ်ဟိုင် စိတ်ဝိညာဥ်
အစည်းအဝေးသို့ တက်ရောက်လိမ့်မည်ဟု
မည်သူကမှ ထင်ထားကြခြင်း မရှိချေ။

ထိုကဲ့သို့သော ရှာဖွေတွေ့ရှိမှုများသည်
လင်းဖုန်းအား စိတ်မသက်မသာ ဖြစ်စေခဲ့ပြီး
တွေးနေခဲ့သည်။ "တစ်ခါတစ်လေမှသာ
မြင်ရလေ့ရှိတဲ့ ရှင်ပျော်ပျော်
သူတော်စင်ကိုတောင် ခေါ်ထားတယ်ဆိုတော့၊
မဟာချင် အင်ပါယာရဲ့ တခြား အင်မော်တယ်
ဝိညာဥ် အဆင့်က ကျင့်ကြံသူတွေရော
ဘယ်လိုလဲ? ဒီအစည်းအဝေးက

ထင်သလောက်တော့ မရိုးရှင်းပဲ၊ မဟာချင်
အင်ပါယာက တစ်ခုခု ကြီးကြီးမားမား
ကြံစည်နေတဲ့ပုံပဲ"

"မတွေ့ရတာ ကြာပြီ" ချောင်ဝေက
ရွှင်ပျော်ပျော် သူတော်စင်အား
အေးစက်စွာဖြင့် ပြန်ပြောလိုက်၏။
သူ၏မျက်လုံးများသည် ဂဏှာမငြိမ်
ဖြစ်နေခဲ့ပြီး၊ တစ်ခုခုကို လုပ်ချင်နေသည့်ပုံ
ပေါက်နေခဲ့၏။

ထိုအချိန်တွင် ခားအလင်းတန်း နှစ်ခုတို့သည်
ကောင်းကင်ကို ရုတ်တရက်

နှစ်ပိုင်းပိုင်းလိုက်၏။ တစ်ခုသည် ရှင်ပျော်ပျော် သူတော်စင်၏ ဘယ်ဘက်တွင် ကျလာခဲ့ပြီး၊ ကျန်တစ်ခုသည် ညာဘက်တွင် ကျလာခဲ့၏။ ထက်မြက်လှသော ဓားအော်ရာတို့သည် လင်းဖုန်းနှင့် ချောင်ဝေ နှစ်ယောက်စလုံးအား မသက်မသာ ဖြစ်စေခဲ့သည်။

"မာစတာချောင်က ယုကျိုး တစ်မြို့လုံးကို သတ်ပစ်ချင်နေတာလား?"
ဘယ်ဘက်မှသူသည် နတ်သားကဲ့သို့ ချောမော၍၊ ကျောက်စိမ်းသစ်ပင်ကဲ့သို့ ငယ်ရွယ်တောက်ပလေ၏။ သူ၏ ရယ်၍ပြောလိုက်သော အသံသည်

နွေဦးလေပြေကဲ့သို့ ကြည်လင်ပြတ်သားလှ၏။ "တကယ်လို့ ခင်ဗျားတို့ နှစ်ယောက်က တိုက်ခိုက်ကြမယ်ဆိုရင်၊ ယုကျိုးတစ်မြို့လုံးက ပျက်စီးသွားရုံတင် မကပဲ၊ မဟာချင် အင်ပါယာရဲ့ တောင်ပိုင်းတစ်ခုလုံးက ပြားပြားဝပ်သွားလိမ့်မယ်"

လင်းဖုန်းနှင့် ချောင်ဝေတို့၏ မျက်လုံးအစုံတို့မှာ ကျဉ်းမြောင်းသွားခဲ့ပြီး ပြောလိုက်ကြသည်။ "နေမင်းအလင်းတန်း ဓားမာစတာ?"

ထိုလူသည် လူငယ်ပုံ ပေါက်နေသော်လည်း၊ အမှန်တကယ်တွင်မူ နှစ်ထောင်ပေါင်းများစွာ သက်တမ်းရှိပြီ ဖြစ်သော အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သည်။ သူသည် ကောင်းကင်ကိုးလွှာ ဓားမဟာမိတ် အဖွဲ့ဝင်တစ်ဦးဖြစ်သော၊ နေလဓားဂိုဏ်း၏ မာစတာ၊ နေမင်းအလန်းတန်း ဓားမာစတာပင် ဖြစ်သည်။

နေလဓားဂိုဏ်း၏ တပည့်များသည် အခြေခံအုတ်မြစ် အဆင့်ကို လွန်မြောက်သွားပြီးသော အခါတွင်၊

သူတို့သည် သူတို့၏ ဘဝလက်တွဲဖော်တို့ကို ရွေးချယ်ရသည်။ ကောင်လေးနှင့် ကောင်မလေး၊ ယင်နှင့်ယန်။ တစ်ယောက်က နေမင်းအလင်းတန်း ခေးကျမ်းစာကို လေ့ကျင့်၍၊ ကျန်တစ်ယောက်က လမင်းအလင်းရောင် ခေးကျမ်းစာကို လေ့ကျင့်ကာ တစ်ဦးနှင့်တစ်ဦး အတွဲအဖက် လုပ်ရခြင်း ဖြစ်သည်။

အကယ်၍ တစ်ယောက်သည် တိုက်ပွဲတွင် ကျဆုံးသွားခဲ့သည် ဆိုပါက၊ သူတို့သည် အတွဲအဖက် တစ်ယောက်အား လိုအပ်နေသည် ကျင့်ကြံမှု အဆင့်တူညီသော

နေလဓားဂိုဏ်းမှ တပည့်
နောက်တစ်ယောက်နှင့် တွဲဖက်ရမည်
ဖြစ်သည်။

သို့သော်လည်း အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်ရှိရန်မှာ အမတန်
ခက်ခဲလှ၏။ နေမင်းအလင်းတန်း ဓားမာစတာ
တစ်ယောက်သာ ထိုအဆင့်သို့ ရောက်ရှိခဲ့ခြင်း
ဖြစ်သည်။ သူ၏ အတွဲအဖက်မှာ
ကံမကောင်းခဲ့ပေ။ ထို့ကြောင့်ပင် တိကျစွာ
ပြောရလျှင်၊ သူသည် သူ၏ဂိုဏ်းမှ
အခြေခံအုတ်မြစ် အဆင့်အထက်မှ
ကျင့်ကြံသူများ အတွင်းတွင်၊

တစ်ဦးတည်းသော လူလွတ်တစ်ယောက်
ဖြစ်၏။

နှစ်ပေါင်းတစ်ထောင်ကျော် ကြာသည်အထိ၊
သူသည် သူ၏ လမင်းအလင်းရောင်
ခေးမာစတာအား စောင့်မျှော်နေရဆဲ
ဖြစ်သည်။

နေလခေးဂိုဏ်းမှ တပည့်များသည် အတူတကွ
တိုက်ခိုက်ခြင်းဖြင့်၊ သူတို့၏ စွမ်းရည်များကို
အဆပေါင်းများစွာ တိုးမြှင့်နိုင်ကြသည်။
သို့သော်လည်း သူတို့သည် တစ်ယောက်ချင်း
တိုက်ခိုက်ကြမည် ဆိုလျှင်လည်း၊ သူတို့၏

အစွမ်းမှာ နိမ့်ကျသွားမည် မဟုတ်ပေ။
နေလခါးဂိုဏ်း၏ ခါးမာစတာ
တစ်ယောက်အနေနှင့်၊ နေမင်းအလင်းတန်း
ခါးမာစတာသည် အလင်းခါးမြန်
ခါးမာစတာထက် အားနည်းလိမ့်မည်
မဟုတ်ချေ။

ရှင်ပျော်ပျော် သူတော်စင်၏ ညာဘက်မှသူမှာ၊
လင်းဖုန်းအရင်က တွေ့ခဲ့ဖူးသော
အလင်းခါးမြန် ခါးမာစတာပင် ဖြစ်သည်။
သူသည် ဘာတစ်ခွန်းမှ ပြောခြင်းမရှိပေ။
ချောင်ဝေအား လှည့်ပင် မကြည့်ခဲ့ပဲ၊
သူ၏အကြည့်သည် လင်းဖုန်း၏

အပေါ်တွင်သာ ကျရောက်နေ၍
ဘာပြောရမလဲ စဥ်းစားနေပုံ ရ၏။

ရှင်ပျော်ပျော် သူတော်စင်က
ရယ်မောလိုက်သည်။ "အိမ်ရှင်တစ်ယောက်
အနေနဲ့၊ ခင်ဗျားတို့ နှစ်ယောက်စလုံးက
ကျုပ်ကို မျက်နှာသာ နည်းနည်းပေးဖို့
တောင်းပန်ပါတယ်"

လင်းဖုန်းက ဘာမှမဖြစ်သကဲ့သို့
ပြုံးလိုက်သည်။ "ဒါဆိုရင်လည်း အိမ်ရှင်စကား
နားထောင်ရတာပေါ့ဗျာ" သူသည် ဘာမှ

အရှုံးမရှိသဖြင့်၊ မတိုက်ခိုက်ရလည်း ကိစ္စမရှိပေ။

ပြီးတော့လည်း သူ၏ ခန့်မှန်းမှုများ အရ၊ ချောင်ဝေ၏ ယနေ့လာရောက်ခြင်းသည် သူ့အား ရန်စတိုက်ခိုက်ရန် သက်သက်မဟုတ်ချေ။ သူသည် အခြားရည်ရွယ်ချက်များလည်း ရှိဟန်တူသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင်၊ သူသည် ချောင်ဝေအား သူလိုချင်သည်များကို မရသွားစေလိုပေ။

ကောင်းကင်ပေါ်တွင် ရပ်နေခဲ့သော
ချောင်ဝေသည် ရှင်ပျော်ပျော် သူတော်စင်အား
ကြည့်လိုက်သည်။ ထို့နောက်
နေမင်းအလင်းတန်း ခါးမာစတာနှင့်
အလင်းခါးမြန် ခါးမာစတာအား
ကြည့်လိုက်၏။ သူသည် ခေါင်းကို
အေးစက်စွာဖြင့် ညိတ်လိုက်ကာ၊
"အစည်းအဝေးပြီးမှ၊
စာရင်းဆက်ရှင်းကြတာပေါ့"

အိမ်ရှင်တို့က ရောက်လာကြပြီ ဖြစ်သဖြင့်၊
လင်းဖုန်းနှင့် အပြာရောင်ခန်းမ
သူတော်စင်တို့သည် အခန်းအတွင်းတွင်

ဆက်ထိုင်နေ၍ မသင့်တော်တော့ချေ။ သူတို့သည် ထလိုက်ကြကာ ကောင်းကင်ပေါ်သို့ ပျံတက်သွားကြ၏။ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အမြောက်အမြားကို ကြည့်လိုက်၍၊ ရှင်ပျော်ပျော် သူတော်စင်သည် အားရပါးရ ရယ်လိုက်၏။

"သတ်မှတ်ထားတဲ့ ရက်က ရောက်ပြီဖြစ်တဲ့အတွက်၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးက မကြာခင်မှာပဲ စတင်တော့မှာ ဖြစ်ပါတယ်။ အားလုံးပဲ၊ ကျေးဇူးပြုပြီးတော့ ကျွန်တော့်ရဲ့ အနောက်ကို

လိုက်ပြီးမှ၊ မြောက်ပိုင်းလေပြင်း
ပင်လယ်ဆီကို သွားကြပါစို့"

လင်းဖုန်းသည် ပြုံးလိုက်ကာ
ခေါင်းကိုညိတ်လိုက်၏။ သူက
သဘောတူကြောင်း ပြောမည့်ဆဲဆဲတွင်၊
တစ်စုံတစ်ခုအား တွေးမိလိုက်သည်။
"လခွမ်းပဲ၊ ဟိုကောင်စုတ်လေးတွေက
ပြဿနာတွေ ရှာထားကြပြန်ပြီ!"

## စာစဉ် ၁၆ : အပိုင်း ၅

# အပိုင်း ၂၇၅ : ပြဿနာရှာဖို့ သဲလွန်စများကို ချပြခြင်း

ယုကျိုးမြို့၏ မြောက်ပိုင်းလမ်းမများပေါ်မှ အလွန်အမင်း ပြင်းထန်သော သတ်ဖြတ်လိုစိတ် တစ်ခုကို ခံစားမိလိုက်ရသဖြင့်၊ လင်းဖုန်း၏စိတ်မှာ လှုပ်ရှားသွားခဲ့သည်။

လမ်းပေါ်တွင် ရှေးပဝေသဏီမှ သားရဲကဲ့သို့ ခက်ထန်သော ရောမ လူကြီးတစ်ယောက်သည် မြေပြင်ပေါ်တွင် ရပ်နေ၍၊ သူ၏အရှေ့မှ ဝတ်ရုံဖြူနှင့်

လူတစ်အုပ်စုကို ဒေါသထွက်လှစွာနှင့် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

ထိုရောမ လူကြီးသည် ကွဲပြားသော မျိုးနွယ်စု တစ်ခုမှ ဆင်းသက်လာပုံ ပေါက်နေ၏။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် နဂါးတစ်ကောင်၊ ဆင်တစ်ကောင်ကဲ့သို့ စွမ်းအားများဖြင့် ပေါက်ကွဲနေပြီး၊ သူသည် ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များကို အထူးပြုထားသည်မှာ သိသာနေ၏။ သူ၏အနောက်တွင် တူညီသော ဝတ်စုံတို့ကို ဝတ်ဆင်ထားကြသော ကျင့်ကြံသူတစ်အုပ်စုက ရပ်နေကြသည်။ သူတို့အားလုံးသည်လည်း နဂါးအုပ်စု

တစ်အုပ်စုကဲ့သို့၊ စွမ်းအင်ခွန်အားများနှင့် ပြည့်လျှံနေကြသည်။

ထိုမြင်ကွင်းအား ကြည့်လိုက်၍ လင်းဖုန်း၏ ရင်ခုန်သံတစ်ချက် မှားသွားခဲ့ပြီး တွေးမိလိုက်သည်။
"မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်?"

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ ကျင့်ကြံသူများကို အစွန်းနှစ်ဘက် ခွဲခြားထားနိုင်သည်။ အများစုမှ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များကို

အထူးပြုလေ့ကျင့်ကြကာ၊ သူတို့၏ ခန္ဓာကိုယ်
စွမ်းအင်မှာ အလွန်ကို သန်စွမ်းလှ၏။
မူလကောင်းကင် ကမ္ဘာတစ်ခုလုံးတွင်၊
သူတို့သည် ထိပ်တန်းအဆင့်ရှိပြီး၊
မိစ္ဆာမျိုးနွယ်စုများနှင့်ပင် ယှဉ်နိုင်လေသည်။

သူတို့အနက်မှ အုပ်စုအချို့သည် စိတ်ဝိညာဉ်
မှော်ကျိန်စာများကို အထူးပြုလေ့ကျင့်ကြပြီး၊
မှော်ဆရာများဟု ခေါ်ကြသည်။ သူတို့သည်
နတ်ဘုရားနယ်မြေမှ အဓိက
မှော်ကျိန်စာများနှင့် ကွဲပြားကြ၍၊ စိတ်ဝိညာဉ်
မှော်ကျိန်စာများတွင် အစွမ်းထက်ကြသည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ ကျင့်ကြံသူများနှင့်
ရင်ဆိုင်ရသည့် အချိန်တွင်၊ အဖြူရောင် ဝတ်စုံ
အုပ်စုကလည်း သူတို့အား အေးစက်စွာဖြင့်
စိုက်ကြည့်နေကြသည်။ သူတို့သည်
နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူများ
ဖြစ်ကြသည်။

သို့သော်လည်း ဒါသည် အဓိကအချက်
မဟုတ်ပေ။ အဓိကအချက်က လင်းဖုန်းသည်
ရှောင်ပုတာန်၊ ထွမ်းထွမ်းနှင့်
ကျူးကော်ဖန်းလင်တို့သည် သူတို့အနီးမှ
လမ်းထောင့်တစ်ခုတွင် ပုန်းနေကာ၊

သူတပါးတို့ ဒုက္ခရောက်နေကြသည်ကို ပျော်ရွှင်စွာနှင့် ကြည့်နေကြခြင်း ဖြစ်သည်။

လင်းဖုန်းအား ပို၍စိုးရိမ်စေသည့် အချက်မှာ၊ သူတို့မျက်နှာသုံးခုသည် ကြက်ခြံအတွင်းမှ ကြက်သုံးကောင်တို့ကို အောင်မြင်စွာ ခိုးယူနိုင်ကြသည့် မြွေပါသုံးကောင်တို့၏ မျက်နှာနှင့် တူနေကြခြင်း ဖြစ်သည်။

လင်းဖုန်း၏ အမူအရာမှာ မပြောင်းလဲခဲ့သော်လည်း၊ သူ၏စိတ်အတွင်းမှ ညည်းညူနေခဲ့သည်။ "ဒီအမွှေစိန် သုံးကောင်က ဒီတစ်ခေါက်မှာ

ဘာပြဿနာတွေ ရှာလိုက်ကြပြန်ပြီလဲ မသိဘူး?"

ချောင်ဝေကလည်း တစ်ခုခုမှားနေပြီ ဆိုတာကို သိလိုက်၏။ သူသည် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ ကျင့်ကြံသူတို့ကို တွေ့လိုက်သောအခါ၊ မျက်နှာသည် တင်းမာသွား၏။

ရှင်ပျော်ပျော် သူတော်စင်ကလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို သတိပြုမိလိုက်၏။ ပုံမှန်ဆိုလျှင်

ပျော်ပျော်နေတတ်သည့် ရွှင်ပျော်ပျော်
သူတော်စင်သည် သက်ပြင်းတစ်ချက်ချကာ
ပြောလိုက်၏။ "အရှင်မင်းသား၊
လက်ဝဲမင်းသားရှန် ခင်ဗျာ၊
ကျေးဇူးပြုပြီးတော့ အရှင့်ရဲ့
ကလန်အဖွဲ့ဝင်တွေကို ထိန်းသိမ်းပေးပါဦး။
မဟုတ်လို့ရှိရင် ရှကျိုးမြို့ကြီးက
ပျက်စီးသွားပါတော့မယ်"

တိုင်းပြည်နှစ်ခုတို့သည် နယ်နိမိတ်ခြင်း
ထိစပ်နေကြသည်ဖြစ်ရာ၊ နယ်စပ်
ပဋိပက္ခတို့သည် မကြာခဏ ဖြစ်ပွားလေ့
ရှိကြသည်။ သို့ဖြစ်၍ မြောက်ပိုင်း မျိုးနွယ်စုမှ

အဖွဲ့ဝင် အမြောက်အမြားတို့သည်
ရုတ်ရုတ်သဲသဲ လုပ်ကြလျှင်၊ ယုကျိုးမြို့မှ
သာမန်ပြည်သူတို့သည် သူတို့အား
ကျူးကျော်သူများဟု ယူဆကြကာ၊
အထင်အမြင် စောင်းကုန်ကြမည် ဖြစ်သည်။

အကယ်၍ သူ၏ပြိုင်ဘက်သည်
ပြန်မတုံ့ပြန်ခဲ့လျှင်၊ ရွှင်ပျော်ပျော်
သူတော်စင်သည် ပုံမှန်အားဖြင့်
ပျော်ပျော်နေတတ်သော်လည်း၊ လိုအပ်သလို
အရေးယူ ဆောင်ရွက်ရတော့မည် ဖြစ်သည်။

မြောက်ဘက် ကောင်းကင်ယံထံမှ
ရယ်သံတစ်သံသည် ပျံ့လွင့်လာခဲ့သည်။
"ခွင့်လွှတ်ပါ၊ ရှင်ပျော်ပျော် သူတော်စင်၊
ကျွန်တော့်ရဲ့ သားတွေက
မဟုတ်မခံသမားတွေချည်းပဲ"

ထိုရယ်သံမှာ အဝေးကြီးကနေ လာနေသကဲ့သို့
ဖြစ်သော်လည်း၊ သိပ်မကြာမီတွင်
လင်းဖုန်းနှင့် ကျန်သောသူများ၏ အရှေ့သို့
ရောက်လာခဲ့သည်။

အားလုံး၏ အရှေ့တွင် ကွဲပြားသော
မျိုးနွယ်စု၏ ဝတ်ကောင်းစားလှများကို

ဝတ်ဆင်ထားသော သက်လတ်ပိုင်း လူသန်ကြီး တစ်ယောက်က ပေါ်လာခဲ့သည်။ သို့သော်လည်း ထိုအဝတ်အစားနှင့် အပြုံးတို့သည်၊ သူ၏ ကိုယ်အတွင်းမှ ပေါက်ကွဲထွက်နေခဲ့သော ကြမ်းတမ်းသော အသက်စွမ်းအင်တို့အား ဖုံးကွယ်ထားနိုင်ခြင်း မရှိပေ။

သူ၏ တစ်ကိုယ်လုံးသည် စွမ်းအားများဖြင့် တင်းကြပ်ပြည့်လျှံနေခဲ့သည်။ သူ၏ဘေးတွင် ရပ်နေသော လင်းဖုန်းက၊ သူသည် နေမင်းကြီး၏ဘေးတွင် ရပ်နေရသည်ဟု ခံစားနေရသည်။

သူထုတ်လွှတ်နေသော စွမ်းအားတို့သည်
အစိုင်အခဲ အဖြစ်သို့ ပြောင်းလဲသွားပုံ
ပေါ်နေသည်။ သူ၏ ခန္ဓာကိုယ်ကို အနီရောင်
အလင်းတန်းများဖြင့် လွှမ်းခြုံထားကာ၊
လူတိုင်း၏ ရင်ထဲတွင် ကြောက်စိတ်များကို
ဖြစ်ပေါ်စေခဲ့သည်။

သူသည် လင်းဖုန်းက ဒီကမ္ဘာကို
ရောက်လာပြီးသော အချိန်တွင်၊ ရုပ်ခန္ဓာကိုယ်
သိုင်းပညာရပ်တွင်
ဤမျှအားကောင်းသောသူအား ပထမဆုံး
အကြိမ်အဖြစ် တွေ့ဖူးခြင်းဖြစ်သည်။ ပြီးတော့

သူက အခြေတည်ဝိညာဉ် အဆင့်သို့ တက်လှမ်းသွားပြီးသော အချိန်တွင်၊ သူ၏ အေးရီးစ်ကိုယ်ပွားနှင့် အကောင်းဆုံး ယှဉ်နိုင်မည့်သူအား ပထမဆုံး တွေ့ဖူးခြင်းဖြစ်သည်။

သူသည် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ အဓိကပုဂ္ဂိုလ် တစ်ဦးဖြစ်၍၊ အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားပြီးသော လက်ဝဲမင်းသားရှန် ဖြစ်သည်။

သူ့ကိုကြည့်ပြီးနောက် လင်းဖုန်းက တွေးနေခဲ့သည်။ "အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်နိုင်ဖို့အတွက်၊ တစ်ယောက်ဟာ သူ့ရဲ့ အခြေတည်ဝိညာဉ်နဲ့ ကောင်းကင်နဲ့မြေကြီးတို့ရဲ့ နိယာမတွေကို ပေါင်းစည်းရမယ်။ ဒါမှသာ တစ်ယောက်ဟာ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားကို ဖန်ဆင်းနိုင်မှာပဲ ဖြစ်တယ်"

"ကျင့်ကြံသူ အတော်များများဟာ အခြေတည်ဝိညာဉ် အဆင့်ကို ရောက်သွားပြီးလို့ရှိရင်၊ သူတို့ရဲ့ ရုပ်ခန္ဓာကိုယ်ကို စွန့်ပယ်ဖို့

ရွေးချယ်လိုက်ကြတယ်။ ဒါပေမဲ့ ဒီလက်ဝဲမင်းသားရှန်က ပြောင်းပြန်ပဲ။ သူက သူရဲ့ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားကို သူ့ရဲ့ ရုပ်ခန္ဓာကိုယ်နဲ့ ပေါင်းစည်းခဲ့တယ်"

"အင်မော်တယ် ဝိညာဉ်ကိုယ်ပွားကို ပစ်ပယ်ထားပြီး၊ သူ့ရဲ့ အကန့်အသတ်တွေနဲ့ အပိတ်ပင် မခံပဲ၊ သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ကိုသာ ပိုပိုပြီး သန်မာအောင် လေ့ကျင့်နေခဲ့တယ်... သူတစ်ယောက်ကပဲ ဒီလိုလုပ်ရပ်မျိုးရဲ့ အရှုံးအမြတ်ကို သိမှာပဲ"

လင်းဖုန်းကတွေးနေခဲ့သည်။ "ရုပ်ခန္ဓာကိုယ်ကို လေ့ကျင့်တဲ့ လူသားတွေရဲ့ ထိပ်တန်းကျင့်ကြံသူတွေဟာ၊ အတိတ်က ဗုဒ္ဓမြင့်မြတ်နယ်မြေ၊ မဟာမိုးကြိုး ကျောင်းတော်ကြီးပဲ ဖြစ်ရမယ်။ သူတို့က အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားလို့ရှိရင်၊ သူတို့ဟာ သူတို့ရဲ့ကိုယ်ပိုင် ရွှေရောင်ခန္ဓာကိုယ်ကို ဖန်ဆင်းနိုင်တယ်။ ဒါက သာမန် အင်မော်တယ် ဝိညာဉ်ကိုယ်ပွားတစ်ခုနဲ့ ခြားနားတာပဲ"

"သူကလည်း ဒီသဘောတရား အတိုင်းပဲ၊ သူ့ရဲ့ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားနဲ့ သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ကို ပေါင်းစည်းထားသလား မသိဘူး?"

လက်ဝဲမင်းသားရှန်၏ စကားဆုံးသည်နှင့်၊ မြောက်ပိုင်းမျိုးနွယ်စုမှ ကျင့်ကြံသူများသည် သူတို့၏ သတ်ဖြတ်လိုစိတ်များကို ရုပ်သိမ်းလိုက်ကြသည်။ သို့သော်လည်း သူတို့သည် နတ်ရေကန်ဂိုဏ်းကို ဒေါသမျက်လုံးတို့နှင့် စိုက်ကြည့်နေကြသေး၏။

နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူတို့ကလည်း အေးခဲနေသော အမူအရာများဖြင့် ပြန်ကြည့်နေကြသည်။ သူတို့၏ အကြည့်များကို ဂရုမစိုက်သကဲ့သို့ ရှိနေကြ၏။ သူတို့နှစ်ဂိုဏ်းတို့ အကြားတွင် ပဋိပက္ခများက များလွန်းလှ၏၊ အဘယ်ကြောင့် တစ်ခေါက်တည်းနှင့် ဖြေရှင်းနိုင်ပါ့မည်နည်း?

"ခွင့်လွှတ်ပါ၊ ရှင်ပျော်ပျော် သူတော်စင် ခင်ဗျာ။ ကျွန်တော့်ရဲ့ ကလေးတွေဟာ အတန်ငယ် ကြမ်းတမ်းပါတယ်။ ဒါပေမဲ့လည်း သူတို့ကိုအပြစ်တင်လို့တော့ မရပါဘူး" လက်ဝဲမင်းသားရှန်က ဖြည်းဖြည်းချင်း

ပြောလိုက်သည်။ "ကျွန်တော်တို့ မျိုးနွယ်စုက မြင်းတွေမွေးတယ်ဆိုတာ၊ ခင်ဗျားလည်း အသိပဲ"

"သာမန်လူတွေက မြင်းတွေမွေးသလိုပဲ၊ ကျွန်တော်တို့ရဲ့ မျိုးနွယ်စုက ကျင့်ကြံသူတွေဟာ ကျင့်ကြံမှုကို စတင်ကြတဲ့အခါ၊ သူတို့က မြင်းပျံတွေကို မွေးကြတယ်။ သူတို့ဟာ ကျွန်တော်တို့ မြောက်ပိုင်းမျိုးနွယ်စုရဲ့ တစ်စိတ်တစ်ပိုင်းပဲ၊ သူတို့က ကျွန်တော်တို့နဲ့အတူ ဆီးနှင်းလွင်ပြင်ကို ဖြတ်သန်းခဲ့တဲ့

ကျွန်တော်တို့ရဲ့ မိသားစုပဲ၊
ဆွေမျိုးသားချင်းတွေပဲ"

လက်ဝဲမင်းသားရှန်သည် သူ၏အကြည့်အား ချောင်ဝေထံသို့ ပို့လိုက်၏။ သူသည် ပြုံးနေဆဲဖြစ်သော်လည်း၊ ဒေါသ အငွေ့အသက်များကို ခံစားနိုင်ပေသည်။ "ဘယ်လိုမျိုး ယုတ်မာတဲ့ သူတွေက ကျုပ်တို့ရဲ့ ဆွေမျိုးသားချင်းတွေကို ခိုးယူဖို့ ကြံနေသလဲ မသိဘူး? ဒီလိုမျိုး စည်းကျော်တာကို ကျုပ်တို့က ဘယ်လိုလုပ်ပြီး သည်းခံနိုင်ပါ့မလဲ?"

ရှင်ပျော်ပျော် သူတော်စင်သည် အတော်ကို တုန်လှုပ်သွားခဲ့သည်။ "ခင်ဗျားတို့ရဲ့ မြင်းပျံတွေက အခိုးခံလိုက်ရတယ်?"

မြင်းပျံတို့သည် မြောက်ပိုင်းမျိုးနွယ်စုတို့က မွေးမြူလေ့ရှိကြသည့် အလွန်ဆန်းကြယ်သော သားရဲတစ်မျိုး ဖြစ်သည်။ သူတို့သည် မြင်းနှင့်တူကြသော်လည်း အများကြီးပို၍ အစွမ်းထက်ကြသည်။ သူတို့၏ ခန္ဓာကိုယ်မှာ ဆင်တစ်ကောင်ကဲ့သို့ ကြီးမားကာ၊ အလွန်ရိုင်းစိုင်း၍ သွေးဆာတတ်ကြသည်။

မိုးကြိုးမြင်းရိုင်းများ ကဲ့သို့ပင်၊ မြင်းပျံများသည် ရှေးပဝေသဏီမှ နတ်နဂါးများထံမှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူတို့၏ သွေးမျိုးဆက်မှာ သန့်စင်ခြင်း မရှိသော်လည်း၊ မိုးကြိုးမြင်းရိုင်းများထက် ပိုမိုသန့်စင်ကာ အစွမ်းလည်း အများကြီး ပိုထက်ကြသည်။

မြောက်ပိုင်းမျိုးနွယ်စုတို့တွင် မြင်းပျံ မိစ္ဆာသခင် တစ်ကောင်ရှိသည်။ သူ၏စွမ်းအားတို့မှာ အလွန်ကြီးမား၍၊ နဂါးမျိုးနွယ်မှ အဆင့်တူ နဂါးတစ်ကောင်ထက် နိမ့်ကျမည် မဟုတ်ပေ။

မြောက်ပိုင်းမျိုးနွယ်စုမှ ကျင့်ကြံသူ
တစ်ယောက်ချင်းဆီတွင်၊ သူတို့ ဂရုတစိုက်
မွေးမြူထားကြသည့် သားရဲတစ်ကောင်စီ
ရှိကြသည်။ သူတို့သည် ကျင့်ကြံမှုကို အတူတူ
ပြုလုပ်ကြသည်။ သူတို့သည်
အဖော်ကောင်းများ ဖြစ်ကြရုံတင်မကပဲ၊
ပြိုင်ဘက်များနှင့် တိုက်ခိုက်ရာတွင်
အကူအညီလည်း ပေးနိုင်သေး၏။

မြောက်ပိုင်းမျိုးနွယ်စုမှ ကျင့်ကြံသူများနှင့်
သူတို့၏ မြင်းပျံများ အကြားတွင်၊
အလွန်နီးကပ်သော ဆက်ဆံရေးရှိသည်။
အခုတော့ သူတို့က အခိုးခံလိုက်ရသောအခါ၊

သူတို့က ဤ[မ်ှ] ဒေါသထွက်နေသည်မှာ အထူးအဆန်း မဟုတ်ပေ။

သူတို့မြောက်ပိုင်း မျိုးနွယ်စု၏ အင်မော်တယ် ဝိညာဉ်အဆင့်မှ ခေါင်းဆောင်၊ လက်ဝဲမင်းသားရှန်ပင် မနေနိုင်ခဲ့ပေ။

သူ၏အရှေ့မှလူ၏ မိတ်ဆွေမဆန်သော အကြည့်အား ကြည့်လိုက်ကာ ချောင်ဝေက တွေးလိုက်သည်။ "ငါ့ကိုဘာဖြစ်လို့ အပြစ်တင်နေတာလဲ?" သူက သူ၏ပါးစပ်ကို ဟလိုက်မည် ကြံလိုက်သော်လည်း၊

စကားလုံးများသည် သူ၏လည်ပင်း
အတွင်းတွင် တစ်ဆို့နေခဲ့သည်။

နတ်ရေကန်ဂိုဏ်းနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့၏ ဆက်ဆံရေးမှာ
တစ်ခါမှ မိတ်ဖြစ်ဆွေဖြစ် မဆက်ဆံဖူးကြပေ။
သူတို့ နှစ်ဦးနှစ်ဘက် အကြားတွင် ပဋိပက္ခများ
မကြာခဏ ဖြစ်ပွားလေ့ ရှိကြကာ၊
တစ်ခါတစ်ရံတွင် တိုက်ပွဲငယ်
အဆင့်ထက်ပင်ပို၍
ကျော်လွန်သွားလေ့ရှိကြသည်။

ယခုအချိန်တွင် သူတို့သည်
ယုကျိုးမြို့အတွင်းတွင် စုပြုံပြီး
ရောက်နေသည့်အတွက်၊ သူ၏
တပည့်တစ်ယောက်သည်
မြောက်ပိုင်းမျိုးနွယ်စုမှ ကျင့်ကြံသူများနှင့်
အငြင်းပွားမိကာ၊ ဒေါသအလျှောက် သူတို့၏
မြင်းပုံများကို သတ်မိခြင်းသည်
ဖြစ်နိုင်ပေသည်။

ချောင်ဝေသည် သူ၏တပည့်များကို
မျက်ခြေမပြတ် စောင့်ကြည့်နိုင်သည့်အစွမ်း
ရှိသောလည်း၊ သူက အချိန်အကုန်ခံ၍
ကြည့်နေမည် မဟုတ်ပေ။

ထိုကဲ့သို့ ဖြစ်ရပ်တစ်ခု အမှန်ပင် ဖြစ်ပွားခဲ့မည်ဆိုသော်လည်း၊ သူ့အတွက်မူ အရေးကြီးကိစ္စ မဟုတ်ချေ။ သဘောထား သိမ်ဖျင်းရာ ကျသော်လည်း၊ ချောင်ဝေသည် သူ၏တပည့်များကို ကြိမ်းမောင်းပြစ်တင် နေမည်မဟုတ်ပေ။

"မင်းတို့က ကိုယ်ပိုင်မြင်းတွေကိုတောင် ကောင်းကောင်း မစောင့်ရှောက်နိုင်ပဲနဲ့၊ သူတစ်ပါးကို အပြစ်တင်ဖို့ ကြိုးစားတယ်၊ ဒါက မင်းတို့ မြောက်ပိုင်းမျိုးနွယ်စုတို့ရဲ့ လုပ်ပုံကိုင်ပုံတွေလား?" ချောင်ဝေက

အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။
"ကျုပ်ကသာ အရှင်မင်းသားရဲ့
နေရာမှာဆိုရင်တော့၊ သူတစ်ပါးကို
မှားပြီးတော့ အပြစ်မတင်မိအောင်
အရင်ကြိုးစားမှာပဲ"

"ခင်ဗျားတို့ မြင်းတွေက ကိုယ့်ဘာသာကိုယ်
ထွက်ပြေးသွားတာရော မဖြစ်နိုင်ဘူးလား?
အရာအားလုံးကို နတ်ရေကန်ဂိုဏ်းအပေါ်ကို
မပုံချနဲ့လေ၊ ကျုပ်တို့ဂိုဏ်းက ခင်ဗျားတို့ကို
ဖျော်ဖြေပေးဖို့ အချိန်မရှိဘူး" ချောင်ဝေက
အေးစက်စွာဖြင့် ပြောလိုက်သည်။
"ခင်ဗျားတို့က တိုက်ခိုက်ချင်တယ်ဆိုရင်၊

ကျုပ်တို့ဂိုဏ်းက အချိန်မရွေးပဲ။ အဖြစ်မရှိတဲ့ အကြောင်းပြချက်တွေကို အကြောင်းပြမနေပါနဲ့"

လက်ဝဲမင်းသားရှန်သည် ကောင်းကင်သို့ မော့ကြည့်လိုက်ကာ အားရပါးရ ရယ်လိုက်သည်။ "ဘယ်လိုဂိုဏ်းမျိုးလဲ! လုပ်ရဲပြီးတော့ မခံရဲဘူးလား? ကျုပ်ကလေးတွေက ကျုပ်တို့မြင်းပျံရဲ့ ပြုတ်ကျခဲ့တဲ့ အမွေးအတောင်တွေကို ခြေရာခံပြီး လိုက်သွားလိုက်တာ၊ ခင်ဗျားတို့ အဆောင်ကို တန်းရောက်သွားခဲ့တယ်။ ပြီးတော့ ခင်ဗျားတို့ရဲ့ ခြံဝင်းထဲမှာ

မြင်းပျံတစ်ကောင်ကိုတောင်
တွေ့ခဲ့သေးတယ်"

"ကျုပ်တို့က သက်သေရော၊ တရားခံပါ
တွေ့ထားပြီးပြီ။ ခင်ဗျားက
ဘာငြင်းချင်သေးလဲ?"

လင်းဖုန်းက သူတို့နှစ်ယောက်ကို
ကြည့်လိုက်ကာ၊ အနည်းငယ် မသက်မသာ
ခံစားလိုက်ရသည်။ သူသည် ဘာမှ မပြောပဲနှင့်
သူတို့နှစ်ယောက်ထံမှ အဝေးကို
လှည့်ထွက်လာခဲ့သည်။

"အသုံးမကျတဲ့ ငတုံးနှစ်ကောင်ပဲ!" လင်းဖုန်းသည် သူ၏နဖူးကိုသူ လက်နှင့်ပြန်ရိုက်ချင်နေခဲ့သည်။ မြင်းပျံကို ခိုးယူ၍ နတ်ရေကန်ဂိုဏ်းကို အပြစ်ပုံချခဲ့သောသူများမှာ၊ ရှောင်ပုတန်လေးနှင့် ကျန်သောသူများ ဖြစ်မည်ကို သူက ၉၀% သေချာနေ၏။

သူတို့၏ နည်းလမ်းတို့မှာ အတော်ကို သိသာနေ၍၊ မြောက်ပိုင်းမျိုးနွယ်စုတို့မှာ တစ်ခုခုမှားနေမှန်းကို သိနေကြသည်။ သို့သော်လည်း သူတို့က လျှစ်လျူရှုထားလိုက်ရန် ဆုံးဖြတ်လိုက်ကြ၍၊

နတ်ရေကန် ဂိုဏ်းကိုသာ ပြဿနာရှာရန် ဆုံးဖြတ်လိုက်ကြသည်။

ဘယ်သူ့ရဲ့ လက်ချက်ပဲဖြစ်ဖြစ်၊ မင်းတို့ကို အရင်ရိုက်နှက်ရမယ်။

မှန်လှသည်၊ သူ၏ အသိစိတ်ကို အသုံးပြု၍ ကြည့်လိုက်ရာ၊ ရှောင်ပုတန်လေးနှင့် ကျန်နှစ်ယောက်တို့သည် ရန်စောင်နေကြသော အုပ်စုနှစ်စုကို စောင့်ကြည့်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ရန်ပွဲစတင်ရန်ကို မစောင့်နိုင်လောက်အောင် ဖြစ်နေကြသည်။

ပြီးတာနှင့် သူတို့သည် ရုတ်ရုတ်သဲသဲ ဖြစ်နေသော အခြေအနေများကို အခွင့်ကောင်းယူကာ၊ မြင်းပျံတို့ကို ခိုးယူကြမည် ဖြစ်သည်။

"ပြန်လာခဲ့ကြတော့၊ သူတို့က တိုက်ခိုက်ကြတော့မှာ မဟုတ်ဘူး" လင်းဖုန်းက အမွှေစိန် သုံးကောင်အား အသံလွှင့်၍ ပြောလိုက်သည်။

ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၍ ဟားတိုက်ရယ်လိုက်ကြသည်။

ကျူးကော်ဖန်းလင်၏ မျက်နှာမှာမူ
နောင်တများနှင့် ပြည့်နေခဲ့သည်။

သူတို့သုံးယောက်သားသည် ထိုနေရာမှ
တိတ်တိတ်ကလေး ထွက်လာခဲ့ကာ၊
လင်းဖုန်းဆီသို့ ပြန်လာခဲ့သည်။

တစ်ဘက်တွင်မူ ရှင်ပျော်ပျော်
သူတော်စင်သည် ကြံရာမရ ဖြစ်လှစွာနှင့်၊
လက်ဝဲမင်းသားရှုန်နှင့် ချောင်ဝေတို့ကို
စေ့စပ်ညှိနှိုင်းပေးရန် ကြိုးစားနေခဲ့သည်။

"ဒီကနေ့မှာ မင်းနဲ့ငါ နှစ်ယောက်စလုံးက ညှော်သည်တွေဆိုတော့၊ ငါက စကားအပိုတွေ မပြောတော့ဘူး" လက်ဝဲမင်းသားရှန်က ပြောလိုက်သည်။ "အစည်းအဝေး စတင်ရင်၊ ငါတို့ရဲ့ ကလေးတွေကို ယှဉ်ပြိုင်ခိုင်းရမယ်။ မင်းက ငါနဲ့ အလောင်းအစား လုပ်ရဲလား?"

ချောင်ဝေက အေးစက်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ဘာလောင်းမှာလဲ?"

လက်ဝဲမင်းသားရှန်က ပြောလိုက်သည်။ "တကယ်လို့ ပြိုင်ပွဲမှာ ငါတို့နှစ်ဘက်က ယှဉ်ပြိုင်ခဲ့ရလို့ရှိရင်၊ မင်းဘက်က နိုင်သွားရင်

ငါတို့က ဒီကိစ္စကို မေ့ပစ်လိုက်မယ်။
တကယ်လို့ ငါတို့ မြောက်ပိုင်းမျိုးနွယ်စုက
နိုင်သွားခဲ့ရင်တော့၊ မင်းတို့ဘက်က
လူကြားထဲမှာ တောင်းပန်ပြီး ငါတို့ရဲ့
မြင်းပျံကို ပြန်ပေးရမယ်"

ချောင်ဝေက အေးစက်စွာ ရယ်လိုက်သည်။
"ရယ်စရာ ကောင်းလိုက်တာ၊ မင်းရဲ့မျက်နှာက
ဒီထက်ထူနိုင်သေးရဲ့လား?"

လက်ဝဲမင်းသားရှန်သည် မတုန်လှုပ်သွားခဲ့ပေ။
သူက ဖြည်းညှင်းစွာနှင့် ဆက်ပြောလိုက်သည်။
"တကယ်လို့ မင်းက ကိုယ့်ဘာသာကို

မဆုံးဖြတ်နိုင်ဘူး ဆိုရင်လည်း၊ ပြန်သွားပြီး
မင်းရဲ့ 'ရေခဲနဲ့ မီးလျှံ အကြီးအကဲ
နှစ်ယောက်'ကို တိုင်ပင်လိုက်ဦး။ ငါက
စောင့်နိုင်ပါတယ်"

နေမင်းအလင်းတန်း ခေးမာစတာနှင့်
အလင်းခေးမြန် ခေးမာစတာတို့သည်
ထိုစကားအား ကြားလိုက်ရသော အခါတွင်၊
သူတို့၏ မျက်နှာများပေါ်တွင် အနည်းငယ်
ထူးဆန်းသော အမူအရာများ
ပေါ်လာကြသည်။ ရွှင်ပျော်ပျော်
သူတော်စင်သည်ပင်လျှင်၊ ကသိကအောက်
ဖြစ်လှစွာနှင့် အနည်းငယ် ရယ်လိုက်၏။

နေမင်းအလင်းတန်း ခေါ်းမာစတာ၊
အလင်းခေါ်းမြန် ခေါ်းမာစတာတို့နှင့် မတူပဲ၊
ချောင်ဝေသည် နတ်ရေကန်ဂိုဏ်း၏
ဂိုဏ်းချုပ်ဖြစ်သော်လည်း၊ သူသည်
တစ်ဦးတည်းသော ခေါင်းဆောင်မဟုတ်ပေ။
သူ၏အထက်တွင် တံခါးပိတ်
လေ့ကျင့်နေသည်မှာ အချိန်အလွန်
ကြာမြင့်လှပြီ ဖြစ်သဖြင့်၊
လူအနည်းငယ်ကသာ သူတို့၏နာမည်ကို
ကြားဖူးကြသော အကြီးအကဲနှစ်ယောက်
ရှိသေးသည်။ သူတို့နှစ်ယောက်ကို 'ရေခဲနှင့်
မီးလျှံ အကြီးအကဲ နှစ်ယောက်'ဟု
ခေါ်လေသည်။

အမှန်အတိုင်း ဆိုရလျှင်၊ ရေခဲနှင့်မီးလျှံ
အကြီးအကဲ နှစ်ယောက်တို့သည်၊ ကမ္ဘာကြီးမှ
အဖြစ်အပျက်တို့ကို သိပ်ပြီးတော့
စိတ်မဝင်စားကြတော့ချေ။
နတ်ရေကန်ဂိုဏ်းမှ ကိစ္စအဝဝတို့ကို
ချောင်ဝေကပင် စီမံရ၏။
သူ၏စကားလုံးများသည် ဂိုဏ်းအထဲတွင်
ဥပဒေဖြစ်သည်။ ယင်းကဲ့သို့
အဖြစ်အပျက်များမှာ ရှားပါးသော်လည်း၊
အကယ်၍ ရေခဲနှင့်မီးလျှံ အကြီးအကဲ
နှစ်ယောက်တို့ကသာ တစ်ခုခုပြောခဲ့လျှင်၊
ချောင်ဝေက သူတို့၏စကားကို
နားထောင်ရပေလိမ့်မည်။

သို့သော်လည်း လက်ဝဲမင်းသားရှန်က သူတို့၏ နာမည်များကို
ထုတ်ဖော်ပြောဆိုလိုက်ခြင်းသည်၊
စကားလုံးစစ်ပွဲ စတင်ဆင်နွှဲလိုက်ခြင်းပင် ဖြစ်သည်။

## စာစဥ် ၁၆ : အပိုင်း ၆

## အပိုင်း ၂၇၆ : ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး

လက်ဝဲမင်းသားရှန်၏ စကားလုံးများသည် အလွန်ပင် အရာရောက်လှ၏။

လင်းဖုန်း၏ အမြင်ဖြင့် ကြည့်ရသော်၊ ချောင်ဝေ၏ မျက်နှာသည် လွန်မင်းစွာ မည်းမှောင်သွားခဲ့သည်။ ထိုစကားတို့ကို ကြားရပြီးနောက်တွင်၊ သူသည် ချောင်ဝေက မင်းသားရှန်အား တိုက်ခိုက်တော့မည်မှာ ၈၀%သေချာနေ၏။

ရှင်ပျော်ပျော် သူတော်စင်၏ မျက်နှာသည်လည်း အလွန်အမင်း သတိထားနေသောပုံ ပေါက်နေသည်။

ဘာပဲပြောပြော အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူနှစ်ယောက်၏
တိုက်ပွဲသည်၊ ယုကျိုးမြို့အား
မှုန့်မှုန့်ညက်ညက် ကြေစေနိုင်သည်
မဟုတ်ပါလော။

မည်သူက ထင်ထားမိမည်နည်း၊ ချောင်ဝေ၏
အမူအယာတို့မှာ မည်းမှောင်နေသော်လည်း၊
သူသည် အမျက်ထွက်နေသောပုံ မပေါက်ပေ။
သူသည် အေးစက်စွာနှင့်သာ ပြောလိုက်သည်။
"ဟွန့်၊ မြောက်ပိုင်းမျိုးနွယ်စုလို
ကိစ္စသေးသေးလေးကို၊ ငါ့ရဲ့ စီနီယာတွေကို
ဒုက္ခပေးစရာ မလိုပါဘူး"

ထိုအချိန်တွင် ဟင်းလင်းပြင်အတွင်းမှ အသံတစ်သံသည်၊ အားလုံး၏ နားအတွင်းသို့ ဝင်လာခဲ့သည်။ "လောင်းမယ်ဟုတ်လား? ဒါဆိုရင် ငါ့ကိုပါ ထည့်တွက်ထားလိုက်ပါ"

ထိုအသံအား ကြားပြီးနောက်တွင်၊ ရွှင်ပျော်ပျော် သူတော်စင်သည် ခါးသီးစွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။
"မီးလောင်ရာကို လေမပင့်ပါနဲ့"

အပြာရောင်ခန်းမ သူတော်စင်သည်လည်း ပြုံးလိုက်ကာ၊ လင်းဖုန်းဘက်ကို

ခေါင်းလှည့်လိုက်သည်။ "သူ့ရဲ့အကျင့်က ဘယ်တော့မှပြောင်းမှာ မဟုတ်ဘူး"

လင်းဖုန်းကလည်း ပြုံးနေခဲ့သည်။ အပြာရောင်ခန်းမ သူတော်စင်၏ မိတ်ဆက်ပေးမှုကို မလိုခဲ့ချေ။ သူ့စကားကို နားထောင်လိုက်ရုံနှင့်ပင်၊ သူက မည်သူဖြစ်သည် ဆိုသည်ကို သိနိုင်၏။

သူသည် မဟာချင် အင်ပါယာ၏ အထူးနန်းတွင်း သံတမန်ဖြစ်သော၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ ကျူးကော်ကွမ်းဖြစ်သည်။ သူ့ကိုယ်သူ

ကောင်းကင်နှစ်ဖြာ သူတော်စင်ဟု
နာမည်ပေးထားသော်လည်း၊ အများကသူ့ကို
လောင်းကစား သူတော်စင်ဟုသာ
ခေါ်ကြသည်။

သူသည် လောင်းကစားခြင်းကို သူ၏ဘဝ
အစိတ်အပိုင်း တစ်ခုအဖြစ်
သတ်မှတ်ထားသည်။ သူသည်
မည်သည့်အရာမျိုးကိုမဆို
လောင်းကြေးထပ်နိုင်သည်။
လောင်းကစားခြင်းမှနေ၍၊ သူသည်
တာအိုဝါဒအား သဘောပေါက်ခဲ့သည်။
သူသည် လူတို့၏ လောဘတရားအား

နားလည်၍၊ သူ၏ မှော်ကျိန်စာများ
အတွင်းတွင် ထည့်သွင်းထားခဲ့သည်။

ထိုသူသည် မူလကောင်းကင် ကမ္ဘာကြီးတွင်
လူထူးလူဆန်း တစ်ယောက်အနေနှင့်
သတ်မှတ်ရမည် ဖြစ်ပြီး၊
သမိုင်းမှတ်တမ်းအတွင်းတွင်
မှတ်တမ်းတင်ရမည် ဖြစ်သည်။

သာမန်လူများသည် ပိုက်ဆံများ၊
ပစ္စည်းဥစ္စာများဖြင့်
လောင်းကစားလုပ်ကြသည်။
အချို့လူများသည် မွဲပြာကျသွားသောအခါ၊

သူတို့၏ ဇနီးမယားများ၊ သားသမီးများကို လောင်းကြေးထပ်ကြသည်။ သူတို့သည် မည်သည့်အရာများကို လောင်းကြေးထပ်ကြသည် ဖြစ်ပစေဦး ကျူးကော်ကွမ်းကိုမူ မည်သူမျှ မယှဉ်နိုင်ကြပေ။

အဘယ်ကြောင့်ဆိုသော် ထိုအဘိုးကြီးသည် အပျော်တမ်း လောင်းကစား ပြုလုပ်ခြင်း တစ်ခေါက်တွင်၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ မှော်ရတနာ တစ်ပါးအား ရှုံးဖူးခဲ့ခြင်းကြောင့် ဖြစ်သည်။

ဒါသည် ရှေးယခင်က တစ်ခါမှ
မကြုံဖူးသေးသော အဖြစ်အပျက်
တစ်ခုဖြစ်ပြီး၊ မည်သူမှ အားကျမခံ တုပြိုင်၍
လိုက်လုပ်မည် မဟုတ်ပေ။

သူ၏ အသွင်အပြင်သည် အနည်းငယ်
ကြည့်ရတာ အဆင်မပြေ ဖြစ်နေခဲ့သော်လည်း၊
ဒါသည် ယခင်က တင်းကျပ်နေသော
အနေအထားကို ပြေလျော့သွားစေရန်
ကူညီနိုင်ခဲ့သည်။ ရွှင်ပျော်ပျော်
သူတော်စင်သည် ထိုအခွင့်အရေးကို
အပိုင်အသုံးချကာ၊ လက်ဝဲမင်းသားရှန်နှင့်

ချောင်ဝေတို့ကို ပြေလည်စေရန် စေ့စပ်ညှိနှိုင်း ပေးနေခဲ့သည်။

"ကဲ၊ အားလုံးပဲ၊ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးက မကြာခင် စတင်တော့မှာ ဖြစ်တာမို့၊ ကျွန်တော့်အနောက်ကို လိုက်ပြီး မြောက်ပိုင်းလေပြင်း ပင်လယ်ကို ကြွကြပါခင်ဗျာ"

ရှင်ပျော်ပျော် သူတော်စင်သည် ရယ်လိုက်ကာ၊ အရှေ့မှ ဦးဆောင်သွားခဲ့သည်။ ယုကျိုးမြို့အတွင်းမှ လူများအားလုံး သူ၏အနောက်ကို လိုက်သွားကြသည်။

လင်းဖုန်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အဖွဲ့ဝင်များကို ဦးဆောင်သွားခဲ့ပြီး၊ လက်ဝဲမင်းသားရှန်နှင့် ချောင်ဝေတို့သည် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် နတ်ရေကန်ဂိုဏ်းတို့အား အသီးသီး ခေါ်ဆောင်သွားကြသည်။

ယခင်က လင်းဖုန်းနှင့် ချောင်ဝေတို့၏ အကြီးအကျယ် တိုက်ပွဲတွင်၊ အသူရာ သူတော်စင်သည် ပေါ်မလာခဲ့ပဲ ပျောက်နေခဲ့သည်။ အခုအချိန်တွင်မှ သူသည်

ပြန်ပေါ်လာခဲ့ကာ၊ ဟော်မိသားစုမှ ကျင့်ကြံသူများအား ခေါ်ဆောင်လာခဲ့သည်။

မြို့ပြင်တွင်၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၊ အလင်းဓားမြန်ဂိုဏ်းနှင့် နေလဓားဂိုဏ်းတို့မှ တပည့်တို့သည် အုပ်စုသုံးစုခွဲကာ ရပ်နေကြသည်။ သူတို့သည် သူတို့၏ ခေါင်းဆောင်တို့ ပေါ်လာကြသည်ကို စောင့်နေကြခြင်း ဖြစ်သည်။ အပြာရောင်ခန်းမ သူတော်စင်က ပေါ်လာခဲ့သည်နှင့်၊ သူ၏တပည့်တို့သည် အနောက်မှ ငြိမ်သက်စွာ လိုက်လာကြသည်။

ယုကျိုးနှင့် မြောက်ပိုင်းလေပြင်း
ပင်လယ်တို့သည် လီထောင်ပေါင်းများစွာ
ဝေးကွာသော်လည်း၊ လင်းဖုန်းကဲ့သို့သော
လူများအဖို့မူ ဘာမှမဟုတ်ချေ။
ဂိုဏ်းခေါင်းဆောင် အသီးသီးတို့သည် သူတို့၏
ဂိုဏ်းသားများကို ခေါ်ဆောင်ကာ၊ ထိုနေရာသို့
ချက်ချင်းဆိုသလိုပင် ရောက်ရှိလာကြသည်။

တိမ်များပေါ်မှ ငုံ့ကြည့်လိုက်လျှင်ပင်
မြောက်ပိုင်းလေပြင်း ပင်လယ်သည်၊
အဆုံးတို့ကို မတွေ့ရသော အဆုံးမဲ့သော
ရေကန်ကဲ့သို့ ဖြစ်နေသည်။ ဒါသည်
ရေကန်တစ်ကန်သာ ဖြစ်သည်ဟု အားလုံးက

သိထားကြသော်လည်း၊ ပင်လယ်ဟူသော
နာမည်နှင့် လိုက်ဖက်လှပေသည်။

ရေးဟောင်း ဟွမ်ဟိုင်ကမ္ဘာသို့ ဝင်ပေါက်သည်၊
ထိုရေကန်၏ အောက်ခြေတွင် ရှိသည်။

မြောက်ပိုင်းလေပြင်း ပင်လယ်၏ဘေးတွင်၊
လူတစ်စုက ရပ်စောင့်နေကြသည်။ ထိုလူစု၏
ထိပ်ဆုံးမှ လူနှစ်ယောက်သည်၊ အားလုံး၏
နှလုံးသားကို ကတုန်ကရင် ဖြစ်စေခဲ့သည်။

သူတို့အတွင်းမှ လူတစ်ယောက်သည်၊
တောက်ပသော မျက်လုံးနက်များနှင့် ခပ်ဝဝ

အဘိုးအို တစ်ယောက်ဖြစ်သည်။ သူသည် ကလေးတစ်ယောက်ကဲ့သို့ လက်အတွင်းတွင်၊ ကတ်ဖဲတစ်အုပ်ကို ကိုင်ထားခဲ့၍၊ အဆက်မပြတ် ဆော့ကစားနေခဲ့သည်။

"ဒါက လောင်းကစား သူတော်စင်၊ ကျူးကော်ကွမ်းပဲ ဖြစ်ရမယ်" လင်းဖုန်းက ခပ်ဝဝ အဘိုးကြီးကို ကြည့်လိုက်ပြီး၊ သူ၏ဘေးမှာ ပို၍ မျက်စိကျစရာကောင်းသော လူတစ်ယောက်ကို ကြည့်လိုက်သည်။

သူသည် ရွှေရောင်အနားသားနှင့် ဝတ်စုံဖြူကို ဝတ်ဆင်ထားခဲ့သည်။ သူ၏ ဆံပင်မှာ

အဖြူရောင်ဖြစ်၍၊ သူ၏ပါးတို့မှာ
နှင်းဆီရောင်သန်းနေ၏။ သူကနေပြီး
မင်းဆန်သော အငွေ့အသက်များကို
ထုတ်လွှတ်နေခဲ့သည်။

လင်းဖုန်းသည် သူ့အားကြည့်လိုက်ကာ၊
ထိုသူ၏ အလားအလာများကို ခန့်မှန်းနိုင်ခြင်း
မရှိကြောင်း တွေ့လိုက်ရသည်။ သို့သော်လည်း
သူသည် ထိုအဘိုးအိုက ကျူးကော်ကွမ်းထက်
ပို၍သန်မာကြောင်းကို သေချာစွာ
သိနေခဲ့လေသည်။

ကျူးကော်ကွမ်းပင် မကပဲ၊ ဟော်ရှု၊
ရွှင်ပျော်ပျော် သူတော်စင်၊ ချောင်ဝေ၊
အလင်းခေးမြန် ခေးမာစတာ၊
နေမင်းအလင်းတန်း ခေးမာစတာနှင့်
အပြာရောင်ခန်းမ သူတော်စင်တို့သည်
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ ဖြစ်ကြသော်လည်း၊ သူ့အား
ယှဉ်နိုင်ကြမည် မဟုတ်ပေ။

"ဒီအဘိုးကြီးရဲ့ ကျင့်ကြံမှု အဆင့်က
ကျန်တဲ့သူတိုင်းထက် အဆင့်တစ်ဆင့်
ပိုမြင့်တယ်။ သူက သာမန် အင်မော်တယ်

ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေထက် အများကြီးပိုပြီး အစွမ်းထက်တာပဲ"

လင်းဖုန်းက သဘောပေါက်နေခဲ့သော်လည်း၊ သူ၏ အမူအရာမှာ တစ်စက်မှ ပြောင်းမသွားခဲ့ချေ။ ပြီးတာနှင့် သူသည် ထိုအဘိုးအိုက သူတို့အုပ်စုကို တစ်ချက် ဝေ့ကြည့်လိုက်ကာ၊ သူ၏အကြည့်က သူ့အပေါ်တွင် သေချာကျရောက်လာခဲ့သည်ကို သတိထားမိလိုက်သည်။

သူတို့နှစ်ယောက်သားတို့သည် တစ်ယောက်ကိုတစ်ယောက် ခေတ္တခဏမျှ ကြည့်လိုက်ကြ၏။ ပြီးတာနှင့် ထိုအဘိုးအိုသည် သူ၏ခေါင်းကို ညိတ်သည်ဆိုရုံမျှသာ ညိတ်လိုက်ပြီး၊ ကျယ်လောင်စွာနှင့် ပြောလိုက်သည်။ "ကျုပ်က မဟာချင် အင်ပါယာရဲ့ ကိုယ်စား၊ အကုန်လုံးကို ဒီအစည်းအဝေးကို လာတက်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒါက ဂုဏ်ယူရမည့် ကိစ္စတစ်ခုပါ"

အားလုံးက ဆင်းသက်လိုက်ကြ၍၊ နေမင်းအလင်းတန်း ခေါ်မည်ခေသာ ပြုံးကာ နှုတ်ဆက်လိုက်သည်။ "အနန်းလျှန်မင်းသား၊ မင်္ဂလာပါ ခင်ဗျာ"

ထိုအဘိုးအို၏ နောက်ခံကို သိလိုက်ရသဖြင့်၊ လင်းဖုန်း၏ ရင်ခုန်သံမှာ မြန်သွားခဲ့သည်။ သူသည် မဟာချင် အင်ပါယာမှ မင်းသားတစ်ပါးဖြစ်သော၊ အနန်းလျှန်မင်းသား ရှီကျုံးယွဲ့ဖြစ်သည်။ ပြီးတော့ သူသည် လက်ရှိ နန်းတက်နေသော ဧကရာဇ်၏ ဦးရီးတော်လည်း ဖြစ်သည်။ သူ၏ မဟာချင် အင်ပါယာ အတွင်းမှ အဆင့်အတန်းမှာ

အလွန်မြင့်မား၍၊ အရိုအသေ ခံရသူလည်း ဖြစ်သည်။ သူသည် နန်းတွင်းမိသားစု အတွင်းမှ ဗဟိုအဖွဲ့ဝင် တစ်ယောက်ဖြစ်သည်။

ရှီကျုံးယွဲ့က ချောင်ဝေအား ကြည့်လိုက်သည်။ "လင်းနဲ့ရှန်တို့ရော နေကောင်းကြရဲ့လား?"

သူဖော်ပြခဲ့သော လင်းနှင့်ရှန်တို့မှာ သံသယဖြစ်ဖွယ် မရှိပဲ၊ ရေခဲနှင့်မီးလျှံ အကြီးအကဲ နှစ်ယောက်တို့ပင် ဖြစ်လိမ့်မည်။ သို့သော်လည်း ရှီကျုံးယွဲ့ အသုံးပြုခဲ့သော လေသံအရ၊ သူသည် ချောင်ဝေအား ဂျူနီယာ

တစ်ယောက်ဟု သဘောထားနေသည်မှာ
သိသာနေသည်။

"အရှင်မင်းသားရဲ့ ဂရုစိုက်မှုကို
ကျေးဇူးတင်ပါတယ် ခင်ဗျာ။
သူတို့နှစ်ယောက်စလုံးက တံခါးပိတ်
ကျင့်ကြံနေကြပြီး၊ နေကောင်းနေကြပါတယ်"
ချောင်ဝေသည် သူ၏
ဂိုဏ်းချုပ်အဆင့်အတန်းနှင့် ဆီလျော်သည့်
ပုံစံမျိုးဖြင့် ပြန်ဖြေလိုက်သည်။ ရှီကျုံးယွဲ့၏
အရှေ့တွင် သူသည် အလွန်အမင်း
နှိမ့်ချမနေခဲ့ပဲ၊ ညင်သာစွာဖြင့်
ပြန်ပြောလိုက်သည်။ "ကျွန်တော့်ရဲ့

မာစတာလင်းက သူ့ရဲ့ တံခါးပိတ်
လေ့ကျင့်မှုကနေ အကျိုးအမြတ်တွေ
အများကြီး ရရှိခဲ့တယ်လို့ ပြောပါတယ်"

"သူတို့နှစ်ဦးက တံခါးပိတ် လေ့ကျင့်မှုတွေ
ပြီးသွားလို့ရှိရင်၊ သူတို့ရဲ့
မိတ်ဆွေဟောင်းတွေဆီကို
လာလည်မယ်ဆိုတာ သေချာပါတယ် ခင်ဗျာ"

ထိုစကားကို ကြားလိုက်သောအခါ
ရှီကျုံးယွဲ့သည် ပြုံးလိုက်ကာ၊ ချောင်ဝေကို
သူ၏မျက်လုံးများဖြင့် ခြေဆုံးခေါင်းဆုံး
ကြည့်လိုက်သည်။ ပြီးမှပဲ

ပြုံးကာပြောလိုက်သည်။ "ဒါဆိုရင် ကောင်းတာပေါ့၊ သူတို့ကို တွေ့ရဖို့ မစောင့်နိုင်တော့ဘူး"

သူတို့၏ဘေးမှ လက်ဝဲမင်းသားရှန်၏ မျက်လုံးတို့သည် မည်းမှောင်သွား၏။ ဒါသည် သူ့အတွက် သတင်းကောင်း မဟုတ်သည်မှာ သေချာနေသည်။

အားလုံးသည် သူ့အားနှုတ်ဆက်လိုက်ကြ၏။ နောက်ဆုံးတွင် ရှီကျုံးယွဲ့၏ မျက်လုံးအစုံသည် လင်းဖုန်းအပေါ်သို့ ကျရောက်လာခဲ့ပြီး ပြောလိုက်သည်။ "မင်းက

တော်တော် ကြောက်စရာ ကောင်းတာပဲ။
မင်းရဲ့နာမည်ကို လူတိုင်းသိအောင်
လုပ်နိုင်ခဲ့တယ်"

လင်းဖုန်း၏ အမူအရာတို့မှာ ပြောင်းမသွားခဲ့ပဲ၊
လေပြေညင်းနှင့်တူသော လေသံဖြင့်
တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။
"ဆိုးတာက ဒီနေ့ခေတ်က လူငယ်တွေဟာ၊
သူတို့ရဲ့ အကြီးအကဲတွေကို လေးစားဖို့
မသိကြဘူး" စကားဆုံးသည်နှင့် သူသည်
ချောင်ဝေအား တမင်တကာပင်၊ ရန်စသလို
ကြည့်လိုက်သည်။

လင်းဖုန်းသည် ဆယ်ကျော်သက်
တစ်ယောက်နှင့်သာ တူနေခဲ့သော်လည်း၊
သူ၏ နောက်ခံမှာ
လျှို့ဝှက်ဆန်းကြယ်လှသည်။ အားလုံးတို့က
သူ၏ဆရာမှာ မည်သူဖြစ်သည်နှင့် သူ၏
စွမ်းအား အစစ်အမှန်မှာ မည်မျှရှိသည်ကို
ခန့်မှန်းနေကြသည်။ သူတို့သည် သူ၏
အသက် အစစ်အမှန်ကိုပင် ခန့်မှန်းနေကြ၏။

သူ၏အသက်ကို တမင်တကာ အသုံးချ၍၊
ရှိကျုံးယွဲ့သည် လင်းဖုန်း၏ တုံ့ပြန်မှုကို
စမ်းသပ်လိုက်သည်။ သို့သော်လည်း

လင်းဖုန်းက စကားတစ်ခွန်းတည်းနှင့်
သူ၏ကြိုးစားမှုကို တွန်းလှန်နိုင်ခဲ့သည်။

လင်းဖုန်း၏ အကြည့်သည်
ချောင်ဝေထံတွင်သာ ကျရောက်ခဲ့သော်လည်း၊
သူ၏ 'လူငယ်တွေ'ဟူသော စကားသည်
မည်သူ့အား ရည်ညွှန်းနေသည်ကို
ရှီကျုံးယွဲ့ပင် မသေချာခဲ့ပေ။

မဟာချင် အင်ပါယာ၏ စီနီယာ အကျဆုံး
အဖွဲ့ဝင်တစ်ယောက် အနေနှင့်၊ အကယ်၍
ရှီကျုံးယွဲ့သည် လင်းဖုန်း၏ မျက်လုံးထဲတွင်

အိုနေပြီဟု သတ်မှတ်ခြင်း ခံရပါက၊ ဒါသည်
သတိပြုစရာ ဖြစ်သွားလိမ့်မည်။

အခြားရှုထောင့် တစ်ခုမှ ကြည့်လိုက်လျှင်၊
လင်းဖုန်း၏ စကားများသည် နောက်ထပ်
အဓိပ္ပာယ် တစ်မျိုးလည်း
ပေါက်နိုင်သေးသည်။

ငါ့ရဲ့အရှေ့မှာ မင်းရဲ့အသက်နဲ့ လာစမ်းဖို့
မကြိုးစားနဲ့၊ အချည်းနှီးပဲ။ မင်းကငါ့ကို
ရန်စရဲရင်၊ ငါက မင်းအသက်
ဘယ်လောက်ရှိရှိ ပညာပြန်ပြလိုက်မယ်။

စကားတစ်ခွန်း၊ အပေါ်ယံ တွေးလို့ရသကဲ့သို့၊ နက်ရှိုင်းသော အဓိပ္ပာယ်များလည်း ရှိသည်။

"စိတ်ဝင်စားစရာပဲ" ရီကျုံးယွဲ့က ဒေါသ တစ်စက်မှ မထွက်ပဲ တုံ့ပြန်လိုက်သည်။ ထို့အစား ဖတ်ရခက်လှသော အပြုံးတစ်ခုသည် သူ၏မျက်နှာပေါ်တွင် ပေါ်လာခဲ့သည်။

ရှင်ပျော်ပျော် သူတော်စင်သည် ယခုအချိန်တွင် ရီကျုံးယွဲ့၏ဘေးတွင် မတ်တတ်သွားရပ်နေခဲ့သည်။ မဟာချင် အင်ပါယာသည် သူတို့၏ ညှော်ဝတ်ကျေမှုကို

ပြသရန်အတွက်၊ အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ သုံးယောက်နှင့်
ကြုံဆိုခဲ့သည်။ ရှီကျုံးယွဲ့သည် သူတို့အထဲမှ
ခေါင်းဆောင်ဖြစ်သည့်မှ သံသယဖြစ်ဖွယ်
မရှိပေ။

အားလုံးနှင့် နှုတ်ဆက်ပြီးသွားသော
အချိန်တွင်၊ ရှီကျုံးယွဲ့သည်
သူ၏ပါးစပ်ကိုဟကာ မေးလိုက်သည်။
"အရင်က ပြိုင်ပွဲတွေလိုမျိုး၊ ဒီကနေ့
အားလုံးယှဉ်ပြိုင်ရမယ့် တိုက်ပွဲတွေကို
ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှာ
ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်"

(ပုန်းကွယ်နေသော နဂါးချောက်သည်
အိုးကဲ့သို့သော အိုင်တမ်တစ်ခုဖြစ်ပြီး၊
သူ၏အတွင်းတွင် သီးသန့် ဒိုင်မန်းရှင်းတစ်ခု
ရှိနေသည်)

လင်းဖုန်းနှင့် ကျန်သောသူများမှာ၊
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၍
သူတို့၏ ခေါင်းများကို ခါလိုက်ကြ၏။

ပုန်းကွယ်နေသော နဂါးချောက်သည်
ကမ္ဘာတစ်ခုလုံးအား အတွင်းတွင်
ထည့်သွင်းထားနိုင်သည့်၊ မဟာချင်
အင်ပါယာ၏ မှော်ရတနာ တစ်ပါးဖြစ်သည်။

သူသည် သူ၏ကိုယ်ပိုင်
အဆောက်အအုံများကို တည်ဆောက်နိုင်ပြီး၊
လှိုဝှက်ဆန်းကြယ်သော ကမ္ဘာငယ်များ
အထဲမှ တစ်ခုဖြစ်သည်။

ပုန်းကွယ်နေသော နဂါးချောက်တွင်
ထူးခြားသော အသုံးဝင်မှု များစွာတို့ရှိသည်။
သူ၏ အသုံးအဝင်ဆုံးသော
အချက်တစ်ချက်မှာ၊ သူ၏အတွင်းမှ
လူအားလုံး၏ မှော်စွမ်းအင်တို့အား
ထိန်းချုပ်နိုင်ခြင်း ဖြစ်သည်။

အကယ်၍ ထိုအိုးအတွင်းတွင်
တိုက်ခိုက်နေကြသော သူတစ်ယောက်သည်
သေစေလောက်သော တိုက်ခိုက်မှုကို ခံရမည်
ဆိုပါက၊ ထိုအိုးသည် ထိုကျင့်ကြံသူအစား
တိုက်ခိုက်မှုကို စုပ်ယူလိုက်၍ သူ၏အသက်ကို
ချမ်းသာရာ ရစေမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ဆိုသော်၊ ပုန်းကွယ်နေသော
နဂါးချောက်သည် မဟာချင် အင်ပါယာမှ
မျိုးဆက်သစ်တို့ လေ့ကျင့်ကြသည့်
နေရာဖြစ်သည်။ သူ၏အထဲတွင် သူတို့သည်
သူတို့၏ နည်းစနစ်များကို အစွမ်းကုန်

အသုံးချကာ၊ သူသေကိုယ်သေ
တိုက်ခိုက်နိုင်ကြသည်။

လင်းဖုန်းနှင့် ကျန်သောသူများထံမှ
ကန့်ကွက်မှု မရှိသောအခါ၊ ရှီကျုံးယွဲ့သည်
သူ၏လက်ဖဝါးအား လှန်လိုက်ကာ
ပြောလိုက်သည်။ "မြင့်တက်လာစမ်း!"

ရှုပ်ထွေးလှသော နဂါးပုံများ ထွင်းထု
ခတ်နှိပ်ထားသော၊
ထူးခြားဆန်းကြယ်လှသည့်
အိုးလေးတစ်လုံးသည် လေပေါ်တွင်
လွင့်မျောနေခဲ့သည်။ သူသည် သက်လတ်ပိုင်း

လူတစ်ယောက်၏ လက်ဖဝါး အရွယ်သာ ရှိသော်လည်း၊ သူ့ထံမှ ထုတ်လွှတ်နေသော မှော်စွမ်းအင်တို့သည် အားလုံးအား ကတုန်ကရင် ဖြစ်စေခဲ့သည်။

"အရင်နှစ်တွေတုံးကလိုပဲ၊ တပည့်တွေကို အစွမ်းကုန် အားထုတ်စေကြဖို့ အတွက်၊ ဒီပြိုင်ပွဲရဲ့ ချန်ပီယံတွေကို ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအတွင်းကို ဝင်ရောက်ခွင့်ပေးမယ်" ရှီကျုံးယွဲ့က ပြောလိုက်သည်။ "ဒီပြိုင်ပွဲကို အဆင့်နှစ်ဆင့် သတ်မှတ်ထားတယ်။ ရွှေရောင်ဗဟိုချက် အဆင့်နဲ့ အခြေခံအုတ်မြစ် အဆင့်"

"ဂိုဏ်းတိုင်းက ရွှေရောင်ဗဟိုချက် အဆင့်က တပည့်လေးယောက်နဲ့ အခြေခံအုတ်မြစ် အဆင့်က တပည့်လေးယောက်တို့ကို စေလွှတ်နိုင်တယ်။ ကျပန်းရွေးချယ်မှု စနစ်နဲ့ ယှဉ်ပြိုင်မှု အပြီးမှာ၊ ရွှေရောင်ဗဟိုချက် အဆင့်က ထိပ်ဆုံး ၁၆ယောက်နဲ့ အခြေခံအုတ်မြစ် အဆင့်က ထိပ်ဆုံး ၈ယောက်တို့ကို ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအတွင်းကို ဝင်ခွင့်ပေးမယ်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ၏ အတွင်းတွင်၊ အန္တရာယ်ရှိသော ရှေးကျသည့်

အင်အားစုများလည်း ရှိနေသည်။ သူ၏ အတွင်းသို့ ဝင်ရောင်ခြင်းသည် အားလပ်ရက် အပန်းဖြေ ခရီးထွက်ခြင်းမျိုး မဟုတ်ပေ။ အကယ်၍ အားနည်းသောသူများ ဝင်သွားလျှင် အန္တရာယ်နှင့် ကြုံနိုင်ပေသည်။ ထို့ကြောင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများအား၊ ဇယောက်အထိ အရေအတွက် ကန့်သတ်ထားခြင်း ဖြစ်သည်။

အမှန်ဆိုလျှင် အတွင်းသို့ ဝင်ပြီးသွားလျှင်လည်း၊ အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများသည် လုံခြုံမှု စိတ်ချရစေရန်အတွက်၊ ရွှေရောင်ဗဟိုချက်

အဆင့်မှ ကျင့်ကြံသူများ၏
ကာကွယ်စောင့်ရှောက်မှုများကို
လိုအပ်မည်ဖြစ်သည်။

လင်းဖုန်းတို့သည် ထိုအချက်များကို
သဘောပေါက် နားလည်ပြီး ဖြစ်သဖြင့်၊
ဘာမှဆက်မေးစရာ မလိုခဲ့ပေ။

ရှီကျုံးယွဲ့သည် နေမင်းအလင်းတန်း
ခေးမာစတာကို ကြည့်လိုက်ကာ
မေးလိုက်သည်။ "နေလခေးဂိုဏ်းက
တပည့်တွေအတွက်၊ အရှေ့က အတိုင်းပဲ
ယှဥ်ပြိုင်မှာလား?"

နေလခေါ်ဂိုဏ်းမှ တပည့်များသည် စုံတွဲ တိုက်ခိုက်ကြကြောင်းကို အားလုံးကလည်း သိသားကြပြီး ဖြစ်သည်။ နေလခေါ်ဂိုဏ်းမှ တပည့်တစ်တွဲသည် တစ်ယောက်ချင်း တိုက်ခိုက်ကြသည်ထက်၊ စွမ်းအားများစွာ ပိုကောင်းကြပေသည်။

သူတို့သည် အတွဲလိုက် တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်လျှင်၊ သူတို့သည် စွမ်းအားအကောင်းဆုံးကို ရရှိမည်ဖြစ်သည်။ သို့သော်လည်း ဒါသည် အခြားကျင့်ကြံသူများအတွက် တရားမျှတမှု

မရှိချေ။ သူတို့သည်လည်း နှစ်ယောက်တွဲ၍ နေလခေါးဂိုဏ်းမှ စုံတွဲအား တိုက်ခိုက်မည် ဆိုလျှင်တောင်မှ၊ အသာစီး ရနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ယခင်က ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတို့တွင်၊ သူတို့သည် တစ်ယောက်ချင်းသာ တိုက်ခိုက်ကြသည်။

ထိုစည်းမျဉ်းသည် လင်းဖုန်း အပါအဝင်၊ အားလုံးက သိရှိပြီး ဖြစ်သည်။ သို့သော်လည်း သူတွင် သူ၏ ကိုယ်ပိုင်အကြံများ ရှိနေသည်။ ထို့ကြောင့်သူသည် ကွဲပြားသော

အဆိုတစ်ခုအား တင်သွင်းလိုက်၏။ "ကျွန်တော်ကတော့ ဒီတစ်နှစ်အတွက်၊ နေလဓားဂိုဏ်းရဲ့ စည်းကမ်းတွေကို ပြင်ဆင်ဖို့ အဆိုပြုချင်ပါတယ်"

## စာစဥ် ၁၆ : အပိုင်း ၇

## အပိုင်း ၂၇၇ : ပြိုင်ဘက် သုံးယောက်ခွဲ

ရှီကျုံးယွဲ့နှင့် ကျန်သောသူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး၊ သိချင်လိုစိတ် ပြင်းပြစွာနှင့်

မေးလိုက်ကြသည်။ "မာစတာလင်း၊ ခင်ဗျားမှာ ဘာအကြံရှိလို့လဲ?"

လင်းဖုန်းက အနည်းငယ် ပြုံးလိုက်သည်။ "နေလခေးဂိုဏ်းကို ပြိုင်ပွဲအတွင်းမှာ နှစ်ယောက်တွဲတိုက် နိုင်စေဖို့ရာ၊ မဲနှိုက်တဲ့အခါ သူတို့နဲ့ကျခဲ့ရင် မဲကျတဲ့သူတွေကို ကြိုက်တဲ့တွဲဘက်တစ်ယောက်ခေါ်ပြီး၊ နှစ်ယောက်ချင်းနှစ်ယောက် ယှဉ်ပြိုင်စေရမယ်"

"တကယ်လို့ သူတို့က ရွှေရောင်ဗဟိုချက် အဆင့်က ထိပ်ဆုံး ၁၆ယောက်နဲ့ အခြေခံအုတ်မြစ် အဆင့်က ထိပ်ဆုံး ၈ယောက်ထဲမှာ မပါခဲ့ရင် ကိစ္စဘာမှမရှိဘူး။ သူတို့နှစ်ဖွဲ့ အထဲက နိုင်တဲ့သူက ရေးဟောင်းဟွမ်ဟိုင်ကမ္ဘာအတွင်းကို ဝင်ခွင့်ရမယ်" လင်းဖုန်းက ဆက်လက် ရှင်းပြလိုက်သည်။

"တကယ်လို့များ သူတို့က ရွှေရောင်ဗဟိုချက် အဆင့်က ထိပ်ဆုံး ၁၆ယောက် အတွင်း၊ ဒါမှမဟုတ် အခြေခံအုတ်မြစ် အဆင့်က ထိပ်ဆုံး ၈ယောက်အတွင်းကို ဝင်ပြီးမှ ယှဉ်ပြိုင်ခဲ့လို့ရှိရင်၊ နေလဓားဂိုဏ်းက

တပည့်တွေကို အနိုင်ယူနိုင်တဲ့ အဖွဲ့က
နာမည်နှစ်ခု တင်သွင်းနိုင်ပြီး၊
နေလခါးဂိုဏ်းက တပည့်တွေကလည်း
နာမည်နှစ်ခု တင်သွင်းနိုင်မှာပဲ ဖြစ်တယ်"

လင်းဖုန်းက ရှီကျုံးယွဲ့အား ကြည့်လိုက်သည်။
"ကျုပ်သိထားသလောက်ဆိုရင် ဟွမ်ဟိုင်
စိတ်ဝိညာဉ် အစည်းအဝေးက အဆင့်တွေဟာ၊
လူငယ်တွေကို တိုးတက်ချင်စိတ်ရှိအောင်
စိတ်ခါတ်လှုံ့ဆော်မှု အနေနဲ့ ကျင်းပတာ
ဖြစ်တယ်"

အခြားရည်ရွယ်ချက်သည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာသည် မတည်ငြိမ်ပဲ၊ လူအများကြီး ဝင်ရောက်ခဲ့လျှင် လေဟာနယ် တုန်ခါမှုများ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။

"ဒါပေမဲ့ နေလခေးဂိုဏ်းက တပည့်တွေ အားလုံးက ဝင်ခွင့်ရတယ် ဆိုရင်တောင်၊ သူက အများဆုံး လူရှစ်ယောက်ပဲ ရှိမှာ၊ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာရဲ့ လက်ခံနိုင်မှု အတွင်းမှာပဲ ရှိသေးတယ်။

ထိုအကြံပြုချက်ကို ကြားရသောအခါ၊ နေမင်းအလင်းတန်း ခေးမာစတာသည်

လုံးဝကို တိတ်ဆိတ်သွားခဲ့သည်။ အကယ်၍
သူတို့သည် စုံတွဲတိုက်ခိုက်ရပါက၊ သူ၏
နေလဓားဂိုဏ်းသည် တစ်ယောက်ချင်း
တိုက်ခိုက်ရသည်ထက် ပို၍
အားသာချက်ရှိမည် ဖြစ်သည်။

ရှီကျုံးယွဲ့၊ ရှင်ပျော်ပျော် သူတော်စင်နှင့်
လောင်းကစား သူတော်စင်တို့သည်၊
စကားမပြောကြပဲ တစ်ယောက်မျက်နှာကိုသာ
တစ်ယောက် ကြည့်လိုက်ကြ၏။
နေလဓားဂိုဏ်းသည် မဟာချင် အင်ပါယာမှ
တော်ဝင်မိသားစုတို့နှင့်၊ အမြဲတမ်း
ဆက်ဆံရေးကောင်းများ ရှိခဲ့သည် ဖြစ်သည်။

အကယ်၍ သူတို့၏ အင်အားများ
တိုးတက်လာပါက၊ နေလစားဂိုဏ်းသည်လည်း
ဝမ်းမြောက်ဝမ်းသာ ဖြစ်မည်ဖြစ်သည်။

အချို့သော အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည်၊ သူတို့အချင်းချင်း
အကြည့်များ ဖလှယ်လိုက်ပြီးနောက်၊
ထိုအကြံပြုချက်၏
ကောင်းကျိုးဆိုးကျိုးများကို
ဝေဖန်သုံးသပ်လိုက်ကြပြီး
လက်ခံလိုက်ကြသည်။

အကယ်၍ သူတို့သည် နေလဓားဂိုဏ်းမှ စုံတွဲအား အနိုင်ရနိုင်မည် ဆိုပါက၊ သူတို့သည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအတွင်းသို့ ဝင်ရောက်ရန် နောက်ထပ်နာမည်တစ်ခုကို တင်သွင်းနိုင်မည် ဖြစ်သည်။

သံသယဖြစ်ဖွယ်ရာ မရှိပဲ၊ ဒါသည် အလွန်မှ ဆွဲဆောင်မှုရှိသော အဆိုပြုချက်ဖြစ်သည်။ စိတ်ဝိညာဉ် အစည်းအဝေးအား ဘေးဖယ်ထားလိုက်လျှင်၊ ဒါသည် ဂိုဏ်းတစ်ဂိုဏ်းချင်းဆီ၏ မာနနှင့် မျက်နှာနှင့်လည်း ပတ်သတ်နေသည်။ ယှဉ်ပြိုင်တိုက်ခိုက်ရန် ရွေးချယ်ထားသော

တပည့်များသည် ရေပေါ်ဆီများ ဖြစ်ကြကာ၊
တစ်ယောက်မှ လျှော့တွက်၍ မရပေ။
မိမိတို့သည် မည်သည့်ပြိုင်ဘက်တို့နှင့်
ရင်ဆိုင်ရမည်ကို မည်သူမှ မသိချေ။

စွမ်းအားတူသော တပည့်အချင်းချင်း
ပထမအဆင့်မှာပင် တွေ့ရခြင်းသည်
ထူးဆန်းသော အရာတစ်ခု မဟုတ်ပေ။

တစ်ခုရှိသည်က နေလဓားဂိုဏ်း၏
စုံတွဲတိုက်ခိုက်မှု ဂုဏ်သတင်းက
သူတို့အများစုအား သေချာစဉ်းစားစေခဲ့ခြင်း
ဖြစ်သည်။

စတင်အကြံပြုသူ အနေဖြင့် လင်းဖုန်းသည်
ခပ်တည်တည်ပင် ရှိနေခဲ့ကာ၊
သူ့တပည့်များက တပန်းရှုံးမည်ကို
စိုးရိမ်နေခြင်း အလျဉ်းမရှိခဲ့ပေ။

ထိုနေရာတွင် ရှိနေကြသူများမှာ
နှစ်ထောင်ပေါင်းများစွာသော အတွေ့အကြုံ
ရှိကြသည့် အင်မော်တယ်များ ဖြစ်ကြသည်။
သူတို့သည် သူတို့၏ တပည့်များအား၊
လင်းဖုန်းနှင့် ယှဉ်ပြိုင်ချင်ရုံ သက်သက်နှင့်
သွား၍အရှုံးခံခိုင်းမည် မဟုတ်ပေ။

သို့သော်လည်း သူတို့သည် သူတို့၏
ပြိုင်ဘက်များကို လျှော့မတွက်သလို၊
ပိုတွက်မည်လည်း မဟုတ်ချေ။
နေလဓားဂိုဏ်းမှ စုံတွဲတိုက်ခိုက်မှုသည်
နာမည်ကြီးသော်လည်း၊ ထိုအင်မော်တယ်
အများစုတို့မှာ မိမိတို့၏ တပည့်များ
အပေါ်တွင် ယုံကြည်ချက်
အပြည့်ရှိကြသူများသာ ဖြစ်သည်။

အကယ်၍ သူတို့သည် အမှန်တကယ်
မယှဉ်နိုင်ခဲ့ပါကလည်း၊ အဖိုးမဖြတ်နိုင်သော
လေ့ကျင့်မှု အတွေ့အကြုံများ
ရရှိမည်ဖြစ်သည်။

အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကာ၊ ခေါင်းများကို ငြိမ့်တူညီတိတ်လိုက်ကြသည်။ "ဒါဆိုရင်လည်း မာစတာလင်းရဲ့ အကြံအတိုင်းပဲ လုပ်ကြတာပေါ့"

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "ပြီးတော့ ကျုပ်တို့ အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက၊ ရွှေရောင်ဗဟိုချက် အဆင့်က တပည့်နှစ်ယောက်နဲ့ အခြေခံအုတ်မြစ် အဆင့်က တပည့်သုံးယောက်ကို၊

ဒီစိတ်ဝိညာဉ် အစည်းအဝေးမှာ ယှဉ်ပြိုင်ဖို့
စေလွှတ်ပါမယ်"

ထိုစကားကို ကြားရသောအခါ ရှီကျုံးယွဲ့၊
ချောင်ဝေနှင့် အလင်းခေးမြန်
ခေးမာစတာတို့သည် မျက်နှာပေါ်တွင်
ရယ်ချင်သော အမူအရာများ ပေါ်လာကြ၏။

လင်းဖုန်းကတော့ ဂရုမစိုက်ပဲ မျက်နှာပေါ်တွင်
အပြုံးကို ဆက်ပြုံးထားခဲ့ကာ၊
ကသိကအောက် ပုံစံမျိုး ဖြစ်မနေခဲ့ပေ။

ရှီကျုံးယွဲ့က ချောင်းခြောက်တစ်ချက်ကို ဆိုးလိုက်သည်။ "ဘာမှမဖြစ်ပါဘူး၊ ပြိုင်ပွဲပုံစံက မဲစနစ်နဲ့ပဲ သွားမှာဖြစ်ပါတယ်။ ရွှေရောင်ဗဟိုချက် အဆင့်က နှစ်ယောက်ကျန်မှာဖြစ်ပြီး၊ အခြေခံအုတ်မြစ် အဆင့်က တစ်ယောက်သာ ကျန်ခဲ့မှာ ဖြစ်ပါတယ်။ ဒီလူကိုတော့ မဲနှိုက်ပြီးတော့ ရွေးချယ်သွားမှာ ဖြစ်ပါတယ်"

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ "ဒီစနစ်က သင့်တော်ပါတယ်"

ရှီကျုံးယွဲ့က ပြောလိုက်သည်။
"ကျန်တဲ့သူတွေက အချင်းချင်း
စကားပြောနေလို့ ရပါတယ်။ ကျုပ်တို့က
ခဏနေကြရင် မဲစနိုက်ပါတော့မယ်"

အကြီးအကဲများသည် မှော်စွမ်းအင်တို့ကို
ထုတ်လွှတ်လိုက်ကာ၊ သူတို့၏ တပည့်များကို
မြေပေါ်သို့ ဆင်းသက်စေခဲ့သည်။
ဤစိတ်ဝိညာဉ် အစည်းအဝေးမှာ အလွန်ကို
ခမ်းနားကြီးကျယ်လှသည်။ လာရောက်
ယှဉ်ပြိုင်ကြသည့် ကျင့်ကြံသူများ အပြင်၊
လာရောက်အားပေးကြသော လူများစွာလည်း
ရှိကြသည်။ အခြေတည်ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူ အများအပြား အပါအဝင် ဖြစ်သည်။

ချီသာဝက အဆင့်မှ ကျင့်ကြံသူများပင် ပါကြသေးသည်။ သူတို့သည် အလားအလာ ကြီးမားသော ပါရမီရှင်လေးများ ဖြစ်ကြကာ၊ သူတို့၏ အကြီးအကဲများက လေ့လာသင်ယူရန် ရွေးချယ်ခေါ်ယူလာခြင်း ဖြစ်သည်။

ကျန်သောသူများသည် အားပေးသူများ ဖြစ်ကြသည်။ လင်းဖုန်း၏ ဂိုဏ်းသည်သာ

ကျိုးတိုးကျဲတဲနှင့် ဖြစ်နေ၍၊ လူနှစ်ယောက် သုံးယောက်သာ ရှိနေသည်။

သို့သော်လည်း လူအတော်များများတို့မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အထင်မသေးရဲကြချေ။ ရှောင်ပုတန်၊ ဇူရီနှင့် ကျန်သောသူတို့မှာ နာမည်ကြီးနေကြပြီ ဖြစ်သည်။ ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားသည်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သတင်းအား အတိုင်းအတာ တစ်ခုအထိ မြင့်တက်စေခဲ့သည်။

ပြီးတော့ ရှောင်ပုတန်လေးနှင့်
ကျန်သောသူများသည်၊ ယခုပါမလာသော
သူတို့၏ အစ်ကိုကြီး ရှောင်ယန်အား
ကျေးဇူးတင်ရမည် ဖြစ်သည်။

ရှင်းယွင်တောင်ထိပ်ပေါ်တွင်
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ၊
မဟာကျင့်ကြံသူ ချုံးယွင်မင်းသား၏
အတွေ့အကြုံသည်
သတင်းမပေါက်ကြားစေရန်
ထိန်းချုပ်ထားသော်လည်း၊ ထိုနေရာတွင်
အလင်းခါးမြန်ဂိုဏ်းမှ ဂိုဏ်းသား

အများအပြား ရှိနေခြင်းကြောင့် ပျံ့နှံ့သွားခဲ့ပြီ ဖြစ်သည်။

အခြေအနေ အများအပြားတွင် ထိုကဲ့သို့သော ဖုံးကွယ်ထားသော သတင်းမျိုးကိုသာ၊ လူအများက စိတ်ဝင်စားကြခြင်း ဖြစ်သည်။

ဝတ်ရုံဖြူနှင့် အမျိုးသမီး တစ်ယောက်သည် ရှောင်ပုတန်လေးတို့၏ အရှေ့သို့ ရောက်လာခဲ့ကာ၊ လင်းဖုန်းအား အရင်နှုတ်ဆက်လိုက်၏။ လင်းဖုန်းကလည်း ပြန်လည်နှုတ်ဆက်လိုက် အပြီးတွင်၊ ရှောင်ပုတန်လေးတို့ကို စိုက်ကြည့်လိုက်သည်။

ထိုအမျိုးသမီးမှာ ရုပ်ရည်ရူပကာ တင့်တယ်၍၊ မျက်နှာသွင်ပြင်မှာ ပန်းချီကားချပ်အတွင်းမှ နတ်သမီးနှင့် တူနေခဲ့သည်။ သို့သော်လည်း သူမ၏ မျက်လုံးများအတွင်းတွင် မာနတို့ကို တွေ့မြင်နိုင်၏။ သူမသည် ထင်ပေါ်သလို ဖြစ်နေသော်လည်း၊ လွှမ်းမိုးလိုစိတ်လည်း ရှိနေပုံ မပေါ်ပေ။ သူမ၏ အကြည့်အတွင်းတွင် ယှဉ်ပြိုင်လိုမှုတို့ကို တွေ့နိုင်၏။

"ရှောင်ယန်က မပါလာဘူးလား?" ထိုအမျိုးသမီးသည် အနည်းငယ် စဥ်းစားလိုက်ပြီးနောက်တွင်၊ အနည်းငယ်

စိတ်ပျက်သွားပုံ ပေါက်သွားသည်။
သို့သော်လည်း ရှောင်ပုတန်လေးနှင့် ဖူရီတို့ကို ကြည့်လိုက်ပြီးနောက်တွင်၊ သူမသည် ခေါင်းကိုညိတ်လိုက်ကာ ပြောလိုက်သည်။
"မင်းတို့နှစ်ယောက်လည်း သိပ်မဆိုးပါဘူး"

သူမက သူတို့၏ဘေးမှ ထွမ်းထွမ်းကိုလည်း ကြည့်လိုက်ကာ၊ "မင်းကလည်း ကောင်းသားပဲ"

ထွမ်းထွမ်းက နှုတ်ခမ်းလေးကို စူလိုက်ပြီး တစ်ဘက်သို့ လှည့်လိုက်ကာ

တီးတိုးရေရွတ်နေခဲ့သည်။ "နင်ကတော့ စားကောင်းလား မကောင်းလား မသိဘူး"

ဝတ်ရုံဖြူနှင့် အမျိုးသမီးသည် ကြားသွားခဲ့သော်လည်း ဒေါသမထွက်သွားခဲ့ပဲ၊ ရယ်လိုက်ကာ ပြောလိုက်သည်။ "မင်းက ငါတို့ရှင်းယွင်တောင်ထိပ်မှာ အနီရောင်ငှက်တောင် ကြိုးကြာတွေ အများကြီးကို စားသွားခဲ့တယ်။ အဲ့ဒီအတွက် စာရင်းကိုတောင် မရှင်းရသေးဘူး"

ထွမ်းထွမ်းသည် သူမအား နှာမှုတ်ပြလိုက်သော်လည်း၊ သူမသည်

အနောက်ကို လှည့်လိုက်ကာ ထွက်သွားခဲ့ပြီ ဖြစ်သည်။ သူမ၏ခေါင်းကို ခါယမ်းလိုက်ရင်း ပြောလိုက်သည်။ "မင်းတို့အကုန်လုံးနဲ့ ရင်ဆိုင်ရမယ်လို့ မျှော်လင့်ပါတယ်"

ထိုအချိန်တွင် အလင်းခေးမြန်ဂိုဏ်းမှ အတွင်းစည်း တပည့်ခေါင်းဆောင်၊ ကျောက်ယန်သည် ပြေးထွက်လာကာ ထိုအမျိုးသမီးကို တွေ့လိုက်သည်။ သူသည် ဘာမှမတတ်နိုင်ပဲ ခါးသီးစွာသာ ရယ်လိုက်ရသည်။

ထိုဝတ်ရုံဖြူ အမျိုးသမီးက ဘာမှဂရုမစိုက်ပဲ ရယ်လိုက်သည်။ "အေးဆေးနေပါ၊ ငါက သွားပြီး နှုတ်ဆက်ရုံ သက်သက်ပါ"

ကျောက်ယန်သည် ထိုအမျိုးသမီး ထွက်ခွာသွားသည်ကို ကြည့်လိုက်ကာ၊ နောက်ပြန်လှည့်၍ ကူရာမဲ့စွာ ပြောလိုက်သည်။ "အစ်မကြီးက ဒီအတိုင်းပဲ။ သူမရဲ့ အပြုအမူတွေအတွက် တောင်းပန်ပါတယ်"

ရှောင်ပုတန်လေးက စပ်စုစွာနှင့် မေးလိုက်သည်။ "ခင်ဗျားက

အလင်းခေးမြန်ဂိုဏ်းရဲ့ အတွင်းစည်း
တပည့်တွေရဲ့ အထဲမှာ အကြီးဆုံးတပည့်
မဟုတ်ဘူးလား?"

ကျောက်ယန်က ပြန်ဖြေလိုက်သည်။
"ဟုတ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့
အထက်မှာ စီနီယာ တစ်ယောက်ရှိသေးတယ်။
မင်းအခုတွေ့လိုက်တဲ့သူပဲပေါ့"

ကျောက်ယန်၏ စကားအဆုံးတွင်
ရှောင်ပုတန်လေးနှင့် ဇူရီတို့သည်၊
ထိုဝတ်ရုံဖြူနှင့် အမျိုးသမီး၏
အဆင့်အတန်းကို သိသွားကြသည်။

ထိုအမျိုးသမီးသည်
ထောင်ရောင်ရောင်ဖြစ်သည်။ သူမသည်
အလင်းခါးမြန်ဂိုဏ်း၏ အတွင်းစည်း
တပည့်များ အတွင်းက တကယ့်တပည့်ကြီး
ဖြစ်သည်။ ပြီးတော့ ရွှေရောင်ဗဟိုချက်
အဆင့်မှ ပထမဆုံး ကျင့်ကြံသူ ဖြစ်သည်။
သူမသည် ယခုနှစ်များ အတွင်းတွင်
တံခါးပိတ်ပြီး လေ့ကျင့်နေသဖြင့်၊ လူများက
သူမအား မေ့သွားခြင်းဖြစ်သည်။
အလင်းခါးမြန်ဂိုဏ်း အတွင်းမှာပင်၊
အချို့သော တပည့်သစ်များသည်
သူမရှိနေမှန်းကို မသိကြချေ။

သို့သော်လည်း အမှန်တွင် ထောင်ရောင်ရောင်သည်၊ လွန်ခဲ့သော နှစ်တစ်ရာကျော်ကပင် ဂုဏ်သတင်း ကျော်ကြားခဲ့သူ ဖြစ်သည်။ သူမသည် မုယံုယန်ရန် မတိုင်မီ၊ အလင်းခေါးမြန် ခေါးမာစတာက နောက်ဆုံး လက်ခံခဲ့သော တပည့်တစ်ယောက် ဖြစ်သည်။

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ထောင်ရောင်ရောင်၊ သူမက ကညာပျို ရောင်ရောင်လို့ ခေါ်တဲ့တစ်ယောက်ပေါ့?"

"ရှောင်ယန် အပါအဝင် ခင်ဗျားတို့ အားလုံးက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်တယ် ဆိုပေမဲ့၊ အလွန်ဆုံးတော့ ယှဉ်နိုင်ရုံပေါ့"
ကျောက်ယန်က ရှောင်ပုတန်နှင့် ဇူရီတို့အား အကဲခတ်လိုက်သည်။ "ဒါပေမဲ့ ကျွန်တော့်ရဲ့ အစ်မကြီးက သူမရဲ့ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံမှုနဲ့ အခြေတည်ဝိညာဉ် အဆင့်က တစ်ယောက်ကို သတ်ခဲ့ဖူးတယ်ဗျ!"

ရှောင်ပုတန်လေး၏ မျက်လုံးသည် တောက်ပလာခဲ့သည်။ "အိုး?"

ကျောက်ယန်က တစ်ခုခု ထပ်ပြောမည် ကြံလိုက်သော်လည်း၊ အသံတစ်ခုက အဝေးမှ ပျံ့လွင့်လာခဲ့သည်။ "မှန်ပါတယ်။ ဒါပေမဲ့ ထောင်ရောင်ရောင်ကလည်း အဲ့ဒီတိုက်ပွဲကနေ ဒဏ်ရာ အပြင်းအထန် ရရှိထားကြတယ်။ ဒါကြောင့်ပဲ သူမက နှစ်ပေါင်းများစွာ လူကြားထဲ မထွက်နိုင်ပဲ၊ လူတွေက သူမအကြောင်းကို မေ့သွားကြတာပေါ့"

ထိုစကားကို ပြောလိုက်သောသူမှာ အဝါရောင် ချည်ထည်ဝတ်စုံအား ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ သူမသည်

ရှောင်ပုတန်လေးအား ပြုံးကာ ကြည့်လိုက်သည်။ "ထျန်းဟောင်၊ ငါကနင့်ကို မတွေ့ရတာ အကြာကြီး ရှိသွားခဲ့ပြီ။ ငါနင့်ကို နောက်ဆုံးအကြိမ် တွေ့တုံးက၊ မင်းလေးက ဒီလောက်အရွယ်ပဲ ရှိသေးတယ်"

သူမသည် ရှင်ပြစွာနှင့် ရယ်လိုက်ကာ၊ သူမ၏ လက်အစုံကို ကလေးလေး တစ်ယောက်အား ချီနေသည့်ပုံ လုပ်ပြလိုက်သည်။

ရှောင်ပုတန်လေးသည် သူမအား အသေအချာ ကြည့်လိုက်သည်။ "အိုး? ကျွန်တော်ကတော့ ခင်ဗျားကို မမှတ်မိဘူး"

ထိုမိန်းကလေးက ပြန်ဖြေလိုက်သည်။ "ဒါကလည်း သဘာဝကျတာပဲ။ မင်းက အဲ့ဒီအချိန်တုံးက မွေးကင်းစ အရွယ်ပဲ ရှိသေးတာ၊ နို့တောင် မပြတ်သေးဘူး"

ထွမ်းထွမ်းက ကြားကနေ ဖြတ်ပြီးမှ ဝင်ပြောလိုက်၏။ "အခုအချိန်ထိလည်း နို့မပြတ်သေးပါဘူး"

ရှောင်ပုတန်သည် ထွမ်းထွမ်းအား ခြေထောက်နှင့် နောက်ပြန်ကန်လိုက်သည်။ သူ၏ အမူအရာမှာ မပြောင်းလဲသေးပဲ

တည်ငြိမ်စွာနှင့် ပြန်ပြောလိုက်သည်။ "မင်းက တော်ဝင်မိသားစုကလား?"

"ဟုတ်တယ်၊ ငါ့နာမည်က ရှီရှင်းယွင်တဲ့" မိန်းကလေးက ပြုံးကာ ပြန်ဖြေလိုက်သည်။ "ပြောရမယ်ဆိုရင်၊ ငါကနင့်ရဲ့ ကလန်အစ်မတော်တာပဲ။ မင်းက အသိအမှတ်ပြုမလားတော့ မသိဘူး?"

ရှောင်ပုတန်က "အိုး" ဟူ၍ ပြန်ပြောလိုက်ကာ၊ သူမအား အကဲခတ်နေခဲ့သည်။ "ဒါဆို ခင်ဗျားက

ရှင်းယွင်မင်းသမီးပေါ့။ ရှီထျန်းဟောင်က နှုတ်ဆက်ပါတယ်"

ရှီရှင်းယွင်က ရယ်လိုက်ကာ စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ကသိကအောက် ဖြစ်နေသော ကျောက်ယန်အား ကြည့်လိုက်ကာ၊ သူမက ပြုံးလိုက်သည်။ "ရောင်ရောင်ရဲ့ ပါရမီနဲ့ဆိုရင်၊ အလင်းခေးမြန်ဂိုဏ်းမှာ တွေ့ရခဲ့တဲ့ သူတစ်ယောက်ပဲ။ သူမရဲ့ အတိတ်က ကျင့်ကြံမှုတွေအရ၊ တကယ်လို့ ပုံမှန်သာဆိုရင် အခုအချိန်ဆို သူမရဲ့

ဝိညာဉ်ကို အောင်မြင်စွာနဲ့
ဖွံ့စည်းပြီးနိုင်လောက်ပြီ"

"ဒါပေမဲ့လည်း သူမက တစ်ချိန်လုံး သူတပါးနဲ့ တိုက်ခိုက်ရတာ ပျော်တဲ့အတွက်၊ တိုက်ခိုက်ဖို့ အခွင့်အရေးကို အမြဲတမ်း ချောင်းနေခဲ့တယ်။ တိုက်ခိုက်ရင်း တိုက်ခိုက်ရင်းနဲ့၊ နောက်ဆုံးမှာ အခြေတည်ဝိညာဉ် အဆင့်က တစ်ယောက်နဲ့ တိုက်ပွဲတစ်ခုမှာ၊ သူမက အရမ်းကို အလေးအနက် ထားခဲ့တဲ့အတွက် သူ့ကို သတ်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူမကလည်း ဒဏ်ရာ အပြင်းအထန် ရရှိသွားပြီး၊ သူမရဲ့

ရွှေရောင်ဗဟိုချက်ကတောင်
အက်ကွဲသွားခဲ့တယ်"

"အဲ့ဒီလို ဒဏ်ရာမျိုးကို အလင်းဓားမြန်
ဓားမာစတာကတောင် မကုပေးနိုင်ဘူး။
သူမက ရှင်းယွင်တောင်ထိပ် ပေါ်မှာပဲ
ဒဏ်ရာကုစားနေခဲ့တယ်။ ဒါပေမဲ့လည်း
ဒီလိုဒဏ်ရာမျိုးနဲ့ သူမက စိတ်ဝိညာဉ်ကို
ဖွဲ့စည်းဖို့ မျှော်လင့်ချက် မရှိတော့ဘူး။ သူမက
နောက်ထပ်တိုးတက်ဖို့ မဖြစ်နိုင်တော့ပေမဲ့၊
သူမရဲ့ အရင် အဆင့်အတန်းကိုတော့
ပြန်လည်ရယူနိုင်ခဲ့တယ်။"

ရှီရှင်းယွင်က မှန်ကန်စွာနှင့် ပြောလိုက်သည်။
"သူမက ဒီတစ်ခေါက် ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးကို ဝင်ပြိုင်တာက၊ ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာထဲက ဒဏ်ရာကုစားတဲ့
ဆေးပင်တစ်ပင်ကြောင့်လို့ပဲ ထင်တယ်။
အခုလက်ရှိမှာ အက်ကွဲနေတဲ့
ရွှေရောင်ဗဟိုချက်ကို ပြန်လည်ကုစားနိုင်တာ
ဒီဆေးပင် တစ်မျိုးပဲ ရှိတယ်"

သူမသည် ကျောက်ယန်အား
ကြည့်လိုက်ပြီးနောက်၊
ရှောင်ပုတန်လေးတို့အား ကြည့်လိုက်သည်။
"ဒီဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာ

သူမက မင်းတို့ရဲ့ အဓိကပြိုင်ဘက်
တစ်ယောက်ပဲ"

"ဘာပဲပြောပြော သူမက ရွှေရောင်ဗဟိုချက်
အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေခဲ့ပြီ။
ထျန်းဟောင်၊ သူမကနင့်လိုမျိုး
ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှာတင်
ဒီလောက်ကြီးမားတဲ့ စွမ်းအားတွေကို
ပိုင်ဆိုင်နိုင်တဲ့သူတော့ မဟုတ်ဘူး"

ရှောင်ပုတန်လေးက သူမ၏စကားကို
ကြားလိုက်ပြီး၊ သွားကိုဖြီးကာ ပြုံးလိုက်၏။
"ပြိုင်ဘက်တွေ အကြောင်း ပြောရရင်၊

နင်ကရော ပြိုင်ဘက်တစ်ယောက်
မဟုတ်ဘူးလား?"

ရှီရှင်းယွင်ကလည်း တောက်ပစွာ
ပြုံးလိုက်ရင်း ပြန်ပြောလိုက်သည်။ "ဇူရီအပြင်၊
နင့်မှာ ပြိုင်ဘက် သုံးယောက်ခွဲရှိတယ်။
ထျန်းဟောင်၊ ငါက ပြိုင်ဘက်တစ်ဝက်
အနေနဲ့ပဲ တွက်လို့ရတယ်"

"ထောင်ရောင်ရောင်က တစ်ယောက်။
နေလခားဂိုဏ်းမှာ စုံတွဲတစ်တွဲ ရှိတယ်၊
ဒါပေမဲ့ သူတို့ကို တစ်ယောက်အနေနဲ့ပဲ
သတ်မှတ်ရမယ်" ရှီရှင်းယွင်သည်

သူမ၏ခေါင်းကို အနောက်သို့ လှည့်လိုက်ကာ အဝေးမှ မိုးကုတ်စက်ဝိုင်းအား ကြည့်လိုက်သည်။

"နောက်ဆုံးတစ်ယောက်က မရောက်လာသေးဘူး၊ ဒါပေမဲ့ မကြာခင် ရောက်လာတော့မယ်"

## စာစဥ် ၁၆ : အပိုင်း ၈

## အပိုင်း ၂၇၈ : ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေး တရားဝင် စတင်ခြင်း

"ဒီပြိုင်ပွဲက အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူတွေရဲ့ ယှဉ်ပြိုင်ခြင်းနဲ့ စတင်တာ။ ပြီးမှ ရွှေရောင်ဗဟိုချက် အဆင့်က သူတွေက ယှဉ်ပြိုင်ရတာ။ ဒီလူက နောက်ကျနေပေမဲ့ ကိစ္စတော့ မရှိဘူး။ သူက နောက်ဆုံးပြိုင်ပွဲ မစခင် ရောက်လာရင် ပြီးတာပဲ" ဇူရီက ပြောလိုက်သည်။ "ပြီးတော့ ရှင်းယွင်မင်းသမီးကို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ရှီရှင်းယွင်သည် သူမ၏ခါးလေးကို ကိုင်းလိုက်ကာ၊ ဇူရီအား အချိန်အတန်ကြာအောင် ကြည့်လိုက်သည်။

ပြီးမှ ရုတ်တရက် ရယ်လိုက်ကာ၊
"ပြောရမယ်ဆိုရင် ဒီလူက ဇူရီနဲ့
အတော်ဆင်တူတာပဲ။ သူကလည်း
စာသင်သား တစ်ယောက်ဖြစ်တယ်။ မဟာချင်
အင်ပါယာရဲ့ နန်းတွင်းစာမေးပွဲမှာ ပထမရတဲ့
လူရည်ချွန်ဖြစ်တယ်"

ဇူရီ၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။
"အိုး? မဟာချင် အင်ပါယာ အတွင်းက
စာသင်သား အများကြီးထဲက
အထူးချွန်ဆုံးသူက တစ်စုံတစ်ခုတော့
ဖြစ်ရမယ်။ ကျွန်တော်က သူနဲ့
မယှဉ်ပြိုင်ရရင်တောင်မှ၊ ဗဟုသုတတွေကို

ဆွေးနွေးလို့ရတာပဲ။ ကောင်းတယ်၊ အရမ်းကောင်းတယ်"

ရှီရှင်းယွင်က တခစ်ခစ်နှင့် ရယ်လိုက်သည်။ "ရှင်တို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသူတွေက မာနအရမ်း ကြီးကြတယ် မဟုတ်လား? ကျွန်မကတော့ စောင့်ကြည့်ချင်နေပြီ"

သူမ၏ ထွက်ခွာသွားသော နောက်ကျောပြင်ကို ကြည့်လိုက်ပြီး၊ ဇူရီသည် အနောက်ကို လှည့်ကြည့်လိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။ "သူမက ပြိုင်ဘက်တစ်ဝက်ပဲလို့ ငါကတော့ မထင်ဘူး"

ထိုင်ကာ အနားယူနေသော လင်းဖုန်းက ရုတ်တရက် ပြုံးလိုက်သည်။ "မဟာချင် အင်ပါယာရဲ့ တော်ဝင်မိသားစုဆီမှာ အခြေတည်ဝိညာဉ် အဆင့်က ချုံးယွင်ရှိပြီး၊ ရွှေရောင်ဗဟိုချက် အဆင့်က ရှင်းယွင်ရှိတယ် ဆိုပြီး စကားတစ်ခုရှိတယ်။ ဒီစကားက နေရာတကာမှာ မပျံ့နှံ့နေပေမဲ့၊ လျှို့ဝှက်ချက် တစ်ခုတော့ မဟုတ်ဘူး။

သူသည် မျက်လုံးအစုံကို ဖွင့်လိုက်ကာ ရှောင်ပုတန်လေးကို ကြည့်ကာရယ်လိုက်သည်။ "မင်းရဲ့

ကလန်အစ်မက ထင်သလောက်တော့ မရိုးဘူး"

ရှောင်ပုတန်လေးသည် ခံစားချက် ကင်းမဲ့စွာဖြင့် လက်ကို ဝှေ့ယမ်းလိုက်သည်။ "ဘာမှ ကိစ္စမရှိပါဘူး။ ကျွန်တော့်ရဲ့ အဆင့်အတွင်းမှာ၊ ကျွန်တော့်ရဲ့ ဂိုဏ်းတူညီအစ်ကိုတွေကလွဲရင်၊ ကျွန်တော်က ပြိုင်ဘက်ကင်းပဲ"

"ဆရာ၊ အနည်းဆုံးတော့ ကျွန်တော့်အပေါ်မှာ ယုံကြည်ချက်လေးတော့ ထားသင့်တာပေါ့!"

လင်းဖုန်းက အေးအေးဆေးဆေး ပြန်ဖြေလိုက်သည်။ "ငါက မင်းတို့ အားလုံးရဲ့ အပေါ်မှာ ယုံကြည်ချက် ရှိပါတယ်။ အထူးသဖြင့် မင်းလေးပေါ့"

ရှောင်ပုတန်လေးက မပြုံးရသေးခင်တွင် လင်းဖုန်းက ဆက်ပြောလိုက်သည်။ "အထူးသဖြင့် အစားပုတ်တဲ့ နေရာရယ်၊ ပြဿနာရှာတဲ့ နေရာတွေရယ်"

"မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်ရဲ့ မြင်းပျံတွေကို မင်းတို့က ခိုးထားတာ မဟုတ်လား?"

"အား!" သူ့အား သရော်နေသော လင်းဖုန်းအား ကြည့်၍ ရှောင်ပုတန်လေးက အော်ဟစ်လိုက်ကာ၊ ချက်ချင်း ရိုးသားသည့်ပုံ ပေါက်သွားခဲ့သည်။

သူသည် ရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်ကာ၊ ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့ကို သူ၏ အရှေ့သို့ တွန်းပို့လိုက်ရင်း၊ "ဒါက သူတို့ပေးတဲ့ အကြံ။ ကျွန်တော်က သူတို့ ဒုက္ခရောက်သွားမှာစိုးလို့၊ အနောက်ကနေ လိုက်ကြည့်တာ"

ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည် နှစ်ယောက်စလုံး မျက်စောင်းထိုးလိုက်ကာ၊ ရှောင်ပုတန်လေးအား ကြည့်လိုက်ကြ၏။

လင်းဖုန်းက သူတို့သုံးယောက်အား ရယ်ချင်ပက်ကျိ ဖြစ်လှစွာနှင့် ကြည့်လိုက်ကာ၊ သူ၏ခေါင်းကို ခါလိုက်သည်။ "မင်းတို့က ခိုးပြီးပြီ ဆိုရင်လည်း ထားလိုက်တော့။ ဒါပေမဲ့ စားပြီးသောက်ပြီးသွားရင် ကိုယ်ရဲ့ပါးစပ်ကို ပြောင်အောင်သုတ်ဖို့လည်း မမေ့နဲ့ဦး။ သူများတွေကို မင်းတို့ဆီ လက်ညှိုးထိုးဖို့ အခွင့်အရေး မပေးနဲ့"

ရှောင်ပုတန်လေးသည် ထွမ်းထွမ်း၏ ဝမ်းဗိုက်လေးကို ပွတ်လိုက်ကာ ရယ်လိုက်သည်။ "ဘာမှစိတ်မပူနဲ့ ဆရာသခင်။ အမွေးတွေနဲ့ အရေခွံတွေ၊ အရိုးတွေ အားလုံးက ဒီအထဲကို ရောက်သွားပြီ။ အမွေးအတောင် တစ်စလေးမှ မကျန်ခဲ့ဘူး။ ကျွန်တော်က သူမ စားသောက်ပုံက ကြမ်းလွန်းတယ်လို့ ထင်နေမိတာ၊ အခုတော့ အတော်အသုံးဝင်သားပဲ"

ထွမ်းထွမ်းက သူ့အား မာန်ဖီပြလိုက်သည်။ "ရပ်လိုက်စမ်း၊ ခဏနေက

ငါ့ကိုကန်ထားတာကို ဖြေရှင်းချက်
ပေးရဦးမယ်!"

ရှောင်ပုတန်လေးက ဂရုမစိုက်တဲ့ ပုံစံဖြင့်
ပြန်ဖြေလိုက်သည်။ "နင်က ပါးစပ်မှ
အငြိမ်မနေတာ"

လင်းဖုန်းသည် သူတို့အား
လျှစ်လျူရှုထားခဲ့ကာ၊ ထောင့်တစ်ထောင့်တွင်
ထိုင်နေသော ယန်ချင်အား
လှည့်ကြည့်လိုက်သည်။ သူသည်
အခြားဂိုဏ်းမှ ကျန်သော ကျင့်ကြံသူများအား

အကဲခတ်နေခဲ့ကာ၊ စိတ်လှုပ်ရှားနေသည့်ပုံ
ပေါက်နေခဲ့သည်။

အစောပိုင်းက ယုကျိုးမြို့တွင် လင်းဖုန်းသည်
သူ၏ တပည့်များကို စိတ်ကြိုက်လည်ပတ်ခွင့်
ပြုထားခဲ့သည်။ သို့သော် ယန်ချင်သည်
မြို့တစ်ပတ်ပတ်ပြီးနောက်တွင် သူတို့၏
အဆောင်သို့ ပြန်လာခဲ့ပြီး၊ စာမေးပွဲ မဖြေခင်
စိတ်လှုပ်ရှားစွာဖြင့် စာပြန်နွေးနေသည့်
ကျောင်းသားတစ်ယောက်ကဲ့သို့၊ သူ၏
တာအိုနည်းစနစ်များကို
ပြန်လေ့ကျင့်နေခဲ့သည်။

သူသည် ယခုကဲ့သို့ အချိန်နည်းနည်းလေးနှင့်
ဘာမှမထူးနိုင်မှန်းကို သိနေသော်လည်း၊
ထိုအချိန်လေးကို အသုံးမပြုပဲ မနေနိုင်ခဲ့ချေ။
သူသည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအား
အနည်းငယ် စိတ်ဝင်စားသော်လည်း၊
သူတစ်ပါးတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းကိုမူ
မနှစ်သက်ပေ။

သူသည် ကြောက်ရွံ့နေခြင်းကြောင့် မဟုတ်ပဲ၊
ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်
မရှိခြင်းကြောင့် ဖြစ်သည်။

"ငါက မင်းကို ခဏတာ အကာအကွယ် ပေးနိုင်သလို၊ မင်းရဲ့ တစ်သက်လုံးကိုလည်း အကာအကွယ် ပေးနိုင်တယ်" လင်းဖုန်းက သူ့အားပြောလိုက်သည်။ "ဒါပေမဲ့လည်း သေချာ စဥ်းစားကြည့်ပေါ့၊ ဒါက မင်းဘဝတစ်လျှောက်လုံး အတွက် လိုချင်တဲ့ အရာလားလို့?"

"ဘာအခက်အခဲမှ မကြုံရပဲနဲ့ သူတပါးတို့ရဲ့ အရိပ်အာဝါသအောက်မှာ တစ်သက်လုံး နေရခြင်းဟာ၊ မင်းတွေ့ကြုံရမဲ့ အန္တရာယ်တွေကို လျော့နည်းသွားစေနိုင်တာကတော့

မှန်ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မင်းရဲဘဝကို အဓိပ္ပာယ်မဲ့သွားစေတယ်ကွ"

ယန်ချင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူ၏စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး၊ တိုးညှင်းစွာဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်တော်က နားလည်ပါတယ်။ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး၊ ဂိုဏ်းရဲ့နာမည် မပျက်အောင် ကြိုးစားပါ့မယ်"

"မင်းရဲ့မျက်နှာအတွက်ပဲ ဂရုစိုက်ပါ။ ငါ့ရဲ့မျက်နှာက လွယ်လွယ်နဲ့ပျက်မှာ

မဟုတ်ဘူး" လင်းဖုန်းက သူ၏
မျက်လုံးအစုံကို စိုက်ကြည့်လိုက်ကာ၊
"တိမ်တိုက်ရေပြင်ဂူကို ပြန်စဥ်းစားလိုက်၊
မင်းသတိအရဆုံး လူကိုပြန်စဥ်းစားလိုက်"

ယန်ချင်က သေချာနားထောင်လိုက်ပြီး၊
"ကျွန်တော်က အစက
စိတ်တွေပျံ့လွင့်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း
စိတ်ချပါ ဆရာသခင်၊ အခုအချိန်ကစပြီး
ဘာလုပ်ရမလဲ ဆိုတာကို ကျွန်တော်က
သိသွားပါပြီ"

လင်းဖုန်းက သူ၏ခေါင်းကို ကျေနပ်စွာဖြင့် ညိတ်လိုက်ကာ၊ ရင်ထဲမှနေ၍ သက်ပြင်းတစ်ချက် ချလိုက်သည်" "ဟင်း၊ စိတ်စွမ်းအား ၅မှတ်... သူက အဝေးကြီး ဆက်လျှောက်ရဦးမယ်။ ဒါပေမဲ့ သူက အောင်မြင်သွားခဲ့ရင်၊ အခုကြိုးစားအားထုတ်မှုတွေက တန်ပါတယ်ကွာ" သူ၏မျက်လုံးနှင့် ယန်ချင်၏ အကြည့်တို့က ဆုံစည်းသွားခဲ့ကာ၊ မှော်ကျိန်စာ တစ်ခုသည် မမြင်ရသော အတားအဆီးများအား ချိုးဖောက်၍၊ ယန်ချင်၏ ဦးနှောက်အတွင်းသို့ ဝင်သွားခဲ့သည်။

ယန်ချင်သည် လင်းဖုန်းကသူ့အား
လက်ဆင့်ကမ်းလိုက်သော မှော်ကျိန်စာအား
အလောတကြီး မှတ်သားလိုက်သည်။
သို့သော်လည်း မှတ်မိသွားသောအခါ
အတန်ငယ် စိတ်ရှုပ်ထွေးသွားခဲ့သည်။ "ဆရာ၊
ဒီမှော်ကျိန်စာက…"

လင်းဖုန်းက ရှင်းပြလိုက်သည်။
"ဒီတာအိုနည်းစနစ်က ငါတို့ဂိုဏ်းရဲ့
နည်းစနစ်တွေအထဲက အခွဲတစ်ခုပဲ။ မင်းက
အနေးနဲ့အမြန် ကြုံတွေ့ရလိမ့်မယ်။
ဒါပေမဲ့လည်း အခုအချိန်မှာ သင်ယူနိုင်ခဲ့ရင်၊

မင်းရဲ့ စွမ်းရည်တွေကို အများကြီး
တိုးတက်လာအောင် ကူညီပေးနိုင်လိမ့်မယ်"

"မင်းကဘယ်လောက်အထိ သင်ယူနိုင်မလဲ
ဆိုတာက မင်းရဲ့ အပေါ်မှာပဲ မူတည်နေတယ်"

ယန်ချင်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ
တင်ပုလ္လင်ခွေထိုင်လိုက်၍
ထိုမှော်ကျမ်းစာအား လေးနက်စွာဖြင့်
လေ့လာနေခဲ့သည်။

ထိုအချိန်တွင် အခြေခံအုတ်မြစ် အဆင့်မှ ယှဉ်ပြိုင်ပွဲအတွက်၊ ပထမဆုံး မဲနှိုက်ခြင်းကို စတင်ခဲ့သည်။

ရှင်ပျော်ပျော် သူတော်စင်သည် ကိုယ်တိုင်ကိုယ်ကျပင်၊ ယှဉ်ပြိုင်သူ တစ်ယောက်ချင်းဆီ၏ နာမည်များကို ရေးသားခဲ့သည်။ ပြီးတာနှင့် သူ၏လတ်မှတ်ကို ရေးထိုးလိုက်ကာ မဲလိပ်များကို ကြေးအိုးကြီး တစ်ခုအတွင်းတွင် ထည့်လိုက်သည်။ ပြီးတာနှင့် သူသည် မဲလိပ်တစ်လိပ်ချင်းကို နှိုက်လိုက်ကာ၊

ယှဉ်ပြိုင်ရမည့် အတွဲအဖက်များနှင့် ပြိုင်ပွဲ၏ ပွဲစဉ်ဇယားအား ရေးဆွဲလိုက်သည်။

ထိုဖြစ်စဉ် တစ်ခုလုံးအား စောင့်ကြည့်ရန် ဂိုဏ်းတစ်ဂိုဏ်းဆီမှ ခေါင်းဆောင်များကလည်း ရောက်ရှိနေကြသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင်၊ မဲလိမ်ရန်မှာ မဖြစ်နိုင်ပေ။ အကယ်၍ သံသယ အနည်းငယ် ရှိခဲ့လျှင်ပင်၊ မေးခွန်းများက တက်လာမည်ဖြစ်၍ ပြန်နှိုက်ရမည် ဖြစ်သည်။

အကယ်၍ လိမ်ညာနိုင်ခဲ့လျှင် ထိုသူသည် အလွန်ကို အစွမ်းထက်သည်ဟု ယူဆရမည် ဖြစ်ကာ၊ ကျန်သောသူများကလည်း ဘာမှပြောနိုင်တော့မည် မဟုတ်ချေ။

သို့သော်လည်း ရှင်ပျော်ပျော် သူတော်စင်သည် လိမ်ညာရန် ရည်ရွယ်ချက် မရှိခဲ့ပဲ။ ကျန်သောသူများကလည်း မဲနှိုက်ရာမှ ထွက်လာသည့် ရလဒ်များအား ကျေနပ်နေကြသည်။ သူတို့က အတည်ပြုလိုက်ကြ၍ ပြိုင်ပွဲအား စတင်ရန် ခွင့်ပြုခဲ့သည်။

နေလစားဂိုဏ်းသည် ပြိုင်ပွဲတွင်
စုံတွဲတိုက်ခိုက်ရန် ခွင့်ပြုထားသော်လည်း၊
နေမင်းအလင်းတန်း စားမာစတာသည်
အဝေဖန်ခံရမည်ကို ကာကွယ်သည့် အနေဖြင့်၊
တပည့်လေးယောက်ကို စုံတွဲနှစ်တွဲ အဖြစ်သာ
စေလွှတ်ခဲ့သည်။ ထို့ကြောင့် သူတို့သည်
အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ယှဉ်လိုက်လျှင်၊ လူတစ်ယောက်
လျော့နည်းနေသည်။ အခြေခံအုတ်မြစ် အဆင့်
ပြိုင်ပွဲတွင်၊ သုံးယောက်သည် ပြိုင်စရာမလိုပဲ
နောက်တစ်ဆင့် တက်သွားမည် ဖြစ်သည်။

ဒါကို သတင်းကောင်းဟု ပြော၍မရသလို၊
သတင်းဆိုးဟူ၍လည်း ပြော၍မရပေ။
နောက်တစ်ဆင့်သို့ အလိုအလျှောက်
တက်သွားသောသူ သုံးယောက်တွင်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ နှစ်ယောက်ပါနေ၏။

ဝမ်လင်းရော ယန်ချင်ပါ နောက်တစ်ဆင့်သို့
တက်သွားကြသည်။

ယွဲ့ဟုန်ယန်တစ်ယောက်သာ
ပထမအဆင့်တွင် ယှဉ်ပြိုင်ရမည် ဖြစ်သည်။
သူမသည် ဘာမှ အားမစိုက်လိုက်ရပဲ
အနိုင်ရရှိခဲ့သည်။

ပထမအဆင့် အပြီးတွင် နောက်ဆုံး ၁၆ယောက်ကို လျှင်မြန်စွာနှင့် ဆုံးဖြတ်နိုင်ခဲ့သည်။ ပထမ အဆင့်ကို လူအတော်များများက အရေးသိပ်မထားကြပေ။ အခြေခံအုတ်မြစ် အဆင့် ပြိုင်ပွဲတွင်၊ ထိပ်ဆုံး၈ယောက် ကသာ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအတွင်းသို့ ဝင်ရောက်နိုင်မည် ဖြစ်သည်။ နောက်ဆုံး ၁၆ယောက်တို့၏ ရှုံးထွက်ပြိုင်ပွဲသည်သာ၊ အဓိက စောင့်ကြည့်ရမည့် ပြိုင်ပွဲဖြစ်သည်။

တစ်ခုရှိသည်မှာ နောက်ဆုံးရလဒ်များက
အကြီးအကဲတို့အား ရောထွေးနေသော
ခံစားချက်များကို ပေးနိုင်ခဲ့သည်။

လူ၁၆ယောက်တွင်၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ ၂ယောက်၊
နတ်ရေကန်ဂိုဏ်းမှ ၂ယောက်၊ ဟော်မိသားစုမှ
နှစ်ယောက်နှင့် အလင်းခါးမြန်ဂိုဏ်းမှ
တစ်ယောက်တို့ ဖြစ်ကြသည်။

နေလခါးဂိုဏ်းမှ စုံတွဲတို့သည်
အမှန်တကယ်ပင် အစွမ်းထက်လှသည်။
စုံတွဲနှစ်တွဲစလုံးက နောက်ဆုံး ၁၆ယောက်

အတွင်းသို့ ဝင်နိုင်ခဲ့ကြသည်။ သူတို့သည် နာမည်နှစ်ခုသာ တင်သွင်းနိုင်ခဲ့သော်လည်း၊ နေမင်းအလင်းတန်း ခေါ်မာစတာက လူလေးယောက်သာ လွှတ်၍ ယှဉ်ပြိုင်သည်ကို တွက်လိုက်လျှင်၊ သူ၏ အဖွဲ့ဝင် အားလုံးတို့သည် နောက်ဆုံး ၁၆ယောက်တွင် ပါဝင်နိုင်ကြခြင်း ဖြစ်သည်။

သူတို့၏ စွမ်းရည်များကို ထည့်မတွက်လျှင်ပင် အပေးအယူမျှမှုကို ကြည့်လိုက်လျှင်၊ ယခုမှ စတင်တွဲဖက်သော သူတို့သည် နေလခေါ်ဂိုဏ်းမှ သေချာလေ့ကျင့်ထားသော စုံတွဲတို့ကို ယှဉ်နိုင်မည် မဟုတ်ပေ။

လင်းဖုန်း၏ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်သုံးယောက် စလုံးက နောက်တစ်ဆင့်သို့ တက်နိုင်ခဲ့ကြသော်လည်း၊ အထင်ကြီးဖွယ် မရှိသေးပေ။ ဘာပဲပြောပြော ဝမ်လင်းနှင့် ယန်ချင်တို့သည် ယှဥ်ပြိုင်စရာ မလိုပဲနှင့် တက်လှမ်းနိုင်ကြခြင်း ဖြစ်သည်။ သူတို့၏ ကံတရားကိုသာ အားကျရပေမည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ မဟာချင် အင်ပါယာမှ လွှတ်လိုက်သော ကျင့်ကြံသူများ အနက်၊ နှစ်ယောက်သာ နောက်ဆုံး ၁၆ယောက် အထဲတွင် ပါလာကြခြင်း

ဖြစ်သည်။ သို့သော်လည်း ဒါသည်
ခန့်မှန်းချက်အတွင်းမှာသာ ရှိလေသည်။
သူတို့သည် ကံမကောင်းလှစွာနှင့်
ပထမအဆင့်မှာပင် နှစ်ယောက်သား
အချင်းချင်း ပြန်လည် ယှဉ်ပြိုင်ခဲ့ရသည်။
နှစ်ယောက်တွင် တစ်ယောက်သာ
နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်
မဟုတ်ပါလော။

ထိုနှစ်ဦးသား၏ တိုက်ပွဲသည် ပထမအဆင့်၏
စိတ်လှုပ်ရှားစရာ အကောင်းဆုံး
အပိုင်းဖြစ်သည်ဟု ပြော၍ရသည်။

နှစ်ဦးနှစ်ဘက်စလုံးတို့သည်
ကိုယ်ပိုင်စွမ်းရည်များအား
ထုတ်ဖော်ပြသသွားခဲ့သည်။
ကျန်သောသူများကို ရလဒ်များအတွက်
နှောင်တရစေခဲ့သည်။ အကယ်၍များ
သူတို့သည် အခြားဂိုဏ်းမှ
ကျင့်ကြံသူများနှင့်သာ တွေ့ဆုံပါက
နှစ်ယောက်စလုံး နောက်တစ်ဆင့်သို့
တက်နိုင်ခြေ ရှိလေသည်။

ပထမအဆင့် အပြီးတွင် အနားမပေးပဲ၊
နောက်တစ်ဆင့်အတွက် မဲနှိုက်ခြင်းများကို
စတင်ခဲ့သည်။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး၏
စည်းမျဉ်းမှာ၊ အဆင့်တစ်ဆင့် ပြီးတိုင်းတွင်
နောက်တစ်ခေါက် မဲထပ်နှိုက်ခြင်း ဖြစ်သည်။
မည်သူမှ သူသည် နောက်တစ်ဆင့်တွင်
မည်သူနှင့် တွေ့မည်ကို မခန့်မှန်းနိုင်ပေ။

လင်းဖုန်းအတွက်မူ ထိုနည်းလမ်းသည်
ကောင်းကျိုးနှင့်ဆိုးကျိုး ဒွန်တွဲနေသည်။
တင်းတင်းကျပ်ကျပ်
စောင့်ကြပ်ကြည့်ရှုမှုအောက်တွင်၊
လိမ်ညာမှုများ မပြုလုပ်နိုင်၍ ထိုစည်းမျဉ်းမှာ
တရားမျှတသည်ဟု ဆိုနိုင်ပေသည်။

ပထမအဆင့် မဲနှိုက်၍ အပြီးတွင်၊
လင်းဖုန်းသည် ဝမ်လင်းက မဲလိပ်များကို
ထည့်ထားသော ကြေးအိုးဆီမှ
အကြည့်မခွာသည်ကို သတိထားမိခဲ့သည်။
နောက်တစ်ဆင့်သို့ အလိုအလျောက်
တက်နိုင်သော စာရင်းများ
ထွက်လာသောအခါ၊ ဝမ်လင်း
အမူအရာမှတဆင့် မဖော်ပြခဲ့သော်လည်း
မကျေမနပ် ဖြစ်သွားခဲ့သည်။

လင်းဖုန်းက ဝမ်လင်းသည် ဟော်မိသားစု၏
၁၇ယောက်မြောက် သခင်လေး၊

ဟော်ချန်းအား သင်ခန်းစာပေးချင်နေသည်ကို
သိနေခဲ့၍၊ ရင်ထဲမှ ကျိတ်၍ ရယ်နေခဲ့သည်။

ယခုအချိန်တွင် ဝမ်လင်းနှင့် သူ၏ပြိုင်ဘက်ကို
မဲနှိုက်၍ ပြီးပြီဖြစ်သည်။ သူ၏ပြိုင်ဘက်မှာ
ဟော်ချန်းမဟုတ်ပဲ၊ မဟာချင် အင်ပါယာမှ
တော်ဝင်တပည့် တစ်ယောက်ဖြစ်သည်။

ဟော်ချန်း၏ ပြိုင်ဘက်မှာ
အလင်းခေါးမြန်ဂိုဏ်းမှ တစ်ဦးတည်း
ကျန်နေသော တပည့်ဖြစ်သည်။

ဝမ်လင်း၏ မကျေမနပ် ဖြစ်နေသော အမူအရာကို တွေ့လိုက်သော်၊ လင်းဖုန်းက သူ၏ပုခုံးအား ပုတ်လိုက်သည်။ "စိတ်ကို တည်ငြိမ်အောင်ထား၊ သူတစ်ပါးရဲ့ လွှမ်းမိုးမှုကို မခံရစေနဲ့"

ဝမ်လင်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ တိတ်ဆိတ်သွားခဲ့သည်။ သူက တီးတိုးရေရွတ်လိုက်သည်။ "ကျွန်တော်က သူ့ကို ထိပ်ဆုံးစာယောက်ထဲက ထုတ်ပစ်လိုက်ပြီး၊ မျှော်လင့်ချက်တွေ အားလုံးကို ဖျက်ဆီးပစ်ချင်တာ"

လင်းဖုန်းသည် သူ၏ခေါင်းကို လှည့်လိုက်ရာ၊ ဝမ်လင်း၏ မျက်လုံးများမှ စိမ့်ထွက်လာခဲ့သော နတ်ဆိုးအော်ရာများကို ခံစားမိလိုက်သည်။

လင်းဖုန်းသည် ဟော်ချန်းအစား ရင်ထဲတွင် ဆုတောင်းပေးနေခဲ့သည်။ "မင်းကတော့ ဒုက္ခရောက်ပြီ ကောင်လေးရေ!"

သူသည် ခဏတာမျှ တွေးလိုက်ပြီး၊ နှုတ်ခမ်းထောင့်စွန်းများတွင် အပြုံးတစ်ခု ဖူးပွင့်လာ၏။ "မင်းက သူနဲ့ ဘယ်အဆင့်မှာပဲ တွေ့တွေ့၊ ပုန်းကွယ်နေသော နဂါးချောက်ရဲ့

ကာကွယ်မှု စနစ်က ရှိနေမှာပဲ။ ဒါပေမဲ့ မင်းတို့က ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ အထဲကို ရောက်သွားပြီးရင်၊ အရာအားလုံးက ခြားနားသွားပြီ"

ဝမ်လင်း၏ မျက်လုံးအစုံမှာ လင်းလက်လာခဲ့၍ သူကလည်း ပြုံးလိုက်သည်။ "ဆရာပြောတာမှန်တယ်၊ အခုဆိုရင် ကျွန်တော်က သူ့ကို ထိပ်ဆုံးစယောက်ထဲပါအောင် ဆုတောင်းလိုက်တော့မယ်"

လင်းဖုန်းက ရယ်လိုက်သည်။
"သူတစ်ပါးတွေကြောင့် အာရုံမပျံ့လွင့်စေနဲ့၊ ထိပ်ဆုံး ၈ယောက်ထဲကို ပါအောင် အရင်လုပ်ဦး"

"စိတ်သာချပါ၊ ဆရာသခင်" ဝမ်လင်းက ပြောလိုက်ကာ၊ ပုန်းကွယ်နေသော နဂါးချောက်၏ ဝင်ပေါက်ဆီသို့ ခုန်တက်သွားလိုက်သည်။ ပုန်းကွယ်နေသော နဂါးချောက်မှာ လေဟာနယ်၏ အလယ်တွင် တည်ရှိနေသောလည်း၊ သူသည် လက်ဝါးတစ်ခုစာ အရွယ်သာ ရှိလေသည်။ ဝမ်လင်း၏ ခန္ဓာကိုယ်သည် ဝင်ပေါက်ရှိရာသို့

ပျံသန်းသွားနေရင်း၊ လျှင်မြန်စွာနှင့်
ကျုံ့ဝင်သွားခဲ့သည်။ နောက်ဆုံးတွင် သူသည်
သဲမှုန်အရွယ်သို့ ပြောင်းလဲသွားခဲ့ကာ၊
ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့
ဝင်သွားခဲ့သည်။

သူ၏ ပြိုင်ဘက်မှာလည်း အတူတူပင်
ဖြစ်သည်။

## စာစဉ် ၁၆ : အပိုင်း ၉

## အပိုင်း ၂၇၉ : ရန်သူတို့သည် မကြာခဏ ပြန်တွေ့လေ့ ရှိကြသည်

ပုန်းကွယ်နေသော နဂါးချောက်သည်
လေပေါ်တွင် လွင့်မျောလျက်ရှိပြီး၊ အိုးလေး၏
အပေါက်ဝမှနေ ပုံရိပ်တို့က ထွက်လာကာ
ပြိုင်ပွဲအား ထုတ်လွှင့်ပြသပေးနေခဲ့သည်။

ပထမအဆင့် ပြီးဆုံးသွား အပြီးတွင်၊
ကျန်နေသော ယှဉ်ပြိုင်သူတို့မှာ
ရေပေါ်ဆီများသာ ဖြစ်ကြသည်။ လင်းဖုန်းနှင့်
ကျန်သောသူများမှာလည်း စိတ်ဝင်တစားဖြင့်၊
ငြိမ်သက်စွာ ထိုင်ကြည့်နေကြသည်။

ပထမအဆင့် အပြီးတွင် အကြီးအကဲ
တစ်အုပ်စုသည်၊ သူတို့ တပည့်များ၏
စွမ်းဆောင်မှုများ အပေါ်တွင် မှတ်ချက်များ
ပေးနေကြ၏။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများ၏ အကြံပေးမှုကို
ရရှိခြင်းသည်၊ ဂိုဏ်းအတွင်း၌ မျိုးစုံသော
အခွင့်အရေးများကို ရနေကြသူများ
ဖြစ်သော်လည်း၊ သူတို့အတွက်
အဖိုးမဖြတ်နိုင်သည့် အခွင့်အရေးကြီး တစ်ရပ်
ဖြစ်ပေသည်။ ဒါသည် ဟွမ်ဟိုင် စိတ်ဝိညာဉ်

အစည်းအဝေးကို တက်ရောက်ရခြင်း၏
ဆုလာဘ်ကြီး တစ်ရပ်လည်း ဖြစ်သည်။

အခြားတပည့်များ အနေဖြင့်လည်း
သူတို့ဂိုဏ်း၏ အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများ၏ အကြံဉာဏ်ကို
နားထောင်ရခြင်းသည်၊ သူတို့အတွက်
ရှားရှားပါးပါး အခွင့်အရေးဖြစ်သည်။
သူတို့သည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ
အတွင်းသို့ ဝင်ခွင့်မရသော်လည်း၊
သူတို့အတွက် တန်ဖိုးရှိသော ခရီးတစ်ခု
ဖြစ်သည်။

လင်းဖုန်းသည် ပုန်းကွယ်နေသော
နဂါးချောက် အတွင်းမှ ဝမ်လင်း၏
တိုက်ပွဲအား ကြည့်ရှုနေခဲ့သည်။
နှစ်ဦးနှစ်ဘက် စလုံးက အသာစီး
မရနေသည်ကို ကြည့်လိုက်ရင်း၊ သူသည်
ရင်ထဲမှနေ၍ ရယ်နေခဲ့သည်။

တပည့်များ၏ တိုက်ခိုက်မှု ပုံစံသည်
ကွဲပြားကြပြီး၊ သူဟာနှင့်သူ
ထူးခြားကြပေသည်။

ဇူရီနှင့် ယွဲ့ဟုန်ယန်တို့သည် သူတို့၏
တိုက်ပွဲများကို လျှင်မြန်စွာ အဆုံးသတ်သည့်

နေရာတွင် တူညီကြပြီး၊ သူတို့၏
ပြိုင်ဘက်များကို တိုက်ရိုက်နည်းလမ်းများဖြင့်
အနိုင်ယူကြသည်။

သူတို့နှစ်ယောက်နှင့် ယှဥ်ပြိုင်မည်ဆိုလျှင်၊
တစ်ယောက်သည် အစကတည်းက
အားကုန်ထုတ်ရမည် ဖြစ်ပြီး၊ ပို၍
အင်အားကောင်းသူက နောက်ဆုံးတွင်
အနိုင်ရရှိသွားမည် ဖြစ်သည်။ အစပိုင်းတွင်
အင်အားများကို ချွေတာနေခဲ့မည် ဆိုပါက၊
သူ၏ ဖဲချပ်များကို ထုတ်မသုံးနိုင်ခင်မှာပင်
ရှုံးနိမ့်သွားမည် ဖြစ်သည်။

ကျန်နေသေးသော ဖဲချပ်များကို
လက်တွင်ကိုင်ထားကာ၊ ခံပြင်းဒေါသ
ထွက်နေရုံမှလွဲ၍ ဘာမှ တတ်နိုင်တော့မည်
မဟုတ်ချေ။

ရှောင်ယန်အနေဖြင့် သူသည် ကွဲပြားသော
တိုက်ခိုက်မှုပုံစံ ရှိသည်။ သူသည်
သူ၏စွမ်းအားကို ထိန်းချုပ်ထားကာ၊
အနည်းဆုံး လိုအပ်သော စွမ်းရည်ကို ပြသကာ
ရန်သူကို အနိုင်ယူမည် ဖြစ်သည်။ အကယ်၍
သူသည် သူ့စွမ်းအား၏ ၃ဂရာခိုင်နှုန်းသာ
အသုံးပြု၍ အနိုင်ယူနိုင်လျှင်၊ သူက
၄ဂရာခိုင်နှုန်းကို အသုံးပြုမည် မဟုတ်ပေ။

လူအုပ်ကြီး၏ အရှေ့တွင် သူသည် သူ၏ စွမ်းရည် အစစ်အမှန်အား ဖုံးကွယ်ထားမည် ဖြစ်သည်။ လိုအပ်သော အချိန်မှသာ သူသည် သူ၏စွမ်းရည်အား ထုတ်ဖော်ပြသကာ၊ လူအုပ်ကြီးအား အံ့အားသင့်စေမည် ဖြစ်သည်။

လင်းဖုန်းအနေဖြင့် ဆိုရသော် ဝမ်လင်းသည် ဟန်ဆောင်တတ်ပြီး၊ အခွင့်အရေး ရလာသည့် အချိန်အထိ စောင့်ဆိုင်းကာ ပြန်လည် တိုက်ခိုက်တတ်သည်။

ရှောင်ပုတန် အနေဖြင့် ဆိုရသော်၊ ဒီကောင်စုတ်လေးသည် သူ၏အစွယ်အား

အစကတည်းက ထုတ်ပြတတ်ကာ၊ သူ၏ တိုက်ခိုက်မှုပုံစံသည် သူ၏ စိတ်အခြေအနေ အပေါ်တွင် မူတည်နေပြီး ကြိုတင်ခန့်မှန်း၍ မရနိုင်ပေ။

အခြားစကားလုံးဖြင့် ပြောရသော၊ ယုံကြည်အားကိုး၍ မရပေ။

ယန်ချင်အနေဖြင့် ဆိုရသော်၊ သူသည် အခြားလူများနှင့် တိုက်ခိုက်မှုမှာ အလွန်နည်းပါးသဖြင့်၊ လင်းဖုန်းသည် သူ၏ တိုက်ခိုက်မှုပုံစံအား ခန့်မှန်းရ အတန်ငယ် ခက်ခဲနေခဲ့သည်။ သူသည် စပရိန်ကဲ့သို့

ဖြစ်သည်။ ခုန်ပေါက်ရှောင်ရှားနေခဲ့ကာ တိုက်ပွဲ၏ နောက်ပိုင်းမှသာ ရန်သူကို အနိုင်ယူခြင်း ဖြစ်သည်။

ဝမ်လင်းသည် ဟန်ဆောင်သည့် နေရာတွင် ဆရာတစ်ပါး ဖြစ်သည်။ ဒါသည်လည်း သူ၏ ကျင့်ကြံမှု အဆင့်က အနည်းငယ် နိမ့်ကျနေ၍၊ သူ၏ ပြိုင်ဘက်များ၏ စွမ်းရည်သည် သူ့ထက်အတော် သာလွန်နေ၍ ဖြစ်သည်။ ထို့ကြောင့် သူ၏ စွမ်းရည်များကို ထိန်ချန်ထား၍၊ အခွင့်အရေးကောင်း တစ်ခုရသည်နှင့် ပြိုင်ဘက်အား ချက်ချင်း

အဆုံးသတ်လိုက်ကာ၊ ပြိုင်ဘက်အား
မှန်းတီးစေခဲ့မည် ဖြစ်သည်။

ယခုအချိန်တွင်မူ သူ၏ ပြိုင်ဘက်သည် သူ၏
စွမ်းအား အပြည့်သုံး၍ တိုက်ခိုက်ရန် မလိုချေ။
သို့သော်လည်း ဘာကြောင့်မှန်းမသိ၊
ဝမ်လင်းသည် သူ၏ စွမ်းအားကိုကို
ထိန်ချုန်ထား၍ အချိန်အကုန်ခံကာ
ပြိုင်ဘက်နှင့် တိုက်ခိုက်နေသည်။
အတော်ကြီး ကြာသွားမှသာ သူသည်
ပြိုင်ဘက်၏ ဟာကွက်တစ်ခုကို
ဖော်ထုတ်နိုင်ခဲ့ကာ၊ အနိုင်ရရှိခဲ့သည်။

ဝမ်လင်းက ပုန်းကွယ်နေသော နဂါးချောက်အတွင်းမှ ထွက်လာသောအခါ၊ ဟော်ချန်းက သူ့၏အနားမှ ဖြတ်သွားပြီး ကျိတ်ရယ်သွားခဲ့သည်။ "မင်းက ထင်သလောက်လည်း မကောင်းပါလား?"

"မင်းရဲ့ ရှကျိုးက စွမ်းဆောင်ရည်က မဆိုးဘူးလို့ ကြားထားတယ်၊ မင်းက မင်းရဲ့ စွမ်းရည် အစစ်အမှန်တွေကို တမင်တကာ ဖုံးကွယ်ထားတာလား? ဒါမှမဟုတ် မင်းရဲ့ စွမ်းအားတွေက တကယ်ပဲ ဒီလောက်ဆိုးတာလား?

အဆောင်လက်ဖွဲ့တွေ၊ မှော်အိုင်တမ်တွေကိုပဲ မှီခိုနေရတာလား?"

ဝမ်လင်းက သူ့အား တစ်ချက်မျှ အကဲခတ်လိုက်ကာ တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။ "မင်းလည်း ထိပ်ဆုံးစယောက် အထဲကို ဝင်နိုင်ပါစေလို့ ငါကတကယ်ပဲ မျှော်လင့်နေတယ်"

ဟော်ချန်းက နှာခေါင်းရှုံ့လိုက်သည်။ ဝမ်လင်းက စေတနာဖြင့် ပြောသည်မှာ မဖြစ်နိုင်ပေ။ သူ့အား သူက ထိပ်ဆုံးစယောက်အတွင်း ဝင်နိုင်မှသာ၊

သူနှင့်တိုက်ခိုက်ဖို့ အရည်အချင်း
ရှိမှာဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်မည်။

"မင်းက စိတ်ပူနေစရာ မလိုပါဘူး"
ဟောင်ချန်းက နှာမှုတ်လိုက်သည်။
"တော်ဝင်မိသားစုက လူတော်တွေကို
စေလွှတ်လိမ့်မယ်လို့ ငါကထင်ထားတာ။
ဒါပေမဲ့လည်း အခုကြည့်ရသလောက် ဆိုရင်
အာပလာတွေပါပဲ"

မဟာချင် အင်ပါယာမှ ရှုံးနိမ့်သွားခဲ့သော
တပည့်သည် ဝမ်လင်း၏ အနောက်မှ
လိုက်ထွက်လာကာ၊ ထိုစကားကို

ကြားလိုက်ရ၍ ဒေါသထွက်သွားခဲ့သည်။ ဟောဘ်ချန်းမှာမူ တိတ်တခိုး ရယ်လိုက်ကာ၊ ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် အဝါရောင်တောက်တောက် ဝတ်စုံကို ဝတ်ဆင်ထားသော၊ ဟန်ပန် အမူအရာ ကင်းမဲ့နေသော လူငယ်တစ်ယောက်သည် လမ်းလျှောက်လာခဲ့သည်။ မဟာချင် အင်ပါယာမှ ရှုံးနိမ့်ခဲ့သော တပည့်သည် သူ့အားကြည့်လိုက်၍၊ သူ၏မျက်နှာပေါ်တွင် ကြောက်ရွံ့သော အမူအရာမျိုး ပေါ်လာခဲ့သည်။

အဝါရောင်တောက်တောက် ဝတ်စုံနှင့် လူငယ်သည် ငြိမ်သက်နေခဲ့သည်။ သူသည် သူ၏လက်ဝါးကို ရုတ်တရက် ဆန့်ထုတ်လိုက်ကာ၊ ထိုတပည့်ကို ကြမ်းပြင်ပေါ်သို့ ရိုက်ချလိုက်သည်။

ဝမ်လင်းနှင့် ဟော်ချန်းတို့သည် ထိုအဝါရောင်တောက်တောက် ဝတ်စုံနှင့်လူကို ချက်ချင်းကြည့်မိလိုက်ကြသည်။

ထိုလူငယ်သည် သူတို့ဆီကို ကြည့်လိုက်ကာ ရုတ်တရက် ပြုံးလိုက်သည်။ "ကျွန်တော်က

ရှိဆောင်ချန်းပါ။ နောက်ပိုင်းကျရင် ခင်ဗျားတို့နားက အကြံဉာဏ်တွေ ယူရမှာ ဖြစ်ပါတယ်"

စကားအနည်းငယ် ပြောပြီးအသွားတွင်၊ သူ၏အသံသည် အေးဆေးသွားခဲ့သည်။ သူ၏ အကြည့်သည် ခမ်းနားတောက်ပနေကာ စွဲမက်ဖွယ် ကောင်းနေခဲ့သည်။

ဟော်ချန်းသည် လွန်စွာလေးနက်သွားခဲ့သည်။ ထိုအလွန်ကြည့်ကောင်းသော လူငယ်၏ သရုပ်နောက်ကွယ်တွင်၊ ဟော်ချန်းကိုပင်

ကျော့စိမ့်သွားစေသော ရက်စက်ကြမ်းတမ်း ခက်ထန်သော သရုပ်တစ်မျိုး ရှိနေသည်။

အခြေခံအုတ်မြစ် အဆင့်တွင်ရှိနေသော သူသတ်ဖြတ်ခဲ့သည့် အခက်ထန်ဆုံး မိစ္ဆာဗိုလ်ချုပ်သည်ပင်လျှင်၊ ယခုလောက် ကြောက်စရာ မကောင်းပေ။ ဟော်ချန်းသည် ထိုကဲ့သို့သော ခံစားချက်မျိုးကို မိစ္ဆာဆေးလုံးကို ဖော်ဆောင်ပြီးသည့် မိစ္ဆာအုပ်ချုပ်သူများ ထံမှသာ ရခဲ့ဖူးသည်။ သို့သော်လည်း သူ၏အရှေ့မှ ရှီဆောင်ချန်းသည် ရွှေရောင်ဆေးလုံးကို မဖော်ဆောင်ရသေးပဲ၊ အခြေခံအုတ်မြစ်

အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သာ ရှိသေးသည်။

ဝမ်လင်း၏ အမူအရာကတော့ မပြောင်းလဲခဲ့ပေ။ ရှီဆောင်ချန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "အခွင့်ကြုံလာမှာပါ"

ရှီဆောင်ချန်းက သူ၏ ဖြူဖွေးနေသော သွားများပေါ်အောင် ပြုံးလိုက်သည်။ "သေချာတာပေါ့"

ဝမ်လင်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ နေရာသို့ ပြန်လာခဲ့သည်။ ရှောင်ပုတန်နှင့် ယွဲ့ဟုန်ယန်တို့က ကြိုဆိုဂုဏ်ပြုလိုက်ကြသည်။ "နိုင်ပွဲအတွက် ဂုဏ်ယူပါတယ်"

"ငါ့ကို မလှောင်ကြပါနဲ့" ဝမ်လင်းက ဖွဖွလေး ပြုံးကာ ပြောလိုက်သည်။ သူက တစ်စုံတစ်ခု ပြောလိုက်မည် ကြံဆဲတွင်၊ တစ်ယောက်ယောက်က ထောင့်တစ်နေရာမှ သူ့အား ကြည့်နေသည်ကို သတိထားမိလိုက်သည်။

ဝမ်လင်းက လှမ်းကြည့်လိုက်ရာ ထိုသူသည်၊ ဝတ်စုံဖြူကို ဝတ်ဆင်ထားသော ချောမောသည့် လူငယ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိလိုက်ရ၏။ သူ၏အဝတ်အစားကို အကဲခတ်ရသော်၊ သူသည် နတ်ရေကန်ဂိုဏ်းမှ တပည့်တစ်ဦး ဖြစ်ပေလိမ့်မည်။

ထိုလူငယ်သည် ဝမ်လင်း၏ အကြည့်က သူ့အပေါ်ကို ကျရောက်လာသည်ကို တွေ့လိုက်ရသည့်အခါ၊ စတင်ရယ်မောလိုက်သည်။ "ငါက နတ်ရေကန်ဂိုဏ်းက ဖန်ကျိုးပဲ။ ငါက အစပထမက မင်းအပေါ်မှာ

စိတ်ဝင်စားနေခဲ့တာ၊ ဒါပေမဲ့ အခုတော့ စိတ်မဝင်စားတော့ဘူး"

"ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက အဆင့်တူရင် ဗိုလ်မထားဘူး ဆိုတဲ့ စကားကို ကြားဖူးတယ်။ ငါက ပုံပြင်တွေကို မယုံကြည်ပဲ လက်တွေ့မြင်ရမှ ယုံကြည်တတ်တဲ့ လူမျိုးပဲ" ဖန်ကျိုးသည် အမူအရာ ကင်းမဲ့စွာနှင့် ပြောလိုက်သည်။ "ငါက ငါ့ပြိုင်ဘက်တွေကို လျှော့မတွက်တတ် သလို၊ ပိုပြီးတော့လည်း မတွက်တတ်ဘူး။ မင်းက အစောက တိုက်ပွဲမှာ စွမ်းအားတွေကို ဖုံးကွယ်ထားပေမဲ့၊ အနည်းငယ်ပဲ

ထိန်ချန်ထားခဲ့တာကို တွေ့ခဲ့ရတယ်။ ငါက မင်းအပေါ်မှ စိတ်ဝင်စားမှု မရှိတော့ဘူး"

ဖန်ကျုံး၏ အကြည့်သည် ယွဲ့ဟုန်ယန်၏ အပေါ်တွင် ကျရောက်သွားခဲ့ကာ၊ ရုတ်တရက် ပြုံးလိုက်သည်။ သို့သော်လည်း သူ၏ အပြုံးနောက်ကွယ်တွင် မကောင်းသည့် ရည်ရွယ်ချက်များအား ဖုံးကွယ်ထားခဲ့သည်။ "ငါက မင်းရဲ့ဘေးက တစ်ယောက်အပေါ်မှာ ပိုပြီးတော့ စိတ်ဝင်စားတယ်"

သူသည် 'စိတ်ဝင်စားတယ်' ဟူသော အသံထွက်ကို ပိုမိုကျယ်လောင်စွာ

ပြောလိုက်ကာ၊ အပျော်အပြက် သဘောမျိုး ထားနေသည်မှာ သိသာနေ၏။ သူသည် ယွဲ့ဟုန်ယန်ကို ကြည့်လိုက်ကာ ရယ်လိုက်ပြီး၊ "မင်းက နည်းနည်းလေး ခက်ထန်ပေမဲ့၊ အလှတရား တစ်ပါးပါပဲ"

ယွဲ့ဟုန်ယန်၏ သေးသွယ်လှသော မျက်ခုံးတို့မှာ တွန့်သွားခဲ့သည်။ ရှောင်ပုတန်သည် သူမဘက်သို လက်ဝှေ့ယမ်းလိုက်ကာ ဖန်ကျုံးအား ကြည့်လိုက်ပြီး လေးနက်စွာဖြင့် မေးလိုက်သည်။ "မင်းက ကိုယ့်သေတွင်းကိုယ် တူးချင်နေတာလား?"

ဖန်ကျုံးက ပြန်ပြောမည်ဟု
ကြံ့လိုက်သော်လည်း၊ ရပ်တန့်လိုက်ရ၏။
သူသည် ရှောင်ပုတန်လေးထံမှ
ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင်
တုန်ခါမှုအား ခံစားလိုက်ရ၍၊ သူ၏
စကားလုံးများအား မျိုချလိုက်ရသည်။

"မင်းရဲ့ စကားတွေကို သတိထားပါ၊
ဒီနေရာက မင်းလျှောက်ပြောလို့ရတဲ့
နေရာမဟုတ်ဘူး" ထိုအချိန်တွင်
နတ်ရေကန်ဂိုဏ်းမှ နောက်ထပ်
တပည့်တစ်ယောက်သည် ဖန်ကျုံး၏ဘေးတွင်

လာရပ်လိုက်သည်။ စွမ်းအားကြီးသော
အော်ရာတစ်ခုက ထွက်လာပြီး၊
ရှောင်ပုတန်လေးထံမှ ဖိအားများကို
ရင်ဆိုင်လိုက်သည်။ သူသည်
ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ဖြစ်သည်။

သူ၏အော်ရာသည် ပြည့်စုံနေသည်၊ သူသည်
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။

သူသည် နတ်ရေကန်ဂိုဏ်းက မုကျိဟိုင်
ဖြစ်သည်။ သူသည် ရှောင်ပုတန်လေးအား

ကြည့်လိုက်ကာ အေးစက်စွာနှင့် ပြောလိုက်သည်။ "ငါ့ရဲ့ဂျူနီယာက သူပြောချင်တာ သူပြောတာ၊ မင်းက ဘာကောင်မို့လို့ သူ့ကို တားရတာလဲ? မင်းဆရာက အနောက်မှာ ရှိနေတယ်ဆိုပြီး ရမ်းကားလို့ ရမယ်များ ထင်နေလား? မင်းက ဟိုလျှောက်ပြော ဒီလျှောက်ပြော မပြောခင်၊ မင်းလာရှုပ်လို့ မရတဲ့ သူတွေလည်း ရှိတယ်ဆိုတာ သိထားသင့်တယ်!"

ရှောင်ပုတန်သည် သူ့အား ဂရုမထားခဲ့ပဲ ပြန်ပြောလိုက်သည်။ "ငါပြောတာ

ငါတာဝန်ယူမယ်။ ကျန်တဲ့သူကလည်း သူပြောတာကို သူတာဝန်ယူရလိမ့်မယ်"

သူသည် ဖန်ကျုံးအား စိုက်ကြည့်လိုက်သည်။ "ငါကတစ်ခု ထပ်ပြောလိုက်မယ်။ မင်းက ငါ့ရဲ့ စီနီယာကို မဟုတ်တာ တစ်ခုခု ထပ်ပြောကြည့်၊ မင်းကသေပြီလို့ မှတ်လိုက်။ မယုံရင် စမ်းကြည့်လို့ရတယ်"

မုကျိုဟိုင်နှင့် ဖန်ကျုံးတို့သည် ကလေးငယ်လေး တစ်ယောက်၏ သင်ခန်းစာပေးမှုကို ခံလိုက်ရ၍၊ အတော်ပင် မပျော်မရွှင် ဖြစ်သွားကြသည်။

နတ်ရေကန်ဂိုဏ်းတွင် ကြီးပြင်းလာကြ၍၊ သူတို့သည် မြောက်ပိုင်းနှင်းလွင်ပြင် တစ်ခွင်တွင် ဗိုလ်ကျကြီးစိုးနေကြသူများ ဖြစ်သည်။

မုကျိဟိုင်သည် ဖန်ကျုံးအား တားလိုက်၍ ပြန်ရယ်လိုက်သည်။ "အိုး၊ ဒါဆိုရင်လည်း ငါက စမ်းကြည့်ရတာပေါ့။ မင်း..."

သူ၏စကား မဆုံးမီတွင်၊ တစ်စုံတစ်ယောက်က သူ့အား တားလိုက်သည်။ "ဂျူနီယာမု၊ ဂျူနီယာဖန်ကို

ပြန်ခေါ်လာခဲ့ပါ။ နောက်တစ်ဆင့် ပြိုင်ပွဲက စတော့မယ်"

မုကျိုဟိုင်နှင့် ဖန်ကျုံးတို့သည် တစ်ပြိုင်နက်ထဲ ပါးစပ်ပိတ်သွားကြကာ၊ ရှောင်ပုတန်လေးအား မုန်းတီးစွာနှင့် စိုက်ကြည့်လိုက်ကြသည်။ သူတို့ နှစ်ယောက်စလုံးသည် နတ်ရေကန်ဂိုဏ်း၏ နေရာသို့ ပြန်သွားလိုက်ကြကာ၊ လူငယ်တစ်ယောက်၏ အရှေ့တွင် ရပ်လိုက်ကြသည်။

ထိုလူငယ်သည် ရှောင်ပုတန်လေးနှင့် ကျန်သောသူများအား ဖော်ရွေစွာ

ပြုံးပြလိုက်၍၊ နှုတ်ဆက်သည့် အနေနှင့်
ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

သို့သော်လည်း ရှောင်ပုတန်သည် ထိုလူငယ်၏
အပြုံးနောက်ကွယ်တွင်၊ ကွယ်ဝှက်ထားမှုများ
ပါနေသည်ဟု ခံစားလိုက်ရပြီး၊
မျက်မှောင်အတန်ငယ် ကြုတ်လိုက်သည်။
ထိုအချိန်တွင် သူ၏နားထဲတွင် အသံတစ်သံကို
ကြားလိုက်ရ၏။ "ဒါကတော့
နတ်ရေကန်ဂိုဏ်းရဲ့
လူငယ်မျိုးဆက်တွေထဲမှာ အထူးချွန်ဆုံး
တပည့်ဖြစ်တဲ့၊ စုန့်ချင်းယွင်ပဲ။ သူက
အမတန်မှ ညာဏ်များပြီး၊ သူ့ရဲ့အပြုံးတွေ

နောက်ကွယ်မှာ ခေးမြှောင်တွေကို
ဝှက်ထားတတ်တယ်"

ရှောင်ပုတန်၊ ဝမ်လင်းနှင့် ယွဲ့ဟုန်ယန်တို့သည်
သူတို့၏ ခေါင်းများကို
လှည့်ကြည့်လိုက်ကြသည်။ သူတို့၏
အရှေ့တွင် ရိုးရာဝတ်စုံတို့ကို
ဝတ်ဆင်ထားသည့်၊
စိတ်ခတ်တက်ကြွနေသော လူသန်ကြီး
တစ်ယောက်က ရပ်နေခဲ့သည်။

"ကျုပ်က မြောက်ပိုင်းမျိုးနွယ်စုက တုခွမ်းပါ"
ထိုလူက ရယ်လိုက်သည်။

"နတ်ရေကန်ဂိုဏ်းရဲ့ ရန်သူတွေက ကျုပ်တို့ရဲ့ မိတ်ဆွေတွေပဲ"

ရှောင်ပုတန်လေး၏ မျက်လုံးတို့သည် တောက်ပသွားခဲ့ကာ ရယ်လိုက်သည်။
"ဟုတ်တယ်၊ မိတ်ဆွေ၊ မိတ်ဆွေကောင်းတွေ!"

"ကျုပ်က ခင်ဗျားတို့ရဲ့ မြင်းပျံတွေကို အရမ်းသဘောကျတာပဲ၊ နည်းနည်းလေးများ ပေးလို့ရမလား?"

တုခွမ်းက ရယ်လိုက်သည်။ "မင်းက တော်တော် ကြည့်တတ်သားပဲ။ ကျုပ်တို့ရဲ့ မြင်းပျံတွေက ကမ္ဘာပေါ်မှာ ခရီးဝေး သွားတဲ့အခါ၊ စီးနင်းလို့ အကောင်းဆုံး အရာပဲ"

"ဟုတ်တယ်၊ သူတို့က အရမ်းကောင်းတယ်" ရှောင်ပုတန်လေးသည် ခေါင်းကို တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်သည်။ သူက "အရသာကလည်း အရမ်းကောင်းတယ်"ဟု ဆက်ပြောချင်နေသော်လည်း၊ ကြိတ်မှိတ်ကာ ထိုစကားလုံးများကို ပြန်မျိုချလိုက်ရ၏။

ရှောင်ပုတန်လေးသည် ထိုသူနှင့် စကားလက်ဆုံ ကျနေခဲ့၏။ ထိုအချိန်တွင် ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊ ဟော်ချန်းသည် သူ၏ပြိုင်ပွဲကို အဆုံးသတ်လိုက်ပြီ ဖြစ်သည်။ "မင်းကို ကြည့်ရတာ နူးညံ့လှတဲ့ ပန်းလေးတစ်ပွင့်နဲ့ တူနေတယ်။ ငါ့လိုမျိုး အတွေ့အကြုံများစွာကို ဖြတ်ကျော်ပြီးတဲ့လူနဲ့၊ ဘယ်လိုလုပ်ပြီး တစ်တန်းထဲ တားလို့ရမှာလဲ?"

သူ့ပြိုင်ဘက်၏ နာမည်မှာ ချူးရှင်းကျန်း ဖြစ်သည်။ သူသည် နောက်ဆုံး ၁၆ယောက် အတွင်းသို့ ဝင်ရောက်ခဲ့သည့်၊

အလင်းဓားမြန်ဂိုဏ်း၏ နောက်ဆုံးကျန်သော
တပည့်ဖြစ်သည်။ ယခုမူ သူက
ရှုံးနိမ့်သွားသောအခါ၊ သူသည်
သူ့အကြီးအကဲများ၏ မျက်နှာကို လှည့်၍
ပြန်မကြည့်ရဲခဲ့ပေ။

သူ၏ ရှုံးနိမ့်မှုကြောင့် အလင်းဓားမြန်ဂိုဏ်း၏
အခြေခံအုတ်မြစ် အဆင့်မှ
တပည့်အားလုံးတို့သည် ရှုံးနိမ့်သွားကြပြီ
ဖြစ်ကာ၊ နောက်ဆုံးရယောက် အတွင်းသို့
တစ်ယောက်မှ ဝင်နိုင်တော့မည် မဟုတ်ပေ။

အလင်းခေးမြန် ခေးမာစတာမှ လွဲ၍၊ ကျန်သော အလင်းခေးမြန်ဂိုဏ်းမှ လူအားလုံး၏ မျက်နှာတို့သည် မသာမယာ ဖြစ်နေကြ၏။

အသူရာ သူတော်စင် ဟော်ရှုသည်လည်း၊ ပျော်ရွှင်နေခြင်း မရှိပေ။ ရွှင်ပျော်ပျော် သူတော်စင်သည် သက်ပြင်းတစ်ချက် ချလိုက်ကာ၊ ပြောလိုက်သည်။
"နောက်တစ်ဆင့်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ယန်ချင်နဲ့၊ နတ်ရေကန်ဂိုဏ်းက ဖန်ကျုံးတို့က ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်"

ဖန်ကျိုးက ရယ်လိုက်သည်။ "သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ပြိုင်ဘက်တွေထဲမှာ စိတ်ဝင်စားစရာ မကောင်းဆုံးပဲ။ သူ့ကို အရင်ရှင်းလိုက်ပြီးမှ ကျန်တဲ့နှစ်ယောက်ကို စာရင်းရှင်းရမယ်"

ယန်ချင်သည် တရားထိုင်နေရာမှ ထလိုက်ပြီး၊ တိတ်ဆိတ်စွာနှင့် ထရပ်လိုက်သည်။ သူ၏ လှုပ်ရှားမှုတို့မှာ အနည်းငယ် လေးလံနေခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲတို့သည်၊ သူတို့၏ ခေါင်းများကို
အတန်ငယ် ခါရမ်းလိုက်ကြသည်။ ယန်ချင်က
စိတ်လှုပ်ရှားနေသည်မှာ သိသာလှသည်။

သူ၏ ကျင့်ကြံမှုကို ထည့်မတွက်နှင့်ဦး၊ သူ၏
စိတ်အခြေအနေသည် ပုံသိပ်မလာချေ။

ငြိမ်သက်နေသော ယန်ချင်အား
ကြည့်လိုက်ကာ၊ လင်းဖုန်း၏ မျက်နှာပေါ်တွင်
အပြုံးတစ်ခုက ပေါ်လာခဲ့သည်။

ချောင်ဝေကမူ ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့ကာ၊ လင်းဖုန်း၏ နှုတ်ခမ်းပေါ်မှ အပြုံးလေးကို ကြည့်လိုက်ကာ ပြောလိုက်သည်။ "လင်းဖုန်း၊ မင်းကငါနဲ့ အလောင်းအစား လုပ်ရဲသလား?"

## စာစဉ် ၁၆ : အပိုင်း ၁၀

## အပိုင်း ၂၈၀ : မင်းရဲ့ ဘောင်းဘီတိုပါ ရှုံးသွားလိမ့်မယ်

"လောင်းမယ်?" လင်းဖုန်းက
အမှုမထားသောပုံဖြင့် ပြန်ပြောလိုက်သည်။
"ငါတို့က ဘယ်အပေါ်မှာ လောင်းကြမှာလဲ?"

ချောင်ဝေက ပြန်ပြောလိုက်သည်။ "ငါတို့ရဲ့
တပည့်တွေ အပေါ်မှာ လောင်းကြမှာပေါ့"

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်အုပ်စုတို့သည် စိတ်ဝင်စားလာကြပြီး၊
လင်းဖုန်းနှင့် ချောင်ဝေတို့၏ အပေါ်တွင်
အာရုံစိုက်လာကြသည်။ အပြာရောင်ခန်းမ
သူတော်စင်က သူ၏ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပြီး၊ လက်ဝဲမင်းသားရှန်က

ပြက်ရယ်ပြုလိုက်သည်။ "ချောင်ဝေ၊ မင်းက ဂိုဏ်းတစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်လုပ်နေပြီး၊ အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက် အနေနဲ့၊ အရက်လေးဘာလေး နည်းနည်းပါးပါးတောင် မရှိဘူးလား?"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လတ်တလောတွင် နာမည်ရလာခဲ့သော်လည်း၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည် ကြားရရုံနှင့် မယုံကြပေ။ သူတို့က မျက်မြင်ကိုယ်တွေ့ ကြုံရမှသာ ယုံကြမည် ဖြစ်သည်။

သူတို့သည် ယန်ချင်၏ လက်ရှိ အခြေအနေကို တွေ့ခဲ့ပြီး ဖြစ်၍၊ ချောင်ဝေက ဤအခြေအနေကို အခွင့်ကောင်းယူ၍ အလောင်းအစား ပြုလုပ်ခြင်း ဖြစ်သည်ဟု သိနေကြခြင်း ဖြစ်သည်။

လက်ဝဲမင်းသားရှန်၏ တုံ့ပြန်မှုကို၊ ချောင်ဝေသည် အရေးပင် မစိုက်ခဲ့ပေ။ သူက ခံစားချက် ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။ "ခင်ဗျားက မလောင်းချင်ဘူး ဆိုရင်လည်း၊ လက်ရှောင်လို့ ရပါတယ်"

လောင်းကစား တစ်ခု အကြောင်းကို
ဆွေးနွေးနေကြသည်ကို ကြားရသောအခါ၊
စိတ်အလှုပ်ရှားဆုံးသူမှာ လောင်းကစား
သူတော်စင် ကျူးကော်ကွမ်း ဖြစ်သည်။
သို့သော်လည်း ယခုအချိန်တွင် သူသည်
မျက်မှောင်ကြီးကို ကြုတ်ထားခဲ့သည်။
အကယ်၍ လင်းဖုန်းကသာ
အလောင်းအစားအား ငြင်းပယ်လိုက်ပါက၊
ယန်ချင်အား မလေးစားရာ ကျပေလိမ့်မည်။

တစ်ယောက်သည် လင်းဖုန်းနှင့်
ချောင်ဝေတို့၏ အဆင့်အတန်းကို
ရောက်သွားပါက၊ နောက်ထပ်

သက်သေပြစရာ ထပ်မလိုတော့ပေ။
ထို့ကြောင့် မျက်နှာပျက်ခြင်းနှင့်
မာနတရားတို့သည် သိပ်အရေးမပါလှချေ။
သို့သော်လည်း လင်းဖုန်းကသာ
အညံ့ခံလိုက်ပါက၊ သူ့တပည့်တို့၏
အသင်းစိတ်ဓာတ်အား ရိုက်ချိုးလိုက်သကဲ့သို့
ဖြစ်သွားကာ၊ ယန်ချင်၏ နဂိုကမှ
ယိုင်နဲ့နေသော စိတ်ဓာတ်သည်
ပြိုဆင်းသွားပေလိမ့်မည်။

လီပေါင်းတစ်ထောင် ရှိသော
ရေကာတာကြီးသည်၊ ပုရွက်ဆိတ်အုံ
တစ်အုံကြောင့် ပျက်စီးသွားနိုင်ပေသည်။

အမှားလေး တစ်ချက်ကြောင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏
ကြီးပွားတိုးတက်လာခြင်းအား၊
အောက်ခြေမှနေ၍ ပြိုလဲသွားစေနိုင်သည်။

ရှီကျုံးယွဲ့သည် လင်းဖုန်းအား
စိတ်ဝင်စားစွာနှင့် စိုက်ကြည့်နေခဲ့ပြီး၊ သူက
မည်သို့တုံ့ပြန်မည်ကို ခန့်မှန်းနေခဲ့သည်။

လင်းဖုန်းက အချိန်အနည်းငယ်လောက်
ငြိမ်သက်သွားခဲ့ပြီးမှ ပြန်ပြောလိုက်သည်။
"ကျုပ်တို့ တပည့်တွေရဲ့ အပေါ်မှာ

လောင်းကြေးထပ်တာက၊ ကြက်ဝိုင်းတွေမှာ လောင်းကစား လုပ်တာနဲ့ ဘာထူးမှာလဲ?"

ချောင်ဝေက နောက်ထပ် စဥ်းစားနေခြင်း မရှိပဲ ပြန်ဖြေလိုက်သည်။ "ကျုပ်တို့ လောင်းကြေးတွေရဲ့ ဆုလာဘ်တွေဟာ၊ ကျုပ်တို့ တပည့်တွေ အတွက်ပဲ ဖြစ်ရမယ်"

ထိုစကားကို ကြားပြီးနောက်တွင် လင်းဖုန်းသည်၊ ဘာမှ ရွေးချယ်မှု မရှိပဲ လက်ခံရတော့မည် ဖြစ်သည်။ သူသည် ခေါင်းမော့လိုက်ကာ ချောင်ဝေအား ကြည့်လိုက်ပြီး၊ "ခင်ဗျားပြောပုံ အရဆိုရင်၊

ခင်ဗျားရဲ့ တပည့်တစ်ယောက်က ကျုပ်ဆီက တစ်စုံတစ်ခုကို လိုချင်နေတာလား?"

"ဟုတ်တယ်" ချောင်ဝေသည် သူ၏ ရည်ရွယ်ချက် အစစ်အမှန်အား ဖုံးကွယ်ထားရန် အရေးမထားခဲ့ပဲ ခေါင်းညိတ်လိုက်သည်။ သူသည် တဲ့တိုးသာ ပြောလိုက်သည်။ "ခင်ဗျားဆီမှာ မီးလျှံရေခဲ သစ်သီးလို့ခေါ်တဲ့၊ ထူးခြားတဲ့ အသီးတစ်မျိုး ရှိတယ်လို့ ကျုပ်က ကြားထားရတယ်။ တကယ်လို့ ဖန်ကျုံးက နိုင်သွားလို့ရှိရင်၊ ဒါက သူ့ရဲ့ဆုလာဘ် ဖြစ်စေရမယ်။ ဘယ်လိုလဲ?"

လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲသွားသော်လည်း၊ သူ၏ မျက်လုံးအစုံမှာ ကျဥ်းမြောင်းသွားခဲ့သည်။ သူ၏ရင်ထဲတွင် သံသယစိတ်များနှင့် ပြည့်နှက်လာခဲ့ပြီး တွေးနေခဲ့သည်။ "ဒီလူကြီးက ဘယ်လိုလုပ်ပြီး ငါ့ဆီမှာ မီးလျှံရေခဲ သစ်သီးရှိတယ် ဆိုတာကို သိသွားရတာလဲ?"

ရေခဲမီးလျှံ သစ်သီးသည် လင်းဖုန်းက ရွှေရောင်ဗဟိုချက် အဆင့်မှာ ရှိနေစဥ်အတွင်း၊ စနစ်ကြီး၏ အတွင်းမှ ရရှိခဲ့သော အရာဖြစ်သည်။ သူသည် ပူပြင်း

တောက်လောင်နေသော မြေပြင်ပေါ်တွင်သာ ပေါက်နိုင်သည့်၊ လုံးဝကို အေးခဲနေသည့် ထူးခြားသည့် အသီးတစ်မျိုး ဖြစ်သည်။

ထိုသစ်သီးတွင် ရေခဲနှင့် မီးလျှံ နှစ်မျိုးစလုံး၏ ဂုဏ်သတ္တိများ ပါရှိနေသည်။ အလွန်အမင်း အေးစိမ့်နေသော အရာတို့နှင့် ထိတွေ့မိသော အခါ၊ သူသည် အအေးဓာတ်တို့ကို နွေးထွေးအောင် ပြုပေးလိမ့်မည်။ အခြားတစ်ဘက်တွင် သူက အလွန်အမင်း ပူပြင်းသော အပူဓာတ်နှင့် တွေ့မိပါက၊ ပြောင်းပြန် အကျိုးသက်ရောက်မှုကို ပေးနိုင်ပေလိမ့်မည်။ သူသည်

မီးတောက်တို့အား အေးခဲစေနိုင်၏။
မီးတောက်က အပူချိန် ပြင်းလေလေ၊ ပိုမို၍
အေးခဲလေလေ ဖြစ်မည် ဖြစ်သည်။

လင်းဖုန်း၏ လက်အတွင်းသို့
ရောက်လာအပြီးတွင်၊ သူသည်
ထိုအိုင်တမ်လေးကို တစ်ကြိမ်သာ
သုံးရသေးသည်။ သူက ဖြိုးမောက်မြေကြီးအား
ရှာဖွေနေသော အချိန်တွင် ဖြစ်သည်။
ချန်ချွန်းတောင်ထိပ်ပေါ်တွင်
ဆေးဝါးတစ်ရာဂိုဏ်း အတွင်းသို့
ထိုးဖောက်ဝင်ရောက်ခဲ့ပြီး၊ ဆေးဝါးတစ်ရာ

ဂရန်းမာစတာ၏ လျှို့ဝှက်ဆေးဖော်ခန်းကို ရှာဖွေသော အချိန်တွင် ဖြစ်သည်။

ထိုအကြိမ်မှလွဲ၍ လင်းဖုန်းသည်၊ ထိုထူးဆန်းသော ရတနာလေးကို တစ်ကြိမ်မှ အသုံးမပြုရသေးပေ။

"ဒီမီးလျှံရေခဲ သစ်သီးကို အသုံးပြုပြီးသွားရင်၊ အဲ့ဒီနေရာမှာ လက်ကျန် စိတ်ဝိညာဉ် စွမ်းအင်တို့က ကျန်ခဲ့မှာပဲ။ ဒါပေမဲ့လည်း အသုံးပြုပြီး သိပ်မကြာခင်မှာ ပျံ့လွင့်ပျက်ပြယ်သွားခဲ့မှာပဲ" လင်းဖုန်းက တစိမ့်စိမ့်နှင့် တွေးနေခဲ့သည်။ "ပြီးတော့ ငါက

ဂန်ဂျင်ကျားဘုရင်ကို သတ်ပြီးတော့၊
အဲ့ဒီနေရာကို အပြီးအပိုင်
ဖျက်ဆီးခဲ့လိုက်ပြီးပြီပဲ"

"ချောင်ဝေက အင်မော်တယ် ဝိညာဉ်
အဆင့်မှာ ရှိနေပြီး၊ သူ့ရဲ့ မှော်စွမ်းအင်တွေက
နတ်ဘုရားတွေလို့ အစွမ်းထက်နိုင်တယ်။
သူက အပျက်အစီးတွေရဲ့ အကြားထဲက
စိတ်ဝိညာဉ် စွမ်းအင် တစ်စွန်းတစ်စကို၊
လုံးဝပျက်ပြယ် မသွားခင်
အာရုံခံမိလိုက်လို့များလား?"

အခြားစကားလုံးများဖြင့် ပြောရလျှင်၊
လင်းဖုန်းက ချန်ချွန်းတောင်ထိပ်မှ
ထွက်ခွာသွားပြီး မကြာမီတွင်၊ ချောင်ဝေက
ထိုနေရာသို့ ရောက်လာရမည် ဖြစ်သည်။

မေးခွန်းထုတ်စရာ တစ်ခုရှိသည်က၊
ချန်ချွန်းတောင်ထိပ်သည်
နတ်ဘုရားနယ်မြေ၏ တောင်ဘက်တွင်
တည်ရှိသော၊ ဟန်တွမ်းတောင်တန်းတို့၏
တောင်ပိုင်းစူးစူးတွင် တည်ရှိသည် ဖြစ်သည်။
ချောင်ဝေသည် မြောက်ဝင်ရိုးစွန်း
ဒေသပေါ်တွင် တည်ရှိသော၊
နတ်ရေကန်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည်။

သူသည် ချန်ချွန်းတောင်ထိပ်ကို
လာရမည်ဆိုလျှင်၊ နတ်ဘုရားနယ်မြေ
တစ်ခုလုံးအား ဖြတ်သန်းလာခဲ့ရမည်
ဖြစ်သည်။

သို့သော်လည်း မီးလျှံရေခဲ သစ်သီးကဲ့သို့
ရှားပါးသော ပစ္စည်းလေးသည်၊
မီးအနွယ်ဝင်နှင့် ရေခဲအနွယ်ဝင် မှော်ကျိန်စာ
နှစ်မျိုးစလုံးတို့ကို လေ့ကျင့်သော
နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူတို့
မျက်စိကျသော ပစ္စည်းလေး ဖြစ်ပေလိမ့်မည်။

"ခင်ဗျားက ခင်ဗျားလိုချင်တဲ့ ပစ္စည်းကို ပွင့်ပွင့်လင်းလင်း တောင်းဆိုခဲ့တော့၊ ကျုပ်ကလည်း ခင်ဗျားဘက်က လောင်းကြေးထပ်ရမယ့် ပစ္စည်းကို ဆုံးဖြတ်လိုက်မယ်" လင်းဖုန်းက ဤကိစ္စအား အသေအချာ စဉ်းစားနေသည့်ပုံဖြင့် ဖြည်းဖြည်းချင်း ပြောလိုက်သည်။

ချောင်ဝေကလည်း သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဒါပေါ့၊ ဒါပေါ့"

လင်းဖုန်းက ပြောလိုက်သည်။ "ခင်ဗျားတို့ နတ်ရေကန်ဂိုဏ်းမှာ ရေခဲမှတ်အောက်

ဆီးနှင်းပေါက် ဆိုတဲ့ စိတ်ဝိညာဉ်
ရေပန်းတစ်ခုရှိတယ်လို့ ကြားထားတယ်။
ကျုပ်က ဒီအရာကို ကျုပ်တပည့်ရဲ့အစား
တောင်းဆိုလိုက်မယ်"

ချောင်ဝေက တစ်ခုခု ပြန်ပြောမည်ဟု
ကြံလိုက်သောအခါ၊ လင်းဖုန်းက
ဖြတ်ပြောလိုက်သည်။ "ကျုပ်က
အစက်တစ်ရာ လိုချင်တယ်!"

ရှီကျုံးယွဲ့၏ နှုတ်ခမ်းမှာ တွန့်သွားခဲ့ကာ၊
အားလုံးကလည်း ခေါင်းကို အသာအယာ
ခါလိုက်ကြသည်။ အပြာရောင်ခန်းမ

သူတော်စင်နှင့် လက်ဝဲမင်းသားရှန်တို့မှာ
ပြုံးလိုက်ကြ၏။

လင်းဖုန်းက ထိုမျှ တောင်းဆိုရဲသည်ကို
တွေ့လိုက်ရ၍၊ အားလုံးက
အံ့အားသင့်ကုန်ကြ၏။

ရေခဲမှတ်အောက် ဆီးနှင်းပေါက်သည်၊
နတ်ရေကန်ဂိုဏ်း၏ ထိပ်တန်း
ရတနာတစ်ပါးဟု ထင်ရှားနေသည်။
နတ်ရေကန်ဂိုဏ်းမှ လူအချို့သာ
ထိုဆီးနှင်းပေါက်အား ရကြ၍၊
ပမာဏမှာလည်း အလွန်ကို နည်းပါးပေသည်။

တစ်နှစ်တွင် သူသည် ဆယ်စက်ခန့်သာ ထုတ်လုပ်နိုင်ခြင်း ဖြစ်သည်။ လင်းဖုန်းသည် နတ်ရေကန်ဂိုဏ်းမှ ဆယ်နှစ်စာ သိုလှောင်မှုကို၊ တစ်ခါတည်းနှင့် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ချောင်ဝေက မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး၊ "နှစ်ဦးနှစ်ဘက်ရဲ့ လောင်းကြေးက မညီမမျှ ဖြစ်နေတယ်။ ခင်ဗျားက ဒီအလောင်းအစားကို ပျက်အောင် လုပ်ချင်နေတာလား?"

လင်းဖုန်း၏ မျက်နှာမှာ သူကဘာမှ
မပြောခဲ့သကဲ့သို့ အမူအရာ ကင်းမဲ့နေ၏။
သူသည် ချောင်ဝေ၏ စွပ်စွဲချက်ကို
လက်ခံသကဲ့သို့ ဖြစ်နေသည်။

"ကောင်းပြီလေ၊ ကျုပ်က ခင်ဗျားနဲ့
လောင်းမယ်" ချောင်ဝေသည် အတန်ကြာမျှ
ငြိမ်သက်သွားခဲ့ပြီး၊ ရုတ်တရက်
ကြေငြာလိုက်သည်။ သူသည် သူ၏လက်အား
ဝှေ့ယမ်းလိုက်ရာ၊ ရေခဲမှတ်အောက်
ဆီးနှင်းပေါက် တစ်အိုးသည်
ကောင်းကင်ပေါ်တွင် ပေါ်လာခဲ့သည်။
သူသည်လေပေါ်တွင် ဝဲပျံနေခဲ့ရာ၊

တစ်ယောက်သည် သူ၏ ပုံသဏ္ဍာန်
အစစ်အမှန်ကို မမြင်တွေ့နိုင်ပေ။ သူသည်
တံလျှပ်တစ်ခုကဲ့သို့ ဖြစ်နေပြီး၊ သူသည်
ချောင်ဝေက သူနှင့်အတူ
ယူဆောင်လာခဲ့သော မှော်ရတနာ
တစ်ပါးဖြစ်ပေသည်။

ရေခဲမြူခိုးငွေ့များ အကြားတွင်
တစ်ယောက်သည်၊ ရေခဲ ပုံဆောင်ခဲများကဲ့သို့
ရေစက်ငယ်များသည် လွင့်မျောနေသည်ကို
တွေ့နေရသည်။ သူတို့သည် လင်းဖုန်းက
တောင်းဆိုခဲ့သည် ရေခဲမှတ်အောက်
ဆီးနှင်းပေါက်များ ဖြစ်ကြပေသည်။

"ကဲ၊ ခင်ဗျားရဲ့ လောင်းကြေးကရော?" ချောင်ဝေက လင်းဖုန်းအား ကြည့်လိုက်ကာ မေးလိုက်သည်။ လင်းဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ကာ ဘာကိုမှ မပြောခဲ့ပဲ၊ ရေခဲမီးလျှံ သစ်သီးအား ဒေါနှင့်မောနှင့် ပစ်လွှတ်လိုက်သည်။ သူသည် ကောင်းကင်၏ အလယ်သို့ ပျံသန်းသွားခဲ့ပြီး၊ လေထု၏ အလယ်တွင် လွင့်မျောနေခဲ့သည်။

ပြင်ပမှ လူများအားလုံးသည် လင်းဖုန်းက အကြံကုန်သွားခဲ့ပြီး၊ ချောင်ဝေ၏ ချောင်ပိတ်ရိုက်ခြင်းကို ခံနေရသည်ဟု

တွေးနေကြသည်။ လင်းဖုန်းက ရင်ထဲတွင် တစ်ဟားဟားနှင့် ရယ်နေသည်ကိုမူ၊ မည်သူမှ မသိကြချေ။

"ငါနဲ့ အလောင်းအစား လာလုပ်ချင်နေတာလား? မင်းရဲ့ ဘောင်းဘီတိုပါ မကျန်အောင် လုပ်ပစ်လိုက်မယ်"

သူသည် ယန်ချင်အား အသံလွှင့်ကာ ပြောလိုက်သည်။ "ငအလေး၊ ဘာမှ တွေဝေမနေနဲ့။ ငါကအခု မင်းကို သင်ပေးလိုက်တဲ့ နည်းစနစ် အသစ်ကို

မသုံးနဲ့ဦး။ မင်းရဲ့ လက်ရှိအဆင့်နဲ့၊ မင်းရဲ့ပြိုင်ဘက်ကို အနိုင်ယူဖို့က သိပ်မခက်ဘူး"

"သေသေချာချာ မှတ်ထား၊ မင်းက သန်မာတယ်၊ မင်းမတွေးနိုင်မိတဲ့အထိ သန်မာတယ်"

လင်းဖုန်း၏ စကားကို ကြားပြီးနောက်တွင်၊ ယန်ချင်က တုန်ခါသွားခဲ့သည်။ သူသည် လင်းဖုန်းဘက်သို့ လှမ်းကြည့်လိုက်ကာ၊ တည်ငြိမ်သွားသည့် ပုံစံဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

အခြား အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည်၊ ထိုပြောင်းလဲမှုအား သတိထားမိလိုက်ကြသည်။ သူတို့က အံ့သြစွာနှင့် တီးတိုးရေရွတ်လိုက်ကြသည်။ "လူတွေက မက်လုံးတွေနဲ့ တွေ့လိုက်ရရင်၊ သတ္တိရှိသွားကြတယ် ဆိုတာ တယ်မှန်ပါလား! ရေခဲမှတ်အောက် ဆီးနှင်းပေါက် အစက်တစ်ရာကို ရမယ်လည်း ကြားလိုက်ရော၊ သူ့ရဲ့ တိုက်ပွဲဝင်စိတ်တွေက နိုးကြားလာခဲ့ပြီလား?"

"မဟုတ်လောက်ဘူး။ ဒီလူငယ်က တက်ကြွမှု မရှိတာ အသိသာကြီးပဲ။ သူက ပိုပြီး စိတ်ပြတ်သားတဲ့ပုံ မပေါက်လာပါဘူး။ ကြည့်ရတာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က၊ ရှုံးရင်လည်း ကိစ္စမရှိဘူးလို့ ပြောလိုက်လို့ဖြစ်မယ်?"

ချောင်ဝေတစ်ယောက်ကသာ လင်းဖုန်းနှင့် ယန်ချင်တို့အကြားတွင် အကြည့်တို့ကို ရွှေ့ပြောင်းနေရင်း၊ သူ၏ရင်ထဲတွင် မသက်မသာ ခံစားလာရသည်။

ဖန်ကျိုးကမူ ထိုကဲ့သို့ သဘောမပေါက်ခဲ့ပေ။ ကောင်းကင်ပေါ်မှ မီးလျှံရေခဲ သစ်သီးအား ကြည့်လိုက်ကာ၊ သူ၏ မျက်လုံးအစုံမှာ ဝင်းဝင်းတောက်လာခဲ့သည်။ "ဒီအိုင်တမ်၊ ကြည့်ရတာ ငါကတော့ အလကားနေရင်း အချောင်ရတော့မယ်နဲ့ တူတယ်!"

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဘက်မှ ဝမ်လင်းနှင့် ယွဲ့ဟုန်ယန်တို့ကို တစ်ချက်ကြည့်လိုက်ကာ၊ အေးစက်စွာနှင့် ရယ်လိုက်ရင်း ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ ခုန်ဝင်သွားခဲ့သည်။

ယန်ချင်ကလည်း အသက်တစ်ချက်
ပြင်းပြင်းရှူလိုက်ကာ၊ ပုန်းကွယ်နေသော
နဂါးချောက် အတွင်းသို့ ဝင်သွားခဲ့သည်။

ချောက်၏အတွင်းတွင်၊ သီးသန့်ကမ္ဘာ
တစ်ခုဖြစ်သည်။ သူ့၏အထဲတွင်
တောင်တန်းများ၊ မြစ်ချောင်းများနှင့်
မျက်စိပဒေသာ ရှိလှပေသည်။

ဖန်ကျုံးသည် တောင်ထိပ်တစ်ခု အပေါ်တွင်
ရပ်လိုက်သည်။ အနီးသို့ ရောက်လာသော
ယန်ချင်အား ကြည့်လိုက်ကာ၊ အေးစက်စွာဖြင့်
ပြုံးလိုက်ပြီး မှော်ကျိန်စာ တစ်ခုအား

ထုတ်လွှတ်လိုက်သည်။ သူ၏ ဘေးတွင် လေအေးတစ်စုသည် အပေါ်သို့ တက်လာခဲ့ကာ၊ တောင်တန်းများအား လွှမ်းခြုံသွားခဲ့ပြီး သူတို့အား ရေခဲတုံးများ အဖြစ်သို့ ပြောင်းစေခဲ့သည်။

အပြင်တွင် ရှောင်ပုတန်လေးသည် ချောက်အတွင်းမှ ထုတ်လွှင့်နေသော ပုံရိပ်တို့အား ကြည့်လိုက်ကာ၊ သူ၏ မျက်တောင်မွေးတို့ကို ပွတ်သပ်နေခဲ့သည်။ "ဒါက အသုံးဝင်ပါ့မလား? နံပါတ်ငါး စီနီယာရဲ့ မဟာလမင်း အကြွင်းမဲ့ရေက၊ ရေအပြင်

ရေခဲတွေကိုပါ လွှမ်းမိုးနိုင်တာ
မဟုတ်ဘူးလား?"

ဖန်ကျုံးသည် ယန်ချင်အား ကြည့်လိုက်ကာ
ပြုံးလိုက်သည်။ "မင်းက ရှကျိုးမှာ
တိုက်ခိုက်ခဲ့တုံးက၊ မင်းဆီမှာ မဟာလမင်း
အကြွင်းမဲ့ရေ ရှိတယ်ဆိုတာကို၊ ငါကမသိပဲ
ဘယ်နေပါ့မလဲ? ပြဿနာက မင်းက ရေခဲနဲ့
ရေတွေကို ထိန်းချုပ်နိုင်ပေမဲ့၊
မီးတောက်ကိုရော ထိန်းချုပ်နိုင်ပါ့မလား?"

သူ၏ မျက်ကျိန်စာသည် ပြောင်းလဲသွားခဲ့ကာ၊
ရေခဲမှသည် တောက်လောက်နေသော

အဖြူရောင် မီးတောက်များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သို့သော်လည်း ထိုမီးတောက်သည် အပူချိန် တစ်စက်မှ မရှိခဲ့ပဲ၊ အေးစိမ့်သော အအေးဓာတ်များကိုသာ ထုတ်လွှတ်နေခဲ့သည်။

ဒါသည် နတ်ရေကန်ဂိုဏ်း၏ ဝိသေသ သိုင်းကွက်ဖြစ်သော၊ ရေခဲမီးတောက် ဖြစ်သည်။

ဖန်ကျုံး၏ ကိုင်တွယ်ထိန်းချုပ်မှုဖြင့်၊ ရေခဲမီးတောက်လေးသည် အေးခဲနေသော အဖြူရောင် မီးတောက်ပင်လယ် အဖြစ်သို့

ပြောင်းလဲသွားကာ၊ ယန်ချင်အား
ဘေးပတ်ပတ်လည်မှနေ၍
ဝိုင်းထားခဲ့လိုက်သည်။

အားကောင်းလှသော စွမ်းအားတို့သည် ပြင်ပမှ
လူအားလုံးအား ဖမ်းစားထားနိုင်ခဲ့သည်။
ပါဝင်ယှဉ်ပြိုင် နေကြသော အခြေခံအုတ်မြစ်
အဆင့်မှ ကျင့်ကြံသူတို့၏ မျက်နှာများသည်
လေးနက်ကုန်ကြသည်။ ဖန်ကျုံမှာ
လေကြီးသော်လည်း၊ သူ၏ အင်အားကို
လျှော့တွက်၍ မရချေ။

သူသည် ရိုင်းစိုင်းမောက်မာသည်ဟု ထင်နေရသော်လည်း၊ အမှန်တကယ်မှာမူ သူသည် သူ၏ ပြိုင်ဘက် တစ်ဦးတစ်ယောက်ချင်းဆီ၏ အကြောင်းအား သိရှိနားလည်စေရန် အားထုတ်ထားပြီး ဖြစ်သည်။ သူသည် သူ၏ ပြိုင်ဘက်များ၏ အကြောင်းကို၊ သူ့အကြောင်းကဲ့သို့ သိရှိပြီးဖြစ်သည်။

ဟော်ချန်းသည် ထိုအရာကို ကြည့်နေခဲ့ပြီး တီးတိုးရေရွတ်လိုက်သည်။ "ဒီအစည်းအဝေးမှာ ငါ့ကို ခြိမ်းခြောက်နိုင်တာက ရှီဆောင်ချန်းပဲ

ရှိတယ်လို့ ထင်ထားတာ။ ပြီးတော့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ယွဲ့ဟုန်ယန်၊ နောက်ဆုံးတော့ အခု ဖန်ကျိုး..."

တိုက်ပွဲအား လေ့လာသုံးသပ်နေကြသော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အချို့ကလည်း၊ သူတို့ စွမ်းဆောင်ခဲ့သည်များနှင့် နှိုင်းယှဉ်လိုက်လျှင် ဘာမှမဟုတ်သော်လည်း၊ ဖန်ကျိုး၏ စွမ်းရည်အကြောင်းကို မှတ်ချက်ချနေကြသည်။

"အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ တစ်ယောက်အနေနဲ့ ဆိုရင်၊ သိပ်ပြီးတော့ မဆိုးလှဘူး" ရှင်ပျော်ပျော် သူတော်စင်က သူ၏မေးစေ့ကို ပွတ်သပ်နေရင်းနှင့် ပြောလိုက်သည်။ သူသည် ချောင်ဝေအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒီလိုမျိုး ထူးချွန်တဲ့ တပည့်တစ်ယောက်ကို ရထားတဲ့အတွက်၊ မာစတာချောင်ကို ဂုဏ်ပြုပါတယ်"

လက်ဝဲမင်းသားရှန်၏ မျက်နှာမှာ မပြောင်းလဲခဲ့သော်လည်း၊ သဘောတူသည့် အနေဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

သူ၏ မဟာရန်သူသည် ပါရမီရှင်များကို ဆွဲဆောင်နိုင်သည်နှင့်အမျှ သူတို့၏ ရန်ငြိုးများသည် ပို၍ ကြာရှည်သော ကာလတိုင်အောင် ရှေ့ဆက်နေရပေလိမ့်မည်။

"ကျေးဇူးတင်ပါတယ်၊ ရှင်ပျော်ပျော် သူတော်စင်" ချောင်ဝေသည် လင်းဖုန်းအား ကြည့်လိုက်ကာ ဖွဖွလေး ပြောလိုက်သည်။ "တချို့အရာတွေက ရှောင်လွှဲလို့ မရနိုင်ဘူး"

တစ်ချိန်လုံး အမူအရာ ကင်းမဲ့နေသော လင်းဖုန်းသည် ရုတ်တရက် ပြုံးလိုက်သည်။ သူ၏အပြုံးမှာ နွေဦးနေဝန်းကဲ့သို့

နွေးထွေးလှပေသည်။ "ကျုပ်ကလည်း ဒီလိုမျိုးပဲ ခံစားနေရတယ်"

သူစကားပြောနေဆဲမှာပင်၊ ယန်ချင်သည် သူဆီသို့ တိုးဝင်လာသော ရေခဲမီးတောက် ပင်လယ်ကို တုံ့ပြန်သည့် အနေဖြင့်၊ လက်ဝါးနှစ်ဘက်အား ပူးကပ်လိုက်သည်။

မြစိမ်းရောင် တောက်ပနေသော ရေစီးကြောင်း တစ်ခုသည် သူ့ထံမှ ရုတ်တရက် ထိုးထွက်လာခဲ့သည်။ သူသည် ရေခဲမီးတောက် ပင်လယ်နှင့် တိုက်ရိုက်ရင်ဆိုင်ခဲ့လိုက်သည်။

မြစိမ်းရောင် ရေစီးကြောင်းသည်
ပျောက်ကွယ်သွားခဲ့၍၊ ရေခဲမီးတောက်
ပင်လယ်ကြီးမှာ ထိုမြစိမ်းရောင်
ရေစီးကြောင်းအား အာဟာရအဖြစ်
ဝါးမျိုခဲ့ရသလို၊ ပို၍ခက်ထန်စွာနှင့်
လောင်ကျွမ်းတောက်ပ လာခဲ့သည်။

သို့သော်လည်း ဖန်ကျုံး၏ အမူအရာမှာ
ပြောင်းလဲသွားခဲ့သည်။ သူ၏မျက်နှာသည်
သရဲတစ်ကောင်အား တွေ့ခဲ့ရသကဲ့သို့၊
အရောင်မရှိတော့ပဲ ဖြူဆုတ်သွားခဲ့သည်။

ခဏအကြာတွင် ရေခဲမီးတောက်သည် ဒေါသတကြီးနှင့် ပတ်ရမ်းနေခဲ့သည်။ သူသည် အမျက်ပြင်းစွာနှင့် တုန်ခါနေခဲ့ကာ၊ နောက်ဆုံးတွင် ဘာမှမရှိခြင်း အဖြစ်သို့ ပြိုကွဲသွားခဲ့သည်။

ဖန်ကျိုးသည် ရှုံးနိမ့်သွားသကဲ့သို့ ဖြစ်သည်။

ထိုတိုက်ပွဲအား ကြည့်နေကြသော အားလုံးကလည်း ဘာဖြစ်သွားကြမှန်း မသိကြ၍၊ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ မူလအစက ခက်ထန်ကြမ်းကြုတ်စွာနှင့်

တောက်လောင်နေခဲ့သော ရေခဲမီးတောက်
ပင်လယ်ကြီးသည်၊ နောက်ဆုံးတွင်
ဟာသတစ်ခု အဖြစ်သို့၊ လုံးလုံးကြီး
ပြောင်းလဲသွားခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
အချို့မှလွဲ၍၊ တစ်ယောက်မှသည် ထိုအဖြစ်၏
နောက်ကွယ်မှ အကြောင်းရင်းအား
နားမလည်နိုင်ကြပေ။ ချောင်ဝေ၏ မျက်နှာမှာ
ညသန်းကောင်ယံမှ ကောင်းကင်ကဲ့သို့
မှောင်မည်းနေခဲ့သည်။

သူ၏ဘေးမှ လင်းဖုန်း၏
ကြည်လင်ပြတ်သားသော အသံသည်
ထွက်ပေါ်လာခဲ့သည်။ "ကျုပ်တပည့်ရဲ့
ကိုယ်စား၊ ခင်ဗျားရဲ့ ရေခဲမှတ်အောက်
ဆီးနှင်းပေါက် အစက် ၁၀၀အတွက်
ကျေးဇူးတင်ပါတယ်ဗျာ"

## စာစဥ် ၁၆ : အပိုင်း ၁၁

## အပိုင်း ၂၈၁ : ဘယ်သူက နှစ်ယောက်တစ်ယောက် တိုက်နိုင်သလဲ?

ရေခဲမီးတောက်၏ အဆုံးမဲ့ အလင်းတန်းများ အကြားတွင်၊ ယန်ချင်၏ ဖြူဖွေးနေသော မျက်နှာသည် ပို၍အရောင်ဖျော့လာခဲ့သည်။ သူသည် လှိုင်းထနေသော ပင်လယ်အကြားတွင် လူးလွန့်နေသော ကနူးလှေလေး တစ်စင်းနှင့် တူနေခဲ့သည်။ သူသည် မီးတောက်ပင်လယ်ကြီး၏ ဝါးမျိုမှုကို ခံလိုက်ရတော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

ဤတိုက်ပွဲကို ကြည့်ရှုသုံးသပ်နေကြသော သူများအားလုံးက၊ ဖန်ကျိုးသည် ယန်ချင်အား တခဏတွင်းချင်းတွင် အနိုင်ယူနိုင်ခဲ့က၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဆင့်တူလျှင်

ဗိုလ်မထား ဟူသော အဆိုကို
ဖျက်ဆီးနိုင်တော့မည်ဟု ထင်နေကြသည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
အချို့သည်၊ ယန်ချင်သည့် ကိုယ့်ကိုယ်ကိုယ်
တည်ငြိမ်အောင် ထိန်းချုပ်နိုင်ခဲ့၍ သူ၏
စွမ်းရည်မှာလည်း မည့်ကြောင်းကို
တွေ့နေရသည်။ သို့သော်လည်း
သူတို့အတွင်းမှ တစ်ယောက်ကမှ ယခုကဲ့သို့
ရလဒ်မျိုးကို မမျှော်လင့်ထားကြပေ။

အစောပိုင်းက ဖန်ကျုံးသည်
အားမာန်အပြည့်နှင့် သူ၏ အဆုံးမဲ့

ရေခဲမီးတောက်အား ထိန်းချုပ်နေခဲ့ကာ၊
ယန်ချင်ထံသို့ မိစ္ဆာတစ်ကောင်ပမာ
ခုန်အုပ်နေခဲ့သည်။

နောက်ပိုင်းတွင် သူ၏ ရေခဲမီးတောက်မှာ
ထုံးတမ်းမှ သွေဖီသွားခဲ့ကာ၊ လုံးဝကို
ကျေပျက် လွင့်ပြယ်သွားခဲ့သည်။
"ကျယ်လောင်စွာ ခြိမ်းသောမိုးသည်၊
သိပ်မရွာ"ဟူသော စကားနှင့် တူနေခဲ့သည်။

အချို့သူများမှာ ဖန်ကျုံးက မှော်ကျိန်စာ
ထုတ်လွှတ်ရာတွင် အမှားတစ်ခုအား
ပြုလုပ်မိသည်ဟု ထင်နေကြသည်။

သို့သော်လည်း ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများမှာ၊ ဖန်ကျုံး၏ ရေခဲမီးတောက်သည် ယန်ချင်၏ မဟာလမင်း အကြွင်းမဲ့ရေကြောင့် ပျက်စီးသွားရသည်ကို သဘောပေါက်နေကြသည်။

တောက်ပနေသော မြစိမ်းရောင် ရေစီးကြောင်းလေးသည် ရေခဲမီးတောက် အတွင်းသို့ ဝင်သွားအပြီးတွင်၊ သူသည် ပေါင်းစည်းသွားမည့်အစား၊ အဝါးမျို ခံလိုက်ရမည့်အစား၊ ရေခဲမီးတောက်၏ ပုံစံအတိုင်း ပြောင်းလဲသွားခဲ့သည်။ သူသည် ရေခဲမီးတောက် ပုံစံအတိုင်း

ပြောင်းသွားခဲ့သော်လည်း၊ ယန်ချင်၏
ထိန်းချုပ်မှုကို ခံနေရဆဲဖြစ်သည်။

အတိအကျ ပြောရလျှင်၊ ဒါသည် တုပခြင်း
စွမ်းရည်ဖြစ်သည်။ တစ်ယောက်သည်
သူ၏ရန်သူအတိုင်း လိုက်၍ ကျင့်ကြံခြင်း
ဖြစ်သည်။

ယန်ချင်သည် သူ၏ မြစိမ်းရောင်
ရေစီးကြောင်းအား ထုတ်လွှတ်အပြီးတွင်၊
သူ၏ ပုံသဏ္ဌာန်ကသာ ပြောင်းသွားခြင်း
မဟုတ်ပေ။ သူသည် တကယ့် ရေခဲမီးတောက်
အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

သူသည် နတ်ရေကန်ဂိုဏ်း၏
ရေခဲမီးတောက်၏ စွမ်းရည်နှင့်
အခြေခံအထိပင် တူနေခြင်းဖြစ်သည်။
သူသည် ရေခဲနှင့် မီးတောက် နှစ်မျိုးစလုံးအား
ပေါင်းစည်းထားခြင်း ဖြစ်သည်။

"ဒီမြစိမ်းရောင် ရေက တကယ်ပဲ မဟာလမင်း
အကြွင်းမဲ့ရေလား?" လောင်းကစား
သူတော်စင်က အံ့ဩစွာဖြင့် မေးလိုက်သည်။
"ကျုပ်က မဟာလမင်း အကြွင်းမဲ့ရေက
ရေတွေကိုပဲ ထိန်းချုပ်နိုင် ဆိုတာကို
သိထားတာ။ ကျုပ်က ဒီလိုမျိုး စွမ်းရည်တွေ
ရှိမှန်းကို မသိခဲ့ဘူး"

အပြာရောင်ခန်းမ သူတော်စင်က
တီးတိုးရေရွတ်လိုက်သည်။ "မဟာလမင်း
အကြွင်းမဲ့ရေက မတောက်ပဘူး။ သူ့ဆီမှာက
မဟာလမင်း အကြွင်းမဲ့ရေရဲ့
အရည်အသွေးတွေ ပါရှိတယ်။ ဒါပေမဲ့ သူက
လျှို့ဝှက်နည်းစနစ် တစ်ခုနဲ့ ကျင့်ကြံထားလို့
အခုလိုမျိုး ထူးခြားတဲ့ စွမ်းရည်တွေကို
ပြသနိုင်တာပဲ ဖြစ်တယ်"

သူ၏အရှေ့မှ မြင်ကွင်းတို့အား
ကြည့်လိုက်ကာ၊ လင်းဖုန်းသည်
အသံတစ်စက်မှ မထွက်ပဲ ပြုံးလိုက်သည်။

မဟာလမင်း တော်ဝင်ကျိန်စာ!

ဒါသည် မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်အား နားလည်အပြီးတွင်၊ ယန်ချင်က တီထွင်ခဲ့ပြီး မဟာလမင်း အကြွင်းမဲ့ရေနှင့် ပေါင်းစပ်ခဲ့သည့် မှော်ကျိန်စာဖြစ်သည်။

မဟာလမင်း အကြွင်းမဲ့ရေကို အခြေခံအဖြစ် အသုံးပြုခဲ့ကာ၊ သူသည် မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်အား လေ့ကျင့်အပြီးတွင်

ရလာခဲ့သော ဗဟုသုတများကို
ထည့်သွင်းခဲ့သည်။ ဖန်ဆင်းခြင်း၏
လျှို့ဝှက်ချက် အချို့ကို နားလည်ပြီးသွားသော
အခါ၊ သူသည် နောက်ဆုံးတွင် မဟာလမင်း
တော်ဝင်ကျိန်စာအား ဖန်တီးနိုင်ခဲ့ခြင်း
ဖြစ်သည်။

ထိုမှော်ကျိန်စာအား ပြည့်စုံအောင်
ဖန်တီးရာတွင်၊ မြောင်ရှီးဟောင်၏
အကူအညီကိုလည်း ယူခဲ့ရသေးသည်။ သူက
မြောင်ရှီးဟောင်၏ ကြေးမုံ၊ ပန်းပွင့်၊ ရေပြင်နှင့်
လမင်း နည်းစနစ်၏ နောက်ကွယ်မှ
အလုပ်လုပ်ပုံ၊ အထူးသဖြင့် အလင်းရောင်ပြန်

ကြေးမုံနှင့် တစ်ခုတည်းသော ကောင်းကင်ဘုံ အကြွင်းမဲ့ရေ တို့ကို နားလည်သွားသောအခါ၊ သူသည် သူ၏ မှော်ကျိန်စာအား ပိုမိုတိုးတက်အောင် ပြုပြင်နိုင်ခဲ့သည်။

သူ၏ မှော်ကျိန်စာကို အသုံးပြုလိုက်ရာတွင်၊ သူသည် သူ့ရန်သူ၏ မှော်ကျိန်စာ စွမ်းအားနှင့် တူညီအောင် မဟာလမင်း အကြွင်းမဲ့ရေကို အသုံးပြုလိုက်သည်။ ထို့နောက်တွင် သူသည် သူ၏ စွမ်းအားများကို ရန်သူ၏ မှော်ကျိန်စာ အတွင်းသို့ ထည့်သွင်းလိုက်ကာ၊ ရှုပ်ထွေးမှုများကို ဖြစ်စေခဲ့ပြီး သူ၏အရှေ့တွင် ပြိုကျသွားစေခြင်း ဖြစ်သည်။

အချိန်အခါ ကိုက်ညီစွာ အသုံးပြုနိုင်သော အခါတွင်၊ သူသည် သူထက်ပို၍ သန်မာသော ရန်သူများကို အားထုတ်မှု အနည်းငယ်မျှဖြင့် အနိုင်ယူနိုင်မည် ဖြစ်သည်။

သို့သော်လည်း သူ့တွင် သူ့အားနည်းချက်နှင့်သူ ရှိသေးသည်။ ဥပမာ အနေဖြင့်၊ သူသည် ပထမဦးဆုံး ရန်သူ၏ မော်ကျိန်စာနှင့် အရင်ထိတွေ့မှု ရှိရမည် ဖြစ်သည်။ ထို့ကြောင့် သူသည် အဓိကအားဖြင့် ခံစစ်အနေနှင့် အသုံးပြုကာ၊ နောက်မှ

တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ရခြင်း
ဖြစ်သည်။

ထို့အပြင် သူသည် အပြင်ပန်းသာ တုပမှုများ ပြုလုပ်ရခြင်းဖြစ်သည်။ သူသည် ရန်သူ မှော်ကျိန်စာ၏ အခြေခံ သဘောတရားများကို သဘောမပေါက်နိုင်ပဲ၊ ရန်သူ၏ စွမ်းအားနှင့် ပုံသဏ္ဍာန်တို့ကိုသာ ပုံတူကူးနိုင်ခြင်း ဖြစ်သည်။ သူသည် ရန်သူ မှော်ကျိန်စာ၏ အတွင်းမှ အလုပ်လုပ်ပုံများကို မသိနိုင်ပေ။

သို့သော်လည်း လင်းဖုန်းသည် သူ့အတွင်းမှ ကြီးမားသော အလားအလာများကို

တွေ့နေခဲ့သည်။ ယန်ချင်၏ ကျင့်ကြံမှုအဆင့်
မြင့်မားလာသည်နှင့် အမျှ၊ သူ၏
တာအိုသဘောတရားများအား
နားလည်ခြင်းသည် မြင့်မားလာပေလိမ့်မည်။
သူသည် အထက်ပါ အားနည်းချက်များအား
ပြုပြင်နိုင်ပါက၊ ပါရမီရှင်လေးတစ်ယောက်
အမှန်ဖြစ်လာနိုင်ပေမည်။

လင်းဖုန်းအပြင် ကျန်သောသူများကလည်း
ထိုကဲ့သို့ သုံးသပ်နိုင်စွမ်း ရှိကြသည်။
ရှီကျုံးယွဲ့သည် လင်းဖုန်းကို ကြည့်လိုက်ကာ၊
သက်ပြင်းတစ်ချက် ချလိုက်ပြီး၊ "ဒီလိုမျိုး
ထူးချွန်ပြောင်မြောက်တဲ့

တပည့်တစ်ယောက်ကို
ပိုင်ဆိုင်ထားတဲ့အတွက်၊ မာစတာလင်းကို
ဂုဏ်ပြုပါတယ်"

"အန်းလျှန်မင်းသားက မြှောက်နေပြန်ပါပြီ"
လင်းဖုန်းက ပြုံးလိုက်သည်။ ထိုအချိန်တွင်
ချောင်ဝေက နှာမှုတ်လိုက်သည်။
"လက်စသတ်တော့ ရေအားလုံးရဲ့
အုပ်ချုပ်သူဆိုတာ ဒါလား? ကျုပ်အတွက်
ဆိုရင်တော့၊ ရေအားလုံးရဲ့ သူခိုးကြီးပဲ!"

ထိုစကားကို ကြားလိုက်ရသော်၊
လင်းဖုန်းသည် ဖွဖွလေးသာ ပြုံးလိုက်ပြီး
ဘာမှ မပြောခဲ့ပေ။

ထိုအချိန်တွင် ယန်ချင်သည် ဖန်ကျုံး၏
မှော်ကျိန်စာကို ဖျက်ဆီးပြီးသွား၍၊ သူ၏
နောက်ထပ် မှော်ကျိန်စာ တစ်ခုကို
ထုတ်လွှတ်ရန် အခွင့်အရေး ရသွားခဲ့ပြီ
ဖြစ်သည်။

လှိုင်းထနေသော မဟာလမင်း
အကြွင်းမဲ့ရေတို့မှာ၊ မာန်ဟုန်ပြင်းသော
ရေကြီးမှု တစ်ခုနှင့် တူနေ၏။ သို့သော်လည်း

သူသည် အမှန်တကယ်ဆိုလျှင်၊ ယန်ချင်က
တိမ်တိုက်ရေပြင်ဂူမှ သင်ယူခဲ့ရသော
တောင်ကျရေ မန္တန်အား တိုးတက်အောင်
ပြုပြင်ထားခြင်း ဖြစ်သည်။
သူ၏မှော်စွမ်းအင်များ အားလုံးကို
တစ်ချက်တည်းနှင့် ထုတ်လွှတ်လိုက်၍၊
သူ၏လမ်းကြောင်းမှ အရာအားလုံးအား
ဖျက်ဆီးရမည် ဟူသော အခြေခံ
သဘောတရားကမူ အတူတူပင် ဖြစ်သည်။

ယန်ချင်သည် သူ၏ အားနည်းချက်များ
အကြောင်းအား ရှင်းရှင်းလင်းလင်း
နားလည်ထားသည်။ သူသည် တိုက်ပွဲ

အတွေ့အကြုံများ အားနည်း၍၊ သူ၏
မော်ကျိန်စာ ထိန်းချုပ်မှုများသည်
တိကျသည်ဟု မပြောနိုင်ပေ။ ထို့ကြောင့် သူ၏
မော်ကျိန်စာ နှစ်ခုဖြစ်သော မဟာလမင်း
တောင်ကျရေ မန္တန်နှင့် မဟာလမင်း
တော်ဝင်ကျိန်စာတို့သည်၊ ထုတ်လွှတ်ရာတွင်
သိပ်တိကျရန် မလိုပေ။

သူသည် မော်ကျိန်စာများကို
ထုတ်လွှတ်ရာတွင် သူ၏ စွမ်းအားများ
အားလုံးကို အသုံးချကာ၊ သူ၏ရန်သူအား
တတ်နိုင်သမျှ အချိန်တိုလေး အတွင်းတွင်
ဖျက်ဆီးနိုင်အောင် တိုက်ခိုက်ရမည် ဖြစ်သည်။

သူက နိုင်ပွဲမြန်မြန် ရလေလေ၊
သူထုတ်လွှတ်ရမည့် မှော်ကျိန်စာများက
နည်းလေလေ ဖြစ်ပြီး၊ သူပြုလုပ်မည့် အမှားက
နည်းလေလေ ဖြစ်ပေလိမ့်မည်။ ထိုအခါ
သူ၏ရန်သူက သူ့အမှားများကို စောင့်ဖမ်းကာ၊
ပြန်လည်တိုက်ခိုက်နိုင်သော အခွင့်အရေးက
နည်းသွားမည် ဖြစ်သည်။

သနားစရာကောင်းသော ဖန်ကျုံး! သူသည်
သူ၏ ရေခဲမီးတောက်အား ဆုံးရှုံးသွား
အပြီးတွင်၊ ပြန်လည်တည်ငြိမ်အောင်
ကြိုးစား၍၊ နောက်ထပ်မှော်ကျိန်စာ
တစ်ခုအား ခုခံရန် ပြင်ဆင်လိုက်သည်။

သို့သော် သူကာကွယ်ခဲ့ရသည်မှာ၊ ရောမ
မဟာလမင်း အကြွင်းမဲ့ရေလှိုင်းလုံးကြီး
ဖြစ်သည်။

အကယ်၍သာ ပုန်းကွယ်နေသော
နဂါးချောက်၏ အကာအကွယ်သာ မရှိခဲ့လျှင်၊
သူ့တစ်ကိုယ်လုံးသည် မဟာလမင်း
အကြွင်းမဲ့ရေ၏ ဝါးမျိုခြင်းကို ခံလိုက်ရကာ၊
ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားမည်
ဖြစ်သည်။

ထိုကာကွယ်မှုနှင့်ပင်၊ ဖန်ကျိုးသည်
အခုအခါတွင် မယုံနိုင်လောက်အောင်

သနားစရာ ကောင်းနေခဲ့သည်။ မဟာလမင်း အကြွင်းမဲ့ရေသည် သူ၏ အခြေခံ အုတ်မြစ်တို့ကို သက်ရောက်မှု ရှိခဲ့သည်။ သူ၏ စိတ်ဝိညာဉ် လုံခွက်ပင် ထိခိုက်သွားခဲ့သည်။ သူ၏ အနာဂတ်တွင် ဗဟိုချက် ဖန်ဆင်းမှုကို အကျိုးသက်ရောက်စေလိမ့်မည် ဖြစ်သည်။

ချောင်ဝေသည် လင်းဖုန်းအား အေးစက်စွာဖြင့် စိုက်ကြည့်လိုက်ကာ ပြောလိုက်သည်။
"ခင်ဗျားက သရုပ်ဆောင် တော်တော်ကောင်းတာပဲ။ ခင်ဗျားက ဒီလိုမျိုး လောင်းကြေးရအောင် အားနည်းချင် ယောင်ဆောင်လိုက်တာမလား? ခင်ဗျားလိုမျိုး

မာစတာ တစ်ယောက်က ဒီလိုမျိုး ညစ်ပတ်တဲ့ လှည့်ကွက်တွေကို အသုံးပြုတာ၊ လူတွေက ကဲ့ရဲ့မှာကို မကြောက်ဘူးလား?"

လင်းဖုန်းက နူးညံ့စွာနှင့် ပြောလိုက်သည်။ "အစကတည်းက ကျုပ်ဟာ ကျုပ်တပည့် အနိုင်ရမယ် ဆိုတာကို ယုံကြည်မှု အပြည့်ရှိပြီးသား။ ဒါပေမဲ့ တချို့လူတွေက အဲ့ဒီလိုမျိုး အသိဉာဏ် မရှိဘူး။ သူတို့ကိုယ်တိုင်က စပြီး လောင်းကြေးလာထပ်တယ်။ အခုရှုံးသွားတော့ လောင်းကြေးကို မပေးချင်တော့ဘူး"

"ကျုပ်ကမေးပါရစေ၊ ဘယ်သူက
ဟာသများလဲ?"

ချောင်ဝေသည် သူ့အား
အချိန်အတော်ကြီးကြာအောင်
စိုက်ကြည့်လိုက်ပြီးမှ အေးစက်စွာနှင့်
ပြောလိုက်သည်။ "ကျုပ်က လောင်းရဲမှတော့
ရှုံးခဲ့ရင်လည်း ရင်ဆိုင်ဖို့ ပြင်ဆင်ပြီးသားပါ။
အခုက ကျုပ်ရှုံးသွားပြီ ဆိုတော့၊
ပေးစရာရှိတာ ပေးမှာပေါ့"

သူသည် လက်ကို ဝှေ့ယမ်းလိုက်ရာ
ကောင်းကင်ပေါ်မှ ရေခဲမှတ်အောက်

ဆီးနှင်းပေါက် အစက် ၁၀၀သည်၊ လင်းဖုန်း၏ အရှေ့သို့ ကျရောက်လာခဲ့သည်။ သူ၏ ဝတ်ရုံကို ရွှမ်းကနဲ ဝှေ့ယမ်းလိုက်ကာ၊ လင်းဖုန်းက အကုန်သိမ်းယူလိုက်သည်။ ချောင်ဝေ၏ အနားတွင် အစက်အနည်းငယ်သာ ကျန်ရစ်ခဲ့သည်။

ယန်ချင်သည် ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ ဖြူဖျော့နေသော မျက်နှာနှင့် ထွက်လာခဲ့သည်။ သူသည် လင်းဖုန်းအနားသို့ ပြန်လာခဲ့ကာ၊ ဦးညွှတ်လိုက်၍ ပြောလိုက်သည်။ "ကျွန်တော်က အရှက်ရမှုကို ရှောင်နိုင်ခဲ့တာ ကံကောင်းပါတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ငါကမင်းကို ပြောပြီးသားပဲ။ မင်းက မင်းကိုယ်မင်း တကယ်သန်မာတယ်လို့ အမြဲတမ်း မှတ်ထားရမယ်။ ဟိုနားဒီနားမှာ အားနည်းချက်လေးတွေ အနည်းငယ် ရှိပေမဲ့၊ မင်းဆီမှာက မှန်ကန်တဲ့ စွမ်းအားရှိတယ် ဆိုတဲ့အချက်ကို မပြောင်းနိုင်ဘူး။ မင်းက လုပ်ချင်တဲ့ ဆန္ဒရှိရင်၊ မင်းက ပိုပြီးတော့ သန်မာလာမှာပဲ"

ယန်ချင်က ပြုံးလိုက်ပြီး
ခေါင်းကိုညိတ်လိုက်သည်။ "ကျွန်တော်က
ကြိုးစားအားထုတ်ဖို့ မှတ်ထားပါမယ်"

လင်းဖုန်းက သူ၏လက်ကို
ဝှေ့ယမ်းလိုက်သည်။ "သွားနားချေ။ မင်းက
ဒီတစ်ခေါက်မှာ အပိုဆုတွေ
ရလိုက်သေးတယ်"

ယန်ချင်က ပြုံးလိုက်ပြီး သူ၏ခေါင်းကို
ကျန်သောသူများဘက် လှည့်လိုက်သည်။
ရှောင်ပုတန်နှင့် ဇူရိတို့သည် နှစ်ယောက်စလုံး
ပြုံးလိုက်ကာ ခေါင်းညိတ်လိုက်ကြသည်။

ဝမ်လင်း ပုံမှန်ဆိုလျှင် အေးစက်နေသော မျက်နှာတွင်လည်း အပြုံးတစ်ခု ပေါ်လာခဲ့သည်။ ယွဲ့ဟုန်ယန်သည် ပန်းတစ်ပွင့်ကဲ့သို့ တောက်ပစွာ ပြုံးလိုက်ပြီး၊ သူ့အား လက်မတစ်ချောင်း ထောင်ပြလိုက်သည်။

ယန်ချင်သည် သက်ပြင်းတစ်ချက် ချလိုက်ကာ ကိုယ့်ကိုယ်ကိုယ် တွေးလိုက်သည်။ "ငါက ပိုပြီးတော့ ကြိုးစားမှ ဖြစ်မယ်"

နောက်ထပ် ယှဉ်ပြိုင်မှု အနည်းငယ် အတွင်းတွင်၊ အားလုံး၏ အာရုံကို

ဖမ်းစားနိုင်သူမှာ ရှီဆောင်ချန်းဖြစ်သည်။
သူသည် မောက်မာမှုရှိရန် ထိုက်တန်ပေသည်။
သူသည် မိုးကြိုးကပ်ဘေးများနှင့်
ရင်ဆိုင်ထားသော ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူများကို၊
လွယ်ကူစွာနှင့်ပင် အနိုင်ယူနိုင်ခဲ့သည်။
ဘေးမှကြည့်နေသူတို့မှာ၊ သူက
စွမ်းအားအကုန်လုံးကို မသုံးရသေးသည်ကို
သိနေကြပေသည်

မဟာချင် အင်ပါယာ၏ ကြက်သွေးရောင်နဂါး
နန်းတွင်းလျှို့ဝှက် ကျမ်းစာကို၊
ရှီဆောင်ချန်းသည် ကျေကျေညက်ညက်

နားလည်နိုင်ထားခဲ့သည်။ ထို့ကြောင့် သူ၏
စွမ်းအားတို့မှာ အဆုံးမဲ့ကဲ့သို့ ဖြစ်နေလေ၏။

ဤအရာကို မြင်ရသော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ အားလုံးတို့ကလည်း၊
ရင်ထဲတွင် စိမ့်ကနေ ခံစားလိုက်ရသည်။

လင်းဖုန်းက ဖြည်းညှင်းစွာနှင့်
ပြောလိုက်သည်။ "မဟာကျိုး အင်ပါယာက
နယ်မြေတွေကို ချဲ့ထွင်ရင်း၊ ပိုပို
တိုးတက်လာကြတယ်လို့ အားလုံးက
သိထားကြတယ်။ ဒါပေမဲ့ မဟာချင်
အင်ပါယာကိုလည်း လျှော့တွက်လို့ မရဘူး။

မျိုးနွယ်စု များစွာတို့ရဲ့ အကြားမှာ
ကတောက်ကဆ ဖြစ်မှုလေးတွေ ရှိပေမဲ့၊
သူတို့က နတ်ဘုရား နယ်မြေအတွင်းမှာ
စွမ်းအားအကောင်းဆုံး အင်အားစုတွေရဲ့
အထဲမှာ ပါသေးတယ်"

"သူတို့ရဲ့ မှော်ကျိန်စာတွေမှာ ထူးခြားတဲ့
ဝိသေသ လက္ခဏာတွေ ကိုယ်စီရှိကြတယ်။
ရှီရှင်းယွမ်နဲ့ ရှီဆောင်ချန်းတို့က
ဒီအစည်းအဝေးမှာ မင်းတို့ရဲ့ အဓိက
ပြိုင်ဘက်တွေပဲ"

ရှီဆောင်ချန်း၏ ပြိုင်ပွဲအပြီးတွင်၊
အလှည့်ကျသည်မှာ မြောက်ပိုင်းမျိုးနွယ်စုမှ
ကျင့်ကြံသူ တစ်ယောက်နှင့် ဟော်မိသားစုမှ
ကျင့်ကြံသူတို့ ဖြစ်ကြသည်။ နောက်ဆုံးတွင်
အနိုင်ရသွားသူမှာ၊ မြောက်ပိုင်းမျိုးနွယ်စုမှ
ကျမုကျိုလျှိုဟုခေါ်သော
ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။

ကျမုကျိုလျှိုသည် ပုန်းကွယ်နေသော
နဂါးချောက်အတွင်းမှ ထွက်သွားသည်နှင့်
တပြိုင်နက်၊ သူသည်
ဟော်ချန်းဘက်သို့လှည့်ကာ မောက်မာစွာနှင့်
ပြောလိုက်သည်။ "နေ့စဥ်နေ့တိုင်း

သတ်ဖြတ်မှု၊သေဆုံးမှုတွေနဲ့ တွေ့ကြုံနေရတာ မင်းတို့ဂိုဏ်းတစ်ဂိုဏ်းတည်း မဟုတ်ဘူးကွ။ ငါတို့ မြောက်ပိုင်းမျိုးနွယ်စုတို့ကလည်း ဒါတွေကို ပုံမှန်ကြုံတွေ့နေကျပဲ။ ဒါက မင်းတို့တောင်ပိုင်းမှာ ကြုံတွေ့နေရတာတွေထက်တောင် ပိုပြင်းထန်သေးတယ်"

ရှောင်ပုတန်လေးသည် ထိုစကားကို ကြားလိုက်သောအခါ၊ ပြုံး၍ပြောလိုက်သည်။ "ဒီလူက မဆိုးဘူး။ ကျွန်တော်က သဘောကျတယ်ဗျ" ကျန်သောသူများက

ပြုံးမိလိုက်ကြသည်၊ ဝမ်လင်းပင် အပါအဝင် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် လင်းဖုန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဆရာ၊ ကျွန်မသွားတော့မယ်"

နောက်ထပ်အလှည့်သည် သူမ၏ အလှည့်ဖြစ်သည်။ သို့သော်လည်း သူမ၏ကံသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အခြေခံအုတ်မြစ် အဆင့် ကျင့်ကြံသူများထဲတွင် အဆိုးဆုံးဖြစ်သည်။ ပထမအဆင့်တွင်၊

ဝမ်လင်းနှင့် ယန်ချင်တို့သည် မတိုက်ခိုက်ရပဲ နောက်တစ်ဆင့်သို့ တက်သွားသော အချိန်တွင်၊ သူမက တိုက်ခိုက်ခဲ့ရသည်။

ယခုအချိန်တွင် ဒုတိယ အဆင့်တွင်၊ သူမသည် နေလဓားဂိုဏ်းမှ စုံတွဲနှင့် တိုက်ခိုက်ရပေမည်။

ယွဲ့ဟုန်ယန်က မေးလိုက်သည်။ "ဆရာရှင့်၊ ကျွန်မက တတိယ စီနီယာနဲ့ တွဲရမလား၊ ပဉ္စမ ဂျူနီယာနဲ့ တွဲရမလား?"

"တစ်ယောက်နဲ့မှ မဟုတ်ဘူး" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ

ပြန်ဖြေလိုက်သည်။ သူသည် ကျူးကော်ဖန်းလင်အား လက်ညှိုးဖြင့် ညွှန်ပြလိုက်ကာ ပြောလိုက်သည်။ "မင်းက သူမနဲ့ တွဲပြီးမှ တိုက်ခိုက်ရမယ်"

ယွဲ့ဟုန်ယန်သည် အံ့အားသင့်စွာနှင့် သူမ၏ မျက်လုံးအစုံကို ပြူး၍ကြည့်လိုက်သည်။ ရှောင်ပုတန်လေးတို့ တတွေသည်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြကာ၊ လင်းဖုန်းအား အံ့သြစွာနှင့် စိုက်ကြည့်နေကြသည်။

ကျူးကော်ဖန်လင်မှာမူ အထိတ်လန့် အတုန်လှုပ်ဆုံးသောသူ ဖြစ်သည်။ သူမသည် ကြောင်သွားပြီး သူမကိုယ်သူမ လက်ညှိုးပြန်ထိုးကာ မေးလိုက်သည်။

"ကျွန်မ?"

သူမသည် ယခင်က တစ်ခါမှ မတိုက်ခိုက်ဖူးသော်လည်း၊ အားလုံးက သူမ၏ စွမ်းရည် အစစ်အမှန်ကို ရင်ထဲမှနေ၍ သိထားကြ၏။ အခြေခံအုတ်မြစ် အဆင့်တွင် ရှိနေသော ကျူးကော်ဖန်းလင်သည် တိုက်ခိုက်မှုအတွက် မွေးဖွားလာသူ မဟုတ်ပဲ၊

သူမ၏ စွမ်းအားနှင့် မှော်ကျိန်စာတို့မှာ
အကောင်းကြီး မဟုတ်ပေ။

ယွဲ့ဟုန်ယန်အား သူမနှင့်
တွဲဘက်တိုက်ခိုက်စေခြင်းသည်၊
ယွဲ့ဟုန်ယန်အား နေလဓားဂိုဏ်းမှ စုံတွဲအား
တစ်ယောက်တည်း တိုက်ခိုက်စေခြင်း
ဖြစ်သည်။

ဇူရီ၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။
"ဆရာသခင်၊ ဆရာက နေလဓားဂိုဏ်းက စုံတွဲ
တိုက်ခိုက်နိုင်ပြီး၊ ထိပ်ဆုံးစယောက်အတွင်း
ဝင်နိုင်ခဲ့ရင် ရှေးဟောင်း

ဟွမ်ဟိုင်ကမ္ဘာအတွင်းကို စုံတွဲအလိုက်
ဝင်နိုင်တယ်လို့ အကြံပေးခဲ့တာ၊
ဒီအချိန်အတွက်ပဲ မလား? ကျွန်တော်တို့က
ကျူးကော်ဖန်းလင်ကို
အထဲခေါ်သွားနိုင်ဖို့ပေါ့?"

လင်းဖုန်းက ပြုံးကာ
ခေါင်းညိတ်လိုက်ချိန်တွင်၊
ရှောင်ပုတန်လေးက စပ်စုစွာဖြင့်
မေးလိုက်သည်။ "ဒါပေမဲ့၊ ဘာဖြစ်လို့လဲ?"

သူသည် ကျူးကော်ဖန်းလင်အား
ကြည့်လိုက်ကာ မေးလိုက်သည်။

"ဘာအကျိုးရှိမှာမို့လဲ? ရတနာတွေကို ရှာရုံသက်သက်ဆိုရင်၊ ကြွက်ကလေးကို ခေါ်သွားလိုက်ရင် ပြီးတာပဲ"

"ငါဒီလိုလုပ်ရတဲ့ အကြောင်းရင်းက သူမအတွက် သီးသန့်မဟုတ်ဘူး။ တခြားအကြောင်းရင်းတွေလည်း ရှိသေးတယ်" လင်းဖုန်းက ပြုံးကာပြောလိုက်သည်။ "ရတနာတွေ ရှာဖို့ရာက ရွှေရှာကြွက်လေးရဲ့ အကူအညီကို လိုပေမဲ့၊ သူမကိုယ်တိုင်ကလည်း အသုံးဝင်တဲ့ နေရာတွေ ရှိသေးတယ်"

ဇူရီက တိုးတိုးလေး ရေရွတ်လိုက်သည်။
"ဒါပေမဲ့၊ ကျွန်တော်တို့က နေလဓားဂိုဏ်းက
စုံတွဲနဲ့ တွေ့မယ်လို့ ဘယ်လိုလုပ်ပြီး
အာမခံနိုင်ပါ့မလဲ?"

## စာစဉ် ၁၆ : အပိုင်း ၁၂

## အပိုင်း ၂၈၂ : ရှောင်လွဲဖို့ ဆိုရင်လည်း၊ တစ်ယောက်က နည်းစနစ်တွေ လိုအပ်တယ်

မှူတစ်ဝ မဲနှိုက်ရာတွင် တစ်ယောက်သည်၊
သူတို့က နေလဓားဂိုဏ်းမှ တပည့်များနှင့်
တွေ့နိုင်မည်ဟု အာမမခံနိုင်ပေ။

ထို့အပြင် နေမင်းအလင်းတန်း ခေါ်ဆိုသော စာတမ်း၏
ဆုံးဖြတ်ချက်အောက်တွင်၊
နေလခေါ်ဂိုဏ်းသည် စုံတွဲအနေဖြင့်
ဝင်ရောက်ယှဉ်ပြိုင်သော်လည်း၊ သူတို့သည်
စုံတွဲလေးတွဲအစား လူလေးယောက်ကိုသာ
စေလွှတ်၍ စုံတွဲနှစ်တွဲကိုသာ
ဝင်ရောက်ပြိုင်ဆိုင်စေခဲ့သည်။

ထိုအတွဲ တစ်တွဲနှင့် တွေ့ရန်မှာ၊
ကံကောင်းမှုလည်း လိုအပ်သည်။

သို့သော်လည်း လင်းဖုန်းသည် သူ၏ တပည့်များ အပေါ်တွေ ယုံကြည်ချက် ရှိပြီးဖြစ်သည်။ သူ၏ကံက မကောင်း၍ သူ၏တပည့်များသည် သူတို့နှင့် အချိန်မတိုင်မီ တွေ့ခဲ့လျှင်လည်း၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ကာ နောက်ဆုံးစယောက် အတွင်းသို့ ဝင်နိုင်သည်ဟု သူက ယုံကြည်နေသည်။

နေလဓားဂိုဏ်းမှ စုံတွဲတို့နှင့် တိုက်ခိုက်ရာတွင်၊ တစ်ယောက်သည် သူတို့၏ ပူးပေါင်းတိုက်ခိုက်နိုင်စွမ်းကို သတိထားရမည် ဖြစ်သည်။ အကယ်၍ နေလဓားဂိုဏ်းနှင့်

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့
နှစ်ဘက်စလုံးသည် နောက်ဆုံး
ဂယောက်အတွင်းသို့ ဝင်သွားပါက၊
သူတို့နှစ်ဘက်၏ တွေ့ဆုံနိုင်မှုမှာ
အလွန်မြင့်မားပေသည်။

ကျူးကော်ဖန်းလင်အား အဘယ်ကြောင့်
ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ အတွင်းသို့
ခေါ်ဆောင်သွားရသနည်း ဟူမှုကား၊
လင်းဖုန်းတွင် သူ့အကြောင်းနှင့်သူ
ရှိပြီးဖြစ်သည်။ သို့သော်လည်း
သူတစ်ယောက်ကသာ သူမ၏
အလားအလာများကို သိရှိတိုင်းတာနိုင်သဖြင့်၊

ကျန်သောသူများ အနေဖြင့် သဘောပေါက်ရန် မလွယ်ပေ။

ထို့ကြောင့် ကျူးကော်ဖန်းလင်သည် ကျန်သော အချက်အလက်များတွင် သာမန်သာ ဖြစ်သော်လည်း၊ ကောင်းချီးမင်္ဂလာ အမှတ်မှာ ဇမှတ်ရသည်ကို သူတစ်ယောက်သာ သိသည်။ သူမသည် ကံကောင်းခြင်း အဆောင်လက်ဖွဲ့ တစ်ခုဟု ပြောနိုင်သည်။

သူမ၏ ရတနာ များစွာတို့ကို ရှာဖွေနိုင်မှုမှာ သူမ၏ ရွှေရှာကြွက်လေး၏ အထောက်အကူ

များစွာပါသော်လည်း၊ သူမ၏
ကောင်းချီးမင်္ဂလာနှင့်လည်း
လုံးဝသက်ဆိုင်နေပေသည်။

ဇူရီကဲ့သို့ ကောင်းချီးမင်္ဂလာ
အမှတ်ပြည့်သမား ပါသော်လည်း၊ ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာ၏ ကျယ်ပြန့်လှသော
အရွယ်အစားကြောင့်၊ နောက်ထပ်
ကောင်းချီးမင်္ဂလာ အမှတ်မြင့်သည့်
တစ်ယောက်ကို ထပ်ထည့်လိုက်မှသာ၊
အကျိုးအမြတ်ရှိသော ခရီးတစ်ခု
ဖြစ်ပေလိမ့်မည်။

အခြားစကားလုံးဖြင့် ပြောရသော်၊ သူတို့သည် နေလခေးဂိုဏ်းမှ စုံတွဲနှင့် မကြုံတွေ့ရသည် ဖြစ်စေ၊ သို့မဟုတ် နေလခေးဂိုဏ်းက ထိပ်ဆုံး ဧယောက် အတွင်းသို့ ဝင်ရောက်ရန် မသန်မာသည် ဖြစ်စေ၊ လင်းဖုန်းအနေဖြင့် အရှုံးမရှိပေ။

သို့သော်လည်း အခုအချိန်တွင်၊ သူ၏ကံသည် သိပ်မဆိုးလှဟု ပြောရပေမည်။ ယွဲ့ဟုန်ယန်သည် နေလခေးဂိုဏ်းမှ စုံတွဲနှင့် ယှဉ်ပြိုင်ရန် မဲကျခဲ့သည်။ ထို့အပြင် ကျသင့်သည့် အဆင့်တွင် ကျခဲ့ခြင်း ဖြစ်သည်။ သူမကသာ သူမ၏ ပြိုင်ဘက်တို့ကို

အနိုင်ယူနိုင်လျှင်၊ သူမသည်
နောက်ထပ်နေရာတစ်ခု ပိုရမည်ဖြစ်သည်။

ယွဲ့ဟုန်ယန်က ထိုမဲကို ကျသည်မှာ
လင်းဖုန်းအတွက် အတော့်ကို
ကံကောင်းသည်ဟု ဆိုရပေမည်။
ကျူးကော်ဖန်းလင်နှင့် တွဲဖက်၍
တိုက်ရခြင်းသည်၊ ယွဲ့ဟုန်ယန်အတွက်
တစ်ယောက်တည်း တိုက်ရမည်ဟု
ဆိုလိုခြင်းနှင့် အတူတူပင် ဖြစ်သည်။
အကယ်၍ ယန်ချင်သာ ဖြစ်မည်ဆိုလျှင်၊
လင်းဖုန်းက ဒီလောက်ယုံကြည်ချက်
ခိုင်မာမည် မဟုတ်ပေ။

ဝမ်လင်းဖြစ်ဖြစ်၊ ယွဲ့ဟုန်ယန်ဖြစ်ဖြစ်၊ လင်းဖုန်းသည် ပို၍ သက်တောင့်သက်သာ ရှိမည်ဖြစ်သည်။

လင်းဖုန်းသည် ယန်ချင်အား သူသည်သန်မာသည်ဟု အကြိမ်ကြိမ်အားပေးနေရခြင်းသည်၊ မှန်တော့မှန်ကန်သည်။ သို့သော်လည်း 'သန်မာသည်' ဟူသော စကားလုံးသည် အဓိပ္ပာယ် သက်ရောက်မှု အမျိုးမျိုးရှိသည်။ သူသည် နှိုင်းယှဥ်၍ ပြောရသော စကားလုံးမျိုးဖြစ်သည်။

ယွဲ့ဟုန်ယန်သည် လင်းဖုန်းက သူမအား ကျိုးကော်ဖန်းလင်နှင့် အဘယ်ကြောင့် တွဲပေးရသနည်း ဆိုသည်ကို သဘောမပေါက်ခဲ့သော်လည်း၊ သူမ၏ အဘိဓာန် အတွင်းတွင် 'ကြောက်ရွံ့ခြင်း' ဟူသော စကားမျိုး မရှိခဲ့ပေ။ သူမသည် ခေါင်းကို ချက်ချင်းညိတ်ကာ ပြောလိုက်သည်။
"ဆရာ့အမိန့် အတိုင်းပါ"

သူသည် ကျိုးကော်ဖန်းလင်ဘက်သို့ လှည့်ကာပြောလိုက်သည်။
"ငါ့အနောက်မှာနေ၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်"

ကျူးကော်ဖန်းလင်သည် လုပ်ပြုံးတစ်ခုကို ကြိုးစားပြုံးလိုက်သည်။ "ဒါပေါ့၊ ဒါပေါ့" သူမ၏ ရွှေရှာကြွက်လေးသည် သူမ၏ ပခုံးကို အဆက်မပြတ် ကုတ်နေ၍၊ သူမနှင့် စိတ်ချင်းဆက်သွယ်၍ စကားပြောနေခဲ့သည်။ "ဖန်းလင်၊ ကျေးဇူးပြုပြီး မတိုက်ခိုက်ပါနဲ့။ နေလခါးဂိုဏ်းက ဟာသမဟုတ်ဘူး"

"မတိုက်နဲ့၊ ဟုတ်လား? နင်က မာစတာလင်း အရှေ့ကိုသွားပြီး ပြောလိုက်လေ။ သူက သဘောတူမှာ သေချာတယ်" ကျူးကော်ဖန်းလင်က ပြန်ဖြေလိုက်သည်။

ရွှေရှာကြွက်လေးက သူ့၏နားရွက်များကို ကုတ်လိုက်ပြီး ပြောလိုက်သည်။ "ဖန်းလင်၊ ငါတို့က အခွင့်အရေးရှာပြီး ထွက်ပြေးကြရင် မကောင်းဘူးလား? ငါတို့က ဒီနေရာမှာ ဆက်နေရင်၊ အန္တရာယ် များလွန်းတယ်"

ကျူးကော်ဖန်းလင်သည် အချိန်အတော်ကြာ ငြိမ်သက်သွားခဲ့သည်။ "မီးစင်က ကြည့်ကတာပေါ့၊ ဟုတ်ပြီလား? ငါတို့က ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာထဲကို တကယ်ပဲ ဝင်နိုင်ခဲ့ရင်၊ ပစ္စည်းကောင်းလေးတွေက အများကြီး စောင့်ကြိုနေမှာ"

"နင်က အသက်ထက်စာရင် ပိုက်ဆံတွေကို ပိုမက်သကိုး!" ရွှေရှာကြွက်လေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

လင်းဖုန်းက သူတို့နှစ်ယောက်အား ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ ပို့လိုက်ကာ တွေးနေခဲ့သည်။ "မင်းမှာ တစ်ခုခု ရှိရင်တော့၊ အစွမ်းကုန် အသုံးချပေတော့။ ဒါမှမဟုတ်ရင် အလဟာသ ဖြစ်သွားလိမ့်မယ်"

ယွဲ့ဟုန်ယန်နှင့် ကျူးကော်ဖန်းလင်တို့က ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသောအခါ၊

ပြင်ပမှ ကြည့်နေသော သူများအားလုံးမှာ မှင်သက်သွားကြသည်။ သူတို့အားလုံးသည် ယွဲ့ဟုန်ယန်၏ အဖော်မှာ ဝမ်လင်း သို့မဟုတ် ယန်ချင်ဖြစ်မည်ဟု ထင်နေကြသည်။

သို့သော်လည်း ယန်ချင်က ယခင်တိုက်ပွဲတွင် အစွမ်းပြပြီးနောက်တွင်၊ တစ်ဦးတစ်ယောက်မှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များအား အထင်မသေးရဲကြတော့ချေ။ ကျူးကော်ဖန်းလင်က မည်သည့်ထူးခြားချက်များ ရှိသနည်း ဆိုသည်ကို၊ အားလုံးက ဝိုင်း၍ အကဲခတ်နေကြလေသည်။

ကျူးကော်ဖန်းလင်မှာမူ တစ်ချိန်လုံး ရင်ထဲမှနေ၍ မေတ္တာပို့သနေခဲ့သည်။ သူမသည် သေချင်စိတ်ပင် ပေါက်နေခဲ့သည်။

"ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လက်ရင်းတပည့် တစ်ယောက်ပဲလား? နေမင်းအလင်းတန်း ဓားမာစတာ၏ မျက်လုံးအစုံမှာ လင်းလက်လာခဲ့သည်။ သူ၏ ကျင့်ကြံမှု အဆင့်နှင့်ဆိုလျှင်၊ သူမ၏ စွမ်းအား အဆင့်အတန်း အစစ်အမှန်ကို ကြည့်ရုံနှင့် သိနိုင်သည်။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ပြန်ဖြေလိုက်သည်။ "မဟုတ်ဘူး။ အတိအကျ ပြောရရင်၊ သူမက ကျွန်တော့်ရဲ့ တရားဝင် လက်မခံရသေးတဲ့ တပည့်တစ်ယောက်ပဲ"

နေမင်းအလင်းတန်း ဓားမာစတာက ပြုံးလိုက်သည်။ "မာစတာချောင်နဲ့ မာစတာလင်းတို့ရဲ့ အစောက အလောင်းအစားက ကျွန်တော့်ကို စိတ်ဝင်စားစေခဲ့တယ်။ ကျုပ်ကလည်း မာစတာလင်းနဲ့ လောင်းကြေးထပ်လို့များ ရမလား မသိဘူး"

လင်းဖုန်းက ပြုံးလိုက်သည်။ "အားလုံးက ဒီကနေ့မှာ လောင်းကစား သူတော်စင်ဆီကနေ သင်ယူနေကြတယ် ထင်တယ်"

ရှီကျုံးယွဲ့နှင့် အပြာရောင်ခန်းမ သူတော်စင်တို့သည် ပြုံးလိုက်ကြ၏။ ကျူးကော်ကွမ်း ကိုယ်တိုင်ကမူ ကျယ်လောင်စွာ ရယ်လိုက်ကာ၊ သူ့အားစသည်ကို ဂုဏ်ယူစွာနှင့် လက်ခံလိုက်သည်။ သူကပြုံးလိုက်ပြီး၊ "ကျုပ်ကို ထည့်ပြောလိုက်တော့၊

ကျုပ်ကလည်း လောင်းကြေးထပ်ဖို့
လက်ယားလာပြီဗျ"

"ကျုပ်ကို အပြစ်မတင်ပါနဲ့၊ လောင်းကစား
သူတော်စင်" နေမင်းအလင်းတန်း
ခေါ်မာစတာက ရယ်လိုက်သည်။
သူကလင်းဖုန်းအား ကြည့်လိုက်ကာ
ပြောလိုက်သည်။ "ကျုပ်က မာစတာလင်းနဲ့
လုပ်မဲ့ အလောင်းအစားက
ကျုပ်တို့တပည့်တွေရဲ့ တိုက်ပွဲရလဒ်နဲ့
ဆက်စပ်နေတယ်။ မာစတာလင်းက ကျုပ်ရဲ့
လောင်းကြေးထပ်တဲ့ ပစ္စည်းကို
ဖွေမယူပါဘူးလို့ မျှော်လင့်ပါတယ်"

သူ၏လက်ချောင်းများအား လှုပ်လိုက်ရာ၊ ကောင်းကင်ပေါ်သို့ ရွှေရောင်အလင်းတန်း တစ်ခုက ထိုးတက်သွားခဲ့သည်။ သူ၏ တောက်ပမှုမှာ နေမင်းအငယ်စားလေးနှင့် တူညီပေသည်။

"နေမင်း အဆီအနှစ် ကျောက်တုံး?" လင်းဖုန်းက ထိုကျောက်တုံးငယ်လေးအား ကြည့်လိုက်ကာ ချက်ချင်းမှတ်မိလိုက်သည်။ "ခင်ဗျားက အတော်ကို ရက်ရောတာပဲ၊ နေမင်းအလင်းတန်း ခေါးမာစတာ"

နေမင်း အဆီအနှစ် ကျောက်တုံးနှင့် လမင်းအလင်း ကျောက်တုံးတို့မှာ၊ နေလခေါးဂိုဏ်း၏ တန်ဖိုးအရှိဆုံး ရတနာ နှစ်ပါး ဖြစ်ကြသည်။ ပထမ တစ်ခုသည် နေမင်း၏ အသန့်စင်ဆုံး စွမ်းအားများကို ပိုင်ဆိုင်၍၊ ဒုတိယ တစ်ခုသည် လမင်း၏ အသန့်စင်ဆုံး စွမ်းအားများကို ပိုင်ဆိုင်သည်။

ယနေ့လက်ရှိ ကမ္ဘာကြီးတွင် နေမင်း၏ အစွမ်းအထက်ဆုံး စွမ်းအားများကို ပိုင်ဆိုင်ထားသော အရာဝတ္ထုနှစ်ခုမှာ၊ နေမင်း အဆီအနှစ် ကျောက်တုံးနှင့် မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့ ဖြစ်ကြသည်။

သို့သော်လည်း မဟာသူရိယ အကြွင်းမဲ့ မီးတောက်၏ ပြင်းထန်မှုနှင့် စာလျှင်၊ နေမင်း အဆီအနှစ် ကျောက်တုံးသည် ပို၍ နူးညံ့သိမ်မွေ့ကာ ကျင့်ကြံသူများနှင့် ပို၍ သင့်လျော်ပေသည်။

ပုံမှန် အခြေအနေတွင် နေမင်း အဆီအနှစ် ကျောက်တုံးသည် ဆန်စေ့လောက်သာ အရွယ်ရှိသည်။ သို့သော်လည်း ထိုကဲ့သို့ ကျောက်တုံးသေးသေးလေးမှ စုပ်ယူနိုင်သော စိတ်ဝိညာဉ် စွမ်းအင်တို့မှာ၊ အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အတွက် ကောင်းကောင်းကြီး လုံလောက်သည်။

ရွှေရောင်ဇဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က သူ၏စွမ်းအား အကုန်လုံးကို စုပ်ယူမည်ဆိုလျှင်၊ အချိန်အကြာကြီး ပေးရမည် ဖြစ်သည်။

လင်းဖုန်း၏ ရည်ရွယ်ချက်က မည်သို့ပင်ရှိသည် ဖြစ်စေကာမူ၊ နေလခေါ်းဂိုဏ်းမှ ကျင့်ကြံသူများက စုံတွဲတိုက်ခိုက်နိုင်သည် ဟူသော အကြံပြုချက်သည်၊ နေလခေါ်းဂိုဏ်းအား အကျိုးရှိစေခဲ့သည်။ နေမင်းအလင်းတန်း ခေါ်းမာစတာသည်လည်း အပြန်အလှန် အနေဖြင့်၊ လောင်းကြေးထပ်လိုက်ခြင်း

ဖြစ်သည်။ သူသည် ဒေါသကြောင့်
အလောင်းအစားလုပ်ခြင်း မဟုတ်ပဲ၊
လင်းဖုန်းက ယွဲ့ဟုန်ယန်
အပေါ်တွင်ထားသည့် ယုံကြည်ချက်
မည်မျှရှိသည်ကို သိလိုစိတ်ဖြင့်
လောင်းခြင်းဖြစ်သည်။

လင်းဖုန်းကလည်း သူ၏ ရည်ရွယ်ချက်များကို
ချက်ချင်းသိလိုက်သည်။ ထို့ကြောင့်
သူသည်လည်း နေမင်းအလင်းတန်း
ဓားမာစတာကို မလိမ်ညာချင်နေခဲ့ပေ။
သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ၊
အနက်ရောင် သတ္တုတစ်စသည် လေပေါ်သို့

ဝဲပျံလာခဲ့သည်။ ဒါသည် မှောင်မိုင်းသော အလင်းမဲ့ သတ္တု ဖြစ်သည်။

မှောင်မိုင်းသော အလင်းမဲ့ သတ္တုသည် လျှို့ဝှက်ဆန်းကြယ်သော သတ္တုခြောက်မျိုးတွင် တစ်ခုအပါအဝင် ဖြစ်ပြီး၊ ဓားပျံများကိုထုတ်လုပ်ရာတွင် အကောင်းဆုံး ပစ္စည်းဖြစ်သည်။ ဓားပျံများကို ထုလုပ်ရာတွင် သူ့အား အနည်းငယ် ထည့်လိုက်ရုံနှင့်ပင်၊ ဓားပျံ၏ အစွမ်းမှာ နောက်တစ်ဆင့် တက်သွားမည်ဖြစ်သည်။

ခေါးကျင့်ကြံသူများ အနေနှင့်ဆိုလျှင် ဒါသည်
အလွန်တရာမှ တန်ဖိုးရှိလှသော
ပစ္စည်းဖြစ်သည်။ ထိုလောင်းကြေးမှာ
နေမင်းအလင်းတန်း ခေါးမာစတာအား
အလွန်အားရကျေနပ် စေခဲ့သည်။
လောင်းကြေး နှစ်ခုစလုံးမှာ တန်ဖိုးချင်း
ညီမျှပေသည်။

လင်းဖုန်းက ပြောလိုက်သည်။
"အရင်အတိုင်းပဲ၊ ကျုပ်တို့တပည့်တွေက
ကျုပ်တို့ရဲ့ လောင်းကြေးတွေ ရစေရမယ်"

နေမင်းအလင်းတန်း ခါးမာစတာက
ခေါင်းညိတ်လိုက်သည်။ "ဒါပေါ့"

နှစ်ဦးနှစ်ဘက်သာ သဘောတူညီမှု
ရအပြီးတွင်၊ ယွဲ့ဟုန်ယန်နှင့်
ကျူးကော်ဖန်းလင်တို့သည် ပုန်းကွယ်နေသော
နဂါးချောက် အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။ သူတို့၏
ပြိုင်ဘက်ဖြစ်သော စွမ်းအားများ အပြည့်နှင့်
ကောင်လေးနှင့် ကောင်မလေး
နှစ်ယောက်တို့သည်၊ ကြိုရောက်နေကြပြီး
ဖြစသည်။

ခေးကျင့်ကြံသူများ ပီသစွာ၊ နေလခေးဂိုဏ်းမှ တပည့်တို့သည် လွန်စွာထက်မြက်ကြသည်။ အမျိုးသား ကျင့်ကြံသူဖြစ်သော လီပင်ချင်းနှင့် အမျိုးသမီး ကျင့်ကြံသူဖြစ်သော ကျိုးယုဟွာတို့ နှစ်ယောက်စလုံးသည် ခေးအိမ်အတွင်းမှ ထုတ်လိုက်ပြီးသော ခေးများနှင့် တူနေကြသည်။

ကျူးကော်ဖန်းလင်သည် ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ ရောက်သွားပြီးသော အခါတွင်၊ ယွဲ့ဟုန်ယန်အား လှည့်ပင်မကြည့်တော့ပဲ ထောင့်တစ်ထောင့်သို့ လျှင်မြန်စွာ ပြေးဝင်သွားခဲ့သည်။

သူမသည် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ အတွင်းသို့ ဝင်ချင်နေ၏။ သို့သော်လည်း ထိုသို့ဝင်နိုင်ရန်၊ အရင်ဆုံး အနေဖြင့် သူမ၏ မျက်စိရှေ့မှ တိုက်ပွဲအား နိုင်အောင် အရင်တိုက်ရပေမည်။ သူမ၏ တာဝန်မှာ ယွဲ့ဟုန်ယန်အား အနှောက်အယှက် မပေးမိရန်ဟု ကျူးကော်ဖန်းလင်က ယုံကြည်ထား၏။ ဒါသည် သူမတတ်နိုင်သမျှ အကောင်းဆုံး ကူညီခြင်းပင် ဖြစ်ပေတော့သည်။

ထိုကဲ့သို့သော တိုက်ပွဲတွင်၊ သူမသည် သူမ၏ အဖော်သည် အားကိုးရပါစေဟု ဆုတောင်းရုံသာ တတ်နိုင်ခဲ့သည်။

သူမ၏ အပြုအမူအား ကြည့်လိုက်ပြီးသော်၊ ယွဲ့ဟုန်ယန်၏ မျက်နှာတွင် သဘောတူသော အရိပ်အယောင်တစ်ခု ပေါ်လာခဲ့သည်။ ကျူးကော်ဖန်းလင်က ပျောက်ကွယ်သွားပြီး နောက်တွင်၊ သူမသည် မည်သည့်စကားကိုမှ မပြောခဲ့ပေ။ သူမသည် သူမ၏ အနက်ရောင် ခါးသွားပါ လုံတံရှည်အား ကိုင်မြှောက်ကာ၊ လီပင်ချင်းနှင့် ကျိုးယုဟွာတို့ထံ ပြေးဝင်သွားခဲ့သည်။

ထိုမြင်ကွင်းကို ကြည့်လိုက်အပြီးတွင်၊ လီပင်ချင်းနှင့် ကျိုးယုဟွာတို့သည် မတင်မကျ ဖြစ်သွားကြသည်။ ကျိုးယုဟွာက သံသယဖြစ်လှစွာနှင့် မေးလိုက်သည်။ "ဟိုကောင်မလေးက ချုံခိုတိုက်ခိုက်ဖို့ ကြံနေတာလား?"

လီပင်ချင်းက ပြန်ဖြေလိုက်သည်။ "သတိထား၊ သူမကို ပျောက်ကွယ်သွားစေပြီး သူများတွေကို ခြုံခိုတိုက်ခိုက်တဲ့ မှော်ကျိန်စာ တစ်ခုကို လေ့ကျင့်ထားတယ်နဲ့ တူတယ်"

ယွဲ့ဟုန်ယန်ကိုမူ သူတို့နှစ်ယောက်က
သိပ်မပူပန်ခဲ့ပေ။ ဒါကလည်း သူတို့က
သူမအား လျှော့တွက်ထား၍ မဟုတ်ပေ။
သူတို့အနေဖြင့် လက်ရှိအဆင့်သို့
တက်လာနိုင်ခြင်းအတွက်၊ သူတို့ကိုယ့်ကိုယ်
ယုံကြည်မှု အတော်အတန် ရှိနေ၍ဖြစ်သည်။

လီပင်ချင်းသည် ဟိန်းဟောက်လိုက်ကာ၊
သူတို့ဂိုဏ်း၏ နေမင်းအလင်းတန်း
ဓားကျမ်းစာအား ဖော်ထုတ်လိုက်သည်။
သူသည် အလင်းတန်း အပြည့်နှင့်
ဓားတစ်ချက်ကို ခုတ်ချလိုက်၏။ သူ၏
ခန္ဓာကိုယ် တစ်ခုလုံးမှာ နေမင်းပုံသဏ္ဍာန်သို့

ပြောင်းသွားခဲ့၍၊ နေမင်းအလင်းတန်း
များစွာတို့သည် ယွဲ့ဟုန်ယန်ထံသို့
ခုတ်ချလာခဲ့သည်။

သို့သော်လည်း ကျိုးယုဟွာသည် နောက်သို့
ခြေတစ်လှမ်း ဆုတ်လိုက်ကာ၊ သူမ၏
လမင်းအလင်းရောင် ကျမ်းစာအား
ဖော်ထုတ်လိုက်သည်။ သူမ၏ ခန္ဓာကိုယ်သည်
တောက်ပလာခဲ့ကာ၊ ညကောင်းကင်ယံမှ
တိမ်တိုက်များကဲ့သို့ ကြည်လင်သွားခဲ့သည်။
အဖြူရောင် ဓားအလင်းစက် အနည်းငယ်သာ
ကျန်နေခဲ့သည်။

သူတို့၏ နည်းစနစ်မှာ လီပင်ချင်းက တိုက်စစ်ဆင်၍၊ ကျိုးယုဟွာက စစ်ကူပေးရန် ဖြစ်သည်။ သို့သော်လည်း သူတို့၏ တကယ့်အကြံမှာ လီပင်ချင်းက သူ၏ပြိုင်ဘက်အား အာရုံပျံ့လွင့်အောင် လုပ်ပြီး၊ ကျိုးယုဟွာက အရိပ်အတွင်းမှ ခြုံခိုတိုက်ခိုက်ကာ၊ သေစေနိုင်သော ခေးချက်များဖြင့် ထိုးနှက်တိုက်ခိုက်မည် ဖြစ်သည်။

ဤအချိန်တွင်လည်း ဒီအတိုင်းဖြစ်သည်။ သို့သော်လည်း ကျိုးယုဟွာသည် သူမနည်းတူ ခြုံခိုတိုက်ခိုက်မည်ဟု ထင်နေသော၊

ကျူးကော်ဖန်းလင်အား သတိထား၍
စောင့်ကြည့်နေရသည်။

သူမ၏ လှုပ်ရှားမှုများကို ဘေးမှကြည့်နေသူ
အားလုံးကလည်း မြင်တွေ့နေရသည်။
လူအများစုမှာ သူမ၏ လုပ်ဆောင်ချက်များကို
သဘောတူနေကြသည်။ သူတို့သည် သူမ၏
အဓိက တာဝန်မှာ လျှင်မြန်စွာ နိုင်ပွဲရရန်
မဟုတ်ပဲ၊ ခြုံခိုတိုက်ခိုက်နိုင်မှုကို
ကာကွယ်တားဆီးရန်ဖြစ်သည်ဟု
ယုံကြည်ထားကြသည်။ သူမသည် သူမ၏
တာဝန်ကို သေချာစွာ စဉ်းစားထားပြီးပုံ
ပေါက်နေသည်။

သို့သော်လည်း ရှောင်ပုတန်လေးတို့၏ မျက်လုံးထဲတွင်မူ၊ ဒါသည် ဟာသလုံးလုံး ဖြစ်နေသည်။

သူတို့ဘေးမှ လူများသည်လည်း ဖွဖွလေး ပြုံးလိုက်ကြသည်။ လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "ဟုတ်တယ်၊ ရှောင်ဖယ်တဲ့ နေရာမှာလည်း နည်းစနစ်တွေ လိုအပ်တာပဲ"

သူသည် နေမင်းအလင်းတန်း ဓားမာစတာအား လှည့်ကြည့်လိုက်ရာ၊

သူကလည်း ခါးသီးစွာ ရယ်လိုက်ပြီး
ခေါင်းကိုခါလိုက်ကာ ပြန်ကြည့်လိုက်၏။
"သူတို့က သူတို့ဘာလုပ်နေမှန်း သိပုံမရဘူး"

## စာစဉ် ၁၆ : အပိုင်း ၁၃

## အပိုင်း ၂၈၃ : အားလုံး၏ အာရုံစူးစိုက်မှုကို ဆွဲဆောင်ခြင်း

နေလစားဂိုဏ်းမှ တပည့်များသည်
စိတ်ရှုပ်ထွေးသွားကြသည်။

လီပင်ချင်း၏ နေမင်းအလင်းတန်း
ခေါးကျမ်းစာသည် တိုက်စက်ကို
အလေးပေးကာ၊ ကျိုးယုဟွာ၏
လမင်းအလင်းရောင် ခေါးကျမ်းစာသည်
ထောင့်တစ်ထောင့်တွင် ပုန်းကွယ်နေကာ၊
လီပင်ချင်းအား အထောက်အကူပေးရန်
ဖြစ်သည်။ လီပင်ချင်းက ပြိုင်ဘက်အား
အာရုံလွှင့်အောင် လုပ်ဆောင်ထားချိန်တွင်၊
သူမက ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်သည်။

ပုံမှန်အချိန်တွင် သူမတို့ တိုက်ခိုက်လျှင်
လီပင်ချင်းက ရန်သူအား

တိုက်ခိုက်နေချိန်တွင်၊ သူမက
အခွင့်ကောင်းကို ရှာနေရမည် ဖြစ်သည်။

သို့သော်လည်း ယွဲ့ဟုန်ယန်နှင့်
ကျူးကော်ဖန်းလင်တို့၏ အပြုအမူများသည်၊
သူတို့နှင့် အတော်ပင် ဆင်တူနေကြသည်။
ထို့ကြောင့် လီပင်ချင်းနှင့် ကျိုးယုဟွာတို့သည်
သူမတို့၏ ရန်သူများက၊ သူမတို့ကဲ့သို့
နည်းဗျူဟာများကို ကျင့်သုံးနေကြသည်ဟု
ထင်နေကြ၏။

ထို့ကြောင့် သူတို့နှစ်ယောက်သည်
ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုများကို

ရင်ဆိုင်နေရချိန်တွင်၊ သူတို့၏
ပတ်ဝန်းကျင်သို့ အာရုံဖြန့်ထားကြကာ၊
ကျူးကော်ဖန်းလင်၏ အချိန်အရွေး
ဝင်ရောက်လာနိုင်မှုကို
အသင့်ပြင်ထားကြသည်။

သူတို့သည် ကျူးကော်ဖန်းလင်၏ ကျင့်ကြံမှု
အဆင့်မှာ အခြေခံအုတ်မြစ် စဦးပိုင်း
အဆင့်တွင်သာ ရှိသေးသည်ကို
သိထားကြသော်လည်း၊ ဝမ်လင်းနှင့်
ယန်ချင်တို့မှာ သူတို့၏ တိုက်ခိုက်မှု
စွမ်းရည်များကို ထုတ်ဖော်ပြသထားကြ၍၊
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူများအား

ကျင့်ကြံမှု အဆင့်နှင့် ဆုံးဖြတ်၍ မရသည်ကို သိထားကြသည်။

ထို့ကြောင့်ပင်၊ ကျူးကော်ဖန်းလင်သည် ယခုအချိန်တွင် ဘာများလုပ်နေသနည်း?

လှိုမြောင်များအကြားက တောအုပ်လေးထဲတွင်၊ ကျူးကော်ဖန်းလင်သည် သစ်ပင်ကြီး တစ်ပင်၏ အောက်တွင် တင်ပုလ္လင်ခွေ ထိုင်နေခဲ့သည်။ သူမ၏ ပြိုင်ဘက်နှစ်ယောက်သည် အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင် ရှိနေကြသည်ကို

သိထားသဖြင့်၊ သူမ၏ ချီခာတ်ကို တစ်စက်မှ
မပျံ့လွင့်အောင် ထိန်းချုပ်နေခဲ့သည်။
သူမသည် ချီခာတ် အနည်းငယ်မျှ
ထုတ်လွှတ်မိပါက၊ သူမအား
ရှာဖွေတွေ့ရှိသွားမည်ကို
စိုးရိမ်ထိတ်လန့်နေခဲ့သည်။

ကျူးကော်ဖန်းလင် သိထားသမျှဆိုလျှင်၊
နှစ်ယောက်ချင်း တိုက်ပွဲတွင်၊ သူတို့၏
ပြိုင်ဘက်များသည် အားနည်းသောသူကို
အရင်ရှင်းပစ်၍ ပိုအားကောင်းသောသူကို ပြီးမှ
ပစ်မှတ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် သူမ၏ အားနည်းချက်ကို
အပြည့်အဝ သဘောပေါက်ထား၍၊
ကျူးကော်ဖန်းလင်သည် သူမကိုယ်သူမ
သေချာစွာ ဖုံးကွယ်ထားခဲ့သည်။ သူမ၏
အကြီးမားဆုံး ကြောက်ရွံ့မှုမှာ ရှာဖွေတွေ့ရှိ
ခံလိုက်ရပြီး၊ သူမပြိုင်ဘက်တို့၏
ရှင်းလင်းပစ်ခြင်းကို ခံရမည်ကိုဖြစ်သည်။

"ရွှေ၊ ငါက ချီခတ်ကို လုံးဝရုပ်သိမ်းလိုက်ပြီး
ခန္ဓာကိုယ် တစ်ခုလုံးကိုလည်း
ဆောင်းခိုသလိုမျိုး နေနေခဲ့ပြီး၊ မှော်စွမ်းအင်
တစ်စလေးကိုမှ မထုတ်လွှတ်နေခဲ့ဘူး။
သူတို့က ငါ့ဆီက ရန်လိုမှု တစ်စွန်းတစ်စမှ

ခံစားမိမှာ မဟုတ်ဘူး၊ ငါ့ရဲ့ ခန္ဓာကိုယ် အပူချိန်ကိုတောင်မှပေါ့! ဒီလိုမျိုးဆိုရင် ငါ့ကို ရှာတွေ့မှာ မဟုတ်နိုင်ဘူး၊ ဟုတ်တယ်မလား?" ကျူးကော်ဖန်းလင်သည် သူမ၏ ရွှေရှာကြွက်လေးကို ပြုံးရွှင်စွာနှင့် ပြောလိုက်သည်။

ရွှေရှာကြွက်လေးသည် သူမ၏ ပုခုံးပေါ်တွင် နေနေခဲ့ကာ၊ နဂိုက ထောင်ထောင်ထောင်ထောင် ရှိနေသော နားရွက်ကို ကုတ်ထားခဲ့သည်။ သူသည်လည်း သူ၏ချီခြေတတ်ကို ဖုံးကွယ်ထားရန် ကြိုးစားနေခဲ့သည်။

သူသည် ကျူးကော်ဖန်းလင်၏
စိတ်ချင်းဆက်သွယ်ကာ ပြောလိုက်သော
စကားကို ကြားလိုက်ချိန်တွင်၊ အလောတကြီး
ပြန်ပြောလိုက်သည်။ "ရှူး၊ ဖန်းလင်၊
ပြိုင်ဘက်တွေရဲ့ ကျင့်ကြံမှု အဆင့်က
ငါတို့ထက် အများကြီး မြင့်တယ်။ ငါတို့က
လုံးဝ ဆက်သွယ်မှုတွေ မလုပ်ရင်
အကောင်းဆုံးပဲ"

ကျူးကော်ဖန်းလင်သည်လည်း
လေးနက်လာခဲ့ကာ ပြောလိုက်သည်။

"နင်ပြောတာမှန်တယ်၊ ငါက
ပေါ့ဆသွားခဲ့တယ်"

ပြီးတာနှင့် သူမသည် ရွှေရှာကွက်လေးနှင့်
ဆက်သွယ်မှုများကို ဖြတ်တောက်လိုက်ကာ၊
သူမကိုယ်သူမ အကောင်းဆုံး ကြိုးစား၍
သက်မဲ့ကျောက်တုံး သို့မဟုတ်
သစ်တုံးကြီးတစ်ခုပမာ ဟန်ဆောင်၍
နေခဲ့ပေတော့သည်။

ထိုသို့ပြုလုပ်နေခြင်းကြောင့်၊ လီပင်ချင်းနှင့်
ကျိုးယုဟွာတို့သည် သူမအား
ရှာမတွေ့နိုင်ကြချေ။ ကျိုးယုဟွာသည်

အနည်းငယ် ပူပန်လာ၏။ "ကျွန်မက သူမဆီက ဘာကိုမှ မခံစားရဘူး။ သူမက ဘယ်နေရာမှာ ပုန်းနေတာလဲ? ကျွန်မတို့က ယွဲ့ဟုန်ယန်ရဲ့ တိုက်ခိုက်မှုတွေကိုလည်း ခုခံနေရသေးတယ်။ ကျွန်မက သူမကို ရှာဖို့ တစ်ခုတည်းသော အာရုံစိုက်ရမယ်ဆိုရင်၊ သူမကို ရှာတွေ့နိုင်မှာ သေချာတယ်"

ပုန်းကွယ်နေသော နဂါးချောက်၏ အပြင်ဘက်တွင်မူ၊ ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့သည် ကိုယ့်ကိုယ်ကိုယ် ဖုံးကွယ်နေသော ကျူးကော်ဖန်းလင်နှင့်၊ သတိကြီးစွာ ထားနေကြသော နေလခေးဂိုဏ်း

စုံတွဲတို့အား ကြည့်နေကြကာ၊ တစ်ဝါးဝါးနှင့် ပွဲကျနေကြသည်။

ဝမ်လင်း၏ နှုတ်ခမ်းအစုံသည်လည်း တွန့်သွားခဲ့ကာ၊ "ဒါလည်းပဲ အသက်ရှင်နိုင်ဖို့ နည်းဗျူဟာ တစ်မျိုးလို့ပဲ တွက်ရမှာပေါ့?"

ယန်ချင်က ဣန္ဒြေရရဖြင့် ပြောလိုက်သည်။ "ဒါက ချုပ်တည်းခြင်း ပုံစံတစ်မျိုးပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်" ဇူရီက ထောက်ခံလိုက်ရင်း အနောက်သို့

လှည့်လိုက်ရာ၊ သူ၏ ပုခုံးတို့သည် အနည်းငယ်
တုန်ခါသွားခဲ့သည်။

ပို၍ပို၍ များသောသူတို့သည် တကယ်တမ်း
မည်ကဲ့သို့ ဖြစ်ပျက်နေကြသည်ကို
ရိပ်စားမိလာကြ၍၊ ကြိတ်ရယ်နေကြသံများကို
ပို၍ပို၍ ကြားလာရ၏။ နေလခားဂိုဏ်းမှ
အကြီးအကဲများသည် ချောက်အတွင်းမှ
ထုတ်လွှတ်နေသော ပုံရိပ်တို့ကို
မည်းမှောင်နေသော မျက်နှာများဖြင့်
ကြည့်နေကြသည်။

"ငတုံးငအ နှစ်ကောင်!" နေလခေါးဂိုဏ်းမှ ကျင့်ကြံသူတို့သည် ချောက်အတွင်းသို့ ပြေးဝင်သွားချင်စိတ် ပေါက်နေကြ၏။

အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲ အချို့မှာ၊ ချောက်အတွင်းသို့ ခုန်ဝင်သွား၍ လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏ အင်္ဂါလက်စများကို ဆွဲယမ်းကာ ပြောချင်နေကြသည်။
"ဉာဏ်ရည်မမှီတဲ့ကောင်တွေ! မင်းတို့ သတိထားနေတဲ့သူက တကယ်ဆိုရင် အားနည်းတဲ့ လူသစ်လေးပဲ!"

ထိုသို့ဆိုလျှင် သူတို့နှစ်ယောက်သည် လူသစ်ထက်ပို၍ အားနည်းသော လူသစ်လေးများ ဖြစ်သွားမည် မဟုတ်ပါလော!

နေမင်းအလင်းတန်း ခေးမာစတာ၏ အမူအရာသည် သိပ်ပြောင်းလဲခြင်း မရှိပေ၊ သို့သော်လည်း သူ၏ မျက်နှာသည် အနည်းငယ် ရှုံ့မဲ့သွားခဲ့ကာ၊ "ကျုပ်တို့ကတော့ ဟာသလုံးလုံး ဖြစ်ပါပြီဗျာ"

ပို၍ အသက်ကြီးသော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အချို့က သူ့အား

နှစ်သိမ့်ပေးကြလေသည်။ "ဒါ.. ဒါက၊ ဆုံးဖြတ်ချက် ချတဲ့နေရာမှာ မှားသွားတဲ့ အမှားလေး တစ်ခုပါပဲ"

ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊ ကျိုးယုဟွာသည် ကျူးကော်ဖန်းလင်အား ရှာ၍ကောင်းနေဆဲတွင်၊ လီပင်ချင်းမှာ ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုများ အောက်တွင် ပြားပြားဝပ်နေခဲ့ပြီ ဖြစ်သည်။

ယွဲ့ဟုန်ယန်၏ ခေးသွားပါ လှံတံရှည်သည် လေပေါ်တွင် ပျံဝဲသွားသည်နှင့်အမျှ၊ သူမ၏ တိုက်ခိုက်မှုများသည် ပို၍ပို၍

ခက်ထန်လာခဲ့သည်။ သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မီးလုံးတစ်လုံး အဖြစ်သို့ ပြောင်းသွားခဲ့ကာ၊ လီပင်ချင်း၏ နေမင်းပုံသဏ္ဍာန် ဓားအလင်းတန်းအား ဝါးမျိုရန် ကြိုးစားသကဲ့သို့ ဖြစ်နေခဲ့သည်။

ကျိုးယုဟွာသည် ပိုမို၍ စိတ်လှုပ်ရှား ဒေါသထွက်လာခဲ့သည်။ "သေစမ်း! မင်းက ပေါ်မလာရင်လည်း၊ ငါတို့က နှစ်ယောက်ပေါင်းပြီး ဟိုကြမ်းတမ်းတဲ့ ကောင်မကို အရင်ဖြေရှင်းလိုက်မယ်"

"မင်းရဲ့ မဟာမိတ်ကို ကူညီဖို့အတွက်၊ မင်းက ထွက်လာရမှာပဲ။ မင်းရဲ့ အဖော်က ရှုံးနိမ့်သွားရင်၊ မင်းကလည်း ဘာမှလုပ်လို့ရတော့မှာ မဟုတ်ဘူး။ မင်းက ဘယ်အချိန်အထိ ပုန်းနေနိုင်မလဲ ဆိုတာကို စောင့်ကြည့်ရသေးတာပေါ့"

အဖြူရောင်ဖျော့ဖျော့ ခါးအလင်းတန်း တစ်ခုသည် ရုတ်တရက် တောက်ပလာခဲ့သည်။ ညအချိန်တွင် တိမ်များကင်းစင်သွား၍၊ လမင်းအား မြင်လိုက်ရသည်နှင့် တူနေပေသည်။

ကျိုးယုပ်ပွားသည် နောက်ဆုံးတွင်
စတင်တိုက်ခိုက်လိုက်တော့သည်။ သူမ၏
လမင်းအလင်းရောင် ဓားကျမ်းစာကို
အသုံးပြု၍၊ လီပင်ချင်း၏ နေမင်းအလင်းတန်း
ဓားကျမ်းစာနှင့် တွဲဖက်လိုက်ကာ၊ နှစ်ဦးသား
ယွဲ့ဟုန်ယန်ထံသို့ တပြိုင်နက်ထဲ
ချီတက်သွားကြသည်။

လီပင်ချင်း၏ နေမင်းအလင်းတန်း
ဓားကျမ်းစာသည် အစွမ်းကုန်
တောက်ပလာခဲ့သည်။
ရွှေရောင်ဓားအလင်းတန်းပေါင်း
မြောက်မြားစွာတို့သည်

မိုးသီးမိုးပေါက်များပမာ၊ ယွဲ့ဟုန်ယန်၏
အပေါ်သို့ ကျလာခဲ့ကာ သူမအား
လွှမ်းခြုံထားလိုက်သည်။

ယွဲ့ဟုန်ယန်၏ မျက်ခုံးအစုံမှာ
တွန့်သွားခဲ့သည်။ ရွှေရောင်အလင်းတန်းများ
အတွင်းတွင် အဖြူရောင် ဖျော့ဖျော့နှင့်
အလင်းတန်းအချို့အား
ကွယ်ဝှက်ထားသည့်ကို၊ သူမက
တွေ့ရှိလိုက်ရသည်။

ထိုအဖြူရောင် ခေါးအလင်းတန်းများမှာ
မှိတ်တုတ်မှိတ်တုတ် ဖြစ်နေကြသည်။

သူတို့၏ အရေအတွက်မှာ ၁၀ထက်
မပိုခဲ့သော်လည်း၊ သူတို့၏ စွမ်းအားများက
သူမအား စိတ်ပူစေခဲ့သည်။ အထူးသဖြင့်
ရွှေရောင် ဓားအလင်းတန်းများ အကြားတွင်
မြှုပ်နှံထားသော အရာများ ဖြစ်သည်။
သူတို့သည် အဆက်မပြတ် ပြောင်းလဲနေကာ၊
ခန့်မှန်းရ ခက်ခဲလှ၏။ သူတို့၏ စွမ်းအားကို
၁၀နှင့် မြှောက်ထားသလို ဖြစ်နေခဲ့သည်။

ချောက်ပြင်ပမှ တိုက်ပွဲအားကြည့်ကာ
ရယ်နေကြသော လူအားလုံးထံမှ၊ ရယ်သံများ
ရပ်ကုန်ကြသည်။ အားလုံးတို့သည် သူတို့၏
အရှေ့မှ မြင်ကွင်းအားကြည့်ကာ

တွေးနေကြသည်။ "နေလဓားဂိုဏ်းရဲ့ အဖွဲ့လိုက် တိုက်ခိုက်မှု စွမ်းရည်ဟာ တကယ်ကို ကြောက်မက်ဖွယ် ကောင်းလှပါတယ်"

အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ အားလုံးတို့သည် သူတို့ကိုယ်သူတို့ တွေးနေကြသည်။ "ငါကသာ သူတို့နဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင်၊ အနိုင်ရနိုင်ပါ့မလား?"

ထိုအကြောင်းကို အသေအချာ တွေးပြီးသည့်နောက်တွင်၊ သူတို့သည် သူတို့၏ ခေါင်းများကို ခါလိုက်ကြ၏။

ထိုအချိန်တွင် သူတို့သည် အစေ့ပိုင်းက
လီပင်ချင်းနှင့် ကျိုးယုဟွာတို့အား
လှောင်ပြောင်မိကြသည်ကို
အရှက်ရလာကြ၏။

အခြားတစ်ဘက်တွင်မူ၊ နေလစေ့ဂိုဏ်းမှ
တပည့်များသည်
ခေါင်းပြန်ထောင်နိုင်လာကြပေသည်။

ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊
ပတ်လည်ဝိုင်းနေသော တိုက်ခိုက်မှုများ
အားလုံးတို့သည် သေစေနိုင်သော

သိုင်းကွက်များ ဖြစ်ကြသည်။ ကြီးမားလှသော ဖိအားတို့သည် ယွဲ့ဟုန်ယန်၏ အဆုတ်တို့ကို ဖိချေနိုင်ခဲ့သည်။ သူမသည် အသက်ရှူမသွင်းနိုင်သလို၊ ရှိုက်လည်း မထုတ်နိုင်ခဲ့ပေ။ သေမင်း၏ အငွေ့အသက်များသည် သူမအပေါ်တွင် တဖြည်းဖြည်း လွှမ်းခြုံလာခဲ့သည်။

ထိုတမျှ ကြီးမားသော ဖိအားများအောက်တွင်၊ ယွဲ့ဟုန်ယန်သည် အပြုံးမပျက်ခဲ့ပေ။

ထိုအပြုံးနှင့်အတူ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်တို့သည်၊ ယွဲ့ဟုန်ယန်၏

ခန္ဓာကိုယ်အား လွှမ်းခြုံသွားခဲ့သည်။
သူမသည် အပေါ်သို့ကြည့်ကာ
ဟိန်းဟောက်လိုက်၍၊ သူမ၏ ခန္ဓာကိုယ်
တစ်ခုလုံးသည် မိုးပေါ်သို့ ပျံတက်သွားခဲ့သည်။
နောက်ဆုတ် တိမ်းရှောင်ရမည့်အစား၊
သူမသည် နေလဓားဂိုဏ်းမှ စုံတွဲရှိရာသို့
ဦးတည်သွားခဲ့ကာ၊ သတ်ဖြတ်ရန်
ပြင်ဆင်လိုက်သည်။

မင်းတို့က လူအရေအတွက်
ဘယ်လောက်ပဲရှိရှိ၊ ငါက မင်းတို့ကို
သတ်မယ်! မင်းတို့အားလုံးကို သတ်ပစ်မယ်!

ခေးသွားပါ အနက်ရောင် လုံတံရှည်သည်
လေထုအတွင်းတွင် လျှင်မြန်စွာ
လည်ပတ်နေ၍ ဝဲကတော့ တစ်ခုအဖြစ်သို့
ပြောင်းသွားကာ၊ ပြင်းထန်စွာ
ထကြွလှုပ်ရှားနေကြသော ရွှေရောင်
ခေးအလင်းတန်းများကို
ဖျက်ဆီးပစ်လိုက်ကြသည်။

ပြင်းထန်လှသော အင်အားရှိသည့် ခေးသွားပါ
အနက်ရောင် လုံတံရှည်လေးသည်၊
လည်ပတ်နေရင်းနှင့် တခါတရံ ဦးတည်ချက်
ပြောင်းသွားခဲ့ကာ၊ ခန့်မှန်းရ ခက်ခဲစေခဲ့သည်။
သူသည် လေထုအတွင်းတွင်

ဖြတ်တောက်မှုပေါင်း များစွာတို့ကို ပြုလုပ်ပြီးသွားသောအခါ၊ သူသည် ဧရာမ ပိုက်ကွန်တစ်ခု အသွင်ကို ဖန်ဆင်းနိုင်ခဲ့သည်။ ပို၍တိကျစွာ ပြောရသော်၊ သူမသည် ကျိုးယုဟွာ၏ ခန့်မှန်းရ ခက်ခဲသော အဖြူရောင် ဓားအလင်းတန်းများကို၊ ပိုက်ကွန်အတွင်းတွင် အမိခံလိုက်ရသော ငှက်ငယ်ကလေးများကဲ့သို့ ဖမ်းချုပ်ထားနိုင်ခဲ့သည်။

ယွဲ့ဟုန်ယန်သည် လုံတံရှည် နည်းစနစ် နှစ်မျိုးစလုံးအား ဖော်ထုတ်ပြသနိုင်ခဲ့သည်။ အလွန်အမင်း ခက်ထန်သော နည်းစနစ်နှင့်

အလွန်အမင်း မာယာများသော နည်းစနစ်တို့ ဖြစ်ကြသည်။ ထိုနည်းစနစ် နှစ်မျိုးစလုံးအား အသုံးချလိုက်ကာ၊ သူမ၏ ခန္ဓာကိုယ် စွမ်းရည်နှင့် ပေါင်းစပ်လိုက်၍၊ ယွဲ့ဟုန်ယန်သည် နေလဓားဂိုဏ်းမှ စုံတွဲတို့၏ နောက်ထပ် ဓားကွက်အနည်းငယ်တို့ကို ရင်ဆိုင်နိုင်ခဲ့သည်။

နေနှင့်လတို့၏ ဓားနှစ်စင်း။

နေမင်းအလင်းတန်း ဓားကျမ်းစာသည် ခက်ထန်မှုကို ရှေးရှု၍၊ လမင်းအလင်းရောင် ဓားကျမ်းစာသည် မာယာအား ဦးစားပေးသည်။

ပေါင်းစည်းတိုက်ခိုက်လိုက်လျှင်၊
ထိုနှစ်မျိုးသည် ရောယှက်သွားကြမည်
ဖြစ်သည်။

သို့သော်လည်း၊ ထိုအချိန်တွင်၊
ယွဲ့ဟုန်ယန်သည် တစ်ယောက်တည်း ဖြစ်၏။
သူမ၏ လုံတံရှည်သည်လည်း ခက်ထန်မှုနှင့်
မာယာများမှုတို့ကို ပြသနိုင်ခဲ့ချိန်တွင်၊
သူမသည် သူတို့နှစ်ယောက်ထက် တစ်စက်မှ
နိမ့်မကျနေခဲ့ပေ။

မြောက်ပိုင်းမျိုးနွယ်စုမှ ခေါင်းဆောင်၊
လက်ဝဲမင်းသားရှန်သည် ထိုမြင်ကွင်းကို

မျက်လုံးများ ပြူးလာသည်အထိ
စိုက်ကြည့်နေခဲ့ပြီး အာမေဋိတ်ပြုခဲ့သည်။
"သူမရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်နဲ့ဆိုရင်၊
ယုံနိုင်ဖွယ်မရှိအောင်
အစွမ်းထက်လှပါပေတယ်"

သူသည် လင်းဖုန်းဘက်သို့ ခေါင်းလှည့်ကာ
ကြည့်လိုက်ရင်း ချီးကျူးလိုက်သည်။
"မာစတာလင်း၊ ခင်ဗျားရဲ့ အမျိုးသမီး
တပည့်ရဲ့ သိုင်းပညာက တကယ်ကို
ထူးချွန်ပြောင်မြောက်လှပါတယ်"

သူကဲ့သို့သော အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲကပင် သြချယူရသည် ဖြစ်သဖြင့်၊ ကျန်သူတို့သည် အဘယ်မှာ ဆိုဖွယ်ရှိပါတော့အံ့နည်း? တိုက်ပွဲကို ကြည့်ရှုနေကြသော ကျန်သည့် ကျင့်ကြံသူ အားလုံးတို့သည်၊ သူတို့၏ အကြည့်များကို ယွဲ့ဟုန်ယန်ထံမှ မခွာနိုင်ကြတော့ပေ။

ထိုအချိန်တွင် ဆံပင်နီနှင့် မိန်းကလေးသည်၊ ကောင်းကင်ယံထက်မှ နေနှင့်လတို့နှင့် တူနေ၏။ သူမသည် မီးရောင်တို့၏ အလယ်တွင် ရောက်နေသကဲ့သို့ ဖြစ်နေသည်။

မဟာချင် အင်ပါယာ၏ မျိုးဆက်သစ်ဖြစ်သော ရှီဆောင်ချန်းသည်၊ သူမအား မမိုတ်မသုန် စိုက်ကြည့်နေကာ ခေါင်းတစ်ဆတ်ဆတ်နှင့် ညိတ်နေ၏။

လူအားလုံးတို့၏ လေးစားအားကျမှုကို ခံနေရချိန်တွင်၊ ယွဲ့ဟုန်ယန်သည် အဘယ်ကြောင့် ခံစစ်အဖြစ်သာ နေနိုင်ပါ့မည်နည်း? သူမသည် ချောင်းတစ်ချက် ဆိုးလိုက်ကာ၊ စတင်လည်ပတ်နေခဲ့သည်။ သူမသည် လေနှင့်လုံးလုံးမတူသော လေပြင်းတစ်ချက်၊ မြူခိုးငွေ့နှင့် လုံးလုံးမတူသော အနီရောင်

မြူခိုးငွေ့ အလုံးလေး တစ်ခုကို
ထုတ်လွှတ်လိုက်ကာ၊ သူမ၏
ဘေးပတ်ပတ်လည်တွင် အနီရောင်
အလင်းတန်းများ
စတင်လင်းလက်လာခဲ့သည်။

တိုက်ပွဲအား စောင့်ကြည့်နေကြသော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲတို့သည်၊
အံ့အားသင့်သွားကြသည်။ "အဝီစိ
ငရဲမုန်တိုင်း?"

အဝီစိ ငရဲမုန်တိုင်း

စတင်ပေါ်ပေါက်လာသည်နှင့် တပြိုင်နက်၊ ယွဲ့ဟုန်ယန်သည် စွမ်းအားမာန်ဟုန်တို့နှင့် ပြည့်နှက်လာခဲ့၏။ အဝီစိ ငရဲမုန်တိုင်းသည် သူမ၏ ခန္ဓာကိုယ် ပတ်ပတ်လည်မှ အနက်ရောင် မီးတောက်တို့နှင့် ပေါင်းစည်းကာ၊ အနီရောင်တောက်တောက် မီးလျှံမုန်တိုင်း အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူ၏ သတ်ဖြတ်နိုင်စွမ်းမှာ လွန်စွာအံ့ဖွယ်ကောင်းလှ၍၊ လီပင်ချင်းနှင့် ကျိုးယုဟွာတို့အား တန်ပြန်တိုက်ခိုက်လိုက်သည်။

သူတို့၏ မူလတိုက်ခိုက်မှုများသည်
ကာကွယ်မှုကို ခံလိုက်ရချိန်တွင်၊
လီပင်ချင်းနှင့် ကျိုးယုဟွာတို့သည်
စိတ်မပူနေကြပေ။ ဘာပဲပြောပြော သူတို့သည်
နှစ်ယောက်အဖွဲ့ ဖြစ်သည်။ အကယ်၍
တိုက်ပွဲသည် သူမသာ ကိုယ်မသာ ဖြစ်နေ၍
ရေရှည်တိုက်ခိုက်ရမည်ဆိုလျှင်၊
သူတို့ကအနိုင်ရမည်မှာ သေချာနေသည်။

ထို့အပြင် ခံစစ်ကိုသာ ရေရှည်ဆင်နွှဲနေရလျှင်၊
သူမတွင် ဟာကွက်များ အနေးနှင့်အမြန်
ပေါ်လာနိုင်ပေသည်။ ယွဲ့ဟုန်ယန်သည်

ပြီးပြည့်စုံသည်ဟု သူတို့သည်
မယုံကြည်ကြပေ။

သို့သော်လည်း ထိုအချိန်တွင်၊ ယွဲ့ဟုန်ယန်၏
အဝီစိ ငရဲမုန်တိုင်းက ပေါ်ထွက်လာခဲ့သည်။
လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏
မျက်နှာတို့သည် အကြီးအကျယ်
ပျက်သွားကြသည်။ အဝီစိ ငရဲမုန်တိုင်းနှင့်
ပေါင်းစည်းလိုက် အပြီးတွင်၊ ယွဲ့ဟုန်ယန်၏
စွမ်းအားတို့မှာ တိုင်းတာ၍ မရနိုင်အောင်
တိုးတက်လာခဲ့သည်။ သူမ၏
တန်ပြန်တိုက်ခိုက်မှုသည်၊ သူတို့နှစ်ယောက်

ပူးပေါင်း၍ ကာကွယ်နိုင်သော အင်အားမျိုး
မဟုတ်ခဲ့ချေ။

သူတို့နှစ်ယောက်စလုံးက
သံပြိုင်ကျူးရင့်လိုက်ကြသည်။
"နေနှင့်လတို့၏ စွမ်းအားများကို ပူးပေါင်းခြင်း၊
ယင်နှင့်ယန်တို့အား အစွမ်းကုန်
မြှင့်တင်ခြင်း!"

တောက်ပသော ရွှေရောင်
ဓားအလင်းတန်းနှင့်၊ ဖြူစင်သော
ဓားအလင်းတန်းတို့သည် တစ်ခုတည်း
အဖြစ်သို့ ပေါင်းစည်းသွားကြသည်။ သူသည်

တောက်ပလှသော ရွှေရောင်ဖျော့ဖျော့
ခေါးအလင်းတန်း တစ်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ထိုခေါးအလင်းတန်းတွင် စွမ်းအားတို့နှင့်
တင်းကြပ်ပြည့်လျှံနေကြသည်။
မီးတောက်တစ်ခုသည် လေပြင်းတို့၏
တိုက်ခတ်ခြင်းကို ခံရသောအခါ၊
ပိုမိုအားကောင်းလာသကဲ့သို့ ဖြစ်သည်။
လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏
စွမ်းအားများသည်၊ အပေးအယူ မျှတစွာနှင့်
ပူးပေါင်းသွားကြသည်။ သူတို့၏
စွမ်းအားများသည် မဆုံးနိုင်ဟု ထင်နေရသည်။

ထိုအတွင်းမှ သဘောတရားတို့သည်၊
ရှောင်ပုတန်လေး၏ အဆုံးမဲ့
မိုးကြိုးမုန်တိုင်းနှင့် ဆင်တူနေကြသည်။

ထိုတိုက်ပွဲအား စိုက်ကြည့်နေသော
လင်းဖုန်းသည်၊ သူ၏ခေါင်းကို
ညိတ်လိုက်သည်။ ဤအချိန်တွင်
နေလဓားဂိုဏ်းမှ စုံတွဲသည်၊ သူတို့၏ စွမ်းအား
အစစ်အမှန်ကို ထုတ်ဖော်ပြသခဲ့ပြီ ဖြစ်သည်။
ထိုအခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ
နှစ်ယောက်တို့၏ ပူးပေါင်းစွမ်းအားသည်၊
ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ

တစ်ယောက်၏ စွမ်းအားကိုပင်
ကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။

လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏ စွမ်းအားသည်၊
ယခင်က ယွဲ့ဟုန်ယန်က
ရှင်းယွမ်တောင်ထိပ်ပေါ်တွင်
အနိုင်ယူနိုင်ခဲ့သည့်၊ ရွှေရောင်ဗဟိုချက်
စဦးပိုင်း အဆင့်က ဝမ်ကျန်းနန်ထက်ပင်
ပိုသာသွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ယွဲ့ဟုန်ယန်သည်၊
ယခင်ကထက် များစွာပို၍
ခွန်အားကောင်းလာခဲ့ပြီ ဖြစ်သည်။

ကြမ်းတမ်းခက်ထန်လှသော အဝီစိ
ငရဲမုန်တိုင်းသည်၊ ယွဲ့ဟုန်ယန်၏
အခြေခံအုတ်မြစ်နောက်ဆုံး အဆင့်မှ
မှော်စွမ်းအင်တို့နှင့် ပေါင်းစည်းသွားကာ၊
ခွာသွားပါ အနက်ရောင် လုံတံရှည်အား သူ၏
စွမ်းအားအမြင့်ဆုံး အခြေအနေသို့
ပို့ဆောင်ပေးခဲ့သည်။ သူသည် အလယ်တွင်
အနက်ရောင် တွင်းနက်ကြီး ရှိနေသော၊ ရောမ
မုန်တိုင်းကြီး တစ်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

အနက်ရောင် တွင်းနက်လေး၏ အတွင်းမှနေ၍၊ အင်အားကောင်းသော ဆွဲငင်အား တစ်မျိုးကို ခံစားနေရသည်။ တစ်ကမ္ဘာလုံးသည် ထိုတွင်းနက်လေး၏ အတွင်းသို့ ပြိုကျပျက်စီးသွားတော့မလို ဖြစ်နေခဲ့သည်။

## စာစဥ် ၁၆ : အပိုင်း ၁၄

## အပိုင်း ၂၈၄ : အမှန်တကယ် ပြိုင်ဘက်ကင်းမဲ့ခြင်း

လေဟာနယ် ဖျက်ဆီးခြင်း လုံတံနည်းစနစ်!

ယွဲ့ဟုန်ယန်သည် မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို အသုံးချ၍၊ သူမ၏
နည်းစနစ်များအား ပိုမိုနားလည်လာနိုင်
အပြီးတွင်၊ သူမသည် လေဟာနယ်
ဖျက်ဆီးခြင်း လုံတံနည်းစနစ်ကို
ဖန်တီးနိုင်ခဲ့သည်။ အဝိစိ ငရဲမုန်တိုင်းနှင့်
တွဲလိုက်သော်၊ သူမသည် ရပ်တန့်၍
မရပ်နိုင်တော့ပေ။

လီပင်ချင်းနှင့် ကျိုးယုဟွာတို့သည် အတူတကွ
ပူးပေါင်းတိုက်ခိုက်ကြသော်လည်း၊ သူမ၏

ပြိုင်ဘက်မဟုတ်ကြချေ။ ရွှေရောင်ဗဟိုချက်
အဆင့်မှ ရွှေရောင်ဖျော့ဖျော့
ခဲအလင်းတန်းလေးသည်၊ လေဟာနယ်
ဖျက်ဆီးခြင်း လုံတံနည်းစနစ်နှင့်
စတင်ထိတွေ့လိုက်သည့် အချိန်မှာပင်
ချက်ချင်းပျက်စီးသွားခဲ့သည်။

လေဟာနယ်ကို ဖြိုခွဲနိုင်သော
ဖွတ်ဖွတ်ညက်ညက်ကြေစေသည့်
တိုက်ခိုက်မှုနှင့် ကြုံရသည့် အချိန်တွင်၊
ပုန်းကွယ်နေသော နဂါးချောက်သည်
တုံ့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည်
ဖြူဖျော့သွေးဆုတ် နေကြသော

မျက်နှာအစုံနှင့် လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏အစား၊ ယွဲ့ဟုန်ယန်၏ လုံတံအား ခုခံပေးခဲ့သည်။ ထိုအချိန်တွင်ပင် အနိုင်အရှုံးအား ဆုံးဖြတ်ပြီးသား ဖြစ်သွားခဲ့သည်။

ယွဲ့ဟုန်ယန်သည် အရေအတွက် အားနည်းချက်နှင့် ရင်ဆိုင်ရသည့်တိုင်အောင်၊ သူမသည် နေလခေါးဂိုဏ်း၏ စုံတွဲအား ကျော်လွှားနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြောက်ပိုင်းလေပြင်း ပင်လယ်မှ တိုက်ပွဲသည်၊ ယွဲ့ဟုန်ယန်အား နေရာဒေသ အသီးသီးတွင်

ထင်ရှားကျော်ကြားစေခဲ့သည်။ အားလုံးသည်
သူမအား နောက်မျိုးဆက်တွင်
ထွန်းတောက်လာသော
ကြယ်ပွင့်တစ်ပွင့်အဖြစ်၊ ရှာမှရှားသော
ပါရမီရှင်လေး အဖြစ် သိသွားကြသည်။

ထိုအချိန်တွင်ပင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တို့၏
စွမ်းရည်ကိုလည်း၊ ထုတ်ဖော်ပြသပြီးသား
ဖြစ်သွားခဲ့သည်။

သူတို့သည် အဆင့်တူ အတွင်းမှ ပြိုင်ဘက်များ
အားလုံးကို အနိုင်ယူနိုင်စွမ်း ရှိကြသည်။

သူတို့ကို တစ်ယောက်ချင်းချလျှင်၊
အနိုင်မယူနိုင်ကြပေ။ အခုဆိုလျှင် သူတို့အား
လူအင်အားနှင့် ဝိုင်းတိုက်လျှင်ပင်၊
အနိုင်ယူနိုင်မည့်ပုံ မပေါ်နေပေ။

သူတို့သည် ပုန်းကွယ်နေသော နဂါးချောက်
အတွင်းမှ ထွက်လာခဲ့သော ယွဲ့ဟုန်ယန်ကို၊
ခံစားချက်များ ရောထွေးနေသော
မျက်နှာများနှင့် ကြည့်နေကြသည်။
သို့သော်လည်း သူမကိုယ်နှိုက်ကမူ
စိတ်လှုပ်ရှားနေပုံ မပေါ်ခဲ့ချေ။ သူမ၏
အမူအရာမှာ သာမန်သာဖြစ်သည်။
သူမလုပ်ခဲ့သော အရာမှာ သူမ၏

အုပ်စုအတွင်းသို့ ပြန်ဝင်သွား၍၊ လင်းဖုန်းအား ဦးညွှတ်ကာ နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။
"ဆရာသခင်"

လင်းဖုန်းက ခေါင်းကိုညိတ်လိုက်သည်။
"ကောင်းတယ်၊ အရမ်းကောင်းတယ်"

ယွဲ့ဟုန်ယန်က ပြုံးလိုက်သည်။
သူမပြုံးလိုက်သော အခါတွင် သူမ၏ အေးစက်နေသော မျက်နှာထားသည်၊ ချက်ချင်းဆိုသလိုပင် ပြန်လည် နွေးထွေးလာခဲ့သည်။

ရှောင်ပုတန်လေးသည် ကျူးကော်ဖန်းလင်၏
ပုခုံးအား ပုတ်လိုက်ကာ၊ စနောက်နေခဲ့သည်။
"နင်လုပ်တာလည်း အတော်ကောင်းသားပဲ၊
တမင်သက်သက် လုပ်တာ
မဟုတ်နေပေမဲ့ပေါ့"

ကျူးကော်ဖန်းလင်လည်း အတန်ငယ်
အံ့အားသင့်သွားခဲ့၏။ ယခင်က သူမသည်
သူမ၏ ရန်သူများက ရှာတွေ့မည်ကို
စိုးရိမ်နေသဖြင့်၊ သူမ၏ ချီခါတ်အားလုံးကို
ဖုံးကွယ်ထားခြင်းဖြစ်သည်။ သူမသည်
လီပင်ချင်းနှင့် ကျိုးယုဟွာတို့၏
တုံ့ပြန်မှုများကို သိမနေခဲ့ပေ။

သို့သော်လည်း သူမသည် လျှင်မြန်စွာ တုံ့ပြန်လိုက်သည်။ "ဒါတွေအားလုံးက မမဟုန်ယန်ရဲ့ အားထုတ်မှုတွေကြောင့်ပါ"

သူမသည် ယွဲ့ဟုန်ယန်အား ဖားနေသည်မှာ သိသာလှသည်။ သူတို့၏ အသက်များကို အတိအကျ တွက်လိုက်မည်ဆိုလျှင်၊ သူမသည် ယွဲ့ဟုန်ယန်ထက် အနည်းငယ် ပိုကြီးပေလိမ့်မည်။

"မင်းရဲ့တာဝန်က နောက်ကွယ်မှာနေဖို့ ဆိုပေမဲ့လည်း၊ မင်းက မင်းရဲ့တာဝန်ကို

ကောင်းကောင်းကြီး ကျေပွန်အောင်
စွမ်းဆောင်နိုင်ခဲ့တာပဲ" လင်းဖုန်းက
ပြုံးလိုက်ကာ ခေါင်းကိုခါလိုက်သည်။ သူသည်
သူ့ကိုယ်သူ တွေးနေခဲ့သည်။ "ဒါပေမဲ့
ဟုန်ယန်ကလည်း တကယ့်ကို
အစွမ်းထက်လှပါတယ်။
နောက်ဆုံးတိုက်ပွဲမှာဆိုရင်၊
ကျူးကော်ဖန်းလင်က သူမရဲ့
ပြိုင်ဘက်တွေကို စိတ်အနှောက်အယှက်
မပေးထားနိုင်ဘူး ဆိုရင်တောင်မှ၊ သူမက
သူတို့ကို အနိုင်တိုက်နိုင်မယ်ဆိုတာ
သေချာနေတာပဲ"

အခြားတစ်ဘက်တွင် နေမင်းအလင်းတန်း ခေါ်မာစတာသည်၊ ဂုဏ်သိက္ခာ အပြည့်နှင့် ပြောလိုက်သည်။ "မာစတာလင်းရဲ့ တပည့်တွေဟာ တကယ်ကိုပဲ၊ ပါရမီတွေနဲ့ ပြည့်စုံပြီး အစွမ်းထက်လှပါတယ်"

စကားဆုံးသည်နှင့် သူသည် လောင်းကြေးထပ်ထားသော အရာကို၊ စိတ်ပါလက်ပါနှင့်ပင် ပေးလိုက်သည်။ သူသည် နေမင်း အဆီအနှစ် ကျောက်တုံးအား လင်းဖုန်းကို ပေးလိုက်သည်။ လင်းဖုန်းက ထိုကျောက်တုံးကို လက်ခံရယူလိုက်ကာ ပြုံးလိုက်သည်။ "အမှန်အတိုင်း

ပြောရမည်ဆိုရင်၊ ကံကောင်းသွားတာလည်း ပါပါတယ်။ တကယ်လို့ ကျုပ်ရဲ့တပည့်က အဝီစိ ငရဲမုန်တိုင်းသာ မရှိခဲ့ရင်၊ သူမက ရှုံးကောင်း ရှုံးသွားနိုင်တယ်"

နေမင်းအလင်းတန်း ခေးမာစတာသည်၊ သူ၏ခေါင်းကိုခါလိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဘာပဲပြောပြော၊ ဒါက နှစ်ယောက်တစ်ယောက် တိုက်ပွဲလေ။ ကျုပ်တို့ နေလခေးဂိုဏ်းအတွက်တော့ စိတ်ပျက်စရာ ဖြစ်သွားတာပေါ့"

မဟာချင်မှ အန်းလျှန်မင်းသားသည်
လင်းဖုန်းအား ကြည့်လိုက်ကာ၊
ဖြည်းဖြည်းချင်း ပြောလိုက်သည်။
"မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊
ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊
မဟာလမင်း အကြွင်းမဲ့ရေ၊ အဝီစိ
ငရဲမုန်တိုင်း။ မာစတာလင်းရဲ့ တပည့်တွေက
တကယ့်ကို ပုန်းကွယ်နေသောနဂါးနဲ့၊
ငုပ်လျှိုးနေသော ကျားတွေပဲ"

"အန်းလျှင်မင်းသားက ချီးကျူးတာ
လွန်နေပါပြီ" လင်းဖုန်းက ဖွဖွလေး

ပြုံးလိုက်သည်။ သို့သော်လည်း
နောက်ထပ်ဆက်၍ ရှင်းပြခြင်း မပြုခဲ့ပေ။

တစ်ယောက်၏ ရန်သူအား မိမိ၏
စွမ်းအားတို့ကို ခန့်မှန်းရန်၊ အခွင့်အရေးမျိုး
ဘယ်တော့မှ မပေးသင့်ပေ။

လင်းဖုန်းသည် ဘေးမှ အကြီးအကဲများအား
တစ်ချက်ဝေ့ကြည့်လိုက်၏။
ချက်ချင်းဆိုသလိုပင် သူ၏ရင်ထဲတွင်
တင်းကျပ်သွားခဲ့သည်။ နတ်ရေကန်ဂိုဏ်းမှ
ချောင်ဝေသည်၊ သူ၏ အကြည့်အား
ရှောင်ပုတန်လေး၏ အပေါ်တွင်

စူးစိုက်ထားခဲ့သည်။ သူ၏ အမူအရာသည် တည်ကြည်လေးနက်နေ၍၊ တစ်ခုခုပြောမည့်ဟန် ပြင်နေခဲ့သည်။

လင်းဖုန်း၏ အကြည့်အား သတိပြုမိလိုက်သည့်အလား၊ ချောင်ဝေသည် သူ၏အကြည့်ကို ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ ပြန်ရွှေ့လိုက်သည်။ နောက်ထပ်တစ်ခေါက် တိုက်ပွဲသည် နတ်ရေကန်ဂိုဏ်းမှ တပည့်၏အလှည့် ဖြစ်သည်။

လင်းဖုန်းက တွေးနေခဲ့သည်။ "ဒီလူကြီးက ဘာတွေကြံနေပြန်ပြီလဲ မသိဘူး"

နောက်ထပ် တိုက်ပွဲတွင် နတ်ရေကန်ဂိုဏ်းနှင့် ယှဉ်ပြိုင်ရမည့် တပည့်မှာ၊ နေလဓားဂိုဏ်းမှ စုံတွဲတစ်တွဲ ဖြစ်သည်။

လင်းဖုန်းသည် ကျူးကော်ဖန်းလင်အား စနောက်နေသော ရှောင်ပုတန်လေး၏ ခေါင်းကို ခေါက်လိုက်ကာ၊ တစ်ဝက် ရယ်ချင်နေကာ တစ်ဝက် ဆုံးမနေသော အသံဖြင့် ပြောလိုက်သည်။ "ကောင်စုတ်လေး၊ သေချာကြည့်ထား။ မင်းက ရွှေရောင်ဗဟိုချက်

အဆင့်က တိုက်ပွဲမှာ ယှဉ်ပြိုင်ရလို့ရှိရင်၊
နေလခါးဂိုဏ်းနဲ့တွေ့မှာ သေချာနေတယ်"

"နေလခါးဂိုဏ်းက တပည့်တွေဟာ သူတို့ရဲ့
ကျင့်ကြံမှု အဆင့်တွေ တက်လာတာနဲ့အမျှ၊
စွမ်းအားတွေလည်း ပိုကြီးလာတယ်ဆိုတာကို၊
ဆရာက ကြိုတင် သတိမပေးထားဘူးလို့တော့
အပြစ်မတင်နဲ့နော်။ သူတို့ရဲ့
ကိုယ်ပိုင်စွမ်းအင်တွေ တိုးတက်လာတဲ့အပြင်၊
ပူးပေါင်းလေ့ကျင့်မှုက အချိန်ပိုကြာလာတော့
တစ်ယောက်နဲ့တစ်ယောက် ပိုမိုနီးကပ်လာပြီး၊
ခါးနည်းစနစ်တွေကို ပူးပေါင်းတဲ့
နေရာမှာလည်း ပိုကောင်းလာကြတယ်"

လင်းဖုန်းက ယွဲ့ဟုန်ယန်ကို ညွှန်ပြလိုက်ပြီး၊ "အရင်က ဟုန်ရဲ့ရဲ့ တိုက်ပွဲက အကောင်းဆုံး ဥပမာပဲ"

ရှောင်ပုတန်လေးက သူ၏ခေါင်းအား ခါလိုက်ကာ ပြုံးလိုက်သည်။ "စိတ်အေးအေးထားပါ၊ ဆရာရယ်။ ကျွန်တော်က နံပါတ်လေး စီနီယာရဲ့ တိုက်ပွဲကို အသေအချာ ကြည့်ထားပါတယ်ဗျ"

သူက ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "အမှန်ဆိုရင်

နေလခေးဂိုဏ်းက တပည့်တွေနဲ့
တိုက်ခိုက်တဲ့အခါ၊ အကောင်းဆုံးနည်းလမ်းက
သူတို့ကို ခွဲခြားထားနိုင်ဖို့ပဲ။ ဒါဆိုရင်
သိပ်ပြီးတော့ ဂရုစိုက်စရာ မလိုတော့ဘူး"

"နံပါတ်လေး စီနီယာက ဒီသဘောတရားကို
နားလည်ထားပေမဲ့၊ ဒီလိုမလုပ်ဖို့
ဆုံးဖြတ်ခဲ့တယ်"

ယွဲ့ဟုန်ယန်သည် ပြုံးလိုက်ကာ
ဘာမှမပြောခဲ့ပေ။ သူမသည်လည်း
ပြန်လည်တိုက်ခိုက်ရာတွင် အကောင်းဆုံး
နည်းလမ်းမှာ၊ သူတို့အား ခွဲခြားပစ်ရန်

ဖြစ်ကြောင်းကို သိနေခဲ့သည်။ သို့သော်လည်း ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့်၊ သူမသည် သူတို့အား တိုက်ရိုက်ရင်ဆိုင်ရန်သော ဆုံးဖြတ်ခဲ့သည်။

တပည့်များအကြား ဆွေးနွေးနေကြစဉ်တွင်ပင်၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်း၌ ယှဉ်ပြိုင်နေကြသော တိုက်ပွဲသည် အရှိန်တက်၍ လာနေပေပြီ။

ကျူးကော်ဖန်းလင်အား ပုန်းနေစေ၍ ယွဲ့ဟုန်ယန် တစ်ယောက်နှင့်သာ ရင်ဆိုင်ခဲ့သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏

နည်းဗျူဟာနှင့် နှိုင်းယှဥ်လိုက်လျှင်၊ နတ်ရေကန်ဂိုဏ်းမှ အဖွဲ့သည် ဤတိုက်ပွဲကို အများကြီးပို၍ အလေးအနက်ထားခဲ့သည်။ အဓိက တိုက်ခိုက်သူအပြင်၊ သူမ၏ အဖော်သည်လည်း သိပ်မဆိုးလှပေ။ သူမ၏ အဖော်သည် အစောပိုင်းက အဆင့်တွင် ရှုံးနိမ့်သွားသော တစ်ယောက်ဖြစ်သည်။

ဤအချိန်တွင် တိုက်ပွဲ၏ အဓိက ကြယ်ပွင့်မှာ သူမဟုတ်သလို၊ နေလဓားဂိုဏ်းမှ စုံတွဲလည်း မဟုတ်ချေ။ မူလယှဥ်ပြိုင်ရမည့် နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူသာ ဖြစ်သည်။

သူမသည် နေလခရားဂိုဏ်းမှ စုံတွဲတို့၏
တိုက်ခိုက်မှု တစ်ဝက်ကျော်ကို
တစ်ယောက်တည်း ခုခံနိုင်ခဲ့သည်။ သူမ၏
စွမ်းအားသည် သူမ၏ အတန်းအတွင်းတွင်၊
ထိပ်တန်းအဆင့်ရှိနေသည်ကို
ပြသနိုင်ခဲ့သည်။

တိုက်ဆိုင်လှစွာပင်၊ သူမသည်
ယွဲ့ဟုန်ယန်ကဲ့သို့ မိန်းကလေးတစ်ယောက်
ဖြစ်နေသည်။

လင်းဖုန်း၏ လက်ရှိ ကျင့်ကြံမှု
အဆင့်နှင့်ဆိုလျှင်၊ ထိုမိန်းကလေးသည်

ယွဲ့ဟုန်ယန်ကဲ့သို့ဖြစ်သည်ဟု
ချက်ချင်းသဘောပေါက်မိသည်။ သူမသည်
အသက်နှစ်ဆယ်ပင် မပြည့်သေးသော်လည်း၊
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်
ရောက်နေပေပြီ။ သူမ၏ အစွမ်းသည်
ထိပ်တကာထိပ် ဟူ၍ ပြော၍ရသည်။

"သူမရဲ့ နာမည်က တောက်ယုတင်းလို့
သိထားရတယ်" လင်းဖုန်းက ရုတ်တရက်
တွေးမိလိုက်၍၊ ရင်ထဲတွင်
လှုပ်ရှားသွားခဲ့သည်။ "ဒီမျိုးရိုးနာမည်က
အတော်ရှားတာပဲ"

ထိုအကြောင်းကို တွေးမိလိုက်၍၊
လင်းဖုန်းသည် မဟာချင် အင်ပါယာဘက်သို့
လှမ်းကြည့်လိုက်သည်။ သူတို့အဖွဲ့၏
အနောက်တွင် သက်လတ်ပိုင်း အရွယ်မှ
ကျင့်ကြံသူ တစ်အုပ်စုက ရပ်နေကြသည်။
သူတို့သည် ယှဉ်ပြိုင်ကြမည့်သူများ
မဟုတ်ကြပဲ၊ ကြိုဆိုညှော်ခံရေးတွင်
တာဝန်ယူရသော မဟာချင်မှ ကျင့်ကြံသူများ
ဖြစ်ကြသည်။

လွယ်ကူစွာနှင့်ပင် လင်းဖုန်းသည်၊
တောက်ဇီချွမ်အား တွေ့လိုက်ရ၏။

ထိုအချိန်တွင် တောက်ဇီချွမ်၏ အမှုအရာမှာ သာမန်သာ ဖြစ်သည်။ သူသည် ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ တိုက်ပွဲကို သာမန် အမှုအရာနှင့်သာ ကြည့်နေခဲ့သည်။ တခါတရံတွင် အထင်ကြီးသည့် အမှုအရာများ ပေါ်လာခဲ့သည်။ သူသည် တိုက်ပွဲကိုသာ အာရုံစိုက်၍ ကြည့်နေသည့်ပုံ ပေါက်နေသည်။

သို့သော်လည်း သူ၏ရင်အတွင်းမှ အတွေးများသည်၊ လင်းဖုန်း၏ အကဲခတ်မှုအောက်တွင် ရှိနေခဲ့သည်။ ထိုအချိန်တွင် တောက်ဇီချွမ်၏ ဆုပ်ထားသော

လက်သီးများမှာ အနည်းငယ်
တုန်ယင်နေသည်ကို၊ လင်းဖုန်းက
တွေ့လိုက်ရ၏။ ဒါသည် သူ၏
စိတ်မတည်မငြိမ် ဖြစ်နေခြင်းကို ပြနေခြင်း
ဖြစ်သည်။ သူသည် သူ၏
စိတ်ခံစားချက်များကို ကြိုးစား၍
ထိန်းချုပ်နေသည်မှာ သိသာနေပေသည်။

"စိတ်ဝင်စားစရာတော့ ကောင်းလာပြီ"
လင်းဖုန်းက တွေးလိုက်သည်။

နတ်ရေကန်ဂိုဏ်းတွင် အလွန်
ကြမ်းတမ်းရက်စက်သော

စည်းမျဉ်းစည်းကမ်းများ ရှိသည်။ သူတို့အထဲမှ တစ်ခုမှာ၊ သတ်ဖြတ်ခြင်းဖြင့် ပြင်ပကမ္ဘာမှ သံယောဇဉ်များအား အဆက်ဖြတ်ခြင်း ဖြစ်သည်။

သူတို့ဂိုဏ်းသည် ပါရမီရှင် ကလေးများအား လုံ့လကြီးမားစွာ စိုက်ထုတ်၍ စုဆောင်းလေ့ရှိသည်။ သူတို့သည် မိဘမဲ့ ကလေးများကိုတွေ့လျှင်၊ ပြဿနာ သိပ်မရှိချေ။ သို့သော်လည်း မိဘရှိသော ကလေးများနှင့် တွေ့ရသော်၊ သူတို့ဂိုဏ်းသည် သူတို့၏ အသက်ရှင်လျက် ရှိနေကြသော

ဆွေမျိုးများ အားလုံးကို လျှို့ဝှက်လုပ်ကြံ သတ်ဖြတ်ကြ၏။

"ငါထင်ထားတဲ့ အတိုင်းပဲ၊ တောက်ဇီချမ်နဲ့ တောက်ယုတင်းတို့ရဲ့ ဆက်သွယ်မှုက ဒီလောက်အထိ မရိုးရှင်းဘူး" လင်းဖုန်း၏ စိတ်ထဲတွင် အတွေးပေါင်းများစွာတို့ ပေါ်လာခဲ့သည်။ "ကြည့်ရတာ သူက နတ်ရေကန်ဂိုဏ်းရဲ့ လုပ်ကြံသတ်ဖြတ်မှုကနေ လွတ်မြောက်လာခဲ့တာပဲ ဖြစ်မယ်။ သူရဲ့ စိတ်ဓာတ်စွမ်းအားက ကြံ့ခိုင်ပြီး၊ သူက လက်ရှိအခြေအနေကို သိပ်ပြီးတော့ ကျေနပ်ပုံ မရဘူး။

လင်းဖုန်းသည် ပို၍အနီးကပ် စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် နောက်ဆုံးတွင် တောက်ဇီချွမ်နှင့် တောက်ယုတင်းတို့၏ ရုပ်ချင်းဆင်မှုကို သတိထားမိလိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် တောက်ယုတင်း၏ အမူအရာတို့သည်၊ တည်ကြည်လေးနက်၍ အေးစက်ကာ အမူအရာ ကင်းမဲ့နေ၏။ လှပတင့်တယ်နေသော်လည်း၊ သူမတွင် မည်းမှောင်သော သတ်ဖြတ်လိုစိတ် အော်ရာများဖြင့် လွှမ်းခြုံထား၏။ သူမ၏

နှုတ်ခမ်းတို့မှာ ဖြူရော်ကာ သွေးရောင်
ကင်းမဲ့နေ၏။

သူမ၏ ကျင့်ကြံမှု အဆင့်မှာ သူမအဖော်ထက်
ပိုမြင့်နေရုံသာမက၊ သူမသည် အစောက
ယန်ချင်အား ရှုံးနိမ့်သွားခဲ့သော
ဖန်ကျုံးထက်ပင် ပို၍ အထက်တန်း
ကျနေခဲ့၏။ နတ်ရေကန်ဂိုဏ်း၏ မှော်ကျိန်စာ
အများစုတို့မှာ၊ သူမ၏ လက်ထဲတွင် ပို၍
အစွမ်းထက်လာသကဲ့သို့ ထင်နေရ၏။

ဤနေရာတွင် လင်းဖုန်းက
သဘောပေါက်လာခဲ့သည်။

တောက်ယုတင်းသည် ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးတွင်၊ နတ်ရေကန်ဂိုဏ်း၏
ဝှက်ဖဲဖြစ်ပေလိမ့်မည်။ သူမသည်
ထိပ်ဆုံးဧယောက် အတွင်းတွင် ပါနိုင်ရုံတင်
မကပဲ၊ ထိပ်ပိုင်းအဆင့်များအထိပင်
မျှော်မှန်းနိုင်ပေသည်။

သူမ၏ စွမ်းအားများမှာ ထူးခြားလှ၍၊
လင်းဖုန်းသည် သူ၏တပည့်များနှင့်
ရှီဆောင်ချန်းတို့ကသာ သူမအား
အနိုင်ယူနိုင်လိမ့်မည်ဟု ခန့်မှန်းမိသည်။
ကျန်သောသူများ အဖို့မူ၊ သူသည်
သူတို့အပေါ်တွင် ယုံကြည်မှု မရှိပေ။

မှန်ပေ၏၊ နေလခါးဂိုဏ်းသည်
ကံကြမ္မာဆိုးနှင့် ထပ်မံရင်ဆိုင်လိုက်ရသည်။
အစမူလတွင် သူတို့သည် စုံတွဲ
တိုက်ခိုက်နိုင်သဖြင့်၊ သူတို့၏ ပြိုင်ဘက်များ
အပေါ်တွင် အသာစီး ယူနိုင်မည်ဟု
ထင်ထားကြသည်။ သူတို့ဂိုဏ်းမှ စုံတွဲ
နှစ်တွဲစလုံးတို့သည် ဒုတိယ အဆင့်မှာပင်
ပြုတ်ကျန်ရစ်ခဲ့မည်ဟု၊ မည်သူကမှ ကြိုတင်၍
မတွေးထားမိကြပေ။

တောက်ယုတင်းသည် ပုန်းကွယ်နေသော
နဂါးချောက် အတွင်းမှ ထွက်လာသော

အချိန်တွင်၊ နတ်ရေကန် ဂိုဏ်းသားတို့သည် လက်ခုပ်ဩဘာ သောင်းသောင်းဖြဖြတီး၍ ကြိုဆိုခဲ့ကြသည်။ အားလုံးတို့သည် သူမအား လေးစားအားကျစွာဖြင့် ဝိုင်းကြည့်နေကြသည်။ နတ်ရေကန်ဂိုဏ်း၏ ယခုနိုင်ပွဲသည် သူမ ကြိုးစားအားထုတ်မှု၏ ၇၀% ကြောင့် ဖြစ်သည်ကို အားလုံးက သိထားကြသည်။

ထိုကဲ့သို့သော သတင်းကောင်းသည်၊ အားလုံးတို့၏ ပြောချင်စရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားခဲ့သည်။ သူတို့သည် တောက်ယုတင်းနှင့်

ယွဲ့ဟုန်ယန်တို့အား နှိုင်းယှဉ်နေကြသည်။ နှစ်ယောက်စလုံးတို့သည် နေလဓားဂိုဏ်းမှ စုံတွဲတို့ကို အနိုင်ယူနိုင်ကြသည်။ နှစ်ယောက်စလုံးတို့သည် ပါရမီရှင်များ ဖြစ်ကြသည်။ နှစ်ယောက်စလုံးတို့သည် အသက်၂၀ပင် မပြည့်မီ၊ အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်သို့ ရောက်နိုင်ကြသည်။ နှစ်ယောက်စလုံးတို့သည် အလှပဂေးများ ဖြစ်ကြသည်။

တစ်ယောက်သည် မီးလျှံကဲ့သို့ အနီရောင် ဆံနွယ်များကို ပိုင်ဆိုင်ထားသည်။ အခြားတစ်ယောက်သည် နှင်းပွင့်ကဲ့သို့

ဖြူဖွေးသော အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုအရာများကို ကြည့်လိုက်ကာ လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ၊ ရယ်မောလိုက်သည်။ "တကယ့်ကို ရှန်းရင်းဆန်ခတ် ဖြစ်နေကြတာပဲ။ အားလုံးက အခြေအနေတွေကို ရှုတ်ရှုတ်သဲသဲ ဖြစ်အောင် လုပ်ချင်နေကြတာပဲ"

ယွဲ့ဟုန်ယန်ကမူ ထိုအရာများကို စိတ်မဝင်စားပေ။ သူမသည် နောက်ထပ် မဲန္နိုက်မှုကိုသာ အာရုံစိုက်နေခဲ့သည်။

ဝမ်လင်း၊ ယန်ချင်၊ ယွဲ့ဟုန်ယန်၊ မဟာချင်
အင်ပါယာမှ ရှီဆောင်ချန်း၊ နတ်ရေကန်ဂိုဏ်းမှ
တောက်ယုတင်း၊ ဟော်မိသားစုမှ ဟော်ချန်း၊
မြောက်ပိုင်းမျိုးနွယ်စုမှ ကျူမုကျိုလျို တို့နှင့်
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
တပည့်ငယ်လေး တစ်ယောက်တို့သည်
ထိပ်ဆုံး၈ယောက် အတွင်းသို့
ဝင်နိုင်ခဲ့ကြသည်။

ထိုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အပေါ်တွင် ထားရှိသော၊ အားလုံး၏
အမြင်တို့မှာ ပြောင်းလဲသွားကြသည်။

သူတို့ဂိုဏ်းမှ သုံးယောက်သာ ဝင်ပြိုင်ခဲ့သည်။ သုံးယောက်စလုံးပင် ထိပ်ဆုံးစယောက် အတွင်းသို့ ဝင်နိုင်ခဲ့သည်။ နေရာရှစ်နေရာတွင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သုံးနေရာကို သိမ်းပိုက်နိုင်ခဲ့သည်။ သူတို့သည် အထင်ကြီးဖွယ် ကောင်းလှပေသည်။

ဝမ်လင်းနှင့် ယန်ချင်တို့သည် ပထမအဆင့်ကို ရင်ဆိုင်စရာမလိုပဲ ဖြတ်ကျော်နိုင်ခဲ့ကြသည်။ သို့သော်လည်း သူတို့သည် ဒုတိယအဆင့်ကို ကောင်းမွန်စွာနှင့် ကျော်ဖြတ်နိုင်ခဲ့သည်။

အားလုံးတို့သည် ယခုအချိန်တွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက မည်မျှ
အင်အားကြီးသည်ကို တွေ့လာကြရသည်။

ဒါသည် သူတို့အား မဲနှိုက်မှုအား
ပိုမိုစိတ်ဝင်စားစေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ
အားလုံးတို့သည်၊ ရှင်ပျော်ပျော် သူတော်စင်၏
ကြေးအိုးလေး အပေါ်တွင်
အာရုံစိုက်ထားကြသည်။

ရွှင်ပျော်ပျော် သူတော်စင်က
ကြေးအိုးလေးအား လှုပ်ခါလိုက်ရာ၊
မဲလိပ်နှစ်ခုတို့က လွင့်ပျံလာခဲ့သည်။
သူတို့အနက်မှ တစ်ခုမှာ လင်းလက်လာသော
ကြယ်ပွင့်လေး တောက်ယုတင်းဖြစ်သည်။
စိတ်ဝင်စားစရာ ကောင်းသော အချက်မှာ၊
သူမ၏ ပြိုင်ဘက်သည် မြောက်ပိုင်းမျိုးနွယ်စုမှ
ကျမုကျိလျှို ဖြစ်နေခြင်း ဖြစ်သည်။

နတ်ရေကန်ဂိုဏ်းနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်။ မဟာရန်သူ နှစ်ယောက်။

ချောင်ဝေနှင့် လက်ဝဲမင်းသားရှန်တို့သည် အချင်းချင်း ကြည့်လိုက်ကြသည်။ လင်းဖုန်းသည် သူတို့၏ မျက်စိအတွင်းမှ မီးပွားများ ထွက်လာတော့မည်ကို ခံစားမိလိုက်ရ၏။

ရှင်ပျော်ပျော် သူတော်စင်သည် ခါးသီးစွာနှင့် ရယ်လိုက်ပြီး၊ သူတို့အား လျစ်လျူရှုထားလိုက်သည်။ သူသည် နောက်ထပ်မဲလိပ်တစ်ခုကို ထပ်နှိုက်လိုက်ကာ၊ ဖြည်းညှင်းစွာနှင့် ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ယွဲ့ဟုန်ယန်"

## စာစဥ် ၁၆ : အပိုင်း ၁၅

## အပိုင်း ၂၈၅ : ကံအကောင်းဆုံးသော မဲနှိုက်မှု

"နောက်တစ်ဆင့်မှာ ယှဥ်ပြိုင်ရမယ့် သူတွေက၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ယွဲ့ဟုန်ယန်နဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ယန်ချင်တို့ပဲ ဖြစ်ပါတယ်"

လူအုပ်ကြီးအတွင်းမှ တီးတိုးပြောဆိုသံများ ထွက်ပေါ်လာကြသည်။ အချို့မှာ ပြိုင်ပွဲ၏ ရလဒ်ကို ခန့်မှန်းနေကြ၍၊ အချို့မှာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းဘက်သို့ တစေ့တစောင်း ကြည့်နေကြသည်။

ဒါသည် အောင်မြင်မှု ဂုဏ်ကျက်သရေအတွက် ပေးရသော တန်ဖိုးပင် ဖြစ်ပေလိမ့်မည်!

ကွာတားဖိုင်နယ်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နေရာရှစ်နေရာတွင် သုံးနေရာကို သိမ်းပိုက်နိုင်ခဲ့ကာ၊ ကျန်သော ယှဉ်ပြိုင်သူများအား ကြီးမားသော ဖိအားများကို ပေးနိုင်ခဲ့သည်။

လင်းဖုန်း၏ စခန်းအတွင်းတွင် ခါးသီးသော အပြုံးများကို တွေ့နေနိုင်သည်။ အထူးသဖြင့် ယန်ချင်ဖြစ်သည်။

ရှောင်ပုတန်လေးသည် လင်းဖုန်းအား ကြည့်လိုက်ပြီး တီးတိုးပြောလိုက်သည်။ "ဆရာ၊ တစ်ယောက်ယောက်က ကျွန်တော်တို့ကို တမင်သက်သက် လုပ်တာများလား?"

"မဟုတ်ဘူး၊ ဒါက ငါတို့ရဲ့ကံပဲ" လင်းဖုန်းက ကျယ်လောင်စွာ ဖြေလိုက်ရင်း၊ သူ၏ခေါင်းကို ခါလိုက်သည်။

လင်းဖုန်းသည် ထိုကဲ့သို့သော
အကွက်များအား အံ့တိုနေပြီ ဖြစ်သည်။
သူသည် မဟာချင် အင်ပါယာမှ ထိုကဲ့သို့သော
နည်းလမ်းများကို မသုံးမည်ကို
သေချာနေခဲ့သော်လည်း၊ ရှင်ပျော်ပျော်
သူတော်စင်နှင့် ရှီကျုံးယွဲ့တို့အား
မျက်ခြေမပြတ် စောင့်ကြည့်နေခဲ့သည်။

ဘာပဲပြောပြော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အခြေခံအုတ်မြစ်
အဆင့် ပြိုင်ပွဲတွင် ကြီးစိုးလွှမ်းမိုးနိုင်ခဲ့ကာ၊

ကိုယ့်အိမ်တွင်ကိုယ် လေ့ကျင့်သကဲ့သို့ပင် ဖြစ်နေခဲ့သည်။

သို့သော်လည်း ရှေ့ရောင်ဗဟိုချက် အဆင့်နှင့် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ၏ ထင်မြင်မှုများကို ဖယ်ထားလိုက်လျှင်၊ ရှီကျုံးယွဲ့ အပါအဝင် အခြား အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည် ပွင့်လင်းမြင်သာမှု ရှိကြသည်။

သူတို့နှစ်ယောက်က ကွာတားဖိုင်နယ်တွင် အချင်းချင်း တွေ့ဆုံခြင်းသည်၊ တိုက်ဆိုင်မှု

သက်သက်သာ ဖြစ်သည်။ ထို့အပြင် ရှစ်ယောက်အနက်မှ သုံးယောက်သည်၊ အချင်းချင်း ပြန်တွေ့နိုင်ရန် ဖြစ်နိုင်ခြေ မြင့်နေသည် မဟုတ်ပါလော။

သို့သော်လည်း အားလုံးက မဲရလဒ်ကြောင့် မပျော်မရွှင် ဖြစ်နေကြသည် မဟုတ်ပေ။ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် နတ်ရေကန်ဂိုဏ်းတို့သည် မကျေမနပ် မဖြစ်ကြသည်မှာ သိသာနေကြသည်။

"ဒီထက်ကောင်းတဲ့ မဲရလဒ်မျိုး မရှိတော့ဘူး"
ကျေနပ်အားရနေသော ဂိုဏ်းနှစ်ဂိုဏ်းတို့သည်
အချင်းချင်း ပျော်ရွှင်စွာဖြင့်
ပြောလိုက်ကြသည်။

ကျမုကျိလျှိုသည် တောက်ယုတင်းအား
တင်းမာစွာနှင့် စိုက်ကြည့်လိုက်သည်။

ဝတ်ရုံဖြူ ဝတ်ဆင်ထားကာ ဆံနွယ်များက
ပုခုံးအပေါ် ဖြာကျနေသော သူမသည်၊ သူမ၏
ရေခဲတမျှ အေးစက်နေသော အမူအရာများကို
ထိန်းသိမ်းထားနေရင်း၊ ကျမုကျိလျှို၏
စူးရှသော အကြည့်တို့အား

သတိပြုမိလိုက်ကာ သူမ၏ ရန်ငြိုးတို့အား ပြန်ဖော်ပြလိုက်သည်။

ခဏအကြာတွင် ရှီဆောင်ချန်း၏ နာမည်ကို ခေါ်သံကြားလိုက်ရသည်။ သူ၏ ပြိုင်ဘက်မှာ ခရမ်းရောင် ဝတ်စုံနှင့် တိုက်ခိုက်သူ တစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် အစပထမတွင် အတန်ငယ် အံ့ဩသွားကြသော်လည်း၊ ရှီဆောင်ချန်းသည် ခဏအတွင်းတွင်ပင် တည်ငြိမ်မှုကို ပြန်ထိန်းနိုင်ခဲ့သည်။

နာမည်ရှစ်ခုအတွင်းမှ ခြောက်ခုအား ခေါ်ခဲ့ပြီးပြီ ဖြစ်၍၊ နောက်ဆုံးကျန်သော မဲလိပ်နှစ်ခုအား နှိုက်စရာ မလိုတော့ပေ။

ဝမ်လင်းသည် သူ၏ခေါင်းကို ငုံ့လိုက်ကာ၊ အေးစက်စွာနှင့် ပြုံးလိုက်သည်။

"ဒါက ကွာတာဖိုင်နယ်ရဲ့ နောက်ဆုံးတိုက်ပွဲပဲ ဖြစ်ပါတယ်! အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဝမ်လင်းနဲ့ ဟောင်မိသားစုမှ ဟောင်ချန်းပဲ ဖြစ်ပါတယ်!"

နှစ်ဦးနှစ်ဘက်စလုံးတို့သည်
တစ်ယောက်ကိုတစ်ယောက်
စိုက်ကြည့်နေကြသည်။
ဘေးမှသူများကလည်း နိုင်စေလိုသော
စိတ်များဖြင့် အားပေးနေကြသည်။

"ဒီမဲရလဒ်က ဒီထက်
ပိုမကောင်းနိုင်တော့ဘူး" နှစ်ဘက်စလုံးက
တပြိုင်နက်တည်း ရေရွတ်လိုက်ကြသည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများ အုပ်စုအနက်မှ၊

လက်ဝဲမင်းသားရှန်နှင့် ချောင်ဝေတို့သည် နေရာအသီးသီး ယူလိုက်ကြသည်။

"ချောင်ဝေ၊ ငါကို အနိုင်ကျင့်တယ်လို့တော့ မပြောနဲ့ကွာ။ ငါက ဝင်ရိုးစွန်း သတ္တုတစ်စကို လောင်းကြေးထပ်ချင်တယ်။ မင်းက လောင်းရဲသလား?" လက်ဝဲမင်းသားရှန်က သရော်လိုက်သည်။ စစချင်းပင် ဆောက်နှင့်ထွင်းခဲ့ပေပြီ။

"ဟွန့်၊ မင်းရှုံးသွားရင် တကယ်ထုတ်မပေးမှာကိုပဲ ကြောက်ရမယ်! မင်းက အရှုံးခံဖို့ကို စိတ်ပြင်းပြနေတယ်

ဆိုတော့၊ ငါကလည်း လက်ခံရတာပေါ့! မင်းရဲ့ ဆီးနှင်းပန်းဖွားကို လောင်းပါလား?" ချောင်ဝေက ပြန်သရော်လိုက်၏။

"ကိုယ့်ကိုယ်ကိုယ် အထင်သိပ်ကြီးနေတယ်၊ ဟုတ်လား?" လက်ဝဲမင်းသားရှန်က ပြန်ပြောလိုက်၏။ "ဒါဆိုရင် မင်းရှုံးရင် မင်းရဲ့ ရေခဲကြေးမုံကို ပေးမလား?"

ဘေးမှရပ်ကြည့်နေသော ကျူးကော်ကွမ်းက ရုတ်တရက် ဝင်ပြောလိုက်သည်။ "လက်ဝဲမင်းသားရှန်၊ ဒါကတော့ နည်းနည်းများသွားပြီ"

လက်ဝဲမင်းသားရှန်က အော်ဟစ်လိုက်သည်။
"သူက သူ့ရဲ့ ရေခဲမှတ်အောက်
ဆီးနှင်းပေါက်တွေ အားလုံးနီးပါး ရှုံးသွားခဲ့ပြီ၊
ကျုပ်က လောင်းကြေးရဖို့
နောက်ထပ်ဆယ်နှစ် ထပ်မစောင့်နိုင်ဘူးဗျ!"

"ကောင်းပြီလေ" ချောင်ဝေက လင်းဖုန်းဆီမှ
အကြည့်ကို လက်ဝဲမင်းသားရှန်ဘက်သို့
ပြောင်းလိုက်ရင်း၊ လက်ခံလိုက်သည်။

အော်ကြီးဟစ်ကျယ်နှင့် အငြင်းအခုံတို့ကို
ငြိမ်သက်စွာ စောင့်ကြည့်နေခဲ့သော

လင်းဖုန်းသည်၊ ကိုယ့်ကိုယ်ကိုယ်
တွေးနေမိသည်။ "လက်ဝဲမင်းသားရှန်က
လက်သီးပုန်း ထိုးတတ်တဲ့ လူမျိုးပဲ။ သူ့ရဲ့
ကြီးမားတဲ့ ခန္ဓာကိုယ်နဲ့မှ မလိုက်၊
လှည့်ဖျားတတ်တဲ့ မြေခွေးနဲ့တူတယ်။
ချောင်ဝေရဲ့ အနာကို ဆားနဲ့သိပ်ပြီး၊
ငါတို့နှစ်ယောက်ရဲ့ ရန်ငြိုးကို
ပြန်အစဖော်နေခဲ့တယ်"

ရေခဲကြေးမုံပဲ ဖြစ်စေ၊ ဆီးနှင်းပန်းဖွားပဲ
ဖြစ်စေ၊ သူတို့သည် ရှားပါးလှသော
အိုင်တမ်များ ဖြစ်ကြကာ၊ လင်းဖုန်းနှင့်
နေမင်းအလင်းတန်း ခေးမာစတာတို့၏

အစောပိုင်းက လောင်းကြေးထက် များစွာ
တန်ဖိုးပိုကြီးကြသည်။

ငွေကြေးတန်ဖိုးနှင့် တွက်လိုက်လျှင်
ဤလောင်းကြေးမှာ၊ လင်းဖုန်းက
အစောပိုင်းက နိုင်ထားသော ရေခဲမှတ်အောက်
ဆီးနှင်းပေါက် အစက်၁၀၀အောက်
မလျော့ပေ။

တောက်ယုတင်းနှင့် ကျမုကျိလျှိုတို့သည်
ချောက်အတွင်းသို့ ဝင်သွားကြပြီး၊
လက်ရည်တူ ယှဉ်ပြိုင်နေကြသည်။

သူတို့နှစ်ယောက် အနက်တွင်၊ မည်သူက
အသာစီးရနေမှန်းကို မခွဲနိုင်ခဲ့ပေ။

ပြင်ပမှ လူများမှာ ချက်ချင်းဆိုသလိုပင်
တိုက်ပွဲ၏ ဆွဲဆောင်မှုအနောက်ကို
ပါသွားကြသည်။ သို့သော်လည်း အလှမယ်နှင့်
လူသန်ကြီးတို့၏ တိုက်ပွဲတွင်၊
ပရိသတ်အများစု၊ အထူးသဖြင့်
လူငယ်များသည် တောက်ယုတင်းအား
အားပေးနေကြ၏။

လင်းဖုန်းက သူ၏တပည့်များကို လှည့်ကြည့်လိုက်ကာ တွေးလိုက်သည်။ "ငါ့ရဲ့ တပည့်တွေက နှာမထကြပါလား?"

သို့သော်လည်း သချာပြန်တွက်ကြည့်လိုက်လျှင်၊ သူတို့အကြောင်းရင်းနှင့် သူတို့ရှိလေသည်။

ရှောင်ပုတန်လေးကိုတော့ ထည့်တွက်၍ မရချေ။ အမှန်အတိုင်း ပြောရလျှင်၊ သူသည် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်း မရှိသေးပေ။ သူသည် သူ၏ အချိန်အများစုကို

သူ၏အနာဂတ် ခရီးလမ်းအတွက်
ပြင်ဆင်နေရဆဲ ဖြစ်သည်။

ဝမ်လင်းအနေနဲ့မူ၊ သူသည်
လေ့ကျင့်မှုမှလွဲလျှင် နောက်ထပ်ပြုလုပ်သည့်
အရာမှာ လေ့ကျင့်မှုသာ ဖြစ်သည်။ သူ၏
ဂိုဏ်းတူညီအစ်ကိုများသည် သူ့အား
ဖိအားကြီးစွာ ပေးနေကြ၍၊
အခြားအရာများကို စဉ်းစားရန်
အချိန်မပေးနိုင်ပေ။

ယန်ချင်သည်လည်း ဝန်ထုတ်ဝန်ပိုး
ကြီးမားစွာ ထမ်းထားရ၏။ သူသည် သူ၏

ဆိုးရှိုးသွားသော ဂျူနီယာလေး အပေါ်တွင် တစ်သသ ဖြစ်နေဆဲဖြစ်သည်။

သူတို့အတွင်းတွင် သာမန်အဖြစ်ဆုံးနှင့် စိတ်လွတ်လက်လွတ် အဖြစ်ဆုံးမှာ ဇူရီဖြစ်သည်။ သို့သော်လည်း သူသည် အပြင်ပန်းတွင် ယဥ်ကျေးသိမ်မွေ့ကာ လူကြီးလူကောင်း ဆန်သော်လည်း၊ အမှန်တကယ်မှာ သူသည် မာနအပြည့်နှင့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသူဖြစ်သည်။ သူ၏ လိုအပ်ချက်နှင့် ပြည့်စုံသော မိန်းကလေးကို တွေ့ရန် မလွယ်လှချေ။

လင်းဖုန်းသည် သူ၏ ခေါင်းကိုခါလိုက်ကာ တွေးနေခဲ့သည်။ "ကောင်စုတ်လေးတွေ၊ မင်းတို့ကို မိန်းမရှာပေးဖို့ အတွက်ပါ ငါကပူနေရမှာလား? ယန်ချင်ကလွဲလို့ ကျန်တဲ့ သုံးယောက်ကတော့၊ ပူစရာ သိပ်မလိုပါဘူး။ သူတို့ရဲ့ အဆင့်အတန်းတွေနဲ့ဆိုရင်၊ ပါးစပ်သာ ဟလိုက်ရင် တစ်ပုံကြီး ပါလာကြမှာပဲ!"

လင်းဖုန်း၏ အတွေးတို့မှာ သူ၏ တပည့်များ အပေါ်တွင် ရောက်နေခဲ့သော်လည်း၊ သူ၏ မျက်လုံးတို့မှာ ပြိုင်ပွဲဆီမှ မခွာခဲ့ပေ။ ခဏအကြာတွင် ပြိုင်ပွဲအတွင်းတွင်၊ အခြေအနေတို့မှာ ပိုမိုရှုပ်ထွေးလာခဲ့သည်။

တောက်ယုတင်း၏ ခန္ဓာကိုယ်မှနေ၍
အေးစက်နေသော အဖြူရောင် မြူခိုးငွေ့များ
ထွက်ပေါ်လာခဲ့သည်။ သူသည် ကျမုကျိလှို၏
ခန္ဓာကိုယ်နှင့် ထိတွေ့လိုက်သော အခါ၊
မီးတောက်များအဖြစ်
တောက်လောင်လာခဲ့သည်။

ကျမုကျိလှိုသည် မြောက်ပိုင်းမှ
သူရဲကောင်းများ အကြားတွင် စံပြဖြစ်သည်။
သူ၏ ခန္ဓာကိုယ်မှာ အလွန်နှံ့ကို
သန်မာလှသည်။ သူ၏ လေ့ကျင့်မှုများ၊
မှော်ပညာများသည် သူ၏

ရုပ်ခန္ဓာကိုယ်ကိုသာ ဖောင်းပေး၍
လှေကျင့်ထားခြင်း ဖြစ်သည်။
တောက်ယှုတင်း၏ ယခင်က
ရေခဲတိုက်ခိုက်မှုများသည်၊ သူ၏ ပြင်ပ
အတားအဆီးကို မချိုးဖောက်နိုင်ခဲ့ပေ။

ယခုအချိန်တွင်မူ၊ သူ၏ခန္ဓာကိုယ်
တစ်ခုလုံးသည် မီးဟုန်းဟုန်းတောက်နေပြီ
ဖြစ်သည်။ သူက မည်မျှပင် ကြိုးစားကြိုးစား၊
ထိုမီးတောက်များကို ငြိမ်းသတ်ရန်
မစွမ်းနိုင်ခဲ့ပေ။ သူ၏ ခံစားနေရသော
ဝေဒနာတို့မှာ ကြီးမားလှ၍၊ သူ၏
မျက်နှာပေါ်တွင် အထင်းသား မြင်နိုင်ခဲ့သည်။

ပရိသတ်များမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ ထိုသိုင်းကွက်အား သိသူတို့သည် အချင်းချင်း ရေရွတ်နေခဲ့ကြသည်။ "ဒါက နတ်ရေကန်ဂိုဏ်းရဲ့ ရေခဲလောင်ကျွမ်းခြင်း နည်းစနစ် မဟုတ်ဘူးလား?"

"ရေခဲလောင်ကျွမ်းခြင်း နည်းစနစ်က၊ နတ်ရေကန်ဂိုဏ်းက အခြေတည်ဝိညာဉ် အဆင့်က ဂရန်းမာစတာ တွေကသာ ကျင့်ကြံနိုင်ကြတာ မဟုတ်ဘူးလား? ရွှေရောင်ဗဟိုချက် အဆင့်က

ကျင့်ကြံသူတွေတောင် မကျင့်ကြံနိုင်ကြဘူး။ သူမက အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးတာတောင်၊ ဒီနည်းစနစ်ကို ဆုပ်ကိုင်နေနိုင်ပြီ? တကယ့်ကို မယုံနိုင်စရာပဲ!"

"ပါရမီရှင်! တကယ့် ပါရမီရှင်လေးပဲ! ရှာမှရှားတဲ့ မြင်ကွင်းပဲ!"

ပရိသတ် အားလုံးတို့မှာ စိတ်လှုပ်ရှားမှုများဖြင့်၊ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ကြသည်။ တစ်ဘက်တွင် ထိုင်နေကြသော အင်မော်တယ် ဝိညာဉ်

အဆင့်မှ အကြီးအကဲများပင်၊ သူမထက်
ကျင့်ကြံမှုအဆင့် များစွာမြင့်ကြသော်လည်း၊
သူမအား အာရုံစိုက်လာကြသည်။ သူတို့အား
ဆွဲဆောင်နိုင်သည်မှာ၊ သူမ၏
တကယ့်စွမ်းရည်ထက် သူမ၏
အလားအလာပင် ဖြစ်သည်။

လက်ဝဲမင်းသားရှန်၏ မျက်နှာမှာ
စိမ်းပြာရောင် သန်းသွားခဲ့ကာ၊
အော်ဟစ်လိုက်သည်။ "ချောင်ဝေ၊
မင်းဒီကနေ့မှာ ကံကောင်းသွားတယ်
မှတ်လိုက်ပါ!"

ချောင်ဝေသည် ဂရုပင် မစိုက်ခဲ့ချေ။

သတ်ကွင်းအတွင်းတွင် ပုံမှန်အားဖြင့်
တည်ငြိမ်ကာ ဟန်ပန် အမူအရာ
ကင်းမဲ့နေသော ကျုမုကျိုလျှိုသည်၊
ပို၍အားကောင်းလာသော
မီးတောက်များအကြားတွင် တွန့်ဆုတ်သည့်ပုံ
ပေါက်လာခဲ့သည်။

တောက်ယုတင်းသည် မပေါ့ဆခဲ့ပဲ၊ သူမ၏
ခက်ထန်သော မီးတောက်များကို ဆက်တိုက်
ထုတ်လွှတ်နေခဲ့ကာ၊ ကျုမုကျိုလျှိုအား
မြေပေါ်တွင် လူးလိမ့်နေစေခဲ့သည်။

မှော်ဆန်သော သတ်ကွင်းသည်
တောက်ယုတင်း၏
နောက်ထပ်တိုက်ခိုက်မှုများကို
တားဆီးပေးခဲ့သော်လည်း၊ ကျမုကျိုလျှို၏
ကိုယ်ပေါ်မှ မီးတောက်များမှာ
တောက်လောင်နေဆဲ ဖြစ်သည်။

ကျမုကျိုလျှိုသည် ရှုံးနိမ့်ခဲ့၍ ချောက်အပြင်သို့
ရောက်လာခဲ့သည်။ ထိုအချိန်မှပင်
လက်ဝဲမင်းသားရှန်က လက်တစ်ဘက်ကို
အားပြင်းပြင်းနှင့် ဝှေ့ယမ်းလိုက်ကာ၊
မီးတောက်များကို ငြိမ်းသတ်စေခဲ့သည်။
ကျမုကျိုလျှို၏ အရေပြားသည် မီးခဲများကို

ရေနှင့်ပက်လိုက်သကဲ့သို့ တစ်ရှုံ့ရှုံ့နှင့် ဖြစ်နေခဲ့သည်။

ဇူရီသည် လင်းဖုန်းအား စူးစမ်းစောကြောသော အနေဖြင့် မေးလိုက်သည်။ "ဆရာသခင်၊ ဒီရေခဲ လောင်ကျွမ်းခြင်း နည်းစနစ်ဆိုတာက ဘာများလဲဗျ?"

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။ "သူမက ထုတ်လွှတ်လိုက်တဲ့ ဒီအဖြူရောင် မြူခိုးငွေ့တွေက၊ သူမရဲ့ ပြိုင်ဘက်ရဲ့ မှော်စွမ်းအင် အော်ရာတွေနဲ့

ထိတွေ့လိုက်တာနဲ့ တပြိုင်နက်၊
မီးတောက်တွေအဖြစ်ကို
ပြောင်းလဲသွားတယ်။ သူက သူတို့ရဲ့
ကိုယ်ပိုင်စွမ်းအားတွေကို လောင်စာအဖြစ်နဲ့
အသုံးချလိုက်တာပဲ"

"မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်က တိုက်ခိုက်သူတွေက၊
သူတို့ရဲ့ မှော်စွမ်းအားတွေကို သူတို့ရဲ့
ခန္ဓာကိုယ် အတွင်းမှာ ပေါင်းစည်းထားပြီး၊
သူတို့ကိုယ်သူတို့ သန်မာအောင်
လေ့ကျင့်ထားကြတာ။ ဒါကြောင့် သူတို့ရဲ့
အော်ရာတွေက သူတို့တစ်ကိုယ်လုံးမှာ

ရှိနေခဲ့ပြီး၊ အဲ့ဒီ မြူခိုးငွေ့တွေနဲ့
ထိတွေ့လိုက်တာနဲ့ တပြိုင်နက်
လောင်ကျွမ်းသွားခဲ့တာပဲ"

"သူက မှော်စွမ်းအင် အော်ရာတွေကို
လောင်စာအဖြစ်နဲ့ အသုံးချတာဆိုတော့၊ သူ့ကို
ငြိမ်းသတ်ဖို့ ဆိုတာက မဖြစ်နိုင်သလောက်ပဲ။
ဒီရေခဲလောင်ကျွမ်းခြင်း နည်းစနစ်ဟာ
သူတို့ရဲ့ မှော်စွမ်းအားတွေကို သူတို့ရဲ့
ခန္ဓာကိုယ်တွေ အထဲကို ပေါင်းစည်းထားတဲ့၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်က ကျင့်ကြံသူတွေကို

အထူးရည်ရွယ်ထားတဲ့၊ နတ်ရေကန်ဂိုဏ်းရဲ့
တန်ပြန်တိုက်ခိုက်တဲ့ နည်းစနစ်တစ်ခုပဲ"

"သူ့ရဲ့ သေစေနိုင်မှုကြောင့်၊ ဒါဟာ
နတ်ရေကန်ဂိုဏ်းရဲ့ အလေးအမြတ် ထားရတဲ့
နည်းစနစ် တစ်ခုပဲဖြစ်တယ်"

ယန်ချင်က တိုးတိုးလေး ပြောလိုက်သည်။
"သူ့မှာကလည်း သူ့အားနည်းချက်နဲ့သူတော့
ရှိမှာပဲ၊ ဟုတ်တယ်မို့လား?"

ဝမ်လင်းက အနည်းငယ်လောက် စဥ်းစားပြီးမှ
ပြောလိုက်သည်။ "ပထမ၊ ဒီနည်းစနစ်က

လေ့ကျင့်ဖို့ရာ အမတန်မှ ခက်ခဲတယ်။ အစောက အကြီးအကဲက ပြောတဲ့အတိုင်းပဲ၊ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကကသာ ကျင့်ကြံနိုင်မှာပဲ။ ပြီးတော့ ဒီမြူခိုးငွေ့တွေက ဖြည်းဖြည်းချင်းပဲ ပျံ့လာတာ။ ကြိုတင်ပြီးတော့ ပြင်ဆင်ထားတဲ့ သူတွေက၊ ဒီမြူခိုးငွေ့တွေကို ရှောင်ရှားနိုင်ကြမှာပဲ"

ရှောင်ပုတန်လေးကလည်း ရုတ်တရက် ဝင်ပြောလိုက်သည်။ "မြောက်ပိုင်းမျိုးနွယ်စုက ဟိုလူသန်ကြီးက သူ့ပြိုင်ဘက်ဆီက ဒီမြူခိုးငွေ့တွေ့ကို မမျှော်လင့်ထားလို့၊

အနီးကပ်တိုက်ပွဲကို ဆင်နွှဲနေခဲ့တာ။
ဒါကြောင့်ပဲ သူက အချိန်မှီ ရှောင်လို့
မရခဲ့တာပဲ"

"သူကသာ အစကတည်းက သိထားလို့ရှိရင်၊
သူက အစကတည်းက ရှောင်ခွာပြီးမှ
တိုက်ခိုက်မှာ ဖြစ်တယ်။ သူ့ရဲ့
အမြန်နှုန်းနဲ့ဆိုရင်၊ ဒီမြှုခိုးငွေ့တွေကို
ရှောင်ရှားဖို့ ပြဿနာရှိမှာ မဟုတ်ဘူး"

ယန်ချင်က သက်ပြင်းချလိုက်သည်။ "သူ့ကို
တန်ပြန်ဖို့ နောက်ထပ် နည်းလမ်းတစ်ခု
ရှိသေးတယ်"

ဇူရီက ခေါင်းညိတ်လိုက်သည်။ "ဒါက အခြေတည်ဝိညာဉ် အဆင့်က ဂရန်းမာစတာတွေသာ အသုံးပြုနိုင်တာဆိုတော့၊ သုံးတဲ့လူအပေါ်မှာ တောင်းဆိုမှု အရမ်းများမှာပဲ။ သူက ပထမ တစ်ခေါက်မှာသာ မအောင်မြင်ခဲ့ရင်၊ နောက်ထပ်တစ်ခေါက် ထပ်ကြိုးစားဖို့ ဆိုတာက အတော်ကြီးကို ခက်သွားပြီ"

ရှောင်ပုတန်က ချက်ချင်း ဝါးလုံးကွဲ ရယ်မောလိုက်သည်။ "နံပါတ်ငါး စီနီယာ၊ စီနီယာက ဟိုကောင်မလေး အကြောင်းကို

မစဉ်းစားတာ ကောင်းမယ်နဲ့တူတယ်။
နံပါတ်လေး စီနီယာကို ဘယ်လိုတိုက်ရမလဲ
ဆိုတာကို အရင်စဉ်းစားတာ ပိုကောင်းမယ်"

ယန်ချင်၏ အမူအရာသည် ချက်ချင်းဆိုသလိုပဲ
ခါးသီးသွားခဲ့သည်။ မျက်ရည်များပင်
ကျလာတော့မလို ဖြစ်သွားခဲ့သည်။

ရှောင်ပုတန်လေးက ယန်ချင်၏ ပုခုံးအား
ပုတ်လိုက်ပြီး၊ သာမန်သာ မေးလိုက်သည်။
"စီနီယာက ဒီပြိုင်ပွဲကို အရှုံးပေးလိုက်ပြီး၊
နံပါတ်လေး စီနီယာကို ဆီမီးဖိုင်နယ်ကို

တန်းပို့လိုက်မှာတော့၊
မဟုတ်လောက်ပါဘူးနော်?"

သူသည် တကယ့်ကို ဟာသအနေဖြင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း၊ ယန်ချင်က ခဏတာလောက် အလေးအနက် စဉ်းစားလိုက်ပြီးနောက် ခေါင်းညိတ်လိုက်သည်။ "ကိုယ့်ကိုယ်ကိုယ် အရှက်အကွဲ ခံမယ့်အစား၊ ဒီအကြံက မဆိုးဘူး"

## စာစဥ် ၁၆ : အပိုင်း ၁၆

# အပိုင်း ၂၈၆ : အချင်းချင်း ပဋိပက္ခ ဖြစ်ကြခြင်း

ယန်ချင်၏ အဖြေကို ကြားရပြီးနောက်တွင်၊ ရှောင်ပုတန်လေးသည် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ ခဏကြာပြီးနောက်တွင်၊ သူသည် ယန်ချင်၏ကျောကို ခပ်ပြင်းပြင်း ရိုက်လိုက်ပြီး၊ "စစ်မရောက်ခင် မြားကုန်နေတယ်ဆိုတာ မဖြစ်သင့်ဘူး!"

"သူမက ငါ့ရဲ့ပြိုင်ဘက် မဟုတ်ဘူး" တစ်ဘက်က ပြန်ဖြေလိုက်၏။

"ငါတို့က တစ်ဂိုဏ်းထဲက ဆိုတော့၊ ငါက ရှုံးမယ်မှန်း သိသိနဲ့ ပြိုင်နေလို့လည်း အဓိပ္ပာယ် မရှိဘူး"

လင်းဖုန်း၏ အကြည့်သည် ယန်ချင်အပေါ်သို့ ကျရောက်လာခဲ့သည်။
"တကယ်မပြိုင်ရသေးပဲ၊ အနိုင်အရှုံးကို ဘယ်သူက သိမှာလဲ? မင်းက မင်းပိုအားနည်းတယ် ဆိုတာကို သိပေမဲ့၊ ငါမျှော်လင့်တာက ယှဉ်ပြိုင်ရဲတဲ့ သတ္တိပဲ"

"ပြီးတော့လည်း၊ ရှုံးနိမ့်ခြင်းကနေ အမြဲတမ်း သင်ခန်းစာ ယူနိုင်တာပဲ"

"တောင်းပန်ပါတယ် ဆရာသခင်၊ ကျွန်တော်က မှားသွားပါတယ်" ယန်ချင်က ယွဲ့ဟုန်ယန်ဘက်ကို လှည့်လိုက်ကာ "စီနီယာ၊ စီနီယာနဲ့ ယှဥ်ပြိုင်ရတဲ့အတွက် ဂုဏ်ယူပါတယ်"

"ကျေးဇူးပြုပြီး ကြွပါ" ယွဲ့ဟုန်ယန်က ပြန်ဖြေလိုက်သည်။

သူတို့နှစ်ယောက်သားတို့သည် ကွင်းအတွင်းသို့ ရင်ဘောင်တန်း၍ လျှောက်သွားကြသည်။

အနောက်မှနေ၍ ရှောင်ပုတန်လေးက ရုတ်တရက် အော်ဟစ်လိုက်သည်။ "နံပါတ်ငါး စီနီယာ! ကောင်းကောင်းချဗျ! တကယ်ပဲ မနိုင်နိုင်တော့ဘူး ဆိုရင်လည်း၊ အရှုံးပေးလိုက်လို့ ရတာပဲ!"

"ကောင်စုတ်လေး" ယန်ချင်သည် နောက်ပြန်လှည့်လိုက်ကာ၊ ရှောင်ပုတန်လေးအား မျက်စောင်းတစ်ချက် ပစ်လိုက်သည်။ ရှောင်ပုတန်လေးသည် ဘာကိုမှ မမြင်မကြားသကဲ့သို့ ဟန်ဆောင်နေခဲ့သည်။

ဇူရီနှင့် ကျန်သောသူများသည်
စိတ်ပျက်လက်ပျက်နှင့်
ခေါင်းခါလိုက်ကြသည်။
အမှန်တကယ်တွင်လည်း ရှောင်ပုတန်လေး
ပြောသည်မှာ မမှားလှပေ။
သူတို့နှစ်ယောက်သည်
ဂိုဏ်းတစ်ဂိုဏ်းတည်းမှ ဖြစ်ကြသည်။
အတူတူ လေ့ကျင့်ကြသူများ ဖြစ်ကြကာ၊
တစ်ယောက်နှင့်တစ်ယောက်
ရန်ငြိုးရန်စလည်း မရှိကြပေ။
လက်မြှောက်အရှုံးပေးလိုက်သည်မှာ
ဘာမှမမှားပေ။

ကွင်းအတွင်းတွင် ယွဲ့ဟုန်ယန်သည် ယန်ချင်အား ရယ်ပြလိုက်သည်။ "နံပါတ်ငါး ဂျူနီယာ၊ အဆင့်သင့် ဖြစ်ပြီလား။ ငါက စပြီနော်"

မျက်စိတစ်မှိတ် အတွင်းတွင်၊ သူမသည် ယန်ချင်ရှိရာသို့ ခုန်အုပ်လိုက်သည်။ ဓားသွားပါ အနက်ရောင် လုံတံရှည်ကြီးသည် ဥက္ကာပျံ တစ်စင်းအလား၊ ယန်ချင်ဆီသို့ ခုတ်ချခဲ့လိုက်သည်။

အမြစ်တစ်ခုတည်းမှ ဖြစ်သော်လည်း၊ သူမသည် တစ်ဘက်သားအား ညှာတာရန် ရည်ရွယ်ချက် မရှိသည်မှာ သိသာနေသည်။

ယန်ချင်သည် ယွဲ့ဟုန်ယန်၏ နည်းဗျူဟာများကို သိထားသည်။ သူမသည် သူမ၏ စွမ်းအင်များကို ထိမ်ချန်လေ့မရှိပဲ၊ သူမ၏ ပြိုင်ဘက်များအား အစကတည်းက ဖိအားပေး တိုက်ခိုက်တတ်သည့်၊ သူရဲကောင်း တစ်ယောက်ဖြစ်သည်။ သူမ၏ တိုက်ရိုက်တဲ့တိုး ကိုယ်ကျင့်စရိုက်နှင့်ဆိုလျှင်၊ သူမသည် ယန်ချင်အား တိုက်ခိုက်မှုကို ထိန်းချုပ်ခွင့်ပေးမည် မဟုတ်ပဲ၊

သူ၏စွမ်းအားများကို စုစည်းခွင့်ပေးမည်
မဟုတ်ပေ။ သူမ၏ ပြိုင်ဘက်အား
နည်းဗျူဟာ ခင်းကျင်းခွင့် ပေးသည်မှာ၊
ယွဲ့ဟုန်ယန် ဘယ်တော့မှ
လုပ်မည်မဟုတ်သည့် အရာဖြစ်သည်။

ယန်ချင်သည် ထို့ကြောင့်ပင် အစကတည်းက
သူ၏ ခံစစ်အား ပြင်ဆင်ထားပြီး ဖြစ်သည်။
သူတတ်နိုင်သည်မှာလည်း ဒါပင်ဖြစ်သည်။

မဟာလမင်း အကြွင်းမဲ့ရေသည်
တောက်ပစွာနှင့် ထွက်ပေါ်လာခဲ့ကာ၊
ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုများကို

ရင်ဆိုင်လိုက်သည်။ မဟာလမင်း
တော်ဝင်ကျိန်စာသည် မှော်ကျိန်စာများကိုသာ
တန်ပြန်နိုင်သည် မဟုတ်ချေ။ သူသည်
သိုင်းပညာရပ်များကို တားဆီးရာတွင်လည်း
အသုံးဝင်သည်။ ပြိုင်ဘက်၏ လက်နက်နှင့်
ထိတွေ့မိသည်နှင့်၊ အကြွင်းမဲ့ရေသည်
ယွဲ့ဟုန်ယန်၏ မှော်စွမ်းအားများအတိုင်း
ပြောင်းလဲသွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် ယွဲ့ဟုန်ယန်သည်၊
သူမ၏ လက်နက်ကို ထိန်းချုပ်ရသည်မှာ
ခက်ခဲလာသလို ခံစားလိုက်ရသည်။ သူမ၏
စွမ်းအားများမှာ လှုပ်ခါနေခဲ့ပြီး၊ ဒါသည်

ယန်ချင်၏ စွမ်းဆောင်ချက်များကြောင့်
ဖြစ်သည်ဟု သူမက သိနေခဲ့သည်။
သို့သော်လည်း သူမသည်
မည်သည့်စွမ်းအားများက သူမ၏
စွမ်းအားဖြစ်ပြီး၊ မည်သည့်စွမ်းအားများက
ယန်ချင်ဆီကလာသည်ကို မခွဲခြားနိုင်
ဖြစ်နေခဲ့သည်။

မှော်စွမ်းအင် အားလုံးတို့သည် သူမ၏
မှော်စွမ်းအင်တို့နှင့် ဆင်တူနေခဲ့သည်။ သူမက
မည်မျှပင် ထုတ်လွှတ်သည်ဖြစ်ဖြစ်၊
ယန်ချင်က ဝင်ရောက် နှောက်ယှက်မည်
ဖြစ်သည်။

သူမ၏ အစက ခက်ထန်အားကောင်းသော တိုက်ခိုက်မှုများသည်၊ ဖြည်းဖြည်းချင်း ပေါ့ပါးအားနည်းသွားခဲ့သည်။ ယန်ချင်၏ မော်ကျိုန်စာသည် အလုပ်ဖြစ်နေခဲ့သည်။ လင်းဖုန်း၏ လမ်းညွှန်မှုအောက်တွင် ယွဲ့ဟုန်ယန်သည်၊ စွမ်းအားတို့အား ထိန်းချုပ်မှုတို့၏ ခက်ခဲနက်နဲမှုများကို သိထားခဲ့သည်။ သို့သော်လည်း ယန်ချင်၏ တန်ပြန်မှုများနှင့် ကြုံတွေ့ခဲ့ရသောအခါ၊ သူမသည် ထင်မထားမိအောင် အံ့ဩသွားခဲ့သည်။ "သူက ပုံမှန်ဆိုရင် ငြိမ်သက်စွာ နေလေ့ရှိပေမဲ့၊ သူ့ဆီမှာ

တိတ်တိတ်လေး ဖုံးကွယ်ထားတဲ့
အင်အားတွေ ရှိတာပဲ"

ယွဲ့ဟုန်ယန်၏ မျက်ခုံးများသည်
ကွေးသွားခဲ့ကာ၊ သူမ၏ မျက်လုံးအတွင်းမှ
တောက်ပသော မီးတောက်တစ်ခုက
ထွက်လာခဲ့သည်။

သူမသည် သူမ၏ လှံတံရှည်ကို
ပို၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။
သူမသည် အဝီစိ ငရဲမုန်တိုင်းကို
ဆင့်ခေါ်လိုက်၍၊ သူမ၏ ခန္ဓာကိုယ် အတွင်းမှ

အနီရောင်တောက်တောက် အော်ရာတစ်ခု ထွက်ပေါ်လာခဲ့သည်။

လေပြင်းများသည် လုံတံရှည်အား လွှမ်းခြုံထားခဲ့ကာ ယွဲ့ဟုန်ယန်က သူမ၏ လက်ကို ဆန့်တန်းလိုက်၍၊ ယန်ချင်ရှိရာသို့ အားအပြည့်နှင့် လွှဲချလိုက်သည်။

ယန်ချင်သည်လည်း ယခင်နည်းစနစ်ပင် ပြန်သုံးလိုက်၍၊ ထပ်ဖန်တစ်ခါ ယွဲ့ဟုန်ယန်၏ စွမ်းအားတို့နှင့် ထပ်တူကျအောင် လုပ်နိုင်ခဲ့သည်။ သို့သော်လည်း သူသည် အဝိစိ

ငရဲမုန်တိုင်းမှ မှော်စွမ်းအားနှင့် တူအောင် အတုမခိုးနိုင်ခဲ့ပေ။

ယန်ချင်သည် ခဏမျှ ပြာယာခတ်သွားခဲ့သည်။ "ငါက ဒဏ္ဍာရီလာ လေပြင်းရဲ့ စွမ်းအားကို အတုမခိုးနိုင်ဘူးလား?"

"ကြည့်ရတာ မဟာအကြွင်းမဲ့ မီးတောက်ခုနှစ်မျိုးနဲ့ မဟာအကြွင်းမဲ့ ရေခြောက်ပါးတို့ကိုလည်း အတုမခိုးနိုင်ဘူးနဲ့ တူတယ်"

"ငါက အခြေခံအုတ်မြစ် အဆင့်ကနေ
တက်သွားလို့ရှိရင်၊
နောက်ထပ်တိုးတက်အောင်
လုပ်လိုက်ရမလား?" ယန်ချင်သည်
သူ၏အတွေးထဲတွင် ခေတ္တမျှ
နစ်မျောသွားခဲ့သည်။ သူသည် အနောက်ကို
လျှောထိုးလိုက်၍၊ တိုက်ခိုက်မှုကို
ဆံချည်တစ်မျှင်စာမျှ ရှောင်နိုင်ခဲ့သည်။
သို့သော်လည်း မဟာလမင်း
တော်ဝင်ကျိန်စာသည် အသုံးမဝင်တော့၍၊
ယန်ချင်သည် နောက်ထပ်တိုက်ခိုက်ဖို့ကို
ယုံကြည်ချက် မရှိတော့ပေ။

ယန်ချင်၏ ပြိုလဲသွားမှုသည် ယွဲ့ဟုန်ယန်၏ နောက်ထပ်တိုက်စစ်ဖွင့်ရန် အခွင့်အရေး ပေးလိုက်သလိုမျိုး ဖြစ်သွားခဲ့သည်။ သူမ၏ ခက်ထန်သော တိုက်ခိုက်မှုတို့သည် ယန်ချင်အား အသက်ရှူခွင့်ပင် မပေးတော့ပဲ၊ အညှာအတာ ကင်းမဲ့စွာဖြင့် ကျရောက်လာခဲ့သည်။

လင်းဖုန်း၏ တပည့်များ အတွင်းတွင်၊ ယွဲ့ဟုန်ယန်သည် တိုက်ပွဲ အတွေ့အကြုံ အရင့်ကျက်ဆုံး ဖြစ်ပြီး၊ ယန်ချင်မှာ အနည်းဆုံးဖြစ်သည်။ ထို့ကြောင့် ယွဲ့ဟုန်ယန်က အဆက်မပြတ်

တိုက်စစ်ဆင်နေသော အချိန်တွင်၊ ယန်ချင်အနေဖြင့် အနိုင်ရရန် အခွင့်အရေး တစ်စက်လေးမျှ မရှိခဲ့ပေ။

"ဆရာက မှန်တာပဲ၊ ရှုံးနိမ့်မှုကနေ တကယ်ကို သင်ခန်းစာ ယူနိုင်တာပဲ" ယန်ချင်က တွေးလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ဂိုဏ်းအတွင်းမှ ဖြစ်နေခြင်းကြောင့်၊ ယန်ချင်သည် စိတ်အေးလက်အေး ဖြစ်နေခြင်း ဖြစ်ပေလိမ့်မည်။ သူ၏ အတွေးများအား တည်ငြိမ်အောင် စုစည်းလိုက်ပြီး၊ "ငါက

အပြောင်းအလဲတွေနဲ့ အလိုက်သင့်
လှုပ်ရှားမှုတွေမှာ မယှဉ်နိုင်ဘူး။ သူမက ငါ့ကို
အပြောင်းအလဲ လုပ်နိုင်တဲ့အထိ၊ အချိန်ဆွဲပြီး
တိုက်ခိုက်မှာ မဟုတ်ဘူး"

"ဒါဆိုရင် မီးကိုမီးနဲ့ ပြန်တိုက်ဖို့ပဲ
ကျန်တော့တယ်။ ငါက ရှောင်ရှားမှုတွေကို
ရပ်တန့်လိုက်ပြီး၊ သူမနဲ့
ထိပ်တိုက်ရင်ဆိုင်လိုက်မယ်။ ဒါက မရေရာတဲ့
ရွေးချယ်မှု ဖြစ်ပေမဲ့၊ အခုလောလောဆယ်
အကောင်းဆုံး ရွေးချယ်မှုပဲ"

ယန်ချင်သည် သတ္တိအချို့ကို မွေးလိုက်ကာ၊ သူ၏ခန္ဓာကိုယ် အတွင်းမှ ရှိရှိသမျှ မှော်စွမ်းအင်တို့အား စုစည်းလိုက်သည်။ မဟာလမင်း တောင်ကျရေ မန္တန်အား အသုံးပြုလိုက်၍၊ ရောမ မဟာလမင်း အကြွင်းမဲ့ရေ လှိုင်းလုံးကြီးကို ထုတ်လွှတ်လိုက်၏။ သူ၏ ရည်ရွယ်ချက်မှာ ပြတ်သားနေ၏။ ယွဲ့ဟုန်ယန်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ဖြစ်သည်။

ယွဲ့ဟုန်ယန်က ပြုံးလိုက်သည်။ "အနည်းဆုံးတော့ သူမှာ သတ္တိရှိသားပဲ" သူမသည် သူမ၏ တိုက်ခိုက်မှုတို့ကို

ရပ်တန့်လိုက်၍၊ ရှိသမျှ အဝိစိ ငရဲမုန်တိုင်းတို့အား သူမ၏ လုံတံရှည် အနောက်တွင် စုစည်းလိုက်သည်။ သူမ၏ ခန္ဓာကိုယ်တွင် ရှိရှိသမျှ ကြွက်သားတို့အား အသုံးပြုလိုက်၍၊ လုံတံကို လွှဲချလိုက်၏။ နှစ်ဦးနှစ်ဘက်၏ ထိပ်တိုက်တွေ့ဆုံမှုမှနေ၍ ပေါက်ကွဲမှုကြီး တစ်ခုက ထွက်ပေါ်လာခဲ့ကာ၊ နှစ်ယောက်စလုံးကို ကွင်းအတွင်းမှ လွင့်စင်ထွက်လာစေခဲ့သည်။ ကြည့်ရတာ သရေကျသွားသည့်ပုံ ပေါ်နေသည်။

"စီနီယာ၊ စီနီယာက တကယ်ကို အစွမ်းထက်လှပါတယ်။ ကျွန်တော်က

အရှုံးပေးပါတယ်" ယန်ချင်က ရုက်ကိုးရုက်ကန်းဖြင့် ပြောလိုက်သည်။ သူ့တွင်ရှိသမျှ အားလုံးကို အသုံးချခဲ့ပြီး ဖြစ်သော်လည်း၊ ယွဲ့ဟုန်ယန်အား အသာစီး မယူနိုင်ခဲ့ပေ။ တစ်ဘက်တွင်မူ ယွဲ့ဟုန်ယန်သည် သူမ၏ စွမ်းအား အစစ်အမှန်ကို မပြသရသေးပေ။ ဆက်လက်တိုက်ခိုက်ရန် တောင်းဆိုလျှင် ယန်ချင်အနေဖြင့်၊ ကိုယ့်သေတွင်းကိုယ် တူးသလို ဖြစ်နေပေလိမ့်မည်။

အမှန်အတိုင်း ပြောရလျှင် သူမသည် ကြမ်းတမ်းခက်ထန်စွာ

တိုက်ခိုက်နေခဲ့သော်လည်း၊ ယွဲ့ဟုန်ယန်သည် ညှာတာမှု ထားခဲ့သည်ဟု ပြော၍ရသည်။ စာနာမှု မရှိခဲ့လျှင် သူမသည် ကွင်းအတွင်းသို့ ဝင်သည်နှင့်၊ အစကတည်းက လေဟာနယ် ဖျက်ဆီးခြင်း လုံတံနည်းစနစ်အား အသုံးပြု၍ ယန်ချင်အား တိုက်ခိုက်ခဲ့မည် ဖြစ်သည်။

ယန်ချင်သည်လည်း တိုက်ပွဲအား အစွမ်းကုန် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သဖြင့်၊ နောင်တရစရာ မရှိခဲ့ပေ။

ကွင်း၏ပြင်ပတွင် တိုက်ပွဲအား စောင့်ကြည့်နေကြသော အင်မော်တယ်

ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည်၊ ခေါင်းတစ်ဆတ်ဆတ်နှင့် ညိတ်လိုက်ကြသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တိုင်းသည် အံ့ဖွယ်ကောင်းကြသည် ဖြစ်သည်။ အကယ်၍များ ယန်ချင်သည် ယခုအဆင့်တွင် သူ၏စီနီယာနှင့် မတွေ့ဆုံခဲ့လျှင်၊ သူသည် နောက်တစ်ဆင့်သို့ တက်နိုင်ကောင်း တက်နိုင်လိမ့်မည် ဖြစ်သည်။

ဇူရီက သက်ပြင်းတစ်ချက် ချလိုက်သည်။ "နံပါတ်ငါး ဂျူနီယာက နာတာပဲ။ တကယ်လို့ သူကသာ အခြေခံအုတ်မြစ် နောက်ဆုံး

အဆင့်ကို ရောက်နိုင်ခဲ့လို့ရှိရင်၊ နံပါတ်လေး ဂျူနီယာကို လေဟာနယ် ဖျက်ဆီးခြင်း လုံတံနည်းစနစ်ကို ထုတ်သုံးစေနိုင်ပြီး၊ ပိုမိုတိုက်ခိုက်နိုင်ခဲ့မှာပဲ"

ရှောင်ပုတန်လေးက သုန်မှုန်စွာဖြင့် ပြောလိုက်သည်။ "ဆိုးလိုက်တဲ့ မဲနှိုက်မှု၊ တကယ်လို့ တခြားတစ်ယောက်နဲ့သာ ကျခဲ့ရင်၊ သူက ဆီမီးဖိုင်နယ်ကို တက်နိုင်မှာပဲဗျ"

ဝမ်လင်းက သူ၏ခေါင်းကို ခါလိုက်သည်။ "အဲ့ဒီလောက်လည်း မသေချာသေးဘူး၊

ရှိဆောင်ချန်းကလည်း ပေါ့သေးသေး
မဟုတ်ဘူး"

ကွာတားဖိုင်နယ်သို့ ရောက်ခဲ့သော
သူများအားလုံး၏ အကြည့်တို့သည်၊
ယန်ချင်အပေါ်သို့ ကျရောက်လာခဲ့ကြသည်။
တောက်ယုတင်း၊ ကျမုကျိလျှိုနှင့်
ကျန်သောသူများ အားလုံးတို့သည်
ယန်ချင်အား မရေရာမှုတို့နှင့်
ကြည့်နေကြသည်။ ပြဿနာ အကြီးအကျယ်
မရှိနိုင်သော ရှိဆောင်ချန်းမှလွဲ၍၊ ကျန်သော
ကွာတားဖိုင်နယ်မှ ကျင့်ကြံသူတို့သည်
သူတို့သည် ယွဲ့ဟုန်ယန်၏အစား

ယှဉ်ပြိုင်ခဲ့ရလျှင် မည်သို့နေမည် ဆိုသည်ကို တွေးနေကြသည်။ သူတို့သည် ယန်ချင်အား အနိုင်ယူနိုင်ပါမည်လော?

တစ်ယောက်ကမှ
ရှေ့ဆက်မတွေးရဲကြတော့ပေ။

သူတို့သည် မဲရလဒ်အား တိတ်တခိုး ကျေးဇူးတင်နေကြသည်။ အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် အချင်းချင်း ထိပ်တိုက်မတွေ့ခဲ့လျှင်၊ သူတို့သုံးယောက်စလုံးသည် ဆီမီးဖိုင်နယ်သို့ တက်နိုင်ခြေရှိသည်။

ထိုကဲ့သို့သာ ဖြစ်သွားပါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွက်
ယှဉ်ပြိုင်ပွဲသည်၊ လေ့ကျင့်ပွဲကဲ့သို့
ဖြစ်သွားမည်ဖြစ်ကာ၊
ကျန်သောဂိုဏ်းများအဖို့မူ အရှက်ရစရာ
ဖြစ်သွားကြမည် ဖြစ်သည်။

ဂိုဏ်းပေါင်းစုံမှ ရွှေရောင်ဗဟိုချက် အဆင့်နှင့်
အခြေတည်ဝိညာဉ် အဆင့်မှ
အကြီးအကဲတို့သည်၊ လင်းဖုန်းအား
အမြင်တစ်မျိုးပြောင်းသွားကာ
ကြည့်နေကြသည်။ သူတို့၏ အရှေ့မှ

ခရမ်းရောင် ဝတ်စုံနှင့်လူသည်၊
တစ်ယောက်တည်း ထိုကဲ့သို့
အင်အားကြီးသောဂိုဏ်းအား တည်ထောင်ခဲ့သူ
ဖြစ်သည်။

နောက်ထပ်ပြိုင်ပွဲမှာ ရှီဆောင်ချန်းနှင့်
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ တပည့်၏
တိုက်ပွဲဖြစ်သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ တပည့်တို့မှာ
မဖြစ်နိုင်သည်ကို
ဆုတောင်းနေကြသော်လည်း၊
ရှီဆောင်ချန်းသည် တိုက်ပွဲအား

တစ်ဖက်သတ် တိုက်ခိုက်ကာ
အဆုံးသတ်နိုင်ခဲ့သည်။

သို့တိုင်အောင် သူ၏ပြိုင်ဘက်သည်၊
သူ၏စွမ်းအား အစစ်အမှန်ကို
ထုတ်ဖော်စေနိုင်ခဲ့သည်။ ဒါသည် မဟာချင်
အင်ပါယာ၏ အထွတ်အထိပ်
နည်းစနစ်တစ်ခုဖြစ်သည်။
မဟာနဂါးငါးကောင်
လျှို့ဝှက်ကျမ်းစာဖြစ်သည်။ အောင်မြင်စွာ
လေ့ကျင့်ပြီးပါက၊ တစ်ယောက်သည်
ကောင်းကင်ကို လွှမ်းခြုံနိုင်သည့်
နဂါးငါးကောင်အား ထုတ်လွှတ်နိုင်သည့်၊

အလင်းတန်းငါးတန်းအား ဆင့်ခေါ်နိုင်မည်
ဖြစ်သည်။

ပြိုင်ပွဲတစ်လျှောက်တွင် သူသည်
ကြက်သွေးရောင် မဟာနဂါး နည်းစနစ်ကိုသာ
ထုတ်ဖော်ပြသခဲ့သည်။ သို့သော်လည်း
ယခုတိုက်ပွဲတွင် သူသည် သူ၏ အဝါရောင်
မဟာနဂါး နည်းစနစ်အား
ထုတ်သုံးလိုက်ခဲ့ရသည်။ သူသည်နောက်ထပ်
နည်းစနစ် နှစ်ခုအား ထုတ်ဖော်ပြသခဲ့၍၊ သူ၏
ပါရမီနှင့် အလားအလာတို့ကို
ဖော်ပြနိုင်ခဲ့သည်။

လင်းဖုန်းက သူ့ကို ပြုံး၍ကြည့်လိုက်ကာ ခေါင်းညိတ်လိုက်သည်။ "မဟာချင် အင်ပါယာက ပါရမီရှင် တစ်ယောက်ကို ပိုင်ဆိုင်ထားခဲ့တာပဲ"

သူ၏ မျက်လုံးထောင့်စွန်းမှနေ၍ အန်းလျှန်မင်းသားသည်၊ ရှီဆောင်ချန်း၏ စွမ်းဆောင်ရည်များအား ကျေနပ်နေသည့်အလား၊ တောက်ပစွာနှင့် ပြုံးနေခဲ့သည်ကို တွေ့လိုက်ရသည်။ "အင်း၊ ရှီဆောင်ချန်းက ဒီမင်းသားနဲ့များ အမျိုးတော်နေတာလား" လင်းဖုန်းက တွေးလိုက်သည်။

ကွာတားဖိုင်နယ်၏ နောက်ဆုံးပွဲစဉ် အနေဖြင့်၊ ဟော်မိသားစုမှ ဟော်ချန်းသည် ခပ်တည်တည်ဖြင့် အပြင်သို့ ထွက်လာခဲ့ပြီး၊ ဝမ်လင်းအား တည့်တည့် စိုက်ကြည့်လိုက်ကာ ကွင်းအတွင်းသို့ ဝင်သွားခဲ့သည်။

ဝမ်လင်းကလည်း အေးစက်စွာ ပြန်လည်စိုက်ကြည့်လိုက်၍၊ ကွင်းအတွင်းသို့ လိုက်ဝင်သွားခဲ့သည်။

လင်းဖုန်းသည် ဟော်ရှုက ယခုတိုက်ပွဲအား အာရုံသိပ်မစိုက်နေသည်ကို

သတိထားမိလိုက်သည်။ သူ၏
စိတ်အာရုံတို့သည် မြောက်ပိုင်းလေပြင်း
ပင်လယ်အတွင်းသို့ ကျရောက်နေခဲ့သည်။

ကွင်းအတွင်းတွင် ဟော်ချန်းသည်၊
ဝမ်လင်းအား စိုက်ကြည့်နေခဲ့ကာ
မှတ်ချက်ချလိုက်သည်။ "မင်းရဲ့
ဂျူနီယာလေးတွေက အတော်ကို
သန်မာကြတယ် ဆိုတာကို
ငါကဝန်ခံရလိမ့်မယ်။ မင်းရဲ့ဂိုဏ်းက
အတော်ကိုသန်မာတဲ့ သူရဲကောင်း တချို့ကို
မွေးထုတ်ပေးနိုင်ခဲ့တာပဲ"

"ဒါပေမဲ့ မေးခွန်းတစ်ခုက အသက်နဲ့ သက်ဆိုင်နေတယ်။ သူတို့က ဒီလိုမျိုး ကျင့်ကြံမှုတွေကို အသက်နှစ်ဆယ် မပြည့်ခင် ရထားခဲ့တာ။ မင်းကအခု အသက်ဘယ်လောက် ရှိပြီလဲ? သုံးဆယ်? လေးဆယ်?"

"ဒီလောက်အထိ နှစ်ပေါင်းများစွာ လေ့ကျင့်ပြီးတာတောင်၊ မင်းက ကလေးနှစ်ယောက်နဲ့ မယှဉ်နိုင်သေးဘူး?" ဟော်ချန်းက သရော်လှောင်ပြောင်လိုက်ပြီး၊ သူ၏ဓားအိမ်အတွင်းမှ ဓားကို ဆွဲထုတ်လိုက်သည်။ "မင်းက မင်းရဲ့ဘဝကို

ဘာမှမဟုတ်ပဲနဲ့ ဖြတ်သန်းနေခဲ့သလား
ဆိုတာကို၊ ကြည့်ကြည့်ရအောင်"

## စာစဉ် ၁၆ : အပိုင်း ၁၇

## အပိုင်း ၂၈၇ : သူတို့က မင်းဟာ ငရဲကလာတယ်လို့ ပြောကြတယ်!

သတ်ဖြတ်လိုစိတ် အော်ရာတို့သည် ယောဘ်ချန်းဆီမှနေ ထွက်ပေါ်လာခဲ့သည်။ ကွင်း၏ပြင်ပမှ သူ၏ အောက်တည့်တည့်ရှိ မူလက စိမ်းစိုနေသော မြက်ပင်တို့သည် ခြောက်သွေ့ကုန်ကြသည်။ သူတို့၏

အသက်စွမ်းအင်များ အားလုံး ချုပ်ငြိမ်းကုန်ကြသည်။

သူ၏ဆေဘာအား ဝမ်လင်းဆီသို့ ချိန်ရွယ်ထားခဲ့သည်။ ကျားတစ်ကောင်က အမှုမဲ့ အမှတ်မဲ့ နေနေသော သားကောင်တစ်ကောင်အား၊ ခုန်အုပ်ရန် ကြံရွယ်နေသကဲ့သို့ ဖြစ်သည်။ အနက်ရောင် မြားတစ်စင်းနှင့် တူသော အော်ရာတို့သည် ဝမ်လင်းထံသို့ ပစ်လွှတ်လာကြသည်။ တစ်ခုချင်းဆီက သေမင်း၏ တမန်တော်နှင့် တူနေခဲ့သည်။

ဝမ်လင်းသည် မြေပြင်ပေါ်တွင်သာ တည်ငြိမ်စွာ ရပ်နေခဲ့သည်။ မှော်စွမ်းအင် အော်ရာများက သူ၏ ပတ်ပတ်လည်တွင်၊ သစ္စာရှိသော အစောင့်စစ်သားများကဲ့သို့ လွှမ်းခြုံရစ်ပတ်ထားခဲ့သည်။ လျှပ်တစ်ပြက် အတွင်းမှာပင် သူသည် ငရဲကမ္ဘာ မြစ်ရေ၏ ဖျက်ဆီးခြင်းအဆင့်သို့ ရောက်သွားခဲ့သည်။

ဒါသည် အရင်က ထုတ်ဖော်မပြရသေးသော စွမ်းအားဖြစ်သည်။ သူ၏ အင်္ကျီလက်ဝမှ ဝှက်ဖဲဖြစ်သည်။ သူ၏ ပတ်ပတ်လည်မှ အော်ရာများသည် အလင်းမှ အမှောင်သို့ ပြောင်းသွားသည်၊ အဝါမှ အနက်သို့

ပြောင်းသွားသည်၊ ဟေးဒီးစ်ကိုယ်တိုင်က
ပေါ်လာသကဲ့သို့ ဖြစ်သည်။

ဟော်ချန်း၏ အော်ရာများသည် ဝမ်လင်း၏
အနားသို့ ရောက်လာသော အခါတွင်၊
သဲမှုန်လေးများသည် ကျယ်ပြန့်လှသော
သမုဒ္ဒရာ အတွင်းသို့ ပျော်ဝင်သွားသကဲ့သို့၊
အစအနပင် ရှာမရပဲ
ပျောက်ကွယ်သွားလေသည်။

"နှိမ်နင်းနိုင်တဲ့ စွမ်းအား?" ဟော်ချန်း၏
အမူအရာတို့သည် လုံးဝ
ပြောင်းလဲသွားခဲ့သည်။ သူသည် ရေနှင့်မီး

အကြားတို့မှ ဖောက်ထွက်၍ ငရဲပြည်မှ လွတ်မြောက်ရန် ကြိုးစားနေခဲ့ပြီး၊ ဝမ်လင်းကိုယ်တိုင်က နတ်ဆိုးတစ်ပါး ကဲ့သို့ဖြစ်နေသည်။

"မင်းက ငရဲပြည်က လာတယ်လို့ ကြားထားတယ်" ဝမ်လင်းက ကျယ်လောင်စွာနှင့် ပြောလိုက်သည်။ သူ၏ မျက်လုံးအစုံမှာ လုံးဝ မလှုပ်ရှားခဲ့ပေ၊ အမူအရာ တစ်စက်ကလေးကိုမျှ ဖော်ပြခြင်း မရှိခဲ့ပေ။

သူသည် ဘာကောင်မျိုးပင် ဖြစ်နေပါစေ၊ ဟော်ချန်းသည် သာမန် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများထက် ပိုသည့် စိတ်ဓာတ်ကြံ့ခိုင်ခြင်းအား ပြသနိုင်သူ ဖြစ်သည်။ သူ၏ စွမ်းအားသာ လုံလောက်ခဲ့လျှင်၊ သူ၏စိတ်ဓာတ်သည် အဆင့် နောက်တစ်ဆင့်သို့ တက်နိုင်ရန် လုံလောက်နေပြီ ဖြစ်သည်။

မတိုက်ခိုက်မီက ခနဲ့တဲ့တဲ့နှင့် မခံချိမခံသာအောင် ပြောခြင်းသည်၊ စိတ်ဓာတ်ရေးရာ စစ်ပွဲ ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ ယခုမူ ဝမ်လင်းက သူ၏အစွမ်းကို

ပြသလိုက်ပြီ ဖြစ်သဖြင့်၊ ဟော်ချန်းသည် သူရဲဘော မကြောင်နေခဲ့ပဲ၊ သူ၏ခါးကို မြှောက်လိုက်ကာ ဝမ်လင်းထံသို့ ခုန်အုပ်လိုက်သည်။

"အသူရာ လူသတ်လမ်းစဉ်! အသူရာလျှပ်စီး!" ဟော်ချန်းက အော်လိုက်သည်။

သူ၏ မှော်စွမ်းအင်များသည် သူ၏ ခါးထိပ်ဖျားတွင် စုစည်းထားကာ၊ မိုးကြိုးတိမ်တိုက် တစ်ခုကဲ့သို့ ဝမ်လင်းထံ ပြေးဝင်လာခဲ့သည်။

"ဟေးဒီးစ် နတ်လက်ချောင်း! ပြန်သွားစမ်း!"
ဝမ်လင်းက ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏ လက်ချောင်းထိပ်မှနေ၍၊ ကောင်းကင်၊
မြေကြီး၊ လေပြင်း၊ မိုးကြိုး၊ ရေပြင်၊
မီးတောက်၊ တောင်တန်း၊ ရေအိုင်၊
ခတ်ရှစ်ပါးတို့သည် သူ့ခန္ဓာကိုယ်
ပတ်ပတ်လည်တွင်၊ အလင်းတန်း
စက်လုံးလေး အဖြစ်သို့ စုစည်းသွားကြသည်။

ထိုလည်ပတ်နေသော စက်လုံးလေး
အတွင်းသို့ ဝင်လာခဲ့သော
မိုးကြိုးတိမ်တိုက်လေးသည် ချက်ချင်းပင်

ဝါးမျိုခံလိုက်ရကာ၊ ခေတ္တခဏ အတွင်းတွင် ပြန်ထွက်လာခဲ့၍ ဟော်ချန်းဆီသို့ အလွန်လျှင်မြန်သော အရှိန်ဖြင့် ပြန်လွင့်လာခဲ့သည်။

ဟော်ချန်း၏ တိုက်ခိုက်မှုအတိုင်း၊ သူ့ကိုပြန်လည် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် သူ၏ တိုက်ခိုက်မှုသည်၊ ဝမ်လင်း၏ ကိုယ်ပိုင်စွမ်းအင်များကိုပါ ထည့်ပေါင်းထားခြင်း ဖြစ်သဖြင့်၊ ယုံနိုင်ဖွယ် မရှိလောက်အောင် ကြောက်မက်ဖွယ် ကောင်းလှသည်။

ဟော်ချန်း၏ တိုက်ခိုက်မှု လမ်းစဉ်မှာ
သတ်ဖြတ်ရန် တိုက်ခိုက်ခြင်း ဖြစ်သည်။
သို့သော်လည်း ဝမ်လင်းမှာ နောက်ထပ်အဆင့်
တစ်ခုသို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူသည်
လုံးဝကို ဖယ်ရှား ဖျောက်ဖျက်ပစ်ရန်
တိုက်ခိုက်ခြင်းဖြစ်သည်။ လူတစ်ယောက်အား
သတ်ဖြတ်ခြင်းနှင့်၊ ကောင်းကင်နှင့်
မြေကြီးတို့အား ဖျက်ဆီးပစ်ခြင်းသည်
အဆင့်အတန်း ကွာခြားလှပေသည်!

ပြင်းထန်စွာ အော်ဟစ်လိုက်ကာ၊
ဟော်ချန်းသည် ကွင်း၏ပြင်ပသို့
လွင့်စင်သွားခဲ့သည်။ သူ၏ နှလုံးသားထဲတွင်

ကြောက်စိတ်များကို နက်ရှိုင်းစွာ ခံစားလိုက်ရသည်။ ဒါသည် လုံးဝကို ကမ္ဘာဖျက် စစ်ပွဲဖြစ်သည်။ အကြွင်းမဲ့ မျှော်လင့်ချက် ကင်းမဲ့ခြင်း ဖြစ်သည်။ သူ၏ ခန္ဓာကိုယ် အလယ်တည့်တည့်မှ အနက်ရောင် အော်ရာစက်လုံးလေး ပေါ်လာခဲ့သည်။ အတွင်းမှ သေမင်းအော်ရာများကို ရှူရှိုက်နေရသည်။

အဝေးမှနေ၍ ဝမ်လင်းက သူ၏ ညာဘက်လက်ညှိုးကို မြှောက်လိုက်ကာ၊ တီးတိုးရေရွတ်လိုက်သည်။ "ဟေးဒီးစ် နတ်လက်ချောင်း၊ နှိမ်နင်းခြင်း"

ထိုနည်းစနစ်၏ အောက်တွင်၊ အရာအားလုံးသည် မီးခိုးငွေ့များ အဖြစ်သို့ ပြောင်းသွားကြသည်။ ထိုမီးခိုးငွေ့များသည် လေထုအဖြစ်သို့ ပြောင်းသွားကြသည်။ လေထုကြီးကလည်း ဘာမှမရှိခြင်း အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။ ဒါသည် တစ်ယောက်အား ကြိုးစင်သို့ပို့ခြင်း မဟုတ်ပေ၊ တစ်ယောက်၏ တည်ရှိနေမှုကို လုံးဝပယ်ဖျောက်လိုက်ခြင်း ဖြစ်သည်။

ဟော်ချန်းသည် သူ၏အချိန်က ကျရောက်လာပြီ ဆိုတာကို သိလိုက်သည်။

သူ၏ မျက်နှာသည် တွန့်လိမ်သွားခဲ့ကာ အမျက်ဒေါသ၊ အမုန်းတရား၊ သစ္စာမဲ့ခြင်းနှင့် အခြားသော စိတ်ခံစားမှု မျိုးစုံတို့ ပေါ်လာခဲ့သည်။

"မင်းက ဒီလိုမျိုး စက်ဆုပ်စရာ နည်းစနစ်မျိုးကို တတ်ကျွမ်းထားတယ်ဆိုတာ ငါမယုံနိုင်ခဲ့ဘူး! မင်းက အခြေခံအုတ်မြစ် အဆင့်ကို ကျော်လွန်သွားရင်တော့၊ ငါ့ကို သတ်ကောင်း သတ်နိုင်လိမ့်မယ်" ဟောင်ချန်း၏ မျက်နှာသည် ဒေါသထွက်သည်ထက်ကို ပိုနေပေသည်! "ဒါပေမဲ့ အခုအချိန်မှာတော့၊

မင်းကငါ့က မသတ်နိုင်ဘူး!
သတ်လို့ရမှာလည်း မဟုတ်ဘူး!"

သူ၏အနားမှ အနက်ရောင် အော်ရာများသည် ထပ်မံစုစည်းသွားခဲ့ကာ၊ စက်လုံးအသွင် ပြန်ပြောင်းသွားခဲ့သည်။ ဝမ်လင်း ထုတ်လွှတ်ထားခဲ့သော မှော်စွမ်းအင်များသည် ထိုစက်လုံးလေး အတွင်းသို့ စုပ်ယူခြင်း ခံလိုက်ရသည်။ သေးငယ်သော ပစ္စည်းလေးများသည် ကြီးမားသော ပစ္စည်း အစုအပုံကြီးဆီသို့ အပို့ဆောင် ခံလိုက်ရသကဲ့သို့ ဖြစ်သည်။

ရောမ ဗုံးကြီးတစ်လုံးနှင့် တူနေခဲ့သော အရာ၏ မျက်နှာပြင်ပေါ်တွင်ကား၊ ရောယှက်ကာ တွန့်လိမ်နေကြသော ခရမ်းရောင် လျှပ်စီးကြောင်း ထောင်ပေါင်းများစွာတို့ ဖြစ်ကြသည်။

"အသူရာ ပေါက်ကွဲခြင်း!" ဟော်ချန်းက ရေရွတ်လိုက်သည်။ သူ၏စကားအဆုံးတွင်၊ အနက်ရောင် စက်လုံးလေးသည် ကျယ်ပြန့်လာခဲ့သည်။ ဒီရေလှိုင်းများနှင့် ကမ်းစပ်တို့ တွေ့ဆုံခဲ့ကြသကဲ့သို့၊ ဟော်ချန်း၏ အနက်ရောင် စက်လုံးလေးသည် ဝမ်လင်း၏ သေမင်းအော်ရာနှင့်

တွေ့ဆုံခဲ့ကြကာ၊ ဒီရေလှိုင်းများက
အလွယ်တကူ ကျော်ဖြတ်နိုင်သကဲ့သို့
ဖြတ်ကျော်သွားကြသည်။

ကွင်း၏ပြင်ပတွင် ကြည့်ရှုနေသူ
အားလုံးတို့သည်၊ ပြိုင်ပွဲကနေ
မျက်စိမခွာနိုင်ကြပေ။ အခြေခံအုတ်မြစ်
အဆင့်မှ ကျင့်ကြံသူ အားလုံးတို့သည်၊
ထိုနှစ်ယောက်ကို အာရုံအထူးစိုက်၍
ကြည့်ရှုနေကြသည်။

"ဟော်မိသားစုဟာ အသွာအတာ ကင်းမဲ့စွာ
သတ်ဖြတ်မှုနဲ့ နာမည်ကြီးတယ်"

ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ အများအပြားတို့သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ကြ၏။ အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူလေး တစ်ယောက်သည် သူတို့နှင့် ယှဉ်နေနိုင်ပေပြီ။

မြောက်ပိုင်းမျိုးနွယ်စု ကလန်တွင် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က၊ ကျမုကျိုလျှိုအား ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ "မင်းက ဟော်တစ်ယောက်ကို အနိုင်ယူနိုင်ခဲ့ပေမဲ့၊ ဟော်ချန်းနဲ့သာ ယှဉ်ပြိုင်ခဲ့ရမယ်ဆိုရင် ဒုက္ခကောင်းကောင်း ရောက်သွားလိမ့်မယ်"

ဒဏ်ရာရနေခဲ့သော ကျမုကျိုလျှိုက
သဘောတူစွာနှင့် ခေါင်းညိတ်လိုက်သည်။
သူ၏ အစောက မောက်မာမှုတို့သည်
အရည်အချင်း မမှီသေးခဲ့ပေ။

ကွင်းအတွင်းတွင် ဟော်ချန်း၏
စက်လုံးပေါက်ကွဲမှုသည်၊ ဝမ်လင်း၏
သေမင်းအော်ရာတို့ကို ဖြတ်ကျော်နိုင်ခဲ့ကာ၊
စင်တစ်ခုလုံးအား တုန်ခါသွားစေခဲ့သည်။

"သေစမ်း!" ဟော်ချန်းက
အော်ဟစ်လိုက်သည်။ သို့သော်လည်း သူ၏

အံ့သြမှု၊ အားလုံး၏ အံ့အားသင့်မှု တို့နှင့်အတူ၊ သူ၏ လျှပ်စီးကြောင်းများသည် တစ်စမှပင် ကျန်မနေတော့ချေ။ အသူရာ မှော်ကျိန်စာ၏ အောက်မှ အရာအားလုံးတို့သည် ပျောက်ကွယ်သွားကြသည်။ အစအနလေးမှပင် ရှာမရအောင် ကွယ်ပျောက်သွားကြခြင်း ဖြစ်သည်။

ကျန်နေခဲ့သည်မှာကား၊ ဝမ်လင်း၏ သေမင်းအော်ရာဖြင့် တည်ဆောက်ထားသော၊ ဟင်းလင်းပြင်အထိ ထိုးထွက်နေသော အနက်ရောင်နှင့် အဝါရောင် လမ်းတစ်ကြောင်းသာ ဖြစ်သည်။

တစ်စုံတစ်ယောက်မှ သူ၏ အဆုံးကို မမြင်နိုင်ပေ။

ဟော်ချန်းက သူသည် သူ့ကိုယ်၏ အပြင်ဘက်သို့ ရောက်သွားခဲ့သည်ဟု ခံစားလိုက်ရသည်။ သူ၏ စိတ်သည် အစိတ်စိတ် အမွှာမွှာ ဆွဲအဖြဲခံလိုက်ရ၍၊ ကပြောင်းကပြန် ပြန်လည်ဆက်စပ်ခြင်း ခံလိုက်ရသည်ဟု ခံစားနေရသည်။ သူသည် ဘာဖြစ်နေမှန်းကို မမှတ်မိသောချေ။ သူ၏ မြင်ကွင်း အတွင်းတွင်၊ အရာများသည် ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေခဲ့သည်။ အိမ်မက်မက်သကဲ့သို့

ဖြစ်နေသော်လည်း၊ အိမ်မက်မဟုတ်ခဲ့ပေ။ သူသည် ဘယ်နေရာကို ရောက်နေသည့်ကို သိနေသလို ရှိသော်လည်း၊ အမှန်တကယ် မသိနေခဲ့ပေ။

ဟင်းလင်းပြင်သို့ ဝင်ရောက်သွားသော လမ်းမှနေ၍၊ လက်ပေါင်းတစ်ထောင်တို့က ပေါ်လာကြသည်။ ထိုလက်တို့သည် ဟော်ချန်းကို လက်ယပ်ခေါ်နေကြ၍၊ သူတို့နှင့် လာပူးပေါင်းရန် ဖိတ်ခေါ်နေကြသည်။ ဒါသည် နွေးထွေးစွာ ဖိတ်ခေါ်ခြင်းမျိုး မဟုတ်ပဲ၊ အေးစက်စွာ ခေါ်ဆောင်ခြင်း ဖြစ်သည်။ ထိုလက်တို့တွင် အသွေးအသားများ

မရှိကြချေ၊ ဆင်စွယ်ကဲ့သို့ အရိုးဖြူများသည် ဟော်ချန်းအား ဆုပ်ကိုင်ကာ၊ သူတို့နှင့်အတူ အသူရာချောက်ကြီး အတွင်းသို့ ဆွဲချချင်နေခဲ့သည်။

ဟော်ချန်း၏ ခန္ဓာကိုယ်မှ ကြွက်သားမှန်သမျှတို့သည်၊ ထိုခံစားမှုကို တိုက်ထုတ်နေခဲ့သည်။ သို့သော်လည်း အိမ်မက်အတွင်းသို့ ရောက်နေခဲ့သလို၊ သူလုပ်ချင်သမျှ အရာအားလုံးကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။ သူသည် ဆွဲချရာ အနောက်သို့ ပါသွားခဲ့သည်။ သူ၏ မျက်စိအရှေ့မှ မြင်ကွင်းများသည်

လက်ကနဲဖြစ်ကာ၊ ပျောက်ကွယ်သွားခဲ့သည်။
ပေါ်လာသည်မှာ ဝမ်လင်း၏
အေးစက်နေသော အကြည့်ဖြစ်သည်။

သူ၏တုံ့ပြန်မှုကို စောင့်မနေခဲ့ပဲ၊ ဝမ်လင်း၏
ပတ်ပတ်လည်မှ အနက်ရောင်
အော်ရာတို့သည် ရောမ လက်ဝါးကြီး
တစ်ခုအသွင်ကို ပြောင်းသွားခဲ့ကာ၊
ဟော်ချန်းအား ရိုက်ချလိုက်သည်။

"ကြွေမွစမ်း" ဝမ်လင်းက
အော်ဟစ်လိုက်သည်။

ကျယ်လောင်သော ထိခိုက်သံ တစ်ခုနှင့်အတူ၊ ဟော်ချန်း၏ ပျော့ခွေနေသော ခန္ဓာကိုယ်သည် ဘောလုံးတစ်လုံးကဲ့သို့ ချာလပတ်ရမ်းကာ၊ ကျိုးပဲ့စုတ်ပြတ်နေသော အရုပ်တစ်ရုပ်ကဲ့သို့ မာကျောသော မြေပြင်ပေါ်သို့ ကျသွားခဲ့သည်။

ပြိုင်ပွဲစင်၏ မှော်အစွမ်းက ဟော်ချန်းအား ကယ်လိုက်ခြင်း ဖြစ်သည်။ ထိုကဲ့သို့သော ရိုက်ချက်သည် မထိန်းချုပ်ထားပါက၊ ဟော်ချန်းအား တစ်စစီဖြစ်အောင် အမှုန့်ချေပစ်လိုက်မည်ဖြစ်သည်။ သူသည် အသားပြားတစ်ပြား ဖြစ်သွားနိုင်၏။

ပရိသတ်များ အားလုံးသည်
ပါးစပ်အဟောင်းသားနှင့် ဖြစ်နေကြ၏။
သူတို့က ဝမ်လင်းသည် အစကတည်းက
အပေါ်စီးမှ တိုက်ခိုက်နိုင်ခဲ့သည်ကို
တွေ့နေခဲ့ရသည်။ ဟေးဒီးစ် နတ်လက်ချောင်း
တစ်ချောင်းပြီးတစ်ချောင်း ထုတ်ကာ၊
ခက်ထန်စွာဖြင့် တရကြမ်း တိုက်စစ်ဆင်ကာ
ဟော်ချန်းအား ပြန်လည်တုံ့ပြန်ရန်
အခွင့်အရေး မပေးခဲ့ပေ။

ဟော်ချန်းသည် အစကတည်းက အခွင့်အရေး
မရှိခဲ့ပေ။ သူ၏ ပြန်လည်တုံ့ပြန်ခြင်းသည်၊
သားကောင်တစ်ကောင်က ခြသေ့်၏

ပါးစပ်အတွင်းသို့ မရောက်မီ၊ ကြောက်အားလန့်အားနှင့် အကျိုးမဲ့ ခုခံခြင်း ဖြစ်သည်။ သူ၏သတ္တိသည် ဝမ်လင်း၏ အစွမ်းကို ဖော်ပြရန် နောက်ထပ်လမ်းကြောင်းတစ်ခုသာ ဖြစ်ခဲ့သည်။

မဟာချင် အင်ပါယာဘက်မှ ရှီဆောင်ချန်းသည် တီးတိုးရေရွတ်လိုက်သည်။ "အခြေခံအုတ်မြစ် အဆင့်ပဲ..."

နတ်ရေကန်ဂိုဏ်းသည်လည်း ထိုရလဒ်ကို ခါးသီးစွာဖြင့် ကြည့်နေခဲ့သည်။ "အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းက နောက်တစ်ဆင့် တက်သွားပြန်ပြီ! ဟော်ချန်းက အသုံးကို မကျဘူး" ဖန်ကျုံးက အော်ဟစ်လိုက်သည်။

"သူက အခုမှ အခြေခံအုတ်မြစ် အဆင့်ကို ရောက်ထားတဲ့ သူကိုတောင် နိုင်အောင် မတိုက်နိုင်ဘူး! ဟော်မိသားစုက အရှက်ရစရာပဲ!"

နတ်ရေကန်ဂိုဏ်းမှ ဂျူနီယာ တစ်ယောက်က သူ့အား ဟာသလိုလိုနှင့် သရော်လှောင်ပြောင်လိုက်သည်။

"စီနီယာကလည်း အခြေခံအုတ်မြစ် အဆင့်က တစ်ယောက်ကို ရှုံးသွားတာ မဟုတ်လား?"

ဖန်ကျူးသည် ထိုကဲ့သို့သော စော်ကားမှုမျိုးကို သည်းမခံနိုင်ပေ။ "ခွေးကောင်စုတ်၊ မင်း..."

ဘယ်နေရာမှ ပေါ်လာမှန်း မသိသော တောက်ယုတင်းက ဝင်ပြောလိုက်သည်။ "တိတ်တိတ်နေကြစမ်း!"

ပြီးတာနှင့် နတ်ရေကန်ဂိုဏ်းသည် တိတ်ဆိတ်သွား၏။

ဖန်ကျုံးနှင့် သူ၏ ဂျူနီယာ အပါအဝင်၊ တစ်ဦးတစ်ယောက်မှ အသံထွက်မလာတော့ချေ။ သူ၏ ဂျူနီယာသည် သူ၏ ဒဏ်ရာအတွင်းသို့ ဆားဖြူးနေပေးနေခြင်း ဖြစ်သည်။ သို့သော်လည်း အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်နှင့် နောက်ဆုံးအဆင့် အတွင်းမှ ခြားနားချက်သည်၊ စဦးပိုင်း အဆင့်နှင့် အလယ်အလတ် အဆင့်တို့၏ ခြားနားချက်လောက် မကြီးမား ဆိုသည်ကို အားလုံးက သိထားကြ၏။

စိတ်ဝိညာဉ် တာဝါအား
ထူထောင်လိုက်ခြင်းသည် တစ်ယောက်၏
စွမ်းအားများကို ဆထက်တံပိုး
တိုးတက်စေနိုင်ပြီး၊ တာဝါ၏ အပေါ်တွင်
လုံခွက်ဖန်ဆင်းနိုင်ခြင်းသည် သူ၏
စွမ်းအားများကို ထင်သလောက်
မတိုးစေနိုင်ပေ။

ဝမ်လင်းသည် မှဲ့တစ်ပေါက်မှ မစွန်းပဲ
ကွင်းအတွင်းမှ ပြန်ထွက်လာသည်ကို
ကြည့်လိုက်၍၊ ရှီကျုံးယွဲ့နှင့် ရွှင်ပျော်ပျော်
အဘိုးအိုတို့သည် အကြည့်ချင်း
ဖလှယ်လိုက်ကြကာ၊ သူတို့၏ အင်မော်တယ်

ဝိညာဉ်တို့တွင် ခံစားချက် ဆေးရောင်စုံတို့ ဖြစ်ပေါ်လာကြသည်။

သူတို့၏ အာရုံတို့ကို ဆွဲဆောင်နိုင်သည်မှာ ဝမ်လင်း၏ လက်ရှိစွမ်းအား မဟုတ်ပေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုမျှ အလားအလာရှိသော ပါရမီရှင်ပေါင်း မြောက်မြားစွာတို့ကို မွေးထုတ်ပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ သူတို့တစ်ယောက်ချင်းသည် သူတို့၏ကိုယ်ပိုင် ထူးခြားသော စွမ်းအားများကို ပိုင်ဆိုင်ထားကြလေသည်။

ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်
အရင်းအမြစ် တစ်ခုတည်းမှ လာခဲ့သည်မှာ
သိသာနေသော်လည်း၊ သူတို့၏
စွမ်းရည်များသည်
တစ်ယောက်နှင့်တစ်ယောက် လုံးဝ
မတူကြပေ။

ဝမ်လင်းသည် ဖျောက်ဖျက်နိုင်သော
စွမ်းအားများကို ပိုင်ဆိုင်ထား၏။
ယွဲ့ဟုန်ယန်သည် လေဟာနယ်ကို
ထိန်းချုပ်နိုင်သော စွမ်းရည်ကို
ထိတွေ့ထားနိုင်၏။ ယန်ချင်သည်
ဆင့်ကဲဖြစ်စဥ်အား သဘောပေါက်

နားလည်ထား၏။ သူတို့
တစ်ယောက်ချင်းစီသည် မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်မှနေ၍ စတင်ခဲ့သော်လည်း၊
သူတို့သည် သူတို့၏
ကိုယ်ပိုင်လမ်းကြောင်းများကို
ဖော်ဆောင်နိုင်ကြ၏။

ဒါသည် ဝက်သစ်ချပင်၏ အမြစ်ပင်စည်မှ၊
မိုးမခ၊ သဖန်းနှင့် အုန်းပင်တို့၏
အခက်အလက်များက ဖြာထွက်လာခဲ့ခြင်းနှင့်
တူနေပေသည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ တပည့်များ ဖြစ်ကြသော၊ ဇူရီ၊ ရှောင်ယန်နှင့် ရှောင်ပုတန်လေးတို့သည်လည်း သူတို့၏ကိုယ်ပိုင် ဝိသေသ လက္ခဏာများ ရှိသည်ဟု အဆိုရှိကြသည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ အရင်းအမြစ် တစ်ခုတည်းကို အခြေခံပေမဲ့၊ မတူညီတဲ့ အပြန်အလှန် ကွဲပြားမှုတွေကို ထုတ်လုပ်ပေးနိုင်တယ်။ မျိုးကွဲတွေ တစ်ခုချင်းစီကလည်း အသက်ရှူမှားလောက်အောင် အစွမ်းထက်လှပါပေတယ်" ရှင်ပျော်ပျော်

သူတော်စင်က မှတ်ချက်ပြုလိုက်သည်။
"ဒီလိုမျိုးဂိုဏ်းကို တည်ထောင်နိုင်တာ၊
သူတို့ရဲ့ ခေါင်းဆောင်က ဘယ်လိုမျိုးပါလိမ့်"
သူသည် လင်းဖုန်းဘက်သို့လှည့်ကာ
တွေးနေခဲ့သည်။

တစ်ချိန်တည်းမှာပင် ရှီကျုံးယွဲ့ကလည်း
လင်းဖုန်းဘက်သို့ လှည့်ကြည့်လိုက်သည်။
"ဒီလိုဂိုဏ်းမျိုးက မွေးဖွားလာခြင်းဟာ
တိုက်ဆိုင်မှု သက်သက်တော့ မဟုတ်နိုင်ဘူး"

## စာစဥ် ၁၆ : အပိုင်း ၁၈

# အပိုင်း ၂၈၈ : ပညာရှင် အချင်းချင်း တွေ့ဆုံခြင်း

ရှီကျုံးယွဲ့နှင့် ရှင်ပျော်ပျော် သူတော်စင်တို့သာ မကပဲ၊ မြောက်မြားလှစွာသော အင်မော်တယ် ဝိညာဉ် အဆင့်၊ အခြေတည်ဝိညာဉ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ များစွာတို့ကလည်း၊ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဘက်သို့ စိုက်ကြည့်နေခဲ့ကြသည်။

တစ်ယောက်သည် မျက်မြင်ကိုယ်တွေ့ မြင်ရမှ ယုံကြည်ရသည် ဟူ၍ ဆိုရိုးရှိသည်။

ကောလဟာလ ဟူသည် ကောလဟာလသာ ဖြစ်သည်။ ဇာတ်လမ်းများသည် ပါးစပ်တစ်ခုမှ နောက်တစ်ခုသို့ စီးဆင်းသွားရာတွင်၊ အကွန့်အညွန့်များ ထပ်ထည့်ကြကာ နောက်ဆုံးတွင် နားထောင်လို့သာ ကောင်း၍ ယုံနိုင်စရာ မကောင်းသော ဒဏ္ဍာရီပုံပြင်များ ဖြစ်သွားကြလေသည်။

သို့သော် အားလုံးသည် မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ရပြီ ဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မည်မျှ အစွမ်းထက်သည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရပြီ ဖြစ်သည်။

လင်းဖုန်းသည် သူနှင့်သူ့ကုမ္ပဏီ၏ ချမှတ်ထားသော ရည်မှန်းချက်များသည်၊ တစ်စတစ်စ အောင်မြင်လာခဲ့သည်ကို ကြည့်လိုက်ကာ ကျေနပ်အားရနေခဲ့သည်။ သူ၏ တပည့်များအား ယှဉ်ပြိုင်ပွဲသို့ ခေါ်လာရခြင်းသည်၊ သူ့ကုမ္ပဏီ၏ ရေပန်းစားမှုအား တက်စေလို၍ ဖြစ်ကာ ယခုမှု အောင်မြင်ခဲ့ပြီ ဖြစ်သည်။

"မဆိုးဘူး" လင်းဖုန်းက ပြိုင်ကွင်းအတွင်းမှ ပြန်လာခဲ့သော ဝမ်လင်းအား ကြည့်လိုက်ကာ ချီးကျူးလိုက်သည်။

"ဆက်လက်တိုးတက်ဖို့ လိုသေးပါတယ် ဆရာ" ဝမ်လင်းက ပြန်ဖြေလိုက်သည်။ သူ၏ ရေခဲတမျှ အေးစက်နေသော မျက်နှာတွင်၊ အပြုံးတစ်ပွင့် ပွင့်လာခဲ့သည်။

သူသည် လင်းဖုန်းက သူ၏ မှော်ကျိန်စာ ထုတ်လွှတ်ပုံတွင် လိုအပ်နေသေးသော အမှားများကို ထောက်ပြနေသည်ကို၊ လေးနက်စွာဖြင့် ခေါင်းညိတ်ကာ သေချာနားထောင်နေခဲ့သည်။

"ဟင်?" လင်းဖုန်းက ရုတ်တရက် ခေါင်းမော့လိုက်သည်။ သူသည် ထူးခြားသော အော်ရာတစ်ခုက၊ မြောက်ပိုင်းလေပြင်း ပင်လယ်၏ အလွန်မှ မိုးကုတ်စက်ဝိုင်း ဆီကနေ လာနေခဲ့သည်ကို အာရုံခံမိလိုက်သည်။ ဒါသည် သီးသန့်တည်ရှိနေခြင်း ဖြစ်သည်။ အလွန်ဆုံး ရွှေရောင်ဗဟိုချက် အဆင့်သာ ရှိဦးမည်၊ သို့သော်လည်း အလွန်ထူးခြားသည်။

ဒါသည် သင်ယူတတ်မြောက်ခြင်း၊ အတွေ့အကြုံ ရင့်ကျက်ခြင်း၊ လေးစားခြင်း၊

သဒ္ဓါတရား ထက်သန်ခြင်း၊ သန့်စင်ခြင်းတို့နှင့် ပြည့်စုံသော အော်ရာဖြစ်သည်။

ထိုအော်ရာမျိုးသည် တိုက်ခိုက်သူများ အတွင်းတွင် အလွန်တွေ့ရခဲသော အော်ရာဖြစ်သည်။

ရွှင်ပျော်ပျော် သူတော်စင်သည် မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်ပြီး၊ ရှီကျုံးယွဲ့အား ခေါင်းညိတ်၍ ပြောလိုက်သည်။
"သူရောက်လာပြီ"

"သူက အိပ်ရာထ နောက်ကျသွားတာ ဖြစ်ရမယ်။ ဒါပေမဲ့ အချိန်တော့ မီသားပဲ"

ရှီကျုံးယွဲ့က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဒါက တကယ်ကို အကျင့်ဆိုး တစ်ခုပဲ"

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်အုပ်စုကလည်း၊ တစ်ကိုယ်တော် ရောက်ရှိလာသူအား သတိထားမိလိုက်ကြသည်။ ရှီကျုံးယွဲ့နှင့် ရွှင်ပျော်ပျော် သူတော်စင်တို့၏ စကားဖလှယ်မှုကို ကြားရပြီးနောက်တွင်၊

လင်းဖုန်း၏ သိချင်စိတ် ဒီဂရီသည် အမြင့်ဆုံး အဆင့်အထိကို ရောက်သွားခဲ့သည်။

သူတို့သည်
ထိုလျှို့ဝှက်ဆန်းကြယ်သောသူသည် မည်သူဆိုသည်ကို သိနေရုံတင် မကပဲ၊ သူ၏ နောက်တီးနောက်တောက် အကျင့်များကိုပါ သိနေခဲ့သည်။ ကြည့်ရသည်မှာ ထိုသူသည် ဤပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူ ဖြစ်ပုံရသည်။

သို့သော် ထူးခြားသည့် အရာမှာ၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ

အကြီးအကဲများနှင့် အခြား
သူရဲကောင်းများက အချိန်မှန်
ရောက်ရှိနေချိန်တွင်၊ သူက နောက်ကျမှ
ရောက်လာခြင်းသည် သတ္တိကောင်းရာ
ကျလွန်းသည်။ လင်းဖုန်းနှင့် ကျန်သောသူများ
အဖို့ ကိစ္စသိပ်မရှိကြသော်လည်း၊
အိမ်ရှင်ဖြစ်သော ရှီကျုံးယွဲ့ အပေါ်ကိုမူ
အကြီးအကျယ် မလေးစားခြင်း ဖြစ်သည်။

သို့သော်လည်း ရှီကျုံးယွဲ့နှင့်
ကျန်သောသူများသည် သူ့အား
နှစ်သက်သည်ပုံပေါက်နေပြီး၊
အကာအကွယ်ပေးသည့် အနေနှင့်ပင်

ပြောနေကြသည့်အတွက်၊
ကျန်သောသူများအား သိချင်စိတ်
ပြင်းပြစေခဲ့သည်။

လူအုပ်ကြီးအတွင်းတွင်
တီးတိုးဝေဖန်သံများဖြင့် ဆူညံသွားခဲ့သည်။
အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲများလည်း အပါအဝင် ဖြစ်သည်။

လင်းဖုန်းနှင့် သူ၏ တပည့်များသည်
အကြည့်များ ဖလှယ်လိုက်ကြသည်။
ရှီရှင်းယွမ်က အစောက
လာနှုတ်ဆက်ခဲ့ချိန်တွင်၊ ရှောင်ပုတန်လေးနှင့်

ဇူရီတို့အား ယှဉ်ပြိုင်နိုင်သော
ပြိုင်ဘက်တစ်ယောက် ရှိသေးသည်ဟု
ပြောထားသည်ကို မှတ်မိလိုက်ကြသည်။

ထိုသူသည် ယခုရောက်လာသောသူ
ဖြစ်နိုင်ခြေများသည်။

နဂိုအတိုင်း တည်ငြိမ်နေသော အမူအရာနှင့်၊
ဇူရီသည် သူ၏ ပခုံးပေါ်မှကျော်၍
မိုးကုတ်စက်ဝိုင်းဆီသို့ ကြည့်လိုက်သည်။
လူတစ်ယောက်၏ ပုံရိပ်ပေါ်လာခဲ့ကာ၊
လူအုပ်ဆီသို့ လျှောက်လှမ်းလာခဲ့သည်။

ထိုသူ၏ လှုပ်ရှားပုံသည် ကပိုကရိုနှင့် ပေါ့ပျက်ပျက်နိုင်လှသည်။ နောက်ကျသည်ကို ဂရုမစိုက်မှန်း သိသာလှ၏။

သို့သော်လည်း သူ၏ အလျှင်နှုန်းသည် လျှင်မြန်လှ၏။ သူ၏ ခြေထောက်အောက်မှ မြေကြီးကို လျှက်ကနဲ ဖြတ်ကျော်လာခဲ့ကာ၊ လူအုပ်ကြီး၏ အရှေ့သို့ ရောက်လာခဲ့သည်။

သူ၏မျက်နှာသည် မည်သည့် အမူအရာမှ မရှိပေ၊ စိတ်ပူနေပုံ တစ်စက်မှ မပေါက်ချေ။

ဇူရီ၏ အာရုံအား ဆွဲဆောင်နိုင်သည့် အချက်မှာ၊ ထိုသူ၏ ခေါင်းပေါ်မှနေ၍ ကောင်းကင်ထံသို့ ထိုးတက်နေသော အော်ရာတစ်တန်း ဖြစ်သည်။ ထိုအော်ရာသည် ပေါ့ပါး၍ စွမ်းအားကောင်းပုံ မရပေ။ သို့သော်လည်း အနီးကပ်၍ သေချာစွာ ကြည့်လိုက်လျှင်၊ ထိုအရာသည် သေးငယ်သော တရုတ်စကားလုံးများဖြင့် လှပပြေပြစ်သော စကားပြေတစ်ပုဒ်ကို ပုံဖော်ထားခြင်း ဖြစ်သည်။

"မဟာချင်ရဲ့ စာသင်သားတစ်ယောက်လား?"

"ဟုတ်ပါ့ဗျာ" ထိုသူက ပြန်ဖြေလိုက်သည်။

ထိုသူသည် အသက်နှစ်ဆယ် အတွင်းမှာ ရှိသေးသည်။ အပေါ်ပိုင်း အစိမ်းရောင်ဖြစ်သော သိုးမွှေးဝတ်ရုံရှည် တစ်ရုံကို ဝတ်ထားပြီး၊ လည်စည်းပုဝါ တစ်ခုကို တပ်ဆင်ထားသည်။ စာသင်သား အောင်ရာကို ပိုင်ဆိုင်ထားသော၊ စာတတ်ပေတတ် တစ်ယောက်ဖြစ်သည်မှာ သိသာနေသည်။

သူသည် အလွန်အမင်း ရုပ်ရည်ချောမောခြင်း မရှိပေ။ တရားမျှတသည့်ပုံ မပေါက်သလို၊

ဆိုးသွမ်းသည့်ပုံလည်း မပေါက်ပေ။ နွေးထွေးသော သာမန်လူကဲ့သို့သာ ဖြစ်သည်။

သူသည် အားလုံး၏ အရှေ့ကို ရောက်လာပြီး မိတ်ဆက်လိုက်သည်။ "ကျွန်တော့်နာမည်က ကျောင်ကျုံချန်းပါ၊ အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်"

ကျောင်ကျုံချန်းသည် ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်သော်လည်း၊ စကားပြောရာတွင် အရှက်မရှိပေ။ "ကျွန်တော်က အိပ်ရာထ နောက်ကျတတ်တဲ့ အကျင့်ဆိုးတစ်ခု

ရှိပါတယ်၊ အားလုံးက စောင့်နေရတဲ့ အတွက်
တောင်းပန်ပါတယ်"

ထိုကဲ့သို့ ပွင့်လင်းသောသူနှင့်
ဆက်ဆံရသောအခါ၊ ကျန်သောသူများက
ဘာပြောရမည်ကို မသိတော့ပေ။
သို့သော်လည်း သူ့အား ပြစ်တင်ဝေဖန်သောသူ
တစ်ယောက်မှ ရှိဟန်မတူချေ။

ဘာပဲပြောပြော၊ အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများကို လိမ်ညာရန်
မဖြစ်နိုင်ပေ။ သူတို့က ဘာမှမပြောလျှင်၊

သူသည် အမှန်တကယ် အိပ်ရာထ
နောက်ကျနေခြင်းပင် ဖြစ်ရမည်။

သို့သော်လည်း ဒါသည် ရယ်စရာကောင်းသော
ဆင်ခြေဖြစ်သည်။

"မင်းက ပေါ်မလာဇာတ်လည်း
ခင်းသွားနိုင်တာပဲ!" လူအုပ်ထဲမှ
တစ်ယောက်က ဝင်ပြောလိုက်၏။
သို့သော်လည်း ကျောင်းကျိုချုန်းက
ဘာမှဖြစ်သွားသည့်ပုံ မပေါ်ပေ။ အမှန်အတိုင်း
ပြောရလျှင်၊ သူသည် အိမ်ပြန်သွားကာ

ပြန်အိပ်နေမည် ဆိုလျှင်လည်း၊
အံ့သြဖွယ်ကောင်းမည် မဟုတ်ပေ။

သို့သော်လည်း ရှိကျုံးယွဲ့နှင့် ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများက ခွင့်ပြုမည် မဟုတ်ပေ။
အကယ်၍ လင်းဖုန်း၊ သို့မဟုတ် သူ၏အဆင့်မှ
သူများက ဝင်မပြောလျှင်။ သူတို့သည်
ဤကိစ္စကို ဒီအတိုင်း ထားလိုက်ချင်ပုံရသည်။

အခြားအကြီးအကဲများသည်
ထိုရွှေရောင်ဗဟိုချက် အဆင့်မှ

ကောင်စုတ်လေးက ဘာများ လုပ်ပြနိုင်မည်ကို ကြည့်ချင်နေပုံရသည်။

အားလုံးက မသိနိုင်သော်လည်း၊ အကြီးအကဲများသည် ကျောင်းကျုံချုန်းသည် နှစ်သက်ဖွယ်ကောင်းသူ တစ်ယောက်ဖြစ်ကြောင်းကို သိနေကြသည်။

ရှင်ပျော်ပျော် သူတော်စင်သည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး၊ "ကျုံချုန်း၊ ကျန်တဲ့သူတွေ အနားကို သွားလိုက်။ ငါတို့က အခြေခံအုတ်မြစ် အဆင့်က ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ် အတွက် မဲခွဲရဦးမယ်"

ကျောင်ကျုံချန်းသည် ခေါင်းညိတ်လိုက်ပြီး
သူ၏ စခန်းရှိရာကို သွားလိုက်ရာ၊
ရှီရှင်းယွမ်၏ ဟန့်တားခြင်းကို ခံလိုက်ရသည်။
"အိပ်လို့ဝပြီလား?"

"အမှန်အတိုင်း ဖြေရရင်၊ သိပ်မဝသေးဘူး"
ကျောင်ကျုံချန်းက ဖြေလိုက်သည်။ သူသည်
နှာခေါင်းရှုံ့ပြလိုက်သော်လည်း၊ မရိုသေသည့်
အမူအရာမျိုး မရှိခဲ့ပေ။

ရှီရှင်းယွမ်သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဘက်သို့

လက်ညှွန်ပြလိုက်ပြီး ပြောလိုက်သည်။ "ဟိုက ခရမ်းရောင်ဝတ်စုံနဲ့ လူငယ်လေးက ဇူရီပဲ"

"သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဒုတိယတပည့်၊ ပြီးတော့ ရွှမ်ကျိအမတ် ဇူဟုန်ဝူနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အရင်က တာအိုခြေလျှင် ခရီးသည် မုန့်ပင်းယွင်ရဲ့ သားဖြစ်တယ်"

ကျောင်းကျုံချန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားခဲ့ပြီး၊ စိတ်လှုပ်ရှားသည်ပုံ ပေါက်လာခဲ့သည်။ "ဒါဆို ကျွန်တော်က သွားပြီး နှုတ်ဆက်လိုက်ဦးမယ်"

ရှီရှင်းယွမ်က ပြန်ဖြေလိုက်သည်။ "သွားလေ၊ ခဏနေကပဲ ငါက နင့်ရဲ့နာမည်ကို ပြောထားသေးတယ်။ ဇူရီက နင်နဲ့ မယှဉ်ပြိုင်ရရင်တောင်၊ ဆွေးနွေးချင်နေတယ်လို့ ပြောတယ်"

"ဟားဟား၊ သူက ဘယ်လောက် ပညာတတ်သလဲ ကြည့်ရသေးတာပေါ့" ကျောင်းကျုံချန်းက ဟာသလုပ်လိုက်ရင်း၊ ဇူရီထံသို့ လျှောက်လာခဲ့လေသည်။

ကျောင်းကျုံချွန်း၏ လှုပ်ရှားမှုများကို သတိပြုမိလိုက်သော လင်းဖုန်းသည်၊ ကျောင်းကျုံချွန်းအား ကြည့်နေသော ဇူရီထံသို့ လှည့်ကြည့်လိုက်သည်။

လင်းဖုန်း၏ စခန်းတွင်၊ ကျောင်းကျုံချွန်းက လေးစားစွာနှင့် ဦးညွှတ်လိုက်သည်။ "ကျွန်တော်က ကျောင်းကျုံချွန်း ဖြစ်ပါတယ်။ အကြီးအကဲနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

လင်းဖုန်းသည် ခေါင်းကိုသာ ညိတ်လိုက်၍၊ ဘာကိုမှ မပြောခဲ့ပေ။

ကျောင်းကျုံချန်းသည် မတ်တက်ရပ်လိုက်၍ ဇူရီထံကို ကြည့်လိုက်သည်။ "မင်းကလည်း စာသင်သားပဲလား?"

စာသင်သား၏ အဓိပ္ပာယ်သည် အလွန်ပင် ကျယ်ပြန့်လှသည်။ သို့သော်လည်း သူတို့နှစ်ယောက် စလုံးနှင့် ကိုက်ညီနေသည်။

ဇူရီက ပြန်ဖြေလိုက်သည်။ "ဟုတ်ပါတယ်"

ကျောင်းကျုံချန်းသည် ရုတ်တရက် နှောင်တရစွာနှင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ "ခင်ဗျားက သိပ်ဟန်တဲ့ပုံ

မပေါ်ပါဘူး။ ကျုပ်တို့က သိုင်းပညာပဲ
ယှဉ်ပြိုင်ရင် ကောင်းလိမ့်မယ်နဲ့တူတယ်။
ခင်ဗျားလိုလူနဲ့ အတွေးအခေါ်တွေ
ဆွေးနွေးရတာဟာ၊ အလကား ဖြစ်သွားမှာပဲ"

လင်းဖုန်းသည် အော်ရယ်ချင်စိတ်
ပေါက်သွားခဲ့သည်။

"ဒီကောင်စုတ်လေးက ဇူရီကို မခံချင်အောင်
ခနဲ့နေတာပဲ၊ စိတ်ကို ဆွပေးနေတာနဲ့
တူတယ်" လင်းဖုန်းက တွေးလိုက်သည်။

ဇူရီ၏ မျက်ခုံးအစုံသည် မြင့်တက်သွားခဲ့သည်။ သူ၏ မျက်နှာတွင် လုပ်ပြုံးတစ်ခုကို ပြုံးလိုက်သည်။

ကျောင်းကျုံချန်းသည် ဇူရီ၏ မျက်လုံးတည့်တည့်ကို စိုက်ကြည့်လိုက်ပြီး၊ ပွင့်လင်းစွာပင် ပြောလိုက်သည်။ "မင်းရဲ့ ဒီကနေ့ ရလဒ်တွေဟာ ကျန်တဲ့သူတွေ အတိုင်းပဲ၊ ကြိုးစားအားထုတ်မှုရဲ့ အသီးအပွင့်တွေ ဖြစ်တယ်။ မင်းက သံသယ ဖြစ်ဖွယ်မရှိပဲ ပါရမီရှင် တစ်ယောက်ဖြစ်တယ်၊ အသက်နှစ်ဆယ်ကျော်လေးနဲ့ ဒီလောက်အထိ

အစွမ်းထက်နေတာ၊ မင်းက ရှာမှရှားတဲ့ ပါရမီရှင်လေးပဲ"

"ဒါပေမဲ့ မင်းရဲ့ စာပေ သင်ယူမှုကတော့ သာမန်သာသာပဲ ရှိတယ်။ တကယ့်စာသင်သားဟာ စာဖတ်တယ်၊ တရားထိုင်တယ်၊ ပြီးတော့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု ရှိတယ်။ သူက မှော်စွမ်းအင်တွေမှာ ရင်းနှီးမြှုပ်နှံလေ့ မရှိဘူး။ မင်းက သဘာဝ ကမ္ဘာကြီးကို ရှုထောင့်တစ်မျိုးကနေ သင်ယူနေတာပဲ"

"တကယ့်စာသင်သားဆိုတာ၊ အမှန်တကယ်ကို ထူးချွန်ထက်မြက်တယ်။ သူက ထင်ပေါ်မှုကို မလိုလားဘူး။ ဒါပေမဲ့ သူပေါ်လာတာနဲ့ ထင်ပေါ်ပြီးသား ဖြစ်တယ်။

"သူတို့က ပုံမှန်အတိုင်းဆို ဘယ်သိုင်းပညာရပ်တွေနဲ့မှ မပတ်သတ်ဘူး၊ မြေကြီးရဲ့ စွမ်းအင်ကိုသာ သဘာဝအတိုင်း စုပ်ယူတယ်။ သူတို့က လမ်းကြောင်းအပေါ် ရောက်သွားတာနဲ့၊ နောက်ထပ် အဆင့်တစ်ခုကို မရောက်မချင်း အသိပညာတွေကို မရပ်မနား ရှာဖွေကြတယ်။ သူတို့ဟာ ဆက်လက် သင်ယူနေရင်းနဲ့

တစ်နေ့မှာ၊ ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်နိုင်ကြတယ်"

"သူတို့ သိဖို့ရာ မှန်သမျှ၊ ရွှေရောင်ဗဟိုချက်ထဲမှာ ရှိတယ်။ မှန်ကန်တဲ့ မီးပွင့်လေး တစ်ပွင့်နဲ့၊ သူတို့ဟာ တစ်ညတည်းနဲ့ အခြေတည်ဝိညာဉ်ကို ဖော်ဆောင်နိုင်ကြတယ်"

ကျောင်းကျုံချုန်းသည် ထုံပေပေနှင့် ဆက်ပြောနေလေ၏။ "မင်းက ပါရမီရှိတဲ့ တိုက်ခိုက်သူ ဖြစ်တယ်၊ ဒါပေမဲ့ စာသင်သားတော့ မဟုတ်ဘူး။ ငါကမင်းနဲ့

တိုက်ခိုက်ချင်ပေမဲ့၊ စာပေအကြောင်းတော့ မဆွေးနွေးချင်ဘူး"

ဇူရီက သူ၏စကားများကို နားထောင်နေပြီးမှ၊ မေးခွန်းပြန်ထုတ်လိုက်သည်။ "စိတ်ဝိညာဉ်ကို တိုးတက်အောင် လုပ်ပြီး၊ ကမ္ဘာကြီးကို နားလည်အောင် လုပ်တာ မှားတော့ မမှားပါဘူး။ ခင်ဗျားက အခုဘယ်အဆင့် ရောက်ပြီလဲ ဆိုတာကို သိပါရစေ?"

ဘေးကနေပြီး အကဲခတ်နေခဲ့သော ရှီရှင်းယွမ်သည်၊ လျှောက်လာပြီးမှ ပြောလိုက်သည်။ "ကျွန်မရဲ့မိတ်ဆွေ

ကျောင်းကျုံချွန်းက မနှစ်က ဝင်ခွင့်စာမေးပွဲ မတိုင်ခင်၊ လုံးဝကို မကျင့်ကြံခဲ့ပါဘူး။ သူက စာမေးပွဲကို လန်းလန်းဆန်းဆန်းနဲ့ အရေးမထားပဲ ဝင်ဖြေခဲ့တယ်။ ဒါပေမဲ့ သူပြန်ထွက်လာတော့ သူဟာ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ကို ရောက်နေခဲ့ပြီ။

ကျောင်းကျုံချွန်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကျွန်တော်က ပါရမီ မပါပါဘူး၊ အကြီးအကဲ အဆင့်ကိုရောက်ဖို့ အဝေးကြီး လိုပါသေးတယ်"

သူသည် အမှန်တကယ်
ပြောနေခြင်းဖြစ်သည်။
ကိုယ်ရည်သွေးသည့်ပုံနှင့် ပြောနေခြင်းမျိုး
မဟုတ်ပေ။

သို့သော်လည်း မည်သို့ပင် ယူဆစေကာမူ၊
သူသည် မောက်မာပုံရ၏။

"ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီဟေ့"
လင်းဖုန်းက တွေးလိုက်သည်။ သူ့တပည့်နှင့်
ကျောင်ကျုံချန်းတို့၏ အပြန်အလှန်
ပြောဆိုမှုများကို ကြည့်လိုက်ကာ၊
လင်းဖုန်းသည် မတတ်နိုင်တော့ပဲ

ခေါင်းတစ်ချက်ကို ခါလိုက်သည်။
"လက်စသတ်တော့ မင်းက ကွန်ဖြူးရှပ်ဝါဒကို လေ့လာတဲ့သူပဲ။ ငါက ဒီမျိုးဆက်တွေက မရှိတော့ဘူးလို့ ထင်နေခဲ့တာ" လင်းဖုန်းက ပြောလိုက်သည်။

ရှီကျုံးယွဲ့က အံ့အားသင့်သည့်ပုံ ပေါက်သွားခဲ့သည်။ ကျောင်းကျုံချန်းသည် သူ၏ အဝတ်များကို ပြုပြင်လိုက်ပြီး၊ လင်းဖုန်းအား လှည့်ကြည့်လိုက်ကာ လေးနက်စွာနှင့် ဦးညွှတ်လိုက်သည်။
"အကြီးအကဲက ဘက်စုံရတာပဲ။ ကျွန်တော်က

ကွန်ဖြူးရှပ်ဝါဒရဲ့
နောက်လိုက်တစ်ယောက်ပါ"

## စာစဥ် ၁၆ : အပိုင်း ၁၉

## အပိုင်း ၂၈၉ : ဆီမီးဖိုင်နယ် မဲနှိုက်ခြင်း

"ရှေးဟောင်း ကွန်ဖြူးရှပ်ဂိုဏ်း?" ဇူရီ၏ မျက်လုံးများသည် လင်းဖုန်းအပေါ်သို့ ရောက်လာခဲ့သည်။

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ "ရှေးခေတ်တုံးက ကွန်ဖြူးရှပ်လို့ခေါ်တဲ့ လူတစ်ယောက် ရှိခဲ့တယ်။ သူက အသက်သုံးနှစ်ကစပြီး စာပေစတင် လေ့လာခဲ့တယ်။ သူရဲ့ နေ့စဉ်အလုပ်တွေက စာဖတ်ခြင်း၊ စာရေးခြင်းနဲ့ တွေးခေါ်ခြင်းတို့ပဲ ဖြစ်တယ်။ သူက သိုင်းပညာတွေ၊ မှော်စွမ်းရည်တွေ ဘာမှ လေ့မကျင့်ခဲ့ဘူး။ သူ့ရဲ့စိတ်ကို ဗဟုသုတ ရှာဖွေခြင်းရဲ့ အပေါ်မှာပဲ လုံးဝနစ်မြှုပ်ထားခဲ့တယ်"

"ဒီပညာရှိကြီးဟာ အသက်တစ်ရာကျော်တဲ့အထိ နေသွားခဲ့တယ်၊

သူ့ကို သက်ရှိဒဏ္ဍာရီတစ်ပါးလို့
သတ်မှတ်ခံခဲ့ရတယ်။ သူအသက်
တစ်ရာ့သုံးနှစ်ရှိတဲ့အချိန် မိုးရွာနေတဲ့
နေ့တစ်နေ့မှာ၊ သူဟာ ရုတ်တရက်
ဉာဏ်အလင်းပွင့်သွားခဲ့ပြီး၊ သူသိထားသမျှ
အရာအားလုံးကို စုစည်းပြီး ဆေးမီးဖို
တစ်ခုအပေါ်မှာ ထွင်းထုခဲ့တယ်။
အဲ့ဒီဆေးမီးဖိုလေးဟာ ပေါက်ကွဲသွားခဲ့ပြီး၊
အဆောက်အအုံ တစ်ဆယ့်နှစ်ထပ် တိုင်တိုင်
ထိုးဖောက်သွားခဲ့တယ်။ ပြီးတာနဲ့ သူဟာ
တာဝါကို ထူထောင်နိုင်ခဲ့ပြီး၊ ဆေးလုံးကို
ဖော်ဆောင်နိုင်ခဲ့တယ်"

လင်းဖုန်း၏ အမူအရာသည်
အံ့ဩလေးနက်နေသည့်ပုံ ပေါက်နေခဲ့သည်။
သူက ဒီပုံပြင်ကို ပထမဦးစွာ ကြားခဲ့ရသော
အချိန်တွင်၊ မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။

"သူပထမဆုံး ဆေးလုံးကို ဖော်ဆောင်တဲ့
အချိန်မှာ၊ မနက်ခင်းပိုင်းကို ရောက်နေပြီ။
နေ့လည်အချိန်မှာ သူဟာ အနည်းငယ်
ကြီးထွားလာပြီး၊ ညနေအချိန်ရောက်တော့
ပြီးပြည့်စုံပြီး လုံးဝိုင်းနေပြီ။"

"ညတစ်ညလုံး၊ မိုးသက်မုန်တိုင်းတွေ
ကျရောက်နေခဲ့တယ်။ ဒီပညာရှိဟာ

မိုးကြိုးတွေရဲ့ အင်အားကို ဆွဲယူပြီး၊ သူ့ရဲ့ ရွှေရောင်ဗဟိုချက်ကို ဦးတည်စေခဲ့ကာ တစ်ညထဲနဲ့ အခြေတည်ဝိညာဉ် အဆင့်ကို ပြီးမြောက်နိုင်ခဲ့တယ်။"

"ပြီးတာနဲ့ ဒီပညာရှိဟာ ဆက်လက်ပြီး လေ့ကျင့်လေ့လာ သင်ယူရင်း၊ သူ့ရဲ့ ဗဟုသုတတွေနဲ့ အသစ်ရလာတဲ့ စွမ်းအင်တွေကို ပေါင်းစည်းပြီးမှ အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ရှိခဲ့တယ်"

"သူ့ရဲ့ အဆုံးအမတွေဟာ ကွန်ဖြူးရှပ်ဂိုဏ်း အနေနဲ့ ဆက်လက်ရှင်သန်နေခဲ့တယ်။ နတ်ဘုရား နယ်မြေမှာ ထင်ရှားတဲ့ ဒဏ္ဍာရီတစ်ပါး ဖြစ်ခဲ့တယ်"

သို့သော်လည်း လင်းဖုန်းသိထားသမျှ အရဆိုလျှင်၊ ထိုဂိုဏ်းသည် ပျက်သုန်းသွားသည်မှာ ကြာမြင့်လှပေပြီ။

စာပေပညာရပ်များကိုသာ လေ့လာခြင်းဖြင့် မှော်စွမ်းအင်များကို ရယူနိုင်ခြင်းသည်၊ လွယ်ကူသော အရာမဟုတ်သည်မှာ သိသာလှပေသည်။ တကယ့်ကို

စာသင်သားစိတ် ရှိပြီး၊ စိတ်ရှည်သည်းခံခြင်း၊
ဗဟုသုတနှင့် ပြည့်ဝကြွယ်ဝခြင်းတို့ ရှိမှသာ၊
စာပေလေ့လာခြင်းဖြင့် မှော်စွမ်းရည်ကို
ရရှိပေလိမ့်မည်။

သာမန်ကျင့်ကြံသူများပင်လျှင်
အခြေတည်ဝိညာဉ် အဆင့်ကို ရောက်ရှိရန်
ခက်ခဲလှရာ၊ သာမန်စာသင်သားများ
အနေနှင့်ဆိုလျှင် ပြောဖွယ်ရာ မရှိပေ။

တကယ့်စာသင်သား တစ်သန်းတွင်
တစ်ယောက်လောက်သာလျှင်၊ ထိုကဲ့သို့
စွမ်းဆောင်နိုင်ပေလိမ့်မည်။

အခြားစကားလုံးဖြင့် ပြောရလျှင်၊
ဤအရာသည် ဗဟုသုတကို
နားလည်သဘောပေါက်အောင်
လေ့လာရှာဖွေခြင်း ဖြစ်သည်။
စာပေမလေ့လာမီ မှော်ပညာကို
တည်ဆောက်နိုင်သော ခိုင်မာသည့် အခြေခံ
ရှိရပေမည်။ သို့သော်လည်း အဆင့်မြင့်ရန်
လိုအပ်လှသဖြင့်၊
ကြိုးစားလေ့ကျင့်သောသူများ
များလှသော်လည်း၊ သာမန်စာသင်သား ဘ၀မှ
မတက်နိုင်ကြပေ။

လင်းဖုန်းက ကျောင်ကျုံချန်းအား ကြည့်လိုက်ကာ ထပ်ပြောလိုက်သည်။ "စာပေပညာရော၊ သိုင်းပညာရပ်ပါ၊ ဒီလူက ပါရမီရှင် တစ်ယောက်ပဲ"

ကျောင်ကျုံချန်းသည် အသက်သုံးဆယ်သာ ရှိသေးသော်လည်း၊ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့ ရောက်နေပေပြီ။ ထိုအရာသည် လွန်စွာရှားလှသော အရာဖြစ်သည်။

လက်ရှိအချိန်တွင် ကျောင်ကျုံချန်းထပ် ပိုမြန်သော တစ်ဦးတည်းသောသူမှာ၊

ဒွိစုံသူငယ်အိမ်နှင့်သူ၊ ရှောင်ပုတန်လေး၏
မဟာရန်သူ ရှိထျန်းရီသာ ဖြစ်သည်။

ကျောင်းကျုံချန်း၏ စကားများကို
နားထောင်ရအပြီးတွင်၊ ဇူရီသည် သူက
ရှေးဟောင်း ကွန်ဖြူးရှပ်ဂိုဏ်းမှ လာသည်ကို
သိပြီးဖြစ်သည်။ သူက ကျောင်းကျုံချန်းကို
သနားသည့် အကြည့်နှင့် ကြည့်လိုက်ပြီး
ကျယ်လောင်စွာနှင့် ပြောလိုက်သည်။
"အစ်ကိုကျောင်၊ ခင်ဗျားကိုယ်ခင်ဗျား
စာသင်သားတွေ အားလုံးရဲ့ စံအမှတ် အနေနဲ့
သတ်မှတ်ထားရုံတင် မကပဲ၊ ကွန်ဖြူးရှပ်ရဲ့
အဆုံးအမတွေကို စာပေသင်ယူမှုကို

တိုင်းတာတဲ့အရာအဖြစ်နဲ့ သတ်မှတ်ထားတယ် မဟုတ်လား?"

"သမရိုးကျ အဆုံးအမတွေကို မလိုက်နာတဲ့ လူတွေက၊ ဘာမှကို မသိတဲ့ လူတွေပဲလား?"

ဇူရီက သူလက်များကို ကွေးလိုက်ကာ ဆက်ပြောလိုက်သည်။ "ခင်ဗျားက မဟာချင် အင်ပါယာရဲ့ ကြီးမြတ်တဲ့ စာသင်သားဖြစ်တယ်။ ကျုပ်ကတော့ ဘာကောင်မှ မဟုတ်ဘူး။ တကယ်လို့ ကျုပ်က ခင်ဗျားနဲ့ အသိပညာ ဖလှယ်ဖို့ အတင်းအကြပ်

တောင်းဆိုရင်၊ ခင်ဗျားက တွန့်ဆုတ်ကောင်း တွန့်ဆုတ်နေမယ်"

"အဲ့ဒီတွန့်ဆုတ်မှုကနေ ခင်ဗျားရဲ့ စွမ်းဆောင်ရည်တွေကို နှစ်မျိုးနှစ်ဖုံနဲ့ ထိခိုက်နိုင်တယ်။ ပထမ၊ ခင်ဗျားရဲ့ အရေးအသားတွေဟာ အဓိပ္ပာယ် မရှိတော့ပဲ ဖြစ်သွားမယ်။ ဒုတိယ၊ သူတို့က ခံစားမှုတွေရဲ့ လွှမ်းမိုးမှုကို ခံရပြီး၊ ဖတ်တဲ့သူတွေကို နှစ်မြှုပ်သွားစေလိမ့်မယ်"

ကျောင်းကျုံချန်း၏ မျက်လုံးအစုံများ ပြူးကျယ်လာခဲ့သည်။ "ဒီလိုမျိုး

ပြန်ပြောနိုင်တာကို ကြည့်ရင်၊ မင်းကလည်း ဗဟုသုတ အတော်ရှိသားပဲ"

ဇူရီက ရယ်လိုက်သည်။ "တကယ်လို့ ကျွန်တော်က ခင်ဗျားရဲ့ အတွေးအခေါ်တွေကို လှုံ့ဆော်နိုင်မိမယ် ဆိုရင်၊ အတော်ကို ပျော်မိမှာပဲ။ ဒါပေမဲ့ ကြည့်ရတာ ခင်ဗျားက အထဲမှာ ဗလာဖြစ်နေတဲ့ ပြင်ပအခွံ သက်သက်ပဲ"

"ကိစ္စမရှိပါဘူး၊ ကျုပ်က ဒီတစ်နှစ်မှာ မဟာကျိုးကိုသွားပြီးတော့ စာမေးပွဲ ဝင်ဖြေမှာ။ အဲ့ဒါပြီးလို့ရှိရင်တော့၊ ကျုပ်တို့က

ဘယ်သူက ပိုလေ့လာနိုင်သလဲ ဆိုတာကို ဗဟုသုတ ဖလှယ်လို့ ရတာပေါ့"

"အိုး? ဒါဆိုရင် ကောင်းတာပေါ့"
ကျောင်ကျုံချန်းက ပြန်ဖြေလိုက်သည်။

ဇူရီက ဆက်ပြောလိုက်သည်။
"ဗဟုသုတတွေကို နှိုင်းယှဉ်ဖို့က အချိန်အမြဲရှိပါတယ်။ ဒါပေမဲ့ အခုဒီမှာ ရောက်နေတယ်ဆိုတော့၊ သိုင်းပညာရပ်တွေလဲ ဖလှယ်လို့ ရတာပဲ"

"မဲမကျခဲ့ရင်တောင်၊ အပြင်မှာ သက်သက်ပြိုင်လို့ ရတာပဲ" ဇူရီက ဆက်ပြောလိုက်သည်။ "ကျုပ်တို့ နှစ်ယောက်စလုံးက သင်ယူနေတဲ့ လူတွေဖြစ်ကြတယ်။ အခြားတစ်ယောက်ဆီကနေ သင်ယူစရာ တစ်ခုခုက အမြဲတမ်း ရှိနေတယ်ဆိုတဲ့ စကားလဲ ရှိတယ်လေ"

"သူရဲ့ နောက်ပိုင်းနှစ်တွေထဲမှာ၊ ပညာရှိအိုကြီးဟာ တစ်ခါမှ ရပ်တန့်ပြီး ကလေးငယ် တစ်ယောက်စီက အကြံဉာဏ်ကို ယူခဲ့ဖူးတယ်။ ကျုပ်တို့က ပိုသိလေလေ၊

မသိသေးတာတွေက ပိုများလေလေပဲ။
စာသင်သားရဲ့ အတ္တဟာ တစ်ကိုယ်ရေသမား
တစ်ယောက်ထက်တောင်မှ ပိုဆိုးသေးတယ်"

ကျောင်းကျုံချုန်းသည် ဇူရီအား
အချိန်အတန်ကြာမျှ စိုက်ကြည့်လိုက်သည်။
သူက ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။
"ရုတ်တရက်ပဲ ကျုပ်တို့နှစ်ယောက်က
မဲကျရင် ကောင်းမှာပဲလို့ ဆန္ဒတွေ
ဖြစ်ပေါ်လာတယ်"

ဇူရီသည် ပြုံးလိုက်ကာ ဘာမှ ပြန်မပြောခဲ့ပေ။

ကျောင်းကျုံချန်းနှင့် ရှီရှင်းယွမ်တို့ ထွက်ခွာသွားသည့်အခါ၊ လင်းဖုန်းသည် ဇူရီဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။ "ဒီစကားလုံး စစ်ပွဲအပြီးမှာ၊ မင်းရဲ့နှလုံးသားဟာ ပိုပြီးတော့ ကြည်လင်လာတယ်" မင်းက အစွန်းအပေါ်မှာ မတ်တက်ရပ်နေခဲ့တာပဲ၊ မင်းနဲ့ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်ဟာ မမြင်ရတဲ့ အမြှေးပါး တစ်ခုသာ ကျန်တော့တယ်။

ဇူရီက ခေါင်းညိတ်လိုက်သည်။ "ဆရာရဲ့ ညွှန်ပြမှုတွေကို ကျေးဇူးတင်ပါတယ်။

ကျွန်တော်က ဖန်သား မျက်နှာကြက်ကို ထိနေခဲ့ပါပြီ"

သူသည် ကျောင်းကျုံချန်း၏ အဝေးမှ ပုံရိပ်ကို လှမ်းကြည့်လိုက်ကာ၊ "ဒီလူကို အနိုင်ယူနိုင်ခြင်းဟာ၊ ကျွန်တော့်ကို နောက်တစ်ဆင့်ကို ပို့ဆောင်ပေးလိမ့်မယ်"

ကျောင်းကျုံချန်း၏ ရောက်ရှိလာမှုသည် အနည်းငယ် ကယောက်ကယက် ဖြစ်စေခဲ့သည်။ လူအုပ်ကြီးသည် သူနှင့် ဇူရီတို့၏ ပွဲကြီးပွဲကောင်းကို ကြည့်ရတော့မည်ဟု မျှော်လင့်ထားခဲ့စဉ်တွင်၊

သူ၏ ထွက်ခွာသွားခြင်းက အတော်များများကို မချင့်မရဲ ဖြစ်စေခဲ့သည်။

နောက်ထပ်တစ်ဖန် လူအုပ်ကြီး၏ စိတ်အာရုံများသည်၊ အခြေခံအုတ်မြစ် အဆင့်၏ ဆီမီးဖိုင်နယ် မဲခွဲမှု အပေါ်တွင် ကျရောက်သွားခဲ့သည်။

ဝမ်လင်း၊ ယွဲ့ဟုန်ယန်၊ ရှီဆောင်ချန်းနှင့် တောက်ယုတင်းတို့သည်၊ အသက်ငယ်ငယ်လေးဖြင့် လက်ရှိ ကျင့်ကြံမှု အဆင့်အတန်းသို့ ရောက်ရှိနိုင်ခဲ့ပြီ ဖြစ်သည်။ သူတို့သည် သူတို့၏ မျိုးဆက်များ အတွင်းတွင်

အကောင်းတကာ့ အကောင်းဆုံးများ
ဖြစ်ကြသည်ကို၊ သက်သေပြပြီးသား
ဖြစ်နေခဲ့သည်။ အစောပိုင်းက
တိုက်ပွဲများသည် သူတို့၏ စွမ်းအားများကို
ဖော်ပြခဲ့ပြီး ဖြစ်သဖြင့်၊ လူအုပ်ကြီးသည် ပွဲစဥ်
အတွဲအဖက်အား စိတ်ဝင်တစား
ဖြစ်နေကြသည်။

ဝမ်လင်းနှင့် ယွဲ့ဟုန်ယန်တို့သည်
တစ်ဂိုဏ်းထဲက ဖြစ်သဖြင့်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ထပ်ဖန်တစ်ခါ
လွှမ်းမိုးထားနိုင်ခဲ့ပြန်သည်။

လူအုပ်ကြီး အတွင်းမှ
အတော်များများတို့သည်၊ ယွဲ့ဟုန်ယန်နှင့်
ဝမ်လင်းတို့အား တွေ့ဆုံစေရန်
တိတ်တိတ်ကလေး ဆုတောင်းနေကြသည်။
လူထူးလူဆန်းများကို အချင်းချင်း
တိုက်ခိုက်စေလိုကြသည်။

လင်းဖုန်းသည် ရှင်ပျော်ပျော် သူတော်စင်၏
ကြေးအိုးလေးကို စိုက်ကြည့်နေသည်။
ဤတစ်ခေါက်လည်း သူ၏ တပည့်များ
အချင်းချင်းကျမည် ဆိုပါက၊ သူသည်
တကယ်ကို မေတ္တာပို့သ ကျိန်ဆဲမိတော့မည်
ဖြစ်သည်။

ရှောင်ပုတန်လေးတို့ အုပ်စုကလည်း စိတ်လှုပ်ရှားနေကြသည်။ သူတို့၏ ရဲဘော်များသည် ဖိုင်နယ်သို့ တက်ရောက်နိုင်၍၊ ဂိုဏ်း၏ဂုဏ်ကို ဆောင်နိုင်ကြစေရန် ဆုတောင်းနေကြသည်။

အနံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုတည်းကလွဲ၍၊ ယွဲ့ဟုန်ယန်နှင့် ဝမ်လင်းတို့ကို အတူတူ မကျစေလိုသည်မှာ လူတစ်ယောက်တည်းသာ ရှိသည်။

ကျောင်ကျုံချန်းက ရှီရှင်းယွမ်ကို ကြည့်လိုက်သည်။ "နင်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဘယ်အချိန်က စပြီး၊ ဆက်ဆံရေး ဒီလောက်ကောင်းသွားရတာလဲ?"

"ငါက သူတို့အကြောင်း ကြားထားတာ ကြာလှပြီ။ အခုမှပဲ ကိုယ်တိုင်တွေ့ဖူးခဲ့တာ"

ကျောင်ကျုံချန်းက အနည်းငယ် ပဟေဠိ ဖြစ်သွားခဲ့သည်။ "ယွဲ့နဲ့ဝမ်တို့က တွေ့သွားရင်၊ နင့်ရဲ့ ဝမ်းကွဲမောင်လေး ရှီဆောင်ချန်းအတွက် ပိုကောင်းမှာ မဟုတ်ဘူးလား?"

"ငါက မမြင်ခဲ့ရပေမဲ့၊ သူတို့ တစ်ယောက်ချင်းဆီက ထူးခြားတဲ့ တိုက်ခိုက်မှု ပုံစံတွေ ရှိပြီး၊ အားလုံးကလည်း ကြောက်စရာ ကောင်းကြတယ်လို့ ကြားဖူးတယ်"

"ငါသူနဲ့ တွေ့စေချင်တဲ့သူက ဝမ်လင်းပဲ" ရှီရှင်းယွမ်က ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ? သူက အားအနည်းဆုံးမို့လား?" ကျောင်းကျုံချန်းက ပြောလိုက်သည်။

"မဟုတ်ဘူး၊ သူက ယောက်ျားတစ်ယောက် ဖြစ်လို့"

"အဲ့လိုဆိုတော့ ဘာဖြစ်လဲ?"

ရှီရှင်းယွမ်သည် အနည်းငယ် ထစ်ငေါ့ထစ်ငေါ့ ဖြစ်သွားပြီး၊ ရှက်နေသည့်ပုံ ပေါက်သွားသည်။ "ငါ့ရဲ့ ဝမ်းကွဲမောင်လေး၊ သူ.. သူကသာ ကောင်မလေး တစ်ယောက်နဲ့ တွေ့ခဲ့ရင်၊ ကောင်မလေး ငယ်ငယ်လေး.."

ကျောင်းကျုံချန်းသည် ရုတ်တရက် သဘောပေါက်သွားခဲ့သည်။ "ဪ၊ လက်စသတ်တော့၊ သူ့ရဲ့ ပုံမှန် အေးစက်စက် ပုံစံက ဟန်ဆောင်ထားတာပေါ့! ဟားဟား၊ သူ့ကို ဒီလိုလူမျိုးလို့ ဘယ်သူက ထင်ထားမိမှာလဲ?"

ကျောင်းကျုံချန်းသည် ရှီရှင်းယွမ်က ပို၍ ကသိကအောက် ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ ဒါကသူ့အား ပိုမိုတွေဝေသွားစေသည်။

"ဘာအေးစက်တဲ့ အမူအရာလဲ? ဒါကသူ့ကို သူများက သင်ထားပေးတာ။ ဟန်ဆောင်မှု တစ်ရပ်ပဲ" ရှီရှင်းယွမ်က ပြောလိုက်သည်။ "ဘာပဲပြောပြော၊ သူ့ကို ဝမ်လင်းနဲ့ပဲ ကျအောင် မိုးနတ်မင်းကြီး မစတော်မူပါ။ သူရှုံးသွားရင်လည်း ကိစ္စမရှိဘူး"

နောက်ဆုံးတွင် မဲရလဒ်များက ထွက်ပေါ်လာခဲ့သည်။

ဝမ်လင်းသည် တောက်ယုတင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်ကာ၊ ယွဲ့ဟုန်ယန်သည် ရှီဆောင်ချန်းနှင့် တွေ့မည်ဖြစ်သည်!

ရှီရှင်းယွမ်က သက်ပြင်းတစ်ချက်
ချလိုက်သည်။ "သွားပြီ"

လင်းဖုန်း၏ စခန်းတွင်၊ ရှောင်ပုတန်လေးက
ယွဲ့ဟုန်ယန်အား လက်တို့လိုက်သည်။
"နံပါတ်လေး စီနီယာ ခင်ဗျ၊ ဟိုကောင်က
အစ်မကို ကြည့်နေတယ်"

ယွဲ့ဟုန်ယန်သည် သူညွှန်ပြသည့် နေရာကို
လှမ်းကြည့်လိုက်ရာ၊ ရှီဆောင်ချန်းက သူမကို
ပုံမမှန်သည့် အမူအရာဖြင့် တည့်တည့်ကြီး
စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

"ဘယ်သူက ဂရုစိုက်မှာလဲ၊ တိုက်ပွဲက တိုက်ပွဲပဲပေါ့" ယွဲ့ဟုန်ယန်က အလေးမထားသည့် ပုံဖြင့် ပြောလိုက်ကာ၊ သူမ၏ အကြည့်ကို လွှဲလိုက်လေသည်။

လင်းဖုန်းက ပြုံးလိုက်ပြီး မှော်စွမ်းအင်ဖြင့် ယွဲ့ဟုန်ယန်အား အသံလွှင့်၍ ပြောလိုက်သည်။

ခဏအကြာတွင် အံ့သြသည့်ပုံ ပေါက်နေသည့် ယွဲ့ဟုန်ယန်သည် လင်းဖုန်းအား လှမ်းကြည့်လိုက်ကာ၊ ညင်သာစွာနှင့်

ခေါင်းညိတ်လိုက်သည်။ သူမ၏ အမူအရာမှာ လေးနက်လာခဲ့ပြီး၊ ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်။ ကျွန်မက ဆရာ့စကားတွေကို မှတ်ထားပါ့မယ်"

ကွင်း၏ တစ်ဘက်ခြမ်းတွင် နတ်ရေကန်ဂိုဏ်းမှ တပည့်များသည်၊ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းဘက်သို့ မထီလေးစားသည့် အမူအရာများဖြင့် လှမ်းကြည့်နေကြသည်။ အထူးသဖြင့် ဖန်ကျိုးသည် ယန်ချင်အား အငြိုးကြီးစွာဖြင့် စိုက်ကြည့်နေခဲ့သည်။

ယန်ချင်သည် မသက်မသာ ခံစားလိုက်ရပြီး နောက်ပြန်လှည့်ရန် ပြင်လိုက်ချိန်တွင်၊ ဝမ်လင်းက ကြားဖြတ်ဝင်ပြောလိုက်သည်။ "ဘာကြောက်စရာ ရှိလဲ? မင်းက အစောကတင် သူ့ကို နိုင်ထားတာလေ"

ယန်ချင်သည် ကသိကအောက် ဖြစ်လှစွာနှင့် ရယ်လိုက်သည်။ ဝမ်လင်းက သူ့အား ခံစားချက် ကင်းမဲ့စွာနှင့် ကြည့်လိုက်ကာ ထပ်ပြောလိုက်သည်။ "သူကမင်းကို အငြိုးထားနေသေးတယ် ဆိုတာက၊ မင်းကသူ့ကို နာနာမတီးထားလို့ပဲ။ ဒီလိုမျိုး ကောင်တွေက ခွေးနဲ့တူတယ်၊ သူတို့က

သူတို့ထက် ပိုကြမ်းတဲ့သူနဲ့ တွေ့မှပဲ ကြောက်ကြတာ"

နတ်ရေကန်ဂိုဏ်းတွင် ပုံမှန်အတိုင်း နေနိုင်သည့်သူမှာ တောက်ယုတင်းဖြစ်သည်။ သူမ၏ ဆံနွယ်များသည် လေထဲတွင် လွင့်နေခဲ့ကာ၊ ရေခဲတမျှ အေးစက်သည့် မျက်နှာနှင့် နှင်းပွင့်ကဲ့သို့ နှုတ်ခမ်းအစုံကို ဖော်ပြနေခဲ့သည်။

သူမသည် ဝမ်လင်းအား လှမ်းကြည့်လိုက်ချိန်တွင်ပင်၊ သူမ၏ ရေခဲဘုရင်မ ပုံစံအား ထိန်းသိမ်းထားခဲ့သည်။

ဆီမီးဖိုင်နယ် ပထမပွဲမှာ ယွဲ့ဟုန်ယန်၏ တိုက်ပွဲဖြစ်သည်။ သူမသည် လင်းဖုန်းအား တစ်ချက် ဦးညွှတ်လိုက်ကာ၊ ကွင်းအတွင်းသို့ ဝင်သွားခဲ့သည်။

ရှီဆောင်ချန်းသည် အနောက်မှကပ်၍ လိုက်သွားခဲ့သည်။ သူတို့နှစ်ယောက်သည် ဆယ်မီတာသာ ကွာဝေးနေသည်။

ရှီရှင်းယွမ်သည် ကွင်းအတွင်းသို့ စိတ်လှုပ်ရှားစွာဖြင့် စိုက်ကြည့်နေခဲ့သည်။

"ကျေးဇူးပြုပြီး.. ကျေးဇူးပြုပြီး မလုပ်ပါနဲ့"
သူမသည် သူမကိုယ့်ကိုယ် ရေရွတ်နေခဲ့သည်။

လင်းဖုန်းသည် သူမ၏ မသက်မသာ
ဖြစ်နေမှုကို သတိထားလိုက်၍၊ အနည်းငယ်
စိတ်ဝင်စားသွားခဲ့သည်။ ပြီးတာနှင့်
ရှီကျုံးယွဲ့သည်လည်း ရှီဆောင်ချန်းထံသို့
စိတ်လှုပ်ရှားစွာဖြင့် လှမ်းကြည့်နေသည်ကို
တွေ့လိုက်ရသည်။

ယွဲ့ဟုန်ယန်က သူမ၏ သိုင်းကွက်ကို
ထုတ်မည်ကြံလိုက်စဥ်မှာပင်၊ ရှီဆောင်ချန်းက
ရုတ်တရက် အော်လိုက်သည်။ "ခဏလေး!"

# စာစဥ် ၁၆ : အပိုင်း ၂၀

## အပိုင်း ၂၉၀ : သူက ရှူးချင်ယောင်ဆောင်နေတာ!

ယွဲ့ဟုန်ယန်သည် အဆင်သင့် ဖြစ်နေပြီဖြစ်သည်။ သို့သော် ရှီဆောင်ချန်းက ရုတ်တရက် ထအော်လိုက်သည်။ "ခဏလေး!" ထို့ကြောင့် သူမသည် မျက်မှောင်ကြီးအား ကြုတ်လိုက်ကာ၊ လှုပ်ရှားမှုများကို ရပ်လိုက်သည်။

ဒါသည် ယှဉ်ပြိုင်ပွဲ တစ်ခုသက်သက်သာ ဖြစ်သည်။ သူသေကိုယ်သေ တိုက်ပွဲဆိုလျှင်၊ ယွဲ့ဟုန်ယန်သည် သူဘာပြောပြော ဂရုစိုက်နေမည် မဟုတ်ပေ။ သူပေါက်တတ်ကရများ လျှောက်ပြောနေသည်ကို အခွင့်ကောင်းယူ၍၊ သူ့အား အနိုင်ယူလိုက်မည် ဖြစ်သည်။

ရှီဆောင်ချန်းက စကားလုံးများကို ထုတ်ပြောခဲ့သည့် အချိန်တွင်၊ ရှီရှင်းယွမ်က သူမ၏ မျက်စိတို့ကို မှိတ်ထားလိုက်ပြီး ကြံ့ရာမရသည့်ပုံ ပေါက်သွားခဲ့သည်။

မဟာချင် အင်ပါယာ၏ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲဖြစ်သော စစ်ဦးစီးချုပ်၊ ရှီကျုံးယွဲ့သည် ကသိကအောက် ဖြစ်သွား၍၊ သူ၏မျက်နှာတွင် ဒေါသ အရိပ်အယောင်များကို တွေ့နေရသည်။

"သူတို့က ဘာများဖြစ်သွားကြတာလဲ?" လင်းဖုန်းကလည်း မျက်ခုံးများကို တွန့်လိုက်သည်။ "ရှီကျုံးယွဲ့ရော၊ ရှီရှင်းယွမ်ပါ အသုဘ လိုက်ပို့နေရတဲ့ မျက်နှာကြီးတွေ ဖြစ်နေကြပါလား။ ကြည့်ရတာ သူရဲ့ အကျီလက်ဝမှာ ဗုက်ဖဲ မရှိတော့လို့ ထင်တယ်"

ယွဲ့ဟုန်ယန်ကလည်း သူမ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ဘာလဲ?"

ရှီဆောင်ချန်းသည် ချောင်းတစ်ချက် ဆိုးလိုက်ကာ၊ ယွဲ့ဟုန်ယန်အား ကြည့်လိုက်ရင်း လေးနက်စွာနှင့် ပြောလိုက်သည်။ "ဟုန်ယန်မိန်းကလေး၊ ကျုပ်က ခင်ဗျားကို တရားဝင် လက်ထပ်ခွင့် တောင်းလိုက်မယ်။ ကျုပ်ရဲ့ အမျိုးသမီးအဖြစ် လက်ခံပေးဖို့ မျှော်လင့်ပါတယ်"

သူ၏ လေသံမှာ အလွန်ကို လေးနက်နေ၍၊
သူသည် သူမအား နှောက်ယှက်ကာ
စနောက်နေသည့်ပုံ မပေါက်နေခဲ့ပေ။

ထိုအချိန်တွင် နေရာတစ်ခုလုံးသည်၊
တိတ်ဆိတ်သွားခဲ့သည်။

အချိန်အတော်ကြီး ကြာမှသာ လင်းဖုန်းက
တောင့်တင်းနေသော လည်ပင်းအား
လှုပ်နိုင်ခဲ့ကာ၊ ကောင်းကင်အား
မော့ကြည့်လိုက်သည်။
"ကျီးကန်းတစ်ကောင်က အပေါ်ကနေ

ဖြတ်ပုံသွားတယ်လို့ ဘယ်လိုလုပ်ပြီး ခံစားမိနေရတာလဲ?"

သူက ပြန်လှည့်ကြည့်လိုက်သော အခါ၊ လူအားလုံးက မှင်သက်နေကြသည်ကို တွေ့လိုက်ရ၏။ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည် ပါးစပ်အဟောင်းသား ဖြစ်နေကြပြီး၊ အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာများသည် ကြက်သေသေနေကြသည်။ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည်

ကျောက်ဖြစ်ရုပ်ကြွင်းများကဲ့သို့
ဖြစ်နေကြကာ၊ အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူများသည် ရွှံ့ရုပ်များကို
သွန်းလောင်းထားသကဲ့သို့ ဖြစ်နေကြသည်။

မြောက်ပိုင်းလေပြင်း ပင်လယ်မှ
ကန်နံ့ဘေးတွင်၊ လူရာနှင့်ချီ၍
ရောက်နေကြသော်လည်း လုံးဝကို
တိတ်ဆိတ်နေကြသည်။
လေအေးတိုက်ခတ်သံများကိုသာ
ကြားနေရသည်။

မဟာချင် အင်ပါယာ၏ စခန်းအတွင်းတွင်ပင်၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ ရှီဆောင်ချန်းအား ကြည့်နေကြကာ အံ့သြတုန်လှုပ်နေကြသည်။

ရှီကျုံးယွဲ့နှင့် ရှီရှင်းယွမ် နှစ်ယောက်တို့သာ စွမ်းအားများ ရှိနေခဲ့ပြီး၊ နှစ်ယောက်စလုံးသည် တိတ်ဆိတ်စွာဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်ကြသည်။

လေထုထဲတွင် ရှီဆောင်ချန်း၏ အသံများမှာ ပဲ့တင်ထပ်နေဆဲ ရှိသေးသည်။ "ငါတို့က ပုန်းကွယ်နေသော နဂါးချောက် အပြင်ကို

ထွက်ပြီးသွားရင်၊ ငါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ဆီမှာ
လက်ထပ်ခွင့်ကို တောင်းလိုက်မယ်။ ဒါပေမဲ့
အရင်ဆုံး ငါ့ရဲ့ ခံစားချက်တွေကို
အရင်ဖွင့်ပြောထားမှ
သင့်တော်မယ်ထင်တယ်။ တစ်ချိန်တည်းမှာပဲ
ငါ့ရဲ့ လက်ထပ်ခွင့်ကို လက်ခံဖို့
မျှော်လင့်နေပါတယ်"

အချိန်အနည်းငယ် ကြာပြီးနောက်တွင်၊
အားလုံးသည် စတင်တုံ့ပြန်လာနိုင်ကြသည်။
မဟာချင် အင်ပါယာ၏ စခန်းအတွင်းသို့
အကြည့်ပေါင်းများစွာ ရောက်ရှိလာကြသည်။

အော်ရယ်နေသံများ မကြားရသော်လည်း၊
ထိုအကြည့်များနှင့်ပင် မဟာချင်
အင်ပါယာသည် အလွန်အမင်းကို
ကသိကအောက် ဖြစ်နေခဲ့သည်။

အစောက မှင်သက်နေခဲ့သော
ကျောင်းကျုံချုန်းသည် ရယ်မောလိုက်သည်။
"ဒီလူက ဇရှိသားပဲ။ ပွင့်ပွင့်လင်းလင်း
သမားပဲထင်တယ်"

ရှီရှင်းယွမ်သည် ကံကြမ္မာကို
လက်ခံလိုက်ပုံနှင့် အထီးကျန်နေသည့်ပုံ
ပေါက်သွားခဲ့သည်။ သူမတွင် မဟာချင်

မင်းသမီးဟူသည် အောင်ရာနှင့် တည်ငြိမ်မှုတို့က ပျောက်သွားခဲ့သည်။

"နင်က သူ့အကြောင်း သေချာမသိသေးလို့၊ ဒီအတိုင်းပြောတာ" ရှီရှင်းယွမ်က ကျောင်းကျုံချန်းကို ကြည့်လိုက်ကာ ပြောလိုက်သည်။ "တကယ်လို့ သူ့ရဲ့အရှေ့မှာ ရပ်နေတာက တောက်ယုတင်း ဆိုရင်လည်း၊ သူက ဒီအတိုင်းပဲ ပြောဦးမှာ"

ကျောင်းကျုံချန်းသည် ထိုအချိန်တွင် ဆွံ့အသွားခဲ့သည်။

လင်းဖုန်းသည် ရှိဆောင်ချန်းက ဝန်ခံနေသည်ကို ကြည့်လိုက်၍၊ ငိုရမလို ရယ်ရမလို ဖြစ်သွားခဲ့သည်။ သူသည် ရွံ့များပေနေသော မြင်းရိုင်းတစ်ထောင်ကျော်က သူ့ထံသို့ ဒုန်းစိုင်းပြေးလာနေခဲ့သည်ဟု ခံစားနေရသည်။

"အစပထမက၊ နင်ဟာ မာနကြီးပြီး၊ ကြမ်းတမ်းခက်ထန်တဲ့သူလို့ ထင်နေခဲ့တာ။ နင့်ဆီမှာ အေးစက်တဲ့ အမူအရာတွေ အပြင်၊ ချစ်စရာကောင်းတဲ့ အခြမ်းလဲ ရှိတယ်ဆိုတာ ဘယ်သူက သိမှာလဲ!

လင်းဖုန်းသည် တစ်ကိုယ်လုံး
အားမရှိတော့သကဲ့သို့ ခံစားလိုက်ရသည်။
"မင်းက တုံးအတဲ့ လူငယ်လေးပဲ၊ မင်းက
နောက်နေတာပဲ ဖြစ်ဖြစ်၊ အတည်ပဲ ဖြစ်ဖြစ်၊
မင်းက ဒီနေရာမှာ ဘာလုပ်နေတာလဲ?
တစ်ခုခု မလုပ်ခင်၊ အခြေအနေလေး ဘာလေး
အရင်ကြည့်ပါလား?

မင်းက ဒီစိတ်ဝိညာဉ် အစည်းအဝေးရဲ့
စီးဆင်းမှုကို ဖျက်ဆီးလိုက်တာပဲ!

ရှီကျုံးယွဲ့သည် ချောင်းတစ်ချက်
ဆိုးလိုက်ကာ၊ လင်းဖုန်းအား
ကြည့်လိုက်သည်။ "အဟမ်း၊ ကျုပ်ရဲ့မြေး…
သူက အရိပ်အကဲတွေ နည်းနည်းပါးပါး
နားမလည်တတ်ပဲ၊ စည်းမျဉ်းစည်းကမ်းတွေကို
လိုက်နာလေ့ မရှိဘူး။ သူပြောတဲ့ အထဲမှာ
အမှားတွေ ပါသွားလို့ရှိရင်၊ မာစတာလင်းက
ခွင့်လွှတ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ရပါတယ်၊
ရပါတယ်"

ရှီကျုံးယွဲ့၏ အကြည့်မှာ ကူရာမဲ့မှု၊
ဒေါသထွက်မှုတို့နှင့် တောက်ပနေခဲ့သည်။
အကယ်၍ ရှီဆောင်ကွမ်းသည် သူ၏
မြေးအရင်းမဟုတ်ပဲ၊ ဤမျှလည်း ပါရမီ
ပါမလာပါက သူ့ကို သူကိုယ်တိုင်
နှုတ်နှုတ်စင်းမိလိမ့်မည်မှာ သေချာနေခဲ့သည်။

အထက်ပါ အချက်နှစ်ချက်တွင်
တစ်ချက်နှင့်သာ မပြည့်စုံခဲ့လျှင်လည်း၊
ရှီကျုံးယွဲ့က သူ့အား သတ်ပစ်မည်ဖြစ်သည်။

"ကျုပ်ရဲ့မြေးဟာ နည်းနည်း မဆင်မခြင်
လုပ်တတ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နှလုံးသားက

ရိုးစင်းပါတယ်" ရှီကျုံးယွဲ့သည် သူ၏ အမူအရာကို ထိန်းသိမ်းလိုက်၍၊ လေးနက်စွာ ပြောလိုက်သည်။ "ကျုပ်က ဆောင်ချန်းအစား ခင်ဗျားရဲ့ တပည့်ကို ပြီးရင် တရားဝင် လာတောင်းပါမယ်။ မာစတာလင်းက သေချာစွာ စဉ်းစားပေးဖို့ မေတ္တာရပ်ခံပါတယ်"

လင်းဖုန်းသည် ရှီကျုံးယွဲ့အား ကြည့်လိုက်ကာ၊ ပါးစပ်အဟောင်းသား ဖြစ်နေခဲ့သည်။ "ဒီလူက အစောက ရှီရှင်းယွမ် ပြောလိုက်တာကို မကြားမိဘူးလား?"

အကယ်၍ တောက်ယုတင်းသည်
သူ၏အရှေ့တွင် ရပ်နေပါကလည်း၊
သူ၏မြေးသည် ဒီလိုမျိုး ရှူးကြောင်ကြောင်
အလုပ်မျိုးကို လုပ်မည် မဟုတ်ပါလော?

ရှီဆောင်ချန်းသည် ယွဲ့ဟုန်ယန်အား
ရည်းစားစကား ပြောပြီးသည့်နောက်တွင်၊
တောက်ယုတင်းနှင့် ထပ်တွေ့ပါက ယခုကဲ့သို့
ရှူးကြောင်ကြောင် ထပ်လုပ်ဦးမည်ဟု
လင်းဖုန်းက ယုံကြည်နေခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းက ရှီဆောင်ချန်းသည်
မိန်းမတွေ့တိုင်း လိုက်ကြိုက်နေသည့်

မျက်နှာများသည့်သူ မဟုတ်မှန်းကိုတော့ ပြောနိုင်ခဲ့သည်။ တစ်ခုရှိသည်က သူသည် အခြေအနေနှင့် အချိန်အခါကို နားမလည်ခြင်း ဖြစ်သည်။

လူတိုင်းသည် အချောအလှများကို နှစ်သက်သည်သာ ဖြစ်သည်။ သို့သော်လည်း ရှီဆောင်ချန်း အတွက်မူ၊ သူသည် ထိုအပိုင်းတွင် ရယ်စရာ ကောင်းနေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် ရှီကျုံးယွဲ့အား ကြည့်လိုက်သောအခါ၊ သူသည် အလွန်အမင်းကို လေးနက်နေကြောင်း

တွေ့လိုက်ရသည်။ သူသည် လင်းဖုန်းအား
အမှန်တကယ်ကို၊ သူ၏မြေးနှင့်
ယွဲ့ဟုန်ယန်တို့ လက်ထပ်ရန်အတွက်
ကမ်းလှမ်းနေခြင်း ဖြစ်သည်။

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်တို့သည်
အတန်ငယ် ကျဥ်းမြောင်းသွားခဲ့သည်။
ရှီကျုံးယွဲ့၏ ရည်ရွယ်ချက်မှာ
ရှင်းလင်းလှသည်။ သူသည် သူတို့အကြား
လက်ထပ်မှုဖြင့် နီးစပ်စေလိုခြင်း ဖြစ်သည်။

မဟာချင် အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့ အကြားက
လက်ထပ်ပွဲ။

ဒါသည် တိုင်းပြည်အချင်းချင်း၊ မိသားစု
အချင်းချင်းသာ လုပ်ဆောင်ကြသည်
မဟုတ်ပေ။ ကျင့်ကြံသူ ကမ္ဘာတွင်လည်း
ထိုကဲ့သို့ လက်ထပ်မှုများ ရှိကြသည်။

ဂိုဏ်းအချင်းချင်း၊ မိသားစု အချင်းချင်း၊
ဂိုဏ်းနှင့် မိသားစုများအကြား၊ လက်ထပ်မှုများ
အမျိုးမျိုး ရှိကြသည်။

မဟာချင် အင်ပါယာ အတွက်မူ၊ ထိုကဲ့သို့သော လက်ထပ်မှုများသည် အဆန်းမဟုတ်ချေ။

ရှီဆောင်ချန်း၏ အပြုအမူများသည် ရူးမိုက်ရာ ကျနေသော်လည်း၊ အကယ်၍ သူသည် ယွဲ့ဟုန်ယန်အား လက်ထပ်နိုင်ခဲ့ပါက၊ သူသည် အောင်မြင်သည်ဟူ၍ ပြော၍ရသည်။

သို့သော်လည်း ဒါသည် အဓိက အကြောင်းရင်း မဟုတ်ပေ။ ရှီကျုံးယွဲ့ အနေနှင့်ဆိုလျှင်၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် နီးကပ်သော ဆက်ဆံရေး ရှိခြင်းသည်၊ မဟာချင်

အင်ပါယာနှင့် သူကိုယ်တိုင်လည်း
အကျိုးအမြတ် ရှိနိုင်ပေသည်။

အထူးသဖြင့် ယခုအချိန်တွင် မဟာကျိုး
အင်ပါယာက ပို၍ပို၍
အင်အားကောင်းလာသည်နှင့် အညီ၊ သူတို့၏
အပေါ်တွင် ဖိအားပိုများလာချိန်တွင်
ဖြစ်သည်။

ဤအရာ၏ နောက်ကွယ်မှ
သဘောတရားသည် ရိုးရှင်းပေသည်။
လင်းဖုန်းသည် ချက်ချင်း

သဘောပေါက်ခဲ့လိုက်သော်လည်း၊ သူသည် ချက်ချင်း သဘောမတူသေးခဲ့ပေ။

"ကျုပ်က ဟုန်ယန်ကိုပဲ ဆုံးဖြတ်စေလိုက်မယ်။ တကယ်လို့ သူမက ခင်ဗျားရဲ့မြေးကို ကြိုက်နှစ်သက်တယ် ဆိုရင်၊ ကျုပ်ကလည်း ကောင်းချီးမင်္ဂလာပေးဖို့ အသင့်ပါပဲ။ တကယ်လို့ သူမက ခင်ဗျားရဲ့မြေးနဲ့ ရေစက်ပါမလာခဲ့ရင်တော့၊ ကျုပ်က သူမကို ဖိအားပေးမှာ မဟုတ်ဘူး"

လင်းဖုန်း၏ လေသံမှာ တည်ငြိမ်အေးချမ်းနေသော်လည်း၊ သူ၏

ခံစားချက်များကို သေချာစွာ ဖော်ပြခဲ့ပြီးသား ဖြစ်သည်။

ရှီကျိုးယွဲ့သည် သူ၏ မျက်မှောင်ကို ကြုတ်လိုက်သည်။ သူသည် တစ်စုံတစ်ခုအား ပြောရန် ကြံလိုက်သော်လည်း၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ အခြေအနေတို့သည် ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။

ယွဲ့ဟုန်ယန်သည် ချက်ချင်းကို အေးစက်သွားခဲ့ကာ၊ သူမ၏ သေးသွယ်သော

မျက်ခုံးအစုံသည် ဖြည်းဖြည်းချင်း တွန့်လာခဲ့သည်။

သူမသည် ရုတ်တရက် ကျယ်လောင်စွာ အော်ဟစ်လိုက်ကာ၊ သူမ၏ တစ်ကိုယ်လုံးမှ မှော်စွမ်းအင်တို့သည် ထိုးတက်လာခဲ့သည်။ အားလုံးကို အနိုင်ယူနိုင်သော သူမ၏ ဓားသွားပါ အနက်ရောင် လှံတံရှည်ကို ထုတ်ယူလိုက်ပြီး၊ ရှီဆောင်ချန်း၏ အပေါ်သို့ ခုတ်ချလိုက်သည်။

"အား!" ရှီဆောင်ချန်း၏ စကားလုံးများသည် လည်ချောင်းအတွင်းတွင် ပိတ်ဆို့သွားခဲ့သည်။

သူသည် သူ၏ ကိုယ်ပိုင် မှော်စွမ်းအင်များနှင့် ကာကွယ်ထားခဲ့သော်လည်း၊ ယွဲ့ဟုန်ယန်၏ လုံတံရှည်ကြောင့် အနောက်သို့ လွင့်သွားခဲ့သည်။

ယွဲ့ဟုန်ယန်သည် သူမ၏ သိုင်းကွက်အား ထုတ်ပြီးသွား၍ အသာစီး ရခဲ့သော်လည်း၊ အခွင့်အရေးကို ထပ်အသုံးမချခဲ့ပေ။ ထို့အစား သူမသည် အင်အားတို့ကို ရုပ်သိမ်းလိုက်၍၊ သူမ၏ မျက်နှာပေါ်တွင် အံ့သြသော အမူအရာတို့ ပေါ်လာခဲ့သည်။

"ဘာလဲ၊ နင်ခဏနေက
ရှုးပေါပေါလုပ်နေတာက၊ ငါ့ကို
စိတ်ပျံ့လွင့်အောင် အကွက်ဆင်နေတာ
မဟုတ်ဘူးလား?"

ယွဲ့ဟုန်ယန်၏ မျက်နှာသည်
စိတ်ရှုပ်ထွေးမှုများနှင့်၊ မယုံကြည်မှုတို့နှင့်
ပြည့်နေခဲ့သည်။

အပြင်ဘက်မှ လှုပ်လှုပ်ရွရွ ဖြစ်နေကြသော
ပွဲကြည့်ပရိသတ်များသည်၊ ထပ်ဖန်တစ်ခါ
တိတ်ဆိတ်သွားကြကာ ကျောက်ရုပ်များ
ပြန်ဖြစ်သွားကြသည်။

လေပြင်းများ
ဝှေ့ယမ်းတိုက်ခတ်လာသောအခါ၊
တစ်ရှဲရှဲမြည်သံတို့ကိုသာ ကြားနေခဲ့ရသည်။

အတွေ့အကြုံ ရင့်ကျက်လှသော
ရှီကျုံးယွဲ့သည်ပင်လျှင် ဆွံ့အသွားခဲ့ကာ၊
ပုန်းကွယ်နေသော နဂါးချောက်ကို
စိုက်ကြည့်နေရုံသာ တတ်နိုင်ခဲ့သည်။

လင်းဖုန်း၏ နှုတ်ခမ်းများသည် တွန့်သွားခဲ့ပြီး၊
ရှီကျုံးယွဲ့အား လှည့်ကြည့်လိုက်သည်။
သူကရယ်လိုက်ပြီး၊ "ဒီအကြောင်း ပြောရရင်၊

ကျူပ်တပည့်၊ အာ.. သူမကလည်း အရမ်းရိုးတာ။ သူမက ယဉ်ကျေးသိမ်မွေ့မှု သိပ်မရှိဘူး။ သူမကို ခွင့်လွှတ်ပေးလိုက်ပါ၊ အန်းလျှန်မင်းသား"

ရှီကျုံးယွဲ့ကလည်း ကောင်းကင်သို့ မော့ကြည့်ကာ ရယ်လိုက်သည်။ "ရပါတယ်၊ ရပါတယ်၊ မာစတာလင်း"

မဟာချင် အင်ပါယာဘက်တွင်၊ ကျောင်ကျုံချန်းနှင့် ရှီရှင်းယွမ်တို့ နှစ်ယောက်စလုံးသည်၊

တစ်ယောက်ကိုတစ်ယောက်
ဘာမှမပြောနိုင်ပဲ ကြည့်နေကြသည်။

အချိန်အတော်ကြီးကြာမှ ကျောင်းကျုံချုန်းက
ရယ်လိုက်သည်။ "တစ်ယောက်က
စည်းချက်ညီအောင် မလုပ်နိုင်ဘူး၊
တစ်ယောက်က ဘယ်လို
လိုက်လျောညီထွေဖြစ်အောင် လုပ်ရမှန်း
မသိဘူး။ ပွဲကပြီးသွားပြီ။ ဘာမှ
စိတ်မပူနဲ့တော့"

ကျောင်းကျုံချုန်းသည် ယွဲ့ဟုန်ယန်က
လိုက်လျောညီထွေ မလုပ်တတ်သူ မဟုတ်မှန်း

မသိခဲ့ပေ။ သူမသည် အဖြစ်မှန်ကို
သဘောပေါက်သွားသည့် အချိန်တွင်၊ သူမ၏
ရင်ထဲတွင် တစ်ယောက်အတွက်သာ
နေရာပေးနိုင်မှန်း သိသွားခဲ့၍ ဖြစ်သည်။

ရှီရှင်းယွမ်က ရယ်လိုက်သည်။ "ငါက
အခုဆိုရင် ပိုပြီးတော့ ပူရတော့မယ်"

ကျောင်းကျုံချန်းက သူမအား စပ်စုသည့်
အကြည့်ဖြင့် ကြည့်နေသည်ကို
တွေ့လိုက်ရသောအခါ၊ ရှီရှင်းယွမ်က
သက်ပြင်းတစ်ချက် ထပ်ချလိုက်သည်။
"တကယ်လို့ ငါက သူတို့နှစ်ယောက်

အကြားမှာ ရွေးချယ်ခွင့် ရှိမယ်ဆိုရင်၊ ဆောင်ချန်းကို တောက်ယုတင်းနဲ့သာ တွေ့စေချင်တယ်။ သူမကဆို အလွန်ဆုံး သူ့ကို တန်းငြင်းလိုက်ရုံပေါ့"

"အခုတော့ သူက အခြေအနေကို မဖတ်တတ်တဲ့ ယွဲ့ဟုန်ယန်နဲ့ သွားတွေ့နေတယ်။ ဆောင်ချန်းက သူမကို နားလည်မှု လွဲမှားပြီး၊ ပိုပြီးတော့ အရှက်ကွဲဖို့ အကြောင်းတွေ ဖန်လာမှာကို စိုးရိမ်နေတာ"

ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊ ယွဲ့ဟုန်ယန်က ရှီဆောင်ချန်းအား

မပျော်မရွှင်ဖြင့် ကြည့်နေခဲ့သည်။ "ဒါက နည်းဗျူဟာ မဟုတ်ရင်၊ နင်ကဘာဖြစ်လို့ အရည်မရ အဖတ်မရတွေ လျှောက်ပြောနေတာလဲ?"

ရှီဆောင်ချန်းသည် စိတ်လှုပ်ရှားစွာနှင့် သူ၏ခေါင်းပေါ်မှ မြက်ပင်များကို သပ်ချလိုက်သည်။ သူသည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ၊ လေးနက်စွာနှင့် ခေါင်းညိတ်လိုက်သည်။ "မင်းလိုမျိုး လူတစ်ယောက်ရဲ့ နှလုံးသားကို ပိုင်ဆိုင်ဖို့ဆိုရင်၊ မင်းကို အရင်ဆုံး အနိုင်ရမှ ဖြစ်မယ်"

"ဒါဆိုရင်လည်း စလိုက်ကြစို့!"

သူ၏စကား ဆုံးသည်နှင့်၊ သူသည် တစ်ကိုယ်လုံးမှ မှော်စွမ်းအင်များကို စုစည်းလိုက်ကာ၊ သူ၏ အကောင်းဆုံး ပုံစံနှင့် ယွဲ့ဟုန်ယန်ရှိရာထံသို့ ချဉ်းကပ်လာခဲ့သည်။

သူ၏တုံ့ပြန်မှုသည် ချောက်ပြင်ပမှ လူအားလုံးတို့အား၊ ရယ်ရမည်လားပင် မသိအောင် စိတ်ရှုပ်ထွေးသွားစေခဲ့သည်။

ကျောင်းကျုံချန်းသည် ထပ်မံ
မှင်သက်သွားခဲ့ကာ၊ ရှီရှင်းယွမ်က
စိတ်ပျက်လက်ပျက်နှင့် မျက်လုံးများကို
မှိတ်ထားလိုက်သည်။ "အဲ့ဒါကြောင့်
ပြောတာပေါ့"

ယွဲ့ဟုန်ယန်သည် နောက်ထပ်
ထပ်မတွေးနေတော့ပေ။ သူမသိသည်မှာ
ရှီဆောင်ချန်းသည် စွမ်းအားကြီး၍၊ အန္တရာယ်
ရှိသည်ဟူ၍ ဖြစ်သည်။

နဂါးနှစ်ကောင်၊ အနီတစ်ကောင်နှင့်
အဝါတစ်ကောင်တို့သည် ပေါ်လာခဲ့ကာ၊

ရှီဆောင်ချန်း၏ ကိုယ်ပတ်ပတ်လည်တွင် လှည့်ပတ်နေကြသည်။ စွမ်းအားကြီးမား၍ ကွဲပြားခြားနားသော၊ မှော်စွမ်းအင် အော်ရာ နှစ်မျိုးတို့သည် ပေါ်ထွက်လာကြသည်။

မဟာချင် အင်ပါယာ၏ လျှို့ဝှက်နည်းစနစ်ကို ထုတ်ဖော်ပြသခဲ့သည်။ သူတို့သည် မဟာနဂါး လျှို့ဝှက်ကျမ်းစာ ငါးမျိုးအနက်မှ၊ ကြက်သွေးရောင်နဂါး မဟာကျမ်းစာနှင့် အဝါကောင်နဂါး မဟာကျမ်းစာတို့ ဖြစ်ကြသည်။

ရှိဆောင်ချန်းသည် သူ၏လက်ထဲတွင်
မှော်ကျိန်စာ နှစ်မျိုးအား
သယ်ဆောင်ထားခဲ့သည်။ သူ၏
ဘယ်ဘက်လက်ကို ဆုပ်လိုက်ဖွင့်လိုက်
လျှင်မြန်စွာ လုပ်နေခဲ့၍၊ ပြင်းထန်လှသော
မီးတောက်တစ်ခုက ပေါ်လာခဲ့သည်။

သူ၏ ညာဘက်လက်မှာမူ မှော်ကျိန်စာ
တစ်ခုကို ထုတ်လွှတ်လိုက်၍၊ လေးလံသော
အစိုင်အခဲ တစ်ခုကို ဖန်ဆင်းလိုက်သည်။

သူ၏ မျက်လုံးအစုံသည် အနီရောင်နှင့်
အဝါရောင် အလင်းတန်းများဖြင့်

လင်းလက်လာခဲ့ကာ၊ သူ၏ နှုတ်ခမ်းများသည် တစ်လှုပ်လှုပ် တစ်ရွရွ ဖြစ်လာခဲ့သည်။ သူ၏ ပါးစပ်မှ နဂါးကလန်တို့၏ အသံတစ်မျိုးကို ထုတ်လွှတ်နေခဲ့သည်။

"မြန်မြန်လေး!" ရှီဆောင်ချန်း၏ အသံနှင့်အတူ၊ သူ၏ဘေးမှ နဂါးတို့သည် ယွဲ့ဟုန်ယန်အား ဟိန်းဟောက်လိုက်ကြသည်။ သူတို့၏ ကြီးမားသော ခန္ဓာကိုယ်တို့မှာ ကြောက်မက်ဖွယ် ကောင်းလှသည်။

## စာစဥ် ၁၇ : အပိုင်း ၁

# အပိုင်း ၂၉၁ : ညာဏ်နီညာဏ်နက် ထုတ်ခြင်းနှင့် ညာဏ်နီညာဏ်နက်အား တန်ပြန်ခြင်း

တော်ဝင်နဂါး ငါးကောင်တို့၏
လျှို့ဝှက်ကျမ်းစာမှနေ၊ ခါတ်ကြီးငါးပါး
အလင်းရောင်နဂါး ဖန်ဆင်းခြင်း
မော်ကျိန်စာအား ထုတ်လွှတ်နိုင်သည်။
ခါတ်ကြီးငါးပါး အလင်းရောင်နဂါးအား
ဖော်ဆောင်ပြီးသွားလျှင်၊
အဆင့်အမြင့်ဆုံးအထိ ကျင့်ကြံနိုင်ပါက၊
အလွန်အမင်း ဖျက်ဆီးနိုင်စွမ်း ကြီးမားသော
ခါတ်ကြီးငါးပါး အလင်းရောင်

တော်ဝင်နဂါး၏ အစစ်အမှန် ခန္ဓာကိုယ်အား
ဆင့်ခေါ်နိုင်ပေမည်။

ရှိဆောင်ချန်းသည် ထိုကဲ့သို့သော်
စွမ်းဆောင်ရည်များ မရှိသေးပေ။
သို့သော်လည်း သူ၏ အခြေခံအုတ်မြစ်
အဆင့်မှ ကျင့်ကြံမှုဖြင့်၊ အလင်းရောင်နဂါး
နှစ်ကောင်တို့အား ကျင့်ကြံနိုင်ခြင်းမှ
ချီးကျူးစရာပင် ဖြစ်သည်။

သူ၏ အမိန့်အောက်တွင် ကြက်သွေးရောင်
နဂါးနှင့် အဝါရောင် နဂါးတို့သည်

ဟိန်းဟောက်လိုက်ကြကာ၊ ယွဲ့ဟုန်ယန်အား တိုက်ခိုက်လိုက်ကြသည်။

အစောပိုင်းက တိုက်ပွဲများတွင် ရှီဆောင်ကန်းသည် ကြက်သွေးရောင် နဂါးတစ်ကောင်တည်းကို အသုံးပြု၍၊ သူ၏ ပြိုင်ဘက်များကို အနိုင်ယူခဲ့ခြင်း ဖြစ်သည်။ ကွာတားဖိုင်နယ် အဆင့်မှသာ သူသည် အဝါရောင်နဂါးကို ထုတ်လွှတ်ခဲ့ရခြင်းဖြစ်သည်။ အလင်းရောင် နဂါးနှစ်ကောင်၏ ပူးပေါင်းတိုက်ခိုက်မှုဖြင့်၊ သူသည် နိုင်ပွဲကို ရရှိနိုင်ခဲ့ပေသည်။

ယခုအချိန်တွင် ယွဲ့ဟုန်ယန်နှင့် တိုက်ခိုက်ရသောအခါ၊ သူသည် အလင်းရောင် နဂါးနှစ်ကောင်စလုံးအား တပြိုင်နက် ဆင့်ခေါ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယွဲ့ဟုန်ယန်၏ စွမ်းရည်သည် သူ့အား ဖိအား အကြီးအကျယ် ပေးနေသောကြောင့် ဖြစ်သည်။

ရှီဆောင်ချန်းသည် အနည်းငယ် ရူးပေါပေါ ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ကျင့်ကြံမှုနှင့် စွမ်းရည်တို့တွင်၊ သူသည်လည်း ရှာမှရှားသော ပါရမီရှင် တစ်ယောက်ဖြစ်သည်။

သို့သော်လည်း ယွဲ့ဟုန်ယန်သည် သူ့ထက် တစ်စက်မှ အောက်မကျချေ။

ရှီဆောင်ချန်း၏ အလင်းရောင် နဂါးများနှင့် ကြုံတွေ့လိုက်ရသော်လည်း၊ ယွဲ့ဟုန်ယန်သည် တစ်စက်မှ ကြောက်ရွံ့နေခြင်း မရှိပေ။ သူမသည် သူမ၏ အနက်ရောင် လှံတံရှည်အား ဝှေ့ယမ်းလိုက်၍၊ ပြင်းထန်လှသော မှော်စွမ်းအင် တစ်စအား ဖောက်ခွဲလိုက်ကာ၊ အလင်းရောင် နဂါးတို့အား အနားမကပ်နိုင်စေရန် တားဆီးထားခဲ့သည်။

ရှီဆောင်ချန်းသည် အနည်းငယ် တုန်လှုပ်သွား၏။ "အရမ်းကို အားကောင်းတာပဲ။ သူမက ဒါတောင် အဝီစိ ငရဲမုန်တိုင်းကို မသုံးသေးဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့ကို ဒီလောက်စွမ်းအားကြီးအောင် ဘာတွေများ ကျွေးထားတာလဲ?"

သို့သော်လည်း ရှီဆောင်ချန်းသည် တုန်လှုပ်မသွားခဲ့ပေ။ သူသည် သူ၏ လက်နှစ်ဘက်မှ မှော်ကျိန်စာ နှစ်ခုအား တစ်ခုအဖြစ်သို့ စုပေါင်းလိုက်ကာ၊ ကြက်သွေးရောင်နှင့် အဝါရောင် နဂါးတို့အား

ပေါင်းစည်းလိုက်သည်။ အဝါရောင် နဂါးသည် တဖြည်းဖြည်း အရောင်ဖျော့လာကာ၊ ကြက်သွေးရောင် နဂါး၏ စွမ်းရည်မှာ ထိုးတက်လာခဲ့သည်။

နောက်ဆုံးတွင် ကြက်သွေးရောင် နဂါး၏ အသွေးအသားများ၊ အရိုးများ၊ အကြေးခွံများ အားလုံးတို့သည် သိပ်သည်းလာကြသည်။ သူသည် ဝေဝါးနေသေးသော်လည်း၊ သူ၏ခန္ဓာကိုယ်သည် အချိန် အနည်းငယ်လေး အတွင်းမှာပင်၊ နောက်ထပ် အရှိတရား တစ်ခုအသွင် ပြောင်းလဲသွားခဲ့သည်။

မီးတောက်အော်ရာ တစ်ခုက
ပေါ်ထွက်လာခဲ့သည်။ အလင်းရောင်
နဂါးသည် ကျယ်လောင်စွာ
ဟိန်းဟောက်လိုက်သည်။ နဂါးအော်ရာ
ရေးရေးလေး တစ်ခုက ထွက်ပေါ်လာခဲ့သည်။
ဒါသည် တကယ့်နဂါး အစစ်အမှန်
တစ်ကောင်၏ အော်ရာဖြစ်သည်။

အပြင်မှ ကြည့်နေကြသော
လင်းဖုန်းအပါအဝင် ကျန်သောသူများသည်၊
ခေါင်းများကို အသီးသီး ညိတ်လိုက်ကြသည်။

အပြာရောင်ခန်းမ သူတော်စင်က
သက်ပြင်းတစ်ချက် ချလိုက်သည်။
"ခေတ်ကြီးငါးပါးရဲ့ နောက်ဆက်တွဲ မျိုးကွဲတဲ့
မျိုးဆက်တွေ အထဲမှာ၊ အလယ်ပိုင်းက
မြေကြီးခေတ်က တောင်ပိုင်းရဲ့ မီးခေတ်ကို
မွေးဖွားလာစေခဲ့တယ်။ သူတို့အထဲမှာ
စိတ်ဝိညာဉ် ဂုဏ်ရည် နှစ်ခုသာ ရှိသေးပေမဲ့၊
ပုံစံပြောင်းလဲခြင်း အချို့ကို
လုပ်ဆောင်နိုင်ခဲ့တာပဲ"

သူ၏ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
တပည့်က ရှုံးနိမ့်သွားခြင်းအတွက်၊
ကန့်ကွက်စရာ ဘာမှမရှိပေ။ သူသည်

ရှိဆောင်ချန်းက ယခုအကွက်ကို
မထုတ်မီကပင် ရှုံးနိမ့်သွားခြင်း ဖြစ်သည်။
အကယ်၍ ရှိဆောင်ချန်းက သူ၏စွမ်းအား
အကုန်လုံးကို ထုတ်သုံးလိုက်ပါက၊ သူသည်
ယခုထက်ပင် ပို၍ မရှုမလှ
ရှုံးနိမ့်သွားပေလိမ့်မည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ လက်ဝဲမင်းသားရှန်သည်
တိတ်ဆိတ်စွာနှင့် သုံးသပ်နေခဲ့သည်။
ရှိဆောင်ချန်းသည် ထူးချွန်သော ပါရမီရှင်
တစ်ယောက်ဖြစ်သည်ဟု သူကလည်း
ယုံကြည်နေခဲ့သည်။

နေမင်းအလင်းတန်း ခေါ်းမာစတာကလည်း
သက်ပြင်းတစ်ချက် ချလိုက်သည်။
ယွဲ့ဟုန်ယန်အား ရှုံးနိမ့်သွားသော
လီပင်ချင်းနှင့် ကျိုးယုဟွာတို့သည်၊
အမှန်ဆိုလျှင် တောက်ယုတင်းအား
ရှုံးနိမ့်သွားသော ခေါ်းစုံတွဲထက်ပင် ပို၍
ထူးချွန်ထက်မြက်ကြပေသည်။

သို့သော်လည်း လီပင်ချင်းနှင့်
ကျိုးယုဟွာတို့သည် အကယ်၍
ရှီဆောင်ချန်းနှင့် ရင်ဆိုင်ရမည် ဆိုပါက၊
သူတို့သည်လည်း ဤသိုင်းကွက်ကို

ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ချက် ရှိနိုင်မည် မဟုတ်ပေ။

ရှီဆောင်ချန်းနှင့် ယွဲ့ဟုန်ယန်တို့သည် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများအနက်၊ စွမ်းရည်ရည် မြင့်မားကြသော တပည့်များ ဖြစ်ကြသည်။ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများအား အနိုင်တိုက်ခိုက်နိုင်ခြင်းက၊ သူတို့၏ တကယ့်စွမ်းအင်များသည် လက်ရှိကျင့်ကြံမှု အဆင့်ထက် သာလွန်နေသည်ကို သက်သေပြနေခြင်း ဖြစ်သည်။ သူတို့သည်

အကောင်းတကာ့ထဲမှ အကောင်းဆုံးများ
ဖြစ်ကြသည်မှာ သိသာနေပေသည်။

သာမန်ဂိုဏ်းများ အနေဖြင့်ဆိုလျှင်
သူတို့အနက်မှ တစ်ယောက်ကိုသာ
ရရှိနိုင်ပါက၊ သူတို့၏ ဘိုးဘေးဘီဘင်တို့၏
ရှေ့တွင် ပျော်ပွဲရွှင်ပွဲ အခမ်းအနား
ကျင်းပရမည့် အဖြစ်အပျက်မျိုး ဖြစ်သည်။

ထိုအချိန်တွင် နေမင်းအလင်းတန်း
ခေါးမာစတာသည်၊ မတတ်နိုင်တော့ပဲ
လင်းဖုန်းအား စိုက်ကြည့်မိနေခဲ့သည်။
ယွဲ့ဟုန်ယန်သည် ဤမျှအထိ

ထူးချွန်ထက်မြက်နေသော်လည်း၊ သူမသည် လင်းဖုန်း၏ လက်အောက်မှ အထူးချွန်ဆုံး တပည့် မဟုတ်သေးပေ။

အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်းသည် ပါရမီရှင်များ စုစည်းရာနေရာ ဖြစ်ပါက၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရေပေါ်ဆီများ ပြည့်နေသည့် နေရာ ဖြစ်ပေလိမ့်မည်။

ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊ အသက်ဝင်လာသော ကြက်သွေးရောင် နဂါးနှင့် ရင်ဆိုင်နေရချိန်တွင်၊

ယွဲ့ဟုန်ယန်သည် တည်ငြိမ်နေခဲ့သည်။
ခေါ်သွားပါ အနက်ရောင် လှံတံရှည်အား
ရှီဆောင်ချန်းဆီသို့ ချိန်ရွယ်ထားလိုက်သည်။
လှံတံထိပ်ဖျားတွင် ပြင်းထန်လှသော
မုန်တိုင်းဝဲကတော့ တစ်ခုက ထွက်လာခဲ့၍၊
စွမ်းအားများ အားလုံးကို တစ်နေရာထဲတွင်
စုစည်းစေနေခဲ့သည်။ လှံတံထိပ်ဖျားမှနေ၍
လွန်စွာ ဖျက်ဆီးအား ကြီးမားသည့်
စွမ်းအားတစ်ခုက ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်တွင် အရာအားလုံးအား
စုပ်ယူနိုင်စွမ်းရှိသည့်၊

တွင်းနက်ကြီးတစ်ခုသည်
ပေါ်ပေါက်လာခဲ့သည်။

လေဟာနယ် ဖျက်ဆီးခြင်း လုံတံနည်းစနစ်!

ဘာမှစဉ်းစားနေခြင်း မရှိပဲ၊ ယွဲ့ဟုန်ယန်သည်
သူမ၏ လူသတ်သိုင်းကွက်ကို
ထုတ်သုံးလိုက်သည်။ ရှီဆောင်ချန်း၏
အလင်းရောင် နဂါးနှစ်ကောင်အား
ပေါင်းစည်းခြင်းနှင့် ရင်ဆိုင်ခဲ့ရသည့်
အချိန်တွင်၊ သူမသည် ယခင်ကကဲ့သို့ပင်
သူအား ထိပ်တိုက်ရင်ဆိုင်ရန်
ဆုံးဖြတ်လိုက်သည်။

တကယ်လို့ မင်းကသန်မာမယ်ဆိုရင်၊ ငါက မင်းထက်ပိုပြီး သန်မာအောင် လုပ်ပြမယ်!

သူမသည် ကြက်သွေးရောင် အလင်းတန်း နဂါးအား မမြင်သကဲ့သို့ သဘောထားခဲ့ပြီး၊ သူမ၏ လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်ကိုသာ အာရုံစိုက်၍ ရှီဆောင်ချန်းအား တိုက်ခိုက်လိုက်သည်။

ရှီဆောင်ချန်းသည်လည်း ယွဲ့ဟုန်ယန်၏ လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်ကို အာရုံစိုက်နေခဲ့သည်။ သူသည်

ပျာယာခတ်သွားခြင်းမျိုး မရှိခဲ့ပဲ သူ၏
ကြက်သွေးရောင် နဂါးကို ထိန်းချုပ်လိုက်၍၊
ယွဲ့ဟုန်ယန်၏ အရာအားလုံးကို
ဝါးမျိုနိုင်သည့် လှံတံထိပ်ဖျားအား
ရှောင်လိုက်သည်။ ကြက်သွေးရောင် နဂါးနှင့်
လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်ကို
ထိပ်တိုက်တွေ့ဆုံခြင်း မရှိအောင်
ရှောင်ရှားခဲ့သည်။

ယွဲ့ဟုန်ယန်၏ လှံတံရှည်သည်
ရှီဆောင်ချန်းအား တိုက်ခိုက်လိုက်ပြီး၊ သူ၏
ကြက်သွေးရောင် နဂါးက လှံတံထိပ်ဖျားကို
ရှောင်ရှားလိုက်ကာ သူမအား

ပြန်လည်တိုက်ခိုက်လိုက်သည့် အချိန်တွင်၊
အခြေအနေ တစ်ခုက ဖြစ်ပေါ်လာခဲ့သည်။

ကြည့်ရသည်မှာ နှစ်ဦးနှစ်ဘက်စလုံးက
ဤတိုက်ပွဲတွင် ဒဏ်ရာရရှိတော့မည့်သကဲ့သို့
ဖြစ်နေခဲ့သည်။

ရှီဆောင်ချန်း၏ နှုတ်ခမ်းအစုံတွင်
ကောက်ကျစ်သည့် အပြုံးတစ်ခုက
ပေါ်လာခဲ့သည်။ ယွဲ့ဟုန်ယန်၏ လေဟာနယ်
ဖျက်ဆီးခြင်း လှံတံနည်းစနစ်က
သူ့အားမထိခင် အချိန်တွင်၊ သူ၏
ခန္ဓာကိုယ်သည် ရုတ်တရက်ပင်

ပုံရိပ်ယောင်တစ်ခုအသွင်သို့ ပြောင်းသွားခဲ့သည်။ လေဟာနယ်နှင့် အချိန်တို့ကပင် တွန့်လိမ်သွားသကဲ့သို့ ဖြစ်သည်။

ရှီဆောင်ချန်း၏ ခန္ဓာကိုယ်သည် ပုံရိပ်ယောင် အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူသည် ပုံရိပ်ယောင် ကမ္ဘာတစ်ခုအတွင်းသို့ ရောက်ရှိသွားပြီး၊ လက်ရှိအချိန်နှင့် လေဟာနယ်တို့တွင် မရှိတော့သည့် အလားဖြစ်သည်။ ယွဲ့ဟုန်ယန်၏ လေဟာနယ် ဖျက်ဆီးခြင်း

လှံတံနည်းစနစ်သည်၊ သူ့အား
ထိနိုင်တော့မည် မဟုတ်ပေ။

"ဒိုင်မန်းရှင်း ကင်းမဲ့မှု
အသွင်ပြောင်းလဲခြင်း?!" အပြာရောင်ခန်းမ
သူတော်စင်နှင့် ချောင်ဝေတို့
နှစ်ယောက်စလုံးက အော်ဟစ်လိုက်သည်။

ကျန်နေသေးသော အင်မော်တယ် ဝိညာဥ်
အဆင့်မှ နေမင်းအလင်းတန်း ဓားမာစတာ၊
အလင်းဓားမြန် ဓားမာစတာ၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ လက်ဝဲမင်းသားရှန်နှင့်

တော်ရုံတန်ရုံ အရာတို့ကို ဂရုမစိုက်တတ်သည့်
အသူရာ သူတော်စင် ဟော်ရှု အပါအဝင်၊
ရှင်ပျော်ပျော် သူတော်စင်နှင့် လောင်းကစား
သူတော်စင်တို့သည် ဖော်ပြလို့ မရနိုင်သော
အမှုအရာတို့ဖြင့်
အံ့ဩတုန်လှုပ်နေကြပေသည်။

သူတို့သည် အရင်က
မတွေ့ကြုံခဲ့ကြဖူးသော်လည်း၊ ဟင်းလင်းပြင်
ဘုရားကျောင်း၏ ဒဏ္ဍာရီလာ
တာအိုနည်းစနစ်ဖြစ်သော၊ ဒိုင်မန်းရှင်း
ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်းသည်

ဂုဏ်သတင်း ကျော်ကြားလှပြီး မှတ်မိရန်
လွယ်ကူလှပေသည်။

ထိုသို့ မှတ်မိရန် လွယ်ကူခြင်းကြောင့်ပဲ
အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည်
အံ့သြတုန်လှုပ်နေကြခြင်း ဖြစ်သည်။

သူတို့သည် ရှိဆောင်ချန်းက နောက်ထပ်
လျှို့ဝှက်ဖဲချပ်တစ်ခု ရှိနေသေးခြင်းကြောင့်
အံ့အားသင့်နေကြခြင်း မဟုတ်ကြပေ။

သူတို့က အံ့အားသင့်နေကြခြင်းမှာ၊
ရှိဆောင်ချန်းက ဟင်းလင်းပြင်
ဘုရားကျောင်းမှ ဒဏ္ဍာရီလာ
တာအိုနည်းစနစ်အား တတ်မြောက်နေမည်ဟု
မထင်နေသောကြောင့် ဖြစ်သည်။

သူက မည်ကဲ့သို့
သင်ယူတတ်မြောက်ခဲ့သနည်း? သူသည်
ဟင်းလင်းပြင် ဘုရားကျောင်းနှင့် မည်ကဲ့သို့
ဆက်စပ်နေသနည်း? ဟင်းလင်းပြင်
ဘုရားကျောင်း၏ တာအိုနည်းစနစ်သည်
အပြင်သို့ ပေါက်ကြားနေခဲ့သည်။ ဒါသည်

ထူးခြားသော ရည်ရွယ်ချက်
တစ်ခုခုကြောင့်ပင် ဖြစ်သလော?

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများ၏ ခေါင်းအတွင်းတွင်၊
အကျိုးအမြတ်နှင့် အားနည်းချက်များကို
တွက်ချက်မှုများနှင့် အတွေးများ
ပြည့်နှက်နေခဲ့သည်။

ထိုအချိန်တွင် ပုန်းကွယ်နေသော နဂါးချောက်
အတွင်းတွင်၊ ရှီဆောင်ချန်းသည် ဒိုင်မန်းရှင်း
ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်းကို အသုံးပြု၍၊
ယွဲ့ဟုန်ယန်၏ လေဟာနယ် ဖျက်ဆီးခြင်း

လုံတံနည်းစနစ်ကို ရှောင်ရှားနိုင်ခဲ့ပြီဖြစ်သည်။
သူ၏ ကြက်သွေးရောင် နဂါးမှာမူ၊
ယွဲ့ဟုန်ယန်ကို အောင်မြင်စွာ
တိုက်ခိုက်နိုင်ခဲ့သည်။

ရှီဆောင်ချန်း၏ မျက်နှာပေါ်တွင်
အပြုံးတစ်ချက် ပေါ်လာခဲ့သည်။

ပုန်းကွယ်နေသော နဂါးချောက်၏ ပြင်ပမှ
ကျင့်ကြံသူ ပေါင်းစုံတို့သည်၊
စိတ်လှုပ်ရှားစွာနှင့် ကြည့်ရှုနေကြသည်။
"အနိုင်ရတဲ့သူ ပေါ်လာပြီလား? သူက
အောင်မြင်သွားပြီလား? အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းရဲ့ အရှုံးမရှိတဲ့
မှတ်တမ်းက ကျိုးပျက်သွားပြီလား?"

"ဟုန်ယန်မိန်းကလေး၊ ကျေးဇူးပြုပြီး
ကျွန်တော့်ကို ယုံကြည်လိုက်ပါ။ ကျွန်တော်က
ခင်ဗျားကို တကယ်ပဲ..." ရှီဆောင်ချန်းသည်
စကားပြောနေဆဲမှာပင်၊ သူ၏ အသံသည်
ရုတ်တရက် ရပ်သွားခဲ့သည်။
တစ်စုံတစ်ယောက်က တိကနဲ
ဖြတ်ချလိုက်သကဲ့သို့ ဖြစ်သည်။
ပွဲတင်သံများကိုသာ ကြားနေခဲ့ရသည်။

ယွဲ့ဟုန်ယန်၏ ခန္ဓာကိုယ်သည်
တောက်ပလှသော အနီရောင်
အလင်းတန်းတစ်ခုဖြင့်
တောက်လောင်လာခဲ့ပြီး၊ မုန်တိုင်းတစ်ခုကို
ဖန်တီးနေခဲ့သည်။ မုန်တိုင်း၏ အရှိန်သည်
တဖြည်းဖြည်းနှင့် ကြီးမားလာကာ၊
ကြက်သွေးရောင် နဂါး၏ တိုက်ခိုက်မှုကို
ခုခံနေခဲ့သည်။

ရှီဆောင်ချန်းသည် သူ့ကိုယ်သူ
နမော်နမဲ့နိုင်မှုကြောင့် အပြစ်တင်နေမိခဲ့သည်။
"သူမက အရင်က အဝီစိ ငရဲမုန်တိုင်းကို
မသုံးခဲ့သေးဘူး။ ငါက အဲ့ဒါကိုပါ

ထည့်တွက်ထားရမှာ။ အခုအချိန်က ရလဒ်တွေကို အဆုံးအဖြတ်ပေးမယ့် အချိန်ဖြစ်ပြီး၊ ငါက ငါ့ရဲ့ ဒိုင်မန်းရှင်း ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်းကို ဖော်ပြခဲ့ပြီးပြီ။ အမှန်ဆိုရင် ဒီအချိန်မှ ထုတ်လွှတ်ရမှာ"

သူက ဒီတစ်ခေါက်တိုက်ခိုက်မှုတွင် မည်သူကမှ မည်သူ့အား အသာစီး မရခဲ့ဟု စဉ်းစားနေဆဲတွင်ပင်၊ ရှီဆောင်ချန်းသည် တစ်ခုခုက မှားနေပြီဟု သဘောပေါက်မိခဲ့သည်။

ယွဲ့ဟုန်ယန်၏ လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်သည် သူ၏ပစ်မှတ်အား လွဲချော်သွားခဲ့သော်လည်း၊ လေဟာနယ်၏ အလယ်တွင် လွင့်မျောလျက်ရှိကာ နောက်ဆုံးအချိန်တွင် လုံးဝမလှုပ်ရှားခဲ့ပေ။

လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်က သူ့အားထိတော့မည့် အချိန်တွင်၊ ရှီဆောင်ချန်းသည် ဒိုင်မန်းရှင်း ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်းအား ထုတ်ဖော်လိုက်ကာ၊ သူ၏ခန္ဓာကိုယ်အား ပုံရိပ်ယောင်အဖြစ် ပြောင်းလဲလိုက်၍

လေဟာနယ် အတွင်းတွင်
ပုန်းအောင်းနေနိုင်ခဲ့သည်။

သို့သော်လည်း တစ်ချိန်တည်းတွင်
ယွဲ့ဟုန်ယန်သည် သူမ၏ လေဟာနယ်
ဖျက်ဆီးခြင်း လှံတံနည်းစနစ်၏
တိုက်ခိုက်မှုများကို ရပ်တန့်လိုက်ကာ၊ အထဲမှ
ပေါက်ကွဲလုဆဲဆဲ ဖြစ်နေသော ဖျက်ဆီးမှု
စွမ်းအားများကို ထိန်းချုပ်ထားခဲ့သည်။

အရာအားလုံးကို ဝါးမျိုနိုင်သည်
တွင်းနက်ကြီးသည်၊ လေဟာနယ်၏
အလယ်တွင် တိတ်ဆိတ်စွာနှင့်

လွင့်မျောနေခဲ့သည်။ သူ၏ ရင်ဘတ်နှင့် တစ်စင်တီမီတာ အကွာခန့်တွင် တည်ရှိနေခဲ့သည်။

ယွဲ့ဟုန်ယန်သည် တည်ငြိမ်စွာ ကြည့်နေခဲ့ကာ၊ သူမ၏ နှုတ်ခမ်းလေးသည် အနည်းငယ် ပွင့်လာခဲ့သည်။ "မင်းရဲ့ တာအိုနည်းစနစ်ဟာ ဒီတိုက်ခိုက်မှုကို ရှောင်ရှားဖို့ တတ်နိုင်ခဲ့ပေမဲ့၊ မင်းရဲ့ တည်နေရာကိုတော့ မရွှေ့ပြောင်းနိုင်ဘူး"

ယွဲ့ဟုန်ယန်သည် ဒိုင်မန်းရှင်း ကင်းမဲ့ခြင်း အသွင်ပြောင်းလဲခြင်း၏ အကြီးမားဆုံး

အားနည်းချက်အား သိရှိနေခဲ့သဖြင့်၊ ရှီဆောင်ချန်း၏ အမူအရာသည် ဖြူဖျော့သွားခဲ့သည်။ သူ၏ အဓိက အားနည်းချက်မှာ သူက ပုံရိပ်ယောင် ကမ္ဘာအတွင်းသို့ ဝင်သွားပြီးချိန်တွင်၊ သူ၏ တည်နေရာအား မပြောင်းလဲနိုင်တော့ခြင်းပင် ဖြစ်သည်။ သူသည် လက်ရှိ ဒိုင်မန်းရှင်း အတွင်းသို့ ပြန်လည်ဝင်ရောက်မည် ဆိုပါက၊ သူ၏နဂိုနေရာ အတိအကျကိုသာ ပြန်နိုင်မည် ဖြစ်သည်။

သူတို့၏ နေရာများကို သွက်လက်စွာ ပြောင်းနိုင်သည့် သူများမှာ၊

စွမ်းအားကြီးမားသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများသာ ရှိပေလိမ့်မည်။

ရှီဆောင်ချန်း၏ လက်ရှိစွမ်းအား အရဆိုလျှင်၊
သူ၏ ဒိုင်မန်းရှင်း ကင်းမဲ့မှု
အသွင်ပြောင်းလဲခြင်းသည်
အချိန်အနည်းငယ်မျှသာ ခံနိုင်ပေသည်။
ခဏအကြာတွင် သူ၏ခန္ဓာကိုယ်သည်
လက်ရှိကမ္ဘာအတွင်းသို့
ပြန်လည်ရောက်ရှိလာခဲ့သည်။

တစ်ချိန်တည်းမှာပင် လေဟာနယ်
ဖျက်ဆီးခြင်း လုံတံနည်းစနစ်သည်

စတင်ရွေ့လျားလာခဲ့ကာ၊ ရှီဆောင်ချန်း၏
ရင်ဝကို တိကျစွာ တိုက်ခိုက်နိုင်ခဲ့သည်။

ပုန်းကွယ်နေသော နဂါးချောက်၏
အကာအကွယ် စနစ်သည်
အသက်ဝင်လာခဲ့ကာ၊ ရှီဆောင်ချန်းအား
ခုခံပေးခဲ့ကာ သူ၏အရှုံးကို
ကြေငြာခဲ့လိုက်သည်။

သူတို့နှစ်ဦး၏ အကြားမှ တိုက်ပွဲသည်
အချိန်ခဏတာမျှသာ ကြာသေးသည်။
အသက်ရှူချိန် အနည်းငယ် အတွင်းတွင်ပင်၊
အနိုင်ရသူက ပေါ်ပေါက်လာခဲ့သည်။

သို့သော်လည်း စွန့်စားမှုများ၊
နည်းဗျူဟာများကို အသုံးပြုခဲ့ရသည်။
တာအိုနည်းစနစ် အမျိုးမျိုးတို့၏
ယှဉ်ပြိုင်မှုသည် အကွက်အနည်းငယ်သာ
ရှိခဲ့သော်လည်း၊ ယွဲ့ဟုန်ယန်နှင့်
ရှီဆောင်ချန်းတို့ နှစ်ယောက်စလုံးတို့သည်
သေခြင်းနှင့် ယှဉ်ခြင်းတို့၏ အကြားမှ
အချိန်ခဏများကို အပြန်အလှန်
ဖြတ်ကျော်ခဲ့လိုက်ရသည်။

ရှီဆောင်ချန်းသည် သူက အသာစီးရပြီဟု
ထင်နေဆဲတွင်ပင်၊ ယွဲ့ဟုန်ယန်က

သူ၏နည်းဗျူဟာတို့ကို ကျော်လွှား၍ သူ့အား အနိုင်ယူနိုင်ခဲ့သည်။

ရှီကျုံးယွဲ့သည် လင်းဖုန်းအား တုန်လှုပ်စွာနှင့် ကြည့်နေခဲ့သည်။ ကျန်သော အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများသည်လည်း၊ လင်းဖုန်းဘက်သို့လှည့်၍ ကြည့်လိုက်ကြသည်။ သူတို့၏ အမူအရာတို့သည် ကွဲပြားနေကြသော်လည်း၊ စိတ်ရှုပ်ထွေးနေမှုတို့မှာ အထင်းသား ပေါ်နေကြ၏။

လင်းဖုန်းက သူတို့၏ အကြည့်များမှ စိတ်ရှုပ်ထွေးမှုများကို ခံစားလိုက်ရ၍၊ ပြုံးကာပြောလိုက်သည်။ "ကျုပ်ကလည်း ဒိုင်မန်းရှင်း ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်းရဲ့ အကျိုးသက်ရောက်မှုတွေကို၊ အတွေ့အကြုံ ရထားခဲ့တာ အချိန်သိပ်မကြာသေးဘူး"

ရှကျိုးမြို့တွင် ဂိုဏ်းဖွင့်ပွဲ အခမ်းအနား ပြုလုပ်စဉ်က၊ ပန်ကျဲသည် လင်းဖုန်း၏ ကောင်းကင်နှင့် မြေကြီး ဖျက်ဆီးခြင်းအား ထိုနည်းစနစ်ကို အသုံးပြု၍ ရှောင်တိမ်းနိုင်ခဲ့သည်။ သူ့အား ကိုယ်တိုင်ကိုယ်ကျ ခံစားတွေ့ကြုံထားခဲ့၍၊

လင်းဖုန်းသည် ထိုတာအိုနည်းစနစ် အတွင်းမှ
မှော်စွမ်းအင်များကို အသေအချာ
မှတ်မိနေခဲ့သည်။

ရှီဆောင်ချန်းသည် ဒိုင်မန်းရှင်း ကင်းမဲ့မှု
အသွင်ပြောင်းလဲခြင်းကို ယခင်က
အသုံးမချခဲ့သော်လည်း၊
ထိုတာအိုနည်းစနစ်အား
လေ့ကျင့်ထားမှုကြောင့် သူ၏
မှော်စွမ်းအင်သည် ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် အတန်ငယ်
ဆင်တူနေခဲ့သည်။

လင်းဖုန်းက သူသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဆက်သွယ်မှု တစ်ခုခု ရှိနေမည်ဟု ခံစားနေရသော်လည်း၊ သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မည်သည့် တာအိုနည်းစနစ်အား လေ့ကျင့်ထားသည်ကိုမူ မသေချာနေခဲ့ပေ။

ယွဲ့ဟုန်ယန်က ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ မဝင်ခင်အချိန်တွင်၊ လင်းဖုန်းသည် သူမအား ဒိုင်မန်းရှင်း ကင်းမဲ့မှု အသွင်ပြောင်းလဲခြင်း အပါအဝင်၊ ဟင်းလင်းပြင် ဘုရားကျောင်း၏ ထိပ်တန်း တာအိုနည်းစနစ်များ၏ ဝိသေသ

လက္ခဏာများကို ရှင်းပြကာ
သတိပေးထားခဲ့သည်။

သို့သော်လည်း ရိုးသားစွာနှင့် ဝန်ခံရလျှင်၊
လင်းဖုန်းသည် ယခုတစ်ခေါက်တွင်
အနည်းငယ် ကံကောင်းသွားခဲ့ခြင်း ဖြစ်သည်။
သူသည် ခန့်မှန်းရုံသာဖြစ်ပြီး၊ သေချာမှုတော့
မရှိပေ။ ဘာပဲပြောပြော ရှီဆောင်ချန်းသည်
ယခင်က ဘာတစ်ခုကိုမျှ ဖော်ပြထားခြင်း
မရှိပေ။

သို့သော်လည်း ဒါသည် လင်းဖုန်းအား
အင်မော်တယ် ဝိညာဉ် အဆင့်မှ

အကြီးအကဲများ၏ အရှေ့တွင်
အချင်ယောင်ဆောင်ကာ၊ သူ့အား
ခန့်မှန်းရခက်သူ အဖြစ်ဖြင့် ဟန်ဆောင်ခြင်းကို
မရပ်တန့်နိုင်ခဲ့ပေ။

သေချာပေသည်၊ ရှိကျုံးယွဲ့နှင့်
ကျန်သောသူများသည် လင်းဖုန်းအား
စိုက်ကြည့်လိုက်ကြ၍၊ အနည်းငယ်ပို၍
သတိထားလာကြသည်။

ယွဲ့ဟုန်ယန်နှင့် ရှိဆောင်ချန်းတို့က
ပုန်းကွယ်နေသော နဂါးချောက်၏ အပြင်သို့
ထွက်လာခဲ့ အပြီးတွင်၊ ဝမ်လင်းနှင့်

တောက်ယုတင်းတို့၏ ပြိုင်ပွဲစတင်မည့်
အချိန်သို့ ရောက်လာခဲ့သည်။

လင်းဖုန်းက သူ၏ ဘေးပတ်ပတ်လည်ကို
အကဲခတ်လိုက်ရာ၊ ချောင်ဝေက သူ့အား
စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။
သူတို့နှစ်ဦး၏ အကြည့်တို့ တွေ့ဆုံသွားသည့်
အချိန်တွင်၊ အတွင်းမှနေ၍ မီးပွားများ
ပွင့်ထွက်လာသကဲ့သို့ ဖြစ်နေခဲ့သည်။

## စာစဥ် ၁၇ : အပိုင်း ၂

# အပိုင်း ၂၉၂ : မသေချာသော ရည်ရွယ်ချက်များ

ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ ထွက်လာပြီးနောက်တွင်၊ ယွဲ့ဟုန်ယန်က သူမ၏ မျက်မှောင်များကို ကြုတ်နေခဲ့ကာ လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့သည်။ သူမသည် အနိုင်ရရှိခဲ့သော်လည်း၊ မပျော်ရွှင်နိုင်ခဲ့ပေ။

"ရှီဆောင်ချန်း ဆိုတဲ့သူက ဘာဖြစ်နေတာလဲ? ရှုးကြောင်ကြောင် ပေါ်တောတောနဲ့!" သူမက

စိတ်ရှုပ်ထွေး ဒေါသထွက်လှစွာနှင့်
ပြောလိုက်သည်။

ဇူရီ၊ ရှောင်ပုတန်နှင့် ကျန်သော
တပည့်များသည် ဘာပြောရမှန်းမသိ
ဖြစ်နေကြသည်။ သူတို့သည်
ရယ်ချင်နေသော်လည်း မရယ်နိုင်ကြပေ။
သူတို့သည် သူမအား မည်ကဲ့သို့
ရှင်းပြရမည်မသိ ဖြစ်နေကြသည်။

ဒီကိစ္စသည် ရှုးကြောင်ကြောင်
နိုင်လှသော်လည်း၊ ရယ်စရာကောင်းသည်ဟု
ခံစားနေကြရသည်။

ထွမ်းထွမ်းက ပြောလိုက်သည်။
"ဘာဖြစ်လို့လဲ? သူက နင့်ကို လက်ထပ်ခွင့် တောင်းနေတာလေ။ အသိသာကြီးဟာကို"

"ဟွတ်ဟွတ်ဟွတ်ဟွတ်" ပတ်ဝန်းကျင် တစ်ခုလုံး ချောင်းဆိုးသံများဖြင့် ပြည့်ကုန်ကြ၏။ ရှောင်ပုတန်လေးက သူမအား ဘတ်ကနဲ ရိုက်လိုက်ရင်း၊ "နင်က လူပုံစံ ပြောင်းထားတယ် ဆိုတော့၊ လူလိုသူလိုလေး ပြောမှပေါ့"

ယွဲ့ဟုန်ယန်ကလည်း နားစွန်နားဖျား
ကြားလိုက်ရ၍၊ သူမ၏ မျက်မှောင်တို့က
ပိုကြုတ်လာခဲ့ပြီး ထွမ်းထွမ်းအား
ခက်ထန်စွာဖြင့် စိုက်ကြည့်လိုက်သည်။

ကျူးကော်ဖန်းလင်က အလောတကြီးဖြင့်
ဝင်ပြောလိုက်၏။ "ဒါက ဒီလောက်ကြီး
ပုံကြီးချဲ့ဖို့ မလိုပါဘူး။ သူက စီနီယာကို
ကြိုက်နေလို့ ချစ်စကား ပြောတာပါ။
တစ်ခုရှိတာက၊ ဒါ.. ဒါက အချိန်မှန် နေရာမှန်
မဟုတ်တာပဲ"

ယွဲ့ဟုန်ယန်၏ ဒေါသတို့မှ မပြေပျောက်သွားသေးပဲ၊ "ကြည့်ရတာ သူက နှာဗူးတစ်ယောက်ပဲ"

"ဒါတောင်မှပဲ တော်တော်ဆိုးနေပြီ။ ငါကသူနဲ့ စကားတစ်ခွန်းတောင် မပြောဖူးသေးဘူး"

ကျူးကော်ဖန်းလင်က ရယ်လိုက်သည်။ "မြင်မြင်ချင်း ချစ်မိသွားတာ နေမှာပေါ့"

လင်းဖုန်းက သူတို့ကို တစ်ဘက်ခြမ်းမှနေ စောင့်ကြည့်နေ၍ တွေးနေခဲ့သည်။ "ဒီကောင်က သူတွေ့သမျှ

အချောအလှလေးတွေကို မြင်မြင်ချင်း
ချစ်မိနေတာနဲ့ တူတယ်။ မဟုတ်သေးဘူး၊
ပိုပြီးတော့ တိကျအောင် ပြောရရင်၊
စွမ်းအားကြီးတဲ့ အချောအလှလေးတွေ
အကုန်လုံးကို မြင်မြင်ချင်း ချစ်မိသွားတာပဲ
ဖြစ်ရမယ်"

သူသည် နတ်ရေကန်ဂိုဏ်းမှ
တောက်ယုတင်းကို လှမ်းကြည့်လိုက်ရင်း
သက်ပြင်းတစ်ချက် ချလိုက်သည်။
"ငါတပည့်နဲ့ သူမနဲ့ တွေ့ကြတော့မှာပဲ"

ရှီရှင်းယွမ်သည်လည်း တောက်ယုတင်းအား စိုက်ကြည့်နေခဲ့ပြီး၊ သူမ၏ အမူအရာတို့မှာ တည်ငြိမ်နေသည်ကို သဘောပေါက်နေခဲ့ကာ၊ ရင်ထဲမှနေ၍ သက်ပြင်းတစ်ချက် ချလိုက်သည်။ "သူမနဲ့သာဆိုရင်၊ ဒီလောက်အထိကြီး ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားမှာ မဟုတ်ဘူး"

အခြားဂိုဏ်းမှ ကျင့်ကြံသူများက အတင်းတုတ်နေကြသည်ကို ကြားလိုက်ရသော်၊ ရှီရှင်းယွမ်သည် ပို၍ပို၍ ကသိကအောက် ဖြစ်လာခဲ့သည်။

သူမသည် ရှီဆောင်ချန်းအား အနှောက်အယှက် ဖြစ်လှစွာနှင့် ကြည့်လိုက်သည်။ သူသည် ရှုံးနိမ့်သွားသော်လည်း၊ ခပ်တည်တည် ပုံစံမျိုး ဖမ်းထားဆဲ ဖြစ်သည်။ ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ ထွက်လာခဲ့ပြီးနောက်၊ ဘာဖြစ်သွားမှန်း မသိသော ပုံစံမျိုးဖြင့် ရှီရှင်းယွမ်ထံသို့ လျှောက်လာခဲ့ကာ တိုးတိုးလေး မေးလိုက်သည်။ "မမ၊ အစောက ဘယ်လိုဖြစ်သွားတာလဲ?"

မင်းကိုယ်မင်းပဲ ဘာဖြစ်သွားတာလဲလို့ မေးလေ!

ရှီရှင်းယွမ်သည် သူမ၏ ဣန္ဒြေသိက္ခာနှင့် ပုံစံကို ခါချချင်စိတ် ပေါက်သွားခဲ့ကာ၊ သူကို ဂုတ်မှဆွဲကိုင်၍ သင်ခန်းစာကောင်းကောင်း ပေးချင်စိတ် ပေါက်သွားခဲ့၏။ သို့သော်လည်း ရှီဆောင်ချန်းသည် တကယ်ကို ဘာမှမသိသည့် ပုံစံမျိုး ပေါက်နေခဲ့ကာ၊ သူလုပ်ခဲ့သည်မှာ မှားယွင်းနေသည်ဟု ထင်နေပုံ မပေါက်နေသည်ကို မြင်လိုက်ရသောအခါ၊ သူမတစ်ကိုယ်လုံး အားမရှိတော့သလို ခံစားလိုက်ရသည်။

ပြီးတာနှင့် ရှီဆောင်ချန်းသည် ယွဲ့ဟုန်ယန်ရှိရာဘက်သို့ နောင်တရစွာနှင့် ကြည့်နေသည်ကို တွေ့လိုက်ရ၍၊ သူမ၏ ခေါင်းကိုသာ ခါလိုက်ကာ သက်ပြင်းတစ်ချက်ကို ချလိုက်ရလေတော့သည်။

သို့သော်လည်း ခဏအကြာတွင် သူ၏ စိတ်ခံစားမှုများမှာ ပြန်လည်တက်ကြွလာခဲ့သည်။ သူသည် တောက်ယုတင်းအား ကြည့်လိုက်ကာ၊ သူမသည် အလွန်ပင်

လျှို့ဝှက်ဆန်းကြယ်လှသည်ဟု
ခံစားနေမိခဲ့သည်။

ဒါသည် သူက ယွဲ့ဟုန်ယန်ကို ကြည့်ခဲ့သော
အကြည့်များနှင့် အတူတူပင် ဖြစ်သည်။

ရှီရှင်းယွမ်က ထိုအရာကို မြင်လိုက်သောအခါ၊
သူ့ကို သူမထံသို့ အလျှင်အမြန်
ဆွဲခေါ်ခဲ့ရသည်။ သူမသည် ကြံရာမရ
ဖြစ်နေခဲ့သည်။

သူမ၏ ဝမ်းကွဲမောင်လေးသည် ပထမ
စက္ကန့်တွင် အမျိုးသမီး တစ်ယောက်အား

လက်ထပ်ခွင့် တောင်း၍၊
နောက်တစ်စက္ကန့်တွင် အခြားအမျိုးသမီး
တစ်ယောက်ကို အလားတူပင် ပြောနိုင်၏။
ပို၍ဆိုးသည့် အချက်မှာ၊ သူသည် ပထမ
အမျိုးသမီး၏ အရှေ့တွင်ပင် ထိုစကားကို
ပြောနိုင်ခြင်း ဖြစ်သည်။

သူသည် သူလုပ်နေသော အရာသည်
မှားယွင်းသည်ဟု မယူဆနေပေ။ သူ၏
အမြင်တွင် ဒါသည် သဘာဝကျသည်ဟု
ထင်နေခဲ့သည်။

ရှီရှင်းယွမ်သည် အပေါ်သို့ မော့လိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ အကြိမ်ပေါင်း များစွာပင်၊ သူမသည် ရှီဆောင်ချန်းအား အမှန်တကယ် မြာပွေသူ ဖြစ်ပါစေဟု ဆုတောင်းနေခဲ့သည်။ ထိုအရာသည် ဆိုးရွားသည် မှန်သော်လည်း၊ လက်ရှိ အခြေအနေထက်စာလျှင် အများကြီး တော်သေးသည်။

သို့သော်လည်း ရှီဆောင်ချန်းသည် တောက်ယုတင်းအား ဒုတိယ အကြိမ်အဖြစ် လက်ထပ်ခွင့် တောင်းချင်လျှင်ပင်၊ တောက်ယုတင်းနှင့် ဝမ်လင်းတို့၏

ပြိုင်ပွဲအရင်ပြီးသည့်အထိ စောင့်ရဦးမည်
ဖြစ်သည်။

ဒုတိယ ပြိုင်ပွဲဖြစ်သည့် ဝမ်လင်းနှင့်
တောက်ယုတင်းတို့၏ အကြားမှ
ယှဥ်ပြိုင်ပွဲသည်၊ စတင်တော့မည် ဖြစ်သည်။

အားလုံးတို့သည် ပုန်းကွယ်နေသော
နဂါးချောက် ရှိရာဘက်သို့
လျှောက်လာကြသည်၊ အကြီးအကဲတို့မှာ
ပြိုင်ပွဲအား ကြည့်ရှုရန်အတွက် အပေါ်သို့
ပျံတက်သွားကြသည်။

လင်းဖုန်းနှင့် ချောင်ဝေတို့ အကြားတွင်
တင်းမာမှုများ ရှိနေသော်လည်း၊
လင်းဖုန်းသည် တည်ငြိမ်စွာပင် ရှိနေခဲ့သည်။

ပို၍ တိကျစွာနှင့် ပြောရလျှင်၊ သူသည်
ကိစ္စများအား စဉ်းစားရန်အတွက် စိတ်ကို
တည်ငြိမ်အောင်ထားမှ ရပေလိမ့်မည်။
အဘယ်ကြောင့်ဆိုသော် ပထမဦးဆုံး
အကြိမ်အဖြစ်၊ ချောင်ဝေသည်
ထူးခြားသည့်ပုံစံမျိုး ပေါက်လာခဲ့သောကြောင့်
ဖြစ်သည်။

လင်းဖုန်းသည် သူ့ထံမှ အင်မော်တယ် ဝိညာဥ်
အဆင့်မှ အကြီးအကဲ တစ်ယောက်၏
အော်ရာမျိုးကို မခံစားနေရချေ။ သူသည်
အလွန်အမင်းကို ယှဥ်ပြိုင်လိုစိတ်
ပြင်းပြနေသော လူဆိုးလူမိုက်
တစ်ယောက်အတိုင်း ဖြစ်နေခဲ့သည်။

သို့သော် ချောင်ဝေအား ယင်းကဲ့သို့
လူမျိုးအဖြစ် ယူဆရန်လည်း မဖြစ်နိုင်ပေ။
သူသည် ထိုကဲ့သို့သော အပြုအမူတို့ဖြင့်
လက်ရှိအဆင့်သို့ ရောက်နိုင်မည် မဟုတ်ပဲ၊
နတ်ရေကန်ဂိုဏ်း၏ ခေါင်းဆောင်လည်း
ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

ပြီးတော့လည်း သူနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ လက်ဝဲမင်းသားရှန်တို့၏
အကြားမှ ယှဉ်ပြိုင်မှုများအားကြည့်၍
အကဲခတ်ရမည် ဆိုပါက၊ ဒီလူသည်
ထင်ရာလျှောက်လုပ်တတ်သည့်
လူမျိုးမဟုတ်မှန်းကို သိနိုင်ပေသည်။

ချောင်ဝေ၏ ယခုလက်ရှိ အပြုအမူများသည်
သူ၏ဘေးမှ လူများအား စိတ်ပျံ့လွင့်အောင်
ပြုလုပ်၍၊ သူ၏ အစစ်အမှန်

ရည်မှန်းချက်များအား ဖုံးကွယ်ထားရန်ပင် ဖြစ်ပေလိမ့်မည်။

သူ၏ တပည့်များအပေါ် လောင်းကြေးထပ်ခြင်းသည်၊ ချောင်ဝေက တစ်ခုခုလုပ်ရန် ကြံစည်နေမှုအား အစပျိုးခြင်းပင် ဖြစ်ပေလိမ့်မည်။ သူ့အား တမင်သက်သက် ရန်လာစနေသည်ကို ကြည့်ခြင်းဖြင့်၊ သူသည် သူ့ထံမှ ၏တစ်စုံတစ်ခုကို ရယူချင်နေခြင်းပင် ဖြစ်လိမ့်မည်ဟု၊ လင်းဖုန်းက ကောက်ချက်ချနိုင်ခဲ့သည်။

"မီးလျှံရေခဲ သစ်သီးလား?" လင်းဖုန်းက မျက်မှောင်အတန်ငယ် ကြုတ်လိုက်သည်။ "ဒါလည်း မဖြစ်နိုင်ဘူး။ ဒါလေးက လျှို့ဝှက်ဆန်းကြယ်တယ် ဆိုပေမဲ့၊ ဒီလိုမျိုး လုပ်ရအောင် အဖိုးတန်တဲ့ အရာမျိုး မဟုတ်ဘူး"

လင်းဖုန်းက တစိမ့်စိမ့် တွေးနေခဲ့ရင်း၊ ထိုမီးလျှံရေခဲ သစ်သီးသည် ချောင်ဝေက အနာဂတ်တွင် လုပ်ဆောင်မည့် အကြံများအတွက် မြေစမ်းခရမ်းပျိုးခြင်း သက်သက်သာ ဖြစ်သည်ဟု ခံစားမိနေခဲ့သည်။ ထိုသစ်သီးသည်

သူ့အတွက် အသုံးဝင်နိုင်သော်လည်း၊
ကြီးကြီးမားမား မဟုတ်နိုင်ပေ။

သို့သော်လည်း ချောင်ဝေ၏ လှုပ်ရှားပုံများကို
ကြည့်ရသော်၊ သူ၏ ပစ်မှတ် အစစ်အမှန်သည်
မီးလျှံရေခဲသစ်သီးနှင့် တစ်ခုခု
ဆက်နွယ်နေပုံပေါက်သည်။

သူသည် ချန်ချွန်းတောင်ထိပ်မှ မီးလျှံရေခဲ
သစ်သီး၏ အော်ရာအား အာရုံခံကောင်း
ခံနိုင်ခဲ့မည် ဖြစ်သည်။ သူက အမှန်တကယ်
ပစ်မှတ်ထားနေသော အရာသည်၊

ချန်ချွန်းတောင်ထိပ်က တစ်စုံတစ်ခုနှင့်
ပတ်သတ်ကောင်း ပတ်သတ်နေလိမ့်မည်။

လင်းဖုန်းသည် အတွေးရေးရေးလေးကို
မှန်းဆမိသကဲ့သို့ ရှိသော်လည်း၊
မသေချာနေခဲ့သေးပေ။ "ဒီမြေခွေးအိုကြီးက
ဘာတွေများ လိုချင်နေတာလဲ?"

သူ၏ ခေါင်းအတွင်းတွင် အတွေးများစွာနှင့်
ရှုပ်ထွေးနေခဲ့သော်လည်း၊ လင်းဖုန်းသည်
တည်ငြိမ်သော အမူအရာနှင့်သာ ရှိနေခဲ့သည်။
သူသည် ဝမ်လင်းနှင့် တောက်ယုတင်းတို့က

ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့ ဝင်သွားသည်ကို ကြည့်နေခဲ့သည်။

အခြားတစ်ဘက်တွင် ချောင်ဝေက ခက်ထန်စွာဖြင့် ကြည့်လိုက်သည်။ လင်းဖုန်းက သူ့အား ပြန်စိုက်ကြည့်လိုက်ကာ၊ နှစ်ဦးနှစ်ဘက် အကြားမှ ပွတ်တိုက်မှုများက ပြင်းထန်လာခဲ့သည်။

အပြာရောင်ခန်းမ သူတော်စင်သည် လင်းဖုန်းအား ကြည့်လိုက်ပြီး၊ ချောင်ဝေအား လှမ်းကြည့်လိုက်ကာ သူ၏စိတ်ထဲမှ တွေးနေခဲ့သည်။ "သူတို့နှစ်ယောက်စလုံးက

ဂိုဏ်းချုပ်တွေ ဖြစ်ကြပေမဲ့၊ ကလေးတွေလိုမျိုး လုပ်နေကြတယ်။ ဒါက ဘယ်လိုလုပ်ပြီး လက်ခံလို့ရနိုင်မှာလဲ?"

"သူများပြောထားတာ ကြားရသလောက်ဆိုရင်၊ ချောင်ဝေက ရည်ရည်မွန်မွန် ရှိတဲ့သူပဲ။ အရင်က လင်းဖုန်းနဲ့ ဆက်ဆံတဲ့ အခါမှာတော့၊ သူက ဒေါသတကြီး ဖြစ်နေခဲ့တယ်။ အခုဆိုရင် သူတို့ နှစ်ယောက်စလုံးက ဒီလိုမျိုး ဖြစ်နေကြပြီ။ နောက်ကွယ်မှာ ကစားကွက်တွေများ ရှိနေမလား? ဒါမှမဟုတ် သူတို့ နှစ်ဦးနှစ်ဘက် အကြားမှ၊ ရန်ငြိုးရန်စများ ရှိနေလို့လား?"

ရှိကျုံးယွဲ့နှင့် ကျန်သောသူများသည်လည်း လင်းဖုန်းနှင့် ချောင်ဝေတို့အား ကြည့်နေကြကာ၊ သူတို့နှစ်ဦး အကြားတွင် ဘာများ ဖြစ်နေကြသနည်းဟု စဉ်းစားနေကြသည်။ သူတို့သည် ငြိမ်သက်စွာနှင့်ပင် ဘာဖြစ်နေကြသည်ကို တိတ်တိတ်ကလေး စောင့်ကြည့်နေကြသည်။

အထူးသဖြင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ လက်ဝဲမင်းသားရှန်သည် သိလိုစိတ် ပြင်းပြနေခဲ့သည်။ လင်းဖုန်းနှင့်

ချောင်ဝေတို့အား ကြည့်လိုက်ကာ၊
သူသည်စတင်၍ ပြုံးလိုက်လေသည်။

လောင်းကစား သူတော်စင်သည်
ချောင်းတစ်ချက်ဟန့်လိုက်ကာ၊
ဝင်ပြောလိုက်သည်။ "ခင်ဗျားတို့
နှစ်ယောက်က နောက်ထပ်
လောင်းကြေးထပ်ချင်နေကြပြန်ပြီလား?"

ချောင်ဝေက သူ၏မျက်ခုံးတို့အား
ပင့်လိုက်ကာ၊ "ဒါပေါ့"

လင်းဖုန်းက ရယ်လိုက်သည်။ "လောင်းမယ်? ခင်ဗျားက ကျုပ်ရဲ့ မီးလျှံရေခဲ သစ်သီးကို လိုချင်နေတုန်းပဲလား?"

ချောင်ဝေ၏ မျက်လုံးများသည် အရောင်လက်လာခဲ့ကာ၊ မေးခွန်းကို ပြန်မဖြေခဲ့ပေ။ "ခင်ဗျားကရော ဘာများ လောင်းကြေးထပ်ချင်နေလို့လဲ?"

လင်းဖုန်းက အချိန်ခဏမျှ စဥ်းစားလိုက်ကာ ပြောလိုက်သည်။ "နတ်ရေကန်ဂိုဏ်းရဲ့ နှင်းလွင်ပြင် အတွင်းမှာ မီးတောင်တစ်ခုရှိတယ်လို့ ကြားဖူးတယ်။

မီးတောင်ရဲ့ အထဲက
ချော်ရည်ပူတွေအောက်မှာ၊ ကမ္ဘာကို
ဗဟိုပြုတဲ့ မီးကြာပန်းဆိုတဲ့ ရှားပါးတဲ့
အပင်တစ်ပင် ရှိတယ်လို့ ကြားထားတယ်။
တကယ်လို့ ကျုပ်ရဲ့တပည့်က နိုင်သွားခဲ့ရင်၊
ဒါကို လောင်းကြေးအနေနဲ့ လိုချင်တယ်၊
ဘယ်လိုလဲ?"

ချောင်ဝေက သဘောတူလိုက်သည်။
"ကိစ္စမရှိဘူး"

လင်းဖုန်းက ရယ်လိုက်ပြီး၊
"အဲ့ဒီလောက်လည်း ဆန္ဒမစောပါနဲ့။

ကျုပ်စကားဆုံးအောင်လည်း နားထောင်ပါဦး။ ကျုပ်လိုချင်တဲ့ ကမ္ဘာကို ဗဟိုပြုတဲ့ မီးကြာပန်းက ပန်းပွင့်တစ်ပွင့်တည်း မဟုတ်ဘူး"

"အမြစ်၊ ပင်စည်၊ ကြာပန်း၊ အားလုံးကို လိုချင်တယ်။ တစ်ပင်လုံးကို လိုချင်တာ"

ချောင်ဝေ၏ မျက်လုံးအစုံမှာ ကျဥ်းမြောင်းသွားခဲ့ကာ၊ "ခင်ဗျားက နတ်ရေကန်ဂိုဏ်းကနေ၊ ကမ္ဘာကို ဗဟိုပြုတဲ့ မီးကြာပန်းကို ယူသွားဖို့ ကြိုးစားနေတာလား?

"ခင်ဗျားက အကိုင်းဆက်ပြီး ယူထားလို့ ရတာပဲ။ ခင်ဗျားရဲ့ ပန်းကို ဘယ်လိုကာကွယ်မလဲ ဆိုတာက၊ ခင်ဗျားရဲ့ စွမ်းရည်အပေါ်မှာ မူတည်နေတယ်"

လင်းဖုန်းက အေးစက်စွာနှင့် ပြောလိုက်သည်။

"အခြေခံအုတ်မြစ် အဆင့်နဲ့ ရွှေရောင်ဗဟိုချက် အဆင့်တို့ရဲ့ ပြိုင်ပွဲအကြားမှာ၊ ခဏနားတဲ့ အချိန်ပိုင်းရှိတယ်။ ခင်ဗျားက ရှုံးသွားရင် အဲ့ဒီအချိန်ကို အသုံးပြုပြီး၊ မီးကြာပန်းကို သွားယူလို့ရတယ်။ ကျုပ်က နတ်ရေကန်ဂိုဏ်းကို ခင်ဗျားနဲ့ လိုက်ယူဖို့ အချိန်မရှိဘူး"

ပွဲကြီးပွဲကောင်းကို ဖျာခင်း၍
ကြည့်နေကြသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများသည်၊
ယခုအချိန်တွင် မရယ်နိုင်ကြတော့ပေ။
လင်းဖုန်းနှင့် ချောင်ဝေတို့ နှစ်ဦးနှစ်ယောက်
စလုံးတို့သည် လေးနက်လာကြ၍၊
လောင်းကြေးကလည်း မြင့်မားလာကြပေပြီ။

လင်းဖုန်းသည် ချောင်ဝေက သူ့ထံမှ
ဘာလိုချင်နေသလဲ ဆိုတာကို သိရဖို့အတွက်၊
တမင်သက်သက် လုပ်နေခြင်း ဖြစ်သည်။

ချောင်ဝေသည် လင်းဖုန်းအား
တိတ်ဆိတ်စွာနှင့် ကြည့်နေခဲ့သည်။
အချိန်အနည်းငယ် ကြာသွားသောအခါ၊
သူ၏ခေါင်းကို ညိတ်လိုက်သည်။
"ဟုတ်ပြီလေ၊ ခင်ဗျားရဲ့ တပည့်က
နိုင်သွားခဲ့ရင်၊ ကမ္ဘာကို ဗဟိုပြုတဲ့
မီးကြာပန်းက ခင်ဗျားရဲ့ဟာပဲ"

"ဒါပေမဲ့ ကျုပ်ရဲ့တပည့်ကသာ
နိုင်သွားခဲ့လို့ရှိရင်၊ ကျုပ်က ယုကျင်းတောင်ကို
လိုက်ခဲ့ပြီး တောင်ရဲ့ ကျောက်အပိုင်းအစ
တစ်ခုကို ဖြတ်ယူသွားမယ်" ချောင်ဝေက

လင်းဖုန်းအား စိုက်ကြည့်လိုက်သည်။
"ခင်ဗျားက ကျုပ်နဲ့ လောင်းရဲလား?"

ကျန်သော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတို့သည်၊ အတန်ငယ် စိတ်ဝင်စားလာကြသည်။ အကြောက်အရွံ့ ကင်းမဲ့သော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်ရုံသာမက၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လင်းဖုန်း၏ ခန့်မှန်းရ ခက်ခြင်းအပြင်၊ လေဟာနယ် အတွင်းတွင် သူ့ကိုယ်သူ ပုန်းကွယ်နိုင်သော၊ ယုကျင်းတောင်အားလည်း ပိုင်ဆိုင်ထားသေးသည်။ သူ့ကိုယ်သူ ဖုံးကွယ်ထားနိုင်ရုံသာမက၊

ယုကျင်းတောင်သည် အခြားနေရာများကိုလည်း ရွှေ့ပြောင်းလို့ ရသေးသည်။

လင်းဖုန်းသည် ချောင်ဝေအား ကြည့်လိုက်၍၊ သူ၏ မျက်လုံးသူငယ်အိမ်တို့သည် ကျဉ်းမြောင်းသွားခဲ့သည်။ သူ၏ အမူအယာတို့သည် မပြောင်းလဲခဲ့ပဲ ပြန်ဖြေလိုက်သည်။ "ကောင်းပြီလေ၊ ဒီလောင်းကြေးကို ကျုပ်လက်ခံတယ်"

ယုကျင်းတောင်၏ လေဟာနယ် အတွင်းတွင် ရွှေ့ပြောင်းသွားလာနိုင်ခြင်း၏ အဓိက

အကြောင်းရင်းမှာ၊ တောင်ထိပ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်ကြောင့် ဖြစ်သည်။

ယုကျင်းတောင်၏ စွမ်းအား သဘောတရားသည်၊ အချိန်ကာလနှင့် လေဟာနယ်တို့ အပေါ်တွင် မူတည်နေပေသည်။ လင်းဖုန်းသည် အခုလောလောဆယ်တွင် ထိုသဘောတရားတို့အား လေ့လာနေဆဲ ဖြစ်သည်။

သို့သော်လည်း ချောင်ဝေ၏
ယုကျင်းတောင်ပေါ်သို့တက်၍၊ တောင်၏
ကျောက်တုံးအား ဖြတ်ယူနေလိုခြင်းသည်
လင်းဖုန်းအား စိတ်ရှုပ်ထွေးစေခဲ့သည်။
အဘယ်ကြောင့်ဆိုသော် ထိုအရာသည်
မီးလျှံရေခဲ သစ်သီးနှင့် မည်သို့မျှ
မသက်ဆိုင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ချောင်ဝေ၏ အစစ်အမှန်
ရည်ရွယ်ချက်များအား စမ်းသပ်သည့်၊ သူ၏
ရည်ရွယ်ချက်သည် အထမမြောက်
ဖြစ်သွားခဲ့သည်။

နောက်ဆုံးတွင် ချောင်ဝေက ဘာကို လိုချင်နေမှန်းကို လင်းဖုန်းက ပုံမဖော်နိုင် ဖြစ်နေခဲ့သည်။

"ငါ့ရဲ့ ခန့်မှန်းချက်တွေက မှားနေတာလား?" လင်းဖုန်းက တွေးလိုက်သည်။ "သူ့ရဲ့ ရည်ရွယ်ချက်တွေက ဟန်တွမ်းတောင်တန်းရယ်၊ မီးလျှံရေခဲ သစ်သီးတို့နဲ့ မဆိုင်ဘူးလား?"

"မဟုတ်သေးဘူး၊ သူက မြောက်ပိုင်း နှင်းလွင်ပြင်ကနေ၊ ဟန်တွမ်းတောင်တန်းတွေကို လာခဲ့တာ

အကြောင်းရင်း တစ်ခုခုတော့ ရှိရမယ်။ သူက သူ့ရဲ့စိတ်ကို ထိန်းထားပြီး၊ ငါက သံသယ ဝင်နေမှာစိုးလို့ မဖော်ပြသေးတာပဲ ဖြစ်ရမယ်"

လင်းဖုန်းက ခံပြင်းစွာနှင့် တွေးနေခဲ့သည်။ "ဒါပေမဲ့ မင်းက တစ်ချိန်လုံး ဖုံးကွယ်ထားနိုင်မှာတော့ မဟုတ်ဘူးကွ"

နှစ်ဦးနှစ်ဘက်တို့က လောင်းကြေးများကို အတည်ပြုပြီးသောအခါ၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ ဝမ်လင်းနှင့် တောက်ယုတင်းတို့၏ တိုက်ပွဲသည်လည်း

စတင်ခဲ့ပေတော့သည်။ ပွဲက အစကတည်းက
ကြည့်၍ကောင်းနေပေသည်။

အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်
ရှိနေပြီး၊ နတ်ရေကန်ဂိုဏ်းမှ
မှော်ကျိန်စာများအား အစွမ်းကုန်
လေ့ကျင့်ထားကာ ထူးချွန်ထက်မြက်သော
တောက်ယုတင်းနှင့် ရင်ဆိုင်ရသောအခါတွင်၊
ဝမ်လင်းသည် အစကတည်းက ငရဲကမ္ဘာ
မြစ်ရေ၏ ဖျက်ဆီးခြင်း အဆင့်ကို
တန်းဖော်ဆောင်လိုက်သည်။ သူ၏
စွမ်းအားများသည် စွမ်းအားကြီးသော၊

အနက်ရောင် ဖျက်ဆီးခြင်း အော်ရာများအဖြစ် ပြောင်းလဲသွားခဲ့သည်။

တောက်ယုတင်းသည်လည်း အနည်းငယ်မျှ မပေါ့ဆနေခဲ့ပေ။ သူမ၏ တစ်ကိုယ်လုံးမှ အဖြူရောင်ဖျော့ဖျော့ မီးတောက်များက ထိုးထွက်လာခဲ့သည်။ သူတို့သည် မီးတောက်များ ဖြစ်ကြသော်လည်း၊ အေးစက်နေသော အော်ရာများနှင့် ပြည့်နှက်နေခဲ့သည်။ ဒါသည် နတ်ရေကန်ဂိုဏ်း၏ ဝိသေသ မော်ကျိန်စာ ဖြစ်သော ရေခဲမီးတောက် ဖြစ်သည်။

ရေခဲမီးတောက်အား ထိန်းချုပ်နေရင်း၊ တောက်ယုတင်းသည့် ခန့်မှန်းရခက်သော အကွက်တစ်ကွက်ကို ထုတ်ဖော်လိုက်သည်။ သူမသည် ဝမ်လင်းရှိရာဆီသို့ တစ်ရှိန်ထိုး ပြေးဝင်လာခဲ့သည်။

## စာစဉ် ၁၇ : အပိုင်း ၃

## အပိုင်း ၂၆၃ : လောင်းကြေးများအား တိုးမြှင့်ခြင်း

ပုန်းကွယ်နေသော နဂါးချောက်၏ ပြင်ပမှ ကြည့်နေကြသော ပရိသတ်များသည်၊

တောက်ယုတင်း၏ တွေဝေမှုအလျဉ်းမရှိပဲ ဝမ်လင်းထံသို့ ပြေးဝင်သွားခြင်းကို ကြည့်လိုက်ကြကာ၊ မျက်မှောင်များကို ကြုတ်လိုက်ကြ၏။

ယခင်ပြိုင်ပွဲများတွင် ဝမ်လင်းသည်၊ သူ၏ ငရဲကမ္ဘာ မြစ်ရေ၏ ဖျက်ဆီးနိုင်မှု စွမ်းပကားများကို ထုတ်ဖော်ပြသခဲ့ပြီး ဖြစ်သည်။ သူ၏ ဖျက်ဆီးမှု စွမ်းရည်မှာ ကြောက်မက်ဖွယ် ကောင်းလှပြီး၊ မှော်ကျိန်စာများ ဖြစ်ကြသော ဟေးဒီးစ် နတ်လက်ချောင်းနှင့် ငရဲကမ္ဘာသို့

သွားသောလမ်းတို့သည်၊
လှျို့ဝှက်နက်နဲလှကာ အစွမ်းထက်လှသည်။

အခြားလူများ အဖို့မူ၊ ဝမ်လင်းထံသို့
တစ်ရှိန်ထိုး ပြေးဝင်သွားခြင်းသည် ဂမူးရှူးထိုး
နိုင်လှခြင်းဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
အဖွဲ့သားများကသာ ဤမြင်ကွင်းကို
မြင်လိုက်ရသော အခါ၊ အလွန်အမင်း
လေးနက်သောပုံစံ ပေါက်သွားကြသည်။

ရှောင်ပုတန်လေးသည် သူ၏ခေါင်းကို အနည်းငယ် စောင်းလိုက်၍၊ "သူမက ကိုယ့်ကိုယ်သိသွားတာလား၊ ဒါမှမဟုတ် သူမရဲ့ စီနီယာတွေ၊ အကြီးအကဲတွေက အကြံပေးလိုက်တာလား?"

ဇူရိသည် နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူများ၏ အမူအရာတို့ကို ကြည့်လိုက်ကာ၊ ပြန်ဖြေလိုက်သည်။ "ကြည့်ရတာတော့၊ သူမကိုယ့်ကိုယ် သဘောပေါက်သွားတာနဲ့ တူတယ်"

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်
ငြိမ်သက်နေကြသော်လည်း၊ သူတို့သည်
အလွန်အမင်း လေးနက်နေသည့်ပုံများ
ပေါက်နေကြကာ၊ တောက်ယုတင်းအား
စိုက်ကြည့်နေကြသည်။

အဘယ်ကြောင့်ဆိုသော်၊ တောက်ယုတင်း၏
လက်ရှိတိုက်ခိုက်သည့် နည်းစနစ်သည်
ကမ္ဘူးရှူးထိုး နိုင်လှသည်ဟု
ထင်နေရသော်လည်း၊ အမှန်တွင်မူ ဝမ်လင်း၏
အားအနည်းဆုံး အချက်ကို ပစ်မှတ်ထား၍
တိုက်ခိုက်ခြင်းဖြစ်သည်။

သူ၏ မှော်ကျိန်စာများသည်
အစွမ်းထက်လှသော်လည်း၊ သူ၏
အသွေးအသားများမှမူ အားနည်းလှ၏။

လင်းဖုန်း၏ လက်ရင်းတပည့်
ခြောက်ယောက်အနက်တွင်၊
ရှောင်ပုတန်လေးသည် အသန်မာဆုံးသော
အသွေးအသားများကို ပိုင်ဆိုင်ထားသည်။
သူသည် အနီးကပ်တိုက်ပွဲတွင်
အားအသာဆုံးဖြစ်သည်။

ဝမ်လင်းသည်ကာ မည်သည့်
သိုင်းပညာရပ်မျိုးကိုမှ လေ့ကျင့်ထားခြင်းမျိုး

မရှိပေ။ ယန်ချင်သည်ပင် ဤနေရာတွင် သူ့ထက်ပိုသာပေလိမ့်မည်။

ဝမ်လင်းနှင့် ယန်ချင်တို့သည် ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များတွင် အားနည်းကြသည်။ သူတို့သည် မှော်ကျိန်စာများကိုသာ အထူးပြုကြခြင်း ဖြစ်သည်။ သို့သော်လည်း စိတ်ဝိညာဉ် တာဝါအား ထူထောင်နိုင်ကာ အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်အား ရောက်ရှိသွားခြင်းနှင့်၊ မဟာလမင်း အကြွင်းမဲ့ရေကို အသုံးပြုနိုင်ခြင်းတို့သည် ယန်ချင်၏ အသွေးအသားများနှင့် စိတ်ဝိညာဉ်တို့အား သန့်စွမ်းစေခဲ့သည်။

ဝမ်လင်းမှာမူကား၊ သူ၏ သိုင်းပညာရပ် အားနည်းချက်အပြင်၊ သူ၏ အသွေးအသားတို့သည် ငရဲကမ္ဘာ အကြွင်းမဲ့ရေ၏ တိုက်စားခြင်းကို ခံနေရသည်။ အမှန်အတိုင်း ပြောရလျှင်၊ ဝမ်လင်း၏ ခန္ဓာကိုယ် စွမ်းအားသည် သာမန် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ထက်ပင် အနည်းငယ် အားနည်းလေသည်။

တစ်ခုရှိသည်မှာ၊ ဝမ်လင်း၏ မှော်ကျိန်စာများသည် အလွန်အမင်းကို

အစွမ်းထက်လှ၍၊ သူ၏ ပြိုင်ဘက်များအား လွှမ်းမိုးထားနိုင်ခဲ့သည်။ အဆင့်တူ အတွင်းမှ ကျင့်ကြံသူ အများစုတို့သည်၊ သူ၏ တိုက်ခိုက်မှုများကို မတွန်းလှန်နိုင်ကြပေ။ သူတို့သည် ပြန်လည်တိုက်ခိုက်မှု မပြုလုပ်နိုင်မီတွင်ပင်၊ ရှုံးနိမ့်သွားကြပြီ ဖြစ်သည်။

ဟော်ချန်းကဲ့သို့ အထီးကျန် သေမင်းလက်မအား ကာကွယ်နိုင်သည့် ကျင့်ကြံသူမျိုးသည်ပင်၊ အလွန်အမင်းကို ရှားပါးလှပြီ ဖြစ်သည်။

ထို့ကြောင့်ပင် အဆင့်တူ ကျင့်ကြံသူ
အနည်းစုသာလျှင်၊ ဝမ်လင်း အနီးအနားသို့
ကပ်ရဲကာ အနီးကပ်တိုက်ပွဲကို
ဆင်နွှဲရဲကြခြင်း ဖြစ်သည်။

တောက်ယုတင်းသည် ထိုကဲ့သို့
တိုက်ခိုက်ချင်နေသည်မှာ သေချာနေပေသည်။

ရှောင်ပုတန်လေးနှင့် ကျန်သောသူများအား
ပိုမိုစိုးရိမ်စေသည်မှာ၊ သူမ၏
အကြံအစည်သည် အောင်မြင်နိုင်ရန်
အလားအလာများ ရှိခြင်းကြောင့် ဖြစ်သည်။

ရေခဲမီးတောက်များသည် ပျံ့နှံ့သွားခဲ့ကာ၊
ဝမ်လင်း၏ ဖျက်ဆီးခြင်း စွမ်းအားများကို
ခုခံလိုက်သည်။ အရည်အသွေးနှင့်
စွမ်းအားများကို နှိုင်းယှဥ်လိုက်လျှင်၊
ဝမ်လင်း၏ ဖျက်ဆီးနိုင်မှု စွမ်းအားများသည်
အနည်းငယ်မျှ ပို၍ အားကောင်းပေသည်။
သို့သော်လည်း သူသည် အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်သို့ မရောက်သေးပဲ၊
စိတ်ဝိညာဥ် တာဝါအား မထူထောင်ရသေးပေ။
ထို့ကြောင့် သူ၏ ကျင့်ကြံမှု အဆင့်သည်
တောက်ယုတင်းထက် ပို၍
နိမ့်ကျနေပေသည်။

ထိုကဲ့သို့ အခြေအနေမျိုးတွင်၊
တောက်ယုတင်းသည် တိုက်ခိုက်ခြင်းကို
မပြုပေ။ သူမ၏ ရေခဲမီးတောက်များကို
ကာကွယ်မှု အတွက်သာ
အာရုံစိုက်ထားခဲ့သည်။ ဖျက်ဆီးမှု
စွမ်းအားများသည် အချိန်အနည်းငယ်
အတွင်းတွင်၊ သူတို့အား ကျော်လွှားနိုင်မည်
မဟုတ်ပေ။

သူတို့နှစ်ဦး အတွင်းမှ အကွာအဝေးသည်
တဖြည်းဖြည်း နီးကပ်လာခဲ့သည်။
တောက်ယုတင်း၏ အမြန်နှုန်း အရဆိုလျှင်၊

သူမသည် သူ့အနားသို့ မျက်စိတစ်မှိတ် အတွင်းတွင် ရောက်လာနိုင်သည်။

သူမအား အကဲခတ်ရသလောက် ဆိုလျှင်လည်း၊ သူမသည် ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များကို ကျွမ်းကျင်သည့်ပုံ မပေါ်ပေ။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ လူများနှင့် ယှဉ်လိုက်လျှင်၊ သူမသည် ရှုံးနိမ့်သွားပေလိမ့်မည်။ သို့သော်လည်း ဝမ်လင်းကို တိုက်ခိုက်ရန် အတွက်ဆိုလျှင်၊

လိုသည့်ထက်ပင် ပိုနေပေသေးသည်။
အကယ်၍ သူမသည် ဝမ်လင်းအနီးသို့
ကပ်နိုင်ခဲ့လျှင်၊ ဝမ်လင်းသည် အကြီးအကျယ်
ဒုက္ခရောက်သွားနိုင်သည်။

ရှောင်ပုတန်လေးနှင့် ကျန်သောသူများပင်
ခန့်မှန်းနိုင်သေးရာ၊ ကိုယ်တိုင်
ကြုံတွေ့နေရသည့် ဝမ်လင်းမှာ
အဘယ်ကြောင့် မသိပဲ နေပါမည်လိမ့်နည်း?

သူသည် တောက်ယုတင်း၏
အကြံအစည်များကို အစကတည်းက
သိနေပေသည်။ ဘာပဲပြောပြော ဒါသည်

သူ၏ကိုယ်ပိုင် အားနည်းချက်ဖြစ်ပြီး၊ သူအနားလည်ဆုံး အပိုင်းလည်း ဖြစ်သည်။ ဝမ်လင်း၏ သူ၏ပြိုင်ဘက်များအပေါ် ဖိအားပေး၍ တိုက်ခိုက်သည့် ဗျူဟာသည်၊ အမှန်ဆိုလျှင် သူ၏ အားနည်းချက်များကို ကာကွယ်ရန် အသုံးပြုသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

တောက်ယုတင်းက ခက်ထန်စွာ တိုက်ခိုက်နေသည့် အချိန်တွင်၊ ဝမ်လင်းသည် တည်ငြိမ်လျှက်ပင် ရှိသည်။ သူသည် သူ၏ လက်နှစ်ဘက်စလုံးကို အသုံးပြုလိုက်ကာ မှော်ကျိန်စာ တစ်ခုကို ပုံဖော်လိုက်၍၊

ငရဲကမ္ဘာ မြစ်ရေ၏ ဖျက်ဆီးနိုင်သော
စွမ်းအားများအား ထုတ်လွှတ်လိုက်သည်။

ချက်ချင်းဆိုသလိုပင် အနက်ရောင်နှင့်
အဝါရောင် လမ်းကြောင်းတစ်ခုသည်
လေဟာနယ် အတွင်းတွင် ပေါ်လာခဲ့၍၊
အဝေးကြီးအထိကို ဆန့်တန်းသွားခဲ့သည်။
ဒါသည် ငရဲကမ္ဘာသို့ သွားသောလမ်းဖြစ်သည်။

ငရဲကမ္ဘာသို့ သွားသောလမ်းက
ပေါ်လာသည်နှင့် တပြိုင်နက်၊
တောက်ယုတင်းသည် သူ၏ အပေါ်သို့
ရောက်သွားခဲ့သည်။ သံသရာ၏

စွမ်းအားများသည် သူမ၏ စိတ်ဝိညာဉ်အား
အဆက်မပြတ် တိုက်ခိုက်နေခဲ့သည်။

အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် အဖို့ဆိုလျှင်၊ ဒါသည်
အလွန့်ကို ခုခံရန် ခက်ခဲသော
မှော်ကျိန်စာဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် အခြေခံအုတ်မြစ်
အဆင့်နှင့် ချီသာဝက အဆင့်တို့မှ
ကျင့်ကြံသူများ၏ စိတ်ဝိညာဉ်တို့မှာ
မတည်ငြိမ်ကြသေးခြင်းကြောင့် ဖြစ်သည်။
သံသရာ၏ စွမ်းအားတို့နှင့် တိုက်ခိုက်ခြင်းကို
ခံလိုက်ရလျှင်၊ သူတို့၏ ကျိုးပဲ့နေသော

မှတ်ဉာဏ်များ၏ အောက်တွင်
နစ်မြုပ်သွားစေဖို့ရာ လွယ်ကူလှပေသည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား
မြင်လိုက်ရကာ၊ သူ၏ မျက်ခုံးအစုံတို့မှာ
ပင့်သွားခဲ့သည်။

တောက်ယုတင်းသည် သံသရာ
စွမ်းအားများ၏ တိုက်ခိုက်မှုကို
ခံလိုက်ရသော်လည်း၊ အကျိုးသက်ရောက်မှု
အနည်းငယ်သာ ရှိသည်ကို မြင်လိုက်ရ၍
ဖြစ်သည်။

အကြောင်းပြချက် နှစ်ခုရှိသည်။ ပထမမှာ သူမ၏ စိတ်ဝိညာဉ်သည် အလွန်အမင်းကို တည်ငြိမ်၍၊ အခြေခံအုတ်မြစ် အဆင့်ကို ကျော်လွန်သွားနိုင်၍ ဖြစ်သည်။ နောက်ထပ် တစ်ခုမှာ သူမ၏ ခန္ဓာကိုယ်တွင် လျှို့ဝှက်ချက်တစ်ခု ရှိနိုင်သောကြောင့် ဖြစ်သည်။

လင်းဖုန်း၏ လက်ရှိကျင့်ကြံမှု အဆင့်နှင့် ဆိုလျှင်၊ တောက်ယုတင်း၏ စိတ်ဝိညာဉ်သည် အခြေခံအုတ်မြစ် အဆင့်တွင်သာ ရှိသေးကြောင်းကို ပြောနေနိုင်သည်။ အများထက်ပိုသော ထူးခြားချက်များ မရှိပေ။

ဒါဆိုလျှင် ဒုတိယ အကြောင်းပြချက်သာ ဖြစ်ရပေမည်။ သူမ၏ ခန္ဓာကိုယ်တွင် ထူးခြားချက် တစ်ခုခု ရှိရမည်။

ဝမ်လင်း၏ အမူအရာတို့မှာလည်း ပြောင်းလဲသွားခဲ့သည်။ သူ၏ အမူအရာမှနေ၍၊ လင်းဖုန်းသည် တစ်ခုခု ဖြစ်နေပြီဟူ၍ ပြောနေနိုင်ခဲ့သည်။

သူသည် တောက်ယုတင်း၏ ကျိုးပဲ့နေသော မှတ်ဉာဏ်များသည်၊ အလွန်ကို

နည်းပါးလှသည့်ဟု သဘောပေါက်သွားခြင်း
ဖြစ်သည်။

ဝမ်လင်း၏ ကျင့်ကြံမှု စွမ်းအင်မှ
နိမ့်ကျနေသေး၍၊ သူ၏
မှော်ကျိန်စာတို့သည်လည်း
အဆင့်သိပ်မမြင့်သေးပေ။ သို့သော်လည်း
သူ၏ မှော်ကျိန်စာကို
ထုတ်လွှတ်လိုက်သည်နှင့်၊ ယခုဘဝပဲ ဖြစ်ဖြစ်၊
အတိတ်ဘဝကပဲ ဖြစ်ဖြစ်၊ သူ့ပြိုင်ဘက်၏
ကျိုးပဲ့နေသော မှတ်ဉာဏ်တို့မှာ
မည်မျှရှိသည်ကို သိနိုင်ပေသည်။

ယခုအချိန်တွင် ဝမ်လင်း၏ အရှေ့မှ
တောက်ယုတင်း၏ စိတ်ဝိညာဉ်ပေါ်သို့
အကျိုးသက်ရောက်မှုမှာ၊ သာမန်လူ
အပေါ်တွင် သက်ရောက်သည်ထက်
လွန်စွာအားနည်းနေခဲ့သည်။

ဟော်ချန်း၏ ကျိုးပဲ့နေသော မှတ်ဉာဏ်တို့မှာ၊
တောက်ယုတင်းနှင့်စာလျှင် ခုနှစ်ဆ
ရှစ်ဆလောက်ပင် ပိုများပေမည်။

တောက်ယုတင်းတွင် ကျိုးပဲ့နေသော
မှတ်ဉာဏ်များ အနည်းငယ်သာ ရှိခြင်းသည်၊
သူမက အတွေ့အကြုံ အနည်းငယ်ကိုသာ

ကြုံခဲ့ရခြင်းကြောင့် မဟုတ်ပေ။
အဘယ်ကြောင့်ဆိုသော် သူမ၏
မှတ်ဉာဏ်များသည် မပြည့်မစုံ
ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

အထူးသဖြင့် သူမ၏ အရင်ဘဝမှ
မှတ်ဉာဏ်များသည် အလွန်ကို နည်းပါးလှ၍
အစိတ်အပိုင်း အသေးလေးများသာ
ရှိနေပေသည်။

"လူထူးလူဆန်းပဲ" ဝမ်လင်းက သူ၏ရင်ထဲမှ
ရေရွတ်လိုက်သည်။ သို့သော်လည်း သူသည်

အကျဉ်းအကြပ် အခြေအနေ အတွင်းသို့
ကျရောက်နေပြီဟူ၍ သိနေခဲ့သည်။

ကျိုးပဲ့နေသော မှတ်ဉာဏ်များသည်
အလွန်နည်းပါးခြင်းကြောင့်၊ သူမ၏
စိတ်ဝိညာဉ်အား သံသရာ စွမ်းအားများနှင့်
တိုက်ခိုက်ခြင်းသည် လျှင်မြန်စွာ
ပြန်လည်သက်သာနိုင်ပြီး၊ သူမသည်
စိတ်ရှုပ်ထွေးမှုများ သိပ်ဖြစ်နေမည်
မဟုတ်ပေ။

ငရဲကမ္ဘာသို့ သွားသောလမ်း၏
တောက်ယုတင်း အပေါ်သို့

အကျိုးသက်ရောက်မှုသည်
အနည်းအကျဉ်းသာ ရှိခဲ့သည်။

ထင်ထားသည့် အတိုင်းပင်
တောက်ယုတင်းသည့် လျှင်မြန်စွာနှင့်
သတိပြန်ဝင်လာခဲ့သည်။ သို့သော်လည်း
သူမ၏ အကြည့်မှာ မရေမရာ ဖြစ်နေခဲ့၍
တစ်ခုခု ပြောင်းလဲသွားသလို ဖြစ်နေခဲ့သည်။

သို့သော်လည်း ဒါသည် သူမ၏
ကျိုးကြောင်းဆင်ခြင်မှုအား
အကျိုးသက်ရောက်မှု မရှိခဲ့ချေ။ သူမကို
အနက်ရောင်နှင့် အဝါရောင်

မြေကြီးအတွင်းသို့ ဆွဲချရန်
ကြိုးစားနေကြသော အဖြူရောင်
လက်သည်းများကို ရင်ဆိုင်လိုက်ရချိန်တွင်၊
တောက်ယုတင်းသည့် မှော်ကျိန်စာ တစ်ခုအား
တိုးတိုးလေး ရွတ်ဆိုလိုက်ရာ၊ သူမ၏
ခန္ဓာကိုယ်အား အေးစက်သော အဖြူရောင်
မြူခိုးငွေ့များနှင့် ဖုံးလွှမ်းသွားခဲ့သည်။

နတ်ရေကန်ဂိုဏ်း၏
လျှို့ဝှက်နည်းစနစ်ဖြစ်သော
ရေခဲလောင်ကျွမ်းခြင်း။

အဖြူရောင် မြူခိုးငွေ့တို့သည် လက်သည်းများ
မြေကြီးများနှင့် ထိတွေ့လိုက်သည်နှင့်
တပြိုင်နက်၊ သူတို့သည် မီးတောက်များအဖြစ်
ပြောင်းလဲသွားကြ၍ ပြင်းထန်စွာနှင့်
တောက်လောင်နေကြသည်။ သူသည်
ဝမ်လင်း၏ ငရဲကမ္ဘာသို့ သွားသောလမ်းအား
ဖျက်ဆီးရန် ခြိမ်းခြောက်နေကြသည်။

ပုန်းကွယ်နေသော နဂါးချောက် ပြင်ပမှ
ကျင့်ကြံသူများသည်၊ ဤအခြင်းအရာကို
တွေ့လိုက်သောအခါ အသက်ကိုပင်ဝအောင်
မရှူနိုင်ကြတော့ပေ။

ရေခဲလောင်ကျွမ်းခြင်းသည် ပြိုင်ဘက်၏
မှော်စွမ်းအင်အား မိမိ၏ လောင်စာအဖြစ်နှင့်
အသုံးချနိုင်၍၊ မိမိ၏ မီးစွမ်းအားကို
အဆက်မပြတ် အားဖြည့်ပေးနိုင်သည်။
ပြိုင်ဘက်၏ စွမ်းအားသည် ပို၍
အားကောင်းလာသည်နှင့် အမျှ၊
မီးတောက်သည်လည်း ပို၍ပို၍
အားကောင်းလာနိုင်ပေသည်။

ပြိုင်ဘက်သည် သူ၏ ကိုယ်ပိုင်စွမ်းအားများကို
အသုံးပြု၍ ရေခဲလောင်ကျွမ်းခြင်းအား
ခုခံသည်နှင့်အမျှ၊ သူသည် မီးကို
လောင်စာများ ဖြည့်တင်းပေးနေသကဲ့သို့

ဖြစ်သွားမည်ဖြစ်ကာ၊
ရေခဲလောင်ကျွမ်းခြင်း၏ စွမ်းအားကို
တိုးအောင်လုပ်နေသလို ဖြစ်သွားပေမည်။
စွမ်းအားများကို ပိုထုတ်သုံးလေလေ၊
ကိုယ့်ပြိုင်ဘက်အား အကူအညီပေးသလိုမျိုး
ဖြစ်သွားလေလေ ဖြစ်သည်။

အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်အဖို့၊ ထိုနည်းစနစ်အား
သင်ယူနိုင်ခြင်းသည်ပင်လျှင် လွန်လှပြီ
ဖြစ်သည်။

သို့သော်လည်း ဝမ်လင်းသည် ကြောက်ရွံ့စိတ်
ကင်းမဲ့နေဆဲပင် ဖြစ်သည်။ သူသည်
တောက်ယုတင်းက
ရေခဲတောက်လောင်ခြင်းအား ပြသခဲ့ခြင်းကို၊
ဟန်ပန် အမူအရာ ကင်းမဲ့စွာနှင့်
ကြည့်နေခဲ့သည်။ သူ၏ တစ်ခုတည်းသော
တုံ့ပြန်မှုမှာ၊ ငရဲကမ္ဘာမြစ်ရေ၏ ဖျက်ဆီးနိုင်မှု
စွမ်းအားအား အစွမ်းကို မြှင့်တင်လိုက်ခြင်း
ဖြစ်သည်။ ငရဲကမ္ဘာသို့ သွားသောလမ်းတွင်
ဖျက်ဆီးနိုင်သော အနက်ရောင်
ဓာတ်ငွေ့တို့သည် သိပ်သည်း၍
လာနေခဲ့သည်။

"သူက ရှူးနေပြီလား? ဒီလိုလုပ်ခြင်းက ရေခဲလောင်ကျွမ်းခြင်းရဲ့ စွမ်းအားကို ပိုတက်အောင် လုပ်နိုင်မှန်း သိနေရက်နဲ့" ပုန်းကွယ်နေသော နဂါးချောက်၏ ပြင်ပမှ ဖန်ကျုံးက မှတ်ချက်ချလိုက်သည်။

မဟာချင် အင်ပါယာ၏ စခန်းတွင်၊ ရှီဆောင်ချန်းသည် တောက်ယုတင်းအား စိုက်ကြည့်နေခဲ့သည်။ သူသည် စပ်စုစွာနှင့် စိုက်ကြည့်နေခဲ့ရင်း၊ သူ၏ ပါးစပ်မှ စကားလုံး အချို့ကို ရေရွတ်နေခဲ့သည်။

ရှီရှင်းယွမ်သည် သူ့အား သတိပေးလိုက်ရင်း၊ ကျောင်းကျုံချန်းအား မေးလိုက်သည်။ "နင်ဘယ်လိုမြင်သလဲ?"

ကျောင်းကျုံချန်းက မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်သည်။ "အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက ထပ်နိုင်တော့မယ်"

ရှီရှင်းယွမ်သည် သူမ၏ခေါင်းကို ညိတ်လိုက်သည်။ "တောက်ယုတင်းရဲ့ အိမ်မက်ဆိုးက ဝမ်လင်းပဲ ဖြစ်လိမ့်မယ်"

ကျန်နေသော ပရိသတ်သည်လည်း
ဝမ်လင်း၏ ငရဲကမ္ဘာသို့ သွားသောလမ်းအား
အဆက်မပြတ် အားဖြည့်ပေးနေခြင်းသည်၊
တောက်ယုတင်း၏ ရေခဲလောင်ကျွမ်းခြင်းအား
လောင်စာဖြည့်ပေးနေခြင်း မဟုတ်ကြောင်းကို
ရိပ်မိနေကြပြီ ဖြစ်သည်။

တောက်ယုတင်း၏ မီးတောက်များသည်
ငရဲကမ္ဘာသို့ သွားသောလမ်း၏ ဖိနှိပ်ခြင်းကို၊
တဖြည်းဖြည်းနှင့် ခံနေရပြီ ဖြစ်သည်။
အစပထမတွင် သူသည် ပြိုင်ဘက်၏
စွမ်းအားများကို၊ သူ၏ လောင်စာအဖြစ်

ပြောင်းလဲနိုင်ခဲ့သည်။ သို့သော်လည်း သူ၏
အကျိုးသက်ရောက်မှုမှာ ဆုံးရှုံးသွားခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲတို့မှာ ငြိမ်သက်သွားကြပေသည်။
အပြာရောင်ခန်းမ သူတော်စင်သည်
ခေါင်းကိုအသာညိတ်လိုက်သည်။ "သူ့ရဲ့
ကျင့်ကြံမှု အဆင့်က အခြေခံအုတ်မြစ်
အဆင့်သာ ရှိသေးပေမဲ့၊ ဖျက်ဆီးခြင်း
စွမ်းအားရဲ့ သဘောတရားတွေကို
နားလည်နေနိုင်ပြီ။ တော်တော့်ကို
ရှားပါးတာပဲ"

လက်ဝဲမင်းသားရှန်သည် ကျယ်လောင်စွာ ရယ်မောလိုက်၍ ချောင်ဝေအား ကြည့်လိုက်သည်။ "ဖျက်စီးခြင်း စွမ်းအားဆိုတာ၊ အရာဝတ္ထုတွေကို ဖျက်ဆီးဖို့ပဲ။ မင်းတို့ နတ်ရေကန်ဂိုဏ်းရဲ့ ရေခဲလောင်ကျွမ်းခြင်းက အဲ့ဒီစွမ်းအားနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ၊ မပျက်စီးသွားတာ ကံကောင်းလို့ပဲ ဆိုရမယ်။ ဒါကိုတောင် သူ့ကိုဝါးမျိုဖို့ ကြိုးစားနေသေးတယ်။ တကယ့်ကို ဟာသပဲ"

ချောင်ဝေက ပြန်ဖြေလိုက်သည်။ "အဖြေကို ပြောဖို့က စောသေးတယ်။ ဘာမှမသေချာသေးဘူး"

လင်းဖုန်းက သူ၏မျက်လုံးအား စိုက်ကြည့်လိုက်၍ ရုတ်တရက် ပြောလိုက်သည်။ "ဒါဆိုရင်လည်း ကျုပ်က လောင်းကြေးနောက်တစ်ခုကို ထပ်ထည့်ချင်တယ်။ မာစတာချောင်က လက်ခံရဲလား မသိဘူး?"

ချောင်ဝေသည် အနည်းငယ် စိတ်အနှောက်အယှက်ဖြစ်သည့်ပုံ

ပေါက်သွားခဲ့ပြီး၊ လင်းဖုန်းအား
ကြည့်လိုက်သည်။ "မင်းက
ဘာထပ်ထည့်ချင်နေလို့လဲ?

လင်းဖုန်းက ပြောလိုက်သည်။
"နှင်းလွင်ပြင်မှာ စက်ဝိုင်းကိုးဝိုင်း
ရေခဲသစ်ခွတွေ ပေါက်တယ်လို့ ကြားဖူးတယ်။
ကျုပ်ရဲ့တပည့်က နိုင်ခဲ့ရင်၊ မာစတာချောင်က
အဲ့ဒီသစ်ခွကို ထပ်ထည့်ပေးနိုင်မလား?"

ချောင်ဝေသည် သူ၏မျက်မှောင်တို့အား
ကြုတ်လိုက်သည်။ စက်ဝိုင်းကိုးဝိုင်း
ရေခဲသစ်ခွသည် အလွန်ထူးခြားသော

ပန်းတစ်မျိုး မဟုတ်ပေ။ သူ၏တန်ဖိုးမှာလည်း အကန့်အသတ်နှင့် ရှိသည်။ သို့သော်လည်း သူသည် အလွန့်ကို ရှားပါးသည်။

သူ၏ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံမှုနှင့်ဆိုလျှင်၊ ထိုသစ်ခွအား ခူးဆွတ်ရန် လွယ်ကူသည်။ အဓိက အချက်မှာ သူ့ကို ရှာဖွေရန် ခက်ခဲခြင်း ဖြစ်သည်။ သူ၏ တပည့်များကို လွှတ်၍ ရှာခိုင်းရန်မှာလည်း၊ သူရဲဘောကြောင်ရာ ကျသွားပေလိမ့်မည်။

ချောင်ဝေသည် လင်းဖုန်းကို အချိန်အတန်ကြာအောင် စိုက်ကြည့်နေခဲ့ပြီး

ပြောလိုက်သည်။ "ရတယ်၊ ဒါပေမဲ့ ဒီလိုဆိုတော့ ကျုပ်ကလည်း လောင်းကြေးတွေကို တိုးမြှင့်ချင်သေးတယ်"

"တကယ်လို့ ကျုပ်တပည့်က နိုင်ခဲ့လို့ရှိရင် တောင်ပေါ်က ကျောက်တုံးအပြင်၊ ယုကျင်းတောင်ပေါ်က မဟူရာကောင်းကင် ရတနာသစ်ပင်ရဲ့ အကိုင်းတစ်ကိုင်းကိုပါ လိုချင်တယ်"

လင်းဖုန်းက သူ့အားကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ကောင်းပြီ"

လောင်းကြေးတိုးမြှင့်လိုက်ခြင်းနှင့်အတူ၊
ခေါင်းဆောင်နှစ်ယောက်တို့၏ ယှဉ်ပြိုင်မှုမှာ
ပြင်းထန်လာခဲ့ပြီ ဖြစ်သည်။
ပုန်းကွယ်နေသော နဂါးချောက်
အတွင်းတွင်လည်း၊ ဝမ်လင်းနှင့်
တောက်ယုတင်းတို့၏ တိုက်ပွဲမှာ
ပြောင်းလဲခြင်း အသစ်တစ်ခု
ဖြစ်ပေါ်လာခြင်းနှင့်အတူ၊ တိုက်ပွဲ၏
အရှိန်အဟုန်မှာ တက်လာခဲ့သည်။

ရေခဲလောင်ကျွမ်းခြင်းသည် ဝမ်လင်း၏
ထိန်းချုပ်မှုအောက်သို့ ရောက်သွားသောအခါ၊
တောက်ယုတင်းသည် တိုးညှင်းစွာ

အောင်လိုက်၍ သူမ၏ ခန္ဓာကိုယ်မှ
လုံ့ခွက်လေးသည် အသံမြည်လာခဲ့သည်။
သူမ၏ တစ်ကိုယ်လုံးမှ မှော်စွမ်းအင်တို့သည်
ထိုးတက်လာခဲ့သည်။

သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးမှ
မှော်စွမ်းအင်တို့သည် စတင်၍
စုစည်းလာခဲ့သည်။

## စာစဥ် ၁၇ : အပိုင်း ၄

## အပိုင်း ၂၉၄ : ဝမ်လင်း၏
## တတိယလက်ချောင်း

ရေခဲလောင်ကျွမ်းခြင်း နည်းစနစ်သည်
အကျိုးသက်ရောက်မှု မရှိသော်လည်း၊
တောက်ယုတင်းသည် စိုးရိမ်ပူပန်ခြင်း
အလျဉ်းမရှိပေ။ တိုးညှင်းစွာ
အော်ဟစ်လိုက်၍၊ ပြင်ပမှ မှော်စွမ်းအင်များကို
သူမ၏ ခန္ဓာကိုယ် အတွင်းသို့
ပြန်လည်ဆင့်ခေါ်လိုက်သည်။

ရေခဲမီးတောက်ဖြစ်စေ၊ အဖြူရောင်
မြူခိုးငွေ့များ ဖြစ်စေ၊ သူတို့အားလုံးတို့သည်
တောက်ယုတင်း၏ ခန္ဓာကိုယ် အတွင်းသို့

လျှင်မြန်စွာနှင့်
ပြန်လည်ဝင်ရောက်လာကြသည်။

ဝမ်လင်းသည် တောက်ယုတင်း၏
ပြောင်းလဲမှုများကို
တစ်ချက်ကြည့်လိုက်ရုံနှင့်ပင်
သတိထားမိလိုက်၍၊ သူ့ကိုယ်သူ
တွေးနေခဲ့သည်။ "ဒါက ရင်းနှီးကျွမ်းဝင်မှု
အရမ်းရှိနေသလိုပဲ!"

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်များကလည်း
ကျဉ်းမြောင်းသွားခဲ့သည်။ ဇူရီ အပါအဝင်
ကျန်သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ

တပည့်များသည်၊ ယန်ချင်အား ကြည့်လိုက်ကြ၏။

ယန်ချင်က တီးတိုးရေရွတ်နေခဲ့သည်။ "သူမပြုလုပ်နေတာတွေက ကျွန်တော့်ရဲ့ မဟာလမင်း တောင်ကျရေ မန္တန်နဲ့ တူနေတာပဲ"

ကျန်သော ကျင့်ကြံသူများကလည်း သဲလွန်စ အချို့ကို သတိပြုမိလိုက်ကြသည်။ "ရေခဲ လောင်ကျွမ်းခြင်း နည်းစနစ်အပြင်၊ ဒီအမျိုးသမီးက

မီးတောင်၏တေးသွားကိုလည်း
ကျင့်ကြံထားပုံရတယ်"

တောက်ယုတင်းသည် နတ်ရေကန်ဂိုဏ်း၏
အထူးနည်းစနစ် တစ်မျိုးဖြစ်သော၊
မီးတောင်၏တေးသွားကို၊ အမှန်တကယ်ပင်
အသုံးပြုနေခြင်း ဖြစ်သည်!

သူသည် ယန်ချင်၏ မဟာလမင်း
တောင်ကျရေမန္တန်နှင့် တူညီသော
ထူးခြားဆန်းကြယ်သည့် အစွမ်းရှိသည်။
တစ်ယောက်၏ မှော်စွမ်းအင်များ အားလုံးကို
ချက်ချင်း စုစည်းရခြင်း ဖြစ်သည်။

ထို့နောက်တွင် တပြိုင်နက်ထဲ
ဖောက်ခွဲပစ်ကာ၊ မယုံနိုင်ဖွယ်
ဖျက်ဆီးခြင်းမျိုးကို လုပ်ဆောင်နိုင်ခြင်း
ဖြစ်သည်။ မီးတောင်ပေါက်ကွဲကာ မြေလျှောင်
လှုပ်ခတ်လာသကဲ့သို့ ဖြစ်သည်။

မီးတောင်၏တေးသွားနှင့် မဟာလမင်း
တောင်ကျရေ မန္တန်တို့၏ ကွဲပြားခြားနားသည့်
အချက်မှာ၊ မီးတောင်၏ တေးသွားများသည်
အခြားနည်းစနစ်များ၏ ထူးခြားသော
ဝိသေသများကို လက်ခံနိုင်ခြင်း ဖြစ်သည်။

မီးတောင်၏ တေးသွားများသည် မီးတောင်၏ ပေါက်ကွဲခြင်းနှင့် တူသည်။ ကျန်နေသော နတ်ရေကန်ဂိုဏ်း၏ နည်းစနစ်များ ဖြစ်ကြသည့်၊ ရေခဲမီးတောက်နှင့် ရေခဲလောင်ကျွမ်းခြင်းတို့သည်၊ မီးတောက်ပေါက်ကွဲပြီးနောက် အပြင်သို့ ထွက်လာကြသည့် ချော်ရည်ချော်ခဲများနှင့် တူသည်။

မီးတောင်၏ တေးသွားအား သယ်ဆောင်သူအဖြစ်နှင့် အသုံးပြု၍၊ ကျန်နေသော တာအိုနည်းစနစ်များသည် တစ်ချိန်တည်းတွင် ထုတ်ဖော်၍ရသည်။

ထို့အပြင် မီးတောင်၏ တေးသွားတို့၏
အလားအလာများကြောင့်၊
ထုတ်လွှတ်လိုက်သော နည်းစနစ်များ၏
စွမ်းအားများသည် သူတို့၏ သာမန်
အခြေအနေမျိုးထက်
များစွာမြင့်မားနိုင်ပေသည်။

နတ်ရေကန်ဂိုဏ်း၏ အတွင်းတွင်၊ ဒါသည်
ရေခဲလောင်ကျွမ်းခြင်းထက် များစွာပို၍
အစွမ်းထက်သော နည်းစနစ် တစ်ခုဖြစ်သည်။

ဒါသည် တောက်ယုတင်း၏
လူသတ်သိုင်းကွက်ဖြစ်ပြီး၊ ချောင်ဝေက

လင်းဖုန်းနှင့် အလောင်းအစား ပြုလုပ်ရဲသော အကြောင်းရင်းလည်း ဖြစ်သည်။

လောင်းကစား သူတော်စင်သည် ထိုမြင်ကွင်းအား တွေ့သောအခါ၊ သက်ပြင်းတစ်ချက် ချလိုက်၍ ချောင်ဝေအား ကြည့်လိုက်သည်။ "မာစတာချောင်၊ ခင်ဗျားရဲ့ ဒီတပည့်ဟာ တောက်ပတဲ့ အနာဂတ် ရှိနိုင်တယ်ဗျ"

ချောင်ဝေက ကျေးဇူးတင်သည့် အနေဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးနောက်၊ လင်းဖုန်းအား လှမ်းကြည့်လိုက်သည်။

"ကျုပ်ကို ယုကျင်းတောင်ကို ခေါ်သွားဖို့ ဒုက္ခပေးရတော့မှာပဲ"

တောက်ယုတင်း၏ မီးတောင်၏ တေးသွားသည်၊ ချက်ချင်းပင် အရပ်မျက်နှာ ပေါင်းစုံသို့ ပေါက်ကွဲသွားခဲ့သည်။ ရေခဲမီးတောက်နှင့် အဖြူရောင် မြူခိုးငွေ့များတို့ထက် အဆပေါင်းများစွာ ပြင်းထန်သော၊ ပေါက်ကွဲမှုကြီး တစ်ခုက ဖြစ်ပေါ်လာခဲ့သည်။

ထိုကဲ့သို့ ပြင်းထန်လှသော မှော်စွမ်းအင် ပေါက်ကွဲမှုအောက်တွင်၊

တောက်ယုတင်းသည် သူမကိုယ်သူမ ထိန်းချုပ်နိုင်စွမ်း ရှိနေသေးပြီး၊ သူမ၏ စွမ်းအားများကို လွင့်ပျံ့သွားခြင်းမရှိအောင် တားဆီးနိုင်ခဲ့သည်။ ပေါက်ကွဲမှုကြီး တစ်ခုလုံးအား ဝမ်လင်းဆီသို့ ဦးတည်စေရန် အာရုံစိုက်နိုင်ခဲ့သည်။

အစပထမတွင် တောက်ယုတင်းသည် ဝမ်လင်းနှင့်စာလျှင်၊ မှော်စွမ်းအင် အနည်းငယ်သာ ပိုသာနေခဲ့သည်။ သို့သော်လည်း မီးတောင်၏ တေးသွားအား ထုတ်လွှတ်အပြီးတွင်၊ သူမ၏ စွမ်းအားများသည် နောက်တစ်ဆင့်သို့

ရောက်သွားခဲ့သည်။ သူမသည် ဝမ်လင်း၏
ငရဲကမ္ဘာသို့ သွားသောလမ်းအား
လွှမ်းမိုးနိုင်ခဲ့သည်။

ပြိုကျပျက်စီးသွားသော ငရဲကမ္ဘာသို့
သွားသောလမ်းသည်၊ ဝမ်လင်း၏ ရှုံးနိမ့်မှုကို
ကြိုတင်၍ အရိပ်နိမိတ် ပြသကဲ့သို့
ဖြစ်နေခဲ့သည်။

နတ်ရေကန်ဂိုဏ်းမှ တပည့်အားလုံးတို့သည်
အော်ဟစ်အားပေးနေကြ၍၊ ကျန်နေသော
ကျင့်ကြံသူများသည်
စိတ်လှုပ်ရှားနေကြသည်။

သူတို့သည် နတ်ရေကန်ဂိုဏ်းနှင့် မိတ်ဆွေကောင်းများ မဟုတ်ကြသော်လည်း၊ ယခင်ပြိုင်ပွဲမှ အနိုင်ရသူသည် ယွဲ့ဟုန်ယန် ဖြစ်နေသောကြောင့်၊ တောက်ယုတင်းအား အားပေးနေကြခြင်း ဖြစ်သည်။

အကယ်၍ ဝမ်လင်းသည် ဤပြိုင်ပွဲအား အနိုင်ရသွားပါက၊ အခြေခံအုတ်မြစ် အဆင့်မှ ထိပ်ဆုံးနှစ်ယောက်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှပင် ဖြစ်ပေလိမ့်မည်။ ဗိုလ်လုပွဲသည်လည်း ဝမ်လင်းနှင့်

ယွဲ့ဟုန်ယန်တို့အကြားမှ လေ့ကျင့်မှုသဖွယ် ဖြစ်သွားပေလိမ့်မည်။

သူတို့အားလုံးတို့သည် ထိုအခြင်းအရာများကို မမြင်ချင်ကြပေ။ ပထမ၊ ဒါသည် အဓိပ္ပာယ် ကင်းမဲ့လွန်းသည်။ ဒုတိယ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လွှမ်းမိုးနိုင်ခြင်းသည် ကျန်သောသူများအား မသက်မသာ ဖြစ်စေခဲ့သည်။

တောက်ယုတင်းသည် သူမနိုင်ပွဲရမည်ဟု အပြည့်အဝ ယုံကြည်မှု မရှိနေပေ။ သို့သော်လည်း သူမသည် တည်ငြိမ်စွာနှင့်ပင်

ရှိနေခဲ့သည်။ သူမသည် သူမ၏ မီးတောင်၏
တေးသွားအား ကောင်းကောင်းသိနေသဖြင့်၊
သူ၏ကိုယ်ပိုင် အားနည်းချက်အားလည်း
သိနေခဲ့သည်။

သူ၏စွမ်းအားများကို ထုတ်ဖော်ပြီးသွားလျှင်၊
ကျင့်ကြံသူ၏ မှော်စွမ်းအင်များသည်
ကုန်ခမ်းသွားပေလိမ့်မည်။ ထိုကျင့်ကြံသူသည်
အချိန်အတော်ကြာအောင်
တိုက်ပွဲဝင်ရန်အတွက်၊ စွမ်းအားများကို
ဆုံးရှုံးသွားပေလိမ့်မည်။ ထို့ကြောင့်
မီးတောင်၏ တေးသွားကို ဘုရင့်နောင်

ဖောင်ဖျက်သည့် အခြေအနေနှင့် ကြုံမှ
ထုတ်သုံးရခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် တောက်ယုတင်းသည်
သက်တောင့်သက်သာ မဖြစ်နေခြင်း
ဖြစ်သည်။ သူမသည် တိုက်ပွဲကို ကြာရှည်စွာ
တိုက်ခိုက်ပြီး၊ ဝမ်လင်း၏ အနားသို့
ရောက်လာနိုင်မှသာ၊ မီးတောင်၏
တေးသွားအား ထုတ်လွှတ်ခဲ့ခြင်း ဖြစ်သည်။
သို့မှသာ သူမ၏ နိုင်ပွဲအတွက်
မျှော်လင့်နိုင်မည် ဖြစ်သည်။

တောက်ယုတင်းသည် မှော်ကျိန်စာနှင့်
သိုင်းပညာရပ် နှစ်မျိုးစလုံးအား
လေ့ကျင့်ထားသော်လည်း၊ သူမ၏ အဓိက
အားသာချက်မှာ မှော်ကျိန်စာများသာ
ဖြစ်သည်။ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်တွင်မူ၊
သူမသည် ယွဲ့ဟုန်ယန်၊ ကျမုကျိလျို
အစရှိသူတို့နှင့် လုံးဝမယှဥ်နိုင်ပေ။
သို့သော်လည်း ဝမ်လင်းအား ရင်ဆိုင်ရန်
အတွက်တော့ ကောင်းကောင်းကြီး
လုံလောက်ပေသည်။

သူမသည် မီးတောင်၏ တေးသွားများ
ပေါက်ကွဲခြင်းကို အခွင့်ကောင်းယူ၍၊

ဝမ်လင်း၏ အနီးသို့ ရောက်လာခဲ့သည်။
သူမ၏လက်ကို မြှောက်လိုက်ကာ၊
ကျန်ရှိနေသေးသော မှော်စွမ်းအင်
အားလုံးတို့ကို စုစည်း၍ ရေခဲမီးတောက်
အသွင်သို့ ပြောင်းလိုက်ပြီး၊ ဝမ်လင်း၏
ရင်ဘတ်သို့ ထိုးသွင်းလိုက်သည်။

သူမ၏ နည်းစနစ်များသည်
ခမ်းနားထည်ဝါလှ၍၊ ဝမ်လင်း၏
ပြေးပေါက်မှန်သမျှအား ပိတ်ထားလိုက်သည်။

ခေါသွား၏ အမြန်နှုန်းမှာလည်း
မြန်ဆန်လွန်း၍၊ ဝမ်လင်းအား ရှောင်တိမ်းရန်
အခွင့်အရေး လုံးဝမပေးခဲ့ပေ။

သူမ၏ စွမ်းအားနှင့်ဆိုလျှင် ဝမ်လင်း၏
ခံစစ်အား ချိုးဖောက်နိုင်မည် ဖြစ်သည်။

သူမ၏ ခေါချက်သည် လူသတ်ရန်အတွက်
ဖြစ်သည်!

ဝမ်လင်းသည် ကြောက်ရွံ့ခြင်း ကင်းမဲ့စွာနှင့်၊
သူ၏နှုတ်ခမ်းများကို
တင်းတင်းစေ့ထားလိုက်သည်။

တောက်ယုတင်း၏ ရေခဲခေါးသွားအား မမှတ်မသုန် စိုက်ကြည့်နေခဲ့သည်။ သူသည် ထိုခေါးသွားအား ရှောင်တိမ်းနိုင်ခြင်း မရှိပေ၊ ရှောင်တိမ်းရန်လည်း ရည်ရွယ်ချက် မရှိပေ။ သေမင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရချိန်တွင် သူ၏သတ္တိများကို ထုတ်ဖော်ပြသခဲ့သည်။

"ဟေးဒီးစ် နတ်လက်ချောင်း၊ ဖျက်ဆီးခြင်း!" ဝမ်လင်းသည် တောက်ယုတင်း၏ ရေခဲခေါးသွားကို အမှုမထားပဲ၊ သူ၏ညာလက်ချောင်းကိုသာ ဆန့်ထုတ်လိုက်သည်။

ချက်ချင်းဆိုသလိုပင် သေစေနိုင်သော
ဖျက်ဆီးနိုင်သည့် ခါတ်ငွေ့များသည်၊
တောက်ယုတင်းအား လွှမ်းခြုံသွားခဲ့သည်။

သူမ၏ မှော်စွမ်းအင်များကို အသုံးပြုပြီး
ဖြစ်သဖြင့်၊ တောက်ယုတင်းသည် ဝမ်လင်း၏
အထီးကျန် သေမင်းလက်မကို
ရှောင်ရှားနိုင်စွမ်း မရှိတော့ပေ!

တောက်ယုတင်းသည် ကြောက်ရွံ့ခြင်း
ကင်းမဲ့စွာနှင့်၊ ဝမ်လင်းကို အေးစက်စက်
စိုက်ကြည့်နေခဲ့သည်။

သူတို့နှစ်ယောက်စလုံးသည် သေမင်းနှင့် ရင်ဆိုင်နေရသော်လည်း၊ တစ်ယောက်မှ နောက်မဆုတ်ကြချေ။ အချိန်ကာလနှင့် လေဟာနယ်တို့က အေးခဲသွားသည့်အတိုင်း၊ တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေကြသည်။

"အတူတူ သေချင်နေကြတာလား?" အားလုံးတို့သည် မျက်စိများကို ပြူးထားကြကာ၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ တိုက်ပွဲတို့အား အသေအချာ စိုက်ကြည့်နေကြသည်။

တစ်စွန်းတစ်စ ကလေးကိုမျှ
အလွတ်မခံနိုင်ကြပေ။

"အတူတူ မဟုတ်ဘူး!" အဆင့်မြင့် ကျင့်ကြံသူ
တစ်ယောက်မှ မှတ်ချက်ချလိုက်သည်။
"ဝမ်လင်းရဲ့ ဖျက်ဆီးနိုင်မှု စွမ်းအားဟာ
တောက်ယုတင်းကို မသတ်နိုင်ခင်၊
တောက်ယုတင်းရဲ့ ရေခဲဓားသွားက
ဝမ်လင်းရဲ့ လည်ပင်းကို ဖြတ်ပြီးသား
ဖြစ်သွားလိမ့်မယ်"

ကျောင်းကျုံချန်းက ပြတ်သားစွာ
ပြောလိုက်သည်။ "ဒါက အပြင်က

တကယ့်တိုက်ပွဲ ဖြစ်ခဲ့မယ်ဆိုရင်၊ နှစ်ယောက်စလုံးက သေသွားမှာပဲ။ ဒါပေမဲ့ အခုတော့ သူတို့က ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှာ ရှိနေခဲ့တော့, သူတို့က အသက်ရှင်နိုင်မယ်။ စက်ယန္တရားက ဘယ်သူ့ကို အရင်ကယ်မလဲ ဆိုတာကို ကြည့်ပြီးတော့၊ အနိုင်အရှုံးကို ဆုံးဖြတ်ပေးနိုင်မှာ ဖြစ်တယ်"

"ဒီပြိုင်ပွဲရဲ့ အနိုင်ရသူကတော့ နတ်ရေကန်ဂိုဏ်းက တောက်ယုတင်းပဲ ဖြစ်မယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရှုံးသွားပြီ!"

ရှီရှင်းယွမ်က ပုန်းကွယ်နေသော နဂါးချောက်ကို လှမ်းကြည့်လိုက်ပြီး ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နောက်ဆုံးမှာတော့ ရှုံးသွားပြီလား?"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရှုံးနိမ့်တော့မည် ဖြစ်သည်!

ပတ်ဝန်းကျင် တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။ အားလုံးသည် စိတ်လှုပ်ရှားမှု အပြည့်နှင့် မျက်တောင်များပင်

မခတ်ရဲကြချေ။ သူတို့သည် ရလဒ်တို့ကို အဆုံးအဖြတ်ပေးနိုင်သော၊ စက်ယန္တရား၏ ဝင်ရောက်ကယ်တင်မှုကို စောင့်မျှော်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရှုံးမည်မှာ သေချာနေပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တို့သည် အဆင့်တူလျှင် ဗိုလ်မထား ဟူသော ဒဏ္ဍာရီအဆိုသည် ကျိုးပျက်သွားတော့မည် ဖြစ်သည်!

သူတို့သည် တောက်ယုတင်းက
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်
ရှိနေပြီး၊ ဝမ်လင်းက စဦးပိုင်း အဆင့်မှာသာ
ရှိခြင်းကို ထည့်မတွက်ကြပေ။ အကယ်၍
တကယ့်တိုက်ပွဲသာဆိုလျှင်၊
နှစ်ယောက်စလုံးက ကြွေလွင့်သွားကြမည်သာ
ဖြစ်သည်။

အားလုံးက စိုက်ကြည့်နေကြသည်၊
ဝမ်လင်းက သူ၏ညာလက်မှ အထီးကျန်
သေမင်းလက်မနှင့်အတူ၊ ဘယ်လက်ကို
ဆန့်ထုတ်လိုက်ခြင်းအား ကြည့်နေကြခြင်း
ဖြစ်သည်။ သို့သော်လည်း သူသည်

တောက်ယုတင်းအား ထိုးလိုက်ခြင်း မဟုတ်ပေ၊ သူ့ကိုယ်သူသာ ထိုးလိုက်ခြင်း ဖြစ်သည်။

အိုး?

ဘာများဖြစ်သွားသနည်း?

အားလုံးက ထိတ်လန့်တုန်လှုပ်သွားကြသည်။ အင်မော်တယ် ဝိညာဉ် အဆင့်နှင့် အခြေတည်ဝိညာဉ် အဆင့်မှ အကြီးအကဲများ အပါအဝင် ဖြစ်သည်။

ဝမ်လင်းသည် သူ၏လည်ပင်းကို ဖြတ်တောက်သွားသော ရေခဲဓားသွားအား ကြည့်နေခဲ့၍၊ တိုးညှင်းစွာနှင့် ပြောလိုက်သည်။ အိမ်မက်ယောင်နေရင်း ပြောနေသည့်အတိုင်း ဖြစ်သည်။

"ဟေးဒီးစ် နတ်လက်ချောင်း၊ ပြန်လည်မွေးဖွားခြင်း!"

ဝမ်လင်းက ဟေးဒီးစ် နတ်လက်ချောင်းအား စတင်တီထွင်သည့် အချိန်မှစ၍၊ သူသည် တတိယလက်ချောင်းအား ပြီးဆုံးအောင် ဖန်ဆင်းနိုင်ခြင်း မရှိသေးပေ။ သို့သော်လည်း

ယခုအချိန်တွင်၊ သူသည် ပုန်းကွယ်နေသော
နဂါးချောက် အတွင်းတွင်၊
သူ့အားဖော်ထုတ်ခဲ့လိုက်သည်။

ဝမ်လင်း၏ ခန္ဓာကိုယ်မှ အနက်ရောင်
ခတ်ငွေ့များသည် ပေါ်ထွက်လာခဲ့ကာ၊
ရေခဲခဲသွား ဖြတ်တောက်ခဲ့သည်
နေရာတဝိုက်တွင် စုစည်းလာခဲ့သည်။
သူတို့သည် အပ်နှင့်ပြန်ချုပ်နေသည့် အလား၊
ဒဏ်ရာများကို ကုစားပေးနေခဲ့သည်။

နောက်တစ်ချိန်တွင် အနက်ရောင်
အလင်းတန်းလေးတစ်ခုက

လင်းလက်သွားခဲ့ကာ၊ ဝမ်လင်း၏
ခန္ဓာကိုယ်သည် လုံးဝ အကောင်းပကတိ
ပြန်ဖြစ်သွားခဲ့သည်။ တောက်ယုတင်း၏
ဖြတ်တောက်မှုကို တစ်ခါမှ မခံလိုက်ရသကဲ့သို့
ဖြစ်သည်။

ပုန်းကွယ်နေသော နဂါးချောက်၏
အကာအကွယ်စနစ်သည်
အသက်မဝင်လာခဲ့ပေ၊
အဘယ်ကြောင့်ဆိုသော် ဝမ်လင်း၏
ပြန်လည်ပြုပြင်ခြင်း စနစ်သည် ခြေတစ်လှမ်း
ဦးသွားသောကြောင့် ဖြစ်သည်။
ပုန်းကွယ်နေသော နဂါးချောက်သည်

ဝမ်လင်းက တောက်ယုတင်း၏
တိုက်ခိုက်မှုကြောင့် မသေနိုင်ဟု
ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူက
အသက်မဝင်ရခြင်း ဖြစ်သည်။

ချောက်၏ ပြင်ပမှ လူအားလုံးတို့သည်
မေးရိုးများ အောက်ပြုတ်ကျကုန်ကြသည်။
"ဒါ.. ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ?!"

သူတို့က ဘာတွေကိုများ
မြင်လိုက်ကြရသနည်း?

သူတို့မြင်လိုက်ကြရသည့် အရာမှာ ယုံနိုင်ဖွယ် မကောင်းလှသည် မဟုတ်ပါလော?

"ဝမ်လင်းက မသေနိုင်ဘူးလို့တော့ မပြောနဲ့နော်!"

ဝမ်လင်းသည် အင်မော်တယ် မဟုတ်ချေ။ ပြန်လည်မွေးဖွားခြင်း လက်ချောင်းသည် အကန့်အသတ် များစွာရှိ၍၊ ဝမ်လင်းသည် အချိန်အကြာကြီးနေမှ တစ်ခေါက်သာ အသုံးပြုနိုင်ပေသည်။ သို့သော်လည်း တစ်ခေါက်သည်ပင် သူ့အတွက် လုံလောက်နေပြီ ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည်၊ ဝမ်လင်းအား ငြိမ်သက်စွာ စိုက်ကြည့်နေကြသည်။ အချိန်အတော်ကြီးကြာမှ ရှီကျုံးယွဲ့က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဖျက်ဆီးခြင်း စွမ်းအားတွေအပြင်၊ သူက အသက်စွမ်းအားတွေရဲ့ သဘောတရားကိုပါ နားလည် သဘောပေါက်နိုင်ခဲ့တယ်"

အသက်စွမ်းအားနှင့် ဖျက်ဆီးခြင်း စွမ်းအားတို့သည် အင်အားအကောင်းဆုံး သဘောတရားများ ဖြစ်ကြသည်။

တစ်စုံတစ်ယောက်က သဘောပေါက်
နားလည်နိုင်ခြင်းသည်၊ သူ၏
ကံကောင်းခြင်းဖြစ်သည်။ ထိုအထဲတွင်
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများပင် ပါဝင်နေသည်။

သို့သော်လည်း သူတို့သည်၊ အခြေခံအုတ်မြစ်
စဦးပိုင်း အဆင့်က ကျင့်ကြံသူ
တစ်ယောက်က ထုတ်ဖော်ပြသခဲ့ခြင်းကို၊
မျက်ဝါးထင်ထင် တွေ့မြင်ခဲ့လိုက်ကြရသည်။
ဒါသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများအား ဝမ်းနည်းပူဆွေးမှုများ
ဖြစ်စေခဲ့သည်။

အလင်းဓားမြန် ဓားမာစတာက ချက်ချင်းဝင်ပြောလိုက်သည်။ "နောက်ထပ် ဆက်ပြိုင်ဖို့ မလိုတော့ဘူး။ အခြေခံအုတ်မြစ် အဆင့်ရဲ့ အထဲမှာ အသန်မာဆုံး တပည့်က ဝမ်လင်းဖြစ်တာ သေချာသွားခဲ့ပြီ"

သူက လင်းဖုန်းအား ကြည့်ကာ ပြောလိုက်သည်။ "မာစတာလင်းကို ဂုဏ်ပြုပါတယ်"

"ခင်ဗျားက အရမ်းကြြင်နာတာပဲ" လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ၊ ဝမ်လင်းအား ကြည့်လိုက်သည်။

ချောက်အတွင်းတွင်၊ သူ၏ အထီးကျန် သေမင်းလက်မ၏ စွမ်းအားများသည် တောက်ယုတင်းအား လွှမ်းခြုံသွားသည်ကို ဝမ်လင်းက ကြည့်နေခဲ့သည်။ ဖျက်ဆီးခြင်း စွမ်းအားများသည် သူတို့၏ အစွမ်းများကို စတင်ပြသနေကြပြီ ဖြစ်သည်။ တောက်ယုတင်းသည် ခုခံနိုင်စွမ်း မရှိခဲ့ပဲ၊ ပုန်းကွယ်နေသော နဂါးချောက်၏

အကာအကွယ် ယန္တရားက သူမအား ကယ်တင်ခဲ့သည်ကို ကြည့်နေခဲ့ရသည်။

သူမသည် အလွန်အမင်း ဖြူဖျော့နေခဲ့သော်လည်း၊ ဝမ်လင်းအား စူးရှစွာ စိုက်ကြည့်နေခဲ့သည်။ သူမသည် စိတ်မာန်လျှော့လိုက်ခြင်း အလျဉ်းမရှိခဲ့ပေ။ သို့သော်လည်း သူမ၏ ဥပေက္ခာ အပြည့်နှင့် အမူအရာတို့တွင်၊ သူမ၏ စိတ်ခံစားချက် အချို့ကို တွေ့မြင်နေနိုင်သည်။

လေးစားခြင်း၊ ခံပြင်းဒေါသထွက်ခြင်း၊ အံ့ဩတုန်လှုပ်ခြင်း၊ သိချင်နေခြင်း…

အစရှိသော စိတ်ခံစားမှုပေါင်း များစွာတို့သည် သူမ၏ အကြည့်အတွင်းတွင် တွေ့နေနိုင်သည်။ နောက်ဆုံးတွင် ခေါင်းမာခြင်းတွင် ရပ်တန့်သွားခဲ့သည်။ သူမသည် အနိုင်မခံ အရှုံးမပေးပဲ၊ ဝမ်လင်းအား စူးရှစွာ စိုက်ကြည့်နေခဲ့သည်။

ဝမ်လင်းသည်လည်း သူမအား တိတ်ဆိတ်စွာ စိုက်ကြည့်နေခဲ့ကာ၊ ရုတ်တရက် တစ်စုံတစ်ခုအား ပြောလိုက်သည်။

"ပြိုင်ဘက်တစ်ယောက် အနေနဲ့၊ မင်းက သိပ်မဆိုးပါဘူး"

# စာစဥ် ၁၇ : အပိုင်း ၅

## အပိုင်း ၂၉၅ : ပြင်းထန်သော စတင်မှုနှင့် စိတ်ပျက်ဖွယ်ရာ အဆုံးသတ်

ဝမ်လင်း၏ မှတ်ချက်ကို ကြားရပြီးသော အခါတွင်၊ တောက်ယုတင်းသည် ဒေါသထွက်သွား၏။ ဝမ်လင်း၏ တည်ငြိမ်သော အမူအရာ၏ အောက်တွင် လေးနက်မှုများကို သတိထားမိခဲ့သော်လည်း၊ သူမသည် ဘာစကားမှ ပြန်မပြောနိုင်တော့ချေ။

ရလဒ်တို့ကို အတည်ပြုပြီး ဖြစ်သွားခဲ့ပြီ။
တောက်ယုတင်းသည် ဝမ်လင်း၏ အထီးကျန်
သေမင်းလက်မအား ရင်ဆိုင်လိုက်ရသည့်
အချိန်တွင်၊ ပုန်းကွယ်နေသော နဂါးချောက်၏
အကာအကွယ် စနစ်က
အသက်ဝင်လာခဲ့သည်။ ဝမ်လင်းမှာမူ
တောက်ယုတင်း၏ ရေခဲခဲသွားအား၊
ပြန်လည်မွေးဖွားခြင်း လက်ချောင်းဖြင့်
ရှောင်လွှဲနိုင်ခဲ့သည်။ အနိုင်နှင့် အရှုံးကြားတွင်
မျဉ်းကြောင်းပါးပါးလေးသာ ခြားနားထားခြင်း
ဖြစ်သည်။

ဝမ်လင်းသည် အမှန်တကယ်ဆိုလျှင်၊ အကြီးအကျယ် စွန့်စားခဲ့ရခြင်း ဖြစ်သည်။ ပြန်လည်မွေးဖွားခြင်း လက်ချောင်းသည် အသုံးဝင်ဖို့ဆိုလျှင်၊ အခြေအနေ အချိန်အခါများ ဆီလျှော်မှသာ အလုပ်ဖြစ်မည် ဖြစ်သည်။ အနည်းငယ်သာ အတိမ်းအစောင်း ဖြစ်သွားပါက၊ သူသည် ကျရှုံးသွားမည် ဖြစ်သည်။

လင်းဖုန်း၏ လမ်းညွှန်မှုအောက်တွင် ဝမ်လင်းသည် ဖျက်ဆီးခြင်း စွမ်းအားများ အပြင်၊ အသက်စွမ်းအား၏ သဘောတရားတို့ကို လေ့လာနေခဲ့ခြင်း

ဖြစ်သည်။ လတ်တလောတွင် သူသည် သူ၏
သဘောတရား အချို့ကို သဘောပေါက်
နားလည်နိုင်ခဲ့ပြီး၊ သူ၏ တတိယလက်ချောင်း၊
ဟေးဒီးစ် နတ်လက်ချောင်း
ပြန်လည်မွေးဖွားခြင်းအား
အပြီးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုမှော်ကျိန်စာ၏ အဓိက ရည်ရွယ်ချက်မှာ
ဒဏ်ရာများကို ကုစားပေးပြီး၊ မိမိ၏
အုပ်စုအား ကူညီပေးရန် ဖြစ်သည်။

အသက်စွမ်းအင် ဖန်ဆင်းခြင်း၏
စွမ်းအားများကို အသုံးပြု၍၊ သူသည်

ဒဏ်ရာများကို ကုစားပေးနိုင်သည်။
သေအံ့မူးမူး ဖြစ်နေသော သူကိုပင်လျှင်၊
သေမင်းခံတွင်းဝမှ
ပြန်လည်ဆွဲယူနိုင်ပေသည်။

သို့သော်လည်း ဒါသည် သီအိုရီအရသာ
စဉ်းစားနေခြင်း ဖြစ်သည်။ ဝမ်လင်း၏
ကျင့်ကြံမှု အဆင့်အတန်းနှင့် တစ်ဘက်လူ၏
ဒဏ်ရာ ပြင်းထန်မှုကိုလည်း
ထည့်သွင်းစဉ်းစားရဦးမည် ဖြစ်သည်။

ပြန်လည်မွေးဖွားခြင်း လက်ချောင်း၏ အခြေခံ
သဘောတရားမှာ၊ ဖျက်ဆီးခြင်း

စွမ်းအားများ၏ အလားအလာများကို
အစွမ်းကုန် မြှင့်တင်ခြင်း ဖြစ်သည်။
အစွန်းနှစ်ဘက်တို့၏ အားကုန်ယှဉ်ပြိုင်မှုကို
အသုံးချကာ၊ ဖျက်ဆီးခြင်း ခေတ်ငွေ့များအား
အသက်စွမ်းအားကို အားဖြည့်စေ၍၊
လူတစ်ယောက်၏ အသက်စွမ်းအင်အား
အားဖြည့်ပေးခြင်း ဖြစ်သည်။

ထို့ကြောင့် ပြန်လည်မွေးဖွားခြင်း
လက်ချောင်းအား အသုံးပြုပြီးသည်နှင့်၊
ဝမ်လင်း၏ မှော်စွမ်းအင်တို့သည်
လုံးဝကုန်ခမ်းသွားပြီ ဖြစ်သည်။
အချိန်အတော်ကြီး ကြာလျှင်ပင်၊ သူသည်

ငရဲကမ္ဘာ မြစ်ရေ၏ ဖျက်ဆီးခြင်း အဆင့်သို့
ဝင်ရောက်နိုင်မည် မဟုတ်ပေ။

လောလောဆယ်တွင် ထိုမှော်ကျိန်စာအား
ဝမ်လင်းသည်၊ ကိုယ့်ကိုယ်ပေါ်တွင်သာ
ပြန်လည် အသုံးချနိုင်သေးသည်။ မှော်စွမ်းအင်
အလေအလွင့် ဖြစ်မည်ကို
ကာကွယ်နိုင်သည့်အပြင်၊
အကျိုးသက်ရောက်မှုသည် ပို၍
အားကောင်းမည် ဖြစ်သည်။

သို့သော်လည်း အချိန်ကိုက် ထုတ်လွှတ်နိုင်ရန်၊
အချိန်အဆသည် အလွန်ကို ခက်ခဲလှ၏။

သူ့အား အချိန်စော၍ အသုံးပြုလိုက်ပါက၊ အလဟသ ဖြစ်သွားပေလိမ့်မည်။ အကယ်၍ နောက်ကျသွားပြန်လျှင်လည်း၊ သူသည် သေပြီးသား ဖြစ်သွားပေမည်။ မော်စွမ်းအင်သည် လုံး၀ ကုန်ခမ်းသွားပြီ ဖြစ်သဖြင့်၊ ထိုမော်ကျိန်စာသည် လုံး၀ကို အသုံးကျတော့မည် မဟုတ်ချေ။

ရန်သူ၏ တိုက်ခိုက်မှုသည် ကိုယ့်အပေါ်တွင် ကျရောက်ခါနီးမှ၊ လိုအပ်သော အကျိုးသက်ရောက်မှုများကို ရရှိစေရန်၊ အချိန်ကိုက် အသုံးပြုရခြင်း ဖြစ်သည်။

ဒါသည် ဝမ်လင်း၏ ပြန်လည်မွေးဖွားခြင်း လက်ချောင်းအား ပထမဆုံး အကြိမ်အဖြစ် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ သူအား အောင်မြင်စွာ အသုံးချနိုင်ခြင်းသည် အလွန်ကံကောင်း၍ ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် သူ့အား အဆုံးစွန်အထိကို ဖိအားပေးနိုင်ခဲ့သော၊ တောက်ယုတင်းအား အံ့ဩချီးကျူးမိခြင်း ဖြစ်သည်။

အစောပိုင်းက သူသည် တောက်ယုတင်း၏ ရေခဲဓားသွားအား ရင်ဆိုင်ခဲ့ရာတွင်၊

ဝမ်လင်းသည် အထီးကျန် သေမင်းလက်မဖြင့် တံ့ပြန်ခဲ့သည်။ သူ၏ တိုက်စစ်ဆင်မှုသည် အမှန်ဆိုရလျှင်၊ ရဲဝံ့သော စွန့်စားမှု တစ်ခုဟု ပြော၍ရသည်။ သူသည် တောက်ယုတင်းက သေရမည်ကို စိုးရွံ့၍၊ နောက်ဆုတ်သွားမည်လောဟု စမ်းသပ်လိုက်ခြင်း ဖြစ်သည်။

ပုန်းကွယ်နေသော နဂါးချောက်၏ အကာအကွယ်နှင့်ပင်လျှင်၊ လူအတော်များများသည် သေမင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရသော အချိန်တွင်၊ အလိုအလျှောက် ကိုယ့်ကိုယ်ကိုယ်

ကာကွယ်မှုများ ပြုလုပ်တတ်ကြသည် မဟုတ်ပါလော။

သို့သော်လည်း တောက်ယုတင်းသည်၊ သူမ၏ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုစိတ်အား ချိုးနှိမ်ထားနိုင်ခဲ့သည်။ သူမသည် နောက်တစ်ချက်မှ မရှုံ့ပဲ ဝမ်လင်းအား တိုက်ခိုက်ခဲ့သည်။ သူမ၏ အသက်အားရင်း၍၊ အလောင်းအစား လုပ်နိုင်ခဲ့သည်။

နောက်ဆုံးတွင် ဝမ်လင်း၏ ပြန်လည်မွေးဖွားခြင်း လက်ချောင်းကြောင့်သာ မဟုတ်လျှင်၊

သူသည် တောက်ယုတင်းအား ရှုံးနိမ့်သွားမည် ဖြစ်သည်။

ဝမ်လင်းအတွက်မူ ဤတိုက်ပွဲသည်၊ သူ၏ တိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။

ပုန်းကွယ်နေသော နဂါးချောက်၏ အပြင်ဘက်တွင်၊ အလင်းခေးမြန် ခေးမာစတာက ဝမ်လင်းသည် ဤစိတ်ဝိညာဉ် အစည်းအဝေး၏ အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူများ အတွင်းတွင်၊

အစွမ်းအထက်ဆုံးဖြစ်သည်ဟု
ကောက်ချက်ချနေခဲ့သည်။

ကျန်ရှိနေသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများသည်
တိတ်ဆိတ်နေကြသော်လည်း၊ သူတို့သည်
ထိုအဆိုအား သဘောတူပုံ ပေါက်နေကြသည်။

လူအားလုံးတို့သည် အလင်းဓားမြန်
ဓားမာစတာ၏ စကားတို့အား
ကြားလိုက်ကြသော်လည်း၊ ရုတ်ရုတ်သဲသဲ
ဖြစ်မသွားကြပေ။

အဘယ်ကြောင့်ဆိုသော်၊ နောက်ဆုံးဖိုင်နယ် တိုက်ပွဲသည် ဝမ်လင်းနှင့် ယွဲ့ဟုန်ယန်တို့ အကြားက တိုက်ပွဲဖြစ်သောကြောင့် ဖြစ်သည်။

ဝမ်လင်းသည် ရှုံးနိမ့်သွားလျှင်ပင်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ပြောစမှတ်ပြုဖွယ်အဖြစ် ကျန်ခဲ့မည် ဖြစ်သည်။

လင်းဖုန်းက ချောင်ဝေအား လှမ်းကြည့်လိုက်ရာ၊ ချောင်ဝေကသူ့အား တည်ငြိမ်စွာဖြင့် ပြန်စိုက်ကြည့်လိုက်သည်။

သူက ခေါင်းကိုညိတ်ပြလိုက်၍၊ သူ၏ အကျီလက်ဝအား ဆွဲယမ်းလိုက်သည်။ ဒိုင်မန်းရှင်း အလင်းတန်း တစ်ခုက ကောင်းကင်တွင် ပေါ်လာခဲ့ကာ၊ အဘိုးအိုတစ်ယောက်၏ ပုံရိပ်ကို ဖော်ပြခဲ့သည်။

ထိုအဘိုးအိုသည် ချောင်ဝေအား မြင်လိုက်သောအခါ၊ ဦးညွတ်၍ နှုတ်ဆက်လိုက်သည်။ "မာစတာ၊ ကျွန်တော့်ကို ဘာများခိုင်းဖို့ ရှိပါသလဲ?"

ချောင်ဝေက ပြန်ဖြေလိုက်သည်။ "ကမ္ဘာကို ဗဟိုပြုတဲ့ မီးကြာပန်းကို မီးတောင်အဝအထဲကနေ ကိုင်းဆက်ပွားပြီး ယူလာခဲ့၊ ပြီးရင် ငါ့ကို မဟာချင်ရဲ့ မြောက်ပိုင်းလေပြင်း ပင်လယ်ကိုလာပို့။ တစ်ခါတည်း စက်ဝိုင်းကိုးဝိုင်း သစ်ခွကိုလည်း ရှာပြီး ငါ့ကိုလာပို့"

ထိုအဘိုးအိုသည် အံ့အားသင့်သွားခဲ့သော်လည်း၊ ဘာမှ ပြန်မပြောခဲ့ပေ။ သူသည် အနည်းငယ် ချီတုံချတုံ ဖြစ်ပြီးနောက်တွင်၊ ဦးညွတ်ကာ

ပြောလိုက်သည်။ "မာစတာရဲ့
အမိန့်အတိုင်းပါ"

အလင်းတန်း ဒိုင်မန်းရှင်းက
ကွယ်ပျောက်သွားသောအခါ၊ ချောင်ဝေသည်
ပုန်းကွယ်နေသော နဂါးချောက် အတွင်းမှ
ထွက်လာသော၊ ဝမ်လင်းနှင့်
တောက်ယုတင်းအား ခပ်တည်တည်နှင့်ပင်
ကြည့်လိုက်သည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "ဘိုးတော်ကြီး၊
မင်းရဲ့ ရည်ရွယ်ချက်တွေကို
ပထမတစ်ခေါက်မှာ

မဖော်ထုတ်နိုင်သေးရင်လည်း၊ ကိစ္စမရှိပါဘူး။
နောက်တစ်ခေါက်ဆိုတာ အမြဲရှိတာပဲ"

သူသည် လောင်းကြေးအား
တိုးမြှင့်လိုက်ရခြင်းမှာ၊ ချောင်ဝေအား
စမ်းသပ်နေခြင်းဖြစ်သည်။ သူသည်
ချောင်ဝေက ဘာကိုလိုချင်နေသနည်း
ဆိုသည့်ကို စူးစမ်းနေခြင်းဖြစ်သည်။

ထိုအခါ ချောင်ဝေက မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ခက်အား
တောင်းဆိုခဲ့သည်။ ဒါသည်
ယုကျင်းတောင်ပေါ်က ကျောက်တုံးတစ်စနှင့်

လိုက်ဖက်ညီသည်။ သို့သော်လည်း
လင်းဖုန်းက ဒါသည့် ချောင်ဝေက သူ့အား
စိတ်ပျံ့လွင့်စေရန် ကြိုးစားနေခြင်း
ဖြစ်သည်ဟု ပိုမိုသေချာနေခဲ့သည်။

သူ၏ အဓိက ရည်မှန်းချက်များသည်
ကွဲပြားပေလိမ့်မည်။

လင်းဖုန်းသည်
လျှောက်တွေးနေခဲ့သော်လည်း၊
သက်သေပြနိုင်ခြင်း မရှိခဲ့သေးပေ။
သို့သော်လည်း သူသည် စိုးရိမ်နေခြင်း
အလျဉ်းမရှိခဲ့ပေ။ အကယ်၍ ချောင်ဝေက

တကယ်သာ လိုချင်ပါက၊ သူသည် အနေးနှင့်
အမြန် ထုတ်ဖော်လာရမည် ဖြစ်သည်။

ဝမ်လင်းသည် ပုန်းကွယ်နေသော နဂါးချောက်
အတွင်းမှ ထွက်လာခဲ့၍၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ရှိရာဘက်သို့
လျှောက်လှမ်းလာခဲ့သည်။
အခြားကျင့်ကြံသူများသည် သူ့အား
ရှုပ်ထွေးသော မျက်နှာထားများဖြင့်
လှမ်းကြည့်နေကြသည်။

လင်းဖုန်း၏ အခြေခံအုတ်မြစ် အဆင့်မှ
ပြိုင်ပွဲအား ဝင်ပြိုင်ကြသည့်

တပည့်များအနက်၊ သူ၏ အောင်ပွဲအပြီး၌
အကြီးမားဆုံး တုံ့ပြန်မှုများအား
ဖန်တီးနိုင်သောသူကို ပြပါဆိုလျှင်၊
သံသယဖြစ်ဖွယ် မရှိပဲ ဝမ်လင်းကိုသာ
ညွှန်ပြရပေလိမ့်မည်။

ထို့အပြင် သူ၏ ကျင့်ကြံမှု အဆင့်သည်
အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှာသာ
ရှိသေးပြီး၊ စိတ်ဝိညာဉ် တာဝါကိုပင်
မထူထောင်ရသေးပေ။အခြားတစ်ဘက်တွင်
သူ၏ ပြိုင်ဘက်များ အားလုံးသည်၊
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်မှ
သူများဖြစ်ကြသည်။ သူတို့သည် သူတို့၏

ဂိုဏ်းများတွင် ထိပ်ဆုံးမှသူများ ဖြစ်ကြပြီး၊ ရွေရောင်ဗဟိုချက် အဆင့်သို့ရောက်ရန် ခြေတစ်လှမ်းသာ လိုကြသော သူများဖြစ်ကြသည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင်၊ ဝမ်လင်းသည် သူ၏ပြိုင်ဘက်များ အားလုံးတို့ကို ကျော်လွှားနိုင်ခဲ့သည်။ သူ၏ ကြီးစိုးလွှမ်းမိုးနိုင်မှုသည်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် အဆင့်တူလျှင် ဗိုလ်မထားဟူသော အဆိုအား သက်သေပြလိုက်ခြင်း ဖြစ်သည်။

သူပေးစွမ်းနိုင်သည့် ဗိုလ်ကျလွှမ်းမိုးနိုင်သော ခံစားမှုသည်၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ထက်ပို၍ အားကောင်းပေသည်။

ကျောင်ကျုံချန်းသည် ဝမ်လင်းအား စပ်စုစွာနှင့် ကြည့်လိုက်ပြီး၊ သူ၏ အကြည့်တို့သည် ဇူရီထံသို့ ရောက်သွားခဲ့သည်။ "အစပထမက ဇူရီက ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်က ကျင့်ကြံမှုနဲ့၊ အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲကို အနိုင်ယူနိုင်တယ်ဆိုတဲ့ အကြောင်းကို ကြားခဲ့တုံးက၊ ငါက မယုံနိုင်ခဲ့ဘူး"

"အခုတော့ ဒီဂျူနီယာရဲ့ စွမ်းဆောင်ရည်ကို ကြည့်လိုက်ပြီးတော့၊ ငါက လက်ခံသွားနိုင်ခဲ့ပြီ" သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပွင့်လာခဲ့သည်။ "ငါက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေနဲ့ ယှဉ်ပြိုင်ဖို့ကို မစောင့်နိုင်တော့ဘူး"

ရှီရှင်းယွမ်သည် တစ်ခုခုပြောမည်ကြံလိုက်သော်လည်း၊ ရှီဆောင်ချန်းက တောက်ယုတင်းအား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၍၊ သူ့အား အလျှင်အမြန်ပင် အဝေးသို့ ဆွဲခေါ်သွားခဲ့သည်။ သူမသည်

ကျောင်ကျုံချန်းဘက်သို့ လှည့်ကြည့်ကာ ပြုံးလိုက်ရင်း၊ "နင့်ရဲဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ဒါပေမဲ့ ငါကတော့ သူတို့နဲ့ မတွေ့ချင်ဘူး"

"ငါက ထောင်ယောင်ယောင်နဲ့သာ အကွက်သုံးရာလောက် ချချင်နေတာ"

ကျောင်ကျုံချန်းက ရယ်လိုက်သည်။ "ထောင်ယောင်ယောင်ကတော့ နင့်လိုမျိုး တွေးချင်မှ တွေးနေမှာ"

ဝမ်လင်းသည် အခြားလူများ၏ အထင်အမြင်များနှင့် အကြည့်တို့အား ဂရုမစိုက်ခဲ့ပေ။ သူ၏ မျက်မှောင်များကို ကြုတ်နေ၍၊ တစ်စုံတစ်ခုအား စဥ်းစားနေပုံရသည်။

သူသည် လင်းဖုန်းအနားသို့ ပြန်ရောက်မှသာ၊ သတိပြန်ဝင်လာခဲ့သည်။ သူသည် လင်းဖုန်းအား နှုတ်ဆက်လိုက်ပြီး ရုတ်တရက် ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော်က အသက်စွမ်းအင်နဲ့ ဖျက်ဆီးခြင်း စွမ်းအင်တို့ရဲ့ သဘောတရားတွေ အပေါ်မှာ၊ အတွေးအမြင် အသစ်တချို့ကို နားလည်နိုင်ခဲ့လို့၊ ပိုပြီးတော့

သဘောပေါက်နိုင်အောင် တရားထိုင်ပြီး
လေ့ကျင့်ချင်နေတယ်ဗျ"

"ကျွန်တော်က နောက်ဆုံးဖိုင်နယ်ပွဲကို
မပြိုင်တော့ဘူး"

သူ၏စကားဆုံးသည်နှင့်၊ ရှောင်ပုတန်လေးနှင့်
ကျန်သောသူများ အားလုံးက
အံ့အားသင့်သွားကြသည်။ သို့သော်လည်း
သူတို့သည် သူ၏ ဆုံးဖြတ်ချက်အား
နားလည်နေလေသည်။

သူတို့သည် ဝမ်လင်းက သူအခုလေးတင် အသုံးပြုခဲ့သော၊ မှော်ကျိန်စာ အသစ်၏ နောက်ကွယ်မှ သဘောတရားများကို နားလည်အောင် ကြိုးစားချင်နေသည်မှာ၊ တစ်ပိုင်းသေနေသည်ဟု သဘောပေါက်နေကြသည်။ သူတို့သည်လည်း ယခင်က ယခုလိုမျိုး အတွေ့အကြုံမျိုးကို တွေ့ကြုံဖူးကြသည်။

ထို့အပြင် သူသည် ရုတ်တရက် ဉာဏ်အလင်း ပွင့်လာမှုအား အပိုင်အသုံးမချနိုင်ခဲ့ပါက၊ နောက်ပိုင်းတွင် အခွင့်အရေး ထပ်ရရန် မလွယ်ကြောင်းကိုလည်း သိနေပေသည်။

ယွဲ့ဟုန်ယန် တစ်ယောက်သည်သာ အနည်းငယ် အားမလို အားမရ ဖြစ်နေခဲ့သည်။ ဝမ်လင်းနှင့် တောက်ယုတင်းတို့၏ ပြိုင်ပွဲအား ကြည့်ရှုအပြီးတွင်၊ သူမ၏ အဒရီနလင် ဟော်မုန်းများသည် ဆူပွက်နေခဲ့၍၊ သူနှင့် ယှဉ်ပြိုင်လိုစိတ် ပြင်းထန်နေခဲ့သည်။ သူမသည် ယခင်က ရှီဆောင်ချန်းနှင့် တိုက်ခိုက်သည်ထက် ပို၍၊ ပွဲကြီးပွဲကောင်း ဖြစ်မည်ဟု ယုံကြည်နေခဲ့သည်။

သို့သော်လည်း သူမသည် ဝမ်လင်းဆုံးဖြတ်ချက်၏ အခြေခံ အကြောင်းတရားတို့ကို နားလည်နိုင်ခဲ့သည်။

"စတုတ္ထ ဂျူနီယာ၊ ပြန်လည်မွေးဖွားခြင်း လက်ချောင်းကို အသုံးပြုပြီးနောက်မှာ၊ ငါက ငရဲကမ္ဘာ မြစ်ရေရဲ့ ဖျက်ဆီးခြင်း အဆင့်ကို ဝင်ရောက်လို့ မရတော့ဘူး။ နင်နဲ့ ယှဉ်ပြိုင်မယ် ဆိုရင်လည်း၊ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်တော့ဘူး"

ဝမ်လင်းက ယွဲ့ဟုန်ယန်အား တောင်းပန်သကဲ့သို့ ကြည့်လိုက်သည်။ သူ၏

ကိုယ်ပိုင် ဂိုဏ်းအဖွဲ့ဝင်များနှင့် ဆက်ဆံမှုသာ၊
သူ၏ ခံစားချက် အစစ်အမှန်ကို
ထုတ်ဖော်ပြမည် ဖြစ်သည်။

သူသည် သူ၏ ကိုယ်ပိုင်
ကျော်ကြားမှုများကိုမမက်မောချေ။
ဘာပဲပြောပြော၊ နောက်ဆုံးရလဒ် မည်သို့ပင်
ဖြစ်ဖြစ်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ဂိုဏ်းသတင်းအား အုတ်မြစ်ချနိုင်ခဲ့ပြီ
မဟုတ်ပါလော။

သူသည် အမြဲတမ်း ကိုယ်ကျိုးစွန့်ကာ၊
အလိုဆန္ဒ ကင်းမဲ့နေသည်တော့ မဟုတ်ပေ။

သူသည် အပေါ်ယံဆန်သော ကျော်ကြားမှုများကို ဂရုမစိုက်ခြင်းသာ ဖြစ်သည်။

ယွဲ့ဟုန်ယန်သည်လည်း သူမ၏ခေါင်းကို နောင်တရစွာဖြင့် ညိတ်ပြလိုက်သော်လည်း၊ မျက်နှာပေါ်မှ အပြုံးမပျက်ခဲ့ပေ။ "တတိယ စီနီယာရဲ့ တရားထိုင်မှုကနေ၊ အကျိုးအမြတ်တွေ ရရှိပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ဝမ်လင်းသည်လည်း ပြန်ပြုံးပြလိုက်ကာ၊ သူ၏ခေါင်းကို ညိတ်လိုက်သည်။ သူသည်

လင်းဖုန်းအား ကြည့်လိုက်ရာ၊ လင်းဖုန်းက ပြုံးလိုက်ပြီး သူ၏လက်ချောင်းများနှင့် ထိလိုက်သည်။ ခရမ်းရောင် တိမ်တိုက်များဖြင့် ဖွဲ့စည်းထားသော ကောင်းကင်ကမ္ဘာငယ်လေး တစ်ခုသည် ပေါ်ထွက်လာခဲ့ကာ၊ ဝမ်လင်းအား အတွင်းသို့ ဆွဲသွင်းလိုက်သည်။

ဒါသည် ကိုယ်ပိုင် ကမ္ဘာငယ်လေး တစ်ခုနှင့်တူသည်။ ဝမ်လင်းသည် အတွင်းတွင် တရားထိုင်နေစဉ်တွင်၊ မည်သည့် အနှောက်အယှက်မှ ရှိမည် မဟုတ်ပေ။

လင်းဖုန်းသည် ကောင်းကင်ကမ္ဘာငယ်လေးအား ဂရုတစိုက် သိမ်းဆည်းလိုက်၍၊ ရှီကျုံးယွဲ့နှင့် ကျန်သောသူများအား အခြေအနေကို ရှင်းပြလိုက်၏။

လောင်းကစား သူတော်စင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်၍၊ "သူက အဲ့ဒီအတွက် စိတ်လှုပ်ရှားနေတာ မဟုတ်ဘူးလား?"

အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည် အနည်းငယ်

အံ့အားသင့်နေကြသော်လည်း၊ သူတို့သည် လင်းဖုန်း၏ ရှင်းပြချက်များအား လက်ခံလိုက်ကြသည်။

သို့ဖြစ်၍ ယွဲ့ဟုန်ယန်သည် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး၏ အခြေခံအုတ်မြစ် အဆင့်မှ ပြိုင်ပွဲတွင် ချန်ပီယံ ဖြစ်သွားခဲ့သည်။

ဂိုဏ်းပေါင်းစုံမှ ကျင့်ကြံသူများသည် စုဝေး၍ ပြိုင်ပွဲအကြောင်းအား ဝေဖန်သုံးသပ်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
နောက်ဆုံးနှစ်နေရာ စလုံးကို သိမ်းပိုက်ခဲ့၍၊
အားလုံးတို့သည် နောက်ထပ်
ဂိုဏ်းတွင်းယှဉ်ပြိုင်မှုအား
ကြည့်ချင်နေကြသည်။ သို့သော်လည်း
ယခုအချိန်တွင် သူတို့က ထိုရလဒ်တို့အား
လက်ခံရုံသာ တတ်နိုင်ခဲ့ကြသည်။ ဒါသည်
ပြင်းထန်သော အစပိုင်း ဖြစ်သော်လည်း၊
စိတ်ပျက်ဖွယ်ရာ အဆုံးသတ် ဖြစ်သွားခဲ့သည်။

ဘာပဲပြောပြော သူတို့သည် တောက်ယုတင်း၊
သို့မဟုတ် ရှီဆောင်ချန်းအား ယွဲ့ဟုန်ယန်နှင့်
တိုက်ခိုက်ဖို့ မတောင်းဆိုနိုင်ပေ။ မဟာချင်

အင်ပါယာနှင့် နတ်ရေကန်ဂိုဏ်းတို့သည် မျက်နှာ အရေခွံ ထူခဲ့လျှင်ပင်၊ ထိုစကားများကို ပြောထွက်နိုင်မည် မဟုတ်ပေ။

ရှီကျုံးယွဲ့သည် ပုန်းကွယ်နေသော နဂါးချောက်အား အသာအယာ ပုတ်လိုက်ရာ၊ ထိုချောက်သည် အဆပေါင်းများစွာ ပို၍ ကြီးမားလာခဲ့သည်။ သူသည် ယခုအခါတွင် တောင်တစ်တောင်မျှ ကြီးမားသွားခဲ့ပြီ ဖြစ်သည်။

"အရင်နှစ်က လိုမျိုးပဲ၊ စိတ်ဝိညာဉ် အစည်းအဝေးကို ခေတ္တခဏ ရပ်နားပါမယ်"

ရှိကျုံးယွဲ့က ပုန်းကွယ်နေသော နဂါးချောက်အား လက်ညှိုးထိုး၍ ပြောလိုက်သည်။ "လူအားလုံးက လွတ်လွတ်လပ်လပ် သွားလာနိုင်ကြပါတယ်။ တကယ်လို့ တစ်ယောက်နဲ့တစ်ယောက် အလှဲအလှယ် ပြုလုပ်ချင်ရင်၊ ပုန်းကွယ်နေသော နဂါးချောက် အတွင်းကို ဝင်နိုင်ပါတယ်။ ရွှေရောင်ဗဟိုချက် အဆင့်က ပြိုင်ပွဲကို မနက်ဖြန် ဆက်လက်ပြီး ကျင်းပမှာ ဖြစ်ပါတယ်"

သူသည် ပြီးတာနှင့် လင်းဖုန်းအပါအဝင်၊ ကျန်သော အင်မော်တယ် ဝိညာဉ် အဆင့်မှ

အကြီးအကဲများအား
လှည့်ကာပြောလိုက်သည်။ "ကျုပ်တို့လည်း
ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီး၊
စကားလေးဘာလေး ပြောကြစို့။ ရေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာရဲ့ ဝင်ပေါက်ကို
သွားကြည့်ရအောင်၊ ကျုပ်ရဲ့နောက်ကို
လိုက်ခဲ့ကြပါ"

## စာစဥ် ၁၇ : အပိုင်း ၆

## အပိုင်း ၂၉၆ : လောင်းကြေးထပ်၍ ကျောက်တုံးအား ဖြတ်တောက်ခြင်း!

ယွဲ့ဟုန်ယန်၏ အခြေခံအုတ်မြစ် အဆင့်မှ ပြိုင်ပွဲ၏ ချန်ပီယံ သရဖူအား ဆောင်းသွားခြင်းကို၊ လူအတော်များများက မပျော်မရွှင် ဖြစ်နေကြသည်။

သို့သော်လည်း မည်သို့ပင် ဖြစ်စေကာမူ၊ ဝမ်လင်းသည် ငရဲကမ္ဘာ မြစ်ရေ၏ ဖျက်ဆီးခြင်း အဆင့်သို့ မဝင်နိုင်သဖြင့်၊ သူက ယွဲ့ဟုန်ယန်နှင့် တိုက်ခိုက်လျှင်လည်း ရလဒ်က အတူတူပင် ဖြစ်ပေလိမ့်မည်။

သို့သော်လည်း လူအတော်များများက ဤအချက်ကို မစဥ်းစားမိကြပေ။

သူတို့အများစုသည် ယူကြုံးမရ ဖြစ်နေကြသည်။ "အမှန်ဆိုရင် တောက်ယုတင်းက နိုင်သွားရမှာ"

ဝမ်လင်းက တောက်ယုတင်းနှင့် မယှဉ်ပြိုင်မီကပင်၊ လူအတော်များများတို့သည် တောက်ယုတင်းအား ဝမ်လင်းနှင့် ယှဲ့ဟုန်ယန်တို့ကို အနိုင်ယူနိုင်စေချင်နေကြသည်။

အကြောင်းရင်း တစ်ချက်မှာ သူတို့သည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား

အရမ်းလွှမ်းမိုးမှု မကြီးစေချင်နေပြီး၊
နောက်ဆုံးဖိုင်နယ်အား တစ်ဂိုဏ်းထဲမှ
အချင်းချင်း ယှဉ်ပြိုင်မှု မဖြစ်စေချင်ကြပေ။

နောက်ထပ် အကြောင်းရင်း တစ်ချက်မှာ၊
လူအတော်များများတို့သည် ယွဲ့ဟုန်ယန်နှင့်
တောက်ယုတင်းတို့၏ အကြားမှ တိုက်ပွဲအား
ကြည့်ချင်နေသောကြောင့် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် တိုက်ခိုက်မှုကို
မြတ်နိုးသော သိုင်းသမားဖြစ်သည်။ သူမသည်
ပထမ နေလခေါ်ဂိုဏ်းမှ စုံတွဲအား
ကျော်ဖြတ်နိုင်ခဲ့သည်။ ပြီးတာနှင့် သူမသည်

သူမနှင့် အတူတူ ထူးခြားသော၊ ဂျူနီယာ
ယန်ချင်အား အသာစီး ယူနိုင်ခဲ့သည်။
နောက်ဆုံးတွင် သူမသည် မဟာချင်
အင်ပါယာမှ၊ ရှီဆောင်ချန်းအား
အနိုင်ယူနိုင်ခဲ့သည်။

ယွဲ့ဟုန်ယန်၏ ဖိုင်နယ်သို့ ခရီးလမ်းသည်၊
ကြမ်းတမ်း၍ လမ်းတစ်လျှောက် ပိုပို၍
စိတ်ဝင်စားစရာ ကောင်းလာခဲ့သည်။
နောက်ဆုံးတွင် သူမအား ရပ်တန့်၍ မရနိုင်ပဲ၊
ဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့ပေသည်။

အမှန်ဆိုရလျှင် တောက်ယုတင်းသည်
အေးစက်သော သူတစ်ယောက်ဖြစ်သည်။
သူမသည် အလားတူပင် နေလဓားဂိုဏ်းမှ
စုံတွဲအား ပထမအဆင့်တွင်
အနိုင်ယူနိုင်ခဲ့သည်။ ပြီးတာနှင့် သူမသည်
သူမတို့၏ မဟာရန်သူဖြစ်သော၊
မြောက်ပိုင်းမျိုးနွယ်စုတို့မှ ကျင့်ကြံသူအား
ရေခဲလောင်ကျွမ်းခြင်းနှင့်
အနိုင်တိုက်နိုင်ခဲ့သည်။

ဝမ်လင်းနှင့် တိုက်ပွဲတွင် သူမသည်
မီးတောင်၏တေးသွားကို ဖော်ထုတ်၍၊ သူမ၏
အစွမ်းအစ အကုန်ကို ထုတ်ဖော်နိုင်ခဲ့သည်။

နောက်ဆုံးတွင် သူမသည်၊ ဝမ်လင်းအား သိသိလေးကပ်၍ ရှုံးသွားခြင်း ဖြစ်သည်။

တောက်ယုတင်း၏ စွမ်းဆောင်မှုများသည်လည်း အတူတူ မျက်စိကျစရာ ကောင်းသည်။ သူမနှင့် ယွဲ့ဟုန်ယန်တို့၏ ပြိုင်ပွဲကို မကြည့်ရသဖြင့်၊ လူအတော်များများသည် နောင်တများ ရနေကြသည်။

တောက်ယုတင်းအား ကြည့်လိုက်အပြီးတွင်၊ လင်းဖုန်းသည် သူ၏အာရုံတို့အား မဟာချင် အင်ပါယာ၏ အတွင်းသို့ ပို့လိုက်သည်။

ထိုနေရာတွင် တောက်ဇီချွမ်သည်
သူ၏ခေါင်းကို ငုံ့ထား၍၊ တောက်ယုတင်းနှင့်
မျက်နှာချင်း မဆိုင်ရဲခဲ့ပေ။

အခြားတစ်ဘက်တွင်မူ၊ ရှီဆောင်ချန်းသည်
ရှီရှင်းယွမ်၏ ပိတ်ဆို့ခြင်းအား ခံနေရသည်။
သူသည် အဆက်မပြတ် စောဒက
တက်နေကာ၊ ရယ်ဖွယ်ကောင်းနေပေသည်။

သို့သော် လင်းဖုန်းသည်
တောက်ယုတင်းထက်ပို၍၊ ရှီဆောင်ချန်းအား
အာရုံစိုက်နေခဲ့သည်။

သူသာမကပဲ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲပေါင်း များစွာတို့ကလည်း၊ ရှီဆောင်ချန်း၏ အပေါ်တွင် အာရုံစိုက်နေကြသည်။

သူသည် အမှန်တကယ်ပဲ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဆက်စပ်မှုများ ရှိနေခဲ့ကာ၊ လူများအား မျက်စိလည် စိတ်ရှုပ်ထွေးစေခဲ့သည်။ ရှီဆောင်ချန်းသည် အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်သာ ရှိသေးသော်လည်း၊ သူသည် အန်းလျှန်မင်းသား ရှီကျုံးယွဲ့နှင့်

သွေးသားတော်စပ်နေသောကြောင့်၊ သူ၏
အဆင့်အတန်းမှာ သာမန်မဟုတ်ပေ။

အန်းလျှန်မင်းသား၏ မိသားစုနှင့် မဟာချင်
အင်ပါယာ၏ လက်ရှိနန်းစံနေသော
တော်ဝင်မိသားစုတို့သည်၊ အမြဲတစေ
နီးကပ်သော ဆက်ဆံရေးများ ရှိနေကြသည်။

ရှီဆောင်ချန်းက ဒိုင်မန်းရှင်း ကင်းမဲ့မှု
အသွင်ပြောင်းလဲခြင်း နည်းစနစ်အား
ထုတ်ဖော်ပြသခဲ့ချိန်တွင်၊ ရှွင်ပျော်ပျော်
သူတော်စင်နှင့် လောင်းကစား
သူတော်စင်တို့သည်

အံ့သြတုန်လှုပ်သွားကြသည်ကို၊ လင်းဖုန်းက သတိထားမိလိုက်သည်။ ကြည့်ရတာ သူတို့သည်ပင်လျှင်၊ ဤအကြောင်းအား သိပုံမရပေ။

အန်းလျှန်မင်းသား ရှီကျုံးယွဲ့သာလျှင် မအံ့သြခဲ့သောကြောင့်၊ သူသည် ဤအကြောင်းကို အစကတည်းက သိပြီး ဖြစ်ပေလိမ့်မည်။

"ဒါက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ပရိယာယ် အသေးစားလား၊ ဒါမှမဟုတ် သူတို့က တစ်ခုခုများ

ကြံစည်နေချင်တာများလား?" လင်းဖုန်းက
အေးအေးဆေးဆေး တွေးနေခဲ့သည်။
"သူတို့က အေးဆေးလုပ်နေတာလား၊
အလောတကြီးများ လုပ်နေတာလား?"

စဥ်းစားနေဆဲမှာပင်၊ လင်းဖုန်းနှင့် ကျန်သော
အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲများသည်၊ ရှီကျုံးယွဲ့၏
အနောက်သို့ လိုက်သွားကြကာ၊
မြောက်ပိုင်းလေပြင်း ပင်လယ်ပေါ်သို့
ပျံသန်းသွားခဲ့ကြသည်။

ဒါသည် လင်းဖုန်း၏ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသို့ ပထမဆုံးအကြိမ် တက်ရောက်ခြင်း ဖြစ်သော်လည်း၊ သူ့ကို ကျင်းပခြင်းမှာ ပထမအကြိမ် မဟုတ်ပေ။ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာနှင့် ပတ်သတ်၍၊ လင်းဖုန်းသည် သူ့အကြောင်းအား ကြားဖူးပြီးသား ဖြစ်သည်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ၏ ဝင်ပေါက်သည်၊ မြောက်ပိုင်းလေပြင်း ပင်လယ်၏ အနက်ဆုံး အပိုင်းတွင်ရှိသည်။ ဝင်ပေါက်စတင်ပွင့်သော အချိန်တွင်၊ အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသာ ဝင်၍ရသည်။

ဝင်ပေါက်၏ အခြားတစ်ဘက်တွင် ရှိသည်မှာ၊ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ၏ အဆုံးမဲ့ ဟွမ်ဟိုင်ပင်လယ်၏ အနက်ရှိုင်းဆုံး အပိုင်းဖြစ်သည်။

ထိုနေရာသည် အလွန်တရာမှ နက်ရှိုင်းသော နေရာဖြစ်ပြီး၊ ရေဖိအားမှာလည်း အလွန်တရာ ကြီးမားလှသည်။ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ အင်အားများနှင့်ပင်လျှင်၊ သူသည် ထိုဖိအားကို ခံနိုင်မည် မဟုတ်ချေ။ အခြေခံအုတ်မြစ်

အဆင့်မှ ကျင့်ကြံသူများသည်
ကြွေမွသွားနိုင်ပေသည်။

မဟာကမ္ဘာ၏ မြောက်ပိုင်းလေပြင်း
ပင်လယ်အတွင်းတွင်၊ ဖိအားများသည်
ထိန်းသိမ်းနိုင်သည့် အဆင့်အတွင်းတွင်သာ
ရှိသေးသည်။ ကမ္ဘာနှစ်ခုအကြားမှ နယ်နိမိတ်
ဒိုင်မန်းရှင်း စွမ်းအားများသည်၊
ဟွမ်ဟိုင်ပင်လယ်၏ ရေဖိအားများကို
ထိန်းချုပ်ထားနိုင်သော်လည်း၊ လေဟာနယ်ကို
ဖြတ်သန်း၍ ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာအတွင်းသို့ ဝင်သွားလျှင်၊
ထိုပြဿနာနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။

ထိုအချိန်တွင် မဟာချင် အင်ပါယာ၏
နဂါးလှေသည် အသုံးဝင်လာပေသည်။
နဂါးလှေအား အသုံးပြု၍ အဆုံးမဲ့ ပင်လယ်
သမုဒ္ဒရာကို ဖြတ်သန်းကာ၊ ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာ၏ ရှုခင်းများကို
ကောင်းကင်ယံမှ ခံစားနိုင်မည် ဖြစ်သည်။

ထို့အပြင် ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာမှ
မဆုံးနိုင်သော အရင်းအမြစ်များသည်၊
ပင်လယ် အတွင်းတွင်လည်း ရှိနေကြသည်။
ထို့ကြောင့် နဂါးလှေသည် အရင်းအမြစ်များကို
စုဆောင်းရန်လည်း အသုံးဝင်ပေသည်။

ရှိကျုံးယွဲ့က သူ၏ လက်ဝါးများကို စုစည်းလိုက်ရာ၊ မြောက်ပိုင်းလေပြင်း ပင်လယ်၏ ရေမျက်နှာပြင်မှ လှိုင်းများထလာကြသည်။ နဂါးလေ့ ရှစ်စင်းတို့သည် ရေမျက်နှာပြင် အပေါ်တွင် ပေါ်လာကြ၍၊ သူတို့သည် ငါးကြီးများနှင့် တူနေကြသည်။

ထိုနဂါးလှေများသည် အလွန်အမင်း မကြီးမားကြပဲ၊ မီတာနှစ်ဆယ်ခန့်သာ ရှိနေကြသည်။ သို့သော်လည်း လင်းဖုန်းသည်

သူတို့၏ အတွင်းမှ၊ သန်မာသော မှော်စွမ်းအင် လှုပ်ရှားမှုများကို ခံစားနေမိခဲ့သည်။

ထိုအချိန်တွင် ရှီကျုံးယွဲ့က ရုတ်တရက် ပြောလိုက်သည်။ "မိတ်ဆွေတို့၊ ခင်ဗျားတို့ တစ်ယောက်ချင်းဆီက နဂါးလှေ တစ်စင်းကို အမိန့်ပေးပြီး၊ ခင်ဗျားတို့ စွမ်းအားနဲ့ အသုံးချနိုင်ကြပါတယ်။ ခင်ဗျားတို့ရဲ့ တပည့်တွေက ရေးဟောင်း ဟွမ်ဟိုင်ကမ္ဘာက ပြန်လာကြပြီးရင်၊ ကျေးဇူးပြုပြီး မဟာချင် အင်ပါယာကို ပြန်အပ်စေလိုပါတယ်"

လင်းဖုန်းနှင့် ကျန်သောသူများသည်
သဘောတူလှစွာနှင့်
ခေါင်းညိတ်လိုက်ကြသည်။
သူတို့တပည့်များကို သယ်ဆောင်သွားရမည်
ဖြစ်သဖြင့်၊ သူတို့သည် နဂါးလှေအား
မည်ကဲ့သို့ ထိန်းချုပ်ရမည်ကို သိထားကြရမည်
ဖြစ်သည်။ သို့မဟုတ်ပဲ မဟာချင်
အင်ပါယာကသာ ထိန်းချုပ်ခဲ့ပါက၊ အကယ်၍
ပင်လယ်နက်အတွင်းတွင် မတော်တဆမှုများ
ဖြစ်ပွားခဲ့ပါက၊ အငြင်းပွားမှုများ
ဖြစ်လာကြမည် ဖြစ်သည်။

သူတို့၏ မဟာရန်သူများ မဟုတ်ပါက၊ မဟာချင် အင်ပါယာသည် ထိုကဲ့သိုသော အောက်တန်းကျသည့် အလုပ်မျိုးကို လုပ်မည် မဟုတ်ပေ။ သို့သော်လည်း တစ်ယောက်မှ သူတို့တပည့်တို့၏ အသက်ကံကြမ္မာတို့ကို အခြားလူ၏ လက်အတွင်းတွင် ပုံအပ်ထားလိုမည် မဟုတ်ပေ။

လင်းဖုန်း၏ အဓိက ခန္ဓာကိုယ်သည် ကျန်နေခဲ့၍ နဂါးလှေကို ထိန်းချုပ်ရန် ကြိုးစားနေခဲ့သည်။ အခြားတစ်ဘက်တွင် သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည်၊

ပုန်းကွယ်နေသော နဂါးချောက် အတွင်းသို့
လူအုပ်ကြီးနှင့်အတူ လိုက်ဝင်သွားခဲ့သည်။

ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင်၊
ယခုအချိန်တွင် စည်ကား၍နေပေသည်။
အားလုံးတို့သည် ပစ္စည်းပေါင်း
မြောက်မြားစွာတို့ကို ကုန်သွယ်မှု
ပြုလုပ်နေကြသည်။

ချောက်အတွင်းတွင် ရောင်းသံဝယ်သံများဖြင့်
ဆူညံစည်ကားလျှက် ရှိကြသည်။ လူများသည်
ဝယ်သူမဟုတ်လျှင်
ရောင်းသူများဖြစ်ကြသည်။ သူတို့သည်

ကတ်ဖွဲ့ကာ ဈေးများကို ဆစ်နေကြသည်။ အချို့လူများသည် ပစ္စည်းတစ်ခုတည်းကို မျက်စိကျကာ၊ အချင်းချင်း ပြိုင်ဆိုင်၍ စကားများနေကြသည်။

နတ်ရေကန်ဂိုဏ်းနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့ အနီးအနားတွင်၊ သူတို့သည် ကျန်သောသူများနှင့် အပြန်အလှန် ဆက်ဆံမှုများ ပြုလုပ်နေကြသည်။

ဒါသည် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး အတွင်းမှ၊ အဓိက ပွဲတစ်ခုလည်း ဖြစ်သည်။

ကျင့်ကြံမှု အရင်းအမြစ်ပေါင်း များစွာတို့ကို အပြန်အလှန် ကုန်သွယ်နိုင်ကြသည်။

ဒါသည် ရှကျိုးမြို့ အတွင်းမှ ကောင်းကင်ကုန်သည်များ ဂေဟာက ဦးစီးကျင်းပသော၊ ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးနှင့် ကွဲပြားမှုများ ရှိသည်။ ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင်၊ ကုန်ပစ္စည်း အမျိုးမျိုးတို့ကို အလဲအလှယ်လုပ်ရန် အထူးငွေကြေး တစ်မျိုးရှိသည်။ ယခုနေရာတွင်မူ လူအများသည် ကုန်ပစ္စည်းများကို အပြန်အလှန် လဲလှယ်ကြခြင်း ဖြစ်သည်။

ထို့အပြင် လူငယ်ကျင့်ကြံသူ
အများအပြားသည်
တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကာ၊
သူတို့၏ လူမှု အသိုင်းအဝိုင်း ကျယ်ပြန့်အောင်
လုပ်ဆောင်နေကြသည်။ သူတို့အချင်းချင်း
အဆက်အသွယ်များ ပြုလုပ်ခြင်းဖြင့်၊
အံ့သြဖွယ်ရာ အကျိုးအမြတ်များကို
ရရှိကောင်း ရရှိနိုင်ပေမည်။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသည်
ဂိုဏ်းအသီးသီးမှ ပါရမီရှင်များ၏ အစွမ်းကို
ပြနိုင်ရုံတင်မက၊ သူတို့ဂိုဏ်း၏

တပည့်များအား အဆက်အသွယ်များ
ပိုကျယ်ပြန့်စေ၍၊
တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးများ
ပိုကောင်းလာစေနိုင်သည်။

လင်းဖုန်းက သူ၏တပည့်များသည်၊
လူအများစု၏ လှိုက်လှဲစွာ ကြိုဆိုခြင်းအား
ခံနေရသည်ကို သတိပြုမိနေခဲ့သည်။

အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ
အများစုတို့သည်၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့
အနားတွင် ဝိုင်းဝိုင်းလည်နေကြသည်။

ကျူးကော်ဖန်းလင်သည်ပင်
စိန်နားကပ်အရောင်နှင့် ပါးပြောင်နိုင်ခဲ့သည်။

အချို့ အကြံအစည်နှင့် လူများမှာ
ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည်၊ လင်းဖုန်း၏
လက်ရင်းတပည့်များ ဖြစ်သဖြင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အကြောင်းကို
ထုတ်ဖော်ပြောမည် မဟုတ်သည်ကို
သိနေကြသည်။ ထို့ကြောင့် သူတို့သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ အကြောင်းများကို
သိရန်နိုးဖြင့်၊ ကျူးကော်ဖန်းလင်း၏
အနားသို့ကပ်ကာ မိတ်ဖွဲ့နေကြသည်။

ထိုမြင်ကွင်းအားကြည့်ကာ လင်းဖုန်းသည် ရယ်ချင်ပက်ကျိ ဖြစ်နေခဲ့သည်။ ထိုလူစုတို့မှာ သူတို့၏ အချိန်များကို ဖြုန်းရုံသက်သက်သာ ဖြစ်ပေလိမ့်မည်။ သူတို့သည် သူမထံမှ တန်ဖိုးရှိသော မည်သည့် သတင်းအချက်အလက်များကိုမှ ရရှိလိမ့်မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ကျူးကော်ဖန်းလင်သည်၊ အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အကြောင်းအရာ အတော်များများကို မသိသောကြောင့် ဖြစ်သည်။

သို့သော် သူမသည် အတော်ကို
လေပေးဖြောင့်သည်ဟု ပြောရမည်။
အမှားတစ်ဝက် အမှန်တစ်ဝက်တို့ကို
လှည့်ပတ်ပြောဆိုခြင်းဖြင့်၊ လူအများစု၏
အာရုံကို ဖမ်းစားထားနိုင်ခဲ့သည်။

သူတို့သည် လူအများစု၏ ကြိုဆိုခြင်းအား
ခံရသော်လည်း၊ သူတို့အား
မနှစ်သက်သူများလည်း ရှိသေးသည်။ ဥပမာ
ရှောင်ပုတန်တို့ တတွေအား
အမြင်ကတတ်နေကြသော၊ နတ်ရေကန်ဂိုဏ်းနှင့်
ဟောင်မိသားစုတို့ ဖြစ်ကြသည်။

အခြားတစ်ဘက်တွင် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ ကျင့်ကြံသူများသည်၊ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များနှင့် အဖွဲ့ကျနေကြသည်။

လင်းဖုန်းသည် ဘေးမှနေ၍ အကဲခတ်နေရာ၊ ဇူရီသည် မြောက်ပိုင်းမျိုးနွယ်စုမှ လူတစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့လိုက်ရသည်။ ကြည့်ရတာ သူသဘောကျသော ပစ္စည်းတစ်ခုအား တွေ့ထားသည့်ပုံ ပေါက်နေသည်။

ဇူရီ၏ဘေးတွင် ထိုမြောက်ပိုင်းမျိုးနွယ်စုမှ
လူအား ပတ်လည်ဝိုင်းနေကြသော
လူများစွာတို့လည်း ရှိကြသေးသည်။
သူတို့အားလုံးတို့၏ အကြည့်များသည်၊
ထိုလူ၏ ခြေထောက်အောက်မှ အနက်ရောင်
မီးတောင်ကျောက်တုံး တစ်တုံးအပေါ်တွင်
ကျရောက်နေကြသည်။

ထိုအနက်ရောင် မီးတောင်ကျောက်တုံးသည်
ကြည့်ရသာ သာမန်သာဖြစ်သည်။
သို့သော်လည်း လင်းဖုန်းက
ထိုကျောက်တုံးအား အကဲခတ်လိုက်ရာ၊

သူသည် တစ်ခုခုတော့ ထူးခြားနေသည် ဆိုတာကို သိလိုက်ရသည်။

သူ၏ သဘာဝလွန် အသိစိတ်နှင့် အကဲခတ်လိုက်ရာ၊ သူ၏အထဲတွင် လျှို့ဝှက်ဆန်းကြယ်သော အရာတစ်ခု ရှိနေသည်ကို သိလိုက်ရသည်။ သူ၏ အသိစိတ်သည် ထိုအနက်ရောင် မီးတောင်ကျောက်တုံးလေး၏ ဝါးမျိုခြင်းအား ခံလိုက်ရသည်။

ထိုအရာသည် လင်းဖုန်းအား စိတ်လှုပ်ရှားစေနိုင်ခဲ့သည်။ "သေချာတယ်၊

ဇူရီ စိတ်ဝင်စားတဲ့ အရာက တန်ဖိုးရှိတဲ့
အရာပဲ ဖြစ်ရမယ်"

ထိုမြောက်ပိုင်း မျိုးနွယ်စုမှလူ၏
ကုန်သွယ်ရာတွင် တောင်းဆိုမှုမှာ၊
ကျန်သောသူများ အားလုံးကို
မျက်မှောင်ကြုတ်စေခဲ့သည်။

ကျောက်တုံးအား ဖြတ်ရမည်။

အားလုံးက ထိုအနက်ရောင်
မီးတောင်ကျောက်တုံးသည်၊
ရတနာတစ်ပါးအား ထုပ်ထားသော အရာနှင့်

တူနေသည်ဟု ပြောနိုင်ကြသည်။ သူသည် လှပသော ကျောက်စိမ်းတစ်တုံးအား ထုပ်ထားသော အရာနှင့် တူနေသည်။

"မိတ်ဆွေတို့၊ ဒီကျောက်တုံးကို ဖြတ်တောက်ခြင်းဖြင့် ကံစမ်းကြပါ။ အတွင်းက ရတနာကို ထုတ်ယူနိုင်တဲ့သူက၊ ရတနာကို ရယူနိုင်မှာ ဖြစ်ပါတယ်"

သို့သော်လည်း အလကား ဖြတ်၍ရမည် မဟုတ်ချေ။ ကျောက်တုံးအား ဖြတ်တောက်လိုသူတို့သည်၊ ထိုမြောက်ပိုင်း မျိုးနွယ်စုမှလူအား အိုင်တမ်တစ်ခု ပေးရမည်

ဖြစ်သည်။ အကယ်၍ ရတနာက ထွက်မလာခဲ့လျှင်၊ ထိုအိုင်တမ်ကို ပြန်ရမည် မဟုတ်ပေ။

ထိုလူသည် စီးပွားရေး အကွက်မြင်ပုံ ရသည်။

မည်ကဲ့သို့ ပြုလုပ်ရမည်ကို ကြေငြာလိုက်သည်နှင့်၊ ဘေးပတ်ပတ်လည်မှ လူများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ အကုန်လုံးသည် မျက်မှောင်များကို ကြုတ်နေကြသော်လည်း၊ ပြိုင်ဆိုင်လိုစိတ်များ ပေါက်နေကြသည်။

တစ်ယောက်၏ အသိစိတ်အား
အသုံးပြုခြင်းသည် အသုံးမဝင်ပေ။
ထိုကျောက်တုံးအတွင်းမှ ရတနာသည်
မည်သည့်နေရာတွင် ရှိနေသည်ကို မည်သူမှ
မပြောနိုင်ပေ။ ထိုအနက်ရောင်
မီးတောက်ကျောက်တုံးသည် တစ်စတုရန်းပေ
အရှည်ရှိသည့် အချိန်တွင်၊ ရတနာက
မည်သည့်အရွယ်ရှိမှန်းကိုပင် သူတို့က
မသိကြချေ။

အကယ်၍ ရတနာက ဆန်စေ့အရွယ်မျှသာ
ရှိခဲ့လျှင်၊ သူ့ကိုရရှိရန် အချက်ပေါင်းမည်မျှ
ဖြတ်တောက်ရမည်ကို မည်သူမှ

မပြောနိုင်ပေ။ အကယ်၍ သူတို့၏ကံက
မကောင်းခဲ့လျှင်၊ အားလုံးက ရတနာကို
မရမီပင် ဒေဝါလီခံသွားရနိုင်ပေသည်။

ထိုသူက လူအုပ်ကြီး၏ စိတ်ခံစားချက်များကို
သိနေဟန်ဖြင့်၊ အလေ့ာတကြီး
ပြောလိုက်သည်။ "ဒီကျောက်တုံးကို
ဖြတ်တောက်ပြီးတဲ့အခါ၊ ရတနာ မရှိတဲ့
အပိုင်းက သာမန်ကျောက်တုံးအတိုင်း
ဖြစ်သွားပြီး၊ သူ့ရဲ့စွမ်းအားတွေ
ပျောက်သွားမယ်"

သူ၏စကားဆုံးသည်နှင့် သူသည် လှံရှည်တစ်ချောင်းအား ထုတ်လိုက်ကာ၊ ကျောက်တုံးဘေးမှ အစွန်းလေးကို ဖြတ်တောက်လိုက်သည်။ ထိုအစလေး ပဲ့ထွက်လာသောအခါ၊ ထိုကျောက်စလေး၏ အသိစိတ်ကို ဝါးမျိုနိုင်သော စွမ်းအားသည် ပျောက်သွားခဲ့သည်။

လူအုပ်ကြီးက ထိုအခြင်းအရာအား မြင်လိုက်ကြသောအခါ၊ စိတ်ဝင်စားမှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ သူတို့အားလုံးက စမ်းကြည့်ချင်နေကြသည်။

လင်းဖုန်းသည် ထိုအနက်ရောင် မီးတောင်ကျောက်တုံးလေးအား ကြည့်လိုက်က၊ သူ၏ခေါင်းကို အသာအယာ ညိတ်လိုက်သည်။ "ဒါဆိုရင်တော့ အများကြီး လွယ်ကူသွားပြီ။ ဒီကျောက်တုံးကို ဖြတ်လိုက်တဲ့ အကြိမ်တိုင်းမှာ၊ အသုံးမဝင်တဲ့ အပိုင်းတွေကို ဖယ်ထုတ်ပြီးသား ဖြစ်သွားပြီ။ ဒါပေမဲ့ တစ်ယောက်ရဲ့ကံက မကောင်းခဲ့ရင်၊ ဖြတ်တောက်မှု အများကြီးကို ပြုလုပ်ရမှာပဲ"

မြောက်ပိုင်းမျိုးနွယ်စုမှလူက သူ၏ဈေးနှုန်းအား ကြေငြာလိုက်သည်။ သူ၏ စီးပွားရေး လုပ်ငန်းမှာ တမူထူးခြားနေမှန်းကို

သိနေခဲ့သဖြင့်၊ သူသည် စျေးအား မတရားကြီး မတောင်းထားခဲ့ပေ။

ဇူရီက အရှေ့သို့ တက်လိုက်သည်။ သို့သော် သူဘာမှ မပြောရသေးခင်၊ အနက်ရောင် ဝတ်စုံနှင့် လူတစ်ယောက်က ရုတ်တရက် တက်လာခဲ့၍၊ သူ၏လုံအား ဖော့ယမ်းလိုက်သည်။ သူသည် ထိုအနက်ရောင် မီးတောင်ကျောက်တုံးအား နှစ်ပိုင်းပိုင်းရန် ကြိုးစားနေခဲ့သည်။

သူသည် ဟော်မိသားစုမှ ဒုတိယ သခင်လေး၊ ဟော်မင် ဖြစ်သည်။

## စာစဥ် ၁၇ : အပိုင်း ၇

## အပိုင်း ၂၉၇ : စိတ်ခံတော်စစ်ပွဲများ

စကားတစ်ခွန်းမှ မပြောခဲ့ပဲ ဟော်မင်သည် အရှေ့သို့ ထွက်လာကာ၊ ထိုအနက်ရောင် မီးတောင်ကျောက်တုံးအား ခုတ်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် မြောက်ပိုင်းမျိုးနွယ်စုမှ လူအား၊ ကျောက်တုံးအား တစ်ခေါက် ဖြတ်တောက်ခြင်းအတွက် ပေးလိုက်သည်။

ဇူရီသည် သူ၏မျက်ခုံးတို့အား ပင့်လိုက်ကာ သူလည်း ကျောက်တုံးကို ဖြတ်တောက်ရန်၊ မိုးကြိုးပဲ့တင်သံ ဆေးလုံးငါးလုံးအား ထိုမြောက်ပိုင်း မျိုးနွယ်စုမှ ကျင့်ကြံသူအား ပေးလိုက်သည်။ ထို့နောက်တွင် သူသည် သူ၏ဓားအား ထုတ်လိုက်ကာ ဓားချက်နှစ်ချက် ထုတ်လိုက်၍၊ ဟော်မင်၏ လှံရှည်အား တားဆီးလိုက်သည်။

ဟော်မင်ထံမှ သတ်ဖြတ်လိုစိတ်သည် ဟုန်းကနဲ ထွက်လာခဲ့သည်။ သူ၏ လှံရှည်မှ ကြောက်မက်ဖွယ် အော်ရာတစ်ခုသည်

ထွက်လာခဲ့၍၊ ခက်ထန်သော အသူရာ ကမ္ဘာဖျက် ခေါင်းသွားအဖြစ် ပြောင်းသွားခဲ့သည်။ သူ၏ပစ်မှတ်မှာ အနက်ရောင် မီးတောင်ကျောက်တုံးနှင့် ဇူရီတို့ပင် ဖြစ်သည်။

သူ၏ ခန္ဓာကိုယ်နှင့် လုံတံတို့၏ အနေအထားကို ကြည့်ရလျှင်၊ သူသည် ဇူရီနှင့် မီးတောင် ကျောက်တုံးတို့အား နှစ်ပိုင်းပိုင်ချင်နေသည်မှာ သိသာနေသည်။

ကျန်သောသူများက ထိုမြင်ကွင်းအား ကြည့်ရသော်၊ သူတို့သည် ဟောဘ်မင်နှင့်

ဒူရီတို့အား စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်ကြသည်။

ကျောက်တုံးအား ပထမဦးဆုံး ဖြတ်တောက်ခြင်းသည် အသာစီးရခြင်း မဟုတ်ပဲ၊ သူ၏ အားထုတ်မှုများသည် အလဟာသဖြစ်သွားကာ၊ သူ၏ပြိုင်ဘက်အား ကူညီပေးသကဲ့သို့ ဖြစ်သွားနိုင်ကြောင်းကို အားလုံးကလည်း သိနေကြ၏။

သို့သော်လည်း နောက်ကျမှ ဖြတ်တောက်ရန် ဆုံးဖြတ်ခြင်းမှာလည်း၊ ပြိုင်ဘက်အား အနိုင်ရရန် အခွင့်အရေး ပေးသကဲ့သို့

ဖြစ်သွားကာ၊ နောင်တရရန်
နောက်ကျသွားပေလိမ့်မည်။

ကံကောင်းခြင်းကို ပြိုင်ဆိုင်သည့် ကစားပွဲ
ဖြစ်သလို၊ ကျောက်တုံးအား ဖြတ်တောက်ရန်
ပေးရသည့် အခကြေးငွေကလည်း လူများ၏
စိတ်ဓာတ်အား စမ်းသပ်သကဲ့သို့ ဖြစ်နေသည်။

ဇူရီနှင့် ဟော်မင်တို့သည်
ထိုသဘောတရားများကို
နားလည်ထားကြသည်။ သို့သော်လည်း
သူတို့သည် ပထမဦးဆုံး ကျောက်တုံးအား
ဖြတ်တောက်သူ ဖြစ်ချင်နေကြသည်။ ဒါသည်

သူတို့နှစ်ဦးအကြားမှ စိတ်ခံတတ်စစ်ပွဲကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

သူတို့သည် ပထမ ဖြတ်တောက်မှုမှ ဘာကိုမှ မရခဲ့လျှင်၊ ဒုတိယတစ်ခေါက် ထပ်ကြိုးစားနိုင်ပေသည်။ သို့သော်လည်း ပထမဦးဆုံး အနေဖြင့်၊ သူတို့သည် ပြိုင်ဘက်အား ဖိအားပေးနိုင်ရန် အရှိန်အဟုန် လိုအပ်နေသည်။

ဇူရီသည် ဟော်မင်၏ လုံတံကို တည်ငြိမ်စွာနှင့် ရင်ဆိုင်နေခဲ့သည်။ သူ၏ ကိုယ်ပိုင်တီထွင်ထားသော အပေါ်ယံ

ခေါးလမ်းစဥ်သည်၊ ခေါးချက်နှစ်ချက်ကို ခုတ်ပြီးသည်နှင့် ပြောင်းလဲသွားခဲ့သည်။ တစ်ခုသည် 'ခန်း' ခေါးနည်းစနစ်ဖြစ်ပြီး၊ ကျန်တစ်ခုသည် 'တွေ့' ခေါးနည်းစနစ်ဖြစ်သည်။ 'ခန်း'သည် အပေါ်တွင် နေခဲ့၍၊ 'တွေ့'သည် အောက်တွင် နေခဲ့သည်။

လူတစ်ယောက်သည် သူပြုလုပ်နေသော အရာများ အပေါ်တွင် ထိန်းချုပ်မှု ရှိရမည်။ ထိန်းချုပ်မှု ရှိမှသာလျှင်၊ လျှော်ကန်သင့်မြတ်စွာ ကျင့်ကြံနိုင်ပေမည်။

ထိန်းချုပ်မှုသည် ဆက်စပ်ပတ်သတ်မှုတို့အား မွေးဖွားပေးနိုင်သည်။ လုံလောက်စွာ ထိန်းချုပ်မှုရှိသော တိုင်းပြည်သည် တည်ငြိမ်မှုရှိ၍၊ ထိန်းချုပ်မှုကို လေ့ကျင့်ထားသော သူသည် ပြည့်စုံသူဖြစ်သည်။

ဇူရီ၏ 'ခန်း' နှင့် 'တွေ့' ခေးနည်းစနစ်တို့နှင့် ဖွဲ့စည်းထားသော 'ကျဲ' ခေးကွက်သည်၊ ဟော်မင်၏ ကြောက်မက်ဖွယ်ရာ အသူရာ ကမ္ဘာဖျက် ခေးသွားအား ထိန်းချုပ်လိုက်၍၊ သူ့အား နောက်ထပ် အကွက်များ ထပ်မထုတ်နိုင်ရန် တားဆီးလိုက်နိုင်သည်။

ဟော်မင်သည် ဇူရီအား သေချာစွာ စိုက်ကြည့်နေခဲ့သည်။ သူ၏အကွက်များအား မပြောင်းနိုင်မီမှာပင်၊ ဇူရီသည် သူ၏ခေါင်းကို ရုပ်သိမ်းပြီး ဖြစ်သွားလေပြီ။ သူ၏ခေါင်းကို ရုပ်လိုက်ပြီးနောက်၊ သူသည် မီးတောင်ကျောက်တုံးအား နှစ်ပိုင်း ပိုင်းခဲ့လိုက်သည်။

မီးတောင်ကျောက်တုံး၏ ဘယ်ဘက်အပိုင်းသည် သူ၏ စိတ်ဝိညာဉ် စွမ်းအင်များ ပျောက်ဆုံးသွားခဲ့ကာ၊ သာမန်ကျောက်တုံးအဖြစ်

ပြောင်းသွားခဲ့သည်။ သူသည် ကျင့်ကြံသူ
တစ်ယောက်၏ စူးစမ်းသော အသိစိတ်တို့အား
ဝါးမျိုနိုင်ခြင်း မရှိတော့ပေ။ ညာဘက်ခြမ်းမှ
မီးတောင်ကျောက်တုံးသည် သူ၏ စိတ်ဝိညာဉ်
စွမ်းအင်တို့အား ထိန်းသိမ်းထားနိုင်ပြီး၊
ကျင့်ကြံသူတစ်ယောက်အား စူးစမ်းသည့်
အသိစိတ်များကို ဆုံးရှုံးသွားစေနိုင်သည်။

ဇူရီသည် ထိုမီးတောင်ကျောက်တုံးအား
ဖြတ်တောက်ပြီးသည်နှင့်၊ ခိုင်မာစွာ
ရပ်နေခဲ့ကာ ဘာမှမဖြစ်သလို
ကြည့်နေခဲ့သည်။

ဇူရီအား ခဏတာမျှ ကြည့်လိုက်ပြီး၊
ဟောဒ်မင်သည် ထပ်၍
တိုက်စစ်မဆင်တော့ပေ။ သူသည် လှံတံကို
ထုတ်ယူကာ၊ ကျောက်တုံးအား
ဒုတိယအကြိမ်အဖြစ် မခုတ်ချခဲ့ပဲ
သိမ်းထားလိုက်သည်။

သူ၏လှံရှည်ကို သိမ်းလိုက်ပြီးနောက်တွင်၊
သူ၏ သတ်ဖြတ်လိုက်စိတ်များကလည်း
ပျောက်သွားခဲ့သည်။

ဇူရီအား ကျောက်တုံးလုဖြတ်ရာတွင်
ရှုံးနိမ့်သွားပြီးနောက်တွင်၊ ဟောဒ်မင်သည်

သူ၏လုံတံအား ထပ်မထုတ်တော့ပေ။
ကျောက်တုံးအား ဖြတ်တောက်ရာတွင်
ဒုတိယ ဖြစ်သွားခြင်းသည်၊ သူ့အတွက်
အဓိပ္ပာယ် မရှိချေ။

ဘေးကဝိုင်းကြည့်နေသူတို့သည် ဟော်မင်က
လှံတံအား သိမ်းသွားသည်ကို
မြင်လိုက်ရသော်၊ သူတို့၏ ပျော်ရွှင်မှုများ
အဖျက်ဆီး ခံလိုက်ရသကဲ့သို့
ခံစားလိုက်ကြရသည်။

ဘေးမှ ပရိသတ်များသည် ဟော်မင်က
အရှက်ကွဲပြီးနောက်တွင်၊ ဒေါသပေါက်ကွဲကာ

ဇူရီနှင့် တိုက်ခိုက်လိမ့်မည်ဟု
မျှော်လင့်နေကြသည်။ ရွှေရောင်ဗဟိုချက်
အဆင့် ပြိုင်ပွဲမတိုင်မီ၊ အမြည်းအနေနှင့်
ကြည့်နိုင်ကြလိမ့်မည်ဟု ထင်နေကြသည်။

သူတို့အတွင်းမှ အချို့ အဆင့်မြင့်
ကျင့်ကြံသူတစ်ချို့မှာ စူးရှသော
မျက်လုံးအစုံများ ရှိကြ၍၊ ဟောင်မင်၏
အကြည့်များကို စိုက်ကြည့်ကာ
လေးနက်လာကြသည်။

ဇူရီသည်လည်း အပါအဝင်ဖြစ်၏။ သူသည်
ဟောင်မင်ကို တိတ်ဆိတ်စွာနှင့် ကြည့်နေခဲ့ကာ

တွေးလိုက်သည်။ "တကယ်လို့ သူ့ရဲ့ညီ ဟော်ချန်းသာဆိုရင်တော့၊ အရှက်ကွဲတာနဲ့ ပြန်ပြီး တုံ့ပြန်မှာပဲ။ ဒါပေမဲ့ အဲ့ဒီလိုမျိုး လူတွေက ဒီလောကအထိ ကြောက်စရာ မကောင်းဘူး"

"ဟော်မင်က သူ့သတ်ဖြတ်လိုစိတ်ရဲ့ လှစ်ဟလာမှုကို ကောင်းကောင်း ထိန်းချုပ်နိုင်တယ်။ သူကိုကြည့်ရတာ ရန်လိုတဲ့ပုံ ပေါက်နေပေမဲ့၊ သူ့ရဲ့တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်တယ်။ ဒါက ငါရဲ့ 'ကျဲ'ဆိုတဲ့ ခားနည်းစနစ်နဲ့ ကိုက်ညီတာပဲ။ သူက ပြိုင်ဘက်ကောင်းတစ်ယောက် ဖြစ်တယ်"

လင်းဖုန်းကလည်း ဟော်မင်ကို အသိအမှတ်ပြုစွာနှင့် ကြည့်လိုက်သည်။ "တကယ်လို့ သူက အသက်ဆက်ရှင်နေလို့ရှိရင်၊ တစ်နေ့မှာ ဟော်မိသားစုရဲ့ ထောက်တိုင်တစ်ခု ဖြစ်လာမှာပဲ။ သူက သေမင်းအသူရာ နည်းစနစ်နဲ့ အသူရာ ကမ္ဘာဖျက် ဓားသွားကို လေ့ကျင့်ထားပေမဲ့၊ သူ့ရဲ့စိတ်ခံစားချက်တွေကို ကောင်းစွာထိန်းသိမ်းထားနိုင်တယ်။ ဒီလိုမျိုး စိတ်နေစိတ်ထားက အတော်ကို ရှားပါးတာပဲ"

"ဟော်မိသားစုဝင်တွေက သူတို့ရဲ့
စွမ်းရည်တွေ အပေါ်မှာ မူတည်ပြီး အဆင့်တွေ
ခွဲထားတယ်။ ဟော်မင်က ဒုတိယသာ
ရှိသေးတယ်လို သိထားရတယ်။
ပထမနေရာမှာက ဘယ်သူများလဲ? သူက
ရှီရှင်းယွမ်၊ ကျောင်ကျုံချန်းနဲ့
ထောင်ရောင်ရောင်တို့ကို ယှဉ်ပြိုင်နိုင်မလား?"

ရွှေရောင်ဖဟိုချက် အဆင့်မှ
ကျင့်ကြံသူတစ်ယောက်သည်၊ အတော်ကို
အစွမ်းထက်သောသူ ဖြစ်သည်။
ရွှေရောင်ဖဟိုချက် အဆင့်မှ ပါရမီရှင်
ကျင့်ကြံသူ တစ်ယောက်သည်၊

ဂိုဏ်းတစ်ဂိုဏ်း၏ တိုးတက်ကြီးပွားမှု
အပေါ်တွင် အများကြီး လွှမ်းမိုးမှုရှိနိုင်သည်။

လင်းဖုန်းက ထိုကိစ္စအား စဉ်းစားနေစဉ်တွင်၊
ထိုအနက်ရောင် မီးတောင်ကျောက်တုံးအား
ဝိုင်းရံနေသော လူတစ်ခုအား
သတိထားမိလိုက်သည်။ ဇူရီက သူ့အား
နှစ်ပိုင်းပိုင်းလိုက် အပြီးတွင်၊ မည်သူမှ
ထိုကျောက်တုံးအား မပိုင်းဖြတ်ရဲကြတော့ပေ။

ထိုကျောက်တုံးအား ဖြတ်တောက်ရန်
ပေးရသော တန်ဖိုးမှာ မမြင့်မားသော်လည်း၊
သူတို့၏ အရင်းအမြစ်များ

အလဟာသဖြစ်သွားရန် ရာခိုင်နှုန်းများသည်
မဟုတ်ပါလော။

ပို၍တိကျစွာ ပြောရလျှင် သူတို့သည်
အလဟာသ ဖြစ်သွားရုံတင် မကပဲ၊
သူတပါးအား ကူညီရာပင်
ရောက်သွားနိုင်သေးသည်။

ထိုအနက်ရောက် မီးတောက်ကျောက်တုံးတွင်
မည်သည့်ရတနာမျိုး ရှိနေသည်ကို မည်သူမျှ
မသိချေ။ သူ့အား တန်ဖိုးကြီးစွာပေး၍
တစ်ခေါက်ထက် ပိုဖြတ်လျှင်လည်း၊
တန်မတန်ဆိုသည်ကို မည်သူမှ မသိချေ။

သူ့ထံမှ မည်သည့်အရာမှ မရခဲ့လျှင်
ကြေကွဲဖွယ် ဖြစ်သွားမည် မဟုတ်ပါလော။

ထိုအချိန်တွင် အလင်းဓားမြန်ဂိုဏ်းမှ
တပည့်တစ်ယောက်သည် ထွက်လာခဲ့ကာ၊
ကျသင့်တန်ဖိုးအား ပေးလိုက်၍
ကျောက်တုံးအား ပိုင်းဖြတ်လိုက်သည်။

သူ၏တွက်ချက်မှုမှာ ရိုးရှင်းပေသည်။
အကယ်၍ ကျောက်တုံး၏ မျက်နှာပြင်မှာ
ပါးလွှာ၍၊ ရတနာ၏ အရွယ်အစားမှာ

မသေးခဲ့လျှင်၊ ခါးချက်တစ်ချက်နှင့် သူ့အား
ယူထုတ်နိုင်ပေမည်။

ရတနာ၏ အရွယ်အစားမှာ ကြီးမားခဲ့လျှင်
စောစောခုတ်နိုင်သူသည်၊ သူ့အားရရှိရန်
အခွင့်အရေး ပိုများမည် ဖြစ်သည်။

သို့သော်လည်း နောက်ဆုံးရလဒ်က သူ့အား
စိတ်ပျက်စေခဲ့သည်။
မီးတောက်ကျောက်တုံးသည်
နှစ်ခြမ်းကွဲသွားခဲ့သော်လည်း၊ တစ်ဝက်သည်
သူ၏ စိတ်ဝိညာဉ် အစွမ်းများ

ပျောက်ကွယ်သွား၍၊ ကျန်တစ်ဝက်မှာ
စိတ်ဝိညာဉ် အစွမ်းများ ကျန်နေခဲ့သည်။

ထိုအချိန်တွင် အားလုံးသည် နဂိုအရွယ်၏
လေးပုံတစ်ပုံသာ ကျန်နေသော
မီးတောက်ကျောက်တုံးအား၊
ကြည့်လိုက်ကြကာ ချီတုံချတုံ
ဖြစ်လာကြသည်။ သို့သော်လည်း ပထမ
နှစ်ဦး၏ ကျရှုံးမှုက သူတို့အား၊ မလုပ်ဆောင်မီ
နှစ်ခါပြန်စဉ်းစားစေခဲ့သည်။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။
ထိုအချိန်သည် ကာသိကအောက်

အဖြစ်ဆုံးသော အချိန်ဖြစ်သည်။
ယခုအချိန်မှစ၍ တစ်ယောက်၏
ခုတ်ချက်သည် ရတနာအား ရရှိနိုင်သကဲ့သို့
နောက်မှခုတ်မည့် သူများအား
ကူညီပေးသကဲ့သို့လည်း ဖြစ်သွားနိုင်သည်။

ဒါသည် ဒွိဟဖြစ်စေသည်။ ထိုရတနာအား
အမှန်တကယ် လိုချင်သော သူများသည်၊
ယခုအခါ ဖိအားများကို
စတင်ခံစားနေရပေသည်။

ယခုရှိနေကြသူ အားလုံးတို့မှာ
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူများ

ဖြစ်ကြသည်။ သူတို့သည်
စိတ်ဓာတ်ခိုင်မာသောသူများ
ဖြစ်ကြသော်လည်း၊ ယခုကဲ့သို့ အခြေအနေနှင့်
ကြုံတွေ့နေရသည့် အချိန်တွင်၊
ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။

သို့သော်လည်း
ဘာမှဂရုမစိုက်သောသူများလည်း
ရှိသေးသည်။ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
တပည့်တစ်ယောက်က ရယ်လိုက်သည်။
"မင်းတို့က ရွေးချယ်မှု တစ်ခုတည်း ရှိတာမှ
မဟုတ်တာ၊ ဘာတွေများ တွေဝေနေရမှာလဲ?"

သူသည် မြောက်ပိုင်းမျိုးနွယ်စုမှ
ကျင့်ကြံသူအား ခရမ်းပြာရောင်
ကျောက်တုံးလေး တစ်တုံးအား
ပစ်ပေးလိုက်သည်။ ထို့နောက်သူသည် သူ၏
မှော်စွမ်းအင်များအား စုစည်းလိုက်ကာ၊
မိုးကြိုးလျှပ်စီး ခေါ်သွားအား
ဖန်ဆင်းလိုက်သည်။ ပြီးတာနှင့်
ကျောက်တုံးအား ခုတ်ချလိုက်လေသည်။

မီးတောင်ကျောက်တုံးကြီးသည်
တစ်ဝက်ထပ်ကွဲသွားခဲ့သည်။ သို့သော်လည်း
ရတနာမှာ မပေါ်လာသေးပဲ၊ ကျောက်တုံး၏
အရွယ်သည် တစ်ဝက်ထပ်သေးသွားခဲ့သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူသည် သူ၏နှုတ်ခမ်းများကို တွန့်လိုက်ပြီး၊ မြောက်ပိုင်းမျိုးနွယ်စုမှ လူအား ကြည့်လိုက်သည်။ "ဟေ့လူ၊ ခင်ဗျားက ကျောက်တုံးအတု တစ်တုံးနဲ့ အားလုံးကို အင်ထုနေတာတော့ မဟုတ်ပါဘူးနော်?"

ထိုသူက နှာမှုတ်လိုက်သည်။ "ဆက်ဖြတ်လေ၊ ဒါဆိုသိလာမှာပေါ့။ တကယ်လို့ နောက်ဆုံးအချိန်အထိ ဘာမှမထွက်လာခဲ့ရင်၊ ကျုပ်က ပစ္စည်းအားလုံးကို ပြန်ပေးပြီး

အားလုံးကို အစည်းအဝေးမှာ ပြန်တောင်းပန်ပါ့မယ်"

"ကောင်းတယ်၊ ဒါဆိုရင်တော့ ကျုပ်က စိတ်ကျေနပ်သွားပြီ" ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူက ရယ်လိုက်သည်။ စကားဆုံးသည်နှင့် သူသည် နောက်ထပ် ခရမ်းပြာရောင် ကျောက်တုံးအား ထပ်ထုတ်လိုက်ကာ၊ နောက်တစ်ခေါက် ထပ်ခုတ်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ဟောဲမင်က ရုတ်တရက် လှုပ်ရှားလိုက်ကာ၊ မီးတောင်ကျောက်တုံးအား အရင်ခုတ်လိုက်သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူသည် မျက်ခုံးများ ပင့်လိုက်ကာ၊ ပခုံးကိုတွန့်၍ ပြုံးလိုက်သည်။ သို့သော်လည်း သူသည် ဟောဲမင်အား ဟန့်တားခြင်း မပြုခဲ့ပေ။

ကျောက်တုံးအတွင်းမှ မည်သည့်အရာမှ ထွက်မလာခဲ့ပေ။

ဟော်မင်သည် သူ၏မျက်မှောင်ကြီးကို
ကြုတ်လိုက်ကာ၊ ပို၍သေးလာသော
ကျောက်တုံးလေးအား စိုက်ကြည့်လိုက်သည်။
ချက်ချင်းပင် သူက အနောက်ကို
လှည့်ထွက်လာခဲ့သည်။

ဘေးကကြည့်နေသူတို့သည်
အံ့အားသင့်သွားကြသည်။
တစ်စုံတစ်ယောက်က ဝေဖန်လိုက်သည်။
"ဘာလဲ၊ သူက
အရင်ထွက်သွားချင်နေတာလား? သူက
တစ်ခုခုရအောင် ကြိုးစားမယ်လို့
ထင်ထားတာ။ တစ်ခါရှူးနိမ့်ရုံနဲ့

လက်လျှော့လိုက်ပြီ။ အတော်အားနည်းတဲ့ စိတ်ဓာတ်ခိုင်မာမှုပဲ"

"ဟုတ်တယ်၊ သူက တစ်ခါရှုံးနိမ့်ရုံနဲ့ လက်မြှောက်တတ်တဲ့သူပဲ" အနီးအနားမှ တစ်ယောက်ကလည်း မှတ်ချက်ချလိုက်သည်။

ဇူရီနှင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူတို့သည် ထိုစကားများကို ကြားလိုက်သောအခါ၊ သူတို့၏ ခေါင်းများကို ခါလိုက်ကြသည်။ သူတို့က တစ်ယောက်ကိုတစ်ယောက် တွေ့လိုက်ကြသောအခါ၊ သူတို့၏

မျက်လုံးများသည်
အရောင်လက်လာကြသည်။

"ဟောဘ်မင်က ဆုံးရှုံးမှုကို မခံနိုင်ပဲ၊
လွယ်လွယ်လက်လျှော့တတ်တဲ့သူမျိုး
မဟုတ်ဘူး" ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှသူက
ပြုံးကာပြောလိုက်သည်။ "သူက သူရဲ့
နည်းစနစ်တွေရဲ့ တစ်ဆို့ကြန့်ကြာနေတဲ့
အတားအဆီးကို ချိုးဖောက်သွားနိုင်လို့ပဲ"

"သူထွက်သွားတာက သူ့ရဲ့စွမ်းအားတွေကို
စုစည်းခိုင်မာအောင် လုပ်မလို့ပဲ။

သူချိုးဖောက်နိုင်ခဲ့တဲ့ အရာနဲ့ ယှဉ်လိုက်ရင်၊
ဒီရတနာက ဘာမှ မပြောပလောက်ပါဘူး"

ဘေးကလူများက ထိုစကားကို
ကြားရသောအခါ၊ အချို့က
သဘောပေါက်သွားသလို အချို့က ဇဝေဇဝါ
ဖြစ်နေကြသေးသည်။

ဇူရီက ခေါင်းညိတ်လိုက်သည်။
"မိတ်ဆွေပြောတာ ဟုတ်တယ်"

သူက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
ကျင့်ကြံသူအား ကြည့်လိုက်ကာ

ပြောလိုက်သည်။ "ကျုပ်နာမည်က ဇူရီပါ၊ ခင်ဗျားရဲ့ နာမည်ကိုလည်း သိပါရစေ?"

ထိုသူသည် သူ၏မျက်နှာပေါ်မှာ ပါးချိုင့်လေး ပေါ်လာအောင်ပင်၊ တောက်ပစွာ ပြုံးလိုက်သည်။ "ကျုပ်က ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက ဂူလေဖြစ်ပါတယ်။ ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်"

ဇူရီက ခေါင်းကိုညိတ်လိုက်သည်။ "ခင်ဗျားက နောက်ထပ်တစ်ခေါက် ခုတ်ချင်သေးလား?"

ဂူလေက ရယ်လိုက်သည်။ "ကျုပ်က တွက်ချက်တတ်တဲ့သူမျိုး မဟုတ်ဘူး။ စိတ်ပေါ်ရာ လုပ်တာပဲ"

သူ့စကားဆုံးသည်နှင့် ဒုတိယအကြိမ် ခုတ်ချလိုက်သည်။ သို့သော်လည်း ကံဆိုးစွာနှင့် ဘာမှ ဖြစ်မလာခဲ့ပေ။

ထိုအချိန်တွင် အနက်ရောင် မီးတောင်ကျောက်တုံးသည် အလွန်အမင်းကို သေးငယ်သွားခဲ့ပြီ ဖြစ်သည်။ အားလုံးသည် ထိုကျောက်တုံးလေးအား စိတ်လှုပ်ရှားစွာနှင့်

ကြည့်နေကြကာ၊ ပတ်ဝန်းကျင် တစ်ခုလုံး မွန်းကြပ်ကြပ်ကြီး ဖြစ်လာကြသည်။

ဂူလေသည် မရပ်သေးပဲ နောက်ထပ် ခရမ်းပြာရောင် ကျောက်တုံးသုံးတုံးအား၊ ထိုမြောက်ပိုင်းမျိုးနွယ်စုမှ ကျင့်ကြံသူအား ပေးလိုက်သည်။ သူသည် တတိယအကြိမ်မြောက် အဖြစ် ခုတ်ချလိုက်သည်။

"တတိယအကြိမ် ကံကောင်းခြင်း!" ဂူလေက အော်ဟစ်လိုက်ကာ၊ သူ၏ခေါင်းအား ခါလိုက်သည်။ လက်သီးဆုပ်အရွယ်သာ

ကျန်တော့်သော ကျောက်တုံးလေးအား ကြည့်လိုက်ကာ၊ ခါးသီးစွာနှင့် ရယ်လိုက်သည်။ "ကြည့်ရတာ ကျုပ်ကသူနဲ့ ကံမစပ်ဘူးထင်တယ်"

ဇူရီက ဖွဖွလေးသာ ပြုံးလိုက်၍၊ ဘာကိုမှ မပြောခဲ့ပေ။ သူက မည်သည့်လှုပ်ရှားမှုမျိုးကိုလည်း မပြုလုပ်ခဲ့ပေ။

အားလုံးသည် ထိုကျောက်တုံးငယ်လေးအား ဖြတ်တောက်ရန် လက်ယားနေကြသည်။

နောက်တစ်ခေါက် ထပ်ခုတ်လိုက်လျှင်၊
ရတနာအား ရနိုင်မည်ဟု ထင်နေကြသည်။

## စာစဥ်၁၇ : အပိုင်း ၈

## အပိုင်း ၂၉၈ : ဆယ်ကျော်သက်လေး ရှောင်ပုတန်

"ကျုပ်တို့က ဒီပုံစံအတိုင်းသာ
အလယ်ကနေပြီး ထပ်ဖြတ်နေမယ်ဆိုရင်၊
နောက်ထပ်နှစ်ချက်လောက် လိုဦးမှာပဲ"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။
နှစ်ခါဖြတ်၍ အပြီးတွင် ဖူရိသည့် တိကျသော
ခန့်မှန်းချက်အား လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

အနက်ရောင်
မီးတောင်ကျောက်တုံးလေးသည်
အဆက်မပြတ် ဖြတ်တောက်ခြင်းအား
ခံနေရ၍၊ ဆက်တိုက်ကျုံ့ဝင်နေပြီ ဖြစ်သည်။
သို့ဖြစ်၍ သူ၏ သဘာဝလွန် စိတ်အာရုံများကို
ဝါးမျိုနိုင်သော စွမ်းအားသည်လည်း၊
အတော်ပင် အားနည်းသွားခဲ့ပြီ ဖြစ်သည်။

အားကောင်းသော သဘာ၀လွန် အသိစိတ်နှင့် ကျင့်ကြံသူ တစ်ယောက်သည်၊ ထိုကျောက်တုံးလေး၏ အရံအတားများကို ချိုးဖောက်ကာ၊ သူ၏အတွင်းတွင်ရှိသော ရတနာ၏ ပုံရိပ်အစစ်အမှန်အား ရှာဖွေနိုင်မည် ဖြစ်သည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် သူ၏ကိုယ်ပိုင် အကန့်အသတ်များ ရှိသည်ဖြစ်သော်လည်း၊ သူ့ဝိညာဉ်၏ စွမ်းအားနှင့် အသိစိတ်များသည် အဓိက ခန္ဓာကိုယ်နှင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ထိုကျောက်တုံးလေး အတွင်းတွင်

ရှိနေသော ရတနာမှာ၊ သားရဲ တိရိစ္ဆာန် တစ်ကောင်၏ သွားတစ်ချောင်း ဖြစ်သည်ကို ပြောနိုင်ခဲ့သည်။

သို့သော်လည်း ထိုသွားသည် ကျောက်၏အလည်တွင် ရှိသည်မဟုတ်ပဲ၊ အစွန်အဖျားတွင် ရှိသည်ဖြစ်၏။ အကယ်၍ ထုံးစံအတိုင်းသာ အလယ်မှ ဖြတ်တောက်နေမည်ဆိုလျှင်၊ ထိုသွားအား တွေ့ရန်အတွက် အနည်းဆုံး နောက်ထပ်နှစ်ချက် လိုအပ်မည်ဖြစ်သည်။

လင်းဖုန်းသည် ဇူရီအား ကြည့်လိုက်၍၊
သူသည်လည်း ကျောက်တုံးအတွင်းတွင်
မည်သည့်အရာ ရှိသည်ကို
တွေ့ရှိသွားပြီဖြစ်ကြောင်း သိရှိလိုက်သည်။

လင်းဖုန်း၏ အခြေခံအုတ်မြစ် အဆင့်
အတွင်းမှ တပည့်များ အတွင်းတွင်၊
ဝမ်လင်းသည် စိတ်ဝိညာဉ်
အားအကောင်းဆုံးဖြစ်သည်။ သူသည် စဦးပိုင်း
အဆင့်အတွင်းတွင်သာ ရှိသေးသော်လည်း၊
စိတ်ဝိညာဉ် စွမ်းအားမှာ ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့ထက် သာသည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ တပည့်များ အတွင်းတွင်မူ၊ ဇူရီက စိတ်ဝိညာဉ် စွမ်းအား အကောင်းဆုံးဖြစ်သည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ အကန့်အသတ်များကိုပင် ကျော်လွန်နေပြီ ဖြစ်သည်။

သူသည် သွားတစ်ခုရှိမှန်း သိနေသော်လည်း၊ သူ၏နေရာကိုမူ မခန့်မှန်းနိုင်သေးပေ။ ထို့ကြောင့် ဇူရီသည် စိတ်ရှည်စွာဖြင့် စောင့်ကြည့်နေခြင်း ဖြစ်သည်။

သို့သော်လည်း သူသည် ထိုသွားနှင့်
လွဲချော်သွားပါက၊ ကံကြမ္မာကိုသာ
အပြစ်တင်ရမည် ဖြစ်သည်။

လင်းဖုန်းအား မသက်မသာ ဖြစ်စေသော
အချက်မှာ၊ ကျောက်တုံးအား
နောက်ထပ်ခုတ်သောသူမှာ အလယ်ကနေ
ခုတ်ရန် မရည်ရွယ်ခြင်း ဖြစ်သည်။ သူသည်
ကျောက်တုံး၏ အစွန်းတစ်ဘက်ဘက်အား
ခုတ်ရန် ကြံရွယ်နေသည်။

အကယ်၍သူသည် သွားကလေး ရှိနေသော
ဘက်အား ရွေးချယ်မိပါက၊

သူ၏ခုတ်ချက်သည်
အောင်မြင်သွားပေလိမ့်မည်။

သို့သော်လည်း လင်းဖုန်းအား
စိတ်သက်သာရာ ရသွားစေသော အချက်မှာ၊
ထိုသူသည် အခြားတစ်ဘက်အား ခုတ်မိ၍
သွားကို မရရှိခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဇူရီသည် သွား၏တည်နေရာကို
အာရုံခံနိုင်ခဲ့ပြီ ဖြစ်သည်။ သူသည်
မိုးကြိုးပဲ့တင်သံ ဆေးလုံးငါးလုံးအား
ထုတ်ပေးလိုက်၍၊ သူ၏ခေါးကို

ဆွဲထုတ်လိုက်ကာ ကျောက်တုံးအား ခုတ်ချရန် ဟန်ပြင်လိုက်သည်။

ဇူရီက လှုပ်ရှားလိုက်သည်နှင့် တပြိုင်နက် လူအုပ်ထဲမှ လူသုံးယောက်တို့သည် ခုန်ထွက်လာခဲ့ကာ၊ မြောက်ပိုင်းမျိုးနွယ်စုမှ သူအား တန်ဖိုးများကို ပေးချေလိုက်ကြသည်။ ပြီးတာနှင့် သူတို့သည် ကျောက်တုံးလေးအား ရရှိဖို့ကို ပြိုင်ဆိုင်လိုက်ကြလေသည်။

လင်းဖုန်းက ထိုအရာကို တွေ့လိုက်သောအခါ၊ ထိုသူများသည် ဇူရီအား တိတ်တဆိတ် စောင့်ကြည့်နေကြခြင်း ဖြစ်သည်ကို

သိလိုက်ရသည်။ ဇူရီက လှုပ်ရှားရန် ကြံလိုက်သောအခါ၊ သူတို့ကလည်း အခွင့်အရေးကိုရှာ၍ တိုက်ခိုက်ကြခြင်း ဖြစ်ကြသည်။

ထိုကျင့်ကြံသူ သုံးယောက်တို့သည် ဇူရီ၏ ခန့်မှန်းချက်ကို ကြည့်လိုက်ကြကာ၊ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

"မင်းတို့သုံးယောက်က ငါတပည့်ကို အတော်လေး အထင်ကြီးကြတာကို" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ

ရယ်လိုက်သည်။ "ဒါက အကြံကောင်း တစ်ခုလို့ ငါကပြောရမှာပဲ!"

သို့သော်လည်း ပြဿနာမှာ ဒါကလည်း အချည်းနှီးပင် ဖြစ်သွားခြင်း ဖြစ်သည်။

ဇူရီသည် သူတို့သုံးယောက် ခုန်ဝင်လာခြင်းကို လှည့်ပင် မကြည့်ခဲ့ချေ။ သူ၏ခန္ဓာကိုယ် အတွင်းမှ အလင်းနှင့်အမှောင် ရွှေရောင်ဗဟိုချက်သည်၊ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ သူ၏လက်အား ဝှေ့ယမ်းလိုက်ရာ၊ ကောင်းမြတ်ခြင်းနှင့်

ယုတ်ညံ့ခြင်း အော်ရာတို့သည်
ထိုးတက်လာခဲ့သည်။

ကောင်းမြတ်ခြင်း အော်ရာသည် အဖြူရောင်
အလင်းတန်း အဖြစ်သို့ ပြောင်းလဲသွားခဲ့၍၊
ယုတ်ညံ့သော အော်ရာတို့သည် အနက်ရောင်
အလင်းတန်းအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

သူတို့သည် ဧရာမ နယ်နိမိတ် တစ်ခုအား
ဖန်တီးလိုက်၍၊ သူ၏ ပုံသဏ္ဍာန်သည်
မန်ဒလာ ပန်းတစ်ပွင့်နှင့် တူနေသလို၊
တစ်ချိန်တည်းတွင် မတူနေကြပေ။

ဇူရီ၏ ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်!

ထိုလူသုံးယောက်တို့၏ အမူအရာတို့သည် ချက်ချင်း ပြောင်းလဲသွားကြသည်။ သူတို့သည် ရပ်တန့်လိုက်ကြကာ သူတို့၏ ကိုယ်ပိုင် မှော်ကျိန်စာများကို အသုံးပြုလိုက်ကြ၍၊ နယ်နိမိတ်တို့အား ချိုးဖောက်နိုင်ရန် ကြိုးစားလိုက်ကြသည်။

ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်သည် ထိုလူသုံးယောက်တို့၏ မှော်စွမ်းအင်တို့အား

ချုပ်နှောင်ထားလိုက်သည်။ ပြီးတာနှင့်
သူသည် ရုတ်တရက် ကျုံ့ဝင်သွားခဲ့ကာ၊
အလယ်သို့ ပြိုကျပျက်စီးသွားခဲ့သည်။
ကောင်းကင်နှင့် မြေကြီးတို့၏ အသေးစား
ပျက်စီးခြင်း တစ်ခုကဲ့သို့ ဖြစ်သည်။
ထိုလူသုံးယောက်တို့၏
မှော်ကျိန်စာများမှာလည်း
လုံးဝပျက်စီးသွားခဲ့ကြတော့သည်။

ဘေးမှလူအားလုံးတို့သည် ဇူရီအား
အံ့ဩထိတ်လန့်စွာနှင့် ကြည့်လိုက်ကြ၏။
သူ့မှော်ကျိန်စာ၏ ကြမ်းတမ်းမှုမှာ

အားလုံးမျှော်လင့်ထားကြသည်ထက် သာလွန်နေပေသည်။

"သူက အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲ တစ်ယောက်ကို ကျော်လွှားနိုင်တာ အထူးအဆန်းတော့ မဟုတ်ပါဘူး!" အားလုံးက တပြိုင်နက် တွေးလိုက်ကြ၏။ "ကြည့်ရတာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ရွှေရောင်ဗဟိုချက် အဆင့်က တပည့်တွေက၊ အခြေခံအုတ်မြစ် အဆင့်က တပည့်တွေထက်ကို အများကြီး ပိုကြမ်းကြတယ် ထင်တယ်!"

ထိုလူသုံးယောက်တို့သည် အံ့ဩတုန်လှုပ်သွားကြကာ၊ မဆင်မခြင် ထပ်မလုပ်ရဲကြတော့ပေ။ ဇူရီက သူ၏ခေါးကို ဇော့ယမ်းလိုက်ကာ ကျောက်တုံးအား ပိုင်းဖြတ်လိုက်၍၊ သွားကို ထုတ်ဖော်လိုက်သည်ကို ကြည့်ရုံသာ ကြည့်နေနိုင်ခဲ့သည်။

ထိုသွားသည် လွန်စွာထက်မြက်၍၊ သူ၏အတွင်းမှ အနက်ရောင် အော်ရာတစ်ခုကို ထုတ်လွှတ်နေခဲ့သည်။ သူ့ကိုကြည့်ရတာ မင်္ဂလာရှိသည့်ပုံ မပေါ်ပဲ၊

ကျန်သောသူများအား စိတ်မသက်မသာ
ဖြစ်စေခဲ့သည်။

ထိုသွားသည် အနက်ရောင်ဖြစ်ကာ၊
အနက်ရောင် အလင်းတန်းဖြင့်
လင်းလက်နေခဲ့သည်။ သူသည်
လျှို့ဝှက်ဆန်းကြယ်၍ ထူးခြားသော
စွမ်းအားသဘောတရားတို့ဖြင့်
ပြည့်နှက်နေခဲ့သည်။

ဇူရီသည် ထိုသွားအား ဆုပ်ကိုင်လိုက်၍၊
မြောက်ပိုင်းမျိုးနွယ်စုမှလူအား
ကြည့်လိုက်သည်။ ထိုလူကလည်း

သူ့လက်ထဲမှ သွားအား ကြည့်နေခဲ့၍ ပြောလိုက်သည်။ "မင်းက ဒီရတနာကို ထုတ်ယူနိုင်ခဲ့တယ်ဆိုတော့၊ မင်းရဲ့ဟာ ဖြစ်သွားပြီ"

ဇူရီက သူ့၏ခေါင်းကို ညိတ်လိုက်၍၊ အားလုံးအား ဝေ့ကြည့်လိုက်သည်။ အားလုံးကလည်း ဇူရီအား မိတ်ဆွေမဆန်သော အကြည့်များနှင့် ပြန်ကြည့်နေကြသည်။ အထူးသဖြင့် ကျောက်တုံးအား ဖြတ်တောက်ခဲ့ပြီး၊ ဘာအကျိုးအမြတ်မှ မရခဲ့သောသူများ ဖြစ်သည်။

ဂူလေက ထောင့်တစ်ထောင့်မှနေ၍ ရယ်လိုက်သည်။ "ကြည့်ရတာ ဒီရတနာက ခင်ဗျားနဲ့ ကံစပ်နေတယ်ထင်တယ်၊ ရဲဘော်ဇူ။ ဒီဆုလာဘ်အတွက် ဂုဏ်ပြုပါတယ်"

သူသည် ဇူရီနှင့် ယှဉ်ရပ်လိုက်သော်အခါ၊ သူတို့၏ ပုံရိပ်များသည် ပို၍ တောက်ပလာကြသည်။ မည်သူကမျှ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းနှင့် ခရမ်းရောင်တိမ်တိုက်ဂိုဏ်းတို့အား ရန်မစရဲကြတော့ပေ။

ထိုလူစုမှာ မကျေမနပ် ဖြစ်နေကြသော်လည်း၊ ဘာမှ မတတ်နိုင်ကြချေ။ ဇူရီက ကျောက်တုံးကို ဖြတ်တောက်ရန် ကြိုးစားခဲ့ကြသော လူသုံးယောက်အား ကြည့်လိုက်၍၊ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ခင်ဗျားတို့ သုံးယောက်တို့က မဟာချင် အင်ပါယာက ကျင့်ကြံသူတွေလား?"

သူတို့သုံးယောက် အနက်မှ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် လူက ခေါင်းကိုလှည့်ကြည့်လိုက်ကာ၊ ခက်ထန်စွာနှင့် ပြောလိုက်သည်။ "ဘာလဲ၊ မင်းက ငါတို့ကို

တိုက်ခိုက်ချင်နေသေးလို့လား? မင်းက တိုက်ခိုက်ချင်ရင်၊ ငါကလည်း မင်းကဘယ်လောက်ကောင်းသလဲ ဆိုတာကို ကြည့်ချင်နေတယ်"

သူသည် ပုန်းကွယ်နေသော နဂါးချောက် အတွင်းတွင် ရှိနေသဖြင့်၊ ဇူရီကသူ့အား တကယ်မသတ်နိုင်မှန်း သိနေပေသည်။ ထို့ကြောင့် သူက မကြောက်နေခြင်း ဖြစ်သည်။

ဇူရီက ထိုလူငယ်အား ကြည့်ပင် မကြည့်ခဲ့ပေ။ သူ၏ အဖော်နှစ်ယောက်ကိုသာ

ကြည့်၍ပြောလိုက်သည်။
"ရှင်းယွမ်မင်းသမီးကို သူမကိုယ်တိုင်
ဦးဆောင်လာခဲ့ပါလို့ ပြောလိုက်ပါ"

စကားဆုံးသည်နှင့် ဗူရီသည် သူ၏လက်ကို
ဝှေ့ယမ်းလိုက်ရာ၊ ကောင်းကင်
အလင်းနှင့်အမှောင် မန်ဒလာ
မဟာနယ်နိမိတ်က ပြန်ပေါ်လာခဲ့ပြီး၊
ထိုလူငယ်အား ချုပ်နှောင်ထားလိုက်သည်။

အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် လူငယ်သည်
ဒေါသထွက်လှစွာနှင့် ဟိန်းဟောက်လိုက်ရာ၊
အဖြူရောင် နဂါးတစ်ကောင်က

သူ၏အနားတွင် ပေါ်လာခဲ့သည်။ သူသည် တော်ဝင်နဂါး ငါးကောင်တို့၏ လျှို့ဝှက်ကျမ်းစာမှ၊ အဖြူရောင်နဂါး ကျမ်းစာအား လေ့ကျင့်ထားခြင်း ဖြစ်သည်။

သူသည် အဖြူရောင် ရွှေနဂါးအား အသုံးပြု၍၊ ဇူရီ၏ ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်အား ချိုးဖောက်ရန် ကြိုးစားနေခဲ့သည်။ သို့သော်လည်း သူသည် ဒဏ်ရာနှင့်သာ အဆုံးသတ်ခဲ့ရသည်။

နယ်နိမိတ်တို့၏ အတွင်းတွင် မရေမတွက်နိုင်သော အဖြူနှင့်အနက်

အလင်းတန်းတို့က ဆက်စပ်နေကြကာ၊
သီးသန့်ကမ္ဘာငယ်လေး တစ်ခုအဖြစ်ကို
ဖန်ဆင်းထားခဲ့သည်။

အဖြူရောင် ရွှေနဂါးလေးသည် မည်မျှပင်
ကြိုးစားရုန်းကန်သော်လည်း၊ သူသည်
ထောင်ချောက်အတွင်းမှ ရုန်းမထွက်နိုင်ခဲ့ပေ။

သို့သော်လည်း ထိုနယ်နိမိတ်တို့မှာ
ယခင်ကကဲ့သို့ ပြိုကျပျက်ဆီးသွားခြင်းမျိုး
မရှိကြပဲ၊ ထိုလူငယ်ကိုသာ အတွင်းတွင်
ပိတ်ဆို့ထားခြင်း ဖြစ်သည်။

ထိုလူငယ်သည် အလွန်အမင်း
ဒေါသထွက်နေခဲ့သည်။ သူနှင့်
ရှိဆောင်ချန်းတို့ နှစ်ယောက်စလုံးတို့သည်
တော်ဝင်အနွယ်များ ဖြစ်ကြသည်။ သူသည်
လက်ရှိတော်ဝင် မျိုးဆက်မှ
မဟုတ်သော်လည်း၊ သူ၏ ကိုယ်တွင်
စီးဆင်းနေသော သွေးတို့မှာ တော်ဝင်သွေးများ
ပါဝင်နေသည်။ သူသည် အဘယ်ကြောင့်
အကျဉ်းသားကဲ့သို့ အချုပ်နှောင်
ခံနေရမည်နည်း?

ဒါသည် သူ့အတွက် သေသည်ထက်ပင်
ဆိုးသော၊ အရှက်ကွဲမှု ဖြစ်သည်။

အခြား ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်တို့သည်၊ သူ၏ လက်အောက်ခံများ ဖြစ်ကြသည်။ သူတို့သည် သူ့အား ကူညီရန် ကြိုးစားနေခဲ့သော်လည်း၊ ဇူရီ၏ ဟန့်တားခြင်းကို ခံနေကြရသည်။

သူတို့သည် ဘာကိုမှ မပြောရဲကြပဲ၊ ရှီရှင်းယွမ်ကိုသာ အမြန်ပြန်၍ အကြောင်းကြားခဲ့လိုက်ကြသည်။

ဇူရီသည် အော်ဟစ်ကျိန်ဆဲနေသော ထိုလူငယ်အား လျှစ်လျူရှုထားလိုက်၍၊

ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်အား သိမ်းဆည်းလိုက်ကာ၊ ဂူလေဖက်သို့ လှည့်လိုက်သည်။ "ခင်ဗျားကို စောင့်ခိုင်းထားရတာ အားနာပါတယ်"

ဂူလေက ရယ်လိုက်သည်။ "ကိစ္စမရှိပါဘူးဗျာ။ အခုတော့ ခင်ဗျားမှာ အချိန်ရှိသွားပြီ ဆိုတော့၊ ကျုပ်ရဲ့ ဂျူနီယာနဲ့ ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ်"

ဇူရီက သူ၏အနောက်သို့ လိုက်သွားခဲ့ရင်း၊ စိတ်ထဲတွင် စဥ်းစားနေခဲ့သည်။ "ဒီသွားဟာ အထဲမှာ အနက်ရောင် စွမ်းအားတွေ ရှိသလိုပဲ။

သူက ဘယ်ကနေ အစမူလ ပြုလာသလဲ
မသိဘူး"

သူသည် ထိုသွား၏ အကြောင်းကို မသိသဖြင့်၊
လင်းဖုန်းသည် စနစ်ကြီး၏ အထဲတွင် ရှာဖွေ၍
သူ့အား ကူညီပေးခဲ့သည်။

လင်းဖုန်းက အံ့ဩသွားခဲ့သည်။ "ဒါက
အမှောင်သားရဲ ဖြစ်တဲ့၊ မင်းတုရဲ့
သွားတစ်ချောင်းပဲ။ တကယ့်ကို
အံ့အားသင့်စရာပဲ"

အရင်က လင်းဖုန်းသည် စနစ်အတွင်းမှ ကံစမ်းမဲ နှိုက်ရာတွင်၊ မှော်အိုင်တမ် တစ်ခုအား ရရှိခဲ့သည်။ ဒါသည် အနက်ရောင် ကျီးကန်းတစ်ကောင်၏ ကျောက်စိမ်းရုပ်ထု ဖြစ်ပြီး၊ သူ့တွင် ထျန်းလော်၏ စိတ်ဝိညာဉ် စွမ်းအားများ ပါရှိသည်။

မဟူရာကျီးကန်းဟုခေါ်သော ထျန်းလော်သည်၊ ရှေးပဝေသဏီမှ ကြီးစိုးလွှမ်းမိုးမှု ကြီးမားသော သားရဲတစ်ကောင်ဖြစ်သည်။ သူသည် ထိတွေ့၍ မရနိုင်သော အမှောင်ထုအတွင်းမှ မွေးဖွားလာခဲ့၍၊ လျှို့ဝှက်ဆန်းကြယ်သော

အမှောင် စွမ်းအားကို ထိန်းချုပ်နိုင်သော သားရဲတစ်ကောင် ဖြစ်သည်။

မင်းတုသည် သစ်နက်ကဲ့သို့ ပုံသဏ္ဌာန်မျိုး ရှိပြီး၊ သူ၏ခေါင်းတွင် ဦးချိုတစ်ချောင်း ရှိ၏။ သူ၏ တစ်ကိုယ်လုံးမှာ မည်းနက်နေ၍ ခရမ်းပြာရောင် အစက်အပြောက်များ ပါရှိ၏။ သူသည် လွန်စွာ ခက်ထန်ကြမ်းကြုတ်၍၊ ထျန်းလော်ထက်ပင် ပို၍စွမ်းအားကြီးသော ရှေးပဝေသဏီမှ သားရဲဖြစ်၏။

လင်းဖုန်းသည် မဟူရာကျီးကန်း၏ ကျောက်စိမ်းရုပ်ထုအား ရရှိသောအခါ၊ သူ၏

အမှောင်စွမ်းအားကို နားလည်နိုင်စွမ်းမှာ
တိုးတက်လာခဲ့သော်လည်း၊ အနည်းငယ်
လိုနေသေးသည်ဟု ခံစားနေရသည်။

အကြောင်းတစ်ချက်မှာ
ထိုကျောက်စိမ်းရုပ်ထု၏ စိတ်ဝိညာဉ်
စွမ်းအင်မှာ မပြည့်မစုံ ဖြစ်နေခဲ့၍၊ နောက်ထပ်
အကြောင်းတစ်ခုမှာ ထျန်းလော်၏
အမှောင်စွမ်းအားသည် အမှောင်စွမ်းအား မူလ
အရင်းအမြစ်နှင့် သိသာကွဲပြားစွာ
ခြားနားနေသောကြောင့် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် မင်းတုန်း၏ သွားအား ရရှိခဲ့ပြီ ဖြစ်သဖြင့်၊ လင်းဖုန်းနှင့် ဇူရိတို့ နှစ်ယောက်စလုံးသည် အမှောင်စွမ်းအားများကို ထဲထဲဝင်ဝင် နားလည် သဘောပေါက်သွားကြပြီ ဖြစ်သည်။

အလင်းနှင့် အမှောင်တို့မှာ ဆန့်ကျင်ဘက် အစွန်းနှစ်ခုတို့ ဖြစ်ကြသည်။ လင်းဖုန်းသည် မဟာမိုးကြိုး ကျောင်းတော်ကြီးမှ၊ ထာဝရ အလင်းတန်း တထာဂတ မန္တန်အား ရရှိထားခဲ့သည်။ ယခုအချိန်တွင် မင်းတုန်း၏ သွားအတွင်းရှိ၊ အမှောင်စွမ်းအား၏ နောက်ကွယ်မှ လျှို့ဝှက်ဆန်းကြယ်မှုများအား

သဘောပေါက် နားလည်နိုင်ခဲ့လျှင်၊ သူသည် အလင်းအမှောင်တို့၏ စွမ်းအားများကို နားလည်နိုင်စွမ်းတို့မှာ နောက်ထပ်အဆင့် တစ်ခုသို့ ရောက်သွားနိုင်မည် ဖြစ်သည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် ဇူရီနှင့် ဂူလေတို့၏ အနောက်သို့ လိုက်မသွားခဲ့ပေ။ သူသည် သူ့ဘာသာသူ လျှောက်သွားနေရင်း၊ နေရာတကာမှ ကုန်သွယ်မှုများအား လျှောက်ကြည့်နေခဲ့ပေသည်။

သို့သော်လည်း သူသည် သူ၏ သဘာဝလွန်
အသိစိတ်တို့ကို ဖြန့်ကြက်ထားခဲ့ကာ၊ သူ၏
တပည့်တို့အား စောင့်ကြည့်နေခဲ့သည်။

ဂူလေသည် ဇူရီအား ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ၊ ကျင့်ကြံသူ တစ်အုပ်စုထံ
ဦးဆောင်သွားခဲ့သည်။ ထိုနေရာတွင်
ရှောင်ပုတန်လေးလည်း ရှိနေခဲ့သည်။

ဇူရီက အနားရောက်လာသည်ကို
တွေ့လိုက်သော်၊ ရှောင်ပုတန်လေးက
ချက်ချင်းရယ်လိုက်သည်။ "ဒုတိယ

စီနီယာခင်ဗျ၊ ဒီအစ်မကြီးက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက လီကွေ့ရင်လို့ ခေါ်တယ်"

ဇူရိုက ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၍၊ လင်းဖုန်းသည် မှင်သက်သွားခဲ့သည်။

ရှောင်ပုတန်လေးသည် သွားများပေါ်နေအောင် ပြုံးနေ၍၊ သူ၏ မျက်လုံးများမှာ တောက်ပနေခဲ့သည်။ သူသည် အလွန်ချစ်စရာကောင်းသော ဆယ်ကျော်သက်လေး တစ်ယောက်နှင့် တူနေခဲ့သည်။

သူ၏ စကားပြောပုံမှာ ချိုသာလွန်းလှသဖြင့်၊
လင်းဖုန်း၏ တစ်ကိုယ်လုံးတွင်
ကြက်သီးမွေးညင်းများ ထလာခဲ့သည်။

သူသည် လီကွေ့ရင်အား သေချာစွာ
အကဲခတ်လိုက်သည်။ သူမသည်
အရပ်ရှည်ရှည်နှင့် အမျိုးသမီး ကျင့်ကြံသူ
တစ်ယောက်ဖြစ်သည်။ သူမသည်
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့
ရောက်နေပြီ ဖြစ်သည်။ သူမသည်
ဆုံးဖြတ်ချက် ပြတ်သားသော
သူတစ်ယောက်နှင့် တူနေသည်။

သို့သော်လည်း ယခုအချိန်တွင် သူမသည် အလွန်တရာကိုမှ ဖော်ရွှေနေခဲ့သည်။ ရှောင်ပုတန်လေးကို ကြည့်ရသည့်ပုံစံသည်၊ သူက သူမအား အလွန်ခင်တွယ်နေသည့်ပုံ ဖြစ်သည်။

သူမသည် ငယ်ရွယ်ပုံ ပေါက်နေသော်လည်း၊ အမှန်တကယ်တော့ သူမသည် အသက်တစ်ရာခန့် ရှိပြီဖြစ်သည်။ ရှောင်ပုတန်လေးက သူမအား အစ်မကြီးဟုခေါ်ကာ အဖွဲ့ကျနေခဲ့သည်။

ဇူရိက အချိန်အတန်ကြာမှ သတိပြန်ဝင်လာခဲ့သည်။ သူက ရှောင်ပုတန်လေးအား ခိုးကြောင်ခိုးဝှက်နှင့် တိတ်တိတ်ကလေး ဆက်သွယ်လိုက်သည်။

"ကောင်စုတ်လေး၊ မင်းကဘာတွေ ကြံနေပြန်ပြီလဲ?"

ရှောင်ပုတန်လေးက သူ့အား၊ လီကွေ့ရင် မမြင်အောင် ပြောင်ပြလိုက်သည်။

## စာစဉ် ၁၇ : အပိုင်း ၉

# အပိုင်း ၂၉၉ : တစ်ယောက်ချင်း တစ်ယောက်

ဇူရိက ရှောင်ပုတန်လေးအား မော့်စွမ်းအင်ဖြင့် အသံလွှင့်၍ မေးလိုက်သည်။ "မင်းက သူမနားကပ်ပြီး၊ ဘာမဟုတ်တာတွေ ကြံနေပြန်ပြီလဲ?"

ရှောင်ပုတန်လေးက ပြန်ဖြေလိုက်သည်။ "သူမက ကျွန်တော့်ကို စိတ်ဝိညာဉ် လျှပ်စီးသစ်သီး တချို့ကို ကျွေးထားတယ်ဗျ။ အရသာ တော်တော်ကောင်းတယ်။ ကျွန်တော်က သူမဆီက နည်းနည်း ထပ်စားချင်သေးတယ်"

ဇူရိက မေးလိုက်သည်။ "မင်းက ဘယ်အချိန်ကစပြီး၊ သတ်သတ်လွတ်သမား တစ်ယောက် ဖြစ်သွားတာလဲ?"

ရှောင်ပုတန်လေးက ပြန်ဖြေလိုက်၏။ "စားလို့ကောင်းတာ မှန်သမျှ၊ ကျွန်တော်က အကုန်စားတာပဲ။ အခုတလောမှာ အသားစားတာတွေ အတော်များနေပြီ။ အသီးပြောင်းစားတာက အစာချေစနစ်ကို သန့်ရှင်းဖို့ အထောက်အကူ ပြုတယ်ဗျ"

"စားဖို့သောက်ဖို့က လွဲလို့ မင်းက ဘာတွေများ လုပ်ဖို့ ရှိသေးလဲ?" ဇူရီက မညှာမတာ မေးလိုက်သည်။

ရှောင်ပုတန်လေးက နှုတ်ခမ်းစူလိုက်သည်။ "ကျွန်တော်က အသက်နည်းနည်း ကြီးလာရင်၊ တခြားလုပ်စရာတွေ ရှိလာမှာပေါ့"

"မင်းက အတော်အပျင်းထူတဲ့ ကောင်စုတ်လေးပဲ" ဇူရီက မှတ်ချက်ချလိုက်သည်။ "ပြီးတော့၊ မင်းက သူမရဲ့ စိတ်ဝိညာဉ် လျှပ်စီး သစ်သီးတွေကို ကြိုက်တယ်ဆိုရင်၊ သူမနဲ့

အလှဲ့အလှယ်လုပ်လို့ ရတာပဲ။ ဘာဖြစ်လို့ ဒီလောက်အထိ ဒုက္ခခံစရာ လိုလို့လဲ?"

ရှောင်ပုတန်လေးက မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ရင်း၊ "ဟုတ်သားပဲ၊ ကျွန်တော်က မေ့သွားတယ်"

သူသည် လီကွေရင်ထံသို့ ကြည့်လိုက်ကာ၊ ရယ်ပြီးပြောလိုက်သည်။ "အစ်မကြီးလီ၊ ကျွန်တော်က အစ်မနဲ့ စိတ်ဝိညာဉ် လျှပ်စီးသစ်သီး တချို့ကို အလှဲ့အလှယ်လုပ်ချင်တယ်၊ အဆင်ပြေမလား? ကျွန်တော့်ရဲ့

မှော်အိုင်တမ်တွေနဲ့
အလှဲအလှယ်လုပ်လို့ရတယ်ဗျ"

လီကွေရင်က ရယ်လိုက်သည်။ "မင်းက
ဘာနဲ့မှ အလှဲအလှယ် လုပ်စရာ မလိုပါဘူး။
ဒီစိတ်ဝိညာဉ် လျှပ်စီးသစ်သီးက ဘာတန်ဖိုးမှ
သိပ်ရှိလှတာ မဟုတ်ပါဘူး။
မင်းလေးကြိုက်တယ်ဆိုရင်၊
မင်းကြိုက်သလောက် ယူလို့ရတယ်"

ဂူလေက ထောင့်တစ်ထောင့်မှနေ၍
ရယ်လိုက်သည်။ "ကွေရင်၊ မင်းက ပုံမှန်ဆိုရင်

ငါ့အပေါ်ကို ဒီလောက်ကြီး
သဘောမကောင်းပါလား?"

လီကွေရင်သည် သူ့အပေါ်တွင် ဒီလောက်ကြီး
သဘောမကောင်းခဲ့ပေ။ သူ့အား
မျက်စောင်းတစ်ချက် ပစ်လိုက်ရင်း၊ "နင်က
ဒီစိတ်ဝိညာဉ် လျှပ်စီးသစ်သီးတွေကို
ပဲကြီးလှော်စားသလို စားနေတာလေ။
နင်ကငါ့ဆီက တောင်းဖို့လိုနေလို့လား?"

ဂူလေက သူ၏ခေါင်းကို ခါလိုက်ကာ
ရယ်လိုက်ပြီး၊ သူမအား စိုက်ကြည့်နေခဲ့သည်။

သူတို့နှစ်ယောက်၏ ကြည့်လိုက်ပြီး၊ ဇူရီနှင့်
ရှောင်ပုတန်လေးတို့ကလည်း
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြသည်။ သူတို့၏ မျက်နှာများ
ပေါ်တွင်လည်း အပြုံးများ ပေါ်လာကြသည်။

သူတို့နှစ်ယောက်သည် အလွန်နီးကပ်သော
ဆက်ဆံရေးများ ရှိသည်မှာ သေချာနေ၏။
သူတို့၏ တစ်ယောက်အပေါ်
တစ်ယောက်ကြည့်နေပုံမှာ၊ စုံတွဲတစ်တွဲ၏
အကြည့်တို့နှင့် တူနေပေသည်။

ထိုအချိန်တွင် မြောက်ပိုင်းမျိုးနွယ်စုမှ လူသန်ကြီး တစ်ယောက်က လျှောက်လာခဲ့သည်။ သူမရောက်လာသေးခင်တွင်ပင်၊ သူ၏အသံကို အဝေးမှ ကြားနေနိုင်သည်။ "ဂူလေ၊ မင်းက နောက်ကောက်ကျသွားပြန်ပြီလား?"

ဂူလေက ရယ်သာရယ်နေခဲ့ကာ၊ ဘာမှ ပြန်မဖြေခဲ့ပေ။ လီကွေရင်က သူ့အား မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ "တုခွမ်း၊ နင်က နာချင်နေပြန်ပြီလား?"

တုခွမ်းသည် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ လူငယ်မျိုးဆက် အတွင်းတွင်၊ အထင်ရှားဆုံး ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သည်။ သူသည် သန်မာလှ၍၊ ရှေးပဝေသဏီမှ အစစ်အမှန် နဂါးတစ်ကောင်နှင့် တူနေပေသည်။ သူ၏ ရုပ်ခန္ဓာကိုယ် စွမ်းအားသည်၊ ရွှေရောင်ဗဟိုချက် အဆင့်မှ မိစ္ဆာအုပ်ချုပ်သူ တစ်ယောက်ထက်ပင် ပို၍သန်မာနေနိုင်သည်။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင် ယှဉ်ပြိုင်နေကြသော လူငယ်မျိုးဆက်

တပည့်များအတွင်းတွင်၊
သူတစ်ယောက်တည်းသာလျှင်
ရှောင်ပုတန်လေးအား ရုပ်ခန္ဓာကိုယ်
စွမ်းအားအရ ခြိမ်းခြောက်နိုင်သူ
ဖြစ်နိုင်ပေလိမ့်မည်။

တုခွမ်းသည်လည်း လီကွေ့ရင်နှင့် အတော်ပင်
ရင်းနှီးကျွမ်းဝင်ပုံ ရနေ၏။ သူက
ရယ်လိုက်သည်။ "ဂူလေက
ပြောတယ်ဆိုရင်တော့၊ နည်းနည်းပါးပါး
သတိထားရဦးမယ်။ နင်ပြောတယ်
ဆိုရင်တော့၊ ငါက မကြောက်ပါဘူး"

လီကွေရင်က ထေ့ငေါ့သလို့ဖြင့် ပြောလိုက်သည်။ "ငါက ဘယ်လောက်ကောင်းသလဲ ဆိုတာ၊ နင်က အနေးနဲ့အမြန် သိလာလိမ့်မယ်"

တောက်ခွန်း၏ဘေးတွင် ပါလာသူမှာ သူထက်ပို၍ပင် ရှုပ်ရှုပ်ထွေးထွေး ဝတ်စားထားသော၊ ခပ်ပိန်ပိန်နှင့် လူငယ်တစ်ဦး ဖြစ်သည်။ သူက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်က ရဲဘော်တောက်နဲ့ ရဲဘော်ဂူတို့ရဲ့ တိုက်ပွဲကို နောက်တစ်ခေါက် ကြည့်ရဖို့ မျှော်လင့်နေပါတယ်"

ဂူလေက ရယ်လိုက်သည်။
"လာနှောက်မနေပါနဲ့။ ကျုပ်ကသူ့ကို
တစ်ခေါက်နိုင်အပြီးမှာ၊
နောက်ထပ်ထပ်ပြီးတော့
မတိုက်ခိုက်ချင်တော့ဘူး။ အနိုင်အရှုံးကို
ပြောင်းပြန်လှန်ဖို့ အခွင့်အရေး
ပြန်မပေးနိုင်တော့ဘူး"

သူက ထိုပိန်ပိန်ပါးပါးနှင့် လူငယ်အား
ကြည့်လိုက်၍ ပြောလိုက်သည်။
"ပြောရမယ်ဆိုရင်၊ ကျုပ်က ခင်ဗျားနဲ့
တိုက်ချင်နေတာ၊ စန်းလျှိုဟဲ။

ကျုပ်တွေ့ဖူးသမျှ မြောက်ပိုင်းမျိုးနွယ်စုက
ကျင့်ကြံသူ မှန်သမျှက၊
သိုင်းသမားတွေချည်းပဲ။ ခင်ဗျားလိုမျိုး
စိတ်ဝိညာဉ် ပညာရပ်ကို လေ့ကျင့်ထားတဲ့
မှော်ဆရာနဲ့ သိပ်မတွေ့ဖူးဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ၊
ရှောင်ပုတန်နှင့် ဇူရိတို့ နှစ်ယောက်စလုံးသည်
စန်းလျှိုဟဲအား လှည့်ကြည့်လိုက်ကြသည်။

ဂူလေပြောသည့်အတိုင်း
မြောက်ပိုင်းမျိုးနွယ်စုတို့တွင်၊
သိုင်းပညာရပ်များကိုသာ လေ့ကျင့်ကြသည်က

များလှပေသည်။ ဆယ်ယောက်တွင်
ရှစ်ယောက်တို့မှာ ယင်းကဲ့သို့ ကျင့်ကြံသူများ
ဖြစ်ကြသည်။ စိတ်ဝိညာဉ် ပညာရပ်ကို
လေ့ကျင့်ကြသော မှော်ဆရာတို့မှာ၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တွင် သိပ်မများလှချေ။

သူတို့၏ အရေအတွက်မှာ အစကတည်းက
နည်းပါးလှသည်။ သူတို့က လူပုံအလည်ကို
သိပ်ထွက်လေ့ မရှိရာ၊ သူတို့ကို
မြင်တွေ့နိုင်ရန် အခွင့်အရေးမှာ နည်းပါးလှ၏။

လင်းဖုန်း၏ သဘာဝလွန်
အသိစိတ်သည်ပင်လျှင်၊ စန်းလျှိုဟဲ၏
အပေါ်တွင် အာရုံစူးစိုက်ထားခဲ့သည်။ သူသည်
စိတ်ဝိညာဉ်အား အထူးပြုလေ့ကျင့်ထားသော၊
မြောက်ပိုင်းမျိုးနွယ်စုမှ မှော်ဆရာအား
အလွန်အမင်း စိတ်ဝင်စားနေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်း၏
'မဟာဟင်းလင်းပြင် ဒဿနအား
စူးစမ်းရှာဖွေခြင်း' မှလွဲလျှင်၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ မှော်ဆရာများသာလျှင်၊

စိတ်ဝိညာဉ် မှော်ကျိန်စာများအား အထူးပြု လေ့လာသူများ ဖြစ်ကြသည်။

အခြားတစ်ဘက်တွင်၊ မိစ္ဆာကာလန်၌ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များနှင့် မိစ္ဆာစွမ်းအားများထက်စာလျှင်၊ စိတ်ဝိညာဉ် မှော်ကျိန်စာတို့ကို လေ့လာသော မျိုးနွယ်စုများ အများအပြားရှိနေကြသည်။

"ခရမ်းရောင် တိမ်တိုက်ဂိုဏ်းတို့ရဲ့ လျှပ်စီးမှော်ကျိန်စာတွေက၊ စိတ်ဝိညာဉ် မှော်ကျိန်စာတွေကို ကျော်လွှားနိုင်ဖို့ အကောင်းဆုံး ဖြစ်ကြတယ်။ ခင်ဗျားရဲ့

အကြံပြုချက်က အတော့်ကို ကောင်းသားပဲ" စိတ်အားထက်သန်နေသော ဂူလေအား ကြည့်လိုက်၍၊ စန်းလျှိုဟဲက ရယ်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။

ပြီးတာနှင့် သူ၏အာရုံတို့သည် ဖူရိနှင့် ရှောင်ပုတန်လေးတို့ထံ ကျရောက်သွားသည်။ "အကယ်၍ အခွင့်အရေးများ ရှိခဲ့မယ်ဆိုရင်၊ ကျုပ်က ခင်ဗျားတို့ နှစ်ယောက်စလုံးနဲ့ ယှဉ်ပြိုင်ကြည့်ချင်ပါတယ်"

သူသည် တိုင်းရင်းသား ဝတ်စုံတို့ကို ဝတ်ဆင်ထားသော်လည်း၊ သူ၏အသံမှာ

မနေးအမြန်ပင် ဖြစ်သည်။ ရဲတင်းစွာ ပြောဆိုတတ်သော သာမန် မြောက်ပိုင်းမျိုးနွယ်စုသားတို့နှင့် ကွဲပြားနေခဲ့သည်။

ဇူရီက အသာပင် ပြုံးလိုက်သည်။ "ကျုပ်တို့ကို စိတ်ဝိညာဉ် အစည်းအဝေးမှာ မဲမကျခဲ့ရင်လည်း၊ ယှဉ်ပြိုင်လို့ရပါတယ်"

ရှောင်ပုတန်လေးသည် တစ်ခုခုဝင်ပြောမည် ကြံလိုက်သော်လည်း၊ သူသည် တစ်ခုခုကို သတိပြုမိလိုက်၍ ဘေးကို လှည့်ကြည့်လိုက်သည်။

လူငယ်တစ်ယောက်သည် သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ရှောင်ပုတန်လေးက လှည့်ကြည့်လိုက်သော်လည်း၊ ထိုသူသည် အကြည့်မလွှဲသွားခဲ့ပေ။ ထို့အပြင် ပို၍ပင် ရန်လိုသည့်ပုံ ပေါက်လာခဲ့သည်။

ဇူရိက သူ့၏ခေါင်းကို လှည့်ကာကြည့်လိုက်သည်။ "သူက နတ်ရေကန်ဂိုဏ်းကပဲ။ မင်းက မုကျိဟိုင်ကို မှတ်မိတယ်မလား?"

ရှောင်ပုတန်သည် သူ၏ ပုခုံးတို့အား တွန့်လိုက်သည်။ မုကျိပဟိုင်၏ မျက်လုံးအစုံတွင် မီးဝင်းဝင်းတောက်နေခဲ့ပြီ ဖြစ်သည်။

တောင်ခွန်းနှင့် စန်းလျှိုပဟဲတို့သည် မုကျိပဟိုင်အား လှည့်ကြည့်လိုက်ကာ၊ နှစ်ယောက်သား ရယ်လိုက်ကြသည်။ "သူ့ကို လျစ်လျူရှုထားလိုက်ပါ။ သူက စုန့်ချင်းယွမ်ရဲ့ အရိပ်အောက်မှ နေနေတဲ့ လူပြက်တစ်ယောက်ပဲ"

"စုန့်ချင်းယွမ်?" ဇူရီနှင့် ရှောင်ပုတန်လေးတို့ နှစ်ယောက်စလုံးတို့၏ အတွေးထဲတွင်၊ ပြုံးနေသော လူငယ်တစ်ယောက်၏ ပုံရိပ်က ပေါ်လာခဲ့သည်။ သူတို့က စုန့်ချင်းယွမ်၏ အကြောင်းကို တွေးမိလိုက်သောအခါ၊ သူတို့၏ ကျောရိုးမှနေ၍ စိမ့်ကနဲ ဖြစ်သွားကြသည်။ သူသည် ကောက်ကျစ်၍ အဆိပ်ပြင်းသော မြွေတစ်ကောင်နှင့် တူလေသည်။

သူသည် ဉာဏ်မျှအထိ ကြောက်မက်ဖွယ် မကောင်းလှသော်လည်း၊ သူတို့အား စိတ်မသက်မသာ ဖြစ်စေနိုင်ခဲ့သည်။

စန်းလျှိုဟဲသည် မုကျိဟိုင်အား ကြည့်လိုက်၍ ဖြည်းညင်းစွာ ပြောလိုက်သည်။ "သူက တာအိုနည်းစနစ်တွေကို လေ့ကျင့်ရာမှာတော့ ပါရမီရှိပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်က မလုံလောက်ဘူး။ သူက ဒီတစ်သက်လုံးမှာ စုန့်ချင်းယွမ်ကို ကျော်တက်နိုင်မှာ မဟုတ်ဘူး"

မုကျိဟိုင်သည် ရှောင်ပုတန်၊ တောက်ခွန်းနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့မှ ကျင့်ကြံသူတို့အကြား၊ အကြည့်များကို ရွှေ့ပြောင်းနေခဲ့ကာ၊ နောက်ဆုံးတွင် ရှောင်ပုတန်လေး၏ အပေါ်တွင်

ရပ်တန့်သွားခဲ့သည်။ သူသည်
ကောက်ကျစ်စွာနှင့် ရယ်လိုက်ကာ၊
သူ၏လက်ဖြင့် လည်ပင်းကို ဖြတ်နေသည့်
အမူအရာကို လုပ်ပြလိုက်သည်။

ရှောင်ပုတန်လေးက နှာခေါင်းကို ရှုံ့လိုက်ပြီး၊
သူ့အား ကလေးဆိုးကြီး တစ်ယောက်အား
ကြည့်နေသည့် အကြည့်မျိုးဖြင့်
ပြန်ကြည့်နေခဲ့သည်။

သူ့ထက်ငယ်သောသူက ယခုကဲ့သို့
ပြုမူဆက်ဆံလိုက်ခြင်းသည်၊ သူ့အတွက်

အပြင်းထန်ဆုံးသော အရှက်ခွဲမှုကြီး ဖြစ်ပေတော့သည်။

မုကျိုဟိုင်သည် ယခုအချိန်တွင် ပို၍ကြောက်စရာ ကောင်းလာခဲ့ပြီး၊ ချက်ချင်းပင် တိုက်ခိုက်တော့မည့်ကဲ့သို့ ဖြစ်လာခဲ့သည်။ သို့သော်လည်း သူ၏ အကြည့်ကို ရွှေ့လိုက်ကာ၊ ပို၍ စိတ်ဝင်စားစရာကောင်းသော အရာတစ်ခုကို တွေ့လိုက်ရ၍၊ နှာတစ်ချက်မှုတ်လိုက်ကာ အခြားတစ်ဘက်သို့ လှည့်ထွက်သွားခဲ့သည်။

ရှောင်ပုတန်လေးကလည်း ထိုဘက်သို့
လှမ်းကြည့်လိုက်ရာ၊ အမျိုးသားနှင့် အမျိုးသမီး
တစ်ယောက်တို့က ယှဉ်ရပ်နေကြသည်ကို
တွေ့လိုက်ရသည်။ အမျိုးသမီးသည်
တောက်ယုတင်းဖြစ်၍၊ အမျိုးသားသည်
စုန့်ချင်းယွမ်ဖြစ်သည်။

ထုံးစံအတိုင်းပင် စုန့်ချင်းယွမ်သည်
သဘောကောင်းသည့်ပုံ ပေါက်နေ၍၊
သူ၏မျက်နှာတွင် အပြုံးများကို တွေ့နိုင်သည်။

သို့သော်လည်း တောက်ယုတင်းမှာ
ယခင်ကနှင့် မတူပေ။ ယခင်က သူမသည်

ဘာကိုမှ ဂရုမစိုက်သည့်ပုံ
ပေါက်နေခဲ့သော်လည်း၊ ယခုအချိန်တွင်
စုန့်ချင်းယွမ်၏ အနားတွင် ရပ်နေရချိန်တွင်၊
သူမသည် ထိန်းမနိုင် သိမ်းမရနှင့်
တုန်ခါနေခဲ့သည်။

ဒါသည် ကြောက်ရွံ့မှုကြောင့် ဖြစ်သည်။

ကြောက်ရွံ့ခြင်းကြောင့် သူမသည်
အဆက်မပြတ် တုန်ခါနေခဲ့သည်။
ပြင်ပကမ္ဘာတွင် ယုန်တစ်ကောင်၊
ဒရယ်တစ်ကောင်က သားရဲတစ်ကောင်အား

တွေ့လိုက်သည့်အချိန်တွင်၊
ကြောက်ရွံ့နေသကဲ့သို့ ဖြစ်သည်။

စုန့်ချင်းယွမ်သည် စကားပြောနေရင်း ဖွဖွလေး
ရယ်လိုက်ကာ၊ ပုန်းကွယ်နေသော
နဂါးချောက်၏ အပြင်ဘက်သို့
ထွက်သွားခဲ့သည်။ တောက်ယုတင်းသည်
ခဏကြာမှ ချီတုံချတုံ ဖြစ်ခဲ့ပြီးနောက်၊
သူ၏အနောက်သို့ လိုက်သွားခဲ့သည်။

သူတို့၏ အနောက်တွင် မူကျိဟိုင်က
လိုက်ပါလာခဲ့သည်။ သူသည် စုန့်ချင်းယွမ်၏

နောက်ကျောကိုကြည့်ကာ မျက်နှာကြီး မည်းမှောင်နေခဲ့သည်။

ရှောင်ပုတန်လေးသည် ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ၊ စပ်စုလိုစိတ် ဖြစ်လာခဲ့သည်။ ဇူရီနှင့် ကျန်သောသူများအား နှုတ်ဆက်လိုက်အပြီးတွင်၊ သူသည်လည်း ချောက်အပြင်သို့ လိုက်ထွက်သွားခဲ့သည်။

လင်းဖုန်းက ထိုအရာများ အားလုံးကို တွေ့နေခဲ့သော်လည်း၊ အမှုမထားနေခဲ့ပေ။ သူသည် တောက်ဇီချွမ်နှင့် တောက်ယုတင်းတို့၏ အကြားတွင်

ဆက်စပ်မှုများ ရှိနေသည်ကို
သိနေခဲ့သော်လည်း၊ တောက်ယုတင်းနှင့်
တိုက်ရိုက်ဆက်ဆံမှုများ မရှိနေခဲ့ပေ။

ဘာပဲပြောပြော တောက်ယုတင်း၏ ပါရမီနှင့်
အလားအလာတို့နှင့်ဆိုလျှင်၊ စုန့်ချင်းယွမ်သည်
သူ့မအား ဒုက္ခပေးနိုင်မည် မဟုတ်ချေ။
မဟုတ်ပါက ချောင်ဝေကသူ့အား
သင်ခန်းစာကောင်းကောင်း ပေးပေလိမ့်မည်။

အကယ်၍သူသည် ချောင်ဝေ၏
သားအရင်းဖြစ်သည် ဆိုလျှင်ပင်၊
တောက်ယုတင်းအား ဒုက္ခပေးပါက

ချောင်ဝေကသူ့အား ခွင့်လွှတ်လိမ့်မည်
မဟုတ်ချေ။ သူသည် ယခုအချိန်တွင် ဖူးပွင့်စ
ပါရမီရှင် တစ်ယောက်သာ ဖြစ်သေးပြီး၊
နတ်ရေကန်ဂိုဏ်း၏
ခေါင်းဆောင်တစ်ယောက် မဖြစ်သေးပေ။

တောက်ယုတင်း၏ စွမ်းရည်များသည်
သူ့ထက်နိမ့်ကျနေသေးသော်လည်း၊
သူမပြသခဲ့သော အလားအလာများသည်
အနည်းဆုံးတော့ သူ့အား ယှဉ်နိုင်ပေသည်။
ပုံမှန်အတိုင်းဆိုလျှင်၊ သူတို့သည်
နတ်ရေကန်ဂိုဏ်း၏ ထောက်တိုင်များ

ဖြစ်လာကြမည် ဖြစ်၍၊ ဂိုဏ်းချုပ်ရာထူးကိုပင်
မှန်းနိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် လင်းဖုန်းသည် သူတို့အား
အမှုမထားခြင်း ဖြစ်သည်။
ရှောင်ပုတန်လေးက သူတို့၏ အနောက်သို့
လိုက်သွားခြင်းမှာလည်း
စပ်စုလိုစိတ်ကြောင့်သာ ဖြစ်ပြီး၊
လင်းဖုန်းကလည်း သူ၏ ဆုံးဖြတ်ချက်အား
ဟန့်တားနေမည် မဟုတ်ပေ။

သို့သော်လည်း ခဏအကြာတွင်၊ တစ်ခုခုက
မှားနေပြီ ဖြစ်ကြောင်းကို လင်းဖုန်းက

သိရှိလိုက်ရသည်။ မုကျိုဟိုင်သည်
စုန့်ချင်းယွမ်နှင့် တောက်ယုတင်းတို့၏
အနောက်ကို လိုက်နေခဲ့ကာ၊
ရှောင်ပုတန်လေးက မုကျိုဟိုင်၏ အနောက်ကို
လိုက်နေခဲ့သည်။ သို့သော်လည်း
ရှောင်ပုတန်လေး၏ အနောက်ကို
လိုက်နေသော သူတစ်ယောက်က
ရှိနေသေးသည်။

ထို့အပြင် သူသည် အခြေတည်ဝိညာဉ်
အဆင့်က ဂရန်းမာစတာ
တစ်ယောက်ဖြစ်သည်။ သူသည် အစိမ်းရောင်
ဝတ်စုံကို ဝတ်ဆင်ထားသော၊ သက်လတ်ပိုင်း

လူကြီးတစ်ယောက် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ သာမန်သာ ဖြစ်သော်လည်း၊ တည်ငြိမ်သော အော်ရာများကို ခံစားနေရသည်။

လင်းဖုန်းက သူသည် မဟာချင် အင်ပါယာမှ၊ ကျင့်ကြံသူတစ်ယောက် ဖြစ်သည်ကို မှတ်မိလိုက်သည်။ သူသည် စိတ်ဝိညာဉ် အစည်းအဝေးတွင် နှိမ့်ချစွာ နေခဲ့၍၊ မဟာချင်မှ အခြားကျင့်ကြံသူများ အကြားတွင် မသိသာနေခဲ့ပေ။

သူကိုကြည့်ရသည်မှာ သာမန်သာ ဖြစ်သော်လည်း၊ သူသည် ရှောင်ပုတန်လေး၏ အနောက်ကို တမင်တကာ နောက်ယောင်ခံလိုက်နေမှန်းကို၊ လင်းဖုန်းက သတိထားမိလိုက်သည်။

"သူက ဘာများလုပ်ချင်နေတာလဲ?" လင်းဖုန်းက သူ၏ မျက်ခုံးများအား ပင့်လိုက်ကာ၊ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားအား သူ၏အနောက်သို့ လိုက်သွားစေခဲ့သည်။

ပုန်းကွယ်နေသော နဂါးချောက်၏ အပြင်သို့ ရောက်သွားပြီးနောက်တွင်၊ စုန့်ချင်းယွမ်သည် အရှေ့သို့ ဆက်လျှောက်သွားနေခဲ့သည်။ သူ့ကို ကြည့်ရသည်မှာ အလွန့်ကို သက်တောင့်သက်သာ ရှိလှသည်။ တောက်ယုတင်းသည် သူ၏အနောက်ကို လိုက်နေခဲ့သော်လည်း၊ သူမ၏စိတ်မှာ အတွေးများစွာ ရှိနေဟန်ပေါက်ပြီး အလွန်ကို ကြောက်ရွံ့နေသည့်ပုံ ပေါက်နေခဲ့သည်။

သို့သော်လည်း သူမသည် တိတ်ဆိတ်နေခဲ့ကာ၊ နှုတ်ခမ်းကိုသာ

တင်းတင်းစေ့ထား၍ စုန့်ချင်းယွမ်၏
အနောက်သို့ လိုက်သွားနေခဲ့သည်။

စုန့်ချင်းယွင်သည် ငြိမ်သက်နေသော
နေရာတစ်ခုသို့ ရောက်သောအခါ၊
သူ၏ခြေလှမ်းများကို ရပ်လိုက်သည်။
သူ၏ခေါင်းကို အခြားတစ်နေရာသို့
လှည့်လိုက်ကာ၊ ရယ်လိုက်သည်။

ထိုနေရာတွင် မုကျိဟိုင်က စုန့်ချင်းယွမ်က
သူ့အားတွေ့သွားပြီဟု သိလိုက်ဟန်နှင့်၊
ဟန်ပန် အမူအယာ ကင်းမဲ့စွာနှင့်
လုံးဝမလှုပ်ရှားပဲ ရပ်နေလိုက်သည်။

စုန့်ချင်းယွမ်သည် သူ၏
ခေါင်းအားပြန်လှည့်လိုက်ကာ၊
တောက်ယုတင်းအား
ပြုံး၍ကြည့်နေလိုက်သည်။ သူ၏ အပြုံးမှာ
ထုံးစံအတိုင်း နွေးထွေးနေသော်လည်း၊ သူ၏
ခန္ဓာကိုယ်မှနေ၍ အေးစက်သော
မှော်စွမ်းအင်များ လှုပ်ရှားလာခဲ့သည်။
တောက်ယုတင်း၏ ခန္ဓာကိုယ် တစ်ခုလုံးအား
လွှမ်းခြုံရစ်ပတ်လိုက်သည်။

တောက်ယုတင်းသည်
အော်ဟစ်ညည်းညူလိုက်သည်။ သူမ၏

ဖြူဖွေးနေသော မျက်နှာသည် ပို၍ သွေးဆုတ်သွားခဲ့ကာ၊ နာကျင်သော အမူအရာများ ပေါ်လာခဲ့သည်။

## စာစဉ် ၁၇ : အပိုင်း ၁၀

## အပိုင်း ၃၀၀ : လျှို့ဝှက်လုပ်ကြံသူ

စုန့်ချင်းယွမ်သည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်ပြီး၊ သူ့၏ မှော်စွမ်းအင်တို့နှင့် အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်သာ ရှိသေးသည့် တောက်ယုတင်းအား လွှမ်းမိုးထားနိုင်ခဲ့သည်။

တောက်ယုတင်းသည် သူ၏ တိုက်ခိုက်မှုအား မည်သို့မျှ မတုံ့ပြန်နိုင်ခဲ့ပေ။

တောက်ယုတင်းသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ခါစ ကျင့်ကြံသူများအား အနိုင်ယူနိုင်သော်လည်း၊ နောက်ဆုံးအဆင့်မှ ကျင့်ကြံသူ တစ်ယောက်ကိုမူ မည်သို့မှ မယှဉ်နိုင်ပေ။ ထို့အပြင် စုန့်ချင်းယွမ်သည် သာမန် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။ သူသည် အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာတို့နှင့်ပင် ယှဉ်နိုင်သည့်၊ နတ်ရေကန်ဂိုဏ်း၏ ပါရမီရှင်

ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ဖြစ်သည်။

စုန့်ချင်းယွမ်သည် မှော်ကျိန်စာများကိုပင်
ထုတ်လွှတ်ရန် မလိုခဲ့ပေ။ သူ၏
မှော်စွမ်းအင်များနှင့်ပင်လျှင်
တောက်ယုတင်းအား အသက်ရှူကျပ်စေခဲ့ပြီ
ဖြစ်သည်။

ကောင်မလေး၏ နဂိုဖြူဖျော့နေသော
မျက်နှာမှာ တဖြည်းဖြည်းနှင့် အစိမ်းရောင်သို့
ပြောင်းလာခဲ့၍၊ သူမ၏ တစ်ကိုယ်လုံးက
အေးစက်လာခဲ့သည်ဟု ခံစားလာရသည်။

ခဏအကြာတွင် သူမ၏ မျက်နှာသည်
ပုံမှန်မဟုတ်သော နီရဲခြင်းမျိုးဖြင့်
ထူပူလာခဲ့ကာ၊ မီးတောင်အတွင်းမှ
ချော်ရည်များအကြားတွင်
နစ်မြုပ်နေခဲ့သကဲ့သို့ ခံစားနေရသည်။

လင်းဖုန်းသည် လူကိုယ်တိုင်
မရှိနေခဲ့သော်လည်း၊ သူ၏ အသိစိတ်
တစ်စမှာ သူတို့၏ အဖြစ်အပျက်များအား
မြင်နေရသည်။ သူက သူ၏အရှေ့မှ
မြင်ကွင်းအား မျက်မှောင်ကြုတ်၍
ကြည့်နေခဲ့ကာ၊ သူ၏ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ထိုကဲ့သို့သော အဖြစ်များ လုံးဝခွင့်ပြုမည် မဟုတ်ဟု တွေးနေခဲ့သည်။

"ဟာ၊ ငါက အစက သတိမပြုမိခဲ့ပေမဲ့၊ တောက်ယုတင်းရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းမှုက ထူးခြားမှု တစ်ခု ရှိနေသလိုပဲ?" လင်းဖုန်းက ရုတ်တရက် တစ်စုံတစ်ခုအား တွေးမိလိုက်သည်။ "နဂိုမူလယင် အတွင်းမှာ ဖုံးကွယ်ထားတဲ့ အစစ်အမှန်ယန်က၊ သာမန်မိန်းကလေးတွေထက် အများကြီး ပိုအားကောင်းနေခဲ့တယ်"

"သာမန် အခြေအနေမျိုးမှာဆိုရင်၊ သူမက ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်ကို တက်လှမ်းနိုင်ပြီး ယင်မီးတောက်ရဲ့ ကပ်ဘေးတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ၊ သူမရဲ့ နှလုံးသားထဲက မီးတောက်တွေက အားကောင်းလွန်းတဲ့အတွက် အန္တရာယ်ကြီးကြီး ရောက်နိုင်တယ်။ သူမက သာမန် အမျိုးသမီး ကျင့်ကြံသူတွေထက် ပိုပြီးတော့ အခက်အခဲတွေကို ရင်ဆိုင်ရမှာပဲ"

လင်းဖုန်းက ဆက်၍တွေးနေခဲ့သည်။ "ဒါပေမဲ့ သူမရဲ့ ယင်နဲ့ယန်တို့က အလွန်အမင်းကို ရှားပါးတဲ့ အမျိုးအစား ထဲမှာပါတယ်။

သူတို့နှစ်ခုက အပြည့်အ၀ မပေါင်းစပ်နိုင်သေးပေမဲ့၊ နတ်ရေကန်ဂိုဏ်းရဲ့ မှော်ကျိန်စာတွေကို လေ့ကျင့်ဖို့ အမတန်မှ သင့်တော်တာပဲ။ သူမက ဒီအပိုင်းမှာတော့ ရှာမှရှားတဲ့ ပါရမီရှင်လို့ ပြောရမယ်။ သူမက ရေခဲလောင်ကျွမ်းခြင်း နည်းစနစ်နဲ့ မီးတောင်ဓါတ်တေးသွားကို၊ အခြေခံအုတ်မြစ် အဆင့်နဲ့တင် လေ့ကျင့်နိုင်ခဲ့တာ အဆန်းတော့ မဟုတ်ပါဘူး"

"သူမက လေ့လာသင်ယူတဲ့ နေရာမှာလည်း ပါရမီပါပေမဲ့၊ သူမရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံက အများကြီး အထောက်အကူ ပြုထားတာပဲ"

အခြားတစ်ဘက်တွင်၊ စုန့်ချင်းယွင်သည် မုကျိဟိုင်၏ ရှိနေခြင်းကို ရိပ်မိနေပြီး၊ ရှောင်ပုတန်လေး၏ နေရာကိုပင် အနည်းငယ် အာရုံခံ၍ ရနေခဲ့သည်။ သို့သော်လည်း သူက ဘာမှ ဂရုမစိုက်သည့်ပုံဖြင့် အပြုံးမပျက်ပဲ၊ တောက်ယုတင်း၏ အပေါ်သို့ ကြီးမားလှသော ဖိအားများကို ဆက်တိုက်ပေးနေခဲ့သည်။

သူ၏ မှော်စွမ်းအင်သည် ပြင်းထန်သော အပူနှင့် လွန်ကဲသော အအေးတို့၏ အကြားတွင် ပြောင်းလဲနေခဲ့ပြီး၊

တောက်ယုတင်းမှာ သူတို့နှစ်ခုအကြားတွင် အနှိပ်စက်ခံနေရသည်။

"မင်းကို ဘာဖြစ်လို့ အပြစ်ပေးနေရသလဲ ဆိုတာကို နားလည်သလား?" စုန့်ချင်းယွမ်၏ အသံမှာ တောက်ယုတင်းနှင့် စကားစမြည် ပြောနေသကဲ့သို့ နူးညံ့နေဆဲဖြစ်သည်။ "ပထမ၊ မင်းက အခြားတစ်ယောက်နဲ့ ယှဉ်ပြိုင်ရာမှ ရှုံးနိမ့်ခဲ့လို့ပဲ"

"မင်းက ရှုံးနိမ့်လို့ ရပေမဲ့၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေကိုတော့ လုံးဝလုံးဝ ရှုံးလို့မရဘူး" စုန့်ချင်းယွမ်၏

မျက်နှာပေါ်မှ နွေးထွေးသော အပြုံးသည် မပျောက်သေးပေ။ "မင်းက ငါတို့ခေါင်းဆောင်နဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခေါင်းဆောင်အကြားက၊ ဆက်ဆံရေးကိုလည်း သိထားသားပဲ။ တပည့်တွေ အနေနဲ့ ငါတို့က ငါတို့ဂိုဏ်းနဲ့ ငါတို့ရဲ့ ဆရာ ဂုဏ်သိက္ခာတွေ အတွက် ယှဉ်ပြိုင်ရမယ်"

"တခြားဘယ်သူ့ကို ရှုံးရှုံး ကိစ္စမရှိဘူး၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မြောက်ပိုင်းမျိုးနွယ်စုတို့၏

တော်ဝင်အိမ်တော်ကို ရှုံးရင်တော့
ကိစ္စရှိတယ်။ ပိုဆိုးတာက နင်က ဆရာ့ရဲ့
လောင်းကြေးကို ရှုံးနိမ့်စေခဲ့သေးတယ်။
ကမ္ဘာကို ဗဟိုပြုတဲ့ မီးကြာပန်းနဲ့
စက်ဝိုင်းကိုးဝိုင်း ရေခဲသစ်ခွက ငါတို့
နတ်ရေကန်ဂိုဏ်းအတွက် ဘာမှမဟုတ်ပေမဲ့၊
ဆရာက နင့်အတွက်ကြောင့်
မျက်နှာပျက်ရတယ်။ မင်းက အပြစ်အပေး
ခံရသင့်တယ်လို့ မထင်ဘူးလား?"

စုန့်ချင်းယွမ်၏ စကားများသည်
နွေဦးလေညှင်းကဲ့သို့ ညင်သာလှပေသည်။
သူသည် တောက်ယုတင်းအား

အချစ်စကားများ ပြောနေသည့်
အတိုင်းဖြစ်သည်။

သို့သော်လည်း
သူစကားပြောနေသောသူသည်၊ သူမ၏
နှုတ်ခမ်းများကို တင်းတင်းစေ့ထား၍ မျက်နှာ
အမူအရာတို့မှာ တွန့်လိမ်နေပေသည်။
သူမသည် နာကျင်လွန်း၍ အသံပင်
မထွက်နိုင်ခဲ့ချေ။

စုန့်ချင်းယွမ်သည် သူမဘာဖြစ်နေသနည်း
ဆိုသည်ကို သတိထားမိပုံ မရပေ။ သူက
ထုံးစံအတိုင်း ပြုံးနေခဲ့ကာ

ဆက်ပြောနေခဲ့သည်။ "ငါပြောခဲ့တဲ့
အကြောင်းရင်း အပြင်၊ မင်းကို အပြစ်ပေးရတဲ့
တခြားရည်ရွယ်ချက် တစ်ခုရှိသေးတယ်"

သူက တောက်ယုတင်းအား ကြည့်လိုက်ကာ
ဖွဖွလေး ရယ်လိုက်ကာ
ဆက်ပြောလိုက်သည်။ "ပြိုင်ပွဲအပြီးမှာ မင်းက
ဝမ်လင်းကို ကြည့်တဲ့ အကြည့်က
အလွန်အမင်းကို မသင့်တော်ဘူး"

စုန့်ချင်းယွင်၏ အမူအရာသည်
မပြောင်းလဲသေးပဲ၊ သူ၏ မျက်လုံးများမှာ
ပြုံးနေသည့်အလား ဖြစ်နေခဲ့သော်လည်း၊

သူက တောက်ယုတင်း၏ အပေါ်တွင် ထုတ်လွှတ်ထားသည့် ဖိအားများမှာ ချက်ချင်းဆိုသလိုပင် ဆယ်ဆခန့် တိုးသွားခဲ့ကာ၊ သူမအား ချေမွတော့မည့်အတိုင်း ဖြစ်နေခဲ့သည်။

သို့သော်လည်း တောက်ယုတင်းသည် သူမ၏ခေါင်းအား ပင်ပမ်းကြီးစွာနှင့် မော့ထားခဲ့ကာ၊ စုန့်ချင်းယွမ်အား ပြန်၍ စိုက်ကြည့်နေခဲ့သည်။ သူမ၏ မျက်လုံးအတွင်းတွင် ကြောက်ရွံ့စိတ် အနည်းငယ်အား တွေ့နေခဲ့သော်လည်း၊

တော်လှန်ပုန်ကန်ခြင်း၊ အာခံခြင်း စသော ခံစားချက်များကိုလည်း တွေ့နိုင်သည်။

"ငါသိတယ်၊ ငါသိတယ်။ မင်းရဲ့ စီနီယာ တစ်ယောက်အနေနဲ့၊ မင်းရဲ့ ထင်မြင်ချက်တွေကို ငါနားလည်တယ်" စုန့်ချင်းယွမ်က ရယ်လိုက်ကာ ခေါင်းညိတ်လိုက်သည်။ "မင်းတို့နှစ်ယောက်ရဲ့ အကြားမှာ ဘာမှ မဖြစ်နေကြဘူး ဆိုတာကို ငါသိတယ်။ မင်းရဲ့ စိတ်ခံစားချက်တွေက သိလိုစိတ်နဲ့ ပြိုင်ပွဲရဲ့ ရလဒ်ကို လက်မခံနိုင်မှုကြောင့် ဖြစ်တယ်။ ငါက ဒါတွေအားလုံးကို သိပါတယ်"

သူသည် တောက်ယုတင်း၏
မျက်လုံးတည့်တည့်ကို ကြည့်လိုက်သည်။
"ဒါပေမဲ့ ပြဿနာက၊ မင်းက
တခြားပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ
ဒီလောက်အထိ စိတ်ခံစားချက်တွေကို
မပြဖူးခဲ့ဘူး။ မင်းက လုံးဝကို
ခပ်တည်တည်နဲ့ပဲ"

"ဘာအကြောင်းရင်းကြောင့်ပဲ ဖြစ်ဖြစ်၊ မင်းက
ဘယ်လိုပဲ တွေးနေတွေးနေ၊ မင်းရဲ့
မျက်လုံးတွေထဲမှာ သူက တခြားလူတွေနဲ့

အရမ်းကို ကွဲပြားခြားနားတယ် မဟုတ်လား?
မင်းက ငါ့ရဲ့ စွပ်စွဲချက်တွေကို မငြင်းနိုင်ပါဘူး"

စုန့်ချင်းယွင်သည် တောက်ယုတင်း၏
အနားသို့ အေးအေးဆေးဆေး
လျှောက်လာခဲ့ကာ၊ သူမ၏ နားအနားတွင်
တိုးတိုးလေး ကပ်ကာပြောလိုက်သည်။
ထိုမြင်ကွင်းသည် စုံတွဲတစ်တွဲက
ချစ်ကျီစယ်နေသည်နှင့် တူလှပေသည်။
"မင်းက ငါအရင်က မှာထားတာကို
မေ့နေတယ်နဲ့ တူတယ်။ မင်းက
တခြားလူတွေကို ဘယ်လိုမျိုး ခံစားချက်ကိုမှ
မပြရဘူး။ မင်းက ဒေါသနဲ့

အမုန်းတရားတွေကိုပါ ရှောင်ရှားနိုင်ရင် ကောင်းတယ်"

"အမုန်းဒေါသ၊ သိလိုစိတ်၊ ငြင်းပယ်ခြင်း၊ လက်မခံနိုင်ခြင်း... ဒါတွေအားလုံးက မင်းကို အဲ့ဒီလူကို မှတ်မိနေစေလိမ့်မယ်။ ငါပြောထားတဲ့အတိုင်း မင်းနဲ့ တခြားယောက်ျားတွေရဲ့ အကြားမှာ၊ မင်းမှတ်မိရမယ့်သူက ငါတစ်ယောက်ထဲပဲ ရှိတယ်"

"မင်းက ဂိုဏ်းထဲကို စဝင်လာကတည်းက၊ ငါက ဆုံးဖြတ်ပြီးသား။ မင်းက ငါ့ရဲ့ အဖော်ပဲ

ဖြစ်ရမယ်" စုန့်ချင်းယွမ်သည် ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းက ပါရမီရှိပြီး၊ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ထူးခြားတယ်။ တခြားမိန်းကလေးတွေထက် အစစ်အမှန် ယန်ခ်ခတ်က အများကြီး ပိုများတယ်"

"မင်းရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံက ယန်နဲ့ယန် မျှခြေနဲ့ အတော့်ကို နီးစပ်နေပြီ၊ ဒါပေမဲ့ အပြည့်အဝတော့ မရှိသေးဘူး။ ဒါကြောင့် မင်းက ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ရှိပြီး၊ ယင်မီးတောက်တွေရဲ့ ကပ်ဘေးကို ရင်ဆိုင်ရတဲ့အချိန်မှာ မင်းက ကြီးမားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရမယ်"

စုန့်ချင်းယွမ်သည် နောက်တစ်လှမ်း ဆုတ်လိုက်ကာ၊ ရယ်ရမ်းသွေးလိုက်ရင်း တောက်ယုတင်း၏ မျက်လုံးအစုံကို စိုက်ကြည့်လိုက်သည်။ "ဒါပေမဲ့ ငါကမင်းနဲ့ လုံးဝ ဆန့်ကျင်ဘက်ပဲ။ ငါရဲ့ နဂိုမူလ ယန်ခါတ်ထဲမှာ၊ အစစ်အမှန်ယင်က အရမ်းကို အားကောင်းနေတယ်။ ယင်နဲ့ယန်တို့ရဲ့ ပြည့်စုံတဲ့ မျှခြေကို ရရှိဖို့အတွက်၊ မင်းနဲ့ငါနဲ့က တစ်ယောက်နဲ့တစ်ယောက် လုံးဝကို လိုက်ဖက်နေတယ်။ မင်းနဲ့ငါ့ရဲ့ ယန်ယန်မျှခြေဟာ၊ သာမန် ယောက်ျားတစ်ယောက်နဲ့

မိန်းမတစ်ယောက်တို့ အတွဲအဖက်ထက်
ပိုပြီးတော့ လိုက်ဖက်မှု ရှိတယ်"

"ဒါကြောင့်မို့ပဲ မင်းက ဂိုဏ်းအထဲကို
စဝင်လာတဲ့ အချိန်ကစပြီး၊ ငါတို့ရဲ့ ဆရာက
ငါတို့ရဲ့ လက်ထပ်ပွဲကို ချက်ချင်း စီစဥ်ပြီးသား
ဖြစ်သွားပြီ။ ငါက အဲ့ဒီအချိန်ကစပြီး
အခုလက်ရှိ အချိန်အထိ၊ မင်းက
ရွှေရောင်ဗဟိုချက် အဆင့်ကို
တက်လှမ်းနိုင်တဲ့ အချိန်ကို စောင့်နေခဲ့တာ။
မင်းရဲ့ ပါရမီနဲ့ ကျင့်ကြံမှု အဆင့်နဲ့ဆိုရင်၊
အဲ့ဒီနေ့က သိပ်မလိုတော့ဘူး။ ငါက
မစောင့်နိုင်တော့ဘူး!"

စုန့်ချင်းယွမ်သည် သက်ပြင်းတစ်ချက်အား လေးလံစွာ ချလိုက်သည်။ မှောင်ရိပ်ထဲတွင် ပုန်းအောင်းနေသော မုကျိုဟိုင်၏ မျက်နှာတွင် ရန်လိုသည့် အရိပ်အယောင်များ ယှက်သန်းလာသည်ကို၊ ဘေးမှ စောင့်ကြည့်နေကြသော လင်းဖုန်းနှင့် ရှောင်ပုတန်တို့က သတိထားမိလိုက်ကြသည်။

ထိုလူသတ်လိုသော ရန်လိုစိတ်တို့သည် စုန့်ချင်းယွမ်အား ဦးတည်နေခြင်း မဟုတ်ပဲ၊ တောက်ယုတင်း၏ အပေါ်တွင် ထားနေခြင်း ဖြစ်သည်!

လင်းဖုန်းက ဘာဖြစ်နေသနည်း ဆိုသည်ကို ချက်ချင်း သဘောပေါက်ခဲ့လိုက်သည်။

"စုန့်ချင်းယွမ်နဲ့ တောက်ယုတင်းတို့က ခန္ဓာကိုယ် ဖွဲ့စည်းပုံချင်း ပြောင်းပြန်ပဲ။ တောက်ယုတင်းက အစစ်အမှန် ယန်ခါတ် အားကောင်းနေပြီး၊ သူကတော့ အစစ်အမှန် ယင်ခါတ် လွှမ်းမိုးနေတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်က
တွဲဖက်လိုက်ရင်တောင်မှပဲ၊ ယန်ယန်မျှခြေက လုံးဝညီမျှသွားမှာ မဟုတ်သေးဘူး"

သူတို့နှစ်ယောက်စလုံးတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုများသည်၊ နတ်ရေကန်ဂိုဏ်း၏ မှော်ကျိန်စာဖြစ်သော၊ အမှောင်ဝင်ရိုးစွန်းမီးတောက်မှော်ကျိန်စာအား ကျင့်ကြံရန်အတွက် အသင့်တော်ဆုံးဖြစ်ကြသည်။ သို့သော်လည်း မမြင်နိုင်သော အန္တရာယ်များလည်း ရှိသေးသည်။

တောက်ယုတင်း၏ တစ်ဆို့ကြန့်ကြာမည့် အခြေအနေမှာ၊ သူမက ရွှေရောင်ဗဟိုချက်စဦးပိုင်း အဆင့်မှ အလယ်အလတ်အဆင့်သို့ တက်လှမ်းမည့် အချိန်ပင်ဖြစ်သည်။ ယင်မီးတောက်၏ ကပ်ဘေးကို

ရင်ဆိုင်ရာတွင်၊ လူအများစုထက် ပို၍
အန္တရာယ်ကြီးပေလိမ့်မည်။

စုန့်ချင်းယွင်အနေနှင့်မူ၊ သူ၏
တစ်ဆို့ကြန့်ကြာမည့် အတားအဆီးသည်
အခြေတည်ဝိညာဉ်ကို ဖန်ဆင်းရာတွင်
ကြုံရမည့် မိုးကြိုးကပ်ဘေးပင် ဖြစ်သည်။
အခြားစကားလုံးဖြင့် ပြောရလျှင်၊
ရွှေရောင်ဗဟိုချက် အဆင့်မှ
အခြေတည်ဝိညာဉ် အဆင့်သို့
တက်လှမ်းရာတွင် ဖြစ်သည်။

ကျင့်ကြံသူများသည် အခြေတည်ဝိညာဉ်အား ဖော်ဆောင်ရာတွင်၊ မော်စွမ်းအင် စုဆောင်းမှုများ အမြောက်အများ လိုအပ်သည်။ ရွှေရောင်ဗဟိုချက်သည် အရည်အသွေး ကောင်းရမည့်အပြင်၊ မယိမ်းယိုင် မတုန်လှုပ်သည့် စိတ်စွမ်းအင်လည်း လိုသေးသည်။ ထို့အပြင် ကံတရား ဖေးမမှုသည်လည်း မပါမဖြစ် ဖြစ်သည်။

အကယ်၍ စုန့်ချင်းယွင်သည် ယင်နှင့်ယန်တို့၏ အကြားမှ မျှခြေအား မတည်ဆောက်နိုင်ခဲ့ပါက၊ သူသည်

မိုးကြိုးကပ်ဘေးအား ရင်ဆိုင်ရတွင်
စိတ်ပြဿနာများနှင့် ရင်ဆိုင်နိုင်ရနိုင်သည်။
မှော်စွမ်းအင်များ စုဆောင်းသည့် နေရာတွင်
ပြဿနာများ တွေ့နိုင်ပြီး၊ ယန်ယန်မှုခြေ
ပျက်သွားသည့်အတွက် အခြေခံ မခိုင်မာပဲ
ဖြစ်သွားနိုင်သည်။

အခြားအချိန်တွင် မည်သို့မျှ
မသိသာသော်လည်း၊ မိုးကြိုးကပ်ဘေးအား
ရင်ဆိုင်ရသည့် အချိန်တွင်မူ၊ လိုအပ်ချက်များမှ
တစ်စုံတစ်ခု လွဲချော်သွားလျှင်ပင်
သေခြင်းတရား သို့မဟုတ် အခြား
လေးနက်သည့် ပြဿနာများနှင့်

ရင်ဆိုင်ရနိုင်ပေသည်။ မိုးကြိုးပစ်ချက်ကြောင့် ပြာပုံဘဝ ရောက်သွားနိုင်ပေသည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ စုန့်ချင်းယွမ်သည် အကောင်းဆုံး ဥပမာ ဖြစ်သည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်၏ အထွတ်အထိပ်တွင် ရှိနေခဲ့ပြီ ဖြစ်ပြီး၊ သူပြသခဲ့သော စွမ်းရည်များအရ သူသည် အခြေတည်ဝိညာဉ် အဆင့်သို့ တက်လှမ်းရန် အဆင်သင့် ဖြစ်နေပြီ ဖြစ်သည်။

သို့သော်လည်း အထက်တွင် ဖော်ပြခဲ့သော အချက်များအရ၊ သူသည် ရွှေရောင်ဗဟိုချက်

အဆင့်တွင်ပင် ရှိနေရသေးခြင်း ဖြစ်သည်။ သူ၏ ပြဿနာအတွက် တောက်ယုတင်းသည် အသင့်တော်ဆုံး၊ အကျိုးသက်ရောက်မှု အကောင်းဆုံး အဖြေဖြစ်သည်။

"စုန့်ချင်းယွင်က တောက်ယုတင်းကို သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းအဖြစ် သဘောထားနေတာ၊ အဆန်းတော့ မဟုတ်ပါဘူး" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။ "မုကျိဟိုင်ရဲ့ လူသတ်လိုစိတ်က အခုဆိုရင်၊ သဘောပေါက်နိုင်ပါပြီ။ ဒါပေမဲ့ ဒီလူက ဦးနှောက်ကင်းမဲ့လွန်းတယ်"

"မင်းက တောက်ယုတင်းကို
သတ်လိုက်ရင်လည်း၊ စုန့်ချင်းယွမ်က
သူမမပါပဲ အခြေတည်ဝိညာဥ် အဆင့်ကို
ရောက်နိုင်ခြေ ရှိသေးတယ်။
တကယ်လို့မင်းက ဒီလိုမျိုး အလားအလာရှိတဲ့
ပါရမီရှင် တပည့်လေးကို သတ်လိုက်ရင်တော့၊
မင်းက လွတ်လမ်းရှိမှာ မဟုတ်ဘူး"

စုန့်ချင်းယွမ်သည် မုကျိဟိုင်အား မဆင်မခြင်
ပြုလုပ်မိစေရန်၊
ထောင်ချောက်ဆင်နေကြောင်းကို
လင်းဖုန်းက ယုံကြည်နေလေသည်။
မုကျိဟိုင်သည်လည်း နတ်ရေကန်ဂိုဏ်းမှ

နာမည်ကြီး တပည့်တစ်ယောက် ဖြစ်သည်။
အကယ်၍ သူသည် အမှားအယွင်း
ကြီးကြီးမားမားမျိုး မလုပ်ခဲ့လျှင်၊ သူ့အား
အပြတ်ရှင်းချင်သည် ဆိုပါက
စုန့်ချင်းယွမ်အနေဖြင့် တန်ဖိုးကြီးမားစွာ
ပေးဆပ်ရမည် ဖြစ်သည်။

သို့ဖြစ်၍ စုန့်ချင်းယွမ်သည် သူ့အား အမှား
ကြီးကြီးမားမား ပြုလုပ်မိစေရန်၊ အခွင့်အရေး
ဖန်တီးနေခြင်း ဖြစ်သည်။

သို့သော်လည်း တောက်ယုတင်း အနေဖြင့်
အသက်အန္တရာယ်ရှိ၍ မဖြစ်ပေ။

စုန့်ချင်းယွမ်က သူမအား အကာအကွယ် ပေးနိုင်မည်ဟု ယုံကြည်ချက်အပြည့် ရှိနေသည်။

သူသည် မုကျိဟိုင်အား ငါးစာချရတွင် မအောင်မမြင် ဖြစ်သွားသော်လည်း၊ လင်းဖုန်းအနေနှင့် အစိမ်းရောင် ဝတ်စုံနှင့် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူအား အောင်မြင်စွာနှင့် ငါးစာချလိုက်ခဲ့သည်။

အစိမ်းရောင် မြူခိုးငွေ့ တစ်တန်းသည် ရှောင်ပုတန်လေး၏ ခြေထောက်အောက်တွင်

ရုတ်တရက် ပေါ်လာခဲ့၍၊ သူ၏
တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ထိုအခြင်းအရာ ဖြစ်ပျက်လာသော အခါတွင်
စုန့်ချင်းယွမ်၊ မုကျိဟိုင်နှင့်
တောက်ယုတင်းတို့သည်
အံ့သြထိတ်လန့်သွားကြသည်။ သူတို့၏
အရှေ့မှ သိပ်သည်းလှသော အစိမ်းရောင်
မြူခိုးငွေ့တို့သည်၊ သူတို့၏
ဘေးပတ်ပတ်လည်မှ မြင်ကွင်းတို့အား
ဖုံးလွှမ်းသွားခဲ့၍၊ အခြေတည်ဝိညာဥ် အဆင့်မှ
ဂရန်းမာစတာ တစ်ယောက်သည်

တစ်စုံတစ်ယောက်အား လုပ်ကြံနေသည်ဟု
ချက်ချင်း သဘောပေါက်လိုက်ကြသည်။

ရှောင်ပုတန်လေးက မျက်မှောင်ကြီးကို
ကြုတ်လိုက်ပြီး
အသံတိုးတိုးလေးအော်ဟစ်လိုက်ကာ၊
ထိုအစိမ်းရောင် မြူခိုးငွေ့များ အကြားမှ
ခုန်ထွက်လိုက်သည်။ ပြဿနာမှာကား သူက
အပြင်သို့ ခြေလှမ်းအနည်းငယ်မှ
ထွက်လိုက်အပြီးတွင်၊ နောက်ထပ်
ထူထဲလှသော အစိမ်းရောင် မြူခိုးငွေ့
တစ်လွှာက သူ့အားဆီးကြိုနေခြင်း ဖြစ်သည်။

သူ၏ အသိစိတ်အား ထိုအစိမ်းရောင် မြူခိုးငွေ့များ အကြားသို့ ပို့လွှတ်လိုက်သော်လည်း၊ ဘာကိုမှ မတွေ့ရှိရချေ။

ရှောင်ပုတန်လေးသည် ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးကို အသုံးချ၍၊ ထိုအစိမ်းရောင် မြူခိုးငွေ့ အလွှာအား ကျော်ဖြတ်ရန် ကြိုးစားခဲ့သော်လည်း၊ ထိုရစ်ပတ်ကွေ့ကောက်နေသော မြူခိုးငွေ့များသည် လေဟာနယ်၏ နယ်နိမိတ်များအား မှုန်ဝါးနေအောင် လုပ်ထားသည်ကို တွေ့လိုက်ရ၏။

အစိမ်းရောင် မြူခိုးငွေ့များ အကြားတွင်
ပိတ်မိနေခဲ့သော ရှောင်ပုတန်လေးသည်၊
သူ၏ခန္ဓာကိုယ်မှာ မဟာကမ္ဘာအတွင်းမှနေ၍
သီးသန့်ကမ္ဘာတစ်ခုအား
သယ်ယူပို့ဆောင်ခြင်းကို ခံနေရသည်ဟု
ခံစားနေရသည်။ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးပင် ဟင်းလင်းပြင်အား
ချိုးဖောက်၍၊ သူ့အားလွတ်မြောက်အောင်
မလုပ်ပေးနိုင်ပေ။

ထိုအစိမ်းရောင် မြူခိုးငွေ့များသည် သူ့အား
အသက်အန္တရာယ်ပေးနိုင်ခြင်း မရှိပေ။

တစ်ခုတည်းသော ပြဿနာမှာ သူက
အတွင်းတွင် ပိတ်မိနေ၍၊
မလွတ်မြောက်နိုင်ခြင်းပင် ဖြစ်သည်။

အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာ
တစ်ယောက်က လှုပ်ရှားလိုက်သော်လည်း၊
သူသည် တိုက်ခိုက်ခြင်း အလျဉ်းမရှိခဲ့ပေ။
သူသည် သူ၏အာရုံ အားလုံးကို
ရှောင်ပုတန်လေးအား ပိတ်လှောင်ထားရန်သာ
စူးစိုက်နေခဲ့သည်။

ရှောင်ပုတန်လေးသည် စတင်၍
ပူပန်လာခဲ့သည်။ တစ်ဘက်လူ၏ သူ့အား

ချုပ်နှောင်ထားခြင်း၏ ရည်ရွယ်ချက်သည်၊ သူ၏ ဘဝရည်မှန်းချက်များ အကြောင်းကို စကားစမြည်ပြော၍ မေးမြန်းလိုခြင်း မဟုတ်ကြောင်းကို သူကသိနေ၏။

မှန်ပေသည်၊ အစိမ်းရောင် မြူခိုးငွေ့အတွင်းမှ အသံတစ်ခုက ထွက်လာခဲ့သည်။ "လွန်ခဲ့တဲ့ နှစ်တွေကတည်းက သေခဲ့ရမယ့် ကောင်ကလေး... မင်းက မင်းရှိသင့်တဲ့ နေရာကို ပြန်သွားပေတော့၊ လူ့လောကကြီးမှာ ဆက်ရှိနေပြီး ကျန်တဲ့သူတွေကို ဒုက္ခမပေးနဲ့တော့"

ထိုအသံသည် ရှောင်ပုတန်လေး၏
ဘေးပတ်ပတ်လည်မှ ပေါ်လာသကဲ့သို့
ထင်နေရ၏။ ပြီးတာနှင့်
စွမ်းအားကောင်းလှသော မှော်စွမ်းအင်
လှုပ်ရှားမှု လေးခုတို့သည်၊
ရှောင်ပုတန်လေးအား
ခက်ထန်လျှင်မြန်စွာဖြင့်
တိုက်ခိုက်လိုက်ကြလေသည်။

"အသက်ရှင်နေတဲ့ သူကသာ ငရဲကို
သွားရမယ့်သူပဲ။ ကောက်ချက်ချတာ
မစောပါနဲ့" ရှောင်ပုတန်လေးသည်
လုံးဝကြောက်ရွံ့မနေခဲ့ပဲ၊

ရန်သူလေးယောက်အား သတ္တိအပြည့်နှင့်
ရင်ဆိုင်ခဲ့လိုက်သည်။